
www.burmeseclassic.com

# ဘုန်းကြွယ်

## သိုင်းကိုးဇော်

တု တု ဟု န် ခ် ယ င်း ရှိ အ ယ် နှိ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၁၀၅၅၄၀၆၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၅၀၀၆၀၅

၂၀၀၆ ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၅၀၀

တန်ဖိုး ၁၀၀၀/ -ကျပ်

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**

ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက် (၀၄၆၈၂)
၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

☆ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
☆ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
☆ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
☆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

☆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ကိုးမြို့နယ်၊ ကိုးသချိုင်း၊ ကိုးရက်နေ့။
လူ(၉)ယောက်။
ဤလူကိုးယောက်တို့သည် သိုင်းလောကတွင် ထင်ရှား ကျော်ကြားသော သိုင်းသမားကြီးများဖြစ်ကြသည်။
ငွေပြားလက်နက်ပုန်းပစ် ဝိဇ္ဇာကျောက်ကျိုလင်း။
တိမ်ပျံကုံးဟို။
ကျောက်ပေါက်မရုပ်ဆိုးကြီး ဝူထန်။
နတ်စားရှင် လီလိန်ဟုန်း။
သံအင်္ကျီပိုင်ရှင် လီဟိုင်းယီ။
လက်သီးဗိုလ် ဖန်ကန်း။
ကုလားအုပ် မာဝေး။
သံခေါင်းကြီး ဟူစန်း။
မိန်းမပျိုလေး ဟိုင်ထန်တို့ဖြစ်သည်။
ထို (၉) ယောက်သော သွေးသောက် ညီအစ်ကိုများအနက် ငွေပြားပစ်ဝိဇ္ဇာ ကျောက်ကျိုလင်မှာ သူတို့၏ ခေါင်းဆောင် အစ်ကို ကြီးပင် ဖြစ်၏။ ဤ (၉) ယောက်သော သွေးသောက် ... သိုင်းသမား ကြီး (၉)ယောက်သည် မည်သည့်ကိစ္စကြောင့် ကိုးမြို့နယ်၊ ကိုးသချိုင်း၌ ဆုံရပါသနည်း။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထိုသွေးသောက်ညီအစ်ကို မောင်နှမ(၉)ယောက်တို့အနက် မိန်းမပျိုလေးဟိုင်ထန်မှာ အသက်အငယ်ဆုံးဖြစ်သည်။

သိုင်းကိုးဖော်တို့သည် လွန်ခဲ့သောနှစ်ဝက်ခန့်က ဤကိုးမြို့နယ်ရှိ ကိုးသချိုင်းတွင် တွေ့ဆုံကြရန် ချိန်းဆိုထားခဲ့ကြ၏။

သွေးသောက်အစ်ကိုကြီးဖြစ်သူ ကျောက်ကျိုလင်က...

"ကဲ...ညီတော်များနဲ့ ညီမတော်တို့ တို့အခု ကိုးမြို့နယ်က ကိုးသချိုင်းမှာတွေ့ဆုံဖို့ လွန်ခဲ့တဲ့နှစ်ဝက်ခန့်က ချိန်းထားခဲ့တာ ဒီနေ့ ကိုးလပိုင်း ကိုးရက်နေ့ဆိုတော့ တို့ရဲ့ချိန်းဆိုချက် ပြည့်တဲ့နေ့ပဲ ညီတော်ခုနစ်ယောက်လည်း စုံခဲ့ပြီ၊ ညီမတော် ဟိုထန်တစ်ယောက်နဲ့ ညီတော် နတ်ဓားရှင် လီလိန်းဟုန်းတို့နှစ်ယောက်သာ နောက်ကျနေပါလား၊ ဘာများဖြစ်နေကြလဲ မသိဘူး"

ခေါင်းဆောင်အစ်ကိုကြီးဖြစ်သူ ကျောက်ကျိုလင်က စိုးရိမ်ပူပန်သော အမူအရာဖြင့် ညည်းညူပြောဆိုနေသည်။

အချိန်မှာ ညဉ့်နက်နေပြီဖြစ်သည်။

သို့သော် ကြယ်ရောင်လေးများ ကျိုးတိုးကျဲတဲ အလင်းရောင်တော့ ရှိနေသည်။ လမင်း၏အလင်းရောင်ကား လုံးဝမရှိချေ။

ထိုကြယ်ရောင်လေးများ၏ မှုန်ပျပျအလင်းရောင်အောက်ဝယ် ဖြူဖွေးသော အုတ်ဂူများနှင့် မြေပုံများကို ဝိုးတဝါးတွေ့မြင်နေကြရ၏။

သိုင်းသမား (၉) ဖော်တို့ ဤနေရာ၌ တွေ့ဆုံကြမည့် အစီအစဉ်မှာ သူတို့တစ်ဦးစီတွင် ထူးချွန်ထက်မြက်သော သိုင်းပညာတစ်မျိုးစီ အထူးတတ်ကျွမ်းထားကြသည်။

၎င်းထူးချွန်တတ်ကျွမ်းထားကြသော သိုင်းပညာများကို တစ်ဦးနှင့်တစ်ဦး ပညာချင်းဖလှယ်ကြရန်အတွက် သိုင်း (၉) ဖော်တို့ ဤနေရာဝယ် ချိန်းဆိုထားကြခြင်းပင်။



ကိုးသချိုင်းဝယ် သွေးသောက် (၇) ဖော်တို့ စုံညီစွာ ရောက်ရှိနေကြလေပြီ။ ညီတော်တစ်ယောက်နှင့် ညီမတော်တစ်ယောက် နှစ်ယောက်သာ ရောက်မလာကြသေးဘဲ နောက်ကျနေကြခြင်း ဖြစ်၏။

အားလုံးက နတ်ဓားရှင်လီလိန်ဟုန်းနှင့် မိန်းမပျိုလေး ဟိုင်ထန်တို့အား စောင့်မျှော်လျက်ရှိနေကြ၏။

ထိုအခိုက်...

"ဝုန်း"

"အား"

ရုတ်တရက် ကိုးသချိုင်းအပြင်ဘက် အဝင်လမ်းမှ "ဝုန်း" ခနဲအသံကြီးနှင့်အတူ လူတစ်ယောက် ငယ်သံပါအောင် အော်ဟစ်လိုက်သံကို သိုင်း (၇) ဖော်တို့ အလန့်တကြား ကြားလိုက်ကြ၏။

အသံကြားရာဆီသို့ သိုင်း (၇) ဖော် အပြေးအလွှား သွားရောက်ကြရာ...

လူတစ်ယောက် တွင်းဆိုးကြီးထဲသို့ ကျရောက်နေကြောင်း တွေ့ရလေသည်။

သိုင်း (၇) ဖော်တို့သည် အနီးအနားမှ နွယ်ကြိုးများကို ရှာဖွေ ခုတ်ယူကာ ထိုတွင်းကြီးထဲသို့ ကျသွားသောသူအား ချက်ချင်း ကယ်ဆယ်လိုက်ကြသည်။

ထိုလူ အပေါ်ရောက်လာသောအခါ သိုင်း (၇)ဖော်တို့ အလွန် အံ့အားသင့်သွားကြရသည်။

တွင်းဆိုးကြီးထဲကျသွားသူမှာ...

သူတို့ မျှော်လင့်တကြီး စောင့်စားနေကြသော နတ်ဓားရှင် လီလိန်ဟုန်းပင်ဖြစ်နေကြောင်း ထိတ်လန့်အံ့သြစွာ တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ညီတော် လိန်ဟုန်း ဘတ်လို ဖြစ်ရတာလဲကွယ် အစ်ကိုကြီးကို ပြောပါဦး"

သိုင်း(၉)ဖော်၏ အစ်ကိုကြီးဖြစ်သူ ကျောက်ကျိုလင်က ဝမ်းနည်းယူကျုံးမရစွာ မေးလိုက်ရင်း ညီတော်အား ပွေ့ဖက်ထားလိုက်သည်။

နတ်ဓားရှင် လိလိန်ဟုန်းမှာ ကျားထောင်သော ထောင်ချောက်တွင်းထဲသို့ကျသွားရာတွင် တွင်းအောက်မှ ဝါးချွန်များပေါ်သို့ နတ်ဓားရှင် ကျသွားခြင်းကြောင့် ဝါးချွန်များစူးကာ သေလု မြောပါး ဖြစ်နေသည်။

နတ်ဓားရှင် လိလိန်ဟုန်းမှာ သိုင်းသမားတစ်ယောက်ဖြစ်သော်လည်း လရောင်မရှိသော မှောင်ဆိပ်ကြွယ်လေးများ၏ အလင်းရောင်ဝိုးတဝါး အောက်ဝယ် လာခဲ့ရခြင်းကြောင့် ရှေ့မှအန္တရာယ်ကို မမြင် မသိခဲ့ခြင်းဖြစ်၏။

အကယ်၍ လမင်းထိန်ထိန်သာနေစေကာမူ ဤကျား ထောင်ချောက်ဆင်ထားပုံမှာ ပကတိ လမ်းအသွင်ရှိနေသဖြင့် နတ်ဓားရှင် လိလိန်ဟုန်းအန္တရာယ်ကို သိရှိနိုင်မည်မဟုတ်။

နတ်ဓားရှင် လိလိန်ဟုန်းမှာ အသက်မျှော့မျှော့လေးသာ ရှိနေ သည်။

သွေးသောက်အစ်ကိုကြီး ကျောက်ကျိုလင်၏ အမေးစကား အားတင်းကာ ဖြေလိုက်လေသည်။

"အ...အစ်ကိုကြီးကျောက်၊ ညီတော် ...နေရတော့ဘူး ညီတော်ရဲ့ သားလေးကိုသာ အ...အစ်ကိုကြီး စောင့်ရှောက်ပေးပါ"

နတ်ဓားရှင် လိလိန်ဟုန်း စကားကိုဖြတ်ကာ နားနေရ၏။ လိလိန်ဟုန်းမှာ သေဏာနီးဝေဒနာခံစားနေရသဖြင့် စကားကို ဆက်တိုက် မပြောနိုင်။



တစ်အောင့်ကြာမှ စကားကိုဆက်ပြန်သည်။

"ညီ...ညီတော်ရဲ့ သား...သားလေး အရွယ်ရောက်...ရောက်လာခဲ့ရင် အစ် ကိုကြီးဆီမှာ အ...အပ်ထားတဲ့ သံ...သံသေတ္တာလေး သား...သားသားကို ပေး...ပေး"

နတ်ဓားရှင်လိလိန်ဟုန်းမှာ စကားကိုပင် ဆုံးအောင်မပြောနိုင်။ ပြင်းထန်သော ဒဏ်ရာများကြောင့် လူ့ဘဝကို စွန့်ခွာသွားရလေပြီ။

လိလိန်ဟုန်းသေဆုံးရသည့်ကိစ္စမှာ သွေးရိုးသားရိုးပင်လော... သို့တည်းမဟုတ် တစ်ဦးတစ်ယောက်သောလူက ဖန်တီးလုပ်ဆောင်ခဲ့သည်လော ဆိုသည်မှာ မည်သူမျှမသိ။ စဉ်းစားမရ ဖြစ်နေလေသည်။

သိုင်း (၉) ဖော်တို့မှာ တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက် ညီအစ်ကိုမောင်နှမအရင်းအချာများ မဟုတ်ကြသည့်တိုင် သစ္စာရှိ၍ ချစ်ခင်တွယ်တာကြသော သွေးသောက်ညီအစ်ကိုမောင်နှမများပင် ဖြစ်ကြသည်။

နတ်ဓားရှင်အတွက် ကျန်သိုင်း (၇) ဖော်တို့ လွန်စွာ စိတ်ကောင်းဝမ်းနည်းယူကျုံးမရ ဖြစ်ကြရ၏။

ထို့ပြင် ညီမတော် ဟိုထန်တစ်ယောက်လည်း ခုထိရောက်ရှိလာခြင်းမရှိသေးသည့်အတွက် ကျန်သိုင်း (၇) ဖော်တို့ အလွန်စိုးရိမ်ပူပန်မိကြသည်။

သူတို့စီစဉ်ထားခဲ့သည့် သိုင်းပညာနှီးနှောပွဲကိုပင် မပြုလုပ်နိုင်အောင် ဝမ်းနည်းခဲ့ကြသည်။

နတ်ဓားရှင်၏ ရုပ်အလောင်းအား ကျန်သိုင်း (၇) ဖော်တို့က ကောင်းစွာ မြေမြှုပ်သင်္ဂြိုဟ်ပေးလိုက်ကြပြီး ကိုးသချိုင်းမှ ထွက်ခွာခဲ့ကြလေတော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

လျှောင်တုန်းပြည်နယ်။

ထိုပြည်နယ်ရှိ ကျောက်ကျားကျိုရွာကြီးမှာ တောင်ခြေတစ်ခု၌ တည်ရှိနေ၏။

သို့သော် ထိုကျောက်ကျားကျိုရွာကြီးမှာ ပတ်ဝန်းကျင်ရှုခင်းများနှင့် တိရစ္ဆာန်ငယ်များအား အမဲလိုက်နိုင်သောကြောင့် အထူးနေချင်စဖွယ်ရွာကြီးဖြစ်သည်။

ရွာ၏အနောက်ဘက်ရှိ ပန်စန့်ခေါ် တောင်ခြေ မြေပြန့်နေရာတွင် အိမ်ကြီးတစ်အိမ်ရှိသည်။

ထိုအိမ်ကြီးမှာ အလွန်ထည်ထည်ဝါဝါ ဆောက်ထားပြီး အိမ်ကြီး၏ ပတ်လည်တွင် အုတ်တံတိုင်းကြီး ခတ်ထား၏။

ထည်ဝါလှသော အိမ်ကြီး၏ ကျယ်ပြန့်သော မြေကွက်လပ်ကြီးတွင် ကလေးငယ်တစ်စု ပျော်ရွှင်စွာ ဆော့ကစားနေကြသည်ကို တွေ့ရသည်။

ကလေးငယ်များ၏ ရိုးသားစွာ ဆော့ကစားနေကြပုံကိုကြည့်ရသည်မှာ အားရကျေနပ်စရာပင်။ ကလေးများ၏ သဘာဝအတိုင်း ပူပင်ကြောင့်ကျမှုကင်းမဲ့စွာ ဆော့ကစားနေကြခြင်းဖြစ်သည်။

ကျစ်ဆံမြီး နှစ်ဖက်ကျစ်ထားသော ကလေးလေးက အမှတ်မထင် ဆေးရောင်စုံခြယ်ထားသော ရော်ဘာဘောလုံးလေးတစ်လုံးကို တအား ကျုံးကန်လိုက်သည်။



ရော်ဘာဘောလုံးလေးသည် ကလေးမလေး၏ ကန်ချက်ကြောင့် အဝေးသို့ လွင့်စဉ်သွားကာ တောင်ခြေအတိုင်း တစ်ဖက်ချောက်ထဲသို့ ကျသွား၏။

ထို့ကြောင့် ကစားနေကြသော ကလေးများက ရော်ဘာဘောလုံးလေး ကန်လိုက်သော မိန်းကလေးကို ဝိုင်းဝန်းပြစ်တင်နေကြသည်။

သူတို့၏ ဆော့ကစားစရာ ဘောလုံးကလေး တောင်ခြေချောက်အောက်သို့ ကျသွားခြင်းကြောင့် နှမြောနေကြ၏။

ထို့ကြောင့် မိန်းကလေးမှာ ငိုမဲ့မဲ့လေးဖြစ်နေသည်။ ကလေးငယ်အုပ်စုထဲမှ ကောင်လေးတစ်ယောက်ကမူ သူ့အား အပြစ်တင်ဘဲ သနားစိတ်ဝင်ကာ ရှေ့တိုးလာပြီး...

"ရှောင်ယွင်ကို ဘာလို့ ဝိုင်းပြစ်တင်နေကြတာလဲကွာ၊ သူလည်း တမင်သက်သက် လုပ်တာမှ မဟုတ်ဘဲ၊ ကဲ...ငါပဲ ဘောလုံးလေးကို ဆင်းကောက်ပေးပါ့မယ်"

ထိုကောင်လေးမှာ အသက်ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်အရွယ်ခန့်သာ ရှိမည်ဖြစ်၏။ ကောင်လေးသည် မျက်လုံးပြူးပြူး၊ နှာတံဖြောင့်ဖြောင့်နှင့် အသားညိုညို ဝဝတုတ်တုတ်လေးဖြစ်သည်။

ကောင်လေး၏ မေးစေ့အောက်တွင် သုံးလေးနှစ်သားအရွယ်က အမာရွတ်တစ်ခုရှိသည်။

ထိုကောင်လေးက စကားပြောရင်း တောင်ချောက်အောက်သို့ နွယ်ကြိုးတစ်ချောင်းမှတစ်ဆင့် တွယ်ဆင်းသွားလေသည်။

ကလေးမလေး ရှောင်ယွင်က ကောင်လေးအား...

"သိပ်နက်တယ်၊ နင်ဆင်းလို့မဖြစ်ဘူး"

ကောင်လေးက နွယ်ကြိုးမှကိုင်ဆင်းရင်း အပေါ်သို့မော့ကြည့်ကာ ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါမကြောက်ပါဘူး၊ နင့်ကို ဝိုင်းပြစ်တင်နေကြတာ ငါမခံချင်လို့ပါ၊ နေပစေကိစ္စမရှိဘူး၊ ငါရအောင် ဆင်းကောက်ပေးမယ်"

ဆေးရောင်စုံခြယ်ထားသော ဘောလုံးလေးမှာ ချောက်၏အောက် စမ်းချောင်းလေး မြက်တောထဲတွင် ကျနေသောကြောင့် လှမ်းမြင်နေရ၏။

ထိုအခိုက် ကောင်လေး တွယ်ဆင်းနေသော နွယ်ကြိုးကြီးမှာ ရုတ်တရက် ပြတ်ကျသွားလေသည်။

နွယ်ကြိုးပြတ်ရခြင်းမှာ ငွေပြားဝိုင်းသဏ္ဌာန်ရှိ အနားပတ်ပတ်လည်တွင် ဓားသွားကဲ့သို့ မြိထက်နေသော လက်နက်ပုန်းတစ်ခုက နွယ်ကြိုးအား ပစ်ပေါက်ဖြတ်လိုက်ခြင်းပင်တည်း။

ကလေးငယ်အားလုံးမှာ လန့်ဖျပ်သွားကြသည်။

ချောက်ထဲသို့ နွယ်ကြိုးကိုင်ဆင်းနေသော ရောက်ကွမ်းလေးသည် နွယ်ကြိုးပြတ်ကျသွားမှုကြောင့် ချောက်ထဲသို့ ကျသွားလေတော့သည်။ ကလေးငယ်များ၏ ထိတ်လန့်တကြား အော်သံကြောင့် အိမ်ကြီးထဲမှ လူကြီးအချို့ ပြေးထွက်လာကြသည်။

ရောက်လာသော လူကြီးများမှာ ချောက်ထဲသို့ ဆင်း၍ ကျသွား သော ကလေးငယ်ရောက်ကွမ်းကို ဆင်း၍ရှာဖွေကြ၏။

သို့သော် ရောက်ကွမ်းကိုတော့ မတွေ့ရချေ။ ရောင်စုံခြယ်ထားသော ဘောလုံးလေးကိုသာ ကောက်ယူ၍ တက်လာကြသည်။

ကလေးမလေး ရှောင်ယွင်မှာ အိမ်ကြီးဆီသို့ ပြန်မလိုက်နိုင်သေးဘဲ ရောက်ကွမ်းကျသွားသောချောက်ကြီးထိပ်တွင် ရပ်ကာ ဝမ်းပန်းတနည်း ငိုကြွေးနေရင်း ကျန်ရစ်ခဲ့ရှာသည်။

ဤသို့ဖြင့် ရောက်ကွမ်းလေး ချောက်ထဲကျသွားပြီး ရှာမတွေ့ဘဲပျောက်သွားသည်မှာ ရာသီအလီလီ နှစ်အလီလီပင် ပြောင်းခဲ့ချေပြီ။

❑ ❑ ❑

## အခန်း (၃)

တစ်နှစ်. . .

နှစ်နှစ်. . .

သုံးနှစ်. . .။

ဤသို့ဖြင့် ဆယ်နှစ်ဟူသော အချိန်ကာလတို့သည် တဖြည်းဖြည်း ကုန်ဆုံးသွားခဲ့လေပြီ။

ရောက်ကွမ်းလေး ချောက်ထဲကျသွားပြီး ပျောက်သွားသည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီ ဖြစ်၏။

ယနေ့ထိ သတင်း အစအနကိုပင် မကြားရတော့ပေ။

တစ်နေ့. . . .

ကျောက်ကျိုရွာ အပြင်ဘက် တောလမ်းတစ်နေရာတွင် ဖုန်တထောင်းထောင်းထလျက် လူတစ်ယောက် မြင်းတစ်စီးကို အပြင်းဒုန်းစိုင်းနှင်လာနေသည်။

မကြာမီ မြင်းစီးသမားလုလင်သည် ကျောက်ကျားကျိုရွာကြီးအနီးသို့ ချဉ်းကပ်လာကာ ရွာဝင်လမ်းကလေး မြင်းကို ခပ်ဖြည်းဖြည်း စီးနှင်းဝင်ရောက်လာသည်။

မြင်းစီးသမား လုလင်မှာ အဖြူရောင် အင်္ကျီကိုဝတ်ထားပြီး အဖြူရောင်အင်္ကျီမှာ အဖြူရောင်နှင့်မတူတော့ဘဲ ဖုန်များနှင့် ချေးများကြောင့် နီကျင့်ကျင့်အရောင်သို့ ပြောင်းလျက်ရှိနေသည်။

လူရွယ်မှာ ဆင်းရဲနွမ်းပါးပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်၏ ရုပ်ရည်မှာ မဆိုးလှ၊ ယောကျ်ားပီသပြီး ကိုယ်ခန္ဓာမှာ ကြံ့ခိုင်သန်မာပုံရ၏။

အသားကာမူ ညိုစို၍ မျက်ခုံးထူထူ မျက်လုံးမျက်ဖန် ကောင်းသည်။ လူရွယ်၏မျက်နှာပေါ်မှ ထူးခြားသော အမှတ်အသားတစ်ခုမှာ ပါးမြိုင်းမွေးများ ရှပ်ထွေးစွာပေါက်နေပြီး နှုတ်ခမ်းမွေးကလည်း ခပ်ရေးရေးရှိသည်။

ပါးမြိုင်းမွေးကြောင့် လူရွယ်မှာ အနည်းငယ်အသက်ပိုကြီးပုံ ပေါ်လွင်နေသေးသည်။

သို့သော် လူရွယ်စီးလာသော မြင်းမှာမူ တန်ဖိုးကြီးမားလှသော မြင်းကောင်းတစ်စီး ဖြစ်နေသည်။

လူရွယ်မှာ နေပူကျဲကျဲအောက်တွင် ခရီးနှင်ခဲ့ရသဖြင့် ကျောက်ကျာကျီအဝင် အရိပ်ကောင်း သစ်ပင်ကြီးတစ်ပင်၌ မြင်းပေါ်မှ ခွေဆင်းကာ အပန်းဖြေနေသည်။

သူစီးလာသော မြင်းကြီးကိုမူ သစ်ပင်ကြီး၌ချည်၍ အနီးအနားသို့ အကဲခတ်သလို တစ်ချက်လှည့်ပတ်ကြည့်လိုက်သည်။

သစ်ပင်ကြီးနှင့် မနီးမဝေးတစ်နေရာတွင် တဲအိမ်တစ်လုံး လူရွယ်တွေ့ရ၏။

လူရွယ်မှာ နေပူထဲတွင် ခရီးနှင်ခဲ့ရသည်ဖြစ်ရာ ရေအလွန်အမင်း ငတ်နေသဖြင့် ထိုတဲအိမ်လေးရှိရာသို့ လျှောက်လှမ်းချဉ်းကပ်သွားကာ အပြင်ဘက်မှ လှမ်းအော်လိုက်သည်။

"ဗျို့...အိမ်ရှင်တို့ မရှိကြဘူးလား ခင်ဗျာ"

လူရွယ်၏ အော်မေးသံကြောင့် တဲအိမ်လေးထဲမှ လူကြီးတစ်ယောက် အိပ်မှုံစုံမွှားဖြင့် ထလာသည်။

လူကြီး၏အသက်မှာ လေးဆယ်ကျော်ခန့်ရှိပြီး ကိုယ်ခန္ဓာကြံ့ခိုင်တောင့်တင်း၏။ မျက်ခုံးထူပြီး မျက်လုံးမျက်ဖန်ကောင်းသည်။



လူကြီး၏မျက်နှာခွဲမှ ကျောက်ပေါက်မာသဲ့သဲ့ ရှိနေ၏။

လူရွယ်အား စေ့စေ့စပ်စပ် အကဲခတ်ကာ လူကြီးက ခပ်တည်တည်ပင် မေးလိုက်သည်။

**"မင်းဘယ်သူလဲ...**ဘာကိစ္စရှိလို့လဲ၊ ဘယ်သူ့တွေ့ချင်သလဲ"

**"ကျွန်တော်က ခရီး**သွားဧည့်သည်ပါ၊ နေပူထဲမှာ ခရီးနှင်လာရသလို့ **ရေငတ်တာနဲ့** ရေတစ်ခွက်လောက် **သောက်**ချင်လို့ပါ"

ကျောက်ပေါက်မာသဲ့သဲ့နှင့် လူကြီးက ခေတ္တမျှ လူရွယ်အား ကြည့်နေပြီး အိမ်ထဲရှိလူတစ်ယောက်ကို လှမ်းအော်ပြောလိုက်သည်။

"ဟေ့...လက်ဖက်ရည်ကြမ်းတစ်ခွက်လောက် ငှဲ့ခဲ့ပါကွာ"

ကျောက်ပေါက်မာလူကြီး၏ အော်ပြောသံကြောင့် အိမ်ထဲမှ အသက်သုံးဆယ်ကျော်အရွယ်ရှိ ခါးကုန်းကုန်း ပိန်ပိန်ရှည်ရှည် လူတစ်ယောက် ရေနွေးကြမ်းပန်းကန်ကိုကိုင်ကာ ထွက်လာသည်။

လူရွယ်က ရေနွေးကြမ်းပန်းကန်ကို လှမ်းယူရင်း...

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော်က ပြည်မကထွက်လာခဲ့တာပါ"

လက်ဖက်ရည်ပန်းကန်ကို လူရွယ်က **တစ်ငုံချင်း သောက်**နေသည့် လမ်းမပေါ်မှ မြင်းခွာသံများကို ကြားရပြန်သည်။

ထို့ကြောင့် လူရွယ်နှင့် တဲရှင်လူကြီးတို့ **လမ်းမဘက်**သို့ လှည့် ကြည့်လိုက်ရာ...

မည်းနက်နေသော မြင်းကြီးပေါ်တွင် ရုပ်ရည်သန့်ပြန့်၍ နုံ့သားတည်ကြည်သော လူခန့်ချောလေးတစ်ယောက်ကို မြင်လိုက်ကြရ၏။

မည်းနက်နေသော မြင်းကြီးစီးလာသော လူရွယ်မှာ လက်ဖက်ရည်ကြမ်းသောက်နေသော လူရွယ်နှင့်စာသော် အဝတ်အစားမှာ အဆိုးထိုက်တန်သော အဝတ်အစားများ ဝတ်ထားသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ပို၍ထူးခြားနေသည်ကတော့...

မြင်းနက်ကြီး၏ ကုန်းနှီးဘေးတွင် အဖိုးတန်ဓားတစ်လက် ချိတ်ဆွဲထားခြင်းပင်။

မြင်းနက်ပိုင်ရှင် လူရွယ်မှာ ကြည့်လိုက်သည်နှင့် အဆင့်မြင့် သိုင်းသမားတစ်ယောက်ဖြစ်သည်ကို မမေးဘဲနှင့် သိနိုင်သည်။

လူရွယ်နှင့် မြင်းနက်ကြီးမှာ ကြည့်၍ကောင်းပြီး လိုက်ဘက် ညီလှ၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုမြင်းနက်ကြီးစီးလာသော သိုင်းသမားလူရွယ်က လက်ဖက်ရည်ကြမ်းသောက်နေသော လူရွယ်ကလေး ရှိရာသို့ တန်းတန်းမတ်မတ် ဝင်လာခဲ့၏။

ရုတ်တရက် တဲရှင်လူကြီးနှစ်ယောက်က မြင်းနက်ကြီးစီးလာသော လူရွယ်အား အထိတ်တလန့်နှင့် မေးလိုက်သည်။

"ဟော့သူငယ်...မင်းဘယ်သူလဲ၊ ဘာကိစ္စများရှိလို့လဲ"

မြင်းနက်စီးလာသောလူရွယ်က အေးဆေးစွာဖြင့်...

"ကျွန်တော် ရှောက်ကွမ်းဆိုတာ ဆရာကြီးတို့နှစ်ယောက်လုံး မမှတ်မိကြတော့ဘူးလား"

လက်ဖက်ရည်ကြမ်းသောက်နေသော လူရွယ်မှာ လက်ဖက်ရည်ကြမ်းသောက်နေရင်းမှ ရုတ်တရက် သီးသွားသည့်အလား ချောင်းတဟွတ်ဟွတ်ဆိုးသွားပြီး သောက်လက်စ လက်ဖက်ရည်များပင် ပြန်ထွက်ကုန်သည်။

မြင်းနက်ကြီးပိုင်ရှင်လူရွယ်မှာ ပြောပြောဆိုဆို မြင်းနက်ကြီးပေါ်မှ ခုန်ဆင်းလိုက်၏။

ထိုအခါ တဲရှင်လူကြီးနှစ်ယောက်မှာဝမ်းသာအားရဖြစ်သွားပြီး မြင်းနက်ကြီးပေါ်မှဆင်းလာသော လူရွယ်ကို ဝိုင်းဖက်လိုက်ကြရင်း...



"ဟင်...ရှောက်ကွမ်း၊ မင်း ဘာမှ မဖြစ်ဘူးနော်၊ အို...မင်းတကယ်ကို ရှောက်ကွမ်းအစစ်ပါပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော် ရှောက်ကွမ်းအစစ်ပါ၊ ကျွန်တော့်ခြေးစေ့အောက်က အမာရွတ်ကိုကြည့်ပါလား၊ ကျွန်တော် မသေပျောက်ဘဲ ရွာကိုပြန်ရောက်လာပါပြီ"

တဲရှင်လူကြီးနှစ်ယောက်မှာ အံ့သြလွန်း၊ ဝမ်းသာလွန်း၍ ဘာဆက်စကားမဆိုနိုင်ကြ။

သို့သော် သူတို့၏ဘေးတွင် လက်ဖက်ရည်ကြမ်းသောက်နေသော လူရွယ်ကမူ တစ်ချက်အံ့အားသင့်ဟန်ပေါ်ပြီး မိမိ၏ ပါးမြိုင်းမွေးများကို စမ်းကြည့်လိုက်မိ၏။

ထိုအခိုက် ခါးကုန်းကုန်း ပိန်ပိန်ရှည်ရှည်လူကြီး၏ စကားသံထွက်ပေါ်လာသည်။

"ရှောက်ကွမ်း...မင်း ချောက်ထဲကျပြီး ဘယ်လျှောက်သွားနေတာလဲ၊ မင်းပျောက်သွားပြီး ရှောင်ယွင်းလေးတောင် လေးငါးဆယ်ရက် ငိုမဆုံးဖြစ်နေသေးတယ်၊ မင်းကတော့ တယ်နေနိုင်တာပဲ၊ ဆယ်နှစ်ကျော်မှ တစ်ခါပြန်လာတယ်ဆိုတော့ မင်းလွန်တာပေါ့"

ထိုစကားကြောင့် လက်ဖက်ရည်ကြမ်းသောက်နေသော လူရွယ်လေးမှာ နဂိုကတောက်ပနေသော မျက်လုံးအစုံသည် ရုတ်တရက် မှိန်သွားခဲ့၏။

မြင်းနက်ပိုင်ရှင်လူရွယ်က ပြုံးရယ်၍...

"အင်း...ဆရာကြီးတို့ပြောတာလဲ ဟုတ်ပါတယ်၊ ဆယ်နှစ်ကျော်ကြာခဲ့ပေမယ့် ခုလိုကျွန်တော့်ကို မှတ်မိတယ်ဆိုတော့ ဝမ်းသာရပါပဲ၊ ကဲ...အပြင်မှာရပ်ပြီး စကားပြောရတာ သိပ်မကောင်းဘူး၊ ကျွန်တော် ကျောက်ကျားကျိုရွာကို ပြန်လာတာ ဘာကြီးကို တွေ့ချင်လို့ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ချောက်ပေါက်မာနှင့်လူကြီးက...

"ကဲ...ငါတို့အားလုံးပဲ သွားကြမယ်"

ခါးကုန်းလူကြီးက ကြားဖြတ်၍...

"ဒါဖြင့် ကျုပ်အလျင်သွားပြီး သတင်းပို့လိုက်မယ်လေ"

ပြောပြောဆိုဆို ခါးကုန်းလူကြီးမှာ တဲအိမ်လေးအပြင်ဘက်သို့ အပြေးအလွှား ထွက်သွားလေတော့သည်။

ကျောက်ပေါက်မာနှင့် လူကြီးက ရောက်ကွမ်းဆိုသော လူရွယ်အား လက်ဆွဲပြီး လက်ဖက်ရည်ကြမ်းသောက်နေသော လူရွယ်ကို ဂရုမစိုက်တော့ပေ။

နှစ်ယောက်သား ကျောက်ကျားကျိုရွာလေးထဲသို့ အေးဆေးစွာ လျှောက်လှမ်းသွားနေကြတော့သည်။

ပါးမြိုင်းမွေးနှပ်လူရွယ်လေးမှာ ရွာထဲသို့လျှောက်လှမ်းသွားနေသော လူရွယ်နှင့် ကျောက်ပေါက်မာအဘိုးအိုကြီး၏ နောက်ကျော ကို ကြည့်ကာ မဲ့ပြုံး ပြုံးလိုက်ရင်း...

"ဟင်...ရောက်ကွမ်းတဲ့ ရောက်ကွမ်း"

တစ်ယောက်တည်း ရေရွတ်ပြောဆိုရင်း လက်ဖက်ရည်ကြမ်း ပန်းကန်ကို တဲလေးပေါ်ချထားလိုက်၏။ တစ်ဆက်တည်းပင် သူ၏ မြင်းကြီးအားဆွဲကာ ရွာထဲသို့ လျှောက်လှမ်း ဝင်ရောက်သွားလေ တော့သည်။

❐ ❐ ❐

ကျောက်ကျားကျိုရွာကြီးမှာ မြို့နှင့် အလှမ်းဝေးသော်လည်း ကုန်သည်များ ခရီးသွားများနှင့် ဝင်ထွက်သွားလာသော ရွာကြီးတစ်ရွာ ဖြစ်သည်။

ထို့ကြောင့် စည်ကားသော ရွာကြီးတစ်ရွာဖြစ်၏။



ရွာကြီးထဲတွင် တည်းခိုစားသောက်ဆိုင် သုံးလေးဆိုင်မျှ ရှိ၏။ ထိုတည်းခိုစားသောက်ဆိုင်များအနက် "ဟူကျိ" တည်းခိုစားသောက် ဆိုင်မှာ အတော်ပင် သားနားခန့်ညားသည်။

"ဟူကျိ" တည်းခိုစားသောက်ဆိုင်ရှင်မှာ တစ်ချိန်က သိုင်း လောကတွင် နာမည်ကျော်ကြားခဲ့သော သိုင်း (၉) ဖော်အနက်မှ သံခေါင်းကြီး ဟူစန်းဆိုသူ ပိုင်ဆိုင်သည်။

သိုင်းညီနောင် (၉) ဖော်အနက် "နတ်ဓားရှင်လီလိန်ဟုန်း" အားရဲထောက်ချောက်တွင်းသို့ကျ၍သေဆုံးသွားကတည်းကပင် သိုင်း (၉) ဖော်တို့ အသီးသီး လမ်းခွဲခဲ့ကြကာ သိုင်းလောကမှ ပျောက် ကွယ်သွားခဲ့ကြသည်။

ထို့ကြောင့် သိုင်း (၉) ဖော်တို့၏ ခေါင်းဆောင် အစ်ကိုကြီး ဖြစ်သူ ကျောက်ကျင်လီက သူ့တွင်ရှိသော ငွေများဖြင့် ကျောက်ကျား ကျိုရွာကြီးတွင် ပန့်စန်ဖိန်ခေါ်သည့်နေရာ၌ မြေကွက်လပ်ကြီးကို ဝယ်လိုက်သည်။

ထိုမြေပေါ်တွင် အိမ်ကြီးတစ်လုံးတည်ဆောက်ကာ အခြေချ နေထိုင်ပြီး သူ့တပည့်တပန်းများ၏ စားဝတ်နေရေးကို တတ်နိုင် သလောက် ကြည့်ရှုထောက်ပံ့ပေးခဲ့၏။

သို့သော် ကာလကြာရှည်လာသည်နှင့်အမျှ သံမဏိလက်သီး ဖန်ကန်းက သိုင်းလောကထဲဝင်ထွက်သွားလာရင်း ဘုရင့်အမှုထမ်း ဟိုင်လန်ဆိုသည့်အမျိုးသမီးနှင့် အိမ်ထောင်ကျသွားခဲ့၏။

အိမ်ထောင်ကျပြီးသည့်နောက်ပိုင်း ဖန်ကန်းမှာ အဘိုးကြီး ကျောက်၏အိမ်ဆီသို့ တစ်နှစ်တစ်ခေါက်ပင် မလာနိုင်တော့ပေ။

သံခေါင်းကြီးဟူစန်းတစ်ယောက်သာ ကျောက်ကျားကျိုရွာကြီး တွင် တည်းခိုစားသောက်ဆိုင်ဖွင့်ကာ အခြေချနေထိုင်ခဲ့သည်။

သံခေါင်းကြီးဟူစန်းမှာ ယခုဆိုလျှင် အသက်လေးဆယ်ကျော်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး မျက်နှာထားက အမြဲတမ်းတည်နေကာ ပြုံးရယ်ခြင်း
သလောက်ပင်ဖြစ်သည်။

ပြဿနာတစ်ခုခု ရင်ထဲတွင် ကိန်းအောင်းနေသည့်သဏ္ဌာ
ဖြင့် စိတ်ပျော်ရွှင်ခြင်း မရှိပေ။

ခေါင်းဆောင် ကျောက်ကျိုလင်၏နေအိမ်ဖြစ်သော ဝန်စန်ပိ
အိမ်ကြီးဆီသို့ ဟူစန်း သွားရောက်လည်ပတ်ခဲ့သည်။

အဘိုးကြီးကျောက်၏ နှစ်စဉ်မွေးနေ့ပွဲများနှင့် အခြားဘာသ
ရေးနေ့များမှအပသွားလာခဲ့ပြီး ကျန်အချိန်များတွင် သူ၏တည်း
စားသောက်ဆိုင်တွင်သာ ဟူစန်း အချိန်ကုန်စေခဲ့သည်။

အမြင်အားဖြင့် သံခေါင်းကြီးဟူစန်းမှာ အဘိုးကြီးကျောက်
အနီးကပ်ဆုံးရှိနေသော်လည်း အမှန်တွင်မူ အဝေးဆုံးလူတစ်ယော
ကဲ့သို့ ဖြစ်နေသည်။

□ □ □

# အခန်း(၄)

ဆင်းရဲနွမ်းပါးဟန်တူသော လူငယ်တစ်ယောက်။

သူ၏မြင်းကြီးအားဆွဲကာ ဟူကျိုတည်းခိုစားသောက်ဆိုင်ရှေ့
ဝင်ရောက်လာသည်။

သံခေါင်းကြီးဟူစန်းသည် သူ၏ကောင်တာစားပွဲမှနေ၍
ကြက်လုလုဖြစ်နေသော မျက်လုံးအစုံက ဆင်းရဲနွမ်းပါးဟန်တူသော
ယ်လေး၏ အဖိုးတန်မြင်းကြီးကို မြင်လိုက်ရ၍ ရုတ်တရက်
ကျယ်သွားသည်။

စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

"ဟာ...တယ်ကောင်းတဲ့ မြင်းကြီးပါလား"

ဟူစန်းသည် မြင်းကြီးကိုကြည့်ကာ ရေရွတ်လိုက်သည်။

သူသည် ငယ်ရွယ်စဉ်က သိုင်းလောကတွင် ဝင်ထွက်သွားလာ
ရှားခဲ့ရာ ဟူစန်းသည် မြင်းအကြောင်းများကို အတော်အတန်
ပါက်မိခဲ့၏။

ထို့ကြောင့် လူငယ်လေး၏မြင်းကို မြင်လိုက်ရသည်နှင့် တန်ဖိုး
ားသော မြင်းကောင်းတစ်စီးဖြစ်ကြောင်း ဟူစန်း သိရှိလိုက်
ည်။

လူငယ်လေးသည် သူ့မြင်းကြီးအား စားပွဲထိုးတစ်ယောက်ကို
ပ်လိုက်ပြီး ကောင်တာစားပွဲရှိ ဟူစန်းရှိရာသို့ ဖြည်းဖြည်းလျှာ
က်လှမ်းလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လုငယ်လေးက ဟူစန်းအား ခေတ္တအာကဲခတ်ကြည့်လိုက်ပြီး မှ...

"ဆရာကြီးဟာ မြင်းအကြောင်း တော်တော်နားလည်ပုံရတယ် ကျွန်တော့်မှာ တည်းခိုစရိတ်မရှိတဲ့အတွက် ဒီမြင်းကြီးကို တည်း စားသောက်စရိတ်အဖြစ်ပေးပြီး ဒီမှာ ကျွန်တော်နေနိုင်ပါသလား ခင်ဗျာ"

ဟူစန်းက ကပျာကယာ ခေါင်းခါယမ်းလိုက်ပြီး...

"ဟာ...မဖြစ်ဘူးမောင်ရဲ့၊ ဒီလောက်တန်ဖိုးကြီးလှတဲ့ မြ ကြီးကို ငါလက်မခံရဲဘူး၊ မင်းရဲ့နေကိုင်စားသောက်စရိတ်က ဒီမြ ကြီးနဲ့ ဆလိုက်ရင် မပြောပလောက်ပါဘူး"

"ကိစ္စမရှိပါဘူး...ကျွန်တော့်ရဲ့မြင်းကြီးဟာ ဘယ်လော တန်ဖိုးကြီးပေမယ့် လောလောဆယ်မှာတော့ ကျွန်တော့်အတွက် ဒီ တည်းခိုစားသောက်နိုင်ဖို့က အဓိကပါ၊ ဆရာကြီးဘာမှ ငြင်းမ ပါနဲ့တော့"

ဟူစန်းမှာ မည်သို့မျှ ငြင်းမရမှန်း သိရသဖြင့်...

"ကဲလေ...မင်းဆန္ဒသိပ်ပြင်းပြနေရင်လည်း ရပါတယ် ကဲလာ...ငါနဲ့လိုက်ခဲ့၊ မင်းတည်းခိုနေထိုင်ရမယ့်အခန်းကို ငါကို ဟိုင် လိုက်ပို့မယ်"

ပြောပြောဆိုဆို ဟူစန်းက ရှေ့မှဦးဆောင်ခေါ်သွားသည်

တည်းခိုဆိုင်၏နောက်ဘက်တွင် အခန်းခြောက်ခန်းရှိသည့် သုံးခန်းမှာ တည်းခိုသူများ ရှိနေ၏။

ထို့ကြောင့် ဆိုင်၏နောက်ဆုံးဘက် ထောင့်ခန်းတစ်ခန်း လူငယ်လေးအား ခေါ်ဆောင်သွားသည်။

အခန်းလေးမှာ အတော်ပင် သပ်သပ်ရပ်ရပ်ရှိပြီး အခန်းထဲ လူတစ်ယောက် တည်းခိုနေနိုင်ရန် ပစ္စည်းများ အစုံအလင်ရှိနေသ



ဟူစန်းက ပြုံးရယ်ကာ...

"ကဲ...သူငယ်လေး ဒီအခန်းကို ကြိုက်ရဲ့မဟုတ်လား၊ မကြိုက် င် ပြောပါ၊ နောက်အခန်းတစ်ခန်းကို ပို့ပေးမယ်"

လူငယ်လေးက အားနာသောအပြုံးဖြင့်...

"ဆရာကြီး...ကျွန်တော့်အတွက် ဒီလိုသန့်ပြန့်တဲ့ အခန်း ခန်းဟာ လုံလောက်နေပါပြီ၊ ဘာမှ မလိုတော့ပါဘူး၊ ကျေးဇူး င်ပါတယ်"

ဟူစန်းက သူငယ်လေးအား ခေတ္တအကဲခတ်လိုက်ပြီး...

"ငါ့တူ စိတ်တော့မရှိနဲ့နော်၊ မင်းကြည့်ရတာ သိုင်းလောက ဲမှာ ဝင်ထွက်သွားလာနေတဲ့ပုံပဲ၊ ဒါပေမယ့် မင်းဟာ ခုလို ဆင်းရဲ မ်းပါးတဲ့ပုံမျိုး လုံးဝမပေါ်ဘူး"

"ကျွန်တော့်ကို ဆရာကြီးက ဘယ်လိုများထင်မှတ်နေပါလဲ"

အဘိုးကြီးဟူစန်းက အသာအယာ ခေါင်းခါယမ်းပြီး...

"ကျုပ်အရမ်းမပြောဝံ့ပါဘူး၊ မင်းကြည့်ရတာ လူကောင်း ူကောင်းလို့ ထင်ပါတယ်"

"ဘယ်လိုအချက်ကိုထောက်ပြီး ပြောနိုင်ပါသလဲ"

"တကယ်လို့ မင်းဟာ လူဆိုးတစ်ယောက်သာဆိုရင် မင်းရဲ့ ဖိုးတန်လှတဲ့ မြင်းကြီးကို တည်းခိုစားသောက်ခအတွက် ငါ့ကို းမှာ မဟုတ်ဘူး"

လူငယ်လေးက ဖြူဖွေးညီညာသော သွားများကို ပေါ်အောင် ိုလိုက်ပြီး...

"ဆရာကြီးလဲ စိတ်ကောင်း စေတနာရှိပုံပေါ်ပါတယ်၊ ျွန်တော်နဲ့ ခဏတစ်ဖြုတ် စကားလေးဘာလေး ပြောကြရအောင်"

ထို့နောက် အဘိုးကြီးဟူစန်းက လူငယ်လေးနှင့်အတူ ခုတင် ေါ်တွင် ထိုင်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်လေးက...

"ဆရာကြီးနာမည် ဘယ်လိုခေါ်ပါသလဲ"

"ဟူစန်းလို့ခေါ်ပါတယ်၊ ကျုပ်ဟာ တစ်ချိန်က လူကြမ်းကြီးတစ်ယောက်ပေါ့၊ သိုင်းလောကထဲမှာလည်း ဝင်ထွက်သွားလာဖူးပါတယ်၊ ကျုပ်နာမည် အပြည့်အစုံကတော့ သံခေါင်းကြီး ဟူစန်းလို့ခေါ်တယ်"

လူငယ်လေးက အံ့သြသော အမူအရာဖြင့်...

"ဟင်...ဆရာကြီးက သံခေါင်းကြီး ဟူစန်းဆိုတာလား၊ တစ်ချိန်က သိုင်းလောကမှာ အတော်နာမည်ကြီးခဲ့တာပဲ"

"သိပ်မြှောက်မနေပါနဲ့၊ သံခေါင်းကြီးဟူစန်းဟာလည်း ဘာမှ ထူးခြားမှုမရှိတဲ့ လူထဲက လူတစ်ယောက်ပါပဲကွာ"

"ဆရာကြီးရဲ့ဂုဏ်သတင်းကို ကျွန်တော်ကြားဖူးပါတယ်၊ လူမမြင်ရသေးပေမယ့် ဆရာကြီးကို ကျွန်တော် လေးစားခဲ့ပါတယ်၊ အထူးသဖြင့် ဒီမှာ ဆရာကြီးနဲ့လာတွေ့ရတာ ပိုပြီးဝမ်းသာပါတယ်"

"ဒါနဲ့ မောင်ရင်လေးရဲ့နာမည်က ဘယ်လိုခေါ်ပါသလဲ"

"သိုင်းလောကထဲက နာမည်မရှိသေးတဲ့ လူတစ်ယောက်ပါပဲ၊ ကျွန်တော့်နာမည်ကတော့ လီထိကျင်းလို့ခေါ်ပါတယ်"

"ဒါနဲ့ မောင်ရင်လေးရဲ့ ဇာတိက ဘယ်ကလဲ"

"ကျွန်တော်က ရှီကျားကျန်းကပါပဲ"

သံခေါင်းကြီး ဟူစန်း အနည်းငယ် အံ့သြသွားကာ...

"ရှီကျားကျန်းက ဟုတ်လား"

လူငယ်လေးက အဘိုးကြီး အံ့သြသွားသည့်အရိပ်အယောင်ကို သတိထားမိ၍...

"ဆရာကြီးရဲ့မိတ်ဆွေများ ရှီကျားကျန်းမှာ ရှိခဲ့ဖူးလို့လား၊ ဘယ်သူများပါလိမ့်"



သံခေါင်းကြီးမှာ အလွန်ဝမ်းနည်းသွားဟန်နှင့်...

"အင်း...ကျုပ်ရဲ့မိတ်ဆွေကြီးက လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ကွယ်လွန်သွားခဲ့ပါပြီ"

လူငယ်လေးက အားနာသွားကာ...

"ကျွန်တော် မသိလို့ မေးမိတာ ခွင့်လွှတ်ပါခင်ဗျာ"

အဘိုးကြီးက စိတ်မကောင်းဖြစ်သွားပြီး...

"ကျုပ်ကို စပ်စုတယ်လို့ မထင်ပါနဲ့နော်"

"ကိစ္စမရှိပါဘူး...ပြောလက်စနဲ့ တစ်ဆက်တည်းပြောရဦးမယ်၊ အဲဒီကျားကျန်းမှာ အဆင့်မြင့်သိုင်းသမားကြီးတစ်ယောက်အကြောင်းကို သွားသတိရမိပါသေးတယ်၊ အထူးသဖြင့် ကျွန်တော်တို့ ရှီကျားကျန်းက လီလူမျိုးတွေအတွက် အတော် ဂုဏ်ယူခဲ့ကြတဲ့ သိုင်းသမားကြီးလည်း ဖြစ်ပါတယ်၊ ဆရာကြီးလည်း သိလိမ့်မယ် ထင်ပါတယ်၊ သူ့နာမည်ကတော့ နတ်ဓားရှင် လီလိန်ဟုန်းလို့ခေါ်ပါတယ်"

အဘိုးကြီးဟူစန်းမှာ ထိုစကားကြောင့် မျက်နှာ အတော်ပျက်သွားပြီး ထိုင်နေရာမှ ထရပ်မိမတတ် ဖြစ်သွားရ၏။ နောက်မှ သတိပြန်ဝင်ကာ စိတ်ကို တည်ငြိမ်အောင်ထိန်းလိုက်ပြီးမှ...

"ငါ့တူ သူ့ကိုသိတာထက် ကျုပ်က ပိုသိပါတယ်၊ သိရုံတင်မကဘူး၊ အဲဒီနတ်ဓားရှင် လီလိန်းဟုန်းဟာ ကျုပ်နဲ့ သွေးသောက်ညီအစ်ကို တော်ပါတယ်၊ ကျုပ်စောစောကပြောတဲ့ မိတ်ဆွေဆိုတာ လီလိန်ဟုန်းကိုပဲ ပြောတာဖြစ်တယ်"

လူငယ်လေးမှာ အဘိုးကြီးဟူစန်း၏စကားကြောင့် မထင်မှတ်သောစကားကို ကြားလိုက်ရဟန်ဖြင့် မျက်နှာတစ်မျိုးဖြစ်သွားပြီး...

"အင်း...ဒါဖြင့် ကျွန်တော်ပြောနေတဲ့စကားတွေဟာ အတော့်ကို ထိုက်ဆိုင်နေပါလား၊ နတ်ဓားရှင်လီလိန်ဟုန်းနဲ့ ဆရာကြီးက

www.burmeseclassic.com

www.burmeseclassic.com



သွေးသောက် ညီအစ်ကိုဆိုတော့ လီလိန်ဟုန်းရဲ့အကြောင်းတွေကို ဆရာကြီး ကောင်းကောင်းသိမှာပေါ့၊ ကျွန်တော် တစ်ခုလောက် မေးချင်ပါတယ်"

"မေးပါ…ဘာကိစ္စများလဲ"

"ကျွန်တော် ကြားဖူးသလောက်တော့ နတ်မားရှင် လီလိန်ဟုန်းဟာ ကိုးမြို့နယ်ရဲ့ ကိုးသချိုင်းကို အလာလမ်းမှာ ထောင်ချောက်မိပြီး သေဆုံးသွားတယ်လို့ ကြားရပါတယ်"

အဘိုးကြီးဟူစန်းမှာ နဂိုကညိုမှိုင်းနေသောမျက်နှာ ငပုတ်ဖမ်းသည့်နှယ် ပိုပြီး ညိုမှိုင်းအိုမင်းသွားကာ…

"မင်းကို ကျုပ်အမှန်အတိုင်းပြောပြပါ့မယ်၊ ဟိုတစ်ချိန် ကိုးမြို့နယ် ကိုးသချိုင်းမှာ သိုင်းကိုးဖော်တွေ့ဆုံပွဲမှာ ကျုပ်လည်း အပါအဝင် ဖြစ်ခဲ့တယ်"

လူငယ်လေး လီထိကျင်းက အံ့ဩသောမျက်နှာဖြင့်…

"အဲဒီအချိန်တုန်းက ဆရာကြီးလဲ ရှိနေတာကိုး"

"ဟုတ်တယ်…ကျုပ်တို့ သိုင်းကိုးဖော်ဟာ ပညာချင်း နှီးနှော ဖလှယ်ကြဖို့ ကိုးသချိုင်းမှာ ချိန်းထားခဲ့ကြတယ်၊ အဲဒီအချိန် လူအားလုံး စုံညီစွာရောက်ရှိနေကြတယ်၊ အဲ…နတ်မားရှင် လီလိန်ဟုန်းတစ်ယောက် ရောက်မလာသေးတဲ့အတွက် ကျုပ်တို့အားလုံးပဲ သူ့ကို စောင့်မျှော်နေမိကြတယ်၊ ဒီအချိန်မှာပဲ နတ်မားရှင်ဟာ ကိုးသချိုင်းလမ်းခုလတ်မှာ ထောင်ချောက်မိပြီး သေဆုံးသွားခဲ့တာ ပါပဲ"

"ဟုတ်ကဲ့…ကျွန်တော် ကောလာဟလသတင်းတွေကြားရတာတော့ ဆရာကြီးပြောသလို မဟုတ်ပါဘူး၊ နတ်မားရှင် လီလိန်ဟုန်းဟာ တစ်ပါးသူရဲ့ကြိုတင်ထောင်ချောက်ဆင်မှုကို ခံလိုက်ရတယ် ဆိုတဲ့ သတင်းပါပဲ"



သံခေါင်းကြီး ဟူစန်းမှာ လူငယ်လေး လီထိကျင်း၏စကားကြောင့် ဦးနှောက်ခြောက်သွားကာ…

"ဒီလိုဆိုရင် ဘယ်သူများဖြစ်နိုင်မလဲ၊ တို့သိုင်းကိုးဖော်ထဲက ဘယ်သူဖြစ်နိုင်မလဲ"

"ဒီလိုတော့ မဖြစ်နိုင်ပါဘူး၊ ဆရာကြီးတို့ ညီနောင် ကိုးဖော်က သွေးသောက်ဖွဲ့ထားတာဆိုတော့ ဆရာကြီးတို့အထဲက မဖြစ်နိုင်ဘူး၊ အပြင်လူတစ်ယောက်ယောက်ရဲ့ လက်ချက်ဖြစ်မယ်နဲ့တူပါတယ်"

သံခေါင်းကြီးဟူစန်းက ရုတ်တရက် တစ်စုံတစ်ခုကို သတိရ ဟန်ဖြင့်…

"နေဦး…မင်းက လီအမျိုးအနွယ်ထဲကလား၊ သေဆုံးသွားတဲ့ လီလိန်ဟုန်းမှာ သားတစ်ယောက် ကျန်ခဲ့တယ်၊ သူ့နာမည်က လီရှောက်ကွမ်းလို့ခေါ်တယ်"

လူငယ်လေး လီထိကျင်းက ကြားဖြတ်၍…

"ဘာလဲ…ဆရာကြီးက ကျွန်တော့်ကို နတ်မားရှင်လီလိန်ဟုန်းရဲ့သားလို့ ထင်နေလို့လား"

"ဟုတ်တယ် မဟုတ်လား"

"နတ်မားရှင်ရဲ့သားက ငွေစလက်နက်ပုန်းပိုင်ရှင် ဆရာကြီး ကျောက်ဆီ ပါသွားတယ်မဟုတ်လား"

"ဟုတ်တယ်လေ…ဒါပေမယ့် နတ်မားရှင်ရဲ့သား လီရှောက်ကွမ်းဟာ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်က ချောက်တစ်ခုထဲကျပြီး ပျောက်ဆုံးသွားခဲ့တယ်၊ လိုက်ရှာလို့လည်း မတွေ့တော့ဘူး"

လီထိကျင်းက ခေတ္တစဉ်းစားလိုက်ပြီးမှ…

"မဟုတ်သေးဘူး၊ တကယ်လို့ လီရှောက်ကွမ်း ချောက်ထဲ ကျပြီး သေဆုံးရင်လည်း သူ့အလောင်းတော့ တွေ့ရမှာပေါ့၊ တကယ် လို့ အသက်မသေဘူးဆိုရင် သူ့ရွာကို ပြန်လာရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သံခေါင်းကြီးက…

"ကျုပ်ထင်တာက လိရှောက်ကွမ်းကို တစ်ဦးတစ်ယောက်က ကယ်တင်သွားတယ် ထင်တာပဲ"

ထိုအခါမှ လိထိကျင်း သဘောပေါက်သွားကာ…

"ဪ…ဒါကြောင့် ဆရာကြီးက နတ်မားရှင်ရဲ့သား လိရှောက်ကွမ်းလို့ ထင်နေတာကိုး၊ ဆရာကြီးစဉ်းစားကြည့်ပါ၊ နတ်မားရှင်ဟာ သူတို့ရဲ့ဆရာကြီး ကျောက်ဆီမှာ သူ့သားကို အပ်နှံထားခဲ့တယ်၊ နောက် လိရှောက်ကွမ်းဟာ ပန့်စန့်ဖိန်ခြံကြီးထဲက လိမ့်ကျသွားပြီး မတွေ့တော့ဘူးဆိုတော့ ခေါင်းဆောင် ကျောက်ကို …င်ဟာ သေဆုံးသွားတဲ့ ညီတော် နတ်မားရှင်အပေါ်မှာ တာဝန် ကို …သအကျတော့မလဲ"

"ဟင်…မင်း…မင်း"

"ဆရာကြီး…ကျွန်တော်တစ်ခုပြောပါရစေ၊ ကျွန်တော် ဒီရွာကြီးထဲကိုအဝင်မှာ ရေဆာလို့ ရေတောင်းသောက်နေတုန်း လူငယ်တစ်ယောက် မြင်းနက်ကြီးကိုစီးဝင်လာခဲ့ပါတယ်၊ အဲ…ကျွန်တော် ရေတောင်းသောက်တဲ့ အိမ်ရှင်လူနှစ်ယောက်က အဲဒီလူငယ်ကို ဖက်လှဲတကင်းနဲ့ လိရှောက်ကွမ်းလို့ခေါ်ပြီး အဲဒီလူငယ်ရဲ့ မေးစေ့အောက်မှာ အမှတ်တစ်ခုရှိတယ်လို့လည်း သူတို့ပြောသံကြားခဲ့ရတယ်"

အဘိုးကြီးဟူစန်းမှာ ထိုစကားကြောင့် ထိုင်ရာမှ ရုတ်ခြည်း ထရပ်လိုက်ပြီး…

"မင်းပြောတာ တကယ်ပဲလား"

"ကျွန်တော် မလိမ်ပါဘူး၊ ဒီကိစ္စက အချိန်မရွေးသိနိုင်တဲ့ ကိစ္စပဲ မဟုတ်ဘူးလား"

သံခေါင်းကြီးဟူစန်းက အသံတုန်ယင်စွာဖြင့်…



"အခု သူတို့ ဘယ်သွားကြသလဲ"

"ဟို လိရှောက်ကွမ်းလူငယ်ပြောသံကြားခဲ့ပါတယ်၊ ပန့်စန့်ဖိန်ခြံက ဆရာကြီး ကျောက်ကျိုလင်ဆီ သွားမယ်ဆိုပြီး သူတို့သုံးယောက်သုံး ထွက်သွားကြပါတယ်"

"အင်း…လိရှောက်ကွမ်း…လိရှောက်ကွမ်း…သူပြန်လာပြီပဲ"

အဘိုးကြီးဟူစန်းက တစ်ယောက်တည်း ရေရွတ်ပြီး အခန်းအပြင်သို့ ထွက်သွားရန် ဟန်ပြင်လိုက်သည်။

သို့သော်လိထိကျင်းကအဘိုးကြီးဟူစန်းအားလှမ်းဆွဲထားပြီး…

"ဆရာကြီး…စောစောက ကျွန်တော်ပြောခဲ့တာတွေဟာ ဆဲ့ပေ့တန်တန်နဲ့ ပြောခဲ့တာတွေဖြစ်ပါတယ်၊ အပြင်ကို မပေါက်ကြားစေပါနဲ့၊ ပေါက်ကြားသွားရင်တော့ ကျွန်တော် ဒီရွာမှာ ဆက်နေလို့ မဖြစ်နိုင်တော့ပါဘူး ခင်ဗျာ"

ပြောပြီးသည်နှင့် လိထိကျင်းက ဆုပ်ကိုင်ထားသော ဟူစန်း၏ လက်ကို ဖြေလွှတ်ပေးလိုက်သည်။

သံခေါင်းကြီးဟူစန်းမှာ အခန်းအပြင်သို့ အလျင်အမြန် ထွက်သွားလေတော့သည်။

လိထိကျင်းက သံခေါင်းကြီးဟူစန်း၏ နောက်ကျောပြင်ကို ကြည့်ကာ သူ၏အိတ်ထဲမှ ငွေစလက်နက်ပုန်းတစ်ခုကို ထုတ်ယူ၍ ကြည့်လိုက်၏။

ထိုငွေစလက်နက်ပုန်းမှာ အနားပတ်ပတ်လည်တွင် စက္ကူတမျှ ပါးလွှားနေအောင်သွေး၍ အလွန်ချွန်ထက်ကာ ဓားသွားပမာရှိနေ၏။

လိထိကျင်း၏မျက်လုံးများမှာ ထိုငွေစလက်နက်ပုန်းကို မြင် လိုက်ရချိန်တွင် လူသတ်ချင်သည့် အရိပ်လက္ခဏာများ မျက်လုံး အစုံ၌ ပေါ်လွင်လာခဲ့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

ဆီမီးတိုင်များဖြင့် လင်းထိန်နေသော အိမ်ကြီးတစ်အိမ်။

ထိုအိမ်ကြီးက ပန့်စန်ဖိန်ရွာကြီးထဲရှိ ကျောက်ကျိုလင်၏ အိမ်ကြီးပင် ဖြစ်လေသည်။

အိမ်ကြီးအနောက်ဘက် အတွင်းဆောင်၏အရှေ့ဘက် အခန်းလေးတစ်ခန်းတွင် ဆီမီးအိမ်နှစ်လုံး ပြိုင်တူထွန်းညှိထားသည်။

အခန်းလေးထဲရှိ အရာဝတ္ထုများကို မီးအိမ်နှစ်လုံးမှ အလင်းရောင်များကြောင့် ပီပြင်ထင်ရှားစွာ တွေ့မြင်နေရသည်။

ထိုအခန်းလေးထဲရှိ ခုတင်တစ်လုံးပေါ်တွင် အဝတ်အစားမလဲ သေးဘဲ လဲလျောင်းအနားယူနေသော လူငယ်တစ်ယောက်ကို တွေ့ရ၏။

လဲလျောင်းနေသော လူငယ်လေးမှာ မကြာခင်ကမှ ပြန်လည်ရောက်ရှိလာခဲ့သော သေရွာပြန် လီရှောက်ကွမ်းပင် ဖြစ်သည်။

တစ်နည်းအားဖြင့် ဤစံအိမ်ကြီး၏အရှင်သခင်ဖြစ်သော သိုင်းလောကတစ်ခွင် နာမည်ကြီးနေသည့် ငွေစလက်နက်ပုန်းပစ် ဝိဇ္ဇာ ကျောက်ကျိုလင်၏ မွေးစားသား ဆိုက မမှားနိုင်။

လီရှောက်ကွမ်းသည် ခုတင်ပေါ်ရှိ ဖဲမွေ့ရာကြီးပေါ်တွင် လက်နှစ်ဖက်ကို ခေါင်းအောက်တွင်ထားရှိပြီး အခန်းမျက်နှာကျက်ကို စူးစူး စိုက်စိုက် ကြည့်နေသည်။



သူ၏နှုတ်ခမ်းကမူ ပြုံးရောင်သန်းနေသည်။

ဘာကို သူသဘောကျနေသည် မသိ။

ဆယ်နှစ်ကျော်ကျော် ဤစံအိမ်ကြီးမှ ခွဲခွာသွားပြီးနောက် ယခု ပန့်စန်ဖိန်ခြံအိမ်ကြီးထဲရှိ စံအိမ်ကြီးထဲသို့ ပြန်လည်ရောက်ရှိလာခဲ့၍ ဝမ်းသာနေသည်လား မပြောတတ်ချေ။

ထိုစဉ်...

အခန်းအပြင်ဘက်မှ ခြေသံသဲ့သဲ့လေး ကြားရပြီး မကြာမီ တံခါးခေါက်သံ ထွက်ပေါ်လာသည်။

လီရှောက်ကွမ်း တံခါးခေါက်သံကြောင့် ရုတ်တရက် အတွေးစများကိုဖြတ်ကာ လှမ်းမေးလိုက်သည်။

"အပြင်က ဘယ်သူလဲ"

"ကျွန်မပါ...ရှောင်ယွင်လေ"

တံခါး၏အပြင်မှ သာယာချိုလွင်သောအမျိုးသမီးတစ်ယောက်၏ အသံကို ကြားလိုက်ရ၏။

လီရှောက်ကွမ်း၏မျက်နှာ အရောင်တစ်မျိုး ပြောင်းသွားပြီး လှဲနေရာမှထကာ အခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

တံခါးအပြင်ဘက်တွင် အလွန်ချောမောသော အမျိုးသမီးတစ်ယောက် ရပ်နေသည်ကို တွေ့ရ၏။

လီရှောက်ကွမ်းက ပြုံးလိုက်ပြီး...

"လာပါ...အထဲဝင်ပါ ညီမလေးယွင်"

မိန်းမပျိုလေးမှာ အနည်းငယ် ရှက်အမ်းအမ်းဖြစ်သွားကာ ခေါင်းငုံ့၍ အထဲသို့ဝင်လာပြီး နှစ်ယောက်သား မျက်နှာချင်းဆိုင် ထိုင်လိုက်ကြ၏။

လီရှောက်ကွမ်းက မိန်းမပျိုလေးရှောင်ယွင်အား စကားမပြောဘဲ စူးစူးစိုက်စိုက်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် လူကို ဒါလောက်တောင် စိုက်ကြည့်နေရတာလဲ ကျွန်မကို မမြင်ဖူးလို့လား"

လီရှောက်ကွမ်းက သူ၏အကြည့်ကို လွှဲဖယ်ခြင်းမပြုဘဲ ဆက်ပြောပြန်သည်။

"ရှောင်ယွင်…ဆယ်နှစ်ဆိုတဲ့အချိန်ဟာ နည်းတာမဟုတ်ဘူး ဒါပေမယ့် ရွာထဲမှာရှိတဲ့ အရာဝတ္ထုတွေမှန်သမျှနဲ့ ညီမလေးယွင်ကို အစ်ကို အမြဲသတိရနေတယ်၊ ရွာကိုလည်း ချက်ချင်းပြန်လာချင်ခဲ့တယ်"

မိန်းမပျိုလေး၏ မျက်နှာပေါ်တွင် ဝမ်းနည်းသော အရိပ်အယောင်များ ယှက်သန်းလာကာ…

"အစ်ကိုကွမ်းက ရွာကိုပြန်လာချင်တဲ့စိတ်များ ရှိနေသေးလို့လား၊ အစ်ကိုပျောက်သွားပြီး ဆယ်နှစ်ကျော်ကျော် နှစ်တွေမှာ ဘာကြောင့် လူလည်းမလာ စာလည်း မပေးနဲ့ နေနိုင်ရတာလဲ"

"စာပေးဖို့ဆိုတာ ဟိုတောင်တန်းကြီးပေါ်မှာ အစ်ကိုနဲ့ဆရာသမားနှစ်ယောက်ပဲရှိနေကြတော့ ဘယ်လိုလုပ်ပြီး စာပေးလို့ရမှာလဲ"

မိန်းမပျိုလေးက ရီဝေသော မျက်လုံးအစုံဖြင့်…

"ကဲလေ…ဒါတွေထားပါတော့၊ အေးအေးချမ်းချမ်းနဲ့ အိမ်ပြန်ရောက်နေပြီပဲ၊ အစ်ကို ဆယ်နှစ်ဆယ်မိုး ပျောက်နေတဲ့အချိန်တွေတုန်းက ကျွန်မ တစ်နေ့မှ စိတ်ပျော်ရွှင်မှုမရှိဘဲ ဝမ်းနည်းကြေကွဲခဲ့ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုကွမ်း ချောက်ထဲကျသွားခဲ့ရတယ် မဟုတ်လား"

လီရှောက်ကွမ်းက တည်ငြိမ်အေးဆေးသော ဟန်ပန်အမူအရာဖြင့်…

"ဘာဖြစ်လို့ စိတ်မကောင်းဖြစ်နေရတာလဲ၊ ဟိုချောက်ထဲကိုဆင်းသွားတာက ကိုယ့်သဘောနဲ့ကိုယ် ဆင်းသွားတာပဲ၊ ညီမယွင်က



...င်းတာမှမဟုတ်တာ၊ နောက်ပြီး ချောက်ထဲကျသွားတာလည်း ...ကောင်းပါတယ်၊ နို့မို့ရင် အစ်ကိုဒီလို သိုင်းပညာတွေတတ်ပြီး ...လူ့သူဖြစ်လာဖို့ မလွယ်ဘူး"

နောက် အစ်ကိုက ညီမလေးယွင်ကို နေ့စဉ်နဲ့အမျှ သတိရ...တယ်၊ ညီမလေးကော အစ်ကို့ကို သတိရရဲ့လား"

မိန်းမပျိုလေး ရှောင်ယွင်မှာ ရှက်သွားကာ ပါးစပ်မှ "အို" ...ဝင် ယောင်ရမ်း ထွက်သွားမိ၏။

လီရှောက်ကွမ်းက ဘာမှမဖြစ်သကဲ့သို့ ရှောင်ယွင်အား ဆက်...က်မေးနေပြန်သည်။

"ညီမလေးယွင်…မင်းဘယ်လိုဖြစ်သွားတာလဲ၊ ဒါရှက်စရာမှ ...ဟုတ်ဘဲ၊ ဘာဘကြီးကျောက်ကတောင် ပြောဖူးသေးတယ်၊ ညီမလေး ...အစ်ကို့ကို အရွယ်ရောက်လာတဲ့အချိန်မှာ ပေးစားမယ်လို့ ပြောခဲ့...သေးတာ မှတ်မိသေးလား"

မိန်းမပျိုလေး ရှောင်ယွင်က ရှက်စနိုးမျက်နှာလေးဖြင့်…

"ဒါက ဟိုတုန်းက စကားပဲ"

"ဘာလဲ…ခု ညီမလေးက စိတ်ပြောင်းသွားပြီလား၊ လက်မခံ...ချင်တော့ဘူးပေါ့"

"လက်မခံဘူးလို့ ဘယ်သူကပြောလို့လဲ၊ ကျွန်မတို့ဟာ အရွယ်...ရောက်နေကြပြီပဲ၊ ငယ်ငယ်တုန်းကလိုတော့ ဘယ်ဟုတ်တော့မှာလဲ"

"အေးလေ…ဟုတ်တော့ဟုတ်ပါတယ်၊ အစ်ကိုက ဆယ်နှစ်...ဆယ်မိုးကွဲကွာနေကြရတော့ အစ်ကို့အနေနဲ့ ထင်ရာကျဲနေတဲ့ သဘော...မျိုးလိုဖြစ်နေတယ်၊ ဒီတော့ ရှည်ကြာတဲ့အချိန်တွေမှာတော့ ဘယ်သူ...ဖြစ်ဖြစ် အနည်းနဲ့အများတော့ ပြောင်းလဲတတ်စမြဲပါ"

မိန်းမပျိုလေး ရှောင်ယွင်က…

"ဟုတ်ပါတယ်၊ အစ်ကို့မေးစေ့အောက်က အမှတ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသာ မပြောင်းလွဲဘဲ ခုထိရှိနေပါသေးတယ်၊ ဒါပေမယ့် အစ်ကို ရဲ့ပြောဆိုဟန် အမူအရာတွေဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က လိရှောက်ကွမ်းရဲ့ ဟန်အမူအရာ လုံးဝနီးပါး ပျောက်ကွယ်နေတယ်”

လိရှောက်ကွမ်းက ပြုံးပြုံးကြီး သူမအားစိုက်ကြည့်ကာ...

“မင်းလည်း ခုဆိုရင် အပျိုကြီးဖားဖား ဖြစ်နေပြီပဲ၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်ကစိတ်မျိုးရှိတဲ့ ရှောင်ယွင်ဆိုတာ ဘယ်သူက ယုံနိုင်တော့မှာလဲ”

“ဟုတ်ပါတယ်၊ ကျွန်မငယ်ငယ်တုန်းကဆိုရင် ဖေဖေက ကျွန်မကို မျက်ရည်နဲ့လုပ်တဲ့ မိန်းကလေးလားလို့တောင် မကြာခဏ ဆူနေသေးတယ်၊ အခုဆိုရင် အလျင်ကနဲ့ မတူတော့ပါဘူး၊ ကျွန်မ သိပ်မငိုတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငယ်ငယ်တုန်းက အမြဲတမ်း လိုလို ငိုနေတာကြောင့် မျက်ရည်တွေများ ခြောက်ကုန်ပြီလား မသိနိုင်ဘူး”

လိရှောက်ကွမ်းက မတ်တတ်ထရပ်မည်အပြုတွင် ရှောင်ယွင်က တားဆီးလိုက်၏။

“အစ်ကိုကွမ်း... ခဏထိုင်ပါဦး၊ ကျွန်မ နည်းနည်းပါးပါး မေးစရာရှိနေလို့ပါ”

ရှောင်ယွင်၏စကားကြောင့် ပြုံးနေအောင် လိရှောက်ကွမ်း၏ မျက်နှာသည် ပြန်ထိုင်ချလိုက်၏။

“ဘာတွေများ မေးစရာရှိနေလို့လဲ ညီမလေးယွင်”

ရှောင်ယွင်၏မျက်နှာကလည်း အပြုံးရိပ်များပျောက်ကာ တည်ငြိမ်သော မျက်နှာထားဖြင့်...

“အစ်ကိုကွမ်း... ဒီတစ်ကြိမ်ပြန်လာပြီးတဲ့နောက် ထပ်ထွက်သွားဦးမှာလား”

“ညီမလေးယွင်က ဘာကြောင့် ဒီစကားမျိုးကို မေးရတာလဲ”



“ကျွန်မမေးတာကိုသာ ဖြေပါ”

“အခုပြန်လာတာဟာ အပြီးအပိုင်ပြန်လာတာပါ၊ အစ်ကို ဘယ်ကိုမှ မသွားတော့ဘူး၊ ငယ်ငယ်ကတည်းက ဘဘကြီး ကျောက်ရဲ့ ဒီပန့်စန်ဖန်ခြံကြီးထဲမှာ အတူတူနေခဲ့တာဖြစ်တော့ ဒီအိမ်ကြီးဟာ ကိုယ့်အိမ်ကြီးလိုဖြစ်နေတာပေါ့၊ ခုအစ်ကိုလည်း အရွယ်ရောက်နေပြီဆိုတော့ ဘဘကြီးကျောက်ရဲ့ ကျွေးမွေးပြုစုခဲ့တဲ့ ကျေးဇူးတွေကို ပြန်ဆပ်ဖို့ အစ်ကို့မှာ တာဝန်ရှိပြီလေ မဟုတ်ဘူးလား”

မိန်းမပျိုလေး ရှောင်ယွင်က သဘောကျစွာဖြင့်...

“ထားပါတော့ အစ်ကိုကွမ်း၊ ခု ဘာပညာများ တတ်လာလဲ”

လိရှောက်ကွမ်းက ဝင့်ကြွားသောဟန်ဖြင့်...

“အစ်ကိုက ထိပ်တန်းအဆင့်မြင့်သိုင်းပညာတွေ တတ်လာခဲ့တယ်လေ၊ ပြောရရင် သိုင်းလောကမှာ အစ်ကို့ကို ယှဉ်ပြိုင်နိုင်သူ ရှားတယ်ဆိုတာ အစ်ကိုပြောဝံ့ပါတယ်”

ထိုစကားကြောင့် ရှောင်ယွင်က တည်ငြိမ်လေးနက်စွာ ပြောလိုက်သည်။

“အစ်ကိုကွမ်း သိုင်းပညာတတ်ရုံနဲ့ ထမင်းစားလို့ရမလား၊ အဆင့်မြင့်သိုင်းပညာတွေရဲ့ နောက်ဆုံးမှာ ထိုးမယ်၊ သတ်မယ်၊ တိုက်မယ်၊ ခိုက်မယ်ဆိုတာတွေပဲရှိတယ်၊ နောက်ပြီး သိုင်းလောကထဲမှာ ရင့်ကျက်တဲ့ဆရာသမားတွေ အများအပြား ရှိနေတယ်၊ အစ်ကိုကွမ်း ဒီစကားမျိုး အပြင်မှာပြောရင် အန္တရာယ်ရှိနိုင်တယ်”

ရှောင်ယွင်၏စကားဆုံးသည်နှင့် လိရှောက်ကွမ်း တဟားဟား ရယ်မောကာ...

“အန္တရာယ်... ဟုတ်လား၊ အစ်ကို့ရဲ့ ဓားကွက် ဆယ်ကွက်လောက်ကို ခံနိုင်ရည်ရှိနေမယ်ဆိုရင် အစ်ကို အဲဒီလူကို လက်မြှောက် အရှုံးပေးလိုက်ပါ့မယ်”

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုလေး ရှောင်ယွင်မှာ လီရှောက်ကွမ်းအားကြည့်၍ ဘာ ဆက်မပြော၊ လီရှောက်ကွမ်း၏စိတ်နေသဘောထားများနှင့် ပြော ဟန်များမှာ ငယ်ငယ်ကနှင့် လုံးဝဆန့်ကျင်နေကြောင်း ရှောင်ယွ သတိထားမိလိုက်၏။

အတန်ကြာမှ ရှောင်ယွင်က ခပ်အေးအေးပင် ပြောလိုက်သည်

"အစ်ကိုကွမ်းဟာ မကြာခင် ကျွန်မရဲ့အိမ်ထောင်ဖက်ဖြစ်လ တော့မှာမို့ ဒီစကားမျိုးတွေပြောရတာပါ၊ ကျွန်မက သိုင်းလောက အရှုပ်အရှင်းတွေကို အင်မတန်ရွံမုန်းပါတယ်၊ လွန်ခဲ့တဲ့အဖြစ်တွေ ပြန်စဉ်းစားကြည့်မယ်ဆိုရင် အဲဒီသိုင်းပညာကြောင့် ဖေဖေတို့ ဆွေ သောက် ညီနောင်တွေ ကစဉ့်ကလျားဖြစ်ကုန်ကြတယ်မဟုတ်လား ဒါ့ကြောင့် အစ်ကိုကိုလည်း သိုင်းသမားကြီးတစ်ယောက်မဖြစ်စေချင် ဘူး၊ ကျွန်မတို့နှစ်ယောက် အေးအေးချမ်းချမ်းနဲ့ ရိုးရိုးသားသား ရှာဖွေစားသောက်တဲ့ဘဝမျိုးမှာပဲ နေချင်ပါတယ်"

လီရှောက်ကွမ်းက မည်သို့မျှစိုးရိမ်ဟန်မတူ။

"ဒီလိုဆိုရင် လွယ်ပါတယ်၊ တို့နှစ်ယောက် ဒီအိမ်ကြီးမှာ နေရင် စားသောက်နေထိုင်ရေး ဘယ်ပူစရာလိုတော့မှာလဲ"

ရှောင်ယွင်က အားမလိုအားမရဖြစ်ကာ…

"ကျွန်မရဲ့ ဖခင်ကြီးက ကျွန်မတို့ကို နှစ်ရှည်လများ ကျွေး ထားနိုင်မယ် မထင်ပါဘူး"

"မဖြစ်နိုင်တာပဲ၊ ဘဘကြီးကျောက်ဆီမှာ စုဆောင်းထား ပစ္စည်းဥစ္စာတွေက တော်တော်များများ ရှိနေသေးတယ် မဟုတ်လား"

"ဒါကတော့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က အခြေအနေ အခုအခြေအနေနဲ့ဆိုရင် ဆယ်နှစ်ဆယ်မိုးကြာခဲ့ပါပြီ၊ ဒီအ အတွင်း ဒီလောက်များလှတဲ့ စံအိမ်ကြီးရဲ့ အိမ်ထောင်စုဟာ ရွေ ကြီး ပေါ်လာဦးတော့ ဘယ်ခံနိုင်မှာလဲ"



လီရှောက်ကွမ်းမှာ ထိတ်ခနဲဖြစ်သွားပြီး…

"ဒါက အရေးမကြီးပါဘူး၊ အစ်ကိုဖေဖေမသေခင် ဘဘကြီး ကျောက်ဆီမှာ ပစ္စည်းတစ်ခုအပ်ထားတယ် မဟုတ်လား၊ ဘဘကြီး ကျောက်က အဲဒီပစ္စည်းတွေ လွှဲအပ်တဲ့အခါ သူတို့ရဲ့စားဝတ်နေရေး က ဘာပူစရာလိုတော့မှာလဲ"

ရှောင်ယွင်မှာ စိတ်ပျက်အားငယ်သွားကာ…

"အစ်ကိုကွမ်းက ယောကျ်ားတစ်ယောက်ဖြစ်ပြီး မိဘပစ္စည်းကို ည်း အားကိုးပြီး ဘာကြောင့် ကိုယ့်ဒူးကိုယ်ချွန်မလုပ်ချင်ရတာလဲ"

"ဒါကတော့ အစ်ကို့ဖခင်ရဲ့ ပစ္စည်းဆိုတော့ မလိုချင်လို့လည်း ရဘူး၊ အစ်ကို မှတ်မိသလောက်ပြောရရင် အစ်ကိုဖေဖေအပ်ထား ပစ္စည်းဟာ သံသေတ္တာလေးတစ်လုံးဖြစ်တယ်ဆိုတာပဲသိရတယ်"

"ဟုတ်ပါတယ်၊ ကျွန်မဖေဖေလည်း ပြောပြဖူးပါတယ်၊ ပေမယ့် အဲဒီသံသေတ္တာလေးကို ဖေဖေ တစ်ခါမှ ကိုင်ကြည့်တာ တွေ့ရဘူး"

လီရှောက်ကွမ်း မယုံနိုင်စွာဖြင့်…

"ဘဘကြီးကျောက်က ဒီသံသေတ္တာလေးကို ဘာ့ကြောင့် မကြည့်တာလဲ"

"ဒါကတော့ အစ်ကိုကွမ်းရဲ့ပစ္စည်းဆိုတော့ ကျွန်မက ဖေက ဘယ်လာပြီးဖွင့်ကြည့်လို့ကောင်းပါ့မလဲ"

"အမှန်တော့ အစ်ကိုဟာ ဒီပစ္စည်းကို ပြန်လိုချင်တဲ့စိတ်မရှိ ဘူး၊ ဒါပေမယ့် အစ်ကို့ဖခင်ကြီးက ပေးအပ်သွားတယ်ဆိုတော့ ကိုအိမ်ထောင်ရက်သား ပြုရမယ်ဆိုရင် ဘဘကြီး ကျောက်က ည်းကို ပြန်ပေးမှာပဲ၊ နောက်တစ်ချက်က အစ်ကို့ ဘာ ကျ်ဖြစ်တော့မှာမို့ သူ့ဟာကိုယ့်ဟာဆိုပြီး ခွဲခြားနေလို့ ဘာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေကြရင်း ရှောင်ယွင်က တစ်စုံတစ်ခုကို သတိရဟန်ဖြင့်...

"ဘဘကြီး ဟုစန်းတစ်ယောက်တောင် နေ့ခင်းက အချိန်တော်တော်ကြာကြာ ဖေဖေနဲ့စကားပြောခဲ့တယ်၊ အစ်ကိုကွမ်းကိုလည်း သိပ်တွေ့ချင်လို့ နက်ဖြန်သူ့တည်းခိုခန်းမှာ ထမင်းလာစားဖို့ ဖိတ်သွားသေးတယ်"

လီရှောက်ကွမ်းမှာ ဘာမှပြန်မပြောဘဲ တစ်စုံတစ်ခုကို စဉ်းစားနေဟန်ဖြင့် တစ်နေရာသို့ ငေးစိုက်ကြည့်နေသည်။

မိန်းမပျိုလေး ရှောင်ယွင်က ဆက်လက်ပြောပြန်သည်။

"ကဲ... အစ်ကိုကွမ်းလဲ တစ်နေ့လုံးခရီးပန်းလာတော့ သိပ်ပင်ပန်းနေမယ်၊ စောစော အနားယူရင်း အိပ်ပေတော့၊ ကျွန်မသွား လိုက်ဦးမယ်"

ပြောပြောဆိုဆို မိန်းမပျိုလေးရှောင်ယွင်မှာ အခန်းပြင်သို့ ထွက်ခွာသွားလေသည်။

လီရှောက်ကွမ်းမှာ မျက်စိမျက်နှာပျက်နေကာ သူ၏စိတ်ထဲဝယ် လူသတ်ချင်စိတ်များ တဖွားဖွား ပေါ်ပေါက်လျက်ရှိနေရင်း အခန်းထဲတွင် ကျန်ရစ်ခဲ့လေတော့သည်။

❑ ❑ ❑

ရှောင်ယွင်မှာလည်း လီရှောက်ကွမ်း၏အခန်းထဲမှ ထွက်ခဲ့ရင်း သူ၏မျက်နှာတွင် တစ်မျိုးတစ်ဖုံ ပြောင်းလဲနေသည်။

စိတ်ထဲတွင် မကျေမနပ်ဖြစ်ကာ စံအိမ်ကြီး၏ နောက်ဘက်ခန်းမတစ်ခုသို့ လျှောက်လှမ်းသွားနေသည်။

ခန်းမမှာမီးများ ထိန်ထိန်လင်းနေပြီး စံအိမ်ကြီး၏ပိုင်ရှင် ငွေစလတ်နက်ပစ် ဝိဇ္ဇာကြီးကျောက်ကျိုလင်၏ အခန်းဖြစ်သည်။



ကျောက်ကျိုလင်မှာ ဆံပင်များတခေါင်းလုံး ဖြူဖွေးနေပြီး ဆယ်နှစ်ကထက်စာလျှင် များစွာ အိုစာသွားသည်ကို တွေ့ရ၏။

သို့သော် ကျန်းမာရေး ကောင်းမွန်နေသဖြင့် တော်သေး၏။

အခန်းထဲသို့ သမီးဖြစ်သူ ရှောင်ယွင်ဝင်လာသည်ကို တွေ့ရ၍ ဖခင်ဖြစ်သူ ကျောက်ကျိုလင်က မေးလိုက်၏။

"သမီး သူ့ကို တွေ့ပြီးပြီလား"

သမီးဖြစ်သူ ရှောင်ယွင်က နှုတ်ကမဖြေဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

ကျောက်ကျိုလင်က ဆက်မေးပြန်သည်။

"ဘယ့်နှယ်လဲ"

"သမီးအနေနဲ့ကတော့ နောက်မှပဲကိစ္စကို အေးအေးဆေးဆေး ဆွေးနွေးမယ်လို့ စိတ်ကူးထားပါတယ်"

အတန်ကြာမှ ကျောက်ကျိုလင်က သမီးဖြစ်သူအား ရှင်းလင်းပြောပြလိုက်သည်။

"ဟိုတုန်းက သူ့ဖခင်နဲ့ဖေဖေတို့ စကားတစ်ခွန်း ပြောခဲ့ကြတယ်၊ သမီးကတော့ ကာယကံရှင်ဆိုတော့ နောင်ခါ သမီးတို့ရဲ့ အကောင်းကျိုးဆိုးကျိုးတွေဟာ သမီးတို့နဲ့ပဲ သက်ဆိုင်နေတယ်မဟုတ်လား၊ ဒါကြောင့် သမီးစိတ်ကြိုက် ဖြစ်စေချင်တယ်"

သမီးဖြစ်သူ ရှောင်ယွင်၏မျက်နှာပေါ်တွင် စိတ်မကောင်းသည့် အမူအရာများ ပေါ်လာပြီး...

"ဖေဖေ ဘယ်လိုအကြောင်းကြောင့် စိတ်ပြောင်းသွားရတာလဲ၊ နောက်ပြီး လီရှောက်ကွမ်းဟာ ဟိုတုန်းကလိုမဟုတ်ဘူး၊ အတော့်ကို ပြောင်းလဲနေတာ တွေ့ရတယ်"

"အေး... လူတိုင်းဟာ ငယ်စဉ်အရွယ်ကနဲ့ ကြီးလာတဲ့အရွယ်မှာ အမျိုးမျိုးပြောင်းလဲတတ်ကြတာပဲ၊ ပတ်ဝန်းကျင်အခြေအနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းသင်းဆက်ဆံမှုအပေါ်မှာ မူတည်ပြီး အနည်းနဲ့အများဆိုသလို လူတွေဟာ စိတ်ထားပြောင်းလဲတတ်ကြတာ မဟုတ်လား၊ လိရှောက်ကွမ်းလည်း ဒီလိုပဲနေမှာပေါ့ သမီးရယ်၊ ဆယ်နှစ်ဆိုတဲ့ အချိန်ကာလဟာ တိုတိုလေးမှ မဟုတ်ဘဲ"

ကျောက်ကျိုလင်ကပြောပြီး သက်ပြင်းရှည်ကြီးချလိုက်ရင်း ဆက်ပြောပြန်သည်။

"အင်း…သမီးရဲ့ ပဌမဦးဦးအပေါ် ဖေဖေတာဝန်ပျက်ကွက်ခဲ့တယ်၊ သမီးရဲ့စတုတ္ထဦးဦးပေါ်လည်း တာဝန်မကျေခဲ့ဘူးကွယ် ဖေဖေဟာ အခင်းဖြစ်တဲ့နေ့ကစပြီး ဖေဖေစိတ်ဓာတ်အတော်ကျပြီး ဘာမှ ဆက်မလုပ်နိုင်ခဲ့ဘူး၊ အားလုံးဟာ သွေးသောက်ညီအစ်ကိုမောင်နှမတွေဆိုတော့ ဘယ်သူ့ကိုသွားပြီး စွပ်စွဲရမလဲ၊ ပြီးတော့ ကြိုတင်စီမံထားတာ ဟုတ်မဟုတ်လည်း မသိရတော့ ခက်တာပေါ့"

သမ်းဖြစ်သူ ရှောင်ယွင်က စိတ်မကောင်းစွာဖြင့်…

"ဒုတိယဦးဦးက အခုထိ သိုင်းလောကမှာ ဝင်ထွက်သွားလာနေပြီး သမီးတို့ဆီကို တစ်နှစ်တစ်ခေါက်တောင် ရောက်မလာဘူး ဆဋ္ဌမဦးဦးနဲ့ နဝမ ဒေါ်ဒေါ်တို့လည်း အိမ်ထောင်ကျကုန်ပြီး ထွက်ခွာသွားကြပြီ၊ ခုတတိယဦးဦး ဟူစန်းကျတော့လည်း ကျွန်မတို့နဲ့ အနေနီးနီးကပ်ကပ်ရှိပေမယ့် သူလည်း ကျွန်မတို့ဆီကို လာခဲပါတယ် သူတို့ဟာ ဒီကိစ္စအတွက်နဲ့ မလာကြတာ ထင်တယ်"

ဖခင်ဖြစ်သူ ကျောက်ကျိုလင်က ခေါင်းညိတ်လိုက်ပြီး…

"ဖေဖေနားလည်ပါတယ်၊ သူတို့ဟာ ဖေဖေ့အပေါ်မှာ မကျေမနပ်ဖြစ်ပြီး သကာမကင်း ဖြစ်နေကြပုံပဲ၊ ဖေဖေက သူတို့ရဲ့ ခေါင်းဆောင်လည်းဖြစ် သူတို့မှာ လက်ဆုပ်လက်ကိုင်လည်း မရှိတော့ ဘာမှမတတ်နိုင်ကြဘူးပေါ့၊ သူတို့အပေါ် အထောက်အထားမရှိဘဲ မစွပ်စွဲနိုင်သလို၊ သူတို့ကလည်း ဖေဖေ့အပေါ်မှာ ဒီလိုပဲရှိနေမှာပေါ့"



ရှောင်ယွင် မခံချင်သောအမူအရာဖြင့်…

"ဒီကိစ္စမပေါ်ပေါ်အောင် ဖော်ထုတ်ရမယ်၊ ဒါမှမဟုတ်ရင် ဖေဖေတို့အချင်းချင်း တစ်နေ့မှာ ပဋိပက္ခဖြစ်ပြီး စိတ်ဝမ်းကွဲရမှာ သေချာတယ်"

"အဲဒီအချက်ကို ဖေဖေလည်း စဉ်းစားမိတယ်၊ ဒီလိုအချင်းချင်း စိတ်ဝမ်းမကွဲခင်မှာ ခု လိရှောက်ကွမ်းရဲ့ကိစ္စက…"

ရှောင်ယွင်မှာ ဖခင်ဖြစ်သူ၏စကားကြောင့် ဆုံးအောင်ပင် နားမထောင်တော့ဘဲ ကြားဖြတ်ပြီး…

"လိရှောင်ကွမ်း ဟုတ်လား၊ သူက ဘာဖြစ်လို့လဲ"

ကျောက်ကျိုလင်၏မျက်နှာပေါ်ဝယ် တုန်လှုပ်မှုအရိပ်အယောင် သန်းသွားပြီး…

"ဟိုတစ်ချိန်က သမီးက ငယ်သေးတော့ ဒီအဖြစ်အပျက်ရဲ့ ဇစ်မြစ်ကို မသိခဲ့ဘူးပေါ့၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က လိရှောက်ကွမ်း ချောက်ထဲကိုကျသွားတယ်မဟုတ်လား၊ ဖေဖေ ကိုယ်တိုင်ပဲ သွားကြည့်ခဲ့ပါတယ်၊ အမှန်က လိရှောက်ကွမ်း ကိုင်တွယ်ဆင်းသွားတဲ့ နွယ်ကြိုးကြီးက မခိုင်လို့မဟုတ်ပါဘူး၊ တစ်ယောက်ယောက်ကနေပြီး ချွန်ထက်တဲ့ လှို့ဝှက်လက်နက်ပုန်းတစ်ခုနဲ့ ပစ်လိုက်လို့ နွယ်ကြိုးပြတ်ပြီး လိရှောက်ကွမ်း ချောက်ထဲကျသွားတာဖြစ်တယ်"

ရှောင်ယွင်မှာ ဖခင်၏စကားကြောင့် များစွာ အံ့အားသင့်သွားပြီး…

"ဟင်…ဖေဖေတကယ်ပြောတာလား၊ ဟိုတုန်းက ဖေဖေ ဒီအကြောင်း တစ်ခါမှ မပြောဖူးပါဘူး"

ကျောက်ကျိုလင်က ခေါင်းညိတ်လိုက်ပြီး…

"အဲဒီအချိန်တုန်းက သမီးရဲ့ ဦးလေးတွေအားလုံးရှိနေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်တွေထဲမှာ ဖေဖေတစ်ယောက်သာ လက်နက်ပုန်းပစ်တဲ့ အတတ်ပညာတတ်တဲ့အတွက် ဖေဖေဘယ်လိုလုပ်ပြီး ဒီအကြောင်းကို ပြောလို့ဖြစ်ပါ့မလဲလေ"

ရှောင်ယွင်က စိုးရိမ်မကင်းဖြစ်သွားပြီး...

"ဒါဆို ကျန်တဲ့ ဦးဦးတွေကလည်း သိမှာပေါ့"

"အေး...သူတို့လည်း အတွေ့အကြုံရှိတဲ့ သိုင်းသမားတွေဆိုတော့ ဖေဖေသိသလို သူတို့လည်း သိကြမှာပေါ့၊ လီရှောက်ကွမ်း ပျောက်ဆုံးသွားပြီးတဲ့နောက် သူတို့တစ်တွေလည်း ဖေဖေအနားက ခွာထွက်သွားကြကုန်ပြီ မဟုတ်လား"

သမီးဖြစ်သူမှာ မျက်ရည်များပင် ဝိုင်းလာကာ...

"ဒါဆို ဖေဖေကို သင်္ကာမကင်းတဲ့သူက လီရှောက်ကွမ်းကို ကယ်ထုတ်သွားပြီး ဆယ်နှစ်ကျော်ကြာတော့မှ သူ့ကိုပြန်လွှတ်လိုက်တာများ ဖြစ်နေမလား ဟင်"

အဘိုးကြီးကျောက်မှာ သမီးဖြစ်သူ၏ တွေးထင်ယူဆချက်ကြောင့် မျက်နှာညှိုးငယ်သွားပြီး...

"ဖေဖေ ဒီလိုဖြစ်မှာကိုပဲ စိုးရိမ်မိပါတယ်ကွယ်"

ရှောင်ယွင်က လီရှောက်ကွမ်း ပြောသောစကားကို ပြန်သတိရကာ...

"ဖေဖေ သူက သူ့ဖခင်အပ်ထားတဲ့ သံသေတ္တာလေး အကြောင်းကို မေးတယ်"

"သူ့ပစ္စည်းကို ဖေဖေပြန်ပေးလိုက်ပါ့မယ်၊ ဒီပစ္စည်းဟာ သူ့ဖခင်ရဲ့ပစ္စည်းပဲ၊ ဒါပေမယ့် သူ့ရဲ့အခြေအနေကိုကြည့်ရဦးမယ်"

ရှောင်ယွင် တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားဟန်ဖြင့်...

"ခုအတိုင်းဆို ခုရောက်နေတဲ့ လီရှောက်ကွမ်းဟာ နတ်ဓားရှင်



သိလိန်ဟုန်းရဲ့သား ဟုတ်မဟုတ် ကျွန်မတို့ သေသေချာချာ မသိရသေးဘူး"

အဘိုးကြီးကျောက်က သက်ပြင်းရှည်ကြီးချကာ...

"အင်း...သမီးပြောတဲ့အတိုင်း မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းရတာပဲလေ"

❏ ❏ ❏

လီထိကျင်းသည် တည်းခိုခန်းထဲရှိ အနောက်ဘက်ခန်းထဲဝယ် ခုတင်ပေါ်၌ နဖူးပေါ်လက်တင်၍ တစ်စုံတစ်ရာကို စဉ်းစားနေသည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

ရုတ်တရက် လီထိကျင်းက အခန်းအပြင်ဘက်သို့ လှမ်းအော်ပြောလိုက်သည်။

"ဆရာကြီးဟူ ဝင်ခဲ့ပါ၊ အခန်းတံခါးဖွင့်ထားပါတယ်"

စကားဆုံးသည်နှင့် ဟူကျီတည်းခိုခန်းပိုင်ရှင် သံခေါင်းကြီးဟူစန်း အခန်းထဲသို့ ဝင်ရောက်လာသည်။

ထို့နောက် ဟူစန်းက လီထိကျင်းအား အံ့သြစွာကြည့်ကာ...

"ငါ့တူ မင်းရဲ့နားရွက်တွေက တယ်ပါးပါလား"

လီထိကျင်းက တစ်ချက်ပြုံးလိုက်ပြီး...

"သိုင်းလောကထဲမှာ ဝင်ထွက်သွားလာနေမှတော့ ဒီလောက်လျှင်မပါးရင် ဘယ်ဖြစ်မလဲ"

အဘိုးကြီးဟူစန်းသည် လီထိကျင်း၏ခုတင်စောင်းတွင် ဝင်ထိုင်လိုက်သည်။ လီထိကျင်းကလည်း လဲလျောင်းနေရာမှ ခုတင်စောင်းတွင် ခြေချ၍ထိုင်လိုက်သည်။

သံခေါင်းကြီး ဟူစန်းက လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ငါ့တူ...မင်းကိုကျုပ် စကားနည်းနည်းပြောချင်ပါတယ်၊ ကျုပ်တို့ ဒီကောက်ကျားကိုရွာကြီးမှာ နေထိုင်ကြတဲ့လူတွေအားလုံးဟာ လူဆောင်းသူကောင်းတွေ ဖြစ်ပါတယ်၊ ငါ့တူ ဒီကိုလာတဲ့ ရည်ရွယ်ချက်ကို ပွင့်ပွင့်လင်းလင်း ပြောမပြနိုင်ဘူးလား"

"ဟုတ်ပါတယ်၊ ကျွန်တော့်မှာ အကြောင်းတစ်ခုရှိနေပါတယ်"

အဘိုးကြီးဟူစန်းက လီထိကျင်းအား တစ်ချက်စူးစိုက်ကြည့်လိုက်ရင်း...

"ငါ့တူ လီထိကျင်း...စိတ်တော့မဆိုးပါနဲ့၊ ဒီရွာကလူတွေဟာ လူကောင်းသူကောင်းတွေမို့ ပြဿနာ မရှာစေချင်ဘူး"

လီထိကျင်းက အေးဆေးတည်ငြိမ်စွာပင် ပြန်ပြောလိုက်၏။

"ဆရာကြီးကို ကျွန်တော်တစ်ခုပြောချင်ပါတယ်"

"ပြောပါ၊ ကျုပ်လက်ခံနိုင်ရင် လက်ခံပါ့မယ်"

"ဒီရွာထဲမှာ မကောင်းတဲ့ပြစ်မှုကျူးလွန်ထားတဲ့လူတစ်ယောက်ရှိနေပါတယ်၊ ကျွန်တော့်မှာ သက်သေအထောက်အထားလည်း ခိုင်ခိုင်လုံလုံ ရှိနေပါတယ်"

"ဒါဆို ငါ့တူက လက်စားချေဖို့အတွက် လာတာလား"

"ဟုတ်ကဲ့...ဒီလိုယူဆရင်လည်း ဖြစ်ပါတယ်"

"ငါ့တူ အဲဒီလူဟာ အပြစ်ကျူးလွန်ခဲ့ရင် တရားဥပဒေဆိုတာရှိနေတာပဲ၊ သက်ဆိုင်ရာအာဏာပိုင်တွေကို သွားတိုင်ကြားသတင်းပို့လိုက်ရင် ပြီးတာပဲ၊ ငါ့တူအတွက်လည်း ပိုမကောင်းဘူးလား အေး...တစ်ခုတော့ရှိတယ်၊ ငါ့တူမှာ သက်သေအထောက်အထားခိုင်ခိုင်လုံလုံရှိပါတယ်ဆိုရင် ကျုပ်အနေနဲ့ ဝင်စွက်ဖို့ မလိုပါဘူး"

လီထိကျင်းက ကျေးဇူးတင်သော အမူအရာနှင့်...

"ဆရာကြီးဟာ စိတ်ထားတည်ကြည်မြင့်မြတ်တဲ့လူဆိုတာ ကျွန်တော် ယုံကြည်လေးစားပါတယ်"



ပြောပြောဆိုဆို လီထိကျင်းက အိတ်ထဲမှ ငွေပြားလက်နက်လေးကို နှိုက်ထုတ်ယူလိုက်၏။

ထို့နောက် ငွေပြားလက်နက်ကလေးအား အဘိုးကြီးဟူစန်းလက်သို့ ပေးအပ်လိုက်ပြီး...

"ဆရာကြီး ဒီပစ္စည်းကို သိပါသလား"

သံခေါင်းကြီးဟူစန်းမှာ ငွေပြားလက်နက်ပုန်းကို မြင်လိုက်သည်နှင့် မျက်နှာပျက်သွားပြီး...

"ဒီပစ္စည်းဟာ ကျုပ်တို့ရဲ့ခေါင်းဆောင်ရဲ့ပစ္စည်းပါလား"

"မှန်ပါတယ်၊ ဒီပစ္စည်းလေးဟာ ကျွန်တော့်ရဲ့ သက်သေခံပစ္စည်းလေးပါပဲခင်ဗျာ"

"သြော်...ကျုပ်သဘောပေါက်ပါပြီ၊ ကျုပ်တို့ခေါင်းဆောင်ကြီးက ဒီငွေပြားလက်နက်ပုန်းနဲ့မင်းကို ဒါမှမဟုတ် မင်းရဲ့ဆွေမျိုးသားတွေက ဒဏ်ရာအနာတရဖြစ်အောင် ပြုခဲ့ဖူးလို့လား"

"ဒီလိုမဟုတ်ပါဘူး၊ ဒီငွေပြားလက်နက်ပုန်းက ကျွန်တော်နဲ့ ကျွန်တော့်ဆွေမျိုးမိဘတွေအပေါ်မှာ ဘာဒဏ်ရာအနာတရမှ မဖြစ်စေခဲ့ပါဘူး"

အဘိုးကြီးဟူစန်းမှာ လီထိကျင်းစကားကြောင့် အံ့အားသင့်ကာ စိတ်ရှုပ်ထွေးသွားသည်။

"ဟင်...ဒီလိုဆိုတော့ ဒါက..."

လီထိကျင်း၏မျက်နှာပေါ်ဝယ် ခက်ထန်သော အသွင်အပြင်များ ပေါ်ပေါက်လာကာ စကားကိုဖြတ်၍ပြောလိုက်သည်။

"လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်အချိန်က ပန့်စန်ဖိန်ခြံကြီးသောတဲ့ ချောက်ထဲကို ကလေးတစ်ယောက် နွယ်ကြိုးဆွဲအခင်းမှာ ဒီငွေပြားလက်နက်ပုန်းက နွယ်ကြိုးကို ပစ်ခတ်ဖြတ်တောက်ပစ်လိုက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးမှာ ဟူစန်းမှာ လိထိကျင်း၏စကားကြောင့် ရုတ်တရက် ထခုန်လိုက်ပြီး အသံတုန်ယင်စွာဖြင့်...

"ငါ့တူ မင်း...မင်း အဲဒီအကြောင်းတွေကို ဘယ်လိုလုပ်သိသလဲ"

လိထိကျင်း၏မျက်နှာ ခက်ထန်နေရာမှ ပိုမိုအရုပ်ဆိုးလောက်အောင် ခြင်းခေါသထွက်သွားပြီး...

"နှယ်ကြိုးကိုကိုင်ပြီး ချောက်ထဲကိုဆင်းခဲ့သူက ကျွန်တော်ကိုယ်တိုင်ပါပဲ၊ လူတစ်ယောက်ကို အဲဒီငွေပြားလက်နက်ပုန်းနဲ့ နှယ်ကြိုးကို ပစ်ပေါက်ဖြတ်တောက်ပစ်လိုက်လို့ ကျွန်တော် ချောက်ထဲကိုကျအသွားမှာ အဲဒီငွေပြားလက်နက်ပုန်းက ကျွန်တော့်ဘေးနားမှာ လာကျခဲ့ပါတယ်"

အဘိုးကြီးဟူစန်းမှာ များစွာအံ့သြသွားပြီး မယုံကြည်နိုင်စွာဖြင့်...

"ဟင်...ဒါဆို မင်းက လိရှောက်ကွမ်းလား"

လိထိကျင်းက ပြုံးလိုက်ပြီး...

"ဒီရွာထဲကို ကျွန်တော့်ထက်စောပြီး လိရှောက်ကွမ်းဆိုတဲ့ လူတစ်ယောက် ရောက်လာပါတယ်၊ ဒါ့ကြောင့် လိရှောက်ကွမ်းလို့ မပြောဝံ့ပါဘူး"

အဘိုးကြီးဟူစန်းမှာ စိတ်လှုပ်ရှားသွားဟန်နှင့်...

"အေး...ဟုတ်တယ်၊ ရွာထဲကို လိရှောက်ကွမ်းနှစ်ယောက် ရောက်လာတာ အတော်ကိုဆန်းတယ်၊ ဘယ်လိုပြဿနာများဖြစ်သလဲ ဆိုတာ စဉ်းစားစရာပဲ"

လိထိကျင်းက ခေါင်းခါရမ်းပြီး...

"ဒါတော့ ကျွန်တော်လည်း မသိဘူး၊ ကျွန်တော့်ထက်စောရောက်နေတဲ့ လိရှောက်ကွမ်းဆိုတဲ့လူရှယ်မှာ ကျွန်တော့်လိုပဲ မေးစေ့



အောက်မှာ အမှတ်အသားတစ်ခုရှိနေတယ်၊ ဒါပေမယ့် ဟိုဆယ်နှစ်ကျော်အချိန်က ပန့်စန့်ဖိန်ခြံကြီးရဲ့အကြောင်းကိုတော့ ကျွန်တော့်ပိုပြီး ပြည့်ပြည့်စုံစုံ သိနေတာက အမှန်ပဲ"

အဘိုးကြီး ဟူစန်းက လိထိကျင်း၏ ပါးမြိုင်းမွေးများကို တစေ့တစောင်းကြည့်ရင်း မေးလိုက်သည်။

"မင်းရဲ့ မေးစေ့အောက်မှာကော အမာရွတ်တစ်ခုရှိနေလို့လား"

"ရှိပါတယ်၊ ကျွန်တော် ဒီပါးမြိုင်းမွေးထားရတာကလည်း အဲဒီမေးစေ့အောက်က အမာရွတ်ကို ဖုံးကွယ်ထားချင်လို့ပါပဲ၊ အဲဒီအတွက် ဒီရွာကလူတွေဟာ ကျွန်တော်ဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ပန့်စန့်ဖိန်ခြံကြီးမှာနေခဲ့တဲ့ လိရှောက်ကွမ်းမှန်း မသိစေချင်လို့ပဲဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ တရားခံအစစ်ကို လာရောက်ရှာဖွေတဲ့အခါမှာ ကျွန်တော့်အပေါ်ကို စေတနာထားရှာတဲ့ မိန်းကလေး ရှောင်ယွင်မသိအောင် ဒီပါးမြိုင်းမွေးရှည်တွေ ထားရတာပါ"

အဘိုးကြီးဟူစန်းက အလောတကြီးဟန်ဖြင့်...

"ဒါဖြင့် မင်းမေးစေ့အောက်က အမာရွတ် ကျုပ်ကို ပြစမ်းပါ"

ပြောပြောဆိုဆို အဘိုးကြီးဟူစန်းက လိထိကျင်း၏ မေးစေ့အောက်နားသို့ ရောက်သွားသည်။ ထိုနေရာသည် သေကွင်းသေကွက်နေရာပင်ဖြစ်သည်။ သို့သော် လိထိကျင်းက သိလျက်နှင့် အသာမလှုပ်မယှက် ငြိမ်နေလိုက်၏။

အဘိုးကြီး၏ လက်ချောင်းများက လိထိကျင်း၏သေကွင်းသေကွက် အကြောကွက်နေရာကို ထိမိလုလုအချိန်ရောက်မှ ရုတ်တရက် အကြောကွက်ကို ရှောင်လွှဲပြီး လိထိကျင်း၏ပါးမြိုင်းမွေးများကို ဆွဲကိုင်ဖယ်ရှား၍ မေးစေ့အောက်မှ အမာရွတ်ကိုကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို လိရှောက်ကွမ်းအတုထင်ပြီး ကျုပ်က သတ်ပစ်မှာ မကြောက်ဘူးလား"

လိထိကျင်းက သဘောကျစွာရယ်မောရင်း…

"ကျွန်တော်ငယ်ငယ်တုန်းက ဆရာကြီးဟူဟာ ကျွန်တော့်အပေါ် အတော်သံယောဇဉ်ကြီးပြီး ချစ်ခင်ပါတယ်၊ ဒါကြောင့် ကျွန်တော် ဆရာကြီးဟူဆီကိုပဲ ပထမဦးစွာ လာရောက်လာခြင်း ဖြစ်ပါတယ်"

အဘိုးကြီးဟူစန်းက မျက်နှာပေါ်တွင် အမူအရာအမျိုးမျိုး ပြောင်းလဲသွား၏။

"ကောင်းပြီ၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်အချိန်က လိရှောက်ကွမ်းဟာ ဘာကို အနှစ်သက်ဆုံးလဲ"

လိထိကျင်းက အဘိုးကြီး ဟူစန်း၏ မေးခွန်းကို မဆိုင်းမတွ ပင် ဖြေလိုက်၏။

"လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က လိရှောက်ကွမ်းအနှစ်သက်ဆုံးကတော့ ဆရာကြီးဟူ တောင်ပေါ်ကို အမဲလိုက်တိုင်း ကျွန်တော်ပါခဲ့ပါတယ်၊ နဂါးရေကန်မှာ ငါးမျှားခြင်း၊ ဝေါ့ဟူချောင်းစပ်မှာ ခရုကောက်ယူခြင်းနဲ့ ဆရာကြီး ပုံပြောပြခြင်းများကို ကျွန်တော် အများဆုံး နှစ်သက်ခဲ့တဲ့ အထောက်အထားတွေပါပဲ"

ဟူစန်းအဘိုးကြီးမှာ စိတ်ထဲတွင် အတော်ထိခိုက်သွားကာ…

"ကျုပ်မှတ်မိတာ တစ်ခုရှိသေးတယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က စံအိမ်တော်ကြီးရဲ့နောက်ဘက် ချောက်ကြီးပေါ်မှာ ငှက်သိုက်တစ်ခုရှိတယ်"

လိထိကျင်းက ကြားဖြတ်၍…

"အဲဒီငှက်သိုက်ထဲမှာ ကျွန်တော် ခိုလေးတစ်ကောင် မွေးထားပါတယ်၊ တစ်နေ့ အဲဒီခိုလေး ပျောက်ဆုံးသွားပြီး ခိုလေးရဲ့ အမွေး



…တောင်အချို့ ချောက်ကြီးထဲကို ကျနေတာတွေ့ရတယ်၊ ဒါကြောင့် …ဆရာကြီးဟူက ခိုလေးကို သတ်စားသွားတဲ့ သိမ်းငှက်ကြီးကို …ဖမ်းပြီး သတ်ဖြတ်မယ်လုပ်လို့ ကျွန်တော်အတင်တားခဲ့ရတယ်၊ …နောက် အဲဒီသိမ်းငှက်ကြီးကို စံအိမ်တော်ကြီးထဲမှာ မွေးထားခဲ့ပြီး …အမဲလိုက်တဲ့အခါမှာ ရတဲ့ ယုန်သားတွေကိုတောင် အဲဒီသိမ်းငှက်…ကြီးကို ကျွေးသေးတယ် မဟုတ်လား"

လိထိကျင်း စကားဆုံးသွားသောအခါ အဘိုးကြီးဟူစန်းမှာ …မ်းနည်းစိတ်မကောင်းဖြစ်ပြီး မျက်ရည်များ ရစ်ဝဲလာခဲ့၏။

"ဟုတ်ပါပြီ…မင်းဟာ လိရှောက်ကွမ်းအစစ်ပါပဲ၊ အဲဒီအချိန်…တုန်းက မင်းပျောက်သွားတဲ့အတွက် ကျုပ်မှာ သေလုမတတ် …မ်းနည်းစိတ်မကောင်းဖြစ်ခဲ့ရတယ်"

ပြောပြောဆိုဆို သူ့ရှေ့ရှိ လိထိကျင်းအား အဘိုးကြီးဟူစန်း…က ပခုံးနှစ်ဖက်ကို သိုင်းဖက်ပြီး **မျက်ရည်စက်လက်နှင့်** ငိုနေပါသည်။ လိထိကျင်းမှာလည်း **အလွန်စိတ်မကောင်းဖြစ်ကာ**…

"ခုဆရာကြီး လိရှောက်ကွမ်းအစစ်မှန်းသိသွားလို့လည်း အချိန်…နှောင်းသွားပါပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ဟို လိရှောက်ကွမ်းအတု…ဟာ ခုလောက်ဆို ပန့်စန်ဖိန်စံအိမ်တော်ကြီးထဲကလူတွေကို လှည့်စား…နိုင်လောက်နေပြီ၊ လိရှောက်ကွမ်းအတုဟာ ဒီလောက် ရဲရဲတင်းတင်း …စံအိမ်တော်ကြီးထဲကို လာတယ်ဆိုတော့ သူ့မှာလည်း ကျန်ခဲ့တဲ့ …ဆယ်နှစ်ကျော်က အဖြစ်အပျက်တွေကို တော်တော်သိထားလို့နေမှာပဲ"

အဘိုးကြီးဟူစန်းက ခံပြင်းသောလေသံဖြင့်…

"ဒီလိုလဲ ဘယ်ဟုတ်မလဲ၊ မင်းရဲ့မျက်နှာပေါ်မှာ လွန်ခဲ့တဲ့ …ဆယ်နှစ်ကျော်က ရုပ်ရည်အနည်းအကျဉ်းတော့ ကျန်ရှိနေပါသေး…တယ်၊ ဟိုအတုအယောင်ကောင်ရဲ့ မျက်နှာပေါ်မှာတော့ ငယ်ရုပ် …နည်းနည်းလေးမှ မတွေ့ခဲ့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုက ဟိုအတုအယောင်ကောင် လိရှောက်ကွမ်း ကျုပ် မြင်မြင်ချင်း ချစ်ခင်စိတ်မရှိတဲ့အပြင် မျက်စိတောင်ရှုပ်ခဲ့သေး တယ်၊ မင်းကိုတွေ့တော့ ကျုပ်မြင်မြင်ခြင်း သူစိမ်းတစ်ယောက် ဖြစ်ပေမယ့် အလိုလိုနေရင်း ခင်မင်စိတ်ရှိခဲ့တယ်”

လိထိကျင်းက ပြုံးရယ်ကာ…

“ဘာလဲ…ကျွန်တော်ရဲ့ တန်ဖိုးကြီးတဲ့ မြင်းကောင်းတစ်ေ လက်ဆောင်ရလို့ ခင်မင်စိတ်တွေ ဖြစ်ပေါ်လာတာလား”

အဘိုးကြီးဟူစန်းမှာ မျက်ရည်များပင် မခြောက်သေး ပြုံးဖြီးဖြီးမျက်နှာကြီးဖြင့် လိထိကျင်း၏ခေါင်းကို အသာအယာ ပု ကာ…

“အင်း…မင်းရဲ့ငယ်ကျင့်က ခုထိမပျောက်သေးဘဲကိုး၊ မင် အဲလိုပြောပုံမျိုးတွေကို ကျုပ်ခုထိ အမှတ်ရနေတုန်းပဲ၊ ဟိုသူငယ်ေ ကျတော့ ကြည့်ရတာ ဆောင့်ကြွားကြွားနဲ့ သူ့ကိုမြင်မြင်ချင်း ရွံမုန်းမိတယ်၊ ကျုပ်စိတ်ထဲမှာတောင် လိရှောက်ကွမ်းဟာ ငယ်ငေ တုန်းကစိတ်ထားနဲ့ အမူအရာတွေ ပြောင်းလွဲနေလို့ စိတ်မကောင ဖြစ်ခဲ့ရသေးတယ်”

အဘိုးကြီးဟူစန်း ပြောလက်စစကားကိုဖြတ်ကာ တစ်စုံတစ် ကို သတိရသည့်အလား…

“ရှောက်ကွမ်း…ခဏလေးနေဦး၊ ကျုပ်ခုချက်ချင်း ပန့်စန်း က စံအိမ်ကြီးကိုသွားပြီး ဟိုအတုအယောင်ကောင်ကို သွားဖော်ထု မယ်”

ပြောပြောဆိုဆို အဘိုးကြီးဟူစန်း အခန်းအပြင်သို့ထွက်သွ တော့မည့်ဟန်ပြင်လိုက်လေသည်။

လိထိကျင်း အဘိုးကြီးဟူစန်းအား ကပျာကယာ လက် အတင်းဆွဲထားကာ…



“ဘာဘာဟူ…ကျွန်တော်တစ်ခု တောင်းပန်ပါရစေ၊ ဘာဘာဟူ အနေနဲ့ ဘာတစ်ခုမှ မသိတဲ့လူတစ်ယောက်အနေနဲ့နေပါ”

အဘိုးကြီးက အနည်းငယ်ဒေါသထွက်ဟန်ဖြင့်…

“မင်း ကျုပ်စိတ်ကိုသိတယ်မဟုတ်လား၊ ဘယ်တုန်းကများ ကျုပ်ဟန်ဆောင်နိုင်ဘူးလို့လဲ”

“ဟုတ်ပါတယ်၊ ဒီတစ်ကြိမ်တော့ ဘာဘာဟူကျွန်တော့်ကို ချစ်ခင်တယ်ဆိုရင် ကျွန်တော်ပြောသလို နေစေချင်ပါတယ်”

အဘိုးကြီးက စိတ်ပျက်စွာ ခေါင်းခါယမ်းလိုက်ပြီး…

“မင်း…မင်းရဲ့အကျင့်ကလည်း **ခုထိ မပျောက်**သေးပါလား၊ တစ်ဖွတ်ထိုးလုပ်ပြီး ခေါင်းမာတတ်တဲ့အကျင့်က ခုထိရှိနေတုန်းပဲကိုး၊ အဲဒါက အရေးမကြီးဘူး၊ ဟို လိရှောက်ကွမ်းအတုဟာ ခေါင်းဆောင် ကျောက်ရဲ့သမီး ရှောင်ယွင်နဲ့ တတွဲတွဲလုပ်နေတာ ကျုပ်ကြည့်လို့ ရဘူး၊ အဲဒါ ဘယ်နှယ့်လုပ်မလဲ”

လိထိကျင်းက အံကြိတ်လိုက်ပြီး…

“ရှောင်ယွင်ဟာ ကျွန်တော့်ထက် ဉာဏ်ထက်မြက်တယ်၊ အကောင်းအဆိုးကိုလည်း ခွဲခြားပြီးသိတယ်၊ အကြောင်းရှိရင်လည်း ကျွန်တော်တစ်ယောက်လုံးရှိနေတာပဲ၊ စံအိမ်တော်ကြီးမှာ ရှုပ်ရှုပ် ယှက်ယှက် လုပ်နေရင်လည်း သူက ခွင့်ပြုမှာ မဟုတ်ပါဘူး”

ထို့နောက် လိထိကျင်းက သူချောက်ထဲသို့ မည်သို့မည်ပုံ ကျခဲ့ကြောင်းနှင့် သူဖြစ်ပျက်တွေ့ကြုံခဲ့ရသည်များကို အဘိုးကြီးဟူစန်း အား ပြန်ပြောပြနေသည်။

အဘိုးကြီးဟူစန်းက…

“ဒီတော့ မင်းဘယ်လိုလုပ်ဖို့ စိတ်ကူးထားသလဲ”

“အရေးကြီးတာကတော့ ဒီအကြောင်းတွေ အပြင်ပေါက် ကြားဖို့ပါဘဲ၊ ဘာဘာဟူကလည်း နဂိုအတိုင်း အခြေအနေမပျက်

www.burmeseclassic.com

www.burmeseclassic.com



မသိလိုက် မသိဘာသာနေပါ၊ ကျွန်တော် အကူအညီလိုတဲ့အခါ ကျတော့ အကြောင်းကြားပါ့မယ်"

"ကောင်းပြီလေ...မင်းသဘောပါပဲ၊ ဒါနဲ့မင်းကို သိုင်းပညာ သင်ပေးတဲ့ဆရာက ဘယ်သူလဲ"

"ကျွန်တော့်ဆရာကတော့ အဘိုးကြီးတစ်ယောက်ပါပဲ၊ ဒါပေမယ့် သိုင်းလောကမှာတော့ ဘွဲ့နာမည်မရှိသေးတဲ့ အဘိုးကြီး တစ်ယောက်ပါ၊ သိုင်းပညာကတော့ အတော့်ကို ရှားတဲ့ သိုင်းပညာ တွေ တတ်ကျွမ်းထားတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်၊ ကျွန်တော့်ကို ကျွေးမွေးစောင့်ရှောက်ခဲ့ပါတယ်၊ ခုတော့ ကျွန်တော့်ဆရာလည်း မရှိတော့ပါဘူး၊ ကွယ်လွန်သွားပါပြီ"

အဘိုးကြီးဟူစန်းက အံ့ဩသွားကာ...

"နေပါဦးကွ...သူ့နာမည်တော့ ရှိရမှာပေါ့၊ သူ့နာမည်က ဘယ်လိုခေါ်သလဲ"

"ဘဘဟူပြောတာ မှန်တယ်၊ လူမှန်ရင် နာမည်တော့ရှိရ မှာပေါ့၊ ဒါပေမယ့် ဆရာက ကျွန်တော့်ကို သူ သေသွားတဲ့ထိ သူ့နာမည်ကို တစ်ကြိမ်တစ်ခါမှ ထုတ်ဖော်မပြောခဲ့ပါဘူး"

"ဒါဖြင့် **မင်းဆရာရဲ့** ပုံပန်းသဏ္ဌာန်က ဘယ်လိုပုံမျိုးလဲ"

"အသက် **ရှစ်ဆယ်**ကျော် ကိုးဆယ်လောက်ရှိပြီး၊ အသား လတ်လတ်၊ ပိန်ပိန်ပါးပါးနဲ့ မျက်ခုံးထူထူ၊ သူ့ရဲ့ဘယ်ဘက်ပခုံး အား ခုတ်ခံရတဲ့ဒဏ်ရာ အမာရွတ်ကြီးတစ်ခုရှိတယ်၊ ဆရာ့ရဲ့ အ ခြားဆုံး အမှတ်အသားကတော့ ဆရာ့မှာ လက်နှစ်ဖက်လုံးဝမရှိ ပြတ်နေတာပါပဲ"

"အေး...ငါလည်း တစ်ချိန်က သိုင်းလောကမှာ ဝင်ထွက် သွားလာနေသူပဲ၊ ဒါပေမယ့် မင်းပြောတဲ့ အနေအထားမျိုးရှိတဲ့ ပုဂ္ဂိုလ် မျိုးတော့ မတွေ့ခဲ့ဖူးပါလား"



"ကျွန်တော် ထင်တာကတော့ ဆရာဟာ နဂိုကတည်းက သိုင်းလောကမှာ ထင်ပေါ် ကျော်ကြားတဲ့ သိုင်းဆရာကြီးတစ်ယောက် ဖြစ်ပါလိမ့်မယ်"

"မင်းပြောတာဖြစ်နိုင်တယ်၊ တကယ်တန်း သိုင်းပညာ မြင့်မား တဲ့ ရှေးသိုင်းဆရာကြီးတွေဟာ ထင်ပေါ်ကျော်ကြားမှုကို မလိုလား ဘူး၊ စကားပုံအတိုင်းပဲပေါ့ကွာ၊ မပြည့်တဲ့အိုးသာ ဘောင်ဘင်ခတ် တယ် ဆိုတာမျိုးလိုပေါ့"

အဘိုးကြီးဟူစန်းက စကားကို ခေတ္တဖြတ်ထားကာ ပြီးမှ ဆက်ပြောသည်။

"ဒါနဲ့ နေပါဦး...မင်းဆရာ**သေပြီးတဲ့နောက်** ချက်ချင်းရွာကို ဘာလို့ ပြန်မလာတာလဲ"

"ဆရာသေဆုံးသွားတော့ ကျွန်တော် ရရှိထားတဲ့ သိုင်းပညာရဲ့ အစွမ်းအစအခြေအနေကို စမ်းကြည့်ချင်တာနဲ့ သိုင်းလောကထဲကို နှစ်နှစ်ကျော်သုံးနှစ်နီးပါး ဝင်ထွက်သွားလာခဲ့ပါတယ်၊ တွေ့သမျှ အဆင့်မြင့်ဆရာကြီးတွေနဲ့လည်း လက်ရည်စမ်းခဲ့ဖူးတယ်၊ သူတို့ထံက အတွေ့အကြုံတွေကို ခံယူချင်လို့ဖြစ်ပါတယ်"

အဘိုးကြီး ဟူစန်းက စိတ်ဝင်စားစွာဖြင့်...

"မင်းရဲ့သိုင်းပညာ ဘယ်လောက်အထိ အဆင့်မြင့်နေပြီလဲ"

"ဒါကတော့ ဘဘဟူ တဖြည်းဖြည်း ကျွန်တော့်ကို လေ့လာ အကဲခတ်ကြည့်ရင်သိနိုင်ပါတယ်၊ ကျွန်တော် ရွာကိုပြန်လာတာ ဆိုတော့ မပိုင်ရင် ပြန်မလာပါဘူး"

အဘိုးကြီးဟူစန်းက သဘောကျစွာ ခေါင်းကို တစ်ချက်ပုတ် လိုက်ပြီး...

"ကောင်းပြီ...ဒါဆို မင်းဘယ်လိုလုပ်ဖို့ အစီအစဉ်ရှိသလဲ၊ ပန့်စန်မိန်ခြံကြီးကို ဘယ်တော့သွားမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



လိထိကျင်းက အေးစက်စက်အမူအရာဖြင့် . . .

"ကျွန်တော်ဟဲ ဆယ်နှစ်ဆယ်မိုးတောင် စောင့်လာပြီးမှပဲ၊ မလေး ပါဘူး၊ နောက်ထပ် ရက်အနည်းငယ်လောက် စောင့်ရတာဟာ ကျွန်တော့်အတွက် သိပ်မထူးခြားပါဘူး"

"ဒါဖြင့် မင်းဘာကို စောင့်နေတာလဲ"

"သက်သေခံပစ္စည်း စောင့်နေတာပါ"

အဘိုးကြီးဟူစန်းက အံ့ဩစွာဖြင့် . . .

"ဟင် . . . သက်သေခံပစ္စည်းဟုတ်လား၊ မင်းဆီမှာ ငွေပြား လက်နက်ပုန်း သက်သေခံပစ္စည်းရနေပြီပဲ၊ တခြားဘာတွေများ စောင့်နေစရာ လိုသေးလဲ"

"ဟုတ်ပါတယ်၊ ဒီငွေပြားလက်နက်ပုန်းလေးဟာ သက်သေ ပစ္စည်းဖြစ်ပါတယ်၊ ဒါပေမယ့် ဒီပစ္စည်းတစ်ခုတည်းနဲ့ ဘာ လုံလောက်မှာလဲ၊ ဒီပစ္စည်းဟာ ဘာဘကျောက်ရဲ့ပစ္စည်းဖြစ်ပေမယ့် သူကိုယ်တိုင် ပစ်ပေါက်လိုက်ပါတယ်လို့ ကျွန်တော်လည်း မမြ လိုက်ဘူး၊ အတိအကျမသိရဘူး၊ ဒါကြောင့်ပါ"

လိထိကျင်း စကားဖြတ်ပြီးမှ ဆက်ပြောပြန်သည်။

"ဒီကိစ္စဟာ သူ့အသက်နဲ့ရင်းရမယ့် ကိစ္စဖြစ်နေတယ်၊ ငွေပြား လက်နက်ပုန်းနဲ့ ကျွန်တော့်ကို လုပ်ကြံတယ်ပဲထားဦး၊ နောက်တစ်ဆ ကျန်ပါသေးတယ်၊ ကျွန်တော့် ဖေဖေ နတ်မားရှင် သေဆုံးသွားခဲ့ရ ကိစ္စဟာ သွေးရိုးသားရိုးသာ မဟုတ်ခဲ့ရင်လည်း ကျွန်တော် ဆ လက် စုံစမ်းရပါဦးမယ်"

အဘိုးကြီးဟူစန်းက စိတ်ရှုပ်ထွေးစွာဖြင့် . . .

"ဒါဖြင့် မင်း သက်သေအထောက်အထား ဘယ်လိုရှာမှာလဲ"

လိထိကျင်းက တည်ကြည်သောအမူအရာနှင့် . . .

"အခု ပန့်စန်ဖိန်ခြံကြီးထဲက စံအိမ်တော်ကြီးကို လိရှော



ကွမ်းအတုတစ်ယောက် ရောက်နေတယ်မဟုတ်လား၊ ဘာဘကြီး ကျောက်နဲ့ အဲဒီအတုကောင် ဘယ်လိုဆက်ဆံကြတယ်ဆိုတာကို ကြည့်ရမယ်၊ အဲဒီအကွက်ပေါ်မှာ အဖြေရှာနိုင်ရင် ရာနှုန်းကိုးဆယ် လောက် ကျွန်တော့်ဘက်က တွက်ချက်လို့ရပြီပေါ့"

အဘိုးကြီးဟူစန်းက တစ်စုံတစ်ခုကို အလေးအနက်ထား ဦးစားပြီးမှ သူ၏ထင်မြင်ချက်ကို လိထိကျင်းအား ပြောပြလိုက်၏။

"ပန့်စန်ဖိန်ခြံကြီးထဲလာပြီး လိရှောက်ကွမ်း အယောင်ဆောင် လာတဲ့သူငယ်ကို အတော့်ကိုသတိထားရလိမ့်မယ်၊ ဒီလိုတစ်ချိန်က နာမည်ကျော်ကြားခဲ့တဲ့ သိုင်းသမား ာစ်ကိုကြီးကျောက်ရဲ့ စံအိမ်တော် ကြီးကို လာရောက်လိမ်ညာစံတယ်ဆိုကတည်းက သူ့ရဲ့ဉာဏ်စွမ်း ဉာဏ်စနဲ့ သိုင်းပညာအခြေခံမဆိုးလို့ဘဲ ဖြစ်ရမယ်၊ သူ့ရဲ့ နောက် ကြောင်းရာဇဝင်ကလည်း ပန့်စန်ဖိန်ခြံကြီးနဲ့ ဆက်စပ်နေမယ်လို့ ထင်ပါတယ်"

လိထိကျင်းက ဂရုမစိုက်ဟန်ဖြင့် . . .

"သူဘယ်လောက်ပဲ သိုင်းပညာတော်နေပါစေ၊ သူဟာ ဒီလို ကောင်းတဲ့အကြံအစည်နဲ့လာခဲ့တဲ့အတွက် နောက်ဆုံး ဒုစရိုက်သမား တွေရဲ့ သွားရာလမ်းအတိုင်း သူသွားရမှာပဲ"

"ငါစဉ်းစားရသလောက်ဆိုရင် ငါတို့ရဲ့ခေါင်းဆောင်အစ်ကို ကြီး ကျောက်အပေါ်မှာ အဲဒီ လိရှောက်ကွမ်းအတုနဲ့ ပတ်သက်ပြီး နှိုင်းရန်စရှိခဲ့ရင် ဓားနဲ့ပဲဖြေရှင်းရမှာပေါ့၊ ဘာဖြစ်လို့ ခုလို အလှည့် အပတ်တွေလုပ်နေရမှာတုန်း၊ သူ့မှာလည်း မကောင်းတဲ့အကြံဉာဏ် တစ်ခုခု အကွက်ဆင်ဖို့အတွက် လာတာပဲ ဖြစ်ရမယ်"

"ဘာဘဟူပြောတာ မှန်ပါတယ်၊ ဒီပန့်စန်ဖိန်ရဲ့ ဘွင်းရေးကို သူဘယ်လိုများ သိသလဲဆိုတာ စဉ်းစားစရာပဲ"

"အေး . . . ငါ့အမြင်ပြောရရင်တော့ သူ့ရဲ့နောက်ကွယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



အကွက်ယူပြီး ခိုင်းစေတဲ့ လူတစ်ယောက်တော့ ရှိရမယ်၊ အဲဒီလူ
မင်းရဲ့ငယ်စဉ်က အဖြစ်အပျက်တွေကို လိရှောက်ကွမ်းအတု
သင်ကြားပေးတာ ဖြစ်မယ်"

"ဟုတ်တယ်၊ အဲဒီလူဟာ ကျွန်တော့်ကို ချောက်ထဲကျအော
ဖန်တီးတဲ့လူ အများဆုံးဖြစ်နိုင်တယ်၊ လိရှောက်ကွမ်းအတုကို သ
ကြားပေးပြီး ဒီကိုလွှတ်လိုက်တာက အဲဒီလူမှာ ကြီးမားတဲ့ ရည်ရွ
ချက်တစ်ခု ရှိရမယ်၊ နောက်တစ်ခုက ပန့်စန်ဖိန်ခြံရဲ့ စံအိမ်
ကြီးမှာရှိတဲ့ ပစ္စည်းတစ်ခုခုကိုလည်း လိုချင်ပုံရတယ်၊ အဲဒီပစ္စ
က ဘာပစ္စည်းဖြစ်နိုင်မယ်လို့ ဘဘဟူထင်သလဲ"

အဘိုးကြီးဟူစန်း ခေတ္တမျှ မျက်မှောင်ကြုတ်လိုက်ပြီး စဉ်း
မရသော ဟန်ဖြင့်...

"ငါမထင်တတ်ဘူး"

လိထိကျင်းက လေးလေးနက်နက် ပြောလိုက်သည်။

"ကျွန်တော့်ဖခင်ကြီး မသေဆုံးခင်မှာ ခေါင်းဆောင် ဘဘ
ကျောက်ကို ကျွန်တော့်အတွက် သေတ္တာလေးတစ်လုံး ပေးခဲ့တ
မဟုတ်လား၊ ကျွန်တော်အရွယ်ရောက်လာရင် အဲဒီပစ္စည်း ကျွန်
ကို ပေးဖို့လည်း မှာကြားခဲ့တယ်လေ"

အဘိုးကြီးက ခုမှသဘောပေါက်ဟန်ဖြင့်...

"အေး...ဟုတ်တယ်၊ အဲဒီသံသေတ္တာလေးကိုတော့ အ
ကြီးကျောက်ကို ပေးအပ်ခဲ့တာ ငါသိတယ်၊ နောက်ပြီး အစ်ကို
ကျောက်ရဲ့သမီး ရှောင်ယွင်လည်း ရှိတာပဲ"

လိထိကျင်းက မခံချင်သော အမူအရာများပေါ်လာပြီး...

"အဲဒီနှစ်ခုစလုံး လိရှောက်ကွမ်းအတုဟာ တစ်ခုမှမရ
ဘူးဆိုတာ ကျွန်တော်ရဲရဲကြီးပြောဝံ့တယ်၊ နောက်တစ်ချက်က သ
ခိုင်းတဲ့နောက်ကွယ်ကလူဟာ အပြင်လူစိမ်းထဲကတော့ မဟုတ်နိုင်



အဘိုးကြီးဟူစန်း၏မျက်နှာ တစ်ချက်ဝင်းလက်သွားကာ...

"အေး...ဟုတ်တယ်၊ အပြင်လူဆိုရင် တို့ရဲ့အတွင်းရေးတွေကို ဒီလောက်နဲ့နဲ့စပ်စပ် အသေးစိတ်သိနိုင်မှာမဟုတ်ဘူး၊ ခက်တာက သူ့ရဲ့ရည်ရွယ်ချက်ကို သိဖို့လိုတယ်"

"ဘယ်သူလဲ...ဘာရည်ရွယ်ချက်လဲဆိုတာ ခုနေမစဉ်းစားနဲ့ဦး၊ ကျွန်တော်တို့ ဦးနှောက်ခြောက်ရုံပဲရှိမယ်၊ ရည်ရွယ်ချက်ကတော့ အကောင်းနဲ့အဆိုး နှစ်ခုပဲရှိနိုင်တယ်"

အဘိုးကြီးဟူစန်း မျက်လုံးမျက်ဆန်ပြူးသွားကာ...

"ဟ...နေပါဦးကွ၊ ကောင်းတဲ့ရည်ရွယ်ချက်နဲ့လာတာ ဖြစ်နိုင်ပါ့မလားကွ"

"ဖြစ်နိုင်ပါတယ်၊ ကျွန်တော့်ဖခင် နတ်ဓားရှင် **မတာရေးသေဆုံး** ရတဲ့ကိစ္စကို မကြည့်ရက်နိုင်လို့ ခေါင်းဆောင် **ဘဘကြီးကျောက်** ထံမှာ သတင်းလာစုံစမ်းတာလည်း ဖြစ်နိုင်တယ်"

"ကဲ...ထားပါတော့ကွာ၊ မကောင်းတဲ့ ရည်ရွယ်ချက်ဆိုတာ ဟာလဲ"

"မကောင်းတဲ့ ရည်ရွယ်ချက်ကတော့ တွေးကြည့်ရင် ကျောချမ်းလောက်အောင် ကြောက်ဖို့ကောင်းပါတယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ပျောက်ဆုံးသွားတဲ့ ကျွန်တော့်အယောင်ဆောင်လာပြီး ဘဘကြီးကျောက်ဆီမှာရှိနေတဲ့ သံသေတ္တာလေးကို ကျွန်တော့်အယောင်ဆောင်ပြီး ယူမယ်၊ နောက်ပြီး ရှောင်ယွင်ကို ဖျက်ဆီးမယ့် ဆန္ဒမရှိဘူးလို့ မပြောနိုင်ဘူး"

အဘိုးကြီးဟူစန်းက ခုတင်ကို လက်ဖြင့်ပုတ်လိုက်ရင်း...

"တယ်ယုတ်မာတဲ့ကောင်ပဲ"

"ဒီလိုမကောင်းတဲ့အကြံအစည်နဲ့ လာတာဆိုရင် ကျွန်တော့်ရဲ့ဖခင်ကြီးကို သတ်တဲ့တရားခံဟာ ဒီလူကြီးပဲဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



“မင်းရဲ့ဖခင်ကြီးကို သတ်ရလောက်အောင် သူ့မှာ မင်းတို့နဲ့ ပတ်သက်တဲ့ရန်စ ဘယ်လိုများရှိနေလို့လဲ”

“ဒါတော့ သူပဲသိမှာပေါ့”

“နောက်တစ်ချက်က ကျွန်တော့်ကို လုပ်ကြံတာလည်း အဲဒီလူရဲ့လက်ချက်ပဲ ဖြစ်ရမယ်”

အဘိုးကြီးဟူမှာ ဒေါသအကြီးအကျယ်ထွက်ကာ...

“ငါအခုပဲ ဒီကောင်လေးကို သွားဆွဲထုတ်ခေါ်လာပြီး အပြတ်ရှင်းပစ်မယ်”

“ဘဘဟူ ဒါလောက်လည်း အလောမကြီးပါနဲ့၊ ကျွန်တော် စောစောကပြောခဲ့တာတွေဟာ မှန်းဆပြီး ပြောခဲ့တာတွေပါ၊ သက်သေအထောက်အထား အသေးစိတ်ရှာဖွေပြီးမှ ဒီပြဿနာကို ရှင်းလို့ဖြစ်မှာပေါ့”

“ငါကတော့ စိတ်မရှည်နိုင်တော့ဘူး...ခုပဲရှင်းမယ်”

ပြောပြောဆိုဆို အဘိုးကြီးဟူစန်း အခန်းထဲမှ ထွက်သွားလေသည်။

သို့သော် လီထိကျင်းက ကပျာကယာ ရှေ့မှလမ်းပိတ်၍...

“ဘဘဟူ...ကျွန်တော်ပြောထားသားပဲ၊ ခုနေသည်းခံစောင့်မှပေါ့၊ နို့မို့ရင် ပြဿနာတွေ ရှုပ်ကုန်လိမ့်မယ်”

အဘိုးကြီးဟူစန်းက စိတ်မရှည်ဟန်ဖြင့်...

“အေး...မင်းကသာ ဒီအခန်းထဲမှာ ပုန်းနေ၊ ဟို ကောင်လေးကတော့ ပန့်စန်ဖိန်ခြံကြီးရဲ့ စံအိမ်တော်ကြီးထဲမှာ ခုလောက်ဆို ထင်သလို လှည့်စားနေပြီ၊ ဒါကို မင်းလက်ပိုက်ကြည့်နေတော့မှာလား”

လီထိကျင်းက ဖျောင်းဖျလိုက်ပြန်သည်။

“ဘဘဟူ ခုနေ စောစောအိပ်ပါ၊ နောက်နေ့ မိုးလင်းရင်



ဈေးသွားဝယ်ပြီး ဘဘဟူဆီ လာလည်မယ့် ဟို လိရှောက်ကွမ်းအတွက် စားကောင်းသောက်ဖွယ်တွေ ချက်ကျွေးမှဖြစ်မှာပေါ့”

အဘိုးကြီးဟူစန်းက စိတ်ပျက်အားလျှော့သွားဟန်ဖြင့်...

“ရှောင်ကွမ်း...မင်းဟာ တတ်လည်း တတ်နိုင်ပါပေတယ်၊ မင်းကိုတော့ ကျုပ်လက်မြှောက်ပါပြီ”

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

နေမင်းကြီးသည် **အရှေ့ဘက်တောင်**ထိပ်ပေါ်သို့ပင် ရောက်နေလေပြီ။

ကျောက်ကျားကျိုးရွာကြီးမှာ အေးဆေးစွာရှိနေ၏။

တောင်တန်းပေါ်သို့ အမဲလိုက်သွားသူများက အနောက်ဘက်တောင်တန်းပေါ်သို့ တက်နှင့်နေလေပြီ။

လယ်တော ဆင်းသူများလည်း တစ်စုတစ်ဝေးကြီး တပျော်တပါး သွားနေကြသည်။

ကလေးသူငယ်များ လမ်းမပေါ်တွင် ခုန်ပေါက်ပြေးလွှား ဆော့ကစားနေကြသည်မှာ စိတ်ချမ်းမြေ့ဖွယ်ရာ ကောင်းလှ၏။

သာမန်တွင်မူ ကျောက်ကျားကျိုးရွာကြီးမှာ ထာဝစဉ် ငြိမ်းချမ်းသာယာလျက်ရှိနေပါသည်။ သို့သော် အန္တရာယ်၏ နိမိတ်ဆိုးက ဤအေးချမ်းသာယာသောရွာကြီးအား တိတ်တဆိတ် ချောင်းမြောင်းလျက်ရှိနေလေသည်။

ထိုအချိန်၌ ပန့်စန်ဖိန်ခြံကြီးထဲရှိ စံအိမ်တော်ကြီးမှ မြင်းဖြူနှစ်ကောင် ခြံပြင်သို့ထွက်လာကာ ဟူကျိုတည်းခို စားသောက်ဆိုင်သို့ ရှေ့ရှုသွားနေသည်။

မြင်းပေါ်တွင် ရှောင်ယွှင်နှင့် လိရှောက်ကွမ်းတို့ နှစ်ယောက် စီးနင်းလိုက်ပါလာကြ၏။



မြင်းစီးသွားရင်းမှ လိရှောက်ကွမ်း မျက်နှာပေါ်ဝယ် ကျေနပ်ပီတိဖြစ်သော အရိပ်အယောင်များက ယှက်သန်းလျက်ရှိနေ၏။

မိန်းမပျိုလေး ရှောင်ယွှင်ကမူ အပေါ်ယံအားဖြင့် မထူးခြားသော်လည်း စိတ်ထဲ၌ နောက်ကျိရှုပ်ထွေးနေပုံရသည်။

မကြာမီ ဟူကျိုတည်းခိုစားသောက်ဆိုင်သို့ ရောက်လာကြကာ စားပွဲထိုးနှစ်ယောက်က ဆိုင်ထဲမှ ပြေးထွက်လာကာ မြင်းကြီး နှစ်ကောင်အား မြင်းဇောင်းသို့ ဆွဲခေါ်သွားကြ၏။

လိရှောက်ကွမ်းနှင့် ရှောင်ယွှင်တို့နှစ်ယောက်မှာ တည်းခိုဆိုင်ထဲသို့ တန်းဝင်သွားကြသည်။

ဟူကျိုတည်းခိုစားသောက်ဆိုင်ပိုင်ရှင် **သံခေါင်းကြီး**ဟူစန်းက ရှောင်ယွှင်နှင့် လိရှောက်ကွမ်းတို့နှစ်ယောက်အား ပျာပျာသလဲကြိုဆိုကာ နေရာထိုင်ခင်း ချပေးလိုက်သည်။

ရှောင်ယွှင်က ခနဲ့သောလေသံဖြင့် ဟူစန်းအား ပြောလိုက်သည်။

"ဦးဦးက ကျွန်မကို မဖိတ်ပေမယ့် လိုက်ခဲ့ရတယ်လေ"

"ရပါတယ် ရှောင်ယွှင်ရယ်၊ ကိုယ့်တူမတစ်ယောက်ကို ဦးဦးက အထူးတလည် ဖိတ်နေစရာမလိုပါဘူး၊ အချိန်မရွေး ဝင်ထွက်စားသောက်နိုင်ပါတယ်ကွယ်"

လိရှောက်ကွမ်းက...

"ဦးဦးဟူ...ရှောင်ယွှင်က တော်တော်ဆိုးတယ်၊ ငြင်းဆန်နေလို့ ကျွန်တော် မနည်းကြီး ခေါ်ခဲ့ရတယ်"

အဘိုးကြီးဟူက ခေတ္တမျှစူးစိုက်အကဲခတ်ကြည့်နေ၏။ အတန်ကြာမှ စကားလမ်းကြောင်း ပြောင်းကာ...

"ဒီနေ့ မင်းတို့လာမယ်ဆိုလို့ ဦးဦးကိုယ်တိုင် ဈေးဝယ်ပြီး အထူးချက်ပြုတ်ထားတယ်၊ လိရှောက်ကွမ်းပျော်ဆုံးသွားပြီး

www.burmeseclassic.com



ဆယ်နှစ်ကျော်မှ ပြန်လာတော့ ကျုပ်တူအတွက် ကိုယ်တိုင်အပင်ပန်းခံပြီး ချက်ရတော့မှာပေါ့"

ရှောင်ယွင်က ရီသဲ့သဲ့လေးသံဖြင့်...

"ဦးဦးဟူက လွန်တာပေါ့၊ ကျွန်မဖြင့် ဦးဦးဟူရဲ့ လက်ရာကို တစ်ခါမှ မစားဖူးဘူး"

အဘိုးကြီးဟူက ပြုံးရယ်ကာ...

"ကဲ...ညည်းမနေနဲ့တော့၊ ဒီကနေ့ပဲ ရှောင်ယွင် ဦးဦးလက်ရာကို မြည်းရတော့မယ်လေ"

"အမယ်လေး...အခုကျွေးမယ်ဆိုတာက လီရှောက်ကွမ်းကြောင့် စားရမှာ မဟုတ်လား"

အဘိုးကြီးဟူစန်းက စကားဖြတ်ကာ လီရှောက်ကွမ်းအား အကဲစမ်းသောသဘောဖြင့် မေးလိုက်ပြန်သည်။

"လီရှောက်ကွမ်း လွန်ခဲ့တဲ့အချိန်က မင်းကျုပ်ဆီကို တိတ်တဆိပ် လာလာပြီး ထမင်းစားတာ မှတ်မိသေးလား"

လီရှောက်ကွမ်း အတုကလည်း ချက်ချင်းပင် ပြန်ဖြေလိုက်၏။

"မှတ်မိပါတယ်၊ ဘယ်တော့မှ **မမေ့ပါဘူး**၊ ဦးဦးချက်ကျွေးတဲ့ ပဲဟင်းအရသာဟာ မွှေးပြီး သိပ်**စားလို့ကောင်း**ပါတယ်၊ အဲဒီဟင်းမျိုး ဒီနေ့လည်း ပါမှပါပါ့မလား **မသိဘူး**"

"အင်း...မင်း မှတ်ဉာဏ်ကောင်းသားပဲ၊ ကျုပ် မင်းကြိုက်တတ်တဲ့ ပဲဟင်းမွှေးလည်း ချက်ထားပါတယ်"

ရှောင်ယွင်နှင့် လီရှောက်ကွမ်း အတုတို့သည် အဘိုးကြီးဟူပြောသည့် စကားများကို သဘောကျစွာ ရယ်မောနေကြသည်။

ဤသို့အားဖြင့် အနောက်ဘက်ဆောင်ရှိ ဧည့်ခန်းဆောင်သို့ အဘိုးကြီးဟူစန်းက ဦးဆောင်ကာ သုံးယောက်သား လျှောက်လှမ်းသွားကြသည်။



အနောက်ဘက်ဆောင်သို့သွားကြရာတွင် လီထိကျင်းနှင့် လမ်းတွင် ဆုံတွေ့လိုက်သောကြောင့် လီရှောက်ကွမ်း အတုမှာ မျက်နှာ ပျက်သွားလေသည်။

လီရှောက်ကွမ်းက လီထိကျင်းအား မသိမသာ တိတ်တခိုးလေ့လာအကဲခတ်နေ၏။

အဘိုးကြီးဟူစန်းက မည်သို့မျှ ထူးခြားပုံမပေါ်ဘဲ လီထိကျင်းအား မေးလိုက်သည်။

"ငါ့တူ မင်း ဒီနေ့အပြင်မထွက်ဘူးလား"

လီထိကျင်းကလည်း ရှောင်ယွင်နှင့် လီရှောက်ကွမ်းအား တစ်ချက်အကဲခတ်သလို ကြည့်လိုက်ပြီးမှ...

"ဟုတ်ကဲ့...မသွားပါဘူး"

ပြောပြောဆိုဆို သုံးယောက်သား ဧည့်ခန်းဆောင်သို့ ထွက်သွားကြရာတွင် ရှောင်ယွင်က စပ်စုလိုက်သဖြင့်...

"ဦးဦးဟူ စောစောကလူက ဘယ်သူလဲ၊ ဒီတည်းခိုခန်းကို ဘယ်တုန်းက ရောက်နေတာလဲ"

အဘိုးကြီးဟူစန်းက အရေးမထားဟန်ဖြင့်...

"သြော်...ခုနကလူငယ်လေးကို မေးတာလား၊ သူက သားရေကုန်သည်တစ်ယောက်ပါ၊ ဒါနဲ့ ရှောင်ယွင်က ဘာထူးခြားတာတွေ့လို့တုန်း"

"မဟုတ်ဘူး...ဦးဦးဟူနဲ့ တရင်းတနှီးတွေ့လို့ မေးကြည့်တာပါ"

"ရင်းနှီးဆို ဦးဦးက တည်းခိုဆိုင်ရှင်ဆိုတော့ ဆိုင်မှာ လာအားပေးတဲ့လူတိုင်းကို ဦးဦးက ဒီလိုပဲရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေ ဆက်ဆံတာပဲ၊ တခြားဘာမှတော့ မဟုတ်ပါဘူး"

မိန်းမပျိုလေး ရှောင်ယွင်က ချိုးမွှမ်းလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးဟူက ဘယ်ဆိုးလို့လဲ၊ ကုန်သည်တွေရဲ့အတတ်ပညာကို တော်တော်ကျွမ်းကျင်နေပြီပဲ"

တစ်လမ်းလုံး ဘာစကားမှမပြောဘဲ ငြိမ်သက်စွာလိုက်ပါလာသူ လီရှောက်ကွမ်းက အဘိုးကြီးဟူအား ပြောလိုက်သည်။

"ကျွန်တော် ဒီလူရွယ်ကို မြင်ဖူးတယ်"

ရှောင်ယွင်က အံ့အားသင့်ပြီး...

"ဒီလူကိုမြင်ဖူးတယ် ဟုတ်လား...ဘယ်မှာမြင်ဖူးတာလဲ"

"အစ်ကိုကျောက်ကျားကျိုရွာကို ပြန်လာတဲ့နေ့မှာပဲ ကုလားအုပ်ဦးကြီးရဲ့အိမ်ရှေ့မှာရပ်ပြီး လက်ဖက်ရည်ကြမ်းသောက်နေတာ တွေ့ခဲ့ရတယ်၊ နောက်ပြီး သူ့ကြည့်ရတာ သားရေကုန်သည်နဲ့လည်း မတူဘူး"

အဘိုးကြီးဟူစန်းက အနည်းငယ် စိတ်ဆိုးသွားပြီး...

"မင်းက သူ့ရဲ့အလုပ်အကိုင်ကို အတိအကျသိနေလို့လား"

ရှောင်ယွင်က မနေသာတော့ဘဲ ကြားဖြတ်ဝင်ပြောရသည်။

"အစ်ကို ရှောက်ကွမ်း...ဦးဦးဟူက ကျွန်မတို့ ငယ်ငယ်လေးကတည်းက သိုင်းလောကတစ်ခွင်မှာ ဝင်ထွက်သွားလာနေတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါ"

အမှန်တွင် လီရှောက်ကွမ်း၏ဝင့်ကြွားသော အမူအရာ အပြောအဆိုကို အဘိုးကြီးဟူစန်း စိတ်ကွက်သွားမည်စိုး၍ ရှောင်ယွင်က ယခုကဲ့သို့ ကြားဖြတ်ပြီး ဝင်ပြောလိုက်ရခြင်း ဖြစ်သည်။

သူမ၏စကားကြောင့် လီရှောက်ကွမ်းမှာ အောင့်သက်သက် ဖြစ်သွားရ၏။

ထို့ကြောင့် လီရှောက်ကွမ်း၏မျက်နှာမှာနီရဲလာပြီး မခံချင်စိတ်ဖြစ်ပေါ်လာခဲ့၏။ သို့သော် မခံချင်စိတ်ကိုမျိုသိပ်၍ မပြုံးချင် ပြုံးကာ...



"ဦးဦးဟူ လူကဲခတ်မမှားရအောင် အစ်ကိုကပြောတာပါ၊ အစ်ကိုတို့ကတော့ လူရင်းတွေပဲ ကိစ္စမရှိပါဘူး"

အဘိုးကြီးဟူစန်း၏စိတ်ထဲတွင်...

"ရှောင်ယွင် ပြောတာမှန်တယ်၊ မင်းဟာ လီရှောက်ကွမ်းတွေအယောင်ဆိုတာ ငါသိနေတယ်"

ဤသို့ စိတ်ထဲမှ ရေရွတ်လိုက်ရင်း...

"ကဲ...ငါတူမနဲ့ တူတော်မောင်တို့ ငြင်းခုံမနေကြနဲ့၊ သူ ဘယ်သူဖြစ်ဖြစ် တို့အရေးစိုက်စရာ မလိုပါဘူး"

လီရှောက်ကွမ်းက ဆက်လက်ပြောပြန်သည်။

"ဦးဦးဟူ ဒီလူ့ကြည့်ရတာ သိုင်းသမားနဲ့တူတယ်"

အဘိုးကြီးဟူစန်းက...

"သိုင်းသမားလည်း ဘာဖြစ်လဲ၊ တို့ကျောက်ကျားကျိုရွာကို လာပါနဲ့ ပြောလို့ရတာမှ မဟုတ်တာ၊ သိုင်းလောကထဲမှာလည်း သိုင်း သမားတွေ မှိုလိုပေါက်ပြီး သူတို့လည်း နေရာတကာဝင်ထွက်သွားလာနေကြတာပဲ၊ စိုးရိမ်စရာတော့ မရှိပါဘူး"

လီရှောက်ကွမ်းအတုက သင်္ကာမကင်းဟန်ဖြင့် ဆက်လက်ပြောနေပြန်သည်။

"ဟုတ်ပါတယ်၊ သိုင်းလောကထဲကလူလည်း ကြောက်စရာတော့ မလိုပါဘူး၊ ဒါပေမယ့် ကျွန်တော်ရွာကိုပြန်လာစဉ်က အဲဒီလူကို ကုလားအုပ်ဦးကြီးအိမ်မှာ တွေ့ခဲ့ရတာဟာ မသင်္ကာစရာပဲ၊ ဒီရွာကိုလာတာ ရိုးရိုးသားသားမဟုတ်ဘူးဆိုတာ ကျွန်တော်ရိပ်မိတယ်"

အဘိုးကြီးဟူစန်းက သည်းခံနားထောင်နေရဟန်ဖြင့်...

"ကောင်းပြီ၊ မင်း သူ့ကို ဘာကိစ္စလာတယ်လို့ ထင်သလဲ"

လီရှောက်ကွမ်းက ခေါင်းခါပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စဆိုတာတော့ ကျွန်တော် မဝေဖန်ဝံ့ပါဘူး၊ ဒါပေ... သူ့ကိုအကဲခတ်ကြည့်ရတာတော့ သိပ်အခြေအနေကောင်းမယ် ... ဘူး"

"ဒီမှာ လိရှောက်ကွမ်း...တို့ရွာဟာ အင်မတန် အေးချမ်း... ရွာဖြစ်တယ်၊ အဲဒီလို အေးချမ်းတဲ့ရွာကို သူစိမ်းသိုင်းသမား ... ယောက်က လာစော်ကားမယ်ဆိုရင် ငါတို့ကလည်း လက်ပိုက်... နေမှာ မဟုတ်ဘူး"

မိန်းမပျိုလေး ရှောင်ယွင်က ကြားဖြတ်၍...

"နေပါဦး...အစ်ကို ရှောက်ကွမ်းက အဲဒီလူကို ဘာဖြ... စိတ်ဝင်စားပြီး ဂရုစိုက်နေရတာလဲ"

"အစ်ကိုက စိတ်ဝင်စားပြီး ဂရုစိုက်မေးနေတာ မဟုတ်... တကယ်တော့ ဒီလူ့မှာ ရွာကိုဒုက္ခပေးနိုင်လောက်တဲ့ သိုင်း... အရည်အချင်းတော့ရှိမယ် မထင်ဘူး၊ ရှိလည်း အစ်ကိုကတော့ ... မမှုပါဘူး"

အဘိုးကြီးဟူစန်းက နားကြားပြင်းကတ်စွာရွဲ၍ ပြောလို...

"တော်ပါပေတယ်...မင်းရဲ့ဖခင်ကြီးရှိစဉ်က သူ့ရဲ့ ... ပညာဟာ ပြိုင်ဘက်ကင်းဖြစ်ခဲ့တယ်၊ ဒါတောင် သူ့ကိုယ်သူ ... ခြင်းမရှိခဲ့ဘူး၊ မင်းကတော့ မင်းဖခင်ထက် ဆယ်ဆလောက် ... နိုင်တယ်ဆိုတော့ ငါ မင်းအတွက် ဂုဏ်ယူပါတယ်"

အမျိုးသမီးလေး ရှောင်ယွင်မှာ အားနာလာကာ...

"ဦးဦးဟူ ကျွန်မ အိမ်ပြန်တော့မယ်"

လိရှောက်ကွမ်းအတုက ထိတ်လန့်သွားပြီး...

"ဟင် ဘာဖြစ်လို့လဲ ရှောင်ယွင်"

"ကျွန်မ နည်းနည်းခေါင်းကိုက်လာလို့ပါ၊ အန်လည်း ... နေတယ်"



"ဟာ ဒါဆိုရင် အစ်ကို့ဆီမှာ ခေါင်းကိုက်ပျောက်ဆေးရော၊ အန်ချင်တာပျောက်တဲ့ဆေးရော ရှိတယ်၊ ခုနေ တို့ပြန်ရင် ဦးဦးဟူကို အားနာစရာဖြစ်နေမှာပေါ့"

"ကဲ...စားသောက်ဖို့အားလုံး ပြင်ပြီးပြီ၊ တူမလေးနဲ့ တူတော်မောင်တို့ တစ်ခါတည်း စားသောက်လိုက်ကြရအောင်"

အနောက်ဆောင် ဧည့်ခန်းဆောင်၏ အထူးချက်ပြုတ်ထားသော ဟင်းမျိုးစုံတို့မှာ နှာခေါင်းဝတွင် စားချင့်စဖွယ် သင်းလှိုင်လျက်ရှိပြီး အလွန်ရှားပါး တန်ဖိုးကြီးလှသော ဟင်းခွက်ပေါင်းများစွာတို့က စားချင့်စဖွယ် ဖိတ်ခေါ်နေ၏။

❑ ❑ ❑

စားသောက်ပွဲ ပြီးသွားတော့မှပင် အဘိုးကြီးဟူစန်း တစ်မနက်ခင်းလုံး ပင်ပမ်းခဲ့သမျှ နားနေအပန်းဖြေရတော့သည်။

အနားယူပြီးအတန်ကြာသောအခါအဘိုးကြီးဟူစန်း လိထိကျင်းအခန်းသို့သွားကာ မျက်နှာရှုံ့မဲ့စွာဖြင့်...

"ဒီလူလိမ်လူကောက်ကို ကျွေးမွေးရတာထက် သူတောင်းစားကျွေးမွေးရတာကမှ ကောင်းဦးမယ်"

"ဘဘဟူ ဘာဖြစ်လို့ ဒီလောက်ကပ်စေးနဲနေရတာလဲ၊ ဒီလိုဆိုရင် စောစောကတည်းက မဖိတ်ဘဲထားပါတော့လား"

အဘိုးကြီးဟူစန်းက ဒေါသထွက်ကာ...

"ဟေ...မင်းကပဲပြောရသေးတယ်၊ ဒီကောင့်ကို ဖိတ်ကျွေးတာ မင်းကြောင့်ပဲကွ၊ ခုကျုပ်ရင်ထဲမှာ ဒီကောင့်ကြောင့် ဒေါသတွေ တောက်လောင်နေပြီ"

ပြောပြောဆိုဆို ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ခုတင်ပေါ်သို့ အဘိုးကြီးဟူစန်း တက်ထိုင်လိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



အနှစ် နှစ်ဆယ်ကျော်က ဒေါ်လေး ထုတ်မပြောရဲတာကတော့ အမှန်အတိုင်း ပြောရရင် ဒေါ်လေး သေမှာကြောက်လို့ပါပဲ၊ ဒါပေမယ့် ခုချိန်မှာ ဒေါ်လေးအနေနဲ့ ဖွင့်ပြောပြီး ဝန်ခံဖို့ ဆုံးဖြတ်လိုက်ပါပြီ။ ဒေါ်လေး ဟိုင်ထန် ပြစ်မှားခဲ့တဲ့ ပြစ်မှုအတွက် ဒေါ်လေး ခံရပါတော့မယ်၊ ဒေါ်လေးမသေမီ သူ့အပြစ်တွေကို ဖော်ထုတ်ပြောခဲ့ပါမယ်၊ သူနဲ့ ဒေါ်လေးတို့နှစ်ယောက် ပူးပေါင်းပြီး မင်းရဲ့ဖခင်ကြီး ကိုးမြို့နယ်က ကိုးသချိုင်းကိုမလာမီ တစ်ရက်ကြိုသွားတွေ့ခဲ့တယ်၊ အဲဒီအချိန်မှာ သူက မင်းဖခင်ကြီးကို အဆိပ်ပါတဲ့ အစားအစာတွေ လှည့်စားကျွေးခဲ့တယ်၊ မင်းဖခင်ကြီးကလဲ သွေးသောက်ညီနောင်တွေဆိုတော့ တို့အပေါ်မှာလဲ သံသယမရှိခဲ့ပါဘူး။

တို့လဲ မင်းဖခင်ကြီးနဲ့ ညပိုင်းလောက်မှာ ခွဲခွာခဲ့ပြီး ကိုးမြို့နယ်မှာရှိတဲ့ ကိုးသချိုင်းကို လာခဲ့ကြတယ်၊ ဒေါ်လေးကတော့ အဲဒီတွေ့ဆုံပွဲကို မသွားတော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်လိပ်ပြာကိုယ်မလုံဆိုသလို ဒေါ်လေးရဲ့ လုပ်ကြံချက်တွေ ပေါ်သွားမှာစိုးလို့ ဒေါ်လေး သိုင်းကိုးဖော်နဲ့ လာမတွေ့တော့ဘဲ တခြားကို ရှောင်ထွက်သွားခဲ့တယ်။

တို့ပြန်လာပြီး မကြာခင်အချိန် မိုးချုပ်သွားတယ်၊ မင်းဖခင်ကြီးကတော့ တို့ကျွေးခဲ့တဲ့အဆိပ်ကြောင့် အဲဒီအချိန်မှာ အဆိပ်တက်နေပြီ၊ ကိုးသချိုင်းကို လာတဲ့ယမ်းမှာလဲ မုဆိုးတွေထောင်ထားတဲ့ သားရဲတိရစ္ဆာန် ထောင်ချောက်ထဲကို ကျပြီး အသက် သေဆုံးသွားခဲ့တယ်”

ထိုအချိန်တွင် တိမ်ပျံကုံးဟိုမှာ ထိလူဟုန်းနှင့် ဟိုင်ထန်တို့ စကားပြောနေသည်ကို အခွင့်ကောင်းယူ၍ ကိုယ့်လျှာကိုယ် ကိုက်ဖြတ်ပြီး သေကြောင်းကြံရန် ကြံစည်နေသည်။ ဤအခြေအနေကို ဟိုင်ထန် ရိပ်မိလိုက်သဖြင့် ထိလူဟုန်းအား သတိပေးလိုက်သည်။



“တူတော်မောင် ကုံးဟို သူ့ကိုယ် မင်းအလိုရှိ ဘားလိုက်ပါ”

ထိလူဟုန်းက လျှပ်ပြက်သည့် အ အကြောကွက် တစ်နေရာကို လက်ဖြင့် ဖိနှိပ်သည်။ ဟိုင်ထန်က ပြုံး၍ ဆက်လက်ပြော

“ဒါလောက်ဆို စိတ်ချရပါပြီ၊ … …နားထောင်ပါ၊ မင်းရဲ့ဖခင်ကြီး လုပ်ကြံခံရပြီးတဲ့နောက် သူက ငါ့ကို အကြံပေးတယ်၊ မင်းဖခင်ကြီးဟာ သိုင်းလောကမှာ ဓားနဲ့ ပတ်သက်လို့ အကျော်အမော်တစ်ယောက် ဖြစ်ခဲ့တယ်။

ဒီတော့ သူ့ရဲ့သား မင်းဟာ တစ်ချိန်ချိန်မှာ ဖခင်ရဲ့ခြေရာနင်းလာမယ့်သား ဖြစ်မလာဘူးလို့ မပြောနိုင်ဘူးလို့ သူက ပြောတယ်၊ ဒါကြောင့် ပန့်စန်ဖိန်အိမ်ကြီးဆောက ချောက်ထဲအဆင်းမှာ ကုံးဟိုက အစ်ကိုကြီး ကျောက်ကျိုလင်ရဲ့ ငွေပြားလက်နက်တစ်ခု ခိုးယူပြီး မင်းကို လုပ်ကြံခဲ့တာပဲ၊ ဒါတင်မကသေးဘူး၊ ကျောက်ကျားကျိုရွာမှာ သိုင်းလောကသားတွေ မက်မောခဲ့ကြတဲ့ ရတနာပစ္စည်းသုံးမျိုးရှိနေတယ်ဆိုတာလဲ ကုံးဟိုကပဲ လိမ်ညာလှည့်စား သတင်းလွှင့်ခဲ့တာပဲ။ သူ့ရဲ့ ရည်ရွယ်ချက်က ပန်စန်ဖိန်အိမ်ကြီးမှာ ရှိတဲ့ လူတွေနဲ့ မင်းကိုပါ သိုင်းလောကသားတွေက ဝိုင်းပြီး အပြတ်ရှင်းနိုင်အောင် လုပ်ကြံဖန်တီးပြီး သတင်းလွှင့်လိုက်တာဖြစ်မယ်”

ထိုအခိုက် ‘ကျန်းရှဲ့’ ဂေဟာအတွင်းသို့ မင်းသားလေးပေါင်းဇီး ကိုယ်တိုင် ရဲမက်များကို ဦးဆောင်၍ ဝင်လာခဲ့သည်။ ရှောင်လုံခေါ် ထိလူဟုန်းက တရားခံနှစ်ယောက်ဖြစ်သော ကျူးပိုက်ဂိုဏ်းချုပ်ကြီး တိမ်ပျံကုံးဟိုနှင့် အမျိုးသမီး ဟိုင်ထန်တို့အား တရားဥပဒေ၏ အရေးယူအပြစ်ပေးရန် မင်းသားလေး ပေါင်းဇီးထံသို့အပ်နှင်းလိုက်၏။

✳ ✳ ✳

www.burmeseclassic.com

www.burmeseclassic.com



လီထိကျင်းက သဘောကျစွာ တဟားဟား ရယ်၍...

"ဘဘဟူ ဘာဖြစ်လို့ ဒီလောက်တောင် ဒေါသတွေထွက်နေ... ရတာလဲ"

"ဟိုကောင်ပေါ့...ကြည့်ရတာ ဆောင့်ကြွားကြွားနဲ့ ငါလုံး... ကြည့်လို့မရဘူး"

"အော်...ဘဘရယ် လူငယ်ဆိုတာ ဒီလိုပဲပေါ့၊ ကြွားချင်... ကြတာချည်းပါပဲ"

"ဒါဖြင့် မင်းအသက် ခုဘယ်လောက်ရှိပြီလဲ"

"ကျွန်တော်လည်း ကြွားတာပါပဲ၊ ဒါပေမယ့် ကျွန်တော်က... လူကြည့်ပြီးကြွားတာပါ၊ အချိန်အခါ အခွင့်အရေးကိုလည်း ကြည့်... ပါသေးတယ်"

"မင်းကတော့ မဆိုးပါဘူး၊ ဒီကောင်က ကျုပ်ရှေ့မှာ သူ့ကို... သူ တကယ့် ထိပ်သီးသိုင်းသမားအကျော်အမော်ကြီးကျနေတာ... ကျုပ်ကပဲ မင်းအပေါ် လူကဲခတ်မှားသလေး ဘာလေးနဲ့ ကျုပ်... ဆရာလုပ်သွားသေးတယ်လေ"

"အို...ဟုတ်လား၊ သူက ကျွန်တော့်အပေါ် ဘယ်လိုမှား... အကဲခတ်မိသတဲ့လဲ၊ ပြောပါဦး ဘဘဟူ"

အဘိုးကြီးဟူစန်းက စိတ်ဆိုးမာန်ဆိုးဖြင့် လိရှောက်ကွမ်... အတုနှင့်သူ အချီအချပြောခဲ့သည့် စကားများကို တစ်လုံးမကျ... ပြန်ပြောပြလိုက်၏။

လီထိကျင်းက ချီးမွမ်းသောဟန်ဖြင့်...

"အင်း...သူ့ရဲ့အကဲခတ်ပညာမဆိုးပါဘူး၊ အမှန်ပြောရရင်... သူ လူကဲခတ်မမှားပါဘူး"

အဘိုးကြီးဟူစန်း ခံပြင်းစွာဆိုသည်။

"တော်ပြီတော်ပြီ...ဆက်မပြောနဲ့တော့၊ ဝေမ်ကောင်က ဗိုလ်...



...အောင်စားပြီး ငါ့မှာတော့ စိတ်ဆိုးလို့မဝအောင် ဖြစ်ကျန်ခဲ့ရတယ်၊ ...င်းလည်း ငါ့ကိုထပ်ပြီးဆွမနေနဲ့တော့၊ မင်းကြပ်ကြပ်သတိထား၊ ...ဒီကောင် မင်းဆီ ဘယ်တော့လာမယ်ဆိုတာ မသိနိုင်ဘူး"

လီထိကျင်းက အေးဆေးစွာ ခေါင်းခါယမ်းပြီး...

"စိတ်ချပါ၊ ဘယ်တော့မှ ကျွန်တော့်ဆီလာမှာမဟုတ်ဘူး၊ ကျွန်တော်စိုးရိမ်တာက ရှောင်ယွင်အတွက်ပါပဲ၊ တစ်နေ့နေ့ ရှောင်ယွင် ကျွန်တော့်ကို လာတွေ့မှာ စိုးရတယ်"

"မင်းဟာက မဖြစ်နိုင်တာပဲ၊ ရှောင်ယွင်က မင်းဆီကို လာတွေ့ပါ့မလား"

လီထိကျင်းက မဲ့ပြုံးပြုံးကာ...

"ဆယ်နှစ်ကျော်ကြာခဲ့ပေမယ့် ရှောင်ယွင်ရဲ့အလှဟာ အလျင်...အတိုင်းပါပဲ၊ နည်းနည်းမှ ပြောင်းလဲမသွားခဲ့ဘူး"

အဘိုးကြီးဟူစန်းက နားမလည်နိုင်စွာနှင့် ပြောသည်။

"ဘယ့်နှယ် မပြောင်းလဲရမှာလဲ၊ ရှောင်ယွင်ဟာ ခုဆို အပျို...ကြီးဖားဖား ဖြစ်နေပြီ၊ အတော့်ကို ချစ်စရာကောင်းလာတာ၊ ...င်းမတွေ့ဘူးလား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီကောင်ဟာ ရှောင်ယွင်ရဲ့ အပြင်...န်းအလှကိုသာ ရချင်ရမယ်၊ ရှောင်ယွင်ရဲ့ ဖြူစင်သန့်ရှင်းတဲ့စိတ်ကို ...ပိုင်ဆိုင်နိုင်မှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဟိုကောင်ရဲ့ မာန...ကြီးသလို ဝင့်ကြွားချင်တဲ့စိတ်ကို ဖျောက်ဖျက်ပစ်နိုင်မှ ဖြစ်မှာပါ"

အဘိုးကြီးဟူစန်းက ဝင်းမာသော မျက်နှာထားကြီးဖြင့် ဆိုပြန်သည်။

"အေး...မင်းပြောတာ ဟုတ်တယ်၊ တစ်ချိန်လုံး ဟိုကောင်...ကို မျက်နှာသာပေးတာ ငါမတွေ့ရဘူး၊ ဒါနဲ့ မင်းဂါစွကို ဘယ်တော့...ဖြေရှင်းမှာလဲ၊ မင်းလောက်စိတ်ရှည်တဲ့လူ ငါမတွေ့ဖူးသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



လီထိကျင်းက သက်ပြင်းတစ်ချက်ချကာ...

"ဘယ်အလုပ်မျိုးမဆို ခေါင်းအေးအေးထားပြီး လုပ်ရမယ်ဆိုတာ ကျွန်တော် သင်ခန်းစာရခဲ့ပါပြီ၊ အသက်နဲ့ရင်းပြီး သွေးနဲ့စကားပြောနေတဲ့ သိုင်းလောကအတွင်းမှာ ခေါင်းအေးအေးနဲ့လုပ်ရမယ်ဆိုတာ ကျွန်တော်သဘောပေါက်ခဲ့ရပါပြီ"

အဘိုးကြီးက ခေါင်းတညိတ်ညိတ်လုပ်နေသည်။

"အေး...မင်းပြောတာလည်း ဟုတ်ပါတယ်၊ မင်းဖခင်ကြီးရဲ့စရိုက် အပြည့်အဝရှိနေတယ်၊ စိတ်ရှည်ပုံလည်း မင်း ဖခင်ကြီးအသက်ထင်ရှားရှိစဉ်က အတိုင်းပါပဲ"

"ဒါကြောင့် ပြောတာပေါ့ ဘဘဟူ၊ ကျွန်တော် ဆယ်နှစ်ဆယ်မိုး စောင့်လာခဲ့ပြီးမှတော့ ဆယ်ရက်ဆယ့်ငါးရက်လောက်မှမစောင့်နိုင်ဘဲ နေပါ့မလား"

အဘိုးကြီးဟူစန်းက လီထိကျင်းအား ချီးကျူးလေးစားသွားပြီးသူ့ဖခင်၏အဖြစ်ဆိုးကြမ္မာဆိုးကို တွေးမိကာ အလွန်ကရုဏာသက်သွားပြီး မျက်ရည်များပင် ရစ်ဝဲမိတော့၏။

ထို့နောက် အဘိုးကြီးစန်းမှာ လီထိကျင်းအား ဆက်လက်အနားယူနေရန်ပြောပြီး အခန်းအပြင်သို့ထွက်ခွာသွားလေတော့သည်။

အဘိုးကြီးဟူစန်း၏ နောက်ကျောပြင်ကို လီထိကျင်း ငေးစိုက်မှာကြည့်ရင်း စိတ်မကောင်းဖြစ်နေရှာသည်။

ထိုအချိန်မှာပင် လူတစ်ယောက်အခန်းရှေ့မှ ဖြတ်သွားသည်ကိုတွေ့လိုက်ရ၏။

ဖြတ်ကူးသွားသောသူမှာ ပိန်ပိန်ရှည်ရှည်နှင့် သက်လတ်ပိုင်းရှိ လူတစ်ယောက်ဖြစ်သည်။

ထိုလူ၏ နှုတ်ခမ်းမွေး တစ်ဖက်စွန်းတွင် မှဲ့ရှိ၏။

လီထိကျင်းက အဘိုးကြီးဟူစန်းထွက်သွားသည်ကို အခန်း



ခါးမပိတ်ဘဲ ဤအတိုင်းထားခဲ့သောကြောင့် အပြင်ဘက်မှလူမှာ မှတ်တမဲ့ ကြည့်သွားခြင်းဖြစ်သည်။

လီထိကျင်းအား တစ်ချက်ကြည့်လိုက်ပြီး ထိုလူသည် ရှေ့သို့ဆက်လက်လျှောက်လှမ်းထွက်သွား၏။

စဉ်းစားတွေးတောနေမှုတွင် နစ်မျောနေသော လီထိကျင်းမှာမူထိုလူပိန်ရှည်အား သတိထားမိခြင်း မရှိ။

❑ ❑ ❑

ဟူကျိုတည်းခိုခန်းသားရှိ ဆေးကြားလေးတစ်ခုမှ မြင်းတစ်စီးလျင်မြန်စွာ ပြေးထွက်သွားသည်။

ထိုပြေးထွက်သွားသော မြင်းပေါ်တွင်မူ ပိန်ပိန်ရှည်ရှည် လူတစ်ယောက် စီးနင်းလိုက်ပါသွား၏။ ထိုလူ၏ နှုတ်ခမ်းမွေးတစ်ဖက်စွန်းတွင် မှဲ့တစ်လုံးရှိသည်။

မြင်းစီးသမားမှာ မကြာမီ ကျောက်ကျားကျိုရွာပြင်သို့ ရောက်လာသည်။

နောက်ထပ် နာရီဝက်ခန့်ကြာသောအခါ မြင်းစီးသမားသည် လျောင်းရန်မြို့လေးသို့ ရောက်လာသည်။

လျောင်းရန်မြို့လေးမှာ သေးငယ်သော မြို့လေးဖြစ်လင့်ကစား လူစည်ကားသော မြို့လေးဖြစ်သည်။ အဝင်လမ်းမှာပင် လူအများလူစည်ကားနေသည်ကို တွေ့ရ၏။

မြင်းစီးသမားသည် မြို့လေး၏ အရက်ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်လာကာ မြင်းပေါ်မှဆင်း၍ အရက်ဆိုင်ထဲသို့ဝင်သွားသည်။

ကောင်တာစားပွဲမှလူအား မြင်းစီးသမားက ခပ်စူးစူးကြည့်ပြီး မေးလိုက်သည်။

"ဒီမှာ ဝါစန်းရှိသလား"

www.burmeseclassic.com

www.burmeseclassic.com



ကောင်တာမှလူ စကားမပြန်ခင်တွင် ကောင်တာနောက်ရှိ အခန်းထဲမှ လူတစ်ယောက်ထွက်လာသည်။

ထိုထွက်လာသော လူက...

"မိတ်ဆွေက ဘယ်သူ့ကို တွေ့ချင်တာလဲ"

ထိုလူမှာ အသားလတ်လတ်နှင့် သူဌေးသားတစ်ယောက်၏ ဟိတ်ဟန်မျိုးရှိသည်။ သူ၏အဝတ်အစားများမှာ အနက်ရောင်ဝတ်စုံ တို့ကို ဝတ်ထားသည်။

မြင်းစီးလာသူက...

"ကျုပ် ခင်ဗျားကိုပဲ လာရှာတာဖြစ်ပါတယ်"

"ဟော...မင်းက ဘယ်ကနေ ဒီကိုရောက်နေတာလဲ"

မြင်းစီးသမားလူလတ်၏ နာမည်မှာ ခိုင်ဟော့လော့ဖြစ်၏။ ထိုလူနာမည်၏အဓိပ္ပာယ်မှာ ပျော်ပျော်နေ သေခဲ ဟု အဓိပ္ပာယ်ရ၏။ သူတို့နှစ်ယောက် စားပွဲတစ်လုံးတွင်ထိုင်ကာ ဝါစန်းက ခိုင်ဟော့လော့အား မေး၏။

"မင်း ဒီနေ့အားလို့ မြို့ထဲကို လာတာလား"

"ဟုတ်တယ်၊ ကျုပ် မင်းဆီပဲ လာတာဖြစ်တယ်"

"ဘာလဲ...နောက်ထပ်အလုပ်တစ်ခု ဆက်မပြန်ပြီလား၊ ဒါဆိုရင် တို့က ရှောပတ္တမြား၊ ရှောနဂါးဝဲ၊ ငါတို့မြို့သားတွေက မလိုပါဘူးကွာ၊ ဒါနဲ့ မင်းအလုပ်က ဘယ်လောက် တန်သလဲ"

မြင်းစီးသမား ခိုင်ဟော့လော့က ခပ်တည်တည်နှင့်...

"ငွေစ တစ်ထောင်တိတိပါပဲ၊ လျှော့လည်း မပြောဘူး ပိုလည်း မပြောဘူး"

"ဟာ...မင်းပြောတဲ့ဈေးက မများဘူးလား"

"ကျုပ် ဘယ်တုန်းက ပိုပြောဖူးလို့လဲ၊ ကျုပ်မိတ်ဆွေတွေဆီက ဘယ်တော့မှ ပိုမတောင်းပါဘူးဗျာ"



"ကောင်းပြီ...ဘာပစ္စည်းဆိုတာ ပြောပါ"

ခိုင်ဟော့လော့က အားနာသည့်ဟန်ပြုပြီး...

"ဒါတော့ အားနာပါတယ်ဗျာ၊ ခုအလုပ်က အလျှင်အလုပ်နဲ့ မတူဘူး၊ ဒါကြောင့် ပစ္စည်းဝယ်ယူမယ့် ဘဘကြီးနဲ့ တိုက်ရိုက်တွေ့ပြီး အရောင်းအဝယ် လု[illegible]တယ်"

ဝါစန်းက [illegible] အနည်းငယ်ထွက်ကာ...

"မင်းက ကျုပ်ကို အထင်သေးလို့လား"

"ကျုပ် စကားတစ်ခွန်းပြောချင်ပါတယ်၊ ကျုပ်ကိုလည်း စိတ်မဆိုးပါနဲ့၊ ခုအရောင်းအဝယ်က နောင်ကြီးဝါစန်းလည်း ဝယ်နိုင်မယ် မထင်ဘူး"

"ဘာပဲဖြစ်ဖြစ် ပစ္စည်းရဲ့အမျိုးအစားကို ငါသိချင်တယ်"

ခိုင်ဟော့လော့က ဘာမှပြန်မပြောဘဲ စားပွဲမှ ထလိုက်၏။

ဝါစန်း ဒေါသထွက်ကာ ခိုင်ဟော့လော့၏ လက်ကောက်ဝတ်တစ်ဖက်ကို လှမ်း၍ဆုပ်ကိုင်ကာ ဖမ်းဆွဲထား၏။

ခိုင်ဟော့လော့က ကြောက်လန့်ပုံမပြဘဲ...

"နောင်ကြီးဝါစန်း...ကျုပ်ဟာ ဒီလုပ်ငန်းနဲ့ စီးပွားရှာနေတယ်ဆိုတာ သိဖို့ကောင်းပါတယ်။ တကယ်လို့ ကျုပ်နဲ့ခင်ဗျား တိုက်ခိုက်ကြလို့လည်း ဘာမှ အကြောင်းထူးမှာ မဟုတ်ပါဘူး၊ နာမည်ပျက်ရုံပဲ ရှိပါတယ်"

ဝါစန်းက မခံချိမခံသာဖြစ်နေသော်လည်း ခိုင်ဟော့လော့ ပြောသောစကားမှာ မှန်ကန်နေသဖြင့် ဖမ်းဆွဲထားသော လက်ကောက်ဝတ်ကို လွှတ်ပေးလိုက်၏။

ခိုင်ဟော့လော့က ဘာမှမပြောတော့ဘဲ အရက်ဆိုင်လေး၏ပြင်ဘက်သို့ ခပ်တည်တည်ထွက်လာခဲ့သည်။

ဝါစန်းက ခိုင်ဟော့လော့၏ ဘေးမှဖြတ်ကျော်ကာထွက်သွားပြီး

www.burmeseclassic.com



လှည့်မကြည့်ဘဲ သူ့နောက်သို့လိုက်ခဲ့ရန်ပြော၍ ဝါစန်းရှေ့မှ ဦးဆောင်ထွက်သွားလေတော့သည်။

ခိုင်ဟော့လော့က ဝါစန်း၏နောက်မှ ကျေနပ်ပီတိဖြစ်သောအပြုံးနှင့် အေးအေးဆေးဆေး လိုက်သွားလေတော့သည်။

ဝါစန်းက ခိုင်ဟော့လော့အား အရက်ဆိုင်ကြီးတစ်ဆိုင်အား ဦးဆောင်ခေါ်သွား၏။

အရက်ဆိုင်ကြီးမှာ နှစ်ထပ်ဖြစ်ပြီး ဆိုင်၏နာမည် စာလုံးကိုလည်း ရွှေစာလုံးကြီးများဖြင့် ကြီးကျယ်ခမ်းနားစွာ ရေးထိုးထားသည်။

ဝါစန်းက တံခါးဝရှေ့သို့ ရောက်လာသည်နှင့် အထဲမှလူနှစ်ယောက်ထွက်လာကာ ဝါစန်းနှင့် တီးစကားပြောဆိုနေကြသည်။

ခဏကြာလျှင် ဝါစန်းက ခိုင်ဟော့လော့အား လှမ်းခေါ်လိုက်ပြီး အရက်ဆိုင်ကြီး၏ အခန်းတစ်ခန်းအတွင်းသို့ ခေါ်ဆောင်သွားသည်။

ထို့နောက် ဝါစန်းက ခိုင်ဟော့လော့အား...

"ဒီနေ့ ငါတို့ရဲ့ တတိယဦးကြီးက တို့ကို ထမင်းဖိတ်ကျွေးဖို့ စီစဉ်ထားတယ်၊ သူ့ကိုပါ သွားအကြောင်းကြားလိုက်ဦးမယ်၊ မင်းဒီမှာ ခဏစောင့်နေခဲ့ ဟုတ်လား"

ပြောပြီးသည်နှင့် ဝါစန်း အခန်းအပြင်သို့ထွက်သွားသည်။

အခန်း၏အပြင်အဆင်မှာ အတော်ပင်သန့်ပြန့်၍ အထက်တန်းကျလှသည်။ ဤအခန်းသည် အလုပ်နှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးကြရာတွင် အသုံးပြုသော အခန်းဖြစ်မည်ဟု ခိုင်ဟော့လော့ မှတ်ချက်ချလိုက်၏။

ခိုင်ဟော့လော့က စားပွဲပေါ်မှ အဖိုးတန် ကြွေကရားလေးတွင်ရှိ လက်ဖက်ရည်အကောင်းစားများကို ငှဲ့၍ဖိမ်ခံသောက်နေရင်း ဝါစန်းတို့အား စောင့်နေ၏။ မကြာမီ အခန်းတံခါးပွင့်လာကာ လူနှစ်ယောက်ဝင်လာကြသည်။ နောက်မှ လိုက်လာသူမှာ ဝါစန်းဖြစ်သည်။



ရှေ့မှလူကြီးမှာ သူဌေးဟိတ်ဟန်အပြည့်နှင့် လျှောက်လှမ်းဝင်လာသည်။ လူကြီးမှာ ဝဝဖိုင့်ဖိုင့်နှင့် မျက်လုံးမှေးမှေးဖြစ်သည်။

လူကြီး၏ ဘယ်ဘက်လက်သူကြွယ်တွင် အဖိုးတန် ကျောက်စိမ်းလက်စွပ်တစ်ကွင်း ဝတ်ထား၏။

ခိုင်ဟော့လော့က လက်ဖက်ရည်ကြမ်းသောက်နေရင်းမှ သူတို့နှစ်ယောက်ကိုကြည့်ကာ တစ်ချက်ညည်းညူလိုက်၏။

"အင်း...ဆင်းရဲသားဆိုတာ ဒီလိုအဖိုးဟန် လက်ဖက်ရည်ကြမ်းကို တွေ့တုန်းကြုံတုန်း ဖိမ်ခံသောက်နေတုန်း ဦးလေးကြီးတို့က ရောက်လာကြပြီကိုး"

ဝဝဖြိုးဖြိုးလူကြီးက ခိုင်ဟော့လော့အား လက်မြှောက်ပြကာ...

"သောက်ပါ...သောက်ပါ၊ ဒီဆိုင်မှာ လက်ဖက်ရည်အကောင်းစားကို ပိုက်ဆံပေးသောက်စရာ မလိုပါဘူး၊ မင်း ဝအောင်သာသောက်ပါ"

ထို့နောက် ခိုင်ဟော့လော့ထိုင်နေသော စားပွဲတွင် သူတို့နှစ်ယောက် ဝိုင်းထိုင်ကြရင်း ဝါစန်းက ပြောလိုက်သည်။

"ကဲ...ခိုင်ဟော့လော့ ငါတို့ဦးကြီးက သိပ်အချိန်ရတာ မဟုတ်ဘူး၊ မင်းရဲ့အလုပ်စကားကို ပြောပေတော့"

ဝဝဖြိုးဖြိုးလူကြီးကလည်း...

"မင်း ပစ္စည်းကောင်းကောင်း တွေ့ထားတယ်ဆို၊ အရောင်းအဝယ် ဖြစ်နိုင် မဖြစ်နိုင်ဆိုတာကိုပဲ ငါသိချင်တယ်၊ တကယ်လို့ တန်ရာတန်ဖိုးရှိမယ်ဆိုရင် ကျုပ်က ငွေစတစ်ထောင်မပြောနဲ့... တစ်သောင်းလည်း မမှုဘူး"

ခိုင်ဟော့လော့က ပီတိဖြစ်နေသော မျက်နှာကြီးကို အချိုသာဆုံးဖြစ်အောင် ပြုံးလိုက်ပြီး...

"ဟုတ်ပါတယ်...ဦးလေးနဲ့ကျွန်တော် အလုပ်သာလုပ်ကြတာ

www.burmeseclassic.com

www.burmeseclassic.com



ကြာပါပြီ၊ ဦးလေးအကြောင်း ကျွန်တော် ကောင်းကောင်းသိထားပါတယ်၊ တစ်ခုတော့ရှိတယ်၊ အခုဟာကပစ္စည်းမဟုတ်ဘူး၊ လူဖြစ်နေပါတယ်"

"ဟော...လူ...လူ ဟုတ်လား"

"ဟုတ်ပါတယ်၊ ငွေတစ်ထောင်တိတိ တန်ဖိုးရှိတဲ့ လူပါ"

"အေး...ငါတို့ညီအစ်ကိုတွေ အလုပ်လုပ်လာခဲ့တာ ပစ္စည်းအရောင်းအဝယ်ပဲ၊ ခုတော့ မင်းပစ္စည်းက လူဆိုတော့ အတော့်ကိုဆန်းနေပါလား"

"ဟုတ်တယ်၊ သူ့ကိုတော့ ဦးတို့ညီအစ်ကိုတစ်တွေ စိတ်ဝင်စားမှာ၊ ကျွန်တော် ဒီလောက်အထိသိထားရင် အချိန်ကုန်ခံပြီး ဦးတို့ဆီ မလာပါဘူး၊ အဲဒီလူက ဦးတို့အတွက် အမြတ်ထုတ်နိုင်ရုံမကဘူး၊ သူနဲ့ပတ်သက်ပြီး အကျိုးအမြတ် အများကြီးရနိုင်ပါတယ်"

ဝဝဖြိုးဖြိုးလူကြီးက စိတ်ဝင်စားလာကာ...

"ဆိုစမ်းပါဦး...မင်းလူက ဘယ်လိုလူမျိုးမို့လဲ"

ခိုင်ဟော့လော့က လူဝကြီးအား စကားဖြင့်မဖြေဘဲ ဟန်အမူအရာဖြင့် နောက်ကျောမှ ဓားကိုဆွဲထုတ်ပြလိုက်သည်။

လူဝကြီး ရုတ်တရက် ထိတ်လန့်သွားကာ...

"သြော်...လေပြင်းဓားသမား ထိလူဟုန်းလား"

ခိုင်ဟော့လော့က ချီးကျူးသည့်ဟန်ဖြင့်...

"ဦးလေးက မျက်စိလျင်သားပဲ"

ဝါးစန်းက ကြားဖြတ်၍...

"ခု သူဘယ်မှာလဲ"

ခိုင်ဟော့လော့က စကားမပြန်ဘဲ ပြုံးနေပြီး အတန်ကြာမှ လူဝကြီးက...

"ခိုင်ဟော့လော့...ငါတို့ညီအစ်ကိုတစ်တွေဟာ လေပြင်းဓား



သမား ထိလူဟုန်းနဲ့ ဘာမှ ရန်စမရှိခဲ့လို့ သူ့အပေါ် တို့ဘာမှ စိတ်ဝင်စားမှု မရှိပါဘူး"

ခိုင်ဟော့လော့က အေးဆေးသောအမူအရာဖြင့်...

"လေပြင်းဓားသမား ထိလူဟုန်းနဲ့ ဦးလေးတို့လို ကုန်သည်ကြီးတွေဟာ ကမ္ဘာ့ရန်ဆိုတာ ကျွန်တော် သိထားပါတယ်။ ဦးလေးတို့ ရန်စမရှိပေမယ့် ထိလူဟုန်းရှိနေသရွေ့ ဦးလေးတို့ ရင်တာမဖြစ်နေရပြီး အမြဲထိတ်လန့်တုန်လှုပ်နေမယ်ဆိုတာတော့ ဦးလေး ငြင်းလို့မရနိုင်ပါဘူး"

လူဝကြီးမှာ ထိတ်ခနဲဖြစ်သွားကာ...

"ဒီလိုဆိုတော့ သူက ကျုပ်တို့ လျောင်းတုန်းနယ်ထဲမှာ ဝင်ရောက်နေပြီပေါ့"

ခိုင်ဟော့လော့က ချည်ပြီး တုပ်ပြီးသဘောနှင့်...

"ဘယ်သိနိုင်မှာလဲ၊ ကျွန်တော်သာဆိုရင် ကိုယ့်ရဲ့ လုံခြုံရေးအတွက် သူမအမှုမဲ့အမှတ်မဲ့ရှိနေချိန်မှာ ကိုယ်က ဦးအောင် အလျင်ဆုံး လုပ်ထားလိုက်မယ်၊ အဲဒါမှ ဘေးရန်ကင်းရှင်းပြီး စိတ်ချနိုင်မှာပေါ့"

ခိုင်ဟော့လော့က လူဝကြီးကို အကဲခတ်သလိုကြည့်ပြီး ဆက်ပြောပြန်သည်။

"နောက်တစ်ချက်က သူ့ကို သက်ဆိုင်ရာကို ဖမ်းပို့လိုက်မယ်ဆိုရင် အနည်းဆုံး ဆုငွေတစ်သောင်းထက်မနည်း ရနိုင်တယ်၊ ဒီလိုတစ်ချက်ခုတ်နှစ်ချက်ပြတ်အလုပ်မျိုးဟာ မကောင်းဘူးလား"

ဝါစန်းက ခိုင်ဟော့လော့အား ခပ်တည်တည် စိုက်ကြည့်ကာ...

"ဒီလောက်ကောင်းတဲ့ကိစ္စတစ်ခုကို ဘာဖြစ်လို့ တို့ဆီလာပြောနေရသလဲ၊ မင်းဘာသာ မင်းလုပ်လိုက်ရင် ပိုမကောင်းဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ခိုင်ဟောလော့က…

"အမှန်ပြောရရင် ကျုပ်လိုလူမျိုးဆယ်ယောက်ပေါင်းပြီး သူ့ကို ယှဉ်မယ်ဆို မလွယ်သေးပါဘူး၊ ဒီက ဦးလေးတို့ကတော့ အုပ်ရှုတောင့်တင်းတာကြောင့် ဖြစ်နိုင်ပါလိမ့်မယ်"

လူဝကြီးက…

"ကျုပ်ဟာ အလုပ်တစ်ခုကိုလုပ်ရင် ဝေဖန်ပိုင်းခြားပြီး ပိုင်မှ လုပ်တတ်တယ်ဆိုတာ မင်းလည်း သိတယ် မဟုတ်လား၊ ကျုပ် နိုင်တယ်ဆိုရင် ဘယ်သူတားလို့မှ မရဘူး၊ မတတ်နိုင်တဲ့ကိစ္စဆိုလည်း ဘယ်လိုပဲပြောပြော ကျုပ်မလုပ်ဘူး"

နောက်တစ်ချက်က ထိလူဟုန်းကို တရုတ်ပြည်တောင်ပိုင်းမှာ ယှဉ်နိုင်တဲ့လူမရှိဘူး၊ ငါတို့မြောက်ပိုင်းက လျောင်းတုန်းနယ်မှာလည်း သူ့ကိုယှဉ်နိုင်မယ့်လူ ရှိမှာမဟုတ်ဘူး"

ခိုင်ဟောလော့က စိတ်ပျက်ခြင်းမရှိဘဲ ရီသွဲ့သွဲ့ပြုံးကာ…

"ဒီလိုဆိုလည်း ပြီးတာပါပဲ၊ ဦးလေးတို့က အမြတ်အစွန်း ရမယ့်အလုပ်ကို ဆက်ပေးပြန်တော့လည်း အတင်းတွန်းဖယ်နေတာ ကိုး၊ မလိုချင်ကြရင် မလုပ်ဘဲနေကြရုံပဲရှိတယ်၊ ဒါဆို ကျွန်တော် က ထိလူဟုန်းကို သွားအကြောင်းကြားလိုက်ရုံပဲပေါ့"

ဝါစန်းက မျက်လုံးပြူးကာ ခိုင်ဟောလော့အား ဝင်ရောက် တိုက်ခိုက်မည်ပြုလိုက်စဉ် လူဝကြီးက လှမ်းတားလိုက်ပြီး…

"အရမ်းမလုပ်နဲ့၊ အချင်းချင်းစကားများနေရင် ငါတို့လျောင်းတုန်းနယ်မှာ အမြတ်အစွန်းရမယ့် လမ်းပေါက်ပိတ်သွားတာက အရေး မကြီးဘူး၊ ငါတို့ ညီအစ်ကိုတစ်တွေ ဒီနေရာက ထွက်ပြေးသွား ရမယ့်အကြောင်းတွေ ရှိနေတယ်၊ ဝါစန်း မင်းအသာနေစမ်း"

ထို့နောက် လူဝကြီးက သူ့ဘယ်လက်သူကြွယ်မှာ ဝတ်ထားသော ကျောက်စိမ်းလက်စွပ်ကိုချွတ်ကာ စားပွဲခုံပေါ်ပစ်တင်လိုက်၏။



"ကျုပ် စကားမတည်မှာစိုးရင် ဟောဒီလက်စွပ်ကို ယူထားပြီး နောက်သုံးရက်ကြာတဲ့အခါ တို့ပိုင်တဲ့ ဟီးငွေတိုက်မှာသွားပြီး ငွေစ တစ်ထောင်နဲ့ သွားရောက်လဲယူနိုင်တယ်"

လူဝကြီး၏စကားဆုံးသည်နှင့် ခိုင်ဟောလော့က စားပွဲပေါ်မှ ကျောက်စိမ်းလက်စွပ်ကို ကောက်ယူကာ သိမ်းဆည်းလိုက်၏။

"ကဲ…ဒီလူဘယ်မှာရှိတယ်ဆိုတာ ကျွန်တော်ပြောမယ်၊ သေသေချာချာမှတ်ထားပါ၊ လေပြင်းဓားသမားထိလူဟုန်းဟာ အခု ကျောက်ကျားကျိုရွာကြီးရဲ့ ဟူကျိုတည်းခိုစားသောက်ဆိုင်မှာ ရှိနေ ပါတယ်"

ပြောပြောဆိုဆို အရက်ဆိုင်ကြီး၏ သီးသန့်ခန်းအတွင်းမှ အကြိသမား ခိုင်ဟောလော့ ခပ်တည်တည်ပင် ထွက်ခွာသွားလာ ခဲ့လေသည်။

ခိုင်ဟောလော့၏ ခေါင်းထဲဝယ် လေပြင်းဓားသမား ထိလူ ဟုန်းအား လူဝကြီးတို့ မဖမ်းဆီးနိုင်မီ သက်ဆိုင်ရာ အာဏာပိုင် များထံ အကြောင်းကြား၍ ဆုငွေကို ကြားမှဖြတ်ထုတ်ယူရန် စိတ်ကူး ထားခဲ့၏။

ထို့ကြောင့် ခိုင်ဟောလော့၏စိတ်ထဲဝယ် ငွေပုံကြီးကိုသာ မြင်ယောင်နေမိတော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

မိုးချုပ်စပင် ပြုနေပြီ။

တောင်ခြေတစ်ဝိုက်တွင် အခြားနေရာများထက် စောစီးစွာ မှောင်မည်းနေ၏။

ကျောက်ကျားကျီရွာကြီးထဲမှ အိမ်များပင် မီးများထွန်းညှိထားကြရလေပြီ။

ကလေးငယ်တစ်သိုက်မှာမူ အိမ်ရှေ့ကွက်လပ်ကျယ်ကြီးများတွင် ဆော့ကစားနေကြသည်။

သူတို့၏ အပူအပင်ကင်းမဲ့စွာရှိသော ဘဝကိုကြည့်၍ အားကျချင်စရာပင် ဖြစ်သည်။

ကျောက်ကျားကျီရွာကြီးမှာ အေးချမ်းငြိမ်သက်စွာရှိနေသည်။ မကြာမီ ထိုရွာကြီး၌ အန္တရာယ်များ ကျရောက်လာတော့မည်ကို မည်သူတစ်ဦးတစ်ယောက်မျှ သိရှိကြမည်မထင်။

ပန့်စန်ဖိန်ခြံကြီး၏ အနောက်ဘက် မှောင်မည်းလှသော သစ်တောထဲဝယ် အမှောင်ထုက ပို၍စိုးမိုးနေချေပြီ။

ထိုမှောင်မည်းလှသော သစ်တောတစ်နေရာတွင် ပန့်စန်ဖိန်ခြံထဲမှ စံအိမ်တော်ကြီးတွင် ရောက်ရှိနေသော လီရှောက်ကွမ်းမှာ တစ်စုံတစ်ဦးကို စောင့်မျှော်နေသည့်အလား လမ်းလျှောက်၍ စောင့်ဆိုင်းနေသည်။



လီရှောက်ကွမ်းမှာ တစ်စုံတစ်ခုအတွက် စိတ်ပူပင်နေဟန်လည်း ရှိနေပုံရသည်။

လီရှောက်ကွမ်း၏ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာမှ တစ်စုံတစ်ရာသောအသံကို ကြားရဟန်ဖြင့် ရပ်တန့်နေလိုက်ပြီး လက်ကိုကာ နားစိုက်ထောင်နေသည်။

မကြာမီ သူ့ရှေ့နှင့် မလှမ်းမကမ်း တောတွင်းတစ်နေရာမှ အေးစက်သော အသံတစ်သံ ပေါ်ထွက်လာခဲ့သည်။

"မင်းဘာဖြစ်လို့ ခုမှလာရတာလဲ"

လီရှောက်ကွမ်းအတုက ဣန္ဒြေဆည်ကာ...

"ကျုပ်ကို ဘာကိစ္စရှိလို့ ဒီနေရာမှာ ချိန်းရတာလဲ"

တောတွင်းမှ လူက...

"အလုပ်ရှိလို့ပေါ့၊ နို့မို့ရင် ကျုပ်ရဲ့အသက်ကိုစွန့်ပြီး မင်းကို ချိန်းခေါ်ပါ့မလား"

"ကိစ္စအထူးရှိရင်ပြောပါ၊ ခင်ဗျား ဘာဖြစ်လို့ အပြင်ထွက်ပြီး စကားပြောရတာလဲ"

"ကျုပ် ဘယ်သူဆိုတာ မင်းမသိစေချင်လို့ပဲ၊ နောက်တစ်ချက်က ကျုပ်ကို လူမြင်မခံရဘူးလို့ အမိန့်ပေးထားတယ်၊ ဒါနဲ့မင်းရဲ့ လုပ်ဆောင်ချက်တွေ အောင်မြင်ကာနီးပြီလား"

လီရှောက်ကွမ်းအတုက တုန်လှုပ်ချောက်ချားသွားပြီး အသံကို ထိန်း၍ ပြန်ပြောလိုက်သည်။

"စိတ်ချပါ... ကျုပ်လက်ထဲရောက်လာတဲ့ကိစ္စမှန်သရွေ့ ချက်ပြားစရာ အကြောင်းမရှိပါဘူး"

"ဒီလိုဆို ကောင်းပါတယ်"

"ဒါနဲ့ ကျုပ်ကိုဘာများညွှန်ကြားလိုက်ပါသေးသလဲ၊ တစ်ဆက်တည်း ပြောရဦးမယ်၊ ကျုပ်ကို ကျောက်ကျီလင်ရဲ့သမီး ရှောင်ယွင်ဟာ

www.burmeseclassic.com

www.burmeseclassic.com



သိပ်နှစ်သက်ပုံမပေါ်ဘူး၊ ခင်ဗျားတို့ ချမှတ်ပေးတဲ့ အစီအစဉ်တစ်ခု မှားများ လွဲမှားနေသလား"

တောထဲမှ လူက...

"ဒီကိစ္စမမှားနိုင်ပါဘူး၊ နို့မဟုတ်ရင် မင်းကို ဘာလို့ ... ဂိုဏ်းချုပ်က ခိုင်းမှာလဲ၊ တစ်ခုရှိတယ်၊ မင်းရဲ့လုပ်နည်းလုပ်ဟန် တစ်ခုခုများ မှားနေသလား"

လီရှောက်ကွမ်းက အနည်းငယ်မခံချင်ဖြစ်သွားကာ...

"ဘာလဲ...ကျုပ်ကို အပြစ်ဆိုချင်လို့လား၊ ဒါဆိုရင် အ... ကတည်းက ကျုပ်ကိုဘာဖြစ်လို့ လွှတ်လိုက်ရတာလဲ"

တောတွင်းမှ လူက လေသံအေးအေးဖြင့်...

"အမှန်ပြောရရင် ဒီလောက်ကောင်းတဲ့အလုပ်မျိုး ရှာလို့တော့ မလွယ်ပါဘူး၊ မင်းက ဒီမှာလာပြီး အထက်တန်းကျကျ နေထိုင် နေထိုင်စားသောက်ရတာ ဘာများပူပင်စရာရှိနေသေးလဲ၊ ပန်း... လှပြီး ချစ်စရာကောင်းတဲ့မိန်းမပျိုလေးက တစ်နေ့လုံး မင်းအနား အဖော်လုပ်ပြီးနေတယ်၊ နောက်ဆုံး အဲဒီမိန်းမလှလေးက မင်း... ကြင်ယာအဖြစ် သိမ်းပိုက်ရတော့မှာကို မင်းကပဲနာသေးတယ်မှ... ထင်နေသလား၊ မင်းရဲ့နောက်ကွယ်မှာလည်း အထောက်အကူပေး... တဲ့လူတွေရှိနေတာပဲ၊ ဒီထက်ကောင်းတဲ့အလုပ် မင်းဘယ်မှာသွား ရှာလို့ ရမှာလဲ"

လီရှောက်ကွမ်းအတုက ဒေါသထွက်ပြီး...

"ခင်ဗျားက ကျုပ်ကို ဆုံးမသွန်သင်နေတာလား"

"ဟုတ်တယ်...မင်းကို ဆုံးမသွန်သင်ညွှန်ကြားနေတာပဲ၊ ... ဘယ်သူဆိုတာ မင်းသိရင် ကျုပ်ပြောတဲ့စကားတွေကို မင်း တစ်သ... မတိမ်း လိုက်နာမှာပါ"

တောထဲမှလူသည် စကားဆုံးသည်နှင့် လီရှောက်ကွမ်းရှေ့...



အရောင်တလက်လက် တောက်ပနေသော ပစ္စည်းလေးတစ်ခု ပစ်ပေးလိုက်သည်။

လီရှောက်ကွမ်းအတုက ထိုပစ္စည်းကို ကောက်ယူကြည့်လိုက်ရာ စိတ်ဓာတ်များ ကျဆင်းသွားသည့်အပြင် ထိတ်လန့်ကြောက်ရွံ့မှုက ကြီးစိုးသွားခဲ့သည်။

ထို့နောက် လီရှောက်ကွမ်းက ခေါင်းငုံ့ပြီး ရပ်နေလိုက်၏။

"ဘယ်လိုလဲ...မင်း ငါ့စကားကို နားထောင်တော့မယ် မဟုတ်လား"

"ဟုတ်ကဲ့...ကျွန်တော် အစက မသိလို့ပါ"

"အေး...ဒီတစ်ခါ မင်းကိုခွင့်လွှတ်လိုက်မယ်၊ ကဲ... နားထောင်၊ မင်းပြန်သွားရင် ကျောက်ကျိုလင်နဲ့ စကားမပြတ်ပြောပါ၊ နတ်ဓားရှင် လီလိန်ဟုန်းရဲ့ သံသေတ္တာလေး မင်းကိုပြန်ပေးဖို့ သဘောတူရင် ပြီးတာပဲ၊ မပေးဘူးဆိုရင် မင်းက ဟိုပစ္စည်းလေးကိုထုတ်ပြပြီး မရအရအကြံပ်ကိုင် တောင်းဆိုပါ၊ နောက်ပြီး သူ့ရဲ့သမီးကိုလည်း မင်း အပိုင်ကဲ့ရမယ် သိလား"

"ဟုတ်ကဲ့...နားလည်ပါပြီ၊ ဒါပေမယ့် သူ့သမီးက ခေါင်းမာနေရင်တော့ လွယ်မယ်မထင်ဘူး"

"မင်းမှာ ငါတို့သင်ပေးထားတဲ့ နည်းလမ်းတွေ အများကြီး ရှိနေသားပဲ၊ အရေးအကြီးဆုံးကတော့ တို့ပေးအပ်တဲ့တာဝန်ကို မင်း ကျေပွန်စွာထမ်းဆောင်ရမယ်၊ ဒါဟာ ငါ့ရဲ့ညွှန်ကြားချက်ပဲ"

"ဟုတ်ကဲ့...ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ်၊ တစ်ခု တော့ ရှိတယ်၊ ဒီရွာထဲမှာ စိတ်မချရတဲ့ လူတစ်ယောက်ရှိနေတယ်၊ သူက သံခေါင်းကြီး ဟူစန်းရဲ့ တည်းခိုခန်းမှာ တည်းခိုနေပါတယ်၊ သူ့ကြည့်ရတာ သိုင်းပညာတော့ သိပ်ဆိုးမယ် မထင်ဘူး"

တောတွင်းမှ လူက...

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူကို ကျုပ်သိပါတယ်၊ သူ့ရဲ့အခြေအနေက ဘယ်လို ရှိလဲ"

"ဘာကြောင့်လဲတော့ မသိဘူး၊ သူ့ကိုတော့ ကျွန်တော် နည်းနည်းစိုးရိမ်မိတယ်"

"မင်းက ခုဆို ကျောက်ကျားကျိုးရွာဟာ မင်းရဲ့ပိုင်နက်ဖြစ်နေ ပြီ၊ မင်းဒီလူကို နှင်ထုတ်လိုက်ပါလား၊ ကဲ...ငါလည်း အချိန်မရှိ တော့ဘူး၊ မင်း ငါခိုင်းတာတွေကို အောင်မြင်အောင်သာ ဆောင်ရွက် ပါ၊ မင်းနောက်မှာ တို့ရှိတယ်ဆိုတာ မင်းသိထားဖို့ လိုတယ်"

ပြောပြောဆိုဆို တောတွင်းမှလူသည် နေရာမှထွက်ခွာသွား လေတော့သည်။ လိရှောက်ကွမ်းမှာ နေရာတွင် ငူငူကြီးရပ်လျက် သား ကျန်ရစ်ခဲ့တော့၏။

❑ ❑ ❑

လိရှောက်ကွမ်း၏နောက်မှ လှုပ်ရှားသံတစ်သံ ထွက်ပေါ်လာ သည်။

လှည့်ကြည့်လိုက်သောအခါ ရှောင်ယွင်ကို တွေ့လိုက်ရ၏။

"အရာရာတိုင်းဟာ အလျင်တုန်းကလို ဘယ် ဟုတ်တော့မှာ လဲ...ပြောင်းလဲကုန်ကြပြီပေါ့"

"ဒါကတော့ အစ်ကိုတစ်ယောက်တည်း ခံစားရတာ မဟုတ် ပါဘူး၊ ကျွန်မလဲ အစ်ကို့လိုပါပဲ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ညီမလေးက လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်အတွင်းမှာ ညီမဖေဖေရဲ့အရိပ်အာဝါသအောက်မှာ ပူပင် သောကမရှိဘဲ နေခဲ့ရတယ်၊ အစ်ကိုကျတော့ ဒုက္ခအမျိုးမျိုး တွေ့ခဲ့ ခဲ့ရပြီး လူ့လောကအလယ်မှာ မျက်နှာငယ် စိတ်ဆင်းရဲခဲ့ရတယ် ဒါကြောင့် အစ်ကိုရဲ့စိတ်သဘောထားက အနည်းနှင့်အများဆိုသလို



နည်းနည်းပါးပါးတော့ ပြောင်းချင်ပြောင်းနေမယ်၊ ဒါကြောင့် အစ်ကိုရဲ့ ပြောမှားဆိုမှားတွေကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

ရှောင်ယွင်မှာ စိတ်ထိခိုက်သွားပြီး စာနာထောက်ထားအားပေး သည့်အနေဖြင့် လိရှောက်ကွမ်း၏လက်ကို အသာအယာဆွဲကိုင်ထား လိုက်သည်။ လိရှောက်ကွမ်းအတွက်လည်း အိပ်မက်မက်ရာမှ လန့်နိုး သူပမာ ရှိဝေသော မျက်လုံးအစုံဖြင့်ကြည့်ကာ 'ရှောင်ယွင်' ဟု တိုးညင်းသော လေသံဖြင့် ကြင်နာစွာ ခေါ်လိုက်မိ၏။

ရှောင်ယွင်က သူ၏လက်ကို အသာအယာ ပြန်ရုပ်လိုက်စဉ် လိရှောက်ကွမ်းက သူမ၏လက်အား ပြန်မရုပ်နိုင်မီ ကြင်နာစွာဖြင့် ပြန်လည်ဆွဲကိုင်ဆုပ်ထားမိ၏။

လိရှောက်ကွမ်းက...

"ရှောင်ယွင်...အစ်ကို ဒီမှာရပ်နေတုန်း တို့ငယ်ငယ် အတူ တကွ ကစားခဲ့ကြတာတွေကို ပြန်ပြီးသတိရမိတယ်ကွာ၊ ညီမကော အစ်ကို့လို သတိရရဲ့လား"

ရှောင်ယွင်က သူမ၏သက်ကလေးကို ပြန်မရုပ်တော့ဘဲ လိရှောက်ကွမ်းအား စိုက်ကြည့်နေမိသည်။

ထို့နောက် ခေါင်းညိတ်ကာ စာနာသောလေသံဖြင့်...

"အစ်ကို့ကို ညီမအမြဲတမ်း ဖေးကူပါ့မယ်အစ်ကိုရယ်၊ ငယ် ငယ်တုန်းက စိတ်မကောင်းစရာတွေ ပြန်တွေးမနေနဲ့တော့ဟုတ်လား"

လိရှောက်ကွမ်းက ရှောင်ယွင် လက်ကလေးကို ခပ်ရွရွလေး ဖျစ်ညှစ်လိုက်ကာ...

"အစ်ကို ဝမ်းသာပါတယ်၊ အစ်ကိုရောက်နေတဲ့ ရက်ပေါင်း လည်း မနည်းတော့ဘူး၊ ခုလို အစ်ကို့အပေါ် သိတတ်မှုလည်းအတွက် ကျေးဇူးတင်ပါတယ်"

ရှောင်ယွင်က လက်ကို အသာအယာရုပ်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ အစ်ကိုရယ်...ညီမတို့ အိမ်ပြန်ကြရအောင်နော်"

လီရှောက်ကွမ်းက ရှောင်ယွင်ပြောသည့်စကားကို မကြားသည့်အလား သူပြောချင်ရာကိုသာ ဆက်လက်ပြောနေပြန်သည်။

"ညီမရယ်...အိမ်မှာနေရတာလောက် ဘယ်နေရာမှမှ သာယာတယ် မရှိပါဘူး၊ အထူးသဖြင့် ကြမ်းတမ်းရှုပ်ထွေးပြီး အန္တရာယ်များလှတဲ့ သိုင်းလောကကြီးရဲ့ အဖြစ်အပျက်တွေကို ညီမ သိမှာမဟုတ်ဘူး၊ အမှန်ပြောရရင် သိုင်းလောကရဲ့ ရှုပ်ယှက်ခတ် နေတဲ့ ဘဝကြီးကို အစ်ကိုရွံမုန်းလာပါပြီ၊ အခုတွေးမိရင် အခုတောင် ကြောက်လာမိတယ်"

ရှောင်ယွင်က မျက်လုံးပြူးသွားကာ...

"ဟုတ်ရဲ့လား အစ်ကိုရယ်၊ ဒီလောက်တောင်ပဲ အခြေအနေ တွေဆိုးနေလို့လားဟင်"

လီရှောက်ကွမ်းက နောင်တရသောလေသံနှင့်...

"ဟုတ်ပါတယ်...ဒီစကားတွေဟာ အစ်ကို့ရင်ထဲက တကယ့် အစစ်အမှန်နဲ့ပြောတဲ့ စကားတွေပါကွယ်"

"ဒါဖြင့် စောစောက ဘာဖြစ်လို့ ညီမကို ဒီအကြောင်းတွေ ပြောမပြတာလဲ"

"စောစောကတော့ အစ်ကိုလိမ်ညာပြီး ပြောခဲ့တာပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဝင့်ကြွားချင်တဲ့ အစ်ကို့ရဲ့စိတ်ကြောင့်ပါ၊ အစ်ကိုဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ဘဝကို အံကြိတ်ပြီး ရုန်းကန်လာခဲ့ရတော့ ပန်းစန်ဖိန်ကို ပြန်လာနိုင်ပြီး ညီမတို့ကို တွေ့ဖို့အတွက် ကြိုးစားခဲ့တယ်လေ၊ ခု အစ်ကို့ရဲ့ကြိုးစားချက်ကြောင့် ညီမကို တွေ့ရပါပြီ ညီမရဲ့ စာနာထောက်ထားမှုကိုလည်း ရခဲ့ပြီ၊ ဒီအတွက် အစ်ကို့ရဲ့ အသက်ကိုတောင် စွန့်လွှတ်ဖို့ ဝန်မလေးတော့ဘူး၊ ညီမကိုတော့ အစ်ကို မစွန့်လွှတ်နိုင်ဘူး"



ရှောင်ယွင်မှာ လီရှောက်ကွမ်း၏စကားကြောင့် စိတ်ထိခိုက်သွားပြီး မျက်ရည်များဝဲကာ အသံတုန်တုန်ယင်ယင်ဖြင့်...

"အစ်ကိုရယ်..."

ရှောင်ယွင် ရှေ့ဆက်မပြောနိုင်ဘဲ ဝမ်းနည်းမှုကို ခံစားနေရ၏။

လီရှောက်ကွမ်းအတုမှာ ရှောင်ယွင်အပေါ် အမှန်တကယ်ပင် မေတ္တာစေတနာများထားမိကာ ချစ်ခင်စိတ်များ ကြီးထွားခဲ့ရလေပြီ။

"ဘဘကြီးကျောက်ကို အစ်ကို ခုပဲသွားပြောတော့မယ်၊ အစ်ကို ဘာမှ မလိုချင်တော့ဘူး၊ အစ်ကို့ဘဝမှာ ညီမတစ်ယောက်ရှိနေရင် အားလုံးပြည့်စုံပါပြီကွယ်"

ရှောင်ယွင်မှာ တစ်ကိုယ်လုံး ဟုန်တုန်ယင်ယင်ဖြစ်သွားကာ ဝမ်းသာလွန်းသည့်အတွက် ကျခဲ့ရသောမျက်ရည်များ ပါးပြင်ပေါ်သို့ စီးကျလာခဲ့ရပြန်သည်။

စိတ်ကောင်းနှလုံးကောင်းရှိပြီး ကြင်နာတတ်သော ရှောင်ယွင်သည် လွန်ခဲ့သော ဆယ်နှစ်ကျော်က လီရှောက်ကွမ်းအပေါ် သူမ အလွန်ချစ်ခင်မြတ်နိုးခဲ့သည်။

လီရှောက်ကွမ်းကို ဆယ်နှစ်ကျော်ကာလအတွင်းမှာ သတိတရ ဖြစ်ခဲ့ရသည်မှာလည်း ရှောင်ယွင်ပင် ဖြစ်သည်။

ယခု လီရှောက်ကွမ်း မမျှော်လင့်ဘဲ ပြန်ရောက်လာခဲ့သော ကြောင့် ရှောင်ယွင်၏ ဝမ်းသာမှုအတိုင်းအတာမှာ ဖော်မပြနိုင်အောင်ပင် ရှိနေခဲ့၏။

လီရှောက်ကွမ်းပြန်ရောက်လာပြီး ယခုကဲ့သို့ ကြင်နာ နွေးထွေးသောစကားများကို ကြားရပြန်သောအခါ ရှောင်ယွင်၏ နှလုံးသားများမှာ အေးချမ်းကြည်နူးမှုကို ခံစားရပြန်သည်။

ငယ်ရွယ်စဉ်အခါက တွယ်တာခဲ့ရသည့် သံယောဇဉ်များက ဆယ်နှစ်ဆယ်မိုးအတွင်း၌ ထွေးမြူလာခဲ့သဖြင့် ခမက္ကာစိတ်တို့က

www.burmeseclassic.com

ရှင်သန်ခိုင်ခဲ့လာခဲ့၏။ ထို့ကြောင့် ရှောင်ယွင်၏ နှလုံးသားမှာ မေ့နိုင်ခြင်း မရှိခဲ့။

ယခု လီရှောက်ကွမ်းက ကြင်နာသောစကားများနှင့် မေတ္တာတရားများကို ဖော်ထုတ်လိုက်သောအခါတွင်မူ...

ရှောင်ယွင်၏ ရင်ထဲ၌ ကိန်းအောင်းနေသော ချစ်မေတ္တာများသည် မီးဟုန်းဟုန်းတောက်လောင်လာသကဲ့သို့ ပေါက်ကွဲထွက်လာခဲ့ရတော့၏။

ထို့ကြောင့် လီရှောက်ကွမ်းအား လွန်ခဲ့သော ရက်ပိုင်းများက ထိုက်သင့်သည့်ပြုစုယုယမှုများ မပြုလုပ်ခဲ့သည်ကိုပင် ရှောင်ယွင် ပြန် နောင်တရမိသည်။

"ကဲ...ညီမရှောင်ယွင်၊ အစ်ကို့ကို စံအိမ်ကြီးကို သွားကြစို့"

ရှောင်ယွင်က မျက်ရည်စက်လက်ဖြင့် ခေါင်းညိတ်လိုက်သည်။

လီရှောက်ကွမ်းက ရှောင်ယွင်၏ ပါးပြင်ပေါ်မှ မျက်ရည်စီးကြောင်းများအား အင်္ကျီစဖြင့် ကြင်နာယုယစွာ သုတ်ပေးလိုက်၏။

လီရှောက်ကွမ်း၏ကြင်နာမှုက ရှောင်ယွင်၏အသည်းနှလုံးကို အရည်ပျော်သွားစေသည်။ ရှောင်ယွင်မှာ စိတ်များလှုပ်ရှားလာပြီး လီရှောက်ကွမ်း၏ ပခုံးထက်တွင် ပါးကလေးကို အပ်ထားလိုက်မိတော့၏။

ဤအချိန်တွင် လီရှောက်ကွမ်းအတွက် စိတ်ရိုင်းများဝင်လာသောကြောင့် အချိန်မီထိန်းသိမ်းကာ ချုပ်တည်းထားလိုက်ရ၏။

ရှောင်ယွင်၏ မေတ္တာတရားများကို လီရှောက်ကွမ်းအနေဖြင့် အောင်မြင်စွာ ရယူနိုင်ခဲ့ပြီ မဟုတ်ပါလား။

နွေးထွေးအေးချမ်းသော ချစ်သူနှစ်ယောက်၏ သာယာလှပသော ညလေးမှာလည်း တရွေ့ရွေ့ကုန်ဆုံးသွားခဲ့လေပြီ။

❑ ❑ ❑

# အခန်း(၇)

ပန့်စန်ဖိန်ခြံကြီး၏ အနောက်ဘက်စာဖတ်ခန်းထဲတွင် မီးရောင်များ ထိန်ထိန်ညီးနေ၏။

ထိုအခန်းမှာ ငွေပြားပစ်ဝိဇ္ဇာ ကျောက်ကျိုလင်၏အခန်းပင်ဖြစ်၏။

သိုင်းသမားကြီး ကျောက်ကျိုလင်မှာ သိုင်းလောကမှ အနားယူလိုက်သည့်အချိန်မှစ၍ စာပေကျမ်းဂန်များကိုသာ မပြတ်လေ့လာကြည့်ရှုရင်း သမီးဖြစ်သူကိုလည်း စာပေများသင်ကြားပေးသည်။

သမီးဖြစ်သူအား မိမိကဲ့သို့ သိုင်းလောကကြီးတွင် အချိန်ကုန်လွန်စေခြင်းမရှိစေရန် ကိုယ်ခံပညာများနှင့် ကျန်းမာရေးအတွက်လောက်သာ သိုင်းပညာသင်ကြားပေးပြီး ကျန်အချိန်များတွင် စာပေများ ဗဟုသုတများကိုသာ သင်ကြားပေးခဲ့၏။

ထိုအခိုက် သမီးဖြစ်သူရှောင်ယွင်နှင့် သားမက်ဖြစ်သူ လီရှောက်ကွမ်းတို့ အခန်းတွင်းသို့ ဝင်လာခဲ့ကြသည်။

ကျောက်ကျိုလင်က အံ့ဩသော မျက်နှာထားဖြင့် လီရှောက်ကွမ်းကိုကြည့်ရင်း သမီးဖြစ်သူအား မေးလိုက်သည်။

"သမီး...ရှောက်ကွမ်းကို ဘယ်မှာတွေ့ခဲ့တာလဲ"

"အစ်ကို ရှောက်ကွမ်း ခြံကြီးရဲ့နောက်ဘက် သစ်တောအုပ်မှာ တစ်ယောက်တည်း လမ်းလျှောက်နေရာတွေ့ရလို့ ခေါ်လာခဲ့ပါတယ် ဖေဖေ"

www.burmeseclassic.com



ကျောက်ကျိုလင်က အံ့သြသွားကာ...

"ရှောက်ကွမ်း...မင်းဘာသွားလုပ်တာလဲ၊ တောကြောင်အော်သံကို သွားနားထောင်တာလား"

လီရှောက်ကွမ်းက ဘာမှပြန်မဖြေ။ ရှောင်ယွင်က လီရှောက်ကွမ်းကိုယ်စား အဖြေပေးလိုက်သည်။

"မဟုတ်ပါဘူးဖေဖေ၊ အစ်ကို ရှောက်ကွမ်းက သူငယ်စဉ်က အဖြစ်အပျက်တွေနဲ့ ပတ်ဝန်းကျင်ရှုခင်းတွေကို သွားကြည့်တာပါ"

"ဟ...ငယ်ငယ်ကအကြောင်းတွေပြန်တွေးနေလို့ ဘာအကြောင်းထူးမှာလဲ ရှောက်ကွမ်း"

လီရှောက်ကွမ်း ရှက်အမ်းအမ်းဖြစ်သွားပြီး မျက်လုံးတစ်ဖက်ပင့်ကာ...

"ကျွန်တော့်ရဲ့စိတ်ထဲမှာ ငယ်စဉ်က အဖြစ်အပျက်တွေက ခုလက်ရှိ ဘဝထက် ပိုကောင်းတာကို တွေးမိလို့ ကျွန်တော် ပြန်ပြီး ငယ်သွားချင်တဲ့ စိတ်တောင် ပေါက်လာမိပါတယ် ဘဘကျောက်"

ကျောက်ကျိုလင်က သဘောကျစွာနှင့်...

"အရူးလေးပဲ၊ လူက ပြန်ငယ်လို့ ဘယ်ရမှာလဲ၊ ငယ်ငယ်က ဖြူစင်တဲ့နှလုံးသားကို ကြီးလာတဲ့အထိ မွေးထားနိုင်ဖို့သာ အဓိကပါကွယ်"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီဖြူစင်သန့်ရှင်းတဲ့နှလုံးသားဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ပျောက်ဆုံးသွားခဲ့ပါပြီ၊ ဒီပန့်စန်ဖိန်ခြံကြီးထဲကို ပြန်ရောက်လာတဲ့အတွက် ကျွန်တော့်ရဲ့ ပျောက်ဆုံးသွားတဲ့ ငယ်စဉ်က ဖြူစင်တဲ့စိတ်တွေဟာ ခုပြန်ပေါ်လာခဲ့ပါပြီဗျာ"

"အေး...ခုလိုကြားရတာ ဘဘကျောက် အထူးပဲ ဝမ်းသာလှတယ်"

"ဟုတ်ကဲ့...ခု ဘဘကျောက်ဆီကို ပြန်လာခဲ့ရတာလည်း



ကျွန်တော် ဘာပစ္စည်းမှ မလိုချင်တော့ပါဘူး၊ ညီမ ရှောင်ယွင်နဲ့ လက်တွဲနိုင်ရင် ကျေနပ်ပါပြီ၊ နောက်ပြီး သိုင်းလောကထဲကိုလည်း ပြန်မဝင်ချင်တော့ပါဘူး"

ကျောက်ကျိုလင်၏ မျက်နှာပေါ်ဝယ် အလွန်အံ့အားသင့်သွားသည့် အမူအရာများ ပေါ်ပေါ်လာကာ သမီးဖြစ်သူ ရှောင်ယွင်၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။

သမီးဖြစ်သူ ရှောင်ယွင်၏မျက်နှာသည် အလွန်တည်ငြိမ်နေကာ ကျေနပ်နှစ်သိမ့်သောအမူအရာများကို တွေ့လိုက်ရ၍ ကျောက်ကျိုလင် အဘိုးကြီး အနည်းငယ်တော့ အံ့သြနေမိသည်။

"ကဲ...မင်းတို့နှစ်ယောက် ထိုင်ကြပါဦး"

လီရှောက်ကွမ်းနှင့် ရှောင်ယွင်တို့မှာ ကျောက်ကျိုလင်၏ ရှေ့တွင် ရှိနေသော ကုလားထိုင်များတွင် ဝင်ထိုင်လိုက်ကြ၏။

ထို့နောက် အဘိုးကြီးကျောက်ကျိုလင်က လီရှောက်ကွမ်းအား သေချာစွာကြည့်လိုက်ပြီး...

"လီရှောက်ကွမ်း...မင်းခုနကပြောတဲ့စကားတွေဟာ အမှန်ပဲလား"

ကျောက်ကျိုလင်၏ မျက်လုံးအစုံမှာ အထူးသဖြင့် အရောင်များတောက်ပလာကာ စူးထက်သော လက်နက်နှစ်ခုဖြင့် ခြိမ်းခြောက်နေကဲ့သို့ မာန်ပါလှ၏။ လီရှောက်ကွမ်းမှာ ဤကဲ့သို့ အကြည့်ခံရမည်ကို စိုးရိမ်ထိတ်လန့်ပြီး ရှောင်နေသော်လည်း ရှောင်၍မရတော့။

ရင်ထိတ်စွာဖြင့် အဘိုးကြီးကျောက်၏ မျက်လုံးများကို ရင်ဆိုင်ကာ အဖြေပေးလိုက်ရတော့၏။

"မှန်ပါတယ်...ဘဘကျောက်ခင်ဗျာ"

"ဟုတ်ပြီ...ငါ့မှာတော့ သမီးတစ်ယောက်ပဲရှိတယ်၊ ဘာမှမရှိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့...ညီမလေး ရှောင်ယွင်ရဲ့ လုံခြုံရေးနဲ့ ဘဝရေးရေးကို ကျွန်တော် တာဝန်ယူဖို့အချိန်လည်းရောက်နေပါပြီ၊ ကျွန်တော်ဟာ လောကရဲ့ ဒုက္ခအကြီးဆုံးနဲ့အဆင်းရဲဆုံးကို ခံစားခဲ့ပြီးပါပြီ၊ ဒါပေမယ့် ရှောင်ယွင်ကိုတော့ ဒီလိုမခံစားရအောင် ကျွန်တော် လုံးဝ တာဝန်ယူ ပါတယ်"

ကျောက်ကျိုလင်က သက်ပြင်းတစ်ချက်ချပြီး...

"ရှောင်ယွင်နဲ့ မင်းကို ပေးစားဖို့ မင်းဖခင်ကြီးနဲ့ငါ ကတိခဲ့ကြပါတယ်၊ ဒါ့ကြောင့် မင်းကို ငါ့သမီးနဲ့ လက်ထပ်ပေးပါ့မယ်"

ရှောင်ယွင်က ခေါင်းငုံ့နေလိုက်သည်။

လီရှောက်ကွမ်းကမူ ဝမ်းသာပီတိဖြစ်နေ၏။

"ကဲ...ရှောက်ကွမ်း ငါ့ရဲ့စကားကို ဆုံးအောင် နားထောင်ပြီးမှ မင်း ငါ့သမီးကို လက်ထပ်ချင် လက်ထပ်နိုင်တယ်"

"ဟုတ်ကဲ့ ဘဘကျောက်၊ ပြောစရာရှိတာကိုသာ ပြောပါခင်ဗျား"

အဘိုးကြီးကျောက်ကျိုလင်က စားပွဲအံဆွဲကိုဖွင့်လိုက်ပြီး အိတ်ကလေးတစ်လုံးကို ထုတ်ယူလိုက်သည်။ အိတ်ကလေးထဲမှ ငွေစများ ထွက်ကျလာသည်။ ထိုငွေစများကို လက်ညှိုးထိုးပြကာ...

"ရှောက်ကွမ်း...ဒီငွေစတွေက ငါ့ကို သိုင်းလောကမှာ နာမည်ကျော်ကြားလာအောင် လုပ်ပေးခဲ့တဲ့ ပစ္စည်းတွေပဲ၊ တစ်နည်းအားဖြင့်ဆိုရင် ဒါလေးတွေဟာ ငွေပြားလက်နက်ပုန်းတွေဆိုလည်း မမှားဘူး ခုချိန်မှာဆိုရင် ငါ့မှာ အဲလို ငွေစလက်နက်ပုန်း ဆယ့်တစ်ခု ကျန်တော့တယ်၊ ပျောက်နေတဲ့ ငွေစလက်နက်ပုန်းတစ်ခု ခုထိ ရှာမတွေ့သေးဘူး၊ ကျန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ပျောက်ဆုံးသွားခဲ့တယ်။

အဲဒီအချိန်မှာ မင်းဆင်းသွားတဲ့ ချောက်ရဲ့ နွယ်ပင်ကြီးဟာ



ငါ့ရဲ့ ငွေစလက်နက်ပုန်းနဲ့ပစ်သလိုပဲ၊ နွယ်ကြိုးတစ်ချောင်းဟာ တုံးကိတိ ပြတ်ပြီး ချောက်ထဲကိုကျသွားခဲ့တာ ငါတွေ့ခဲ့ရတယ်၊ ကိုသွေးသောက် ညီအစ်ကို သိုင်းကိုးဖော်ထဲမှာ ငါတစ်ယောက်တည်း ငွေစလက်နက်ပုန်းပစ်တဲ့ပညာကို တတ်ကျွမ်းထားခဲ့တယ်။

ဒါလောက်ဆို ရိပ်စားမိနိုင်လောက်ပြီလို့ ငါထင်တယ်"

အဘိုးကြီးကျောက်မှာ စကားဆုံးသည်နှင့် လီရှောက်ကွမ်း၏ မျက်နှာကို စူးစိုက်အကဲခတ်ကြည့်ရှုနေသည်။

လီရှောက်ကွမ်းက မျက်နှာအမူအရာ လုံးဝပြောင်းလဲခြင်း မရှိဘဲ သူ့အိတ်ထဲမှ ပစ္စည်းတစ်ခုကို နှိုက်ယူပြီး ညာလက်ဝါးပေါ် တင်၍ ဖြန့်ပြလိုက်သည်။

မမျှော်လင့်ဘဲ လီရှောက်ကွမ်း၏ ညာဘက်လက်ဝါးပေါ်၌ ငွေစလက်နက်ပုန်းတစ်ခု ဘွားခနဲပေါ်ပေါက်လာသည်ကို တွေ့လိုက်ရသည်။ အဘိုးကြီး၏ စားပွဲပေါ်မှ ငွေစလက်နက်ပုန်းနှင့် လီရှောက်ကွမ်း၏လက်ထဲမှ ငွေစလက်နက်ပုန်းမှာ တစ်မျိုး တစ်စားတည်း တစ်ရွယ်တည်း ဖြစ်နေသည်ကို အံ့ဩစွာ တွေ့ရ၏။

ကျောက်ကျိုလင်၏မျက်နှာမှာ ရုတ်တရက် သွေးဆုတ်သွားသလို ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး...

"သြော်...မင်းက ဒီကိစ္စကို သိနှင့်နေတာကိုး၊ အဲဒီတော့ မင်း ငါ့သမီးရှောင်ယွင်နဲ့ လက်ထပ်ဖို့ဆန္ဒရှိသေးရဲ့လား"

လီရှောက်ကွမ်းအတုက ကျောက်ကျိုလင်၏ မျက်နှာကို စူးစိုက်ကြည့်လိုက်ပြီး...

"ကျွန်တော် သိချင်တာက အဲဒီငွေစလက်နက်ပုန်းနဲ့ နွယ်ကြိုးကို ဘဘကြီးကျောက် ပစ်လိုက်တာ ဟုတ်မဟုတ် သိချင်ပါတယ်"

"မဟုတ်ဘူး"

"ဒါဆိုရင် တော်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် လီရှောက်ကွမ်းအတုက သူ့ညာဘက်လက်ထဲမှ ငွေစလက်နက်ပုန်းလေးအား ကျောက်ကျိုလင်၏ငွေစလက်နက်ပုန်းများထံသို့ အသာချပေးလိုက်သည်။

အဘိုးကြီးကျောက်ကျိုလင်၏ စိတ်ထဲတွင် စိတ်ထိခိုက်ဝမ်းနည်းသွားပြီး လီရှောက်ကွမ်းကို မေးလိုက်ပြန်သည်။

"လီရှောက်ကွမ်း...မင်း...မင်း ငါ့စကားကို ယုံကြည်ရဲ့လား"

"ဘဘကျောက်ကို ကျွန်တော် ယုံကြည်ပါတယ်"

ကျောက်ကျိုလင်၏ တစ်ကိုယ်လုံး တုန်ယင်သွားပြီး ခေါင်းတစ်ချက် ညိတ်လိုက်၏။

"ရှောက်ကွမ်း...တို့သွေးသောက် ညီအစ်ကိုတော်တွေထဲမှာ ငါတစ်ယောက်တည်း ငွေပြားလက်နက်ပုန်းပစ်တာကို တတ်ကျွမ်းထားတယ်၊ နောက် မင်း ခိုဆင်းသွားတဲ့ နွယ်ကြိုးဟာလည်း ငါ့ရဲ့ ငွေစလက်နက်ပုန်းနဲ့ထိမှန်ပြီး ပြတ်ကျသွားတယ်၊ ငွေစလက်နက်ပုန်းသုံးတတ်တဲ့သူဟာလည်း ငါတစ်ယောက်ပဲရှိတယ်"

"ဟုတ်ပါတယ်၊ ကျွန်တော် ခိုဆင်းသွားတဲ့ နွယ်ကြိုးကို ငွေလက်နက်ပုန်းနဲ့ အပြတ်ခံလိုက်ရတယ်ဆိုတာ ကျွန်တော်သိပါတယ် ဒါပေမယ့် အဲဒီငွေစလက်နက်ပုန်းဟာ ဘဘကျောက်ကိုယ်တိုင်ပစ်တာ မဟုတ်ဘူးဆိုရင် တော်ပါပြီ"

"ငါပြောတာတွေကိုရော မင်း စိတ်ချယုံကြည်ရဲ့လား"

"ဟုတ်ကဲ့...စိတ်ချယုံကြည်ပါတယ်၊ နောက် ဘဘကျောက်ဟာ ကျွန်တော့်ကို ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ပြုစုစောင့်ရှောက်ခဲ့တာတွေကိုလည်း ကျေးဇူးတင်ပါတယ်"

ထိုအခါမှ အဘိုးကြီးကျောက်ကျိုလင်၏ ရင်ထဲတွင် လေးလံနေသော ကျောက်တုံးကြီးတစ်တုံး လျော့ပါးသွားသလိုခံစားမိကာ သက်ပြင်းရှည်ကြီးချလိုက်၍ တုန်ယင်နေသောအသံဖြင့်...



"ကျေးဇူးတင်ပါတယ် လီရှောက်ကွမ်း၊ ငါ့မှာ ပြောစရာရှိတာ ကုန်ဆုံးသွားပါပြီ"

"ကျွန်တော့်ကို ကျေးဇူးတင်ဖို့မလိုပါဘူး၊ ဘဘကျောက်ကိုသာ ကျွန်တော်က ကျေးဇူးတင်ရမှာပါ"

"မင်း ရှေ့ဆက်ပြီး ဘယ်လိုများအစီအစဉ်ရှိသေးလဲ"

"ကျွန်တော် အပြင်မှာအလုပ်တစ်ခုခုလုပ်ပါမယ်၊ သိုင်းလောကထဲကိုတော့ ပြန်မဝင်ချင်တော့ဘူး၊ သိုင်းလောကရဲ့ အရှုပ်အထွေး သွေးသံရဲရဲကိစ္စတွေကိုလည်း ရင်မဆိုင်ချင်တော့ပါဘူး၊ ရှောင်ယွင်ကိုလည်း ဒီဒုက္ခမျိုးနဲ့တွေ့ကြုံမှာကို ကျွန်တော် မကြည့်ရက်ဘူး"

ကျောက်ကျိုလင်က ခေါင်းတညိတ်ညိတ်ဖြင့်...

"မင်းရဲ့ဆန္ဒက မှန်ပါတယ်၊ ငါလည်း သိုင်းလောကထဲက လူမဟုတ်တော့ဘူး၊ ဒါကြောင့် ငါ့ရဲ့ပန့်စန်ဖိန်ခြံကြီးထဲမှာပဲ မင်းတို့နှစ်ယောက် နေနိုင်ကြပါတယ်၊ တကယ်လို့ မနေချင်ဘဲ တခြားမှာ သီးခြားနေကြမယ်ဆိုလည်း ငါခွင့်ပြုပါတယ်"

"ဟုတ်ကဲ့ ဘဘကျောက်ရဲ့ စေတနာကို ကျွန်တော်လေးစားပါတယ်၊ ကျွန်တော်တို့ တခြားတစ်နေရာမှာပဲ သီးခြားနေပြီး ကိုယ့်ဘဝကိုယ်ချွန် လုပ်ကိုင်စားသောက်လိုပါတယ်"

ကျောက်ကျိုလင်က ဝမ်းသာသွားကာ...

"မင်းရည်ရွယ်ချက်က ယောကျ်ားပီသတဲ့ ရည်ရွယ်ချက်ပါပဲ၊ ကောင်းပါတယ်၊ သမီးရှောင်ယွင်...မင်းရဲ့ဦးဦး နတ်မားရှင် အပ်ထားတဲ့ သံသေတ္တာလေး သွားယူခဲ့စမ်း"

အဘိုးကြီးကျောက်က လီရှောက်ကွမ်းအား ပြောရင်း သမီးဖြစ်သူကို သံသေတ္တာလေးယူရန် တစ်ဆက်တည်း ခိုင်းလိုက်သည်။

ရှောင်ယွင်က သံသေတ္တာလေးယူရန် ထလိုက်စဉ် လီရှောက်ကွမ်းက ရှောင်ယွင်အား လှမ်းတားလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဘဘကျောက်...ကျွန်တော် ပြောခဲ့ပြီးပြီ မဟုတ်လား၊ ကျွန်တော့် လက်ဝါးနှစ်ဖက်ကိုပဲ အားကိုးတကြီး လုပ်ကိုင်စားသောက်ချင်ပါတယ်၊ ဒီ့ပြင် တခြားဘာပစ္စည်းမှ မလိုချင်ပါဘူး"

အဘိုးကြီးကျောက်က ခေါင်းခါယမ်းလိုက်ရင်း...

"မဟုတ်သေးဘူး၊ ဒီပစ္စည်းက မင်းဖခင် ငါ့ကိုအပ်ထားခဲ့တဲ့ ပစ္စည်းပဲ၊ မင်းဖခင်ရဲ့ပစ္စည်းကို မင်းပဲ ရထိုက်ပါတယ်၊ နောက် ဒီသံသေတ္တာလေးထဲက ပစ္စည်းဟာ ငွေစများ ဟုတ်ချင်မှ ဟုတ်မယ်၊ ဒီ့ပြင်ပစ္စည်းလည်း ဖြစ်နိုင်တာပဲ"

"ကျွန်တော် မလိုချင်ဘူး ဘဘကျောက်"

"မဟုတ်ဘူးလေ...ငွေစတွေဆိုရင် မင်း မယူချင်လည်း ထားခဲ့ပေါ့၊ ဒါပေမယ့် တခြားပစ္စည်းဆိုရင်တော့ မင်းယူသွားပါ၊ ဒီပစ္စည်းဟာ မင်းရဲ့အမွေဆိုလည်း မှားမယ်မဟုတ်ဘူး၊ သမီးရှောင်ယွင် အမြန်ဆုံးသွားယူလိုက်ပါ"

ရှောင်ယွင်က စာအုပ်စင်သို့သွားပြီး စာအုပ်စင်၏နောက်ကွယ်မှ လျှို့ဝှက်အံဖုံးတစ်ခုကိုဖွင့်ကာ သေးသေးသွယ်သွယ် သံသေတ္တာလေးတစ်ခုကို ဆွဲထုတ်ယူလိုက်သည်။

သံသေတ္တာလေးမှာ နှစ်ပေါင်း ကြာမြင့်ပြီဖြစ်၍ သံချေးများတက်နေသည်။ သံသေတ္တာလေးတွင် သံချေးများတက်နေသောသော့အိမ်လေးတစ်ခုလည်း တပ်လျက်ရှိနေ၏။ ရှောင်ယွင်က သံသေတ္တာလေးကို လီရှောက်ကွမ်းအား ကမ်းပေးလိုက်သည်။ လီရှောက်ကွမ်းမှာ စိတ်များပင်လှုပ်ရှားနေကာ မယုံဝံ့ ဖြစ်နေ၏။

"ဘဘကျောက် ကျွန်တော်..."

အဘိုးကြီးက ကြားဖြတ်၍...

"ဘာပဲဖြစ်ဖြစ် မင်းဖခင်ရဲ့ ပစ္စည်းကို မင်းကိုပဲပေးရမယ် မင်းယူပါ"



လီရှောက်ကွမ်းမှာ ငြင်းမရသည့်အဆုံး မယူချင့်ယူချင် လှမ်းယူလိုက်၏။ လက်များမှာလည်း တုန်တုန်ယင်ယင် ဖြစ်နေ၏။

လီရှောက်ကွမ်း၏စိတ်များ အလွန်တုန်လှုပ်ချောက်ချားနေလသည်။ သူ မမျှော်လင့်ဘဲ တစ်ခဏအချိန်လေးအတွင်းမှာပင် စိတ်များပြောင်းလဲသွားခဲ့၏။ ယခင်ချိန်ကမူ လီရှောက်ကွမ်းအတွသည် ထိုပစ္စည်းကို အလွန် လိုချင်ပြီး လွယ်ကူစွာမရနိုင်ဘဲ ဖြစ်နေ၏။

ယခု လွယ်လွင့်တကူ ရရှိလာပြန်တော့လည်း သူ့စိတ်များက တုန်ကယင်ဖြစ်ပြီး ချောက်ချားနေသည်ကို တွေ့ရ၏။

အဘိုးကြီး ကျောက်ကျိုလင်မှာ ထိုသံသေတ္တာလေးကို မြင်လိုက်ရသဖြင့် မျက်လုံးအိမ်တွင် မျက်ရည်များစို့လာကာ လွန်ခဲ့သောအတိတ်မှ ဖြစ်ရပ်များ အသစ်ပြန်ဖြစ်လာသ ယိုခံစားလိုက်ရသည်။

ထို့ကြောင့် အသံတုန်ယင် အက်ကွဲဆို့နင့်စွာနှင့်...

"ရှောက်ကွမ်း...မင်းလည်း ဝမ်းနည်းစိတ်မကောင်းဖြစ်မနေနဲ့တော့၊ တရားခံအစစ်ဟာ နောက်ဆုံးတစ်နေ့ပေါ်လာရမှာ မလွဲပါဘူး၊ တရားဥပဒေရဲ့ ဘက်တော်သားတွေက အပြစ်ကို ကျူးလွန်ရင် ဘယ်လို ပုဂ္ဂိုလ်မျိုးဖြစ်ပါစေ၊ သူတို့ရဲ့ ကိုယ်စွမ်းဉာဏ်စွမ်းတွေနဲ့ အသုံးချပြီး မနားမနေ ကြိုးစားဖော်ထုတ်ကြမှာပါ၊ ဒါကြောင့် အမှန်တရားဟာ တစ်နေ့နေ့တစ်ချိန်ချိန်မှာ မလွဲဧကန် ပေါ်လာရမယ်ဆိုတာ ငါရဲရဲကြီး ပြောဝံ့တယ်"

လီရှောက်ကွမ်းမှာ ဤကိစ္စများ သူနှင့်မဆိုင်၍ ထပ်မံမပြောတော့ဘဲ အသာငြိမ်နေလိုက်သည်။

ထိုအခိုက် အခန်းအပြင်ဘက်မှ ခြေသံကြားလိုက်ရ၏။

ခြေသံကြားလိုက်ရသည်နှင့် ကျောက်ကျိုလင်က...

"မင်းတို့ရဲ့ ကုလားအုပ်ဦးဦးလာနေပြီ၊ ဘာကိစ္စများလို့လဲ မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



လီရှောက်ကွမ်းက အံ့သြစွာဖြင့်...

"ဘဘကျောက်...ကုလားအုပ်ဦးဦးမှန်း ဘယ်လိုသိတာလဲ"

"ငါတို့ဟာ နှစ်ပေါင်းများစွာ အတူတကွနေထိုင်လာကြတဲ့ သွေးသောက်ညီအစ်ကိုတွေဆိုတော့ မသိဘဲနေပါ့မလား"

ဤအချိန် အခန်းအပြင်ဘက်မှ အသံတစ်သံ ပေါ်ထွက်လာသည်။

"အစ်ကိုကြီးကျောက်...ညီတော် ရောက်နေပါတယ်"

ရှောင်ယွင်က တံခါးသွားရောက်ဖွင့်ပေးလိုက်သည်နှင့် ကုလားအုပ် မာဇေး အခန်းထဲသို့ ဝင်ရောက်လာခဲ့သည်။

မာဇေး အခန်းထဲဝင်မိသည်နှင့် လီရှောက်ကွမ်း၏လက်ထဲမှ သံသေတ္တာလေးကို လှမ်းမြင်လိုက်သည်နှင့် အံ့သြသွားကာ...

"အစ်ကိုကြီး...ဒီပစ္စည်းက..."

ကျောက်ကျိုလင် မာဇေး၏ စကားမဆုံးခင် ကြားဖြတ်၍ ဝင်ပြောလိုက်သည်။

"သူ့ပစ္စည်း သူ့ပြန်ပေးတာပဲ၊ ညီတော် ဘာများမေးချင်လို့လဲ"

ကုလားအုပ်မာဇေးက ပြုံးစစနှင့် လီရှောက်ကွမ်းကိုကြည့်ကာ...

"တူတော်မောင်ကိုပေးရမှာ ဒီပစ္စည်းတစ်မျိုးတည်းတော့ မဟုတ်ဘူး၊ နောက်တစ်ခုကျန်သေးတယ်"

လီရှောက်ကွမ်းက မာဇေး၏စကားကြောင့် ရှက်သွားကာ ရှက်ပြုံးပြုံးလိုက်၏။ မာဇေးက လီရှောက်ကွမ်းအား ပခုံးတစ်ချက် ပုတ်လိုက်ပြီး ဆက်ပြောနေပြန်သည်။

"ဒီတစ်ခါတော့ ငါက မင်းတို့ရဲ့မင်္ဂလာဦးအရက်သောက်ရတော့မယ်"



မာဇေးစကားကြောင့် လီရှောက်ကွမ်းနှင့် ရှောင်ယွင်မှာ ျက်နှာများ နီရဲသွားကာ ခေါင်းကို အောက်ငုံ့ထားလိုက်ကြ၏။

ကုလားအုပ်မာဇေးက ကျောက်ကျိုလင်ဘက်သို့ လှည့်၍...

"အစ်ကိုကြီး မင်္ဂလာရက် ရွေးပြီးပြီလား"

အဘိုးကြီးကျောက်က ခေါင်းခါယမ်းလိုက်ပြီး...

"မရွေးရသေးဘူး၊ နှစ်ဦးနှစ်ဖက် ပြေလည်နေကြမှတော့ ဒီကိစ္စ ည်းဖြည်းလုပ်လည်း နောက်မကျပါဘူး၊ ကျန်တဲ့ ညီတော်တွေနဲ့ မတော် ဟိုင်ထန်တို့ကို အကြောင်းကြားပြီး လူစုံတော့မှ မင်္ဂလာ က်လုပ်မယ်လို့ ငါစိတ်ကူးထားတယ်"

ကုလားအုပ်မာဇေးက...

"ဆင္ဒမညီတော်နဲ့ နဝမညီမတော်တို့ကတော့ လွယ်ပါတယ်၊ ာ်ယညီတော် ဘယ်မှာရှိတယ်ဆိုတာ အစ်ကိုကြီး သိလို့လား"

"ရပါတယ်...လူလွှတ်စုံစမ်းလိုက်ရင် ရပါတယ်"

"ဒါဆို ကျောက်ပေါက်မရုပ်ဆိုးကိုလွှတ်ပြီး စုံစမ်းခိုင်းရင် ကောင်းဘူးလား"

"အေး...ကောင်းတယ်၊ အဲဒီကိစ္စကို မင်းပဲတာဝန်ယူပေတော့"

"ဟုတ်ကဲ့...ဒါဆိုရင် ကျွန်တော် ခုပဲသွားပြောလိုက်ပါ့မယ်၊ က်မှီးလင်းတာနဲ့ ခရီးထွက်နိုင်အောင် ကျွန်တော် ပြန်ဦးမယ်"

ပြောပြောဆိုဆို ကုလားအုပ်မာဇေး အခန်းအပြင်သို့ ပြန်ထွက် ားသည်။

ကုလားအုပ်မာဇေး အခန်းအပြင်သို့ ထွက်သွားသောအခါမှ ျာက်ကျိုလင်က...

"ကဲ...မင်းတို့နှစ်ယောက် သွားအိပ်ကြတော့၊ ညဉ့်နက်နေပြီ"

လီရှောက်ကွမ်းနှင့် ရှောင်ယွင်တို့နှစ်ယောက် ပခုံးချင်းယှဉ်ကာ တ်ခန်းထဲမှ ထွက်သွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုလားအုပ်မာရေး ဝင်ရောက်လာခဲ့သောကြောင့် ကျောက်ကျိုလင်တို့သားအဖမှာ လီရှောက်ကွမ်းအား သံသေတ္တာလေးဖွင့်နိုင်ဖို့ပင် မေ့သွားခဲ့၏။

အဘိုးကြီးကျောက်က သမီးနှင့်သားမက်တို့အား နောက်ကျောပြင်ကိုကြည့်ကာ စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

"ညီတော် လီလိန်ဟုန်း၊ မင်းရဲ့ဆန္ဒကို ငါဖြည့်ဆည်းဆောင်ရွက်ပေးလိုက်ပါပြီကွယ်"

❑ ❑ ❑

သံသေတ္တာလေးအား ပွေ့ပြီး လီရှောက်ကွမ်း ယူဆောင်သွားခဲ့သော်လည်း သူ့စိတ်ထဲတွင် သံသေတ္တာလေးကို လုံးဝမေ့နေခဲ့၏။

ထို့ကြောင့် ရှောင်ယွင်အား...

"ညီမ အစ်ကို့အခန်းထဲ ခဏဝင်ထိုင်ပါဦးလား"

ရှောင်ယွင်က ဖခင်ကြီးကိုယ်တိုင် လီရှောက်ကွမ်းနှင့်သဘောတူ၍ လက်ထပ်ဖို့ပင် အစီအစဉ်များ ချထားပြီးဖြစ်၍ အမှုမထားတော့ဘဲ လီရှောက်ကွမ်း၏ အိပ်ခန်းထဲသို့ လိုက်ပါသွားရန် ဆန္ဒရှိသော်လည်း...

"ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ပါဘူး...ညီမနဲ့စကားလေးနည်းနည်းပြောချင်လို့ပါ"

သူတို့နှစ်ယောက် လီရှောက်ကွမ်း၏ အိပ်ခန်းထဲသို့ ဝင်ရောက်ကာ စားပွဲနားတွင် ဝင်ထိုင်လိုက်ကြ၏။

အခန်းထဲရှိ မီးရောင်မှိန်မှိန်အောက်တွင် ရှောင်ယွင်၏ နုထွေးထွေး မျက်နှာလေးမှာ ဝင်းပပနှင့် ချစ်စဖွယ်ကောင်းလှ၏ ပို၍ချောလှသည်ဟု လီရှောက်ကွမ်း ထင်မိသည်။



ရှောင်ယွင်သည် စားပွဲပေါ်တွင် တင်ထားသော သံသေတ္တာလေးကို ငေးစိုက်ကြည့်နေရင်း...

"အစ်ကို ရှောက်ကွမ်း...သံသေတ္တာလေးကို ဖွင့်ကြည့်ပါလား၊ အထဲမှာ ဘာရှိတယ်ဆိုတာ သိရတာပေါ့"

လီရှောက်ကွမ်းက ဖြည်းညင်းစွာ ခေါင်းခါယမ်းလိုက်ပြီး...

"ကြည့်လည်း မကြည့်ချင်ဘူး၊ ဒီပစ္စည်းကိုလည်း မယူချင်တော့ပါဘူး"

ရှောင်ယွင်က ကျေနပ်ကြည်နူးစွာပြုံးရင်း...

"အစ်ကို့ရဲ့စိတ်ဓာတ်ကို ညီမ လေးစားချီးကျူးပါတယ်၊ ဒါပေမယ့် ကိုယ့်ဖခင်ရဲ့ပစ္စည်းပဲ အစ်ကိုဘာလို့ မယူချင်ရတာလဲ"

"ဒီသံသေတ္တာလေးဟာ အစ်ကို ရသင့်ရထိုက်တဲ့ပစ္စည်းမဟုတ်ပါဘူး"

ရှောင်ယွင်က အံ့သြသွားပြီး...

"ဘာဖြစ်လို့လဲ...အစ်ကိုရဲ့ဖခင်ပစ္စည်းကို အစ်ကိုမပိုင်ရင် ဘယ်သူပိုင်မှာလဲ"

လီရှောက်ကွမ်း အတန်ကြာစကားမပြောဘဲငြိမ်သက်နေပြီးမှ...

"ရှောင်ယွင် အစ်ကိုတစ်ခုမေးချင်တယ်"

"ဘာမေးမလဲ"

"အစ်ကို့နောက်ကို မင်းလိုက်ခဲ့နိုင်ပါ့မလား၊ တို့ ခပ်ဝေးဝေး ထွက်သွားကြရအောင်"

"ဘယ်လိုမေးလိုက်တာလဲ အစ်ကိုရယ်၊ ဖေဖေကိုယ်တိုင် ပြောပြီးပြီပဲ၊ ဒီမှာနေချင်နေ မနေချင် တခြားကြိုက်တဲ့နေရာမှာ နေနိုင် တယ်ဆိုတာလေ"

"အစ်ကိုပြောတာ လက်ထပ်ပြီးမှ မဟုတ်ဘူး၊ အခုပဲ သွားဖို့ ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ယွင် ထိုစကားကြောင့် အံ့ဩတုန်လှုပ်သွားကာ...

"အခု...ဟုတ်လား"

"ဟုတ်တယ်...ခုညပဲ"

"ဟင်...အခုညပဲသွားတော့မယ်...ဘာဖြစ်လို့လဲ"

"အစ်ကိုက စည်စည်ကားကားနဲ့ လူများများရှေ့မှာ လက်ထပ်တာကိုမလိုချင်ဘူး၊ ကိုယ်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက်နားလည်ရင် ပြီးတာပဲ၊ တခြားလူတွေကိုလည်း ဒုက္ခမပေးချင်ဘူး"

ရှောင်ယွင်က...

"ကုလားအုပ်ဦးဦးမာဇေးတောင် ဒုတိယဦးဦးကို စုံစမ်းစီစဉ်နေပြီပဲ"

"ရှောင်ယွင်...အစ်ကို သူတို့ကို ဘာဖြစ်လို့ မတွေ့ချင်တာလဲဆိုတာ မင်းသိရဲ့လား"

"မသိဘူး...ဘာဖြစ်လို့လဲ"

"အကြောင်းကတော့ သူတို့တစ်ယောက်ယောက်ဟာ အစ်ကို့ဖခင်ကြီးကိုလုပ်ကြံတဲ့လူ ပါနေမှာဖြစ်လို့ပဲ၊ သူတို့ရဲ့ မျက်နှာတွေကိုလည်း မကြည့်ချင်ဘူး၊ မင်္ဂလာရက်ကိုလည်း မတိုက်ချင်ဘူး"

ရှောင်ယွင်မှာ ခေတ္တမျှတွေးပြီး ခေါင်းညိတ်ကာ...

"အင်းလေ...အစ်ကိုပြောတာလည်း နည်းလမ်းကျပါတယ်၊ ဒါနဲ့ စောစောက ဒီစကား ဖေဖေ့ကို ဘာလို့မပြောတာလဲ"

"ဘာဘကြီးကျောက်နဲ့ဦးဦးမာဇေးတို့ကို တကယ်စိတ်ပါလက်ပါ ရှိနေကြတဲ့အချိန်မှာ အစ်ကိုက သူတို့ စိတ်ဆင်းရဲသွားမှာစိုးရိမ်လို့ မပြောတာပါ"

ရှောင်ယွင်က မတတ်တတ်ထရပ်လိုက်ရင်း...

"ဒါဖြင့် ညီမတို့သွားကြတော့မယ့်အကြောင်း ဖေဖေ့ကို သွားအကြောင်းကြားလိုက်မယ်"



လိရှောက်ကွမ်းက လှမ်းတားလိုက်ရင်း...

"နေပါလေ့စေ"

"အင်းလေ...ဒါပဲကောင်းပါတယ်၊ တော်ကြာ ဖေဖေက ကျွန်မကို မခွဲနိုင်ဘဲဖြစ်နေရင် စိတ်ဆင်းရဲစရာဖြစ်နေပါဦးမယ်၊ ဖေဖေ့အတွက် စာတစ်စောင်ရေးခဲ့ရင် ပြီးတာပါပဲ၊ နောက်မှ ဖေဖေ့ကို လာတွေ့လည်း ရတာပါပဲ၊ ကဲ...ညီမအဝတ်အစားတွေ သွားယူလိုက်ဦးမယ်၊ အစ်ကို ဒီမှာ ခဏစောင့်နေဦး...ဟုတ်လား"

"နေဦး...မင်းကို ထပ်မေးချင်သေးတယ်၊ အစ်ကို့နောက်ကို ခုချက်ချင်းလိုက်ဖို့ ဘာဖြစ်လို့ ဆုံးဖြတ်ရတာလဲ"

"ဒါကတော့ အစ်ကိုက လိရှောက်ကွမ်းဖြစ်နေလို့ပဲ၊ ပြီးတော့ ညီမဟာ အစ်ကိုရဲ့ဇနီးလောင်း ဖြစ်နေလို့ပဲ"

လိရှောက်ကွမ်းက ရီဝေသောမျက်လုံးအစုံဖြင့်ကြည့်ကာ...

"ညီမ အစ်ကို့အပေါ်ကို ဒီလောက်ချစ်မြတ်နိုးနေတာ အစ်ကိုဟာ လိရှောက်ကွမ်း ဖြစ်နေလို့ ဟုတ်လား"

"ဟုတ်တာပေါ့...ဘာဖြစ်လို့လဲ"

လိရှောက်ကွမ်းက အမျိုးအမည် မသဲကွဲသော အပြုံးဖြင့်...

"တကယ်လို့ အစ်ကိုဟာ လိရှောက်ကွမ်း မဟုတ်ရင် ညီမ အစ်ကို့ကို ခုလို ချစ်နိုင်ပါဦးမလား"

ရှောင်ယွင်က မည်သို့မျှ သံသယမရှိလေဟန်ဖြင့်...

"အစ်ကိုဟာ လိရှောက်ကွမ်းမဟုတ်ခဲ့ရင် ညီမတို့ ဘယ်ဒီလောက် ရင်းနှီးခဲ့ကြမှာလဲ"

ပြောပြီးသည်နှင့် လိရှောက်ကွမ်းကို လှမ်းကြည့်လိုက်ရာ လိရှောက်ကွမ်း၏မျက်နှာတွင် ခံစားမှုအမျိုးမျိုး ယှက်သန်းနေသည်ကို တွေ့လိုက်ရပြီး ထိတ်လန့်စွာဖြင့်...

"အစ်ကို ရှောက်ကွမ်း...ဘာဖြစ်လို့ ဒါတွေ မေးနေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှတော့ မဟုတ်ပါဘူး၊ အစ်ကို သိချင်တာက ငယ်စဉ် ကလေးဘဝက ရှိခဲ့တဲ့ သံယောဇဉ်တွေဟာ ကြီးပြင်းလာတဲ့ထိ ခိုင်မြဲနေမလား ဆိုတာကိုပါ"

"ငယ်စဉ်ဘဝက သံယောဇဉ်ဟာ တည်တံ့ခိုင်မြဲပါတယ်၊ ဒါပေမယ့် ငယ်စဉ်က မေတ္တာတရား ဖြူစင်သန့်ရှင်းပြီး သမီးရည်းစားသဘောမျိုးစိတ်တော့ မရှိပါဘူး"

"ဒါဖြင့် လီရှောက်ကွမ်းအပေါ် နှစ်ရှည်လများ ချစ်ခင်စွဲလန်းနေရတာကတစ်ဆင့် ချစ်ခြင်းမေတ္တာဆိုတာ ပေါက်ဖွားလာတာ မဟုတ်လား"

"မဟုတ်ပါဘူး၊ ကျွန်မအစ်ကို့အပေါ် ချစ်မိတာက လွန်ခဲ့တဲ့ တစ်နှစ်က စခဲ့တာပါပဲ၊ ဒီတုန်းက ကျွန်မက အပျိုဖော်ဝင်ခါစ အချိန်ဖြစ်ပါတယ်။ အဲဒီအချိန်မှာ အစ်ကိုရှောင်ကွမ်းက ကျွန်မအနားမှာမရှိပေမယ့် အစ်ကို့ရဲ့အရိပ်က ကျွန်မအနားမှာ ရှိနေသလိုပါပဲ၊ ညီမရင်ထဲမှာ တစ်မျိုးတစ်မည် ခံစားရတယ်၊ ဒီနောက်ပိုင်းမှာတော့ အစ်ကို့ရဲ့ရုပ်ရည်သွင်ပြင်ကို သိပ်မြင်ချင် ကြည့်ချင်လာခဲ့တယ်"

"ဒါနဲ့ အစ်ကို့ရဲ့ရုပ်ရည်က လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကနဲ့ ဘာများ ပြောင်းလဲလာခဲ့သလဲ"

"ပြောင်းလဲလာခဲ့တာပေါ့၊ အစ်ကို့ရဲ့မေးစေ့အောက်က အမာရွတ်လည်း မရှိဘူး၊ အစ်ကိုကလည်း ပန့်စန်ဖိန်ခြုံကြီးကို ပြန်မလာဘဲနေရင် လမ်းမှာတွေ့ရင် အစ်ကို့ကို ကျွန်မမှတ်မိမှာ မဟုတ်ပါဘူး ခုလိုရင်းရင်းနှီးနှီး ဆက်ဆံမှာလည်း မဟုတ်ဘူး၊ အဲလောက်ထိ အစ်ကို့ရုပ်ရည်သွင်ပြင်ဟာ ပြောင်းလဲခဲ့ပါတယ်"

"အကယ်၍ အစ်ကို ပြန်မလာနိုင်ခဲ့ရင်..."

"ကျွန်မကတော့ နားထောင်ကောင်းအောင် မပြောတတ်ဘူး အစ်ကို့အပေါ်မှာ ဘယ်လောက်ပဲ စွဲလန်းနေပေမယ့် အစ်ကိုပြန်မလာ



ခဲ့ရင် အချိန်တွေကြာလာတာနဲ့အမျှ ကျွန်မရဲ့စိတ်ထားဟာ ပြောင်းလဲကောင်း ပြောင်းလဲသွားမှာပဲ၊ အခြားတစ်ယောက်ယောက်နဲ့ နီးစပ်မှုရှိကောင်းရှိသွားနိုင်ပါတယ်"

"ဒါဖြင့် အစ်ကို့အပေါ် ငယ်စဉ်ကအတိုင်း မပြောင်းလဲဘဲ ချစ်ခဲ့တာပေါ့"

"ဟုတ်ပါတယ်၊ အစ်ကိုလည်း ပြန်ရောက်လာပြီးတဲ့နောက် ကျွန်မတို့နှစ်ယောက် အိမ်ထောင်ဘက်အဖြစ် သတ်မှတ်ပြီးပြီမို့ ကျွန်မရဲ့ ချစ်မေတ္တာဟာ အလျှင်အတိုင်း မပြောင်းလဲဘဲ ရှိနေပါတယ်၊ ခုလည်း မပြောင်းလဲဘူး၊ နောင်လည်း ပြောင်းလဲမှာ မဟုတ်ဘူး"

လီရှောက်ကွမ်းက ရှောင်ယွင်အား အတန်ကြာအောင် စိုက်ကြည့်နေပြီးလျှင်...

"ဒီစကားကြားရတာ အစ်ကို သိပ်ဝမ်းသာတယ်"

"ဝမ်းသာရမှာက ကျွန်မပဲဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုသာ အပြင်လောကမှာ နှစ်ပေါင်းများစွာ ကြာမြင့်ကျင်လည်လာခဲ့ပြီး တခြားမိန်းကလေးတွေကို စိတ်မဝင်စားဘဲ ညီမဆီပြန်လာခဲ့တဲ့အတွက် ညီမက ပိုပြီးတော့ အစ်ကို့ထက်ဝမ်းသာပါသေးတယ်၊ ဒါကြောင့် အစ်ကို့နဲ့ တစ်သက်လုံးနေဖို့ ဆုံးဖြတ်လိုက်တာပဲဖြစ်တယ်"

လီရှောက်ကွမ်းက ကြင်နာလွန်းသော အသွင်အပြင်ဖြင့် ရှောင်ယွင်၏ လက်ဖမိုးလေးကို ညင်သာစွာ အုပ်နယ်ပေးလိုက်သည်။

ထို့နောက် ဆက်လက်၍...

"ကဲ...အချိန်မရှိတော့ဘူး၊ အဝတ်အစားတွေ မြန်မြန်သွားယူပေတော့၊ အစ်ကို ဒီအခန်းက စောင့်နေမယ်"

ရှောင်ယွင်ကမူ အခန်းအပြင်သို့ထွက်သွားသော ရှောင်ယွင်၏ နောက်ကျောပြင်ကိုကြည့်ရင်း ထူးဆန်းသောခံစားချက်များ လီရှောက်ကွမ်း၏မျက်နှာပေါ်တွင် အမျိုးမျိုးပေါ်ပေါက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စားပွဲပေါ်မှ သံချေးတက်နေသော သံသေတ္တာလေး ဆီသို့ မျက်လုံးရောက်သွားကာ သံချေးတက်နေသော သော့အိမ်လေး အား လက်ဝါးစောင်းဖြင့် ရိုက်ချိုးဖွင့်လိုက်လေတော့သည်။

သံသေတ္တာလေးပွင့်သွားသည်နှင့် လှမ်းကြည့်လိုက်ရာ ရင် တရက် လီရှောက်ကွမ်း မျက်နှာပျက်သွားကာ သံသေတ္တာလေးအား ကို အမြန်ဆုံး ပြန်ပိတ်လိုက်၏။

ခုတင်အောက်သို့ သံသေတ္တာလေးအား အမြန်ဆုံး ပြန်ထိုး ထည့်ထားလိုက်လေတော့သည်။

ဤအချိန်မှာပင် အိပ်ခန်းပြတင်းပေါက်မှ လူတစ်ယောက်၏ ခပ်တိုးတိုးရယ်သံကြားလိုက်ရ၏။

ထိုလူက...

"မင်းအတွက် ဝမ်းသာကြောင်း ကျုပ်နှုတ်ဆက်စကားပြော ပါတယ်"

လီရှောက်ကွမ်း တစ်ချက် တုန်လှုပ်ကာ ကြောင်အမ်းအမ်း ဖြစ်နေစဉ် ထိုလူ့အသံ ထွက်ပေါ်လာပြန်သည်။

"ခု မင်းလိုချင်တဲ့ပစ္စည်းအားလုံး မင်းလက်ထဲရောက်နေပြီ မဟုတ်လား"

"ကျောက်ကျိုလင်က သူ့သမီးနဲ့ကျွန်တော့်ကို လက်ထပ်ပေး ဖို့ သဘောတူလိုက်ပါပြီ"

"ဒါဖြင့် နတ်မားရှင် လီလိန်ဟုန်း အပ်ထားတဲ့ သံသေတ္တာ လေးကော"

"ကျွန်တော့်ကို မပေးသေးပါဘူး၊ သူ့ကြည့်ရတာ သူ့သမီး လက်ထပ်ပြီးမှ ပေးလိမ့်မယ်ထင်ပါတယ်"

ထိုလူက လေသံခက်ထန်သွားပြီး...

"မင်းက တို့ကိုပုန်ကန်ချင်လို့လား"



လီရှောက်ကွမ်း ထိတ်ခနဲဖြစ်သွားပြီး တုန်လှုပ်ချောက်ချား သွားကာ ခေါင်းငုံ့၍...

"ကျွန်တော် လုပ်ဝံ့ပါဘူး၊ စိတ်လည်းမကူးဝံ့ပါဘူးခင်ဗျာ"

ပြတင်းပေါက်မှလူကြီးက ခနဲ့တဲ့တဲ့ လေသံနှင့်...

"ဟင်...မင်းက ငါ့ကို လာစမ်းမနေနဲ့၊ မင်းရဲ့နောက်ကွယ် မှာ ငါက အရိပ်လို ထပ်ချပ်မကွာ ရှိမနေပေမယ့် မင်းရဲ့ခြေလှမ်း ကို ငါအမြဲသိနေမယ်ဆိုတာ မင်းမှတ်ထားလိုက်ပါ"

တစ်ခဏမျှ ပတ်ဝန်းကျင်ကို အကဲခတ်၍ ထိုလူကြီးက ဆက် ပြောပြန်သည်။

"ကျောက်ကျိုလင်က သူ့ရဲ့သမီးကို ပေးစားဖို့တောင် သဘော တူပြီးပြီပဲ၊ သံသေတ္တာလေး မင်းကို မပေးသေးဘူးဆိုတာ ဟုတ်နိုင် ပါ့မလား၊ အခု ရှောင်ယွင် မင်းနဲ့လိုက်ဖို့ သူ့အခန်းထဲမှာ ပစ္စည်းတွေ သိမ်းနေတယ်ဆိုတော့ မင်းက လူကိုရောပစ္စည်းပါမကျန် အပိုင် သိမ်းပြီး ထွက်ပြေးမယ်ပေါ့ ဟုတ်လား"

လီရှောက်ကွမ်း အလွန်စိုးရိမ်သွားကာ ဣန္ဒြေဆည်လိုက်ပြီး...

"မဟုတ်ပါဘူး၊ ရှောင်ယွင် အဝတ်အစားတွေ သွားရောက် ယူငင်နေတာက သူနဲ့ကျွန်တော် အပြင်ကို လေးငါးရက်လောက် သွားလည်ပတ်မလို့ ဖြစ်ပါတယ်၊ သံသေတ္တာလေးကတော့ ကျွန်တော့် လက်ထဲကို ခုထိရောက်မလာသေးပါဘူး၊ မယုံရင် ဆရာကြီး ကျွန်တော့်အခန်းထဲ ဝင်ရှာကြည့်နိုင်ပါတယ်"

"ဘာလဲ...မင်းက ငါ ကိုယ်ယောင်မပြနိုင်တာကို အခွင့် ကောင်းယူ ပြောနေတာပေါ့"

"ကျွန်တော့်မှာ ဒီလောက်သတ္တိမရှိပါဘူးခင်ဗျာ၊ ကျွန်တော် ပြောတာကို စိတ်ချ လက်ချယုံကြည်နိုင်ပါတယ်"

"ကောင်းပြီ၊ မင်းမလုပ်ဝံ့ဘူးဘဲထား၊ ကျောက်ကျိုလင်ရဲ့သမီး

www.burmeseclassic.com

www.burmeseclassic.com



အခုပဲရောက်လာတော့မယ်၊ ငါ ဒီမှာကြာကြာမနေနိုင်ဘူး၊ ဒီတော့ ငါ့ရဲ့စကားကို မင်း သေသေချာချာ နားထောင်စမ်း၊ မင်းနဲ့ ရှောင်ယွင် လက်မထပ်မချင်း မင်းဒီနေရာက ဘယ်မှ မသွားရဘူး၊ အဲလက်ထပ်ပြီးရင်တော့ မင်းတို့ ဒီပန့်စန်ဖိန်မှာ ဆက်နေဖို့ ငါလုံးဝခွင့်မပြုဘူး"

ထိုလူကြီးက လိရှောက်ကွမ်းအား အကဲခတ်၍ ဆက်ပြောပြန်သည်။

"အရေးကြီးတာက သံသေတ္တာလေးကို ငါ့လက်ထဲရောက် လက်ရာမပျက် အပ်ပါ၊ ငါ့စကားကို နားမထောင်ချင်ဘူးဆိုရင်..."

ပြတင်းပေါက်မှလူက စကားကိုဖြတ်လိုက်ပြီး အသံပျောက်သွားသည်။

ထိုအခါမှ လိရှောက်ကွမ်း၏မျက်နှာပေါ်တွင် ခံပြင်းဒေါသများထွက်လာပြီး လူသတ်ချင်သည့် အရိပ်အယောင်များ ပေါ်ပေါက်လာခဲ့သည်။ သို့သော် လိရှောက်ကွမ်း၏ ဒေါသများ အရှိန်လျှော့ချလိုက်ရသည်။ စိတ်ဓာတ်ကျကာ ခုတင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်တော့၏။

ဤအခိုက်တွင် ရှောင်ယွင် အဝတ်အစားထုပ်ကို ရင်ခွင်ပိုက်ကာ လိရှောက်ကွမ်း၏ အိပ်ခန်းတွင်းသို့ ဝင်ရောက်လာသည်။

သူမက ခေါင်းတွင် ခရမ်းရောင်ပိုးစတစ်စဖြင့် ဆံပင်များကို စည်းနှောင်ထားကာ အနွေးအင်္ကျီနီလေးဝတ်ဆင်ထား၏။

လိရှောက်ကွမ်းက ခံပြင်းစွာ ရယ်မောလိုက်ပြီး...

"မင်းရဲ့အဝတ်အစားတွေ ပါလာခဲ့ပြီလား"

ရှောင်ယွင်က ပါးစပ်မှမဖြေဘဲ ခေါင်းညိတ်ပြလိုက်သည်။ လိရှောက်ကွမ်း၏ အခေါ်ကို ရှောင်ယွင် စောင့်ဆိုင်းနေ၏။

ဖခင်ကြီးနှင့် ရက်တရက် ခွဲခွာရတော့မည်ဆိုတော့ ရှောင်ယွင်မှာ ဝမ်းနည်းနေ၏။



သို့သော် ရှောင်ယွင်မှာ လွမ်းစိတ်ကိုဖြေပြီး သူမကပင်စ၍ ခေါ်လိုက်သည်။

"ကဲ...အစ်ကို ရှောက်ကွမ်း သွားကြစို့"

လိရှောက်ကွမ်းက မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ ငြိမ်သက်နေသည်။

ခဏကြာမှ...

"မသွားတော့ဘူး၊ အစ်ကိုစိတ်ပြောင်းသွားပြီ၊ ခု မသွားတော့ဘူး"

ရှောင်ယွင် မျက်လုံးမျက်ဆန်ပြူးသွားကာ...

"ဟင်...ဘာဖြစ်လို့လဲ"

"အစ်ကို ငယ်စဉ်ကတည်းက ပျောက်ဆုံးသွားခဲ့ပြီး ခု ရောက်ရောက်ချင်း ထပ်ပျောက်သွားဦးမယ်ဆိုရင် ဘဘကျောက် စိတ်ထိခိုက်သွားမှာကို စိုးရိမ်လို့ပဲ"

ရှောင်ယွင်က သက်ပြင်းချပြီး...

"ဒါလည်း ကောင်းပါတယ် အစ်ကိုရယ်"

"ညီမရှောင်ယွင် ညဥ့်လည်းနက်လှပြီ၊ အိပ်ချင် သွားအိပ်ပေတော့"

ရှောင်ယွင်ကမူ မကြားသည့်ဟန်ဖြင့် ထိုင်လျက်ပင်ရှိနေ၏။

"အစ်ကိုရှောက်ကွမ်း ဟိုဒုတိယဦးဦးနဲ့တွေ့မှာ မကြောက်တော့ဘူးလား"

လိရှောက်ကွမ်းက ခေါင်းခါပြလိုက်၏။

"အစ်ကို့ကိုကြည့်ရတာ စိတ်ထဲမှာ တစ်ခုခုပူပင်သောက ရှိနေသလိုပဲ"

"သောက ဟား...ဟား...ဟား၊ ဘယ်သူကပြောလို့ ငါ့မှာ သောကရှိတယ်ဆိုတာ၊ ဘာသောကမှ ငါ့မှာမရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါမှမဟုတ်ရင် အစ်ကိုက သွားချင်ပေမယ့် ရုတ်တရက် မသွားနိုင်တဲ့ အကြောင်းတစ်ခုများ ပေါ်လာလို့လား"

"ဒီလိုအရမ်းမပြောနဲ့လေ၊ အစ်ကို့ရဲ့သဘောထားကို ပြောင်းလိုက်လို့ပါ၊ အစ်ကို့ကို ဘယ်သူကမှ ဟန့်တားလို့မရပါဘူး၊ ကဲ... ညီမလည်း အိပ်ရေးပျက်နေပြီ၊ ပြန်အိပ်ချင်လည်း အိပ်တော့လေ"

ရှောင်ယွင်က မျက်မှောင်တစ်ချက်ကြုတ်ရင်း...

"အစ်ကိုက ကျွန်မကို နှင်နေတာလား"

"ဟာ...မနှင်ပါဘူး၊ အစ်ကို့အနားမှာ ညီမအမြဲတမ်းရှိနေရင် ပိုကောင်းပါသေးတယ်"

ရှောင်ယွင်မှာ အနည်းငယ်ရှက်သွားပြီး အဝတ်အစားထုပ်ကို ကောက်ယူကာ လီရှောက်ကွမ်း၏ အိပ်ခန်းတွင်းမှ ထွက်သွားသည်။

လီရှောက်ကွမ်းမှာ ရှောင်ယွင်အား အခန်းဝထိလိုက်ပို့ရင်း မျက်နှာတွင်မူ စိတ်မချမ်းမြေ့စွာခံစားမှုများက အထင်းသား ပေါ်လွင်နေသည်။

❑ ❑ ❑

# အခန်း (၉)

အဘိုးကြီးဟူစန်း တံခါးကို ခေါက်လိုက်သည်။

"ဒေါက်...ဒေါက်...ဒေါက်"

တံခါးခေါက်သံကြောင့် လီထိကျင်းက ,လှမ်းမေးလိုက်၏။

"ဘယ်သူလဲ"

"ငါ ဟူစန်းပါ"

"ဩော်...ဘဘဟူလား...ခဏလေးစောင့်နော်"

လီထိကျင်းမှာ ခုတင်ပေါ်ဝယ် အိပ်စက်ရန်ပြင်နေချိန် အဘိုးကြီးဟူစန်း ရောက်လာ၍ ခုတင်ဘေးမှ မီးအလင်းရောင်ကို တိုးမြှင့်လိုက်ပြီး အခန်းတံခါးကို သွားရောက်ဖွင့်ပေးလိုက်သည်။

တံခါးဖွင့်ပေးလိုက်ရင်း...

"ဘဘဟူ ဘာကိစ္စများ အရေးတကြီးဖြစ်လာလို့လဲ"

"အထဲကျမှ ပြောပြမယ်"

အဘိုးကြီးဟူစန်း ပြောပြောဆိုဆို လီထိကျင်း၏ အခန်းထဲသို့ ဝင်လာကာ စားပွဲတွင် ဝင်ထိုင်လိုက်သည်။

လီထိကျင်းကလည်း အဘိုးကြီးဟူစန်းဘေးတွင် ဝင်ထိုင်လိုက်ရင်း အဘိုးကြီးအား အကဲခတ်ကြည့်လိုက်သည်။

"ကဲ...တို့ ဘယ်လိုလုပ်ကြမလဲ၊ စောစောကပဲ ကုလားအုပ်စုတွေ ငါ့ကို လာအကြောင်းကြားသွားပြီ၊ အစ်ကိုကြီး ကျောက်က

www.burmeseclassic.com

www.burmeseclassic.com



သူ့သမီးရှောင်ယွင်ကို ဟို လိရှောက်ကွမ်းနဲ့ပေးစားဖို့ သဘောတူလိုက်ပြီ"

လိထိကျင်း၏မျက်လုံးများ ထိုစကားကြောင့် ပြူးကျယ်သွားပြီး...

"သေချာရဲ့လား ဘဘဟူရဲ့"

"ဟ...မင်းတော်တော်ခက်တာပဲ၊ မနက်မိုးလင်းရင် ဒုတိယညီတော်ကိုရှာဖို့ ကျောက်ပေါက်မာရပ်ဆိုးကြီး ဝူတန်ကိုတောင် လွှတ်ဖို့ စီစဉ်နေပြီ"

လိထိကျင်းက ပြုံးလိုက်ပြီး...

"ကောင်းသားပဲ၊ ခုလို အချင်းချင်း အိမ်ထောင်ဘက်ပြုကြတော့ ဝမ်းသာစရာပဲ"

အဘိုးကြီးဟူစန်းက နားမလည်သောဟန်ဖြင့်...

"ဟင်...မင်းက ရယ်နေနိုင်သေးတယ် ဟုတ်လား၊ မင်းနားမလည်ဘူးလား၊ ဟိုကောင်က မင်းရဲ့ ရှောင်ယွင်လေးကို ဖျက်ဆီးပစ်တော့မယ်"

"ကျွန်တော် နားလည်ပါတယ် ဘဘဟူ၊ ကျွန်တော်ဟာ ကလေးလည်း မဟုတ်ပါဘူး၊ ဒီကိစ္စ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ကျွန်တော် မသိဘဲနေပါ့မလား၊ ခုနေ စိတ်လောကြီးနေလို့ ဘာအကြောင်းထူးမှာလဲ"

"ဘယ့်နှယ့် မလောရမှာလဲ...လောကိုလောရမယ်၊ ရှောင်ယွင်သာ သူ့လက်ထဲရောက်သွားမှာ မဟုတ်ဘူး၊ မင်းဖခင်ရဲ့ သံသေတ္တာလေးလည်း ဒီကောင့်လက်ထဲပါသွားတော့မှာ သေချာတယ်"

"ဟုတ်ပါတယ်၊ ဒီကိစ္စအတွက် ဘဘကျောက်ကျိုလင်မှာ အပြစ်မရှိပါဘူး၊ ဟူကိုတည်းခိုခန်းမှာ လိရှောက်ကွမ်းအစစ်ရှိနေတယ်ဆိုတာ မသိလို့ ဘဘကြီးကျောက်ကို အပြစ်ဆိုလို့မရဘူး၊ တကယ်



လို့ ဒီမှာ ကျွန်တော်ရှိနေမှန်းသိရင် သူ့သမီးကို ဟိုကောင်နဲ့ ဘယ်ပေးစားမှာလဲ"

အဘိုးကြီးဟူစန်း ခေါင်းရှုပ်ထွေးစွာဖြင့်...

"ဟ...ရှောက်ကွမ်း မင်းတယ်နားဝေးတဲ့ကောင်လေးပဲ၊ ခုပြောနေတာက ဘယ်သူ့မှာ အပြစ်ရှိတယ် မရှိဘူးပြောနေဖို့ ဝေဖန်ဖို့အချိန်မဟုတ်တော့ဘူး၊ တို့ခုချက်ချင်း ပန့်စန်ဖိန်ခြံကြီးကိုသွားပြီး ဘယ်လိုဖြေရှင်းမယ်၊ ဘယ်လိုလုပ်မယ်ဆိုတာ မင်းနဲ့တိုင်ပင်ဖို့ လာတာကွ"

လိရှောက်ကွမ်း အစစ်ဖြစ်သူ လိထိကျင်းက တည်ငြိမ်အေးဆေးစွာဖြင့်...

"ဘဘဟူ ဒီလောက်လောစရာ မလိုပါဘူး"

အဘိုးကြီးဟူစန်းက ခံပြင်းဒေါသထွက်လာကာ...

"မင်းက ငါ့ကို စိတ်လောကြီးတယ်လို့ ပြောနေသေးတယ် ဟုတ်လား၊ ခုကိစ္စ ဘယ်လောက်အရေးကြီးတယ်၊ ဘယ်လောက်ထိ ဖြစ်နိုင်တယ်ဆိုတာ မင်းမသိဘူးလား"

လိရှောက်ကွမ်းအစစ်ဖြစ်သူက လိထိကျင်းက အလျဉ်း ဂရုစိုက်ဘဲ သဘောကျစွာပင် ရယ်လိုက်သေး၏။

"ဘဘဟူ ကျွန်တော်ပြောပါစေ...ခုမနက်မိုးလင်းမှ ဦးဦးဆန်က ဒုတိယဦးဦးကို သွားရှာဖို့ ထွက်မှာပါ၊ နောက် ဘဘဟူတို့ရဲ့ သွေးသောက်ညီအစ်ကိုမောင်နှမတွေစုံမှ ဒီမင်္ဂလာလက်ထပ်ပွဲ စမှာဆိုတော့ ကျွန်တော်တို့ အချိန်နောက်မကျသေးပါဘူး၊ ဒါကြောင့် စိတ်မလောဖို့ပြောတာပါ၊ ကျွန်တော့်ကို ဘဘဟူ အထင်မလွဲပါနဲ့"

"ငါက မင်းကို အထင်လွဲတာမဟုတ်ဘူး၊ တကယ်လို့ တို့ညီအစ်ကိုတစ်တွေ စုံစုံညီညီမရောက်ခင် ဟိုကောင်နဲ့ ရှောင်ယွင်

www.burmeseclassic.com

www.burmeseclassic.com



တို့အနေနှီးစပ်တော့ မတော်တဆ ခြေချော်လက်ချော်ဖြစ်ပြီး မှားယွ… ကုန်ရင် ကိုယ်ကျိုးနည်းကုန်မှာစိုးလို့ပါ"

အဘိုးကြီးဟူစန်းက ဆက်၍ပြောပြန်သည်။

"နောက်တစ်ချက်က နောက်ပိုင်းမှ မင်းက လိရှောက်ကူ… အစစ်ဆိုတာ သိခဲ့ရရင် ပြဿနာကို ဘယ်လိုလုပ်ပြီး ရှင်းလို့ရမှာ…

"ဘာဘာဟူ ရှောင်ယွင်ဟာ ပေါ့ပေါ့တန်တန်နေမယ့် မိန်း… မဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် မင်္ဂလာကိစ္စ မပြီးမချင်း သူ့ကို… သူတော့ ထိန်းနိုင်ပါလိမ့်မယ်"

"အေးပေါ့…အိုးကမပူ စလောင်းကပူဆိုသလို ဖြစ်နေပြီ…

"ဒီလိုလည်း မဟုတ်သေးပါဘူး၊ ဒီကနေ့မနက်ကပဲ ဘာဘ… ဟူ မြင်တဲ့အတိုင်း ရှောင်ယွင်က ဟိုကောင့်ရဲ့အပေါ်မှာ ဘယ်… သဘောထားတယ်ဆိုတာ ဘာဘာဟူ မရိပ်မိလိုက်ဘူးလား"

"အေးလေ…ဘာပဲဖြစ်ဖြစ် တို့ရဲ့ခေါင်းဆောင် အစ်ကို… ဒီတစ်ခါတော့ လူကဲခတ်မှားပြီး ပုံမှားအရိုက်ခံလိုက်ရတာပဲ"

လိထိကျင်းက လေးနက်တည်ကြည်သော အမူအရာဖြ…

"တွေးစရာ အကြောင်းနှစ်ခုရှိပါတယ်၊ တစ်ခုကတော့ အ… ကြီး ကျောက်ဟာအမှန်တကယ်အပြစ်ကင်းစင်တဲ့ လူကစ်ယော… ဖြစ်ရမယ်၊ နောက်တစ်ခုက လောလောဆယ် ဟိုလူငယ်ရဲ့ အ… ကိုင် ခြိမ်းခြောက်မှုကို ခံထားရသလား မသိဘူး"

အဘိုးကြီးဟူစန်းမှာ လိထိကျင်း၏စကားကြောင့် ဦးနှေ… ခြောက်သွားပြီး အံ့သြသွားကာ…

"အကျပ်ကိုင်တယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ ဘယ်လိုအကျပ်ကိုင်သလဲဆိုတော့ ဘာဘ… ကျောက်ဟာ ဟို အယောင်ဆောင်က ငွေပြားလက်နက်ပုန်း… ဒီကိစ္စကို လက်မခံ ခံအောင် အကျပ်ကိုင်တာလည်း ဖြစ်နိုင်တ…



"ငါတို့ရဲ့ ခေါင်းဆောင်ကြီး အစ်ကိုကြီးကျောက်ဟာ ဘယ်တော့မှ သူတစ်ပါးရဲ့ အကျပ်ကိုင်ခြိမ်းခြောက်မှုကို အလွယ်တကူနဲ့ လက်ခံမယ့်လူစားမျိုး မဟုတ်ဘူးဆိုတာ ငါကောင်းကောင်းသိတယ်"

"ဒါဖြင့် မင်းဖခင်ကြီးရဲ့ လုပ်ကြံခံရတဲ့ စတုဗ္ဗနောင်တော် နတ်မားရှင်ရဲ့ကိစ္စရယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်က မင်းချောက်ထဲကို ကျအောင် လုပ်ကြံခံရတာရယ်ဆိုတဲ့ကိစ္စတွေကို မင်းဘယ်လို သဘောရသလဲ"

"အမှန်ပြောရရင် ရှောင်ယွင်အပေါ် ကျွန်တော် သံသယစဉ်ရှိတယ်၊ သူ့ရဲ့ဖခင်ကြီးကျောက်ကျိုလင်ကိုလည်း ကျွန်တော် စုံစမ်းမှာပါပဲ၊ ဒါပေမယ့် ကျွန်တော့်ကိုယ်စား လောလောဆယ် ဝင်ရောက်ဆောင်ရွက်ပေးနေတဲ့ လူတစ်ယောက်ရှိနေပြီမို့ ကျွန်တော်ကိုယ်တိုင်ပင်ပန်းဖို့ မလိုတော့ပါဘူး"

"မင်း တွက်ဆနေတာက ဟို ရှောက်ကွမ်းအတုအပေါ်ကို ထောက်ရှုပြီး အဖြေရမယ်လို့ ဆိုလိုတာလား"

"ဟုတ်ပါတယ်၊ ဟို ကျွန်တော့်အယောင်ဆောင်နဲ့ ရှောင်ယွင်တို့ရဲ့ မင်္ဂလာကိစ္စ ချောချောမောမော ဖြစ်မဖြစ် ဆိုတာကို လေ့လာပြီး ကြည့်ရမယ်၊ အဖြေက ဒီနေရာမှာ ပေါ်လာပါလိမ့်မယ်"

"ထားပါတော့ကွာ…တကယ်လို့ ဟိုကောင် အသာစီးရမယ်ဆိုရင်ကော်ကွာ"

"ကျွန်တော် အကွက်ချထားတာတွေဟာ သူ့ထက်တော့ မညံ့ပါဘူး"

အဘိုးကြီးဟူစန်းမှာ စိတ်ဓာတ်လုံးဝကျဆင်းသွားကာ…

"ငါမှာတော့ မင်းအတွက် စိတ်ပူလိုက်ရတာ၊ ခုတော့ အချည်းနှီးပဲ ဖြစ်ကုန်ပြီ၊ ဒီလိုမှန်းသိရင် အိပ်ပျက်ခံပြီး ငါ မင်းဆီကို

www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်း လာမပြောပါဘူး၊ ငါ့ဘာသာငါ အေးအေးဆေးဆေး အိပ်နေတာကမှ အကျိုးရှိဦးမယ်”

“အို...ဘဘဟူရဲ့ ကြိုးပမ်းချက်က အချည်းနှီးမဖြစ်ပါဘူး ဘဘဟူ ခုလိုသတင်းလာပေးတဲ့အတွက် ကျွန်တော့်အနေနဲ့ ဘယ်လို ခြေလှမ်းလှမ်းရမယ်ဆိုတာ အခွင့်အရေးကို ကျွန်တော် ရလိုက်ပါတယ်”

အဘိုးကြီးဟူစန်းက ခေါင်းညိတ်လိုက်ပြီး...

“မင်းလည်း အနားယူလိုက်ပါဦး၊ မိုးလင်းတဲ့အထိ တစ်ရေးလောက်တော့ အိပ်လို့ရပါသေးတယ်”

ပြောပြောဆိုဆို အဘိုးကြီးဟူစန်း လိထိကျင်းအိပ်ခန်းမှ ထွက်ခွာသွားလေသည်။

❑ ❑ ❑

သံခေါင်းကြီးဟူစန်း သူ့အခန်းသို့မရောက်မီ သူ၏တည်းခိုစားသောက်ဆိုင်ထဲသို့ မြင်းတစ်စီး ဒုန်းစိုင်းဝင်လာသည်ကို ကြားလိုက်ရ၏။

ညဥ့်နက်သန်းခေါင်ဖြစ်နေ၍ ထိုမြင်းခွာသံမှာ အလွန်ကျယ်လောင်သည်ဟု ထင်ရ၏။

ဤအချိန်ကျမှ မည်သည့်ဧည့်သည်များ လာရောက်သည်ကို ဟူစန်း စဉ်းစားမရ ဖြစ်နေသည်။

ဟူစန်းမှာ မနေသာတော့ဘဲ ဆိုင်ရှေ့သို့ထွက်၍ ဧည့်သည်အား ကြိုဆိုလိုက်ရ၏။

ရောက်ရှိလာသည့်ဧည့်သည်မှာ အင်မတန် ချောမောလှပပြီး ကိုယ်ကာယအချိုးအဆစ်ပြေပြစ်၍ ယောကျ်ားများကို ဖွဲ့မက်စေနိုင်သော မိန်းမချောတစ်ယောက်ဖြစ်နေကြောင်း အံ့သြစွာ တွေ့လိုက်၏။



ညဥ့်ဧည့်သည်မိန်းမချောလေးမှာ အနက်ရောင်အဝတ်အစားများ တူညီဝတ်ဆင်ထား၏။ ကျောတွင်လည်း ဓားကောင်းတစ်လက်ကို လွယ်ထားသည်။ ဓား၏လက်ကိုင်ရိုးမှာ အနက်ရောင်ဖြစ်၏။

မိန်းမချောက ဟူစန်းအားကြည့်ကာ...

“ဒီရွာက ကျောက်ကျိုရွာ မဟုတ်လား”

မိန်းမချော၏အသံမှာ နားဝင်ချိုလှ၏။ တည်းခိုစားသောက်ဆိုင်ရှင် သံခေါင်းကြီးဟူစန်းက ချက်ချင်းပင်အဖြေပေးလိုက်သည်။

“ဟုတ်တယ်...ဒီရွာဟာ ကျောက်ကျိုရွာပဲ”

မိန်းမချောက သက်ပြင်းတစ်ချက်ချလိုက်ပြီး မျက်နှာပေါ်ဝယ် ဝမ်းသာသည့် အရိပ်အယောင်များ ပေါ်ပေါက်လာကာ တစ်ယောက်တည်း ညည်းညူရေရွတ်သကဲ့သို့ ပါးစပ်မှတိုးတိုးစွာ ပြောဆို ရေရွတ်လိုက်သည်။

“မလွယ်ပါလား...ဒါပေမယ့် နောက်ဆုံးတော့ ရှာလို့တွေ့တာပါပဲလေ”

ဆက်လက်ပြီး ဟူစန်းအား ပြောပြန်သည်။

“ကျွန်မရဲ့မြင်းကို မြင်းဇောင်းခေါ်သွားပြီး အစာရေစာကျွေးပေးဖို့ လူတစ်ယောက် ခေါ်ပေးပါလားရှင်”

အဘိုးကြီးဟူစန်းက ဆိုင်မှ အလုပ်သမားတစ်ယောက်ကို မိန်းမချော၏မြင်းအား မြင်းဇောင်းသို့ခေါ်သွားခိုင်းလိုက်

မိန်းမချောက ဟူစန်းအားကြည့်ကာ...

“ဦးလေး ကျွန်မအတွက် အခန်းတစ်ခန်း သန့်သန့်လိုချင်ပါတယ်”

“ဟုတ်ကဲ့...ကျုပ်နောက် လိုက်ခဲ့ပါ”

ဟူစန်းက မိန်းမချောအား ရှေ့မှ ဦးဆောင် ခေါ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမချောက ဟူစန်းနောက်က လိုက်ပါသွားရင်း ပြောလိုက်ပြန်သည်။

"ကျွန်မ ဒီရွာမှာ လူတစ်ယောက်ကို လာရှာတာပါ"

"သူငယ်မက ဘယ်သူ့ကိုတွေ့ချင်လို့ပါလဲ"

"ကျွန်မ တွေ့ချင်တဲ့လူက ဦးလေးတို့ရွာကလူ မဟုတ်ပါဘူး တခြားကလာတဲ့လူပါ၊ ဒါပေမယ့် ကျွန်မ တွေ့ချင်တဲ့လူက ဒီရွာမှာ ရောက်နေတယ်လို့ သတင်းကြားလို့ လာရှာတာပါ၊ တကယ်လို့ အဲဒီလူ ဒီရွာမှာရောက်နေရင်လည်း အလွန်ဆုံး လေးငါးခြောက်ရက်လောက်ပဲ ရှိဦးမယ်။

သူ့နာမည်ကတော့ ထိလူဟုန်းလို့ ခေါ်ပါတယ်၊ ထိပ်တန်းအဆင့်မြင့် သိုင်းသမား တစ်ယောက်ပါပဲ"

လေပြင်းဓားသမား ထိလူဟုန်းကို သံခေါင်းကြီး ဟူစန်းကြားဖူးပါသည်။ သို့သော် ဟူစန်းမှာ သိုင်းလောကမှ အနားယူလိုက်သည့်နောက်ပိုင်းမှ ၎င်းနာမည်ကို ကြားဖူးသော်လည်း လူကို မမြင်တွေ့ဖူးချေ။

လေပြင်းဓားသမား ထိလူဟုန်း၏ အကြောင်းကို ဒုတိယနောင်တော် လက်သီးဗိုလ် ဖန်းကန်းရွာကိုတစ်ခေါက် ပြန်လာစဉ်က ပြောပြခဲ့၍ နာမည်ကိုကြားသိရခြင်းဖြစ်သည်။

ထိလူဟုန်း၏ဓားချက်မှာ လျင်မြန်ဖျတ်လပ်၍ အလွန်တိကျပိုင်နိုင်လှသဖြင့် လေပြင်းဓား ထိလူဟုန်းဟု နာမည်ကျော်ကြားခဲ့ခြင်းပင်။

သံခေါင်းကြီးဟူစန်းမှာ လေပြင်းဓားသမား ထိလူဟုန်းဟုကြားလိုက်ရသဖြင့် ထိတ်လန့်တုန်လှုပ်သွားခဲ့ရ၏။

ထို့ကြောင့် ခေါင်းခါယမ်းကာ...

"သိုင်းလောကကြီးက လူတွေကို ကျုပ်အသိနည်းပါတယ် ထိလူဟုန်းဆိုတဲ့နာမည်ကို ကြားတော့ကြားဖူးပါတယ်၊ လူကိုတော့ မြင်ဖူးပါဘူး၊ ကျုပ်တို့ရွာကို ဒီလိုကျော်ကြားတဲ့ ဓားသမား တစ်ယောက် လာစရာအကြောင်း ရှိမယ်မထင်ပါဘူး"

မိန်းမချောက လေပြင်းဓားသမား ထိလူဟုန်း၏ ပုံပန်းသဏ္ဌာန်ကို ပြောပြနေပြန်သည်။

"ထိလူဟုန်းဟာ အရုပ်အမောင်းကောင်းပြီး ယောကျ်ားပီသတဲ့ ရုပ်လက္ခဏာနဲ့ ကိုယ်လုံးကိုယ်ပေါက်ရှိသူတစ်ယောက်ဖြစ်ပါတယ်၊ အထူးသဖြင့် သူဟာ အဖြူရောင်ဝတ်စုံကို အတော်လေး နှစ်သက်လှ့ရှိတယ်၊ အမြဲလည်း သန့်သန့်ရှင်းရှင်း နေတတ်ထိုင်တတ်တဲ့ သူတစ်ယောက်ပါပဲ၊ သူ့ကို ရုတ်တရက်ကြည့်မယ်ဆိုရင် စာပေသမားလိုလို၊ သူဌေးသားလိုလို ထင်ရတယ်"

သံခေါင်းကြီးဟူစန်း၏စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားကာ မိန်းမချောပြောသည့် ပုံပန်းသဏ္ဌာန်အရဆိုသော် လိထိကျင်းများ ဖြစ်နေလေးဟု ထင်မိလိုက်၏။

အဘိုးကြီးဟူစန်း အတွေးမဆုံးမီ ညှို့ချည်သည် မိန်းမချော၏ စကားသံက ထွက်ပေါ်လာပြန်သည်။

"သူဟာ အမြဲတမ်း တန်ဖိုးကြီးမားတဲ့ မြင်းတစ်ကောင်ကို စီးလေ့စီးထရှိတယ်၊ အဲဒီကျွန်မပြောတဲ့လူကို ဦးလေးတို့ရွာထဲမှာ မြင်ပါသလား"

အဘိုးကြီးဟူစန်း၏ရင်ထဲတွင် ထိတ်လန့်ကိုးရိမ်လာ၏။ မိန်းမချော ပြောသည့် အဖိုးတန်မြင်းတစ်ကောင်ကိုလည်း သူမြင်ဖူးပါသည်။ သို့သော် အဘယ့်ကြောင့် လိရှောက်ကွမ်းအစစ်ခေါ် လိထိကျင်းက လေပြင်းဓားသမား ထိလူဟုန်းဖြစ်သွားရသည်ကို စဉ်းစားရဖြစ်နေ၏။

သံခေါင်းကြီးဟူစန်းက လိထိကျင်း ရှိနေကြောင်း သုတ်ဖော်

www.burmeseclassic.com

www.burmeseclassic.com



မပြောပါ။ အဘယ့်ကြောင့်ဆိုသော် သူ့ရှေ့တွင်ရှိနေသော ညှို့ညှို့သည်သည် မိန်းမချောမှာ မည်သူမည်ဝါဖြစ်ကြောင်း မသိ၍ ဖြစ်သည်။

"မိန်းကလေးပြောတဲ့ ပုံပန်းသဏ္ဌာန်နဲ့လူမျိုးကိုတော့ ကျွန် ဒီရွာထဲမှာ မတွေ့မိပါဘူး၊ ဒါပေမယ့် ရွာထဲမှာ တည်းခိုစားသောက် ဆိုင်တွေ သုံးလေးဆိုင်ရှိနေလေတော့ အဲဒီဆိုင်တွေမှာများ ရှိနေမလား မဆိုနိုင်ဘူး"

"ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ်၊ ဒီကနေ့ညတော့ အချိန် မရှိတော့လို့ နက်ဖြန်မှပဲရှာတော့မယ်"

သံခေါင်းကြီးဟူစန်းမှာ လီထိကျင်း၏ဘေးခန်းတွင် အခန်း လွတ်နေသော်လည်း လီထိကျင်းကို တွေ့မြင်သွားမည်စိုး၍ မိန်းမချော အား လီထိကျင်းနှင့် အလှမ်းကွာဝေးသော အခန်းတစ်ခုတွင် နေရာ ချပေးလိုက်၏။

အမျိုးသမီးကို နေရာချပေးပြီး သံခေါင်ကြီး ဟူစန်းမှာ လီထိ ကျင်းအခန်းရှိရာသို့ အလျင်အမြန်ပြန်လာခဲ့၏။

လီထိကျင်း၏အခန်းရှေ့ရောက်သည်နှင့် တံခါးခေါက်မည် ပြုလိုက်စဉ် အထဲမှမေးမြန်းသံတစ်သံ ထွက်ပေါ်လာသည်။

"ဘဘဟူလား"

"မင်း တယ်နားပါးပါလား၊ တံခါးမြန်မြန်ဖွင့်စမ်းပါ"

အဘိုးကြီးဟူစန်း စကားဆုံးသည်နှင့် အခန်းတံခါးပွင့်လာ၏။

အဘိုးကြီးဟူစန်းက သူကိုယ်တိုင်ပင် လီထိကျင်း၏အခန်း တံခါးကို သေချာစွာ ပြန်ပိတ်လိုက်ပြီး လီထိကျင်းကို အတန်ကြာ အကဲခတ်ကြည့်နေသည်။

ထိုအပြုအမူကြောင့် လီထိကျင်းမှာ အတော်ပင် အူကြောင် ကြောင် ဖြစ်သွားရ၏။



"ဘဘဟူ ဘာဖြစ်လို့လဲ...ကျွန်တော့်ကို မမြင်ဖူးလို့လား"

အဘိုးကြီးဟူစန်းက စကားရှည်ရှည်ဝေးဝေး မပြောတော့ဘဲ တုံးတိတိကြီးပင် မေးလိုက်၏။

"မင်း လေပြင်းဓားသမား ထိလူဟုန်း မဟုတ်လား"

လီထိကျင်းက အံ့အားသင့်သွားကာ...

"ဗျာ...ကျွန်တော်က လေပြင်းဓားသမား ထိလူဟုန်း ဟုတ် လား၊ ဘယ်သူက ဘဘကိုပြောလိုက်တာလဲ"

"မင်း မှန်မှန်ပြောပါ၊ ခု ထိလူဟုန်းကို လူတစ်ယောက် လိုက်ရှာနေတယ်၊ အဲဒီလူ ငါ့တည်းခိုခန်းမှာ ရောက်နေတယ်"

လီထိကျင်း စိတ်ရှုပ်သွားဟန်ဖြင့်...

"ဘယ်သူကများ လေပြင်းဓားသမား ထိလူဟုန်းကို လိုက်ရှာ နေလို့လဲ"

"အဲဒါ အကြောင်းမဟုတ်ဘူး၊ မင်း ထိလူဟုန်း ဟုတ်မဟုတ် ဆိုတာကိုသာ ငါ့ကိုအလျင်ပြောပါ"

လီထိကျင်း သဘောကျစွာပြုံး၍...

"စိတ်အေးအေးထားပါလေ၊ ကျွန်တော့်မှာ ဓားဆိုလို့ အပ်တို တစ်ချောင်းတောင်မပါပါဘူး၊ ကျွန်တော် လေပြင်းဓားသမား ထိလူဟုန်းဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲ"

"ဟုတ်တယ်၊ မင်းမှာ ဓားတစ်လက်မှ မရှိပေမယ့် အင်မတန် တန်ဖိုးကြီးမားတဲ့ မြင်းတစ်ကောင်ရှိထားတယ်ဆိုတာ မင်းမငြင်း နိုင်ပါဘူး"

အဘိုးကြီးဟူစန်း၏စကားကြောင့် လီထိကျင်း ရုတ်တရက် ထိတ်လန့်သွားကာ အသာဣန္ဒြေဆည်လိုက်၏။

"သြော်...ဟုတ်သားပဲ၊ ဒီမြင်းကြီးကြောင့် လူတွေ ကျွန်တော့် ကို မျက်စိစူးနေကြတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…လီရှောက်ကွမ်း၊ မင်းဟာ ငါ့ကို အမျိုးမျိုး လိမ်ညာလှည့်ဖြားခဲ့တယ်၊ ပထမဦးဆုံး မင်းဟာ လီရှောက်ကွမ်းဖြစ်ပါလျက်နဲ့ လီထိကျင်းဆိုပြီး လိမ်ခဲ့တယ်၊ ခုတစ်ခါ လီထိကျင်းကနေ ထိလူ့ဟုန်းဖြစ်ပြန်ပြီ၊ မင်း ဘယ်အချိန်တုန်းက လေပြင်းဓားသမား ထိလူ့ဟုန်း ဖြစ်သွားရတာလဲဆိုတာကို ငါ့ကို အမှန်အတိုင်း ပြောစမ်းပါ"

လီထိကျင်းမှာ အဘိုးကြီးဟူစန်းအား ဆက်လက်လိမ်လည်၍ ရနိုင်တော့မည် မဟုတ်ကြောင်း စဉ်းစားမိကာ…

"အင်း…ပြောရမှာတော့ ရှည်လျားထွေပြားလှပါတယ်၊ ဒါပေမယ့် လေပြင်းဓားသမား ထိလူ့ဟုန်းကို လိုက်ရှာနေတာ ဘယ်သူလဲဆိုတာ ကျွန်တော် သိချင်တယ်"

"ဘယ်သူလဲဆိုတော့ မိန်းမချောလေး တစ်ယောက်ပဲကွ၊ အသက်က နှစ်ဆယ့်ငါးနှစ်လောက် ရှိလိမ့်မယ်၊ ဝတ်စုံနက်ဝတ်ပြီး ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းတဲ့ မိန်းမချောလေးတစ်ယောက်ပဲ၊ ပြီးတော့ စိတ်နည်းနည်းဆတ်ပုံရတယ်"

လီထိကျင်းက မျက်မှောင်ကြုတ်လိုက်ပြီး…

"အဲဒီအမျိုးသမီးစားရဲ့ လက်ကိုင်ရိုးက အနက်ရောင်မဟုတ်လား"

"ဟုတ်တယ်…အဲဒီအမျိုးသမီးဟာ ဘယ်သူလဲ"

လီထိကျင်းမှာ စိတ်ပျက်စွာ ခေါင်းခါယမ်း၍ တစ်ကိုယ်တည်း ညည်းညူရေရွတ်သည့်ဟန်ဖြင့်…

"အင်း…တယ်လည်းခက်ပါလား၊ သူ ဒီထိအောင် မရမက လိုက်ပြီး စုံစမ်းလာပါလား"

အဘိုးကြီးဟူစန်းမှာ စိတ်မရှည်နိုင်တော့ဘဲ…

"ရှောက်ကွမ်း မင်းကိုငါက ညည်းညူခိုင်းနေတာမဟုတ်ဘူး



မင်းကိုလိုက်ရှာနေတဲ့ မိန်းမချောဟာ ဘယ်သူလဲဆိုတာကို ငါသိချင်နေတာ"

"ဟုတ်ကဲ့…ဘဘဟူ ကြားဖူးသလားတော့ မသိဘူး၊ ခုသိုင်းလောကမှာ နာမည်ကြီးနေတဲ့ အလွန်ကြမ်းတမ်း စိတ်ဆတ်ပြီး သိုင်းသမားတိုင်းလိုလို သူ့ကိုကြောက်နေ…"

အဘိုးကြီးဟူစန်းက ပိုမိုစိတ်မရှည်နိုင်စွာဖြင့်…

"အပိုစကားတွေ ပြောမနေနဲ့၊ သူဘယ်သူလဲဆိုတာပဲ ငါသိချင်တယ်"

လီထိကျင်း သက်ပြင်းတစ်ချက်ချကာ…

"အင်း…အဲဒီမိန်းမချောလေးက တစ်ခုလပ်ဝတ်စုံနက် မီးလျံလင် ချူရွှန်းပါပဲ"

အဘိုးကြီးဟူစန်းမှာ အလွန်ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး…

"ဟော…မီးလျံလင်ချူရွှန်းဟုတ်လား၊ ဒီအမျိုးသမီးရဲ့သိုင်းပညာက ထိပ်တန်းအဆင့်မြင့်ပြီး အတော်ကြောက်စရာကောင်းတဲ့ သိုင်းသမားတစ်ဦးပဲ"

"ဟုတ်ပါတယ် ဘဘဟူ၊ ဒီချောင်ကျလှတဲ့ရွာမှာနေပြီး အပြင်လောကရဲ့ သတင်းအတော်များများကို ရထားတာ ချီးကျူးစရာပါပဲ"

"မင်း ငါ့ကို ချီးမကျူးနဲ့၊ မင်းရဲ့ ဒုတိယဦးဦးရွှာကို ပြန်လာတုန်းက ငါ့ကိုပြောခဲ့လို့ သိနေတာပါ၊ နေပါဦး…မင်းက ဒီမိန်းမချောနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"

"သူနဲ့ပတ်သက်တယ်လို့ ဘဘဟူ ဘယ်လိုကြောင့် ပြောနိုင်ဘာလဲ"

"မင်းနဲ့မပတ်သက်ဘူးဆိုရင် အဲဒီမိန်းမချောက ဒီလောက်ချောင်ကျလှတဲ့ရွာအထိ သူက လိုက်လာပါ့မလား၊ ရန်ငြိုးရန်စကော ရှိခဲ့လို့လား"

www.burmeseclassic.com



"မရှိပါဘူး၊ အထူးသဖြင့် ကျွန်တော်ဟာ မိန်းမတွေအပေါ်မှာ အနိုင်ကျင့်တဲ့ ထုံးစံမရှိခဲ့ပါဘူး၊ တခြားမိန်းကလေးတွေအပေါ် နိုင့်ထက်စီးနင်းလုပ်နေတာတွေ့ရင်တောင် ကျွန်တော် ကြည့်မနေ တတ်ဘူး"

"ဒါတော့ ငါလည်းသိပါတယ်၊ ဒါပေမယ့် ဒီနေရာအထိ လိုက်လာတယ်ဆိုတော့ အဲဒီမိန်းမမှာ အကြောင်းတစ်ခုခုတော့ ရှိရမှာ သေချာတယ်"

လိထိကျင်းက ဘာမှပြန်မပြောဘဲ နှုတ်ပိတ်နေ၏။

အဘိုးကြီးဟူစန်းက အတန်ကြာစဉ်းစားပြီး...

"အင်း...မဟုတ်မှလွဲရော မီးလျံလင်ချူချွန်းဟာ မင်းကို ချစ်ခင်မြတ်နိုးနေတာဖြစ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို သိုင်းလောက အလင်းလိုင်း အမှောင်လိုင်းရော သိုင်းသမားတော်တော်များများက သူ့ကို လိုချင်တပ်မက်ကြတယ်၊ ဒါပေမယ့် သူ့ကို ကြောက်လို့ ဘယ်သူမှ မစရဲကြဘူးလို့ မင်းရဲ့ဒုတိယဦးဦး ငါ့ကို ပြောဖူးတယ်၊ ခု မင်းကို တကူးတကလာရှာတယ်ဆိုတော့ ဒီကိစ္စအတွက်ကြောင့်ပဲလို့ ငါထင်တယ်"

"မီးလျံလင်ချူချွန်း ကျွန်တော့်ကို ဘယ်လိုသဘောထားတယ်ဆိုတာတော့ ကျွန်တော်မသိဘူး၊ ဒါပေမယ့် သူနဲ့ကျွန်တော် ခင်မင်ကြပါတယ်၊ သူ့ကို ကျွန်တော် မတွေ့ချင်သေးဘူး"

"မင်း သူ့ကို ရှောင်နေနိုင်ရင် တစ်ရက်နှစ်ရက်ပဲပေါ့၊ တစ်သက်လုံးတော့ မင်း သူ့ကိုရှောင်နိုင်မှာ မဟုတ်ဘူး၊ နောက် အဲဒီမိန်းမချောက စိတ်ဆတ်ပြီး တော်ရုံတန်ရုံလူကို မျက်နှာသာ ပေးတာ မဟုတ်ဘူး၊ သူစိတ်ဝင်စားမိပြီဆိုရင်လည်း မရမကကို ဖြစ်အောင်လုပ်မယ့်အစားထဲကဆိုတာ ငါရိပ်မိတယ်"

"ကျွန်တော်လည်း သိပါတယ်၊ ခုလောလောဆယ်တော့ သူ့ကို ရှောင်နေရုံကလွဲပြီး တခြားလုပ်စရာအကြောင်း မရှိဘူး၊ တစ်ရက်လောက် ရှောင်နိုင်ရင် တစ်ရက်ပိုစိတ်ချမ်းသာပြီး နားအေးပါးအေး ရှိတယ်၊ လွတ်လွတ်လပ်လပ်လည်း နေနိုင်တယ်"



အဘိုးကြီးဟူစန်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး...

"ဒါပေမယ့် သူ့ခမျာ ခရီးအဝေးကြီးကနေ အပင်ပန်းခံ လိုက်လာခဲ့ရတယ်ဆိုတော့ သနားပါတယ်ကွာ"

"ဘဘဟူက သူ့ကို ကျွန်တော် သွားတွေ့စေချင်လို့လား"

"ဒီလိုလည်း မဟုတ်သေးပါဘူး၊ ခု ပန့်စန်ဖိန်ခြံကြီးမှာလည်း ရှောင်ယွင်အတွက် မင်းမှာ တာဝန်ရှိတယ်၊ ခု တစ်ခါစိတ်ဆတ်ပြီး တစ်ဖွတ်ထိုး မိန်းမချောလေးတစ်ယောက်က ထပ်ရောက်လာပြန်ပြီ ဆိုတော့ ငါ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး၊ ဒီကိစ္စမှာ မင်းက သုံးသပ်ပြီး ကောင်းမယ်ထင်သလိုသာ လုပ်ပေတော့"

"ဘဘဟူ ခု သူဘယ်အခန်းမှာနေသလဲ"

"မင်း စိတ်ပြောင်းသွားပြီလား"

"ကျွန်တော်ဟာ စိတ်လွယ်လွယ်နဲ့ ပြောင်းတတ်တဲ့လူမျိုး ဆိုရင် ဒီကနေ့ထိ အသက်ရှင်နေနိုင်မှာမဟုတ်ဘူး၊ သိချင်လို့မေးကြည့်တာပါ"

"မင်းအခန်းနဲ့ တော်တော်လှမ်းတဲ့ မြောက်ဘက်အပေါ်ခန်းမှာ ရှိနေတယ်၊ သူ မနက်စောစော ဒီကနေ့ထွက်သွားလိမ့်မယ်"

"ဘယ်ကိုသွားမှာတဲ့လဲ"

"သူက ငါ့ဆီမှာ မင်းသတင်းကို မကြားရတော့ တခြားတစ်နေရာရာမှာ သွားစုံစမ်းတော့မှာပေါ့"

"ဒီလိုဆိုလည်း ကောင်းပါတယ်၊ ခုကျွဲမြီးသွားတာပေါ့"

"ကဲ...ဒါဖြင့် ငါသွားအိပ်တော့မယ်၊ မင်းလည်း အိပ်ပေတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဘဘဟူ ကျွန်တော် လိုက်မပို့တော့ဘူးနော်"

"အမယ်လေး...မပို့ပါနဲ့တော့ မောင်မင်းကြီးသားရယ်၊ ငါ မနက်ခင်းထဲက ဟိုပြေးရ ဒီလွှားရနဲ့ တစ်ချက်မှ မနားရသေးဘူး"

အခန်းထဲမှ ထွက်ခွာသွားသော အဘိုးကြီးဟူစန်း၏ နောက်ကျောပြင်ကိုကြည့်ကာ လိထိကျင်း စိတ်မောလူမောဖြစ်ပြီး သက်ပြင်းရှည်ကြီးကို လေးတွဲ့စွာ ချလိုက်လေတော့သည်။

❑ ❑ ❑

# အခန်း(၁၀)

နောက်တစ်နေ့။

နံနက်ခင်း၏ ချမ်းအေးသော လေကလေးက တသုန်သုန် တိုက်ခတ်လျက်ရှိနေ၏။

ထိုအချိန် ဝတ်စုံနက်ဝတ် မိန်းမချောက သူမ၏မြင်းကြီးပေါ်တွင် ရောက်နှင့်နေပြီဖြစ်သည်။

မိန်းမချောလေးမှာ သူမတွေ့လိုသော လေပြင်းဓားသမား ထိလူဟုန်းကိုသာ တွေ့လိုစိတ်စောနေသဖြင့် ပတ်ဝန်းကို သိပ်သတိထားမိခြင်းမရှိ။

သို့သော် မိန်းမချောအား တစ်ယောက်သော လူတစ်ဦးက စိတ်ဝင်စားစွာ အကဲခတ်ကြည့်ရှုနေသည်ကို သူမ သတိမထားမိ။

ထိုလူမှာ လူရှုပ်လူပွေ ယောင်ခြောက်ဆယ်သမား နှစ်ဖက်လွှ ခိုင်ဟော့လော့ပင်ဖြစ်သည်။

အထူးသဖြင့် ခိုင်ဟော့လော့တစ်သက်တာတွင် ဤမျှချောမော လှပစွဲမက်စရာကောင်းသည့် မိန်းမမျိုး မတွေ့ခဲ့ဖူးသေးပေ။

မိန်းမချောက လမ်းတွင်တွေ့ရသော လူတစ်ယောက်အား သူမတွေ့လိုသူ၏အမည်နှင့် ပုံပန်းသဏ္ဍာန်ကိုပြောပြကာ မေးမြန်းစုံစမ်းနေသံကို ခိုင်ဟော့လော့ ကြားနေရ၏။

အမျိုးသမီး တွေ့လိုသူ၏နာမည်ကို ကြားရသူသည် မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ်ပျက်ကာ ကျောထဲစိမ့်သွားသလိုလို ဖြစ်သွားကြသည် ချည်းပင်။ ဤမိန်းမချောမှာ တစ်စုံတစ်ခုကိုသိချင်၍ မေးမြန်းစုံစမ်းနေကြောင်း ခိုင်ဟော့လော့ သိလိုက်ရ၍ လှမ်းအော်ပြီးနောက်မှ ပြေးလိုက်သွား၏။

"ဟော့ မိန်းကလေး...မင်းဘာများ သိချင်လို့မေးမြန်း စုံစမ်းနေသလဲ"

ဝတ်စုံနက်ဝတ် အမျိုးသမီးက ခိုင်ဟော့လော့၏ အသံကြောင့် မြင်းကိုရပ်လိုက်ပြီး အေးစက်စက်အကြည့်ဖြင့် နောက်ပြန်လှည့်လိုက်သည်။

မိန်းမချောမှာ လူကြမ်းစိတ်ကြမ်းဖြစ်၍ ခပ်ဆတ်ဆတ် လေသံဖြင့်...

"ဟုတ်တယ်...အဲဒါ ဘာဖြစ်လဲ"

မိန်းမချော၏ ဘုဆတ်ဆတ်စကားသံကြောင့် ခိုင်ဟော့လော့ အနည်းငယ် တုန်လှုပ်သွားမိသည်။ သို့သော် တဏှာရာဂဖုံးလွှမ်းနေသည့်အတွက် ကြောက်စိတ်များ ပြောက်ကွယ်သွားကာ...

"မင်းတွေ့ချင်တဲ့သူက အရုပ်အမောင်းကောင်းကောင်း ကိုယ်ခန္ဓာ ကြံ့ခိုင်တောင့်တင်းပြီး သပ်သပ်ရပ်ရပ် ဝတ်ဆင်လေ့ရှိတဲ့ လူခန့်တစ်ယောက်ကို တွေ့ချင်တာမဟုတ်လား"

အမျိုးသမီးမှာ ခိုင်ဟော့လော့၏စကားကို ကြားလိုက်ရသည်နှင့် သူမ၏ အေးစက်စက်ဖြစ်နေသော မျက်နှာမှာ ရုတ်ခြည်း ပြုံးရွှင် လာပြီး...

"ဟုတ်ပါတယ်...ရှင် သူ့ကိုမြင်ဖူးပါသလား"

ခိုင်ဟော့လော့က ခေါင်းညိတ်ပြီး...

"ကျုပ် တွေ့လိုက်ပါတယ်၊ အဲဒီလူ ဒီရွာကို ရောက်လာတာ လေးငါးရက်လောက်ရှိပြီ၊ သူ့မျိုးရိုးက ထိမျိုးရိုး မဟုတ်လား"



မိန်းမချောလေးမှာ ထိုစကားကြောင့် လှနေသော မျက်နှာလေးအား ပိုလှအောင် ပြုံးလိုက်ပြီး...

"ဟုတ်ပါတယ်...ခု သူဘယ်မှာရှိနေပါသလဲ"

"ကျွန်တော့်နောက် လိုက်ခဲ့ပါ"

ပြောပြောဆိုဆို ခိုင်ဟော့လော့က ရှေ့မှဦးဆောင်ကာ လျှောက်လမ်းထွက်ခွာသွားသည်။

မိန်းမချောလေးက ခိုင်ဟော့လော့ကို အားနာသောအမူအရာဖြင့် လှမ်းပြောလိုက်သည်။

"အားနာစရာပါပဲ၊ ကိစ္စမရှိပါဘူး၊ သူရှိနေတဲ့နေရာကိုသာ ပြောပြပါ၊ ကျေးဇူးတင်ပါတယ်"

"မင်းက ဒီရွာမှာသူစိမ်းဖြစ်နေတော့ သွားရမှာ လွယ်မယ် မထင်ဘူး၊ ကျုပ်ကိုယ်တိုင် လိုက်ပို့ပေးပါ့မယ်၊ သူနေတဲ့နေရာက နည်းနည်းလှမ်းတော့ မင်းမြင်းပေါ်ကပဲ လိုက်ခဲ့ပါ၊ ကျုပ် ရှေ့က လျှောက်သွားပါ့မယ်"

ပြောပြောဆိုဆို ခိုင်ဟော့လော့က တစ်စုံတစ်ခုကို သတိရဟန် ဖြင့်...

"ဒါနဲ့ မင်းနာမည် ဘယ်လိုခေါ်ပါသလဲ၊ အဲဒီလူနဲ့ ဘာများ ပတ်သက်ပါသလဲ"

မိန်းမချောက ဘာမှ သင်္ကာမကင်း မဖြစ်ဘဲ...

"ကျွန်မနာမည် လင်ချူချွန်းပါ၊ အလယ်ပိုင်းဒေသမှာ နေပါတယ်"

ခိုင်ဟော့လော့က မိန်းမပျိုအား တစ်ချက်စိုက်ကြည့်ကာ ခပ်တည်တည်ဖြင့်...

"ဆရာလေးထိက မင်းရဲ့မိတ်ဆွေပဲလား၊ မင်းရဲ့နာမည်ကို သူတော့ တစ်ခါမှ ပြောသံမကြားမိဘူး"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမချောကလည်း ခိုင်ဟော့လော့အား အကဲခတ်သ
ကြည့်ပြီး...

"ရှင့်ရဲ့လေသံက ထိလူဟုန်းနဲ့ အတော်ရင်းနှီးနေပုံရတ
"ဟုတ်တယ်၊ ဆရာလေးထိလူဟုန်းက ကျုပ်ဆရာကြီး
မိတ်ဆွေပါ၊ ကျုပ်ကတော့ ဆရာကြီးရဲ့တပည့်တစ်ယောက်ပါ"

"ကျွန်မ သူနဲ့မတွေ့တာ တော်တော်ကြာသွားပါပြီ၊ ဒါကြေ
သူကျွန်မကို မေ့နေတာဖြစ်ပါလိမ့်မယ်"

"ဟုတ်ပါလိမ့်မယ်၊ ကဲ...ကျုပ်ရှေ့ကနေ လမ်းပြပါ့မေ
ကျုပ်ကအပြင်ကို ပစ္စည်းဝယ်ဖို့ထွက်လာတာ၊ ဒီတော့ မင်းကို ပို့
ပြီးမှ ကျုပ်တစ်ခေါက်ပြန်လာရဦးမယ်"

ပြောပြောဆိုဆို ခိုင်ဟော့လော့ရှေ့မှလျှောက်လှမ်းထွက်သွ
လေသည်။

မိန်းမချောမှာ ထိလူဟုန်းကို တွေ့လိုသည့်စိတ်က ပြင်းပြ
သည်ကတစ်ကြောင်း၊ ယခု လမ်းပြမည့်သူမှာလည်း အချိန်မီပြန်
ရဦးမည်ဖြစ်၍ ဘာမျှမပြောတော့ဘဲ နောက်မှလိုက်ပါသွားသည်

မကြာမီ ခန့်ညားထည်ဝါသော အဆောက်အအုံတစ်ခု
ခြံကြီးရှေ့ ရောက်လာခဲ့ကြသည်။

အိမ်ကြီး၏ တံခါးမကြီးမှာ အနီရောင်ဆေးများ သုတ်ထ
ကာ ခြံဝတွင် လူသန်ကြီးနှစ်ယောက်ရပ်လျက်ရှိနေသည်ကို တွေ့ရ

ထိုလူသန်ကြီး အစောင့်နှစ်ယောက်ကို ခိုင်ဟော့လော့က မျ
တစ်ဖက်မှိတ်ပြပြီး အချက်ပေးလိုက်ပြီး...

"ကဲ ဆရာသမားရေ...ဒီအမျိုးသမီးက ဆရာလေး ထိလူဟု
ရဲ့ မိတ်ဆွေဖြစ်ပါတယ်၊ သူ့ရဲ့မြင်းကို ကြည့်ထားပေးလိုက်ပ"

ပြောပြီးသည်နှင့် ခိုင်ဟော့လော့က မိန်းမချောဘက်လှည့်ပြီး

"ကဲ...မိန်းကလေး၊ ကျုပ်နောက်ကို လိုက်ခဲ့ပါ"



အစောင့်နှစ်ယောက်ကိုပြောပြီး ခိုင်ဟော့လော့က မိန်းမချော
အား ဦးဆောင်ကာ ရှေ့မှနေ၍ ခြံကြီးထဲသို့ ဝင်သွားလေသည်။

နောက်မှ လိုက်ပါလာသော မိန်းမချောက...

"ဒီအိမ်ရှင်ရဲ့နာမည် ကျွန်မကို အလျင်ပြောပါ၊ တော်ကြာ
လူမှားနေလို့ အားနာစရာဖြစ်နေပါဦးမယ်"

"ကျုပ်တို့သူဌေးက ဇေးအမျိုးအနွယ်ဖြစ်တယ်၊ တခြား
အကြောင်းတွေကိုတော့ ဆရာလေးထိနဲ့တွေ့တဲ့အခါ သိရပါလိမ့်မယ်"

ထိုအခိုက် အိမ်ကြီးအတွင်းမှ ငှက်လှောင်အိမ်တစ်ခု ကိုင်ဆောင်
ထားသော လူတစ်ယောက်ထွက်လာသည်ကို တွေ့လိုက်ရ၏။ ငှက်
လှောင်အိမ်ကိုင်ထွက်လာသူမှာ ခိုင်ဟော့လော့ကဲ့သို့ပင် လူရှုပ်လူပွေ
တစ်ဦးဖြစ်သူ ဝါစန်းဆိုသူပင်ဖြစ်သည်။

ခိုင်ဟော့ယော့က ရှေ့မှနေ၍ ဝါစန်းအား မျက်စိမှိတ်အချက်
ပြကာ...

"ဝါစန်း...ဒီအမျိုးသမီးက ဆရာလေးထိလူဟုန်းရဲ့ မိတ်ဆွေ
ဖြစ်တယ်၊ ကျောက်ကျားကျိုရွာထဲမှာ ဆရာလေးထိကို လိုက်ရှာ
နေရင်း ကံအားလျော်စွာ ကျွန်တော်နဲ့တွေ့ခဲ့လို့ ဒီကိုခေါ်လာခဲ့တာပဲ၊
သူ့နာမည်က လင်ချူချွန်းလို့ ခေါ်တယ်"

ခိုင်ဟော့လော့နှင့် ဝါစန်းမှာ အချိတ်အဆက်ရှိသူများပီပီ
တစ်ချက်မျက်နှာမပျက်ဘဲ ငှက်လှောင်အိမ်ကိုချလိုက်ပြီး ဝါစန်းက
ဂါရဝပြုရင်း...

"မိန်းကလေး လင်ချူချွန်း၊ ကျွန်တော်ကတော့ ဝါစန်းလို့
ခေါ်ပါတယ်၊ ကျွန်တော်က သူဌေးကြီးရဲ့တတိယညီတော်ဖြစ်တယ်"

မိန်းမချော လင်ချူချွန်းက ဝါစန်းအားပြန်လည်ဂါရဝပြုရင်း...

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်မ ရှင်တို့ကို
ဒုက္ခပေးသလို ဖြစ်နေတဲ့အတွက် အားနာလှပါတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဝါစန်းက ခပ်တည်တည်နှင့်...

"ကိစ္စမရှိပါဘူး၊ ထိလူဟုန်းက အပြင်လူမှမဟုတ်ဘဲ၊ ကျွန်တော်တို့ ညီအစ်ကိုတွေနဲ့ဆို အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်ပါတယ်၊ ထိလူဟုန်းကတော့ အစ်ကိုကြီးနဲ့ အပြင်ကို ခဏထွက်သွားပါတယ်၊ ခုဆို ပြန်ရောက်ဖို့ နီးနေပါပြီ၊ ကဲ...ခိုင်ဟော့လော့ မိန်းကလေးကို ဧည့်ခန်းထဲ ခေါ်သွားပါ၊ ကျုပ်လူတစ်ယောက် ရှာပြီး အစ်ကိုကြီးတို့ကို လူလွှတ်ခေါ်ခိုင်းလိုက်မယ်"

စကားဆုံးသည်နှင့် ငှက်လှောင်အိမ်လေးကို ကောက်ကိုင်ကာ ဝါစန်းခြံထဲသို့ ထွက်လာခဲ့လေသည်။

မိန်းမချော လင်ချူချွန်းမှာ မကြာမီ ထိလူဟုန်းနှင့် တွေ့ရတော့မည်ဖြစ်၍ သူမ၏မျက်နှာတွင် အပြုံးပန်းများ ယှက်သန်းနေသည်ကို တွေ့ရ၏။ ချစ်စရာကောင်းလှသော မျက်နှာလေးမှာလည်း ပို၍စွဲမက်ချင်စရာအဖြစ် ခိုင်ဟော့လော့ မြင်လာမိလေသည်။

ခိုင်ဟော့လော့မှာ အမူအရာမပျက်ဘဲ တည်ငြိမ်စွာရှိနေ၏၊ သို့သော် သူ၏စိတ်ထဲ၌မူ သူ့ရှေ့ရှိ အလှပန်းလေးမှာ လှချင်တိုင်းလှနေပြီး ချစ်ခင်တပ်မက်ဖွယ်ဖြစ်နေ၏။ သို့သော် ထိုအလှပန်းလေးမှာ ဆူးများရှိနေသည်ကိုတော့ ခိုင်ဟော့လော့ သတိထားမိ၏။

ခဏကြာသော် သူတို့နှစ်ယောက် ခန့်ညားသော အိမ်ကြီး၏ ထည်ဝါသော ဧည့်ခန်းကြီးထဲသို့ ရောက်ရှိလာကာ ပြောင်လက်နေသော ကျောက်စားပွဲကြီးတွင် နှစ်ယောက်သား ဝင်ထိုင်လိုက်ကြ၏၊

စားပွဲတွင် ထိုင်မိသည်နှင့် လင်ချူချွန်းက ခိုင်ဟော့လော့အား...

"ရှင်တို့ သူဌေးက တော်တော်ကြွယ်ဝချမ်းသာပုံရတယ် ပစ္စည်းတွေအားလုံးဟာလည်း အဖိုးတန်တွေချည်းပဲ"

"ဟုတ်တယ်၊ အမှန်ပြောရရင် ဒီအိမ်ကြီးဟာ ကျုပ်တို့သူဌေး



ကြီးရဲ့ တစ်စိတ်တစ်ဒေသပစ္စည်းတွေ ဖြစ်ပါတယ်၊ လျောင်ရန်မြို့ထဲမှာလည်း သူဌေးကြီးပိုင်တဲ့ အိမ်ကြီးအိမ်ကောင်းတွေ တော်တော်များများ ရှိပါတယ်၊ ဒါပေမယ့် ဆရာလေး ထိလူဟုန်း ဒီအိမ်ကြီးကို သဘောကျလို့ ခေတ္တလာနေတာပါ"

"ဒါနဲ့ ထိလူဟုန်းက သူ့မှာ မိတ်ဆွေ သူဌေးတစ်ယောက် ရှိတယ်လို့ ကျွန်မကို တစ်ခါမှ မပြောမပြခဲ့ပါလား"

"ဟုတ်ပါတယ်၊ ဆရာလေးထိက ကျုပ်တို့ လျောင်တုန်းပြည်နယ်ကို လာလည်ခဲ့ပါတယ်၊ သူ ခုတလော ဘာများအလုပ်များနေသလဲ မသိဘူး"

သူတို့နှစ်ယောက်ထိုင်ပြီး မကြာမီမှာပင် ဝါစန်းဝင်လာခဲ့သည်။ သူ့လက်ထဲတွင် ငှက်လှောင်အိမ်လေး ပါမလာတော့။ ဝါစန်းနောက်မှ သိုင်းဝတ်စုံနှင့် လူငယ်တစ်ယောက် လက်ဖက်ရည်ဗန်းတစ်ခု ကိုင်ဆောင်ကာ ကျောက်စားပွဲကြီးတွင် ချပေးလိုက်၏။

ကျောက်စိမ်းလင်ဗန်းလေးထဲတွင် အလွန်အဖိုးထိုက်တန်သော ကျောက်စိမ်း ခရားလေးတစ်လုံး ပါလာသည်။ လက်ဖက်ခြောက်မှာလည်း တရုတ်ပြည်တွင် အကောင်းဆုံးလက်ဖက်ခြောက်ဖြစ်၍ လက်ဖက်ရည်ဗန်းယူလာကတည်းကပင် လက်ဖက်ခြောက်နံ့များမှာ တစ်ခန်းလုံး သင်းပျံ့နေသည်။

ဝါစန်းက လောကွတ်ပျူငှာစွာဖြင့်...

"လင်ချူချွန်း၊ ဒီမှာ ခဏစောင့်ပြီး လက်ဖက်ရည်ကြမ်းသောက်သုံးပါဦး၊ ကျွန်တော် တပည့်တစ်ယောက်လွှတ်ပြီး အစ်ကိုကြီးနဲ့ ထိလူဟုန်းတို့ကို သွားခေါ်ခိုင်းထားပါတယ်၊ မကြာခင် သူတို့ပြန်ရောက်လာကြတော့မှာပါ"

"အားနာဖို့ သိပ်ကောင်းတာပဲ၊ ရှင်တို့ကို သက်သက်ဒုက္ခပေးသလိုတော့ ဖြစ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အို…ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့ ညီအစ်ကိုတစ်တွေနဲ့ ထိလူဟုန်းဟာ ရင်းနှီးတဲ့ မိတ်ဆွေတွေပါ၊ လင်ချူချွန်းကလည်း ထိလူဟုန်းရဲ့ မိတ်ဆွေတွေဆိုတော့ ကျွန်တော်တို့နဲ့ သူစိမ်းတွေ မဟုတ်တော့တဲ့အတွက် အားနာစရာမရှိပါဘူး"

ပြောပြောဆိုဆို ဝါစန်းက လုပ၍ ချစ်စရာကောင်းသော ကျောက်စိမ်းခရားလေးထဲမှ အကောင်းစားလက်ဖက်ရည်ကြမ်းများ ငှဲ့ကာ မိန်းမချောရှေ့သို့ ချပေးလိုက်၏။

လက်ဖက်ရည်ကြမ်းငှဲ့ပေးရင်း ဝါစန်းက ညွှန်းနေပြန်သည်။

"လင်ချူချွန်း…ကျွန်တော်တို့ရဲ့ အကောင်းဆုံး လက်ဖက်ရည်ကြမ်းကို သောက်ကြည့်ပါဦး၊ လက်ဖက်ခြောက်က တရုတ်ပြည်မှာ အလွန်နာမည်ကျော်ကြားနေတဲ့ ရွှေဖီ လက်ဖက်ခြောက် အစစ်ဖြစ်ပါတယ်"

ဝါစန်း၏ ဧည့်ဝတ်ကျေပွန်စွာပြောဆိုမှုနှင့် လက်ဖက်ခြောက်၏ အနံ့လေးကလည်း သင်းပျံ့နေသောကြောင့် မည်သို့မျှ သံသယစိတ်မရှိဘဲ သောက်ကြည့်ရန် စိတ်ကူးလိုက်၏။

ထို့နောက် ရှေ့တွင်အသင့်ရှိသော လက်ဖက်ရည်ကြမ်း ပန်းကန်ကို ကောက်ယူကာ မိန်းမချောက ပါးစပ်တွင် တေ့ပြီး တဖြည်းဖြည်းချင်း အရသာခံ၍ သောက်နေလိုက်သည်။

လက်ဖက်ရည်ကြမ်း၏အရသာမှာ အလွန်ကောင်းလှသဖြင့် သူမလက်ထဲရှိ ပန်းကန်ထဲမှ လက်ဖက်ရည်ကြမ်းများ ကုန်စင်သွားအောင်ပင် မိန်းမချောက သောက်ချလိုက်လေသည်။

သူမ၏စိတ်ထဲတွင်လည်း ဤမျှ အဖိုးတန်ကောင်းမွန်သော လက်ဖက်ကြမ်းကို သဘောကျနှစ်ခြိုက်နေမိ၏။

ထိုအချိန်၌ ဝါစန်းက တပည့်တစ်ယောက်အား ခပ်တည်တည်နှင့် ပြောလိုက်သည်။



"အစ်ကိုကြီးတို့ ပြန်ရောက်လာပြီလားဆိုတာ သွားကြည့်စမ်း၊ ရောက်လာရင် ဒီဧည့်ခန်းထဲကို တစ်ခါတည်း ခေါ်လာခဲ့"

ဝါစန်း၏တပည့်ဟန်ဆောင်ထားသူက "ဟုတ်ကဲ့" ဟု ပြောပြီး ဧည့်ခန်းအပြင်ဘက်သို့ ထွက်သွားသောအခါ မိန်းမချော လင်ချူချွန်းသည် သူမသောက်ခဲ့သော လက်ဖက်ရည်ကြမ်းကို အနည်းငယ် သံသယဖြစ်မိသည်။

"နေပါဦး…ဒီလက်ဖက်ခြောက်ဟာ တရုတ်ပြည်ကအကောင်းဆုံး ရွှေဖီလက်ဖက်ခြောက်ဆိုတာ ဟုတ်ရဲ့လား"

ဝါစန်းက သဘောကျမှု [illegible]…

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီလက်ဖက်ခြောက်တွေကို ထိလူဟုန်း ယူလာတာမဟုတ်ဘူး၊ ကျွန်တော်တို့ အထူးတီထွင်ထားတဲ့ လက်ဖက်ခြောက်တွေပါပဲ"

မိန်းမချော လင်ချူချွန်း တစ်ခုခုကို ရိပ်စားမိလိုက်သည့်အလား ထိုင်နေရာမှ ရုတ်တရက် ခုန်ထလိုက်သည်။

သို့သော် သူမ၏ ကိုယ်ခန္ဓာမှာ စိတ်သွားတိုင်း ကိုယ်မပါချေ။ ခုန်ထလိုက်စဉ်မှာပင် ယိမ်းယိမ်းယိုင်ယိုင် ဖြစ်သွား၍ ကုလားထိုင် လက်ရမ်းကို ဖေးမ ကိုင်ထားလိုက်ရ၏။

လင်ချူချွန်း၏ မျက်လုံးအစုံတွင် ဒေါသရိပ်များ လွှမ်းလာပြီး သတ်ချင်သည့် အရိပ်အယောင်များ ယှက်သန်းနေရာမှ…

"ရှင်တို့ ဒီလက်ဖက်ရည်ကြမ်းထဲမှာ ဆေးခပ်ထားတယ် ဟုတ်လား"

ဝါစန်းက မည်သို့မျှ ထူးခြားဟန်မရှိသော မျက်နှာဖြင့် ခပ်အေးအေး ပြောလိုက်သည်။

"သိပ်ပြီး စိတ်မပူပါနဲ့၊ အဆိပ်ဆေး မဟုတ်ပါဘူး၊ ရိုးရိုးဆေးသာဖြစ်ပါတယ်၊ မင်း မကြာခင် လူ့လောကကြီးမှာ ခေတ္တ

www.burmeseclassic.com

www.burmeseclassic.com



အဆက်အသွယ်ပြတ်သွားရုံလောက် မေ့နေမှာပါ၊ တခြား ဘာ
မဖြစ်ပါဘူး"

မိန်းမချော လင်ချူချွန်း အလန့်တကြားဖြစ်သွားပြီး...

"ဟင် ဒါ...ဒါဖြင့် ထိလူဟုန်း မရှိဘူးပေါ့"

ဝါစန်းက မခိုးမခန့်ရယ်မောလိုက်ပြီး...

"မင်း ဒီမှာရှိနေရင် ထိလူဟုန်းရှိနေတာနဲ့ အတူတူပါပဲ"

လင်ချူချွန်း ပိုပြီးသဘောပေါက်သွားကာ...

"ရှင်တို့နဲ့ ထိလူဟုန်းတို့က ရန်ငြိုးရန်စများရှိခဲ့ကြလို့လား"

"မရှိပါဘူး၊ ဒါပေမယ့် ထိလူဟုန်း ဒီနယ်မှာရှိနေသ
တို့အတွက် အန္တရာယ်အလွန်များတယ်လေ၊ ဒါကြောင့် တို့က
လက်ဦးမှုကို အရယူလိုက်ရတာပေါ့၊ ဟဲ...ဟဲ...ဟဲ"

"ဒါဖြင့် ခု ထိလူဟုန်း ဘယ်မှာရှိနေသလဲ"

"မိန်းကလေး...မင်း ဘာမှပူမနေနဲ့၊ ထိလူဟုန်းဟာ
ကျားကျိုရွာမှာ ရှိနေပါတယ်၊ သူလည်း မကြာခင် မင်းဆီကို
လာတော့မှာပါ"

လင်ချူချွန်းမှာ ဒေါသလည်းထွက်၊ နောင်တလည်းရစွာဖြ

"အင်း...ကျွန်မက ဘယ်တော့မှ ပေါ့ပေါ့တန်တန်
မိန်းမ စား မဟုတ်ဘူး၊ ခုတော့ ထိလူဟုန်းကြောင့် ကျွန်မ ရှင်
ထောင်ချောက်ထဲကို တန်းဝင်မိခဲ့ရပြီ"

ထိုအချိန်၌ သူမ၏ခေါင်းမှာ မူးနောက်ရီဝေလာကာ
မြင်ကွင်းအားလုံး ခြားရဟတ်လည်သကဲ့သို့ မြင်မြင်သမျှလူမျာ
သက်မဲ့အရာဝတ္ထုမှန်သမျှ ချာချာလည်နေသည်ဟု ခံစားလာပြီး

ခြေတစ်လှမ်းမျှပင် ရှေ့သို့မတိုးနိုင်တော့ဘဲ ကုလားထိုင်
သို့ မိန်းမချော လင်ချူချွန်း တဖြည်းဖြည်း ပြန်ထိုင်ကျသွာ
လောကကြီးနှင့် တခဏအဆက်ပြတ်သွားလေတော့သည်။



ဤအချိန်မှာပင် အပြင်မှလူများ ညှော်ခန်းထဲသို့ စုံလင်စွာ
ရောက်ရှိလာခဲ့ကြ၏။

ရှေ့ဆုံးမှ ဖြူဖြူဖွေဝနှင့် ပုဂ္ဂိုလ်ကြီးမှာ သူဌေးကြီး ဟွေးလူစုန်
ဖြစ်၍ နောက်မှ လူနှစ်ယောက်မှာ အသက်ငါးဆယ် ပတ်ဝန်းကျင်
ရှိမည်ဟု ခန့်မှန်းရသော ဟွေးသူဌေးကြီး၏ ညီတော်နှစ်ယောက်တို့
ဖြစ်ကြ၏။

အဘိုးကြီးနှစ်ယောက်အနက် တစ်ယောက်က ပုပုပိန်ပိန်နှင့်
မျက်လုံးပြူးကာ နှာရောင်ကောက်သူဖြစ်၏။ ကျန်တစ်ဦးမှာ ကိုယ်
ခန္ဓာထွားကျိုင်းပြီး ထိပ်ပြောင်အဘိုးကြီးတစ်ဦးဖြစ်သည်။

ထိုထိပ်ပြောင်အဘိုးကြီး၏ တစ်ဖက်ပါးမှာ မှဲ့နက်ကြီးတစ်လုံး
ထင်ရှားစွာ ရှိနေ၏။ သူ၏ညာလက်ထဲတွင် သံလုံးနှစ်လုံး ကိုင်ထား
သည်ကို တွေ့ရ၏။

ထိပ်ပြောင်အဘိုးကြီးက ကုလားထိုင်ပေါ် လဲကျနေသော
မိန်းမချော လင်ချူချွန်းအားကြည့်ကာ...

"ဝါစန်း သူ့ကိုပွေ့ပြီး ခုတင်ပေါ်သွားတင်ထားလိုက်ပါ"

ဝါစန်းက အလွန်ရိုသေသော အမူအရာဖြင့် ဟုတ်ကဲ့ဟုဆိုကာ
မိန်းမချော လင်ချူချွန်းအား ထွမ်မည်အပြုတွင် ခိုင်ဟော့လော့က
ကမန်းကတန်းထ၍...

"အမယ်လေး...ဝါစန်း၊ မင်းတော့ မထူလိုက်ပါနဲ့၊ ငါလာ
ကူပေးပါ့မယ်"

ပြောပြီး ဝါစန်းထက်ဦးစွာ အမျိုးသမီးရှေ့သို့ လွှားခနဲ ခုန်လွှား
ရောက်ရှိသွားသည်။

သို့သော် ထိပ်ပြောင်အဘိုးကြီးက ခိုင်ဟော့လော့ထက် လျင်မြန်
စွာ အမျိုးသမီးနားသို့ ရောက်သွားပြီး တားဆီးလိုက်သည်။

"ဟိုတ် ...ခိုင်ဟော့လော့ မင်းအရမ်းမလုပ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ပြောင်အဘိုးကြီး၏ အမိန့်အား နိုင်ဟော့လော့ မလွန်ဆန်ရဲဘဲ နေရာတွင်တန့်နေကာ ရှေ့သို့ ဆက်မတိုးဝံ့တော့ချေ။ စိတ်ထဲတွင်တော့ မချင့်မရဲကြီး ဖြစ်နေ၏။

ဝါစန်းက မိန်းမချောအား ချိမပွေ့ယူကာ ဧည့်ခန်းနှင့် ကပ်လျက်ရှိသော အိပ်ခန်းတစ်ခန်း၏ ခုတင်ပေါ်သို့ သွားရောက်ချထားလိုက်သည်။

ထိပ်ပြောင် အဘိုးကြီးမှာ မိန်းမချော၏ ရုပ်ရည်ကို အသေအချာ ကြည့်မိလိုက်သောအခါ မျက်နှာပေါ်တွင် သွေးရောင်များ ပျောက်သွားမတတ် မျက်လုံးပြူး ထိတ်လန့်သွားကာ ...

"နိုင်ဟော့လော့ မင်း အဆိပ်ပြင်းတဲ့ ပျားအုံကို နှိုက်မိလျက်သား ဖြစ်နေပြီ သူ ဘယ်သူလဲဆိုတာ မင်းသိရဲ့လား"

နိုင်ဟော့လော့၏ မျက်နှာလည်း တစ်ချက် ကြောင်အန်းသွားပြီး ...

"သူ ဘယ်သူမို့လဲ"

"သိုင်းသမား အများအပြား ကြောက်လန့်နေရတဲ့ ယက္ခမယ်မဆိုးမ မီးလျှံ လင်ချူချွန်းဆိုတာ သူပဲ"

ထိပ်ပြောင်ကြီး၏ စကားကြောင့် ဧည့်ခန်းထဲတွင် ရှိနေကြသော သူများအားလုံး အလွန်ထိတ်လန့် တုန်လှုပ်ချောက်ချား သွားကြသည်။

ထိုစကားကြောင့် ခုတင်ပေါ်သို့ မိန်းမချောအား ချထားပေးပြီး ပြန်ရောက်လာသူ ဝါစန်းက ပိုမို ကြောက်ရွံ့သွားပြီး မယုံကြည်နိုင်ဟန်ဖြင့် ...

"ဆရာကြီး လူမှားနေပြီ ထင်ပါတယ်"

"ဝါစန်း လူမှားတယ်ဆိုရင် ငါ ခေါင်းအဖြတ်ခံရဲတယ်"

နိုင်ဟော့လော့၏ မျက်နှာ ဖြူဖတ် ဖြူရော် ဖြစ်နေပြီး ...



"ကျွန်တော် ပင်ပင်ပန်းပန်းနဲ့ ကြိုးစားပြီး ဒီအရောက်ခေါ်လာခဲ့တာ ခုတော့မမျှော်လင့်ပဲ အဆူးပါတဲ့ နှင်းဆီတစ်ပွင့် ဖြစ်နေပါလား၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ ဒီလောက်လှပပြီး ဇွဲမက်စရာ ကောင်းတဲ့ အမျိုးသမီး တစ်ယောက်နဲ့ တစ်ညဖြစ်ဖြစ်၊ တစ်ခဏ ဖြစ်ဖြစ် ရှည်ဆက်ဆံရရင် သေပျော်ပါပြီ၊ ခု ဆရာကြီးတို့ ညီနောင် သုံးဦးက ကြောက်ရွံ့ပြီး ဆုတ်ဆိုင်းဆိုင်း ဖြစ်နေမယ်ဆိုရင်၊ ဒီအမျိုးသမီး ကျွန်တော့်လက်ထဲ အပ်လိုက်ပါ၊ ထိုလူဟုန်းကိုလဲ ကျွန်တော် မကြောက်ပါဘူး၊ မီးလျှံလင်ချူချွန်းကိုလဲကျွန်တော်ရင်ဆိုင်ရဲပါတယ်"

နိုင်ဟော့လော့က ရမ္မက် ပြင်းထန်သော မျက်နှာကြီးဖြင့် ပြောနေသည်။ ထိပ်ပြောင် အဘိုးကြီးကမူ ဘာမှ ပြန်မပြောချေ။ ထို့ကြောင့် နိုင်ဟော့လော့က ဆက်ပြောပြန်သည်။

"ဆရာကြီး အရောင်းအဝယ်ဆိုတာ စည်းကမ်းရှိပါတယ်၊ ခုရှုပ်မှ နောင်ရှင်းဆိုသလို ဆရာကြီးတို့ကို စကားတစ်ခွန်းအလျင် ရှင်းရှင်းပဲ ပြောချင်ပါတယ်၊ သည်းခံပြီး နားထောင်စေချင်ပါတယ်"

"ရပါတယ် မင်း ဘာပြောချင်သလဲ"

"ဆရာကြီးတို့ ညီအစ်ကိုသုံးဦးဟာ ဒီနယ်မှာ ဩဇာရှိသူများ ဖြစ်ကြပါတယ်၊ နောက် သိုင်းသမားကြီးတွေလဲ ဖြစ်တယ်၊ ရန်ငြိုးရန်ကြွေးဆိုတာ လက်စားချေမှုများနဲ့ အမြဲဒွန်တွဲလျက် ရှိနေတာကြောင့် နောင်တစ်ချိန် မီးလျှံ လင်ချူချွန်းနဲ့ ထိုလူဟုန်းတို့က ရန်ကြွေးတောင်းလာကြတဲ့အခါ အနည်းဆုံး ကျွန်တော့် အသက်တစ်ဝက်လောက်က သေမင်းလက်ထဲ ရောက်နေပါပြီ၊ အဲဒီအတွက် ရှောပတ္တမြား၊ ရှော့နဂါးဆိုသလို ဆရာကြီးတို့ ကျွန်တော့်ကိုပေးသည့် ငွေစတစ်ထောင်အတွက် အလုပ်တာဝန် ကျေပြီးပါပြီ"

"အဲ ငွေစတစ်ထောင်အတွက် အလုပ်တာဝန် ကျေပြီးတဲ့အပြင် ခုအရောင်းအဝယ် ကိစ္စမှာ နောက်ထပ် မီးလျှံ လင်ချူချွန်း ထတ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုတောင် ကျွန်တော်က အပိုပေးလိုက်ရသလို ဖြစ်နေပါတယ်၊ ဒါကြောင့် ကျွန်တော့်ကို အမြတ်အစွန်းအတွက် နောက်ထပ်ငွေစ လေးများ မစ စေချင်ပါတယ်"

ဝါစန်းက ခပ်တည်တည်နှင့် ...

"ဟော့ ခိုင်ဟော့လော့ မင်းကို ကျုပ်တို့က လက်နက်ပြပြီး ခြိမ်းခြောက်ခိုင်းခဲ့တာလဲ မဟုတ်ဘူး၊ ဒီအမျိုးသမီးကိစ္စက မင်းဆန္ဒမင်းသဘောနဲ့ လုပ်ဆောင်ခဲ့တာပဲ၊ ဒီအတွက် တို့က မင်းကိုဘာများ ထပ်ပေးရဦးမှာလဲ"

"မှန်ပါတယ်၊ ဒါပေမယ့် သူဌေးကြီးတို့ ညီအစ်ကိုသုံးယောက်ဟာ ရှလျှောင်တုန်းပြည်နယ်မှာ ထိတ်ထိတ်ကြဲ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ပါတယ်၊ ခြေတစ်ဖက်ဆောင့်လိုက်တာနဲ့ လျှောင်တုန်းပြည်နယ်တစ်ခုလုံးတောင် တုန်လှုပ်ချောက်ချား သွားစေနိုင်လောက်တဲ့ ဩဇာတိက္ကမလဲ ရှိကြတယ်၊ ကျွန်တော်ကတော့ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ဆင်းရဲသား ဖြစ်တဲ့အတွက် သက်ညှာတဲ့အနေနဲ့ ကျွန်တော့် တောင်းဆိုချက်ကို လိုက်လျောစေချင်တယ်၊ နောက်နောင်လဲ ကျွန်တော်တို့ဟာ လုပ်ငန်းတွေဆက်လုပ်ဖို့ အများအပြား ရှိပါသေးတယ် မဟုတ်ဘူးလား"

ခိုင်ဟော့လော့က အကယ်၍ မီးလျံ လင်ချူရွှန်း၏ ကိစ္စပေါ်ပေါက်သွားပါက သူတစ်ယောက်တည်း မဟုတ်ပဲ အားလုံးပါဝင်ပတ်သက်နေကြသည် ဖြစ်၍ ဆိုးကျိုးများ ရောက်ရှိလာပါက အတူတကွ ခံရမည်ဖြစ်ကြောင်း လှည့်ပတ်ပြောဆို လိုက်ခြင်းပင်။

ခိုင်ဟော့လော့၏ စကားဆုံးသည်နှင့် ဝါစန်းက ဒေါသပေါက်ကွဲမည့် ဆဲဆဲတွင် သူဌေးကြီး ဟွေးလူစုန်က ...

"ဝါစန်း နောက်ဆုတ်နေစမ်း၊ ဒီမှာ မင်းပြောစရာ အကြောင်းမရှိဘူး"



ဝါစန်းမှာ ဒေါသထွက်နေစေကာမူ သူဌေးကြီး၏ စကားကြောင့် သူ၏ဒေါသများ အရည်ပျော်ကျသွားကာ နောက်ဆုတ်ပေးလိုက်ရ၏။

ခိုင်ဟော့လော့အား လောဘကြီးသူဟု မကျေမနပ် ဖြစ်နေသော်လည်း ဟွေးလူစုန်၏ အမိန့်ကို မလွန်ဆန်ရဲချေ။

သူဌေးကြီး ဟွေးလူစုန်က ...

"ဟော့လော့၊ မင်း ဝေစု ဘယ်လောက် လိုချင်လဲပြောစမ်း"

"သူဌေးကြီးက စိတ်သဘောထား ပြည့်ဝသူတစ်ယောက် ဖြစ်ပါတယ်၊ အခု ကျွန်တော်လိုချင်တာက ရွှေငွေပစ္စည်း မဟုတ်ပါဘူး၊ ဒီမှာ ရှိနေတဲ့ မိန်းမချော မီးလျံ လင်ချူရွှန်းကိုပဲ လိုချင်ပါတယ်"

"မင်း လင်ချူရွှန်း ဒီနေရာ လှည့်စားပြီး ခေါ်လာတဲ့ ရည်ရွယ်ချက်က ဒါပဲလား"

"ကျွန်တော် ဒီလောက်ထိတော့ မဟုတ်သေးပါဘူး၊ မိန်းမချော ဒီကို ခေါ်လာရတဲ့ ရည်ရွယ်ချက်က သူ့ကို ငါးစာအဖြစ် အသုံးချပြီး ထိလူဟုန်းဆိုတဲ့ ငါးကြီးကို အရဖမ်းမိစေလိုတဲ့ သဘောနဲ့ ခေါ်လာခဲ့တာပါ"

သူဌေးကြီး ဟွေးလူစုန် သဘောကျသွားကာ ...

"အင်း ဒီလိုဆိုတော့လဲ မင်းရဲ့စိတ်ဓာတ်က မိတ်ဆွေကောင်းပီသပါလား"

"အမှန်ပြောရရင် လင်ချူရွှန်း ဒီကိုမျှားခေါ် လာရခြင်းဟာ ကျွန်တော့်အတွက် ကိုယ်ကျိုးတစ်ဝက်တော့ ပါပါတယ်၊ ဒီမိန်းမချောနဲ့ ထိလူဟုန်းကို မျှားခေါ်ဖမ်းဆီးပြီးမှသာ သူ့ကို ကျွန်တော့်လက်ထဲ အပ်ဖို့ပါပဲ"

"အေး ဒါဆိုရင် ဖြစ်တယ်၊ ဒါပေမယ့် မင်းကို သတိတော့ပေးချင်တယ်၊ မင်းရဲ့အသက်ကို စွန့်နိုင်မယ်ဆိုရင်တော့ ဒီမိန်းမရဲ့

www.burmeseclassic.com

www.burmeseclassic.com



အသားကို ထိဖို့ကြံရွယ်ပါ၊ နို့မို့ရင်တော့ မစဉ်းစားတာပဲ ကောင်းပါလိမ့်မယ်"

ခိုင်ဟော့လော့မှာ ရမက်ဆန္ဒများ လွန်ကဲနေသူမို့ ...

"သူဌေးကြီးရဲ့ သတိပေးစကားကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် တစ်ဝက်လောက် ပြစ်မှုကျူးလွန်ပြီးတော့မှ ကျွန်တော် နောက်ဆုတ်လို့ မဖြစ်တော့ဘူး၊ ရှေ့ကိုပဲ ဆက်တိုးရတော့မှာပါ၊ စောစောက ပြောသလိုပါပဲ၊ မီးလျှံ လင်ချူချွန်းနဲ့ တစ်ညဖြစ်ဖြစ် တစ်ခဏဖြစ်ဖြစ် အိပ်ရရင် ကျွန်တော် သေပျော်ပါပြီ"

"ကောင်းပြီ ဒါဆိုရင် ခုပြန်နိုင်ပြီ ကိစ္စပြီးမြောက်အောင်မြင်တဲ့နေ့မှာ မင်းဆီလူလွှတ်ပြီး အကြောင်းကြားလိုက်မယ်၊ မင်းအိမ်မှာပဲ အေးအေး ဆေးဆေး စောင့်နေပေတော့"

"သူဌေးမင်း ပြောတဲ့စကားက ဟိုမရောက် ဒီမရောက်နဲ့ သိပ်ကျိန်းသေတဲ့ စကား မဟုတ်ဘူး"

"ဘာလဲ မင်းက ငါ့ကို မယုံလို့လား၊ ဒီလိုဖြင့် အစကတည်းက ငါ့အိမ်ကို မင်း ဘာလို့ခေါ်လာခဲ့သလဲ၊ ကဲ ... ကောင်းပြီ ဒီမိန်းမကိုလဲ ခု မင်းအိမ် ခေါ်သွားပေတော့၊ ငါ့ငွေတစ်ထောင်လဲ မင်း အရက်ဖိုး အတွက် ငါလှူလိုက်ပါတယ်၊ ဒီလုပ်ငန်းကို ငါတို့ ညီအစ်ကိုသုံး ယောက် အပြီးအပိုင် စွန့်လွှတ်လိုက်တော့မယ်"

ခိုင်ဟော့လော့မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကာ ချော့မော့ဟန်ဖြင့် ...

"ကျွန်တော် စကားပြော မှားသွားပါတယ်၊ သူဌေးကြီး ခွင့်လွှတ်ပါနဲ့ သူဌေးမင်းကိုလဲ ကျွန်တော် ယုံကြည်ပါတယ်၊ ကဲ ကျွန်တော် ပြန်ပါတော့မယ်"

ခိုင်ဟော့လော့ ပြန်ထွက်သွားမည် အပြုတွင် သူဌေးကြီးက လှမ်း၍ ဟန့်တားလိုက်သည်။



"ခဏနေဦး မင်းငါတို့ကို အကူအညီပေးရင်လဲ ဆုံးခန်းတိုင်အောင် ကူညီခဲ့ပါ၊ ကျုပ်ရဲ့ သဘောကတော့ ဟိုထိလူဟုန်း ဆိုတဲ့ မားသမားကို မင်းပဲ သွားအကြောင်း ကြားပေးစမ်းပါ၊ သူ စိတ်မပါရင်လဲ နေပစေ၊ တကယ်လို့ စိတ်ပါဝင်စားတယ်ဆိုရင် နောက်သုံးရက်ကြာ ညဥ့်သန်းခေါင်ယံ အချိန်လောက်မှာ လျောင်းရန်မြို့မှာရှိတဲ့ ကျုပ်အိမ်ကိုလာပြီး လင်ချူချွန်းကို ရွေးယူပါလို့ ပြောလိုက်စမ်းပါ"

ခိုင်ဟော့လော့က ရုတ်တရက် တွန့်ဆုတ်ဆုတ် ဖြစ်သွားပြီး ...

"သူဌေးမင်းကလဲ ကျွန်တော့်ကို ဒုက္ခပေးပြန်ပြီ၊ ကျွန်တော်လို လူမျိုးက ထိလူဟုန်းလို လူတစ်ယောက်ကို ပြောင်ပြောင် တင်းတင်း သွားပြောရဲပါမလား၊ သူဌေးမင်းအနားမှာ သင့်တော်မယ့်လူတွေ အများကြီး ရှိနေတဲ့ဟာပဲ၊ ကျွန်တော့်ကို ပြန်ခွင့်ပေးပါတော့ ခင်ဗျာ"

"နေဦး၊ မင်း ထိလူဟုန်းကို သွားပြောပေးတဲ့အတွက် ငါက အပိုငွေအဖြစ် ငွေစငါးရာတိတိ ပေးပါ့မယ်၊ ဘယ့်နှယ်လဲ မင်းသဘောကျရဲ့လား"

ထိုစကားကြောင့် ခိုင်ဟော့လော့ မျက်နှာကြီးမှာ ဝင်းလက်သွားကာ ...

အင်းပေါ့လေ သူဌေးမင်းအတွက် ကျွန်တော် ခိုင်ဟော့လော့က အကျိုးဆောင် ပေးရမှာပေါ့၊ သူဌေးကြီး စိတ်ချသာနေ ကျွန်တော် သွားပြောပေးပါ့မယ်၊ သူလာတာ မလာတာကတော့ ကျွန်တော်နဲ့ မဆိုင်ဘူး"

ပြောပြောဆိုဆို ခိုင်ဟော့ယော့ ဧည့်ခန်းအပြင်သို့ ထွက်ခွာသွား လေတော့သည်။

ဝါစန်းက သူဌေးကြီး ဟွေးလူစုန်အား မျက်နှာလုပ်ကာ ...

"သူဌေးမင်း ကျွန်တော် ခိုင်ဟော့လော့ကို လိုက်ပြီးသုတ်သင်ပစ်လိုက်မယ်၊ မကောင်းဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဟွေးလူစုန်က ခေါင်းခါယမ်းပြီး ...

"မလိုဘူး ခိုင်ဟော့လော့ကို ငါမကြာက်လို့ မဟုတ်ဘူး၊ ငါတို့ သူ့တစ်ယောက်အတွက်နဲ့ ကြုံးပမ်းလာခဲ့ရတဲ့ စည်းစိမ်ဥစ္စာတွေကို အဆုံးအရှုံး မခံနိုင်ဘူး နောက်မှ တစ်နည်းနည်းနဲ့ ရှင်းလင်းသုတ်သင် ပစ်ရင်လဲ အချိန်မနှောင်းသေးပါဘူး"

ညီဖြစ်သူ ထိပ်ပြောင်အဘိုးကြီးက အစ်ကိုကြီးဖြစ်သူ ဟွေးလူစုန်အား ကြည့်ကာ စဉ်းစားပြီး ပြောလိုက်သည်။

"အစ်ကိုကြီး ခိုင်လော့ဟော့ဆိုတဲ့ လူရှုပ်ဟာ သိပ်လွယ်တဲ့ ကောင် မဟုတ်ဘူး၊ ကျွန်တော်တို့အတွက် ဒီကောင်ဟာ အန္တရာယ် ကောင်ပဲ"

အစ်ကိုကြီးဖြစ်သူ ဟွေးလူစုန်က ခေါင်းညိတ်၍ ...

"ငါသိပါတယ်၊ ခုအချိန် မကျသေးလို့ပါ"

"ဒါပေမယ့် ကျွန်တော်တို့ သူ့လက် မဦးအောင်တော့ သတိ ထားရလိမ့်မယ်"

"ငါ့ညီ မင်း ငါ့ကို အထင်သေးသလား၊ ငါဟာ သိုင်းလောက ထဲမှာ ကျင်လည်လာခဲ့တာ အချိန်မနည်းတော့ဘူး၊ ဒီလို လူစားမျိုး တွေနဲ့ အများကြီး ကြုံကြိုက်ခဲ့ဖူး ပါတယ်၊ အမှန်အတိုင်း ပြောရရင် ခိုင်ဟော့လော့နဲ့ တို့ဟာ တစ်ဦးကို တစ်ဦး ကျွန်းကိုင်းမှီ ကိုင်းကျွန်း မှီဆိုသလို တို့တစ်တွေဟာ စီးပွားဘက်တွေ ဖြစ်တဲ့အတွက် မှန်တန်း သူ့ကို ဆက်ဆံ နေတယ်ဆိုတာ ငါ့ညီသိထားစမ်းပါ"

"ဒါဖြင့် အစ်ကိုကြီးက ခိုင်လော့ဟော့ကို ဘာဖြစ်လို့ထိလူဟုန်း ဆီ သွားသတင်း ပေးခိုင်းရတာလဲ၊ ကျွန်တော်တို့မှာ ခိုင်းဖို့လူတွေ အများကြီး ရှိနေတဲ့ဥစ္စာ"

"ငါ့ညီ မင်းသိပ်ညံ့သေးတာပဲ၊ ဒီကောင် ခိုင်ဟော့လော့ဟာ အောက်တန်းကျတဲ့ ကောင်ကွ၊ ဒီကောင့်မှာ နှစ်ဖက်လွှ စိတ်ထား



ရှိတယ်ဆိုတာ မင်းမသိဘူးလား၊ ဒါကြောင့် ငါတမင် သူ့ကို လွှတ် လိုက်တာ တကယ်လို့ အန္တရာယ် တွေ့ရင်လဲ သူ့ထိုက်နဲ့ သူ့ကံပဲ တို့သူ့ကို ရှင်းစရာတောင် မလိုဘူး၊ ဝါစန်းအနေနဲ့လဲ အန္တရာယ် ကင်းပြီး အချိန်ကုန် သက်သာသွားတာပေါ့"

ထိပ်ပြောင် အဘိုးကြီးက ...

"လေပြင်းဓားသမား ထိလူဟုန်း ကျွန်တော်တို့ဆီ လာပါ့ မလား"

"ဒါကတော့ ဒီမိန်းမနဲ့ ထိလူဟုန်း ဘယ်အထိ ရင်းနှီးကြ သလဲဆိုတာပေါ်မှာ မူတည်နေတယ်၊ ခိုင်ဟော့လော့ ဒီ မိန်းမကို လိမ်ခေါ်လာတာလဲ ထိလူဟုန်းနဲ့ ဒီမိန်းမ အကြောင်းကို ကောင်း ကောင်းသိလို့ ဖြစ်မှာပေါ့"

"ဒါဆို ကျွန်တော့်တို့ အမြန်ဆုံး ဒီအိမ်ကနေ မြို့ထဲကိုသွား ကြဖို့ လိုလာပြီ ထိလူဟုန်း ဒီအိမ်ကိုရောက်လာရင် ပြဿနာ တက် ကုန်လိမ့်မယ်"

"ဟုတ်တယ် ဟော့ ဝါစန်း အလုံပိတ် မြင်းရထား အသင့် ပြင်ထားစမ်း တို့ခုပဲ မြို့ထဲကအိမ်ကို ပြောင်းရွှေ့ရမယ်"

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၁)

ကျောက်ကျားကျို ရွာကြီးထဲရှိ "ဟူကျို" တည်းခိုစားသောက်ဆိုင်။

ထိုဆိုင်၏ အနောက်ဘက် အခန်းတစ်ခန်းရှေ့တွင် လူတစ်ယောက် ရပ်နေသည်။

ရပ်နေသူက ရှေ့တည့်တည့်မှ အခန်းတံခါးကို ခေါက်လိုက်သည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

အခန်းထဲမှ "ဘယ်သူလဲ"ဟု မေးသံပေါ်ထွက်လာပြီး လူတစ်ယောက် အခန်းအပြင်ဘက်သို့ ထွက်လာသည်ကို တွေ့ရ၏။

ခိုင်လော့ဟော့ ရုတ်တရက် လန့်သွားပြီး စကားထစ်ထစ်ငေါ့ငေါ့ဖြင့် ...

"ကျွန် ကျွန်တော် ဒီ ဒီအခန်းထဲကလူနဲ့ တွေ့ချင်လို့ပါ"

လီထိကျင်းက မျက်လုံးပြူးသွားပြီး ...

"ဒီ အခန်းထဲကလူက ကျုပ်ပဲ၊ မင်းက ဘယ်သူလဲ"

"ကျွန်တော်က ခိုင်လော့ဟော့လို့ ခေါ်ပါတယ် ဆရာလေးက လီအမျိုးအနွယ်ထဲက မဟုတ်လား"

ခိုင်ဟော့လော့၏ စကားကြောင့် လီထိကျင်း ကြောင်အန်းအန်းဖြစ်သွားပြီး ...



"ခင်ဗျားက ကျုပ်ကို လီအမျိုးအနွယ်ထဲက လူလို့ ထင်နေလား"

"ထင်နေတာ မဟုတ်ပါဘူး၊ သိကိုသိနေပါတယ်"

"ကဲ ခင်ဗျား ကျုပ်အခန်းထဲဝင်ပြီး ပြောကြတာပေါ့၊ အပေါက်ကြီးမှာ မကောင်းပါဘူး"

ပြောပြောဆိုဆို လီထိကျင်း အခန်းထဲ ပြန်ဝင်သွားသည်။ င်လော့ဟော့ကလည်း နောက်မှ ထပ်ကြပ်မကွာ လိုက်ပါသွား၏။

နောက်မှ လိုက်ပါလာသော ခိုင်ဟော့လော့က ရှေ့မှ လျှောက်မ်းသွားနေသော လီထိကျင်းအား ...

"ဆရာလေး ထိလူဟုန်းအတွက် အကျိုးရှိမယ့် သခေင်းတစ်ခုး ချင်လို့ပါ"

အခန်းတံခါးကို ခိုင်ဟော့လော့ကပင် ပြန်၍ ပိတ်ခဲ့၏။

နှစ်ယောက်သား စားပွဲတွင် ထိုင်မိကြသောအခါ လီထိကျင်း ...

"ခင်ဗျား ဘယ်အရပ်ကလဲ"

"လျောင်းရန်မြို့မှာ နေပါတယ်"

"ကဲ ဆိုစမ်းပါဦး ခင်ဗျား ကျုပ်ကို ဘာသတင်းပေးမှာလဲ"

ခိုင်ဟော့လော့က လေသံတိုးတိတ်စွာ ပြောလိုက်သည်။

"တခြား မဟုတ်ပါဘူး မီးလျှံ လင်ချူချွန်းအတွက် ကျွန်တော်ာရောက် သတင်းပေးချင်လို့ပါ"

လီထိကျင်း ရုတ်တရက် မျက်နှာ ကွက်ခနဲ ပျက်သွားပြီး ...

"သူ ဘာဖြစ်လို့လဲ"

"ဒီလိုပါ၊ မနက်ခင်းက လင်ချူချွန်းဆိုတဲ့ မိန်းမချောတစ်ယာက် ရွာလမ်းမှာ ဆရာလေးအကြောင်း စုံစမ်းမေးမြန်းနေရင်း ျပ်တစ်ယောက်က အဲဒီ မိန်းမချောကို လိမ်ညာပြီး ခေါ်သွားတယ်၊

www.burmeseclassic.com



ကျွန်တော့် စိတ်ထဲမှာ ဆရာလေးထိ ရှိနေလျက်နဲ့ ဒီလူရဲ့ ရဲတင်းမှုကို မခံချင် ဖြစ်မိပြီး သူတို့နောက်ကို နောက်ယောင်ခံ လိုက်သွားကြည့်ခဲ့ပါတယ်။

တစ်နေရာရောက်တော့ အိမ်ကြီးတစ်အိမ်ထဲ ခေါ်သွားပြီး အဲဒီမိန်းမချော လင်ချူချွန်းကို လက်ဖက်ရည်ကြမ်းထဲ အိပ်ဆေးထည့်လိုက်လို့ လင်ချူချွန်း မေ့သွားတာကို ကျွန်တော့် မျက်စိနဲ့ သေချာစွာ တွေ့ခဲ့ရတယ်၊ အဲဒါ ကျွန်တော် အချိန်မီ ဆရာလေးထိဆီကို လာအကြောင်း ကြားတာပါပဲ”

လီထိကျင်းက အေးစက်မာကျောသော လေသံဖြင့် …

“နောက် ဘာဖြစ်သွားသေးလဲ”

“သူတို့ မိန်းမချောကို အလုံပိတ် မြင်းရထားပေါ်တင်ပြီး တစ်နေရာကို ခေါ်ထုတ်သွားကြတာပါပဲ”

“သူတို့ ဘယ်ဘက်ကို ထွက်သွားကြသလဲ”

“လိုက်ကြည့်စရာတောင် မလိုပါဘူး၊ အဲဒီလူတွေရဲ့ အကြောင်း ကို ကျွန်တော် ကောင်းကောင်း သိပါတယ်”

“ဒါဖြင့် ကျုပ် လိုက်ရှာဖို့ သဲလွန်စရပြီပေါ့”

“ဟုတ်ကဲ့၊ ကျွန်တော် သွားမကယ်တာကတော့၊ ကျွန်တော့်ရဲ့ သိုင်းပညာက သူတို့နဲ့စာရင် သိပ်ကွာဟနေပါတယ်၊ သူတို့က လူ သုံးလေးယောက် ဖြစ်နေတော့ မတတ်နိုင်တဲ့အဆုံး ဆရာလေးထိဆီကို လာအကြောင်း ကြားရတာပါပဲ”

“နေပါဦး ခင်ဗျားက ကျုပ် ဒီအမျိုးသမီးကို သွားကယ်မယ်ဆိုတာ ဘယ်လိုကြောင့် ပြောနိုင်ရတာလဲ”

“ဒီလိုပါ ဆရာလေးအကြောင်း လိုက်မေးနေမှတော့ ဘာပဲဖြစ်ဖြစ် အဲဒီ အမျိုးသမီးဟာ ဆရာလေးနဲ့ ရင်းနှီးပတ်သက်နေတဲ့ မိတ်ဆွေဖြစ်မယ်လို့ ကျွန်တော် ထင်ပါတယ်”



“ခင်ဗျား ပြောတာ မှန်ပါတယ်၊ ကျုပ်ဟာ ရင်းနှီးတဲ့မိတ်ဆွေတွေကို မဆိုထားနဲ့ လုံးဝသိကျွမ်းဖူးခြင်း မရှိတဲ့ သူစိမ်း မိန်းကလေး တစ်ယောက်ကို အနိုင်ကျင့်နေတာ တွေ့ရင်တောင် ခံချင်တဲ့ကောင် မဟုတ်ဘူး၊ ကဲ ပြောစမ်းပါဦး၊ သူ့ကိုခေါ်သွားတဲ့ လူတွေက ဘယ်သူတွေလဲ ဘယ်ကိုခေါ်သွားတာလဲ”

ခိုင်ဟော့လော့က ရုတ်တရက် ဘာမျှ ပြန်မပြောသေးဘဲ အားနာသော အမူအရာမျိုး ဖြစ်နေသည်ကို တွေ့လိုက်ရ၍ လီထိကျင်းက မေးလိုက်သည်။

“ခိုင်ဟော့လော့ ကျုပ်ဟာ ကျေးဇူးမသိတတ်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး၊ ခုလို သတင်းပေးတဲ့အတွက် ခင်ဗျားကို ထိုက်သင့်တဲ့ ငွေကြေးပေးပါမယ်၊ သူတို့ခေါ်သွားတဲ့ နေရာကိုသာ ပြောပြပါ”

“ဟုတ်ပါတယ်၊ ဒါကြောင့် ကျွန်တော်က သက်ဆိုင်ရာကို ဆရာလေးထိလူဟုန်း ဒီမှာ ရှိနေတယ်ဆိုတဲ့ အကြောင်းကို သတင်း မပို့သေးတာပေါ့၊ တကယ်လို့ သတင်းပို့လိုက်ရင် ထုတ်ထားတဲ့ ဆုငွေတော့ ရမှာသေချာတယ်၊ ဒါပေမယ့် ဆင့်ကဲဆင့်ကဲနဲ့ ငွေရဖို့ လျှောက်လွှာတင်ဦး၊ လူတွေ့ပြီး စစ်ဆေးခံရဦးမယ်၊ နောက်ပြီး ဝိုင်းဖမ်းပေးတဲ့ လူတွေကိုလဲ ပေးရဦးမယ်ဆိုတော့ ကျွန်တော်လဲ သိပ်ရမှာ မဟုတ်ဘူး၊ ခု ဆရာလေးထိ ဆီကရမယ့် ငွေစကမှ ကျွန်တော့်အတွက် တစ်လုံးတစ်ခဲတည်း ရနိုင်ပါသေးတယ်”

လီထိကျင်း ထိတ်လန့်အံ့ဩ သွားပြီး …

“သြော် … ခင်ဗျား ပြောမှပဲ ကျုပ် ပိုပြီး နားရှုပ်သွားတယ်”

“ဒီလိုပါ ကျွန်တော် အမှန်အတိုင်း ပြောပါ့မယ်၊ ဒီကနေ့ မနက်စောစောပဲ ကျွန်တော် သက်ဆိုင်ရာကို သတင်းပို့တော့မလို့ ဆဲဆဲမှာ ပြဿနာတစ်ခု ကြုံတွေ့လာပြီး စိတ်ကူးတစ်မျိုး ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



သွားလို့ပါ၊ ဒါကြောင့် ဆရာလေးထိကို လာသတင်းပေးတာပဲ အကြောင်းကတော့ လင်ချူချွန်းကို ဆရာလေးထိ ချောချောမောမော ကယ်တင်နိုင်ရင်လဲ ကျွန်တော့်မှာ အရှုံးမရှိပါဘူး၊ တကယ်လို့ ဆရာ လေးထိ သူတို့ဆီအသွား ခြေချော်လက်ချော် ဖြစ်သွားပြီး အဖမ်း လိုက်ရမယ်ဆိုလဲ ကျွန်တော့်အတွက် ချေးတစ်ပေါက်မှ မထွက်လိုက် ရပဲ ဆုငွေ တချို့တစ်ဝက်တော့ ရနိုင်ပါသေးတယ်"

လိထိကျင်း ထိုပွင့်လင်းလှသော စကားများကြောင့်များစွာ အံ့ဩသွားမိပြီး ...

"သူများအပေါ်မှာ အသားယူပြီးမှ ရုံးတင်ဆုငွေ ယူမယ့်သူ ကျုပ်တစ်သက်မှာ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်"

"ကျွန်တော့် လက်သံ မပြောင်ဘူးလား"

"ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ခင်ဗျားရဲ့ စိတ် ကျုပ် သဘောကျတဲ့အတွက် သဘောတူပါတယ်၊ ခင်ဗျား ငွေဘယ် လောက် လိုချင်လဲ"

ခိုင်ဟော့လော့၏ မျက်နှာ ဝင်းထိန်သွားပြီး ...

"ဆရာလေးလို ပွင့်လင်းတဲ့လူမျိုး ကျွန်တော်လဲ ဒီတစ်ကြိမ် တွေ့ဖူးပါသေးတယ်၊ ဒါကြောင့် လျှော့ယူတဲ့ အနေနဲ့ ငွေတစ်ထောင် ပဲ ယူပါ့မယ်"

"အင်း ခင်ဗျားတောင်းတဲ့ ငွေစက သိပ်များလှတာလဲ မဟုတ် ပါဘူး နောက်တစ်ချက်က ခင်ဗျားလို မိတ်ဆွေကောင်းနဲ့ ပေါင်းမိ အတွက် ကျုပ် ငွေတစ်ထောင် ပေးရတာ တန်ပါတယ်"

ပြောပြောဆိုဆို လိထိကျင်းက အိတ်ထဲမှ တစ်စုံတစ်ရာ နှိုက်ယူပြီး စားပွဲပေါ်သို့ ချထားပေးလိုက်ပြီး ...

"ကျုပ်ရဲ့ အိတ်ထဲမှာ ဒီလောက်များပြားတဲ့ ငွေစမရှိဘူး ဒါကြောင့် ငွေတစ်ထောင်ထက် မနည်းတဲ့ ဟောဒီ စားပွဲပေါ်က



သစ်ရွက်ရွှေပြား နှစ်ပြားကို ငွေတစ်ထောင်အဖြစ် ခင်ဗျား လက်ခံ ယူပါ၊ ဘယ့်နှယ်လဲ မနစ်နာဘူး မဟုတ်လား"

ခိုင်ဟော့လော့မှာ ရွှေရောင်တစ်ဖိတ်ဖိတ် တောက်နေသော သစ် ရွက်ရွှေပြား နှစ်ပြားကို စားပွဲပေါ်တွင် တွေ့လိုက်ရ၏။ ခိုင်ဟော့လော့ မှာ သွားရည်များ ကျလုမတတ်ဖြစ်ပြီး လက်လှမ်းယူလိုက်စဉ် ...

လိထိကျင်းက ခိုင်ဟော့လော့၏ လက်အား ဖမ်းဆုပ်ကိုင်ထား လိုက်ပြီး ပြုံးရယ်ကာ ...

"ကဲ ခိုင်ဟော့လော့၊ သူတို့ရဲ့နေရာကို အလျင်ပြောပါဦး"

"လျောင်းရန်မြို့ရဲ့ အနောက်ဘက် အိမ်ကြီးတစ်အိမ်မှာ ဖြစ်ပါ တယ်၊ သူတို့ဟာ ဟွေးညီအစ်ကို သုံးယောက် ဖြစ်ကြပါတယ်၊ သူတို့မှာ လက်အောက်ငယ်သားတွေနဲ့ အစောင့်အကျပ်တွေလဲ မနည်းဘူး"

"ကောင်းပြီ၊ အဲဒီမှာ လင်ချူချွန်းကို မတွေ့ရင်ကော"

"မတွေ့ရင် ဆရာလေးထိရဲ့ ရွှေပြားနှစ်ပြားကို ပြန်ပေး ပါ့မယ်"

"ကောင်းပြီ၊ ကျုပ် ဘယ်သူ့ကိုမှ ကြောက်တတ်တဲ့ ကောင် မဟုတ်ဘူး၊ ဒီကျောက်ကျားကျိုရွာမှာ လောလောဆယ် အေးချမ်းဖို့ အရေးကြီးပါတယ်"

စကားပြောပြီးသည်နှင့် လိထိကျင်းက `ခိုင်လော့ဟော့အား ဆုပ်ကိုင်ထားသော လက်ကောက်ဝတ်ကို လွှတ်ပေးလိုက်၏။

ခိုင်လော့ဟော့က လိထိကျင်း လက်လွှတ်ပေးလိုက်သည်နှင့် စားပွဲပေါ်မှ သစ်ရွက်ရွှေပြားနှစ်ပြားကို ကောက်ကူကာ အိတ်ထဲသို့ ထည့်လိုက်ပြီး လျင်မြန်စွာ အခန်းထဲမှ ထွက်ခွာသွားတော့သည်။

ထိုအချိန်တွင် လူတစ်ယောက်ကလည်း လိထိကျင်း အခန်းရှိ ရာသို့ လျှောက်လှမ်းလာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခိုင်လော့ဟော့ကလည်း လိထိကျင်း အခန်းမှအထွက် ထိုလူကလည်း လိထိကျင်း အခန်းသို့အဝင် နှစ်ယောက်သား တိုက်မိမတတ် ဖြစ်သွားကြသည်။

အပြင်ဘက်မှ ရုတ်တရက် ဝင်လာသူမှာ ကုလားအုပ် မာဇေး ဖြစ်သည်။

မာဇေးက ခိုင်ဟော့လော့အား မကျေမနပ် ကြည့်ကာ ...

"ဘာဖြစ်လို့ ဒီလောက်တောင်အလောတကြီး ဖြစ်နေရတာလဲ"

ခိုင်ဟော့လော့က မကြားချင်ယောင်ဆောင်၍ ကုလားအုပ်မာဇေးအား ကျော်နိုင်း၍ ဆက်လက် လျှောက်လှမ်းသွားသည်။

ထို့နောက် ...

ကုလားအုပ် မာဇေးက လိထိကျင်းအားပြုံး၍ လှမ်းမေးလိုက်သည်။

"ဆရာကြီး ဟူစန်းကို မတွေ့မိဘူးလား"

လိထိကျင်း၏ စိတ်ထဲတွင် အတော်လှုပ်ရှားသွားသည်။ သို့သော် လှုပ်ရှားနေသောစိတ်ကို အပြင်သို့ ပေါ်မလာစေရန် ထိန်းချုပ်လိုက်ပြီး ...

"သူ့အိပ်ခန်းမှာ ရှိမှာပေါ့"

"အိပ်ခန်းမှာ မတွေ့လို့ လာရှာတာပေါ့၊ မရှိလဲ ကိစ္စမရှိပါဘူး၊ ကျေးဇူးတင်ပါတယ်"

ပြောပြောဆိုဆို ကုလားအုပ် မာဇေး အခန်းအပြင်ဘက်သို့ ပြန်လည်ထွက်ခွာသွားတော့သည်။

❑ ❑ ❑

"မင်းဟူကို တည်းခိုစားသောက်ဆိုင်ရဲ့ အနောက်ဘက် အခန်းကို သွားရှာတဲ့လူ ဘယ်သူလဲဆိုတာ ငါသိချင်တယ်"



ခိုင်ဟော့လော့ မျက်နှာအနည်းငယ် ပျက်သွားပြီး ...

"မင်းဘယ်သူလဲ"

ထိုအခါ ...

ပြတင်းပေါက်တစ်ခု ပွင့်လာပြီး လေးထောင့်မည်းမည်း ပစ္စည်းတစ်ခု အခန်းထဲရှိ စားပွဲပေါ်သို့ ဒေါက်ခနဲ မြည်ကာကျလာသည်။

စားပွဲပေါ် ကျလာသော လေးထောင့်ပစ္စည်းလေးကို မြင်လိုက်ရသည်နှင့် ခိုင်ဟော့လော့၏ မျက်နှာမှာ သွေးဆုတ်ဖြူရော်သွားပြီး ထိတ်လန့်စွာပြင့် ...

"ခင် ... ခင်ဗျား"

"ဒီပစ္စည်းဟာ ဘာလဲဆိုတာ သိပြီ မဟုတ်လား"

ခိုင်ဟော့လော့က တုန်ရင်စွာဖြင့် တံခါးဖွင့်ကာ အပြင်သို့ထွက်မည် ပြုလိုက်သည်။

"ခိုင်ဟော့လော့ မင်း အပြင်ထွက်မလာနဲ့၊ ကျုပ်မေးတာကိုပဲ ဖြေပါ"

"ဆရာကြီး ဖြစ်နေမှန်း ကျွန်တော် မသိလို့ပါခင်ဗျာ၊ သူသူက လေပြင်းစားသမား ထိလူဟုန်း ဖြစ်ပါတယ်"

"မင်းက သူ့အခန်းထဲကို ဘာကိစ္စ သွားရမှာလဲ၊ ဒီလူဟာ သက်ဆိုင်ရာက အလိုရှိနေတဲ့ သူဆိုတာ မင်း မသိဘူးလား၊ မင်းက သူ့ဆီသွားတယ်ဆိုတော့ မင်းလဲ ဘာဖြစ်သွားတယ်ဆိုတာ ပြန်စဉ်းစားကြည့်စမ်း"

ခိုင်ဟော့လော့ မျက်နှာ၌ သွေးဆုတ်သည်ထက် ဆုတ်လာကာ...

"ကျွန်တော် အမှန်ကို ပြောပါ့မယ် ခင်ဗျား၊ သူ့ကို ကျွန်တော် လျောင်းရန်မြို့ ပေါ်မှာရှိတဲ့ အမှောင်ဂိုဏ်း တစ်ဂိုဏ်းဆီကို ရောင်းလိုက်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်မှလူက အံ့သြသွားပြီး ...

"ခိုင်မောင် မင်းကသူ့ကို ရောင်းစားလိုက်ပြီ ဟုတ်လား"

ခိုင်ဟော့လော့က တုန်ရင်စွာဖြင့် တံခါးဖွင့်ကာ အပြင်သို့ ထွက်မည်ပြုလိုက်သည်။

"ဟုတ်တယ် ကျွန်တော် သက်ဆိုင်ရာကို အကြောင်းကြားဖို့ပါပဲ၊ ဒါပေမယ့် ကျွန်တော့်အမြင်က သူ့ကို ရှင်းပစ်နိုင်ရင် သက်ဆိုင်ရာအတွက်လဲ အနှောင့်အယှက်တစ်ခု လျော့သွားမယ်ဆိုပြီး ခုလိုလုပ်လိုက်တာပါပဲ"

"အေး ဆိုးတော့မဆိုးပါဘူး၊ မင်း အဲဒီဂိုဏ်းက ထိလူဟုန်းကို အပြတ်ရှင်းနိုင်မယ် ထင်လို့လား"

ခိုင်ဟော့လော့မှာ ထိုစကားကြောင့် ထိတ်လန့်နေသော စိတ်များ အနည်းငယ် သက်သာရာ ရသွားကာ ...

"ဆရာကြီး စိတ်ချပါ၊ သူတို့ဟာ သိပ်ညံ့တဲ့ လူတွေတော့ မဟုတ်ပါဘူး၊ သူတို့မှာ တတ်နိုင်တဲ့ နည်းအမျိုးမျိုး ရှိကြပါတယ်၊ အဲဒီလူတွေကို ဆရာကြီး သိမလား မဆိုနိုင်ဘူး၊ လျောင်းရန်မြို့ထဲက ဟွေးညီအစ်ကို သုံးယောက်တို့ပါပဲ"

"ဩော် ... လျောင်းရန်မြို့ပေါ်က သူဌေးကြီး ဟွေးလူစုန်တို့ မဟုတ်လား၊ ကဲ မင်းကို တစ်လက်စတည်း မေးဦးမယ်၊ ဟွေးသူဌေးကြီးနဲ့ ထိလူဟုန်းတို့ဆီက ငွေဘယ်လောက် ရခဲ့သလဲ မှန်မှန်ပြော"

ခိုင်ဟော့လော့မှာ အပြင်ဘက်မှလူအား လုံးဝလိမ်ညာခြင်း မပြုရဲချေ။ ထိုလူက ခိုင်ဟော့လော့၏ ခြေလှမ်းကို သိထားသောကြောင့်ပင်။

"သူဌေးကြီးဟွေးထံကတော့ ငွေစတစ်ထောင် ရပါတယ်၊ ထိလူဟုန်းဆီကလဲ ငွေစတစ်ထောင် ရပါတယ်"

အပြင်ဘက်မှလူက အံ့သြသွားဟန်ဖြင့် ...



"တယ်ဟုတ်ပါလား၊ မင်းတောင်းတဲ့ ငွေစကနည်းနေသေးတယ် သည့်ထက် ပိုတောင်းသင့်တယ်ကွ"

ထိုစကားကြောင့် ...

ခိုင်ဟော့လော့မှာ ထိတ်လန့်နေသော စိတ်များ လုံးဝပျောက်ကွယ်သွားပြီး သူ့အိတ်ထဲမှ ရွှေပြား သစ်ရွက်တစ်ပြားကို နှိုက်ယူထုတ်လိုက်၏။

"ကျွန်တော်ရလာတဲ့ ထိလူဟုန်းဆီက သစ်ရွက် ရွှေပြားထဲက တစ်ပြားကို ဆရာကြီးအတွက် လက်ဆောင်ပေးပါရစေ"

ပြောပြောဆိုဆို သစ်ရွက်ရွှေပြား တစ်ပြားကို အပြင်ဘက်မှ လူကြီးအား ပြတင်းပေါက်မှ လှမ်းပေးလိုက်၏။

ခိုင်ဟော့လော့မှာလည်း မိန်းမရွှင်မနှင့် ပျော်မွေ့ရန် ဆန္ဒမရှိတော့ပဲ စိတ်ပျက်လက်ပျက်ဖြင့် အပြင်သို့ ခြေလှမ်းကျဲကျဲနှင့် လျှောက်လှမ်းထွက်ခွာ သွားတော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၂)

လျှောင်းရန်မြို့၏ ညနေခင်းက အလွန်သာယာလှသည်။

ညအမှောင် စိုးမိုးနေသော်လည်း အိမ်များထဲမှ ဆီမီးရောင်များက ပြတင်းပေါက်များမှ တစ်ဆင့် အပြင်သို့ ဖြာထွက်ကျနေသည်။

ထိုညအမှောင်ထဲဝယ် သန်မာထွားကြိုင်း၍ ယောကျ်ားပီသလှသော လူရွယ်တစ်ယောက် လျှောင်းရန်မြို့တွင်းမှ အိမ်တစ်အိမ်သို့ ရှေ့ရှု လျှောက်လှမ်း သွားနေသည်။

လူရွယ်မှာ ကျောက်ကျားကျီ ရွာကြီးထဲရှိ"ဟူကျီ"တည်းခိုစားသောက်ဆိုင်၌ တည်းခိုနေသော လိရှောက်ကွမ်း (ခေါ်) လိထိကျင်း (ခေါ်) လေပြင်းဓားသမား ထိလူဟုန်းပင် ဖြစ်သည်။

လိထိကျင်းမှာ လျှောင်းရန်မြို့မှ သူဌေးကြီး ဟွေးလူစုန်၏ နေအိမ်ဆီသို့ ရှေ့ရှုသွားနေခြင်းပင်။

မကြာမီ သူဌေးကြီး ဟွေးလူစုန်၏ ခြံကျယ်ကြီးရှေ့သို့ ရောက်လာကာ ခြံတံခါးမှတစ်ဆင့် အိမ်ကြီးရှေ့သို့ ရောက်လာခဲ့သည်။

အိမ်ကြီး၏ တံခါးမကြီးသည် ပိတ်လျက်သား ရှိနေသဖြင့် လိထိကျင်းက တံခါးမရှေ့တွင်ရပ်ကာ အိမ်တွင်းသို့ လှမ်းအော်ပြောလိုက်၏။

"ဟွေးသူဌေးကြီး ကျုပ် ထိလူဟုန်း ရောက်နေပါတယ် ထွက်တွေ့ပါခင်ဗျာ"



လိထိကျင်း၏ စကားမဆုံးခင်ပင် သူ့နောက်ဘက်မှ လူရိပ်တစ်ခု ရုတ်တရက် ရောက်ရှိလာကာ ဓားမောက်ကြီးဖြင့် ထိလူဟုန်း ခေါင်းပေါ်သို့ တအားလွှဲခုတ် ချလိုက်လေသည်။

လိထိကျင်းမှာ နောက်စေ့၌ မျက်စိပါသကဲ့သို့ လေဟပ်သံ တစ်ချက် ကြားလိုက်ရသည်နှင့် ကိုယ်ကို တစ်စောင်းလှည့်ကာ ခုတ်ချလာသော ရန်သူ့ ဓားမောက်ကြီးအား လက်ညှိုးဖြင့် တောက်ထုတ်လိုက်သည်။

ဓားမောက်မှာ လက်ညှိုးတောက်ချက်ထိကာ ရန်သူ့လက်မှ လွတ်ထွက်သွား ခဲ့ရ၏။

ဓားလက်လွတ်သွားသော ရန်သူက ရုတ်တရက် လိထိကျင်းအား လှမ်းအော် ပြောလိုက်သည်။

"မင်း နောက်ဘက်ကို ပြန်လှည့် ကြည့်စမ်းပါဦး၊ ငါ့ဓားလက်လွတ်သွားပေမယ့် မင်း ကိုယ့်ကိုကိုယ် ဟုတ်လှပြီ ထင်မနေနဲ့ဦး"

မှန်ပါသည်။

လိထိကျင်း ဘေးတစ်ဖက် တစ်ချက်စီနှင့် ရှေ့နောက်တို့တွင် ဓားကိုင် လူလေးဦးတို့က တိုက်ခိုက်ရန် အသင့်အနေအထားဖြင့် ရှိနေကြ၏။

တစ်ဖက်ရန်သူ၏ စကားမဆုံးမီ လိထိကျင်းနောက်မှ ဓားသမားက အပိုင်မိုးခုတ် ချလိုက်သည်။

လိထိကျင်းမှာ နောက်သို့ပင် လှည့်မကြည့်ပဲ ခန္ဓာကိုယ်ဘေးသို့ အနည်းငယ် တိမ်းရှောင်ပေးလိုက်သည်။ ဓားရှည်မှာ လိထိကျင်း၏ ညာဘက်ပခုံးဘေးမှ ပွတ်၍ မြေပေါ်သို့ အရှိန်ပြင်းစွာ ကျသွားသည်။

တစ်ချိန်တည်းမှာပင ...

လိထိကျင်း၏ ဘယ်ညာ လက်နှစ်ဖက်က ဝဲယာမှ ရန်သူဓားသမားနှစ်ယောက်၏ ပခုံးပေါ်သို့ အသီးသီး ကျရောက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝဲယာမှ ရန်သူနှစ်ယောက်မှာ လီထိကျင်း၏ လက်ဝါးချက် တစ်ချက်စီ ထိမိကာ မြေပေါ်သို့ ဒူးညွှတ်ခွေကျ သွားတော့သည်။

နောက်ဘက်မှ ဓားသမားကလည်း အရှိန်လွန်ကာ လီထိကျင်း၏ ခြေပုံတစ်ချက်ထိကာ နေရာတွင်ပင် ဖင်ထိုင်လျက် လဲကျသွားပြန်သည်။

လီထိကျင်းမှာ မည်သို့မျှ မဖြစ်သကဲ့သို့ ခပ်အေးအေး အမူအရာဖြင့် ...

"မင်းတို့က ဘာဖြစ်လို့ ကျုပ်ကို ချောင်းမြောင်း တိုက်ခိုက်ရတာလဲ၊ ကျုပ် မင်းတို့ရဲ့ သူဌေး ဟွေးလူစုန်နဲ့ တွေ့ဖို့လာခဲ့တာပဲ၊ ခုချက်ချင်း မင်းတို့ သူဌေးကို သွားအကြောင်း ကြားပေတော့"

"ကျုပ်ကို တွေ့ချင်တဲ့ မိတ်ဆွေက ဘယ်သူပါလဲ"

ပိတ်ထားသော တံခါးကြီး ပွင့်လာကာ အသံကြည်စာရှိသူ လူလတ်ပိုင်း အရွယ်ရှိ လူတစ်ယောက် လျှောက်လှမ်း ထွက်လာခဲ့ရင်း မေးလိုက်ခြင်း ဖြစ်သည်။

လီထိကျင်းက ထိုလူအား အေးစက်စက်ဖြင့် ကြည့်ရင်း ...

"ကျုပ် ဘယ်သူဘယ်ဝါဆိုတာ စောစောက ပြောပြီးပြီပဲ၊ ခင်ဗျားလဲ ကြားလိမ့်မယ် ထင်ပါတယ်"

ထိုလူလတ်က လီထိကျင်းအား စူးစူးစိုက်စိုက် တစ်ချက် ကြည့်လိုက်ပြီး ...

"သြော် ... မိတ်ဆွေက လေပြင်းဓားသမား ထိလူဟုန်း ဆိုတာလား၊ ကျုပ်က သူဌေးကြီးရဲ့ လက်ဆွဲတော် ဝါစန်း ဖြစ်ပါတယ်၊ ဆရာလေး ထိလူဟုန်းလို နာမည်ကျော်ကြားတဲ့ ဓားသမားကြီးတစ်ယောက်က ကျုပ်တို့ရဲ့ သူဌေးညီအစ်ကို တစ်တွေကို တွေ့ဆုံဖို့လာရောက်တဲ့အတွက် ဝမ်းသာ ဂုဏ်ယူပါတယ် ခင်ဗျာ"

"ခင်ဗျား ပြောသလောက်လဲ ကျုပ်က မဟုတ်သေးပါဘူး၊



ကျုပ်ကို အမှောင်လိုင်းက ဂိုဏ်းတွေနဲ့ သက်ဆိုင်ရာတွေက မျက်စိပါးမွေးရှူး နေကြတဲ့အတွက် ကျုပ် အဲဒီ ရန်တွေကို ခေတ္တရှောင်နိုင်ဖို့ ခု လျောင်းရန်မြို့ကို ရောက်ရှိလာခဲ့တာပါပဲ"

ဝါစန်းက ရိုသေသော အမူအရာဖြင့် ဂါရဝ ပြုလိုက်ရင်း ...

"ကဲ ဆရာလေးကို ရောက်တုန်းရောက်ခိုက်မှာ ပြုစုချင်တဲ့အတွက် ညှော်ခန်းကို ကြွပါခင်ဗျာ"

"မလိုဘူး၊ ကျုပ် အချိန်သိပ်မရလို့ ခင်ဗျားတို့ရဲ့ သူဌေးကြီး ဟွေးလူစုန်နဲ့ အမြန်ဆုံး တွေ့ချင်တယ်"

ဝါစန်းက အားနာသော ဟန်ဖြင့် ...

"ဝမ်းနည်းပါတယ်၊ သူဌေးကြီးဟွေး ခရီးထွက်နေတာ သုံးရက် လောက်ရှိသွားပါပြီ၊ ပြောစရာရှိရင် ကျုပ်ကို ပြောခဲ့ပါ ရှိပါတယ်"

လီထိကျင်းက စကားကို အပိုမပြောတော့ပဲ လိုရင်းကိုသာ ပြောချလိုက်၏။

"ဒီလိုပါ ကျုပ် မိတ်ဆွေတစ်ယောက် ကျောက်ကျားကျေးရွာကို လာပြီး ကျုပ်ကိုတွေ့ဖို့ စုံစမ်းနေရင်း၊ ခင်ဗျားတို့ဆီကို ရောက်သွားတယ်ကြားလို့ ကျုပ် လာခဲ့တာပဲ၊ ကျုပ် မိတ်ဆွေရဲ့ နာမည်ကတော့ မီးလျှံ လင်ချူရွှန်း ဖြစ်ပါတယ်"

ဝါစန်းက အံ့သြသော အမူအရာမျိုး ပေါ်လာပြီး ...

"ဟာ ဆရာလေး ထိလူဟုန်း လူမှားနေပြီနဲ့ တူပါတယ်၊ ကျုပ်တို့ဆီမှာ မီးလျှံ လင်ချူရွှန်းဆိုတာ ရောက်မလာပါဘူး၊ တစ်ယောက်ယောက်က ဆရာလေးထံကို လိမ်ညာပြောလိုက်တာ ဖြစ်ပါလိမ့်မယ်"

"မှန်ပါတယ်၊ လူလိမ်လူကောက်တွေဟာ နေရာတိုင်းမှာ ရှိတတ်ပါတယ်၊ ဒါပေမယ့် အဲဒီလိမ်တဲ့လူရဲ့ အသက်ဘေးအန္တရာယ်

www.burmeseclassic.com

www.burmeseclassic.com



ကို အပိုင်ကိုင်ထား လိုက်မယ်ဆိုရင် အဲဒီလူဟာ လိမ်ရဲပါတော့မလား"

"ဒါဖြင့် ဆရာလေးထိဆီသို့ သတင်းလာပေးတဲ့ လူရဲ့အသက် ဆရာလေးထိရဲ့ လက်ထဲမှာ ရှိနေတယ်လို့ ဆိုလိုပါသလား"

"မမှားဘူး ကျုပ်က သိုင်းလောကထဲမှာ ဝင်ထွက်သွားလာနေပြီး၊ အတွေ့အကြုံလဲ မနည်းတော့ဘူး၊ မှုမမှန်တဲ့ လူရဲ့ လက်ထဲကို ကျုပ်က သစ်ရွက်ရွှေပြားနှစ်ပြား အဆုံးခံပါ့မလား"

ဝါစန်း၏ မျက်နှာတွင် လိထိကျင်း၏ စကားကြောင့် သွေးဆုတ်ဖြူရော် သွားကာ...

"ကျွန်တော်တို့ သူဌေးကြီး ညီအစ်ကိုတွေဟာ ဒီလေျာင်းရှန်မြို့မှာ အရောင်းအဝယ်နဲ့ လုပ်ကိုင်စားသောက် လာခဲ့တာဟာ နှစ်ပေါင်းမနည်းတော့ပါဘူး၊ သက်ရာကပဲ ဖြစ်ဖြစ်၊ မြို့သူမြို့သားတွေကပဲဖြစ်ဖြစ် ကျွန်တော်တို့ကို မယုံသင်္ကာ မဖြစ်ကြပါဘူး"

လိထိကျင်းက မဲ့ပြုံးတစ်ချက် ပြုံးပြီး ...

"ဒါကတော့ သူတို့က ခင်ဗျားတို့ရဲ့ လုပ်ငန်းတို့ အတွင်းကျကျ မသိလို့ ဖြစ်ပါလိမ့်မယ်"

"ဒါဖြင့် ဆရာလေးထိက ကျုပ်တို့ရဲ့အကြောင်းကို အတွင်းကျကျ သိတယ်ဆိုပါတော့"

"အားလုံးသိတယ်လို့တော့ မဆိုလိုဘူး၊ သိတန်သလောက်တော့ သိတယ်၊ ဒါလောက်ဆို တော်ပါပြီ"

ဝါစန်းက ဝင့်ကြွားဟန်ဖြင့် ...

"ဒီလိုဆိုရင်လဲ ကျုပ်တို့ဆီကို တော်ရုံတန်ရုံနဲ့ အပြစ်ရှာပြီး ဝင်ထွက်နိုင်ဖို့ မလွယ်ဘူးဆိုတာတော့ ဆရာလေးထိ သိမယ်ထင်ပါတယ်"

လိထိကျင်းမှာ စိတ်မရှည်တော့ပဲ ...



"ဝါစန်း၊ ကျုပ်အခု မင်းတို့အိမ်ရှေ့ကို ရောက်နေတယ်၊ ကျုပ်ဟာ လူ့အရေခြုံ မြေခွေးမျိုးတွေကို သုတ်သင်ရှင်းလင်းဖို့ သိုင်းပညာသင်ခဲ့တာပဲ၊ လင်ချူရွှန်း ဘယ်မှာ ရှိနေတယ်ဆိုတာ အမြန်ဆုံးသိချင်တယ်"

ဝါစန်းက လိထိကျင်းအား ပမာမခန့် လေသံဖြင့် ...

"ထိလူဟုန်း နေရာတကာမှာ ဝင်ရှုပ်တိုင်း ကောင်းတယ်လို့ထင်မနေပါနဲ့၊ ခင်ဗျားဟာ ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်နေတယ်၊ လူတိုင်းက ခင်ဗျားကို ကြောက်ကြပေမယ့် ကျုပ်တို့ကတော့ ကြောက်မယ်မထင်နဲ့၊ ခု လင်ချူရွှန်း ဟွေးစံအိမ်တော်ကြီးထဲမှာရှိတယ်၊ အဲဒါ ခင်ဗျား အစွမ်းအစ ရှိမယ်ဆိုရင် သူ့ကို မင်းခေါ်သွားနိုင်ပါတယ်"

လိထိကျင်းမှာ သဘောကျစွာ ပြုံးလိုက်၏။ တစ်ဆက်တည်း သူ့ရှေ့ရှိ မြေပေါ်တွင် လဲနေသော စားသမားတစ်ယောက်၏ ပခုံးကြော တစ်နေရာကို ဖမ်းကိုင်ညှစ်ကာ ခက်ထန်စွာ မေးလိုက်သည်။

"ပြောစမ်း လင်ချူရွှန်း ဘယ်မှာ ရှိနေသလဲ"

စားသမား၏ မျက်နှာတွင် သွေးမရှိတော့အောင် ကြောက်လန့်နေ၏။ လေသံထစ်ထစ် ငေါ့ငေါ့ဖြင့် ...

"ကျ ... ကျွန်တော် မ ... မသိပါဘူး"

စားသမားက ကြောက်ကြောက် လန့်လန့် ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြန်ဖြေရင်း ဝါစန်း မမြင်အောင် လိထိကျင်းအား အခန်းတစ်ခန်းဆီသို့ မျက်စပစ်ပြလိုက်သည်။ အဓိပ္ပာယ်မှာ လင်ချူရွှန်း ထိုအခန်းထဲတွင် ရှိကြောင်းဆိုလိုခြင်းပင်။

လိထိကျင်းမှာ သဘောကျ ကျေနပ်သွားပြီး ထိုစားသမားကို လက်လွှတ်ကာ လင်ချူရွှန်း ရှိနေသည့် အခန်းဘက်သို့ ပြေးသွား ဝင်ရောက် သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါစန်းက လိထိကျင်း ရှေ့မှပိတ်ဆို့ ကာဆီးထားရင်း ...

"ထိလူဟုန်း၊ မင်း ကျုပ်တို့နဲ့ ဘာရန်ငြိုးရန်စမှ မရှိပဲ ဘာ့ကြောင့် ကျူးကျော်ဝင်ရောက် စော်ကားချင်ရတာလဲ"

လိထိကျင်းက ဂရုမစိုက်ပဲ ...

ကျုပ် ပြောပြီးပြီ မဟုတ်လား၊ မင်းတို့လို မြေခွေးအရေခြုံ လူတွေဆီ တစ်နေ့မဟုတ် တစ်နေ့တော့ ကျုပ် ရောက်လာရမှာပဲ၊ တစ်နည်းအားဖြင့် ပြောရရင် မင်းတို့တစ်တွေဟာ လူကောင်း သူကောင်းတွေကို အမျိုးမျိုး လိမ်ညာလှည့်ဖြားပြီး မတရား သွေးစုတ် အမြတ်ကြီး စားနေတဲ့ မသူတော်တွေဟာ ကျုပ်ရဲ့ ဆုံးမပြစ်ဒဏ် ခတ်ခြင်းကို ခံရမှာပဲ၊ ဒီတော့ ရန်ငြိုး ရန်စ မရှိပေမယ့် မင်းတို့ရဲ့ မဟုတ်မဟာပ် လုပ်ရပ်တွေဟာ ငါ့ရဲ့ရန်သူ ဖြစ်နေတယ်၊ ဒီတော့ မင်းဒုက္ခ မရောက်ချင်ရင် လမ်းဖယ်လိုက်ပါ"

ဝါစန်းက ဒေါသထွက်လာပြီး နောက်ကျောမှ ဓားရှည်ကို ဆွဲထုတ်ယူလိုက်ရင်း ...

"ကောင်းပြီ မင်းကို ပြောမရတော့လဲ တို့ပွေးစံအိမ်တော်ရဲ့ ရန်သူ ဖြစ်သွားပြီ"

"ဒါကို ကြောက်နေမယ် ဆိုရင် ကျုပ် အစကတည်းက မင်းတို့ ပွေးစံအိမ်တော်ကို လာမတဲ့လား"

ပြောပြော ဆိုဆို လိထိကျင်းက ဝါစန်းအနီးသို့ ချဉ်းကပ်လာခဲ့၏။ ဝါစန်းမှာ အသံကြောင်ကြီးဖြင့် တစ်ချက်အော်ဟစ်ကာ လက်ထဲမှာ ဓားရှည်ဖြင့် လိထိကျင်းအား ရှေ့တည့်တည့်မှ ခုတ်ပိုင်းချလိုက်လေတော့သည်။

လိထိကျင်းက ဓားခုတ်ချက်အား မရှောင်ပဲ၊ ဝါစန်း ခုတ်ချလာသော ဓားရွက်ပေါ်သို့ လက်ညှိုးဖြင့် တောက်ထုတ်လိုက်သည်။

ဝါစန်းကလည်း သိုင်းပညာ မခေသောကြောင့် လိထိကျင်း၏



လက်တောက်ချက်အား အထိမခံပဲ ဓားရှည်ကို လမ်းကြောင်းပြေ ကာ "ကြောင်လိမ်"ဓားကွက်ဖြင့် ဇေ့ပိုက်ခုတ်ချ လိုက်သည်။ က်လာ

လိထိကျင်းက ရှေ့တစ်လှမ်း တက်လာပြီး ဘယ်လက်ဝါး ဆောင်းဖြင့် ဓားရွက်ဆီသို့ ဖြတ်ခုတ်လိုက်ကာ ညာလက်ဝါးချက်နှင့် ဝါစန်း၏ ပခုံးတစ်နေရာသို့ ဆတ်၍ ရိုက်ချလိုက်၏။

ဝါစန်း၏ ဓားရှည်ကြီးမှာ လိထိကျင်း၏ လက်ဝါးစောင်း ခုတ်ချမိ၍ မြေပေါ်သို့ လွှတ်ကျသွားပြီး၊ ဝါစန်းမှာလည်း ညာလက် ဝါးစောင်း ခုတ်ချက်ကြောင့် ယိမ်းယိမ်းယိုင်ယိုင် ဖြစ်သွားရာ တံခါး ကြီးဆီသို့ ခွေခနဲ ညွတ်ကျသွားလေသည်။

လေပြင်း ဓားသမား ထိလူဟုန်းမှာ သူတို့၏ ပြိုင်ဘက်မဟုတ် သောကြောင့် ဝါစန်းနှင့်တကွ ဓားသမား လေးယောက်တို့သည် မည်သို့မျှ မယှဉ်နိုင်ကြတော့ပဲ၊ ဤအတိုင်း ကြည့်နေရတော့သည်။

လိထိကျင်းမှာ မီးလျှံ လင်ချူချွန်းရှိရာ အခန်းသို့ ရောက်သော အခါ တံခါးကို ခြေထောက်ဖြင့် ဆောင့်ကန် ဖွင့်လိုက်၏။

တံခါးမှာ ပြင်းထန်သော လိထိကျင်း၏ ခြေကန်ချက်ကြောင့် ပွင့်သွားကာ အခန်းထဲမှ မီးရောင်များ အပြင်ဘက်သို့ ဖြတ်ခနဲ ပေါ်ထွက်လာတော့သည်။

အခွန်းတွင်းရှိ မြင်ကွင်းမှာ ထင်ရှားစွာ ပေါ်လာခဲ့၏။

နှစ်ယောက်အိပ် ခုတင်ကြီး တစ်ခုပေါ်တွင် အနီရောင် စောင်ကြီး အခင်းပေါ်ဝယ် မိန်းမချော မီးလျှံ လင်ချူချွန်း မလှုပ်မယှက် အိပ်နေသည်ကို တွေ့လိုက်ရ၏။

သူမ၏ ဆံပင်များနှင့် အဝတ်အစား များမှာ သေသေသပ်သပ် ပင် ရှိနေသေး၏။ ဝတ်ထားသော ဖိနပ်ပင် မချွတ်ရသေးပဲရှိနေသည်။

အခန်းထဲတွင်လည်း မွှေးကြိုင်သည့်အနံ့များက တစ်ခန်းလုံး ကြိုင်လှိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအမွေးနံ့ ရှူမိသူတိုင်း စိတ်များလန်းဆန်း ကြည်လင်ခြင်း ကြောစားမိလေသည်။

ထို့ကြောင့် ...

လေပြင်းစားသမား ထိလူဟုန်း ကျေနပ်စွာ ပြုံးရယ်ပြီး တစ်ကိုယ်တည်း ရေရွတ်ပြောဆိုမိသည်။

"အင်း ... ငါရဲ့ အကုန်ခံလိုက်ရတဲ့ သစ်ရွက်ရွှေပြား နှစ်ပြားဟာ အချည်းနှီး မဖြစ်သေးပါလား"

ဤသို့ပြောဆို ရေရွတ်ပြီး အခန်းတွင်းသို့ လိထိကျင်း ဝင်ရောက်သွားတော့သည်။ လိထိကျင်းက အိပ်ပျော်နေသော မိန်းမချောမီးလျှံ လင်ချူချွန်း၏ ခုတင်ဆောင်သို့ရောက်၍ လက်ကို မြှောက်ကာ ပုတ်နှိုးမည်အပြု ...

ရုတ်တရက် အခန်းတံခါးဝမှ အသံတစ်သံထွက်ပေါ်လာသည်။

"အကြောင်း မထူးပါဘူး၊ ဖြေဆေး မရှိဘဲ သူနိုးလာမှာ မဟုတ်ဘူး"

လိထိကျင်းက လက်ကိုပြန်ချလိုက်ပြီး နောက်သို့ လှည့်ကာ...

"သူဌေးကြီး ဟွေးလူစုန်လား"

"မမှားဘူး၊ ကျုပ် ဟွေးလူစုန်ပဲ"

သူဌေးကြီး ဟွေးလူစုန်နှင့်အတူ လူလေးယောက် ရပ်လျက်သား ရှိနေပြီး မိမိအား စိုက်ကြည့်နေကြသည်။

ဝါခန်းသည် နောက်မှ ကျုံ့ကျုံ့လေး ရပ်နေပြီး အဘိုးအိုသုံးဦးမှာ ဟွေညီအစ်ကိုများ ဖြစ်ကြောင်း လိထိကျင်း ရိပ်စားလိုက်၏။

လိထိကျင်းကလည်း မည်သို့မျှ ဂရုမစိုက်သော မျက်နှာထားဖြင့် ...

"ဒီအခန်းထဲ ကျုပ်ရောက်တာနဲ့ ခင်ဗျားတို့ ညီအစ်ကို သုံးယောက် ရောက်လာမယ်ဆိုတာ ကျုပ် သိပြီးသားပါ"



သူဌေးကြီး ဟွေးလူစုန်က ခနဲ့တဲ့တဲ့ရယ်ပြီး ...

"ဟုတ်တယ်၊ ခု ကျုပ်တို့ ညီအစ်ကို သုံးယောက်ရောက်လာပြီး မင်းလဲ ပြန်ဖို့ စိတ်မကူးနဲ့တော့"

ထိုအချိန်၌ အမွှေးနံ့ကရှူးရှူးဝါးဝါး အခန်းတွင်း၌ ပျံ့လွင့်လာနေသည်။

လိထိကျင်းက ဘာမျှမပြောပဲ၊ ခုတင်ပေါ်မှ လင်ချူချွန်းအား သွားရောက်ပွေ့ထူမည် အပြုတွင် ...

ရုတ်တရက် လိထိကျင်း ဆန့်တန်းထားသော လက်များရှေ့သို့ မတိုးနိုင်တော့ပဲ၊ နေရာတွင်ပင် ရပ်တန့်နေ၏။ ခြေလှမ်းများကလည်း ခုတင်ဆီသို့ တိုးကပ်မရဖြစ်နေသည်။

လိထကျင်းက တစ်စုံတရာကို သတိရဟန်ဖြင့် ဒေါသထွက်သွားကာ ဟွေးလူစုန်တို့ ညီအစ်ကိုသုံးယောက်အား အရောင်လက်နေသေး မျက်လုံးအစုံဖြင့် စူးစူးစိုက်စိုက်ကြည့်နေသည်။

ဟွေးလူစုန်က သဘောကျစွာဖြင့် ...

"ဘယ့်နှယ်လဲ ကျုပ်မပြောဘူးလား၊ မင်းဒီနေရာက ထွက်သွားဖို့ စိတ်မကူးနဲ့တော့ဆိုတာလေ"

"ခင်ဗျားတို့ဟာ လူတစ်ယောက်ကို ဒီလို အကောက်ကြံတဲ့နည်းနဲ့ဖမ်းတာဟာ လူမဆန်ဘူး၊ အင်မတန် အောက်တန်းကျတဲ့ အလုပ်ပဲ"

ပြောပြော ဆိုဆို လိထိကျင်းက ဟွေးလူစုန်တို့အား စုန်အုပ်လိုက်လေတော့သည်။

သို့သော် စိတ်သာရှိပြီး၊ လူမှာဒယီးဒယိုင်ဖြစ်နေ၏။

ဟွေးလူစုန်တို့ ညီအစ်ကိုတို့မှာ၊ ထိုအဖြစ်အပျက်ကို ကြည့်၍ သဘောကျစွာဖြင့် ...

"ထိလူဟုန်း၊ မင်းရဲ့သိုင်းပညာဟာ ဘယ်လောက်ပဲတော်

www.burmeseclassic.com

www.burmeseclassic.com



တော် ငါ့ရဲ့နံ့သာဖြူ အမွှေးနံ့ရဲ့မေ့ဆေးကိုတော့မင်း မတော်လှန်နိုင်ပါဘူးကွာ၊ ဟား ဟား ဟား"

ထိုလူဟုန်းမှာ ဟွေးလူစုန်၏စကားကို မသဲမကွဲကြားလိုက်ပြီးလျှင်မှာလည်း မဟန်နိုင်တော့ပဲ ကြမ်းပြင်ပေါ်သို့ ခွေလဲကျ သွားတော့သည်။

ဟွေးလူစုန်က ဝါစန်းအားလက်ပြလိုက်ရာ ...

"ဝါးစန်းမင်းဟုံကျန်းမြို့ကိုသွားပြီး အကြောင်းကြားလိုက်ပါ။ သူတို့ဆီက ပိုင်နိုင်ကျွမ်းကျင်တဲ့ လူတွေကိုလဲခေါ်လာခဲ့၊ ဒီထိုလူဟုန်းဟာ နယ်နယ်ရရမဟုတ်ဘူး၊ တော်ရုံလူ သူ့ကိုထိန်းချုပ်နိုင်မှာ မလွယ်ဘူး"

ဝါစန်းက "ဟုတ်ကဲ့" ဟု ပြောလိုက်ပြီး၊ အခန်းတွင်းမှ လျင်မြန်စွာ လှည့်ထွက်သွားတော့သည်။

ဒုတိယညီတော် ဝူစန်းအဘိုးကြီးက ကျောက်စိမ်းခရားထဲမှ လက်ဖက်ရည်ကြမ်းများဖြင့် နံ့သာဖြူမေ့ဆေး အမွှေးတိုင်ကို သွားရောက်ငြိမ်းသတ်လိုက်သည်။

❑ ❑ ❑

လီထိကျင်း သတိရလာသောအခါ ခေါင်းများ မူးနောက်နောက်ဖြစ်နေပြီး အနည်းငယ် ကိုက်ခဲနေသည်ကို သတိပြုလိုက်မိသည်။

ထို့နောက် သူနံ့သာဖြူမေ့ဆေးအမွှေးနံ့ကို ရှူရှိုက်မိကြောင်း ပြန်သတိရလာခဲ့၏။

လီထိကျင်းမျက်လုံးဖွင့်ကြည့်လိုက်ရာ အလင်းရောင်များမြင်ရပြီး ခုတင်ပေါ်ရှိ မီးလုံးလင်ချူရှန်း၏ဆောင်တွင် မေ့ဆေးငွေ့ကြောင့် မိမိမှာ အိပ်ပျော်နေကြောင်းသိလိုက်ရတော့၏။



ဟွေးလူစုန်၏ ဒုတိယညီတော် ဝူစန်းအဘိုးအိုသည် လက်ဖက်ရည်ကြမ်းကိုဇိမ်ခံသောက်နေရင်း လီထိကျင်းတို့အား ပီတိဖြစ်သောအပြုံးဖြင့် ကြည့်နေသည်ကို မြင်လိုက်ရပြန်သည်။

လီထိကျင်းသတိရလျှင်ရခြင်း လက်ကို လှုပ်ရှားကြည့်လိုက်ရာ လက်နှစ်ဖက်ကို ကြိုးဖြင့်ပူးတွဲတုပ်နှောင်ထားကြောင်းသိရှိရပြန်သည်။

ကြိုးမှာ တင်းတင်းကျပ်ကျပ် ချည်နှောင်ထားသည်မဟုတ်သော်လည်း၊ လက်ဟာစ်ချက်လှုပ်သည်နှင့် ပို၍တင်းကျပ်စွာ ခံစားရသောကြောင့် လက်ကိုမလှုပ်ရဲပဲ ငြိမ်နေလိုက်ရ၏။

ချည်ထားသော ကြိုးမှာ ရိုးရိုးကြိုးမဟုတ်ပဲ ရေစိမ်ထားသောနွားသားရေကြိုးကို အရေးတလည်း စိမ်ထားသည့်ကြိုးဖြစ်ကြောင်း လီထိကျင်း သတိထားမိလိုက်သည်။ ခြေထောက်မှာလည်း ထိုနည်းအတိုင်း နွားသားရေကြိုးဖြင့် ပူးကပ်ချည်နှောင်ထားခြင်း ခံရ၏။

လီထိကျင်းက မလှုပ်သာမယှက်သာ ဖြစ်နေချိန်ပါးစပ်ဖြင့် လှမ်း၍ လက်ဖက်ရည်ကြမ်း သောက်နေသော အဘိုးအိုကို လှမ်းမေးလိုက်သည်။

"ဆရာကြီး နာမည်ဘယ်လိုခေါ်သလဲ"

"ကျုပ်နာမည်ဝူစန်းလို့ခေါ်တယ်၊ ဟွေးသူဌေးကြီးရဲ့ ဒုတိယညီတော်ဖြစ်တယ်"

"အင်း ခင်ဗျားတို့ညီအစ်ကိုတွေဟာ အတော့်ကိုအကြံပက်စက်ပါလား၊ အမျိုးသမီးလင်ချူရှန်းကိုလဲ ဒီနည်းနဲ့ပဲဖမ်းချုပ်ခဲ့တာလား"

ဝူစန်းက အဖက်လုပ်ပြီးမပြောလိုဟန်ဖြင့် ...

"မင်းဒီအချိန်မှာ ဒါတွေမေးနေစရာမလိုဘူး"

"ကျုပ်ကသိပ်ခေါင်းမာတဲ့ လူတစ်ယောက်ပဲ၊ ကျုပ်ပြောချင်တာကျုပ်သိချင်တာ ဘာမဆိုပြောမယ် မေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ မင်းဘယ်လောက်ခေါင်းမာတယ်ဆိုတာ စမ်းကြည့်ရတာပေါ့"

ပြောပြောဆိုဆို ဂူစန်းအဘိုးကြီးက ထိုင်ရာမှ ထလာကာ လိထိကျင်း၏ ညာဘက်ခြေထောက်မှ အကြောကွက်တစ်နေရာသို့ လက်ညှိုးဖြင့် အသာထောက်သည်။

ပါးစပ်မှလည်း သဘောကျစွာဖြင့် ခနဲ့ဟဲ့တဲ့ မေးလိုက်ပြန်၏။

"ဘယ့်နှယ်လဲကိုယ့်လူ တော်တော်မှ အရသာတွေ့ရဲ့လား"

လိထိကျင်းကလည်း မျက်ခုံးတစ်ချက်မတွန့်ပဲ တည်ငြိမ်စွာ ပြန်ဖြေလိုက်၏။

"သိုင်းသမားကြီး တစ်ယောက်လုပ်နေမှ ဒီလောက်တော့ ခံနိုင်ရည်ရှိရမှာပေါ့ ခင်ဗျားရဲ့သတ္တိကိုလဲ ကျုပ်ချီးကျူးပါတယ်"

ဂူစန်းမှာအံ့သြသောမျက်နှာဖြင့် ...

"မင်းတော်တော် ခံနိုင်ရည်ရှိသားပဲ"

"ခင်ဗျားက ကျုပ်ကိုနှိပ်စက်နေလို့ ခင်ဗျားအစ်ကိုကြီးက ခင်ဗျားကို မျက်နှာသာ ပေးမယ်ထင်နေသလား၊ တကယ်လို့ ကျုပ် တစ်စုံတစ်ခု ဖြစ်သွားရင်"

ဂူစန်းအဘိုးကြီးက ကြားဖြတ်၍ ...

"မင်းသိပ်စိတ်ပူမနေနဲ့၊ မင်းကို အသေရရ၊ အရှင်ရရ အတူတူပါပဲ၊ တစ်ခုတော့ရှိတာပေါ့ကွာ၊ အရှင်ဆိုတော့ ပိုကောင်းတာပေါ့၊ ဒါကြောင့် မင်းအသက်မသေရင် ငါကြိုက်သလို လုပ်လို့ ရတယ်"

"ဩော် အသက်ရှင်လျက်နဲ့ဆို တန်ဖိုး ပိုရမယ်ဆိုပါတော့"

"အေး ဟုတ်တယ်၊ မကြာခင် မင်းကို ဖမ်းဆီးကြမယ့်လူတွေ ရောက်လာကြတော့မယ်၊ တို့က မင်းကို သူတို့လက်ထဲ အပ်လိုက်ပြီးတာနဲ့ ဆုငွေရဖို့ဆိုတာ ကျိန်းသေနေပြီ ဟဲ ဟဲ"

လိထိကျင်းက လုံးဝဂရုမစိုက်ပဲ ...



"ဩော် ဒီလိုကိုး၊ ဒါကြောင့် ခင်ဗျားတို့ ပျော့ ညီအစ်ကိုတတွေဟာ ငွေရှာကောင်းတယ်လို့ နာမည်ကြီးနေတာကိုး၊ ဒါပေမယ့် ကျုပ်နားမလည်တဲ့ ကိစ္စတစ်ခု ရှိနေတယ်"

"ဆိုစမ်းပါဦး၊ ဘာကိစ္စများလဲ"

"တခြားမဟုတ်ပါဘူး၊ ခင်ဗျားတို့ရဲ့ဝါစန်းတို့ရဲ့လူ ထပ်တလဲလဲ ပြောခဲ့တယ်၊ ခင်ဗျားတို့နဲ့ ကျုပ်နဲ့ဟာ ဘာရန်ငြိုးရန်စမရှိပဲ ဘာကြောင့် ခုလိုလုပ်ရတာလဲ"

ဂူစန်းအဘိုးကြီးက သဘောကျစွာဖြင့် ...

"ဒါကတော့ ရှင်းပါတယ်၊ မင်းကသာ မင်းလမ်းကို ဖြောင့်ဖြောင့်တန်းတန်းသွားပြီး ဒီမိန်းမကိစ္စမှာ ဝင်မစွက်ဘူးဆိုရင် ဒီလိုဖြစ်လာစရာ အကြောင်း ဘယ်မှာရှိမှာလဲ၊ တစ်ခုတော့ရှိတာပေါ့ကွာ၊ တစ်နေ့နေ့တစ်ချိန်ချိန်မှာ မင်းကို တို့က အပြတ်ရှင်းဖို့တော့ အစီအစဉ် ရှိနေပါတယ်၊ ခုဟာက အချိန်မတိုင်မီ မင်း တို့နယ်ထဲဝင်လာပြီး ကျားရှေ့မှောက်လျက် လဲတာကိုးကွ၊ ဟား ဟား ဟား"

"ဒါဖြင့် ကျုပ်ကို ဒီမိန်းမနဲ့မျှားခေါ်တာပေါ့ ဟုတ်လား၊ ခိုင်ဟောလော့နဲ့ ခင်ဗျားတို့က ပေါင်းကြံတာပေါ့ဟုတ်လား"

"မမှားဘူး"

လိထိကျင်းက ခေတ္တမျှ စဉ်းစားလိုက်ပြီး ...

"ဩော် ဒီလိုလား၊ ကျုပ်ကို ခိုင်ဟောလော့က အလျင်ဆုံးလာတွေ့ပြီး၊ ကျုပ်ဆီက ငွေရအောင်ယူတယ်၊ ပြီးတော့ ခင်ဗျားတို့လက်ထဲကို ရောင်းစား၊ နောက် သက်ဆိုင်ရာကို သတင်းပို့၊ ဆုငွေထုတ်၊ တယ်ဟုတ်တဲ့ အကြံဉာဏ်တွေပဲ၊ ချီးကျူးစရာပါပဲ"

ဂူစန်းက ကျေနပ်စွာပြုံးရင်း ...

"မင်းအခု နားလည်ပြီလား၊ နာမြောစရာ ကောင်းတာကတော့ မင်း အချိန်တွေသိပ် နောက်ကျသွားပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ဆီက ခိုင်ဟော့လော့ ငွေ ဘယ်လောက် ရသလဲ"

"ငွေတစ်ထောင်ရတဲ့အပြင် မင်းဘောက မိန်းမချောကိုလဲ သူ့ပေးရဦးမယ်"

လီထိကျင်းက အံ့သြသွားကာ ...

"ဟင် ငွေတစ်ထောင်အပြင် ဒီမိန်းမလဲ ပေးရဦးမယ်ဆိုတာ ဘာသဘောလဲ"

"ခိုင်ဟော့လော့ အစကတည်းက ကျုပ်တို့အစ်ကိုကြီး ဟွေးကို ပြောပြီးသားပဲ၊ ဒီမိန်းမချော တို့ဆီခေါ်လာပြီး မင်းရောက်တဲ့နောက် ကိစ္စတွေအားလုံးပြီးတဲ့အခါ အဲဒီ မိန်းမသူ့ကိုပေးဖို့ တို့အားလုံး သဘောတူထားတယ်"

ထိုအခါမှ ခိုင်ဟော့လော့က လင်ချူချွန်းအား လူတစ်ရ မတရား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မိမိအား လိမ်ညာပြောပြီး သစ်ရွက်ရွှေပြားနှစ်ပြားကို ယူကာနှစ်ဖက်လှလုပ်ခဲ့ကြောင်း လီထိကျင်း သိလိုက်ရတော့၏။

လီထိကျင်းက တည်ငြိမ်သော မျက်နှာထားနှင့် အဘိုးကြီး ဝူစန်းအား ပြောလိုက်သည်။

"ဆရာကြီး၊ ခင်ဗျားနဲ့ကျုပ် တိုင်ပင်စရာ စကားနည်းနည်း ပါးပါး ပြောချင်တယ်"

"ဘာများ တိုင်ပင်ချင်လို့လဲ"

"ကျုပ် ခဏလောက်ထိုင်ပါရစေ၊ ခုလို ကွေး ကွေးကြီး အိပ်ပြီး စကားပြောရတာ တစ်မျိုးကြီး ဖြစ်နေတယ်၊ နောက်တစ်ခုက မိန်းမနဲ့ တွဲပြီးအိပ်နေရတာ မကောင်းပါဘူး၊ တော်ကြာ သူ့သတိ ရလာခဲ့ရင် မကောင်းဘူး"

လီထိကျင်း စကားဆုံးသည်နှင့် သူ့ဘေးမှ မိန်းမချော လင်ချူးချွန်း၏ စကားသံက ထွက်ပေါ်လာခဲ့သည်။



"ထိုလူဟုန်း ရှင်ခုနေ တခြားသွားနေလဲ အပိုပါပဲ၊ ကျွန်မ အတွက် စိတ်မပူခဲ့ရင် ရှင် ခုလို ကျွန်မ နားမှာလာပြီး အိပ်မှာ မဟုတ်ဘူး ဆိုလိုတာက ကျွန်မအတွက် ရှင် ခုလို အဖမ်းခံ ရမှာ မဟုတ်ဘူး"

လီထိကျင်းမှာ လင်ချူချွန်း၏ စကားကြောင့် ဘိတ်ခနဲ ဖြစ် သွားပြီး ...

"ကျုပ် မင်းအနားမှာ တမင်လာပြီး လှဲအိပ်နေတာ မဟုတ် ပါဘူး"

လီထိကျင်းနှင့် လင်ချူချွန်းတို့ နှစ်ယောက်မှာ မျက်နှာချင်း ဆိုင် အနေအထားဖြင့် ခုတင်ပေါ်တွင် တစ်ယောက် မျက်နှာတစ် ယောက်အပ်ကာ ရှိနေကြ၏။

ဤသို့ ပြောဖြစ်အောင်လည်း ဟွေးညီအစ်ကိုတို့က တမင်ဖန် တီးထားကြသည်။

ထို့ကြောင့် သူမ၏ပါးစပ်က လီထိကျင်း၏ ပါးပြင်နှင့် အလွန် နီးကပ်လျက် ရှိနေသည်။ တစ်ဦး၏ အနံ့အသက်က တစ်ဦး၏ နှာပေါင်းဝသို့ ကလူကြည်စယ် နေသယောင် ဖြစ်နေ၏။

လီထိကျင်းက လင်ချူချွန်းအား မရဲတရဲ ကြည့်ကာ ...

"ခုဆို မင်းနဲ့ငါဟာ အန္တရာယ် စက်ကွင်းထဲကို ရောက်နေ တယ်ဆိုတာ မင်းသိတယ် မဟုတ်လား"

"ဟုတ်တယ်လေ ကျွန်မနှစ်ယောက်စလုံး အန္တရာယ်စက်ကွင်း ထဲ ရောက်နေချိန်မှာ ရှင် ကျွန်မအတွက် ဘာမှ အားနာစရာမလို ပါဘူး၊ နောက် ရှင်နဲ့ ကျွန်မခုလို ကုတင်တစ်လုံးထဲမှာ ခုလိုနှစ် ယောက်တူတူ အိပ်နေတာကို တခြားလူတွေ မြင်ကုန်ရင် ကျွန်မ အတွက် ဘယ်လွယ်တော့မှာလဲ၊ ဒီကိစ္စအတွက် ရှင်က ဘယ်လို ဖြေရှင်းမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ မိန်းမချော မီးလျှံ လင်ချူချွန်းက လိထိကျင်းအား အရေးဆိုနေ ပြန်ချေသည်။

လိထိကျင်းက အားနာသော အပြုံးပြုံးကာ ...

"မင်း ခုလို သတိရနေမှန်းသိရင် ငါ စောစောက စကားမပြော ပဲ နေလိုက်မှာပါပဲ"

လင်ချူချွန်းက သဘောကျစွာ ရယ်မောပြီး ဝူစန်းအဘိုးကြီး ကို ကြည့်ကာ ...

"ဆရာကြီးကို ကျေးဇူးတင်ပါတယ်၊ အလျှင်အချိန်တုန်းက ဆိုရင် သူဟာ ကျွန်မကို အရေးလုပ်ပြီး မဆက်ဆံခဲ့ပါဘူး၊ ကျွန်မ ကပဲ သူ့နောက်ကို အရိပ်လို လိုက်နေရတယ်၊ ကျွန်မအနေနဲ့ စိတ် မောပြီး ခြေတိုမတတ်ပါပဲ၊ ခုတော့ သူ့ကို ကျွန်မချုပ်ကိုင်ထား နိုင်ပါပြီ၊ နောင်ဆို သူကျွန်မကို ဂရုမစိုက်ပဲနေလို့ မရတော့ပါဘူး"

ဝူစန်း အဘိုးကြီးက ခနဲ့တဲ့တဲ့ လေသံဖြင့် ...

"နောင်ဆိုတာ ရှိဦးမလား၊ ဒီနေ့ပြီးလို့ မနက်ဖြန်ဆိုတာ သူ့အတွက် ရှိတော့မယ် မထင်ဘူး"

"ရှင်မှားနေပြီ၊ ကျွန်မအတွက် ထိုလူဟုန်းဟာ သေအတူ ရှင်မကွာပါပဲ၊ သူသေသွားလဲ ကျွန်မလူ့ပြည်မှာ ဆက်နေတော့မှာ မဟုတ်ဘူး"

အဘိုးကြီးက သူမ၏ စကားကြောင့် သဘောကျသွားပြီး ...

"မင်းနဲ့သူက မတူဘူး၊ သူမသေချင်ပေမယ့် သူ့ကိုသတ်မယ့် လူတွေက ရှိနေတယ်၊ မင်းကတော့ သေချင်ပေမယ့် မင်းမသေအောင် လူတစ်ယောက်က ကာကွယ်ပေးနေတယ်၊ သေလို့လဲ မရပါဘူး"

လင်ချူချွန်းက မထိမဲ့ လေးစားသော အမူအရာဖြင့် ...

"ကျွန်မ ကြားပြီးပါပြီ၊ ဟို ခိုင်ဟော့လော့ဆိုတဲ့ လူရုပ်လူမွေ မဟုတ်လား၊ သူ ကျွန်မကို လက်ဖျားနဲ့တောင် ထိနိုင်မှာ မဟုတ်ဘူး"



ထိုအခိုက် အခန်းဝမှလူတစ်ယောက်အသံထွက်ပေါ်လာသည်။

"ဒီလောက်လဲ မဟုတ်သေးပါဘူး"

ဝင်လာသူမှာ ခိုင်ဟော့လော့ပင် ဖြစ်သည်။

ဝူစန်းအဘိုးကြီးက ရုတ်တရက် ထိတ်လန့်သွားကာ ...

"ခိုင်ဟော့လော့ မင်းဘယ်အချိန်က ရောက်လာတာလဲ"

"ကျုပ် ခုပဲ ရောက်လာတာပါ၊ ကျွန်တော်တို့ဟာ တခြားလူ တွေမှ မဟုတ်ကြတော့ပဲ လူရင်းတွေ ဖြစ်နေပြီ မဟုတ်လား၊ အမှန် ပြောရရင် ကျွန်တော်လာမယ်ဆိုတာ ဆရာကြီးတို့အားလုံး သိနေ ကြမှာပါ၊ ကိစ္စပြီးရင် ရသင့်ရထိုက်တဲ့ဆုကို ကျွန်တော် လာယူရမှာ ဖြစ်ပါတယ်"

ဝူစန်း အဘိုးကြီးက ...

"မင်း လင်ချူချွန်းကို ခေါ်သွားလို့တော့ ရပါတယ်၊ ဒါပေမယ့် အစ်ကိုကြီး ဟွေးလူစုန်ရဲ့ ခွင့်ပြုချက်ရမှ ဖြစ်မယ်"

"ဟွေး သူဌေးကြီး အစကတည်းက သဘောတူ ခွင့်ပြုထား တာပဲ၊ နောက်ပြီး ဆရာကြီး ဝူထိုင် ကိုယ်တိုင် ဒီမှာ ရှိနေတာ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ခုနေခါမှာ ကျုပ်က အစောင့် တာဝန်ကို ထမ်းဆောင်နေရလို့ ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးရဲ့ အမိန့် မရမချင်း ငါဘာမှ မလုပ်ဝံ့ဘူး"

ခိုင်ဟော့လော့ ခေတ္တမျှ တွေဝေနေပြီးမှ ...

"အေးလေ အလုပ်ဟာ အလုပ်ပါပဲ၊ ကျွန်တော် ခုပဲ သူဌေး ကြီး ဟွေးကို သွားအကြောင်း ကြားလိုက်ပါ့မယ်"

ပြောပြောဆိုဆို ခိုင်ဟော့လော့ အခန်းထဲမှ လှည့်ထွက်သွား မည့်ဟန် ပြင်လိုက်စဉ် လိထိကျင်းက လှမ်းပြောလိုက်သည်။

"ဟိတ် ခိုင်ဟော့လော့ မင်းဟာ နှစ်ဖက်စားပြီး အားလုံး

www.burmeseclassic.com

www.burmeseclassic.com



အပေါ် အသားယူနိုင်တဲ့လူပဲ၊ ပွေးလူစုက မင်းကို စောင့်နေမှာပါ ဒီလောက်လဲ မလောစမ်းပါနဲ့"

ခိုင်ဟော့လော့မှာ သွားမည့်ဟန် ပြင်လိုက်ပြီးမှ လိထိကျင်း၏ စကားကြောင့် ကိုယ်ကိုယ်ပြန်လှည့်ကာ ပြုံး၍ ပြောလိုက်သည်။

"ဆရာလေးထိ ခင်ဗျား အယူမှားနေပြီ ခင်ဗျားကို သွားတွေ့ဖို့ ပွေးသူဌေးကြီးကပဲ ကျုပ်ကို ခိုင်းလိုက်တာပါ၊ ကျုပ်ကလဲ အသက်စွန့်ပြီး ခင်ဗျားနဲ့ လာတွေ့တဲ့အတွက် မပြစ်စလောက် ငွေလေး ရလိုက်တာပါ"

လိထိကျင်း အလွန်သဘောကျသွားကာ ...

"ကျုပ် တစ်သက်မှာတော့ မင်းလောက် လက်သံပြောင်တဲ့လူ မတွေ့ဖူးသေးဘူး၊ ကျုပ် ပြောခဲ့သလိုပါပဲ၊ မင်းလို မိတ်ဆွေမျိုးကို ပေါင်းသင့်ပါတယ်"

ခိုင်ဟော့လော့က လိထိကျင်းအား ဘာမျှ ပြန်မပြောပဲ မိန်းမချော လင်ချူချွန်းကို ကြည့်ကာ ...

"လင်ချူချွန်း သိပ်စိတ်ပူမနေပါနဲ့ ကျုပ်ခုပဲ သူဌေးကြီးပွေးကို သွားတွေ့လိုက်ပါမယ်၊ သူ့ကိုတွေ့ပြီးရင် တို့နှစ်ယောက် ဒီက ထွက်ခွာသွားကြတာပေါ့၊ ခု ခဏသည်းခံပြီး စောင့်နေလိုက်ပါဦး ကျုပ် ခုချက်ချင်းပဲ ပြန်လာခဲ့ပါ့မယ်"

လင်ချူချွန်းက ခိုင်ဟော့လော့အား တံတွေးဖြင့် တစ်ချက် လှမ်းထွေးလိုက်သည်။ ခိုင်ဟော့လော့မှာ လင်ချူချွန်း၏ တံတွေးထွေးချက်ကို မရှောင်ပဲ ရမက်ပြင်းသော မျက်လုံးအစုံဖြင့် စိုက်ကြည့်ကာ ပြုံးပြလိုက်သည်။

"ဟဲ ... ဟဲ ... ဟဲ မိန်းမချောလေး လင်ချူချွန်းက ကျုပ်ကို ပထမဦးဆုံး တံတွေးနဲ့ ဧည့်ခံလိုက်တယ် ထင်ပါရဲ့၊ အင်း တော်တော်လေး စေတနာ ထားတယ်နဲ့တူတယ်"



ပြောပြော ဆိုဆို ခိုင်ဟော့လော့ အခန်းအပြင်ဘက်သို့ လှည့်ထွက်သွားတော့သည်။

လင်ချူချွန်း၏ မျက်နှာပေါ်တွင် ရှက်သွေးရောင် သန်းသွားပြီး ညည်းညူ ရေရွတ်လိုက်၏။

"အင်း ခိုင်ဟော့လော့ ဆိုတဲ့လူဟာ တော်တော်လေးကို ယုတ်ညံ့တဲ့လူပါလား ငါသာ သူနဲ့ဆက်ဆံရမယ့်အစား သေတာကမှ ကောင်းဦးမယ်"

လိထိကျင်းက ဘာမှဝင်မပြောပဲ မျက်စိကိုသာ စုံမှိတ်ထားလိုက်၏။ လင်ချူချွန်းက လိထိကျင်း၏ အေးစက်စက် နိုင်လှသော အမူအရာကိုကြည့်ကာ အားမလို အားမရဟန်ဖြင့် ...

"ထိုလူဟာန်း ရှင် ကျွန်မ ပြောနေတာ မကြားဘူးလား"

"ကြားပါတယ်၊ ရှင်းရှင်းလင်းလင်းပဲ ကြားပါတယ်"

"ဒါဖြင့် ဘာလို့ ပြန်မပြောတာလဲ"

"ဘာလဲ ငါက ခိုင်ဟော့လော့ကို သွားမေးရဦးမှာလား၊ ဒီလူ ဒီလောက် ယုတ်ညံ့တဲ့စိတ် ရှိတယ်ဆိုတာ ငါ ဘယ်သိနိုင်ပါမလဲ"

လင်ချူချွန်းက မချင့်မရဲဟန်နှင့် ...

"ရှင် ခုချိန်ထိ ကျွန်မကို ဂရုမစိုက်သေးပါလား"

"မင်းသိထားဖို့က အချို့လူတွေဟာ မိန်းမတွေအပေါ် အကြမ်းနည်းမသုံးပဲ အနုနည်းနဲ့ အသားယူနိုင်တယ် ဆိုတာပါပဲ"

လင်ချူချွန်းမှာ မျက်လုံးများ ပြူးထွက်လာပြီး ဒေါ်တော့တော့ ပြောလိုက်၏။

"ကျေးဇူးတင်ပါတယ်၊ နောင်ဆို ကျွန်မ မိန်းမပီပီသသနဲ့ နေထိုင်သွားပါတော့မယ်"

လိထိကျင်းကမူ မျက်စိကို မှိတ်မြဲမှိတ်လျက် ဘာစကားမှ ပြန်မပြောချေ။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာဖြစ်လို့ ကျွန်မကို လာကယ်ရတာလဲ"

"ဘာကြောင့်ရယ်တော့ မဟုတ်ပါဘူး၊ ကိုယ့်မိတ်ဆွေတစ်ယောက် ဒုက္ခရောက်နေတဲ့အတွက် လာကယ်တာပါ"

"ခုတော့ ရှင်ကျွန်မကြောင့် အချောင်သက်သက် ဒုက္ခရောက်ရတာကိုတော့ ကျွန်မ စိတ်မကောင်းပါဘူး"

"မင်း စောစောက ကြားမှာပေါ့၊ မင်းကိစ္စ မရှိလဲ ငါတစ်နေ့ မဟုတ် တစ်နေ့ ဒီနေရာကို ရောက်လာရမှာပဲ"

"ဒါပေမယ့် ခုလာတဲ့ကိစ္စနဲ့ နောက်လာမယ့် ကိစ္စဟာ မတူပါဘူး၊ ခု ရှင်လာရတာက ကျွန်မအတွက်နဲ့ ရှင့်မှာ ပူပင်သောက ရောက်နေပြီး သူတို့ရဲ့ ကြော့ကွင်းကိုတောင် ရှင် မမြင်နိုင်လောက်အောင် ဖြစ်ခဲ့ရတယ် မဟုတ်လား"

လီထိကျင်းက လင်ချူချွန်း၏ စကားကို ပြန်မဖြေဘဲ စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ဝူစန်းလို ပုဂ္ဂိုလ်ကြီး တစ်ယောက်က တို့နှစ်ယောက်ကို လာစောင့်ပေးနေ ရတယ်ဆိုတော့ တို့နှစ်ယောက်ဟာ အတော်ဂုဏ်ယူစရာပဲ"

ဝူစန်းအဘိုးကြီးက လီထိကျင်း၏ ခနဲ့တဲ့စကားကို အလျဉ်း ဂရုမစိုက်ပဲ ...

"ကျုပ် အခု စောင့်ကြပ်နေတဲ့ကိစ္စက ရွှေတောင်ကြီးတစ်ခုကို စောင့်နေရသလို ဖြစ်နေတာမို့ ကျုပ်တို့အဖို့မှာ မင်းနဲ့ပတ်သက်ပြီး အကျိုးကျေးဇူးတွေ အများကြီး ရနိုင်တယ်ဆိုတာလဲ မင်း သိထားစမ်းပါ"

လင်ချူချွန်းက လေသံတိုးတိုးဖြင့် လီထိကျင်းအား ပြောပြန်သည်။

"ထိုလူဟုန်း လူယုတ်မာ ခိုင်ဟောလော့ နောက်တစ်ခါ ပြန်



ဝင်လာရင် သူ ကျွန်မကို ခေါ်သွားတော့မယ်၊ ဒါပေမယ့် သူ့ကို ကျွန်မ လက်ဖျားနဲ့တောင် အထိခံမှာ မဟုတ်ဘူး"

သူမ၏စကားသံမှာ အလွန်နူးညံ့သိမ်မွေ့၍ နားဝင်ချိုလှသည်။ ဘေးမှထိုင်ကြည့်နေသော ဝူစန်းအဘိုးကြီးပင် ငိုင်ဆင်းသွား၏။

လီထိကျင်းက သက်ပြင်းချကာ ...

"ငါ့ကို ဖမ်းခေါ်သွားမယ့်လူတွေ စောစော လာစေချင်တယ်"

ထိုစကားကြောင့် လင်ချူချွန်း အလွန်အံ့အား သင့်သွားပြီး ...

"ဟင် ဘာဖြစ်လို့လဲ"

"သူတို့က ငါ့ကို အလျင်ဖမ်းသွားခဲ့ရင် ခိုင်ဟောလော့ မင်းကို ဖမ်းခေါ်သွားတာ ငါ မမြင်နိုင်တော့ဘူး၊ ဒါဆိုရင် ငါ့အနေနဲ့ နည်းနည်းပါးပါး သက်သာရာ ရသွားမှာ ဖြစ်လို့ပါ"

ထိုစကားကြောင့် လင်ချူချွန်း အလွန်စိတ်ထိခိုက်သွားပြီး ...

"ဩော် သူတို့ကရှင့်ကို ဖမ်းခေါ်သွားတာ ကျွန်မကို မြင်စေချင်တယ်ပေါ့၊ ကျွန်မလဲ ရှင့်လိုပါပဲ၊ ကိုယ်ချစ်တဲ့သူကို ဖမ်းခေါ်သွားတာ ဘယ်ကြည့်နိုင်ပါမလဲ"

ဝူစန်း အဘိုးကြီးက ...

"ခု မင်းတို့ ဘယ်နေရာ ရောက်နေသလဲဆိုတာ သတိထားကြပါဦး၊ ဒီနေရာမှာ ဒီစကားတွေ ပြောနေရသေးလား မင်းတို့ဘေးမှာ [illegible]ယောက်လုံး ရှိနေသေးတယ်ဆိုတာ သတိထားကြပါဦး"

လီထိကျင်းက ခပ်တည်တည်နှင့် ...

"ဆရာကြီး မကြားချင်ရင် အခန်းအပြင် ထွက်သွားပေါ့၊ ဘယ်သူက ခင်ဗျားကို တားထားလို့လဲ"

ဝူစန်းအဘိုးကြီးက ဒေါသထွက်သွားပြီး ...

"ကျုပ် မျက်စိနောက်တာ မဟုတ်ဘူး၊ မင်းတို့ ခုလို သမီးရည်းစားပုံစံမျိုး ပြောနေကြတာ ကျုပ်ကြားရတာ အားမရလို့ မင်းတို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ဒီထက် ရင်းရင်းနှီးနှီး ပြောဆို နေထိုင်ပုံကို မြင်ရရင် ပိုပြီး ကောင်းမလားလို့ ကျုပ် စိတ်ကူးနေတယ်၊ ဒီတော့ မင်းတို့ နှစ်ယောက် ပိုပြီး နီးကပ်သွားအောင် ကျုပ် အကူအညီ ပေးရသေးတာပေါ့"

ပြောပြောဆိုဆို အဘိုးကြီး ဝူစန်းသည် လီထိကျင်းနှင့် လင်ချူချွန်းတို့ နှစ်ယောက်အား တစ်ယောက်နှင့် တစ်ယောက် ပိုမို ထိကပ်စေရန် အသားချင်းထိအောင် နေရာရွှေ့ပေးလိုက်၏။

လင်ချူချွန်းက ဒေါသထွက်ပြီး ...

"အဘိုးကြီး ရှင် လုပ်ရဲရင် လုပ်ကြည့်စမ်း"

"အမယ်၊ နင်က ဟန်ဆောင်မနေစမ်းပါနဲ့ တကယ်တော့ နင်ဟာ ထိလူ့ဟုနဲ့ ဒီလို ရင်းရင်းနှီးနှီး နေချင်တယ်ဆိုတာ ကျုပ် သိပါတယ်၊ ခုတော့ မင်းအကြိုက်ပဲ မဟုတ်လား"

လီထိကျင်းက မိမိခြေထောက် နှစ်ဖက်ကို ကိုင်ထားသော အဘိုးကြီး ဝူစန်းအား တအား ကန်ထုတ်လိုက်လေသည်။

"ဘုန်း"

"ဝုန်း"

အဘိုးကြီး ဝူစန်းမှာ လီထိကျင်း၏ ခြေကန်ချက်ထိကာ ကျောက်စားပွဲကြီးရှိရာသို့ အရှိန်ပြင်းစွာ လွင့်စဉ်ထွက်သွားလေသည်။

ထို့နောက် ...

ကျောက်စားပွဲကြီးနှင့် အဘိုးကြီး ဝူစန်းမှာ ပြင်းထန်စွာ ထိခိုက်မိသွားကာ စားပွဲကြီးတစ်ခုလုံး ဝူစန်း၏ ခန္ဓာကိုယ်ကြီး ဝင်ဆောင့်မှုဖြင့် ကျိုးကြေသွားလေသည်။

စားပွဲပေါ်မှ ကျောက်စိမ်းရေးများလည်း အစိပ်စိပ် အမွှာမွှာ ကွဲကြေကုန်ပြီး အဘိုးကြီး ဝူစန်း၏ ဝတ်စုံနောက် တည့်တည့်တွင် လက်ဖက်ရည်ကြမ်းများ ရွှဲရွှဲစိုကုန်တော့သည်။



အဘိုးကြီးမှာလည်း စားပွဲနှင့် ထိခိုက်မိကာ တော်တော်နှင့် ပြန်မထနိုင် ဖြစ်နေ၏။

မိန်းမချော လင်ချူချွန်းမှာ သဘောကျစွာရယ်မောလိုက်ပြီး ...

"ကောင်းတယ် ကောင်းတယ် သိပ်ကောင်းတယ်၊ ရှင် ဘာဖြစ်လို့ ဒီအဘိုးကြီးကို သေအောင် မကန်လိုက်တာလဲ"

ဝူစန်းအဘိုးကြီးမှာ ရှက်လည်းရှက် ဒေါသလည်း ထွက်လာကာ လက်နှစ်ဖက်ဖြင့် ကြမ်းပြင်ပေါ်ထောက်ပြီး မတ်တတ်ရပ်လိုက်၏။ ထို့နောက် လီထိကျင်း ရှိနေရာ ခုတင်ဆီသို့ ထော့နင်းထော့နင်းနှင့် လျှောက်လာနေသည်။

ခုတင်နား ရောက်သောအခါ လီထိကျင်း၏ ခြေထောက်အစုံကို ရိုက်ချိုးပစ်ရန် အဘိုးကြီးဝူစန်း လက်အစုံကို အပေါ်သို့ မြှောက်တင်လိုက်လေပြီ။

ထို့နောက် ...

အတွင်းအားများကို မြှောက်ထားသော လက်အစုံသို့ အားကုန်ပို့လွှတ်လိုက်ပြီး လီထိကျင်း၏ ခြေအစုံအား ရိုက်ချိုးရန် မြှောက်ထားသော လက်အစုံကို အောက်သို့ စိုက်ချတော့မည့် အပြုတွင် ...

"ဟိတ် ... ဝူစန်း မလုပ်နဲ့"

တံခါးဝမှ သြဇာရှိသော အသံတစ်သံ ရုတ်တရက် ပေါ်ထွက်လာသောကြောင့် ရိုက်ချမည့်ဆဲဆဲ ဖြစ်နေသော ဝူစန်း၏ လက်အစုံမှာ လမ်းတစ်ဝက်လောက်တွင် ရပ်တန့်သွားရ လေတော့သည်။

ဟွေးသူဌေးကြီးနှင့် ခိုင်ယောလော့တို့ နှစ်ယောက် တံခါးဝမှ လီထိကျင်းတို့ ရှိရာသို့ လျှောက်လှမ်း ဝင်ရောက်လာကြ၏။

သူတို့နှစ်ယောက် နောက်မှ တတ်ယညီတော် အဘိုးကြီး မောင့်မော့လည်း လိုက်ပါလာသည်။

အခန်းထဲ ရောက်သည်နှင့် ဝူစန်းအဘိုးကြီး၏ ဖင်တည့်တည့်

www.burmeseclassic.com

www.burmeseclassic.com



တွင် ရှုံ့ရှုံ့စိုနေသည်များကို တွေ့မြင်လိုက်ရသဖြင့် ခိုင်ဟောလော့က ပြုံးရယ်လိုက်ပြီး ...

"ဆရာကြီးဝူ ဘယ်လိုများ ဖြစ်တာလဲ၊ ဖင်တည့်တည့်မှာလည်း ရှုံ့ရှုံ့စိုနေပါလား"

ဝူစန်း အဘိုးကြီးက အရှက် မပြေသေးဘဲ အော်ငေါက်လိုက်ရင်း ...

"မင်း စကားရှည်မနေနဲ့၊ ဒါ မင်း အလုပ်မဟုတ်ဘူး၊ ငါ ဘာသာ ငါ ဘာဖြစ်ဖြစ် ပြောစရာ မလိုဘူး"

ခိုင်ဟောလော့ ကြောင်အန်းအန်း ဖြစ်သွားကာ ...

"ဆရာကြီးဝူ ဘာဖြစ်လို့ ဒါလောက်တောင် ဒေါသကြီးနေရတာလဲ"

သူဌေးကြီး ဟွေးလူစုန်က ကြမ်းပြင်တွင် ကျိုးပဲ့ပျက်စီးနေသော ကျောက်စားပွဲကြီးနှင့် ကွဲကြေနေသော လက်ဖက်ရည်ကြမ်းခရားတို့ကိုကြည့်ကာ ဝူစန်း အဘိုးကြီးအား နားမလည်စွာဖြင့် မေးလိုက်၏။

"ဝူစန်း မင်း ဘယ်လိုဖြစ်တာလဲ"

ဝူစန်းအဘိုးကြီးက မိမိ၏ရှက်ဖွယ် အဖြစ်အပျက်များကို သူတစ်ပါးအား ပြောလိုသော ဆန္ဒမရှိသဖြင့် အသာငြိမ်၍ နေလိုက်၏။

ဟွေးလူစုန်က အခြေအနေကို သုံးသပ်ကာ ရိပ်စားမိသွား၏။ သို့သော် ဘာမျှ ဆက်မမေးတော့ပဲ ခိုင်ဟောလော့ ဘက်သို့လှည့်၍ ပြောလိုက်သည်။

"ဟောလော့ မင်း ဒီမိန်းမချောကို ခေါ်သွားနိုင်ပြီ"

ခိုင်ဟောလော့က ဟွေးလူစုန်အား သွားဖြဲပြကာ ပြုံးဖြဲဖြဲနှင့် ကြည့်နေ၏။ ဝူစန်းအဘိုးကြီးက ခိုင်ဟောလော့၏ အမူအရာအား အမြင်ကပ်လာသဖြင့် ...



"ဟော့ကောင် ခိုင်ဟောလော့ မင်း လူကို အပြန်ခေါ်သွားတာကယ်လို့ ရက်ပိုင်းလောက် မင်း နောက်ကျခဲ့ရင် မင်းဟာ သူ့ရဲ့အကျွန်ကိုပဲ သုံးဆောင်ရတော့မှာ"

ခိုင်ဟောလော့ မျက်နှာပျက်သွားပြီး ဣန္ဒြေဆည်ကာ ...

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ သူတို့နှစ်ယောက်ရဲ့ ခြေထောက်နဲ့ လက်တွေကို ကြိုးနဲ့ချည်ထားတယ် မဟုတ်လား၊ နောက်ဆရာကြီးဝူ ကိုယ်တိုင်လဲ သူတို့အနားမှာ စောင့်ကြည့်နေတော့ ကျွန်တော် စိတ်မချနိုင်စရာ မရှိပါဘူး ဟဲ ... ဟဲ ... ဟဲ"

ဟွေးလူစုန်က စိတ်မရှည်တော့ပဲ ...

"ဟောလော့ အချိန် သိပ်မရှိတော့ဘူး"

ထိုစကား၏ အဓိပ္ပါယ်ကို ခိုင်ဟောလော့ ကောင်းစွာသိသဖြင့် ...

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကျွန်တော် ခေါ်သွားပါတော့မယ်၊ သွားချင်နေတာလဲ ကြာပါပြီ၊ အားလုံးကို ကျေးဇူးတင်ပါတယ်"

ပြောပြောဆိုဆို ဟွေးညီအစ်ကို သုံးယောက်အား ခိုင်ဟောလော့က ဂါရဝပြုပြီး ခုတင်ရှိရာသို့ ချဉ်းကပ်သွားလေသည်။

ဝူစန်းအဘိုးကြီးက ခိုင်ဟောလော့အား လှမ်း၍ သတိပေးလိုက်သည်။

"မင်း ခေါ်ဆောင်သွားမယ့် မိန်းမချောဟာ ပြင်းထန်တဲ့ အဆိပ်ဆူး ရှိတယ်နော်၊ အရမ်းသွားမကိုင်နဲ့၊ သူ့ပခုံးပေါ်မှာရှိတဲ့ အကြောကွက်ကို အလျင်ပိတ်ထားလိုက်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ဒီမိန်းမချောဟာ နာမည်ကြီး သိုင်းသမား လူစွမ်းကောင်းဆိုတာ ကျွန်တော် ဒါ့ပါတယ်၊ သူ့ရဲ့ လှုပ်ရှားနိုင်တဲ့ အကြောကွက်ကို မပိတ်ပဲ သူ့ကိုသွားကိုင်လို့ကတော့ သူ့ခြေကန်ချက်နဲ့ ကျွန်တော် ရင်ပွင့် သေသွားနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြော ဆိုဆို ခိုင်ဟော့လော့၏ လက်တစ်ဖက်က မိန်းမချော၏ ပခုံးကြော တစ်နေရာသို့ ပိတ်ဆို့ရန် လက်လှမ်းလိုက်သည်။

"ခိုင်ဟော့လော့ ရှင် ကျွန်မ အသားကို မထိနဲ့ ထိလိုက်တာနဲ့ ကျွန်မကိုယ် ကျွန်မ လျှာကိုက်ပြတ်ပြီး သေပစ်လိုက်မယ်"

ထိုစကားကြောင့် ခိုင်ဟော့လော့မှာ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားကာ ဟွေးလူစုန်အား လှမ်း၍ အကူအညီ တောင်းလိုက်သည်။

"ဆရာကြီးဟွေး ကြားတယ် မဟုတ်လား၊ သူ့ကိုယ်သူ သတ်သေမယ်တဲ့"

"သူ့ကို မင်းလက် အပ်လိုက်ပြီပဲ၊ ကျုပ်တို့ ညီအစ်ကိုတစ်တွေက ဒီထက်ပိုပြီး မင်းကို အကူအညီ မပေးနိုင်ဘူး"

ဝူစန်း အဘိုးကြီးကလည်း ခပ်ချဉ်ချဉ် ရီ၍...

"ဟုတ်သားပဲကွ၊ တို့ကသူ့ကိုဝိုင်းချုပ်ပေးရဦးမှာလား"

ခိုင်ဟော့လော့မှာ ဘာဆက်လုပ်ရမှန်းမသိပဲ ငိုမဲ့မဲ့ပင်ဖြစ်နေ၏။

တတိယညီတော် နှာရောင်ကောက်ကောက်နှင့် အဘိုးကြီးမောင့်မော့က ကြားဝင်၍ ပြောလိုက်ပြန်သည်။

"ခိုင်ဟော့လော့ နောက်ထပ်အချိန်ဆွဲမနေနဲ့၊ ငါ့အစ်ကိုကြီး စိတ်ပြောင်းသွားမှဖြင့် မင်းအခွင့်အရေးတွေအားလုံး ဆုံးရှုံးကုန်လိမ့်မယ်"

ခိုင်ဟော့လော့မှာ စိတ်များရှုပ်ထွေးနေကာ မထွေးနိုင် မအန်နိုင်ဖြစ်နေ၏။ ထို့ကြောင့် ဖြစ်လိုရာဖြစ်စေတော့ဟုဆုံးဖြတ်ကာ ရုတ်ရက် မိန်းမချော ခါးတနေရာရှိ အကြောကွက်ကို လျှပ်တပြက်အတွင်း လှမ်းထိုးပိတ်လိုက်တော့သည်။

မိန်းမချော လင်ချူချွန်းမှာ ရုတ်တရက်ဖြစ်၍ မည်သို့မျှ မတတ်နိုင်တော့ပဲ အကြောပိတ်ခံလိုက်ရတော့၏။

ထို့နောက် နာကျင်စွာ "အား"ကနဲတစ်ချက်အော်ကာ မျက်စိ



များပါမှိတ်သွားပြီး တစ်ကိုယ်လုံးရှိအကြောများမှာ လုံးဝ လှုပ်ရှားမရနိုင်တော့ပဲ ငြိမ်သက်သွားလေသည်။

ခိုင်ဟော့လော့မှာ ယခုမှ စိတ်ချသွားရသည့်အလား သက်ပြင်းတစ်ချက်ချ၍ နဖူးပေါ်မှ ချွေးသီးချွေးပေါက်များကို ဇယ်လက်ဖြင့် သုတ်လိုက်ပြီး ပီတိဖြစ်စွာပြုံးနေ၏။

လီထိကျင်းကလည်း ခိုင်ဟော့လော့အား ကြည့်၍ ပြုံးပြလိုက်သည်။

ခိုင်ဟော့လော့မှာ လီထိကျင်း၏အပြုံးကြောင့်အနည်းငယ်အားနာသွားကာ လင်ချူချွန်းအား သွားရောက် ပွေ့ချီရန် လက်လှမ်းလိုက်၏။

သို့သော် ခိုင်ဟော့လော့ လင်ချူချွန်းအား ပွေ့မည်ဆဲဆဲ လီထိကျင်း၏ အပြုံးကိုသံသယစိတ်ဝင်ကာ လှမ်းမေးပြန်သည်။

"ဆရာလေးထိ၊ ခင်ဗျားဘာဖြစ်လို့ ပြုံးတာလဲ"

"မဟုတ်ပါဘူး၊ မင်းအကြောပိတ်ပုံကို ငါ့ဘာသာကျေမိလို့ ပြုံးတာပါ"

ထိုအခါမှ ခိုင်ဟော့လော့မှာစိတ်ချလက်ချဖြစ်သွားပြီး လင်ချူချွန်းပွေ့ချီရန် ခါးကုန်းလိုက်စဉ် လူတစ်ယောက် အပြေးအလွှားအခန်းထဲသို့ ဝင်ရောက်လာသည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် ခိုင်ဟော့လော့မှာ ကြောင်အန်းအန်းဖြစ်သွားကာ လင်ချူချွန်းကို ပွေ့မချီဖြစ်သေးပဲ ထိုလူအားပြူးတူးပြဲတဲဖြင့် လှမ်းကြည့်လိုက်၏။ အခန်းထဲသို့ အရေးတကြီး ဝင်လာသောလူမှာ လူရုပ်ဝါစန်းပင် ဖြစ်သည်။

အေးချမ်းလှသော ညအချိန်ပင် ဖြစ်လင့်ကစား ဝါစန်း၏ မျက်နှာတွင် ချွေးများဖြင့် ရွှဲရွှဲစိုနေသည်။ ကြည့်ရသည်မှာ ခရီးဝေးမှ ပြန်လာခဲ့ပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲသို့ ဝါစန်း ရောက်သည်နှင့် ဖွေးလူစုန်အားဂါရဝ ပြု၍ အစီရင်ခံလိုက်သည်။

"ဆရာကြီးဖွေး သူတို့ရောက်လာပါပြီ"

ဖွေးလူစုန်က လှည့်ပင်မကြည့်ပဲ ပြန်မေးလိုက်သည်။

"သူတို့လူ ဘယ်နှစ်ယောက်လဲ"

"သုံးယောက်ပါ"

"ဘယ်လိုအဆင့်ရှိတဲ့ လူတွေလဲ"

"လျှို့ဝှက်ဂိုဏ်းက သိုင်းအကျော်အမော် သုံးယောက်ဖြစ်ပါတယ်"

ဝါစန်း၏ စကားမဆုံးမီပင် အခန်းအပြင်ဘက်မှ ခြေသံများ ကြားလိုက်ရ၏။

ထို့နောက် လူသုံးယောက်မှာ အခန်းတွင်းသို့ ရှေ့ဆင့်နောက်ဆင့် ဝင်လာခဲ့ကြသည်။

ဝင်လာသော လူကြီးသုံးယောက်စလုံးမှာ သန်မာထွားကျိုင်းပြီး သိုင်းပညာအတော်မြင့်မားကာ ရက်စက်ကြမ်းကြုတ်ပုံပေါ်နေသော လူကြမ်းကြီးများပင် ဖြစ်သည်။

သူဌေးကြီးဖွေးက သိုင်းသမား သုံးယောက်အား အရေးတယူ နှုတ်ဆက်လိုက်၏။

"ဆရာတို့ တရားခံ ဒီအခန်းထဲမှာ ရှိနေပါတယ်"

ဖွေးလူစုန်က အခန်းတွင်းရှိ သူ့လူများနှင့်တဖန် မိတ်ဆက်ပေးလိုက်၏။ ဝင်ရောက်လာသူ လျှို့ဝှက်ဂိုဏ်းမှ သိုင်းသမားကြီးသုံးယောက်အနက်မှာ ခေါင်းဆောင်ဖြစ်ဟန်တူသော လူကြီးက ခိုင်ဟောလော့အား မျက်မှောင်ကုတ်ကြည့်ရင်း ...

"ဖွေးသူဌေးကြီး၊ ဒီလူက ဘယ်သူလဲ

"ဪ ... ဒီလူက ကျုပ်ရဲ့ မိတ်ဆွေပါ"



ခေါင်းဆောင်လူကြီးက ခိုင်ဟောလော့အား ခပ်တည်တည် ကြည့်ကာ ...

"မင်း ဒီမှာ အလုပ်ရှိသလား"

"မရှိပါဘူး ခင်ဗျား"

"အေး ဒါဖြင့် ခုချက်ချင်း ထွက်သွားပါ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ထွက်သွားပါ့မယ်"

ပြောပြောဆိုဆို အပြင်သို့ ထွက်သွားရန် လင်ချူချွန်းအား ပွေ့ချီမည်အပြုတွင် ...

ခေါင်းဆောင် သိုင်းသမားကြီးက လေသံခက်ထန်စွာဖြင့် ...

"ဟိတ် ... မင်း ဘာလုပ်တာလဲ၊ ဒီအမျိုးသမီးကို ဘာလုပ်မလို့လဲ"

"သူက ကျွန်တော့် အမျိုးသမီးပါ၊ ဒါကြောင့် သူ့ကို တပါတည်း ခေါ်သွားမလို့ပါ"

ထိုခေါင်းဆောင်လူကြီးက မျက်လုံးပြူးသွားပြီ ...

"ဘယ်လိုကြောင့် ဒီအမျိုးသမီးကို မင်းပိုင်တယ်လို့ ပြောရတာလဲ"

ခိုင်ဟောလော့က ကပျာကယာ ပြန်ပြောလိုက်၏။

"ဒီလိုပါခင်ဗျာ၊ ဒီအမျိုးသမီးက လေပြင်းဓားသမား ထိလူဟုန်း ဖမ်းမိစေရေးအတွက် ငါးစာသဘောမျိုးနဲ့ ထိလူဟုန်းကို မျှားခေါ်တာပါ၊ အစကတည်းက သူဌေးဖွေးလူစုန်နဲ့ ကျွန်တော်တို့ ကတိထားခဲ့ပါတယ်၊ ကိစ္စပြီးတဲ့အခါကျရင် အဲဒီအမျိုးသမီး ကျွန်တော့်ကို လွှဲအပ်ပေးရမယ်ဆိုတဲ့ ကတိပါပဲ"

ခေါင်းဆောင်လူကြီးက ...

"ဟာ ဒီလိုဆို ဒီအမျိုးသမီးက ထိလူဟုန်းနဲ့ ပတ်သက်နေတယ်ဆိုတော့ သူ့ကိုလဲ ကြိုရာပါအဖြစ်နဲ့ ဖမ်းခေါ်သွားရမယ်"

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဟော့လော့မှာ ခေါင်းဆောင်လူကြီး၏ စကားကြောင့် အေးကျပ်နံ့ကျပ်ဖြစ်သွားကာ ဟွေးလူစုန်အား အကူအညီ တောင်းသောအကြည့်ဖြင့် ကြည့်နေ၏။

ဟွေးလူစုန်က ...

"ဒါတော့ သူတို့ရဲ့ သဘောပါ၊ ငါ့အနေနဲ့ဘာမှမတတ်နိုင်ဘူး"

နိုင်ဟော့လော့မှာ ပါးစပ်နားရောက်မှ ပုတ်ချခံရသကဲ့သို့ မခံမရပ်နိုင်ဖြစ်ကာ ခေါင်းဆောင်လူကြီးအား ခပ်တည်တည်နှင့် ပြောလိုက်သည်။

"လူကြီးမင်းကို ကျွန်တော်အစီရင်ခံပါရစေ၊ တခြားကိစ္စမျိုးဆို ကျွန်တော်အနစ်နာခံနိုင်ပါတယ်၊ အခုကိစ္စမျိုးကိုတော့ ကျွန်တော်လုံးအဆုံးရှုံးမခံနိုင်ပါဘူး"

ခေါင်းဆောင်လူကြီးက စိတ်တိုစွာဖြင့် အော်ငေါက်လိုက်၏။

"ဟော့ကောင် ဘာမှထပ်ပြောမနေနဲ့၊ မင်း ချက်ချင်း ဒီအခန်းထဲကထွက်သွားပါ"

လူရှုပ်လူပွေ နိုင်ဟော့လော့မှာ မတတ်နိုင်သည့်အဆုံး အိတ်ထဲမှ အရာဝတ္ထုတစ်ခုကို ထုတ်ယူ၍ ခေါင်းဆောင်လူကြီးအား ပြလိုက်ရတော့သည်။

ခေါင်းဆောင်လူကြီးမှာ နိုင်ဟော့လော့၏ သက်သေခံကျောက်စိမ်းနဂါးရုပ်လေးကိုကြည့်ကာ အနည်းငယ် လေသံပျော့သွားပြီး ...

"မင်း ဘာလို့ စောစောကမပြောတာလဲ"

"ကျွန်တော်ရဲ့ လျှို့ဝှက်ဇာတိကို မပြချင်လို့ပါ၊ အခု မတတ်သာတဲ့အဆုံးမို့ ထုတ်ပြလိုက်ရတာပါပဲ"

အမှန်တွင်မူ နိုင်ဟော့လော့အား လျှို့ဝှက်ဂိုဏ်းမှ ကျောက်ကျားကျိရှာသို့ လျှို့ဝှက်ကိစ္စတစ်ခုဖြင့် စေလွှတ်ထားခြင်းပင် ဖြစ်သည်။



ယခုမူ လျှို့ဝှက်ဂိုဏ်းသား အချင်းချင်းတွေ့ဖြစ်နေ၍ နိုင်ဟော့လော့မှာ သက်သာရာသွားခဲ့သည်။

ခေါင်းဆောင်လူကြီးမှာ လျှို့ဝှက်ဂိုဏ်းမှာ အတော်အတန် အရေးပါသော လူတစ်ယောက် ဖြစ်သည်။ နိုင်ဟော့လော့ထက် အဆင့်များစွာကြီးသည်။ သို့သော် ဂိုဏ်းသား အချင်းချင်းဖြစ်၍ နိုင်ဟော့လော့အား သက်ညှာလိုက်ခြင်းပင်။

"ကောင်းပြီ မင်းဘယ်လိုလုပ်ချင်လဲ"

နိုင်ဟော့လော့က ...

"ဒီကိစ္စအပြင်ကို ပေါက်ကြားသွားခဲ့ရင် မလွယ်ဘူး၊ ဒါကြောင့် ဒီကိစ္စအတွက် အားလုံး သတင်းမပေါက်ကြားအောင် ထိန်းသိမ်းထားရမယ်၊ ထိလူဟုန်းတို့ဆရာကြီးတို့က ခေါ်သွားပြီးရင် ဂုဏ်လဲရှိမယ်၊ ဆုငွေလဲရနိုင်ပါတယ်၊ ဒီတော့အမျိုးသမီးကို ထားခဲ့ပြီး ဆရာကြီးတို့၊ ထိလူဟုန်းကိုပဲခေါ်သွားဖို့ ကျွန်တော်မေတ္တာ ရပ်ခံပါတယ်"

"ကောင်းပြီလေ၊ မင်းပြောသလိုပဲ ကောင်းပါတယ်၊ မင်းလဲ မင်းလူကို ခေါ်သွားနိုင်ပါပြီ"

စကားပြောပြီးသည်နှင့် ခေါင်းဆောင်လူကြီးက အိတ်ထဲမှ ငွေလွှဲလက်မှတ်တစ်ခုအား ထုတ်ယူကာ သူဌေးကြီးဟွေးစုန်ကို လှမ်းပေးလိုက်ရင်း...

"ဒီငွေလွှဲလက်မှတ်ဟာ ကျုပ်တို့ ခေါင်းဆောင်ကိုယ်တိုင် ထုတ်ပေးလိုက်တာပဲ၊ ခင်ဗျားသေသေချာချာ ကြည့်ပါ"

ဟွေးလူစုန်က ကျေနပ်ပီတိဖြစ်သော မျက်နှာဖြင့် ...

"ကိစ္စမရှိပါဘူး၊ ခင်ဗျားတို့ ခေါင်းဆောင်ကိုယ်တိုင်ထုတ်ပေးခဲ့တဲ့ ငွေလွှဲလက်မှတ်ကို ခင်ဗျားကိုယ်တိုင်ယူလာတဲ့ နောက်တော့ကျုပ်ဘာမှ စစ်ဆေးကြည့်ရှုစရာ မလိုပါဘူး၊ ငွေပတ္တမြား

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နဂါးဆိုသလို ကျုပ်လိုချင်တာလဲ ရပြီမို့၊ ဒီတရားခံကို ခင်ဗျားတို့ ခေါ်သွားနိုင်ပါပြီ"

ခေါင်းဆောင်ကြီးက သူ့လူနှစ်ယောက်အား လက်ပြ၍ အချက်ပြလိုက်သည်နှင့် သိုင်းသမားကြီးနှစ်ယောက်ကလိထိကျင်းအားထမ်းကာ အခန်းအပြင်ဘက်သို့ ထွက်ခွာသွားတော့သည်။

ခိုင်ဟော့လော့ကလည်း ဟွေးလူစုန်အား နှုတ်ဆက်လိုက်သည်။

"ဟွေးဆရာကြီး ဘာမှစိတ်ပူမနေနဲ့၊ ကျွန်တော်လဲ အခုပဲ ထွက်သွားတော့မှာပါ"

ခိုင်ဟော့လော့မှာ မှိုရသောမျက်နှာကြီးပြင့် ရမက်များလွှမ်းသောမျက်လုံးအစုံဖြင့် လင်ချူရှုန်းအား တစ်ချက်စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ ထို့နောက် အလှမယ်လေး လင်ချူရှုန်းအား ပွေ့ချီ၍ အခန်းထဲမှ အမြန်ဆုံး ထွက်ခွာသွားလေသည်။

❑ ❑ ❑

ခိုင်ဟော့လော့ လင်ချူရှုန်းအား ချီမထားရင်း အတွေ့ထူးကို ကြည်နူးစွာခံယူရင်း တစ်ယောက်တည်း ရေရွတ်လိုက်၏။

"အမယ်လေး၊ တယ်လဲ အတွေ့ထူးပြီး အနံ့က တယ်မွှေးပါလား၊ ထွေးထွေး အိအိနဲ့ အသားချင်းထိရတာ ဖိမ်ရှိလိုက်တာ၊ သေပျော်ပါပြီ၊ အင်း ဒီညတော့ ချစ်ဗိမာန်လေးတစ်ခုကို စည်းစိမ်အပြည့်နဲ့ ခံစားရတော့မယ်"

ခိုင်ဟော့လော့မှာ လုရှုပ်လုပွေတစ်ဦးပီပီ မိန်းမပေါင်းများစွာနှင့် ဆက်ဆံခဲ့ဖူးသည်။ သို့သော် ဆက်ဆံခဲ့သမျှ မိန်းမများသည် ယခုပခုံးပေါ်မှ ပါလာခဲ့သော လင်ချူရှုန်းလောက် စွဲမက်ဖွယ်ရာ မရှိခဲ့ချေ။

ထို့ကြောင့် ခိုင်ဟော့လော့ ဝမ်းသာကျေနပ် ပီတိဖြစ်ကာ



ဟွေးအိမ်ကြီး၏ အပြင်ဘက်အမှောင်ထဲသို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းသွားနေသည်။

ဤအခိုက် ဟွေးအိမ်ကြီး၏ အပြင်ဘက်အမှောင်ထဲမှ ဝါစန်းနှင့် လူရွယ်တစ်ယောက် ခိုင်ဟော့လော့ရှိရာသို့ လျှောက်လှမ်းလာနေကြသည်။

ဝါစန်း၏မျက်နှာတွင် သွေးဆုတ်ဖြူရော်နေပြီး တစ်စုံတစ်ရာကို ကြောက်ရွံ့တုန်လှုပ်နေသည်။

ဝါစန်းဘေးမှလူရွယ်မှာ မကြာမီအချိန်လေးအတွင်းက ဖမ်းဆီးသွားခြင်းခံရသော လိရောက်ကွမ်း(ခေါ်)လိထိကျင်း(ခေါ်) လေပြင်းဓားသမား ထိလူဟုန်းပင် ဖြစ်၏။

မကြာမီ ခိုင်ဟော့လော့ ရှေ့တည့်တည့်သို့ လိထိကျင်း ရောက်သွားသည်။

ခိုင်ဟော့လော့မှာ လိထိကျင်းကို မမျှော်လင့်ပဲ တွေ့လိုက်ရသဖြင့် ရုတ်တရက် ကြက်သေသေကာ အကြောင်အန်းအန်း ဖြစ်သွားသည်။

တိုက်တိုက်ဆိုင်ဆိုင် ထိုအချိန်မှာပင် ဟွေး သူဌေးကြီးညီအစ်ကို သုံးယောက်လုံးမှာလည်း ခြံပြင်သို့ ထွက်အလာနှင့် ကြုံကြိုက်နေ၏။

ဟွေးညီအစ်ကိုသုံးယောက်မှာ မမျှော်လင့်ပဲ လိထိကျင်းအား တွေ့လိုက်ရသဖြင့် သရဲတစ္ဆေ မြင်လိုက်ရသည့်အလား လန့်ဖျပ်သွားကာ ကြက်သီးမွေးညှင်းများပင် ထသွားကြ၏။

သူတို့အားလုံး၏ မျက်နှာများမှာလည်း လူသေကောင်များနှင့်တူကာ မျက်နှာတွင် သွေးဆုတ်သွားကြသည်။

ဟွေးလူစုန်က ကြောက်ရွံ့ကာ လေသံ ထစ်ထစ်ငေါ့ငေါ့ဖြင့် ဝါစန်းအား လှမ်းမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝါဝါစန်း၊ ဒါ ဒါက ဘယ်လိုဖြစ်…"

လိထိကျင်းက ပြုံးရွှင်သောမျက်နှာဖြင့် ကြားဝင်ပြောလိုက်သည်။

"ယွေးလူစုန်၊ ခင်ဗျား ဝါစန်းကို ဘာမှမမေးမနေနဲ့၊ ကျုပ်ကိုယ်တိုင် ခင်ဗျားတို့ မျက်စိရှေ့မှောက်ကို ရောက်လာမှပဲ ရှင်းနေသားပဲ"

ဝါစန်းက လိထိကျင်း စကားပြောနေသည်ကို အခွင့်ကောင်းယူကာ ထွက်ပြေးမည်အပြုတွင် လိထိကျင်းက လျှပ်တပြက်အတွင်း ဝါစန်း၏ ပခုံးကြောတစ်နေရာသို့ လှမ်း၍ အကြောပိတ် လိုက်လေသည်။

ခိုင်ဟော့လော့မှာလည်း အခြေအနေမကောင်းမှန်း ရိပ်မိလိုက်၍ တိတ်တဆိတ် လင်ချူချွန်းအား ထမ်းထားရာမှ ထွက်ပြေးရန် စိတ်ကူး၍ အသာနောက်ဆုတ်သွားသည်။

လိထိကျင်းက ခိုင်ဟော့လော့အား လှမ်းပြောလိုက်သည်။

"ခိုင်ဟော့လော့ မင်းထွက်ပြေးဖို့ စိတ်မကူးနဲ့၊ ငါ့လက်က မင်းဘယ်လိုမှ မလွတ်နိုင်ဘူး"

ခိုင်ဟော့လော့မှာ အင်မတန် ပါးနပ်သော လူလည် တစ်ယောက် ဖြစ်သည်။ ထို့ကြောင့် ယခုအခြေအနေအရ ဆိုပါက မိမိလည်း လင်ချူချွန်း၏ အသားကိုပင် ထိခွင့်ပင် ရနိုင်တော့မည်မဟုတ်ကြောင်း သိလိုက်၏။

သို့သော် မိမိလက်ထဲတွင် လင်ချူချွန်းရှိနေပါက မိမိအတွက် တပန်းသာနေကာ ပြေးပေါက်ရှိနေသေးကြောင်း စဉ်းစားမိလိုက်သည်နှင့်…

"ထိလူဟုန်း၊ ခင်ဗျား ကျုပ်ကိုထိပါးလာရင် ခင်ဗျားရဲ့ လင်ချူချွန်းလဲ အသက်ရှင်လိမ့်မယ်မထင်နဲ့"

လိထိကျင်းက အေးစက်စက်လေသံဖြင့်…



"လင်ချူချွန်းကို မင်းသတ်လိုက်ရင် မင်းလဲ ပြေးမလွတ်ပါဘူး၊ တစ်ခုတော့ရှိတယ်၊ လင်ချူချွန်းကို လွှတ်လိုက်ရင် မင်းအသက်ကို ငါချမ်းသာပေးမယ်"

ခိုင်ဟော့လော့က မယုံသင်္ကာမျက်နှာဖြင့်…

"ဘာလဲ ခင်ဗျားက ကျုပ်ကို နို့နို့ကလေးများ ထင်နေသလား"

"ထိလူဟုန်းဆိုတဲ့ ကျုပ်က ပေးထားတဲ့ ကတိကို ဘယ်တော့မှ ဖျက်တတ်တဲ့ လူစားမျိုး မဟုတ်ဘူးဆိုတာ မင်းသိထားစမ်းပါ"

"ထိလူဟုန်း ခင်ဗျားရဲ့ကတိကို ကျုပ်ယုံပါတယ်၊ ဒါပေမယ့် မိန်းမချောလေးကိုတော့ ကျုပ်မစွန့်ပစ်နိုင်ဘူး"

ပြောပြောဆိုဆို ခိုင်ဟော့လော့က လင်ချူချွန်းကို ထမ်းကာ ခပ်တည်တည်ပင် နေရာမှ ထွက်ခွာသွားလေသည်။

လေပြင်းမားသမား ထိလူဟုန်းမှာ နယ်နယ်ရရ သိုင်းသမား မဟုတ်၊ သိုင်းလောကမှ ထိပ်တန်းသိုင်းသမားဖြစ်သည်။

ထို့ကြောင့် အနားတွင် ရှိနေသော မြေကြီးပေါ်မှ ကျောက်ခဲလေးတစ်လုံးကို ကောက်ယူလိုက်၏။ ပြီးသည်နှင့် မိမိအား ကျောခိုင်းလျှောက်သွားနေသော ခိုင်ဟော့လော့၏ နောက်ကျောတစ်နေရာသို့ ပစ်ပေါက်ထည့်လိုက်သည်။

"ဝှီး"

"ဘုတ်"

ကျောက်ခဲလေးမှာ သေးငယ်လွန်းသော်လည်း လက်ရှိန်ကောင်းသဖြင့် လေးခွင်းသံမြည်ကာ ခိုင်ဟော့လော့နောက်ကျောရှိ အကြောကွက် တစ်နေရာသို့ ထိမှန်သွားလေသည်။

ခိုင်ဟော့လော့ နေရာတွင်ပင် မလှုပ်ရှားနိုင်တော့ပဲ၊ ထမ်းထားသော လင်ချူချွန်းမှာလည်း မြေပေါ်သို့ "ဘုတ်" ကနဲ ကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လီထိကျင်း၏ “လေခွင်းအကြောပိတ်” ပညာဖြင့် ပစ်ပေါက်ပိတ်ဆို့လိုက်ခြင်းကြောင့် ခိုင်ယော့လေ့မှာ ထိုနေရာတွင်ပင် ကျောက်ရုပ်ကြီး တစ်ရုပ်အလား တောင့်တောင့်ကြီး ရပ်လျက်သား ဖြစ်နေသည်။

လီထိကျင်းက မြေပေါ်တွင် ပုံလျက်သား လဲကျနေသော လင်ချူရွှန်းအား သွားရောက်ပွေ့ယူလာပြီး ဝါစန်းကိုအကြော ဖြေပေးလိုက်၏။

ဝါစန်းမှာ လီထိကျင်းလွှတ်ပေးလိုက်သည်နှင့် အိမ်ကြီးထဲသို့ တဟုန်ထိုးထွက်ပြေး သွားလေတော့သည်။

ဟွေးလူစုန်က အခြေအနေမဟန်ကြောင်း ရိပ်စားမိ၍ လေချိုသွေးကာပြေရာပြေကြောင်း ပြောလိုက်၏။

“ကဲ ထိလူဟုန်း၊ မင်းလိုချင်တဲ့ ကိစ္စအောင်မြင်သွားပြီဆိုတော့ တို့တတွေ တစ်ယောက်ကို တစ်ယောက် ကျေအေးလိုက်ကြပြီး၊ မင်းတို့နှစ်ယောက်လဲ ကျောက်ကျားကျိုရွာကို အေးအေးဆေးဆေး ပြန်သွားနိုင်ပါပြီ”

လီထိကျင်းက သဘောကျစွာ ရယ်မောလိုက်ပြီး ...

“ဟား ဟား ဟား ဘာလဲ၊ ခုမှ ခင်ဗျားတို့က ကျုပ်ကို အလိမ္မာသုံးပြီး နှင်ထုတ်နေတာလား၊ ခင်ဗျားတို့ ညီအစ်ကိုသုံးယောက်ဟာ မြေခွေးအရေခြုံပြီး၊ လူသတ်၊ ဒမြတိုက်၊ ပစ္စည်းလု၊ မှောင်ခိုစတဲ့ ဒုစရိုက်လုပ်ငန်းတွေ လုပ်ပြီး လူတော်တော်များများကို နှိပ်စက်ညှဉ်းပန်းခဲ့ကြတယ်၊ လူကောင်းတွေရဲ့ ရန်သူဖြစ်တဲ့ မင်းတို့လို ဒုစရိုက် သားတွေကို ကျုပ်က လွယ်လွယ်နဲ့ ချမ်းသာခွင့်ပေးလိုက်မယ်ဆိုရင် ကျုပ်ဟာ တာဝန်ဘယ်ကျေတော့မှာလဲ”

ဟွေးလူစုန်မှာ မျက်နှာအကြီးအကျယ်ပျက်သွားပြီး ကြောက်ရွံ့ထိတ်လန့်နေသည်။



“ဆရာလေးထိ၊ ကျုပ်တို့ ညီအစ်ကိုသုံးယောက်ဟာ စီးပွားရေးအရ ရှာဖွေရတာပါ”

လီထိကျင်းက ခနဲ့တဲ့တဲ့ ရယ်မောလိုက်ပြီး ...

“လောကကြီးမှာ ဘယ်သူပဲဖြစ်ဖြစ် စီးပွားရေးအတွက် လုပ်ကိုင်စားသောက်နေကြတဲ့ သူတွေချည်းပဲ။ သူတို့ဟာ ခင်ဗျားတို့ ညီအစ်ကိုတစ်စုလို ဆိုးခိုးတိုက်ခိုက် လူသတ်ပြီးမှ စီးပွားရေးအတွက် ရှာကြရမယ်ဆိုရင်၊ ဒီလောကကြီးဟာ ဘာဖြစ်သွားမလဲ၊ လူကောင်းသူကောင်းတွေအတွက် နေစရာရှိပါတော့မလား”

“ဆရာလေးထိ ကျုပ်တို့ကို ချမ်းသာခွင့်ပေးပါ”

“ကျုပ် ခင်ဗျားတို့ အခုလုပ်ခဲ့တဲ့ အပြစ်အတွက် ကျုပ်ဘာမှ မပြောလိုဘူး၊ အရေးလဲမယူပါဘူး၊ ဒါပေမယ့် ယခင်တုန်းက လုပ်ခဲ့တဲ့ ခင်ဗျားတို့ရဲ့ ခွင့်မလွှတ်နိုင်တဲ့ အပြစ်ဟောင်းအတွက်တော့ ကျုပ်ခွင့်မလွှတ်နိုင်ဘူး ခင်ဗျားတို့ကြောင့် အပြစ်မဲ့တဲ့ ဖော်သူလယ်သမား အလုပ်သမား၊ ဆင်းရဲသားတွေအတွက် ကျုပ်ခင်ဗျားတို့ ညီနောင်သုံးယောက်ကို အကြွေးတောင်းရလိမ့်မယ်”

ထိလူဟုန်းစကားကို ခေတ္တဖြတ်ပြီးမှာ ဆက်ပြောပြန်သည်။

“ဒါမှ နောင်ဆိုရင် လျောင်တုံးပြည်နယ်က လူဆိုး၊ လူမိုက်တွေအတွက်ပါ နောင်တရသွားအောင် ခင်ဗျားတို့ကို စီရင်ရလိမ့်မယ်”

ဟွေးညီအစ်ကိုသုံးယောက်မှာ လီထိကျင်းနှင့် မလွဲမသွေ သူသေ ကိုယ်သေ ရင်ဆိုင်ရတော့မည်မှန်း သိလိုက်ရသဖြင့် စကားမပြောကြတော့ပဲ၊ ညီအစ်ကိုသုံးယောက် ညှပ်၍ တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြသည်။

လီထိကျင်းက ဟွေးညီအစ်ကိုသုံးယောက်အား လုံးဝအလေး မထားပဲ လှမ်းပြောလိုက်၏။

“ကဲ ခင်ဗျားတို့ သုံးယောက်ကို ကျုပ်အခွင့်အရေးတစ်ခုပေး

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ကျုပ်က ဘာလက်နက်မှ ကိုင်ဆောင်တိုက်ခိုက်ခြင်းမပြုဘဲ လက်ချည်းသက်သက် တိုက်မယ်၊ ခင်ဗျားတို့ကတော့ ကြိုက်တဲ့ လက်နက် ကိုင်ဆောင်တိုက်ခိုက်နိုင်တယ်၊ ဒါပေမယ့် ခင်ဗျားတို့ရဲ့ လက်နက်ဟာ ကျုပ်အတွက် မဖြစ်စေဖို့ သတိထားကြပါ"

လီထိကျင်း၏ စကားကြောင့် ဟွေးညီအစ်ကို သုံးယောက် အားတက်လာကာ သုံးဘက်သုံးတန်မှ လီထိကျင်းအား ဝိုင်းထား လိုက်ကြ၏။

တစ်တိယညီတော် အဘိုးကြီးမောင့်မော့က သူ့ကိုယ်၌အသင့် ရှိနေသော သံဆူးကြိုးကြီးကို ဆွဲပြည်ထုတ်လိုက်သည်။ သံဆူးကြိုး ကြီး၏ ထိပ်တွင် ဓားမြှောင် သဏ္ဍာန် တူသောနှစ်ဘက်သွား ဓားလေး တစ်ချောင်းကို သံဆူးကြိုးထိပ်တွင် တပ်ဆင်ထား၏။

ဟွေးလူစုန်နှင့် ဒုတိယညီတော် ဝူစန်းအဘိုးကြီးတို့ကလည်း သူတို့၏ သံမဏိယပ်တောင်နှင့် ဓားရှည်တို့ကို အသီးသီး ဆွဲထုတ် လိုက်ကြသည်။

ထိုအခိုက် လီထိကျင်း၏ နောက်ကျောဘက်မှ ဓလဟပ်သံ တစ်ချက်ကြားလိုက်ရ၍ ခန္ဓာကိုယ်ကို ဘေးဘက်သို့ အနည်းငယ် တိမ်းစောင်းပေးလိုက်သည်။

ဝူစန်း၏ သံမဏိယပ်တောင် ခုတ်ချက်မှာ လီထိကျင်းအား မထိတော့ပဲ ဘေးမှပွတ်၍ ရှေ့သို့စိုက်ကျသွားကာ ဝူစန်းမှာလည်း ကိုယ်ကိုမဟန်နိုင်တော့ပဲ ယပ်တောင်နှင့်အတူ ရှေ့သို့ ငိုက်ဆင်းကျ သွားသည်။

လီထိကျင်းက အသာအယာပင် ဝူစန်း၏ ညာလက်ကောက် ဝတ်ကို ဖမ်းဆုပ်ကိုင်လိုက်ပြီး အကြောကွက်ကို ပိတ်ပစ်လိုက်၏။

ထိုအချိန်မှာပင် တတိယညီတော် အဘိုးကြီးမောင့်မော့၏ သံဆူးကြိုးကြီးက အရှိန်အဟုန်ပြင်းစွာ လီထိကျင်း၏ ဘယ်ဖက်



နံဘေးသို့ ဖြတ်ဝင်လာခဲ့သည်။

လီထိကျင်းမှာ ထိုသံဆူးကြိုးတိုက်ကွက်ကို ကိုယ်ဟန် အမျိုး မျိုးပြောင်း၍ ရှောင်တိမ်းနေသည်။ သံဆူးကြိုးကြီးမှာလည်း မြွေ ဟောက် တစ်ကောင်အလား လီထိကျင်း ရှောင်တိမ်းရာသို့ ကပ်ပါ လျက်ရှိနေ၏။

တစ်ချိန်တည်းမှာပင် ဟွေးလူစုန်၏ သံမဏိဓားရှည်ကြီးက လီထိကျင်း၏ ငယ်ထိပ်တည့်တည့်မှ အရှိန်ပြင်းစွာ ခုတ်ချလာပြန် သည်။

လီထိကျင်းမှာ အကြောပိတ်ခံထားရသော ဝူစန်း၏ သံမဏိ ယပ်တောင်ကိုယူကာ ဟွေးလူစုန်၏ ဓားခုတ်ချက်ကိုခံဆောင်၍ ညာဘက်ရှိ မောင့်မော့အဘိုးကြီး၏ သံဆူးကြိုးကိုင်လက်ကို သံမဏိ ယပ်တောင်ဖြင့် ပစ်ပေါက်လိုက်တော့သည်။

သိုင်းသမားသုံးယောက်၏ လျှပ်တပြက်အချိန်အတွင်း သိုင်း ကွက် သုံးကွက်ကို ခုခံလှုပ်ရှားလိုက်သည်ဖြစ်၍ တော်ရုံတန်ရုံ သိုင်း သမားဆိုပါက မျက်စိလည်၍ အသက်ပါ ပါသွားနိုင်လောက်သည်။

ဟွေးလူစုန်က ပထမဓားချက် လွတ်သွားသည်နှင့် ဒုတိယ ဓားချက်ကို ဆက်တိုက်ပင် ခုတ်ပိုင်းလာပြန်သည်။

လီထိကျင်းက အဘိုးကြီးဝူစန်းအား သံဆူးကြိုးကိုင်ဆောင် သော မောင့်မော့အဘိုးကြီးထံ ပစ်သွင်း၍ ဟွေးလူစုန်၏ ဒုတိယ ဓားချက်ကို နောက်ဆုတ်၍ ရှောင်လိုက်သည်။

လီထိကျင်း နောက်ဆုတ်လိုက်ချိန် မောင့်မော့၏သံဆူးကြိုး ရှည်ကြီး လီထိကျင်း၏ ခါးဆီသို့ တစ်ပတ်ပတ် မိသွားလေသည်။

ထို့ကြောင့် ...

မောင့်မော့မှာ သူ၏ သံဆူးကြိုးကြီးကို ပြန်ရုပ်၍မရ၊ ရှေ့ ဆက်တိုက်မရ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လိထိကျင်းက ခါး၌ပတ်နေသော သံကြိုးကို အလိုက်သင့်ဖြည်၍ ကြိုးစကိုကိုင်ကာ ဆောင့်ဆွဲလိုက်သည်။

တစ်ဆက်တည်း ငိုက်ဆင်းလာသော မောင့်မော့အဘိုးကြီးအား သူ့သံဆူးကြိုးဖြင့်ပြန်၍ လိထိကျင်းက မိုက်ဓာတ် သိမ်းပေးလိုက်၏။

ဟွေးညီအစ်ကို သုံးယောက်အနက်မှ ဒုတိယညီတော် ဂူစန်းမှာ လိထိကျင်းက အကြောပိတ်ထား၍ ပါဝင်တိုက်ခိုက်နိုင်ခြင်း မရှိ။

တတိယညီတော် မောင့်မော့မှာလည်း လိထိကျင်း၏ လက်ချက်ဖြင့် နေရာတွင်ပင် သေဆုံးသွားခဲ့ရ၏။

ယခု . . .

မိမိတစ်ဦးသာ ရှိနေသည်ဖြစ်၍ ထိုလူဟုန်းမှာလည်း မိမိ၏ ပြိုင်ဘက် မဟုတ်မှန်း သိကာ ဟွေးလူစုန် စိတ်ဓာတ်ကျပြီး ပြေးပေါက်ရှာတော့သည်။

နောက်ဆုံး ကြိုးစားသည့် အနေဖြင့် ဟွေးလူစုန်က သူ၏ သံမဏိ ဓားရှည်ကြီးဖြင့် လိထိကျင်းအား ပစ်ပေါက်၍ ထွက်ပြေးလေတော့သည်။

ဟွေးလူစုန် ကံဆိုးလေပြီ . . .

ဓားရှည်ဖြင့် ပစ်ပေါက်လိုက်ပြီးနောက် နောက်သို့ လှည့်ပြေးရာတွင် တတိယညီတော် မောင့်မော့၏ အလောင်းကို ခလုတ်တိုက်မိကာ ကိုယ်ခန္ဓာ ယိမ်းယိမ်း ယိုင်ယိုင် ဖြစ်သွားခဲ့၏။

သူပစ်လွှတ်လိုက်သော ဓားရှည်မှာလည်း လိထိကျင်းထံ မရောက်တော့ပဲ ကံဆိုးစွာဖြင့် အကြောပိတ် ခံထားရသော ဒုတိယ ညီတော် ဂူစန်း၏ ခန္ဓာကိုယ်ပေါ်သို့ ဓားတစ်ဆုံး စူးဝင်သွားလေသည်။

ဂူစန်းမှာ အကြောပိတ် ခံထားရသဖြင့် နာကျင်သော ဝေဒနာအတွက် ပါးစပ်မှ မအော်ဟစ် နိုင်သော်လည်း မျက်လုံးအစုံမှာမူ အပြင်ဘက်သို့ ပြူးထွက်လာပြီး ငြိမ်သက်လေသည်။



ဟွေးလူစုန်မှာ နောက်သို့ တစ်ချက်လှည့်ကြည့်လိုက်ရာ မမျှော်လင့်ပဲ မိမိ၏ဒုတိယ ညီတော်ဂူစန်းမှာ မိမိပစ်လွှတ်လိုက်သော ဓားရှည်စိုက်ဝင်ကာ သေဆုံးနေကြောင်း စိတ်မကောင်းစွာ တွေ့လိုက်ရ၏။

ထိုအချိန်တွင် လိထိကျင်းက မိမိလက်ထဲတွင် ရှိနေသော သံဆူးကြိုးရှည်ကြီးကို လေထဲတွင် ဝှေ့ယမ်း၍ ဟွေးလူစုန် ရှိရာသို့ ပစ်လွှတ်လိုက်လေသည်။

သံဆူးကြိုးရှည်မှာ လိထိကျင်း၏ အတွင်းအားပါပါဖြင့် ဝှေ့ယမ်း ပစ်လွှတ်လိုက်မှုကြောင့် လျင်မြန်သော အရှိန်အဟုန်ဖြင့် ဟွေးလူစုန် ရှိရာသို့ တန်းတန်း မတ်မတ် ဝင်ရောက်သွား၏။

သံဆူးကြိုးထိပ်တွင် နစ်ပက်သွား ဓားမြှောင်ကကြောင်အန်းအန်းဖြစ်နေသော ဟွေးလူစုန်အား မိုက်ဓာတ်နိဂုံး ချုပ်ပေးလိုက်လေပြီ။

ဟွေးလူစုန်၏ နာကျင်လွန်းစွာ အော်လိုက်သော အသံနက်ကြီးသည် ဟွေးစံအိမ်တော်ကြီးတစ်ဝိုက်တွင် ပဲ့တင်ထပ်ကာ မကောင်းဆိုးဝါးတစ်ကောင် ငိုညည်းလိုက်သံနှင့်ပင် တူနေတော့၏။

ပျောင်းတုံးနယ် တစ်ခွင်ရှိ လူကောင်း သူကောင်းများကို အမျိုးမျိုး ဒုက္ခပေးလာခဲ့ကြသော လူသတ်၊ ဓားပြတိုက်၊ မတရား ခေါင်းပုံဖြတ်၍ ကြီးပွားချမ်းသာနေကြသည့် ဒုစရိုက်ညီနောင် သုံးဖော်တို့၏ ဓာတ်သိမ်းကား ဤနေရာတွင်ပင် ချုပ်ငြိမ်းသွားခဲ့လေပြီ . . .

လိထိကျင်းမှာ လူရမ်းကား ညီအစ်ကို သုံးယောက်အား လှည့်ပင်မကြည့်တော့ပဲ တစ်နေရာတွင် တောင့်တောင့်ကြီး အကြောပိတ် ခံထားရသော လူရှုပ် ခိုင်ဟော့လော့ထံ လျှောက်လှမ်းလာကာ ပိတ်ထားသော အကြောကို လက်ညှိုးဖြင့်တောက်၍ ဖွင့်ပေးလိုက်၏။

ခိုင်ဟော့လော့မှာ အကြောပြန်ပွင့်သွားသည်နှင့် မြေပြင်တွင် ဒူးထောက်လိုက်ကာ လိထိကျင်းအား ရှိသေစွာကောင်းမှုအသနား ခံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လီထိကျင်းကလည်း နိုင်ဟော့လော့အား ဆုံးမပြစ်ဒဏ်ခတ်ရန် ရည်ရွယ်ချက် မရှိသည့်အတွက် သူ့အပြစ်ကို ခွင့်လွှတ်လိုက်လေ၏။

နိုင်ဟော့လော့မှာ ဝမ်းသာလွန်း၍ မျက်ရည်များပင် ကျဆင်းလာပြီး ကျေးဇူးတင်မဆုံး ဖြစ်နေ၏။

"နိုင်ဟော့လော့ မင်းငါ့ကို ကျေးဇူးတင်စရာမလိုဘူး၊ အရေးကြီးတာက မင်း ငါ့စည်းကမ်းချက်တွေကို လိုက်နာဖို့ပဲရှိတယ်"

"ဟုတ်ကဲ့၊ ဘယ်လို စည်းကမ်းချက်တွေ ဆိုတာသာ ပြောပါ ခင်ဗျာ၊ ကျွန်တော် ဆရာလေးထိ အပေါ်မှာ လိုက်နာစောင့်စည်းထိန်းသိမ်းပါ့မယ်ဆိုတာ ကတိပေးပါတယ်"

"အေး အခု လောလောဆယ်တော့ ဟွေးလူစုန် အိတ်ထဲက ငွေလွှဲလက်မှတ်ကို သွားယူလိုက်ပါဦး"

"ဘာလုပ်မလို့လဲ ဆရာလေးထိ"

"ဘာလုပ်မယ်ဆိုတာ ငါရပြီးမှ ပြောမယ်"

နိုင်လော့ဟော့မှာ ဘာမျှ ပြန်မမေးဝံ့တော့ပဲ ဟွေးလူစုန်၏ အိတ်ထဲမှ ငွေလွှဲလက်မှတ် သွားရောက် နှိုက်ယူကာ လီထိကျင်းအား ကမ်းပေးလိုက်၏။ လီထိကျင်းက ထိုငွေလွှဲ လက်မှတ်ကို လှမ်းမယူပဲ တည်ငြိမ်စွာ ပြောလိုက်၏။

"မင်းပဲ အဲဒီငွေလွှဲ လက်မှတ်ကို ယူထားလိုက်ပါ"

နိုင်ဟော့လော့ အလွန်ထိတ်လန့် အံ့သြသွားကာ ...

"ဟင် ဆရာလေးထိ ဘယ်လို ပြောလိုက်တာလဲ"

"မင်းက အဲဒီငွေလွှဲ လက်မှတ်ကို မကြိုက်ဘူးလား"

နိုင်ဟော့လော့မှာ အသံတုန်ယင်စွာဖြင့် ...

"ဆရာလေးထိ ကျွန်တော်ဟာ လောဘ ကြီးခဲ့မိပါတယ်၊ ဒါပေမယ့် ခုတော့ ကျွန်တော် မယူဝံ့တော့ပါဘူး၊ လောဘလဲ မကြီးဝံ့တော့ပါဘူး ခင်ဗျာ"



"မင်းကို ငါက ကြည်ကြည် ဖြူဖြူပေးတဲ့အတွက် လောဘကြီးရာ မကျပါဘူး၊ ငါက မင်းကို သက်သက် မေတ္တာလက်ဆောင်အဖြစ် ပေးတာ မင်း စိတ်အေးအေးထားပြီး ယူလိုက်ပါ"

"ဩော် ... ဆရာလေးထိက ကျွန်တော့်ကို တကယ်ပေးတာကိုး၊ နောက်ပြီး ကျွန်တော်ရဲ့ အသက်ကိုလဲ ချမ်းသာပေးလိုက်တယ်ဆိုတော့ ဆရာလေးထိရဲ့ ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ ဆပ်မကုန်နိုင်အောင်ပါပဲ ခင်ဗျာ၊ ဒီတော့ ဆရာလေးထိ ကျွန်တော့်ကို နိုင်းလိုရာကို ယုံကြည်စိတ်ချစွာနဲ့ နိုင်းနိုင်ပါတယ် ခင်ဗျာ"

"ကောင်းပြီ မင်းအခု ကျောက်ကျားကျို ရွာကိုသွား ငါ့ကိစ္စတစ်ခုအတွက် မင်း လျှို့ဝှက်ပြီး ဆောင်ရွက်ပေးရမယ်"

"ဟုတ်ကဲ့ ဆရာလေးထိရဲ့ နိုင်းစေချက်ကို ကျွန်တော် တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ပေးပါမယ်"

"မင်း လျောင်းရန်မြို့မှာပဲ နေသလား"

"ဟုတ်ကဲ့ လျောင်းတုံးနယ် တစ်ခွင်မှာဆိုရင် ကျွန်တော်မသိသလောက် ရှားပါတယ်၊ ဆရာလေး နိုင်းလိုရာ နိုင်းနိုင်ပါတယ်"

"အေး ဟုတ်ပြီ၊ မင်း အခုချက်ချင်း ကျောက်ကျားကျိုရွာကို ပြောင်းသွားရမယ်၊ နေစရာကော ရှိရဲ့လား"

"ဟုတ်ကဲ့ ရှိပါတယ်၊ ကျောက်ကျားကျို ရွာထဲမှာ ကျွန်တော့် မိတ်ဆွေနှစ်ယောက် ရှိကြပါတယ်"

"ကောင်းပြီ၊ မင်း မှတ်ထားဖို့က ငါ့နာမည် လီထိကျင်းလို့ မှတ်ထားပါ၊ လမ်းမှာတွေ့ရင်လဲ အဲဒီနာမည်ကိုပဲ ခေါ်ရမယ်"

"ဟုတ်ကဲ့ မှတ်မိပါပြီ"

"ကျောက်ကျားကျို ရွာထဲက ဟူကျိုတည်းခို ဇာ..ဆောင်ဆိုင်ရှင် သံခေါင်းကြီး ဟူစန်းဆိုတာ ငါရဲ့အရင်းနှီးဆုံး မိတ်ဆွေပဲ"

"ဟုတ်ကဲ့ ကျွန်တော် ဘာလုပ်ပေးရမယ်ဆိုတာ အမိန့်ရှိပါ"

www.burmeseclassic.com

www.burmeseclassic.com



"ငါခရီးလွန်နေပြီး ရွာမှာမရှိတဲ့ အချိန်တွေမှာ မင်း ပြောဆိုတိုင်ပင်စရာ ကိစ္စတွေရှိနေရင် မင်း သူနဲ့သွားပြီး တိုင်ပင် ပြောဆိုလုပ်ကိုင်နိုင်တယ်၊ ငါ ရွာပြန်ရောက်ရင် မင်းကို ငါ့မိတ်ဆွေဖြစ်တဲ့အကြောင်း အဘိုးကြီးဟူစန်းကို ငါပြောထားနှင့်မယ်"

ခိုင်ဟော့လော့မှာ မြေပေါ်တွင် လဲလျောင်းနေသော မီးလျှံ လင်ချူးချွန်းကို ယခုမှပင် မြင်တွေ့လိုက်ရသည့်အတွက် အလွန်ထိတ်လန့်သွားပြီး ...

"ဆရာလေးထိ လင်ချူးချွန်း သတိရရင် ကျွန်တော့်အတွက် ...

"မင်း စိတ်ချနေပါ၊ လင်ချူးချွန်းက ငါ့ရဲ့မိတ်ဆွေဆိုတော့ မင်းလဲ သူ့မိတ်ဆွေ ဖြစ်သွားပြီ၊ သူသတိ ရလာတဲ့အခါ ငါသူ့ကို ပြောပြထားလိုက်ပါမယ်"

ခိုင်ဟော့လော့မှာ လီထီကျင်းအပေါ် ကျေးဇူးတင်မဆုံး ဖြစ်သွားရ၏။

"ခိုင်ဟော့လော့ ငါ မင်းအပေါ်မှာ စေတနာ ထားတယ်ဆိုတာ မင်းသိတယ်နော်"

"စေတနာ ထားရုံတင် မဟုတ်သေးပါဘူး၊ ကျွန်တော်ရဲ့ အသက်ကို ချမ်းသာခွင့် ပေးလိုက်တဲ့အတွက် ကျွန်တော့် အသက်သခင် ကျေးဇူးရှင်ဆိုလဲ မမှားပါဘူး"

"အေး မင်း ငါ့ရဲ့စေတနာနဲ့ကျေးဇူးကို သိတတ်ရင် တော်ပြီ သိုင်းလောကရဲ့ ထုံးတမ်းစဉ်လာအရကျေးဇူးရှင်ကို ကျေးမစွပ်ရဘူးဆိုတာ မင်း သိတယ် မဟုတ်လား၊ မင်းသာ ငါ့ကို ကျေးစွပ်ခဲ့ရင် ငါမပြောနဲ့ လင်ချူးချွန်းကတောင် မင်းကိုခွင့်လွှတ်မှာ မဟုတ်ဘူး၊ သူ့အကြောင်းကိုလဲ မင်းသိပါတယ်၊ လင်ချူးချွန်းဟာ လက်စားချေရမယ်ဆိုရင် ဘယ်ကမ္ဘာဘယ်ဒေသမှာပဲ ရောက်နေရောက်နေ သူက မရမကလိုက်ရှာပြီး သုတ်သင်ပစ်မှ ကျေနပ်တဲ့မိန်းမမျိုးကွ"



ခိုင်လော့ဟော့မှာ အလွန်တုန်လှုပ် ချောက်ချားသွားကာ ...

"ဆရာလေး စိတ်ချပါ၊ ကျွန်တော်ဘယ်တော့မှ ကျေးဇူးမကန်းပါဘူး၊ စိတ်ထဲမှာတောင် မစဉ်းစားရဲပါဘူးခင်ဗျာ၊ ဆရာလေးနဲ့လင်ချူးချွန်းတို့ဟာ ဘယ်လိုလူစားမျိုးတွေဖြစ်တယ်ဆိုတာ ကျွန်တော် ကောင်းကောင်းသိပါတယ်"

"ဟုတ်ပြီ၊ မင်းဒီအချက်ကို သိရင်ပြီးတာပဲ၊ ဒီတော့ မင်းကို ပထမဆုံး တာဝန်တစ်ခုပေးမယ်၊ ဟိုခြံဝင်းအပြင်ဘက်မှာ ငါ့ကို လာဖမ်းတဲ့လူ သုံးယောက်ရဲ့ အလောင်းတွေရှိတယ်၊ အဲဒီ အလောင်းတွေကို ခြံထဲရွှေ့ထားပြီး ဟွေးလူစုန်တို့နဲ့ တိုက်ခိုက်ခဲ့ကြတဲ့ ပုံစံမျိုး ဆင်ထားလိုက်"

ခိုင်ဟော့လော့မှာ လီထီကျင်းပြောသည့်အတိုင်း ခြံအပြင်ဘက်မှ အလောင်းသုံးလောင်းအား ခြံထဲရှိ ဟွေးလူစုန်တို့၏ အလောင်းများနှင့် တိုက်ခိုက်ရင်းသေဆုံးခဲ့ကြဟန် ပုံစံအဖြစ် အကွက်ဆင်ဖန်တီးနေရာချထားပေးလိုက်သည်။

ခိုင်ဟော့လော့ အလုပ်ရှုပ်နေရင်း စဉ်းစားပြန်သည်။ လီထီကျင်း၏ ခြေထောက်နှင့်လက်တွင် အလွန်ခိုင်ခန့်သော နွားသားရေကြိုးဖြင့် အသေအချာ ချည်နှောင်ထားသည်။ ထိုကြိုးချည်ချက်ကို လီထီကျင်း မည်သို့မည်ပုံ ဖြုတ်၍လွတ်သွားသည်ကို စဉ်းစားမရဖြစ်နေသည်။ အကယ်၍ လီထီကျင်း နွားသားရေကြိုးကို ဖြုတ်နိုင်စွမ်းရှိပါက သူ့အားဖမ်းဆီးမည့်သူများ လာသည်အထိ စောင့်နေစရာမလို။

ခိုင်ဟော့လော့မှာ မည်မျှပင် စဉ်းစားကြည့်သော်လည်း အဖြေပေါ်မလာသဖြင့် ခေါင်းရှုပ်မခံတော့ဘဲ၊လီထီကျင်းခိုင်းစေချက်အတိုင်း အလောင်းများအား နေသားတကျဖြစ်အောင် ဆောင်ရွက်ပေးနေသည်။

ကိစ္စများပြီးစီးသွားသောကြောင့် လီထီကျင်းက ကျေနပ်စွာပြုံးရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ပထမဆုံး လုပ်ဆောင်ချက်ကို ငါကျေနပ်ပြီ၊ မင်းအခု ကျောက်ကျားကျိုးရွာကို တခါတည်း ပြောင်းသွားပါ၊ ပြောင်းပြီးတဲ့ အခါ ငါ့ကိုအကြောင်းလာကြားဖို့ မမေ့နဲ့"

ခိုင်ဟောလော့က "ဟုတ်ကဲ့" ဟုပြောဆိုကာ၊ လိထိကျင်း အနားမှ ထွက်ခွာသွားသည်နှင့် လိထိကျင်းက မိန်းမချောလင်ချူချွန်း၏ လက်နှင့်ခြေများမှ ကြိုးများကို ဖြည်ပေးလိုက်ပြီး ပိတ်ထားသော အကြောကွက်များကို လက်ဖြင့်ဖိထောက်၍ ဖွင့်ပေးလိုက်၏။

လင်ချူချွန်း အကြောများ ပြန်ပွင့်လာပြီး သတိရလာကာ ကိုယ်လက်များ လှုပ်ရှားလာနိုင်ခဲ့၏။

သို့သော် အချိန်ကြာမြင့်စွာ အကြောပိတ်ထားခြင်း ခံခဲ့ရ၍ ရုတ်တရက် လှုပ်ရှားရန်မကောင်းသေးသဖြင့် သွေးလည်ပတ်မှု မှန်အောင် အနည်းငယ်လေ့ကျင့်လိုက်ပြီးမှ ကောင်းစွာ လှုပ်ရှားလာနိုင်ခဲ့၏။

လင်ချူချွန်းသတိရ ရခြင်းဘောဘိကို ငဲ့စောင်းကြည့်ရှုလိုက်ပြီး လိထိကျင်းအားမေးလိုက်သည်။

"သူတို့တတွေကော"

လိထိကျင်းကအလောင်းများရှိရာသို့ လက်ညှိုးထိုးပြရင်း ...

"သူတို့အားလုံးရှိကြပါတယ်"

လင်ချူချွန်းက တစ်ယောက်ချင်းကြည့်ရှုလိုက်ပြီးနောက် လိထိကျင်းအား ကြည့်ကာ ကျေနပ်အားရစွာဖြင့် ချီးမွမ်းပြောဆို လိုက်ပြန်သည်။

"ရှင်ဟာလေ ကျွန်မထက် အမြဲလိုလို တကွက်သာနေပြီး ရှင့်ရဲ့ လုပ်ဆောင်ချက် မှန်သမျှဟာ နောက်ဆုံးအောင်မြင်တာ ချည်းပါပဲ၊ ဒါနဲ့ နောက်တစ်ယောက်ကျန်သေးတယ်၊ သူ့ကို မတွေ့ ပါလား"



လင်ချူချွန်းဆိုလိုသည်မှာ ခိုင်ဟောလော့ဆိုသူကို မတွေ့သဖြင့် မေးလိုက်ခြင်းပင်။

လိထိကျင်းက ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။

"ငါသူ့ကို လွှတ်ပေးလိုက်တယ်၊ သူ့ကို ငါအသုံးချစရာတွေ ရှိနေသေးတယ်၊ နောက်ပြီး သူ့ရဲ့ပြုမှားမိခဲ့တဲ့ အပြစ်တွေအတွက် ငါသူ့ကိုယ်စား မင်းကို တောင်းပန်ပါတယ်"

"ကောင်းပြီလေ၊ ရှင်စိတ်ချမ်းသာမယ်ဆိုရင် ကျွန်မလဲ သူ့ကို ခွင့်လွှတ်ရမှာပေါ့၊ နောက်တစ်ချက်က ရှင့်ကျေးဇူး ကျွန်မအပေါ်မှာ တင်ရှိနေပါပြီ။ ရှင့်ကြောင့် ကျွန်မခုလို အန္တရာယ်က လွတ်ကင်းခဲ့ရ တာပဲ မဟုတ်လား"

လိထိကျင်းက သူမ၏စကားကို ဂရုမစိုက်ပဲ ဆက်ပြောပြန် သည်။

"ဒီကိစ္စမပေါ်ပေါက်ရင်လဲ ဒီနေရာကို ငါတစ်နေ့မဟုတ် တစ်နေ့လာပြီး ဟွေးဒုစရိုက် ညီနောင်သုံးယောက်ကို ဆုံးမဖို့ငါ့မှာ ရည်ရွယ်ပြီးသားဖြစ်တယ်၊ သူတို့ညီအစ်ကိုတတွေဟာ လျောင်းတုံး နယ်တစ်ဝိုက်မှာ အလွန်ဆိုးသွမ်းရမ်းကားနေကြပြီး၊ ပြည်သူတွေ အတွက် အန္တရာယ်ကြီးတွေပါပဲ၊ ဒါကြောင့် ငါအနေနဲ့သူတို့ကို လက်ပိုက်ကြည့်မနေနိုင်ဘူး၊ ခုတော့ မင်းကိစ္စပေါ်လာတာနဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်သွားတော့ ပိုတောင်ကောင်းသွားသေး တယ်၊ ဒီလိုလူစားမျိုးတွေ လူ့ပြည်မှာတစ်ရက်စောပြီး ပျောက်ကွယ် သွားရင် တစ်ရက် လူကောင်း သူကောင်းတွေအတွက် ဘေးအန္တရာယ် ကင်းသွားတာပါပဲ"

"ဒါနဲ့ ရှင်ကျွန်မအပေါ်မှာ အလျင်ကလိုပဲ စိတ်မျိုးထားသေး လား"

"အင်း အလျင်အတိုင်းပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရှင်လိမ်ညာတာပဲဖြစ်မယ်၊ အလျင်ကဆို ရှင့်ကိုတွေ့ဖို့ ကျွန်မဘယ်လောက်ပဲ ကြိုးစားကြိုးစား အချည်းနှီးဖြစ်ခဲ့ရတယ်၊ ခုတော့ ကျွန်မအတွက် ရှင်အသက်စွန့်ပြီး လာကယ်ရပြီ မဟုတ်လား"

"ကဲပါ၊ တို့ဒီနားမှာ စကားပြောရတာ သိပ်မကောင်းပါဘူး၊ ဟိုရှေ့က ဇရပ်ကလေးမှာသွားပြီး နားနေရင်း စကားပြောကြတာပေါ့"

ပြောပြောဆိုဆို နှစ်ယောက်သား မလှမ်းမကမ်းရှိဇရပ်တစ်ခုသို့ သွားရောက်ကာ ကြမ်းပေါ်တွင် ထိုင်လိုက်ကြ၏။

လင်ချူချွန်းက လီထိကျင်းအားကြည့်ကာ ...

"ကဲ ရှင်ဆက်ပြောပါ၊ ကျွန်မ နားထောင်နေပါတယ်"

"မင်းသိထားဖို့က ခုအချိန်မှာ ငါဟာ ထိလူဟုန်း မဟုတ်တော့ဘူး"

လင်ချူချွန်းက အံ့အားသင့်သွားပြီး နားရှုပ်သွားကာ ...

"ရှင့်ကို လေပြင်းဓားသမား ထိလူဟုန်းဆိုပြီး သိုင်းလောကမှာ မသိတဲ့လူမရှိခဲ့ပါဘူး၊ ရှင်က ဘယ့်နှယ်ကြောင့် မဟုတ်ဘူး ပြောရတာလဲ"

"ဟုတ်ပါတယ်၊ လေပြင်းဓားသမား ထိလူဟုန်းဆိုတာက ပြီးခဲ့တဲ့ အတိတ်ကာလက သိုင်းလောက ပုဂ္ဂိုလ်တွေ တင်စားခေါ်ဝေါ်ခဲ့တဲ့ နာမည်တစ်ခုပါပဲ"

"ဒီလိုဆိုတော့ ရှင့်နာမည် အသစ်က ဘယ်လိုခေါ်ပါသလဲ"

"ငါ့နာမည်အစစ်ကတော့ လီရှောက်ကွမ်း လို့ခေါ်ပါတယ်၊ တစ်ချိန်က နာမည်ကြီးခဲ့တဲ့ နတ်ဓားရှင် လီလိန်ဟုန်းရဲ့သား ဖြစ်တယ်"

"ဟိုတစ်ချိန်က သိုင်းလောကထဲမှာ ထင်ရှားကျော်ကြားခဲ့တဲ့ နတ်ဓားရှင် လီလိန်ဟုန်းဆိုတာလား"



"ဟုတ်ပါတယ်၊ ပြီးခဲ့တဲ့အချိန်ကဆိုရင် ငါ့ဖခင်ကြီးဟာသိုင်းလောကတစ်ခွင်မှာ ပြိုင်ဘက်ကင်း ဓားသမားတစ်ယောက်ပါပဲ"

ဆက်လက် လီထိကျင်းက သိုင်း(၉)ဖော်တို့ ကိုးမြို့နယ်မှ ကိုးသချိုင်းတွေ တွေ့ဆုံရန် ချိန်းထားရာမှအစ သူ့ဖခင် သေဆုံးသွားသည်များကို ပြန်ပြောင်းစဉ်းစားလိုက်၏။

"ငါ့ဖခင်နတ်ဓားရှင် ဆုံးပါးသွားခဲ့တဲ့နောက် ငါ့ကို ငွေပြား ပစ်ဝိဇ္ဇာကြီး သိုင်းကိုးဖော်ရဲ့ခေါင်းဆောင် ကျောက်ကျိုလင်ဆီမှာ ငါ့ကို အပ်ထားခဲ့တာပါပဲ၊ ငါ ဆယ့်နှစ်နှစ်သား အရွယ်လောက်မှာ ချောက်တစ်ခုထဲကို ပစ္စည်းကျသွားလို့ ငါနွယ်ကြိုးတစ်ခုကို ခိုတွယ်ပြီး ဆင်းသွားတယ်၊ အဲဒီ ငါခိုတွယ် ဆင်းသွားတဲ့နွယ်ကြိုးကို ငွေပြား လက်နက်ပုန်းတစ်ခုနဲ့ ပစ်လိုက်တဲ့အတွက် ငါလဲ ချောက်ထဲကို ကျသွားခဲ့တယ်၊ အဲဒီငွေပြားလက်နက်ပုန်း ခုထိ ငါ့ဆီမှာ ရှိနေသးတယ်"

"ဒါဖြင့် ရှင့်ကို လုပ်ကြံတာ ရှင့်ရဲ့ မွေးစားဖခင်ဖြစ်တဲ့ ငွေပြားပစ်ဝိဇ္ဇာ ကျောက်ကျိုလင်ရဲ့ လက်ချက်ဆိုတာရှင်းနေတာပဲ"

"ငါလဲ မင်းပြောသလို သံသယတော့ရှိခဲ့တယ်၊ ဒါပေမယ့် သူ ငါ့ကိုသတ်ချင်ရင် သူ့လက်နက်ပုန်းနဲ့ပစ်ဖို့တောင် မလိုပါဘူး၊ သူ့မှာ တစ်ခြားနည်းလမ်းတွေ အများကြီးရှိနေသားပဲ၊ သူလဲ ထိပ်တန်း သိုင်းအကျော်အမော်ဆိုတော့ သူ့အတွက် ငါ့ကို သတ်နိုင်တဲ့ နည်းလမ်း အများကြီးရှိနေမှာပါ"

ထိုအခါမှ လင်ချူချွန်း သဘောပေါက်သွားကာ ...

"ဒါဆိုရင် ငွေပြား လက်နက်ပိုင်ရှင် ကျောက်ကျိုလင်ကို ဒုက္ခပေးချင်တဲ့လူ လူတစ်ယောက်ယောက်က ဒီငွေပြား လက်နက်ပုန်းကို အသုံးပြုတာဖြစ်မှာပေါ့၊ ဒါနဲ့ ရှင်ချောက်ထဲ ကျသွားပြီး ဆယ်နှစ်ကျော်ကျော် အချိန်အတွင်းမှာ သဲလွန်စ ဘာများရခဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ သဲလွန်စရပြီဆိုမှတော့ ငါထိလူဟုန်းဆိုတဲ့ နာမည်ကို ဘယ်သုံးတော့မှာလဲ"

လင်ချူချွန်းက စကားပြောရင်း တစ်စုံတရာ စဉ်းစားမိဟန် ဖြင့် . . .

"ဒါကြောင့် ရှင်ချောင်ကျလုတဲ့ ကျောက်ကျားကျိုရွာကို လာတာပေါ့၊ ကျွန်မအထင်က ရှင်ကျွန်မကို မတွေ့ချင်လို့ဒီရွာမှာ လာရှောင်နေတာလို့ ထင်နေတာ ခုမှပဲရှင်းတော့တယ်"

လင်ချူချွန်းက သူသိချင်သည်များကို ဆက်လက်မေးမြန်း ပြန်သည်။

"ဒါနဲ့ ရှင့်အဖေရဲ့ သိုင်းကိုးဖော်တို့က ဒီကျောက်ကျားကျို ရွာမှာပဲနေကြတာလား"

"အားလုံးတော့ မနေကြပါဘူး၊ လက်သီးဗိုလ် ဖန်းကန်း တစ်ယောက်ကတော့ သိုင်းလောကထဲမှာ ကျင်လည်နေတုန်းပါပဲ၊ တစ်နှစ်တစ်ခေါက်ဆိုသလိုတော့ ရွာကို ခေတ္တခဏ ပြန်လာတတ် တယ်၊ ဆဌမဦးဦး တိမ်ပျံကိုးဟိုနဲ့ နဝမဒေါ်လေးဟိုင်ထန် တို့ နှစ်ယောက်ကတော့ အိမ်ထောင်ပြုလိုက်ပြီး ဘုရင့်နန်းတော်မှာ အမှု ထမ်းနေကြတယ်"

လိထိကျင်း စကားကိုဖြတ်ကာ ခေတ္တ ငြိမ်သက်နေ၏။ ဤ အကြောင်းများကို ပြန်ပြောနေရသည့်အတွက် အတိတ်မှ ဖြစ်ခဲ့ရ သော စိတ်မကောင်းစရာများက ရင်ထဲတွင် ဆို့နင့်လာစေခဲ့၏။

သို့သော် လင်ချူချွန်းမှာ နောင်တစ်ချိန် မိမိနှင့်အတူလက်တွဲ ၍ ပြဿနာများကို စုံစမ်းဖော်ထုတ်ခဲ့ပါက သူ့အတွက် အထောက် အကူ ရစေရန် ရည်ရွယ်၍ ပြောဆိုရခြင်းဖြစ်၏။

"အဲ သံခေါင်းကြီးဟူစန်း၊ ကုလားအုပ်မာရေးနဲ့ ကျောက် ပေါက်မာရုပ်ဆိုးကြီး ဝူထန်တို့ သုံးယောက်ကတော့ ခုထိ ကျောက်



ကျားကျိုရွာမှာပဲ ဆက်နေကြတယ်၊ အဲဒီ သုံးယောက်ထဲမှာတော့ သံခေါင်းကြီး ဟူစန်းက ပန့်စန်ဖိန်အိမ်ကြီးကို သိပ်အသွား အလာ မပြုခဲ့ဘူး၊ ကျန်တဲ့ နှစ်ယောက်ကတော့ အသွားအလာများတယ်"

အမှန်မှု သူတို့သွေးသောက်ညီအစ်ကိုတတွေ တစ်ဦးနှင့်တစ်ဦး စိမ်းကားလာကြသည့် သဘောပင်ဖြစ်၏။

လိထိကျင်းက ဆက်လက်ပြောပြန်သည်။

"နောက် ခေါင်းဆောင်ကျောက်ကျိုလင်ကိုလဲ သူတို့အားလုံးက သံသယစိတ်ရှိကြမှာအမှန်ပဲ၊ ဒါပေမယ့် သက်သေသက်ကာယ မခိုင် လုံတဲ့အတွက် ဘယ်သူကမှ ကျောက်ကျိုလင်ကို သွားမမေးဝံ့ကြဘူး"

လင်ချူချွန်းက အနည်းငယ်တွေဝေစဉ်းစားနေပြီးမှ . . .

"ဒါဖြင့် ဟူကျိတည်းခိုစားသောက်ဆိုင်ပိုင်ရှင် သံခေါင်းကြီး ဟူစန်းလဲ ဒီကိစ္စထဲမှာ မပါဝင်ဘူးလို့ ဘယ်ပြောနိုင်မှာလဲ"

"ဒါပေါ့ သူလဲပါချင်ပါမှာပေါ့၊ ဒါပေမယ့် သူနဲ့ငါ့အကြားမှာ တွယ်တာမှုတွေ ရှိခဲ့ကြတဲ့အတွက် သူမဟုတ်နိုင်ဘူးဆိုတာ ငါ တပ်အပ်ပြောနိုင်တယ်၊ ငါ ပန့်စန်ဖိန်အိမ်ကြီးမှာ နေထိုင်ခဲ့စဉ်က သံခေါင်းကြီးဟူစန်းဟာ ငါ့အပေါ်မှာ အချစ်ဆုံးလူတစ်ယောက် ဖြစ် ခဲ့တယ်၊ သူ့ရဲ့သားအရင်းတစ်ယောက်လိုပဲ ငါ့ကို ပြုစုယုယခဲ့တယ်။

"နောက်တစ်ခု မင်း သတိထားမိမလားတော့ မဆိုနိုင်ဘူး၊ မင်း ငါ့ကိုတည်းခိုဆိုင်မှာလာရှာတုန်းက ငါရှိနေပါလျက်နဲ့ မင်းကို မရှိဘူးလို့ ဘဘဟူက ငြင်းဆိုခဲ့တယ်မဟုတ်လား၊ ဒါဟာ ငါ့အတွက် အန္တရာယ်ဖြစ်မှာစိုးလို့ ငြင်းလိုက်တာဆိုတာ ရှင်းနေတာပဲ၊ ဒီတော့ ဘဘဟူဟာ ငါတို့ကိစ္စထဲမှာ လုံးဝပါဝင်ပတ်သက်ခြင်း မရှိဘူးဆို တာ ငါယုံကြည်တယ်"

လင်ချူချွန်းက လိထိကျင်းအား ကြင်နာသောမျက်လုံးအစုံ ဖြင့်ကြည့်ကာ . . .

www.burmeseclassic.com

www.burmeseclassic.com



"အင်း ရှင့်ရဲ့ဘဝတစ်လျှောက်လုံးဟာ လျှို့ဝှက်သဲဖိုဆန်ပြီး နှစ်ပေါင်းတော်တော်များများ ပင်ပန်းစွာနဲ့ လှုပ်ရှားရုန်းကန်လာခဲ့ရပါလား၊ ကျွန်မလဲ တတ်နိုင်သလောက် ရှင့်ကိစ္စကို ကူညီဖြေရှင်းပေးပါ့မယ်"

လီထိကျင်းမှာ သူမ၏စစ်မှန်သော မေတ္တာတရားနှင့် အကြင်နာစကားလေးများကို ကြားရသောအခါ ပီတိဖြစ်သွားပြီး လှိုက်လှိုက်လှဲလှဲပင် ပြန်ပြောလိုက်မိသည်။

"ကျေးဇူးတင်ပါတယ်၊ နောင်တစ်ချိန် ငါ့အသက်ရှင်သန်ခဲ့မယ်ဆိုရင် မင်းရဲ့စေတနာနဲ့ မေတ္တာတရားကို ပြန်လည်တုံ့ပြန်ပါ့မယ်"

လင်ချူချွန်းမှာ လီထိကျင်း၏စကားကို ကြားရသောအခါ ရှေ့ရှားသောသဲကန္တာရတွင် ရေတွေ့လိုက်ရသည့်အလား ဝမ်းပန်းတသာ ဖြစ်သွားပြီး …

"ရှင့်ဆီက ဒီလိုစကားမျိုးကြားရလို့ ကျွန်မဝမ်းသာလှပါပြီ၊ ဒီလို စကားမျိုး ကျွန်မ မျှော်လင့်စောင့်စားနေခဲ့တာလဲ ကြာပါပြီရှင်"

လင်ချူချွန်းက စကားကို ဖြတ်လိုက်ပြီးမှ ဆက်ပြောလိုက်၏။

"ဒါနဲ့ ရှင် ပန့်စန်ဖိန်အိမ်ကြီးကို မသွားဘူးလား"

"သွားဖို့တော့ စိတ်ကူးထားပါတယ်၊ ဒါပေမယ့် သွားဖို့ အခွင့်အရေး မရတော့ဘူး"

မိန်းမချောက အံ့အားသင့်သွားပြီး …

"ဟင် ဘာဖြစ်လို့လဲ၊ ရှင် ပန့်စန်ဖိန်အိမ်ကြီးကို အချိန်မရွေး ဝင်ထွက်သွားလာနိုင်သားပဲ"

လီထိကျင်းက သက်ပြင်းတစ်ချက်ချလိုက်ကာ …

"ဟို ပန့်စန်ဖိန်စံအိမ်တော်ကြီးမှာ လီရှောက်ကွမ်းဆိုတဲ့ လူရွယ်တစ်ယောက်ရောက်နေလို့ပါ"



"အဲဒီ လီရှောက်ကွမ်းဆိုတဲ့လူရွယ် ရောက်နေတာနဲ့ ဘာဆိုင်လို့လဲ"

"ဒီလိုပါ၊ အဲဒီလီရှောက်ကွမ်းဆိုတာက ငါ့ ငယ်နာမည်ဖြစ်ပါတယ်၊ ဒါကြောင့် ဟိုပန့်စန်ဖိန်အိမ်ကြီးမှာ ငါ့အယောင် ဆောင်ပြီး လီရှောက်ကွမ်းအတုတစ်ယောက် ရောက်နေတယ်၊ အဲဒီ လူ ဘယ်သူလဲဆိုတာ ငါမသိဘူး၊ ငါနဲ့တော့ ရုပ်ချင်းခပ်ဆင်ဆင်တူသလိုလိုပဲ၊ ပိုထူးဆန်းတာက သူ့မေးစေ့အောက်မှာလဲ ငါ့လိုပဲ အမာရွတ်တစ်ခုရှိနေတယ်"

မိန်းမချောမီးလျှံလင်ချူချွန်းက အံ့သြစွာနားစိုက်ထောင်နေသည်။ ထို့ကြောင့် လီထိကျင်းက ဆက်ပြောလိုက်၏။

"ငါတွေးကြည့်ရသလောက်ဆိုရင် အဲဒီ လီရှောက်ကွမ်းအတုဟာ အကြောင်းအချက်နှစ်ချက်ကို အခြေပြုလာတာ ဖြစ်ရမယ်၊ ပထမအချက်ကတော့ တစ်ယောက်ယောက်ရဲ့ စေခိုင်းမှုကြောင့် ငွေပြားပစ်ဓိဋ္ဌာကျောက်ကျိုလင် ထောက်လှမ်းစုံစမ်းခိုင်းဖို့ရယ် ဒုတိယအချက်ကတော့ အဲဒီလူကို စေခိုင်းလိုက်တဲ့သူက ငါ့အဖေနတ်မာရ်ကိုသတ်ခဲ့ပြီး ငါ့ကိုလဲ ဆက်လက် ရှင်းပစ်ဖို့ ရည်ရွယ်ချက်ရှိဟန်တူတယ်"

"နောက်တစ်ချက်ကျန်သေးတယ်၊ အဲဒီပန့်စန်အိမ်ကြီးပိုင်ရှင် ကျောက်ကျားကျိုမှာ အင်မတန်ချောမောပြီး ချစ်ရာကောင်းတဲ့သမီးတစ်ယောက်ရှိတယ်၊ သူ့နာမည်က ရှောင်ယွင်လို့ ခေါ်တယ်၊ ငယ်စဉ်အခါတုန်းကတော့ တို့နှစ်ယောက်ဟာ တစ်ဦးအပေါ်တစ်ဦး အင်မတန် သံယောဇဉ်ရှိခဲ့ကြပါတယ်၊ အဲဒီရှောင်ယွင်ကိုပဲ သဘောကျလို့လားတော့ မဆိုနိုင်ဘူး"

ထိုစကားကြောင့် လင်ချူချွန်း တစ်ချက်ငိုင်သွားကာ …

"သြော် ဒါကြောင့် ရှင်က ကျွန်မကို ဂရုမစိုက်တာကိုး၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီရှောင်ယွင်ဆိုတဲ့ မိန်းမချောလေးကို ရှင် အတော်စိတ်ဝင် စားပုံ ရတယ်"

"ဒီလိုလဲ မဟုတ်သေးပါဘူး၊ မင်းက အလွန်ဝေးလံတဲ့ အရပ်ကနေပြီး ဒီချောင်ကျလှတဲ့ ကျောက်ကျားကျွန်းမှာ ငါ့ကို လာရှာတယ်ဆိုတော့ မင်းကိုငါ လျစ်လျူရှုမထားရက်ပါဘူး၊ မင်းနောက်ထပ် စိတ်ဆင်းရဲ ဒုက္ခရောက်အောင် ငါမလုပ်ပါဘူး"

မိန်းမချော လင်ချူချွန်း ပီတိဖုံးသော မျက်နှာနှင့် ...

"ရှင်ပြောတာ ယုံရတော့မှာလား"

"မင်းမှာ အသည်းနှလုံးရှိသလို၊ ငါကလဲ ကျောက်ဆစ်သားနဲ့ ထုထားတဲ့ လူသားတစ်ယောက် မဟုတ်ဘူး"

"ရှင့်ရဲ့ စကားအတွက် ကျွန်မရှင့်ကို ကျေးဇူး တင်ပါတယ်၊ ကျွန်မရဲ့ အသည်းတစ်နေရာမှာလဲ အပြီးအပိုင် မှတ်သားထားလိုက် ပါ့မယ်ရှင်"

မိန်းမချောလင်ချူချွန်းက စကားဖြတ်ပြီး လီထိကျင်း၏ အကြောင်းများကို ဆက်ပြောနေသည်။

"ရှင့်မှာ လောလောဆယ် အရေးကြီးတဲ့ အချက်နှစ်ချက် ရှိနေတယ်၊ ရှင့်ဖခင်ကြီးအပ်နှံထားခဲ့တဲ့ သံသေတ္တာလေးနဲ့ အဘိုးကြီး ကျောက်ကျီလင်ရဲ့သမီး ရှောင်ယွင်ကိုပဲဖြစ်တယ်"

"မင်း သတိပေးချက်ကို ငါကျေးဇူးတင်ပါတယ်၊ အဘိုးကြီး ကျောက်ကျီလင်က သူ့သမီး ရှောင်ယွင်ကို ဟို လီရှောင်ကွမ်း အတူနဲ့ ပေးစားဖို့ သဘောတူလိုက်ပြီးပြီ"

လင်ချူချွန်းမှာ ထိုစကားကြောင့် ရုတ်တရက် လန့်အော် မတတ်ဖြစ်သွားပြီး ...

"အို ... ဘယ်လိုဖြစ်တာလဲ၊ ရှင် ဒီအကြောင်းတွေကို ဘယ်လို လုပ် သိနေတာလဲ"



"ကုလားအုပ် ဦးဦးမာဝေးက ဘဘဟူကို လာပြောလို့ ငါသိ ရတာပါ"

"ရှင် ဘာမှ ဆက်မလုပ်ဘူးလား"

"ငါ ဘာဆက်လုပ်ရမယ်ဆိုတာ ငါ သိနေပါတယ်"

"ရှင် ဒီကိစ္စကို အေးမနေသင့်ဘူး၊ ပန့်စန်ဖိန် အိမ်ကြီးကို သွားပြီး ရှင် ဘယ်သူဘယ်ဝါဆိုတာ ရှင်းပြပြီး ပြဿနာကို မလွန် ခင် တားဆီးဖို့ကောင်းတယ်"

ဤအခိုက် ကြက်ဖတွန်သံများ ပေါ်ထွက်လာခဲ့လေပြီ။

လီထိကျင်းမှာ ထိတ်ကနဲ ဖြစ်သွားပြီး ...

"ဟာ ... မိုးတောင် လင်းတော့မှာပါလား"

မှန်ပါသည်။ မကြာမီ အချိန် အတွင်းမှာပင် အရုဏ်ဦး၏ အလင်းရောင်က ကြည်နူးချမ်းမြေ့ဖွယ်ရာ အရှေ့မိုးကုပ်စက်ဝိုင်းဆီမှ ပေါ်ထွက်လာချေပြီ။

အရုဏ်ဦး၏ အေးချမ်း သာယာသော ရှုခင်းများနှင့် လတ်ဆတ်သော လေနုလေအေးလေးများမှာ ကျန်းမာရေး အတွက်ရှူရှိုက်ရန် အလွန်ကောင်းလှ၏။

သို့သော် သူတို့စကားပြောနေကြသော ဇရပ်နှင့် မနီးမဝေး တစ်နေရာတွင် လှသေအလောင်းများနှင့် သွေးအိုင်များကြောင့် အရုဏ်ဦး၏ ရှုခင်းသာမှာ အနည်းငယ် အကျည်းတန်အရုပ်ဆိုး နေသည်။

လီထိကျင်းမှာ ထိုမြင်ကွင်းကို မကြည့်လို မမြင်လိုတော့ချေ။

"ကဲ ... မိုးလဲလင်းတော့မယ်၊ တို့ကျောက်ကျားကျွန်းကို သွားဖို့ သင့်နေပြီ၊ ဒါပေမယ့် မင်းဘဘဟူရဲ့ တည်းခိုခန်းမှာ လျှို့ဝှက်နေ ထိုင်ရမယ်၊ အတတ်နိုင်ဆုံး အပြင်ထွက်ပြီး အလည်ကို ရှောင်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ၊ ကျွန်မ ဘယ်ကိုမှလဲ လျှောက်သွားမှာ မဟုတ်ပါဘူး၊ ရှင် နှင်ထုတ်လဲ ရမှာမဟုတ်ဘူး"

❑ ❑ ❑

သံခေါင်းကြီး ဟူစန်းကိုမူ ဆိုင်၌မတွေ့ရချေ။

အလုပ်သမားတစ်ယောက်ကို မေးကြည့်သောအခါ အဘိုးကြီး ဟူစန်း ပန့်စန်ဖိန်အိမ်ကြီးသို့ သွားကြောင်း သိရသည်။

လင်ချူချွန်းအား လိထိကျင်းက သူ၏အခန်းသို့ ခေါ်ဆောင်သွားသည်။

အဘိုးကြီး ဟူစန်းအား ကျော်ကျိုလင်က ခေါ်ခိုင်းခြင်းမှာ ရှောင်ယွင်၏မင်္ဂလာကိစ္စအတွက် တိုင်ပင်ရန်ဖြစ်မည်ဟု လိထိကျင်း တွေးမိလိုက်၏။

လိထိကျင်းအခန်းရှေ့သို့ ရောက်သောအခါ အခန်းတံခါးမှာ မူပျက်နေကြောင်း သတိထားမိလိုက်သည်။

ထိုအချိန်မှာပင် အခန်းထဲမှ အသံတစ်သံထွက်ပေါ်လာသည်။

"ဆရာလေး ထိတို့လား၊ အခန်းထဲမှာ ကျွန်တော်ရောက်နေပါတယ်"

လိထိကျင်းက အခန်းတံခါးကို ဆွဲဖွင့်၍ အထဲမှလူအား လှမ်းပြောလိုက်သည်။

"မီးထွန်းလိုက်ပါ"

လိထိကျင်းတို့ အခန်းပြန်ရောက်လာချိန်တွင် မှောင်နေပြီဖြစ်၍ အခန်းထဲတွင် ဘာမျှမမြင်ရ၊ ထို့ကြောင့် မီးထွန်းခိုင်းလိုက်ခြင်းဖြစ်သည်။

ခိုင်ဟော့လော့က လိထိကျင်း၏အမိန့်အတိုင်း ဆီမီးတိုင်ကို ထွန်းညှိလိုက်သည်။



ဆီမီးတိုင်၏ အလင်းရောင်ကြောင့် အခန်းတွင်းရှိ အရာဝတ္ထု မှန်သမျှကို ပီပီပြင်ပြင် မြင်တွေ့လိုက်ရသည်။

"ခိုင်ဟော့လော့ လင်ချူချွန်းကို နှုတ်ဆက်လိုက်ပါ"

ခိုင်ဟော့လော့က လိထိကျင်း၏အမိန့်အတိုင်း ဂါရဝပြုရင်း ...

"ကျွန်တော် ပြစ်မှားခဲ့တဲ့အတွက် အစ်မတော်လင်ချူချွန်းကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ခင်ဗျာ"

လိထိကျင်းက ကြားဖြတ်၍ ဝင်မေးလိုက်သည်။

"ခိုင်ဟော့လော့ မင်း ဒီရွာကို ပြောင်းလာခဲ့ပြီလား"

"ဟုတ်ကဲ့၊ ဆရာလေးရဲ့ အမိန့်အရ ကျွန်တော်ချက်ချင်းပဲ ပြောင်းလာခဲ့ပါပြီ၊ ဒီအတွက် ဆရာလေးကို လာသတင်းပို့တာပါပဲ၊ သူစိမ်းတွေ မြင်တွေ့မှာစိုးတာနဲ့ အခန်းထဲ ဝင်ပြီးစောင့်နေတာပါ"

"အေး အဲဒါကောင်းတယ်၊ သူစိမ်းတွေမြင်ရင် ငါ့ကို သံသယဖြစ်မှာစိုးရတယ်၊ ခု မင်း ငါ့လူဖြစ်သွားပြီဆိုတော့ မင်း ငါ့အခန်းကို အချိန်မရွေး ဝင်နိုင် ထွက်နိုင်တယ်"

"ခု ကျွန်တော် ဆရာလေးထံကို သတင်းတစ်ခု ပေးချင်လို့ပါ"

"ဆိုစမ်းပါဦး"

"ဒီလိုပါ၊ ဒီရွာကြီးထဲမှာ လျှို့ဝှက်ဂိုဏ်းသား တစ်ယောက် ရောက်နေပါတယ်"

လိထိကျင်းက အံ့သြသော မျက်နှာထားဖြင့် ...

"ဟုတ်လား၊ သူဘယ်သူလဲ"

"သူ ဘယ်သူလဲဆိုတော့ မပြောတတ်ဘူး၊ ဒါပေမယ့် ဒီလူဟာ လျှို့ဝှက်ဂိုဏ်းက လူတစ်ယောက်ဆိုတာတော့ သေချာပါတယ်"

မီးလျှံလင်ချူချွန်း ခိုင်ဟော့လော့အား တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"သူဘယ်သူလဲဆိုတာ မသိပဲနဲ့ ဘယ့်နှယ်ကြောင့် အဲဒီ လူဟာ လျှို့ဝှက်ဂိုဏ်းကလူဖြစ်တယ်ဆိုတာ ရှင်ဘယ်လိုလုပ်ပြီး သိနေတာလဲ"

ထိုအခါကျမှ ခိုင်ဟော့လော့က မကြာသေးမီ အချိန်က သူ့အား အမှတ်အသားတစ်ခုကိုပြ၍ လူတစ်ယောက်ခြိမ်းခြောက်ခဲ့ပုံတို့ကို ပြန်ပြောလိုက်၏။

လျှို့ဝှက်ဂိုဏ်းမှ ရောက်လာသူထံတွင် လျှို့ဝှက် အမှတ်အသား ကျောက်စိမ်း နဂါးရုတ်လေးတစ်ခုကို ခိုင်ဟော့လော့ အမှတ်မထင် တွေ့မြင်လိုက်ရသောကြောင့် ထိုလူအား လျှို့ဝှက်ဂိုဏ်းမှလူဟု ပြောနိုင်ခြင်းပင်။

လိထိကျင်းက မျက်မှောင်ကုပ်လိုက်ပြီး ...

"ဒီလိုဆို မင်းအတွက်လဲ အန္တရာယ်ရှိနေပြီ"

ခိုင်ဟော့လော့ မျက်နှာပျက်သွားကာ ...

"ဘယ်လို ဒုက္ခရောက်နိုင်တာလဲ"

"မင်းက အဖြစ်အပျက် ပေါင်းစုံ အဲဒီလူကို ပြောပြခဲ့တယ် မဟုတ်လား၊ နောက်ပြီး ဟွေးညီအစ်ကိုသုံးယောက်ရော ဟိုလျှို့ဝှက်ဂိုဏ်းသား သုံးယောက်ပါ ဟွေးစံအိမ်ကြီးရဲ့ ခြံကြီးထဲမှာ အတုန်းအရုန်း သေနေပြီဆိုတော့ ဒီကိစ္စ မင်းနဲ့ ပတ်သက်နေတယ်ဆိုတာ သူသိနေမှာပဲ"

ခိုင်ဟော့လော့မှာ ထိုစကားကြောင့် အသားများပင် တစ်ဆတ်ဆတ် တုန်လာခဲ့ပြီး လိထိကျင်းအား အားကိုးသော အမူအရာဖြင့် ကြည့်လိုက်ပြီး ...

"ဒါကတော့ မီးစင်ကြည့်ပြီး နေထိုင်ရတော့မှာပ၊ ဆရာလေးထိကလဲ ကျွန်တော့်အတွက် ကာကွယ်ပေးဖို့ တောင်းပန်ပါတယ်ခင်ဗျာ"

"ခိုင်ဟော့လော့ မီးစင်ကြည့်ဖို့ ဆိုတာကတော့ မင်းပြောလို့ မရဘူး၊ လျှို့ဝှက်ဂိုဏ်းက လူတွေဟာ မင်းပြောသလို ပေါ့ပေါ့ဆဆ



နေမှာ မဟုတ်ဘူး၊ မင်းနဲ့ငါ တွေ့ကြုံဆိုတာလဲ သူတို့က သိနေမှာပဲ ဒီတော့ မင်းရဲ့ လှုပ်ရှားမှုတွေကို သူတို့ မျက်ခြည်မပြတ် စောင့် လှမ်းကြည့်ရှုနေမှာ အမှန်ပဲ"

လိထိကျင်း၏စကားများမှာ မှန်နေသောကြောင့် ခိုင်ဟော့လော့ မျက်နှာတွင် ချက်ချင်း သွေးဆုတ်ဖြူရော်သွားပြီး စကားတစ်ခွန်းမှ မပြောနိုင်တော့ပဲ ငေးငိုင်သွားတော့သည်။

ထို့ကြောင့် လိထိကျင်းက အားပေးစကား ပြောလိုက်၏။

"ခိုင်ဟော့လော့ မင်း မှ ကိုဘက်က လူဖြစ်နေပြီ မဟုတ်လား ဒီတော့ မင်းအပေါ် တွေ့ကြုံလာမယ့် အန္တရာယ်တွေကို ငါကာကွယ်ပေးပါ့မယ်၊ မင်း စိတ်ချလက်ချနေပါ၊ ဒါပေမယ့် နေရာတိုင်းမှာ သတိဝီရိယ ရှိဖို့တော့ လိုလိမ့်မယ်"

"ဘာလဲ မင်းအနားမှာ ငါအမြဲတန်း ရှိမနေမှာကို စိုးရိမ်လို့လား"

လိထိကျင်းက ကိုယ့်စကားကိုယ် သဘောကျသည့်အလား မရပ်မချင် ရယ်ချင်နှင့် ရယ်မောပြီး ဆက်လက် ပြောပြန်သည်။

"အေး မှန်တယ်၊ ဒါပေမယ့် ငါတတ်နိုင်သလောက် အကြံဉာဏ်နဲ့ နည်းလမ်းတွေပေးပါ့မယ်၊ မင်းက ကိုယ့်လူ ဖြစ်နေပြီ ဆိုတော့ မင်း ဒုက္ခတွေ့တာကို ငါတို့က လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး"

"ဟုတ်ကဲ့ ဆရာလေးထိတို့ကို ကျွန်တော် အားကိုးပါတယ်၊ သူတို့ရဲ့ လျှို့ဝှက်ဂိုဏ်းက ရက်စက်ကြပုံလဲ ဆရာလေးထိ သိပါလိမ့်မယ်"

လိထိကျင်းက အနည်းငယ် တွေးတောကာ ...

"အင်း တစ်ခုတော့ ထူးဆန်းနေတယ်၊ ဒီလောက် ကျော်ကြားတဲ့ ကျောက်ကျားကျိုးရှုကို ဘာအတွက် လာကြတာလဲဆိုတာ တော်တော် ဆန်းနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



လင်ချူချွန်းက …

"သူတို့လာကြတာဟာ ဟို ငွေပြားပစ်ဝိဇ္ဇာ ကျောက်ကျိုလင်ကို လာစုံစမ်း ထောက်လှမ်းတာ နေမှာပေါ့"

"ကျောက်ကျိုလင်တို့ လူစုနောက်ကို လိုက်ရအောင်လဲ သူတို့လူစုဟာ သိုင်းလောကထဲ လွန်ခဲ့တဲ့နှစ်ပေါင်း များစွာကတည်းက ထွက်ခွာလာကြပြီး အေးအေးချမ်းချမ်းနဲ့ လုပ်ကိုင်စားသောက်နေကြတာ ဘာများ သူတို့အတွက် စုံစမ်းစရာ ရှိလို့လဲ"

နိုင်ဟော့လော့က ကြားဝင်၍ …

"ဒီလိုဆိုရင် ကျွန်တော့်နောက်ကို လိုက်နေတာလား မသိဘူး"

လိထိကျင်းက မျက်မှောင်ကုပ်ပြီး စဉ်းစားကာ …

"မင်းကို လိုက်တာ မဖြစ်နိုင်ဘူး၊ မင်းကို လိုက်ရအောင် မင်းရဲ့အဆင့်က သိပ်နိမ့်နေတယ်"

ထိုအခိုက် အခန်းအပြင်ဘက်မှ ခြေသံကြားလိုက်ရ၍ လိထိကျင်းက လှမ်းမေးလိုက်သည်။

"ဘဘဟူလား ဝင်ခဲ့ပါ"

လင်ချူချွန်းက ရုတ်တရက် ရှက်သွေးရောင် သမ်းသွားကာ အခန်းတစ်နေရာတွင် ပုန်းအောင်းရန် ပြင်ဆင်လိုက်၏။

လိထိကျင်းက ခပ်တည်တည် ပြောလိုက်၏။

"ချူချွန်း ရှောင်ပုန်းနေစရာ မလိုဘူး၊ တစ်နေ့မဟုတ် တစ်နေ့တော့ တွေ့ရမယ့်အတူတူ၊ စောစောတွေ့သွားလဲ အကြောင်းမဟုတ်တော့ပါဘူး"

လင်ချူချွန်း ဘာမျှမပြောတော့ဘဲ မျက်နှာကို အောက်သို့ငုံ့ထားလိုက်၏။

အဘိုးကြီးဟူစန်း အခန်းထဲသို့ ရောက်လာသောအခါ အံ့အားသင့်သွားပြီး …



"ဟင် ဧည့်သည်တွေ ရှိနေပါလား"

"ဘဘဟူ ဒီလူတွေက ဧည့်သည်တွေ မဟုတ်ပါဘူး၊ အားလုံးဟာ လူရင်းတွေပါပဲ"

လင်ချူချွန်းက ခေါင်းငုံ့ထားရာမှ ခေါင်းမော့လိုက်ကာ ပြုံးရယ်၍ နှုတ်ဆက်လိုက်သည်။

"ဘဘဟူ နေကောင်းပါရဲ့လား"

အဘိုးကြီးဟူစန်းက ရုတ်တရက် ထိတ်လန့်သွားဟန်ဖြင့် …

"အားနာပါတယ်၊ သိုင်းလောကမှာ မင်းရဲ့လေးစားမှုကို ခံယူနိုင်တဲ့လူ ရှားပါတယ်၊ ကျုပ်က မင်း လေးစားရလောက်အောင် သိုင်းပညာ မစွမ်းပါဘူး"

အဘိုးကြီးဟူစန်းက စကားဖြတ်၍ နိုင်ဟော့လော့အားကြည့်ကာ လိထိကျင်းကို မေးလိုက်၏။

"သူက ဘယ်သူလဲ"

"သူ့နာမည်က နိုင်ဟော့လော့လို့ ခေါ်ပါတယ်၊ ဘဘဟူ သူ့ကိုမသိဘူးလား"

"မြင်တော့မြင်ဘူးပါတယ်၊ ရွာထဲက မိန်းကလေးတွေကို ဒီသူငယ် လိုက်နှောင့်ယှက်နေတဲ့ လူရှုပ်လူပွေ တစ်ဦးဆိုတာတော့ ကြားဖူးတယ်လေ၊ နာမည်တော့ ခုမှပဲ သိရတာပဲ"

အဘိုးကြီးဟူစန်းမှာ အားမနာ တတ်သူပီပီ ကြားရသည့်အတိုင်း ပွင့်ပွင့် လင်းလင်းပင် ပြောလိုက်၏။

လိထိကျင်းကမူ နိုင်ဟော့လော့ဘက်မှ ကာကွယ်ပြောဆိုပေးနေ၏။

"သူက လျှို့ဝှက်ဂိုဏ်းက ဂိုဏ်းသား တစ်ယောက်ပါ"

ထိုစကားကြောင့် အဘိုးကြီးဟူစန်းမှာ အနည်းငယ် ထိတ်လန့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"အို ကျုပ်မသိလို့ပြောတာ ကျုပ်ကို ခွင့်လွှတ်ပါ"

ခိုင်ဟော့လော့က ...

"ဘဘဟူကို ကျွန်တော် ခွင့်လွှတ်ပါတယ်၊ ကျွန်တော်ဟာ အလျင်တုန်းက ခိုင်ဟော့လော့ မဟုတ်တော့ပါဘူး၊ လူသစ်စိတ်သစ်နဲ့ တိုင်းပြည်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်တော့မယ့် ခိုင်ဟော့လော့ ဖြစ်လာပါပြီ၊ ဒီလို ပြောင်းလဲလာရတာကလဲ ဟောဒီက ဆရာလေးထိရဲ့ ကျေးဇူးတွေကြောင့်ပါ"

"အေး ကောင်းတယ်၊ ခုလိုကြားရတာ ကျုပ်သိပ်ဝမ်းသာပါတယ်"

အဘိုးကြီးဟူစန်း၏ စိတ်ထဲတွင် လီထိကျင်းသည် ဤလူ သုဟ်မှာ ခိုင်ဟော့လော့နှင့် မည်သို့မည်ပုံ ပေါင်းသင်းမိသည်ကို စဉ်းစားမရ ဖြစ်နေသည်။

လီထိကျင်းက အဘိုးကြီး၏ အတွင်းစိတ်ကို သိသည့်အလား ပြီးခဲ့သည့် အဖြစ်အပျက်များကို တစ်လုံးမကျန် ဖွင့်ပြောပြလိုက်သည်။

အဘိုးကြီးဟူစန်းက ခိုင်ဟော့လော့အား ကြည့်ကာ ...

"ဟင် ငါ့တူတော်မောင် လီထိကျင်းဟာ သိုင်းပညာကောင်းလွန်းလို့သာပေါ့၊ နို့မို့ရင် မင်း လုပ်ရပ်ကြောင့် ငါ့တူတော်မောင် တစ်စုံတစ်ခု ဖြစ်သွားလို့ကတော့ မင်းကို မတွေ့တွေ့အောင် ရှာပြီး ငါ အဘိုးကြီးဟူစန်းက အရေခွံ နွှာပစ်ရလိမ့်မယ်"

ခိုင်ဟော့လော့မှာ သူ၏ မကောင်းသော လုပ်ရပ်ကြောင့် ရှက်လွန်းပြီး ခေါင်းငုံ့ထား၏။

လီထိကျင်းက ခိုင်ဟော့လော့ဘက်မှ ကာကွယ်ပြောဆို ပေးသည်။

အဘိုးကြီးဟူစန်းက ခိုင်ဟော့လော့အား ကြည့်ကာ အားမနာတမ်း ဆက်ပြောနေပြန်သည်။



"ခိုင်ဟော့လော့ မင်းကို ကျုပ် ဆုံးမစကား နည်းနည်းပြောချင်တယ်၊ မင်းကြိုက်ကြိုက် မကြိုက်ကြိုက် ပြောကို ပြောမှ ဖြစ်မယ်၊ တခြားတော့မဟုတ်ဘူး၊ လူ့သက်တမ်းဆိုတာ သိပ်ရှည်လှတာ မဟုတ်ဘူး၊ အဲဒီ တိုတောင်းလှတဲ့ လူ့ဘဝ ကာလအတွင်းမှာလုပ်ခဲ့သမျှ မကောင်းမှုရဲ့ဝဋ်ဟာ ပြန်လည်တတ်စမြဲပဲ၊ နောက်ကို မင်း ဒီလို မကောင်းတဲ့ အလုပ်မျိုးတွေ ဆက်မလုပ်နဲ့တော့"

ခိုင်ဟော့လော့ ဘာမျှ ပြန်မပြောပဲ၊ ငြိမ်သက် တိတ်ဆိတ်စွာ နားထောင်နေသည်။

ထို့နောက် ...

အဘိုးကြီးဟူစန်းက ပြောလက်စ စကားကို ဆက်ပြောပြန်၏။

"တစ်နေ့ မင်း အိမ်ထောင်ရက်သား ကျသွားခဲ့ရင် မင်းရဲ့ မကောင်းတဲ့ လုပ်ရပ်တွေကြောင့် မင်းဇနီးမယားနဲ့ သားသမီးတွေ အပေါ်မှာ အမည်းကွက်ကြီး ထင်ကျန်လိမ့်မယ်"

ခိုင်ဟော့လော့က ကြားဖြတ်၍ ...

"ဘဘဟူ ကျွန်တော်နောက်ကို ..."

"နေဦး ငါဆက်ပြောစရာ ရှိသေးတယ်၊ လွန်ခဲ့တာတွေတော့ ရှိပစေတော့၊ နောင်အခါ မင်းဟာ ကျုပ်တူတော်မောင်ရဲ့လူ ဖြစ်သွားပြီမို့ အစစ အရာရာမှာ လမ်းမှန်ကမ်းမှန် လုပ်ပါ၊ ငါကလဲ မင်းကို ငါ့ရဲ့လူရင်း စာရင်းထဲကို သွင်းလိုက်ပါ့မယ်၊ တစ်ခုခု မဟုတ်တာ လုပ်ရင်တော့ မင်းကျုပ်ကို အဆိုးမဆိုနဲ့ ဟုတ်လား"

"ဘဘဟူ ကျွန်တော့်ကို စိတ်ချပါ၊ ဒီလူတွေ အားလုံးဟာ ကျွန်တော့်အပေါ်မှာ သဘောထားကြီးပြီး ကောင်းခဲ့ကြပါတယ်၊ အဲဒီ လူတွေအပေါ် ကျွန်တော် ဖောက်ပြန်ရင် ကျွန်တော်ဟာ လူကောင်း မဟုတ်တော့ပါဘူး၊ ဘဘဟူရဲ့ ဆုံးမစကားတွေကိုလဲ ကျွန်တော် ခိုင်ဟော့လော့ နားထောင်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးဟူစန်းက ဘာမှပြန်မပြောပဲ ကျေနပ်သော အကြည့်ဖြင့် နိုင်ဟော့လော့အား ကြည့်နေသည်။ အတန်ကြာမှ ဆက်၍ ပြောပြန်သည်။

"ခိုင်ဟော့လော့ မင်း ကျုပ်တည်းခိုခန်းကို ပြောင်းလာခဲ့၊ မင်းရဲ့ စားဝတ်နေရေးကို ကျုပ် တာဝန်ယူတယ်၊ မင်း ဒီမှာနေတော့ သွားလာ လှုပ်ရှားရတာလဲ လွယ်တာပေါ့"

ခိုင်ဟော့လော့က လွန်စွာ ကျေးဇူးတင်သဖြင့် အဘိုးကြီး ဟူစန်းအား ဒူးထောက်ထိုင်ချကာ ကန်တော့လိုက်သည်။

ပြီးနောက် ...

နိုင်ဟော့လော့ တည်းခိုခန်းထဲမှ ထွက်သွားသည်။

သူ၏ပစ္စည်းများ ဆိုင်သို့ ရွှေ့ပြောင်းလာရမည့်အတွက် ထွက်သွားခြင်းပင်။

လင်ချူချွန်းက အဘိုးကြီးဟူစန်းကို ကြည့်ကာ ...

"အင်း ဘဘဟူရဲ့စေတနာဟာ တကယ့်ကို ချီးကျူးလောက်ပါပေတယ်၊ ကျွန်မတော့ ဘဘဟူအပေါ်မှာ သိပ်ကိုလေးစား မိပါတယ်ရှင်"

အဘိုးကြီး ဟူစန်းက ...

"မင်း ကျုပ်ကို သိပ်ချီးကျူးမနေနဲ့၊ သိုင်းလောကမှာ မင်းတို့နှစ်ယောက်ရဲ့နာမည်ဟာ လျှမ်းလျှမ်းတောက် ကျော်ကြားနေကြတယ်၊ ငါကသာ မင်းတို့နှစ်ယောက်ကို ချီးကျူးလေးစားရမှာပါ"

အဘိုးကြီးဟူစန်းမှာ ပန့်စန့်ဖိန်အိမ်ကြီးမှ အကြောင်းကို လီထိကျင်းအား မေးချင်နေသည်။ သို့သော် လင်ချူချွန်း ရှိနေ၍ မမေးသာဖြစ်နေ၏။

ထိုအကြောင်းကို ရိပ်မိသော လီထိကျင်းက အဘိုးကြီး ဟူစန်းအား လင်ချူချွန်းသည် ပန့်စန့်အိမ်ကြီးမှ အကြောင်းများကို အားလုံး



သိရှိနေပြီဖြစ်ကြောင်း အဘိုးကြီးဟူစန်းအား လီထိကျင်းက ပြောပြလိုက်သည်။

အဘိုးကြီးဟူစန်းက ထိုအခါကျမှ လင်ချူချွန်းအား ကြည့်ကာ ...

"ကျုပ်က မင်းတို့ကြားမှာ တစ်ယောက်နဲ့တစ်ယောက် မလိုတဲ့ သဘောမျိုး ရှိနေမှာစိုးလို့ ဒီအကြောင်းတွေ မပြောတာပါ"

လင်ချူချွန်းက တည်ငြိမ်သော မျက်နှာဖြင့် ...

"ကျွန်မ သဝန် မတိုတတ်ပါဘူး ဘဘ၊ ဘဘဟူက ကျွန်မကို သက်ညှာတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကောင်းပြီလေ၊ မင်းတို့နှစ်ယောက် စကားရှင်းရှင်းလင်းလင်း ပြောပြီးပြီဆိုရင် ငါ့အနေနဲ့ ပြောရဆိုရတာ ကောင်းတာပေါ့"

အဘိုးကြီးဟူစန်းက စကားကိုဖြတ်ကာ လီထိကျင်းအား အကဲခတ်သလို ကြည့်လိုက်ပြီးမှ ဆက်မေးလိုက်သည်။

"ရှောင်ယွင်က ဟိုကောင်လေးကို သဘောတူသလား"

"ဟင် ရှောင်ယွင်ကို ဘဘဟူ မေးမကြည့်ဘူးလား"

"မေးကြည့်စရာ မလိုပါဘူး၊ သူ့ရဲ့အမူအရာကို မြင်တာနဲ့ သိနိုင်တယ်၊ ဟိုကောင်လေးရဲ့ လက်စွမ်းလက်နကလဲ မသေးလှဘူး၊ ရက်အနည်းငယ်အတွင်းမှာ ရှောင်ယွင်ရဲ့ မေတ္တာကို ရအောင်ယူနိုင်ခဲ့ပုံပဲ"

လီထိကျင်းက စဉ်းစဉ်းစားစားနှင့် ...

"ခု ပန့်စန့်ဖိန်အိမ်ကြီးမှာ ရောက်နေတဲ့ လီရှောက်ကွမ်းဆိုတာက လျှို့ဝှက်ဂိုဏ်းက ဂိုဏ်းသားတစ်ယောက်ပဲ၊ အဲဒါကို ဘဘကျောက် သိမသိတော့ မပြောတတ်ဘူး၊ သိရင် သူနဲ့ အဲဒီဂိုဏ်းနဲ့ အဆက်အသွယ် ရှိလို့သာပဲ ဖြစ်ရမယ်"

"အေး တစ်ခုတော့ရှိတယ်၊ သူ့သမီးနဲ့ဟိုကောင်ကို လက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ပေးစားပြီး ဟိုကောင် ရုတ်တရက် သေဆုံးသွားတယ်ဆိုရင် တရားခံဟာ တို့ရဲ့ အစ်ကိုကြီး ကျောက်ကျိုလင်ရဲ့ လက်ချက်ပဲ ဖြစ်ရမယ်၊ ဒါနဲ့ မင်းက ရှောင်ယွင်ကို မကယ်တော့ဘူးလား"

"ဒါက ကိစ္စမရှိပါဘူး၊ သူတို့ မင်္ဂလာမဆောင်ခင် အချိန်မှာ ကျွန်တော် ပန့်စန်ဖိန်ကို သွားပြီး အဖြစ်အပျက်ကို သွားရောက်ရှင်းလင်း ဟန့်တားနိုင်ပါတယ်၊ တကယ်လို့ ရှောင်ယွင်နဲ့ဟိုကောင် ချောချော မောမော မင်္ဂလာဆောင် ဖြစ်သွားရင်တော့ ဘာဘကျောက်ကို သွားတွေ့စရာမလိုတော့ဘူး၊ လီရှောက်ကွမ်း အတုကိုပဲ သွားတွေ့ရမယ်၊ ဒီကောင်ဟာ ကျွန်တော့် ဖခင်ကြီးကို သတ်တဲ့လူကတဆင့် စေခိုင်းတာ ဖြစ်ရမယ်"

"အရေးကြီးတာက မင်းအကြံအစည်မမှားဖို့ပါပဲ၊ ရှောင်ယွင်အတွက် ငါစိတ်ပူမိတာအမှန်ပဲ၊ ဪ ဒါနဲ့ ခိုင်ဟော့လော့ သူပစ္စည်းတွေပြန်ယူတာ ကြာလှည်ချည်လား၊ ခုထိ မရောက်သေးဘူးလား"

ထိုအခါမှ လီထိကျင်းမှာ ခိုင်ဟော့လော့အတွက် စိတ်ပူသွားကာ လိုက်သွားရန်ပြင်လိုက်သည်။

အဘိုးကြီးဟူစန်းက လီထိကျင်းအား ဟန့်တားလိုက်ပြီး ...

"နေဦး၊ မင်းသူ နေတဲ့အိမ်ကိုသိလို့လား"

"မသိဘူး သူပြောတာတော့ သူ့မှာ ရင်းနှီးတဲ့ မိတ်ဆွေ နှစ်ယောက် ရှိတယ်လို့ ပြောတာပဲ"

အဘိုးကြီးဟူစန်းက အတန်ကြာအောင် စဉ်းစားလိုက်ပြီးမှ ...

"နေဦး ငါ စဉ်းစားမိပြီ၊ ဒီရက်ပိုင်းအတွင်း ဒီကောင် သွားလာတဲ့ နေရာကို ငါမှတ်မိပြီ၊ ရွာရဲ့အရှေ့ဘက်ကို ဒီကောင် အသွားအလာ များတယ်၊ ငါတို့ အဲဒီဘက်ကို အလျင်သွားကြည့်ပြီး မတွေ့မှ တခြားနေရာတွေကို သွားရှာတာပေါ့"

ပြောပြောဆိုဆို အဘိုးကြီးဟူစန်းက အခန်းပြင်သို့ ထွက်သွားသည်။ လီထိကျင်းနှင့် လင်ချူရွှန်းတို့ကလည်း အဘိုးကြီး[illegible] နောက်မှ ထပ်ကြပ်မကွာလိုက်ပါသွားကြသည်။



❑ ❑ ❑

ညဦးအချိန်တွင် သူတို့သုံးယောက် ကျောက်ကျားကျေးရွာ[illegible] အရှေ့ဘက်ဆီသို့ ထွက်ခွာသွားနေကြသည်။

အဘိုးကြီး ဟူစန်းနောက်မှ လီထိကျင်းနှင့် လင်ချူရွှန်း[illegible] လိုက်ပါသွားကြသည်။

ယနေ့ညတွင် လရောင်အနည်းငယ်ရှိနေသဖြင့် အလင်းရောင် ရှိနေသည်။

ခပ်လှမ်းလှမ်းမှ မြင်ကွင်းများကိုပင် လှမ်း၍မြင်နိုင်၏။

သွားလာနေရင်းမှ လီထိကျင်းက အဘိုးကြီးဟူစန်းအား လှမ်း မေးလိုက်သည်။

"ဘာဘဟူ ဘယ်လောက် ဝေးသေးလဲ"

"သိပ်မဝေးတော့ဘူး၊ သူတည်းခိုတဲ့အိမ်က မိန်းမရဲ့ ယောက်ျား သေသွားတာ သိပ်မကြာလှသေးဘူး၊ သူ့ယောက်ျားက တောင်ပေါ်မှ အမဲလိုက်ရင်း ဝက်ဝံကုတ်လို့ သေသွားတယ်လို့ သိရတယ်"

စကားတပြောပြောနှင့် လျှောက်လာကြရာ မကြာမီ ရှေ့ခ[illegible] လှမ်းလှမ်း၌ အုတ်ကျွတ်အိမ်လေး တစ်လုံးကို လှမ်းမြင်လိုက်ကြရ[illegible]

အဘိုးကြီးဟူစန်းက ...

"အဲဒီရှေ့က အုတ်ကျွတ်အိမ်လေးဟာ ငါပြောတဲ့ မုဆိုး[illegible] အိမ်လေးပဲ"

အိမ်လေး၏ ပြတင်းပေါက်မှ မီးရောင်များ အပြင်သို့ [illegible] နေသည်။

သူတို့သုံးယောက် အိမ်လေးရှေ့သို့ ရောက်လာခဲ့[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကြီးဟူစန်းက အိမ်လေးထဲသို့ လှမ်းခေါ်လိုက်သော်လည်း ထူးသံမကြားရ။

ထို့ကြောင့် ...

သူတို့သုံးယောက်၏ စိတ်ထဲတွင် အမျိုးအမည် မသိသော ခံစားမှုတစ်ရပ် ခံစားလိုက်ရ၏။

**ပထမပိုင်းပြီး၏**

ဘုန်းကြွယ်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

သုံးယောက်သား စေ့ထားသောခြံတံခါးကို တွန်းဖွင့် ဝင်လိုက်ကြသည်။ ခြံတံခါးပွင့်သွားသည်နှင့် အရောင် တစ်လက်လက် တောက်ပနေသော ငွေရောင်လက်နက်ပုန်း သုံးခုက သူတို့ရှိရာသို့ ဒန်းဝင်လာသည်ကို တွေ့ရ၏။

လက်နက်ပုန်းသုံးခုမှာ အဘိုးကြီးဟူစန်း၏ ဦးခေါင်းဆံပင် အမှကပ်၍ ဖြတ်ကျော်ထွက်သွားပြီး နောက်ဘက်ရှိ သစ်ပင်ကြီးတွင် သွားရောက် စိုက်ဝင်နေသည်။

ဟူစန်းအဘိုးကြီးက လီထိကျင်းတို့ နှစ်ယောက်အား ဘေးသို့ တွန်းဖယ်လိုက်ပြီး၊ အိမ်လေးထဲသို့ဝင်ရန် ဟန်ပြင်လိုက်သည်။

"ဘဘဟူ သိပ်မလောနဲ့၊ အထဲမှာ ရန်သူ ရှိချင်ရှိနေမယ်"

"မရှိပါဘူး၊ အိမ်ထဲမှာ ဘယ်သူမှ ရှိပုံမပေါ်ဘူး၊ ခုနက လက်နက်ပုန်း သုံးခုဟာ လေးညှို့မှာ ခြံတံခါးနဲ့တွဲပြီး ကြိုးသေးသေး တစ်ချောင်းနဲ့ တွဲချည်ထားတာ၊ ခြံတံခါးဖွင့်လိုက်တာနဲ့ အဲဒီမြားသုံး ချောင်းဟာ သူ့အလိုလို လေးညှို့က ထွက်လာပြီး ခြံတံခါးဝတည့်တည့် ကို ထွက်လာအောင် တမင်ဖန်တီးထားတာပဲ"

"ဘဘဟူ ကျွန်တော်လဲ သိတယ်၊ ဒါပေမယ့် ဘဘဟူ ခြေထောက်ရှေ့နားက ဖြူဖြူအမှုန့်လေးတွေကို သတိထားမိရဲ့လား"

လီထိကျင်း ပြောမှပင် အဘိုးကြီးဟူစန်းက သူ့ရှေ့ရှိ ဖြူဖြူ အမှုန့်လေးများကို သတိထား ကြည့်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒါက ဘာမှုန့်တွေလဲ"

လိထိကျင်းက ထိုဖြူဖြူ အမှုန့်လေးများကို သေချာစွာ အကဲခတ် ကြည့်လိုက်ပြီး ...

"တိဗက်ပြည်မှာရှိတဲ့ လားမားဂိုဏ်းက လူတွေက လျို့ဝှက်ဂိုဏ်းဝင်တွေအတွက် အထူးဖော်စပ် ပေးလိုက်တဲ့ အလောင်းပျောက်ဆေးမှုန့်တွေ ဖြစ်ပါတယ်၊ တခြားနေရာတွေကို လျင်မြန်စွာ ကူးစက်ပြီး အလောင်းတစ်လောင်းကို နှစ်နာရီအတွင်း အရည်ပျော်သွားအောင် ပြင်းထန်တဲ့ ဆေးမှုန့်တွေပဲ"

အဘိုးကြီးဟူစန်းမှာ မျက်လုံးမျက်ဆံ ပြူးသွားကာ ကြက်သီးတဖြန်းဖြန်း ထမိပြီး ...

"တကယ်ပဲလား၊ ဒီဆေးမှုန့်တွေက ဒါလောက်တောင်ပဲ စွမ်းနေသလား"

လိထိကျင်းက ပြန်မဖြေတော့ပဲ အိမ်လေးထဲသို့ ဝင်သွား၏။ အိမ်လေးထဲရှိ ဘယ်ဘက်အခန်းတံခါးမှာ ပွင့်လျက်ရှိနေပြီး အခန်းထဲတွင် ဝါတာတာ အရည်များ ရှိနေသည်။

ထို့ပြင် သူ ခြေထောက်နှစ်ချောင်းကိုလည်း ထိတ်လန့်ဖွယ်ရာ တွေ့လိုက်ရ၏။ ခြေထောက်နှစ်ချောင်းမှာ အမျိုးသမီး ခြေထောက် ဖြစ်မှန်း မြင်ရုံနှင့်သိရှိနိုင်သည်။

မြင်ကွင်းက ရှင်းနေ၏။

ခိုင်ဟောလော့နှင့် မုဆိုးမ အမျိုးသမီးတို့ လုပ်ကြံခံလိုက်ရသည်မှာ ထင်ရှားနေသည်။

အိမ်အပြင်ဘက်မှ လင်ချူချွန်းက လိထိကျင်းအား စိတ်မချ၍ အထဲဝင်ကြည့်မည်အပြုတွင် အဘိုးကြီးဟူစန်းက လှမ်းတားလိုက်၏။

"ဝင်ကြည့်စရာ မလိုတော့ဘူး၊ ဟိုမှာ လိထိကျင်းလဲ ပြန်ထွက်လာနေပြီ"

လိထိကျင်းက အိမ်လေးထဲမှ အဖြစ်အပျက်များကို ပြန်ပြော



ပြလိုက်ရာ သိုင်းလောကတွင် နာမည်ကြီး ရက်စက်လှပါသည်ဆိုသော းလျှံ လင်ချူချွန်းပင် ကြက်သီးတဖြန်းဖြန်း ထသွားခဲ့ရ၏။

လင်ချူချွန်းက မျက်နှာပျက်သွားပြီး ...

"အင်း ဒါဆိုရင် ဒီလျို့ဝှက် ဂိုဏ်းသားကို အမြန်ဆုံးဖော်ထုတ် ရှင်းပစ်နိုင်မှ ဖြစ်တော့မယ်၊ နို့မဟုတ်ရင် အားလုံးဒုက္ခရောက်သွားလိမ့်မယ်"

လိထိကျင်းက စိတ်မကောင်းစွာဖြင့် ...

"ကဲ ပြန်ကြရအောင် အခန်းထဲကျမှ ထပ်ပြီး ဆွေးနွေးတိုင်ပင်ကြတာပေါ့"

အဘိုးကြီးဟူစန်းက တစ်ယောက်တည်း ညည်းညူ ရေရွတ်လိုက်ပြန်သည်။

"အင်း ဒီလျို့ဝှက် ဂိုဏ်းသားတွေဟာ တယ်လဲ ရက်စက်ကြပါလား၊ သူတို့ရဲ့နောက်ကို လိုက်ဖို့ သဲလွန်စ တွေ့ရုံပဲ ရှိသေးတယ်၊ တစ်ခါတည်း အစဖျောက် ရှင်းလင်း လိုက်ပြီကိုး"

လိထိကျင်းက ဘာမှထပ်မပြောပဲ ရှေ့မှ လျှောက်သွားလေသည်။

လင်ချူချွန်းမှာ ခံပြင်းလျက် ရှိနေ၏။

မုဆိုးမအိမ်နှင့် အတော်လှမ်းလှမ်းသို့ ရောက်သောအခါ ရှေ့မှ သွားနေသော လိထိကျင်း ရုတ်တရက် ရပ်တန့်လိုက်ပြီး ...

"ဘာဘာဟူနဲ့ လင်ချူချွန်းတို့ အလျင်ပြန်နှင့်ပါ၊ ကျွန်တော် အိမ်ကို တစ်ခေါက်သွားကြည့်ဦးမယ်"

လင်ချူချွန်းက လိုက်ရန်ဟန်ပြင်လိုက်၏။ သို့သော် လိထိကျင်းက အဘိုးကြီးဟူစန်းနှင့် တည်းခိုခန်းသို့ ပြန်လိုက်သွားရန် အတင်းပင် ပြောနေသည်။

ထို့နောက် လိထိကျင်းက လျင်မြန်သော အဟုန်ဖြင့် မုဆိုးမ အိမ်လေးရှိရာသို့ ပြေးလွှားထွက်ခွာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးမအိမ်အနီးရှိ သစ်ပင်များအနားသို့ ရောက်သောအခါ လိထိကျောင်းက သစ်ပင်ကို အကာအကွယ်ယူကာ အိမ်လေးရှိရာသို့ အသာချောင်းမြောင်း ကြည့်ရှုလိုက်သည်။

အိမ်လေးမှာ မီးရောင်များ လင်းမြလင်းနေ၏။

ဝတ်စုံနက် ဝတ်ထားသော လူတစ်ယောက်သည် လိထိကျောင်း ရှိနေသည့်ဘက်သို့ ကျောပေး၍ အိမ်လေး၏ တံခါးပေါက်သို့ ကြည့် နေသည်ကို တွေ့လိုက်ရ၏။

လိထိကျောင်းက အနားမှ ခဲတစ်လုံးကို အသာကောက်ယူ၍ အိမ်လေး၏ တံခါးဆီသို့ အသာပစ်ထည့်လိုက်သည်။

ဝတ်စုံနက် ဝတ်လူသည် ရုတ်တရက် ထိတ်လန့်တကြား နောက်သို့ လှည့်ကြည့်ပြီး ခြံထဲရှိ သစ်ပင်အုပ်များဆီသို့ လျင်မြန်စွာ ပြေးဝင်သွားလေသည်။

ဝတ်စုံနက်ဝတ်လူ နောက်ပြန် လှည့်ကြည့်လိုက်သောအခါ လိထိကျောင်းမှာ ထိုဝတ်စုံနက်ဝတ်လူ၏ မျက်နှာကို အသေအချာ မြင်လိုက်ရ၏။

“ဩော် ... လက်စသတ်တော့ သူကိုး”

စိတ်ထဲမှ လိထိကျောင်း ရေရွတ်လိုက်၏။

လိထိကျောင်းမှာ ကျေနပ်စွာပင် သစ်ပင်နောက်ကွယ်မှ ပြန်ဆုတ် လာခဲ့၏။ တစ်ခု ထူးဆန်းနေသည်မှာ ဝတ်စုံနက်ဝတ်လူကို လိထိ ကျောင်း ဖမ်းဆီးနိုင်ပါလျက်နှင့် မဖမ်းပဲ လွှတ်ပေးလိုက်ခြင်းပင်။

ထို့နောက် ...

လိထိကျောင်း အဘိုးကြီးဟူစန်း နောက်သို့ အမှီလိုက်လာခဲ့သည်။

အဘိုးကြီးဟူစန်းက လိထိကျောင်းအား ကြည့်ရှုကာ ...

“ဘာတွေများ ထူးခြားမှု ရှိသလဲ”

“ကျွန်တော် ထင်တဲ့အတိုင်းပဲ လူတစ်ယောက်ကို တွေ့ခဲ့တယ် ဒါပေမယ့် အဲဒီလူက ကျွန်တော့် တွေ့သွားပြီး ထွက်ပြေးသွားတယ်”



အဘိုးကြီးက အားမလို အားမရ ဖြစ်သွားကာ ...

“ငါနဲ့ လင်ချူချွန်းတို့သာ ရှိနေမယ်ဆိုရင် အဲဒီလူ ထွက်ပြေး နိုင်မှာ မဟုတ်ဘူး၊ ဒါနဲ့ မင်းသူ့ရဲ့ မျက်နှာကိုရော တွေ့လိုက်ရ သလား”

“မတွေ့လိုက်ရဘူး၊ ကျွန်တော် ရောက်နေတာကို သိတာနဲ့ အဲဒီလူ နောက်ပြန်မကြည့်ပဲ ထွက်ပြေးသွားတာ”

အဘိုးကြီးဟူစန်းမှာ ခံပြင်းစွာ တောက်တစ်ချက် ခေါက်လိုက် ပြီး လိထိကျောင်းအား မကျေမနပ်ဖြင့်ကြည့်ကာ အပြစ်တင်စကား ဆိုလိုက်၏။

“တောက် ... မင်းသိပ်ညံ့တာပဲ၊ မင်းဟာ လေပြင်းဓားသမား ထိလူဟုန်းဆိုပြီး နာမည်ကြီးနေသလောက် ဒီလူကိုတောင် မိအောင် မဖမ်းနိုင်ဘူးဆိုတော့ နာသကွာ၊ ခု အဲဒီလူ ထွက်ပြေးသွားတော့ သူ့ကိုတို့က ဘယ်မှာ သွားရှာနိုင်တော့မှာလဲ”

“ဘဘဟူ စိတ်မပူပါနဲ့ ဒီလူလွတ်သွားပေမယ့် ပြန်ပြီး မိအောင် ဖမ်းပါ့မယ်”

အဘိုးကြီးဟူစန်းက စိတ်ပျက်စွာနှင့် ...

“မင်းလိုကောင်မျိုးနဲ့ တွေ့ရတာ ငါသေချင်စော် နံလာပြီ၊ ဒီလောက် အရေးကြီးနေတဲ့အချိန်မှာ မင်းကတော့ စိတ်အေးလက်အေး ရှိနေတုန်းပဲလား၊ ကဲ အချိန်မရှိတော့ဘူး၊ ပြန်ကြမယ်”

အဘိုးကြီးဟူစန်းမှာ ရှေ့မှ ဒေါပွကာ ခပ်သုတ်သုတ် ထွက်ခွာ သွားလေတော့သည်။

❖ ❖ ❖

သုံးယောက်သား ဟူကျိ တည်းခိုခန်းသို့ ပြန်ရောက်လာကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



စကားအနည်းငယ် ဆက်လက်ပြောပြီးသည်နှင့် အဘိုးကြီးဟူစန်း သူတို့နှစ်ယောက်အား နှုတ်ဆက်ပြီး အခန်းမှ ထွက်ခွာသွားသည်။ အဘိုးကြီး ထွက်သွားသည်နှင့် လီထိကျင်းက လင်ချူရွှန်းအား အခန်းသို့ ပြန်အိပ်ရန် ပြောလိုက်၏။

"ညဉ့်နက်လှပြီ၊ မင်းအခန်း ပြန်မအိပ်သေးဘူးလား"

"ကျွန်မ မအိပ်ချင်သေးဘူး၊ ရှင်က ဘဘဟူကို နှိပ်စက်လှချည့်လား"

လီထိကျင်းက ပြုံးလိုက်ပြီး ...

"သူရဲ့ စိတ်သဘောကို ငါသိပါတယ်၊ သူက မိုးဦးကာလ မိုးကြီးလိုပါပဲ၊ မိုးချုန်းပြီးတာနဲ့ ပြီးသွားတာပါပဲ၊ ဘဘဟူ ဘယ်လောက်ပဲ ဒေါသကြီးကြီး ငါ့အပေါ်မှာတော့ ဘယ်တော့မှ ကြီးကြီးကျယ်ကျယ် ဒေါသ မထွက်ခဲ့သေးပါဘူး"

"ကဲ ... ဒါတွေ ထားပါတော့၊ ရှင် ကျွန်မကို ရှင် တွေ့ခဲ့တဲ့ လူရဲ့အကြောင်း အမှန်အတိုင်း ပြောပြပါ"

"မင်းတို့ကို ငါလိမ်ခဲ့လို့လား၊ အမှန်အတိုင်း ပြောခဲ့တာပါ"

"မဟုတ်ဘူး၊ ရှင် အမှန်အတိုင်း ပြောတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"ဒါဖြင့် မင်းက ငါအမှန် ပြောတာ မဟုတ်ဘူး ဆိုတာ ဘယ်လို သိသလဲ"

"ကျွန်မက ထိလူဟုန်းရဲ့ သဘောထားကို ဘဘဟူထက် ပိုပြီး ရင်းနှီးသိကျွမ်းနေလို့ပါ၊ ထိလူဟုန်း ဆိုတဲ့ လူဟာ ဘယ်နည်းနဲ့မှ ရန်သူတစ်ယောက်ကို လွယ်လွယ်နဲ့ လွှတ်တဲ့လူစား မဟုတ်ဘူး၊ ဒါနဲ့ရှင် ဟိုလူကို သေသေချာချာ မြင်ခဲ့ရတယ်မို့လား"

"မြင်လိုက်ရပါတယ်"

"အဲဒီလူ ဘယ်သူဆိုတာ ကျွန်မကို ပြောပြပါ၊ ဘာဖြစ်လို့ ရှင်သူ့ကို လွှတ်လိုက်ရတာလဲ"



"ငါ့မှာ အကြောင်းရှိလို့ပေါ့"

"ဒါဆိုရင် ကျွန်မသိပြီ၊ ကဲ ညဉ့်နက်လှပြီ ရှင်လဲ အနားယူပေတော့၊ ကျွန်မလဲ ပြန်အိပ်တော့မယ်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

ကျောက်ကျားကျိုရွာကြီးမှာ ဧည့်သည်များဖြင့် စည်ကားနေ၏။

"ဟူကျို" တည်းခိုစားသောက်ဆိုင်တွင် သံခေါင်းကြီးဟူစန်းအား ဧည့်သည်များက လာရောက်နှုတ်ဆက်ကြသည်။

တိမ်ပျံကုံးဟို နှင့် ဇနီးသည် ဟိုင်ထန်တို့က သံခေါင်းကြီးဟူစန်းအား ဝမ်းသာအားရ ပြောဆိုနှုတ်ဆက်နေ၏။

ဒုတိယအစ်ကိုကြီးဖြစ်သူ လက်သီးဗိုလ်ဖန်းကန်း တစ်ယောက်ရောက်မလာသေး။ သိုင်း (၉) ဖော်မှ ညီအစ်ကိုမောင်နှမများ ကျောက်ကျားကျို ရွာသို့ ရောက်လာကြ၍ ကုလားအုပ် မာဇေးတစ်ယောက် ပျော်ရွှင်ကျေနပ်နေသည်။

တိမ်ပျံကုံးဟိုမှာ အသားဖြူပြီး ပိဝလာ၏။ ဝတ်စားဆင်ယင်မှုမှာလည်း ထည်ထည်ဝါဝါ ရှိလှသည်။

ဇနီးသည် ဟိုင်ထန်ကလည်း အလျှင်ကထက်ပိုမို ဝဖြိုးစိုပြည်လာသည်။ သူတို့ ဇနီးမောင်နှံနှစ်ယောက်သည် စိတ်တူ ကိုယ်တူဖြစ်ကြပြီး စိတ်ချမ်းသာပုံရသည်။

တိမ်ပျံကုံးဟိုက သံခေါင်းကြီး ဟူစန်းအား ကြည့်ကာ ...

အစ်ကိုကြီးဟူကို ကြည့်ရတာ အလျှင်အတိုင်းပဲနော် ... ဘာမှ မပြောင်းလဲဘူး"

သံခေါင်းကြီး ဟူစန်းက ပြုံးရယ်၍ ...

"အင်း ... အသက်ကြီးလာပြီဆိုတော့ ဆံပင်တွေထောင်ဖြူလာ



ပြီပဲ၊ ဘယ်အလျှင်ကနဲ့ တူတော့မှာလဲ၊ ညီတော်ကုံးဟိုနဲ့ ညီမတော်ဟိုင်ထန်တို့ကသာ အလျှင်ကထက် စိုပြည်လာကြတာပါ"

သံခေါင်းကြီးဟူစန်းက ဟိုင်ထန်ကိုကြည့်၍ ...

"ဒါနဲ့ ညီမတော်က ကိုယ့်တူမလေးမင်္ဂလာဆောင်အတွက် ဘာလက်ဆောင်များပါလာသလဲကွဲ့"

"ဟာ ... ဘယ်နှယ့် ပြောပါလိမ့် အစ်ကိုကြီးဟူရယ်၊ ကျွန်မတို့ တူမလေးအတွက် ကျွန်မမှာ ရှိသမျှပစ္စည်းတွေထဲက အကောင်းဆုံးမှ အဖိုးအတန်ဆုံးပစ္စည်းကို ယူလာခဲ့တာပေါ့"

"မင်းတို့လင်မယား ရှောင်ယွင်တို့နဲ့ တွေ့ပြီးပြီလား"

"ဟုတ်ကဲ့ တွေ့ပြီးပါပြီ၊ လီရှောက်ကွမ်းနဲ့လဲ စကားပြောပြီးပါပြီ၊ ကျွန်မတို့ရဲ့ စတုတ္ထ အစ်ကိုကြီး နတ်မားရှင်နဲ့ တစ်ထေရာတည်းပါပဲ၊ စကားပြောဟန်လေသံတွေပါ မကျန်တော်တော့်ကို သူ့ဖခင်နဲ့ တူတယ်၊ ဘာပဲပြောပြော ကျွန်မတို့ရဲ့ ခေါင်းဆောင်အစ်ကိုကြီးဟာ သူ့ရဲ့ကတိတည်သားပဲ၊ စတုတ္ထအစ်ကိုကြီးအပေါ်မှာလဲ သစ္စာရှိပါတယ်"

ထိုစကားများကြောင့် သံခေါင်းကြီးဟူစန်းက လက်ရှိဖြစ်ပျက်နေသော အခြေအနေမှန်များကို သူတို့အား ပြောပြချင်စိတ် တဖွားဖွားပေါ်ပေါက်လျက်ရှိနေ၏။

သို့သော် လီထိကျွင်း အားပေးထားသော ကတိကြောင့် စကားများလည်ပင်းအထိ ရောက်လာပြီးမှ အသာငြိမ်နေလိုက်ရသည်

ထို့နောက် တစ်ခြားစကားများကို ပြောကြပြန်သည်။

"ဒါနဲ့ ညီတော်နဲ့ ညီမတော်တို့ ဒီရွာမှာ ဘယ်လောက် ကြာကြာနေကြမှာလဲ"

"သိပ်ကြာကြာတော့ နေနိုင်မယ်မထင်ဘူး၊ ကျွန်တော်တို့က ဘုရင့်အမှုထမ်းတွေဆိုတော့ သိပ် လွတ်လွတ်လပ်လပ်နေလို့မရဘူး ဒီမှာ သုံးလေးငါးရက်ပဲ နေနိုင်လိမ့်မယ်နဲ့တူတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကုန်းဟိုတို့ ဖနီးမောင်နှံသည် သံခေါင်းကြီး ဟူစန်းနှင့် အတော်ကြာကြာ စကားပြောဆိုပြီးနောက် ကုလားအုပ် မာဗေ့းနှင့်အတူ အပြင်သို့ ထွက်ခွာသွားကြသည်။

ကုန်းဟိုတို့ ထွက်ခွာသွားကြပြီးနောက် အဘိုးကြီးဟူစန်းက လိထိကျင်းရှိရာ အခန်းသို့ သွားမည်အပြုတွင် ဆိုင်ရှေ့သို့ ကိုယ်လုံးကိုယ်ပေါက် သန်မာထွားကြိုင်းသော လူကြီးတစ်ယောက် ဝင်လာသည်ကို တွေ့လိုက်ရပြန်သည်။

ထိုလူကြီးမှာ မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ ပခုံးပေါ်တွင်လည်း လွယ်အိတ်ကြီးတစ်လုံး လွယ်ထားသည်။ လူကြီး၏ ဦးခေါင်းပေါ်တွင် အလွန်ကြီးမားသော ခမောက်ကြီးကိုလည်း ဆောင်းထားသည်။

ခမောက်ကြီးကြောင့် ထိုလူသန်ကြီး၏ မျက်နှာသွင်ပြင်ကို ရုတ်တရက် အတိအကျမမြင်ရပဲ ပါးသိုင်းမွေးများကိုသာ မြင်ရသည်။

လူသန်ကြီးမှာ တည်းခိုဆိုင်ထဲသို့ ခပ်တည်တည်ဝင်လာကာ သံခေါင်းကြီး ဟူစန်းအား နှုတ်ဆက်လိုက်သည်။

"ဟူစန်း နေကောင်းရဲ့လား၊ မင်းရဲ့လုပ်ငန်းအခြေအနေကော ကောင်းရဲ့မဟုတ်လား"

သံခေါင်းကြီးဟူစန်းမှာ အလွန်ဝမ်းသာ အားရဖြစ်သွားကာ ထိုလူသန်ကြီးအား လှိုက်လှိုက်လှဲလှဲ ကြိုဆိုနှုတ်ဆက်လိုက်သည်။

"ဒုတိယအစ်ကိုတော် လက်သီးဗိုလ်ဖန်းကန်းပါလား"

လက်သီးဗိုလ်ဖန်းကန်းက ခရီးရောက်မဆိုက် ဟူစန်း၏ ညာဘက်ပခုံးကို ဆုပ်ကိုင်ကာ ...

"မင်းရဲ့ ကိုယ်ခန္ဓာကြီးက အရင်ကလိုပဲ မာကြောတောင့်တင်းသေးသလားဆိုတာ ငါစမ်းသပ်ကြည့်လိုက်တယ်"

လက်သီးဗိုလ်ဖန်းကန်းက လက်ကို လွှတ်လိုက်သောအခါ သံခေါင်းကြီးဟူစန်းမှာ နောက်သို့ ယိမ်းယိုင်သွားလေသည်။



"အစ်ကိုတော် ဖန်းကန်းက ခုထက်ထိ သန်မာတုန်းပါပဲလား၊ ညီတော်ရဲ့ ပခုံးရိုးတွေ ကျိုးသွားပြီလားတောင် ထင်ရတယ်"

ဖန်းကန်းက တဟားဟား ရယ်မောလိုက်ပြီး ...

"ဟား ... ဟား ... မင်းက ဆိုင်လုပ်ငန်းကို ဦးစားပေးလုပ်ကိုင်နေတာကိုးကွ၊ မင်းရဲ့ သိုင်းပညာတွေကို ဒီအတိုင်းပစ်ထားခဲ့တာနဲ့ တူတယ်၊ တို့ဟာ သိုင်းပညာကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အသုံးမချရဘူးလို့ ဘယ်ပြောနိုင်မှာလဲ၊ ဒါကြောင့် ညီတော်ဟူစန်း ဒီနေ့ကစပြီး သိုင်းပညာကို မှန်မှန်ပြန်ပြီး လေ့ကျင့်စမ်းပါ"

"အစ်ကိုကြီး ဖန်း ရွာကို ဘယ်အချိန်က ရောက်နေပါသလဲ"

"ငါ ခုပဲ ရောက်တယ်၊ ရောက်တာနဲ့ မင်းဆိုင်ကို တန်းလာခဲ့တာပဲ"

"စောစောက ညီတော်ကုန်းဟိုနဲ့ ညီမတော် ဟိုင်ထန်တို့ကို တွေ့လိုက်သေးလား၊ သူတို့လဲ ရွာကိုရောက်တာ သိပ်မကြာသေးဘူး"

ဖန်းကန်းက ခနဲ့တဲ့တဲ့ ရယ်လိုက်ပြီးမှ ...

"သူတို့ ဖနီးမောင်နှံကတော့ ဘုရင့်အရာရှိတွေဆိုတော့ တို့နဲ့ ဘယ်တူပါ့မလဲ၊ သူတို့လင်မယားရဲ့ နောက်မှာလဲ လက်နက်ကိုင်အစောင့်တွေ ဘာတွေတောင် ပါလာသေးတယ်ကွ၊ ဘယ်လောက်ဖိမ်ကျသလဲ၊ လူတွေကလဲ အရင်ကထက်ပိုပြီး ရိုပြည်လာသလိုပဲ၊ တို့များကျတော့ သူတို့လို နုနုနယ်နယ် မနေရတော့ အသားအရည်က အစ ကြမ်းတမ်းခက်ထရော်နေတာပဲ၊ ဟား ... ဟား ... ဟား"

ဖန်းကန်းက သူ့စကားသူ သဘောကျသည့်အလား တဟားဟား ရယ်မောလိုက်သေးသည်။

ဟူစန်းကလည်း ပြုံးရယ်ကာ ...

"အစ်ကိုကြီးဖန်း ပြောသလို၊ ကျွန်တော်တို့ရဲ့ ကြမ်းတမ်းတဲ့ အသားအရေပဲ ကောင်းပါတယ်၊ သိုင်းသမား ယောကျ်ားဆိုတာ ဒီလိုမာကျောခက်ထန်တဲ့ အသားအရေရှိမှ သဘာဝကျတာ့မပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကဲညီတော်ဟူစန်း တို့ဆိုင်ရှေ့မှာရပ်ပြီး စကားပြောရတာ မကောင်းပါဘူး၊ ဆိုင်နောက်ဘက် အခန်းတစ်ခန်းမှာ သွားပြီး ပြောကြရအောင်"

ဟူစန်းမှာ ထိုစကားကြောင့် မျက်မှောင်ကုပ်သွားကာ ရင်လေးသွားတော့သည်။

မိမိ တည်းခိုခန်းများမှာ သိပ်များလှသည်မဟုတ်။ အကယ်၍ ဖန်းကန်း ဤညတည်းခိုခန်းတွင် ဝင်ရောက် တည်းခိုပါက လီထိကျင်းနှင့် လင်ချူချွန်းတို့အား တွေ့သွားမည်ကို ဟူစန်းအလွန် စိုးရိမ်မိသည်။

သို့သော် ဖန်းကန်၏စကားကြောင့် ဟူစန်းမငြင်းသာတော့ပဲ အနောက်ဘက်ဆောင်သို့ ဖန်းကန်အား ဦးဆောင် ခေါ်သွားရတော့သည်။

လီထိကျင်းနှင့် လင်ချူချွန်းတို့ကို မတွေ့ရသဖြင့် ဟူစန်း အနည်းငယ် စိတ်သက်သာရာ ရသွားသည်။

အနောက်ဘက်ဆောင်ရှိ လွတ်နေသော အခန်းတစ်ခန်းသို့ ရောက်သောအခါ ဖန်းကန်းက သူ၏လွယ်အိတ်ကြီးနှင့် ခမောက်ကြီးကို ခုတင်ပေါ်ပစ်တင်ပြီး စားပွဲတွင် နှစ်ယောက်သား ဝင်ထိုင်လိုက်ကြ၏။

စားပွဲပေါ်တွင် အသင့်ရှိနေသော လက်ဖက်ရည် ကြမ်းအိုးမှ လက်ဖက်ရည်ကြမ်းများကို ဖန်းကန်က အားရပါးရသောက်နေရင်း ဟူစန်းကို စကားလှမ်းပြောလိုက်၏။

"ဟူစန်း မင်းတည်းခိုခန်းမှာ ငါတည်းခိုတာ အကြောင်းရှိတယ်၊ မင်းကို ငါစကားနည်းနည်းပြောစရာ ရှိနေလို့ပဲ"

"ဟုတ်ကဲ့ အစ်ကိုတော်၊ ဘာများပြောစရာရှိလို့ပါလဲ"

"တခြားမဟုတ်ဘူးကွ၊ မင်းတို့ရဲ့ ကျောက်ကျားကျိုရွာဟာ ရှေ့လျှောက် သိပ်အေးချမ်းတော့မယ်မထင်ဘူး"



ဟူစန်းက အံ့သြသွားကာ ...

"အစ်ကိုတော် ဘာကိုဆိုလိုတာလဲ"

"မင်းမသိဘူးလား၊ ခု မင်းတို့ရွာထဲကို သိုင်းလောကပုဂ္ဂိုလ်ကျော်တော်များများ ရောက်ရှိနေတယ်၊ အဲဒါ ဘာကြောင့်လဲ သိလား"

"ကျွန်တော် သတိမထားမိဘူး"

"အေး ... မင်းက တော်တော့်ကို နမော်နမဲ့နေနိုင်တဲ့လူပဲ၊ မင်းတို့ ကျောက်ကျားကျိုရွာမှာ သိုင်းလောကလူတွေ မက်မောနေကြတဲ့ ပစ္စည်းသုံးမျိုး ရှိနေကြလို့ပဲဖြစ်တယ်"

ဟူစန်းမှာ အံ့သြသွားကာ မျက်လုံးပြူး၍ ပြန်မေးလိုက်ပြန်၏။

"ဘာပစ္စည်းတွေများလဲ အစ်ကိုတော်"

"အတွင်းအားလေ့ကျင့်နည်း သိုင်းပညာကျမ်း စာအုပ်ရယ်၊ သက်ရှည် ဆေးလုံးရယ်၊ တုတ်ဓားပြီးတဲ့ အကျီ အဲဒီပစ္စည်းသုံးမျိုးပဲ"

"ဟင် ... ဒီပစ္စည်းသုံးမျိုးအကြောင်းကျွန်တော်မကြားမိပါလား"

"အေး ... ငါလဲ လမ်းမှာ သွားရင်း လာရင်း ကြားခဲ့တာပဲ"

"ဒါနဲ့ ဒီအဖိုးတန်ပစ္စည်းသုံးမျိုးက ဘယ်မှာရှိနေတယ်ဆိုတာ တော့ မကြားခဲ့ဘူးလား"

"ဒါတော့ မသိဘူး၊ ဒါပေမယ့် မင်းတို့ရွာထဲမှာ အဲဒီပစ္စည်းသုံးမျိုးရှိနေတယ်ဆိုတာတော့ မှန်တယ်၊ တွေ့ဖို့တော့ မလွယ်ပါဘူး"

"ကျွန်တော့်အထင်တော့ ဒီပစ္စည်းသုံးမျိုး ရွာမှာ ရှိနေတယ်ဆိုတာ ကောလဟာလသတင်းတွေ ဖြစ်ပါလိမ့်မယ်"

"ကောလဟာလသတင်းတော့ ဖြစ်မယ်မထင်ဘူး၊ ငါ လမ်းမှာ တွေ့မြင်ကြားခဲ့ရတဲ့ ပုဂ္ဂိုလ်တွေရဲ့အဆင့်က သေးတာ မဟုတ်ဘူး၊ သူတို့က မခိုင်လုံပဲ ဒီလောက်ဝေးပြီး ခေါင်လှတဲ့ မင်းတို့ ကျောက်ကျားကျိုရွာကို လာကြပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



သံခေါင်းကြီးဟူစန်းက မကျေမနပ်နှင့် …

"ကျွန်တော်ဒီရွာမှာနေလာခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ ပြီ၊ တခြားကိုလဲ ကျွန်တော် ဘယ်မှမသွားခဲ့ပါဘူး၊ ဒါနဲ့များ … ပစ္စည်းသုံးမျိုး ကျွန်တော်တို့ရွာထဲမှာ ရှိနေတယ်ဆိုတာ ဘာဖြစ် … မကြားခဲ့ရတာလဲ"

လက်သီးဗိုလ် ဖန်းကန်းက သဘောကျစွာဖြင့် …

"မင်းက ဆိုင်မှာပဲ တစ်နေ့လုံးထိုင်ပြီး အပြင်လောက … အဆက်အသွယ်ပြတ်နေခဲ့တော့ ဒီအကြောင်းတွေ ဘယ်သိနိုင် … မှာလဲ"

"ဒါနဲ့ စောစောက ညီတော် ကုန်းဟိုနဲ့ ညီမတော် ဟိုင်… တို့တော့ ဒီအကြောင်းတွေကို ဘာမှ မပြောခဲ့ကြပါလား၊ ကုလားအ… ညီတော် မာဖေးလဲ ဘာမှ ပြောသံမကြားဘူး"

"အေးလေ သူတို့လဲ ဒီသတင်းကို သိချင်မှ သိကြမှာ… သူတို့ဖနီးမောင်နံက ဘုရင့်အမှုထမ်းတွေဆိုတော့ သိုင်းလောက… လူတွေနဲ့ အဆက်အသွယ် လုံးဝနီးနီး ဝေးသွားပြီ မဟုတ်လား"

သံခေါင်းကြီးဟူစန်းက ခေါင်းတဆတ်ဆတ်ညိတ်ကာ … မကောင်းသွားပြီ၊

"အို … ဒီကိစ္စအတွက် ကျွန်တော်တို့ ရွာသူ ရွာသား… အချောင်ဒုက္ခ ရောက်ကြတော့မှာပါလား၊ နောက်ပြီး ခုကိစ္စကြီး… လာတာနဲ့ ရှောင်ယွင်တို့ရဲ့ မင်္ဂလာကိစ္စ သွားတိုက်ဆိုင်နေတော… ကောင်းတဲ့ လက္ခဏာတော့ မဟုတ်ဘူး၊ တကယ်လို့ မင်္ဂလာအခ… အနားကိစ္စ မစခင် သတ်ကြ ဖြတ်ကြဆိုတာ မျိုးတွေ ပေါ်ပေါက်လာ… ခဲ့ရင် … "

ဖန်းကန်းက ဂရုမစိုက်ဟန်နှင့် …

"မင်းကလဲကွာ သိုင်းသမား တယောက် မဟုတ်တဲ့အတိုင်း…



…ါတို့ သိုင်းလောကမှာ အနည်းနဲ့ အများဆိုသလို သွေးနဲ့ဓားဆို ဘယ်ကင်းကြမှာလဲ၊ ဒီတော့ ဘာမှ စိုးရိမ် မနေပါနဲ့"

"ဟုတ်ပါတယ်၊ ကျွန်တော်ဆိုလိုတာက ဒီလို မဟုတ်ပါဘူး"

"မင်းဆိုလိုတာကို ငါသိပါတယ်၊ သူတို့ တတွေ ပန့်စန်ဖိန် …တော်ကြီးကို လာနှောင့်ယှက်ကြည့်ပါလား၊ ခုချိန် ပန့်စန်ဖိန်စံ …ကြီးမှာ သွေးသောက်ညီအစ်ကိုတွေ ပြန်ရောက်နေပြီပဲ၊ တို့ရဲ့ညီ …နဲ့ ညီမတော်တို့ဟာလဲ ဘုရင့် အမှုထမ်းတွေ ဖြစ်နေကြတယ်၊ …တော့ သူတို့ ပန့်စန်ဖိန်ကို လာနှောင့်ယှက်ဝံ့မှာ မဟုတ်ပါဘူး"

ဟူစန်းအဘိုးကြီးက …

"ဒီလိုလဲ မဟုတ်သေးဘူးလေ၊ သူတို့ကလဲသိုင်း လောက …ကြီးတွေဆိုတော့ ဘယ်သူ့ကိုမှ သိပ်ကြောက် နေမှာ မဟုတ်ဘူး၊ …မှာ ဒီလိုရှုပ်ရှုပ်ယှက်ယှက် ပြဿနာမျိုးပေါ် ပေါက်လာတာတော့ …နည်းနဲ့မှ မကောင်းဘူး"

လက်သီးဗိုလ်ဖန်းကန်းက သံခေါင်းကြီး ဟူစန်း၏ စိုးရိမ်စိတ် သဘောမကျဖြစ်ကာ …

"မင်းကြည့်ရတာ ဒီကိစ္စအတွက် တော်တော်စိုးရိမ်နေပုံပဲ၊ …ရဲ့စိတ်ဓာတ်တွေ၊ သတ္တိတွေ တော်တော်ကျဆင်းနေပုံရတယ်၊ …ဘာမှ ပူမနေနဲ့၊ ဖြစ်လာယင် ငါတို့တတွေ စုပေါင်းပြီး ဝင်တိုက် …ယင် ရပါတယ်"

"အစ်ကိုတော်ဖန်ပြောတာလဲ ဟုတ်ပါတယ်၊ ညီတော် ကုန်း …ရဲ့ ဇနီးမောင်နံလဲ ပြောခဲ့ပါတယ်၊ လီရှောက်ကွမ်းရဲ့ သိုင်းပညာ …ဆိုးဘူးတဲ့၊ သူ့ဖခင်ခြေရာကို နင်းနိုင်တဲ့ လူတစ်ယောက်ပဲ …င်းဆောင်အစ်ကိုကြီးက သူ့ရဲ့တစ်ဦးတည်းသော သမီးလေးကို …ောက်ကွမ်းနဲ့ ပေးစားလိုက်တာ ကလဲ စတုတ္ထညီတော် နတ်ဓား … ဆန္ဒကို ဖြည့်ဆည်းပေးလိုက်တာ ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



သံခေါင်းကြီး ဟူစန်းက စကားကို ခေတ္တဖြတ်ပြီးမှ ဆက်[illegible] ပြန်သည်။

"ကျွန်တော်စိုးရိမ်တာက ရွာသူရွာသားတွေအတွက်ပါ၊ သူ[illegible] တတွေဟာ ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ အသက်မွေးဝမ်းကျော[illegible] ပြုပြီး ရာဖွေစားသောက်နေကြတဲ့ ရွာသူရွာသားတွေ ဖြစ်ပါတ[illegible] ကျွန်တော့်သဘောကို ပြောရယင်အဲဒီတနယ် တကျေးက သိုင်းသ[illegible] တွေရောက်လာပြီး တိုက်ခိုက်သတ်ဖြတ်မှုများ ဖြစ်လာကြတဲ့အခ[illegible] အစ်ကိုတော်ဖန်းကလဲ အတတ်နိုင်ဆုံး ရွာသူရွာသားတွေကို ထိခိ[illegible] မရှိအောင် တားဆီးကာကွယ်ပေးပါလို့ ညီတော် တောင်းဆို ချ[illegible] တယ်"

"မင်းပြောတာလဲ မဆိုးပါဘူး၊ အချိန်ရောက်လာတဲ့အ[illegible] ကျတော့ ကြည့်လုပ်ကြတာပေါ့၊ ငါကလဲ လက်ပိုက်ကြည့်နေ[illegible] မဟုတ်ပါဘူး၊ ဟိုရတနာပစ္စည်းတွေ ငါမမက်မောပါဘူး၊ မင်းတို့[illegible] သူရွာသားတွေရဲ့ အေးချမ်းသာယာရေးကိုတော့ ငါလဲ အထိမခံ[illegible] ပါဘူး"

ဟူးစန်းအဘိုးကြီးက တစ်စုံတစ်ခုကို သတိရသည့်အလား[illegible]

"ပန့်စန်ဖိန် စံအိမ်တော်ကြီးက လူတွေ ဒီအကြောင်းသိ[illegible] မပေါ်သေးဘူး၊ သူတို့ အငိုက်မိမှာ စိုးရိမ်ရတယ်၊ ဒါကြောင့် သူ[illegible] ဆီကိုလူလွှတ်ပြီး အချိန်မီ အကြောင်းကြားခိုင်းရင် ကောင်းမယ်ထ[illegible] တယ်"

"ကောင်းပါတယ်၊ ငါရောက်နေတယ်ဆိုတာပါ အကြော[illegible] ကြားလိုက်ပါ၊ ဒီနေ့တော့ မသွားတော့ဘူး၊ နက်ဖြန်မှပဲ ပန့်စန်[illegible] ကို သွားတော့မယ်"

သံခေါင်းကြီးဟူစန်းနှင့် လက်သီးဗိုလ်ဖန်းကန်းတို့ စကား[illegible] နေစဉ် တိုက်တိုက်ဆိုင်ဆိုင်ပင် မီးလျှံ လင်ချူချွန်းက လိထိက[illegible]



[illegible]န်းရှိရာသို့သွားရန် လျှောက်လှမ်းလာသည်ကို ဟူစန်း လှမ်းတွေ့[illegible]တ်ရ၏။

ဟူစန်းအဘိုးကြီးက ဖန်းကန်းမမြင်ပါစေနှင့်ဟု ကြိတ်ဆု[illegible]တောင်းလိုက်၏။

သို့သော် ဖန်းကန်းမှာ သိုင်းလောကတွင် ဝင်ထွက်သွားလာနေ[illegible]သော အမိပမိသိုင်းပမားကြီး တစ်ယောက်ဖြစ်၍ မျက်စိ၊ နားအလွန်[illegible]းနပ်လျင်မြန်သူ ဖြစ်သည်။

ထို့ကြောင့် အခန်းအပြင်ဘက်မှ ဖြတ်၍ လျှောက်လှမ်းသွား[illegible]သော မီးလျှံ လင်ချူချွန်းကို ဖန်းကန်းလှမ်းမြင်လိုက်ရ၏။

လင်ချူချွန်းကို ဖန်းကန်း လှမ်းမြင်လိုက်ရ၍ ဖန်းကန်း မျက်[illegible]ောင် ကြုတ်ကာ အပြင်ဘက်သို့ လှမ်းကြည့်လိုက်ပြီး ...

"ဟူစန်း၊ အခန်းအပြင်ဘက်က ဖြတ်လျှောက်သွားတဲ့ မိန်း[illegible]ချော လေးက ဘယ်သူလဲကွ၊ မင်းဆိုင်မှာ တည်းခိုနေတဲ့ ဧည့်သည်[illegible]ား"

ဟူစန်းအဘိုးကြီးက မမြင်လိုက်ဟန်ဆောင်ပြီး ...

"အစ်ကိုတော်ဖန်းက ဘယ်သူ့ကို မြင်လိုက်လို့လဲ၊ ညီတော်[illegible]ာ့ မတွေ့လိုက်ပါလား"

ဖန်းကန်းက လေးနက်သော လေသံဖြင့် ...

"ဟင် ... မြန်လိုက်တာ၊ ငါ့လက်တောင်စောပြီး ရောက်နေကြ[illegible]ာကို"

သံခေါင်းကြီး ဟူစန်းက နားမလည်ဟန်ဆောင်၍ ...

"အစ်ကိုကြီး ဘာပြောတာလဲ"

"ငါ့ညီ မင်း တကယ်မသိဘူးလား"

"အစ်ကိုတော် ဘယ်သူ့ကို ပြောနေမှန်းတောင် ကျွန်တော်[illegible]ယ်သိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"စောစောက အခန်းရှေ့က ဖြတ်လျှောက်သွားတဲ့ အမျိုးသမီး
လေးကို ပြောနေတာ"

"အဲဒီအမျိုးသမီးက ဘာများဖြစ်လို့လဲ"

"နေဦး ... အဲဒီအမျိုးသမီး မင်းဆိုင်မှာ တည်းခိုနေသလား
ဆိုတာ ငါ့ကို အရင်ပြောစမ်းပါဦး"

"ဟုတ်ကဲ့ တည်းခိုနေပါတယ်"

"ဒါနဲ့ အဲဒီအမျိုးသမီးရဲ့ နာမည် မင်းသိလား"

"နာမည်တော့ အတိအကျ မသိပါဘူး၊ ကျွန်တော့်ဆိုင်ကို
ရောက်လာတာ လေးငါးရက်လောက်တော့ ရှိသွားပြီ"

"အင်း ... မင်းတော့ ဒုက္ခရောက်တော့မှာပဲ၊ မင်းနားနဲ့ မျက်စိ
တွေ ဘယ်ရောက်သွားကုန်ပြီလဲ၊ အဲဒီအမျိုးသမီးကိုတောင် မသိတော့
ဘူးလား၊ မှတ်ထား ... မျက်မှောက်ခေတ်သိုင်းလောကကြီးထဲမှာ ထိပ်
ထိပ်ကြဲ ကျော်ကြားနေတဲ့ မိန်းမကြမ်း သိုင်းသမားမီးလျှံ လင်ချူချွန်း
ဆိုတာပဲ၊ ဒုစရိုက်သိုင်းသမားတွေကတော့ သူ့ကို ယက္ခမယ်လို့
တင်စားခေါ်တာပဲ၊ နောက်ပြီး ဝတ်စုံနက်ကို အမြဲဝတ်တာကြောင့်
မုဆိုးမလို့လဲ ခေါ်ကြတယ်"

သံခေါင်းကြီး ဟူစန်းက များစွာအံ့သြဟန်ဖြင့် ...

"သြော် ... မီးလျှံ လင်ချူချွန်းတဲ့လား၊ အစ်ကိုတော်ပြောလို့သာ
ညီတော် သိရတယ်၊ ညီတော့်အလိုဆိုရင် သိမှာမဟုတ်ဘူး၊ အလုပ်
ထဲမှာပဲ စိတ်ကိုမြှုပ်ထားပြီး သိုင်းလောကနဲ့လဲ အဆက်အသွယ်
ပြတ်နေခဲ့တယ် မဟုတ်လား"

"အေး ... ကောင်းတယ်၊ သိပ်ကောင်းတယ်၊ တော်ကြာ မင်း
ခေါင်းကိုဖြတ်သွားတာတောင် ဘယ်သူဖြတ်သွားမှန်းမသိ ဖြစ်နေဦး
မယ်၊ နောက်တစ်ခု မင်းကို မေးရဦးမယ်၊ အဲဒီ မိန်းမချော ရောက်
မလာခင် ထူးထူးခြားခြား လူတစ်ယောက်များ ရောက်လာသေးလား"



"မျှ ... ထူးထူးလူ ဟုတ်လား၊ မလာပါဘူး၊ အစ်ကိုကြီးက
ဘယ်သူ့ကိုများ ပြောနေတာလဲ"

လက်သီး ဗိုလ်ဖန်းကန်းက အားမလို အားမရ ဖြစ်သွားပြီး ...

"မသိဘူး ဟုတ်လား၊ မင်းမြဲမြဲမှတ်ထား၊ မီးလျှံ လင်ချူချွန်း
ဟာ သိုင်းသမား တစ်ယောက်ကို အသေအလဲ ချစ်ကြိုက်နေတယ်၊
အဲဒီသိုင်းသမားရှိတဲ့နေရာကို သူက အမြဲထပ်ကြပ်မကွာ အရိပ်လို
လိုက်နေလေ့ ရှိတယ်၊ ဒီတော့ ငါပြောတဲ့ သိုင်းသမားဟာ မင်းရဲ့
တည်းခိုခန်းမှာ ရှိကို ရှိရမယ်"

ဖန်းကန်း စကားဖြတ်ကာ ဟူစန်းအား သနားစဖွယ်အဖြစ်
ကြည့်ရှုပြီး ဆက်ပြောပြန်သည်။

"အဲဒီသိုင်းသမားက ဝတ်စုံဖြူကို အမြဲလိုလို ဝတ်ဆင်တတ်
တယ်၊ ရုပ်ရည်ကလဲ ခန့်ငြားတည်ငြိမ်မှု ရှိတယ်၊ လူချောလူခန့်
တစ်ယောက်ပါပဲ၊ သူစီးတဲ့ မြင်းကြီးဟာ အင်မတန် တန်ဖိုးကြီးမား
တဲ့ မြင်းကောင်းတစ်စီးကို အမြဲစီးလေ့ရှိတယ်၊ အဲဒီ လူမျိုး မင်း
ဆိုင်မှာများ ရှိနေသလား"

လက်သီး ဗိုလ်ဖန်းကန်းက ဤမျှ ဂဃနဏ သိရှိထားသည်
ဖြစ်ရာ သံခေါင်းကြီးဟူစန်းမှာ ဖုံးကွယ်ရန် မတတ်နိုင်တော့ပေ။

သို့သော် လီရှောက်ကွမ်း(ခေါ်)လီထိကျင်း(ခေါ်)လေပြင်း
ဓားသမား ထိုလူဟုန်းအား နတ်မားရှင်၏သား လီရှောက်ကွမ်း
အစစ်ဖြစ်ကြောင်းကို ဖုံးကွယ်လိုက်ပြီး ...

"ဟုတ်တယ်၊ အစ်ကိုကြီးပြောတဲ့ ပုံပန်းသဏ္ဍာန်နဲ့ လူရွယ်
တစ်ယောက်တော့ ကျွန်တော့် တည်းခိုခန်း တစ်ခုမှာ ရှိနေပါတယ်"

"အေး ... မင်းကို ငါပြောသားပဲ၊ အဲဒီသိုင်းသမားရှိနေတဲ့နေရာ
မှာ လင်ချူချွန်းဟာ ရှိနေရမှာပဲ"

သံခေါင်းကြီး ဟူစန်းက ဟန်ဆောင်ကာ ညည်းညူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သိုင်းလောကရဲ့ ထိတ်ထိတ်ကြဲ ပုဂ္ဂိုလ်နှစ်ယောက်တောင် ကျွန်တော်တို့ ရွာကို ဆင်းလာတယ် ဆိုတော့ ရွာရဲ့ ကောင်းကျိုး ဆိုးကျိုးလားတော့ မသိဘူး"

လက်သီးဗိုလ် ဖန်းကန်းကလည်း မျက်စိမျက်နှာ ပျက်ပျက်ဖြင့်

"ဟုတ်တယ်၊ အဲဒီထိတ်ထိတ်ကြဲ သိုင်းသမား နှစ်ယောက်ဟာ သိုင်းလောကကြီးမှာ ထုံးလိုမွှေပြီး ရေလိုနှောက်နိုင်တယ်၊ နေရာတိုင်းကိုလဲ ဝင်ထွက် သွားလာနိုင်တယ်၊ တကယ်လို့များ ဟိုပစ္စည်းသုံးမျိုးအတွက် ရည်ရွယ်ပြီး ဒီရွာကို ရောက်လာတယ် ဆိုရင်တော့ ငါတို့ သွေးသောက် ညီအစ်ကိုတွေရဲ့ အသက်ဟာ ရှင်သန်နိုင်ဖို့ မလွယ်ဘူး"

အဘိုးကြီး ဟူစန်းက ...

"ဒါလောက်တောင်ပဲ သူတို့နှစ်ယောက်က စွမ်းနေလို့လား"

"စွမ်းတယ်၊ ဒီထက်မကတောင် စွမ်းသေးတယ်၊ ယက္ခမယ်မုဆိုးမ မီးလျှံလင်ချူရွှန်းထက် လေပြင်း ဓားသမား ထိလူဟုန်းဆိုတဲ့ သိုင်းသမားက ပိုတောင် အစွမ်းထက်မြက်သေးတယ်၊ သူ့ကိုယှဉ်နိုင်တဲ့သူ သိုင်းလောကမှာ မပေါ်သေးဘူး၊ အထူးသဖြင့် သူ့ရဲ့ ဓားသိုင်းပညာက သိပ်ကြောက်ဖို့ ကောင်းတယ်၊ သူ့ကို ယှဉ်ပြိုင်နိုင်တဲ့ လူကို ပြရမယ်ဆိုရင် တို့ရဲ့ သွေးသောက် ညီတော်ဖြစ်တဲ့ နတ်ဓားရှင် လိလိန်ဟုန်း တစ်ယောက်ပဲ ရှိတယ်၊ ဒါပေမယ့် နတ်ဓားရှင်က သေဆုံးသွားပြီ ဆိုတော့ သူ့ကိုယှဉ်နိုင်မယ့်လူ လုံးဝ မရှိသေးဘူး"

"ဒါဖြင့် ကျွန်တော်တို့တွေက သူ့ကို မသိဟန်ဆောင်နေလိုက်ရင် ပြီးတာပဲ၊ သူတို့က ကျွန်တော်တို့ကို ရန်စသေးတာမှ မဟုတ်တာ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဓားသမား ထိလူဟုန်းဟာ အမှန်တော့ လူကောင်းတစ်ယောက်ပါ၊ မတရားမှုကိုလဲ အင်မတန်



ရွံရှာ စက်ဆုပ်တယ်၊ သူတို့က ဟိုရတနာသုံးအတွက် လာခဲ့တာဆိုရင် ရွာရဲ့ ငြိမ်းချမ်း သာယာရေးနဲ့ အေးချမ်းရေးကို ထိခိုက်နစ်နာမှာ စိုးရတယ်၊ အဲဒီလိုအဖြစ်တော့ တို့ကလက်မခံနိုင်ဘူး"

"ဒီတော့ အစ်ကိုကြီးက ဘယ်လိုစီစဉ်ချင်ပါသလဲ"

"ငါ သူတို့ကို သွားတွေ့ပြီး ရှင်းပြချင်တယ်၊ သူတို့ကိုလဲ ဒီရွာက ထွက်သွားဖို့ ငါ့အနေနဲ့ မေတ္တာရပ်ခံဖို့ စိတ်ကူးထားတယ်၊ သူတို့ဟာ လူကောင်းတွေဆိုတော့ လက်ခံလိမ့်မယ် ထင်တာပဲ"

"တကယ်လို့ သူတို့က အစ်ကိုကြီးရဲ့ မေတ္တာ ရပ်ခံချက်ကို လက်မခံဘူးဆိုင်ရင်ကော"

"ဒီလိုဆိုရင်တော့ သူနဲ့ ငါ ဓားပညာချင်း ယှဉ်ပြိုင် ရုံပဲရှိတယ်"

သံခေါင်းကြီးဟူစန်းမှာ ထိုစကားကြောင့် ကွက်ခနဲ မျက်နှာပျက်သွားပြီး ကပျာကယာ ပြန်ပြောလိုက်သည်။

"ဟာ ... ဒီလိုဆိုရင် အစ်ကိုတော် မသွားပါနဲ့၊ ကျွန်တော်သွားမယ်၊ ကျွန်တော်က ဆိုင်ရင်ဆိုတော့ ပြောလို့ဆိုလို့ ပိုပြီး လွယ်ကူမယ် ထင်ပါတယ်"

"ဘယ်ဖြစ်မှာလဲ၊ မင်းက ဆိုင်ရှင်ဆိုတော့ ပြောရဆိုရ ပိုပြီးခက်တာပေါ့၊ ခုကိစ္စက သိုင်းလောကရဲ့ ကိစ္စ ဖြစ်နေတဲ့အတွက် ငါပဲ သူတို့နဲ့ သွားပြီး ရင်ဆိုင်မယ်၊ မင်းက သိုင်းလောကထဲက ထွက်သွားတာ နှစ်ပေါင်း တော်တော်ကြာခဲ့ပြီပဲ"

သံခေါင်းကြီးမှာ ဘေးကျပ်နံကျပ် ဖြစ်နေပြီး အခက်ကြုံနေပေပြီ။

ထို့ကြောင့် ဖန်းကန်းအား နောက်ဆုတ်သွားစေလိုသည့် ရည်ရွယ်ချက်နှင့် တမင်ဖွတ်ပြောချလိုက်၏။

"အစ်ကိုကြီး၊ သူတို့ကို ပြဿနာ မရှာရင်ကောင်းမယ်ထင်တယ်"

လက်သီးဗိုလ်ဖန်းကန်းက မျက်နှာကြီးနီမြန်းသွားကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟင် … မင်း စောစောကပြောတော့ မင်းရပ်ရွာအတွက် အသက်ပဲ သေသေဆို၊ မင်းခုပြောပုံက သူတို့ကို ကြောက်နေသလိုပါပဲလား၊ ကဲ … မင်းဘာမှ ပြောမနေနဲ့ မင်းဆိုင်ရှေ့မှာ စောင့်နေခဲ့၊ ငါမနိုင်တော့မှ ဝင်ကူပေး၊ ငါတို့နှစ်ယောက် ပေါင်းတိုက်ရင် မနိုင်တောင်မှ မရှုံးနိုင်ဘူးလို့တော့ ထင်တာပဲ"

"ကဲ … ဒါဖြင့် ဒီလိုလုပ်၊ ကျွန်တော်အစ်ကိုကြီးနဲ့ အဖော်အဖြစ် လိုက်ခဲ့မယ်၊ ကျွန်တော် ပါနေတဲ့အတွက် သူတို့ ကျွန်တော့်ကို ငဲ့ပြီး အရမ်းလုပ်ကြမယ် မထင်ဘူး"

"အေး … အဲဒါပိုကောင်းတယ်၊ မင်းရှေ့က လမ်းပြပြီးသွားပေတော့"

သံခေါင်းကြီးဟူစန်းမှာ မလွှဲသာမရှောင်သာတော့ပဲ ရှေ့မှ ဦးဆောင်၍ လိထိကျင်းရှိရာ အခန်းသို့ သွားနေသည်။

လိထိကျင်း၏ အခန်းတံခါးမှာ စေ့ရုံသာစေ့ထားသည်ကို တွေ့ရပြီး အတွင်းမှ စကားပြောသံများပင် ကြားနေရ၏။

အဘိုးကြီးဟူစန်းက အခန်းတံခါးကို ခေါက်လိုက်၏။

"ဆိုင်ရှင် ဘာဘာဟူလား၊ ဝင်လာခဲ့ပါ"

ဟူစန်းက ရှေ့ဦးစွာ လိထိကျင်းအခန်းထဲသို့ ရှေ့ဆုံးမှ ဝင်သွားကာ လိထိကျင်းအား မျက်စိတဘက်မှိတ်ပြလိုက်၏။

ထိလိကျင်းက လက်သီးဗိုလ်ဖန်းကန်းကို မြင်လိုက်ရ၍ အံ့အားသင့်သွားသည်။

အဘိုးကြီးဟူစန်းက ခပ်တည်တည်နှင့် …

"ဩော် ညှော့သည်မိန်းကလေးလဲ ဒီမှာရောက်နေတာကိုး၊ မင်းတို့နှစ်ယောက်ကို ဒီကညှော့သည်က တွေ့ချင်တယ်ဆိုလို့ ငါလိုက်ပို့ရတာပဲ"

လိထိကျင်းက ဣန္ဒြေဆည်လိုက်ပြီး လက်သီးဗိုလ် ဖန်းကန်းကို ဂါရဝပြုပြီး နှုတ်ဆက်စကားဆိုလိုက်သည်။



"ဘာကိစ္စများ ဦးရီးတော်က ကျွန်တော်တို့ကို တွေ့ချင်ရပါသလဲ၊ ဦးရီးတော်ရဲ့ နာမည်က ဘယ်လိုခေါ်ပါသလဲ"

"ကျုပ်နာမည် ဖန်းကန်းလို့ ခေါ်တယ်"

"ဩော် သိုင်းလောကမှာ လက်သီးဗိုလ်ဖန်းကန်း ဆိုပြီး နာမည်ကြီးကျော်ကြားနေတဲ့ လက်သီးဘုရင် ဆရာကြီးဖန်းကန်းပါလား၊ ထိုင်ပါဦး … လာရင်းကိစ္စကို အေးအေးဆေးဆေးပြောလို့ရပါတယ်"

ဖန်းကန်းက ကျေးဇူးတင်စကားပြောကာ စားပွဲတွင် ဝင်ထိုင်လိုက်၏။

လိထိကျင်းက တည်ငြိမ်သော မျက်နှာဖြင့် …

"ဦးရီးတော်ဖန်း ဘာကိစ္စများ ရှိပါသလဲ"

ဖန်းကန်းက လိထိကျင်းအား တစ်ချက်စူးစိုက် အကဲခတ်ကြည့်လိုက်ပြီးနောက် …

"ကျုပ် မင်းကို တစ်ခုမေးချင်တယ်၊ ဒီရွာကို ဘာကိစ္စနဲ့ လာပါသလဲ"

လိထိကျင်းက အေးဆေးစွာပင် ပြန်ဖြေလိုက်သည်။

"ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုကြောင့်ပါ၊ ဘာများဖြစ်လို့ပါလဲ"

ဖန်းကန်းကဆက်၍ ဘွင်းဘွင်းရှင်းရှင်းပင် ပြန်ပြောသည်။

"ဆရာလေးထိ ကျုပ်က ပြောင်ပြောင်ပြောတတ်တဲ့ လူတစ်ယောက်ပါ၊ ဝေ့လည်ကြောင်ပတ်နဲ့ စကားကို လှအောင် မပြောတတ်ဘူး၊ ဒီအတွက် အမှားအယွင်း ပါခဲ့ရင် ကျုပ်ကိုခွင့်လွှတ်စေချင်တယ်"

"ဟာ … ဆရာကြီးဖန်း ပြောနိုင်ပါတယ်၊ ကျွန်တော်ကလဲ အဲဒီလို လူကိုမှကြိုက်တာ၊ ကျွန်တော်လဲ ဘာမဆို ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်ပါတယ်"

"ကျုပ် ဒီရွာက မဟုတ်ဘူး၊ ဒါပေမယ့် ဒီကျောက်ကျားကျေ

www.burmeseclassic.com



ရွာထဲမှာ ကျုပ်တို့ သွေးသောက်ညီအစ်ကိုတွေ ရှိနေကြတယ်၊ သူတို့ဟာ သိုင်းလောကထဲက ထွက်ခွာသွားကြပြီး ဒီရွာမှာ အေးအေးဆေးဆေး လုပ်ကိုင်စားသောက်နေကြပါတယ်"

ကျုပ်သွားရင်း လာရင်းနဲ့ နာမည်ကြီး ထိပ်တန်း သိုင်းသမားကြီးတွေနဲ့ တွေ့ခဲ့ပြီး ဒီရွာလေးမှာ ရတနာပစ္စည်း သုံးမျိုး ပေါ်နေတယ်ဆိုတာ ကြားခဲ့ရတယ်၊ အဲဒီပစ္စည်းကို ရှာဖွေယူ ငင်ကြဖို့ ရွာကိုလာကြပါလိမ့်မယ်"

လင်ချူချွန်းက အံ့အားသင့်သွားပြီး မေးမည်အပြု လိထိကျင်းက သူ့မအား လက်ကုတ်ဟန့်တားလိုက်ပြီး ...

"လင်ချူချွန်းအသာနေပါ၊ ဆရာကြီး ဖန်းစကားဆုံးအောင် ပြောပါစေ"

ဖန်းကန်းက ဆက်လက်ပြီး ပြောပြန်သည်။

"ဆရာလေးတို့ နှစ်ယောက်ဟာ သိုင်းလောကမှာ ပြိုင်ဘက်ကင်း သိုင်းသမားနှစ်ယောက် ဖြစ်ကြပါတယ်၊ ဒီရတနာပစ္စည်းကိစ္စနဲ့ ပတ်သက်ပြီး သိုင်းလောက လူအများ ရွာကို ရောက်လာခဲ့ရင် တိုက်ခိုက်မှုတွေ ဖြစ်လာကြပြီး အပြစ်ကင်းစင်တဲ့ ရွာသူ ရွာသားတွေအတွက် မထိခိုက်စေချင်ဘူး"

တကယ်လို့ ဆရာလေးတို့ နှစ်ယောက်က ဒီရတနာပစ္စည်းတွေအတွက်လာတာ မဟုတ်ဘူးဆိုရင် ကျုပ်အနေနဲ့ ဘာမှ ပြောစရာမရှိပါဘူး၊ ရတနာပစ္စည်းအတွက် လာခဲ့ကြတာဆိုရင် ကျုပ်မျက်နှာကို ထောက်ထားပြီး အပြစ်မဲ့ ရွာသူရွာသားတွေ ဘေးကင်းစေရန်အတွက် ဆရာလေးတို့ ဒီရွာက ထွက်သွားဖို့ မေတ္တာရပ်ခံပါတယ်"

လိထိကျင်းက အေးဆေးစွာပင် ပြန်ပြောလိုက်သည်။

"ကျွန်တော်တို့ နားလည်ပါပြီ၊ ဆရာကြီးဖန်းရဲ့ သဘောက ကျွန်တော်တို့နှစ်ယောက် ဒီတည်းခိုခန်းမှာ မနေပဲ ရွာအပြင် တခြားတစ်နေရာရာကို ပြောင်းခိုင်းတဲ့ သဘော မဟုတ်လား"



"ကျုပ် လှည့်ပတ်ပြီး မပြောတတ်ပါဘူး၊ ဆရာလေး ပြောတဲ့အတိုင်းပါပဲ"

လိထိကျင်းက လေးစားသော အမူအရာဖြင့် ...

"ဆရာကြီးဖန်းရဲ့ လူသားတွေအပေါ် စာနာထောက်ထားညှာတာတဲ့ စိတ်ဓာတ်ကို ကျွန်တော် ချီးကျူးလေးစားပါတယ်"

"ဟာ ... ဒီလိုတော့ မြှောက်မပြောပါနဲ့"

ကျွန်တော် စကားတစ်ခွန်းပြောချင်ပါတယ်၊ ကျွန်တော်တို့နှစ်ယောက်ဟာ ဘာဘာဖန်းကန်းပြောတဲ့ ရတနာပစ္စည်းသုံးမျိုး အတွက် ဒီရွာကို လာကြခြင်း မဟုတ်ပါဘူး၊ ခု ဘာဘာဖန်း ပြောမှ ဒီကိစ္စကို ကြားသိရပါတယ်၊ ကျွန်တော်တို့က ဒီပစ္စည်းတွေကို လိုချင်တဲ့ စိတ်ဆန္ဒလဲ မရှိကြပါဘူး။

အထူးသဖြင့် ဒီရတနာပစ္စည်းအတွက် လာကြမယ့် သိုင်းလောက ပုဂ္ဂိုလ်တွေကိုလဲ ဒီရွာထဲ မဝင်နိုင်အောင် ကျွန်တော်တို့က ဟန့်တားပေးချင်ပါတယ်"

ထိုစကားကြောင့် သံခေါင်းကြီး ဟူစန်း အလွန်သဘောကျသွားသည်။

လက်သီးဗိုလ်ဖန်းကန်းမှာ အံ့အားသင့်သွားပြီး ရုတ်တရက် မတ်တတ်ရပ်၍ ဂါရဝပြုလိုက်ရင်း ...

"ထိပ်ထိပ်ကြဲ ပြိုင်ဘက်ကင်း သိုင်းသမားလူငယ် နှစ်ယောက်ကို ကျုပ်ကျေးဇူးတင် စကားပြောရုံကလွဲပြီး ဘာမှ ပြောစရာမရှိတော့ပါဘူး၊ ကဲ ... မင်းတို့နှစ်ယောက်ကို အလွန်ပဲ အားနာလှပါတယ်၊ ကျုပ်ပြန်ပါဦးမယ်"

ပြောပြောဆိုဆို လက်သီးဗိုလ်ဖန်းကန်း ကျေနပ်ဝမ်းသာစွာ အခန်းအပြင်သို့ ထွက်ခွာသွားကြတော့သည်။

သံခေါင်းကြီး ဟူစန်းက ချီးကျူးသော မျက်နှာဖြင့် ...

"တူတော်မောင် မင်းသိပ်တော်တယ်၊ စကားတစ်ခွန်း သုံးခွန်း

www.burmeseclassic.com

www.burmeseclassic.com



လောက်နဲ့ ဒီ တဖွတ်ထိုးလူကြီး နင်လွှတ်လိုက်နိုင်တာ ချီးကျူးစရာ ပါပဲ"

"ဘာဘဟူ၊ ဒုတိယ ဦးဦးဟာ ကျွန်တော် ထိလူဟုန်းမှန်း သူ ဘယ်လိုလုပ်သိသွားတာလဲ"

"သူက လင်ချူးချွန်းကို တွေ့သွားလို့ပါ၊ ဒုတိယ အစ်ကိုတော်ဟာ ငါ့ထက် အများကြီး တော်တယ်၊ လင်ချူးချွန်းကို တွေ့တွေ့ချင်း မင်းလဲ ဒီမှာ ရှိရမယ်ဆိုတာ တပ်အပ်သေချာ ပြောနိုင်ခဲ့တယ်"

လိထိကျင်းမှာ ပြုံးနေသော်လည်း မျက်လုံးအစုံကမူ ဝမ်းနည်းကြေကွဲစွာ မျက်ရည်များ ကျဆင်းနေသည်ကို တွေ့လိုက်ရ၏။

"ဒုတိယ ဦးဦးဖန်းကန်းဟာ အလျင်စိတ်ဓာတ်အတိုင်း ရှိနေတုန်းပါပဲ၊ သူ့ကို ကျွန်တော် ကန်တော့မလို့၊ ဒါပေမယ့် သူ့ရဲ့ ဒေါသကို သိတဲ့အတွက် အသာငြိမ်နေလိုက်ရတယ်"

အဘိုးကြီး ဟူစန်းက ခေါင်းတညိတ်ညိတ်ဖြင့် ...

"ဒါကြောင့်လဲ ငါသည်းညည်းခံနေရတာပေါ့၊ သူ့ကိုသာ အဖြစ်မှန်တွေ ဖွင့်ပြောပြလိုက်ရင် ချက်ချင်း ပန့်စန်ဖိန်ကို သွားရှင်းမှာ သေချာတယ်"

လင်ချူးချွန်းက ...

"ဘာဘဟူ ဒီရွာမှာ ဘာရတနာပစ္စည်းတွေ ရှိနေလို့လဲ"

"ငါလဲ ခုထက်ထိ ဘာရတနာပစ္စည်းရှိမှန်း မသိဘူး၊ အစ်ကိုတော် ဖန်းကန်း ပြောတာကတော့ အတွင်းအားလေ့ကျင့်နည်း သိုင်းကျမ်း၊ အသက်ရှည်ဆေးလုံး၊ ဓား တုတ်ပြီးတဲ့အကျီဆိုတဲ့ ပစ္စည်းသုံးမျိုးကို သိုင်းလောက တော်တော်များများဟာ အလွန်မက်မောနေကြပြီး မရမကရှာဖွေယူငင်ကြဖို့ တို့ရွာကို လာကြမယ်လို့ သတင်း ကြားရတာလဲ"

"အဲဒီလိုသာ ဆိုရင် သွေးထွက်သံယိုမှုတွေ ကင်းမှာ မဟုတ်ဘူး၊ တခြားနယ်မြေဒေသက နာမည်ကြီး သိုင်းသမားကြီးတွေလဲ



လာကြမှာပဲ၊ အဲဒီအခါ နယ်ခံသိုင်းသမားကြီးတွေနဲ့ တွေ့ပြီး အချင်းချင်း ထိုးခုတ်သတ်ဖြတ်ကြမှာ သေချာတယ်"

လိထိကျင်းက လေးနက် တည်ကြည်သော မျက်နှာထားနှင့် ...

"ကျွန်တော်ဟာ ဒီရွာမှာ ငယ်စဉ်ကတည်းက နေထိုင်လာခဲ့တဲ့အတွက် မွေးရပ်မြေဆိုလဲ မမှားပါဘူး၊ ဒါကြောင့် ဒီရွာရဲ့ အေးချမ်းသာယာရေးကို ရှေ့ရှုပြီး ကျွန်တော် အတတ်နိုင်ဆုံး ကာကွယ်ပေးရမှာ ဖြစ်ပါတယ်၊ ဒါနဲ့ ဒီရွာမှာ ရတနာပစ္စည်း သုံးမျိုးဆိုတာ တကယ်ပဲ ရှိနေသလား မသိဘူး"

"ငါလဲ မသိဘူး၊ အစ်ကိုတော်ဖန်းကန်း ပြောမှပဲ သိရတာ၊ ဘာပဲဖြစ်ဖြစ် တို့ရွာကို သိုင်းလောကရဲ့ မျက်နှာကြီး သိုင်းသမားကြီးတွေ လာကြတော့မှာ သေချာတယ်"

"သူတို့ ဘယ်တော့လောက် ရောက်လာကြမှာလဲ"

"အစ်ကိုတော် ဖန်းကန်းပြောတာတော့ မကြာခင် လာကြတော့ မယ်လို့ ဆိုတယ်"

"အင်းလေ အခြေအနေအရ ကြည့်လုပ်ရတာပေါ့"

"သြော် ... ဒါနဲ့ မင်းကို ပြောဖို့မေ့နေတယ်၊ မင်းရဲ့ ဦးဦး တိမ်ပျံကုန်းဟိုနဲ့ မင်းရဲ့ဒေါ်လေး ဟိုင်ထန်တို့ စောစောကပဲ ငါ့ဆိုင် ရောက်လာပြီး သူတို့ ဇနီးမောင်နှံ ပန့်စန်းဖိန်အိမ်ကြီးကို သွားကြပြီ"

ထိုစကားကြောင့် လိထိကျင်းမှာ စိတ်များလှုပ်ရှားလာခဲ့ရ၏။

နှစ်ပေါင်းများစွာကွဲကွာခဲ့ရသော မိမိ၏ ဦးဦးများနှင့် ဒေါ်လေး ဟိုင်ထန်တို့အားလုံး ပြန်တွေ့ရတော့မည် ဖြစ်၍ လိထိကျင်း အလွန်ဝမ်းသာနေသည်။ အဘိုးကြီးဟူစန်းက ...

"သူတို့ မပြန်ခင်မှာ ရှောင်ယွင်တို့ မင်္ဂလာပွဲ ပြီးစီးသွားအောင် လုပ်မယ်နဲ့တူတယ်"

လိထိကျင်းက မျက်မှောင်ကြုတ်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်ပါရဲ့၊ မင်္ဂလာပွဲလုပ်မယ့် အချိန်ကျမှပဲ ဒီရတနာ ကိစ္စကြီးက ပေါ်ပေါက်လာတာဟာ တိုက်ဆိုင်လွန်းနေတယ်"

လီထိကျင်းက စကားဆက်မပြောပဲ တစ်စုံတရာကို တွေးတောစဉ်းစားနေဟန်ဖြင့် ငြိမ်သက်နေသည်။

"ထိကျင်း မင်းဘာတွေများ စဉ်းစားနေတာလဲ"

"သြော် ... ဟိုရတနာ ပစ္စည်းသုံးမျိုးဟာ ပန့်စန်ဖိန် အိမ်ကြီးထဲမှာများ ရှိနေမလားလို့ပါ"

ဟူစန်းမှာ ထိတ်ခနဲ ဖြစ်သွားပြီး ...

"ထိကျင်း မင်းဘယ်လိုပြောလိုက်တာလဲ၊ ဒါ ကလေးကစားစရာ အလုပ်မဟုတ်ဘူး၊ မင်း အရမ်းတွေးပြီး ပြောလိုက်တာနဲ့ တော်ကြာ ပန့်စန်ဖိန်အိမ်မှာ ရှိနေကြတဲ့ လူတွေအားလုံး ဒုက္ခရောက်သွားနိုင်တယ်၊ မင်းသာ လီရှောက်ကွမ်း အစစ်မဟုတ်ဘူးဆိုရင် ငါ မင်းအပေါ်မှာ သံသယစိတ်ဝင်မိမှာ သေချာတယ်"

"ဘဘဟူ ကျွန်တော်ပြောတာ သေသေချာချာ စဉ်းစားကြည့်စမ်းပါ"

"မဖြစ်နိုင်ဘူး၊ ပန့်စန်ဖိန်အိမ်ကြီးမှာ ဘာပစ္စည်းတွေ ရှိတယ်ဆိုတာ ငါမသိပဲ နေပါ့မလား"

"ဒါဖြင့် ကျွန်တော့်ဖခင်ကြီး အပ်ထားခဲ့တဲ့ သံသေတ္တာလေးထဲမှာ ဘာပစ္စည်းရှိတယ်ဆိုတာ ဘဘဟူ သိလား"

သံခေါင်းကြီးဟူစန်း စကားထစ်ထစ်ငေါ့ငေါ့ဖြင့် ...

"ဒါ ... ဒါတော့ ငါမသိဘူး၊ မင်းဆိုလိုတာက အို ... မဖြစ်နိုင်ဘူး၊ မင်းဖခင်ကြီးမှာ ဒီလိုရတနာပစ္စည်းမျိုး မရှိနိုင်ဘူး"

"ကောင်းပြီ၊ ကျွန်တော့် ဖခင်ကြီးမှာ ဒီလိုပစ္စည်းမျိုး မရှိဘူးလို့ ဘဘဟူ ကျိန်းသေ ပြောနိုင်သလား"



"ဒီလိုတော့ ငါမပြောဝံ့ပါဘူး၊ ဒါပေမယ့် မင်းဖခင်ကြီး ဆိုင် ပုံနဲ့၊ သူ့စိတ်ထားကို ပြောရမယ်ဆိုရင် မရှိနိုင်ဘူး၊ တကယ်လို့ ရင် တို့ကိုမပြောပဲ နေမှာမဟုတ်ဘူး"

"တကယ်လို့ ကျွန်တော့်ဖခင်ကြီးက ဖုံးကွယ်ထားရင်ကော ဖြစ်နိုင်ဘူးလား၊ ဘဘဟူ မသိပေမယ့် တခြားတစ်ယောက်ယောက် ရင်လဲ သိနေမှာပေါ့"

"မင်း ဆိုလိုတာက ..."

"ဟုတ်ပါတယ်၊ ကျွန်တော် သံသယ ရှိနေတာက ကျွန်တော့် င်ကြီးဟာ ဒီရတနာပစ္စည်းတွေကြောင့်များ လုပ်ကြံခံရတာလား တာပါပဲ"

သံခေါင်းကြီး ဟူစန်းမှာ မျက်လုံးများ ပြူးသွားပြီ ...

"မင်းပြောချင်တာက မင်းဖခင်ကြီးဟာ ဒီပစ္စည်းတွေ ကြောင်းကို တခြားတစ်ယောက်ကို ပြောခဲ့တယ်လို့ ဆိုလိုတာလား"

"ဟုတ်တယ်လေ၊ ဘဘဟူပြောသလို ကျွန်တော့် ဖခင်ကြီးဟာ ွယ်တတ်တဲ့ လူတစ်ယောက် မဟုတ်တော့ လူတစ်ယောက် ာက်ကို ဖွင့်ပြောပြီး နောက်တစ်ယောက်ကို ပြောမယ့် အချိန်မှာ အသတ်ခံလိုက်ရတာ မဖြစ်နိုင်ဘူးလား"

"ဒါဖြင့် ဘယ်လိုကြောင့် ခေါင်းဆောင်အစ်ကိုကြီးကို အဲဒီ သေတ္တာလေး ပေးအပ်ခဲ့ရတာလဲ"

"ဒါကတော့ သူ့ရဲ့ခေါင်းဆောင် အစ်ကိုကြီးကို သူ့အချစ်ခင် ဖြစ်လို့နေမှာပေါ့"

"ဒီလိုဆို အဲဒီသံသေတ္တာလေး ပန့်စန်ဖိန်စံ အိမ်ကြီးမှာ ရှိနေ အယောင်ဆောင် လီရှောက်ကွမ်းကို ဘာကြောင့် အစ်ကိုကြီး ာက်က ပေးလိုက်ရတာလဲ"

"ဒီ သံသေတ္တာလေးတစ်လုံးက ဘယ်လောက်တန်မှာမို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ အစ်ကိုကြီးကျောက်က ဒီသံသေတ္တာလေးထဲ
ပစ္စည်းတွေကို ထုတ်ယူပြီးပြီဆိုတဲ့ သဘောပေါ့"

"ကျွန်တော်တော့ ဒီလိုပဲတွေးမိပါတယ်၊ ဒါပေမယ့် သူ
အဲဒီလိုလုပ်ခဲ့ရင် သံသေတ္တာလေးထဲကို တန်ဖိုးကြီးတဲ့ ပစ္စည်းတစ်
အစားပြန်ထည့်ပေးထားမှာ သေချာတယ်၊ ဒါပေမယ့် သိုင်းသ
တစ်ယောက်အနေနဲ့ ဆိုရင် ဒီရတနာပစ္စည်း သုံးမျိုးထ
ဘယ်ပစ္စည်း ကမှ တန်ဖိုးရှိမှာ မဟုတ်ပါဘူး"

သံခေါင်းကြီးဟူစန်းက ခေတ္တတွေးတောလိုက်ပြီး ...

"ဒါဆိုရင် မင်း အထင်လွဲသွားပြီ၊ ဘာဖြစ်လို့လဲ ဆို
မင်းပြောသလို အထဲက ပစ္စည်းတွေကို သူတစ်ယောက်တည်း ထု
ယူတဲ့အတွက် သူတစ်ယောက်တည်းပဲ သိရမယ်၊ ဒီတော့ သတင်း
အပြင်ကို ပေါက်ကြားသွားစရာ အကြောင်းလုံးဝ မရှိနိုင်ဘူး"

"ပစ္စည်းက သူ့လက်ထဲမှာ ရှိနေလို့ အပြင်ကို သတင်းပေါ
ကြားသွားအောင် တမင်သတင်းလွှင့်လိုက်တာ နေမှာပေါ့ ဘာဖြ
လို့လဲဆိုတော့ ဟိုသံသေတ္တာလေးက လီရှောက်ကွမ်း အတ္တလက်
ကို ရောက်သွားတဲ့အတွက်ကြောင့်ပါပဲ"

သံခေါင်းကြီးဟူစန်းမှာ အကြီးအကျယ်မျက်နှာပျက်သွားပြီ

"တခြားလူတစ်ဦးဦးလက်ချက်နဲ့ ဟိုလီရှောက်ကွမ်း အတ္တ
သတ်ခိုင်းလိုက်သလို ဖြစ်နေပြီပေါ့"

"ဟုတ်ပါတယ်၊ အမှန်ကတော့ ကျွန်တော်ဟာ သူ့ငွေဖြ
လက်နက်ပုန်းနဲ့ လွှန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ချောက်ထဲ ကျပြ
ကံကောင်းထောက်မလို့ မသေခဲ့တာပဲ မဟုတ်လား"

"ဒါကလဲ ခဏယာယီ သဘောမျိုးပါ"

သံခေါင်းကြီးဟူစန်းမှာ အတော်လေး စိတ်မကောင်း ဖြစ်သွာ
ပြီး ...



"မင်းပြောတာတွေဟာ တကယ်ပဲလား"

"ကျွန်တော်ရဲ့ တွေးဆချက်တွေ ဖြစ်ပါတယ်၊ ဟုတ်မဟုတ်
တာတော့ ပန့်စန်ဖိန်အိမ်ကြီးကို တစ်ခေါက်သွားပြီးလေ့လာမှ
နိုင်မှာ ဖြစ်ပါတယ်"

"ဒါဖြင့် မင်းဘယ်အချိန်သွားမှာလဲ"

"ည ..."

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

ည။

လရောင်မရှိ ကြယ်ရောင်လေးများ၏ ဝိုးတဝါးအလင်းရောင်လေးများသာ ရှိနေသည်။

ပန်းစန်ဖိန်အိမ်ကြီးမှာမူ ည၏ အမှောင်ထုကို အံတုဘက်ပြိုင်ကာ မီးများ တစ်အိမ်လုံး လင်းထိန်လျက် ရှိ၏။

လူသံသူသံများက ညံစီညံစီဖြင့် လူအများ ရုတ်ရုတ်သဲသဲ ရှိနေသည်။

တရုတ်ပြည်မြောက်ပိုင်းဒေသ၏ မင်္ဂလာပွဲထုံးစံအရ ဆွေမျိုးသားချင်း မိတ်သင်္ဂဟများ ကြိုတင် စုရုံးရောက်ရှိနေကြသည်။

သတို့သမီးအိမ်အား လာရောက်ကူညီ လုပ်ကိုင်ပေးကြ၏။

ပန်းစန်ဖိန်အိမ်ကြီး၏ အနောက်ဆောင်တွင် ဆွေမျိုး မိတ်သင်္ဂဟများ တည်းခိုနေထိုင်ကြပြီး အပျော်အဖြစ် တရုတ်ဖဲ...ကစား လျက် ရှိနေကြသည်။

အိမ်ကြီး၏ အနောက်ဘက်အစွန်ဆုံး အဆောင်နှင့် မလှမ်းမကမ်းတွင် နှစ်ထပ်အိမ်လေးတစ်လုံး ရှိနေသည်။

ထိုနှစ်ထပ်အိမ်လေးမှာလည်း တစ်အိမ်လုံး မီးများထိန်ထိန်လင်းလျက် ရှိနေ၏။

အိမ်၏ အပေါ်ထပ် အခန်းတစ်ခန်းတွင် မင်္ဂလာ သတို့သမီးလေးရှောင်ယွင်က ခေါင်းအုံးစွပ်တစ်ခုကို ဇာပန်းများ ထိုးနေ၏



ရှောင်ယွင်မျက်နှာပေါ်တွင် ဝမ်းသာခြင်း၊ ကြည်နူးခြင်း၊ ကျေနပ်ပီတိဖြစ်ခြင်းများက အထင်းသား ပေါ်လွင်လျက် ရှိ၏။

အိမ်ထောင်ပြုခါနီး အမျိုးသမီးတိုင်း၏ သဲလှိုက်ရင်ဖိုခံစားမှုလေးများက ရှောင်ယွင်အား ရင်ဖိုစွာ ခံစားနေရ၏။

သူမ၏ စိတ်တွင် ပျော်မဆုံးဖြစ်နေသည့်အတွက် ပါးစပ်ထဲမှ တေးကဗျာသီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး သီဆိုနေရင်း ဇာပန်းကို စိတ်ပါလက်ပါ ထိုးနေ၏။

ရုတ်တရက် ဇာပန်းထိုးနေရင်း အပ်ပေါ်လက်ရောက်သွား၍ "အား" ခနဲ တစ်ချက် မတိုးမကျယ် ညည်းညူလိုက်မိ၏။

အပ်ထိုးမိသောလက်ချောင်းလေးကိုလည်း ပါးစပ်ထဲ ထည့်ကာ...ထားချိန်မှာပင် သူမ၏ နောက်ကျောဘက်မှ အသံလေး တစ်သံ...တိုးညင်းစွာ ထွက်ပေါ်လာခဲ့သည်။

"ဘာဖြစ်လို့ သတိမထားတာလဲ"

ထိုအသံကြောင့် ရှောင်ယွင် တုန်လှုပ်သွားကာ အခန်းတံခါးဝသို့ ရုတ်တရက် ပြေးသွားပြီးမှ နောက်သို့ ပြန်လှည့်ကြည့်လိုက်၏။

ရှောင်ယွင်မြင်လိုက်ရသည်မှာ စောစောက မိမိဇာပန်းထိုးနေသည့် ကုလားထိုင်နောက်မှ လူတစ်ယောက် ရပ်နေသည်ကို ထိတ်လန့်တကြား တွေ့လိုက်ရ၏။

ထိုလူရွယ်မှာ ဟူကျိုတည်းခိုစားသောက်ဆိုင်၌ တွေ့ခဲ့ဖူးသောလူဖြစ်မှန်း သတိရကာ ရှောင်ယွင် အနည်းငယ် အကြောက်ပြေသွား၏။

"ဟင်... ရှင် ဘယ်သူလဲ၊ ဘာကိစ္စ ကျွန်မ အခန်းထဲ ဝင်လာတာလဲ"

လူရွယ်က ဘာမှပြန်မဖြေသေးဘဲ ကြမ်းပေါ်တွင်ကျလျက်ရှိနေသော ဇာပန်းထိုးလက်စ ခေါင်းအုံးစွပ်ကို အသာအယာ ကောက်ယူ လိုက်ပြီး၊ ပြုံးရွှင်သောမျက်နှာနှင့်...

www.burmeseclassic.com

www.burmeseclassic.com



"အင်း မင်းလက်ရာက ဘယ်ဆိုးလို့လဲ၊ ငါ့မျိုးရိုးက လိမ္မာ ဖြစ်တယ်၊ ဘဘဟူက ခိုင်းလိုက်လို့ မင်းဆီကို လာခဲ့ရတာပဲ"

ရှောင်ယွင်၏ တုန်လှုပ်ချောက်ခြားနေသော စိတ်များ အနည်ငယ် တည်ငြိမ်စပြုလာကာ ...

"ပြောစရာရှိရင် အိမ်ရှေ့ ဧည့်ခန်းမှာ လူတွေအများကြီး ရှိနေသားပဲ၊ ဘာဖြစ်လို့ သူခိုးတစ်ယောက်လို ခိုးကြောင် ခိုးဝှက်နဲ့ ကျွန်မအိပ်ခန်းပြတင်းပေါက်က ဝင်လာရတာလဲ"

လိထိကျင်းက မချိပြုံးပြုံးလိုက်ပြီး ...

"ငါကလဲ သူခိုးတစ်ယောက်လိုအထင်ခံပြီး လာချင်ပါ့မလား"

ရှောင်ယွင်က လှုပ်ရှားနေသော စိတ်များအား ထိန်းချုပ်ထားလိုက်ယင်း ခပ်တည်တည်ပင် လှမ်းပြောလိုက်၏။

"ရှင် ကိုင်ထားတဲ့ ကျွန်မပစ္စည်းကို ခုချက်ချင်း ပြန်ချထားလိုက်ပါ"

ထိုစကားကြောင့် လိထိကျင်းအတော်စိတ်မကောင်းဖြစ်သွားကာ၊ ကိုင်ထားသော ဇာပန်းထိုးလက်စ ခေါင်းအုံးစွပ်တို့ စားပွဲပေါ်သို့ အသာအယာ ပြန်ချထားလိုက်သည်။

ရှောင်ယွင်က စိတ်မရှည်ဟန်ဖြင့် ...

"ရှင် ဘာအရေးတကြီးကိစ္စရှိလို့ ဒီပုံစံမျိုးနဲ့ လာရတာလဲ ပြောစရာရှိရင် မြန်မြန်ပြောပြီး မြန်မြန်ပဲ ပြန်ထွက်သွားပါ"

လိထိကျင်း၏ မျက်နှာသည် ရုတ်တရက် လငပုတ်ဖမ်းသကဲ့သို့ ညိုမှိုင်းသွားပြီး ...

"မင်းကို မတွေ့ခင်ကတော့ ငါ့မှာ ပြောစရာစကားတွေ အများကြီး ရှိနေခဲ့တယ်၊ ခု တွေ့ကြပြန်တော့ ဘယ်ကဘယ်လို စပြောရမှန်း မသိတော့ဘူး"

"ကောင်းပြီ၊ ရှင်ဘာကိစ္စ လာတာလဲ၊ နောက်ပြီး ဘယ်အချိန် ပြန်သွားမှာလဲ"



"မင်းတစ်ခု သိထားဖို့က ငါလာတာဟာ ရန်ရှာဖို့နဲ့ အနှောင့်အယှက် ပေးဖို့ လာတာမဟုတ်ဘူးဆိုတာ မင်းယုံစမ်းပါ"

"ဒါကတော့ ရှင့်ကိုယ်ရှင် အသိဆုံးဖြစ်မှာပေါ့၊ ကျွန်မကလဲ အခုမှာ မင်္ဂလာကိစ္စအတွက် အလုပ်ရှုပ်နေလို့၊ နို့မို့ရင် ရှင်ကျွန်မရှေ့မှာ အတောင် ရပ်နေနိုင်မှာ မဟုတ်ဘူး"

လိထိကျင်းက စိတ်ပျက်စွာ ခေါင်းခါယမ်းလိုက်ပြီး ...

"မင်းအထင်မှားနေပြီ၊ မင်းရဲ့ စံအိမ်တော်ကြီးက သိုင်းကျော်အမော်ပုဂ္ဂိုလ်တွေကို ငါက အတွေ့မခံဝံ့လို့ မဟုတ်ဘူး၊ မင်းကိုလဲ စိတ်အနှောင့်အယှက် မပေးချင်ပါဘူး၊ ငါမင်းတို့စံအိမ်ကြီးထဲက ဝင်လာခဲ့ရင် ကျောက်မိသားစု တစ်စုလုံးနဲ့ ရှိသမျှ သိုင်းသမားတွေ အားလုံး ကပြောင်းကပြန် ဖြစ်သွားနိုင်တယ်"

ရှောင်ယွင်က ထိုစကားကြောင့် များစွာ အံ့အားသင့် သွားကာ ...

"အို ... ရှင်က ဒါလောက်တောင်ပဲ အစွမ်းထက်နေလို့လား"

"ဟုတ်တယ်၊ ငါ အပိုစကားတစ်ခွန်းမှ မပြောဘူး၊ ခု ငါလာတဲ့ကိစ္စက မင်း ဖခင်ကြီးအတွက် ဖြစ်တယ်"

"ဟင် ... ကျွန်မ ဖခင်ကြီးအတွက် ဟုတ်လား"

"ဟုတ်တယ်၊ ငါ့ကို ဘဘဟူက ယုံကြည်စိတ်ချသလို မင်းလဲ ငါ့ကို ယုံကြည်စိတ်ချစေချင်တယ်"

"ရှင့်ကို ဘဘဟူက စိတ်ချယုံကြည်တယ်ဆိုတာ ဘယ်လို အထောက်အထားများ ပြနိုင်လို့လဲ"

လိထိကျင်း လှုပ်ရှားလွန်းနေသောစိတ်ကို ထိန်းချုပ်ထားလိုက်ပြီး ...

"ငါငယ်စဉ်က ဘဘဟူရဲ့ မျက်စိအောက်မှာ ကြီးပြင်းလာခဲ့ရတာပြင် ငါ့ကိုလဲ သူ့သားအရင်းတမျှလဲ ချစ်ခင်တယ်၊ စောင့်ရှောက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုတော့ ဘဘဟူနဲ့ တော်တော်ရင်းနှီးနေတဲ့ လူပေါ့"

"အမှန်ပြောရရင် ငါ သူတစ်ယောက်တည်းနဲ့ ရင်းနှီးရုံတ
မဟုတ်သေးပါဘူး"

"ဟင်၊ ... ဘဘဟူအပြင် ဘယ်သူတွေနဲ့များ ရင်းနှီးသေးလဲ"

လိထိကျင်း၏ မျက်နှာမှာ အတိတ်က ဖြစ်ရပ်များ ပြန်ပြော
သတိရမိလိုက်၍ ဝမ်းနည်းစိတ်မကောင်း ဖြစ်သွားကာ ...

"ဒုတိယဦးဦး၊ လက်သီးဗိုလ်ဖန်းကန်း၊ ဆဋ္ဌမဦးဦးတိမ်ပျံကျ
တို့ ဇနီးမောင်နှံနဲ့ အတူမင်းဖခင်ကြီး ဘဘကျောက်နဲ့လဲ ငါချစ်
ရင်းနှီးခဲ့ပါတယ်"

ဤစကားများကြောင့် ရှောင်ယွင်မျက်လုံးများ ဝိုင်းသွားပြီး ...

"ရှင်ပြောပုံက ဖေဖေတို့ သွေးသောက်ညီအစ်ကို မောင်နှ
သိုင်းကိုးဖော်နဲ့ တော်တော့်ကို ရင်းနှီးနေပုံပဲ"

"ဟုတ်တယ်၊ သူတို့သွေးသောက်ညီအစ်ကိုထဲက တစ်ယော
ယောက်ရဲ့ ညီတော်ဟာ ငါ့ဖခင်ပဲ"

ရှောင်ယွင် ကိုယ့်နားကိုယ် မယုံကြည်နိုင်အောင် ဖြစ်သွားပြီ
အံ့သြစိတ်လွန်ကဲကာ ...

"ဒါဖြင့် ရှင် သွေးသောက်ညီအစ်ကိုတွေ ထဲက ဘယ်သူ့သာ
ဖြစ်ပါသလဲ"

လိထိကျင်း တစ်ကိုယ်လုံး သွေးများ ဆူပွက်လာကာ မျက်
အစုံမှ မျက်ရည်များပင် ကျလုလုဖြစ်ခဲ့ရသည်။

ထို့နောက် ရင်တွင်းမှ ဆို့နင့်သော ဝေဒနာ တရပ်ကို ခံစာ
ကာ အသံတုန်ယင်စွာဖြင့် ခပ်လေးလေး ပြန်ပြောလိုက်၏။

"လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ကိုးမြို့နယ်၊ ကိုးသချိုင်း
သွေးသောက်သိုင်းကိုးဖော်ကို တွေ့ဆုံရန်အတွက်ချိန်းခဲ့ကြတ
အဲဒီမှာပဲ ငါ့ရဲ့ဖခင်ကြီးဖြစ်တဲ့ နတ်စားရှင် လိလိန်ဟုန်း လုပ်ကြ
ခဲ့ရတယ်"



လိထိကျင်း စကားကို ခေတ္တဖြတ်ကာ ရှေ့ဆက် ပြောရမည့်
စကားများအတွက် အားယူရင်း ...

"ဒီနောက် ငါ့ဖခင်ကြီး မသေဆုံးမီ မင်းဖခင်ကြီးဆီကို မွေး
စားဖို့ ငါ့ကိုအပ်နှံသွားခဲ့တယ်၊ ငါ မင်းတို့ရဲ့ ပန့်စန်ဖိန် အိမ်ကြီးကို
ရောက်ခဲ့ပြီး တစ်နေ့ ငါတို့ဟာ ရောင်စုံရော်ဘာ ဘောလုံးလေး
တစ်လုံးနဲ့ ကစားနေရင်း မင်းကြောင့် ချောက်ထဲကို ကျသွားခဲ့တယ်။

ကျသွားခဲ့တဲ့ ရောင်စုံရော်ဘာ ဘောလုံးလေးကို ငါ ချောက်ထဲ
ဆင်းအကောက်မှာ ငါခိုဆင်းသွားတဲ့ နွယ်ကြိုး ပြတ်ကျသွားခဲ့တယ်၊
ဒါပေမယ့် ငါကံကောင်း ထောက်မပြီး မသေပဲ ခုလို ပြန်ရောက်လာ
ခဲ့တာပဲ၊ ငါ ငယ်စဉ်တုန်းက နာမည်ကတော့ လိရှောက်ကွမ်းပါပဲ"

လိထိကျင်း၏ စကားဆုံးသည်နှင့် ရှောင်ယွင်မှာ အလွန်ဆန်း
ကြယ်သော ပုံပြင်တစ်ခုကို နားထောင်ရသည့်အလား ရှောင်ယွင်၏
မျက်နှာပေါ်တွင် ခံစားမှုအမျိုးမျိုး ဖြစ်ပေါ်လာခဲ့၏။

ထို့နောက် ရှောင်ယွင်က လိထိကျင်းအား အပြစ်တင်စကား
ဆိုလိုက်သည်။

"အင်း .. အဖြစ်အပျက်က တကယ့်ကို ဆန်းကြယ်ပါလား၊
ခု ဒီအိမ်ကြီးထဲမှာ ရှိနေတဲ့သူဟာ ရှင်ပြောသလိုဆိုရင် လိရှောက်
ကွမ်း အတုပေါ့၊ ဒါဖြင့် ရှင်က ဟူကျိုးတည်းခိုးခန်းမှာ ရှိနေပါလျက်
နဲ့ ဒီအကြောင်းတွေကို ဘာဖြစ်လို့ စောစောစီးစီး လာပြီး မပြောတာ
လဲ"

"မင်းပြောတာ နည်းလမ်းကျပါတယ်၊ ဒါပေမယ့် ငါ့မှာ
အကြောင်းအချက်တွေ ရှိနေတယ်၊ ဘာအကြောင်းအချက်တွေလဲ
ဆိုတော့ ငါ့ဖခင်ကြီး လုပ်ကြံခံရတဲ့ ကိစ္စရယ်၊ ငါ့ကို ချောက်ထဲကျ
သွားအောင် လုပ်လိုက်တဲ့တရားခံရယ် အဲဒါတွေကို စုံစမ်းပြီး လာဖို့
အတွက် ငါလိရှောက်ကွမ်းပါဆိုပြီး ထင်ထင်ပေါ်ပေါ်နဲ့ ပန့်စန်ဖိန်
အိမ်ကြီးကို မလာချင်သေးလို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်စကားဟာ အဲဒီတရားခံဟာ သွေးသောက် သိုင်းကိုးဖော်ထဲက တစ်ယောက်ယောက် ဖြစ်ရမယ်လို့ ဆိုလိုတာလား"

"အဲဒီအတိုင်းပါပဲ"

"ဒါနဲ့ ရှင့်ကို ဘဘဟူက လိရှောက်ကွမ်းမှန်း ဘယ်လိုလုပ်သိသွားတာလဲ"

"သူက ငါ့ကို အမျိုးမျိုးလှည့်ပတ်မေးခဲ့တာကြောင့်ရယ်၊ နောက် ငါငယ်စဉ်တုန်းက ဘဘဟူဟာ ငါ့အပေါ်မှာ အင်မတန်သံယောဇဉ်ကြီးပြီး ချစ်ခင်တွယ်တာခဲ့တဲ့အတွက် သူ့ကိုတော့ ငါမလိမ်ချင်ပဲ အမှန်အတိုင်း ဖွင့်ပြောခဲ့တာပါပဲ"

"ကျွန်မ သိသလောက်ဆိုရင် ရှင့်ကို သားအရင်းတမျှ ချစ်ခင်ခဲ့ကြတဲ့လူဟာ ဘဘဟူ တစ်ယောက်တည်း မဟုတ်သေးပါဘူး"

"မင်းဆိုလိုတာကို ငါသိပါတယ်၊ ဒါပေမယ့် ငါချောက်ထဲကျသွားစဉ်က နွယ်ကြိုးကို ဖြတ်ပစ်လိုက်တဲ့ ပစ္စည်းကတော့ မင်းဖခင်ကြီး သုံးနေကျ ငွေပြားပစ်လက်နက်ပုန်း တစ်ခုပါပဲ၊ အဲဒီပစ္စည်း ခုထိ ငါ့ဆီမှာ ရှိနေသေးတယ်"

"ဒီကိစ္စအတွက် ကျွန်မလဲ သိပါတယ်၊ ရှင်ပျောက်သွားပြီးတဲ့နောက်ပိုင်း သွေးသောက်ညီအစ်ကိုတွေ ရွာက တချို့ထွက်သွားခဲ့ကြတယ်၊ ဖေဖေ့ကိုလဲ မယုံသင်္ကာရှိနေကြတယ်နဲ့ တူပါတယ်၊ ပန့်စန်ဖိန် အိမ်ကြီးကိုလဲ သိပ်အဝင်အထွက် မလုပ်ကြတော့ဘူး"

"ဟုတ်တယ်၊ ပန့်စန်ဖိန် အိမ်ကြီးမှာ လိရှောက်ကွမ်း တစ်ယောက် ရောက်နေတော့ ငါ့အနေနဲ့ လာဖို့ ခက်သွားတာပေါ့၊ နောက်တစ်ချက်က အဲဒီလိရှောက်ကွမ်း အတုရဲ့ စုံစမ်းထောက်လှမ်းချက်တွေကို ငါစောင့်ကြည့်ချင်တာလဲ ပါပါတယ်"

"ခုဆို ရှင်လဲ ကျွန်မ ဖခင်ကြီးရဲ့ သဘောထားကို သိလောက်ပြီပေါ့၊ လိရှောက်ကွမ်းနဲ့ ကျွန်မကို ဖခင်ကြီးကိုယ်တိုင် သဘောတူ



ပေးစားဖို့ စီစဉ်လိုက်ပြီ ဖြစ်တဲ့အတွက် ဒီအချက်ပေါ် မူတည်ပြီး ကျွန်မ ဖခင်ကြီးအပေါ် ရှင် ကျေနပ်မှုရှိပါသလား"

"အမှန်ပြောရရင် သူ့သမီး အရင်းကို လိရှောက်ကွမ်းနဲ့ ပေးစားလိုက်ရုံနဲ့ သူ့မှာ အပြစ်မရှိကြောင်း အထောက်အထား မခိုင်လုံသေးပါဘူး"

ရှောင်ယွင်က အနည်းငယ် မခံချင်ဖြစ်သွားကာ...

"ဒါဖြင့် ဘယ်လို သက်သေ အထောက်အထားကို ပြရမှာလဲ၊ သူ့နှလုံးသွေးကိုပဲ ဖောက်ပြမှ သက်သေခိုင်လုံမှာတဲ့လား"

ကျောက်ကျားကျိုရွာမှာ လွန်ခဲ့တဲ့ တစ်ရက်နှစ်ရက်အတွင်းက ဘာတွေ ဖြစ်ပျက်ခဲ့တယ်ဆိုတာ မင်းသိရရင် ဒီစကားမျိုး ပြောမှာ မဟုတ်ဘူး"

"ကျွန်မ ကျောက်ကျားကျိုရွာမှာ ဘာတွေဖြစ်နေတယ်ဆိုတဲ့ အချက် သိလိုစိတ် မရှိဘူး၊ ကျွန်မသိချင်တာက ခုဘာရည်ရွယ်ချက်နဲ့ ရှင် ဒီပန့်စန်ဖိန်ကို လာခဲ့ရတာလဲ၊ ဒီမှာရှိနေတဲ့ လိရှောက်ကွမ်းဟာ အစစ်မဟုတ်ကြောင်း လာပြောရုံ သက်သက်ပဲလား"

"မှန်ပါတယ်၊ ငါဒီနေ့ညလာရတဲ့ ရည်ရွယ်ချက်တွေကတော့ မင်းငါပြောတာ ယုံမယုံအပေါ်မှာ မူတည်နေတယ်၊ ဆက်ပြောသင့် မပြောသင့် ဆိုတာ မင်းအပေါ်မှာ ရှိနေပါတယ်"

"ကောင်းပြီလေ၊ ရှင့်တစ်ခြားရည်ရွယ်ချက်တွေကို ဆက်ပြောနိုင်ပါတယ်၊ ဒါပေမယ့် ရှင်သိထားဖို့က ခု ဒီအိမ်ကြီးမှာ ရှိနေတဲ့ လိရှောက်ကွမ်းဟာ အစစ်မဟုတ်ဘူးဆိုတာ ကျွန်မ သိထားပါတယ်"

လိထိကျင်းမှာ သူမ၏ စကားကြောင့် မယုံကြည်နိုင်အောင် ဖြစ်သွားပြီး...

"ဘာ... မင်းဘယ်လို ပြောလိုက်တာလဲ၊ သူ့ကို လိရှောက်ကွမ်း အစစ်မဟုတ်ဘူးဆိုတာ မင်းသိထားတယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူ ပန့်စန့်ဖိန် အိမ်တော်ကြီးကို ရောက်လာတဲ့ ဘတိယညမှာပဲ သူ လိရှောက်ကွမ်း အစစ်မဟုတ်ဘူး ဆိုတာ ကျွန်မ တို့သားအဖ နှစ်ယောက်လုံး သိထားခဲ့ကြတယ်၊ အဲဒီကိစ္စကိုလဲ ကျွန်မတို့ သားအဖ နှစ်ယောက်လုံး ဆက်လက်လေ့လာစုံစမ်းနေ တယ်"

"နို့ ဘာဖြစ်လို့ သူ့ကို ..."

"ဘာကြောင့် သူ့ကို လက်ထပ်ဖို့ သဘောတူရသလဲ ဆိုတာ ရှင် မေးချင်တယ် မဟုတ်လား"

ရှောင်ယွင်က စကားဆုံးသည်နှင့် မျက်နှာတွင် ရှက်သွေး ရောင်သန်းသွားကာ ရုတ်တရက် ခေါင်းငုံ့ထားပြီး တိုးတိုးပြော လိုက်၏။

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်မကိုယ်တိုင် သဘောတူခဲ့လို့ပါပဲ"

"ဩော် ... မင်းကိုယ်တိုင်က သဘောတူခဲ့တာကိုး"

"ဟုတ်ပါတယ်၊ သူ့အပေါ်မှာ ကျွန်မချစ်မြတ်နိုးခဲ့တဲ့ အတွက် ကြောင့်ပဲ ဖြစ်ပါတယ်"

လိထိုကျင်းမှာ ရုတ်တရက် စကားမပြောနိုင်ဘဲ အတန်ကြာ သည်အထိ တွေဝေသွား၏။ နောက်မှ သက်ပြင်းတစ်ချက် လေးဖင့် စွာ ချလိုက်ပြီး ...

"ဒီလို ဖြစ်လိမ့်မယ်မှန်း ငါလုံးဝထည့်မစဉ်းစားမိခဲ့ဘူး"

လိထိကျင်းက စိတ်ထိခိုက်စွာ ပြောလိုက်ရာ ရှောင်ယွင်က တည်ငြိမ်သော မျက်နှာထားဖြင့် ...

"ကဲ ... ကျွန်မတို့ အသေးစိတ် ဆက်ဆွေးနွေးကြတာပေါ့၊ အမှန်တော့ သူ့အပေါ်ကို ကျွန်မရဲ့ ဆက်ဆံမှုဟာ ဆန်းကြယ်ပါ တယ်၊ ကျွန်မ ရင်းနှီးခင်တွယ်ဖူးတဲ့ လိရှောက်ကွမ်း အနေနဲ့ပဲ သူ့ကို ပြောဆို ဆက်ဆံခဲ့တယ်၊ နောက်ပိုင်း သူ လိရှောက်ကွမ်း အစစ်မဟုတ်ကြောင်း သိလာရတဲ့နောက် သူ့ရဲ့ စိတ်နေသဘောထား



ကို ဆက်ပြီး အကဲခတ်ကြည့်ရှုတဲ့ အခါမှာ သူဟာ စိတ်ကောင်းရှိပြီး လူကောင်းတစ်ယောက် ဖြစ်တယ်ဆိုတာ သိခဲ့ရတယ်၊ ဒါနဲ့ပဲ"

"မင်းဆိုလိုချင်တာကို ငါသိပါပြီ၊ ချစ်ခြင်းမေတ္တာ ဆိုတဲ့ သဘောတရားဟာ အတော့်ကို ဆန်းကြယ်တဲ့ ကိစ္စတစ်ခုပါပဲ"

"ရှင် ကျွန်မကို အထင်မလွဲစေချင်ဘူး"

"ငါသိပါတယ်၊ ငယ်ရွယ်စဉ် အချိန်က တွယ်တာမှုဟာ တွယ် တာမှုပါပဲ၊ အချစ်နဲ့ မဆိုင်ဘူး၊ နောက် မင်းနဲ့ ငါနဲ့ အတည့်အလင်း စေ့စပ်ထားတာမှ မဟုတ်ပဲ ရှိနေတဲ့တိုင် ငါပျောက်ဆုံးနေတယ်ဆို တော့ သိပ်ထူးခြားမှု မရှိပါဘူး"

ရှောင်ယွင်က ကျေးဇူးတင်စွာ ကြည့်ရင်း ...

"ဟုတ်ကဲ့၊ ရှင့်ကို ကျွန်မ ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူး၊ ငါတို့ဟာ မောင်နှမအရင်းတွေလိုပဲ ဆက်ဆံ ကြဖို့ပဲ ရှိတော့တာပေါ့"

ရှောင်ယွင် စိတ်မကောင်းဖြစ်သွားရ၏။

"အစကတည်းက ရှင်နဲ့ အတူတူ ရောက်လာခဲ့မယ် ဆိုရင် ခုလို ဖြစ်ချင်မှ ဖြစ်မှာပါ"

"ဒီလိုလဲ မဟုတ်သေးပါဘူး၊ ဘဝရေစက်ဆိုတာ ရှိပါတယ်၊ သူနဲ့ မင်းနဲ့က ရေစက်ရှိခဲ့ကြလို့ပါပဲ၊ မင်းနဲ့ငါကတော့ ဖူးစာဖက် မဖြစ်နိုင်တဲ့ အကြောင်းက ပါလာခဲ့တဲ့အတွက် ဖြစ်ပါလိမ့်မယ်"

ရှောင်ယွင်၏ မျက်လုံးအစုံမှာ မျက်ရည်များ ရစ်ဝဲလာပြီး ...

"အင်းပေါ့လေ၊ ခုချိန်ကျမှတော့ ဘဝရေစက်ကိုပဲ ပုံချရတော့ မှာပဲ"

"ဒါနဲ့ မင်းဖခင်ကြီးရဲ့ သဘောက ဘယ်လိုရှိသလဲ"

"ဖေဖေ့ရဲ့ သဘောက သူလိရှောက်ကွမ်း အယောင်ဆောင် လာရတာဟာ ရှင့်ဖခင်ပေးအပ်သွားတဲ့ သံသေတ္တာလေးကို ရယူလို ချင်တဲ့အတွက် ဖြစ်မယ်ထင်တယ်၊ ဒါပေမယ့် သူဟာ စိတ်ကောင်းရှိ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ လူကောင်းတစ်ယောက် ဖြစ်မှန်းသိလို့ ကျွန်မတို့ကို သံသေတ္တာပေးပြီး ဝေးဝေးနေစေချင်တဲ့ သဘောမျိုးလဲ ပါခဲ့ပါတယ်"

"ခုတော့ လိရှောက်ကွမ်းအစစ် ပေါ်ပေါက်လာတဲ့အတွက် ရှင့်ဖခင်ကြီးရဲ့ ပစ္စည်း ရှင့်ကို ပြန်ပေးခိုင်းပါ့မယ်၊ ဒီအတွက် ဘာမှ မပူပါနဲ့"

"မင်း ငါ့အပေါ် အထင်လွဲပြန်ပြီ၊ ငါ ဒီသံသေတ္တာလေး အကြောင်းပြောလို့ အဲဒီပစ္စည်းနဲ့ ပတ်သက်ပြီး ပြောစရာစကား လိုချင်လို့ မင်းဆီလာတာ မဟုတ်ဘူး၊ မင်း ပြောမှ သံသေတ္တာလေး တစ်ခုအကြောင်း သတိရလာပြန်ပြီ"

"ပြောစမ်းပါဦး၊ ဘာအကြောင်းများလဲ"

"အကြောင်းကတော့ ဒုတိယဦးဦးလက်သီးဗိုလ်ဖန်းကန် ဆီက ကြားရတဲ့ သတင်းတစ်ခုပါပဲ၊ သူရောက်နေတာကို မင်းတို့ မသိသေးဘူးနဲ့ တူတယ်"

"ဟင် ဒုတိယဦးဦးလဲ ရောက်နေပြီ ဟုတ်လား"

"နေ့လယ်ကပဲ ရောက်တယ်၊ ခု ဘာဘာဟူဆိုင်မှာရှိနေပါတယ်"

"ဆိုစမ်းပါဦး၊ သူ့ဆီက ဘာသတင်းများ ကြားခဲ့လို့လဲ"

"သူပြောတာကတော့ သိုင်းလောကမှာ ရှိကြတဲ့ ထိတ်ထိတ်ကြဲ သိုင်းအကျော်အမော်တွေ ဒီကျောက်ကျားကျိုရွာကို အလုအယက် လာကြလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ ရွာထဲမှာ ရတနာ ပစ္စည်းသုံးမျိုး ပေါ်ပေါက်နေတယ်လို့ ဆိုပါတယ်၊ အတွင်းအား လေ့ကျင့်နည်း သိုင်းကျမ်းစာအုပ်ရယ်၊ အသက်ရှည်ဆေးလုံးရယ်၊ ဓားတုတ်ပြီးတဲ့ အကျီ စတဲ့ ရတနာပစ္စည်း သုံးမျိုးပါပဲ"

ရှောင်ယွှင်မှာ အလွန်အံ့အားသွားပြီး မျက်လုံး အစုံ ပြူးကျယ်လာကာ ...

"ဟင် ... ဒီပစ္စည်းတွေ ရွာထဲမှာ ရှိနေတယ်ဆိုတာ ကျွန်မတို့ မကြားမိပါလား"



"အေး ... ဟုတ်တယ်၊ မင်းမပြောနဲ့ ဘာဘာဟူတောင် ဒီသတင်းကို မကြားခဲ့ဘူး၊ ခု ဒုတိယဦးဦး ရောက်လာမှ ဒီအကြောင်းတွေ သိရတာ"

လိထိကျင်းက ခပ်တည်တည်နှင့် ...

"ရှောင်ယွှင် မင်းစိတ်မဆိုးနဲ့နော်၊ ငါထင်တဲ့အတိုင်းပြောရမယ်ဆိုရင် မင်းဖခင်ကြီးဟာ ငါ့အဖေကို လုပ်ကြံပြီး သံသေတ္တာလေးကို အရယူခဲ့တယ်၊ ပြီးတော့ ငါ့ကိုပါ ချောက်ထဲကျပြီး အစပျောက်ရှင်းပြန်တယ်၊ ဒီနောက်တော့ အခုရောက်နေတဲ့ လိရှောက်ကွမ်းအတုကို သံသေတ္တာလေး ပေးပြီး သိုင်းအကျော်အမော်တွေ ဒီရွာကို လာအောင် တမင်သတင်းလွှင့်တာ ဖြစ်မယ်၊ မင်းတို့ မင်္ဂလာမဆောင်မီ အချိန်လေးမှာ လိရှောက်ကွမ်းအတုမှာ ရှိနေတဲ့ သံသေတ္တာလေးကို သိုင်းသမားတွေက အတင်းလုယူ တိုက်ခိုက်ပြီး လိရှောက်ကွမ်းကို သတ်ခိုင်းလိုက်တာနဲ့ ဘာမှ မခြားဘူး၊ အဲဒီအကြံအစည်ဟာ အတော့်ကို ရိုင်းစိုင်းပက်စက်ရာ ကျလွန်းနေတယ်"

ရှောင်ယွှင်မှာ ဖခင်ကြီးအတွက် မခံချင်သော်လည်း စိတ်ကို ချုပ်တီးထားလိုက်ပြီး ဆက်ပြောလိုက်သည်။

"ရှင်ဆိုလိုတာက ရှင့်ဖခင်ကြီးပေးအပ်သွားတဲ့ ဟိုသံသေတ္တာလေးထဲမှာ အဲဒီ ရတနာပစ္စည်းသုံးမျိုး ရှိနေတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့"

"ဟုတ်မဟုတ်တော့ တပ်အပ်သေချာ မပြောနိုင်သေးဘူး၊ ခု ငါပြောခဲ့တဲ့ စကားတွေဟာ ငါ့ရဲ့ တွေးဆချက်တွေပဲ ဖြစ်တယ်၊ ဟုတ်မဟုတ်တော့ ခိုင်လုံတဲ့ သက်သေ အထောက်အထားတွေကို ဆက်လက်ရှာဖွေ ဖော်ထုတ်ရဦးမှာပဲ"

"ရှင် ဘာသက်သေ အထောက်အထားကိုမှ ရှာစရာမလိုပါဘူး၊ ကျွန်မရဲ့ဖခင်ကြီးက ရှင့်ဖခင်ကြီးကိုလဲ မသတ်ခဲ့ဘူး၊ ရှင့်ကိုလဲ

www.burmeseclassic.com

www.burmeseclassic.com



ငွေပြား လက်နက်ပုန်းနဲ့ ချောက်ထဲကျအောင် လုပ်တယ်ဆိုတာလဲ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဟိုသံသေတ္တာလေးဟာ ခုထိ ခြေရာလက်ရာ မပျက်ပဲ ရှိနေလို့ပါပဲ၊ နောက်ပြီး လိရှောက်ကွမ်းကို လဲ အဲဒီ ခြေရာလက်ရာ မပျက်သေးတဲ့ သံသေတ္တာလေးကို ပေးလိုက်ပြီးပြီ၊ အဲ့ဒါကြောင့် သံသေတ္တာလေးထဲမှာ ဘာပစ္စည်းရှိတယ် ဆိုတာ ကျွန်မဖခင်ကြီး ခုထိလုံးဝ မသိရှိသေးတာ အမှန်ပါပဲ"

"ရှောင်ယွင် မင်းငါ့ကို အထင်သေးပြန်ပြီ၊ ငါဟာ အမှားနဲ့ အမှန်ကို ခွဲခြားနိုင်စွမ်းရှိတဲ့ လူတစ်ယောက်ပါ၊ တကယ်လို့ ငါဟာ ဒီနေရာမှာ ဖွတ်တရွတ်ဝင်ပြီး မွှေနှောက်လိုက်မယ်ဆိုရင် ငါ့ရဲ့ဓားကွက်ဆယ်ကွက်ကို ခုခံနိုင်တဲ့ သိုင်းသမားတစ်ယောက်မှ မရှိဘူး၊ ဒါပေမယ့် သက်သေအထောက်အထား မခိုင်လုံတဲ့အတွက် ငါခုထိဘာမှ မလုပ်ခဲ့သေးဘူး၊ ငါ့ရဲ့သံသယ ဖြစ်နေတဲ့ စိတ်နဲ့ ဖြစ်နိုင်စရာ အကြောင်းတွေကိုသာ မင်းကိုငါပြောပြနေခြင်း ဖြစ်တယ်"

"ရပါတယ်၊ ရှင်သက်သေ အထောက်အထား ရှာဖို့ဆိုတာ ကျွန်မလဲ သဘောတူပါတယ်၊ ကျွန်မရဲ့ ဖခင်ကြီးဆိုပြီး ကျွန်မက တဘက်သတ် ကာကွယ် မပြောလိုပါဘူး၊ ရှင်တစ်ခုမေ့နေတဲ့ အချက်တစ်ချက်ရှိနေတယ်၊ တကယ်လို့ ရှင့်ကို ကျွန်မ ဖခင်ကြီးက ချောက်ထဲကျအောင် လုပ်ခဲ့တယ်ဆိုရင် အခု လိရှောက်ကွမ်းအတု ဟန်ဆောင်ပြီး ဒီအိမ်ကြီးကို လာစရာအကြောင်း မရှိနိုင်ဘူး"

"နောက်တစ်ချက်က သူတစ်ယောက်ထဲ အသုံးပြုတဲ့ လက်နက်ပုန်းနဲ့ ရှင့်ကိုပစ်မှာလဲ မဟုတ်ဘူး၊ ကျွန်မဖေဖေဟာ ဒီလောက်တော့ အ,မယ်မထင်ပါဘူး၊ အမှန်တော့ ရှင့်ဖခင်ကြီးကို သတ်တဲ့ တရားခံက နောက်ထပ် ဟိုသံသေတ္တာလေးကို အရယူဖို့ ရှင်နဲ့ ရုပ်ဆင်တူတဲ့ လူတစ်ယောက်ကို စေလွှတ်ပြီး ဒီသံသေတ္တာလေးကို အရယူခိုင်းတာပဲ ဖြစ်ရမယ်"



"မင်းပြောတာ သဘာဝကျပြီး ဖြစ်နိုင်စရာ အကြောင်းရှိတယ်၊ ...နဲ့ ဘာဘာဟူလဲ ဒီအတိုင်းပဲ တွက်ဆခဲ့ကြတယ်"

"ဒီတော့ ရှင့်ရဲ့ မသင်္ကာမှုတွေဟာ ဖြစ်နိုင်ပါတော့မလား"

"ဘာပဲဖြစ်ဖြစ် ငါကတော့ လူသတ်တရားခံ အစစ်ကို မရအရ ဖော်ထုတ်စုံစမ်းရမှာပဲ"

"စုံစမ်းနိုင်ပါတယ်၊ ကျွန်မကလဲ တရားခံ အမြန်ဆုံး ဖော်ထုတ်နိုင်ပါစေလို့ ဆုတောင်း လိုက်ပါတယ်၊ ရှင့်ရဲ့ သက်သေအထောက်အထား ရှာပုံတော်ကြီးမှာ ကျွန်မရဲ့ အကူအညီ လိုအပ်ပါသေးလား"

"မင်းက တကယ်တော့ အကူအညီပေးလိုတဲ့ ဆန္ဒရှိရဲ့လား"

"ရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မရဲ့ ဖခင်ကြီးလဲ ဒီကိစ္စတွေ ဖြစ်ပြီးကတည်းက တစ်နေ့မှ စိတ်ချမ်းသာပုံမပေါ်ဘူး၊ သူ့ရဲ့ သွေးသောက်ညီတော်တွေလဲ သူ့အနားက တဖွဲဖွဲ ခွာထွက်သွားကြပြီလေ၊ ဒါကြောင့် ဖခင်ကြီးက နေ့ရှိသရွေ့ စိတ်ဆင်းရဲတဲ့ ဘဝနဲ့ ခံစားနေရပါတယ်၊ တစ်ခါတစ်ခါ စိတ်ညစ်လွန်းအားကြီးပြီး၊ သူ့ကိုယ်သူတောင် သတ်သေဖို့ ကြံရွယ်ခဲ့ပေါင်းလဲ မနည်းတော့ဘူး၊ ဒါကြောင့် ရှင်သာ လူသတ်တရားခံ ဖော်ထုတ်နိုင်ခဲ့မယ်ဆိုရင် ကျွန်မတို့သားအဖ နှစ်ယောက်လုံး စိတ်ချမ်းသာကိုယ်ချမ်းသာ ဖြစ်ရမှာပါ၊ အဲဒီအတွက် ရှင်လိုအပ်တဲ့ အကူအညီများရှိရင် ကျွန်မ တတ်နိုင်သလောက် ပေးဖို့ အသင့်ပါပဲ"

"မင်းရဲ့ စိတ်ဆန္ဒသဘောထားနဲ့ မင်းခံစားနေရတဲ့ ခံစားချက်တွေကို ငါသိရပါပြီ၊ မင်းငါ့ကို အကူအညီပေးမယ်ဆိုတဲ့ အတွက် ကျေးဇူးပဲကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ငါ စုံစမ်းတွေ့ရှိလို့"

"ရှင် စိတ်ချပါ၊ ခိုင်လုံတဲ့ သက်သေအထောက်အထားတွေ ရပြီဆိုတဲ့ အခါမှာ တရားခံဟာ ကျွန်မဖခင်ကြီး ဖြစ်နေမယ်ဆိုရင် ကျွန်မ အသက်နဲ့ရင်းပြီး လျော်ပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



လိထိကျင်း စိတ်မကောင်း ဖြစ်ရပြန်သည်။ ရှေ့ဆက်ပြော ရမည့် စကားများပင် မထွက်နိုင်အောင် ဖြစ်နေခဲ့ရ၏။

အကယ်၍ တရားခံသည် ငွေပြားပစ်ဝိဇ္ဇာ ကျောက်ကျိုလင် ဖြစ်နေစေကာမူ ရှောင်ယွင်၏ အသက်ကို လိထိကျင်း မည်သို့မျှ ယူရက်မည် မဟုတ်။

အတန်ကြာမှ စကားလမ်းကြောင်းပြောင်းပြီး မေးလိုက်သည်။

"ရှောင်ယွင် ဟိုလူရွယ်လေးဟာ လိရှောက်ကွမ်းအတု သိ တော့ သူဘယ်ကလာပြီး ဘယ်သူက နိုင်းတယ်ဆိုတာမင်းသိသလား"

"ကျွန်မ မသိပါဘူး"

"မင်း စိတ်ချပါ ငါသူ့အပေါ် လုံးဝအန္တရာယ် မပေးပါဘူး"

"ကျွန်မ ဖေဖေက သူ့ကို မေးမလို့ပါပဲ၊ ဒါပေမယ့် ကျွန်မက မမေးဖို့ တားမြစ်ထားခဲ့လို့ပါ၊ ကျွန်မသဘောက သူ့ဘာသာသူ ပြောပြစေချင်တဲ့ ဆန္ဒရှိနေလို့ပါ၊ တကယ်လို့ သူ့ကို မေး အကြောင်းမထူးပဲ၊ လန့်ဖျပ်ပြီး ပြန်ပြေးသွားမှာတောင် စိုးရ တယ်မဟုတ်လား။ ကျွန်မ သူ့အပေါ်မှာ သံယောဇဉ် ဖြစ်နေမိပါပြီ ဘွင်းဘွင်းဝန်ခံရရင် ကျွန်မ သူ့ကို မခွဲခွာနိုင်တော့ ပါဘူးရှင်"

လိထိကျင်းက ရှောင်ယွင်၏ ခံစားမှုများကို ကိုယ်ချင်းစာမိ အထင်သေးမှု လုံးဝ ဖြစ်ပေါ်မလာခဲ့။

"သူက မင်းကို ဖွင့်ပြောမယ်လို့ ယုံကြည်နေသလား"

"ကျွန်မတော့ တစ်နေ့နေ့မှာ သူ့ဘာသာသူ ဖွင့်ပြောလိမ့်မယ် လို့ ယုံကြည်နေပါတယ်၊ ခက်တာက ခုထိ သူ သံသေတ္တာလေး ဖွင့်မကြည့်သေးတာပဲ"

"ဒီကိစ္စအတွက် သူ့ကို လူတစ်ယောက်ယောက်က ဒီ စေလွှတ်လိုက်တာ ဖြစ်ရမယ်၊ သူ့နောက်ကွယ်မှာလဲ အကူအညီ ဖို့ဖြစ်ဖြစ်၊ သူ့ကိုစောင့်ကြည့်ဖို့ဖြစ်ဖြစ်၊ လျှို့ဝှက်တဲ့ လူတစ်ယောက် ရှိနေမှာ အမှန်ပဲ"



ရှောင်ယွင် မျက်စိမျက်နှာပျက်သွားပြီး ...

"ဟင် ... သူ့နောက်မှာ လျှို့ဝှက်တစ်ယောက် စောင့်ကြည့်နေတယ် ဟုတ်လား"

"အေး ... ငါအထင်မှန်နေမယ်ဆိုရင် ခုဆို သူ့ကိုစောင့်ကြည့်နေတဲ့ လျှို့ဝှက်လူဟာ သူ့ကို အယုံအကြည်မရှိ ဖြစ်နေလောက်ပြီ၊ ဘာဖြစ်လို့လဲဆိုတော့ သူ ဟိုသံသေတ္တာလေး ရရှိနေပေမယ့် ခုထိ ဒီနေရာက ထွက်ခွာမသွားသေးဘူး၊ တကယ်လို့ သူ့နောက်ကွယ်က လူကိုယ် မင်းကို ပြောပြလိုက်မယ်ဆိုရင် သူ့သေတွင်းသူ တူးသလို ဖြစ်သွားမှာပေါ့"

ရှောင်ယွင်မှာ ထိတ်လန့်တကြား ယောင်၍ပင် ခုန်ထလိုက်မိ၏။

"ဒါလဲ ငါ့ရဲ့ တွေးဆချက်တွေပါပဲ၊ ဒါပေမယ့် ဖြစ်နိုင်ဖို့ အလားအလာ အများကြီးရှိတယ်၊ မင်း သူနဲ့ နေ့တိုင်းတွေ့နေတဲ့ ဟာပဲ၊ နည်းနည်းပါးပါး အကဲခတ်မကြည့်ဘူးလား"

လိထိကျင်း၏ စကားကြောင့် ရှောင်ယွင်မှာ မျက်လုံးများ ပြူးသထက်ပြူးလာပြီး တစ်စုံတရာကို သတိရလာဟန်ဖြင့် ...

"ရှင် အခုပြောမှပဲ ကျွန်မ သတိရလာတော့တယ်၊ သူဟို သံသေတ္တာလေး မရရှိခင်က ဘာမှ မဖြစ်ဘူး၊ အဲ သံသေတ္တာလေးလဲ သူ့လက်ထဲ ရောက်လာကတည်းက သူကြောင်တောင်တောင် ဖြစ်လာတယ်၊ တစ်ခါတလေ သူ့အမူအရာ အပြောအဆိုတွေဟာ မှုမမှန်ပဲ မျက်ပန်းပျက် ဖြစ်လာခဲ့တယ်၊ တစ်နေ့က သူတော်တော်လေး စိတ်မချမ်းမသာ ဖြစ်နေပုံ တွေ့ရတယ်"

ရှောင်ယွင်က စကားကိုဖြတ်ကာ လိထိကျင်းအား အကူအညီ တောင်းခံလိုသော မျက်လုံးအစုံဖြင့် ကြည့်ပြီး ဆက်ပြောပြန်သည်။

"အခု ဘယ်လိုလုပ်ရင်ကောင်းမလဲ၊ သူ့ကိုစောင့်ကြည့်နေတဲ့လူဟာ ဘယ်သူ ဖြစ်နိုင်မလဲ၊ ရှင်ပြောသလိုဆိုရင် အဲဒီက သူ့

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်က ဖွင့်ပြောမှာကို ကျွန်မ မျှော်လင့် တောင့်တနေခဲ့မိတယ်
ခုတော့ သူဖွင့်ပြောမှာကိုပဲ ကျွန်မ အလွန်စိုးရိမ်နေ မိပြီ၊ ဘယ်
လုပ်ရင် ကောင်းမယ်ဆိုတာ ကျွန်မကို အကြံဉာဏ် ပေးစမ်းပါဦးရှင်"

"ဒီကိစ္စက အလွန်ကြီးလေးတဲ့ ကိစ္စကြီးဖြစ်နေလို့ ငါ့အနေ
အရမ်းအကြံပေးဖို့ မလွယ်ဘူး၊ တစ်ခုခု ချွတ်ယွင်းသွားရင် ငါ့မှာ
တာဝန်ရှိနေတယ်"

ရှောင်ယွင် အလွန်အမင်း ဝမ်းနည်းသွားကာ ...

"ကျွန်မတို့ မင်္ဂလာမဆောင်ခင် သူဖွင့်ပြောခဲ့ရင် ကျွန်
တို့ရဲ့ မင်္ဂလာပွဲ ဖြစ်တော့မယ် မထင်တော့ဘူး၊ တကယ်လို့ မင်္ဂလာ
ပြီးမှ ဖွင့်ပြောခဲ့ရင်တော့ ကျွန်မ မုဆိုးမ ဖြစ်သွားမှာ သေချာတယ်
ဒီတော့ ရှင် ကျွန်မကို ကူညီပါအုံးရှင်"

လိယ်ကျင်းက အလေးအနက် စဉ်းစားလိုက်ပြီး ...

"အင်း ... နည်းလမ်းတစ်ခုတော့ရှိတယ်၊ ဒါပေမယ့် စွန့်စား
လိုပြီ၊ အန္တရာယ်တော့ ရှိတယ်"

"ဟုတ်ကဲ့ ဘယ်လိုနည်းလမ်းမျိုးပါလဲ"

"မင်း ငါ့ကို လိရှောက်ကွမ်းအစစ်ဆိုတာ ယုံကြည်ရဲ့လား
ယုံကြည်ခဲ့ရင် ငါ ဒီမှာပဲ စောင့်နေမယ်၊ ဟိုသံသေတ္တာလေးကို
ယူလာခိုင်းပြီး သူ့ကို ငါနဲ့ တွေ့ပေးစေချင်တယ်"

"ဟင် ... ကျွန်မ သူ့ကို ခေါ်ပေးရမယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ မင်းစိတ်ချပါ၊ သူ့ရဲ့လုံခြုံရေးကို ငါလုံး
တာဝန်ယူပါတယ်"

ရှောင်ယွင် မျက်ရည်များ ရစ်ဝဲလာခဲ့ပြီး စိတ်ထိခိုက်စွာဖြင့် ...

"ကျေးဇူးတင်ပါတယ်၊ ရှင်ဟာ ငယ်စဉ်ကလိုပဲ စိတ်ထား
အလွန်မွန်မြတ်လှပါပေတယ်"

ပြောပြောဆိုဆို လိရှောက်ကွမ်းအတွက် ခေါ်ရန် ရှောင်ယွင်
အပြင်ဘက်သို့ ထွက်ခွာသွားတော့မည့် ဆဲဆဲတွင် ...



"ရှောင်ယွင် ခဏနေဦး"

"ဘာများ ထပ်ပြောချင်လို့ပါလဲ"

"ခု မင်းနဲ့ ဘဘဟူတို့နှစ်ယောက်သာ ငါ့ကို လိရှောက်ကွမ်း
စစ်ဆိုတာ သိထားကြသေးတာ မင်းဖခင်ကြီးကို ပေးမသိစေချင်
ဘူး"

"ကျွန်မသိပါတယ်၊ တော်ကြာ သူနဲ့ အတူပြန်လာပြီး ရှင့်ကို
ပြောရင် ကျွန်မတို့ ရှင့်နာမည် ဘယ်လိုခေါ်ရမှာလဲ"

"ငါ့မှာ တခြားနာမည်ရှိတယ်၊ သိုင်းလောကမှာ ခေါ်ကြတဲ့
နာမည်ကတော့ ထိလူဟုန်းလို့ ခေါ်ကြတယ်"

ရှောင်ယွင် မျက်လုံးတစ်ဖက် မြင့်တက်သွားပြီး အံ့သြသွား
...

"ဩော် ... သိုင်းသမားတွေ ပြောပြောနေကြတဲ့ လေပြင်း
သမား ထိလူဟုန်းဆိုတာလား"

"အင်း ... မင်းလဲ ငါ့နာမည်ကို ကြားဖူးနေပါလား"

"ဟုတ်ကဲ့၊ ဒုတိယ ဦးဦးဖန်းပြောသံကြားတာကတော့ အခု
ရှိ သိုင်းလောကထဲမှာ လေပြင်း ဓားသမား ထိလူဟုန်းနဲ့
ပြိုင်နိုင်တဲ့ သိုင်းသမား မရှိသေးဘူးလို့ ပြောသံကြားတယ်၊
လောကထဲမှာ ရှိတဲ့ အမျိုးသမီး သိုင်းသမားတော်တော်များများ
ရှင့်အပေါ်မှာ ဝိုင်းပြီး ကြိုက်နေကြတယ်လို့လဲ ကြားဖူးပါတယ်"

နောက်တစ်ခုရှိသေးတယ်၊ မိန်းမချော သိုင်းအကျော်အမော်
လင်ချူချွန်းဆိုတဲ့ မိန်းမချောတစ်ယောက်ဟာ ရှင့်နောက်ကို
လိုပဲ အမြဲ လိုက်ပါနေတယ်လို့ ကြားဖူးတယ်၊ အဲဒါ အဟုတ်
"

လိထိကျင်းက အမှန်အတိုင်းပင် ဖြေလိုက်သည်။

"မိလျံ လင်ချူချွန်းဟာ ခု ဘဘဟူရဲ့ တည်းခိုခန်းမှာ ရောက်
ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့အပေါ်ကို ရှင်ဘယ်လို သဘောထားပါသလဲ"

"သူ့ရဲ့ စေတနာနဲ့ မေတ္တာတရားကို ငါ့အနေနဲ့ လျစ်လျူ မထားချင်ဘူး"

"ဒါဆိုရင် တော်ပါပြီ၊ ကျွန်မလဲ ရှင့်အတွက်စိတ်အေးရပြီ"

ထိုအခိုက် အခန်းအပြင်ဘက် ခပ်လှမ်းလှမ်းမှ ခြေသံ လိုက်ရ၏။

လီထိကျင်းက ကြားရသော ခြေသံကို ခန့်မှန်း၍ ပြော သည်။

"ဒီလူရဲ့ ခြေသံကို နားထောင်ရခြင်းအားဖြင့် ဒီလူဟာ ပညာအခြေခံ အတော်ကောင်းမွန်ပုံပဲ"

ထိုအချိန်မှာပင် ခြေသံက တံခါးဝအနီးသို့ ရောက်ရှိလာခဲ့ ပြီ။ ထို့ကြောင့် လီထိကျင်းက ...

"ငါခဏရှောင်နေမယ်၊ မင်း သူနှင့် စကားအလျှင်ပြောနှင့်"

ပြောပြောဆိုဆို နောက်ဘက်မှ ပွင့်နေသော ပြတင်းပေါ ခုန်လွှားထွက်သွားလေသည်။

လီထိကျင်း၏ လျှင်မြန်ဖြတ်လတ်ပုံကို ရှောင်ယွင် အ လေး ချီးကျူးမိသည်။ ကိုယ်ဖော့ပညာတွင် အထွတ်အထိပ် အ တိမ်ပျံကုန်းဟိုမှလွဲ၍ လီထိကျင်းလို ကိုယ်ဖော့ပညာတွင် ထိပ်တ သည့်လူ မရှိဟု ထင်မိ၏။

ထိုအချိန်မှာပင် တံခါးပေါက်ဝသို့ လီရှောက်ကွမ်း ရောက် သည်။ သူ့ကိုကြည့်ရသည်မှာ တစ်စုံတစ်ခုသော ကိစ္စအတွက် မကောင်း ဖြစ်နေပုံ ပေါ်နေသည်။

လီရှောက်ကွမ်းက ရှောင်ယွင်အားကြည့်ကာ ကြင်နာ ဖြင့် ...

"မင်း မအိပ်သေးဘူးလား"

"မအိပ်သေးပါဘူး၊ ကျွန်မတို့အတွက် ခေါင်းအုံးစွပ် န်းထိုးနေတာပါ၊ ရှင်လဲ ဘာဖြစ်လို့ မအိပ်သေးတာလဲ၊ မအိပ်ချင် းရင် အခန်းထဲ ဝင်ထိုင်လေ၊ စကားလေးဘာလေး ပြောကြ ပေါ့"



လီရှောက်ကွမ်းမှာ စိတ်ရှုပ်စွာဖြင့် ...

"ဟို ဆဋ္ဌမဦးဦးတို့ ဖနီးမောင်နဲ့တို့က ငါ့ကို ဟိုမေးသည်မေးနဲ့ ည်းကို ကြည့်ပြီး အဆင်ပြေအောင် ပြောလာခဲ့ရတယ်"

စကားပြောပြီး ရှောင်ယွင်၏ ထိုးလက်စ ဇာပန်းကိုကြည့်ကာ ချီးကျူးပြောဆိုနေပြန်သည်။ လီရှောက်ကွမ်းမှာ ခဏသာပြုံးရယ်နေ မျက်နှာမှာ ပြန်လည်ညှိုးငယ်သွားလေသည်။

ရှောင်ယွင်က တည်ကြည်လေးနက်သော အမူအရာဖြင့် လီ ရှောက်ကွမ်းကို မေးလိုက်၏။

"ဦးဦးကုန်းဟိုတို့ လင်မယားက ဘာတွေများ မေးလိုက်လို့ "

"ဩော် ... တို့ခါတိုင်းပြောနေကျစကားတွေပဲ၊ ဘာလုပ်မလဲ၊ ဘယ်မှာနေမှာလဲဆိုတဲ့ စကားတွေအပြင် ကလေးဘယ်နှစ်ယောက် ချင်သလဲ ဆိုတာကအစ အိုစုံလို့ပါပဲကွာ"

ထိုစကားများကြောင့် ရှောင်ယွင်က ပြတင်းပေါက် အပြင် က်တွင် အသင့်ချောင်းမြောင်းနားထောင် နေမည့် လီထိကျင်းအား က်နှာပူကာ ရှက်စိတ်များဝင်လာခဲ့၏။

ရှောင်ယွင်၏ ရှက်စိတ်ဝင်နေသော မျက်နှာလေးမှာ ပန်းနု ရောင် သန်းနေကာ တစ်မျိုးပင် ချစ်စရာ ကောင်းနေသေး၏။

ရှောင်ယွင်က ရှက်စနိုးအမူအရာဖြင့် ...

"တော်ပါတော့ ... တော်ပါတော့၊ ရှက်စရာစကားတွေ ကျွန်မ ရှက်ပါတယ်ရှင်"

"မပြောနဲ့ဆိုလဲ မပြောတော့ပါဘူး၊ ဘာဘာကျော်က ပြောတာက တော့ ခုဆို ဒုတိယ ဦးဦးဖန်းကန်းလဲ ရောက်နေပြီလို့ ပြောတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သန်ဘက်ခါလောက်မှာ တို့မင်္ဂလာအခမ်း အနား စမယ်
ပြောတယ်"

"ဩော် ... သန်ဘက်ခါတဲ့လား၊ ဒီလိုဆို ခေါင်းအုံးစွပ်တွေ
အမြန်ဆုံး ဇာပန်းထိုးတာပြီးအောင် အဆုံးသတ်မှ ဖြစ်တော့မယ်
ကဲ ... ရှင်ခဏထိုင်ပြီးနေဦး၊ ကျွန်မ ခေါင်းအုံးစွပ်တွေကို အပြီးသ
သွားအောင် ဇာပန်းဆက်ထိုးလိုက်ဦးမယ်"

သူမက ပြောပြောဆိုဆို ဇာပန်းထိုးသည့် အလုပ်ကို ဆ
လုပ်နေသည်။ ဇာပန်းထိုးနေသော်လည်း လိရှောက်ကွမ်း၏ အမူအ
များကို *တိတ်တခိုး ချောင်းမြောင်းကြည့်ရှု လေ့လာနေသည်။*

လိရှောက်ကွမ်း၏ အမူအရာများမှာ အလွန်စိတ်ချမ်းမသ
ဖြစ်နေသည့် အမူအရာမျး အထင်းသား ပေါ်လွင်နေသည်ကို တွေ့
ရ၏။

ရှောင်ယွင်က သူဘာပြောမည်ကို စောင့်ဆိုင်းနေရင်း ထ
လက်စ ဇာပန်းကို ဆက်လက်ထိုးလျက်ရှိနေ၏။

ရုတ်တရက် လိရှောက်ကွမ်းက မတ်တတ် ထရပ်လိုက်သည်
ရှောင်ယွင်က ပြန်တော့မည်ထင်၍ လှမ်းမေးလိုက်၏။

"ရှောက်ကွမ်း။ ရှင်ပြန်တော့မလို့လား"

"မပြန်သေးပါဘူး၊ စောစောက ဦးဦးကုန်းဟိုတို့နဲ့ စကားပြေ
တာ နည်းနည်းအချိန်ကြာသွားတဲ့အတွက် ညောင်းတာနဲ့ အခန်းထဲ
လမ်းလျှောက်ချင်လို့ပါ"

ပြောပြောဆိုဆို လိရှောက်ကွမ်းက ရှောင်ယွင်၏ အိပ်ခန်း
မှာပင် ခေါက်တုံ့ ခေါက်ပြန် လက်နောက်ပစ်၍ လမ်းလျှောက်နေ
လမ်းလျှောက်နေရင်း စိတ်ညစ်သော အမူအရာများပေါ်နေကာ တ
တစ်ရာကိစ္စအတွက် စိတ်အနှောင့်အယှက် ဖြစ်နေပုံလည်း ပေါ်နေ
ရှောင်ယွင်မှာ လိရှောက်ကွမ်း၏ အမူအရာများကို ကြည့်
အတော်ပင် စိတ်မကောင်းဖြစ်နေ၏။



ထိုအခိုက် လမ်းလျှောက်နေသော လိရှောက်ကွမ်းထံမှ စကား
သံ ရုတ်တရက် ထွက်ပေါ်လာခဲ့သည်။

"ရှောင်ယွင် မင်းအလုပ်ကို ခဏချထားလိုက်ပါ၊ ငါစကား
နည်းနည်းပြောစရာရှိနေလို့"

ရှောင်ယွင်က တမင်တကာ အမူအရာလုပ်ပြီး ...

"ဘာများ အနှောင့်အယှက်ပေးဦးမလို့လဲ"

"မင်းကို ငါအနှောင့်အယှက် ပေးတာ မဟုတ်ပါဘူး၊ အရေး
ကြီးတဲ့ စကား နည်းနည်းပါးပါး ပြောချင်လို့ပါ"

"ပြောစရာရှိရင် ရဲရဲတင်းတင်း ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါ
တယ်၊ ရှင့်ကြည့်ရတာ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေသလိုပဲ"

"အမှန်တော့ ဒီစကားကို ငါ့အနေနဲ့ မပြောချင်ပါဘူး၊ မပြော
မဖြစ်လို့သာ ပြောရမယ့် စကားဖြစ်ပါတယ်"

ရှောင်ယွင်က လိရှောက်ကွမ်းအား တမင်စိတ်ကို ဆွပေး
လိုက်ပြီး ...

"ဘာလဲ ရှင့်စကားက တခြားတစ်နေရာရာမှာ ရှင်အိမ်ထောင်
ကျခဲ့တဲ့အကြောင်း ပြောမလို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာပြဿနာရှိလို့လဲ၊ အစကတော့ ရှင်ဟာ ရိုးရိုး
သားသားနဲ့ ပြတ်ပြတ်သားသားရှိပြီး ခုမှ ဘာလိုလို ညာလိုလိုနဲ့
အသက်ရှူကျပ်နေသလိုလို ကြည့်ရတာ စိတ်ပင်ပန်းလိုက်တာရှင်"

လိရှောက်ကွမ်း တော်တော်နှင့် စကားပြော မထွက်နိုင်၊ စကား
လုံးများထွက်ရန် မနည်းကြီး ဖျစ်ညှစ်အားယူလိုက်ရဟန် တူသော
လေသံမျိုးနှင့် အသံတုန်ယင်စွာ ပြောလိုက်သည်။

"ရှောင်ယွင်၊ မင်း ငါ့ကို ခွင့်လွှတ်ပါ၊ မင်းနဲ့ အိမ်ထောင်
မပြုနိုင်တော့ဘူး"

ဤစကားမျိုး ကြားရမည်ဟု ရှောင်ယွင်က ကြိုတင်သိထား

www.burmeseclassic.com

www.burmeseclassic.com



သည့် အတွက် အံ့အားသင့်ခြင်း လုံးဝမရှိသည့်အပြင် စိတ်တည်ငြိမ်စွာ ရှိနေခဲ့၏။

သို့သော် စိတ်ထဲတွင်တော့ ဆို့နင့်ကြေကွဲခြင်းကို ခံစားရပြီး မျက်ရည်များ ရစ်ဝဲလာကာ ...

"ရှင် ဘာဖြစ်လို့ ကျွန်မနဲ့ အိမ်ထောင် မပြုနိုင်ရတာလဲ"

"မင်းအပေါ်မှာ ငါမုသားမသုံးချင်လို့ပါ၊ မင်းတို့သားအဖ ငါ့အပေါ် စိတ်စေတနာ ကောင်းထားကြတယ်ဆိုတာ ငါသိတယ်၊ ဒါကြောင့် မင်းကို ငါ့အထူးသဖြင့် မဖျက်ဆီးချင်ဘူး၊ မင်းတို့အိမ်ထောင်စု ပြိုကွဲပျက်စီးသွားမှာကိုလဲ ငါ မလိုလားလို့ပဲ ဖြစ်ပါတယ်"

ရှောင်ယွင်က နားမလည်ဟန်ဖြင့် ...

"ရှင့်စကားတွေကို ကျွန်မ နားမလည်ဘူး"

လီရှောက်ကွမ်း၏ နှုတ်ခမ်းအစုံမှာ တဆတ်ဆတ်တုန်ရင်နေပြီး မဲ့ပြုံးတစ်ချက်ပြုံးကာ ...

"အေး ... ငါခုနေပြောလိုက်ရင် မင်းလန့်ပြီး ထခုန်မှာတောင်စိုးရတယ်၊ နောက် ယုံမယ်လဲ မထင်ဘူး"

"ကျွန်မ ထခုန်ရလောက်အောင် ဘယ်လောက်များ အရေးကြီးတဲ့ စကားမို့လို့လဲ၊ ဘာတွေရော မယုံနိုင်စရာတွေများလဲ ပြောစမ်းပါဦး"

"ရှောင်ယွင် ငါဟာ လီရှောက်ကွမ်း မဟုတ်ဘူး"

"ရှင်က လီရှောက်ကွမ်း မဟုတ်ရင် ဘယ်သူလဲ"

"မင်း နည်းနည်းလေးမှ အံ့အားမသင့်ဘူးလား၊ အေး ... မင်း မယုံဘူးဆိုတာ ငါသိပါတယ်"

"ကျွန်မလဲ စကားတစ်ခွန်း ပြောလိုက်ရင် ရှင် ခုချက်ချင်း ထခုန်မှာ အမှန်ပဲ"

"ဆိုစမ်းပါဦး၊ ဘာစကားများလဲ"



"ရှင် လီရှောက်ကွမ်း အစစ်မဟုတ်ဘူးဆိုတာ ကျွန်မသိနေတာ ကြာပါပြီ"

ထိုစကားကြောင့် လီရှောက်ကွမ်း အမှန်တကယ်ပင် ထခုန်လိုက်ကာ နောက်သို့ပင် ခြေသုံးလေးလှမ်းမျှ ဆုတ်ခွာသွားမိသည်။

"မင်း တကယ်ပြောနေတာလား"

"ဟုတ်တယ်၊ ကျွန်မ ရှင် လီရှောက်ကွမ်း မဟုတ်ဘူးဆိုတာ သိခဲ့တယ်၊ ဒါပေမယ့် ကျွန်မ ရှင့်ကို ချစ်မြတ်နိုးခဲ့ပါတယ်၊ လီရှောက်ကွမ်း အစစ် ဟုတ်မဟုတ် ကျွန်မဂရုမစိုက်ခဲ့ဘူး၊ ရှင် ဘာဖြစ်လို့ ဒီလောက်တောင် ကြောက်နေရတာလဲ၊ ဒီမှာ ရှင်သိထားဖို့က ကျွန်မ သိတာထက်စောပြီး ကျွန်မ ဖခင်ကြီးက သိနေခဲ့တယ်ဆိုတာပါပဲ"

ထိုစကားကြောင့် လီရှောက်ကွမ်းမှာ ပိုမို ကြောက်လန့်သွားမိ၏။

"အို ... မင်းဖခင်ကြီးတောင် သိနေတယ် ဟုတ်လား"

"ရှင့်ကြည့်ရတာ လူတော် တစ်ယောက်ပါ၊ ရှင်တကယ်တော်လို့သာ ဒီပန့်စန်ဖိန်အိမ်ကြီးကို စေလွှတ်ခြင်းခံရတာပေါ့၊ အခုကျမှ ဘာဖြစ်လို့ ဒီလောက်ကြောက်နေရတာလဲ၊ လာပါ ကျွန်မဘေးမှာ ထိုင်ပါ၊ ကျွန်မ ရှင့်ကို ပြောပြစရာတွေ ရှိသေးတယ်"

လီရှောက်ကွမ်းမှာ ရှောင်ယွင်နားသို့ ကပ်မလာရဲပဲ ရှိနေသေး၏။

"ငါ မင်းတို့ရဲ့ သံသေတ္တာလေးကို ယူလိုစိတ် မရှိပါဘူး၊ ငါ့မှာ အဲဒီကိစ္စအတွက် သိပ်စိတ်ထိခိုက်နေရပါတယ်"

"ဒါတွေဘာမှ ပြောမနေပါနဲ့၊ ကျွန်မစကား ရှင်နားထောင်မလား၊ ရှင့်စကားကိုပဲ ကျွန်မ နားထောင်ရမလား"

"ငါ့စကားတွေဟာ ငါ့စိတ်ရင်းအတိုင်း အမှန်တွေဖြစ်ပါတယ်"

"ရှင့်စကားတွေကို ဘယ်သူက မုသားတွေပါလို့ ငြင်းနေလို့လဲ၊ ကဲ ... ကျွန်မပြောမယ့် စကားကို နားထောင်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ရှောင်ယွင်က စကားကို ခေတ္တဖြတ်ထားပြီးမှ တည်ငြိမ်သော မျက်နှာဖြင့် ဆက်ပြောပြန်သည်။

"ရှင် လီရှောက်ကွမ်း မဟုတ်ကြောင်းသိပေမယ့် ကျွန်မရဲ့ စိတ်ဆန္ဒနဲ့ ရှင့်ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာပါပဲ၊ ရှင်နားလည်လောက်ပြီ ထင်ပါတယ်"

လီရှောက်ကွမ်းက ကျေးဇူးတင်လွန်းသော အကြည့်ဖြင့် ကြည့်ရင်း...

"ငါ နားလည်သဘောပေါက်ပါပြီ၊ တကယ်တော့ ငါဟာ မင်းရဲ့ ဖြူစင်သန့်ရှင်းတဲ့ မေတ္တာကို မခံယူထိုက်ပါဘူး"

"တန်တာ မတန်တာ ပြဿနာမဟုတ်ပါဘူး၊ ကျွန်မ လက်ထပ်ချင်တဲ့ လူဟာ လီရှောက်ကွမ်း အစစ်ပဲဖြစ်ဖြစ် အတုပဲဖြစ်ဖြစ် ဘယ်သူ့ကိုပဲဖြစ်ဖြစ် ကျွန်မ သဘောဆန္ဒအလျောက် လက်ထပ်နိုင်ပါတယ်၊ အမှန်ပြောရရင် ကျွန်မရဲ့ မေတ္တာနဲ့ အသည်းနှလုံးဟာ အစကတော့ လီရှောက်ကွမ်း အစစ်အပေါ်မှာသာ ထားရှိခဲ့ပါတယ်၊ ဒါပေမယ့် နောက်ပိုင်းအချိန်တွေမှာ ရှင့်အပေါ်ကို အားလုံး ကူးပြောင်းသွားတာပါပဲ၊ ဒီလောက်ဆိုရင် ရှင် နားလည်လောက်ပြီထင်ပါတယ်"

ရှောင်ယွင်၏ စကားကြောင့် လီရှောက်ကွမ်း အလွန်စိတ်ထိခိုက်သွားကာ လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်ပြီး ခေါင်းငုံ့ထား၏။

လီရှောက်ကွမ်း ငိုနေချေပြီ။

သိုင်းသမား ယောကျ်ားရင့်မကြီး တစ်ယောက် ငိုနေခြင်းပင်၊ အသည်းနှလုံးနှင့် ပတ်သက်လာလျှင် မိန်းမယောကျ်ားမရှိ၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း စသည့်ခံစားမှုများက အသည်းနှလုံးနှင့် ပတ်သက်ခံစားလာရပါက လီရှောက်ကွမ်းကဲ့သို့ပင် ခံစားရချေမည်သာ။

"ရှင်ဘာမှ စိတ်မကောင်း ဖြစ်မနေပါနဲ့၊ ရှင်ဟာ တကယ်တော့ စိတ်ကောင်း စေတနာကောင်းရှိတဲ့ ယောကျ်ားကောင်း တစ်



ယောက် ဖြစ်ပါတယ်၊ ဒီတော့ ဖြစ်ပေါ်လာမယ့် ကိစ္စမှန်သမျှကို ကျွန်မနဲ့ ရှင်နဲ့ ခွဲဝေခံစားကြတာပေါ့"

လီရှောက်ကွမ်း ရုတ်တရက် ငုံ့ထားသော ခေါင်းကို မော့လိုက်သည်။ မျက်ရည်များ ပြည့်လျှမ်းနေသော မျက်လုံးအစုံဖြင့်...

"ရှောင်ယွင် မင်းကို ငါအများကြီး လေးစား ကျေးဇူးတင်ပါတယ်၊ ငါအဖို့ ရှက်စရာ သိပ်ကောင်းနေတယ်"

"ရှင့်စိတ်ထဲမှာ ဒီကိစ္စတွေအတွက် ဘာမှ မထားနဲ့၊ ကျွန်မဟာ နောက်နှစ်ရက်လောက်ဆိုရင် ရှင့်ရဲ့ ဇနီးမယားတစ်ယောက်ဖြစ်ရတော့မယ်"

လီရှောက်ကွမ်းက ဖွတ်အတင်းပင် ငြင်းနေ၏။

"မင်းကို ငါ အမှန်တကယ် မင်္ဂလာဆောင်ပြီး လက်ထပ်မယူနိုင်ဘူး"

"ရှင် လီရှောက်ကွမ်းမဟုတ်ဘူးဆိုတာလဲ ကျွန်မသိတယ်၊ ကျွန်မကိုယ်တိုင်က သဘောတူ ကြည်ဖြူစွာနဲ့ ရှင့်ကို လက်ထပ်ယူဖို့ ဆန္ဒရှိတယ်၊ ရှင်ဆက်ပြီး ငြင်းမနေပါနဲ့တော့"

"မဟုတ်ဘူး မဟုတ်ဘူး၊ မင်းကို ငါတကယ်ပဲ လက်ထပ်မယူနိုင်လို့ပါ"

"ဘာလဲ၊ ရှင့်နှလုံးသားထဲမှာ ကျွန်မကို လက်မခံနိုင်လို့လား"

လီရှောင်ကွမ်း တကိုယ်လုံး တုန်ရင်နေပြီး ဆို့နင့်ကြေကွဲစွာဖြင့် ပြန်ပြောလိုက်သည်။

"ဟုတ်တယ် ... ဟုတ်တယ်၊ ငါ့အသည်းနှလုံးထဲမှာ မင်းကို လက်မခံနိုင်ဘူး၊ လက်မခံနိုင်တဲ့ အသည်းနှလုံးကို ဖွတ်အတင်း လုပ်လို့မရဘူး၊ အိမ်ထောင်ပြုတယ်ဆိုတာ ကလေးကစားစရာ အရုပ်လဲ မဟုတ်ဘူး"

လီရှောက်ကွမ်း၏ ခံစားချက်များကို သိနေသဖြင့် ရှောင်ယွင်က ကြင်နာသော လေသံဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"ရှောင်ကွမ်း ရှင် တကယ်ပြောနေတာလား၊ ဒီစကားတွေဟာ ရှင့်ရဲ့ အသည်းနှလုံးက လာတဲ့စကားတွေလား"

လီရှောက်ကွမ်း၏ မျက်နှာမှာ ဖြူဖပ်ဖြူရောက် ဖြစ်နေပြီး ခံစားမှုဝေဒနာများ ရင်ထဲ၌ ပြည့်လျှက် ရှိနေ၏။

ထို့ကြောင့် လီရှောက်ကွမ်းမှာ အသည်းနှလုံး၏ ခံစားချက်ကို ဦးနှောက်အသိဖြင့် ဖွတ်မိုတ်၍ ပြောချလိုက်တော့၏။

"ဟုတ်တယ်၊ မင်းပြောတဲ့ အတိုင်းပါပဲ"

"ရှောက်ကွမ်း၊ ရှင်ကျွန်မကို မလှည့်စားပါနဲ့၊ ရှင့်ရဲ့ခေါင်းမာတဲ့ ဆုံးဖြတ်ချက်ကို ပြင်လိုက်စမ်းပါ၊ ခုဆို ကျွန်မတို့ နှစ်ယောက်ရဲ့ မင်္ဂလာပွဲအတွက် ဆွေမျိုး မိတ်သင်္ဂဟတွေတောင် စုံသလောက် နီးနီး ဖြစ်နေပြီ၊ ဒီတော့ ..."

လီရှောက်ကွမ်းက ကြားဖြတ်၍ ...

"ရှောင်ယွင်၊ ငါဟာ ဒီပန့်စန်ဖိန် ခြံရဲ့ အိမ်ကြီးမှာ အချိန်ဆွဲလာခဲ့လို့ ငါ့နောက်ကွယ်ကလူတွေရဲ့ သက်မကောင်း ဖြစ်မှုတွေ များသထက် များလာပြီ၊ မင်းကို ဖွတ်မိုတ်ပြီး လက်ထပ်လိုက်လျှင် ငါ သေဖို့ပဲ ရှိတော့တယ်၊ ငါဟာ တကယ်တော့ သူများရဲ့ ကြိုးဆွဲရာဘဝမှာ ငါမနေချင်တော့ဘူး"

ရှောင်ယွင်က မခံချိမခံသာဖြစ်ကာ ...

"ရှင်သေရမှာ ကြောက်သလား"

"လုံးဝမကြောက်ပါဘူး၊ ဒါပေမယ့် မင်းကို ငါလက်ထပ်လိုက်ပြီး မင်းမုဆိုးမဖြစ်သွားမှာတော့ ငါမလိုလားဘူး၊ မင်းရဲ့သာယာနေတဲ့ ဘဝလေးကို ငါမဖျက်ဆီးပစ်ရက်ဘူး"

"ရှင့်ရဲ့ နောက်ကွယ်က ကြိုးဆွဲနေတဲ့သူ ဘယ်သူလဲ ကျွန်မကို ပြောပြပါလား"

"အဲဒါလဲ ပြောလို့ မဖြစ်ဘူး၊ ပြီးတော့ သူတို့ကို တော်လှန်ပြီး မင်းကိုယူပြန်ရင်လည်း မလွယ်ဘူး၊ ဒါကြောင့် အဖြစ်အပျက် အမှန်



အတိုင်း ပြောပြမယ်၊ ငါ ဒီကိုလာရခြင်းဟာ တစ်ဦးတစ် ယောက်ရဲ့ စေခိုင်းချက်ကြောင့်ပဲ ဖြစ်တယ်၊ ရည်ရွယ်ချက်ကတော့ ဟိုသံသေတ္တာလေးကို ရယူလိုချင်တဲ့ အတွက်ပါ၊ ငါ့ရဲ့ လှုပ်ရှားမှုတွေကို လျှို့ဝှက်လူတစ်ယောက်က မျက်ခြည်မပြတ် အမြဲစောင့်ကြည့်နေတယ်၊ ဒီပန့်စန်ဖိန်အိမ်ကြီးမှာ ငါ့ရဲ့ လှုပ်ရှားမှုတွေကို အဲဒီစောင့်ကြည့်နေတဲ့ လျှို့ဝှက်လူက အတိအကျ သိနေတယ်"

"ဩော် ... တကယ်လဲ လျှို့ဝှက်ဆန်းကျယ်လှပါကလား"

"အမှန်အတိုင်းပြောရမယ်ဆိုရင် သံသေတ္တာလေး ငါ့လက်ထဲရောက်လာလာခြင်း အဲဒီလူက သိနှင့်နေပြီ"

"ဒီလောက်တောင်ပဲလား၊ ရှင်ပြောပုံဆိုရင် အဲဒီလျှို့ဝှက်လူကြီးက ရှင့်ရဲ့ အနီးအနားမှာ အမြဲတမ်း ရှိနေတဲ့ သဘောပေါ့"

"ခုတောင် အဲဒီ လျှို့ဝှက်လူက ငါတို့ပြောနေတဲ့ စကားကို ချောင်းမြောင်း နားထောင်နေလောက်ရောပေါ့"

"ကျွန်မစဉ်းစားမရတဲ့ အချက်တစ်ခုက ဒီပန့်စန်ဖိန်ခြံကြီးထဲကို ရဲရဲတင်းတင်း ဝင်ထွက်သွားလာနိုင်တယ်ဆိုတော့ အဲဒီလူ ဘယ်သူများပါလိမ့်"

"အမှန်ပြောရရင် အဲဒီလျှို့ဝှက်လူဟာ လျှို့ဝှက်ကျူးပိုက်ဂိုဏ်းက ဂိုဏ်းချုပ်တစ်ယောက် ကိုယ်တိုင်ပဲ ဖြစ်မယ်ထင်တယ်"

"ကျူးပိုက်ဂိုဏ်းဆိုတာ ကျွန်မ မကြားဖူးဘူး"

"ကျူးပိုက်ဂိုဏ်းဆိုတာ အလွန်လျှို့ဝှက်တဲ့ ဂိုဏ်းတစ်ဂိုဏ်း ပဲ၊ ရက်စက်ကြမ်းကြုတ်တဲ့ နေရာမှာလဲ စံနမူနာ တင်လောက်ပါပေတယ်"

"အဲဒီကျူးပိုက်ဂိုဏ်းက ရှင့်ကို ဘာကြောင့် ရွေးလွှတ်ရတာလဲ"

"ငါက အဲဒီဂိုဏ်းရဲ့ ဂိုဏ်းဝင်တစ်ယောက် ဖြစ်ပေမဲ့ ငါ ဒီဂိုဏ်းထဲ ဝင်လာတာ လဝက်လောက်တောင် မရှိသေးဘူး၊ ဒီတာ

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးကို ငါထမ်းဆောင်ဖို့အတွက် တာဝန် ချထားပေး လိုက်တယ်၊ အမှန်တော့ ငါဟာ ကျူးပိုက်ဂိုဏ်းရဲ့ ထောင်ချောက်ထဲကို ဝင်မိတာပါပဲ၊ ငါ့ရဲ့ ရုပ်ရည် သွင်ပြင်က လီရှောက်ကွမ်းနဲ့ ဆင်ဆင်တူနေတာကြောင့် ခုလို ကိစ္စမျိုးကို ဆောင်ရွက်ရခြင်းပါပဲ”

“ရှင် ကျူးပိုက်ဂိုဏ်းထဲက လူတွေကို တွေ့ဖူးသလား”

“ငါ ဂိုဏ်းထဲဝင်ပြီးတဲ့နောက် ဝတ်စုံနက် ဝတ်ထားတဲ့ လူသုံးယောက်ကိုပဲ မြင်ဖူးပါသေးတယ်၊ မျက်နှာမှာလဲ မျက်နှာဖုံးစွပ်ထားကြတဲ့အတွက် သူတို့ရဲ့ ပင်ကိုရုပ်တွေကို မမြင်ရဘူး”

“ဒါနဲ့ ရှင်က ဒီတာဝန်ကို ယူခဲ့တယ် ဆိုပါတော့”

“အစကတော့ ငါလဲ ကျေကျေ နပ်နပ်နဲ့ လက်ခံခဲ့တာပါပဲ၊ တကယ်လို့ အောင်မြင်သွားရင် မျက်နှာပန်းလှပြီး အဆင့်တိုးသွားမယ်လို့ ထင်ခဲ့မိပါတယ်၊ နောက် ပန့်စန့်ဖိန့်အိမ်ကြီးထဲကို ရောက်လာမှ မင်းတို့ သားအဖတွေဟာ ငါ့အပေါ် စိတ်ကောင်းစေတနာကောင်းထားမှန်းသိပြီး ငါနောင်တရခဲ့တာပဲ။

နောက်မှ အဲဒီဂိုဏ်းရဲ့ ရက်စက်ကြမ်းကြုတ်ပုံကို သိရှိလာရတယ်၊ ငါ သူတို့လက်ချက်နဲ့ သေရမှာကို လုံးဝ မကြောက်ပါဘူး၊ လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပါပဲ၊ အဲ ငါအကြောက်ဆုံးကတော့ မင်းကို ဖျက်ဆီးရမှာကို အကြောက်ဆုံး ဖြစ်ခဲ့ပါတယ်”

“ရှင်တို့ ပန့်စန့်ဖိန့် အိမ်ကြီးမှာ ဒီသံသေတ္တာလေး ရှိတယ်ဆိုတာ ဘယ်လိုလုပ်သိသလဲ”

“ဒါတော့ ငါမသိဘူး”

“ဒီသေတ္တာလေးထဲမှာ ဘာပစ္စည်း ရှိတယ်ဆိုတာကိုကော သူတို့က ရှင့်ကို ပြောမပြဘူးလား”

“ပြောမပြခဲ့ဘူး၊ အမှန်ပြောရရင် သူတို့ရဲ့ ရည်ရွယ်ချက်က ဒီတစ်ခုတည်း မဟုတ်ဘူး၊ မင်းကိုပါ အခွင့်အရေးရတာနဲ့ ဖျက်ဆီးပစ်ဖို့လဲ ပါတယ်”



“သူတို့က ကျွန်မကို လက်ထပ်ယူမယ့်အတွက် မကန့်ကွက်ကြဘူးလား”

“သူတို့လိုချင်တာက မင်းကို ရအောင်ယူပြီး ဖျက်ဆီးခိုင်းတာပါပဲ၊ အတည်ယူဖို့ ပြောတာ မဟုတ်ပါဘူး”

“ကောင်းပြီ … ရှင့်ကို ကျွန်မယူမယ်၊ ဒီမှာ မင်္ဂလာပွဲလုပ်ဖို့အားလုံး အစီအစဉ်တွေလုပ်ပြီးပြီ၊ နောက်ပြီး ရှင့်အပေါ်မှာ အန္တရာယ်ရှိစေဖို့ ကျွန်မ လုံးဝတာဝန်ယူမယ် ဒါဆို ဖြစ်မလား”

လီရှောက်ကွမ်း အလွန်အံ့သြသွားကာ …

“မင်း ဒါလောက်ထိ တာဝန်ယူနိုင်တယ် ဟုတ်လား”

“ကျွန်မ စကားကို ယုံပါ၊ ကျွန်မ လိမ်ပြောနေတာ မဟုတ်ပါဘူး၊ အပိုတစ်ခွန်းမှလဲ မပါဘူး”

“မင်း ကျူးပိုက်ဂိုဏ်းရဲ့ ရက်စက်ပုံကို အသေအချာ မသိသေးသို့ပါ”

“ရှင်ပြောပြလို့ သိတန်သလောက် သိခဲ့ပြီးပါပြီ၊ သူတို့တတွေ ပုံမြေလျှိုးနိုင်မှာလဲ မဟုတ်ဘူး၊ ကျွန်မမှာ သူတို့ကို ဟန့်တားနိုင်မယ့် အားကိုးရှိပါတယ်၊ နောက် ရှင့်ကို ကျွန်မတို့ ပန့်စန့်ဖိန့်အိမ်ကြီးရဲ့ ရာဇဝင်ကို ပြောပြဦးမယ်၊ ပြီးမှ ဆက်ဆွေးနွေးကြတာပေါ့”

ရှောင်ယွင်က ကိုးမြို့နယ်၊ ကိုးသချိုင်း၊ သိုင်း(၉)ဖော်တို့မှအစ လီရှောက်ကွမ်း ချောက်ကြီးထဲကျသွားရပုံများ အထိ ပြန်ပြောပြလိုက်၏။

ထို့နောက် …

လီရှောက်ကွမ်းအတု ရောက်လာခဲ့သည့်အထိပင် ဖြစ်သည်။

လီရှောက်ကွမ်းက …

“ဒီအကြောင်းတွေကို ငါလဲ သိတန်သလောက်တော့ သိထားပြီ၊ ဒါကြောင့်လဲ ဒီအထိ ဟန်ဆောင်နိုင်ခဲ့တာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ရှင် သိမှန်း ကျွန်မသိပါတယ်၊ ကျွန်မသိချင်တာက ဒီ[...] အကြောင်းတွေ ရှင့်ကို ဘယ်သူပြောပြသလဲ ဆိုတာပါပဲ"

"ကျူးပိုက်ဂိုဏ်းက လူကြီးတစ်ယောက်ပါပဲ"

"ဒီအတိုင်းဆိုရင် ဒီတရားခံဟာ နဂိုကတည်းက ကျူးပိုက် ဂိုဏ်းဝင် တစ်ယောက်ဖြစ်ရမယ်"

"မဖြစ်နိုင်ဘူး၊ ဒီကျူးပိုက်ဂိုဏ်းဟာ တစ်နှစ် နှစ်နှစ်အတွင်းက မှ သိုင်းလောကမှာ ပေါ်ပေါက်လာခဲ့တဲ့ ဂိုဏ်းပဲ၊ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်ကဆိုရင် ဒီဂိုဏ်းလုံးဝ မရှိသေးဘူး"

ထိုအခိုက် သူတို့နှစ်ယောက်နောက်မှ တည်ငြိမ် အေးဆေး သော အသံတစ်သံ ထွက်ပေါ်လာသည်။

"ရှောင်ယွှင် သူပြောတာမှန်တယ်"

လီရှောက်ကွမ်းမှာ ထိုအသံကြောင့် ရုတ်တရက် လန့်သွားကာ နောက်သို့ လှည့်ကြည့်လိုက်၏။

ထို့နောက် အံ့သြသော အမူအရာဖြင့် ...

"ဟင် ... မင်းပါလား"

"အေး ... ဟုတ်တယ် ငါပဲ"

ရှောင်ယွှင်က လီရှောက်ကွမ်းအား ကြည့်ကာ ...

"ရှောင်ကွမ်း ကျွန်မပြောတဲ့ လူစွမ်းကောင်းဆိုတာက သူပဲဖြ[...] ပါတယ်၊ သူ့နာမည်က လေပြင်းဓားသမား လီလူဟုန်း ဆိုတာ[...] ရှင်ကြားဖူးရဲ့လား"

လီရှောက်ကွမ်းမှာ ထိုစကားကြောင့်များစွာ အံ့အားသင့်သွာ[...] ပြီး လီထိကျင်းအား ငေးကြည့်နေမိသည်။

လီထိကျင်းက ...

"ငါ့နာမည်ကို လောလောဆယ် လျှို့ဝှက်ထားမှ ဖြစ်မယ်[...] ဒါမှ တို့အားလုံးအန္တရာယ်ကင်းပါလိမ့်မယ်၊ ငါ့နာမည်ရင်းကတော[...] လီရှောက်ကွမ်းလို့ ခေါ်တယ်"



"သြော် ... မင်းက လီရှောက်ကွမ်းအစစ်ကိုး၊ ဒါဖြင့် ငါရှိနေတဲ့ [...]န်ဖိန်အိမ်ကြီးကို ဘာ့ကြောင့် မလာတာလဲ"

"ငါက မင်းရဲ့ ရည်ရွယ်ချက်ကို သိချင်တဲ့အတွက် အခြေအနေ [...]ခတ်ချင်လို့ပါ၊ အမှန်တော့ ငါဟာ အမှုနှစ်ခုအတွက် လာရောက် [...]နေတာ ဖြစ်တယ်၊ ဒါပေမယ့် မင်းနဲ့ ဘဘကျောက်တို့ကြားမှာ [...]လိုပြဿနာမျိုး ဖြစ်ပေါ်လာမလဲဆိုတာ ငါစောင့် ကြည့် အကဲ [...]နေတာပဲ၊ ဒါကြောင့် ပန့်စန်ဖိန်ကို မလာပဲ ဘဘဟူရဲ့ တည်းခို [...]မှာ ငါ လျှို့ဝှက်ပြီးနေခဲ့တာပေါ့"

"သြော် ... မင်းက ဒီလိုကိုး"

"ဟုတ်တယ် ငါကျောက်ကျားကျီရွာကို ရောက်ခဲ့ပြီးတဲ့နောက် [...]ကြိမ်ဟာ ပထမဦးဆုံးအကြိမ်အဖြစ် ပန့်စန်ဖိန်အိမ်ကြီးကို [...]ရောက်ခြင်းပဲ၊ အမှန်တော့ ငါလာဖို့ အချိန်ထက် လေးငါးရက် [...]ပြီး လာခဲ့တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ ကျောက်ကျားကျီရွာ [...] သိုင်းလောကရဲ့ တန်ဖိုးအရှိဆုံး ပစ္စည်းသုံးမျိုး ပေါ်နေတယ် [...] သတင်းတွေ ထွက်ပေါ်နေတယ်"

လီထိကျင်း စကားကိုဖြတ်ကာ လီရှောက်ကွမ်းအား တစ်ချက် [...]က်စိုက် အကဲခတ်ကြည့်လိုက်ပြီးမှ ...

"အဲဒီပစ္စည်းသုံးမျိုးက အတွင်းအား လေ့ကျင့်တဲ့ သိုင်းကျမ်း၊ [...]တ်ရှင်ဆေးလုံး၊ ဓား၊ တုတ်ပြီးတဲ့ အင်္ကျီ ပစ္စည်းသုံးမျိုးပဲ၊ [...]ည်းတွေအတွက် သိုင်းလောကမှာ ရှိကြတဲ့ ထိပ်တန်းသိုင်း [...]ကြီးတွေ ရွာကိုရောက်လာကြလိမ့်မယ်၊ တိုက်ဆိုင်နေတာက [...] ရှောင်ယွှင်တို့ရဲ့ မင်္ဂလာပွဲကိစ္စနဲ့ ဒီကိစ္စကြုံကြိုက်နေတယ်၊ [...]သတင်းတွေအတွက် ငါစိုးရိမ်တာနဲ့ ရှောင်ယွှင်ကို လာတွေ့တာ"

"အခု လီရှောက်ကွမ်းအစစ် ပေါ်လာပြီဆိုတော့ ရှောင်ယွှင် [...]ကိစ္စ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာမှမစိုးရိမ်နဲ့၊ ရှောင်ယွင်ကို ယူရမှာက မင်းပဲဖြ
တယ် ငါမဟုတ်ဘူး၊ ငါတို့ဟာ ငယ်စဉ်က အတူနေခဲ့ပြီး ကစား
အဖြစ်သာရှိခဲ့ကြတယ်၊ ရင်းနှီးတဲ့ ချစ်သူအဖြစ် မရောက်ခဲ့ကြ
ဘူး"

ရှောင်ယွင်က မျက်ရည်ဝိုင်းလျက်ရှိသော မျက်လုံးရွဲကြီး
ဖြင့် လီရှောက်ကွမ်းကို ကြည့်နေ၏။

လီရှောက်ကွမ်းကမူ ဘာစကားမျှ မပြောတော့
ခေါင်းအောက် စိုက်ကာ ငြိမ်သက်နေသည်။

"ဒါနဲ့ မင်းနာမည်အစစ်က ဘယ်လိုခေါ်သလဲ"

"ကျွန်တော့် နာမည်အစစ်က လိန်းလင်လို့ ခေါ်ပါတယ်"

လီရှောက်ကွမ်းအတု၊ လိန်းလင်နှင့် လီရှောက်ကွမ်း အ
လီထိကျင်းတို့အသက်မှာ မတိမ်းမယိမ်းပင် ရှိသည်။

သို့သော် သဘာဝ အတွေ့အကြုံနှင့်သိုင်းပညာ မြင့်မား
တွင်မူ လီထိကျင်းက လိန်းလင်ထက် အဆပေါင်းများစွာ သာ
မြင့်မားရင့်ကျက်လှသည်။

လီထိကျင်းက ...

"စောစောက မင်းနဲ့ ရှောင်ယွင်တို့ ပြောခဲ့တဲ့ စကား
အားလုံး ငါကြားခဲ့တယ်၊ မင်းရဲ့ မှန်ကန်တဲ့ စကားတွေ ကြား
ငါမင်းကိုချီးကျူးပါတယ်၊ ငါ့မှာလဲမင်းလို အမှန်တရားကို မြတ်နိုး
စိတ်ရှိတယ်၊ ကိစ္စက အလွန်အရေးကြီးနေတဲ့အတွက် လူသတ်တ
ခံကို ငါဘယ်နည်းနဲ့မှ အလွတ်မပေးနိုင်ဘူး၊ လွတ်သွားလို့လဲ မ
ဘူး၊ မင်း စောစောက ပြောတဲ့ကျူးပိုက်ဂိုဏ်းနဲ့ ငွေပြားပစ်
ကျောက်ကျိုလင်တို့ရဲ့ ကြားမှာ လူသတ်တရားခံရှိနိုင်သလို၊ ရှိ
လို့လဲ ကျိန်းသေ မပြောနိုင်ဘူး၊ ဒါကြောင့် တရားခံ ဖော်ထုတ်
အတွက် မင်းဆီက အကူအညီတစ်ခု တောင်းချင်တယ်"



"တခြားတော့ မဟုတ်ဘူး၊ ဟို သံသေတ္တာလေး မင်းဆီမှာ
နေသေးလား"

"ရှိပါတယ်၊ ကျွန်တော့် အိပ်ခန်းထဲမှာ ရှိနေပါတယ်"

"အဲဒီပစ္စည်း ငါ့လက်ထဲ အပ်နိုင်ပါ့မလား"

"ရပါတယ်၊ ဒီပစ္စည်းဟာ ဆရာလေးရဲ့ ပစ္စည်းပဲ မဟုတ်လား၊
န်တော် ခုပဲ သွားယူလိုက်ပါ့မယ်"

ပြောပြောဆိုဆို လိန်းလင်အခန်းပြင်သို့ ထွက်သွားသည်။

လိန်းလင်ထွက်သွားသည်နှင့် ရှောင်ယွင်က လီထိကျင်းအား
စ်တင် စကားဆိုလာသည်။

"လီထိကျင်း ရှင်ဘာဖြစ်လို့ ကျွန်မအချက်မပြသေးဘဲ အခန်း
ကို အလျင်စလို ဝင်လာရတာလဲ"

"ဝင်သင့်တဲ့ အချိန်ရောက်နေလို့ ဝင်လာရတာပဲ၊ လိန်းလင်
ဟာ သဘောထားပြည့်ဝပြီး အမှန်တရားဘက်ကနေ ပြောဆိုနေတဲ့
တွက် သူဟာ လူကောင်းတစ်ယောက်ဖြစ်ပြီး စိတ်စေတနာကောင်း
တဲ့ လူဖြစ်ကြောင်း သိလိုက်ရတယ်၊ သူ့အပေါ် အပြစ်မတင်ထိုက်
ဘူး၊ မင်းအတွက် ဝမ်းသာစရာပါပဲ"

"ကျွန်မလဲ သူ့ရဲ့အကြောင်းကို အတော်ကြီး သိရှိခဲ့ရပါတယ်၊
င်ပြောသလို သူဟာ လူကောင်းတစ်ယောက် ဖြစ်နေတဲ့အတွက်
န်မ ကံကောင်းတယ်လို့ ပြောရမှာပဲ"

"အေး ... သူ့ကို ငါတရားခံ ဖော်ထုတ်နိုင်ဖို့အတွက်
အကူအညီ တစ်ခုတောင်းထားတယ်၊ ဒီအတွက် ငါ့ကိုခွင့်လွှတ်ပါ"

"ကိစ္စမရှိဘူး၊ ကျွန်မသိပါတယ်၊ တကယ်လို့များ တရားခံဟာ
ကျွန်မဖခင်ကြီး ဖြစ်နေမယ်ဆိုရင်တောင် ကျွန်မ ဘာမှ ဝင်စွက်မှာ
ဟုတ်ပါဘူး၊ ကျွန်မရဲ့ အသက်ကို ပုံပေးလိုက်ရုံပါပဲ"

ထိုအခိုက်မှာပင် လိန်းလင်က သံသေတ္တာလေးကို ပိုက်လျက်
အခန်းတွင်းသို့ ဝင်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



လိန်းလင်က လီထိကျင်းအား သံသေတ္တာလေးကို လှမ်း
ရင်း ...

"သော့ကိုတော့ ကျွန်တော် ရိုက်ချိုးထားတယ်၊ ဒါပေမယ့် အထဲက ပစ္စည်းကိုတော့ မကြည့်ရသေးဘူး"

ထိုညက လိန်းလင် သံသေတ္တာလေးအား ဖွင့်ကြည့်မည်အ တွင် လျှို့ဝှက်လူလာနေကြောင်း သိသဖြင့် ဖွင့်မကြည့်ဖြစ်ခဲ့ သည့် အကြောင်းများကို ပြန်ပြောပြလိုက်သည်။

လီထိကျင်းကလည်း သံသေတ္တာလေးကို လက်ကမ်းယူ ဖွင့်မကြည့်သေးပဲ စားပွဲပေါ်တွင် တင်ထားရင်း လိန်းလင်ကို ကြ ကာ အေးဆေးစွာပင် ပြောလိုက်သည်။

"ဒီသံသေတ္တာလေးထဲမှာ ဘာပစ္စည်းပဲပါပါ တကယ်လို့ ကိ တွေ ပြီးတဲ့အခါ မင်းတို့ကို ငါက မင်္ဂလာလက်ဖွဲ့အဖြစ် ပြန်ပေး မှာပါ၊ ဒါပေမယ့် ဒီသံသေတ္တာလေးထဲက ပစ္စည်းက ငါတို့ မျိုးဆက် ပတ်သက်တဲ့ ပစ္စည်းဆိုရင်တော့ တစ်မျိုးလုပ်ရမှာပေါ့လေ"

"အို ... ဆရာလေး"

"နားထောင်ပါ၊ ဒီနေ့ညကစပြီး မင်း ဒုက္ခနည်းနည်းတော့ ရောက်မယ်၊ ကိစ္စပြီးဆုံးတဲ့ အထိပေါ့ကွာ"

"ဟုတ်ကဲ့၊ ဆရာလေးရဲ့ အစီအစဉ်ကို ပြောပါဦး"

"ဒီလိုပါ၊ မင်းဒီမှာမနေပဲ အလွန်လျှို့ဝှက်တဲ့ နေရာတစ်ခု သွားနေရမယ်၊ မင်းရဲ့အသက် အန္တရာယ်လုံခြုံရေးကို ငါလုံးဝ တာ ယူတယ်"

"ဆရာလေးကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်အတွက် လောလောဆယ် ကျူးပိုက်ဂိုဏ်းရဲ့ လက်ချက်က လွတ်အောင် ဆ လေး စီစဉ်တာ ကျွန်တော် သဘောတူပါတယ်"

ရှောင်ယွင်က ...



"ကျွန်မမှာ အလွန်လျှို့ဝှက်ပြီး စိတ်ချရတဲ့ နေရာ တစ်ခု ရှိတယ်၊ လိန်းလင်အတွက် စိတ်ချရတဲ့ နေရာလေးပါပဲ"

မှန်ပါသည်။

သူမဤနယ်မြေ ဤအရပ်မှာ မွေးဖွားကြီးပြင်းလာသူ ဖြစ်သည့်အတွက် နယ်မြေဒေသကျွမ်းသည်။ သူမ မသိသော နေရာ ခပ်ရှားရှားပင်။

ယခု လိန်းလင်အား ထားရှိမည့် လျှို့ဝှက်နေရာသည် သူမနှင့် လူနှစ်ယောက်သာ သိသော နေရာ တစ်ခု ဖြစ်သည်။

လိန်းလင်ကား ရှောင်ယွင်အား မြတ်နိုးသော အကြည့်ဖြင့် ကြည့်ရင်း ...

"မင်းပြောတဲ့နေရာက ဘယ်မှာလဲ"

"ဒီနေရာကို ထိုလူဟုန်းလည် သိပါတယ်၊ မကြာခင် ကျွန်မ ရှင့်ကို လိုက်ပို့ပါမယ်"

လီထိကျင်းက ရှောင်ယွင်၏ နေရာကို ခန့်မှန်းမိသည့်အလား ဝင်မေးလိုက်၏။

"မင်းပြောတဲ့ နေရာဟာ တိုင်ယယ်တုန်းက ဘဘဟူ မကြာခဏ ခေါ်သွားတဲ့ ဟိုဟောင်ကျိုးလိုဏ်ဂူ မဟုတ်လား"

"ဟုတ်တယ်လေ၊ အဲ့ဒီ လိုဏ်ဂူဟာ လျှို့ဝှက်ပြီး လုံခြုံစိတ်ချရတယ်"

"ကောင်းပါတယ်၊ အဲဒီနေရာဟာ အင်မတန်မှ လုံခြုံ စိတ်ချရတဲ့ လျှို့ဝှက် နေရာကောင်း တစ်ခုပါပဲ"

"ဒါဖြင့် အဲဒီနေရာကို ရှင်ပဲ ခေါ်သွားပေးပါ၊ သူ့အတွက် စားသောက်ဖို့ ကျွန်မ အချိန်မှန်မှန် ပို့ပေးပါ့မယ်"

"ရတယ်၊ ကိစ္စမရှိဘူး၊ ဒီအတွက် ငါ ဘဘဟူနဲ့ ကြည့်စီစဉ်ရင် ဖြစ်တယ်"

လိန်းလင်က ကြားဖြစ်၍ ...

www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေး ခုပဲသွားကြပါစို့"

"နေဦး၊ မင်းဆီက သိချင်စရာလေးတစ်ခု ရှိတယ်၊ တခြား မဟုတ်ဘူး၊ ကျူးပိုက်ဂိုဏ်းက မင်းကိုစောင့် ကြည့်ဖို့ လူတစ်ယောက် လွှတ်ထားတယ် မဟုတ်လား"

"လွှတ်ထားပါတယ်၊ အဲ့ဒီလူကလဲ တော်တော်လျင်တဲ့ လူပါပဲ ကျွန်တော့် သံသေတ္တာလေး ရရချင်းပဲ သူသိရှိနေတယ်"

"ဟုတ်ပြီ ... ဘဘကြီးကျော်က သံသေတ္တာလေး ပေးတုန်းက ဘယ်သူမြင်သေးလဲ"

ရှောင်ယွင်က ကြားဖြတ်၍ ဝင်ပြောလိုက်သည်။

"ဘယ်သူမှတော့ မရှိပါဘူး၊ ကျွန်မနဲ့ ဖေဖေတို့ပဲ ရှိကြပါ တယ်၊ အဲ ... တစ်ခုတော့ရှိတယ်၊ အဲဒီအချိန်မှာ ကုလားအုပ်ဦးဦး မားရေးတော့ အခန်းထဲကို ဝင်လာတယ်"

လိထိကျင်းက မျက်မှောင် တစ်ချက်ကုတ်၍ စဉ်းစားလိုက် သည်။

ရှောင်ယွင်က ဆက်လက်ပြီး သူ့ထင်မြင်ချက်ကို ပြောပြန် သည်။

"ကျွန်မတို့ အိမ်ကြီးထဲကို ကျူးပိုက်ဂိုဏ်းကလူ ဝင်ရောက် လာနိုင်မယ် မထင်ဘူး"

ရုတ်တရက် လိထိကျင်းက လိန်းလင်အား ပြောလိုက်သည်။

"ကဲ ... အချိန်သိပ်မစောတော့ဘူး၊ ငါတို့ သွားကြမယ်"

ပြောပြောဆိုဆို စားပွဲပေါ်တင်ထားသော သံသေတ္တာလေး ကို လိထိကျင်းလှမ်းယူလိုက်သည်။

လိန်းလင်က ရှောင်ယွင်အား မခွဲနိုင် မခွာရက် အမူအရာမျိုး ဖြင့် တစ်ချက်စိုက်ကြည့်ကာ လိထိကျင်းနောက်သို့ လိုက်ပါသွား တော့သည်။



လိထိကျင်းက လှည့်ထွက်သွားရင်း အခန်းဝမှ လှမ်း၍ ရှောင် ယွင်အား မေးလိုက်သည်။

"ရှောင်ယွင် လိန်းလင် ပျောက်သွားတာကို တခြား လူတွေ သိသွားတဲ့အခါ မင်းဘယ်လိုပြောရမယ်ဆိုတာကို သိတယ် မဟုတ် လား"

"ကျွန်မသိပါတယ်"

တစ်ခဏချင်းမှာပင် လိထိကျင်းနှင့် လိန်းလင်တို့နှစ်ယောက် ပန့်စန့်ဖိန့် ခြံကြီးထဲမှ ပျောက်ကွယ်သွားတော့သည်။

ရှောင်ယွင်မှာ စိတ်ပူစွာဖြင့် ပြတင်းပေါက် အပြင်ဘက်သို့ ကြာမြင့်စွာ တွေဝေငေးမော ကြည့်ရှုနေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

"ဟူကျိ"တည်းခိုစားသောက်ဆိုင်"

ရောင်ခြည်ဦး အလင်းရောင် ဖျော့ဖျော့ဝယ်"ဟူကျိ"တည်းခိုစားသောက်ဆိုင်လေးသည် အေးဆေးတည်ငြိမ်စွာ ရှိနေသည်။

ဆိုင်ထဲမှ လူနှစ်ဦးမှာ တစ်စုံတစ်ဦးကို စောင့်မျှော်နေသည့်အလား တစ်ညလုံးအိပ်စက်ခြင်းမရှိပဲ စကားထိုင်ပြောနေကြသည်။

သူတို့နှစ်ဦးမှာ ဟူကျိတည်းခို စားသောက်ဆိုင်ရှင် သံခေါင်းကြီး ဟူစန်းနှင့် မီးလျှံ လင်ချူရွှန်းတို့ပင် ဖြစ်သည်။

သူတို့နှစ်ဦးသည် လီထိကျင်း ပန့်စန်ဖိန်အိမ်ကြီးသို့ သွားသည့် အချိန်မှစ၍ တစ်ညလုံး မီးလင်းသည့်တိုင် တရေးမှ မအိပ်ပဲ လီထိကျင်းအား ထိုင်စောင့်နေခြင်းပင်။

ထိုအချိန် လီထိကျင်း အခန်းထဲသို့ ဖြုန်းစားကြီး ဝင်ရောက်လာခဲ့သည်။

သံခေါင်းကြီးဟူစန်းက စိုးရိမ်တကြီးဖြင့် ...

"လီထိကျင်း မင်းဘာဖြစ်လို့ ဒီလောက်တောင် ကြာနေတာလဲ ပြန်မိုဖျားကော စိတ်ကူးသေးရဲ့လား"

"ကျွန်တော် ပြန်ရောက်လာပြီပဲ၊ ဘာစိတ်ပူစရာလိုတော့လဲ"

လီထိကျင်း၏ လက်တွင် သံသေတ္တာလေးတစ်လုံး ကိုင်လာသည်ကို တွေ့လိုက်ရ၍ ...

"ဒီ သံသေတ္တာလေးက မင်းဖခင်ကြီးရဲ့ ပစ္စည်းမဟုတ်လား"



"ဟုတ်ပါတယ်၊ ဟို လိရှောက်ကွမ်းကိုယ်တိုင်က ကျေကျေနပ်နပ်နဲ့ ပေးလိုက်တာပါ"

အဘိုးကြီးဟူက အံ့သြသွားကာ ...

"ဘာ ... ဟိုသူငယ်လေးက သူ့လက်ထဲ ရောက်သွားတဲ့ ပစ္စည်းမင်းကို အလွယ်တကူနဲ့ ပေးလိုက်တယ် ဟုတ်လား"

"နေပါဦး ဘဘဟူ၊ ကျွန်တော် လက်ဖက်ရည်ကြမ်းလေး ဘာလေး သောက်ပါရစေဦး၊ ပြီးမှ အေးအေးဆေးဆေး ပြောကြတာပေါ့"

ဤသို့ဖြင့် သုံးယောက်သား နေရာတကျ ထိုင်မိကြသောအခါ ဟူစန်းက သိချင်ဇောဖြင့် ...

"မင်း ရှောင်ယွင်နဲ့ တွေ့ခဲ့ရဲ့လား"

"ဟုတ်ကဲ့၊ တွေ့ခဲ့ပါတယ်"

လီထိကျင်းက ပန့်စန်ဖိန်အိမ်ကြီးသို့ သွားရာမှအစ ရှောင်ယွင်၊ လိန်းလင်တို့နှင့် တွေ့ခဲ့ပုံများနှင့် သံသေတ္တာလေးရခဲ့သည်အထိ အစမှ အဆုံး တစ်လုံးမကျန် အကုန်ပြန်ပြောပြလိုက်လေသည်။

အဘိုးကြီးဟူစန်းမှာ အလွန်အံ့အားသင့်နေပြီး လင်ချူရွှန်းမှာမူ မျက်လုံးအဝိုင်းသားနှင့် နားထောင်နေသည်။

သံခေါင်းကြီး ဟူစန်းက ...

"သူတို့ သားအဖနှစ်ယောက်လုံး ဟိုသူငယ်ကို အဝေးဆိုတာ သိနေကြတယ်ဟုတ်လား"

"ဟုတ်ပါတယ်၊ တကယ်တော့ အဲဒီလိန်းလင်ဆိုတဲ့ လူရွယ်ဟာ စိတ်ကောင်းနှလုံးကောင်းရှိပြီး အမှန်တရားကို မြတ်နိုးတဲ့ လူရွယ်တစ်ယောက်ပါပဲ"

"ထားပါတော့ကွာ၊ အရေးကြီးတာက အဲဒီ သံသေတ္တာလေးထဲက ပစ္စည်းတွေကို အစ်ကိုကြီးကျောက် ထုတ်ယူထားလိုက်ပြီလား၊ ဟိုရတနာ့ပစ္စည်းသုံးမျိုးရဲ့ သတင်းကိုရော သူပဲလွှင့်လိုက်တာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကျွန်တော် မသိသေးပါဘူး"

"မင်း ဒီသံသေတ္တာလေးကို အပြီးအပိုင်ယူလာခဲ့တာလား"

"ကျွန်တော့်ရဲ့ ရည်ရွယ်ချက်က ဒီသံသေတ္တာလေးဟာ သိုင်းလောက ပုဂ္ဂိုလ် တော်တော်များများ မရမက ယူချင်နေကြတဲ့ အန္တရာယ် သံသေတ္တာလေးဖြစ်ပါတယ်၊ ဒါကြောင့် ပန့်စန်ဖိန်ရဲ့ အိမ်သားတွေဟာ ပစ်မှတ်တစ်ခုလို ဖြစ်နေတယ်၊ အခု အဲဒီပစ်မှတ် တောင်ခြေဘက်ကို ရွှေ့ပေးလိုက်ပါပြီ"

"မင်း ဒီသံသေတ္တာလေးကို ပန့်စန်ဖိန်အိမ်ကြီးက ရွှေ့လိုက်တာနဲ့ သိုင်းသမားတွေက အဲဒီကိုမသွားတော့ဘူးလို့ တွက်ဆထားသလား"

"သူတို့လိုချင်တာက ရတနာပစ္စည်းသုံးမျိုး ဖြစ်ပါတယ်၊ အဲဒီပစ္စည်းတွေ ပန့်စန်ဖိန်အိမ်ကြီးမှာ မရှိတော့လို့ သူတို့ဟိုကို သွားစရာ အကြောင်းမရှိတော့ပါဘူး"

"ဒီသံသေတ္တာလေးထဲမှာ ရတနာပစ္စည်းသုံးမျိုး ရှိတယ်လို့ ဘယ်သူသိနိုင်မှာလဲ"

"ရှိမရှိတော့မသိဘူး၊ ဒါပေမယ့် ဒီသံသေတ္တာလေးကို ပိုက်ပြီး ကျွန်တော့်ဆီမှာ ရတနာပစ္စည်းသုံးမျိုး ရရှိလိုက်ပြီဆိုတာ သိုင်းလောက ပုဂ္ဂိုလ်တွေ အလွယ်တကူနဲ့ ယုံကြည်မှာ သေချာတယ်"

"ဒါနဲ့ နေပါဦး၊ မင်းဒီသံသေတ္တာလေးကို ဘာကြောင့် ဖွင့်မကြည့်တာလဲ"

"ဘဘဟူက ဖွင့်ကြည့်ဖို့ လိုမယ်များထင်သေးလား"

"ဟင် ... မင်းဘာကိုဆိုလိုတာလဲ"

"ဒီသံသေတ္တာလေးထဲက ပစ္စည်းတွေကို လိန်းလင်နဲ့ ရှောင်ယွင် တို့ရဲ့ မင်္ဂလာပွဲအတွက် လက်ဆောင်ပစ္စည်းအဖြစ် ပေးမယ်လို့ ကျွန်တော်ကတိပေးလိုက်ပြီးပြီ၊ တစ်ခုတော့ရှိတယ်၊ သံသေတ္တာ



လေးထဲမှာ ကျွန်တော်တို့ မျိုးဆက်ရဲ့ ပစ္စည်းဖြစ်နေရင်တော့ တစ်မျိုးပေါ့လေ"

"ဒါပေမယ့် ဒီသံသေတ္တာလေးထဲမှာ ရတနာပစ္စည်း သုံးမျိုး ပါမပါဆိုတာသိရအောင် ဖွင့်ကြည့်ရင်တော့ ကောင်းမယ်ထင်တယ်"

"ကျွန်တော် ဖွင့်မကြည့်ပဲ ဒီထဲမှာ ရတနာပစ္စည်းသုံးမျိုး ရှိနေတယ်လို့ပဲ သတ်မှတ်ချင်ပါတယ်၊ ဒါမှလဲ တခြားလူတွေကပါ ဒီသံသေတ္တာလေးထဲမှာ သူတို့အလွန် မက်မောနေကြတဲ့ ရတနာပစ္စည်း သုံးမျိုးရှိနေတယ်လို့ ထင်မှတ်နေစေချင်လို့ပါ"

အဘိုးကြီးဟူစန်းက စားပွဲပေါ်၌ တင်ထားသော သံသေတ္တာလေးအား တစ်ချက်ကြည့်လိုက်ပြီး အံ့ဩဟန်ဖြင့် ...

"ဟင် ... သံသေတ္တာလေးရဲ့သော့ ပျက်စီးနေပါလား၊ ဒါဆို တစ်ယောက်ယောက် ဖွင့်ကြည့်ပြီးရောပေါ့"

ထိုအခါမှ လိန်းလင် သံသေတ္တာလေးအား ဖွင့်ကြည့်မည် ဆဲဆဲ သူ့နောက်ကွယ်မှ လျှို့ဝှက်လူရောက်လာသဖြင့် ဖွင့်မကြည့် ဖြစ်ပုံများကို ပြန်ပြောပြလိုက်သည်။

"အဲဒီသံသေတ္တာလေးကို ဖွင့်မကြည့်ဖြစ်တော့ပဲ လိန်းလင်က ကမန်းကတန်း ခုတင်အောက်ကို ထိုးသွင်းထားလိုက်တယ်၊ အဲဒီ အချိန်က စပြီး လိန်းလင်ဟာ ကျူးပိုက်ဂိုဏ်းကို တော်လှန်ချင်တဲ့ စိတ်တွေ ဖြစ်ပေါ်လာခဲ့တာပဲ၊ နောက်ဆုံး ဒီပစ္စည်းဟာ သူ့ပစ္စည်း မဟုတ်မှန်း အသေအချာ သိလိုက်တဲ့အခါမှာတော့ လိန်းလင်ဟာ လုံးဝဖွင့်မကြည့်ဖို့ စိတ်ပိုင်းဖြတ်လိုက်တယ်"

"အင်း ... မင်းပြောပုံအရဆိုရင် ဟိုလျှို့ဝှက်တဲ့ လူဟာ အတော် လျင်တဲ့လူပါလား"

"ဟုတ်တယ်၊ သိပ်လျင်တဲ့ လူပါပဲ၊ တကယ်လို့ အဲဒီ သံသေတ္တာလေး ဟိုလျှို့ဝှက်လူသာ ရသွားပြီဆိုရင် လိန်းလင်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အသက်အန္တရာယ်ဟာ စိတ်မချရတော့ဘူး၊ ဒီပစ္စည်းလဲ ကျွန်တော့် လက်ထဲရောက်လာတော့မှာ မဟုတ်ပါဘူး"

သံခေါင်းကြီးဟူစန်းက စဉ်းစားလိုက်ပြီး ...

"ဒီ လျှို့ဝှက် ကျူးပိုက်ဂိုဏ်းချုပ်စခန်း ဘယ်မှာ ရှိသလဲ မသိဘူး၊ အဲဒီဂိုဏ်းသားကလဲ ဟိုပန့်စန်ဖိန်အိမ်ကြီးထဲကို ဝင်နိုင်ထွက်နိုင်လို့လား၊ မင်းတို့နှစ်ယောက် သိုင်းလောကမှာ တော်တော်ကြာကြာ ကျင်လည်ကျက်စားခဲ့တာ အဲဒီကျူးပိုက်ဂိုဏ်းအကြောင်း မကြားမိဘူးလား"

မီးလျှံလင် ချူချွန်းက ...

"မကြားမိဘူး ဘဘဟူ၊ ကြည့်ရတာ ဒီဂိုဏ်းပေါ်လာတာ သိပ်ကြာသေးဟန် မတူဘူးနဲ့တူတယ်"

"ဟုတ်တယ်၊ ဒီဂိုဏ်းပေါ်လာတာ နှစ်နှစ်လောက်ပဲ ရှိသေးတယ်လို့ သိခဲ့ရပါတယ်"

"နှစ်နှစ်ဆိုတဲ့ အချိန်ကာလပိုင်းဟာ သိပ်တိုတောင်းတာမှ မဟုတ်ပဲ၊ မင်းတို့လို သိုင်းလောကရဲ့ ထိတ်ထိတ်ကြဲ နှစ်ယောက်က ဘာကြောင့် မသိရတာလဲ"

လီထိကျင်းက ...

"သူတို့ရဲ့ လှုပ်ရှားမှုတွေဟာ အလွန်လျှို့ဝှက်ပြီး သိုသိုသိပ်သိပ်နေထိုင်ကြလို့ ဖြစ်မှာပေါ့"

"မဖြစ်နိုင်ဘူး၊ အဲဒီဂိုဏ်းဟာ သိုင်းလောကမှာ လုံးဝမလှုပ်ရှားပဲ နေမှာ မဟုတ်ဘူး၊ နောင်တစ်ချက်က သိုင်းလောက အတွင်းမှာ ကိစ္စကြီးငယ်လဲ မပေါ်ပေါက်ပဲ နေမှာ မဟုတ်ဘူး၊ ပေါ်ပေါက်လာတဲ့အချိန် သူတို့ဂိုဏ်းကလဲ လှုပ်ရှားမှာပဲ၊ အဲဒီလို လှုပ်ရှားတဲ့အခါမှာ ဆိုရင် တစ်ယောက်မသိ တစ်ယောက်တော့ သိမှာပဲ"

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ ဒီကျူးပိုက်ဂိုဏ်း လုံးဝ မသိတာ အမှန်ပါပဲ"



"ငါလဲ သိုင်းလောကထဲက ထွက်လာခဲ့တာပါ၊ ဟိုတုန်းကလဲ လျှို့ဝှက်ဂိုဏ်းတွေ ပေါ်ခဲ့ဖူးပါတယ်၊ တစ်ခုတော့ ရှိတယ်၊ သူတို့ ခေါင်းဆောင်တွေရဲ့ နေရပ်ကို မသိအောင် လျှို့ဝှက် ထားပေမယ့် အဲဒီဂိုဏ်းအကြောင်းကိုတော့ သိုင်းလောကမှာ ရှိတဲ့ ပုဂ္ဂိုလ်တွေ အကုန်လုံးလိုလို သိကြတာချည်းပဲ။

ငါ့အထင် ပြောရရင်တော့ ဟိုလိန်းလင်ဆိုတဲ့ ကောင်လေးက မင်းကို လိမ်ပြောလိုက်တာများလား၊ ဒါမှမဟုတ် လိန်းလင်က ပြောစရာ မရှိလို့ သူ့ပါးစပ်ထဲက တွေ့ကရာ ဂိုဏ်းတစ်ဂိုဏ်းကို ပြောလိုက်တာပဲ ဖြစ်ရမယ်"

လီထိကျင်းက ခိုင်မာတိကျစွာ ပြန်ပြောလိုက်သည်။

"ဘဘဟူ လိန်းလင်အကြောင်း ကျွန်တော် အသိဆုံးပါ၊ ဘယ်နည်းနဲ့မှ ကျွန်တော့်ကို လိမ်မှာ မဟုတ်ဘူး၊ ဒါတော့ ဘဘဟူ ယုံစေချင်တယ်"

မီးလျှံ လင်ချူချွန်းက စဉ်းစဉ်းစားစား အမှုအရာဖြင့် ...

"ဒါမှ မဟုတ်ရင် လိန်းလင်ကို အခြားတစ်ယောက်ယောက်က လိမ်လွှတ်လိုက်တာနဲ့ တူတယ်၊ တစ်ခုတော့ရှိတယ်၊ ဒီကျူးပိုက်ဂိုဏ်း တကယ်ရှိမရှိနဲ့ လူတစ်စုက လိန်းလင်ကို သူတို့ ကိစ္စမအောင်မြင်လို့ သူတို့ရဲ့ အတွင်းရေးတွေ ပေါက်ကြားသွားမှာ စိုးတဲ့အတွက် ကျူးပိုက်ဂိုဏ်းဆိုတဲ့ နာမည် တပ်ပေးလိုက်တာပဲ ဖြစ်မယ်"

အဘိုးကြီး ဟူစန်းက စားပွဲကို လက်ဖြင့် ပုတ်လိုက်ပြီး ...

"ဟုတ်တယ်၊ လင်ချူချွန်းပြောတာ သဘာဝကျပြီး ဖြစ်နိုင်တယ်၊ ဒီလိုပဲ ဖြစ်ရမယ်"

အဘိုးကြီး ဟူစန်းက စိတ်အားထက်သန်နေခိုက်တွင် လီထိကျင်းမှာမူ တိတ်ဆိတ်ငြိမ်သက်နေပြီး ပြဿနာကို လေးလေးနက်နက် စဉ်းစားနေသည်။

"မင်း လင်ချူချွန်းပြောတာ ဘယ်လိုသဘောရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"လင်ချူချွန်းနဲ့ ကျွန်တော့် သဘောက အမြင်ချင်း တူပါတယ်၊ ဒီအကြောင်းကို ကျွန်တော် ပန့်စန်ဖိန် အိမ်ကြီးမှာကတည်းက တွေးမိပါတယ်"

"ဟင် ... ဒါဖြင့် စောစောက မင်းထင်မြင်ချက်ကို ဘာဖြစ်လို့ မပြောတာလဲ"

"ဒီအကြောင်းက တခြား ကိစ္စတစ်ခုနဲ့ သွားငြိနေလို့ပါပဲ"

အဘိုးကြီးဟူစန်းက နားရှုပ်သွားကာ ...

"ဘယ်ကိစ္စကို ပြောတာလဲ"

"ကျွန်တော် ဘာ့ကြောင့် ဒီလိုစဉ်းစားရတာလဲဆိုတာ ဘဘဟူ သိရဲ့လား"

"မင်းမပြောဘဲ ငါက ဘယ်သိနိုင်ပါ့မလဲ"

"ခိုင်ဟော့လော့ဆီက သတင်းမပေါက်ကြားဖို့ သူ လုပ်ကြံခံလိုက်ရတဲ့ကိစ္စကို ဘဘဟူ မှတ်မိသေးလား"

"မှတ်မိပါတယ်၊ ဒီအကြောင်းနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"

"ပတ်သက်နေတာပေါ့၊ ခိုင်ဟော့လော့ကို သတ်တဲ့ လူဟာ လိန်းလင်ကို လျှို့ဝှက်စောင့်ကြည့်နေတဲ့ လူပဲ ဖြစ်ရမယ်"

အဘိုးကြီး ဟူစန်းနှင့် မီးလျံလင်ချူချွန်းတို့ နှစ်ယောက်လုံး အံ့အားသင့်သွားကြလေသည်။

"မင်း ဘယ်လိုလုပ်ပြီး သိသလဲ"

လီထိကျင်းက ပြောသင့် မပြောသင့် ချိန်ဆပြီးမှ မလွှဲမရှောင်သာ ပြောပြလိုက်ရတော့သည်။

"ကျွန်တော်ပြောမှာကို ဘဘဟူစိတ်မဆိုးပါနဲ့၊ အမှန်တော့ ကျွန်တော်သိပ်မပြောချင်ဘူး၊ ဒါပေမယ့် ပြဿနာကခု အခြေအနေထိ ရောက်မှတော့ ပြောမှဖြစ်မယ်၊ တခြားမဟုတ်ဘူး၊ သူတို့ရဲ့ ပစ်မှတ်ဟာ ခေါင်းဆောင်ကြီး ကျောက်ကျိုလင်အပါအဝင် သွေးသောက်ညီတော်တွေထဲက တစ်ယောက်ယောက်ကိုပဲ ဖြစ်တယ်၊ အထူးသဖြင့် ဘဘဟူအလိမ်ခံရပြီး အသတ်ခံရမှာကို ကျွန်တော် အထူးစိုးရိမ်မိတယ်၊ ဒါကြောင့် ကျွန်တော် ဖွင့်ပြောရခြင်း ဖြစ်ပါတယ်"

အဘိုးကြီး ဟူစန်း မျက်လုံးမျက်ဆံပြူးကာ ...

"ဆက်ပြောစမ်းပါဦး"

"ခိုင်ဟော့လော့ကို သတ်တဲ့လူ ကျွန်တော် မြင်လိုက်ရပါတယ်"

"ဟေ ... ဘယ်သူလဲ"

"ကျွန်တော်ပြောရင် ဘဘဟူ ယုံမှာမဟုတ်ဘူး"

လီထိကျင်း စကားပြတ်လိုက်ပြီး လက်ဖက်ရည်ကြမ်း ပန်းကန်ဆီသို့ လက်နှိုက်၍ စားပွဲပေါ်တွင် စာလုံးရေးပြလိုက်ပါသည်။

လင်ချူချွန်း အလွန်အံ့အားသင့်သွားပြီး အဘိုးကြီးဟူစန်း၏ မျက်နှာကြီးမှာ ကွက်ခနဲ ပျက်သွားပြီး ဝုန်းခနဲ ခုန်ထကာ ပါးစပ်မှ အော်မိလုလုပင် ဖြစ်သွားခဲ့ရ၏။

အဘိုးကြီးဟူစန်း တော်တော်နှင့် စကားမပြောနိုင်ပဲ ကြောင်အန်းအန်းဖြစ်နေပြီးမှ စကားထစ်ထစ်ငေါ့ငေါ့ဖြင့် ...

"သူ ... သူလား၊ မင်း ... မင်း လူအမြင် မမှားပါဘူးနော်"

"လုံးဝမမှားနိုင်ပါဘူး၊ ကျွန်တော်တောင် မယုံနိုင်အောင် ဖြစ်သွားရပါတယ်"

အဘိုးကြီး ဟူစန်းမှာ အလွန်စိတ်မကောင်း ဖြစ်သွားပြီး ...

"အင်း ... ငါတို့ရဲ့ ပြဿနာတွေဟာ အပြင်လူ မဟုတ်ဘူးဆိုတာ ငါ အစကတည်းက ထင်မိခဲ့ပါတယ်၊ ဒါပေမယ့် သူဖြစ်နေလိမ့်မယ်လို့ ငါလုံးဝမတွေးမိခဲ့ဘူး၊ အိပ်မက်ထဲတောင် ထည့် မက်ခဲ့မိဘူး၊ ဒါနဲ့ မင်းက ဘာဖြစ်လို့ ငါ့ကို ချက်ချင်းဖွင့်မပြောတာလဲ"

"ကျွန်တော် ချက်ချင်းဖွင့်ပြောလိုက်ရင် ဘဘဟူက သူ့ဆီကို ချက်သွားမှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးဟူစိန်း မျက်နှာကြီး နီရဲလာပြီး ...

"အေး ... အခုငါသိရပြီ၊ ငါ ခုချက်ချင်း သွားရှင်းမယ်"

ပြောပြောဆိုဆို အခန်းအပြင်သို့ ထွက်သွားရန် မတ်တ

ထရပ်လိုက်၏။

လီထိကျွင်းက အဘိုးကြီးဟူစန်း၏ လက်တစ်ဖက်ကို လှမ်း

ဆွဲထားလိုက်သည်။

အဘိုးကြီးဟူစန်းမှာ မခံမရပ်နိုင်ဖြစ်ကာ ရုန်းကန်နေရင်း ...

"မင်း ဘာလို့ငါ့ကို မသွားစေချင်တာလဲ၊ မင်း ဒီလော

တောင်နေနိုင်တာ ငါ့အံ့ဩပါရဲ့ကွာ"

"မသွားစေချင်တာကတော့ ဘဘဟူ သူ့ဆီသွားရင် အကျိုး

မရှိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ လက်ပါးစေတစ်ယောက်

ဖြစ်ပါတယ်၊ တရားခံအစစ်ကို ဖမ်းမိနိုင်မှာ မဟုတ်ဘူး"

"သူက လက်ပါးစေဆိုတာ မင်းကသိလို့လား၊ မင်း ဘယ်

လုပ် သိတာလဲ"

"သူဟာ လီန်းလင်ကို လျှို့ဝှက်စောင့်ကြပ်ရတဲ့ လက်ပါးစေ

တစ်ယောက်ပဲ ဖြစ်ပါတယ်၊ တရားခံ အစစ်မဟုတ်သေးဘူး၊ သူ့မှာ

တခြား အကြံအစည်တွေလဲ ရှိနေပါသေးတယ်"

"လီန်းလင်ရဲ့ စကားကတော့ ယုံနိုင်စရာအကြောင်းရှိလို့လား"

"ဟုတ်ပါတယ် ဘဘဟူ၊ လူယုတ်မာဆိုတာ ဒီလိုမျိုးပါပဲ

ကျွန်တော့် ဖခင်ကြီးဆိုတာ သူတို့ မသိကြဘူးနဲ့ တူပါတယ်"

အဘိုးကြီး ဟူစန်း၏ တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် ...

"မင်းရဲ့ ဆင္ဒမဦးဦးဟာ အခုဆိုရင် နေပြည်တော်မှာ အ

ဖြစ်နေတော့ ဒီကိစ္စအတွက် မင်းသွားပြီး စုံစမ်းနိုင်သားပဲ၊ ဘာ

လို့ သွားမစုံစမ်းတာလဲ"

"ဘဘဟူ ကျွန်တော် အမှန်အတိုင်းပြောရရင် ကျွန်တော်

ဖခင်ကြီးရဲ့ သွေးသောက်ညီအစ်ကိုတွေထဲမှာ ကျွန်တော်ယုံကြည်



စိတ်ချတဲ့ ဦးဦးနှစ်ယောက် ရှိတယ်၊ တစ်ဦးက ဘဘဟူဖြစ်ပြီး

နောက်တစ်ဦးက ဒုတိယဦးဦး လက်သီး ဗိုလ်ဖန်းကန်းပဲ ဖြစ်ပါ

တယ်"

အဘိုးကြီး ဟူစန်း ထိုစကားကြောင့် စိတ်ထိခိုက်ရပြန်သည်။

"အင်း မင်းပြောတဲ့စကားတွေကိုသာ မင်းရဲ့ ဒုတိယဦးဦးဖန်း

ကန်းသာ ကြားခဲ့မယ်ဆိုရင် သူလဲ မျက်ရည်ကျမှာ သေချာတယ်၊

ငါလဲ ဒုတိယအစ်ကိုတော်ဖန်းကန်းနဲ့ စတုတ္ထညီတော်မင်း ဖခင်ကြီး

တို့ကိုပဲ ပိုပြီးခင်တွယ်ခဲ့ပါတယ်၊ တို့တတွေဟာ စိတ်ချင်း သဘော

ထားချင်းလဲ တိုက်ဆိုင်တယ်၊ ဒီတော့ မင်းဘာဆက်လုပ်မယ် စိတ်ကူး

သလဲ"

"ခုဆို ကျွန်တော် လီန်းလင်ကိုလဲ လုံခြုံတဲ့ နေရာမှာပို့ထားပြီး

ပြီ၊ သံသေတ္တာလေးလဲ ကျွန်တော့် လက်ထဲမှာ ရှိနေပြီဆိုတော့

သိုင်းလောကသားတွေ ရောက်လာတဲ့အခါမှာ ဒီမိုက်မဲလှတဲ့ လူတွေရဲ့

လှုပ်ရှားမှု အခြေအနေကို ဂရုတစိုက်ကြည့်ရှုရမယ်၊ သူတို့ရဲ့ မျက်

နှာဖုံးတွေကို ချွတ်ပြီး ဘီလူးရုပ်တွေကို ကြည့်ရဦးမယ်"

"သူတို့ရဲ့ ဘီလူးရုပ်တွေက ပေါ်လာမှာတဲ့လား"

"လီန်းလင်လဲ ပျောက်ဆုံးသွားပြီ၊ သံသေတ္တာလေးလဲ အစ

ပျောက်နေပြီဆိုတော့ သူတို့တတွေ စိတ်ပူပြီး အလောတကြီး ဖြစ်နေ

ကြပြီလေ၊ ဒီတော့ သူတို့တတွေ အရေးတကြီး မရှာပဲနေပါ့မလား"

"အေး ... မင်းတစ်ခု သတိမေ့ကျန်နေတယ်၊ သိုင်းလောက

သားတွေကို မင်း နှိမ်နင်းနိုင်ပေမယ့် ခေါင်းဆောင် အစ်ကိုကြီး

ခင်းဆီ လိုက်လာလို့ မင်းလက်ထဲမှာ အဲဒီ သံသေတ္တာလေး တွေ့သွား

ရင် မင်းကိုလူသတ်ပြီး ပစ္စည်းလုလာတဲ့ ဓားပြ သူခိုး တစ်ယောက်

လို့ ထင်ပြီး မင်း ..."

"အို ဒီအချက်ကို ကျွန်တော် စဉ်းစားပြီးပါပြီ၊ ရင်ဆိုင်ဖို့လဲ

အသင့်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ချက်က ခေါင်းဆောင်အစ်ကိုကြီး တစ်စုံတစ်ခု ဖြစ်သွားရင် ရှောင်ယွင်ကို မင်းဘယ်လို ရင်ဆိုင်မလဲ"

"ဒီအတွက် စိတ်မပူပါနဲ့၊ သူဘယ်လိုလုပ်ရမယ်ဆိုတာ သိပါတယ်၊ ကျွန်တော့်မှာလဲ ကျွန်တော့်နည်းလမ်းတွေရှိ နေပါတယ်"

"နေပါဦး ... ငါကတော့ သူတို့နဲ့ရောပြီး မင်းကိုတိုက်ခိုက်ရဦးမှာလား"

"ကျွန်တော်နဲ့ လင်ချူရွှန်းတို့ ဒီကနေ့ညပဲ ဒီဆိုင်က ပြောင်းရွှေ့ထွက်ခွာသွားတော့မယ်"

အဘိုးကြီးဟူစန်းက အံ့အားသင့်သွားပြီး ...

"ကောင်လေး မင်းကြည့်လဲလုပ်ဦးနော်၊ တော်ကြာ အကုန်လုံး ပြဿနာတွေ ရှုပ်ထွေးသွားမှဖြင့်"

"ကိစ္စမရှိပါဘူး၊ ဘဘဟူကသာ ကျွန်တော့်ကို တကယ် မာန်ပါပါနဲ့ တိုက်ခိုက်ပါ၊ ကျွန်တော် ဒဏ်ရာ အနာတရမဖြစ်နိုင်ပါဘူး"

"မင်း သိပ်ပြီး ကြီးကျယ်မနေနဲ့၊ ငါတို့ ညီအစ်ကို တတွေပေါင်း တိုက်ခိုက်လာရင် မင်းလွယ်မှာ မဟုတ်ဘူးနော်"

"ဘဘဟူ ဘာမှ စိတ်မပူပါနဲ့၊ ကျွန်တော်ဟာ လေပြင်းစားသမား ထိလူဟုန်း ဖြစ်ပါတယ်၊ ဘဘဟူက ဘဘကြီး ကျောက်ကျိလင်နဲ့အတူ သွေးသောက် ညီအစ်ကိုတွေ ဘက်မှာနေပြီး ကျွန်တော့်ကို ပြဿနာပေါ်လာတဲ့အခါ ဝိုင်းဝန်းတိုက်ခိုက်ရမယ်၊ တစ်ခုတော့ရှိတယ်၊ လီန်းလင် ပုန်းအောင်းနေတဲ့ ယောင်ကျီလိုဏ်ဂူထဲကိုတော့ ဘဘဟူ နေ့စဉ်အချိန်မှန်မှန် အစားအစာတွေ သွားပို့ပေးပါ၊ ဒါ ကျွန်တော် ပြောတာတွေ သေသေချာချာ မှတ်ထားပါနော်၊ ကျွန်တော်တို့ ဒီဆိုင်က ထွက်ခွာသွားတော့မယ်"

"ကောင်းပြီ၊ မင်းပြောတဲ့အတိုင်း ငါလုပ်ပါ့မယ်၊ နေဦး မင်းတို့စီးဖို့မြင်းတွေ ငါကိုယ်တိုင်သွားယူပေးမယ်"



"နေပါစေတော့ ကျွန်တော်တို့မြင်းတွေ ဒီမှာပဲထားခဲ့ပါ့မယ် ဘဘဟူ ကြည့်ရှုထားလိုက်ပါ"

အဘိုးကြီးဟူစန်း သဘောကျစွာ ရယ်မောပြီး နောက် ...

"အေးပေါ့ကွာ၊ ငါကပဲ မင်းတို့မြင်းတွေကို ထိန်းကျောင်း အစာကျွေးတဲ့သူပဲ ထားလိုက်ပါတော့"

လီထိကျင်းက ပြုံးစေ့စေ့အမူအရာနှင့် ...

"ဘဘဟူ မြင်းတွေကို ကြည့်ရှုရမှာက ခေတ္တယာယီပါ၊ ဘယ်လိုမှ သဘောမထားပါနဲ့"

မီးလျှံ လင်ချူရွှန်းကလည်း ပြုံးစစနှင့် အဘိုးကြီးဟူစန်းအား ကြည့်နေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၅)

နောက်တစ်နေ့နံနက်။

ကျောက်ကျားကျိုရွာကြီးမှာ နံနက်ခင်းအချိန်၌ အေးချမ်းလျက် ရှိနေ၏။

"ဟူကျို" တည်းခို စားသောက်ဆိုင်တွင်းမှ လီထိကျင်းနှင့် လင်ချူချွန်းတို့ နှစ်ယောက် ခပ်တည်တည်ဖြင့် လျှောက်လှမ်း ထွက်ခွာလာကြသည်။

သူတို့နှစ်ယောက် ဓားရှည်ကိုယ်စီ နောက်ကျောတွင် လွယ်လျက် လီထိကျင်းက ကျောက်ကျားကျိုရွာကို လာခဲ့စဉ်ကအတိုင်း ဆင်းရဲနွမ်းပါးသော အဝတ်အစားများကို ဝတ်ဆင်ထားသည်။

လီထိကျင်း၏ ဘယ်ဘက်ပခုံးတွင် လေးထောင့်သဏ္ဍာန် အထုပ် တစ်ထုပ်ကိုလည်းသိုင်းလွယ်ထားသေးသည်။

နှစ်ယောက်သား တစ်ညလုံး မအိပ်စက်ရသေးသော်လည်း ထိတ်ထိတ်ကြဲ သိုင်းသမားများပီပီ ခွန်အား၊ စိတ်အားများ ကြံ့ခိုင်ခိုင်ပင် ရှိနေကြ၏။

လမ်းလျှောက်နေရင်း လင်ချူချွန်းက ကျေနပ်ပီတိဖြစ်နေသဖြင့် ...

"လူဟုန်း ရှင်နဲ့ ကျွန်မဘယ်တုန်းကမှ ဒီလိုနှစ်ယောက်သား ပခုံးချင်း ယှဉ်ပြီလျှောက်ရလိမ့်မယ်လို့ ကျွန်မ မထင်ခဲ့မိဘူး"

လီထိကျင်းက တည်ငြိမ်သောလေသံဖြင့် ...



"ချူချွန်းတို့ ခု အင်မတန်ကြီးမားတဲ့ ကိစ္စတစ်ခုကို ဖြေရှင်းဖို့ အတွက် သွားနေတာဖြစ်တယ်၊ မင်းရဲ့ စိတ်ကူးယဉ် စကားတွေ ခဏမေ့ထားလိုက်ပါ"

လင်ချူချွန်းက စကားလမ်းကြောင်းပြောင်းကာ ပြောပြန်သည်။

"ရှောင်ယွင်တစ်ယောက် ချစ်သူအသစ်နဲ့ တွေ့နေတာတောင် ရှင်ဘယ်လိုမှ ခံစားမှုဟန်မတူဘူး၊ ရှင်တော်တော် စိတ်ခိုင်တဲ့ လူပဲ"

"ဘာလို့ ငါကစိတ်မခိုင်ရမှာလဲ၊ ရှောင်ယွင်နဲ့ ငါက စေ့စပ်ထားတာလဲ မဟုတ်ဘူး၊ ချစ်သူအဆင့်မှာလဲ ရှိမနေကြဘူး"

ထို့နောက် နှစ်ယောက်သား ငြိမ်သက်စွာ ရှေ့သို့ ဆက်လက် လျှောက်လှမ်းနေကြသည်။

ထိုအခိုက် သူတို့ရှေ့ တူရူမှ လူသုံးယောက် လျှောက်လှမ်းလာကြပြီး တစ်ဖက်လမ်းဘေး စားသောက်ဆိုင်တစ်ဆိုင်သို့ ရယ်ကာမောကာ ဝင်ရောက်သွားကြသည်ကို လီထိကျင်းတို့ နှစ်ယောက် သတိထားမိလိုက်၏။

လူသုံးယောက်မှာ သန်မာထွားကြိုင်းပြီး မြင်လိုက်ရသည်နှင့် သိုင်းသမားများ ဖြစ်ကြောင်း သိသာနိုင်သည်။ အပြာရောင် ဝတ်စုံများကို တူညီဝတ်ဆင်ထားကြ၏။

လင်ချူချွန်းက မျက်ခုံးပင့်ကာ လူသုံးယောက်အားကြည့်၍ လီထိကျင်းအား ပြောလိုက်သည်။

"လူဟုန်း သူတို့ကို တွေ့တယ် မဟုတ်လား"

"အေး ... သူတို့ ရောက်လာကြတာ မြန်လိုက်လှချည်လား"

"သူတို့ နောက်ကို လိုက်ကြည့်ရအောင်"

"အေး ... အတော်ပဲ၊ တို့လဲ မနက်စာ မစားရသေးဘူး၊ မနက်စာ စားရင်းနဲ့ သူတို့ရဲ့ အရိပ်အခြည်ကို အကဲခတ်ကြတာပေါ့"

နှစ်ယောက်သား ဝတ်စုံပြာဝတ် လူသုံးယောက် ဝင်သွားသော စားသောက်ဆိုင်လေးထဲသို့ ဝင်ရောက်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်ထဲရှိ လွတ်နေသော စားပွဲတစ်ခုတွင် နှစ်ယောက်သား ဝင်ထိုင်လိုက်ကြရင်း စားသောက်ဖွယ်ရာများကို မှာယူလိုက်၏။

လင်ချူချွန်းမှာ ရုပ်ရည်ချောမော၍ စိုပြည်သော အသားအရည်များရှိကာ ခန္ဓာကိုယ်ဖွဲ့စည်းပုံမှာလည်း ယောကျာ်းများ စွဲမက်လောက်သော အချိုးအဆစ်ကျနသည့် ခန္ဓာကိုယ် ပိုင်ရှင် ဖြစ်နေသောကြောင့် ဆိုင်တွင်းမှ ပုရိသယောကျာ်းများ တိတ်တခိုး ကြည့်ရှုနေကြ၏။

ဝတ်စုံပြာဝတ် သိုင်းသမား သုံးယောက်တို့ကမူ လိထိကျင်တို့ နှစ်ယောက်အား လှေ့လာစူးစမ်းသော အကြည့်ဖြင့် အကဲခတ်ကြည့်ရှုနေကြသည်။

အတန်ကြာသောအခါ ဝတ်စုံပြာဝတ် လူသုံးယောက်မှာ မျက်နှာ ကွက်ခနဲ ပျက်သွားပြီး အသီးသီး ခေါင်းငုံ့လိုက်ကြကာ စားလက်စ အစားအစာများကိုပင် ဆက်လက်မစားသောက်ကြတော့ဘဲ ငွေရှင်းပြီး ဆိုင်လေးထဲမှ ကပျာကယာ ထွက်သွားကြသည်။

ဝတ်စုံပြာဝတ် သိုင်းသမားသုံးယောက်မှာ ခပ်လှမ်းလှမ်း အိမ်ကြီး တစ်အိမ်အတွင်းသို့ ရေးကြီးသုတ်ပျာ ဝင်ရောက်ပျောက်ကွယ်သွားကြ၏။

လိထိကျင်းက သဘောကျစွာ ပြုံးလိုက်ပြီး ...

"ဟိုမှာ သတင်းသွားပို့နေပြီ တွေ့လား၊ တို့နှစ်ယောက်ကို တော်တော် ကြောက်ကြတဲ့ပုံပဲ၊ စားလက်စ အစားအသောက်တွေတောင် ကုန်အောင် စားမသွားကြဘူး"

လိထိကျင်း၏ စကားမဆုံးခင် ခပ်လှမ်းလှမ်းအိမ်ကြီးအတွင်းမှ အင်္ကျီစိမ်းဝတ် အဘိုးကြီး တစ်ယောက်ထွက်လာသည်ကို တွေ့ရပြန်သည်။ ထွက်လာသော အဘိုးကြီးမှာ နှာခေါင်းကောက်ကောက် မုတ်ဆိတ်ကျဲကျဲနှင့် ခန္ဓာကိုယ်မှာ ပိန်လှီသည်။ မျက်လုံးအစုံသည် မှေးစင်းလျက် ရှိ၏။



မြင်လိုက်ရရုံနှင့် လူကြီးမှာ ဉာဏ်များသော လူတစ်ယောက် ဖြစ်မည်မှန်း သိနိုင်သည်။

လိထိကျင်းက လင်ချူချွန်းအား တီးတိုးလေသံဖြင့် ပြောပြနေသည်။

"ဒီလူကြီး အကြံသမား ဟူထိုက်စန်းဆိုတဲ့လူကြီးပဲ၊ သိုင်းလောကမှာဆိုရင် ကောက်ကျစ်စဉ်းလဲပြီး အင်မတန် ဉာဏ်များတဲ့ လူကြီးပေါ့"

"ဟုတ်တယ်၊ ကျွန်မဒီလူကြီးကို လေးငါးကြိမ်မြင်ဖူးတယ်"

လင်ချူချွန်းစကားမဆုံးမီ အင်္ကျီစိမ်းဝတ်အဘိုးကြီး ဟူထိုက်စန်း လိထိကျင်းတို့ရှိနေသည့် စားသောက်ဆိုင်လေးထဲသို့ ဝင်ရောက်လာသည်။ စားပွဲထိုးလေးက ဝင်လာသောအဘိုးကြီးအား ပျူငှာစွာ မေးလိုက်၏။

"ဘာများ သုံးဆောင်လိုပါသလဲခင်ဗျာ"

အင်္ကျီစိမ်းဝတ် အဘိုးကြီးက ဘာစကားမှပြန်မပြောပဲ လက်ကာပြလိုက်ပြီး လိထိကျင်းတို့ရှိနေရာ စားပွဲအနီးသို့ အသာချဉ်းကပ်လာကာ ဂါရဝပြုရင်း...

"မေးခွင့်ပြုပါခင်ဗျာ၊ ဆရာလေးတို့က လေပြင်းဓားသမား ထိလူဟုန်းနဲ့ မီးလျှံလင်ချူချွန်းတို့ ဟုတ်ပါသလား"

လိထိကျင်းက အဘိုးကြီးအား အေးစက်စက် အမူအရာဖြင့် ကြည့်ကာ...

"ဆရာကြီးက ဘယ်သူပါလဲ"

လူပိန်အဘိုးကြီးက လိထိကျင်း၏အမေးကို ပြန်မပြောသေးပဲ ဆက်လက်မေးမြန်းနေပြန်သည်။

"မိန်းကလေး မီးလျှံလင်ချူချွန်း ကျုပ်ကိုမှတ်မိပါသလား"

လင်ချူချွန်းက အဘိုးကြီးအားမကြည့်ဘဲ ခပ်တည်တည်ဖြင့် ပြန်ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မှတ်လဲ မမှတ်မိဘူး၊ သိလဲမသိဘူး"

လူပိန်အဘိုးကြီးမှာ ခံပြင်းသော်လည်း အပြုံးမပျက် ဆက်လက်ပြောနေပြန်သည်။

"ဆရာလေးထိ ကျုပ်နာမည်က ဟူထိုက်စန်းလို့ ခေါ်ပါတယ်"

"ဟုတ်ကဲ့၊ ဆရာကြီးဟူထိုက်စန်း ထိုင်ပါ"

အဘိုးကြီး ဟူထိုက်စန်းမှာ လီထိကျင်းတို့ စားပွဲတွင် ဝင်ထိုင်လိုက်ပြီး...

"စောစောက ကျုပ်မိတ်ဆွေတွေ လာသတင်းပေးလို့ ဆရာလေးနဲ့ မိန်းကလေးတို့ ဒီဆိုင်မှာ ရောက်နေတယ်ဆိုလို့ ကျုပ်လာပြီး နှုတ်ဆက်တာပါပဲ၊ ဒါနဲ့ စိတ်တော့ မရှိပါနဲ့၊ တစ်ခုတော့ မေးပါရစေ၊ ဆရာလေးတို့နှစ်ယောက်ဟာ သိုင်းလောကရဲ့ ထိပ်ထိတ်ကျဲ သိုင်းအကျော်အမော်တွေ ဖြစ်ကြပါတယ်၊ ဘာဖြစ်လို့ ဒီလောက် ချောင်ကျလှတဲ့ ရွာလေးကိုဘာကိစ္စ များရှိလို့ လာခဲ့ကြပါသလဲ"

လင်ချူချွန်းက မနှစ်မြို့သောအမူအရာဖြင့် ခပ်ပြတ်ပြတ် ပြန်ဖြေလိုက်၏။

"ရှင်တို့လို ထိပ်တန်းသိုင်းသမားကြီးတွေတောင် လာကြသေးတာပဲ၊ ကျွန်မတို့က ဘာ့ကြောင့်ဒီရွာကို လာကြတယ်ဆိုတာ ပြောနေရဦးမှာလား"

လူပိန်အဘိုးကြီးမှာ ဒုတိယအကြိမ်ဒေါသစိတ်ကို မျိုသိပ်လိုက်ရပြန်သည်။

လီထိကျင်းနှင့် လင်ချူချွန်းတို့နှစ်ယောက်မှာ အဘိုးကြီးအား ဂရုမစိုက်တော့ပဲ စားလက်စ အစားအသောက် များကို ဆက်လက်စားသောက်နေကြပြန်သည်။

အဘိုးကြီးကလည်း သူ့အား ဂရုမစိုက်ပဲနေသည်ကို လုံးဝအရေးမထားပဲ လီထိကျင်းတို့စားသောက်နေသည့် စားပွဲပေါ်မှ



ခလေးထောင့်အထုပ်ကလေးကိုသာ စိတ်ဝင်တစား ကြည့်ရှုအကဲခတ်နေသည်။

အကျိုစိမ်းဝတ် အဘိုးအိုမှာ မမျိုသိပ်နိုင်တော့ပဲ လီထိကျင်းအား ဖွင့်ဟ မေးမြန်းလိုက်တော့သည်။

"ဆရာလေးတို့ ဒီရွာကိုလာတာ အခုတလော သိုင်းလောကမှာ သတင်းပျံ့လွင့်နေတဲ့ ရတနာပစ္စည်းကိစ္စအတွက်ပဲလား"

"မဟုတ်ပါဘူး၊ သိုင်းလောကမှာနေရကာ ငြီးငွေ့တာနဲ့ ခဏတဖြုတ် ဒီရွာမှာလာပြီး အနားယူကြတာပါ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ဆရာလေးတို့ ဘယ်မှာတည်းခိုနေထိုင်ကြပါသလဲ"

"ကျွန်တော်တို့ ခုပဲ ဒီရွာကထွက်သွားကြတော့မှာဖြစ်ပါတယ်"

အကျိုအစိမ်းဝတ်အဘိုးကြီးမှာ ထိုစကားကြောင့် များစွာအံ့အားသင့်သွားပြီး...

"အို... ဆရာလေးတို့ ပြန်ကြတော့မှာကိုး၊ နောက် လေးငါးရက်လောက် နေကြပါဦးလား"

လီထိကျင်းကလည်း ခပ်တည်တည်ပင် ပြန်မေးလိုက်၏။

"ဆရာကြီးတို့လူစု ဒီရွာကို ဘာကိစ္စလာကြတာလဲ"

"ကျုပ်တို့လဲ ဆရာလေးထိလိုပါပဲ၊ ဒီရွာမှာခဏ လာပြီး အနားယူဖို့ လာကြတာပါပဲ"

လင်ချူချွန်းက မဲ့ပြုံးတစ်ချက်ပြုံးကာ...

"အခုတလော ဒီရွာကို သိုင်းလောကသားတွေ လာပြီး အနားယူကြတာတွေကလဲ များလှချည်လား"

အဘိုးကြီးက မျက်နှာပျက်သွားပြီး ဣန္ဒြေဆည်ကာ...

"ဟုတ်တယ်၊ သိုင်းလောကသားတွေ တော်တော်များများ ဒီရွာမှာ တွေ့ရတယ်"

ရုတ်တရက် လီထိကျင်းကလင်ချူချွန်း အားမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ချူချွန်း စားလို့ပြီးပြီလား"

"ဟုတ်ကဲ့ ပြီးပါပြီ၊ တော့လိန်မြစ်အထိတော့ အဆာခံနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

"ဒီလိုဆိုရင် သွားကြမယ်၊ ကဲ... ဆရာကြီး ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး"

ပြောပြောဆိုဆို လိထိကျင်းက စားပွဲပေါ်ကို ငွေစများချထားလိုက်ပြီး ထရပ်လိုက်၏။

အဘိုးကြီးကလည်း လိထိကျင်းအား ဘာလိုလို ညာလိုလို ကူညီပေးဟန်ဖြင့် စားပွဲပေါ်မှ လေးထောင့်အထုပ်ကလေးကို လှမ်းယူလိုက်သည်။

သို့သော် လိထိကျင်းမှာ အဘိုးကြီးထက်လျင်မြန်စွာ စားပွဲပေါ်မှ လေးထောင့်အထုပ်ကလေးကို ကောက်ယူလိုက်ပြီး...

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော့် ဘာသာကျွန်တော် ယူနိုင်ပါတယ်"

ပြောပြီးသည်နှင့် လေးထောင့်အထုပ်ကလေးကို ဘယ်ဘက်ချိုင်းတွင် လွယ်လိုက်ပြီး အဘိုးကြီးအား လှည့်မကြည့်တော့ဘဲ ဆိုင် အပြင်ဘက်သို့ နှစ်ယောက်သား အေးအေးဆေးဆေးပင် ထွက်ခွာ သွားကြသည်။

အဘိုးကြီး ဟူစန်းမှာ လိထိကျင်း၏ ဘယ်ဘက်ချိုင်းကြားတွင် လွယ်ထားသော လေးထောင့်အထုပ်လေးကိုသာ မျက်ခြည်မပြတ် ရူးရူးစိုက်စိုက် ငေးကြည့်နေရင်း ဆိုင်လေးထဲတွင် ကျန်ရစ်ခဲ့လေသည်။

လိထိကျင်းနှင့် လင်ချူချွန်းတို့ အတော်ဝေးဝေး ရောက်သွားသောအခါ ခပ်လှမ်းလှမ်း အိမ်ကြီးထဲမှ ဝတ်စုံပြာဝတ် လူသုံးယောက် ထွက်လာကြသည်။

ထိုလူသုံးယောက်သည် အဘိုးကြီး ဟူထိုက်စန်း ရှိရာသို့ အပြေးအလွှား ရောက်လာကြပြီး တစ်ဦးက လှမ်းမေးလိုက်၏၊



"ဆရာကြီး သူတို့နှစ်ယောက် ဟုတ်တယ်မို့လား"

"ဟုတ်တယ်၊ သူတို့လဲ ရောက်နေတာ အတော်ကြာသွားပြီ၊ သူတို့ ပြန်သွားကြပြီ၊ ဟို ထိလူဟုန်းရဲ့ ဘယ်ဘက်ချိုင်းကြားမှာ လွယ်ထားတဲ့ လေးထောင့်အထုပ်လေးထဲက ပစ္စည်းဟာ တို့လိုချင်နေတဲ့ ရတနာပစ္စည်း သုံးမျိုးပဲ ဖြစ်ရမယ်"

တစ်ဦးက...

"ဖြစ်နိုင်တယ်၊ သူတို့ နှစ်ယောက်ဟာ ဒီရွာကို အကြောင်းမသိဘဲ လာမှာ မဟုတ်ဘူး"

"သူတို့နှစ်ယောက် ပစ္စည်းယူပြီး ထွက်သွားတာကို ဆရာကြီး ဒီအတိုင်းပဲ ကြည့်နေတော့မှာလား"

အဘိုးကြီး ဟူထိုက်စန်းက...

"ငါတို့ ဘယ်အလွှတ်ပေးနိုင်မှာလဲ၊ ဒါပေမယ့် မင်းတို့ သိကြတဲ့အတိုင်း ဒီလူနှစ်ယောက်ဟာ သိုင်းလောကရဲ့ ထိတ်ထိတ်ကြီး နှစ်ယောက်ကွ"

နောက်တစ်ဦးက...

"သူတို့နှစ်ယောက်ကို မကြောက်တဲ့ တခြားသိုင်းသမားတွေ ရှိသေးတယ် မဟုတ်လား"

ထိုစကားကြောင့် အဘိုးကြီး၏ မျက်လုံးများ ဝင်းလက်သွားကာ...

"အေး...ဟုတ်တယ်၊ ငါတို့အပြင် အခြားသိုင်းသမားတွေလဲ ရှိနေကြသေးတာပဲ၊ ကဲ... လာ သွားပြီးတိုင်ပင်ကြရအောင်"

သူတို့အားလုံး ရွာအရှေ့ဘက်သို့ စိတ်အားထက်သန်စွာ လျှောက်လှမ်းသွားနေကြသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



လီထိကျင်းနှင့် လင်ချူချွန်းတို့ နှစ်ယောက် ကျောက်ကျားကျိုးရွာ၏ အပြင်ဘက်သို့ ရောက်လာကြသည်။

ရွာအပြင်ဘက်တွင် လမ်းနှစ်သွယ် ရှိနေသည်။

တစ်လမ်းက မြောက်ဘက်အရပ်သွားရာ လမ်းဖြစ်ပြီး ကျန်တစ်လမ်းက အရှေ့ဘက်အရပ်သို့ သွားရာလမ်း ဖြစ်သည်။

လမ်းနှစ်သွယ်၏ ခွဆုံတွင် ရေမသစ်ပင်ကြီးတစ်ပင် ထီးကည်းကြီး ရှိနေ၏။

လီထိကျင်း ကျောက်ကျားကျိုးရွာသို့ လာခဲ့စဉ်က ထိုရေမသစ်ပင်ကြီးတွင် ခေတ္တခဏ အနားယူအပန်းဖြေခဲ့ဖူးသည်။

လီထိကျင်းက ထိုသစ်ပင်ကြီးတွင် ရပ်တန့်၍ ပတ်ဝန်းကျင်တစ်ဝိုက်ကို လေ့လာအကဲခတ် ကြည့်ရှုလိုက်ပြီး တစ်ယောက်တည်း ရေရွတ်လိုက်၏။

"အင်း...ဒီကပဲ သူတို့အလာကို စောင့်တာ ကောင်းပါတယ်"

ပြောပြောဆိုဆို နှစ်ယောက်သား သစ်ပင်ကြီးခြေရင်းတွင် ထိုင်လိုက်ကြ၏။

လီထိကျင်းက ချိုင်းကြားမှ လေးထောင့်အထုပ်ကလေးကို မြေပေါ်သို့ အသာချထားလိုက်သည်။

လင်ချူချွန်းက ကျောက်ကျားကျိုးရွာဘက်သို့ လှမ်းကြည့်ရင်း...

"သူတို့ လာမှလာကြပါ့မလား"

"စိတ်ချ၊ သူတို့ ကျိန်းသေလာကြလိမ့်မယ်၊ ဟူထိုက်စန်းဆိုတဲ့ အဘိုးကြီးအကြောင်း မင်းသိမယ်ဆိုရင် သူ့ကို အထင်သေးမှာ မဟုတ်ဘူး၊ ဒီအဘိုးကြီးက သိပ်ဉာဏ်များတယ်၊ သူမလာရဲတောင်မှ ဒီပြင် သိုင်းသမားတွေကို သွေးထိုးမြှောက်ပင့်ပြီး ငါတို့နောက်ကို လိုက်လာအောင် မြှူဆွယ်ပြောဆိုမှာ သေချာတယ်"

လင်ချူချွန်းက သဘောကျသွားပြီး...

"ကောင်းတယ်၊ သူတို့မလာရင် ကျွန်မတို့ ဒီမှာငုတ်တုတ်ကြီးထိုင်နေရတာ ပျင်းစရာကောင်းတာပေါ့၊ သူတို့လာတော့လဲ ကိုယ်လက်လှုပ်ရှားရတဲ့အတွက် တစ်မျိုးပျော်စရာ ကောင်းပါတယ်"



အတန်ကြာသောအခါ ကျောက်ကျားကျိုးရွာကြီးထဲမှ လူသုံးယောက် ထွက်လာကြသည်ကို လှမ်းတွေ့လိုက်ရ၏။

လီထိကျင်းက ပြုံးရယ်ပြီး ပြောလိုက်၏။

"မင်းကြည့်စမ်း... ငါပြောတာ မမှန်ဘူးလား"

"ဟုတ်တယ် ငါးညီနောင်ရတဲ့ ကြောင်တွေလိုပဲ၊ သူတို့လူစုက ထိုက်ရှိန်းနယ်က "ငရဲသား" ညီနောင် ဆယ်ယောက်မဟုတ်လား၊ အခု ဘာ့ကြောင့် သုံးယောက်တည်း လာတာလဲ မသိဘူး"

"မင်း ရွာရဲ့ဘေးတစ်ဖက် တစ်ချက်ကိုလဲ သေသေချာချာ ကြည့်လိုက်ပါဦး"

လီထိကျင်း ပြောလိုက်မှ လင်ချူချွန်း သေသေချာချာ ကြည့်လိုက်ရာ ကျောက်ကျားကျိုးရွာ၏ ဘေးတစ်ဖက် တစ်ချက်စီမှ လူသုံးယောက်တစ်စု၊ လေးယောက်တစ်စုနှင့် အုပ်စုခွဲကာ လာနေကြသည်ကို တွေ့လိုက်ရ၏။

လင်ချူချွန်းက သဘောကျစွာဖြင့်...

"ဩော်...သူတို့က ကျွန်မတို့ကို ဝိုင်းညှပ်ပြီး တိုက်ကြမလို့ကိုး"

"ရပါတယ်၊ သူတို့က ဆယ်ယောက်၊ တို့က နှစ်ယောက်တွေ့ကြသေးတာပေါ့၊ မင်း ဒီသံသေတ္တာလေးကိုသာ ကြည့်ထား၊ သူတို့ကို ငါတစ်ယောက်တည်း တိုက်မယ်"

"ဖြစ်ပါတယ်၊ အရေးကြုံလာတဲ့အခါမှာ ကျွန်မကိုလဲ နည်းနည်းပါးပါး အစွမ်းပြဖို့ ခွင့်ပြုပါ ဟုတ်လား"

ထိုအချိန်တွင် သုံးဘက်သုံးတန်မှ "ငရဲသား"ညီနောင်ဆယ်ယောက် သူတို့နှင့် ဝါးတစ်ရိုက်ခန့် အကွာအဝေးသို့ ရောက်လာလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ဝါးတစ်ရိုက်ခန့် အကွာအဝေးတွင် ငရဲသားဆယ်ယောက်ရှေ့ မဘိုးတော့ဘဲ နေရာဖွင့် ရပ်တန့်နေလိုက်ကြ၏။

ညာဘက် ငရဲသားလေးယောက်၏ မျက်လုံးရှစ်စုံက လိထိကျင်းတို့နှစ်ယောက်အား စူးစူးစိုက်စိုက် ကြည့်ရှုအကဲခတ်နေကြသည်။

သူတို့၏မျက်နှာများမှာ အရုပ်ဆိုးသော မျက်နှာများ ဖြစ်၍ လူရုပ်ပုံသဏ္ဌာန် မျိုးစုံဖြစ်နေသည်။

နေ့ခင်းဘက်တွင် ဖြစ်နေ၍သာ တော်တော့သည်။ ညဘက်၌ သူတို့ ဆယ်ယောက်၏ မျက်နှာများကို မြင်လိုက်ရပါက တစ္ဆေသရဲများနှင့် တွေ့နေရသည်ဟုပင် ထင်နိုင်စရာ အကြောင်းရှိ၏။

လိထိကျင်းက သူတို့အား လုံးဝအရေးမထားဘဲ ရှေ့တွင်ချထားသော လေးထောင့်အထုပ်ကလေးကို အသာအယာ ဖြည်လိုက်ပြီး အထဲမှ သံသေတ္တာလေးကို ဆွဲထုတ်ယူလိုက်သည်။

ထိုသံသေတ္တာလေးရှိရာသို့ မျက်လုံးပေါင်း အလုံး (၂၀)က အရောင်တလက်လက် တောက်ပကာ လိုချင်ရမက်ဖြင့် စူးစူးစိုက်စိုက်ကြည့်နေကြသည်။

ရုတ်တရက် လိထိကျင်းက တဟားဟား ရယ်မောလိုက်ပြီး...

"အဘိုးကြီး ဟူထိုက်စန်းက သိပ်ပါးနပ်တဲ့ လူကြီးပဲ၊ သူကိုယ်တိုင်မလာဘဲ မင်းတို့ကို ရှေ့ပြေးလွှတ်လိုက်ပြီး အသေခံ ခိုင်းလိုက်တာပဲ၊ ကျုပ်မှာ ဘာမှမရှိဘူး၊ ဒီသံသေတ္တာလေး တစ်လုံးပဲရှိတယ် လိုချင်တဲ့လူရှိရင် လာယူနိုင်ပါတယ်"

သိုင်းသမား ဆယ်ယောက်အနက် အလယ်သုံးယောက်မှ လူတစ်ယောက်က...

"ထိုလူဟုန်းဆိုတဲ့ ဓားသမားဟာ လက်သံပြောင်တယ်ဆိုတာ တို့သိထားပါတယ်၊ ဒါပေမယ့် မင်းရဲ့ သံသေတ္တာလေးထဲမှာ ရတနာပစ္စည်းသုံးမျိုး ရှိနေလား၊ မရှိဘူးလား ဆိုတာ သိချင်တယ်"



လိထိကျင်းက ခပ်အေးအေးပင် ပြန်ပြောလိုက်၏။

"မပါဘူးဆိုရင် မင်းတို့လဲ ယုံမှာမဟုတ်ဘူး၊ ငါ အမှန်အတိုင်းပြောမယ်၊ အဲဒီ သံသေတ္တာလေးကို ရရှိခဲ့တဲ့ အချိန်ကစပြီး ခုချိန်ထိ ငါ ဖွင့်မကြည့်ရသေးဘူး၊ အထဲမှာ မင်းတို့လိုချင်နေကြတဲ့ ရတနာပစ္စည်းသုံးမျိုး ရှိမရှိတော့ ငါလဲ မသိသေးဘူး"

လိထိကျင်း အမှန်အတိုင်း ပြောနေသော်လည်း ထိုငရဲသားသိုင်းသမား ဆယ်ယောက်မှာ ယုံမည်မဟုတ်ပေ။

အနက်ရောင် အင်္ကျီဝတ်ထားသူက...

"မင်းလဲ ဒီရတနာပစ္စည်း သုံးမျိုးကြောင့် လာတာပဲ မဟုတ်လား၊ ဒီသံသေတ္တာလေး ရရှိပြီး ရတနာပစ္စည်းသုံးမျိုး ရှိမရှိဆိုတာ ဖွင့်ဘဲနဲ့ ပခုံးပေါ်ထမ်းပြီး ထွက်လာတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

"ဒါဆို မင်း အဲဒီ သံသေတ္တာလေး ရပြီးကတည်းက ရွာက ထွက်သွားဖို့ သင့်တယ်"

"ခု ငါတို့ ရွာက ထွက်ခွာခဲ့ပြီ မဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ်၊ ဘာဖြစ်လို့ ဒီသစ်ပင်ကြီးခြေရင်းမှာ လူအလာကို ထိုင်စောင့်နေရတာလဲ"

လိထိကျင်းက မဲ့ပြုံးပြုံးလိုက်ပြီး...

"ငါတို့ ဘယ်ကိုပဲရောက်ရောက် မင်းတို့ကတော့ မရမကလိုက်မရှာဘဲ နေမလား၊ ငါက တခြားလူတွေလို မဟုတ်ဘူး၊ ငါ့နောက်ကို သိုင်းသမားတွေ လိုက်လာတာ မကြိုက်ဘူး ဒါကြောင့် ကိစ္စကို ဒီနေရာကပဲ အပြတ်ရှင်းဖို့ မင်းတို့ကို စောင့်နေတာပဲ"

ကတုံးပြောင်ပြောင်နှင့် အဘိုးအိုက...

"မင်းက ဒီသံသေတ္တာလေးကို အပိုင်အနိုင် ကာကွယ်နိုင်မယ်လို့ ကျိန်းသေ တွက်ဆထားတယ်ပေါ့"

"ဟုတ်တယ်၊ နို့မဟုတ်ရင် ကျုပ်က ဒီမှာထိုင်ပြီး ခင်ဗျားတို့ကို စောင့်နေမတဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"အေး…စိတ်ဓာတ် မကောင်းပါဘူးကွာ၊ တို့ညီနောင် ဆယ်ယောက်က မင်းဆီက အဲဒီပစ္စည်းကို မရ ရအောင် ယူရမှာဖြစ်တဲ့အတွက် မင်းရဲ့ ဓားစွမ်းကို ဖြီးစမ်းကြည့်ရသေးတာပေါ့"

လိထိကျင်းက တည်ငြိမ်ရင့်ကျက်သော အမူအရာဖြင့် သိုင်းသမားဆယ်ယောက်ကို လှမ်းပြောလိုက်သည်။

"ဒီထက်ကောင်းတာ မရှိတော့ဘူး၊ ကဲ…ဒီနေရာမှာပဲ ယှဉ်ပြိုင်ကြတာပေါ့"

ပြောပြောဆိုဆို နောက်ကျောမှ ဓားရှည်ကြီးကို လိတိကျင်းဆွဲထုတ်လိုက်ပြီး ဓားရှည်ကိုကြည့်ကာ တစ်ယောက်တည်း ရေရွတ်ပြောဆိုလိုက်ပြန်သည်။

"အင်း…ဒီဓားကြီးကို ကျုပ်မသုံးတာ အတော်ကြာသွားပြီ၊ သံချေးမတက်တာပဲ ကျေးဇူးတင်ရဦးမယ်"

လိထိကျင်း၏ ဓားကြီးမှာ အကောင်းစား သံမဏိဖြင့် ပြုလုပ်ထားသော ဓားကောင်းတစ်လက် ဖြစ်၏။ ဓားကြီးမှာ အရောင်တလက်လက် တောက်နေကာ မျက်စိကျိန်းမတတ် ရှိနေ၏။

သူ့ရှေ့ရှိ အကျီနက်လူနှင့် အဝါရောင် အကျီဝတ် လူနှစ်ဦးက လုံးဝလှုပ်ရှားခြင်း မရှိသေး။ ဘယ်ညာ နှစ်ဖက် ငွေရောင်၊ အဖြူရောင်ဝတ် လူကြီး နှစ်ယောက်တို့က ဓားများအသင့် ဆွဲထုတ်လိုက်၏။

ငွေရောင်အကျီဝတ် လူကြီးဓားမှာ အလွန်သေးငယ် ပျော့ပျောင်း၍ အပျော့အမာ နှစ်မျိုးစလုံး သုံးရသည့် ဓားကောင်းတစ်လက်ဖြစ်သည်။

အဖြူရောင် အကျီဝတ် လူကြီးကမူ သံယပ်တောင်ကြီးကို လက်နက်အဖြစ် ကိုင်ဆောင်ထားသည်။

လိထိကျင်းက သံသေတ္တာလေးအား လင်ချူချွန်းလက်သို့ ကမ်းပေးလိုက်ပြီး ယှဉ်ပြိုင်တိုက်ခိုက်ရန် အသင့်ဖြစ်နေသည်။

ငွေရောင်နှင့် အဖြူရောင် အကျီဝတ်လူကြီးနှစ်ယောက် ကိုယ်



တစ်ချက် လှုပ်ရှားလိုက်သည်နှင့် သူတို့နှစ်ယောက် လိထိကျင်းရှေ့သို့ ရောက်လာခဲ့ကြသည်။

ငွေရောင်အကျီဝတ် လူကြီး၏ ဓားက မြွေဟောက်တစ်ကောင်လား လိထိကျင်း၏ ဓားကိုင် ညာဘက်ပခုံးဆီသို့ မိုးခုတ်ချလိုက်သည်။

အဖြူရောင် လူကြီးကလည်း သူ၏ သံယပ်တောင်ကြီးဖြင့် လိထိကျင်း၏ ရင်ဘတ်သွေးကြောကွက်ကို ရိုက်ထိုး ထိုးလိုက်၏။

လိထိကျင်းက လုံးဝမလှုပ်ရှားသေးပဲ လက်နက်နှစ်ခု အလွန်နီးကပ်လာသည်နှင့် နောက်သို့ ခြေတစ်လှမ်း ဆုတ်ပေးလိုက်ပြီး ပြင်းဓားသမား ပီသစွာပင် လျှပ်တစ်ပြက်အတွက် "လျှပ်စစ်မိုးကြိုး" ဓားကွက်တစ်ကွက်ဖြင့် ရှေ့သို့ငှေ့ရမ်း လှုပ်ရှားလိုက်သည်။

"ဒုတ်"

"အား"

"အမလေး"

လိထိကျင်း၏ "လျှပ်စစ်မိုးကြိုး" ဓားတစ်ကွက်တည်းနှင့် ငွေရောင်လူကြီး၏ ညာဘက် ဓားကိုင်လက်နှင့် အဖြူရောင်လူကြီး၏ ဘယ်ဘက်ပခုံးတို့တွင် ဓားချက်တစ်ချက်စီ ထိသွားကာ နှစ်ယောက်စလုံး နောက်သို့ ဆုတ်သွားရလေသည်။

ဓားကိုင် ငွေရောင်လူကြီးမှာ ပို၍အထိနာသည်။ သူ၏ ညာဘက်ကောက်ဝတ်မှာ လိထိကျင်း၏ ဓားချက်ကြောင့် ဓားလက်လွတ်ကျသွားကာ ဆက်လက်မတိုက်ခိုက်နိုင်တော့ပေ။

ဓားကိုင် လက်ကောက်ဝတ်မှာ ဓားချက်ကြောင့် တုံးတိတိကြီး ဖြစ်နေပြီး နောက်မှ သူ့လူများ ရှိရာသို့ ဆုတ်ခွာပြေးသွားလေသည်။

သံယပ်တောင်ကိုင် လူကြီးမှာ ဓားကိုင်လူလောက် အထိမနာချေ။ ဘယ်ဘက်ပခုံးတွင် ဓားတစ်ပြားစာ အသားလန်ထွက်သွားရုံလောက်သာ ဒဏ်ရာရသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်...

သံယပ်တောင်ကိုင် လူကြီးက နောက်သို့ဆုတ်သွားရသော်လည်း ဆက်လက်တိုက်ခိုက်နိုင်သေးသည်။

နောက်ဆုတ်သွားသော နေရာမှာပင် ရပ်ကာ ယပ်တောင်တစ်နေရာရှိ လျှို့ဝှက်ခလုတ်တစ်ခုကို နှိပ်လိုက်ရာ သံယပ်တောင်ရွက်သုံးချောင်းမှာ မြားသုံးစင်းအလား အရှိန်အဟုန်ပြင်းစွာဖြင့် လီထီကျင်ရှိရာသို့ တန်းတန်းမတ်မတ် ဝင်လာခဲ့သည်။

လေပြင်းဓားသမား ထီလူဟုန်းမှာ ထိတ်ထိတ်ကြဲ သိုင်းအကျော်အမော် တစ်ယောက်ပီပီ စိတ်လှုပ်ရှားခြင်း လုံးဝမရှိပဲ အရှိန်ပြင်းစွာ တန်းဝင်လာနေသော သံယပ်တောင်ရွက် သုံးချောင်းကို သူ၏ ဓားကြီးဖြင့် ရိုက်ဖယ်ထုတ်ပစ်လိုက်သည်။

"ထန်း...ထန်း...ထန်း"

သံယပ်တောင်ရွက် သုံးချောင်းမှာ ထီလူဟုန်း၏ ဓားရိုက်ချက်ကြောင့် နောက်ပြန်လည်သွားကာ လာရာလမ်းအတိုင်း အရှိန်အဟုန်နှစ်ဆခန့် ပိုမိုပြင်းထန်စွာဖြင့် သံယပ်တောင်ကိုင် လူကြီးရှိရာသို့ တန်း၍ ပျံသန်းသွားနေကြသည်။

ယပ်တောင်ကိုင် လူကြီးမှာ လုံးဝ မျှော်လင့်မထားသည့်အတွက် မိမိ၏ သံယပ်တောင်ရွက် သုံးချောင်းက မိမိထံ အရှိန်အဟုန်ပြင်းစွာ ပျံသန်းလာနေသည်ကို ငေးငိုင်၍ ကြည့်နေမိသည်။

"ဗိုး...ဗိုး...ဗိုး"

"အား"

သံယပ်တောင်ရွက် သုံးချောင်းမှာ လမ်းကြောင်းသုံးကြောင်း ပြောင်းခွဲကာ ပျံသန်းလာကြသည့်အတွက် တစ်ချောင်းသော သံယပ်တောင်ရွက်က ယပ်တောင်ကိုင် သိုင်းသမား၏ ညာဘက်ပခုံးဆောင်တွင် နက်နက်ရှိုင်းရှိုင်း စိုက်ဝင်သွားလေသည်။

"အိုး"



"အင့်"

ကျန်ယပ်တောင်ရွက် နှစ်ချောင်းမှာ ယပ်တောင်ကိုင် သိုင်းသမားနောက်မှ ရပ်နေသော ငရဲသား သိုင်းသမားနှစ်ယောက်ထံသို့ ရှေ့ရှုပျံသန်းသွားပြီး ခြေသလုံး၊ ပေါင်း အသီးသီးတို့တွင် စိုက်ဝင်သွားကာ သိုင်းသမားနှစ်ယောက် ထပ်မံထိခိုက် ဒဏ်ရာပြင်းထန်စွာ ရသွားလေသည်။

ယပ်တောင်ကိုင် သိုင်းသမားတစ်ယောက်၏ ညာဘက် ပခုံးသားတစ်ခုလုံး ကြေမွသွားကာ ညာဘက်လက်တစ်ခုလုံး သုံးမရလောက်အောင် ဖြစ်သွားခဲ့ရ၏။

ယပ်တောင်ကိုင် သိုင်းသမားနောက်မှ ရပ်နေသော ငရဲသား သိုင်းသမား နှစ်ယောက်တို့မှာလည်း ခြေသလုံးနှင့် ပေါင်များသို့ သံယပ်တောင်ရွက် တစ်ဆုံး စိုက်ဝင်သွားသည့်အတွက် နေရာတွင်ပင် ဖင်ထိုင်လျက်သား လဲကျနေကြသည်။

လေပြင်း ဓားသမား ထီလူဟုန်း ဓားချက် တစ်ချက်တည်းနှင့် ရန်သူလေးယောက်တို့အား နာလန်မထူနိုင်အောင် ဆုံးမပေးလိုက်လေသည်။

ကျန်သိုင်းသမား (၆)ယောက်တို့မှာ အနည်းငယ်ဖြုံ့သွားကြ၏။

သို့သော်...

သံသေတ္တာလေးအပေါ် လောဘစိတ် ကပ်နေသောကြောင့် သေဘေးကို မမြင်ဘဲ သံသေတ္တာလေးကိုသာ မြင်နေကြ၏။

ငရဲသား သိုင်းသမား ဆယ်ယောက်အနက်မှ ခေါင်းဆောင်ဖြစ်ဟန်တူသူ အနီရောင် အင်္ကျီဝတ်ထားသည့် လူကြီးက သူ့ညီတော်များအား လှမ်းအမိန့် ပေးလိုက်သည်။

"ညီတော်တို့ ဒီကောင့်ကို တစ်ယောက်ချင်း နှစ်ယောက်ချင်း တိုက်ခိုက်လို့တော့ ရမှာမဟုတ်ဘူး၊ ဒါကြောင့် ဒဏ်ရာမရသေးတဲ့ ညီတော်တို့အားလုံး ဝိုင်းတိုက်ခိုက်ကြ"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် ဒဏ်ရာမရသေးသော ငရဲသား သိုင်းသမား (၆)ယောက်စလုံး လီထိကျင်အား ဝိုင်းဝန်းတိုက်ခိုက်ရန် နေရာ အသင့်ပြင်လိုက်ကြသည်။

လီထိကျင်းက အေးစက်စက် လေသံဖြင့် ရန်သူများအား လှမ်းပြောလိုက်သည်။

"ခုနေ ခင်ဗျားတို့ ပြန်ဆုတ်သွားမယ်ဆိုရင် ကျုပ် ခွင့်ပြုတယ် ကျုပ်စကားကို နားမထောင်ရင်တော့ ကျုပ်မှာ တာဝန်မရှိဘူး"

ဝတ်စုံနီနှင့် ခေါင်းဆောင်လူက ဒေါသဖြင့် ပြန်ပြောလိုက်၏။

"မင်းက တို့ ဝိုင်းတိုက်မှာကို ကြောက်လို့ ဒီစကား ပြောတာလား၊ တို့ကတော့ ဘာပဲဖြစ်ဖြစ် မင်းဆီက သံသေတ္တာ ကိုရမှ ဒီနေရာက ဘွက်ခွာသွားနိုင်မယ်၊ နို့မဟုတ်ရင်တော့..."

"ခင်ဗျားတို့ အားလုံးဟာ ငါးစာသာမြင်ပြီး ခစ်မမြင်ကြ ငါးသတ္တဝါတွေလိုပဲ၊ အမှန်တော့ ခင်ဗျားတို့ကို အဘိုးကြီး ဟူ စန်းက သွေးထိုးပေးပြီး ခင်ဗျားတို့ကို အသေခံဖို့ လွှတ်လိုက်တာ ဖြစ်တယ်၊ တကယ်လို့ ခင်ဗျားတို့က ကျုပ်ကို နိုင်ပြီး ပစ္စည်းရရင် ဒီပစ္စည်း ခင်ဗျားတို့ ရမယ်များ ထင်နေသလား"

ဝတ်စုံနီနှင့် လူကြီးက စိတ်မရှည်နိုင်စွာ သူ့ညီတော်များ လှမ်းပြောလိုက်သည်။

"ကဲ... ညီတော်တို့ ဒီကောင့်စကားကို မင်းတို့ နားမထော ကြနဲ့၊ အချိန်ရှိတုန်း ဝိုင်းတိုက်ကြပါတော့လား"

ဝတ်စုံနီနှင့်လူ၏ စကားဆုံးသည်နှင့် ငရဲသား သိုင်း (၆)ယောက်တို့မှာ လက်နက်မျိုးစုံကို ဆွဲကိုင်ကာ လီထိကျင်း အတင်းတရကြမ်း ဝင်ရောက်တိုက်ခိုက် လေတော့သည်။

လက်နက်မျိုးစုံတို့၏ အချင်းချင်း ထိခိုက်သံများ နားကွဲ ဆူညံစွာ ထွက်ပေါ်နေသည်။



လက်နက်မျိုးစုံတို့မှ လှုပ်ရှားထွက်ပေါ်နေသော အရောင်များ မှာလည်း နေရောင်တွင် မျက်စိကို ကျိန်းမတတ် ပြိုးပြိုးပြက်ပြက်နှင့် ရွှေ၊ ငွေ၊ ကြေးရောင် စသည့် အရောင်မျိုးစုံတို့မှာ ကြည့်၍ပင် ကောင်းနေသေးတော့၏။

လီထိကျင်း(ခေါ်) လေပြင်းဓားသမား ထိလူဟုန်းမှာလည်း မတတ်သာသောကြောင့် ဓားရှည်ကို စကြာသဏ္ဌာန် ရေပက်မဝင် အောင် ဝှေ့ယမ်းလိုက်၏။

ရန်သူ၏ လက်နက်မျိုးစုံမှာ စကြာပမာ ဝှေ့ယမ်းနေသော လီထိကျင်း၏ ဓားကွက်ထဲသို့ ထိုးဖောက်တိုက်ခိုက်ရန် မဆိုထားနှင့် တချို့ငရဲသား သိုင်းသမား နှစ်ဦးသုံးဦး၏ လက်နက်များမှာ လီထိ ကျင်း ဝှေ့ယမ်းနေသော ဓားချက်ကြောင့် လက်နက်များ လက်မှ လွှတ်ထွက်ကုန်ကြ၏။

ရန်သူ (၆)ဦးအနက် ဓားစကြာလှည့်ပတ် ဝှေ့ယမ်းမှုကြောင့် လက်နက် လွှတ်ထွက်သွားကြသည်မှာ သုံးဦးပင် ရှိ၏။

ထို့ကြောင့်...

လက်နက်မရှိကြသော ရန်သူသုံးဦးက လီထိကျင်းအား ဆက် လက်မတိုက်နိုင် နိုင်တော့ဘဲ ဘေးမှအသာပင် ရပ်ကြည့်နေရတော့ သည်။

လီထိကျင်း အမှန်တကယ် ရင်ဆိုင်ရမည့် ရန်သူများမှာ သုံး ယောက်သာ ကျန်တော့သည်။

ထို သုံးယောက်သော ရန်သူများအား လီထိကျင်းက လုံးဝ မှုဘဲ ထမင်းစား ရေသောက်လောက်ပင် ရှိနေသည်။

လီထိကျင်းက ပွဲသိမ်းတိုက်ကွက်အဖြစ် "ရောင်ပြေးရှင်ဖုန်" ဟိုယ်ဖော့ပညာကို အသုံးပြုကာ ရန်သူသုံးယောက်အား ရှေ့နောက် သာမှဝင်၍ "ဓားပန်းတစ်ထောင်" အကွက်ဖြင့် ပွဲသိမ်းတိုက်ခိုက် လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘေးမှ ရပ်ကြည့်နေသော လင်ချူချွန်းပင် လီထိကျင်း၏ တိုက်ကွက်များကို မနည်းကြီးပင် ကြည့်ရှုနေရ၏။ လီထိကျင်း၏ လျင်မြန်သွက်လက်မှုမှာ ဩချယူရလောက်အောင်ပင် ဖြစ်နေကြောင်း လင်ချူချွန်း အံ့ဩစွာ တွေ့နေရလေပြီ။

ရန်သူသုံးယောက်မှာ လီထိကျင်းအား ပြန်လည်တိုက်ခိုက် ထိုးခုတ်ရန် အချိန်မရလိုက်ဘဲ သူတို့ကိုယ်တိုင်ပင် မည်သို့မည်ပုံ ဒဏ်ရာရသွားကြသည်ကို မသိရှိ မမြင်လိုက်ကြရပေ။

မြေပေါ်တွင် သုံးယောက်သား အတုန်းအရုန်း လဲကျနေကြ၏။

အားလုံးမှာ နားရွက်ပြတ်၊ လက်ပြတ်၊ ခြေပြတ်နှင့် ဒုက္ခိတ ဘဝသို့ ချက်ချင်း ရောက်သွားကြလေပြီ။

လီထိကျင်း၏ ဓားစကြာ ဝှေ့ယမ်းမှုကြောင့် လက်နက်များ လွင့်စဉ်ထွက်သွားသူ ရန်သူ သုံးယောက်တို့သာ ဒဏ်ရာမရရှိဘဲ အကောင်းပကတိ ကျန်ရှိနေခဲ့သည်။

ထိုရန်သူ သုံးယောက်မှာလည်း တုတ်တုတ်မျှ မလှုပ်ရဲကြဘဲ မျက်နှာတွင် သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေပြီး လီထိကျင်း၏ ဓားသိုင်းပညာကို အံ့ဩမယုံနိုင်လောက်အောင် ဖြစ်နေမိကြ၏။

လီထိကျင်း ကိုယ်ဖော့ပညာ သုံးလိုက်သည့် အကွက်မှာ သူတို့၏ မျက်စိထဲတွင် အဖြူရောင် လူရိပ်တန်းတစ်ခု ကွေ့ပတ်လှုပ်ရှားနေသည်ကိုသာ မြင်ရပြီး သူတို့၏ ခေါင်းများပင် မူးနောက်နောက် ဖြစ်လာကြရသည်အထိ လီထိကျင်း၏ ကိုယ်ဖော့ပညာက လျင်မြန်လွန်းလှ၏။

လင်ချူချွန်းကလည်း အံ့ဩချီးမွမ်းသော မျက်နှာဖြင့် လီထိကျင်းအား လှမ်းပြောလိုက်သည်။

"ရှင်နဲ့ ကျွန်မ ခင်မင်ခဲ့တာဟာ ရက်ပေါင်း မနည်းတော့ဘူး ဒီတစ်ကြိမ်သာ ရှင့်ရဲ့ လှုပ်ရှာမှုနဲ့ ဓားသိုင်းမညာကို ကိုယ်တိုင်ကိုယ် ကျမြင်ရတော့တယ်၊ ဒါကြောင့်လဲ ရှင်ဟာ သိုင်းလောကထဲမှာ



လေပြင်းဓားသမားလို့ နာမည်ကျော်ကြားနေတာကိုး၊ ရှင့် ဓားသိုင်း ပညာနဲ့ လှုပ်ရှားမှုတွေဟာ တကယ့် လေပြင်းကြီး တိုက်ခတ်နေ သလားလို့တောင် ထင်မှတ်ရပါတယ်"

လီထိကျင်းက သူမအား ဘာစကားမျှ ပြန်မပြောဘဲ သူ့ဓား ရှည်ကြီးကို ဓားအိမ်ထဲ ထိုးထည့်လိုက်သည်။

လီထိကျင်း၏ ခန္ဓာကိုယ်ပေါ်တွင် သွေးစက်တစ်စက်မျှ စွန်း ပေခြင်းမရှိ။ ထိုခိုက်ဒဏ်ရာရခြင်းလည်း လုံးဝမရှိချေ။

ရောမ သစ်ပင်ကြီးတစ်ပိုက်မှာ လုံးဝငြိမ်သက် တိတ်ဆိတ်နေ သည်။

လီထိကျင်း၏ မျက်နှာသည်လည်း လုံးဝ စိတ်လှုပ်ရှားခြင်း မရှိ။ ပကတိ တည်ငြိမ်လျက် ရှိနေ၏။

သိုင်းသမားကောင်းတို့မည်သည် ရန်သူနှင့် တိုက်ခိုက်သည့် အခါ စိတ်တည်ငြိမ်စွာထားနိုင်ခြင်းသည် အဓိကပင် မဟုတ်ပါလား။

ရုတ်တရက် လီထိကျင်း၏ နှုတ်ဖျားမှ စိတ်မကောင်းကြီးစွာ ဖြင့် စကားသံတစ်သံ ထွက်ပေါ်လာခဲ့သည်။

"ကျောက်ကျားကျိုရွာနဲ့ ပန့်စန်ဖိန်အတွက်မို့လို့သာ ကျုပ် ဒီလို အပြစ်ပေးရခြင်းပါပဲ၊ နို့မို့ရင်တော့..."

လီထိကျင်း ရှေ့ဆက်မပြောတော့ပဲ နှုတ်ပိတ်လိုက်ပြီး ဒဏ်ရာ ရသူများကို ကြည့်ကာ စိတ်မကောင်းစွာဖြင့် ဦးခေါင်းကို ခါယမ်း လိုက်၏။

လင်ချူချွန်းက...

"ကျွန်မသိပါတယ်၊ ရှင်ဟာ တော်ရုံတန်ရုံနဲ့ တစ်ဖက်သား ကို ထိခိုက်ဒဏ်ရာရအောင် မလုပ်ပါဘူး၊ အခု ရှင်ဆုံးမလိုက်တဲ့ ငရဲသား ညီနောင်တွေဟာ သိုင်းလောကမှာ နာမည်ပျက်ပြီး ဒုစရိုက်မှု တွေ ကျူးလွန်နေကြတဲ့ လူဆိုးလူမိုက်တွေပါပဲ၊ သူတို့ ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေနဲ့စာရင် ရှင်ဆုံးမလိုက်တဲ့ ပြစ်ဒဏ်က မပြောပလောက်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ သူတို့ရဲ့အသက်တွေကို ရှင် ချမ်းသာ ပေးလိုက်တာတောင် လွန်နေပါပြီ"

"ဒါပေမယ့် ရှင့်စေတနာကို သူတို့တစ်နေ့ သိလာကြတဲ့အခါ သူတို့တတွေဟာ လူကောင်းသူကောင်း ပြန်ဖြစ်မသွားနိုင်ဘူးလို့ မပြောနိုင်ဘူး၊ ဒါကြောင့် ရှင် သူတို့အတွက် စိတ်မကောင်းဖြစ်ပြီး စိတ်ထိခိုက်နေစရာ မလိုဘူးလို့ ကျွန်မ ထင်တယ်"

စကားပြောရင်း လင်ချူချွန်းက ကျောက်ကျားကျိုးရွာကြီးဘက်သို့ လှမ်းကြည့်လိုက်ရာ လူတစ်ယောက် အပြေးအလွှား လာနေသည်ကိုတွေ့လိုက်ရ၍...

"ဟာ... ဟိုမှာ လူတစ်ယောက် အပြေးအလွှား လာနေပါလား ကြည့်စမ်း ဘဘဟူနဲ့ တူသလိုလိုပဲ"

လီထိကျင်းက နောက်သို့လှည့်ကြည့်လိုက်ရာ သံခေါင်းကြီး ဟူစန်း ဖြစ်နေကြောင်း တွေ့လိုက်ရ၏။

"အေး... ဘဘဟူပဲ၊ ဘာများဖြစ်လို့လဲ မသိဘူး"

"အင်း... ကြည့်ရတာ တစ်ခုခုအကြောင်း ပေါ်နေပြီနဲ့ တူတယ်"

သူတို့စကားပြောနေစဉ်မှာပင် သံခေါင်းကြီး ဟူစန်းမှာ ရွာ၏ ဘယ်ဘက်ဆီသို့ ကွေ့ပြေးသွားပြီး အိမ်တစ်အိမ်၏ နောက်ဖေးဘက်တွင် ရောက်နေသည်ကို လှမ်းမြင်လိုက်ရသည်။

လင်ချူချွန်းက အံ့အားသင့်သွားပြီး...

"သူ ကျွန်မတို့ကို မမြင်ဘူးနဲ့တူတယ်"

"မဖြစ်နိုင်ဘူး၊ တို့ကို သူ မြင်နိုင်ပါတယ်၊ သူ တို့ကို တမင် သူ့နောက်ကို နောက်ယောင်ခံလိုက်နိုင်အောင် ကိုယ်ယောင်ပြပြေးတာဖြစ်ရမယ်"

စကားဆုံးသည်နှင့် နှစ်ယောက်သား သံခေါင်းကြီး ဟူစန်း ပြေးသွားရာဘက်သို့ ကိုယ်ဖော့ပညာသုံးကာ ပြေးလွှားလိုက်သွား



ကြ၏။ ရွာထဲမှ အိမ်တစ်အိမ်၏ ရှေ့သို့ အရောက်တွင် သံခေါင်းကြီး ဟူစန်းနှင့် ပက်ပင်းတိုးမိကြတော့သည်။

သံခေါင်းကြီး ဟူစန်းက လီထိကျင်းအား တွေ့သောအခါ အရေးတကြီး လေသံဖြင့်...

"မင်းတို့ကို လိုက်ရှာနေတာ နဲ့နေပြီ"

"ဟင်... ဘာဖြစ်လို့လဲ ဘဘဟူ"

"မင်းပြောတော့ လိန်းလင်ကို ဟို ယောင်ကျိုးလိုဏ်ဂူထဲမှာ သွားထားတယ်ဆို"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

"ဟ... လိုဏ်ဂူထဲမှာရော ဂိုဏ်ဂူရဲ့အနီးအနားမှာရော ငါရှာတာ နဲ့နေပြီ၊ လိန်းလင်ကို မတွေ့ပါလား၊ ဒါကြောင့် မင်းတို့ကို အပြေးအလွှား လိုက်ရှာနေတာပေါ့"

လီထိကျင်းမှာ ထိတ်ခနဲ ဖြစ်သွားပြီး မျက်နှာပျက်သွားကာ...

"အဟုတ်ပဲလား ဘဘဟူ"

"ငါက မင်းကို လိမ်ညာပြောနေရမှာလား"

လီထိကျင်း၏ မျက်နှာပေါ်တွင် ညှိုးငယ်လာပြီး စိတ်ပူစွာဖြင့် အရေးတကြီး ပြောလိုက်၏။

"ဒုက္ခပဲ... ကျွန်တော်တို့ အမြန်သွားကြည့်မှ ဖြစ်မယ်"

သုံးယောက်သား လျှို့ဝှက်လမ်းမှ ယောင်ကျိုးလိုဏ်ဂူရှိရာဘက် တောင်ခြေသို့ အပြေးအလွှား သွားနေကြ၏။

လီထိကျင်းက ပြေးလွှားသွားနေရင်းမှ လှမ်းပြောလိုက်၏။

"မနေ့ညကပဲ ကျွန်တော်ကိုယ်တိုင် သူ့ကို ယောင်ကျိုးလိုဏ်ဂူထဲ ခေါ်သွားခဲ့တာပဲ၊ ဘယ်လိုကြောင့် တစ်ရက်တောင် မပြည့်သေးဘဲ ပျောက်သွားရတာလဲ၊ တစ်ခုခုများ ဖြစ်သွားပြီလားမဆိုနိုင်ဘူး"

"ငါလဲ ဒီလိုပဲတွေးမိတယ်၊ ဒီကိစ္စကိုသိတဲ့သူက လေးယောက်

www.burmeseclassic.com

www.burmeseclassic.com



ပဲရှိတာ၊ နောက်ပြီး ဒီလိုဏ်ဂူရှိတဲ့နေရာ သိတဲ့လူလဲ အတော့်ကို ရှားပါးတယ်၊ တွေ့ချင်လို့ လိုက်ရှာရင်တောင် မလွယ်တဲ့ နေရာပါ”

လင်ချုံချွန်းက...

“ဘာဘဟူ သူ့ဆီသွားတုန်းက အပြင်များ ခဏတဖြုတ် ထွက်သွားလို့များလား”

“ငါ အဲဒီမှာ သူ့ကိုရှာနေတာ ထမင်းအိုးတစ်လုံးချက်ကျော် ကျော်ကြာတယ်၊ အပြင်ဘက် ခဏတဖြုတ် ထွက်သွားတယ်ဆိုရင် ငါရှာနေတဲ့အချိန်အတွင်း သူ ပြန်ကိုရောက်လာရမယ်”

မကြာမီ...

သုံးယောက်သား တောင်ခြေသို့ ရောက်လာခဲ့ကြ၏။ တောင်ပေါ်သို့ ဆက်လက်၍ အပြေးအလွှားပင် တက်သွားကြသည်။

ကျောက်ကျားကျိုးရွာမှာ တောင်ခြေတွင် ရှိသည်။ တောင်ကြီး၏ တောင်ထိပ်ကို “မော်ထျန်းတောင်ထိပ်”ဟု ခေါ်သည်။

တောင်မှာ မြင့်မားလွန်း၍ တောင်အောက်မှကြည့်လျှင် တောင်ထိပ်သည် တိမ်တိုက်တိမ်လိပ်များကြားသို့ တိုးဝင်နေသည့်အလား ထင်မှတ်ရလောက်အောင် မြင့်မားလှသည်။

တောင်ပေါ်တွင်လည်း သားရဲတိရစ္ဆာန်အမျိုးမျိုးနှင့် မြွေဆိုးများ အလွန်ပေါများသည်။

ဤတောင်ပေါ်သို့ နေ့လယ်နေ့ခင်း အချိန်များတွင်သာ မုဆိုးများနှင့် ဆေးပင်ရှာဖွေသူတို့ တက်ရောက်လေ့ ရှိကြပြီး တက်ရောက်သောအခါ အုပ်စုလိုက် တက်ကြသည်။

တောင်ပေါ်တွင် ကျောက်ဆောင် ကျောက်တုံးကြီးများ နေရာအနှံ့အပြား ရှိနေပြီး လမ်းဟူ၍ မယ်မယ်ရရ မရှိသလောက်ပင်။

သစ်ပင်ကြီးများ ခြုံနွယ်ကြီးများမှာလည်း မည်သည့်နေရာကြည့်ကြည့် ပြည့်လျှမ်းနေသည်သာ။



သူတို့သုံးယောက်မှာ သာမန်လူများ မဟုတ်ကြဘဲ သိုင်းပညာများကို အဆင့်မြင့် တတ်ကျွမ်းထားကြသူများ ဖြစ်ကြသည့်အပြင် တောင်တက်လမ်းကိုလည်း သိထားကြသဖြင့် လွယ်ကူစွာ တောင်ပေါ်သို့ တက်လာနိုင်ခဲ့ကြသည်။

အတန်ကြာ ကျွေ့ပတ်တက်လာခဲ့ ကြပြီးသောအခါ တောင်ကြား လျှိုကလေးတစ်ခုအနားသို့ ရောက်လာကြသည်။

လျှိုကလေးမှာ လေးထောင့် ရှည်မျောမျော သဏ္ဌာန်ရှိပြီး ကျောက်တုံး ကျောက်ဆောင်များ ခြုံနွယ်ပိတ်ပေါင်းများဖြင့် ပိတ်ဆို့ကာရံနေကာ လျှိုလေးထဲသို့ ဝင်သည့်လမ်းပင် မရှိသလောက် ဖြစ်သည်။ သုံးယောက်သား ချုံနွယ်သစ်ပင်များကို ဖယ်ရှား၍ လျှိုလေးထဲသို့ ခဲခဲယဉ်းယဉ်း ဝင်ရသည်။

လျှိုလေးထဲသို့ ဝင်သွားပြီးသည်နှင့် တစ်ဖက်ဆောင်တွင် အတန်ငယ်ကျယ်ဝန်းသော ယောင်ကျိုး လှိုဏ်ဂူလေး ရှိသည်။

ထိုဂူလေး၏ ဝင်ပေါက်မှာလည်း လျှိုလေး၏ ဝင်ပေါက်အတိုင်း ချုံနွယ်များ ပိတ်ဖုံးကာရံနေပြီး ဂူလေး၏ ဝင်ပေါက်ကိုလုံးဝ ဖုံးကွယ်ထားလေသည်။

ထိုနေရာတွင် ယောင်ကျိုးလိုဏ်ဂူရှိသည်ဟု မည်သည့် နည်းနှင့်မျှ မသိနိုင်ပေ။ ဂူလေးထဲသို့ သုံးယောက်သား ချုံနွယ်များကိုဖယ်ရှားကာ ဝင်သွားကြရာ ဂူပေါက်ဝ အရောက်တွင် သုံးယောက်ခုံးချင်း ယှဉ်၍ ဝင်မရတော့ဘဲ ရှေ့နောက် တန်းစီကာ တစ်ဦးချင်းဝင်သွား ရလေသည်။

ဂူလေးထဲတွင် သံခေါင်းကြီး ဟူစန်း ထွန်းညှိထားခဲ့သော မီးအလင်းရောင်ကြောင့် အထဲရှိ အရာဝတ္ထု မှန်သမျှကို သဲကွဲစွာ မြင်တွေ့ရ၏။

ဂူထဲသို့ ရောက်သောအခါ အဘိုးကြီး ဟူစန်းက လင်ချုံချွန်းအား ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီဂူလေးက ယောင်ကျိုဂူလေး ဆိုတာပါပဲ၊ လီထီကျင်းနဲ့ ရှောင်ယွင်တို့ ငယ်ငယ်က ငါ သူတို့နှစ်ယောက်ကို အမြဲတန်းလိုလို ဒီဂူလေးထဲကို ခေါ်လာလေ့ရှိတယ်၊ တစ်ခါတစ်ရံ ရှောင်ယွင်မပါပေမယ့် သူကတော့ အမြဲတမ်း ငါနဲ့ ပါလာတတ်တယ်"

လီထီကျင်းမှာ ပူပင်သောကများစွာ ဂူလေးထဲရှိ နေရာအနှံ့အပြား လှည့်ပတ်ကြည့်ရှုနေသည်။

သို့သော်...

လိန်းလင်၏ အရိပ်အယောင်ကိုပင် မတွေ့၊ သူတွေ့သည်က နှစ်ပေါင်းများစွာ ကြာခဲ့သော်လည်း ယောင်ကျိုးဂူလေးထဲတွင် အလျှင်အတိုင်း ဘာမျှ ပြောင်းလဲခြင်းမရှိသော အနေအထားများကိုသာ လီထီကျင်း တွေ့မြင်နေရ၏။

ဂူလေးထဲတွင် လိန်းလင်အား ခင်းပေးထားခဲ့သောမြက်ခြောက် အိပ်ရာမှာ ပုံစံမပျက်ဘဲ ရှိနေ၏။

လီထီကျင်း သုံးလေးကြိမ် အော်ခေါ်သော်လည်း လိန်းလင်၏ ထူးသံကို မကြားရဘဲ လီထီကျင်း၏ ခေါ်သံများကသာ ပဲ့တင်ထပ်၍ ဂူလေးထဲဝယ် မြည်ဟီးနေသည်။

"ဘာဘာဟူ ဂူရဲ့အထက်အောက် နေရာအကုန် ရှာကြည့်ပြီးပြီလား"

"အေး... နှံ့နေပြီ၊ ဘာမှ မထူးခြားဘူး"

"နေဦး ဒါဖြင့် ကျွန်တော်တို့ ဂူလေးရဲ့ အပြင်ဘက် ကုန်းမြင့်ပေါ်တက်ကြည့်ရင် အတော်အလှမ်းဝေးတဲ့ နေရာကို မြင်နိုင်တယ်"

အဘိုးကြီး ဟူစန်းက ခုမှ သတိယလာကာ...

"အေး... ဟုတ်တယ်၊ ငါမေ့နေတယ် အဲဒီ ကုန်းမြင့်ပေါ်တက်မကြည့်ရသေးဘူး၊ လာ သွားကြရအောင်"

ပြောပြောဆိုဆို သုံးယောက်သား ဂူလေးအပြင်ဘက်သို့ ထွက်လာခဲ့ပြီး ကုန်းမြင့်ပေါ်သို့ တွယ်ကပ်ကုတ်ခြစ် တက်သွားကြ၏။



ကုန်းမြင့်ပေါ်သို့ ရောက်သွားကြပြီး အနီးအနားတစ်ဝိုက် ...န်းကျင်ကို သုံးယောက်သား လှည့်ပတ်ကြည့်ရှုလိုက်ရာ မြင်ကွင်း...ခဲ့ လူရိပ်လူရောင် လုံးဝမတွေ့ရသည့်အပြင် လှုပ်ရှားမှုလည်း မမြင် ...ရချေ။

လီထီကျင်းက သစ်တောများဘက်သို့ မကြည့်တော့ဘဲကောင်း...ကင်တစ်ဝိုက်ကို မော့၍ လှည့်ပတ်ကြည့်ရှုလိုက်ရာ သူတို့ရပ်နေသည့် ကုန်းမြင့်၏ ဘယ်ဘက်ကောင်းကင် အတော်လှမ်းလှမ်းတွင် လင်းယုန် ငှက်ကြီးနှစ်ကောင် ပျံဝဲနေသည်ကို တွေ့လိုက်ရသည်။

လင်းယုန်ငှက်ကြီး နှစ်ကောင်မှာ ကောင်းကင်ထက်မှ ပျံဝဲနေရင်း တဖြည်းဖြည်း နိမ့်ဆင်းကျလာနေသည်ကို လီထီကျင်း သတိ...ထားကြည့်မိလိုက်၏။

"ဘာဘာဟူ ကျွန်တော် ဟိုလင်းယုန်ငှက်ကြီး နှစ်ကောင်ကို သိပ်မသင်္ကာချင်ဘူး"

အဘိုးကြီးဟူစန်းက အံ့သြသော မျက်နှာကြီးဖြင့်...

"မင်းပြောချင်တာက ဒီငှက်ကြီးနှစ်ကောင် လိန်းလင်ကို ချီ...သွားတယ်လို့ ပြောချင်တာလား"

"ထင်တာပဲ၊ လာ ကျွန်တော်တို့ လင်းယုန်ငှက်ကြီးတွေ နိမ့်...ဆင်းနေတဲ့ နေရာကို သွားကြည့်ကြရအောင်"

သုံးယောက်သား ကြမ်းတမ်းလှသော တောင်ကြား၊ လျှိုကြား ...ချောက်တုံး၊ ကျောက်ဆောင်များနှင့် ကြီးမားသော ချုံနွယ်ကြီးများ...အား ခက်ခက်ခဲခဲ ဖြတ်သန်းလာခဲ့ကြသည်။

အတန်ကြာ သွားမိသောအခါ သူတို့၏ မျက်စိရှေ့ မနီးမဝေး...တစ်နေရာတွင် တောင်ကျချောင်းငယ်လေး တစ်ခုကို ဘွားခနဲ တွေ့...လိုက်ရ၏။

ချောင်းငယ်လေးအတွင်းမှ ရေများမှာ အလွန်ကြည်လင်လှ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အောက်ခြေရှိ ကျောက်တုံးကျောက်ခဲ လေးများနှင့် ကျောက်ခက်ကျောက်ဘက်များကိုပင် အထင်းသား လှမ်းမြင်နေရသည်။

ချောင်းလေး၏ ဘေးတဘက်တစ်ချက်စီတွင် အလွန်မြင့်မားသော သစ်ပင်ကြီးများ ပေါက်နေကြသည်။

အဘိုးကြီး ဟူစန်းက နေရာအနေအထားကို ခေတ္တလေ့လာအကဲခတ်ကြည့်ရှုလိုက်ပြီး ချောင်းလေး၏ အရှေ့ဘက်ဆီသို့ ဆက်လက် ရှောက်လှမ်းလာခဲ့ ကြပြန်သည်။

မကြာမီ...

သူတို့ရှေ့ရှိ မြင်ကွင်းမှာ ပြောင်းလွဲလာကာ သစ်ပင်ကြီးများ တဖြည်းဖြည်း ပါးလာပြီး အလင်းရောင်များလည်း ပိုမိုရရှိလာကြောင်း အားလုံး သတိထားမိလိုက်ကြသည်။

ရှေ့ကိုက် သုံးဆယ်မျှ လျှောက်လှမ်းသွားမိသည့်တွင်...

ညီညာကျယ်ပြန့်သော မြေကွက်လပ်ကြီးတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၏။

ကွက်လပ်၏ အလယ်ဗဟိုလောက်ဆီတွင် အတန်ငယ် ကျယ်ဝန်းသော ရေအိုင်တစ်အိုင်ကိုလည်း ထပ်တွေ့ရပြန်သည်။ ထိုရေအိုင်ထဲသို့ ချောင်းရေများ စီးဝင်နေသည်မှာ ဆန်းကျယ်လှ၏။

ကွက်လပ်၏ ဘေးပတ်ပတ်လည်တွင် လူ့အရပ်တစ်ဝက်စာလောက်မြင့်မားသည့် မြက်ရိုင်းတောကြီးများ ရှိနေသည်။

သူတို့ရပ်နေသည့် ဘယ်ဘက်မြက်တောထဲမှ လင်းယုန်ငှက်ကြီးနှစ်ကောင် ရုတ်တရက် ထပျံသွားသည်ကို တွေ့လိုက်ရ၏။

အဘိုးကြီး ဟူစန်းက အားရဝမ်းသာစွာဖြင့်...

"တို့ရှာနေတဲ့ နေရာမှန်တော့ တွေ့ပြီနဲ့တူတယ်"

လိထိကျင်းက လက်ကာ၍ ဟန့်တားလိုက်ရင်း...

"ဘဘဟူနဲ့ လင်ချူချွန်း၊ ဒီမှာနေရစ်ခဲ့ကြပါ၊ ကျွန်တော် အခြေအနေ သွားလေ့လာကြည့်လိုက်ဦးမယ်"



အဘိုးကြီး ဟူစန်းနှင့် လင်ချူချွန်းတို့မှာ ထိပ်တန်းသိုင်းသမားပီပီ အတွေ့အကြုံများ ရှိထားကြသဖြင့် ပတ်ဝန်းကျင်တစ်ဝိုက်ကို သတိမပြတ် လှည့်ပတ်အကဲခတ် ကြည့်ရှုနေရင်း ကျန်ရစ်ခဲ့ကြ၏။

မီးလျှံလင်ချူချွန်း၏ လက်တစ်ဖက်စီတွင် မေဟွာ အဆိပ်အပ်ချောင်းလေးများကို အသင့်ဆုပ်ကိုင်ထားသည်။

လိထိကျင်းက ငှက်ကြီးများ ပျံတက်သွားသော မြက်တောဆီသို့ သတိထားပြီး ချဉ်းကပ်သွားရာ မြက်တောထဲတွင် လူတစ်ယောက် ပက်လက်အနေအထားဖြင့် လဲကျနေသည်ကို တွေ့လိုက်ရ၏။

ထိုလဲကျနေသူမှာ သူတို့ လိုက်ရှာနေကြသော လိန်းလင်ပင်ဖြစ်၏။ ကိုယ်ပေါ်၌ မည်သည့်ဒဏ်ရာမှ မတွေ့ရပေ။

လိန်းလင်၏ မျက်နှာတွင်မူ သွေးများပေကျံနေပြီး မျက်လုံးအစုံမှာမူ မရှိတော့ဘဲ ဟောက်ပက်ကြီး ဖြစ်နေသည်ကို ထိတ်လန့်ဖွယ်ရာ တွေ့မြင်လိုက်ရ၏။

လိန်းလင်၏ နဖူးတည့်တည့်တွင် အရောင်တလက်လက်တောက်နေသော အရာတစ်ခု စိုက်ဝင်နေသည်ကို လှမ်းမြင်နေရသည်။

လိထိကျင်းမှာ လိန်းလင်အား ငေးစိုက်ကြည့်ကာ အတန်ကြာသည်အထိ ကြောင်အန်းအန်း ဖြစ်နေပြီး တုန်လှုပ်ချောက်ချားနေသည်။ အဘိုးကြီး ဟူစန်းက လိထိကျင်း ငေးငိုင်နေသည်ကို မြင်ရ၍ လှမ်းမေးလိုက်သည်။

"ထိကျင်း မင်းဘာကို ငေးကြည့်နေတာလဲ၊ အသံလဲ မထွက်ပါလား"

လိထိကျင်းက တစ်ခုခုကို သတိရလာသလိုလိုဖြင့် စိတ်ထိခိုက်သွားပြီး ဒေါသအလွန်ထွက်လာကာ လူသတ်ချင်စိတ်ပင် ပေါ်ပေါက်လာခဲ့ရ၏။

"ချူချွန်း မင်း အဲဒီနေရာမှာပဲ သတိဝီရိယထားပြီး ဆက်စောင့်နေပါ၊ ဘဘဟူ ဒီကို လာခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



လီထိကျင်း နောက်မှ မြက်ပင်များ လှုပ်ရှားသွားကာ အဘိုးကြီးဟူစန်း ရောက်လာခဲ့သည်။

ရှေ့မှ မြင်ကွင်းကို အဘိုးကြီးဟူစန်း စိတ်ချောက်ချားစွာ မြင်ကွင်းကို လှမ်းကြည့်လိုက်ပြီး မျက်နှာကွက်ခနဲ ပျက်သွား၏။ ရုတ်တရက် လန့်အော်မိမတတ်ပင် ဖြစ်သွားရ၏။

"ဟင်... လိန်းလင်ပါလား၊ သူ့ကို ဘယ်သူက သတ်လိုက်ပါလိမ့်"

"သူ့ကို သတ်တဲ့ လက်နက်ပုန်းက သူ့မျက်ခုံးနှစ်ဖက်ကြားမှာ စိုက်ဝင်နေတယ်၊ ဘဘဟူ သေသေချာချာ ကြည့်ပါ"

အဘိုးကြီးဟူစန်းက လိန်းလင်၏ အလောင်းနားသွားပြီး နဖူးတည့်တည့်တွင် စိုက်ဝင်နေသော လက်နက်ပုန်းကို ဆွဲထုတ်ယူလိုက်သည်။

ငွေပြား လက်နက်ပုန်းလေးပင် ဖြစ်သည်။

ငွေပြား လက်လက်ပုန်းလေးတွင် သွေးများပေကျံလျက် အဘိုးကြီးဟူစန်း၏ လက်ထဲသို့ ပါလာခဲ့၏။

ဟူစန်းမှာ ဒေါသတကြီးဖြစ်သွားကာ...

"သူ... သူပဲ၊ သူပဲ"

ဟူစန်းအဘိုးကြီး ဒေါသတကြီးဖြင့် အသံတုန်ယင် အက်ကွဲစွာ အော်လိုက်မိလေသည်။

စိတ်ထဲတွင် ခံပြင်းနာကြည်းခြင်း၊ ဝမ်းနည်းယူကျုံးမရဖြစ်ခြင်း ထိတ်လန့်တုန်လှုပ်ခြင်း စသည့်ခံစားမှုများ တစ်ပြိုင်နက်ဖြစ်ပေါ်ခံစားလာရ၏။

လီထိကျင်းက အံကိုတင်းတင်းကြိတ်ကာ...

"ကျွန်တော် ငယ်စဉ်တုန်းက ချောက်ထဲကိုကျသွားအောင် နွယ်ကြိုးကို ပစ်လိုက်တာလဲ အဲဒီ ငွေပြားလက်နက်ပုန်းပါပဲ၊ ဒါပေမယ့် ကျွန်တော် တစ်ထစ်ချတော့ မပြောနိုင်သေးဘူး"



အဘိုးကြီး ဟူစန်းက အားမလို အားမကြီးဖြစ်ကာ...

"ထိုကျင်း ဆင်ကြီးတစ်ကောင်လုံးကိုလဲ တွေ့နေပါလျက်နဲ့ င်းက ခုထိမသေချာသေးဘူးဆိုတော့ မင်း သေချာတာ ဘာများရှိသေးလို့လဲ"

လီထိကျင်းမှာ စိတ်ကို တည်ငြိမ်စွာ ထားလိုက်ပြီး မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

"ဘဘဟူ သိပ်လဲ ဒေါသကြီးမနေပါနဲ့၊ တရားခံအစစ်ကို ကြာခင် သိရတော့မှာပါ၊ ဘဘဟူ လိန်းလင်သေတာ ဒီငွေပြားလက်နက်ပုန်းကြောင့်လို့ ထင်နေသလား"

အဘိုးကြီး ဟူစန်း စိတ်မရှည်တော့။

"လူသတ် တရားခံရဲ့ လက်နက်ပုန်းကို အတိအကျ တွေ့နေမှတော့ မင်းက ဒီလက်နက်ပုန်းကြောင့် မဟုတ်ဘဲ၊ တခြား ဘာလက်နက်များ လိန်းလင်ကို သတ်လိုက်တယ်လို့ ထင်နေလို့လဲ"

လီထိကျင်းက စိတ်လှုပ်ရှားခြင်း လုံးဝမရှိ။

လိန်းလင်၏ အလောင်းကို အသေအချာ ကြည့်ရှုလိုက်ရင်း လီထိကျင်း၏ မျက်နှာပေါ်တွင် ကျေနပ်နှစ်သိမ့်သော အရိပ်အယောင်များ ယှက်သန်းသွားခဲ့သည်။

"ဘဘဟူ လိန်းလင်ရဲ့ နောက်တစ်ချက် အသတ်ခံလိုက်ရတဲ့ ဒဏ်ရာက သူ့ရင်ဘတ်၊ ဒါမှမဟုတ် နောက်ကျောကုန်းမှာ ဖြစ်ပါလိမ့်မယ်၊ သူ့ပါးစပ်က စီးဆင်းနေတဲ့ သွေးတွေဟာ ခဲနေပြီး သွေးရောင်ကလဲ ပြောင်းလဲနေတယ်၊ သူဟာ လျှို့ဝှက်ငွေပြားလက်နက်ပုန်း ထိသွားတဲ့အပြင် နောက်တစ်ချက် ပြင်းထန်တဲ့ လက်ချက်ကိုလဲ ခံလိုက်ရသေးတယ်၊ အဲဒီ လက်နက်ကြောင့် လိန်းလင်ရဲ့ အတွင်းအင်္ဂါ အစိတ်အပိုင်းတွေ အားလုံးထိခိုက်သွားပြီး လက်ချက် ခုစလုံးက သူ့အသက်ကို ချွေယူသွားတာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးဟူစန်းက လီထိကျင်း စကားဆုံးသည်နှင့် လိန်းလင်၏ အလောင်းအေားတွင် ဒူးထောက်ထိုင်ချပြီး အင်္ကျီရင်ဘတ် စကို ဆွဲဖြဲကြည့်လိုက်ရာ...

လိန်းလင်၏ ရင်ဘတ်ပေါ်တွင် မည်းနက်သော လက်ဝါးရာကြီး တစ်ခု အထင်သား ပေါ်လွင်နေသည်ကို နှစ်ယောက်စလုံး တွေ့မြင်လိုက်ရ၏။

ထို့ကြောင့်...

ဒူးထောက်ထိုင်လျက် ရှိနေသော အဘိုးကြီး ဟူစန်းမှာ အလန့်တကြား ခုန်ထလိုက်ပြီး လန့်ဖျပ်အော်လိုက် မိလေသည်။

"ဟင်...တော်တော် ရက်စက်တဲ့ လက်ချက်ပါလား၊ ဒီလက်ဝါးရာဟာ ထိစားလက်ဝါးသိုင်းကွက် အမှန်ပဲ၊ ထိကျင်း မင်းဟာ သိုင်းပညာပါမကဘူး၊ စဉ်းစားတွေးခေါ်တဲ့ နေရာမှာလဲ ပြိုင်စံရှားလောက်ပါပေတယ်"

လီထိကျင်းက လေးနက်တည်ကြည်စွာဖြင့်...

"ဒီအချက်လဲ ဘဘဟူ လွဲပြန်ပြီ၊ ဒီလက်ဝါးချက်က ထိစားလက်ဝါးချက် မဟုတ်ဘူး၊ မိကျုံးလက်ဝါးချက် ဖြစ်တယ်၊ အဲဒီမိကျုံးလက်ဝါးချက်ဟာ အလွန်အဆိပ်ပြင်းထန်ပြီး ရက်စက်တဲ့ လက်ချက်ပါပဲ"

အဘိုးကြီး ဟူစန်း သဘောပေါက်သွားကာ...

"အား...မိကျုံးလက်ဝါး မိကျုံးလက်ဝါး၊ ဟုတ်တယ် မင်းပြောတာမှန်တယ်၊ ဒါ မိကျုံးလက်ဝါးချက်ပဲ"

"ဟုတ်တယ်၊ တိဗက်ပြည်နယ် အဆင့်မြင့်မားတဲ့ လားမာဂိုဏ်းက ထိပ်တန်းသိုင်းသမားကြီးတွေရဲ့ အဆိပ်မိကျုံး လက်ဝါးချက် ဖြစ်ပါတယ်"

ထိုစကားကြောင့် သံခေါင်းကြီး ဟူစန်း၏ မျက်နှာ ကွက်ခနဲ ပျက်သွားပြီး...



"ဟင်...ဒါ...ဒါ...ဒါဖြင့် တို့သွေးသောက် ညီအစ်ကိုတွေထဲက ဟို...ဟို..."

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

သံခေါင်းကြီးဟူစန်းမှာ လိထိကျင်း၏စကားကြောင့် အလွန်
အံ့အားသင့်သွားပြီး ထိတ်လန့်သွားကာ ...

"ဟင် ... ဒါ ... ဒါဖြင့်၊ တို့ ... သွေးသောက်ညီအစ်ကိုတွေ
ထဲက ဟို ... ဟို ကုလားအုတ် ..."

လိထိကျင်းက ခေါင်းညိတ်ပြလိုက်ပြီး ...

"မှန်ပါတယ်၊ ကုလားအုတ် ဦးဦးမာဝေ့ပါပဲ၊ သူဟာ အဲဒီ
ကျူးပိုက်လှို့ဝှက်ဂိုဏ်းသား တစ်ယောက်ပါပဲ"

သံခေါင်းကြီးဟူစန်းမှာ ဒေါသအလွန်ထွက်သွားပြီး တောက်
တစ်ချက် ပြင်းထန်စွာခေါက်လိုက်သည်။

"တောက် ... ခါးကုန်းကြီး၊ မင်း ... တော်တော်အကြံပက်
စက်လှပါလား"

ထိုအချိန်တွင် မြေကွက်လပ်အလယ်မှ မီးလျှံလင်ချူချွန်း၏
အော်ငေါက် ကြိမ်းဝါးသံကို ကြားလိုက်ရ၍ နောက်လှည့်ကြည့်
လိုက်ရာ ...

လင်ချူချွန်း လက်မြှောက်၍ အဆိပ်အပ်ငယ်များဖြင့် မြက်
ချုံများကြားသို့ ပစ်ပေါက်လိုက်သည်ကို တွေ့လိုက်ရ၏။

မြက်ချုံများကြားမှ ရုတ်တရက် နာကျင်စွာအော်လိုက်သံနှင့်
အတူ လူတစ်ယောက် လဲကျသွားသည်ကို မြင်လိုက်ရ၏။

ထိုလူ လဲကျသွားရာနေရာသို့ လင်ချူချွန်းက ရှေးဦးစွာ
လွှားကာဝင်ရောက်သွားသည်။ လိထိကျင်းက လင်ချူချွန်း အဦး



မိမည်ကိုစိုးရိမ်သဖြင့် နောက်မှထပ်ကြပ်မကွာ ပြေးလွှား၍လိုက်ပါ
သွားသည်။

သံခေါင်းကြီး ဟူစန်းမှာလည်း သူတို့နှစ်ယောက်၏နောက်မှ
ကပ်၍ လိုက်ပါသွားလေသည်။

မြက်ချုံများကြားတွင် ဝတ်စုံနက်ဝတ် လူကြီးတစ်ယောက်
လဲကျနေသည်ကို တွေ့လိုက်ရသည်။

ထိုဝတ်စုံနက်နှင့် လဲကျနေသူမှာ သိုင်းကိုးဖော်ထဲမှ တစ်
ယောက် အပါအဝင်ဖြစ်သူ ကုလားအုတ် ခါးကုန်းကြီးမာဝေ့ဖြစ်နေ
ကြောင်း အံ့သြစွာတွေ့လိုက်ကြရ၏။

ခါးကုန်းကြီးမာဝေ့၏ နဖူးပြင်တည့်တည့်တွင် သေးငယ်
သော အဆိပ်အပ်ကလေး သုံးချောင်းစူးဝင်နစ်မြုပ်နေသည်ကိုလည်း
မြင်တွေ့ရပြန်သည်။

မာဝေ့မှာ သေခါနီးလူမမာကဲ့သို့ ပြင်းထန်သောဝေဒနာတစ်
ရပ်ကို ခံစားနေရဟန်ဖြင့် ကွန့်လိမ်ကောက်ကွေးနေသည်ကိုလည်း
ထိတ်လန့်စွာ မြင်ရ၏။

ဒေါသအလွန်ထွက်နေသော သံခေါင်းကြီးဟူစန်းက လက်အစုံ
ကိုမြှောက်ကာ မာဝေ့အား ရိုက်သတ်ရန် ပြေးလွှားကာဝင်ရောက်
လာခဲ့သည်။

လိထိကျင်းက အချိန်မီ ဟန့်တားလိုက်ရ၏။

"ဘာဘာဟူ မလုပ်နဲ့ဦး၊ သူ့ပါးစပ်ပိတ်သွားလိမ့်မယ် ..."

သံခေါင်းကြီး ဟူစန်းမှာ ဒေါသစိတ် လွန်ကဲနေသော်လည်း
လိထိကျင်း၏စကားက မှန်ကန်နေသဖြင့် ဒေါသကိုအတင်းမျိုသိပ်
ထားလိုက်ရင်း သက်ပြင်းကြီးတစ်ချက်ချလိုက်၏။

မီးလျှံလင်ချူချွန်းက ...

"ကျွန်မ စောစောက သူမှန်းမသိခဲ့လို့၊ သိခဲ့ရင် အဆိပ်အပ်နဲ့
ပစ်ပါဘူး၊ အရှင်ဖမ်းလိုက်နိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ကုလားအုတ်ခါးကုန်းကြီးမာဗေ့း၏ ပါးစပ်မှ ညည်းညူသံနှင့်အတူ စကားသံများ မပီမသ ထွက်ပေါ်လာကြောင်း ကြားလိုက်ရ၏။

လီထိကျင်းက ပတ်ဝန်းကျင်အနေအထားအား ခေတ္တအကဲခတ်ကြည့်ခိုင်းပြီး စောင့်ကြပ်ရန်မှာလိုက်ပြီး မာဗေ့းအနားသို့ တိုးကပ်သွားကာ ဒူးထောက်ထိုင်ချလိုက်၏။

သံခေါင်းကြီး ဟူစန်းကလည်း လီထိကျင်းဘေးတွင် ဒူးထောက်ထိုင်ချကာ ...

"ကုလားအုတ်မာဗေ့ ငါ ဟူစန်း ... မင်း ... အနားမှာ ရှိနေတယ်"

"ဟုတ်ကဲ့ ... ကျွန်တော် သိ ... သိပါတယ်၊ ကျွန်တော် [illegible] တစ်လှမ်းမှာ သွားပါတယ်"

မင်း ... အပိုတွေ ပြောမနေပါနဲ့၊ ကိုးသချိုင်းက ညီတော် နတ်ဓားရှင်ကို မင်း သတ်တာမဟုတ်လား"

"မ ... မဟုတ်ပါဘူး ကျွန် ... ကျွန်တော်က ခုတုံးရဲ့ ဓားစာ ဖြစ်ပါတယ်"

"ဒီလိုဆိုရင် တရားခံက ဘယ်သူလဲ"

ထိုအချိန်တွင် ကုလားအုတ်မာဗေ့းမှာ ချောင်းတစ်ချက်ဆိုး ပြီး ပါးစပ်ထဲမှ သွေးများ အန်ထွက်ကျလာခဲ့သည်။

သံခေါင်းကြီးဟူစန်းမှာ စိတ်လောကြီးနေပြီး ...

"ဘယ်သူလဲ ... မြန်မြန်ပြောပါ၊ မင်းရဲ့စကားကို တို့စောင့်ထောင်နေကြတယ်"

"အစ်ကိုတော်ဟူစန်း ကျွန်တော်နောင်တရပါပြီ၊ သေ ... သေလဲ သေရတော့မှာပါ"

"အေး ... ငါသိတယ်၊ ဒါကြောင့် မင်းမသေခင် စိတ်ကောင်း စေတနာကောင်းထားပြီး တရားခံကို ဖွင့်ပြောစေချင်တယ်"



ကုလားအုတ်မာဗေ့းက အသက်ကို တော်တော်လေး ခဲခဲရင်းရင်း ရှူလိုက်ရင်းက ...

"အစ်ကိုတော် ပြောတာမှန်ပါတယ်၊ ကျွန်တော့်အနေနဲ့ သူ့ကို သတ်ပြီး အစဖျောက်ချင်လို့ သူ့ရဲ့ဓားစာခံအဖြစ် ကျွန်တော် မလုပ်လိုတော့ပါဘူး၊ ကျွန်တော် ... ကျွန်တော် သိပ်ပြီးမိုက်မဲ ခဲ့ပါတယ်၊ သူ့ကို အသက်ပေးပြီး လုပ်ပေးခဲ့တာတောင် သူက ကျွန်တော့်ကို မညှာတာဘူး၊ အစ်ကိုတော်သုံးယောက် အလာကောင်းပေလို့ပေါ့၊ မဟုတ်ရင် ကျွန်တော် သေ ... သေရမှာတောင် ဖြောင့် မှာမဟုတ်ပါဘူး"

သံခေါင်းကြီးဟူစန်းမှာ စိတ်မရှည်နိုင်ဘဲ ...

"မင်း ... စကားကို သိပ်ပြီးရှည်ရှည်ဝေးဝေး ပြောမနေနဲ့၊ လို ရင်းကိုသာ ပြောစမ်းပါ"

"ဟုတ်ပါတယ်၊ ကျွန်တော် ကျူးပိုက်ဂိုဏ်းချုပ်ရဲ့ ဓားစာခံ ဖြစ်ခဲ့ပါတယ်"

သံခေါင်းကြီးဟူစန်းမှာ အလွန်အံ့ဩသင့်သွားပြီး လီထိကျင်းအား မော့ကြည့်လိုက်မိသည်။

လီထိကျင်းက ဘာမှပြန်မပြောပါ၊ ငြိမ်သက်စွာ နားထောင်နေသည်။

သံခေါင်းကြီးဟူစန်းက သိလိုသော မေးခွန်းကို ခပ်ရှင်းရှင်း ဖွင့်မေးလိုက်၏။

"ဒါဖြင့် ... မင်းက ကျူးပိုက်ဂိုဏ်းရဲ့ဓားစာခံဆိုတော့ ခိုင်လော့ဟော့ကို မင်းသတ်လိုက်တာပေါ့"

ကုလားအုတ်အဘိုးကြီးမှာ အံ့ဩသင့်သွားပြီး ...

"ခိုင်လော့ဟော့ကို သတ်တယ်ဆိုတာ ဘယ်သူပြောလဲ"

"လီထိကျင်း ပြောတာ၊ သူ ... မင်းကို သေသေချာချာ အိမ်လေးဘေးမှာ တွေ့ခဲ့တယ်လို့ ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"လိထိကျင်းမြင်သွားတယ် ဟုတ်လား၊ မဟုတ်နိုင်ဘူး အစ်ကိုတော်၊ လိထိကျင်း လူ ... လူမှားပြီထင်တယ်၊ ကျွန် ... ကျွန်တော်ဟာ သေရတော့မယ့်သူပါ၊ ဘာဖြစ်လို့ အပြစ်ကို လိမ်ပြောရမှာလဲ"

လိထိကျင်းက ကြားဖြတ်၍ ...

"ဦးဦးမာဇေ့ ကျွန်တော့်ဖခင်ကြီးကိုသတ်တာ ကျူးပိုက်ဂိုဏ်းချုပ်ရဲ့လက်ချက်လား"

"ဟုတ် ... ဟုတ်ပါတယ်၊ အဲဒီအချိန်ကတော့ ဒီဂိုဏ်းဟာ မရှိသေးပါဘူး၊ ကျူးပိုက်ဂိုဏ်းချုပ်ရဲ့နာမည်ကတော့ ကျူးယူလို့ ခေါ်ပါတယ်"

"သူက ဘာဖြစ်လို့ ကျွန်တော့်ရဲ့ဖခင်ကြီးကို သတ်ရတာလဲ"

"သူ ပြောတာကတော့ မင်း ... မင်းရဲ့ ဖခင်ကြီးက သူ့ပစ္စည်းကို လုခဲ့တယ်လို့ ပြောတယ်"

"ကျွန်တော့် ဖခင်ကြီးက ဘာပစ္စည်း လုသွားသလဲ"

"သူ့ကို ငါ မေး ... မေးဖူးတယ်၊ သူ မပြောပြခဲ့ဘူး၊ သူပြောတာကတော့ မင်း ဖခင်ကြီးသေသွားရင် သူ သူ့ပစ္စည်းကို ပြန်ရမယ်လို့ ပြော ... ပြောပါတယ်"

"ကျူးပိုက်ဂိုဏ်းချုပ်ကိုကော ဦးဦးမာဇေ့ မြင်ဖူးသလား"

"မမြင်ဖူးဘူး၊ သူ ... သူနဲ့စကားပြောတဲ့အခါ သူက မျက်နှာဖုံးစွပ်ထားပြီး ပြောတယ်၊ ဒါပေမယ့် ... သူ့နာမည်ကိုတော့ ပြောပြခဲ့တယ်"

သံခေါင်းကြီးဟူစန်းက ကြားဖြတ်ပြီး ...

"ပြောပါဦး ... မင်းက ဘာကြောင့် သူ့ရဲ့ဓားစာခံဖြစ်နေရတာလဲ၊ မင်း ... သူ့ကို ကြောက်စရာဘာများရှိလို့လဲ"

"ရှိ ... ရှိပါတယ်၊ ကျွန်တော့်ရဲ့ဆီမှာ အားနည်းချက်တစ်ခု ရှိခဲ့ပါတယ်"

"မင်းရဲ့ အားနည်းချက်က ဘာလဲ ..."



"ကျွန် ... ကျွန်တော့်ကို ခွင့် ... ခွင့်လွှတ်ပါဗျာ၊ အဲဒါကိုတော့ ကျွန်တော် ပြော ... ပြောမပြနိုင်ပါဘူး၊ ကျွန်တော့်တစ်သက်လုံးမှာ လျှို့ဝှက်ချက်တစ်ခု ရှိ ... ရှိခဲ့ပါတယ်၊ အစ်ကိုတော်နဲ့ ကူတော်မောင်တို့ သူ့ကို အမိဖမ်းပြီး မေးကြည့်လိုက်ရင် သိလာပါလိမ့်မယ်"

"ဦးဦးမာဇေ့ရဲ့ လျှို့ဝှက်ချက်ကို ကျူးပိုက်ဂိုဏ်းချုပ်က ဘယ်လိုလုပ် သိသွားရတာလဲ"

"ဒါတော့ ငါလဲ မပြောတတ်ဘူး၊ ငါ့ရဲ့အငိုက်မှာ သူကဖမ်းပြီး ငါ့ရဲ့လျှို့ဝှက်ချက်ကို ဖော်ထုတ်ပြောနိုင်ခဲ့တယ်၊ သူကိုယ်တိုင်မြင်လိုက်ရသလို အတိအကျ ပြော ... ပြောနိုင်ခဲ့တယ်၊ ဒါ ... ဒါကြောင့် ငါ သူ့ရဲ့ဓားစာခံဘဝကို ရောက် ... ရောက်ခဲ့ရတာပဲ"

ကုလားအုတ်မာဇေ့က စကားကိုဖြတ်၍ အမောဖြေနေပြီးမှ ဆက်ပြောပြန်သည်။

"ငါရဲ့ ကံကြမ္မာက ဆိုးပါတယ်၊ လူဖြစ်လာကတည်းကိုက မိဘဆွေမျိုးတွေရဲ့ ချစ်ခင်ယုယမှုကင်းခဲ့ရတယ်၊ ဒါ ... ဒါကြောင့်လဲ ငါ ... ဒီလိုဘဝမျိုး ရောက်ခဲ့ရတာပါပဲ"

"ဒီလိုဆိုရင် ဟိုနွယ်ပင်ကြီးကို ငွေပြားလက်နက်ပုန်းနဲ့ ပစ်ပြီးဖြတ်ပစ်လိုက်တာလဲ ဦးဦးမာဇေ့ပဲပေါ့"

"ဟုတ် ... ဟုတ်ပါတယ်၊ အဲဒီငွေပြား လက်နက်ပုန်းကိုတော့ ဟိုကျူးပိုက် ဂိုဏ်းချုပ်က ငါ့ကိုပေးခဲ့ပါတယ်၊ သူ့အကြံက တို့ခေါင်းဆောင် အစ်ကိုကြီးကျောက်ကို အပြစ်ပုံချဖို့ပဲ"

"ဒါဖြင့် ... ကျူးပိုက်ဂိုဏ်းချုပ်ဟာ ဘဘကြီးကျောက်ကျိလင် မဟုတ်ဘူးဆိုတာရော သေချာရဲ့လား"

"သေချာပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုကြီးကျောက်သာ ကျူးပိုက်ဂိုဏ်းချုပ်ဖြစ်နေရင် ဟိုလိရှောက်ကွမ်းနှင့်အတူ သူ့သမီးကို ဖျက်ဆီးဖို့ ခိုင်းပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



"လိန်းလင်ကို ကျူးပိုက်ဂိုဏ်းက စေလွှတ်ခဲ့တာ မှန်ရဲ့လား"

"ဟုတ် ... ဟုတ်ပါတယ်၊ သူ ရွာကိုရောက်ရောက်ချင်း ငါနဲ့လာပြီး ဆက်သွယ်သတင်းပို့တယ်၊ နောက်ပြီး ... လျှို့ဝှက်စာတစ်စောင်လည်း ပါသေးတယ်၊ အဲဒီစာကတော့ လိန်းလင်ကို မပြတ်စောင့်ကြည့်ဖို့ ဂိုဏ်းချုပ်က ငါ့ကို အမိန့်ပေးလိုက်တဲ့ လျှို့ဝှက်စာဖြစ်တယ်"

သံခေါင်းကြီးဟူစန်းက ...

"ကျူးပိုက်ဂိုဏ်းချုပ်ဟာ တို့ဆီမှာ အဖြစ်အပျက်အားလုံးကို သူက ကြိုတင်သိနှင့်နေတယ်ဆိုတော့ ဒီလူဟာ တို့ရဲ့အတွင်းမှာ လျှပ်ရှားသွားလာနေတဲ့သူ ဖြစ်ရမယ်"

ကုလားအုတ်မာဇေးက ...

"ဟုတ် ... ဟုတ်တယ်၊ ကျွန် ... ကျွန်တော်လဲ ဒီလိုပဲ တွေးမိပါတယ်"

"လိန်းလင်ကို သတ်ဖို့အတွက် ငွေပြားလက်နက်ကို သူပဲ ပေးလိုက်တာလား"

"ဟုတ်ပါတယ် ..."

လီထိကျင်းက စိတ်မကောင်းစွာဖြင့် ...

"ဦးဦးမာဇေး ဘယ်လိုပဲအမှားတွေ လုပ်ခဲ့ ... လုပ်ခဲ့ လိန်းလင်ကိုတော့ သတ်ဖို့မကောင်းဘူး၊ သူဟာ ရှောင်ယွင်နဲ့ မင်္ဂလာဆောင်တော့မယ့်ဆဲဆဲဆိုတော့ ရှောင်ယွင်ကို ဒုက္ခရောက်အောင်လုပ်လိုက်တာနဲ့ အတူတူပဲ"

ကုလားအုတ်မာဇေး၏ သွေးစွန်းနေသော မျက်လုံးအိမ်မှ မျက်ရည်စီးကြောင်းများ ကျဆင်းလာကာ ...

"တူတော်မောင် ဒီ ... ဒီအမှားတွေကို ငါ ... ငါသိပါတယ် ဒါ ... ဒါပေမယ့် ဟိုတုန်းကတည်းက မှားလာခဲ့တော့ ငါ ဘယ်တတ်နိုင်တော့မလဲ"



လီထိကျင်းမှာ အဖြစ်ဆိုး၍ မတူးတော့ကြောင်းကို သိရှိလိုက်သဖြင့် တခြားမေးခွန်းကို ဆက်မေးလိုက်သည်။

"ဦးဦးမာဇေး ... မိကျူးလက်ဝါးသိုင်းကွက်ကို ဘယ်ကသင်ယူခဲ့ပါသလဲ"

ကုလားအုတ်မာဇေးက အံ့အားသင့်သွားကာ ...

"ငါ ... ငါ မင်းပြောတဲ့ မိကျူးလက်ဝါးသိုင်းကွက် မတတ်ပါဘူး၊ မင်းကို ဘယ်သူပြောတာလဲ"

"ဦးဦးမာဇေး ... လိန်းလင်ကို ငွေစလက်နက်ပုန်းနဲ့ပစ်ပြီးတဲ့နောက်မှာ သူ့ရဲ့ရင်ဘတ်ပေါ်ကို လက်ဝါးတစ်ချက် ရိုက်ခဲ့လိုက်သေးတယ်လေ၊ အဲဒီလက်ဝါးကွက်ဟာ မိကျူးလက်ဝါးကွက်ပါပဲ"

ကုလားအုတ်မာဇေးက အလွန်အံ့သြသင့်သွားပြီး ...

"ဘာ ... ငါ ... ငါက လိန်းလင်ရဲ့ရင်ဘတ်ကို လက်ဝါးချက်တစ်ချက် ရိုက်လိုက်တယ် ဟုတ်လား၊ မဖြစ်နိုင်ဘူး၊ လိန်းလင် ငါပစ်လိုက်တဲ့ ငွေစလက်နက်ပုန်းကို ထိထိချင်း ငါ ... သူ့နားတောင် မကပ်ပဲ ထွက်ပြေးသွားခဲ့တာ"

သံခေါင်းကြီးဟူစန်းကလည်း အံ့သြစွာဖြင့် ...

"ဟင် ... လိန်းလင်ရဲ့ရင်ဘတ်ပေါ်က လက်ဝါးချက်က မင်းလက်ဝါးချက် မဟုတ်ဘူး ဟုတ်လား"

"မ ... မဟုတ်ပါဘူး အစ်ကိုတော်၊ လူသတ်တာကို ဝန်ခံပြီးမှတော့ ဒီလက်ဝါးချက်ကို ဝန်မခံနိုင်စရာအကြောင်း မရှိပါဘူး"

"ဦးဦးမာဇေး ကိုယ်တိုင်က လိန်းလင်ပုန်းအောင်းနေရာကို သိလို့ လိုက်လာတာလား"

"မ ... မသိပါဘူး၊ ငါလဲ ... ဒီနေရာရောက်ရော လိန်းလင် ပြေးလွှားနေတာကို တွေ့ ... တွေ့ရလို့ ငွေစလက်နက်ပုန်းနဲ့ သူ့ နောက်ကျောကို ပစ်လိုက်တာပဲ၊ နေ ... နေပါဦး၊ လိန်းလင်က ဘယ်မှာပုန်းနေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ကျွန်တော်ကိုယ်တိုင် ယောင်ကျိုးလိုဏ်ဂူထဲမှာ ထားခဲ့တာပါ"

"ဟင် ... ဒါ ... ဒါဖြင့် သူ ... သူ နေရာကို ဘယ်လိုလုပ်ရောက်လာတာလဲ"

"ဒီ ... မေးခွန်းကို ကျွန်တော်လဲ ဦးဦးမာဇေးကို မေးမလို့ပါပဲ"

"ဒါ ... ဒါဖြင့် လိန်းလင်ဆိက သံသေတ္တာလေးကော၊ အဲဒီထဲက ရတနာပစ္စည်းသုံးမျိုးကောတကယ်ရှိရဲ့လား၊ အဲဒီသတင်းကတော့ ဂိုဏ်းချုပ်က လွှင့်လိုက်တဲ့သတင်းပါပဲ၊ ငါလဲမသိဘူး"

"အဲဒီသံသေတ္တာလေးက ကျွန်တော့်လက်ထဲမှာ ရောက်နေပါပြီ၊ ကျူးပိုက်ဂိုဏ်းချုပ်ရဲ့ ရက်စက်လှတဲ့ အကြံအစည် အထမမြောက်တော့ပါဘူး"

သံခေါင်းကြီးဟူစန်းက ...

"တယ်လဲ ပက်စက်တဲ့အကြံပါလား၊ တို့ ညီအစ်ကိုတွေနဲ့ ကျူးပိုက်ဂိုဏ်းချုပ် ဘယ်လိုများ ရန်ငြိုးရန်စရှိနေလဲ မသိဘူး"

လီထိကျင်းက ကြားဖြတ်ပြီး ...

"ကျွန်တော် ဘယ်သူဆိုတာ ကျူးပိုက်ဂိုဏ်းချုပ်က သိနေပြီလား"

"မင်းတို့ရဲ့ အတွင်းရေးတွေကို သူ ... သိနေမှတော့ မင်း ... ဘယ်သူ့ဆိုတာလဲ သူ သိနေမှာပေါ့"

သံခေါင်းကြီးဟူစန်းက တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားပြီး ...

"အင်း ... ကျူးပိုက်ဂိုဏ်းချုပ်ကိုယ်တိုင် ဒါမှမဟုတ် သူ့ရဲ့ လူယုံ တစ်ယောက်ယောက်ဟာ တို့ရဲ့ ရွာထဲမှာပဲ အမြဲတမ်းလိုလို ရှိနေရမယ်"

"သံခေါင်းကြီးဟူစန်းက ထင်မြင်ချက်ကို ပြောနေစဉ် ကုလား



အုတ်မာဇေးမှာ သွေးများအန်ထွက်လာပြီး စကားသံယဲ့ယဲ့လေးသာ ပြောနိုင်တော့သည်။

"တူတော်မောင် ခိုင်လော့ဟော့ကိုသတ်တဲ့လူ မင်းမြင်တာ အင်း ... ငါ ... ငါ ... စဉ်းစားမိပြီ ဟို ... ဟို ..."

ကုလားအုတ်မာဇေး စကားဆုံးအောင်ပင် မပြောနိုင်တော့ သွေးများ အဆမတန်အန်ထွက်လာကာ ခေါင်းငိုက်စိုက်ကျပြီး အမိုက်ဂိုး ချုပ်သွားလေတော့သည်။

လီထိကျင်းက ကုလားအုတ်မာဇေး၏အလောင်းနောက်ကျောဘက်ရှိဘုကြီးအား သေချာစွာအကဲခတ်ကြည့်လိုက်ပြီး ...

"ဘဘကြီး ... ဦးဦးမာဇေး ပြောတာမှန်တယ်၊ ဟိုနေ့ညက တွေ့ခဲ့ရတဲ့လူဟာ သူမဟုတ်ဘူး၊ အဲဒီလူရဲ့ ကျောကုန်းပေါ်မှာရှိတဲ့ အဖုက ဒီလောက်မကြီးဘူး၊ ကျောကုန်းမှာ အဖုကိုအတုတပ်ဆင်ထားတာပဲ ဖြစ်လိမ့်မယ်၊ တစ်ခုတော့ရှိတယ်၊ ကျောကုန်းက အဖုကလွဲရင် မျက်နှာပေါက်နဲ့ ကိုယ်လုံးကိုယ်ဟန်ကတော့ ဦးဦးမာဇေး နဲ့ ခွဲခြားမရအောင်ကို တစ်ပုံစံတည်း တူနေပါတယ်"

"အဲဒီမာဇေး အယောင်ဆောင်ထားတဲ့လူဟာ ကျူးပိုက်ဂိုဏ်းက ဂိုဏ်းချုပ်ကိုယ်တိုင် ဖြစ်နိုင်တယ်၊ ဒါပေမယ့် သူ့မျက်နှာကတော့ မာဇေးနဲ့တူအောင် ရုပ်ဖျက်ထားတာနဲ့ တူတယ်"

လီထိကျင်းက မချင့်မရဲဟန်ဖြင့် ...

"ဦးဦးမာဇေး အသက်ထွက်သွားတာ နည်းနည်းစောသွားလို့ မဟုတ်ရင် သူ့ကို ကျွန်တော်တို့ သိနိုင်တာပေါ့၊ နောက်တစ်ခါက ကျွန်တော် အစက ကျူးပိုက်ဂိုဏ်းဟာ တကယ်မရှိဘူး ထင်နေခဲ့တယ်၊ ခုတော့ ကျူးပိုက်ဂိုဏ်းဟာ တကယ်ရှိနေကြောင်းကို သက်ခံရတော့မှာပေါ့"

သံခေါင်းကြီးဟူစန်းက ...

"အင်း ... ကျူးပိုက်ဂိုဏ်းချုပ် ဘယ်သူဆိုတာကို သိရရင်

www.burmeseclassic.com

www.burmeseclassic.com



သိပ်ကောင်းမှာပဲ၊ သူက ဘာဖြစ်လို့ ငါတို့ရဲ့အတွင်းရေးတွေကို သိနေရတာလဲ မသိဘူး၊ နောက်တစ်ချက်က ဒီဂိုဏ်းနဲ့ ဆက်နွယ်နေတဲ့လူက တို့အကြားမှာ ရှိနေတယ်ဆိုတော့ အတော့်ကိုစဉ်းစားရခက်တာပဲ"

"ဘဘဟူ အဲဒီလိုရှိနေရင် အကောင်းဆုံးပဲ၊ ကျွန်တော်တို့ ခရီးဝေးဝေး သွားရှာနေစရာမလိုတော့ဘူးပေါ့၊ ခုလောလောဆယ်တော့ ကျွန်တော်တို့ ဘဘကြီး ကျောက်ကျိုလင်ဟာ အပြစ်မရှိကြောင်း ထင်ရှားနေတယ်၊ ဒါကြောင့် ဘဘကျောက်ကို ကျွန်တော်သွားတွေ့ပြီး ကန်တော့ရမယ်"

"အေး ... ငါလဲ မင်းလိုပါပဲ၊ ဟိုတစ်ချိန်က ငါလဲ သူ့ကို အထင်အမြင်လွဲမှားပြီး အဝင်အထွက်သိပ်မလုပ်ခဲ့ဘူး၊ မင်းနဲ့ ငါ အတူတူ သွားကြတာပေါ့"

လီထိကျင်းက တစ်စုံတစ်ရာစဉ်းစားလိုက်ပြီး ...

"အခုလဲ ... ဦးဦးမာဝေ့ သေဆုံးရတာဟာ လင်ချူချွန်းရဲ့ အဆိပ်အပ်လက်ပုန်းကြောင့်တင် မဟုတ်ဘူး၊ သူ့ရဲ့နောက်ကျောမှာ မိကျုံးလက်ဝါးရာကြီးတစ်ခုကို စောစောက ကျွန်တော်တွေ့လိုက်ရတယ်၊ ဒီတော့ ... ကျုံးပိုက်ဂိုဏ်းချုပ်ဟာ ဦးဦးမာဝေ့ကိုလဲ နှုတ်ပိတ်လိုက်တဲ့အနေနဲ့ မိကျုံးလက်ဝါးချက်ကိုရိုက်ပြီး သတ်လိုက်တာပါပဲ"

အဘိုးကြီးဟူစန်းက မာဝေ့၏အင်္ကျီနောက်ကျောကို ဆွဲ၍ကြည့်လိုက်ရာ လီထိကျင်းပြောသကဲ့သို့ မည်းနက်သော လက်ဝါးရာကြီးတစ်ခုကို အထင်းသားတွေ့လိုက်ရလေသည်။

"အေး ... ဒါ မိကျုံးလက်ဝါးချက်ပဲ"

"ဟုတ်တယ် ... ဟိုတစ်နေ့က ကျွန်တော်တို့ ခိုင်လော့ဟော့ကို လိုက်ရှာတဲ့အချိန်မှာ ခိုင်လော့ဟော့ကို သတ်တဲ့လူကို ကျွန်တော် ကိုယ်တိုင်မြင်လိုက်ရတယ်လေ၊ အဲဒီလူက ဦးဦးမာဝေ့နဲ့ ရုပ်ချင်းတူနေတော့ ဦးဦးမာဝေ့ကို ကျွန်တော်တို့က အကျပ်ကိုင်မေးစစ်မှာစိုးရိမ်လို့ သူတို့ကလက်ဦးအောင် ဦးဦးမာဝေ့ကို အဆုံးစီရင်လိုက်တာပဲ ဖြစ်မယ်"



သံခေါင်းကြီးဟူစန်းက ထောက်ခံသည့်သဘောဖြင့် ခေါင်းညိတ်ပြလိုက်၏။ ဘာမှတော့မပြောပါ၊ လီထိကျင်းကသာ ဆက်ပြောပြန်သည်။

"အမှန်တော့ ကျုံးပိုက်ဂိုဏ်းချုပ်က ဉာဏ်ကောင်းပြီး ထက်မြက်သလောက် သူ့ သတိချွတ်ချော်မှု တစ်ခုရှိသွားတယ်၊ အမှန်က သူ ဦးဦးမာဝေ့ကို မသတ်သင့်သေးဘူး၊ ဦးဦးမာဝေ့ သိတဲ့အကြောင်းတွေက သိပ်များသေးတာမှ မဟုတ်တာ၊ နောက်တစ်ချက်ကလည်း ကျုံးပိုက်ဂိုဏ်းချုပ်ဟာ မိကျုံးလက်ဝါးချက်ကို မသုံးသင့်ဘူး၊ ကျွန်တော်တို့ထဲမှာ ဒီမိကျုံးလက်ဝါးချက်ကြောင်းကို သိနေသူရှိမှန်း သူ သတိမပြုမိခဲ့လို့ပဲ"

"ဒါနဲ့ ... နေပါဦး၊ မာဝေ့ပြောသွားတော့ မင်းဖခင်ကြီးက ကျုံးပိုက်ဂိုဏ်းချုပ်ရဲ့ပစ္စည်းကို လုသွားတယ်ဆိုပါလား၊ အဲဒီပစ္စည်းဟာ မင်းဆီက သံသေတ္တာလေးများဖြစ်နေလား မသိဘူး"

သံခေါင်းကြီးဟူစန်း၏ စကားဆုံးသည်နှင့် လီထိကျင်းက လင်ချူချွန်းလက်ထဲတွင်အသင့်ရှိနေသော သံသေတ္တာလေးကို ဖွင့်ကြည့်လိုက်သည်။

သူတို့သုံးယောက်၏ အာရုံမှာ သံသေတ္တာလေးတွင် စူးစိုက်နေကြသည်။ အထဲတွင် ဘာပစ္စည်းရှိမည်ကိုလည်း အလွန်သိချင်နေကြ၏။

သံသေတ္တာလေးပွင့်သွားသောအခါ အထဲတွင် သံသေတ္တာလေးတစ်လုံးကို တွေ့လိုက်ရပြန်သည်။

လီထိကျင်းက ထိုသံသေတ္တာလေးထဲမှ သံသေတ္တာငယ်လေးကို ထပ်မံဖွင့်ကြည့်လိုက်ရာ အားလုံးအံ့အားသင့်သွားကြ၏။

www.burmeseclassic.com



သံသေတ္တာလေးထဲတွင် လေးထောင့်ရွှေတုံးနှစ်တုံးကို တွေ့လိုက်ရ၏။ ထို့နောက် ... ရွှေတုံးနှစ်တုံးအောက်တွင် စာတစ်စောင်ကိုလည်း ထပ်မံတွေ့ရပြန်သည်။

ထိုစာမှာ တိုတိုလေးပင် ရေးသားထား၏။

"ဤ ... ရွှေတုံးနှစ်တုံးသည် ဂျွန်တော့်သား အရွယ်ရောက်၍ အိမ်ထောင်ပြုပါက မင်္ဂလာလက်ဖွဲ့ဖြစ်ပါသည်။ လိ မိသားစု၏ အစ်ကိုကြီးကျောက်က တာဝန်ယူ စောင့်ရှောက်ပေးလိမ့်မည်ဟု ကျွန်တော် ယုံကြည်စိတ်ချနေပါမည်"

စာမှာ ထိုမျှသာဖြစ်သည်။ သဲလွန်စတစ်စုံတစ်ရာမျှ မတွေ့ရပေ။

"အေး ... မင်း ဖခင်ကြီးက တို့ရဲ့ခေါင်းဆောင်အစ်ကိုကြီးကို အတော်အားကိုး သံယောဇဉ်ကြီးပုံပဲ၊ ဒါကြောင့် ... ဒီသံသေတ္တာလေးကို အစ်ကိုကြီးကျောက်ဆီမှာ အပ်နှံထားတာဖြစ်မယ်"

လီထိကျင်းက ပြဿနာကို အလေးအနက်ထားကာ စဉ်းစားလိုက်သည်။ ပြီးမှ ... ဖြည်းညင်းစွာ မေးလိုက်၏။

"ဘဘဟူ ... ကျွန်တော့်ဖခင်ကြီး မသေဆုံးခင်ကတော့ သူနဲ့ ရင်းနှီးတဲ့မိတ်ဆွေ ဘယ်သူများ ရှိခဲ့ဖူးသလဲဆိုတာကို ဘဘဟူ သိသလား"

"ငါတို့ သွေးသောက်ညီအစ်ကို မဖွဲ့ခင်ကတော့ သူနဲ့ခင်မင်ရင်းနှီးတဲ့မိတ်ဆွေ ရှိမရှိ မသိဘူး၊ အဲ ... တို့သွေးသောက်ညီအစ်ကို ဖွဲ့ပြီးမှဆိုရင် ငါတို့တတွေပဲ ရှိတာပဲ"

"အဲဒီ သွေးသောက်ညီအစ်ကိုတွေထဲမှာ ကျွန်တော့်ဖခင်ကြီးက ဘယ်သူ့အပေါ်မှာ သံယောဇဉ် အရှိဆုံးလဲ"

"ဒါကတော့ ငါလဲ မပြောတတ်ဘူး၊ အားလုံးကိုတော့ မင်းဖခင်ကြီးက ခင်မင်ရင်းနှီးတာပါပဲ"

လီထိကျင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...



"အင်း ... ကျွန်တော် ရှစ်ဆယ်ရာခိုင်နှုန်းလောက်တော့ ရိပ်မိပြီ"

သံခေါင်းကြီးဟူစန်းက စိတ်တက်ကြွသောအမူအရာဖြင့် ...

"ဒါဖြင့် ... မင်း ... ဘယ်သူ့ကို ထင်သလဲ"

လီထိကျင်းက ခေါင်းကိုခါယမ်းလိုက်ကာ ...

"ခုနေတော့ ကျွန်တော်မပြောနိုင်သေးပါဘူး၊ ရာနှုန်းပြည့်နီး သိရတဲ့အခါကျတော့မှ ပြောပါရစေ"

သံခေါင်းကြီးဟူစန်းက စိတ်မရှည်ဟန်ဖြစ်သွားပြီး ...

"မင်းက ငါ့အပေါ်မှာတောင် ဖုံးဖိထားချင်သေးသလား"

"ဘဘဟူက ဘဘကြီးကျောက်အပေါ် သံသယစိတ် ဝင်ခဲ့ပြီး ထင်လွဲခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီ မဟုတ်လား၊ နောက် အခြားညီတော်တွေရဲ့ အထင်လွဲမှားမှုကိုလည်း ခံရသေးတယ်၊ ဒါကြောင့် ... သက်သေမခိုင်လုံသေးတဲ့ လူတစ်ဦးတစ်ယောက်အပေါ် အထင်မလွဲစေချင်ဘူး၊ အထင်လွဲခံရတဲ့လူကိုလဲ စိတ်ဆင်းရဲ မှုမပေးချင်ဘူး"

သံခေါင်းကြီးဟူစန်းက ရုတ်တရက် ကြောင်အန်းသွားပြီးမှ ဟောပေါက်သွားကာ ...

"အေး ... မင်းပြောတာ သဘာဝကျပြီး နည်းလမ်းမှန်ကန်တယ်၊ ငါ ... ထပ်မမေးတော့ပါဘူး၊ ဒါပေမယ့် ... တရားခံအစစ် ဖော်ထုတ်နိုင်ခဲ့ရင် မင်း ငါ့ကို အလျင်ဆုံး ပြောစေချင်တယ်"

"ဟုတ်ကဲ့ ... ကျွန်တော် ဘဘဟူကို အလျင်ဆုံးပြောပါ့မယ်"

"ခု ... မင်းဘယ်လို စီစဉ်မလဲ"

"ကျွန်တော် ပန့်စန်ဖိန် အိမ်ကြီးကိုသွားပြီး ဘဘကျောက်နဲ့ ရှောင်ယွင်တို့ကို သွားတွေ့မယ်"

"ကောင်းပါတယ်၊ ရှောင်ယွင်ကို မင်း ... လိန်းလင်ကိစ္စအတွက် ဘယ်လိုပြောမလဲ"

www.burmeseclassic.com

www.burmeseclassic.com



လိထိကျင်းက ရုတ်တရက် မျက်နှာညိုးဆင်းသွားကာ...

"ဒါကတော့ မပြောမဖြစ်တဲ့ ကိစ္စတစ်ရပ်ပဲ၊ ခု ... မပြော နောင်တစ်ချိန် သိမယ့်အတူတူတော့ တစ်ခါတည်းဖွင့်ပြောလိုက်တာ ပိုကောင်းမယ်ထင်တယ်"

"လိန်းလင်နဲ့ မာဗေ့တို့ရဲ့ အလောင်းတွေကို ..."

"ဒီနေရာမှာပဲ ကျွန်တော်သင်္ဂြိုဟ်လိုက်မယ်"

ပြောပြီးသည်နှင့် လိထိကျင်းနှင့် သံခေါင်းကြီးဟူစန်း နှစ်ယောက်သည် မြေများကိုတူးဆွကာ လိန်းလင်နှင့် ကုလားအု မာဗေ့တို့၏ အလောင်းနှစ်လောင်းကို ကောင်းမွန်စွာမြေမြှုပ်သင်္ဂြိုဟ် ပေးလိုက်လေသည်။

❖ ❖ ❖

## အခန်း(၇)

နေဝင်ချိန်။ ။

နေမင်း၏ အနီရောင်သမ်းသော ရောင်ခြည်များက လောက ကြီး တစ်ခုလုံးအား ဖုံးလွှမ်းနေသည်။

ပန့်စန်ဖိန်အိမ်ကြီး တစ်ဝိုက်မှာလည်း နေဝင်စအနီရောင်များ ယှက်သန်းလျက် ရှိနေ၏။

ပန့်စိန်ဖိန်ခြံတံခါးမှာလည်း ပွင့်လျက်သားရှိနေပြီး တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေသည်။

လိထိကျင်းက ပန့်စန်ဖိန်အိမ်ကြီးကို ငေးစိုက်ကာကြည့်နေ ရင်းက ...

"ဘာဘာဟူ ဟိုကျရင် ဘာစကားမှမပြောနဲ့၊ ကျွန်တော် အလျင် ကောင်းသလို ကြည့်ပြီးပြောပါ့မယ်"

မကြာမီ အိမ်ကြီး၏တံခါးပေါက်ရှေ့သို့ သုံးယောက်သား ရောက်ရှိလာကြ၏။

အဘိုးကြီးဟူစန်းက တံခါးမကြီးအား ခေါက်လိုက်သည်။ အထဲမှ 'ကုလားအုတ်လား'ဟု မေးသံပေါ်လာပြီး တံခါးပွင့်လာ ကာ ကျောက်ပေါက်မာရုပ်ဆိုးကြီး ဝူထန် ထွက်လာခဲ့သည်။

ကျောက်ပေါက်မာဝူထန်မှာ သူတို့သုံးယောက်အား မြင်လိုက် ရသည်နှင့် မျက်လုံးပြူးကာ အံ့အားသင့်သွားပြီး ...

"ဪ ... အစ်ကိုတော်ဟူစန်းပါလား၊ ကျုပ်က မာဗေ့များ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသလားလို့၊ ဒါနဲ့ … ညှော်သည်နှစ်ယောက်က ဘယ်သူ
တွေလဲ”

သံခေါင်းကြီးဟူစန်းက ဘာမှ မြန်မဖြေဘဲ ဝူတန်အား ခေါ်
လိုက်သည်။

“အစ်ကိုကြီးကျောက် ရှိသလား”

“ရှိပါတယ်”

သံခေါင်းကြီးဟူစန်းက ဘာမှမပြောဘဲ ရှေ့မှဦးဆောင်က
ဝင်သွားသည်။ ကျန်လူများက ဟူစန်းနောက်မှ ဝင်လိုက်သွားကြ
ဤပန့်စန်ဖိန်အိမ်ကြီးအတွင်းသို့ မီးလျှံလင်ချူချွန်းက ဘ
ခေါက်မျှ မရောက်ဘူးခဲ့ချေ။

ဧည့်ခန်းဆောင်မှာ ကျယ်ဝန်းပြီး သပ်ယပ်လှပ ခန့်ညား
ကာ ဆီမီးများကိုလည်း ထိန်ထိန်လင်းအောင် ထွန်းညှိထားသည်
တွေ့ရ၏။

ဧည့်ခန်းဆောင်ထဲတွင် ကျောက်ကျိုလင်၊ လက်သီးဗိုလ်
ကန်း၊ တိမ်ပျံကုံးဟိုတို့ ဖနီးမောင်နှံနှင့် ရှောင်ယွင်တို့ ထိုင်နေ
သည်ကို တွေ့ရ၏။

ဧည့်ခန်းထဲရှိ လူငါးယောက်တို့မှာ တစ်ဦးနှင့်တစ်ဦး စ
မပြောပဲ ငြိမ်သက်စွာ ထိုင်နေကြသည့်အတွက် အနည်းငယ်ထူး
နေသည်ဟု ထင်ရ၏။

သံခေါင်းကြီးဟူစန်းကို မြင်လိုက်ရသည်နှင့် ငွေပြားပစ်
အစ်ကိုကြီး ကျောက်ကျိုလင်က လှမ်းပြောလိုက်သည်။

“တတိယညီတော်ဟူစန်း ရောက်လာတာနဲ့အတော်ပဲ၊ ဒီ
ပြဿနာပေါ်နေတယ်”

သံခေါင်းကြီးဟူစန်းက မထူးခြားသည့်အမူအရာဖြင့် …

“အစ်ကိုကြီးကျောက် … ကျွန်တော်သိနှင့်နေပါပြီ၊ နော
ဆက်ပြောပါ့မယ်”



ပြောဆိုပြီးသည်နှင့် လီထိကျင်းဘက်သို့လှည့်ကာ …

“တူတော်မောင် … အစ်ကိုကြီးနဲ့ မင်းဦးဦး၊ ဒေါ်ဒေါ်လေး
တို့ကို နှုတ်ဆက်ကန်တော့လိုက်ပါအုံး”

လီထိကျင်းက ဧည့်ခန်းထဲရှိ ဧည့်သည်များရှေ့တွင် ဒူးထောက်
ချလိုက်ပြီး …

“ဘဘကြီးကျောက်နဲ့ ဦးဦးဖန်ကန်း၊ ဦးဦးကုံးဟို၊ ဒေါ်လေး
ဟိုင်ထန်တို့ကို ခုလိုတွေ့လိုက်ရတဲ့အတွက် တူတော်မောင် ဝမ်းနည်း
ဝမ်းသာဖြစ်ခဲ့ရပါတယ်၊ ကျွန်တော့်ဖခင်ကြီးသာရှိရင် ဘယ်လောက်
များ ကောင်းမလဲမသိဘူး”

ဧည့်သည်များအားလုံးမှာ လီထိကျင်းအားကြည့်ကာ ကြောင်
အန်းအန်း ဖြစ်နေကြ၏။

သံခေါင်းကြီးဟူစန်းက မနေသာတော့ပဲ၊ သူတို့၏ အံ့အား
သင့်မှုအား ဝင်ရောက်ဖြေရှင်းပေးလိုက်သည်။

“အစ်ကိုကြီး ကျောက်နဲ့ ဒုတိယညီတော် ဖန်၊ ညီတော်
ကုံးဟို၊ ညီမတော် ဟိုင်ထန်တို့ တော်တော်အံ့သြနေကြတယ် ထင်
တယ်၊ ဒီက တူတော်မောင်ဟာ စတုတ္ထညီတော် နတ်ဓားရှင်
လီလန်ဟုန်ရဲ့သား လီရှောက်ကွမ်း ဖြစ်ပါတယ်၊ တစ်ချိန်တုန်းက
ပန့်စိန်ဖိန်ခြံကြီးမှာနေပြီး အသက်ပြင်းလှတဲ့ လီရှောက်ကွမ်း ဖြစ်
ပါတယ်”

ခေါင်းဆောင်အဘိုးကြီး ကျောက်ကျိုလင်က ခေါင်းကို
တဆတ်ဆတ် ညိတ်ကာ …

“ငါသိတယ်၊ သူ … ဝင်လာလာချင်း ငါရိပ်မိလိုက်ပါတယ်”

တိမ်ပျံကုံးဟိုမှာ ပွါးစပ်အဟောင်းသားဖြစ်သွားပြီး …

“အစ်ကိုကြီး … ဘယ်လိုဖြစ်ကုန်တာလဲ၊ ဘယ်လိုကြောင့်
လီရှောက်ကွမ်း နှစ်ယောက်ဖြစ်နေတာလဲ”

ကျောက်ကျိုလင်က သံခေါင်းကြီးဟူစန်းအားကြည့်ကာ …

www.burmeseclassic.com

www.burmeseclassic.com



"ဟူစန်း ... မင်းပဲ သူတို့ကို ပြောပြလိုက်ပါ"

သံခေါင်းကြီးဟူစန်းက လိထိကျင်းဘက်လှည့်ကာ ...

"တူတော်မောင် ကိုယ်တိုင်ပဲ ပြောပြပါလိမ့်မယ်၊ သူက ကာယ ကံရှင်ဆိုတော့ ပိုပြီးတိတိကျကျ ပြောပြနိုင်ပါလိမ့်မယ်"

လိထိကျင်းက ဒူးထောက်နေရာမှ မတ်တတ်ထရပ်လိုက်ပြီး ကျောက်ကျားကျိုရှာသို့ ရောက်လာပြီး ကုလားအုတ်မာဗေ့းထံမှ ရေ တောင်းသောက်ပုံ ...

ထို့နောက် ...

လိရှောက်ကွမ်းအစာဖြစ်သူ လိန်းလင်ကို တွေ့လိုက်ရသည့် အကြောင်းများပါမကျန် နောက်ဆုံးပန့်စင်ဖိန်အိမ်ကြီးသို့ မိမိ ပထမ ဆုံးအကြိမ် ရောက်လာပြီး ရှောင်ယွှင်နှင့်တွေ့ပုံ။

ဆက်လက်၍ လိန်းလင်အား ယောင်ကျိုးလိုဏ်ဂူထဲတွင် သွား ရောက်၍ ဝှက်ထားလိုက်သည်အထိ ပြီးခဲ့သည့် အကြောင်းစုံအားလုံး ကို နားလည်သဘောပေါက်အောင် ပြောပြလိုက်၏။

လိထိကျင်း၏ ပြောပြချက်များကို နားထောင်ပြီးနောက် ခေါင်းဆောင်အဘိုးကြီး ကျောက်ကျိုလင်က သက်ပြင်းတစ်ချက် ချလိုက်ကာ ...

"ဪ ... ဒီကိစ္စဟာ ဒီလိုဖြစ်တာကိုး၊ ငါ့ကို သမီး ရှောင် ယွှင်က ပြန်ပြောမပြပဲ ဖုံးဖိထားခဲ့တယ်"

တိမ်ပျံကုံးဟိုကလည်း ...

"ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ယောက်လဲ အစ်ကိုကြီး ပါပဲ ဘာမှ မသိခဲ့ရပါဘူး၊ အခုမှပဲ အကြောင်းမှန်တွေကို သိ တော့တာပါ"

ဟိုင်ထန်ကလည်း စိတ်မကောင်းစွာဖြင့် ...

"ဟုတ်ပါတယ်၊ ဟို ... ကျူးပိုက်ဂိုဏ်းချုပ်ရဲ့ ဒုက္ခပေးခဲ့ အကျိုး သက်ရောက်မှုတွေပါပဲ"



တိမ်ပျံကုံးဟိုက ကြားဖြတ်၍ ...

"ကျူးပိုက်ဂိုဏ်းကပဲဖြစ်ဖြစ် နောက်ဆုံးတော့ ကျွန်တော်တို့ ညီအစ်ကိုတတွေဟာ အစ်ကိုကြီးကျောက်ကို အထင်အမြင်လွဲမှား ခဲ့ပါဘယ်။ ဒါကြောင့် ... ကျွန်တော်တို့တတွေမှာ အပြစ်ရှိခဲ့ကြပါ တယ်၊ ခု ... တရားခံကို သိရပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ နေပြည် တော်ကို ပြန်ရောက်သွားခဲ့ရင် ဒီကိစ္စအတွက် ချက်ချင်းအရေးယူ ဆောင်ရွက်ပေးပါ့မယ်"

လိထိကျင်းက ကျေနပ်စွာပြုံးလိုက်ပြီး ...

"ဦးဦးကုံးဟိုကို တူတော်မောင် ကျေးဇူးတင်ပါတယ်၊ ဒါ ပေမယ့် ဒီကိစ္စအတွက် တူတော်မောင်ပဲ ဆက်လက်ဆောင်ရွက်ပါရ စေ၊ ဦးဦး စိတ်အေးအေးနေပါ"

တိမ်ပျံကုံးဟိုက ကပျာကယာပင်ကြားဖြတ်၍ ဝင်ပြော လိုက်သည်။

"မင်း ... တစ်ယောက်တည်း ဘယ်ဖြစ်မှာလဲ"

"ကျွန်တော်ပြောစရာ ရှိပါသေးတယ်၊ နားထောင်ပါဦး"

"ဘာများ ပြောစရာရှိနေသေးလို့လဲ"

လိထိကျင်းက ရှောင်ယွှင်ဘက်လှည့်ကြည့်လိုက်ရင်း စိတ် မကောင်းသည့် အမူအရာဖြင့် ...

"ရှောင်ယွှင် မင်း စိတ်ထဲမှာ ..."

ရှောင်ယွှင်က စိတ်လှုပ်ရှားသံနှင့်ဖြတ်၍ ပြောလိုက်သည်။

"လိန်းလင် မရှိတော့ဘူးဆိုတာ ကျွန်မ ရိပ်မိပါပြီ"

လိထိကျင်း အံ့အားသင့်သွားကာ ...

"ဟင် ... မင်း ဘယ်လိုလုပ် သိတာလဲ"

"ရှင် ... အပိုတွေပြောမနေပါနဲ့တော့၊ သူ ... ဘယ်မှာရှိနေ တယ် ဆိုတာသာ ပြောပြပါလေ"

"သူ့ကို ငါတို့ကိုယ်တိုင် ကောင်းကောင်းမွန်မွန် မြေမြှုပ်

www.burmeseclassic.com



သင်္ဂြိုဟ်ပေးလိုက်ပါပြီ၊ အမှန်တော့ မင်းသူ့ကို မမြင်စေချင်တော့လို့ပါပဲ"

အဘိုးကြီးကျောက်ကျိုလင်မှာ တုန်လှုပ်ချောက်ချားနေသော အမူအရာဖြင့် ...

"ရှောက်ကွမ်း ဘယ်လိုဖြစ်ကြတာလဲ၊ ခု ... လိန်းလင်က ဘယ်လိုဖြစ် ..."

သံခေါင်းကြီးဟူစန်း မျက်နှာပျက်သွားပြီး ...

"ဒီကိစ္စ ကျွန်တော်ပဲ ပြောပြပါ့မယ်"

ဆက်လက်၍ သံခေါင်းကြီးဟူစန်းက လိန်းလင်အား ထမင်းဟင်းများ သွားရောက်ပို့ဆောင်ရာမှ ယောင်ကျိုးလိုဏ်ဂူတွင် လိန်းလင်အား မတွေ့ရသည့်အချိန်မှစ၍ ပြီးခဲ့သည့် အဖြစ်အပျက်များကို အသေးစိတ် ပြောပြလိုက်သည်။

ထို့နောက် လိန်းလင်နမူးတွင် ကုလားအုတ်မာဇေး ပစ်လွှတ်လိုက်သည့် ငွေစလက်နက်ပုန်းအကြောင်းကိုပါ ပြောပြပြီး မိကျူလက်ဝါးချက်ကိုမူ ချန်လှပ်ထားခဲ့၏။

တိမ်ပျံကုံးဟိုမှာ ဒေါသကြီးစွာဖြင့် စားပွဲကို လက်ဖြင့် တအားပုတ်လိုက်ကာ ...

"ဟင် ... ခုချိန်ထိ ဒီကျူးပိုက်ဂိုဏ်းက ကျုပ်တို့ရဲ့အစ်ကိုကြီးကျောက်ကို ဒုက္ခပေးတုန်းပါပဲလား၊ ကျူးပိုက်ဂိုဏ်း ... ကျုပ်အကြောင်းကို သိရစေမယ်"

လိထိကျင်းက မီးလျှံလင်ချူးရွှန်း လက်ထဲမှာ သံသေတ္တာလေးကိုယူကာ စားပွဲပေါ်တင်လိုက်ပြီး အထဲမှ သေတ္တာငယ်လေးကို ထုတ်ယူလျက် ...

"ကျွန်တော့်ဖခင်ကြီး ပေးအပ်သွားတဲ့ ပစ္စည်းဟာ ဘာပစ္စည်းတွေဖြစ်တယ်ဆိုတာကို အားလုံးပဲ ကြည့်ကြပါခင်ဗျာ"

ပြောပြောဆိုဆို သံသေတ္တာငယ်လေးကို ဖွင့်၍ လေးထောင့်ရွှေတုံးလေးနှစ်တုံးနှင့် စာတစ်စောင်ကို အားလုံးမြင်သာအောင်ပြလိုက်ပါသည်။



ကျောက်ကျိုလင်၊ ဖန်ကန်းနှင့် ကုံးဟိုတို့ ဇနီးမောင်နှံ အားလုံး အံ့အားသင့်သွားကြ၏။

ကျောက်ကျိုလင်က စာကိုဖတ်ကာ ဖန့်ကန်းအား ပြလိုက်၏။ ဖန်ကန်းက စာဖတ်ပြီး မျက်လုံးပြူးကာ ...

"အင်း ... စတုတ္ထညီငယ် အဖြစ်ဆိုးလှချည်လားကွာ"

ဟု ပြောဆိုရေရွတ်ကာ ထိုစာရွက်လေးကို လုံးချေပစ်လိုက်လေသည်။

တိမ်ပျံကုံးဟိုက ကမန်းကတန်း ဖန်ကန်းကိုလှမ်းတောင်းလိုက်သည်။

"အစ်ကိုတော် ... ညီတော်ဖတ်ပါရစေဦး လွှင့်မပစ်ပါနဲ့"

တိမ်ပျံကုံးဟိုက ကြေမွနေသောစာရွက်အား ဖြန့်ဖတ်ကာ တဖြည်းဖြည်း ဒေါသထွက်လာပြီး ...

"ကျုပ် ... အစ်ကိုတော်နတ်မားရှင်အတွက် ဟို ... လူသတ်တရားခံကို ကျုပ် ... မသတ်ရရင် အခဲမကျေနိုင်ဘူး"

ပြောပြောဆိုဆို တိမ်ပျံကုံးယိုက စာရွက်ကလေးကို လုံးချေ၍ လွှင့်ပစ်လိုက်သည်။

လိထိကျင်းက လေးနက်သောလေသံဖြင့် ...

"ဘဘကြီးကျောက်နဲ့ ဦးဦးတို့ကို တူတော်မောင် ကျေးဇူးတင်ပါတယ် ကျွန်တော့်ဖခင်ကြီးကိစ္စကို ကျွန်တော်ကိုယ်တိုင်ပဲ ဆောင်ရွက်ခွင့် ပြုစေချင်ပါတယ်"

တိမ်ပျံကုံးဟိုက မခံချင်သောလေသံဖြင့် ...

"တူတော်မောင် မင်း ဖခင်ကြီးဟာလဲ တို့ရဲ့အစ်ကိုဖြစ်တယ်ဆိုတာ မင်းမေ့နေပြီလား"

"ဟုတ်ပါတယ် တူတော်မောင် လက်ခံပါတယ်၊ ဒါပေမယ့်

www.burmeseclassic.com



အမှန်ပြောရရင် ကျွန်တော့်ဖခင်ကြီးမှာ ကျွန်တော့်လို အသက်ပြင်းတဲ့သားတစ်ယောက်ရှိနေတဲ့အတွက် ကျွန်တော်ကိုယ်တိုင်ပဲ ဒီကိစ္စကို ဖြေရှင်းပါ့မယ်"

လီထိကျင်းက စကားကိုပြောက တစ်ချက်ဇွေ့ရှိက်ကာ အကဲခတ်ကြည့်လိုက်ပြီးမှ ဆက်ပြောလိုက်သည်။

"ဦးဦးကုံးတဲ့စေတနာကို တူတော်မောင် လက်ခံပါ့မယ်၊ ကျွန်တော် လိုအပ်တဲ့အခါမှာ ဦးဦးတို့ရဲ့ အကူအညီကိုပေးနိုင်မယ်ဆိုရင် တော်ပါပြီ"

တိမ်ပုံကုံးဟိုက လီထိကျင်းအားကြည့်ကာ ...

"ကောင်းပြီ မင်းလိုချင်တဲ့အကူအညီကို အချိန်မရွေးတောင်းပါ၊ ငါတို့ပေးဖို့ အသင့်ပါပဲ၊ ဒါပေမယ့် တစ်ခုတော့ သတိပေးချင်တယ်၊ ကျူးပိုက်ဂိုဏ်းကို တူတော်မောင်တစ်ယောက်တည်းနဲ့ ရင်မဆိုင်စေချင်ဘူး"

"ဟုတ်ကဲ့ ကျွန်တော်သိပါတယ်၊ ဒီကျူးပိုက်ဂိုဏ်းချုပ်ဟာ တော်တော်ကို ရက်စက်တဲ့ လူတစ်ယောက်ပါပဲ၊ မဟုတ်မဟပ် သတင်းတွေလွှင့်ပြီး ကျွန်တော်တို့ ကျောက်ကျားကျိုရွာမှာ ရဟနာပစ္စည်းသုံးမျိုးရှိတယ်ဆိုပြီး သိုင်းလောကမှာရှိတဲ့ ဒုစရိုက်ဂိုဏ်းသားတွေကို ဆွဲဆောင်စေတယ်။

နောက် ... ပန့်စန်ဖိန်အိမ်ကြီးကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်စေခဲ့တယ်၊ ဒီ ... ဂိုဏ်းသားတွေကို အသုံးချပြီး ဘဘကြီးတို့ ဦးဦးတို့ကို အပြတ်ရှင်းခိုင်းတာနဲ့ အတူတူပါပဲ၊ ဒါကြောင့် ... ဘဘကြီးတို့အားလုံး သတိဝီရိယနဲ့နေကြဖို့ တူတော်မောင်က ပြောလိုပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်နဲ့ လင်ချူချွန်းတို့နှစ်ယောက် ပန့်စန်ဖိန်တောင်ခြေမှာ ရှိနေသေးတဲ့ ဒုစရိုက်ဂိုဏ်းသားတွေကို သွားရောက်ချေမှုန်းပြီး သိုင်းလောကထဲကို ပြန်ဝင်ပါ့မယ်၊ ပြီးတော့မှ



တရားခံကို ဆက်လက်ရှာဖွေ ဖမ်းဆီးနိုင်တဲ့အထိ ဆောင်ရွက်ပါ့မယ်"

လီထိကျင်းက စကားကို ခေတ္တရပ်နားပြီးမှ ဆက်၍ပြောပြန်သည်။

"ဒါကြောင့် ... ကျွန်တော် ပန့်စန်ဖိန်ကိုလာပြီး မနှုတ်ဆက်တော့ပါဘူး၊ ဒီသံသေတ္တာလေးကိုလည်း ကျွန်တော့်ဖခင်ကြီးနည်းတူ ဒီမှာပဲ လွှဲအပ်ခဲ့ပါ့မယ်၊ ဒီပစ္စည်းကိုထုခွဲပြီး လိန်းလင်နဲ့ ဦးဦးမာဇွေ့တို့အတွက် ကုသိုလ်ဒါနပြုလုပ်ပေးလိုက်ပါ၊ ကဲ ... ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

အဘိုးကြီး ကျောက်ကျိုလင်က လီထိကျင်းကို လှမ်းတားလိုက်သည်။

"ခဏနေပါဦး ..."

"ဘဘကြီး ... ဘာများမှာစရာရှိသေးလို့လဲ"

ကျောက်ကျိုလင်မှာ စိတ်ထိခိုက်ပြီး မျက်ရည်များရစ်ဝဲလာကာ ...

"တူတော်မောင် ဒီမှာ တစ်ရက်နှစ်ရက်လောက် နေပါဦးလား၊ တို့နဲ့ ထမင်းတစ်ဝိုင်းတည်း ဝင်စားပြီးမှသွားရင်လဲ အချိန်ရှိပါသေးတယ်"

"ကျေးဇူးတင်ပါတယ် ဘဘကျောက်၊ မလွှဲမရှောင်သာလို့သာ သွားရမှာပါ၊ ရန်သူတွေနဲ့တွေ့ပြီး စာရင်းရှင်းပြီးတဲ့နောက် ပန့်စန်ဖိန်အိမ်ကြီးကို ကျွန်တော်ပြန်လာခဲ့ပါဦးမယ်"

အဘိုးကြီးကျောက်မှာ တားမရမှန်းသိ၍ ...

"အေးလေ ... မင်းသဘောပါပဲ၊ ဒါပေမယ့် ... ဒုတိယဦးဦးနဲ့ တတိယဦးဦးတို့ကို ငါလိုက်ပို့ခိုင်းလိုက်မယ်"

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော်နဲ့ လင်ချူချွန်းတို့ နှစ်ယောက်က သူတို့ကို ကောင်းကောင်းယှဉ်နိုင်ပါတယ်"

အဘိုးကြီးကျောက်ကျိုလင်က လင်ချူချွန်းဘက်လှည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"လူစွမ်းကောင်းမယ် လင်ချူးချွန်း ကျုပ်မင်းကို ညှဉ့်ဝတ် မကျေပွန်ခဲ့တဲ့အတွက် တောင်းပန်ပါတယ်၊ မင်းနဲ့ တူတော်မောင် ရန်သူတွေကို ချေမှုန်းပြီး ပန့်စန်ဖိန်ကိုပြန်လာတဲ့အခါ ကျုပ် ညှဉ့်ဝတ် ကျေပွန်ပါရစေ"

မိန်းလျှုံလင်ချူးချွန်းက အားနာသောအပြုံးဖြင့် ...

"လီထိကျင်းရဲ့ ဘဘကြီးဟာလဲ ကျွန်မရဲ့ဘဘကြီးတွေပါပဲ၊ ဘဘကြီးတို့ရဲ့ ဖေါ်ရွေမှုတွေကို ကျွန်မ ဝမ်းသာလို့မဆုံးပါဘူး၊ ကိစ္စတွေပြီးတဲ့အခါ ကျွန်မ သူနဲ့လိုက်ပါလာခဲ့ပါမယ်"

ရှောင်ယွင်က လီထိကျင်းတို့အား လိုက်ပို့မည်ပြုစဉ် သံခေါင်းကြီးဟူစန်းက ရှောင်ယွင်အား လိုက်မပို့ရန်ပြောပြီး ...

"အစ်ကိုကြီးကျောက် ပန့်စန်ဖိန်ရဲ့လုံခြုံမှုကို အထူးဂရုစိုက်ပါ၊ ညီတော်ပဲ သူတို့ကို လိုက်ပို့လိုက်ပါ့မယ်"

သုံးယောက်သား ပန့်စန်ဖိန်အိမ်ကြီး၏အပြင်ဘက်သို့ ရောက်လာကြသောအခါ သံခေါင်းကြီးဟူစန်းက လီထိကျင်းအား ပြောလိုက်သည်။

"လီထိကျင်း မင်းစိတ်တွေမှန်နေပြီထင်တယ်၊ တရာခံအစစ်ဟာ ဒီနားတစ်ဝိုက်မှာ ရှိနေလျက်နဲ့ ဘာဖြစ်လို့အဝေးမှာ သွားရှာရမှာလဲ"

"ဟာ ... ဘဘဟူကလဲ ကျွန်တော်ဒီလောက် မအ မနံသေးပါဘူး၊ ကျွန်တော် ဒီလိုပြောတာ အကြောင်းရှိပါတယ်"

သံခေါင်းကြီးဟူစန်းမှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ လီထိကျင်းက ဆက်လက်၍ ပြောပြန်သည်။

"ဘဘကြီး စိတ်ချပြီးသာ ပြန်သွားပါ၊ ကျွန်တော် အလွန်ဆုံးကြာလှရင် နှစ်ဝက်လောက်ပဲ၊ မြန်ရင်လဲ သုံးလလောက်ပါပဲ၊ အဲဒီအချိန်ကြရင် ကျွန်တော်နဲ့ လင်ချူးချွန်းတို့ကိစ္စမှာ ဘဘကြီးက အကူအညီပေးရမှာနော်"



လင်ချူးချွန်းမှာ လီထိကျင်း၏စကားကြောင့် ရှက်သွားပြီး ခေါင်းငုံ့လိုက်လေသည်။

သံခေါင်းကြီးဟူစန်း၏မျက်လုံးအိမ်တွင်မူ ခွဲခွါရတော့မည်မို့ မျက်ရည်များရစ်ဝဲလာပြီး ...

"အေး ... မင်းတို့ကိစ္စအောင်မြင်ပါစေလို့ ငါ ဆုတောင်းလိုက်ပါတယ်၊ မင်းကို ငါ့သားအရင်းလိုပဲ သဘောထားပါတယ်၊ အေး ... လင်ချူးချွန်းကိုလဲ ငါ့ချွေးမလိုပဲ သဘောထားပါတယ်၊ မင်းတို့နှစ်ယောက်ရဲ့ကိစ္စကို ကြီးကြပ်ပေးရမှာက ငါကလွဲပြီး တစ်ခြားလူ ဖြစ်နိုင်ပါဘူး"

လင်ချူးချွန်း၏မျက်နှာမှာ ရှက်သွေးရောင်ဖြန်းသွားပြီးနီမြန်းကာ သံခေါင်းကြီးဟူစန်းအား ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်နေသည်။

လီထိကျင်းနှင့် လင်ချူးချွန်းတို့နှစ်ယောက်သည် သံခေါင်းကြီးဟူစန်းအား နှုတ်ဆက်လိုက်ကြသည်။

ထိုအချိန်တွင် နေမင်းကြီးမှာလည်း အနောက်ဂေါ်ရာသို့ တရွေ့ရွေ့ဝင်သွားလေပြီ။

လီထိကျင်းနှင့် လင်ချူးချွန်းတို့နှစ်ယောက်မှာလည်း တောင်ခြေသို့ ဆင်းသွားကြလေပြီ။

သံခေါင်းကြီးဟူစန်းမှာ မျက်ရည်များကြားမှ သူတို့နှစ်ယောက်အား ဝိုးတဝါးသာ မြင်နေရတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၈)

ည။ ။

ညအမှောင်အောက်ဝယ် ကျောက်ကျိုရွာကြီးမှာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။ သုံးရက်လ ခုံးမျက်စလေး၏ အလင်းရောင်မှာ မှုပျပျလေးသာ ရှိနေလေသည်။

ရွာအနောက်ဘက်ရှိ ပန့်စန်ဖိန်တောင်စောင်းနေရာ၌ သုံးဘက်သုံးတန်တွင် မတ်စောက်သော တောင်ကမ်းပါးလေးများ ရှိနေ၏။

တောင်ခြေရှိ ကျောက်ကျားကျိုရွာသို့သွားရန် တောလမ်းလေးတစ်ခုရှိသည်။

ထိုတောင်ခြေလမ်းအတိုင်း လီထိကျင်းနှင့် လင်ချူချွန်းတို့နှစ်ယောက်သည် ကျောက်ကျားကျိုရွာကို ကျောခိုင်း၍ ပခုံးချင်းယှဉ်ကာ လျှောက်လှမ်းသွားနေကြသည်။

လရောင်ဝိုးတဝါးအောက်တွင် သူတို့နှစ်ယောက်နှင့် မလှမ်းမကမ်းမှ အမည်းရိပ်လေးငါးခုက သူတို့နှင့် မျက်နှာချင်းဆိုင်မှ လျှောက်လှမ်းလာနေကြသည်။

ထိုအမည်းရိပ်မှာ ကျောက်ကျားကျိုရွာဘက်သို့ အလည်လာသည့်ပမာ ဏ္ဍေနွေးရရ လျှောက်လှမ်းလာနေသည်။

လီထိကျင်းနှင့် လင်ချူချွန်းတို့မှာ ထိတ်ထိတ်ကြဲ သိုင်းသမားများပီပီ ညအမှောင်ထဲ၌ ရှေ့ဝါးလေး ငါးပြန်အတွင်းရှိ မြင်ကွင်းကိုသဲကွဲစွာ ကြည့်မြင်နိုင်ရန် လေ့ကျင့်ထားကြသူများ ဖြစ်ကြသည်။



ထို့ကြောင့် မီးလျှံလင်ချူချွန်းက ရှေ့ခပ်လှမ်းလှမ်းမှ လူရိပ်လေးငါးခုအား သေချာအကဲခတ်ကြည့်လိုက်ပြီးနောက် အံ့သြသောအသံဖြင့် ...

"ဟာ ... ကျိုလိုက်နယ်က ဒုစရိုက်ညီနောင် လေးယောက်တို့ပါလား၊ သူတို့ဘာဖြစ်လို့ ဒီဘက်ကို လာကြတာလဲ မသိဘူး"

လီထိကျင်းက အေးဆေးတည်ငြိမ်စွာဖြင့် ...

"တို့ ... ပန့်စန်ဖိန်မှာ ရှိနေတဲ့သတင်းကြားလို့ လာတာနေမှာပေါ့၊ တို့တွေ ရှေ့ဆက်သွားဖို့ မလိုတော့ဘူး၊ ဒီနေရာက သူတို့ကိုစောင့်နေရုံပဲရှိတယ်"

"ကောင်းတယ် ဒီနေရာဟာ သူတို့ကို ဟန့်တားဖို့ အကောင်းဆုံးနေရာတစ်ခုပဲ"

ထို အမည်းရိပ်လေးယောက်မှာ ရှေ့သို့ ဆက်မလာသေးပဲ နောက်မှလူကို စောင့်နေသည့်ဟန်ဖြင့် ရပ်နေကြသည်ကို တွေ့လိုက်ရပြန်သည်။

မကြာမီ အရိပ်လေးခုနောက်မှ အမည်းရိပ်ဆယ်ခုခန့် ထပ်မံရောက်ရှိလာကာ စုစုပေါင်း အမည်းရိပ် ဆယ့်လေးခုတို့သည် လီထိကျင်းတို့ စောင့်နေသည့်ဘက်သို့ ရှေ့ရှုလာနေကြသည်။

ခဏအတွင်းမှာပင် ထိုအမည်းရိပ်များသည် လီထိကျင်းတို့နှင့် ငါးတပြန်ခန့်အကွာသို့ ရောက်လာကြကာ မျက်နှာချင်းဆိုင်မိသွားကြတော့၏။

ရှေ့ဆုံးမှ လျှောက်လာသူလေးဦးမှာ အပြာရောင်ဝတ်စုံများဝတ်ထားကြပြီး လက်နက်မျိုးစုံ ကိုင်ဆောင်ထားကြ၏။

လူအုပ်၏နောက်ဆုံးမှ လိုက်လာကြသူများမှာ အကြံသမားဟူထိုက်စန်းနှင့် မီးခိုး၊ အကြား၊ အဖြူ၊ အနက် ရောင်စုံများဝတ်ဆင်ထားကြသူများ ဖြစ်ကြသည်။

အကြံသမား ဟူထိုက်စန်းနှင့် ဂိုဏ်းသားရှစ်ယောက်တို့က

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ကျော်တက်လာကာ အပြာရောင်ဝတ်စုံဝတ်လူများ၏ ... သို့ ဖြတ်ကျော်တက်လာကြ၏။

ထိုအချိန်တွင် လိထိကျင်းတို့နှင့် ဟူထိုက်စန်းတို့က ... ပေ ခုနစ်ပေခန့်သာ ကွာဝေးတော့သည်။

အကြံသမား အဘိုးကြီးဟူထိုက်စန်းမှာ မမျှော်လင့်ပဲလိထိ... တို့အား တွေ့လိုက်ရ၍ အံ့အားသင့် ထိတ်လန့်သွားကာ ...

"သြော် ... ဆရာလေးတို့နှစ်ယောက် ဒီမှာလာပြီး တွေ့... ပြန်ပြီကိုး၊ အင်း ... ကျောက်ကျားကျိုရွာက ကျဉ်းမြောင်းလွန်း... ပါတယ်လေ"

လိထိကျင်းက သူတို့အား အကဲခတ်ကြည့်လိုက်ပြီး ...

"ဒီလောက် မိုးကြီးချုပ်နေမှ ခင်ဗျားတို့က ဘယ်သွား... မလို့လဲ"

"ဘယ်မှ မသွားပါဘူး၊ ပန့်စန်ဖိန်ကို သွားကြမလို့ပါ"

လိထိကျင်းက သဘောကျကာ တဟား ... ဟား ရယ်... လိုက်ရင်းက ...

"ခင်ဗျားတို့တတွေဟာ သိုင်းလောကမှာ နာမည်ကြီးကျ... ပါ၊ ဘာဖြစ်လို့ ဒီလို ညအချိန်မတော်မှ ခိုးကြောင်ခိုးဝှက်နဲ့ ... ရတာလဲ၊ နောက်ပြီး ခင်ဗျားတို့ ပန့်စန်ဖိန်ကို သွားစရာမလို... ပါဘူး၊ ကျုပ်ဒီမှာ ရှိနေပြီပဲ"

အကြံသမား အဘိုးကြီးဟူထိုက်စန်းက သဘောကျစွာဖြ...

"ဆရာလေးတို့နှစ်ယောက်ဟာ သိုင်းလောကမှာ နာမည်... တွေဖြစ်တဲ့အတွက် ကျုပ် အပိုတွေပြောမနေတော့ပါဘူး၊ အ... ဖွင့်ပြောပြပါ့မယ်၊ ကျုပ်တို့ညီအစ်ကိုတတွေ သတင်းကြားတာက... ဟိုရတနာပစ္စည်း သုံးမျိုးဟာ ဆရာလေးဆီမှာ မရှိဘူးလို့သတင်း... ရပါတယ်၊ ဆရာလေး ယူလာတဲ့ပစ္စည်းက တခြားလူက ဖန်တီး... တဲ့ ပစ္စည်းပါ၊ တကယ့်ပစ္စည်းအစစ်ကတော့ ငွေစလက်နက်ပုန်း...



ကျောက်ကျိုလင်ရဲ့အိမ်မှာ ရှိနေတယ်ဆိုတာ သိရတယ်၊ ဟို ... ငရဲသားညီနောင် ဆယ်ယောက်ကတော့ အလကားသက်သက် အချောင်ခံလိုက်ရတာပဲ၊ ကျုပ်တို့ ညီအစ်ကိုတွေကတော့ သူတို့ထက် သာပါတယ်၊ ဒါကြောင့် ဒီကနေ့ည ပန့်စန်ဖိန်အိမ်ကို သွားမလို့ပါပဲ ဟဲ ... ဟဲ ..."

"ကျွန်တော့်ဆီမှာရှိတဲ့ သေတ္တာလေးထဲမှာ ဘာမှမရှိဘူးဆိုတာ ခင်ဗျားကို ဘယ်သူပြောတာလဲ"

"ကျုပ်မိတ်ဆွေ ဓာတ်သိတစ်ယောက်က ပြောတာပါ"

လိထိကျင်းက ခပ်တည်တည်ဖြင့် ...

"သိုင်းသမားတိုင်း လိုချင်နေကြတဲ့ ရတနာပစ္စည်းသုံးမျိုးကို သိနေတဲ့လူက ခင်ဗျားတို့ကို ထုတ်ဖော်ပြောပါ့မလား"

"အေး ... ဒီအချက်ကို ကျုပ်လည်းသဘောပေါက်ပါတယ်၊ ဆရာလေး သိထားဖို့က ကျုပ်ဟာ လူနဲ့ လူအ တစ်ယောက်မဟုတ်ဘူးဆိုတာပဲ၊ နောက်တစ်ချက်က ကျောက်ကျိုလင်ဟာ အဲဒီရတနာပစ္စည်းတွေကို သူတစ်ယောက်တည်း မကာကွယ်နိုင်လို့ သူ့ရဲ့သွေးသောက်ညီအစ်ကိုတွေကို လိမ်ညာခေါ်ယူပြီး စောင့်ရှောက်ကာကွယ်နိုင်လိမ့်မယ်၊ အဲဒီအတွက် ကျုပ်ကလဲ လူအင်အားနဲ့ ပူးပေါင်းပြီး ဝိုင်းဝန်း တိုက်ခိုက်ကြမှာပါပဲ"

လိထိကျင်းက တည်ကြည်လေးနက်သော လေသံဖြင့် ...

"ကျွန်တော်က ခင်ဗျားတို့တတွေ မရှိတဲ့ပစ္စည်းအတွက် အလကား တိုက်ခိုက်နေကြရမှာစိုးလို့ အားလုံးဒုက္ခမရောက်အောင် စေတနာနဲ့ပြောတဲ့ သဘောပါ"

အကြံသမား ဟူထိုက်စန်းမှာ လူလည်တစ်ယောက်မို့ စကားကို အပြတ်မပြောပါ၊ လိထိကျင်းကလည်း ပါးနပ်သူတစ်ယောက် ဖြစ်သည်။

တစ်ဘက်လူက မိမိစကားကို လွယ်လွယ်နှင့်လက်ခံမည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ကြောင်းကို သိထားသော်လည်း သဘောပေါက်အောင် ပြော... လိုက်သည်။

"ခု ... ဖြစ်ပေါ်နေတဲ့ သိုင်းလောကရဲ့ ရတနာပစ္စည်းသုံး... ဆိုတာ ဇာကယ်တော့ မရှိပါဘူး၊ ငွေစလက်နက်ပုန်းပိုင်ရှင် ကျော... ကျိုလင်ရဲ့အပေါ်မှာ ရန်ငြိုးရန်စရှိနေသူတစ်ယောက်က သူကိုယ်တိုင်... မယုဉ်ဝံ့လို့ ရတနာပစ္စည်းသုံးမျိုးရှိနေတယ်ဆိုပြီး ကြဖန်သတင်း... လွှင့်လိုက်တာဖြစ်တယ်၊ သဘောကတော့ ငွေစလက်နက်ပု... ကျောက်ကျိုလင်ကို သိုင်းသမားတွေနဲ့ ရန်တိုက်ပေးလိုက်တဲ့ သဘော... ပါပဲ"

"ဆရာလေးရဲ့ စကားအဓိပ္ပါယ်ကို ကျုပ်ကောင်းကောင်း... သိပါတယ်၊ ဒါပေမယ့် ကျုပ်ဆိုလိုတာက ..."

"ကျုပ်က ခင်ဗျားတို့နှစ်ဦးနှစ်ဘက်လုံးအတွက် ပြောတာ... ဆရာကြီးတို့တွေဟာ ကိုယ့်နေရပ်ဒေသမှာ ထင်ပေါ်ကျော်ကြားကြ... သိုင်းသမားကြီးတွေဖြစ်ပါတယ်၊ နောက် ... စားဝတ်နေရေးကို... ပူစရာလိုတဲ့လူ မဟုတ်ပါဘူး၊ ဘာဖြစ်လို့ ဒီလို အသက်စွန့်... လာချင်ရတာပါလဲ"

ဟူထိုက်စန်းက ခေါင်းညိတ်လိုက်ပြီး ...

"ဆရာလေး ပြောတဲ့စကားတွေဟာ ကျုပ်တို့ကို စေတနာ... ပြောတယ်ဆိုတာကို လက်ခံပါတယ်၊ ဒါပေမယ့် ကျုပ်သိချင်တာ... က ငွေစလက်နက်ပုန်းပိုင်ရှင် ကျောက်ကျိုလင်နဲ့ ဆရာလေး... ဘာများတော်စပ်ပါသလဲ"

"ကျုပ်နဲ့ ငွေစလက်နက်ပုန်းပိုင်ရှင် ကျောက်ကျိုလင်နဲ့... တော်စပ်တယ်ဆိုတာက အကြောင်းမဟုတ်ပါဘူး"

"ဘယ်နှယ့် အကြောင်းမဟုတ်ရမှာလဲ၊ တကယ်ဆို ဆရာ... လေးနဲ့ ကျောက်ကျိုလင်တို့ဟာ ဘာမှ မတော်စပ်ဘူးဆိုရင် ဒီရတ...



...စ္စည်းကို ဆရာလေးတစ်ယောက်တည်း အပိုင်စီးချင်လို့ ဒီစကား... ...ျိုး ပြောတာဆိုပြီး အများက ထင်မြင်မှာပေါ့"

မီးလျှံလင်ချူချွန်းမှာ စိတ်မရှည်နိုင်သည့်အလား တိုက်ခိုက်... ...န် ဟန်ပြင်လိုက်၏။

သို့သော် လိထိကျင်းက အချိန်မီဟန့်တားလိုက်ပြီး ...

"ကောင်းပြီ ဆရာကြီးရဲ့စကားကို ကျုပ်လက်ခံတယ်၊ ဘယ်... ...သို့မှ ပြောမရတဲ့နောက်တော့ ဒီနည်းလမ်းပဲ ရှိတော့တာပေါ့"

ပြောပြောဆိုဆို လိထိကျင်းက သူ၏သံမဏိဓားရှည်ကြီး အား... ...နောက်ကျောမှ ဆွဲထုတ်ယူလိုက်ပြီး အသင့်အနေအထား ပြင်ဆင်... ...လိုက်၏။

အကြံသမား ဟူထိုက်စန်းမှာ ချက်ချင်းနောက်သို့ ဆုတ်သွား... ...ပြီး သူ့အဖော်များကို လိထိကျင်းအား တိုက်ခိုက်ရန် အချက်ပေး... ...လိုက်သည်။

ဒုစရိုက်ဂိုဏ်းသားများက လိထိကျင်းအား နေရာယူကာဝိုင်း... ...လိုက်ကြ၏။

အကြံသမား ဟူထိုက်စန်းက သူ့အဖော်များဖြစ်ကြသော မီးခိုး... ...ရောင်၊ အနက်ရောင်၊ အဖြူရောင် ဝတ်ဆင်ထားသော သိုင်းသမား... ...သုံးဦးတို့နှင့်အတူ လမ်းဘေး တောင်စောင်းတစ်နေရာသို့ ပြေးလွှား... ...ရှောင်ထွက်သွားလေသည်။

ထိုအခါ လိထိကျင်းက လင်ချူချွန်းအား ဒုစရိုက်သမား... ...တစ်ယောက်တို့ကို တိုက်ခိုက်ရင်ဆိုင်ရန် မှာကြားလိုက်ပြီး သူကိုယ်... ...တိုင်ကမူ အကြံသမားဟူထိုက်စန်းတို့၏ နောက်သို့ ပြေးလွှားလိုက်... ...သွားလေသည်။

မကြာမီ ဟူထိုက်စန်းအား လိထိကျင်းမီလာကာ 'ကျားသိုး... ...သည်းခွဲ'ဓားကွက်ဖြင့် လူယုတ်မာလေးယောက်အား တိုက်ခိုက်... ...လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လေပြင်းဓားသမားဟူသော ဘွဲ့နှင့်အညီ လီထိကျင်း၏ တိုက်ခိုက်မှုက လေပြင်းကြီးကျလာသည်နှင့် အဖြူရောင်အရိပ်တစ်ခု လှုပ်ရှားလိုက်သည်ကိုသာ တွေ့ရ၏။

အကြံသမား ဟူထိုက်စန်း၏ခြေနှစ်ဘက်မှာ ဒူးဆစ်မှနေ၍ ပြတ်ထွက်သွားကာ အနက်ရောင်ဝတ်အဘိုးကြီးမှာမူ ညာဘက်လက်တစ်ဘက် ပြတ်ထွက်သွားလေသည်။

မီးခိုးရောင်ဝတ် အဘိုးအကြီးနှင့် အဖြူရောင်ဝတ် အဘိုးကြီးနှစ်ယောက်မှာ လည့်ပင်မကြည့်တော့ပဲ နေရာမှ တရကြမ်းပြေးထွက်သွားလေတော့သည်။

လီထိကျင်းမှာ အဘိုးကြီးနှစ်ယောက်၏အနောက်သို့ မလိုက်တော့ပဲ လင်ချူချွန်းတိုက်ခိုက်နေရာသို့ ပြန်လှည့်လာသည်။

လင်ချူချွန်းနှင့် တိုက်ခိုက်နေကြသော ဒုစရိုက်သိုင်းသမားရှစ်ယောက်တို့မှာ သုံးယောက်သာ ကျန်တော့သည်။

ကျန်ငါးယောက်မှာ ဒဏ်ရာများအသီးသီးရကာ တိုက်ခိုက်ခြင်း မပြုနိုင်တော့။

လီထိကျင်းက လင်ချူချွန်းကို ဆက်လက်မတိုက်ခိုက်ရန် တားလိုက်ပြီး သိုင်းသမားများကို လှမ်းပြောလိုက်၏။

"ခင်ဗျားတို့ အရည်အချင်းလေးနဲ့များ ပန့်စန်ဖိန်ကို သွားကြမလို့လား၊ အံ့ပါရဲ့ ... ကဲ ဒီတော့ ... ခင်ဗျားတို့ပြန်သွားကြမလား ဆက်တိုက်ကြမှာလား"

တိုက်ခိုက်နေသော သိုင်းသမားသုံးယောက်တို့၏ မျက်နှာတွင် သွေးရောင်မရှိတော့၊ သူတို့သည် လင်ချူချွန်း၏ ဓားစွမ်းရည်ကို မျက်မြင်ကိုယ်တွေ့ ခံစားလိုက်ရပြီ ဖြစ်လေသည်။

ထို့ကြောင့် ... သုံးယောက်စလုံး ပြိုင်တူပြောလိုက်၏။

"ကျွန်တော်တို့ ပြန်ပါမယ်"



ပြောပြောဆိုဆို ဒဏ်ရာရနေသူများအား ဖေးမတွဲထူကာ ဒုစရိုက်သိုင်းသမားများသည် နောက်ကြောင်းသို့ ဆုတ်ခွာရောင်ကာ ထွက်သွားလေတော့သည်။ လင်ချူချွန်းက အံ့သြသောအမူအရာဖြင့် ထွက်ခွာသွားသော သိုင်းသမားများကို ကြည့်ကာ ...

"အင်း ... ဒီလူဆိုးတွေ စောစောကတည်းက နောက်ပြန်ဆုတ်သွားကြရင် အခုလိုတောင် ဒဏ်ရာအနာတရ ရကြမှာမဟုတ်ဘူး၊ ဘက်တော်မိုက်လုံးကြီးတဲ့ ဒုစရိုက်ကောင်တွေပဲ"

လီထိကျင်းက ဓားရှည်ကို ဓားအိမ်ထဲပြန်သွင်းရင်း ...

"ဟုတ်တယ်၊ ဒီဒုစရိုက်ကောင်တွေဟာ အသိဉာဏ်ရှိကြမယ်ဆိုရင် ဒီလို သွေးထွက်သံယိုတွေ ဖြစ်မှာမဟုတ်ဘူး"

"အင်း ... နောက်ထပ် သူတို့လို မိုက်မဲတဲ့ဒုစရိုက်သားကောင်တွေများ ရောက်လာဦးမလား မသိဘူး"

"အေး ... ရှိနိုင်သေးတယ်၊ အဲဒီ နောက်ထပ်ရောက်လာမယ့် ဒုစရိုက်သားကောင်တွေဟာ သူတို့လို မအ ကြပါစေနဲ့လို့ ငါ ဆုတောင်းရမှာပဲပေါ့လေ"

"ဒါနဲ့ အစ်ကိုလီထိကျင်းကို မေးရဦးမယ်၊ ဒီလိုဖြစ်လာရတဲ့ ပြဿနာတွေဟာ ဟို ... ကျူးပိုက်ကိုဏ်းနဲ့ ဂိုဏ်းချုပ်ရဲ့ ယုတ်မာတဲ့ လုပ်ရပ်ကြောင့် ဖြစ်ခဲ့တာတွေပဲလား၊ အဲဒီလူယုတ်မာ ကျူးပိုက်ဂိုဏ်းချုပ်က ခုဘယ်မှာ ရှိနေသလဲမသိဘူး"

လီထိကျင်းက အေးစက်စက် လေသံဖြင့် ...

"သူ ... အခုချိန် ပန့်စန်ဖိန် အိမ်ကြီးထဲမှာရှိနေကြတဲ့ ငါ့ဖခင်ကြီးရဲ့ သွေးသောက်ညီနောင်တွေထဲက တစ်ယောက်ယောက်ပေါ့"

"ဒါကိုတော့ ကျွန်မလည်း ရိပ်မိပါတယ်၊ ဒါပေမယ့် ကျွန်မ သိချင်တာ ..."

"ချူချွန်း ဒါကို ခု မမေးနဲ့ဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း … ရှင်က ကျွန်မကိုတောင် ခုချိန်ထိ ဖုံးဖိကွယ်ထားတာ တုန်းလား"

"မင်းကို ငါဖုံးကွယ်နေတာ မဟုတ်ဘူး၊ အမှန်အတိုင်းပြောရရင် ငါလဲ အတိအကျကို အခုထိ မသိရသေးဘူး၊ သူတို့အထဲက တစ်ယောက်ယောက် ဆိုတာကိုပဲ သိထားတယ်၊ မင်း … စိတ်ချပါ နောက်ဆုံး အမှန်တရားဆိုတာ ဖုံးကွယ်လို့မရပဲ ပေါ်လာစမြဲပါ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိသလို တစ်နေ့လူယုတ်မာ ဒုစရိုက်ကောင်ကြီးကို ငါ မုချဖော်ထုတ်နိုင်မှာပါ"

❖ ❖ ❖

ပန့်စန်ဖိန် အိမ်ကြီး၏

အိမ်ကြီးအတွင်းရှိ လူအများ အိပ်စက်ခြင်း မပြုနိုင်ကြသေး

အဘယ့်ကြောင့်ဆိုသော် တောင်ခြေရင်းမှ တိုက်ခိုက်သံများ ဆူညံစွာ ကြားနေရသောကြောင့် ဖြစ်သည်။

ဤသို့ဖြင့် မိုးစင်စင် လင်းလာခဲ့လေပြီ။

တိုက်ခိုက်သံများလည်း ရပ်စဲသွား၏။ ထို့ကြောင့် ကျောက်ကျိုလင်နှင့်အတူ သွေးသောက်ညီတော်များ အိမ်ကြီးအပြင်ထွက်ကာ တောင်ကုန်းလေး တစ်ခုပေါ်မှနေ၍ တောင်ခြေသို့ လှမ်းမျှော်ကာ ကြည့်လိုက်ကြသည်။

တောင်စောင်း၏ အောက်ခြေတွင်သွေးကွက်ကြီးများ လူသေ အလောင်းများ ခြေပြတ်လက်ပြတ်နှင့် ဒဏ်ရာ အပြင်းအထန်ရသူ သူများဖြင့် မြင်းကွင်းမှာ ကြက်သီးထစရာပင် ကောင်းတော့သည်။

ကျောက်ကျိုလင်မှာ ထိုမြင်ကွင်းကိုကြည့်ကာ စိတ်မောသ ဖြင့် …



"အင်း … လိထိကျင်းဟာ တယ်ကြမ်းပါလား"

လက်သီးဗိုလ် ဖန်ကန်းက အေးစက်စက်လေသံဖြင့် …

"လိထိကျင်းဟာ မကြမ်းပါဘူး၊ တကယ်လို့ လူဆိုးတွေ ပန့်စန်ဖိန်အိမ်ကြီးကိုသာ ရောက်လာမယ်ဆိုရင် တစ်ယောက်မကျန် သုတ်သင်ပစ်ခံရမှာပဲ၊ ဒီလူဆိုးတွေကို တစ်ယောက်မကျန် သတ်လိုက်ခြင်းအားဖြင့်လည်း တစ်နည်းတော့သိုင်းလောကကြီးရဲ့ ဆိုးကျိုးကို ကာကွယ်ရာရောက်ပါတယ်"

ကျောက်ကျိုလင်က စဉ်းစဉ်းစားစားတွေးကာ …

"ဒီသူငယ်လေး ဘယ်နေရာကများ ဒီလို အစွမ်းထက်တဲ့ သိုင်းပညာတွေကို သင်ယူခဲ့သလဲ မသိဘူး၊ ကြည့်ရတာ သူ့ဖခင်ရဲ့ သိုင်းပညာထက် အဆင့်မနိမ့်ဘူး"

"သူဟာ မကြာခင်နှစ်ပိုင်းအတွင်းမှာ သိုင်းလောကရဲ့ပထမ ပိုင်း သိုင်းပညာရှင်တစ်ယောက်ဖြစ်လာမှာ သေချာတယ်၊ တူတော် မောင် လိထိကျင်းအတွက် ကျွန်တော်တို့ သွေးသောက်ညီအစ်ကို တွေ ဂုဏ်ယူစရာပါပဲ"

"ဟုတ်တာပေါ့ နတ်ဓားရှင် ထိလူဟုန်းက ကျွန်တော်တို့ ရဲ့သွေးသောက်ညီဖြစ်ပြီး လေပြင်းဓားသမား လိထိကျင်းကတော့ ကျွန်တော်တို့တတွေရဲ့ တူတော်မောင်လေးတစ်ယောက်ဖြစ်လို့ ကျုပ် ဖန်ကန်းနောင်ဆိုရင် သိုင်းလောကထဲမှာ ခေါင်းမော်ပြီးသွားလာနိုင် တော့မှာပါ"

ပန့်စန်ဖိန်မှ သွေးသောက်ညီအစ်ကိုများက လိထိကျင်း အကြောင်း ပြောဆိုနေကြချိန်ဝယ် လိထိကျင်းမှာ ကျောက်ကျုံးကျို ရွာတွင် မရှိတော့။

တရားခံကို စုံစမ်းရှာဖွေဖော်ထုတ်ရန်အတွက် တရုတ်ပြည် ကြီး၏မြို့တော်ဖြစ်သော ပီကင်းမြို့တော်ကြီးသို့ ထွက်ခွာသွားပြီ

www.burmeseclassic.com

www.burmeseclassic.com



စ်သည်။ သို့သော် ပန့်စန်ဖိန်ခြံကြီးမှ လူအများကတော့ လိုထိကျင်း
ည် သိုင်းလောကထဲသို့ ပြန်လည်ဝင်ရောက်သွားကာ တရားခံကို
စမ်းနေသည်ဟုသာ သိထားကြလေသည်။

❖ ❖ ❖

## အခန်း(၉)

ပီကင်းမြို့။ ။

ပီကင်းမြို့၏နာမည်ကြီး စားသောက်ဆိုင်ကြီး၏ တည်းခိုခန်း အထူးဧည့်ခန်းဆောင်တွင် ဖြစ်သည်။

တရုတ်ပြည်ဘုရင်မင်းမြတ်၏ စတုတ္ထသားတော် ပေါင်းဓိးနှင့် လုလင်ပျိုတို့နှစ်ဦး စကားလက်ဆုံ ကျနေကြ၏။

လုလင်ပျို၏အမည်မှာ ရှောင်လုံဟု ခေါ်သည်။

ရှောင်လုံမှာ သိုင်းပညာများ ထူးထူးခြားခြားတတ်မြောက် ထက်မြက်လှသဖြင့် မင်းသားလေးပေါင်းဓိးက လိုလိုချင်ချင်ပင် နှစ်ယောက်သား ပြောဆိုဆွေးနွေး နေကြခြင်းဖြစ်သည်။

မင်းသားလေး ပေါင်းဓိးက ...

"နေပါဦး မင်းအနေနဲ့ နေပြည်တော်ကို ဘာကိစ္စတက်လာရ တာလဲ"

"ဒီတစ်ခေါက် ကျွန်တော်လာရခြင်းကတော့ နေပြည်တော် မှာ အလုပ်အကိုင်ရှာဖွေရအောင် လာတာပါပဲ"

မင်းသားလေး ပေါင်းဓိးမှာ ရှောင်လုံ၏စကားကြောင့် မျက်လုံး မျက်ဆံ ပြူးသွားကာ ...

"နေပါဦး မင်း ... ဘာပြောလိုက်တယ်"

"ဩော် ... ကျွန်တော်ပြောတာ မင်းသားလေး နားမရှင်းသေး ဘူးနဲ့တူပါတယ်၊ နေပြည်တော်မှာ ကျွန်တော် အလုပ်တစ်ခုခု ရှာရ အောင် တက်လာခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ငါက နားကြားလွဲတယ် ထင်နေလို့ပါ၊ မင်းလို သိုင်းအကျော်အမော်တစ်ယောက်အဖို့ နေပြည်တော်မှာ အလုပ်မရှားပါဘူး၊ မရှားဆို မင်းကိုငါ့ရဲ့ ကိုယ်ရံတော်တပ်မှူးအဖြစ် ဒီကနေ့ကစပြီး ခန့်လိုက်ပြီကွာ"

ရှောင်လုံမှာ မင်းသားလေး၏စကားကြောင့် မမျှော်လင့်သော စကားကြားရသည့်နှယ် အလွန်ထူးဆန်းအံ့သြသွားကာ ...

"ဟင် ... မင်းသားလေးပေးတဲ့ရာထူးက ကျွန်တော်နဲ့ ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ လက်ရှိမင်းညီမင်းသားတွေရဲ့ ကိုယ်ရံတော်တပ်မှူးတွေဟာ မင်းလောက်တောင် အရည်အချင်းမရှိပဲ ဖြစ်နေကြသေးတာ၊ ငါက သူတို့ထက် ကံကောင်းပါတယ်၊ မင်းလို အရည်အချင်း ပြည့်ပြည့်ဝဝရှိတဲ့ ကိုယ်ရံတော်တပ်မှူးတစ်ယောက် ရတာဟာ ငါ့အတွက် ဆုလာဘ်ကြီး တစ်ခုရသလိုပါပဲ"

မင်းသားလေး ပေါင်းဇီးက စကားကို ခေတ္တဖြတ်ပြီး ဆက်ပြောပြန်သည်။

"နေပါဦးကွ၊ မင်း ပြည်မတောင်ပိုင်းမှာနေတုန်းက မင်းကို ငါ့ဆီ အလည်လာဖို့ ငါဖိတ်ပါသေးတယ်၊ အဲဒီတုန်းကတော့ မင်းက ငါ့ဆီမှာ အမျိုးသမီးတွေများလို့ မလာချင်ဘူး ပြောခဲ့သေးတယ် မဟုတ်လား၊ အဲဒီ အမျိုးသမီးတွေကဖြင့် မင်းကို တမ်းတမ်းစွဲ ဖြစ်နေကြတယ်ကွ၊ မင်းရဲ့ကျော်ကြားတဲ့ သိုင်းစွမ်းရည်ကြောင့် မင်းကို မမြင်ဘူးကြပေမယ့် အားလုံးက စိတ်ဝင်စားနေကြတယ်"

ရှောင်လုံက မျက်နှာနီမြန်းသွားကာ ...

"အို ... မင်းသားလေးကလည်း ကျွန်တော့်ကို ဒီလောက်လဲ မြှောက်နေစရာမလိုပါဘူး၊ မင်းသားလေး ပြောသလောက်လဲ ကျွန်တော်က မတော်သေးပါဘူး"

ပေါင်းဇီးမင်းသားလေးမှာ တရုတ်ပြည်တောင်ပိုင်း ဒေသသို့



ခရီးထွက်ရင်း မိတ်ဆွေကောင်းများကို ရှာဖွေရာတွင် ရှောင်လုံနှင့် တွေ့ဆုံခဲ့ရပုံများကို ပြန်ပြောင်းစဉ်းစားမိသည်။

မင်းသားလေးပေါင်းဇီး တရုတ်ပြည်တောင်ပိုင်း မြို့လေးတစ်မြို့တွင် လှေကြီးတစ်စီးဖြင့် လျှောက်ပြီးလည်ပတ်ရာတွင် ပင်လယ်ဓားပြများဖြင့် တိုက်ခိုက်ခဲ့ရမှုသည်။

ထိုအချိန်တွင် နေပြည်တော်မှ ဟိတ်ဟန်အပြည့်ဖြင့် ပါလာကြသော ကိုယ်ရံတော်တပ်မှူးများသည် ပင်လယ်ဓားပြများ၏ရန်အား တွန်းလှန်ပြိုဖျက်နိုင်ခြင်းမရှိ၊ အရေးနိမ့်ခဲ့ကြရ၏။

မိမိနှင့်အတူပါလာသော ရံရွေပေါ်မိန်းကလေးများမှာ ပင်လယ်ဓားပြများအား ကြောက်ဒူးတုန်လျက်ရှိနေပြီး ဒုက္ခရောက်နေကြချိန် ဖြစ်နေသည်။

မိမိတို့အကျဉ်းအကျပ်ဖြစ်နေချိန်တွင် နတ်နဂါးကြီးတစ်ကောင် ကောင်းကင်မှ ဆင်းလာသည့်အလား လူစွမ်းကောင်းရှောင်လုံက ရုတ်တရက်ရောက်ရှိလာကာ ထိုပင်လယ်ဓားပြ သုံးဆယ်ကျော်အား ချေမှုန်း သုတ်သင်နိုင်ခဲ့၏။

ထိုအချိန်မှစ၍ ရှောင်လုံဆိုသည့် လူစွမ်းကောင်းလေးအား ပေါင်းဇီးမင်းသားလေးသည် ခင်မင်အားကိုးမိခဲ့သည်။

ယခုတွင် မိမိအလွန်မျှော်လင့်အားကိုး စောင့်စားနေခဲ့သော သိုင်းသမား လူစွမ်းကောင်းရှောင်လုံက ရုတ်တရက် မိမိထံသို့ရောက်ရှိလာသည့်အတွက် ပေါင်းဇီးမင်းသားလေးမှာ အထူးကျေနပ်ပီတိ ဖြစ်နေသည်။

ဤအခိုက် မင်းသားလေး၏ ကြင်ယာတော်ဖန်ချူး စား သောက်ဆိုင်ကြီး၏ အထူးဧည့်ခန်းဆောင်သို့ ဝင်ရောက်လာသည်။

ဧည့်ခန်းဆောင်တွင် လူစွမ်းကောင်းရှောင်လုံကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ သခင်မလေးဖန်ချူး အံ့အားသင့်သွားကာ ...

"အလို ... ဒါ နမတော်တို့ အောက်ပြည်အောက်ရွာကို သွား

www.burmeseclassic.com

www.burmeseclassic.com



ကြဟုန်းက ခားပြုတွေရဲ့ရန်က ကယ်တင်ခဲ့တဲ့ လူစွမ်းကောင်းလေး ရှောင်လုံမဟုတ်လား"

မင်းသားလေးပေါင်းဇီးက...

"ဟုတ်တယ်... နမတော်က မှတ်မိသားပဲ"

"မှတ်မိတာပေါ့ မောင်တော်ရယ်၊ နမတော်တို့ရဲ့ အသက်သခင်ပဲ"

ထိုအချိန်တွင် ရှောင်လုံက သခင်မလေးဖန်ချူးအား နှုတ်ဆက်စကားပြောလိုက်သည်။

"သခင်မလေး ကျန်းမာပါရဲ့လားခင်ဗျာ"

"ဟုတ်ကဲ့ ကျန်းမာပါတယ်၊ ရှောင်လုံရော နေပြည်တော်ကို ဘယ်တုန်းက ရောက်လာတာလဲ"

"ကျွန်တော် ရောက်လာတာမကြာသေးပါဘူး၊ မင်းသားလေးကို လာပြီးနှုတ်ဆက်တာပါ"

ထိုအချိန်တွင် မင်းသားလေးက...

"ဒီလို နမတော်ရဲ့ ရှောင်လုံက နေပြည်တော်ကို အလုပ်ရှာရအောင် လာခဲ့တာတဲ့၊ ဒါကြောင့် မောင်တော်က ကိုယ်ရံတော်တပ်မှူးရာထူးကို ပေးလိုက်တယ်"

"အို... သိပ်ကောင်းတာပေါ့၊ မောင်တော်ရဲ့ ယုံခြုံရေးအတွက် စိတ်ချရတာပေါ့"

ထို့နောက် မင်းသားလေးပေါင်းဇီး၊ သခင်မလေးဖန်ချူးနှင့် ရှောင်လုံတို့ အတန်ကြာအောင် စကားပြောဆိုနေကြသည်။

ထမင်းတစ်အိုးချက်ခန့်ကြာသောအခါ...

ရှောင်လုံက မင်းသားလေးပေါင်းဇီးအား ပြောလိုက်သည်။

"မင်းသားလေး ကျွန်တော် မြို့ထဲကို ခဏသွားပါရစေ"

"ကောင်းပြီလေး ကျုပ်လဲသွားမှာပဲ အတူလိုက်ခဲ့ပါ"



ထို့နောက် မင်းသားလေးပေါင်းဇီးနှင့်အတူ ရှောင်လုံသည် မြည်းလှည်းတစ်စီးနှင့် အတူထွက်လာကြသည်။

မြို့ထဲသို့ရောက်သောအခါ ရှောင်လုံက ဆင်းနေလိုက်သည်။

မင်းသားလေးပေါင်းဇီးက ပြောလိုက်သည်။

"ရှောင်လုံ မိုးသိပ်မချုပ်စေနဲ့နော်၊ မိုးမချုပ်ခင် ပြန်လာခဲ့ဟုတ်လား"

ရှောင်လုံက ဘာမှပြန်မပြောဘဲ၊ မြင်းလှည်းကြီး ဝေးသွားအောင် ရပ်စောင့်နေလိုက်ပြီးမှ လမ်းတစ်လမ်းထဲသို့ ဝင်ရောက်သွားလေတော့သည်။

မကြာမီပင် ရှောင်လုံသည် ထျင်းချောင်ဆိုသည့် ရပ်ကွက်ထဲသို့ ရောက်လာခဲ့၏။

ထိုထျင်းချောင်ဆိုသည့် ရပ်ကွက်မှာ ပီကင်းမြို့တွင် အတော်ထင်ရှားသော ရပ်ကွက်ဖြစ်သည်။

ထျင်းချောင်ရပ်ကွက်အတွင်း အရောင်းအဝယ်ဆိုင်များ၊ ပြဇာတ်ရုံများ၊ ဗေဒင်ဟောသည့်ဆိုင်ခန်းများ၊ ကွက်စိပ်ဟောသည့်အခန်းများ စသည်ဖြင့် တစ်ရပ်ကွက်လုံးတွင် စည်စည်ကားကားရှိလှသည်။ ထို့ပြင် နယ်အသီးသီးမှ ကုန်သည်ကြီးများ၊ သိုင်းသမားကြီးများ၏ ပျော်စံရာ ရပ်ကွက်လည်း ဖြစ်သည်။

ပီကင်းမြို့၏ လူပေါင်းစုံ အရာရှိအရာခံ၊ သူကြွယ်သူဌေး၊ ဆင်းရဲသားစသည့် လူပေါင်းစုံတို့ ဝင်ထွက်သွားလာရာ ရပ်ကွက်ဖြစ်သောကြောင့် အလွန်စည်းကားလှ၏၊

မကြာမီ ဇာတ်ရုံတစ်ရုံရှေ့သို့ ရှောင်လုံရောက်ရှိလာသည်။ ဇာတ်ရုံမှာ တစ်ပွဲပြီးသွား၍ နောက်တစ်ပွဲမစခင် အချိန်ဖြစ်သောကြောင့် ရုံထဲ၌ လူရှင်းလျက်ရှိနေ၏။

ရှောင်လုံမှာ ဇာတ်ရုံ၏ဘေးတံခါးလေးကို တွန်းဖွင့်ဝင်သွားကာ ခပ်တည်တည်ဖြင့် လျှောက်လှမ်းဝင်ရောက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ရုံကြီးနောက်ဘက်သို့ ရှောင်လုံရောက်သွားသောအခါ ဇာတ်ပစ္စည်းများထည့်ထားသည့် သေတ္တာကြီးငယ်များ ထားရှိသော အခန်းရှေ့သို့ ရောက်လာသည်။

ထိုအခန်းထဲတွင် လူကြီးတစ်ယောက် တံမြက်စည်း လှည်းကျင်းနေသည်ကို တွေ့ရ၏။ လူကြီးမှာ ထိပ်ပြောင်လုနီးပါးဖြစ်၍ ဆံပင်များမှာလည်း တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူလျက်ရှိသည်။

လူကြီးသည် ရှောင်လုံအား ရုတ်တရက်မမြင် သူလုပ်စရာရှိသည်များကိုသာ လုပ်နေလေသည်။ ထိုအခါ ရှောင်လုံက အသံတစ်ချက်ပြုလိုက်သည်။

"မေးခွန်းတစ်ခု မေးပါရစေ"

လူကြီးမှာ ရုတ်တရက် ရှောင်လုံ၏စကားကြောင့် မျက်လုံးအဝိုင်းသားပြူးသွားကာ ကြောက်ရွံ့ထိတ်လန့်သွားပုံ ရလေသည်။

"ဟင် ... မင်း ... မင်း ... ဘယ်သူလဲ၊ ဘာကိစ္စ ဒီအထဲကို ဝင်လာရတာလဲ"

"ဒီမှာ ရွှမ်လုဆိုတဲ့ လူတစ်ယောက် ရှိပါသလား"

"မင်းက ... ရွှမ်လုကို တွေ့ချင်လို့လား၊ မင်းနဲ့ ရွှမ်လုက ဘာတော် ..."

"သူကိုတော့ ကျွန်တော်မသိပါဘူး၊ ဒါပေမယ့် ကျန်းကျားခိုမြို့က သူ့ရဲ့မိတ်ဆွေတစ်ယောက်က လက်ဆောင်ပစ္စည်းတွေ ပေးခိုင်းလိုက်လို့ပါ"

လူကြီးက ရှောင်လုံအား အကဲခတ်ကြည့်ရှုလိုက်ပြီး ...

"မင်းက ကျန်းကျားခိုမြို့က လာတာလား"

"ဟုတ်ပါတယ်၊ မနေ့ကပဲ ပီကင်းမြို့ကို ရောက်လာပါတယ်"

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ကျွန်တော့်နာမည်နဲ့ မျိုးရိုးဆက်က လိမျိုးရိုးဖြစ်ပါတယ်"



"ခဏစောင့်နေပါ၊ သူ အနောက်ခန်းမှာ အိပ်နေပါတယ်၊ ကျုပ်သွားခေါ်ပေးပါ့မယ်၊ မင်း ဒီမှာ ခဏစောင့်နေပါ"

ပြောပြောဆိုဆို လူကြီးမှာ တံမြက်စည်းကိုခဏချထားပြီး အနောက်ဘက် အခန်းတစ်ခန်းသို့ ဝင်ရောက်သွားလေသည်။

ဇာတ်ရုံကြီး၏အလယ်ခန်းမှာ မီးဖိုဆောင်ဖြစ်ပြီး မီးခိုးများနှင့် မည်းညစ်ပေရေနေ၏။

အခန်းများ၏ အတွင်းဝယ် စောင်များ အိပ်ရာများ ခြင်ထောင်များနှင့် ဖရိုဖရဲ ဖြစ်နေသည်။

ထိုထိပ်ပြောင်ကြီးက အနောက်ဘက်ခန်းသို့ဝင်ပြီး အထုပ်တစ်ထုပ်ယူကာ အခန်းထဲမှ ကမန်းကတန်းပြန်ထွက်လာသည်။

ထို့နောက် ဇာတ်ရုံအပြင်ဘက်သို့ထွက်၍ ဝင်းထရံ၌ ထောင်ထားသော လှေခါးပေါ်သို့ တက်သွားနေသည်ကို တွေ့ရ၏။

ထိပ်ပြောင်ကြီး၏နောက်မှ ရုတ်တရက် အသံတစ်သံ ပေါ်ထွက်လာကာ ...

"ဒီ ဇာတ်ရုံရဲ့ နောက်ဖေးဝင်းထရံက မနိမ့်လှဘူးနော်"

လူကြီးမှာ ထိုအသံကြောင့် အလွန်တရာတုန်လှုပ်သွားကာ လှေကားပေါ်သို့ ကမန်းကတန်း ပြေးတက်၍ တစ်ဖက်သို့ ခုန်ကူးသွားလေတော့သည်။

လူကြီးမှာ အသက်ကြီး၍လား သို့မဟုတ် သိုင်းပညာအခြေခံ မရှိ၍လားမသိ၊ တစ်ဘက်သို့ ခုန်ဆင်းလိုက်ရာ ကြောင်ကျမကျပဲ ... "ဝုန်း"ကနဲ အသံမြည်ကာ ခွေကျသွားလေသည်။

လဲကျရာမှ ထပြေးမည်အပြု သူ့ရှေ့တွင် ခြေအစုံတစ်ခုက ရပ်လျက်သား ရှိနေသဖြင့် ခေါင်းမော့ကြည့်လိုက်ရာ ရှောင်လုံကို ထိတ်လန့်စွာ တွေ့လိုက်ရ၏။

ရှောင်လုံက ခနဲ့ရယ် ရယ်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"အဘိုးကြီး ရွှမ်လုက ဘယ်မှာအိပ်နေတာလဲ၊ ခင်ဗျားကို ဒီလေကားတတ်နိုင်းရဟာ အားနာပါတယ်၊ ဟဲ ... ဟဲ ... ဟဲ ..."

လူကြီးမှာ လိပ်ပြာလွင့်စင်သွားမတတ် ကြောက်ရွံ့ကာ မျက်နှာတွင် သွေးမရှိတော့ဘဲ စကားကို ထစ်ထစ်ငေါ့ငေါ့ဖြင့် ...

"သူ ... သူ ... အိပ် ... အိပ်ခန်းထဲမှာ ရှိနေပါတယ်"

ရှောင်လုံက လူကြီး၏ပခုံးကြောတစ်နေရာကို လက်ဖြင့်ညှစ်လိုက်ပြီး ...

"ကြည့်ရတာ ရွှမ်လုဆိုတာ တခြားတော့ ဟုတ်မယ်မထင်ဘူး၊ ခင်ဗျားပဲ ဖြစ်ရမယ်"

လူကြီးက စကားမပြောနိုင်ဘဲ ခေါင်းခါယမ်းပြလိုက်၏။

"ကျန်းကျားခိုမြို့က ချင်ကျိုးရွှန့်ဆိုတဲ့လူက ကျုပ်ကို ပြောလိုက်တယ်၊ ရွှမ်လုဆိုတဲ့လူဟာ နှာခေါင်းပြားပြား အသားမည်းမည်း မျက်လုံးသေးသေးနဲ့ ငယ်ထိပ်ကပြောင်နေတဲ့ လူကြီးတဲ့၊ ကဲ ... ခင်ဗျား ဘာငြင်းဦးမလဲ"

လူကြီးမှာ ရှောင်ဖယ်၍မရတော့ဘဲ ခေါင်းညိတ်ဝန်ခံလိုက်ရတော့၏။

"ဒါဆို ခင်ဗျား ကျုပ်မေးတာကို မှန်မှန်ပြောပါ၊ မဟုတ်လို့ကတော့ ခင်ဗျား မလွယ်ဘူးမှတ်ပါ၊ နတ်ဓားရှင် လီလိန်ဟုန်းကို လုပ်ကြံတာဘယ်သူလဲ"

"ကျ ... ကျ ... ကျွန်တော် မသိပါဘူး"

"ခင်ဗျား ကျုပ်ကို လိမ်မယ်မကြံနဲ့ သိုင်းသမားတွေဟာ လူတစ်ယောက်ကို စစ်မေးရာမှာ ဘယ်လို စစ်မေးတတ်ကြတယ်ဆိုတာ ခင်ဗျားသိတယ်မဟုတ်လား၊ အသားအနာမခံချင်ရင် မှန်မှန်ပြောပါ"

ပြောပြောဆိုဆို ရှောင်လုံက ဓားမြှောင်လေးတစ်ခုကို ထုတ်လိုက်ပြီး ထိုလူ၏လည်မျိုကို စပါးလုံးတစ်ထောက်စာမျှ စူးဝင်အောင် တော့ထောက်လိုက်၏။



"ကဲ ... ခင်ဗျားပြောပေတော့ ဒီဓားမြှောင်လေးဟာ သေးပေမယ့် ခင်ဗျားလည်ပင်းကိုတော့ ဟိုဘက် ဒီဘက်ကို ထုတ်ချင်းခပ်ပေါက်ထွက်သွားနိုင်တယ်ဆိုတာ သိတယ်မဟုတ်လား"

"ဆ ... ဆရာလေး ကျုပ် ... ကျုပ်အသက်ကို ချမ်းသာပေးပါ ပြော ... ပြောပြပါ့မယ်"

"ကဲ ... မြန်မြန်ပြော ကျုပ်မှာ အချိန်မရှိဘူး"

"ဟို ... ဟို ... ကျင်းထောင်ဆိုတဲ့လူက တစ်ဆင့် နတ်ဓားရှင် လီလိန်ဟုန်း ခရီးထွက်ခါနီး အရက်ထဲမှာ အဆိပ်ဆေးခတ်နိုင်းတဲ့အတွက် ကျုပ်ကိုယ်တိုင် ခတ်မိလိုက်တယ်၊ အဲဒီ ကျင်းထောင်ဆိုတဲ့လူလဲ အဲဒီကိစ္စပြီးကတည်းက ဘယ်ရောက်သွားမှန်း အမှန်တကယ် မသိပါဘူး၊ ကျုပ် ကျင်းထောင်ဆီက အသပြာငွေစ တစ်ထောင်တိတိ ရပါတယ်။

တစ်ခုတော့ရှိပါတယ်၊ ကျုပ် ဟိုတစ်နေ့က အမှတ်ရှစ်လမ်းမကြီးထဲကိုရောက်သွားတော့ လူတစ်ယောက်ကိုတွေ့ပါတယ်၊ အဲဒီလူဟာ ကျင်းထောင်နဲ့ အတော်ကိုတူတာပဲ၊ ဒါပေမယ့် ကြည့်ရတာ ရှမ်းဆူကြွယ်တစ်ယောက်လိုပဲ၊ သူ့ဘေးမှာ အခြွေအရံတွေလဲ တွေ့ရတယ်၊ အမှတ်ရှစ်လမ်းမကြီးထဲက မိန်းမချောင်တစ်ယောက်ရဲ့ အိမ်တစ်အိမ်ထဲ ဝင်သွားတာတွေ့ရပါတယ်"

ထိပ်ပြောင်ကြီးက ဘေးပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ဆက်ပြောလိုက်ပြန်သည်။

"နောက်ပိုင်း ကျုပ် သူ့အကြောင်းစုံစမ်းကြည့်လိုက်တော့ သူ့ကို ကျင်းသခင်ကြီးလို့ခေါ်ကြတယ်၊ အဲဒီ ကျင်းထောင်ဟာ အရင်က ကျုပ်ကိုခိုင်းခဲ့တဲ့ ကျင်းထောင်ပဲဖြစ်မယ်ထင်ပါတယ်"

"ကောင်းပြီ အဲဒီအိမ်က ဘယ်လိုနာမည်ရှိသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ယိစန်းဟွာဂေဟာလို့ ခေါ်ပါတယ်"

"အင်း ... ဒီလူကြီးဟာ ဒီလိုပဲ မကောင်းတဲ့ဒုစရိုက်လုပ်ငန်းတွေလုပ်ခဲ့ပြီး ကြီးပွားချမ်းသာလာတာနဲ့တူပါတယ်၊ အေးလေ ဒီ[illegible]တိရစ္ဆာန်စိတ်ရှိတဲ့ လူမျိုးကိုတော့ ကျုပ် ကောင်းကောင်းအပြစ်ဒဏ်ပေးရမယ်"

ထိပ်ပြောင်ကြီးရွှမ်လုမှာ စကားဆုံးသည်နှင့် တစ်ချက် ငြိမ်ကျသွားလေသည်။

မကောင်းမှုဟူသည် တန်ပြန်အကျိုးပေးတတ်စမြဲပင် မကောင်း မှုပြုပြီး ရှောင်တိမ်းနေသော်လည်း တစ်နေ့ကျွ[illegible]မိမိအလှည့်ရောက် လာမည်မှာ မလွဲပေ။

❖ ❖ ❖

ပိကင်းမြို့ကြီးမှာ ညဘက်တွင် ပို၍စည်းကားလျက်ရှိ၏။

မြင်းများ၊ ကုလားအုတ်များ၊ ဝေါများနှင့် လူသွားလူ[illegible] မပြတ် စည်ကားလျက်ရှိနေသည်။

ရှောင်လုံမှာ မင်းသားလေးပေါင်းဖီး၏ ဂေဟာသို့ ည[illegible] စပျိုးအချိန်မှ ရောက်ရှိလာခဲ့၏။

ပေါင်းဖီး၏ စံအိမ်တော်ကြီးရှေ့တွင် အစောင့်ရဲမက်[illegible] အများအပြားစောင့်ကြပ်လျက် ရှိသည်။

ရှောင်လုံဝင်ရောက်သွားသည်နှင့် အစောင့်ရဲမက်တစ်ဦး[illegible] တလေးတစားဆက်ဆံကာ ရှောင်လုံအား မင်းသားလေးရှိ[illegible] ဦးဆောင်လမ်းပြ ခေါ်သွား၏။

မင်းသားလေးပေါင်းဖီးက ဆီးကြိုမေးလိုက်သည်။

"ရှောင်လုံ မင်း ပြန်လာတာ နောက်မကျဘူးလား [illegible] နေပြီ"



"ကျွန်တော်သိပ်နောက်မကျပါဘူး၊ ကိစ္စလေးတစ်ခု ဆောင်ရွက်နေလို့ပါ"

နှစ်ယောက်သား စံအိမ်တော်ကြီးအတွင်းသို့ ဝင်ရောက်သွားကြ၏။ စံအိမ်တော်ကြီးမှာ ကြီးမား၍ ခန့်ညားထယ်ဝါလှသည်။

မင်းညီမင်းသားများ၏ စံအိမ်တော်ကြီးများမှာ နတ်ဘုံနတ်နန်းတမျှ ကြီးကျယ်ခမ်းနားလှ၏။

ရှောင်လုံက ဤမျှကြီးကျယ်ခမ်းနားလှပြီး နတ်စည်းစိမ်တမျှရှိနေသော ပေါင်းဖီး၏ဘဝအား ချီးမွမ်းပြောဆိုလိုက်၏။

ထို့ကြောင့် ပေါင်းဖီးက ရယ်သလို မောသလိုနှင့် ပြောလိုက်လေသည်။

"မင်းက ကျုပ်ကို ဘာလိုသေးသလဲလို့ ထင်နေတယ်မဟုတ်လား၊ အမှန်အတိုင်း ပြောရရင် ကျုပ်က ဒီလောက်နဲ့ မနေချင်သေးဘူး၊ ဘုရင်ဖြစ်ချင်သေးတယ်၊ ဒါကလဲ မင်းရဲ့အကူအညီရမှ ဖြစ်မှာပါ"

"မင်းသားလေးဟာ ကျွန်တော့်ကို အတော်အထင်ကြီးလွန်းနေတယ်၊ သိုင်းသမားတစ်ယောက်ရဲ့ အင်အားဟာ နတ်ဝိဇ္ဇာများလို အစွမ်းအစမရှိပါဘူး"

"ရှောင်လုံ မင်း သိပ်စကားများများ မပြောနဲ့ ခုလက်ရှိ ဘုရင်ကြီးဟာ ဘုရင်မဖြစ်ခင်အချိန်တုန်းက သူဟာ သိုင်းသမားတွေနဲ့ပေါင်းပြီး ဆက်ဆံခဲ့တယ်၊ နောက်တော့ အဲဒီသိုင်းပညာရှင်တွေရဲ့ အားပေးထောက်ခံမှုနဲ့ ဒီဘုရင်နေရာကို ရခဲ့တာပဲ၊ ဒါကြောင့် မင်းကို ငါ့အနေနဲ့ အားကိုးအားထားပြုခဲ့တာပေါ့။

နောက်ပြီး မင်းနဲ့ငါ လေးငါးကြိမ်ထက်မနည်း တွေ့ခဲ့ကြတဲ့အတွက် မင်းရဲ့စိတ်နေသဘောထားကို ငါ ကောင်းကောင်းကြီး သိပြီ၊ ယုံကြည်စိတ်ချရတဲ့အတွက် ငါ့ရဲ့ကိုယ်ရံတော်တပ်မှူးအဖြစ် ခန့်အပ်ခဲ့တာပဲ၊ တစ်ခုတော့ရှိတယ် မင်းရဲ့နာမည်က ရှောင်လုံဆို

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် မင်းမှာ တစ်ခြားနာမည် ရှိချင်ရှိနေမယ်၊ ဒါကအကြောင်း မဟုတ်ဘူး၊ နာမည်ဆိုတာ သတ်မှတ်ချက်ပဲ၊ နာမည်ခံတဲ့လူရဲ့ စိတ်သဘောထား တည်ကြည်ဖို့ပဲ လိုအပ်ပါတယ်"

"ဟုတ်ပါတယ် ကျွန်တော်ဟာ မင်းသားလေးရဲ့ တာဝန်အပ်သမျှကို မထမ်းဆောင်ချင်လို့ မဟုတ်ပါဘူး၊ တာဝန်က အင်မတန် ကြီးလေးနေတော့ ကျွန်တော့်ရဲ့ ချွတ်ချော်တိမ်းစောင်းမှုများ ရှိခဲ့ရင် မင်းသားလေးကို ထိခိုက်မှာစိုးလို့ပါ"

ထိုအချိန် ခြေသံများကြားရ၍ စံအိမ်တော်ကြီး၏ ဧည့်ခန်းသို့ ခြေသံရှင် အမျိုးသမီးက တဖြည်းဖြည်းဝင်ရောက်လာခဲ့သည်။

ရောက်ရှိလာခဲ့သူများမှာ မင်းသားလေး ပေါင်းစီး၏ စတုရ ကြင်ယာတော် ဟုတ်ကျင်းပင် ဖြစ်သည်။

ဟုတ်ကျင်းရောက်လာသည်နှင့် သာယာသော အသံလေးက သံ ထွက်ပေါ်လာခဲ့သည်။

"ဩော် ... အောက်ပြည် အောက်ရွာက နဂါးလေး ရောက်နေ တယ်ဆိုလို့ ကျွန်မ လာကြည့်တာပဲ"

ပြောပြောဆိုဆို ဧည့်ခန်းဆောင်ထဲသို့ စတုတ္ထကြင်ယာ ဟုတ် ကျင်း ဝင်ရောက်လာခဲ့၏။

ပေါင်းစီး၏ စတုတ္ထကြင်ယာတော် ဟုတ်ကျင်းမှာ အခြေ အဆို အနေအထိုင် ယဉ်ကျေးသိမ်မွေ့ကာ ဗဟုသုတလည်း ကြွယ် ဝပုံရသည်၊ မင်းသားလေးပေါင်းစီးထက်ပင် အသိဉာဏ်ပညာ ပို သာလွန်နေပေသည်။

ပေါင်းစီးက ရှောင်လုံအား လက်ညှိုးထိုးပြကာ မိတ်ဆက် ပေးလိုက်၏။

"နမတော် အောက်ပြည် အောက်ရွာက နဂါးလေးဆိုတာ သူပါပဲ"

"ဩော် ... အောက်ပြည်က နဂါး မြောက်အရပ်ကိုလာခဲ့



နဲ့ နေပြည်တော် တစ်ဝိုက်မှာ အတော်လေးကို လှုပ်လှုပ်ရှုရှု ဖြစ်ခဲ့ တာကိုး"

"ကျွန်တော် ရှောင်လုံက သခင်မလေးကို နှုတ်ခွန်းဆက်သ ပါတယ်"

"အလျှင်က ရှင့်နာမည်ကို မောင်တော် ခဏခဏပြောဖူးလို့ ကြားဖူးခဲ့ပါတယ်၊ လူကိုတော့ အခုမှပဲ မြင်ရတော့တယ်"

မင်းသားလေး ပေါင်းစီးက ...

"အတော်ပဲ နမတော်ရောက်လာခဲ့တာ ကို့နှစ်ယောက် ပြော ဆို ဆွေးနွေးနေတာကို နမတော်က အကြံလေး ဘာလေး ပေးစမ်း ပါဦး"

ဤသို့ဖြင့် သုံးယောက်သား ဝိုင်းဖွဲ့ထိုင်ကာ ဆက်လက်ပြော ဆိုဆွေးနွေးကြပြန်သည်။

မင်းသားလေးက ရှောင်လုံနှင့် ပြောဆိုဆွေးနွေးခဲ့သည်များ ကို စတုတ္ထကြင်ယာတော် ဟုတ်ကျင်းအား ပြန်ပြောပြကာ အကြံ တောင်းလိုက်၏။

ကြာယာတော် ဟုတ်ကျင်းက နားထောင်ပြီး ...

"ဩော် ... ဒီလိုလား ရှောင်လုံ မင်းသားလေး ပြောတာ ဟုတ်ရဲ့လား"

ရှောင်လုံက ခေါင်းညိတ်ပြလိုက်၏။ တဆက်တည်းပင် သူ စောစောက ငြင်းဆန်ခဲ့ရသည့်အကြောင်းများကိုလည်း ဟုတ်ကျင်း အား ရှင်းလင်းပြောပြလိုက်သည်။

"ကောင်းပါပြီ၊ ကျွန်မအမှန်အတိုင်း ပြောပါ့မယ်၊ မောင် တော်က ရှောင်လုံဟာ အခုမှ နေပြည်တော်ကို ရောက်ခါစပဲရှိသေး တယ်၊ တွေ့တွေ့ချင်း တစ်ဖက်သားကို ပြဿနာတွေတင်ပြပြီး အတင်းအဓမ္မ တာဝန်ပေးတာ မောင်တော်အနေနဲ့ အနည်းငယ် လောကြီးနေတယ်လို့ နမတော်ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြင်ယာတော် ဟုတ်ကျင်းက မင်းသားလေးကို အကဲခတ်ကြည့်လိုက်ပြီး ဆက်ပြောပြန်သည်။

"ရှောင်လုံလဲ နေပြည်တော်ကိုရောက်စမို့ သူ့ကို အနားပေးလိုက်ပါဦး၊ နောက်မှ ဒီကိစ္စကို ဆက်လက်ဆွေးနွေးကြတာပေါ့"

"ဟုတ်သားပဲ ရှောင်လုံ ... မင်းရဲ့အခန်းကို ကျုပ်ကိုယ်တိုင်လိုက်ပို့မယ်"

"နေပါဦး ကျွန်တော့်ရဲ့အခန်းက ဘယ်နားမှာလဲ"

"ကျုပ်ရဲ့အခန်းနဲ့ ကပ်လျက် အိမ်ခန်းတစ်ခန်းပါပဲ"

"မင်းသားလေး ကျွန်တော့်ကို အရှေ့ဘက်ဆောင်မှာ နေရာချထားပေးပါ"

မင်းသားလေးပေါင်းဖီးက အံ့အားသင့်သွားကာ ...

"ဟင် ... မင်းက ကျုပ်စီစဉ်ပေးထားတဲ့ ဇိမ်ကျကျအခန်းကို မလိုချင်ဘူးလား၊ ဘာကိစ္စ အရှေ့ဘက်ဆောင်မှာ သွားနေချင်ရတာလဲ"

"ကျွန်တော်ဟာ မင်းသားလေးရဲ့ ကိုယ်ရံတော်တပ်မှူးဆိုတော့ စစ်သည်တွေနဲ့ အတူတူနေမှ သဘာဝကျမှာပေါ့၊ ဒါမှ ကျွန်တော့်ရဲ့စည်းလုံးမှုကို သူတို့လက်ခံပြီး ရင်းနှီးမှုရရှိမှာမဟုတ်လား"

"ကျုပ်ကတော့ မင်းတစ်ယောက်တည်းကိုပဲ ဦးစားပေးချင်တယ်"

"ဒီလိုလဲ မဟုတ်သေးဘူးလေ၊ မင်းသားလေးရဲ့ကိစ္စ အောင်မြင်ရေးဟာ ကျွန်တော်တစ်ယောက်တည်းနဲ့ မဖြစ်နိုင်ပါဘူး၊ အများနဲ့ ညီညွတ်မှသာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်"

ပြောပြောဆိုဆို ရှောင်လုံက အရှေ့ဘက်အဆောင်ရှိ စစ်သည်ရဲမက်များရှိရာသို့ ဧည့်ခန်းထဲမှ ထွက်ခွာသွားလေသည်။

ဧည့်ခန်းထဲတွင် မင်းသားလေးနှင့် ကြင်ယာတော်တို့ နှစ်ယောက်ကျန်နေခဲ့ကြ၏။



"မောင်တော် ... သိုင်းသမားလူစွမ်းကောင်းလေး ရှောင်လုံဟာ သိုင်းပညာပါမကဘူး၊ နှလုံးရည်လည်း ပြည့်ဝပုံရတယ်၊ အဲဒီတော့ ကျွန်မတို့က သူ့ကို အထူးသတိဝိရိယထားပြီး ကြည့်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ အလျင်တုန်းက မောင်တော် ခဏခဏ လူလွှတ်ခေါ်နိုင်းတာကို လက်မခံဘဲ၊ မလာခဲ့ဘူး၊ ခုတော့ သူ့သဘောဆန္ဒအလျောက် နေပြည်တော်ကို လာခဲ့တယ်။

နောက်ပြီး ... ရောက်ရောက်ချင်း မောင်တော့်ဆီကို တန်းလာခဲ့တယ်၊ ရှောင်လုံဟာ တကယ်တော့ လက်ရုံးရည်ကော နှလုံးရည်ပါ ပြည့်ဝတဲ့ လူစွမ်းကောင်းတစ်ယောက်ပါ၊ တကယ်လို့ သူက မောင်တော်အတွက် တကယ်ပဲ တာဝန်ထမ်းဆောင်မယ်ဆိုရင် သိပ်ကောင်းပါတယ်၊ တကယ်လို့ သူ့မှာ မကောင်းတဲ့အကြံအစည်ရှိတယ်ဆိုရင်တော့ မောင်တော့်အတွက် အလွန်ကို အန္တရာယ်များပါတယ်"

"မင်းပြောတာ ကျုပ် ... နားရှုပ်ကုန်ပြီ"

"ဒီလိုပါ ... ရှောင်လုံဟာ တတိယအစ်ကိုကြီးရဲ့လူ ဟုတ်မဟုတ် ကျွန်မတို့ သတိထားရမယ်"

"ဟုတ်တယ်လေ ... သူက တတိယအစ်ကိုကြီးရဲ့လူ မဟုတ်ရင်တော့ ပိုပြီးကောင်းတာပေါ့၊ ဟုတ်ခဲ့ရင်လဲ တို့က သူ့ကို တို့ဘက်ပါအောင် စည်းရုံးရမှာပဲ"

ဤသို့ဖြင့် မင်းသားလေးနှင့် စတုတ္ထကြင်ယာတော်တို့ ထမင်းအိုးတစ်လုံးချက်ခန့် ပြောဆိုဆွေးနွေးပြီး အိပ်ခန်းဆောင်များသို့ အသီးသီး ပြန်သွားကြလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေး၏ စံအိမ်ကြီးတော်မှာ အတော်ပင်ကျယ်ဝန်း ခန်းနားလှ၏ စံအိမ်တော်ဝင်းထဲတွင် သူ၏ကိုယ်ရံတော် တပ်သား တစ်ရာကျော်မျှ ရှိ၏။

ကိုယ်ရံတော်တစ်ရာကျော်အား အယောက်နှစ်ဆယ်တွင် တစ်စုခွဲပြီး ခေါင်းဆောင်တင်ထားသည်။ အားလုံးတပ်စု ငါးစုရှိ၏။

ထိုတပ်စုငါးစုမှ မင်းသားလေး၏နေအိမ်နှင့် အသက်အန္တရာယ် ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ယူထားကြရ၏။

မင်းသားလေး ပေါင်းဖိုးကလည်း ကိုယ်ရံတော်တပ်သားများ အား ကျေးသား ရင်သား မခွဲခြားပဲ အထူးအခွင့်အရေးပေးခဲ့၏။

စံအိမ်ကြီး၏ အရှေ့ဘက်အဆောင်တွင် ကိုယ်ရံတော်တစ်စု တစ်စုထားရှိပြီး ကျန်တပ်စုလေးစုကို မလှမ်းမကမ်းတွင် အသီးသီး နေရာချထားပေး၏။

အရှေ့ဘက်ဆောင်သို့ ရှောက်လုံရောက်လာခဲ့လေသည်။

အချိန်မှာ ညနေစာထမင်းစားချိန် ဖြစ်သည်။

ကိုယ်ရံတော်ရဲမက်များမှာ အခန်းကျယ်ကြီးတစ်ခုအတွင်း၌ စုပြုံကာ အံစာတုံးများဖြင့် ကစားနေကြကာ တချို့က စကားပြော လျက်၊ တချို့မှာ သီချင်းတကြော်ကြော် သီဆိုလျက် ခန်းမကျယ် ကြီးထဲတွင် ဆူညံနေ၏။

အားလုံးသော ရဲမက်များမှာ ပန်းကန်ကြီးထဲရှိ အံစာတုံး လေးကိုသာ စိတ်ဝင်စားစွာကြည့်ရှုနေကြသောကြောင့် ရှောက်လုံ ဝင်ရောက်လာသည်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ သတိမထား မိကြချေ။

ထိုအချိန်တွင် အသားဖြူဖြူ လူလတ်ပိုင်းအရွယ်ရှိသော လူ တစ်ယောက်က ပန်းကန်လုံးကြီးထဲသို့ အံစာတုံးလေးအား ပစ်ချမည် ဆဲဆဲ အပေါ်သို့ ခေါင်းမော့ကြည့်လိုက်တော့မှပင် ရှောက်လုံအား အံ့သြစွာ တွေ့မြင်လိုက်ရ၏။



ထို့ကြောင့် လက်ထဲမှအံစာတုံးလေးကို ပန်းကန်ထဲသို့ ပစ် မချသေးပဲ လက်ထဲမှာပင်မြှောက်ရင်း ကြောင်အန်းအန်းဖြင့် ရှောက်လုံ အား ငေးစိုက်ကြည့်နေမိ၏။

တခြားရဲမက်တစ်ယောက်က အံစာတုံးကိုင်ထားသော ရဲမက် အား ပြောင်သရော်၍ မေးလိုက်၏။

"မင်းရဲ့ညှော်သည်လာနေလို့ ငေးနေတာလား၊ ဘာလဲတစ်အိမ် တည်း၊ တစ်ခုတင်တည်းနေလာတဲ့ ကိုယ့်ဇနီးမယားကို မမှတ်မိလို့ ကြည့်နေတာလား၊ ဟား ... ဟား ... ဟား ..."

တခြားရဲမက်များကလည်း ဝိုင်း၍ ရယ်မောလှောင်ပြောင်နေ ကြသည်။ ထို့ကြောင့် အခန်းကြီးထဲတွင် ရယ်မောသံများဖြင့် ဖုံးလွှမ်း သွားလေတော့သည်။

နောက်တစ်ယောက်က သတိပေးလိုက်၏။

"နောက်မနေကြနဲ့ အပြင်လူတစ်ယောက်ရောက်နေတယ်"

"ဘာလူလဲ ခေါင်းတစ်လုံး လက်နှစ်ဘက် ခြေနှစ်ချောင်းနဲ့ လူလား၊ ဘာများထူးဆန်းတာမှတ်လို့ မင်းသားလေးကလည်း တို့ကို ခွင့်ပြုထားတာပဲ၊ ဆက်သာကစားပါ တို့ အချိန်သိပ်မရှိဘူး"

ရှောက်လုံမှာ ရဲမက်များ၏ လှောင်ပြောင်ရယ်မောသံများကို အလျဉ်းဂရုမစိုက်ဘဲ၊ အခန်းဝတွင်ရပ်လျက်ရှိနေ၏။ ထို့ကြောင့် ရဲမက်တစ်ယောက်က လှမ်းမေးလိုက်သည်။

"ဘယ်သူ့ကို တွေ့ချင်လို့လဲ"

ရှောက်လုံက ခပ်တည်တည်ဖြင့် ...

"ဘယ်သူ့ကိုမှ တွေ့ချင်လို့မဟုတ်ပါဘူး၊ ကျုပ် ဒီနေ့ကစပြီး ဒီမှာလာနေမလို့ပဲ"

ရှောက်လုံစကားကြောင့် အံစာတုံးကစားနေကြသော ရဲမက်များ အံ့အားသင့်သွားကြကာ ရှောက်လုံအား ဝိုင်းဝန်းကြည့်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အကြားမှ လူပိန်ပိန်တစ်ယောက်က ရှောင်လုံအား မှတ်မိသွားသလိုလိုဖြင့် လှမ်းပြောလိုက်သည်။

"ဩော် ... ဆရာလေးပါလား၊ ဒီမှာ တာဝန်ချထားခြင်း ခံရလို့လား"

"ဟုတ်ပါတယ်၊ ကျုပ်က ခင်ဗျားတို့ရဲ့ တပ်မှူးအဖြစ် တာဝန်ချထားခြင်းခံရတဲ့လူပဲ"

အံ့စာတဲ့ကစားနေသူများမှာ လုံးဝအံ့အားမသင့်ပဲ ရှောင်လုံအား သူတို့နှင့်ဝင်ရောက်ကစားရန် ခေါ်ငင်နေသေး၏။

"ဟာ ... ဒါဆို အတော်ပဲ၊ တပ်မှူးလဲ ကျွန်တော်တို့နဲ့ဝင်ပြီး ကစားပါလား"

"ကျေးဇူးတင်ပါတယ်၊ ကျုပ် ... သိပ်မကစားတတ်ပါဘူး၊ မင်းတို့ရဲ့ ကစားဝိုင်းကို ခဏသိမ်းလိုက်ပါ၊ ကျုပ် ... မင်းတို့နဲ့ စကား စကားနည်းနည်း ပြောချင်တယ်"

"တပ်မှူး ... ကျွန်တော်တို့ ဒီမှာကစားတာ အရှိန်ရနေတဲ့အတွက် ..."

"မင်းက ... ဘယ်လိုအဆင့် ရှိသလဲ"

"ကျွန်တော်က ဒုတိယတပ်မှူး ဖြစ်ပါတယ်၊ ကျွန်တော့်နာမည် ဟိုင်ဟာန်လို့ ခေါ်ပါတယ်"

"အေး ... ဒါဆိုအတော်ပဲ၊ မင်းပဲ သူတို့ကို ကစားဝိုင်းကို ခေတ္တသိမ်းခိုင်းလိုက်ပါ"

ဟိုင်ဟာန်က မနာခံပဲ ...

"ဒီကိစ္စကို မင်းသားလေးကတောင် ဘာမှ မပြောပါဘူး၊ တပ်မှူးက ဘာဖြစ်လို့ သိမ်းခိုင်းတာလဲ"

"သူ ... မပြောလဲ ကျုပ်ကို တာဝန်အပ်နှင်းလိုက်တဲ့အတွက် ကျုပ်အနေနဲ့ ပြောရလိမ့်မယ်၊ မင်းတို့ ကျုပ်ရဲ့စကားကို နားထောင်ရမယ်"



"သူတို့တတွေဟာ မင်းသားလေးရဲ့အလိုလိုက်မှုကြောင့် ကျွန်တော်ပြောလို့ မရနိုင်ပါဘူး၊ ဒီလို ကစားတာကလဲ အခုမှ မဟုတ်ပါဘူး၊ နဂိုကတည်းက ကစားလာခဲ့တဲ့အတွက် အကျင့်ဖြစ်နေပါပြီ"

ရှောင်လုံက ဘာမှမပြောဘဲ အခန်းထဲသို့ လျှောက်လှမ်းဝင်လာသည်။ သို့သော် ရဲမက်များက သူ့အား ဂရုမစိုက်ကြပဲ ရှောင်ရှားပေးခြင်းလည်းမရှိ၊ ဆက်လက်၍ ကစားနေကြသည်ကို တွေ့လိုက်ရ၏။

ရဲမက်များမှာ ရှောင်လုံအား စမ်းသပ်ကြည့်ချင်သည့် သဘောရှိကြောင်း ရှောင်လုံ ရိပ်မိလိုက်သည်။ သို့သော် ရှောင်လုံက အကြမ်းနည်း မသုံးချင်၍ ပါးစပ်ဖြင့်သာ ပြောဆိုလိုက်၏။

"မင်းတို့ ကျုပ်ကို လမ်းဖယ်ပေးပါ"

ဒုတိယတပ်မှူး ဟိုင်ဟာန်ကလဲ တာဝန်ကျေသဘောဖြင့် သူ့လူများအား လှမ်းပြောလိုက်သည်။

"ဟေ့ ... မင်းတို့ တပ်မှူးကို လမ်းဖယ်ပေးလိုက်ကြပါ"

မည်သူမျှ လမ်းဖယ်မပေးကြ။

"ကောင်းပြီ ... ကျုပ် တစ် ... နှစ် ... သုံး ... လေး ... ရေတွက်ပြီး လမ်းလျှောက်မယ်၊ အဲ ... လမ်းမဖယ်ချင်လဲ ရတယ်၊ တော်ကြာ ကျုပ်ကို အပြစ်မဆိုကြနဲ့"

ပြောပြောဆိုဆို ရှောင်လုံက တစ် ... နှစ် ... သုံး ... လေး ... ရေတွက်၍ လူအုပ်ကြားသို့ လက်ကိုလွှဲရမ်းကာ လျှောက်လှမ်း၍ ဝင်ရောက်သွားသည်။

ရှေးဦးစွာ ဟိုင်ဟာန်အား ရှောင်လုံက ဘယ်လက်ဖြင့် လွှဲရမ်းခြင်းကို ထိမိသွားကာ ဟိုင်ဟာန်မှာ 'အား' ခနဲ နာကျင်စွာ တစ်ချက် အော်ဟစ်လိုက်ပြီး နောက်သို့ ယိမ်းယိမ်း ယိုင်ယိုင်ဖြင့် ဆုတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



လမ်းမဖယ်ပေးကြသော ရဲမက်များအားလုံးမှာ ရှောင်လုံ၏ ဝင်တိုက်ခြင်းကို ခံရကာ ကြီးမားသော အရှိန်အဟုန်ဖြင့် ထိတွေ့ခံလိုက်ရသည့်နှယ် နောက်ဘက်သို့ အသီးသီး လွင့်စင်ထွက်သွားကြလေသည်။

ထို့ကြောင့် ရဲမက်များအားလုံး အံ့လွန်းအံ့အားသင့်သွားကြကာ ရှောင်လုံအား ဝိုင်းဝန်းကြည့်နေမိကြသည်။

ရှောင်လုံမှာ လျှောက်လှမ်းလာရင်း အစာတိုးထည့်၍ကစားသော ပန်းကန်လုံးကိုင် လူအနားသို့ ရောက်သွားကာ ...

"ဟေ့ ... မင်းလက်ထဲက ပန်းကန်လုံး ငါ့ကိုပေးစမ်း"

ပြောပြောဆိုဆို ပန်းကန်လုံးကို ရှောင်လုံက ဆွဲယူလိုက်၏။ လက်ထဲက ပန်းကန်လုံးရောက်လာသည်နှင့် ပန်းကန်လုံးအား လက်တစ်ဖက်တည်းဖြင့် ညှစ်လိုက်ရာ ပန်းကန်လုံးမှာ အစိတ်စိတ် အမွှာမွှာ ကွဲကြေသွားတော့၏။

ရဲမက်များ မျက်လုံးအကြောင်သားနှင့် ရှောင်လုံအား ဝိုင်းဝန်းကြည့်နေကြ၏။

ရှောင်လုံက ပန်းကန်လုံးကိုင် ရဲမက်အား လှမ်းမေးလိုက်လေသည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ရှီကျင်းလို့ ခေါ်ပါတယ်"

"ဟုတ်ပြီ ရှီကျင်း မင်းပဲ အစာတိုးကစားတဲ့ငွေတွေကို သွားသိမ်းလိုက်ပါ"

တဖန် ပိန်ပိန်ပါးပါး လူတစ်ယောက်အား ရှောင်လုံက လှမ်းမေးလိုက်ပြန်သည်။

"မင်းနာမည်ရော ဘယ်လိုခေါ်သလဲ"

"ကျွန်တော့်နာမည် ကျောက်ချီလို့ ခေါ်ပါတယ်"

"ကောင်းပြီ ... မင်းက အရှေ့ဆောင်ကိုသွားပြီး အစောင့်



နှစ်ဦးကလွဲလို့ ကျန်တဲ့ရဲမက်တွေ ဒီကိုခေါ်လာခဲ့ပါ၊ ခုချက်ချင်း လာရလိမ့်မယ်လို့လဲ ပြောခဲ့၊ လူစုံမှ ကျုပ် စကားပြောစရာရှိတာ ပြောမယ်"

ကျောက်ချီမှာ အခန်းအပြင်ဘက်သို့ ခပ်သွက်သွက် လျှောက်လှမ်းထွက်သွားလေသည်။

ရှောင်လုံ စကားပြောပြီးသည်နှင့် အခန်းအပြင်ဘက်သို့ ခပ်တည်တည် ထွက်သွားကြကာ အသီးသီးစနစ်တကျ တန်းစီ၍ ရှောင်လုံနောက်မှ အခန်းအပြင်သို့ထွက်၍ တန်းစီရပ်နေကြ၏။

ထိုအချိန် အရှေ့ဘက်အဆောင်မှ ရဲမက်အချို့ တန်းစီနေရာသို့ အပြေးအလွှားလာနေကြသည်။

ရှောင်လုံက တန်းစီရာသို့ လှမ်းကြည့်လိုက်ရာ အားလုံးသည် ဆယ်ယောက်တစ်တန်းစီနေရာမှ နောက်ဆုံးတန်းတွင် လူကိုးယောက်သာရှိပြီး တစ်ယောက်လိုနေကြောင်း လှမ်းမြင်လိုက်ရ၏။

ရှောင်လုံက ...

"အားလုံး လူစုံပြီလား ..."

ဟု လှမ်းမေးလိုက်ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ ပြန်မပြောကြ၊ တစ်ယောက်နှင့်တစ်ယောက် လှမ်းကြည့်လိုက်ကြသည်။

ဒုတပ်စုမှူး ဟိုင်ဟန်က သတိအနေအထားဖြင့် အစီရင်ခံလိုက်သည်။

"တတိယ တပ်စုမှူး တစ်ယောက် လိုနေသေးတယ်"

စကားမဆုံးမီ တတိယတပ်စုမှူးရောက်လာကာ ...

"ကျုပ် ... ရောက်လာပါပြီ"

ကွက်လပ်ထဲရှိ တန်းစီနေသူများထံသို့ ပိန်ပိန်ရှည်ရှည်နှင့် နှာတံပေါ်ပေါ် လူတစ်ယောက်က ရောက်လာကာ လိုနေသော နေရာတွင်ဝင်၍ တန်းစီလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုတတိယတပ်စုမှူးမှာ ရှောင်လုံအား ဂရုမစိုက်သောအမူအရာဖြင့် စိတ်မပါတပါ ဝင်ရောက်တန်းစီလိုက်၏။

"ဟော့ … တတိယတပ်စုမှူး မင်း … ရှေ့ကိုထွက်ခဲ့စမ်း"

ထိုလူက ခပ်အင်အင်လုပ်နေပြီးမှ ရှေ့သို့ ဖြည်းညင်းစွာ လျှောက်လှမ်းထွက်လာခဲ့သည်။

"ကျုပ် … ရောက်လာပါပြီ တပ်မှူး ဘာများ ပြောစရာရှိပါသလဲ"

တတိယတပ်စုမှူး၏ စကားပြောဆိုသံမှာ ဆောင့်ကြွားကြွားနှင့် မာနသံပါနေသည်။

"မင်း … ဘာဖြစ်လို့ အခုမှရောက်လာရတာလဲ၊ တခြားသူတွေ အသီးသီးရောက်ကုန်ပြီ"

"ကျုပ် … အခု တပ်မှူးရှေ့ ရောက်နေပြီ"

"မဟုတ်ဘူး၊ မင်း … နောက်ကျပြီးမှ ရောက်လာခဲ့တာပဲ"

"တပ်မှူးက ဘယ်အချိန်ဆိုတာ တိတိကျကျ မပြောပဲ နောက်ကျတယ်လို့ ပြောလို့မရပါဘူး"

"ခု ချက်ချင်းလာရမယ်ဆိုတဲ့အဓိပ္ပာယ်ကို မင်း နားမလည်ဘူးလား"

"တပ်မှူးက ကျုပ်ကို အတင်းစွပ်စွဲနေမှတော့ ကျုပ် … ဘာမှ မတတ်နိုင်ပါဘူး၊ ပေးချင်တဲ့အပြစ်သာပေးပါ၊ ကျုပ် ခံယူဖို့ အသင့်ပါပဲ"

တတိယတပ်စုမှူးမှာ အထက်လူကြီးကို ပမာမခန့်လုပ်သည့်အတွက် အပြစ်ပေးရန် ရှောင်လုံ ဆုံးဖြတ်လိုက်၏။

"ကောင်းပြီ ဒုတိယတပ်စုမှူး သူ့ကို ဖမ်းချုပ်ထားလိုက်ပါ၊ နောက်မှ အပြစ်ပေးမယ်"

ဒုတိယတပ်စုမှူး ဟိုင်ဟန်က အားနာစွာ ဝင်ရောက်တောင်းပန်လိုက်လေသည်။



"တပ်မှူးခင်ဗျာ၊ သူ့ကို ပထမဆုံးနဲ့ နောက်ဆုံးအကြိမ်အဖြစ် ခွင့်လွှတ်စေချင်ပါတယ်"

ရှောင်လုံမှာ စိတ်မရှည်တော့ပဲ …

"ဘာလဲ မင်းက သူ့အတွက် စောဒကတက်နေတာလား"

ဒုတိယတပ်စုမှူးဟိုင်ဟန်မှာ ဘာမှ ဆက်မပြောရဲတော့ဘဲ တတိယတပ်စုမှူးအား ဖမ်းဆီးချုပ်နှောင်ရန် ချဉ်းကပ်သွားရတော့သည်။

တတိယတပ်စုမှူးက အဖမ်းမခံဘဲ နောက်ဆုတ်သွားကာ …

"ဟော့ … ဟိုင်ဟန် မင်း တယ်ပျော့ညံ့တဲ့ လူပါလား၊ မင်းသားလေးကိုယ်တိုင် အမိန့်မပေးပဲနဲ့ ငါ့ကို ဖမ်းလို့ရမတဲ့လား၊ ငါ … မင်းတို့ အဖမ်းကို မခံနိုင်ဘူး"

ရှောင်လုံမှာ ဒေါသထွက်လာကာ မျက်နှာများ နီမြန်းသွားပြီး …

"ကောင်းပြီ … မင်း ဘယ်လောက်မာကျောတယ်ဆိုတာကို ဖမ်းကြည့်ရသေးတာပေါ့"

ပြောပြောဆိုဆို တတိယတပ်စုမှူးရှေ့သို့ ရှောင်လုံချဉ်းကပ်သွားခဲ့၏။ တတိယတပ်စုမှူးမှာ အနားသို့ရောက်လာသော ရှောင်လုံ၏ရင်ဝသို့ တည့်တည့်သို့ ပြင်းထန်သော လက်သီးနှစ်လုံးကို ပစ်သွင်းလိုက်လေတော့သည်။

ရှောင်လုံမှာ မိမိထံဝင်လာသော ပြင်းထန်လှသည့် လက်သီးနှစ်လုံးကို လုံးဝရှောင်ရှားခြင်းမပြုဘဲ ရုတ်တရက်ဖမ်း၍ ဆုပ်ကိုင်လိုက်သည်။

ပိန်ပိန်ရှည်ရှည် လူကြီးမှာ ရှောင်လုံက သူ့လက်သီးအား ဆုပ်ကိုင်လိုက်ခြင်း ခံရသည့်အတွက် မီးခဲပြင်းကြီးအား ကိုင်မိသည့်သို့ ပူလောင်နာကျင်သွားပြီး အရိုးများ ကျိုးကြေသွားမတတ် ခံစားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လုံသည် ဆုပ်ထားသောလက်ကို လွှတ်လိုက်ပြီး ထိုလူ၏ ပခုံးတစ်ဖက်ကို လက်ဝါးဖြင့် တစ်ချက်ပုတ်လိုက်ကာ ...

"မင်းရဲ့အရိုးတွေဟာ သိပ်မမာလှပါလား၊ နောက်နောင် ကျုပ်ကို ဒီလို မဆက်ဆံပါနဲ့၊ ကျုပ်ဟာ မင်းတို့ရဲ့အရောင်းရှိဖြစ်နေပြီဆိုတာ နားလည်ထားစမ်းပါ၊ ကဲ ... မင်းနေရာကို မင်းသွားပြီးတန်းစီတော့"

ရှောင်လုံက စကားကို ခေတ္တဖြတ်နားလိုက်ပြီးမှ ဆက်၍ပြောလိုက်၏။

"အားလုံး နားထောင်ကြပါ၊ ကျုပ်နာမည်က ရှောင်လုံလို့ခေါ်တယ်၊ ဒီကနေ့ကစပြီး မင်းတို့နဲ့အတူတူ တာဝန်ထမ်းဆောင်မယ့် အမှုထမ်းတစ်ယောက်ပါပဲ၊ ဒီတော့ ဆိုးတူကောင်းဘက်ဆိုသလို မိသားစုစိတ်ဓာတ်ထားကြရမယ်၊ တာဝန်ကိုလဲ မလစ်ဟင်းစေဘဲ ပေါ့ပေါ့တန်တန်လဲ သဘောမထားရဘူး၊ တာဝန်ချိန်မဟုတ်တဲ့ မင်းတို့ရဲ့ ကိုယ်ပိုင် အားလပ်ချိန်မှာဆိုရင် မင်းတို့ ကြိုက်သလို နေလို့ရတယ်။

နောက်တစ်ခုက လမ်းမှန် ကမ်းမှန်နဲ့ ဖြစ်ပေါ်လာတဲ့ ကိစ္စမှန်သမျှကို ငါ ... မင်းတို့အတွက် လုံးဝတာဝန်ယူတယ်၊ ကဲ ... တတိယတပ်စုမှူး ဟပ်တော့ မင်းရဲ့ နာကျင်နေတဲ့လက်ကို ဟော့ဒီဆေးလူးလိုက် ..."

ပြောပြောဆိုဆို ရှောင်လုံက အိတ်ထဲမှဆေးတစ်မျိုးကို ထုတ်ပေးလိုက်၏။

ပြီးသည်နှင့်ဆက်၍ စကားပြောပြန်သည်။ အိတ်ထဲမှ သစ်ရွက်ရွှေပြားနှစ်ပြားကိုထုတ်ယူကာ ဒုတိယတပ်စုမှူး ဟိုင်ဟန်ကို လှမ်းခေါ်လိုက်သည်။

"ဟိုင်ဟန် ... အပြင်ခဏထွက်ခဲ့စမ်းပါ၊ ဟောဒီမှာ ကျုပ်ပေးတဲ့ သစ်ရွက် ရွှေပြားနှစ်ပြားနဲ့ တို့အားလုံးစားသောက်ဖို့အရက်နဲ့ ထမင်းဟင်းလျာတွေကို အကောင်းဆုံးစားသောက်ဆိုင်က အမြန်ဆုံးသွားဝယ်ပြီး ပြန်လာခဲ့၊ တို့အားလုံး ဒီကနေ့ ဝမ်းသာတဲ့အထိမ်းအမှတ်နဲ့ မိတ်ဆက်ထမင်းစားပွဲတစ်ခု လုပ်ကြတာပေါ့"



ဟိုင်ဟန်မှာ ရှောင်လုံပေးသော သစ်ရွက်ရွှေပြားနှစ်ပြားကို လှမ်းမယူဝံ့ ယူဝံ့ဖြင့် ယူလိုက်ပြီး ...

"တပ်မှူးခင်ဗျား ... ကျွန်တော်တို့ကို ကျွေးမွေးဖို့ မလိုပါဘူးခင်ဗျာ၊ ကျွန်တော်တို့ တပ်မှူးရဲ့သဘောကို နားလည်ကြပြီမို့ ပေးအပ်တဲ့တာဝန် ဝတ္တရားကို ကျေပွန်စွာ ထမ်းဆောင်ပါ့မယ်ဆိုတာ ကတိပြုပါတယ်"

"ကိစ္စမရှိပါဘူး၊ ဟိုင်ဟန် ဒီလောက်ငွေကြေးဟာ ကျုပ်အတွက် ဘာမှ မပြောပလောက်ပါဘူး၊ နောက်ဆို မင်းတို့နဲ့ကျုပ်ဟာ ဒီကနေ့ကစပြီး ညီရင်းအစ်ကိုတွေလို ဖြစ်သွားကြပါပြီ၊ အမြန်ဆုံးသာ ပြန်လာခဲ့"

ထိုအချိန်တွင် ရှေ့ဆုံးတန်းမှ ရဲမက်တစ်ယောက်က သတိအနေအထားဖြင့် ရှောင်လုံကို လှမ်း၍ အစီရင်ခံလိုက်သည်၊

"တပ်မှူးရဲ့စိတ်ကောင်း စေတနာတွေကို ကျွန်တော် ဂုဏ်ယူဝမ်းမြောက်စွာနဲ့ လက်ခံပါတယ်၊ ဒီကနေ့ည တပ်မှူးရဲ့စားသောက်ပွဲကို ကျွန်တော်မတတ်နိုင်တဲ့အတွက် ခွင့်လွှတ်ပါခင်ဗျား၊ အိမ်မှာ ကျွန်တော့်ရဲ့ကလေးတစ်ယောက်က နေမကောင်းဖြစ်နေလို့ပါ၊ ကျွန်တော်က စတုတ္ထတပ်စုမှူး ဖြစ်ပါတယ်"

"ဪ ... မင်းမှာ အိမ်ထောင်ရှိပြီး ကလေးလဲရှိနေတာကိုး၊ မင်းမှာ သုံးစွဲဖို့ငွေကြေးကော ရှိရဲ့လား"

"ကိစ္စမရှိပါဘူးခင်ဗျာ၊ ကျွန်တော် ပထမတပ်စုမှူးဆီမှာ ငွေချေးလို့ ရပါတယ်"

"ဟာ ... သူ့များဆီမှာ သွားမချေးနဲ့ ငါ့ဆီက ယူသွား"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လုံက စတုတ္ထတပ်စုမှူး ချန်တာ့အား သစ်ရွက်ရွှေပြား တစ်ပြားကို လှမ်းပေးလိုက်၏။

ချန်တာ့မှာ လက်ခံမယူဝံ့ဘဲ အတင်းငြင်းဆန်နေသည်။

"ကိစ္စမရှိဘူး၊ မင်း ... ယူသာယူသွားပါ၊ ခုဆိုရင် ငါတို့ဟာ ညီရင်းအစ်အကိုတွေလို ဖြစ်သွားပြီမို့ မင်း ချောင်လည်တဲ့အခါမှ ငါ့ကို ပြန်ပေးနိုင်တယ်၊ မချောင်လည်ရင်လဲ ကိစ္စမရှိဘူး၊ မင်းက အိမ်ထောင့်တာဝန်ကို ထမ်းဆောင်ရတော့ ငွေကြေးလိုမယ်ဆိုတာ ငါ ... သိပါတယ်"

စတုတ္ထတပ်စုမှူး ချန်တာ့မှာ သစ်ရွက်ရွှေပြားအား လှမ်းယူလိုက်ရင်းက ရှောင်လုံကို ကျေးဇူးတင်မဆုံးဖွာ ငေးစိုက်ကြည့်နေမိသည်။

အခြားရဲမက်များကလည်း ရှောင်လုံအား ငေးစိုက်ကြည့်နေကာ သူတို့၏စိတ်ထဲတွင် ဤကဲ့သို့ စိတ်ထားမွန်မြတ်လှပြီး ရဲစွမ်းသတ္တိရှိသော တပ်မှူးတစ်ယောက်၏ အုပ်ချုပ်မှုကို ခံယူရ၍ ဝမ်းသာမဆုံး ဖြစ်နေကြသည်။

တတိယတပ်စုမှူး ဟပ်တာ့က ရှေ့သို့ထွက်လာကာ ရှောင်လုံအား အရိုအသေပေး ဦးညွှတ်လိုက်သည်။

"တပ်မှူးရှောင်ခင်ဗျား၊ စောစောက ကျွန်တော့်ရဲ့ မခြေမငံ ဆက်ဆံမှုအတွက် ကျွန်တော် တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး၊ ကျုပ် ဒါတွေကို စိတ်မှာ မှတ်မထားပါဘူး။ ဖျောက်ပစ်လိုက်ပါပြီ၊ နောက်ကို အားလုံးဟာမိသားစုစိတ်ဓာတ်နဲ့ ဘာမဆို စည်းလုံးညီညွတ်ပြီး အထက်ကပေးအပ်တဲ့ တာဝန်ကို ထမ်းဆောင်ကြဖို့ပဲ လိုပါတယ်"

ရှောင်လုံက ကိုယ်ရံတော်ရဲမက်များအား အမိန့်ပေးလိုက်၏။

"ကဲ ... အားလုံး တန်းဖြုတ်ပြီး အေးအေးသက်သာ နေနိုင်ကြပါပြီ၊ မကြာမီ ကျုပ်ရဲ့ မိတ်ဆက်စားပွဲကို ကျင်းပပါလိမ့်မယ်"



ကိုယ်ရံတော်ရဲမက်များထဲတွင် နဘမ်းသမား၊ လက်ဝှေ့သမား၊ သိုင်းသမား မျိုးစုံတို့ရှိလေရာ သူတို့မှာ ရှောင်လုံ၏ သိုင်းပညာကို ခြေဖျားပင် မမီဘဲ ရှိနေကြ၏။

ထို့ကြောင့် တစ်ယောက်တစ်ပေါက်နှင့် ရှောင်လုံ၏ သိုင်းပညာ စွမ်းထက်ပုံတို့ကို ချီးမွမ်းပြောဆိုနေကြ၏။

ရဲမက်တစ်ယောက်က ...

"ပီကင်းမြို့မှာ လူပေါင်းစုံရှိကြပါတယ်၊ ကျွန်တော့်ရဲ့ နဘမ်းသတ်ပညာကလဲ ပြိုင်စံရှားခဲ့တယ်၊ မနှစ်က ထျန်ချောင်အရပ်မှာ အလွန်နာမည်ကြီးတဲ့ နဘမ်းသမားတစ်ယောက်နဲ့ ကျွန်တော် ယှဉ်ပြိုင်ခဲ့ရဘူးပါတယ်၊ အဲဒီ နဘမ်းသမားက ကျွန်တော့်ကို ကိုင်ပေါက်နိုင်ပြီး၊ ကျွန်တော်ကလည်း သူ့ကို လေးဘက်သောက်ကျအောင် လှဲသိပ်နိုင်ခဲ့တယ်"

ရှောင်လုံက ပြုံးလိုက်ပြီး ...

"သိုင်းလောကကြီးဟာ အလွန်ကျယ်ပြန့်ပါတယ်၊ အဲဒီ အထဲမှာ လူထူးလူဆန်းတွေလည်း အများအပြားပါပဲ၊ သိုင်းပညာဟာ ဆိုရင် အဆုံးမရှိ ခက်ခဲနက်နဲတဲ့ ပညာရပ်ဖြစ်တယ်၊ ဒါကြောင့် ကျုပ်ရဲ့လက်ရှိ သိုင်းပညာဟာ မင်းတို့တွေပြောသလို သိပ်ပြီး အစွမ်း မထက်သေးပါဘူး"

တပ်စုမှူးတစ်ယောက်က ...

"မင်းသားလေး ပြောနေသံကြားရတာကတော့ တပ်မှူးကို အောက်ပြည် အောက်ရွာမှာ တွေ့ခဲ့ရတယ်လို့ သိရပါတယ်၊ တပ်မှူးရဲ့ သိုင်းပညာအစွမ်းအစကိုလည်း မင်းသားလေးက မကြာ မကြာ ပြောဆို ချီးမွမ်းသံလိုလည်း ကြားခဲ့ရပါတယ်၊ ကျွန်တော့်အထင်တော့ အောက်ပြည်အောက်ရွာမှာ ဝင်ထွက်သွားလာနေတဲ့ သိုင်း လောကရဲ့ နာမည်ကြီး ထိတ်ထိတ်ကြဲ လေပြင်းတားသမား ထိလူဟုန်းတောင် တပည့်ခံရမှာ သေချာပါတယ်"

www.burmeseclassic.com



"သြော် ... 'လေပြင်းစားသမား ထိလူဟုန်း' ဆိုတာလား။ ကျုပ် ကြားတော့ကြားဖူးပါတယ်၊ လူကိုတော့ တစ်ခါမှ မတွေ့ဘူး သေးပါဘူး"

"စောစောက တပ်မှူး ပန်းကန်လုံးကို လက်နဲ့ ညှစ်ချေလိုက်တဲ့ပညာကကော ဘယ်လိုပညာမျိုးလို့ ခေါ်ပါသလဲ"

"သြော် ... ဒါကတော့ ကျုပ်ရဲ့အတွင်းအားနဲ့ ပန်းကန်လုံးကို ညှစ်ချေလိုက်တာပါပဲ၊ ကျုပ် တစ်ခုပြောချင်တယ်၊ သိုင်းပညာသင်တယ်ဆိုတာ ကိုယ်ခံပညာအနေနဲ့ သင်ယူပြီး တတ်လာတဲ့ သိုင်းပညာတွေနဲ့ ထစ်ကနဲဆို ရန်ဖြစ်ဖို့ အားနည်းသူကို အနိုင်ကျင့်ဖို့ မဟုတ်ဘူး၊ အများအကျိုးအတွက်ဖြစ်ဖြစ်၊ ဒါမှမဟုတ် တိုင်းပြည်နဲ့ လူမျိုးအတွက်ဖြစ်ဖြစ် အသုံးချဖို့ပဲ ဖြစ်ပါတယ်၊ စိတ်ထင်တိုင်း စားဆွဲပြီး တိုက်ခိုက်တာဟာ သိုင်းသမားကောင်းတစ်ယောက် မဟုတ်ဘူး ဆိုတာကို ပြောချင်တာပါပဲ"

ထိုအချိန်တွင် ပီကင်းမြို့ရှိ အကောင်းဆုံး စားသောက်ဆိုင်မှ ဝယ်ယူလာခဲ့သော ထမင်းဟင်းလျာများ၊ အရက်များ၊ မြင်းလှည်းကြီးတစ်စီးဖြင့် ရောက်ရှိလာလေသည်။

ကိုယ်ရံတော် ရဲမက်များမှာ အပြင်ထွက်၍ မြင်းလှည်းပေါ်မှ စားသောက်ဖွယ်ရာများကို ဝိုင်းဝန်းကာ သယ်ဆောင်လာခဲ့ကြလေသည်။

မကြာမီအခန်းကျယ်ကြီးအတွင်း စားသောက်ဖွယ်ရာများနှင့် အရက်များ အသင့်ပြင်ဆင်ပြီး သွားကြ၏။ အရှေ့ဘက်ဆောင်တွင် ကင်းတာဝန်ကျနေသော ရဲမက်နှစ်ယောက်အတွက် သီးသန့်ဖယ်ထားလိုက်ကြ၏။

ထို့နောက် ရှောင်လုံနှင့်တကွ ကိုယ်ရံတော် ရဲမက်များစုပေါင်းပြီး တပျော်တပါး စားသောက်ကြသည်။

မင်းသားလေး ပေါင်းဇီးမှာ ထိုမိတ်ဆက်စားသောက်ပွဲသို့



ရုတ်တရက်ရောက်လာပြီး သူတို့နှင့်တကွ တပျော်တပါးဝင်၍ စားသောက်နေသည်။

မိတ်ဆက် ထမင်းစားသောက်ပွဲကြောင့် သူတို့အားလုံး၏ စိတ်ဓာတ်များမှာ ပိုမိုခင်မင်ရင်းနှီးလာကြကာ မိသားစု စိတ်ဓာတ်များအဖြစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာခဲ့ကြ၏။

အထူးသဖြင့် တပ်မှူးသစ်ရှောင်လုံ၏ စည်းလုံးမှုကြောင့် ကိုယ်ရံတော်ရဲမက်များ၏ ယုံကြည်ကိုးစားမှုနှင့် လေးစားမှုများကို ရှောင်လုံရခဲ့ခြင်းဖြစ်သည့်အပြင် စည်းရုံးမှုကိုပါ ရရှိခဲ့သည့်အတွက် ရှောင်လုံ ပီတိဖြစ်မဆုံး ရှိနေတော့သည်။

တပ်မှူးသစ် ရှောင်လုံသည် စိတ်ကောင်းစေတနာရှိခြင်း၊ စိတ်နေသဘောထား တည်ကြည်မှန်မြတ်ခြင်း၊ မရှိဆင်းရဲသူများအပေါ်တွင် ပေးကမ်းစွန့်ကြဲခြင်း၊ ရဲမက်များ၏အပေါ်တွင် ကရုဏာထားရှိခြင်း၊ မိသားစုစိတ်ဓာတ်ရှိ၍ ရဲရင့်တည်ကြည်ကာ ခေါင်းဆောင်ကောင်း ပီသမှုများကြောင့် အများ၏အားကိုးယုံကြည်ခြင်းတို့ကို တိုတောင်းလှသောအချိန်ကာလလေး အတွင်းမှာပင် ရရှိလိုက်ခြင်းဖြစ်သည်။

❖ ❖ ❖

ရှောင်လုံမှာ သုံး လေးရက် ဆက်တိုက် ရဲမက်များနှင့်အတူ လက်ရည်တပြင်တည်း နေထိုင်လာခဲ့ကာ အတူစား အတူအိပ်ခဲ့ကြသဖြင့် ရဲမက်များနှင့် ပိုမိုရင်းနှီးကာ အားကိုးယုံကြည်မှုကို အပြည့်အဝ ရရှိခဲ့သည်။

တတိယည မီးထွန်းချိန်တွင် မင်းသားလေးပေါင်းဇီးမှာ ကိုယ်ရံတော် ရဲမက်များနှင့်အတူရှိနေသော ရှောင်လုံထံသို့ ကိုယ်တိုင် ရောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးပေါင်းဖိုးက ရှောင်လုံအားကြည့်ကာ...

"ရှောင်လုံ မင်းကို ကျုပ်... စောင့်နေခဲ့တာ သုံး ရက်တောင် ရှိသွားပြီ မင်းမျက်နှာကို တစ်နေ့မှ မမြင်ခဲ့ရပါလား"

"ဩော်... ကျွန်တော်က မင်းသားလေးရဲ့ ကိုယ်ရံတော် တပ်မှူးဆိုတော့ ရဲမက်တွေနဲ့အတူ ရှိနေသင့်တယ် မဟုတ်လား။ ဒါကြောင့်ပါ"

"ဟုတ်ပါပြီ... မင်းဆီကို ကျုပ် ပစ္စည်းလာပို့တာပါ"

ပြောပြောဆိုဆို မင်းသားလေးက မင်းလုလင်တစ်ယောက်ကို လှမ်းခေါ်လိုက်သည်။ ထို မင်းလုလင်လက်ထဲရှိ ရွှေလင်ဗန်းထဲတွင် အဝတ်နီဖြင့် ထုတ်ထားသော ရှည်မျောမျော အထုပ်တစ်ထုပ် ယူ ဆောင်လာခဲ့၏။

"ကဲ... ကျုပ်လက်ဆောင်ကို မင်း လက်ခံစေချင်ပါတယ်"

"မင်းသားလေးရဲ့လက်ဆောင်ကို ကျွန်တော် ဝမ်းမြောက် ဂုဏ်ယူစွာနဲ့ လက်ခံပါတယ်၊ ဘာ လက်ဆောင်တွေများ ပါလဲ မင်းသားလေး"

"မင်းကိုယ်တိုင် ဖွင့်ကြည့်နိုင်ပါတယ်"

ရွှေလင်ဗန်းထဲမှ အထုပ်တစ်ထုပ်ကို ရှောင်လုံလက်ကမ်းယူ၍ ဖွင့်ကြည့်လိုက်ရာ အထုပ်ထဲတွင် ဖိနပ်အသစ်နှစ်ရံနှင့် အင်္ကျီအသစ် နှစ်ထည်တို့ ထွက်လာသည်။

နောက်... ရှည်မျောမျော အထုပ်ကို ဖြေကြည့်လိုက်ရာ ရှောင်လုံ များစွာအံ့အားသင့်သွားရလေသည်၊

အထဲတွင် ပိုးဖဲကတ္တီပါများဖြင့် ဖုံးအုပ်ထားပြီး အတွင်းတွင် ငါးမန်းသားရေအိတ်တစ်ခု ပေါ်ထွက်လာခဲ့၏။

ထို့နောက် ဓားရိုးကို ငါးမန်းသားရေအိမ်အတွင်းမှ ဆွဲထုတ် လိုက်ရာတွင် ရွှေလက်ကိုင်ဖြင့် အလွန်ကောင်းမွန်သော ဓားရှည် တစ်ချောင်း ထွက်ပေါ်လာခဲ့သည်။



ဓားရှည်အရောင်မှာ ပြာလဲ့လဲ့ ထွက်နေပြီး အလွန်မာကြော သော အကောင်းစားသံမဏိဖြင့် သွန်းလုပ်ထားကြောင်း သိသာ ထင်ရှားလှ၏။

ရှောင်လုံက ရွှေလက်ကိုင်ရိုးနှင့် သံမဏိဓားရှည်ကို လေထဲတွင် တစ်ချက် ဝှေ့ယမ်းလိုက်၏။

"ဝိုး... ဝိုး... ဝိုး..."

လေခွင်းသံများ မြည်လာကာ အလွန်ကြီးမားသော နံ့ကောင် အကြီးစား တစ်ကောင်မှာ ဓားချက်ကြောင့် သုံးပိုင်းပြတ်ပြီး ကြမ်း ပေါ်သို့ ကျလာခဲ့သည်ကို အားလုံးမြင်တွေ့လိုက်ရ၏၊

ရဲမက်များအားလုံးနှင့် မင်းသားလေးမှာ ရှောင်လုံ၏ ဓား ကွက်ကို ကြည့်၍ မျက်လုံးပြူးနေကြ၏။ သူတို့အားလုံး မြင်လိုက် ရသည်က ရှောင်လုံဝှေ့ယမ်းလိုက်သည်မှာ ဓားချက်တစ်ချက်သာ မြင်လိုက်ရပြီး နံ့ကောင်ကြီး သုံးပိုင်းပြတ်၍ ကျလာသည်ကို အံ့သြ နေကြ၏၊

အမှန်တွင်မူ တပ်မှူးသစ်ရှောင်လုံမှာ တခြားသူမဟုတ် သိုင်း လောကတွင် နာမည်ကျော်ကြားနေသည့် လေပြင်းဓားသမား ထိလူဟုန်းပင်ဖြစ်သည်။

ထို့ကြောင့် သူ၏ဓားပညာကို အားလုံးမြင်အောင် တစ်စွန်း တစ်စ ပြသလိုက်ခြင်းဖြစ်သည်။

လေပြင်းဓားသမားထိလူဟုန်း (ခေါ်) လီထိကျင်းမှာ နေပြည် တော်သို့ လျှို့ဝှက်ကိစ္စတစ်ခုကို စုံစမ်းဖော်ထုတ်နိုင်ရန်အတွက် ကျောက်ကျားကျုံ ရွာကြီးမှ ထွက်ခွာကာ ရောက်ရှိလာခြင်းပင်။

သူ၏ဖခင်ဖြစ်သူ နတ်ဓားရှင် လီလိန်ဟုန်းနှင့်တကွ သူ့အား လုပ်ကြံသူ တရားခံကို ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် သက်သေ အထောက်အထားများနှင့် တရားခံကိုလာရောက် စုံစမ်းနေခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးပေါင်းဖီးမှာ မျိုသိပ်မထားနိုင်ဘဲ ထုတ်ဖော်ချီးမွမ်းလိုက်မိ၏။

"ရှောင်လုံ ... မင်းရဲ့ ဓားကွက်က ဘာဓားကွက်လို့ ခေါ်သလဲ၊ မင်းလို လျင်မြန်လှတဲ့ဓားကွက်မျိုးကို ငါ့တစ်သက်မှာ မမြင်ဖူးသေးဘူး၊ ငါ ... ကြားဖူးတာကတော့ သိုင်းလောကမှာဆိုရင် ဓားသိုင်းပညာအကျွမ်းကျင်ဆုံးဟာ လေပြင်းဓားသမား ထိလူ့ဟုန်းလို့ပဲ ကြားဖူးတယ်၊ မင်းရဲ့ ဓားကွက်က သိပ်လျင်မြန်ပြီး ပညာသားပါလွန်းနေတော့ မင်းဟာ လေပြင်းဓားသမား ထိလူ့ဟုန်းများ ဖြစ်နေမလား"

တပ်မှူးရှောင်လုံက ဘာမှ ပြန်မပြောဘဲ ဓားရှည်ကို ငါးမန်းသားရေအိမ်ထဲသို့ ပြန်သွင်းလိုက်ရင်း ...

"ကျေးဇူးတင်ပါတယ်၊ မင်းသားလေးပေးတဲ့ဓားလက်ဆောင်ဟာ ကျွန်တော့်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာပစ္စည်းတစ်ခုပါပဲ၊ ကျွန်တော်ဝမ်းမြောက် ဂုဏ်ယူမိပါတယ်"

ပြောပြောဆိုဆို ဒုတိယတပ်မှူး ဟိုင်ဟာန်ကို ရှောင်လုံက အမိန့်ပေးလိုက်သည်။

"ဟိုင်ဟာန် ကျုပ်ပစ္စည်းတွေကို အိပ်ခန်းထဲ ပို့လိုက်ပါ၊ ဒီဓားရှည်ကိုပါ တစ်ခါတည်းယူဆောင်သွားပါ"

ချက်ချင်းပင် ဟိုင်ဟာန်မှာ တရိုတသေဖြင့် ပစ္စည်းများကို ရှောင်လုံ၏ အိမ်ခန်းရှိရာသို့ ယူဆောင်သွားကြောင်း မင်းသားလေး မြင်လိုက်ရသည်။

ထို့ကြောင့် မင်းသားလေးက စိတ်ထဲမှ ရေရွတ်လိုက်သည်။

"သုံး လေးရက်ပဲရှိသေးတယ်၊ ရှောင်လုံရဲ့သြဇာက မသေးပါလား၊ ဒီအတိုင်း ကြာလာရင် အတော့်ကို မလွယ်တော့ပါလား"

မင်းသားလေးပေါင်းဖီးက ပြောဆိုမှုကြားစရာရှိသည်များကို ပြောဆိုမှုကြားကာ ပြန်လည်ထွက်ခွာသွားတော့သည်။



မင်းသားလေး ထွက်ခွာသွားသည်နှင့် တပ်စုမှူးတစ်ယောက်က ရှောင်လုံအား ချီးမွမ်းလိုက်ပြန်သည်။

"တပ်မှူး စောစောက ကစားပြလိုက်တဲ့ ဓားကွက်က အတော့်ကို ဆန်းကြယ်ပါလား၊ ပီကင်းနေပြည်တော်ကြီးမှာ မတွေ့ရတဲ့ ဓားကွက်မျိုးပဲ၊ အဲဒီဓားကွက်ကို ထိလူ့ဟုန်းတောင် ..."

တပ်စုမှူး၏စကားမဆုံးခင် အပြင်ဘက်မှ ရဲမက်တစ်ယောက် အပြေးအလွှား ဝင်ရောက်လာသည်။

ရှောင်လုံမှာ မျက်စိရှင်သူဖြစ်သောကြောင့် အပြင်မှပြေးဝင်လာသော ရဲမက်လုံဝတ်အား လှမ်းခေါ်လိုက်သည်။

ရဲမက်လုံဝတ်မှာ မလွဲမရှောင်သာပဲ သူ၏ညာဘက်ပါးတစ်ခြမ်းကို လက်ဝါးဖြင့်အုပ်ပြီး ရှောင်လုံ၏ရှေ့မှောက်သို့ မဝံ့မရဲဖြင့် ရောက်ရှိလာခဲ့သည်။

"မင်း ... အပြင်က ဘာဖြစ်လာတာလဲ၊ နောက် ... မင်းပါးတစ်ဖက်ကို ဘာဖြစ်လို့ လက်ဝါးနဲ့ အုပ်ထားရတာလဲ"

ရဲမက်လုံဝတ်မှာ တပ်မှူးရှောင်လုံကိုလည်း ချစ်ကြောက်ရိုသေသူဖြစ်သည်။ သို့သော် ရှောင်လုံ၏အမေးကို ချက်ချင်းပြန်မဖြေသေးပဲ တအင်း ... အင်း ... တအဲ ... အဲ လုပ်နေ၏။

ထို့ကြောင့် ဒုတိယတပ်စုမှူး ဟိုင်ဟာန်က စိတ်မရှည်နိုင်တော့ပဲ အော်ငေါက်ပြောလိုက်၏။

"ဟေ့ကောင် ... လုံဝတ် တပ်မှူးမေးနေတာ မြန်မြန်ဖြေလိုက်လေ မင်း ... မကြားဘူးလား"

"ကျွန် ... ကျွန်တော် အပြင်မှာ မိတ်ဆွေတစ်ယောက်နဲ့သွားတွေ့ပြီး ပြန်လာတာပါ၊ ဒီမှာ ... တပ်မှူးတို့စကားပြောနေတာကိုတွေ့ရလို့ အနှောင့်အယှက် မပေးချင်တာနဲ့ အိမ်ခန်းကို သွားမလို့ပါ"

ရှောင်လုံက ခပ်တည်တည်နှင့် ...

www.burmeseclassic.com

www.burmeseclassic.com



"လုံဝတ် ... မင်းပါးကို လက်ဝါးနဲ့ ဘာဖြစ်လို့အုပ်ထားရတာလဲ၊ လက်ကို အောက်ချလိုက်စမ်း"

လုံဝတ်မှာ မတတ်သာတော့ဘဲ ရှောင်လုံ၏အမိန့်အရ ပါးကို ဖုံးကွယ်ထားသော လက်အားအောက်သို့ ချလိုက်ရတော့သည်။

လက်ချလိုက်သည်နှင့် လုံဝတ်၏ဘယ်ဘက်ပါးပေါ်တွင် ညိုမည်းဖူးရောင်နေသည်ကို အားလုံးတွေ့လိုက်ရ၏။

ရှောင်လုံက လုံဝတ်အား ခပ်တည်တည်မေးလိုက်ပြန်သည်။

"မင်းပါးပေါ်က ဒဏ်ရာ ဘယ်ကရလာတာလဲ"

"ကျွန် ... ကျွန်တော် အပြင်မှာ ရန်ဖြစ်လာပါတယ်"

"ရန်ဖြစ်တယ်ဆိုတဲ့ကိစ္စက အသေးအဖွဲပါ၊ မင်းဟာ မင်းသားလေးရဲ့ ကိုယ်ရံတော်ဆိုတော့ မင်းရဲ့သိုင်းပညာ အခြေခံ ကောင်းလို့သာ ဖြစ်ရတာပေါ့၊ နောက်တစ်ချက်က မင်းဟာ မင်းသားလေးရဲ့ ကိုယ်ရံတော်ဆိုတော့ ရိုက်ချင်းရိုက်ရင် မင်းကသာ သူများကို ရိုက်ခဲ့ရမယ်၊ ခု သူများရိုက်တာကို မင်းကခံခဲ့ရတယ်ဆိုတော့ ကိုယ်ရံတော်ဆိုတဲ့ နာမည်ကိုတောင် အားနာဖို့ကောင်းလိုက်တာ၊ ရာဇဝင်လဲ ရိုင်းတယ်၊ ကဲ ... ပြောစမ်းပါဦး၊ မင်း ... ဘယ်သူနဲ့များ ရန်ဖြစ်ခဲ့လို့လဲ"

လုံဝတ်မှာ ရုတ်တရက်စကားပြောမထွက်နိုင်၊ နောက်မှ ထစ်ထစ်ငေါ့ငေါ့ လေသံဖြင့် ...

"မ ... မသိပါဘူး၊ ကြည့် ... ကြည့်ရတာ ... ဘုရင့် အမှုထမ်းတွေနဲ့တူပါတယ်"

"မင်း အမှုထမ်းဆိုတာ ဘယ်လိုလုပ်ပြီး သိသလဲ"

တပ်စုမှူးတစ်ယောက်က ကြားဖြတ်၍ ...

"တပ်မှူး အမှုထမ်းဆိုတာ နေပြည်တော်မှာ အနေကြာလာရင် သိလာရမှာပါ"

"ကောင်းပြီ သူတို့က ဘယ်နှစ်ယောက်လဲ"



"သုံးယောက်ပါ"

"သူတို့ကော ဒဏ်ရာရသွားသေးလား"

"ကျွန် ... ကျွန်တော် သူတို့ကို ပြန်မရိုက်ဝံ့ပါဘူး"

ထိုစကားကြောင့် ဒုတိယတပ်စုမှူး ဟိုင်ဟန်မှာ ဒေါသထွက်သွားကာ လုံဝတ်အား ဆဲဆိုကြိမ်းမောင်းလိုက်ပြီး လက်ပြန်ရိုက်ချရန် ရွယ်လိုက်သည်။

ရှောင်လုံက ဟိုင်ဟန်အား တားဆီးလိုက်ပြီး လုံဝတ်အား ဆက်မေးလိုက်သည်။

"သူတို့က လူများတဲ့အတွက် မင်းက ကြောက်လို့လား"

"တပ်မှူး ကျွန်တော် ကိုယ်ရံတော်ရဲမက်တစ်ယောက်ပါ၊ ဒီလောက်တော့ ကျွန်တော်သတ္တိမကြောင်ပါဘူး၊ မင်းသားလေးက ကျွန်တော်တို့ကို အမိန့်ထုတ်ထားပါတယ်၊ အပြင်မှာ ရန်မဖြစ်ရပါဘူး"

"ဘယ်လိုနေရာမျိုးကို မင်းသားလေးက မသွားဖို့ ပိတ်ပင်ထားသေးလဲ"

"အမှတ်ရှစ်လမ်းမကြီးကို အထူးသဖြင့် ကျွန်တော်တို့ကို မသွားစေရပါဘူး"

"အဲဒီလမ်းကို ဘာဖြစ်လို့ သွားခွင့်မပြုတာလဲ"

တပ်စုမှူးတစ်ယောက်က လုံဝတ်ကိုယ်စား ဝင်ရောက်အဖြေပေးလိုက်၏။

"ဒီလိုပါ တပ်မှူး၊ အဲဒီလမ်းမကြီးဟာ လူမျိုးစုံ ဝင်ထွက်သွားလာနေတဲ့အတွက် ပြဿနာဖြစ်မှာစိုးလို့ မသွားဖို့ တားမြစ်ထားတာပါ"

"ကောင်းပြီ ... လုံဝတ် မင်း ဘယ်လိုကြောင့် ရန်ဖြစ်လာတယ်ဆိုတာ ငါ့ကို တစ်လုံးမကျန် ပြန်ပြောစမ်း"

"ဒီလိုပါ ကျွန်တော် ဟို ... ဟို ... အမျိုးသမီးတစ်ယောက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါတယ်၊ သူတို့ကလည်း ကျွန်တော်ခေါ်လာတဲ့ အမျိုးသမီးကို မှ တွေ့ချင်ကြတယ်၊ အဲဒါနဲ့ပတ်သက်ပြီး ခုလို ဖြစ်ရတာပါပဲ”

ရှောင်လုံက တစ်ချက်စဉ်းစားလိုက်ပြီး ...

“ကောင်းပြီ ... လုံဝတ် မင်း ငါ့ကိုလိုက်ပြစမ်း၊ ဟိုင်ဟန်နဲ့ ချန်တာ့ မင်းတို့နှစ်ယောက် ငါ့နောက် လိုက်ခဲ့ကြပါ”

ထိုစကားကြောင့် လုံဝတ်မှာ မျက်နှာတွင် သွေးမရှိတော့ဘဲ အလွန်ကြောက်ရွံ့ တုန်လှုပ်သွားကာ ...

“ဟာ ... တပ် ... တပ်မှူး မင်းသားလေးကို အကြောင်းပြန် ဦးမယ်၊ နောက် ... နောက်ပြီး စည်းကမ်းချက်တွေ ...”

ရှောင်လုံက လုံးဝဂရုမစိုက်ဟန်ဖြင့် ...

“ကျုပ်လူကို တခြားလူက အနိုင်ကျင့်တာ လက်မခံနိုင်ဘူး၊ ဒီလိုငြိမ်ခံနေရင် တို့ရဲ့ကိုယ်ရံတော်တပ်က သိက္ခာကျတယ်၊ ကဲ ... လိုက်ခဲ့ကြ ...”

ပြောပြောဆိုဆို လေးယောက်သား အပြင်ဘက်သို့ ထွက်ခွာ သွားကြသည်။

လုံဝတ်က ရှေ့မှ လမ်းပြခေါ်ဆောင်သွားကာ မကြာမီပင် အမှတ်ရှစ်လမ်းမကြီးကို လေးယောက်သား ရောက်လာခဲ့ကြသည်။

သူတို့ရောက်ရှိသွားချိန်မှာ အလွန်စည်ကားသော အချိန်ဖြစ် သဖြင့် အမှတ်ရှစ်လမ်းမကြီးတွင် လူများ၊ မြင်းလှည်းများ စသည်ဖြင့် ရှုပ်ယှက်ခတ် သွားလာနေကြ၏။

အမှတ်ရှစ်လမ်းမကြီးထဲ ဝင်သွားလိုက်သည်နှင့် သီချင်းဆို သံများ၊ စာဟောသံများ၊ ဇာတ်အဖွဲ့မှ အသံများ၊ အမျိုးသမီးညှို့ ကြိုသံများ ဆူညံစွာကြားနေရ၏။

ရှောင်လုံက လုံဝတ်အား မေးလိုက်၏။

“လုံဝတ် ဘယ်အဆောင်လဲကွ”

“ယိစန်းဟွာဆိုတဲ့ ဂေဟာပါပဲ”



ရှောင်လုံသည် ယိစန်းဟွာဂေဟာဆိုသည့် အသံကိုကြား လိုက်သည်နှင့် ထိတ်ခနဲဖြစ်သွားပါသည်။

ထို့ကြောင့် ရှောင်လုံစိတ်ထဲတွင် တွေးလိုက်မိသည်။

“ဟို ပြဇာတ်ရုံက တံမြက်စည်းလှည်းတဲ့ ထိပ်ပြောင်အဘိုး ကြီးရှမ်လုပြောတဲ့ ဂေဟာဖြစ်နေပါလား၊ ဒါဆိုရင် ကျင်းထောင် ဆိုတဲ့ လူယုတ်မာကြီးဖွင့်ထားတဲ့ ဂေဟာဖြစ်မှာပဲ”

ချန်တာ့က လုံဝတ်အားကြည့်ကာ ...

“သူတို့ အထဲမှာရှိနေသေးလား”

“ရှိပါသေးတယ် သူတို့ စောစောကမှ ဝင်သွားကြတာပါ”

ရှောင်လုံက ကြားဖြတ်၍ ဝင်မေးလိုက်ပြန်သည်။

“လုံဝတ် ဒီဂေဟာဖွင့်တဲ့လူကို သိလား”

“သိပါတယ် ကျင်းထောင်ဆိုတဲ့အဘိုးကြီးဖွင့်ထားတဲ့ ဂေဟာ ပါ၊ ဒီအနီးတစ်ဝိုက်မှာဆိုရင် အဲဒီအဘိုးကြီးဟာ ပိုက်ဆံချမ်းသာပြီး ဩဇာလည်း တော်တော်ရှိတယ်”

“မင်းနဲ့ ရင်းနှီးသလား”

“ရင်းတော့ မရင်းနှီးပါဘူး တွေ့ဖူးမြင်ဖူးရုံပဲ ရှိပါတယ်”

“သူ့ပုံသဏ္ဌာန်က ဘယ်လိုလဲ”

“အသက်ငါးဆယ်လောက်ရှိပြီး ပိန်ပိန်ပါးပါး၊ အသားဖြူဖြူ အဘိုးကြီးတစ်ယောက်ဖြစ်ပါတယ်၊ နေပြည်တော်မှာလဲ အပေါင်း အသင်းဆန့်ပြီး လူသိများပါတယ်”

“သူ့ရဲ့ရာဇဝင်ကော သိသလား”

“ဒါတော့ မသိပါဘူး၊ ကြည့်ရတာ လူကောင်းတစ်ယောက် တော့ ဟုတ်မယ်မထင်ပါဘူး”

ခဏအကြာတွင် လေးယောက်သား ‘ယိစန်းဟွာ’ ဂေဟာ ရှေ့သို့ ရောက်လာခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဂေဟာကြီး၏တံခါးနှစ်ချပ်လုံးမှာ ဆေးနီများ သုတ်ထားပြီး 'ယိစန်းဟွာ'ဂေဟာဟု စာလုံးကြီးများဖြင့် ထွင်းထားသော ဆိုင်းဘုတ်ကြီးက တံခါး၏အပေါ်ဘက်ကျကျ နေရာ၌ ခန့်ထည်စွာ နေရာယူထား၏။

ဂေဟာအတွင်းဘက်မှ သီးချင်းဆိုသံများ၊ အမျိုးသမီးလေးများ၏ တွတ်တီး တွတ်တာနှင့် စကားပြောဆိုသံများကို ကြားနေရသည်။

တံခါးမှ အစောင့်နှစ်ယောက်မှာ လုံဝတ်တို့လူစုအား မြင်လိုက်ရသည်နှင့် မျက်နှာပျက်သွားကာ အတွင်းဘက်သို့ အရေးတကြီး ဝင်ရောက်သွားကြ၏၊

မျက်စိရှင်သော ဟိုင်ဟန်က ပြေးဝင်သွားသော အစောင့်တစ်ယောက်အား ပြေးလွှား၍လိုက်သွားကာ ဂုတ်ပိုးကို ဆွဲထားလိုက်ပြီးနောက် …

"ဟေ့ကောင် … ဧည့်သည်တော်တွေလာနေတာ တွေ့လျက်သားနဲ့ ဘာကြောင့် ပြေးသွားရတာလဲ"

အစောင့်က မဲ့ပြုံး ပြုံးကာ …

"အို … ဆရာကြီးတို့ပါလား၊ ဧည့်သည်တွေမှ မဟုတ်ဘဲ၊ ကျွန်တော် ပြေးဝင်သွားတာက ဗိုက်နာလို့ အိမ်သာတတ်ရအောင်လို့ပါ"

ရှောင်လုံက လုံဝတ်အား …

"ကဲ … လုံဝတ် တို့ကို ရှေ့က လမ်းပြခေါ်သွားပေတော့"

ယိစန်းဟွာဂေဟာမှာ အတွင်းဘက်တွင် အတော်ကျယ်ဝန်းသော အခန်းကြီးများရှိနေပြီး အနောက်ဘက် အဆောင်ဝမှာ လခြမ်းပိုင်းသဏ္ဍာန်ရှိသည်။

ထိုအခန်းကျယ်ကြီးမှာ အတွင်းဘက်မှပျော်ပါးနေကြသော ရယ်မောသံများ ဆူညံလျက်ရှိ၏။ အခန်းများကို ကြည့်ရခြင်းအား



ဖြင့် အခန်းတစ်ခန်း၌ ဝင်ရောက်ပျော်ပါးနိုင်ရန် ငွေကြေးတတ်နိုင်သူများမှသာ လာနိုင်ပေမည်။

အခန်းများစွာကို ဖြတ်ကျော်လာခဲ့ပြီး ရဲမက် လုံဝတ်က အခန်းတစ်ခန်းရှေ့သို့ ရောက်သောအခါ ရပ်တန့်လိုက်ပြီး …

"တပ်မှူး … အဲဒီအခန်းပါပဲ"

ဟိုင်ဟန်က ဖမ်းဆွဲလာခဲ့သော အစောင့်အား ပြန်လွှတ်လိုက်၏။ အစောင့်မှာ နောက်ပြန်လှည့်မကြည့်တော့ဘဲ တစ်ချိုးတည်း လစ်ထွက်သွားတော့သည်။

အခန်းမှာ စေ့ရုံစေ့ထားသဖြင့် လေးယောက်သား တံခါးကို ဆွဲဖွင့်ကာ အခန်းတွင်းသို့ ဝင်ရောက်သွားလေသည်။

အခန်းထဲတွင် လူသုံးယောက်ထိုင်လျက်ရှိနေပြီး သူတို့၏ရှေ့တွင် လှပချောမောသော မိန်းမပျိုလေးတစ်ယောက်က သီချင်းဆိုပြနေသည်ကို တွေ့လေသည်။

မိန်းမပျိုလေးမှာ ရှောင်လုံတို့ ရုတ်တရက်ဝင်ရောက်လာသည်ကို တွေ့လိုက်ရသဖြင့် တစ်ချက်ကြောင်အန်းသွားကာ သီချင်းကို တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

လူသုံးယောက်မှာ နောက်သို့လှည့်ကြည့်လိုက်ရာ လုံဝတ်တို့လူစုကို တွေ့သွားသဖြင့် အလယ်မှလူတစ်ယောက်က ဒေါသဖြင့် လှမ်းမေးလိုက်သည်။

"ဟေ့ကောင် … လုံဝတ် မင်းက မင်းတစ်ယောက်တည်း အရိုက်ခံရတာ အားမရလို့ နောက်ထပ်အရိုက်ခံမယ့်လူ သုံးယောက်ကို ထပ်ခေါ်လာတာလားကွ"

ဘယ်ဘက်အစွန်လူက သီချင်းဆိုနေသော မိန်းမချောလေးအား …

"ဟေ့ … ကောင်မလေး နင်အပြင်ထွက်သွားစမ်း၊ ခဏကြာ နင့်ကိုပါ သူတို့ရဲ့သွေးစက်တွေ စွန်းပေကုန်မယ်"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုလေးထွက်သွားသည်နှင့် ညာဘက်လူက လုံဝတ်တို့လူစုအား ခပ်တည်တည် စိုက်ကြည့်ကာ ...

"မင်းတို့က ဘာသဘောနဲ့ ဝင်လာကြတာလဲ၊ တို့ရဲ့ ပျော်ပါးနေတဲ့အချိန်လေးကို မင်းတို့ဖျက်ဆီးလိုက်တဲ့အတွက် မင်းတို့ကိုကောင်းကောင်းဆုံးမရမယ်"

ပြောပြောဆိုဆို လူလတ်ပိုင်းသုံးယောက်က တိုက်ခိုက်ကြတော့မည့်ဟန်ဖြင့် လုံဝတ်တို့ရှိရာသို့ ဝင်ရောက်လာကြ၏။

ဟိုင်ဟန်နှင့် ချန်တာ့တို့နှစ်ယောက်ကလည်း ပြန်လည်တိုက်ခိုက်ရန် အသင့်ပြင်လိုက်ချိန်ဝယ် ...

"ဟိတ် ... မင်းတို့အားလုံး ခဏရပ်လိုက်ကြပါ"

သြဇာသံပါသော ဟန့်တားလိုက်မှုကြောင့် အားလုံးခေတ္တရပ်သွားကြသည်။ ဟန့်တားလိုက်သူမှာ ရှောင်လုံပင် ဖြစ်၏။

"နေကြပါဦး မိတ်ဆွေတို့၊ ကျုပ်ဒီကို လိုက်လာတာဟာ တခြားကိစ္စကြောင့် မဟုတ်ပါဘူး၊ ကျုပ်တပည့်လေးကို ခင်ဗျားတို့ ဘာဖြစ်လို့ ရိုက်လိုက်ကြတယ်ဆိုတာ သိချင်လို့ပါပဲ"

လူသုံးယောက်ထဲမှ လူတစ်ယောက်က သူ့အဖော်ဖြစ်သူအား ပြောလိုက်၏။

"ဟ ... တို့ကို လာမေးနေရသလားကွ၊ ဟေ့ကောင် ... လောက်တုံး ပြောပြလိုက်စမ်းပါကွာ"

"ဘာဖြစ်လို့ရိုက်သလဲဆိုတော့ ကြည့်မရလို့ပဲ၊ မင်းတို့ ဘာလုပ်ချင်လဲ"

ရှောင်လုံက အပြုံးမပျက်ဘဲ ခပ်အေးအေးပြန်ပြောလိုက်၏။

"မင်းတို့က ငါ့တပည့်လေးကို ဝိုင်းရိုက်တယ်ဆိုတော့ တယ်သတ္တိကောင်းပါလား၊ မင်းတို့ရဲ့သတ္တိ ဘယ်လောက်ကောင်းတယ်ဆိုတာ ကြည့်ရအောင်"



ပြောပြောဆိုဆို လူသုံးယောက်အနက် မျက်ခုံးထူထူနှင့် လူလတ်ရှေ့သို့ ရှောင်လုံက လျှပ်စီးလက်သည့်အလား ဖြတ်ခနဲရောက်ရှိသွားတော့သည်။

ထိုမျက်ခုံးထူထူနှင့် လူလတ်မှာ ခုခံရန်ပင် အချိန်မရလိုက်၊ ရှောင်လုံက ထိုလူ၏ညာဘက်လက်ကောက်ဝတ်ကို ရုတ်တရက်ဖမ်းကိုင်ကာ လိမ်ချိုးလိုက်၏။

မျက်ခုံးထူထူနှင့် လူမှာ လက်တစ်ဘက်အလိမ်ခံလိုက်ရသည်နှင့် နာကျင်စွာ ညည်းညူအော်ဟစ်ကာ ကိုယ်ခန္ဓာတစ်ပတ်လည်ထွက်သွားလေသည်။ ထိုလူမှာ ရှောင်လုံအား ကျောပေးလျက်အနေအထားနှင့် နာကျင်စွာ အော်ဟစ်နေ၏။

ရှောင်လုံက ထိုလူ၏တင်ပါးဆုံအား ညာခြေထောက်ဖြင့် ဆတ်ကနဲ ကန်လိုက်ရာ ရှေ့သို့ ခုနစ်ပေ ရှစ်ပေခန့် လွင့်ထွက်သွားပြီး မှောက်လျက်လဲကျသွားတော့၏။

ကျန်နှစ်ယောက်မှာ သူတို့အဖော်ခံလိုက်ရသဖြင့် ဒေါသထွက်လာပြီး ရှောင်လုံကို ဝိုင်းဝန်းတိုက်ခိုက်ကြ၏။

တစ်ယောက်က ကျောက်စားပွဲကြီးကို မ, ကာ ရှောင်လုံအား ကိုင်ပေါက်ရန် ကြံလိုက်သည်။ ရှောင်လုံက အပြုံးရောင် ကျောက်စားပွဲကြီးအား လက်တစ်ဘက်နှင့် အသာဖိထားလိုက်ရာ ကျောက်စားပွဲကြီးမှာ မ၍ပင် မကြွတော့ချေ။

ကျန်တစ်ယောက်က ကျောက်စားပွဲကြီးပေါ်ရှိ လက်ဖက်ရည်ကရားဖြင့် ရှောင်လုံအား ပစ်ပေါက်လိုက်သည်။

လက်ဖက်ရည်ကရားမှာ ရှောင်လုံအား မထိဘဲ နောက်မှ အခန်းနံရံနှင့်ထိကာ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားတော့၏။

ထိုလူက သူ၏ပစ်ချက် လွဲသွားသောကြောင့် ပိုမိုဒေါသထွက်လာကာ ခါးတွင်အသင့်ရှိနေသော ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘေးမှ အသင့်ရပ်နေသော ဟိုင်ဟန်က စိုးရိမ်စွာဖြင့် ခါးမှ သံပေတံကို ဆွဲထုတ်ယူကာ ထိုလူ၏ဓားမြှောင်ကိုင် လက်ကောက်ဝတ်ကို ခုတ်ချရန် လက်ကိုမြှောက်လိုက်၏။

ရှောင်လုံက လျှင်မြန်စွာရှေ့တတ်သွားကာ ဟိုင်ဟန်သံပေတံနှင့် ရိုက်မချနိုင်သေးမီ ဓားမြှောင်ကိုင်ထားသူ၏လက်ကောက်ဝတ်ကို ခပ်ဆတ်ဆတ်လေး ရိုက်ချလိုက်၏။

ဓားမြှောင်ကိုင်လူမှာ ရှောင်လုံ၏လက်ဝါးစောင်းခုတ်ချက်ကို ထိကာ လက်ကောက်ဝတ် သွင်သွင်ကျိုးသွားလေတော့သည်။

တစ်ဆက်တည်း ရှောင်လုံက ထိုလူ၏ဗိုက်သို့ ဘယ်ခြေဖြင့် တစ်ချက်ကန်လိုက်ပြန်ရာ ထိုလူမှာ 'အင့်'ကနဲ အသံတစ်ချက်မြည်သွားပြီး ရှေ့သို့ ကုန်းကုန်းကြီးဖြစ်နေကာ ဗိုက်ကိုလက်ဝါးနှစ်ဘက်ဖြင့် အုပ်ထား၏။

နောက်မှ တဖြည်းဖြည်း ကြမ်းပြင်ပေါ်သို့ မှောက်လျက်သားလဲကျသွားလေတော့သည်။

ရှောင်လုံ၏ လျှင်မြန်စွာတိုက်ခိုက်မှုကြောင့် လူသုံးယောက်အနက် နှစ်ယောက်မှာ မရှုမလှ ဒဏ်ရာရသွားကြ၏။

ကျန်တစ်ယောက်မှာ ရှောင်လုံအား အနည်းငယ်ဖြုံသွားကာ လှမ်းမေးလိုက်၏။

"မိတ်ဆွေက ဘယ်ဂိုဏ်းကပါလဲ"

"ကျုပ် ... ဒီမြို့ထဲကပဲ ဘယ်ဂိုဏ်းကမှ မဟုတ်ဘူး"

ထိုလူမှာ အနည်းငယ်အံ့ဩသွားကာ ...

"ဟင် ... ဒီမြို့ကဆိုရင် ကျုပ် မသိတဲ့သူ မရှိသလောက်ပဲ မိတ်ဆွေကို တစ်ခါမှ မမြင်ဘူးပါလား"

ရှောင်လုံက ထိုလူ၏အမေးကို ဆက်မဖြေဘဲ ပြန်လည်၍ မေးခွန်းထုတ်လိုက်၏။



"ဒါနဲ့ ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဘာအလုပ် လုပ်ကြသလဲ"

ထိုလူက သူ့အိတ်ထဲမှ အသိအမှတ်ပြု တံဆိပ်တစ်ခုကို ထုတ်ပြလိုက်၏။

"ဪ ... ခင်ဗျားတို့က နေပြည်တော်ရဲ့ လုံခြုံရေးတပ်ဖွဲ့က လူတွေကိုး"

ထိုလူက မဲ့ပြုံး တစ်ချက်ပြုံးလိုက်ပြီး ...

"အေး ... တို့ဟာ ပီကင်းနေပြည်တော်ရဲ့ လုံခြုံရေးတပ်က ရဲမက်တွေပဲ၊ ကျုပ်တို့ နေပြည်တော်လုံခြုံရေးက ရဲမက်တွေကို တော်ရုံတန်ရုံလူက ဝင်ရောက်မစွက်ဖက်ရဲဘူး၊ ခု မိတ်ဆွေက ကိုယ်ထိလက်ရောက် ကျုပ်လူတွေကို စော်ကားတယ်ဆိုတော့ ဒီကိစ္စကို တော်တော်လေး ရှင်းယူရမယ့် ကိစ္စပဲ"

ထိုလူက ပမာမခန့် အမူအရာဖြင့် မောက်မာစွာ ပြန်ပြောလိုက်၏။

ရှောင်လုံက ခပ်အေးအေးပင် ပြန်ဖြေလိုက်သည်။

"ဒါပေမယ့် ကျုပ်တပည့်လေးကို မင်းတို့က ရိုက်လွှတ်လိုက်တာကို ကျုပ်က ငြိမ်ခံနေမှာ မဟုတ်ဘူး၊ ဒါကြောင့် မင်းတို့ကို သာရှာတာပဲ"

"မိတ်ဆွေရဲ့တပည့်က ကျုပ်တို့ကို မစုံစမ်းဘဲ သူ့ဒုက္ခကို သူရှာတာပဲ ဖြစ်တယ်၊ တကယ်ဆိုရင် ကျုပ်တို့ဟာ ဘယ်မှာအမှုထမ်းနေတဲ့လူတွေဆိုတာကို အလျင်စုံစမ်းဖို့ ကောင်းတယ်"

ရှောင်လုံမှာ ထိုလူ၏စကားကြောင့် ဒေါသထွက်လာကာ ထိုလူ့ထံမှ နေပြည်တော်လုံခြုံရေးတပ်ဖွဲ့မှ အသိအမှတ်ပြု နဂါးရုပ်ကြေးပြားလေးကို လက်ချောင်းလေးနှစ်ချောင်းဖြင့်ညှပ်ခါ ဖျက်ဆီးပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တွန့်လိမ်ကောက်ကွေးနေသော နဂါးရုပ်ကြေးတံဆိပ်လေးအား ကျောက်စားပွဲပေါ်သို့ ပစ်တင်ပေးလိုက်၏။

ထိုလူမှာ မျက်နှာအကြီးအကျယ်ပျက်သွားပြီး ...

"ဟင် ... မင်း ... မင်း ... ငါ့ရဲ့ အသိအမှတ်ပြု တံဆိပ်ကို ဖျက်ဆီးဝံ့တယ်၊ မင်း ဒီကိစ္စအတွက် အပြစ်မသေးဘူးဆိုတာကို နားလည်ရဲ့လား"

ထိုလူမှာ ရှောင်လုံ၏အတွင်းအားကို သိရှိ ရိပ်မိသွားကာ ဒေါသအလွန်ထွက်နေသော်လည်း ကိုယ်ထိလက်ရောက် မလုပ်ဝံ့တော့ပေ။

ရှောင်လုံက အပြုံးမပျက် အေးစက်စက်ပင် ပြန်ပြောလိုက်၏။

"မင်း ... ငါ့ကို ခြိမ်းခြောက်မနေနဲ့၊ ငါ ... မင်းတို့ကို ကြောက်နေမယ်ဆိုရင် ဒီနေရာ ဟိုတောင် မလာဘူးမှတ်"

ထိုလူက ရှောင်လုံကို သက်ာမကင်းဖြစ်လာကာ ...

"မိတ်ဆွေက ဘယ်မှာ အမှုထမ်းပါသလဲ၊ ဘယ်လိုအဆင့်ရှိ ..."

ထိုလူ၏စကားမဆုံးခင် အခန်းအပြင်ဘက်မှ လူငါးယောက် ဝင်ရောက်လာသည်။

ရှေ့ဆုံးမှ ဝင်လာသူမှာ သူဌေးတစ်ဦး၏ဟန်အပြည့်နှင့်ဖြစ်ပြီး နောက်မှ လူသန်ကြီး လေးဦးမှာ လက်နက်ကိုင်စီဆွဲကိုင်ကာ ဝင်ရောက်လာကြ၏။

ရှေ့မှ သူဌေးကြီး၏ဟိတ်ဟန်အပြည့်နှင့်လူက အခန်းထဲရှိ နေပြည်တော်လုံခြုံရေးမှ ရဲမက်များ မရှုမလှခံနေရသည်ကို မြင်လိုက်ရသဖြင့် ရှောင်လုံအား မျက်နှာချိုသွေးကာ နှုတ်ဆက်လိုက်လေသည်။

"ဆရာလေးတို့က ဘယ်မှာ အမှုထမ်းပါသလဲ၊ နာမည်လေးတွေ တဆိတ်လောက် သိပါရစေ"



ရှောင်လုံက အဘိုးကြီးအား ကျင်းထောင်ဟု ထင်မှတ်ပြီး အမေးများကို မဖြေဘဲ ပြန်လည်မေးလိုက်၏။

"ဆရာကြီးက ဘယ်သူလဲ နာမည်ဘယ်လိုခေါ်ပါသလဲ"

"ကျုပ်ကတော့ ဒီဆိုင်ရဲ့အကြီးအကဲ အုပ်ချုပ်သူဆိုပါတော့၊ ကျုပ်နာမည်က ဟောလန်လို့ ခေါ်ပါတယ်"

ထိုအခါ ရှောင်လုံက မိမိ၏တပည့်လုံဝတ် အရိုက်ခံရ၍ လာရောက်ဖြေရှင်းသည်များကို ပြန်ပြောပြလိုက်သည်။

"ဒီဆိုင်မှာ ကျုပ်ကြောင့် ပျက်စီးသွားတဲ့ ပစ္စည်းစာရင်းနဲ့ တန်ဘိုးကို တွက်ချက်ထားပါ၊ ကျုပ် လျော်ကြေးပေးခဲ့ပါ့မယ်"

အဘိုးကြီးက ပြုံးရယ်လိုက်ပြီး ...

"ဟာ ... မလိုပါဘူး၊ ဆရာတို့က ဒီဆိုင်က ဖောက်သည်တွေထင်ပါတယ်၊ ဒါလောက် ပျက်စီးသွားတာဟာ အကြောင်းမဟုတ်ပါဘူး၊ ဒါပေမယ့် ဆရာလေးတို့ ဒီလူသုံးယောက်ဟာ ဘယ်ကလဲ ဆိုတာ မသိသေးဘူးနဲ့ တူပါတယ်"

"သိပါတယ်၊ သူတို့သုံးယောက်ဟာ နေပြည်တော်လုံခြုံရေး ရဲမက်တွေပါ"

ထိုစကားကြောင့် ဆိုင်အုပ်ချုပ်သူ လူကြီးမှာ ပိုမိုအံ့အားသင့်သွားကာ ထိတ်လန့်သွားမိ၏။

နေပြည်တော်လုံခြုံရေးမှ ရဲမက်များဖြစ်ကြောင်းကို သိပါလျက်နှင့် ဝင်ရောက်ထိပါးရဲသည်မှာ တော်ရုံ တန်ရုံပုဂ္ဂိုလ်တော့ မဖြစ်နိုင်။

ထို့ကြောင့် မျက်နှာကို အပြုံးချိုဆုံးထားကာ ...

"သိရင် ပြီးတာပါပဲ၊ ဒါနဲ့ ဆရာလေးတို့က ဘယ်ကလဲ"

"ကျုပ် ... မင်းသားလေးပေါင်းဖီးရဲ့ ကိုယ်ရံတော်တပ်မှူး ဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို အိတ်ထဲမှ အသိအမှတ်ပြု တံဆိပ်တစ်ခုကို ထုတ်ပြလိုက်၏။

ထိုစကားကြောင့် အခန်းထဲရှိ လူများအားလုံး ကြောက်ရွံ့တုန်လှုပ်သွားကြကာ အဘိုးကြီးမှာလည်း မျက်နှာကွက်ခနဲ ပျက်သွားပြီး ...

"သြော် ... ဆရာလေးတို့က မင်းသားလေးရဲ့ ကိုယ်ရံတော်တပ်ဖွဲ့က ရဲမက်တွေနဲ့ တပ်မှူးကိုယ်တိုင်ပါလာတာကိုး၊ စောစောကတည်းက ဖွင့်ပြောလိုက်ရင် ဒီကိစ္စဖြစ်လာဖို့တောင် မလိုပါဘူး ခင်ဗျာ၊ ကဲ ... ကဲ ... ဆရာလေးတို့က အချင်းချင်းတွေဖြစ်တဲ့အတွက် ကျုပ်ကပဲ ဒီကိစ္စကိုကျေအေးဖို့ တောင်းပန်ပါတယ်၊ ကဲ ... ရောက်တုန်းရောက်ခိုက် ဆရာလေးတို့ကို ပြုစုပါရစေ"

ရှောင်လုံက ငြင်းဆန်သော်လည်း ဆိုင်အုပ်ချုပ်သူ အဘိုးကြီးမှာ ဇွတ်အတင်းပြောနေသောကြောင့် လက်ခံလိုက်ရ၏။

ရှောင်လုံက ပြုံးရယ်ကာ အဘိုးကြီးအား ပြောလိုက်၏။

"ခု ကိစ္စမှာ အချင်းချင်းတွေဖြစ်နေတဲ့အတွက် ကျုပ် ကျေအေးပါတယ်၊ ဒါကြောင့် အဲဒီလူသုံးဦးကိုလဲ ကျုပ်တို့နဲ့အတူ ဧည့်ခံပွဲမှာ သူတို့ကိုလဲ ဖိတ်လိုက်ပါ"

ဆိုင်အုပ်ချုပ်သူ အဘိုးကြီးမှာ ထိုစကားကြောင့် အတော်လေး အံ့အားသင့်သွားပြီး ...

"သြော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကျုပ်မေ့နေတယ်၊ သူတို့သုံးယောက်ကိုလဲ ဆရာလေးတို့နဲ့အတူ ဧည့်ခံရမှာပဲ၊ ခုလို ရန်ဖြစ်ပြီးမှ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေဖြစ်ရတာ အလွန်ပဲ ရှားပါးလှတဲ့ကိစ္စတစ်ခုပါ၊ ဒါကြောင့် ... ဆရာလေးတို့ သူတို့နဲ့ ပိုမို ရင်းနှီးသွားနိုင်ပါတယ်၊ ဆရာလေးရဲ့ မွန်မြတ်တဲ့စိတ်ထားကိုလဲ ချီးကျူးပါတယ်"

❖ ❖ ❖



ထို့နောက် အဘိုးကြီးက ဦးဆောင်ကာ ဂေဟာ၏အထူးဧည့်ခန်းဆောင်သို့ ရှေ့ရှုကာ ခေါ်ဆောင်သွားလေသည်။

မကြာမီ ဂေဟာ၏အနောက်ဆောင်ဘက် ခြံကြီးအစွန်ရှိ အထူးတိတ်ဆိတ်၍ နေချင့်စဖွယ်ကောင်းသော သီးသန့်ခန်းထဲသို့ အလျင်ဝင်ရောက်လာခဲ့ကြသည်။

အဘိုးကြီးက ဧည့်ခန်းတွင် ထိုင်မိကြသောအခါ ...

"ဒီနေရာလေးဟာ အထူးဧည့်သည်တွေကို ဖိတ်ကြားဧည့်ခံတဲ့ နေရာလေးဖြစ်ပါတယ်။ တစ်ခါတစ်ရံ ဂေဟာဆိုင်ရှင် သူဌေးကြီးကိုယ်တိုင် ဒီမှာလာပြီး အပန်းဖြေ အနားယူတတ်ပါတယ်"

အဘိုးကြီးက ဧည့်ခန်းဆောင်ထဲမှ ပြန်လည်ထွက်ခွာသွားသောအခါ နေပြည်တော်လုံခြုံရေးတပ်ဖွဲ့မှ ရဲမက်များက ရှောင်လုံအား ဝိုင်းဝန်းတောင်းပန်ကြ၏။

"ကျွန်တော်တို့ သုံးယောက်က ဆရာလေးကို တောင်းပန်ပါတယ်၊ ပြောမှားဆိုမှားရှိခဲ့တာကို ခွင့်လွှတ်ပါ၊ နောင် ... ကျွန်တော်တို့ကို ဘာပဲဖြစ်ဖြစ် ဆရာလေးခိုင်းချင်တာ ခိုင်းနိုင်ပါတယ်"

ရှောင်လုံက ပြုံးရယ်၍ ...

"ဒီလိုလဲ မဟုတ်သေးဘူးလေ၊ ကျုပ်တို့ဟာ အချင်းချင်းတွေ ဖြစ်နေကြပြီပဲ၊ ကျုပ်လဲ နောင်တစ်ချိန်မှာ ခင်ဗျားတို့ဆီက အကူအညီတောင်းစရာ တစ်ခုခု ရှိလာမှာပါ"

မကြာမီ ဆိုင်အုပ်ချုပ်သူအဘိုးကြီးနှင့် ဂေဟာပိုင်ရှင် သူဌေးကြီးကျင်းထောင်တို့ ရောက်လာကြ၏။ သူတို့နှင့်အတူတူ စားသောက်ဖွယ်ရာများလည်း တစ်ပါတည်း ပါလာကြကာ တည်ခင်းကျွေးမွေး ဧည့်ခံလေသည်။

ဂေဟာပိုင်ရှင် အဘိုးကြီးမှာ အသက်ငါးဆယ်ပတ်ဝန်းကျင်ခန့်ရှိမည်ဟု ထင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ လက်ထဲတွင် ဝါးဖြင့် ပြုလုပ်ထားသော ဆေးတံရှည်ကြီး တစ်ချောင်း ကိုင်လျက်ရှိ၏။

ဝတ်စားထားသော အဝတ်အစားများမှာ အဖိုးတန် ပိုး၊ ဖဲ၊ ကတ္တီပါများကို ဝတ်စားထားသော်လည်း သူဌေးကြီးတစ်ဦးနှင့်မတူပဲ သာမန်အရပ်သားတစ်ယောက် ပုံစံလို ဖြစ်နေ၏။

ဆိုင်အုပ်ချုပ်သူအဘိုးကြီးက သူဌေးကြီးကျင်းထောင်အား ဧည့်သည်များနှင့် မိတ်ဆက်ပေးလိုက်သည်။

"သူဌေးမင်း ဒီကပုဂ္ဂိုလ်လေးကတော့ ပေါင်းဖီးသခင်လေးရဲ့ ကိုယ်ရံတော် တပ်မှူး ရှောင်လုံပါပဲ၊ သူတို့သုံးယောက်ကတော့ တပ်မှူးရဲ့ တပည့်တွေဖြစ်ပါတယ်၊ ဒီဘက်ကသုံးယောက်ကတော့ နေပြည်တော်လုံခြုံရေးတပ်ဖွဲ့က ရဲမက်တွေဖြစ်ပါတယ်"

"ဟုတ်ကဲ့ ... တပ်မှူးတို့နဲ့ အခုလိုသိရတာ ကျုပ် ဝမ်းသာပါတယ်၊ ကျုပ်ကတော့ ဒီဂေဟာရဲ့ပိုင်ရှင် သူဌေးကြီးကျင်းထောင်ဖြစ်ပါတယ်"

"ကျွန်တော် နေပြည်တော်ကိုရောက်တာ မကြာသေးပါဘူး၊ မင်းသားလေးရဲ့ ကိုယ်ရံတော်တပ်မှူး မဖြစ်ခင်ကတည်းက သူဌေးမင်းရဲ့ နာမည်ကို ကြားဖူးနေပါတယ်၊ ခုမှပဲ လူချင်းဆုံရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါတယ်"

"ဟုတ်ကဲ့ ... ဆရာလေးရဲ့ သိုင်းပညာအစွမ်းက နေပြည်တော်မှာ အလွန်ပဲ ကျော်ကြားနေပါတယ်၊ ဒီလိုပုဂ္ဂိုလ်မျိုးနဲ့ မိတ်ဆွေဖြစ်ရတာ ကျုပ် ... ဂုဏ်ယူမဆုံးပါဘူး၊ ဖြစ်နိုင်ရင် ဆရာလေးရဲ့သိုင်းစွမ်းရည်ကို ကြည့်ခွင့်ပေးပါလား"

ရှောင်လုံက ဘာမျှပြန်မပြောဘဲ စားသောက်ဖွယ်ရာများကို စားလိုက်၊ အရက်သောက်လိုက်နှင့် အားလုံးမှာ ပျော်ပျော်ပါးပါး စားသောက်နေကြ၏။



အချိန်မှာ တဖြည်းဖြည်းကုန်လွန်လာပြီး ညဥ့်နက်သန်းခေါင်ပင် ကျော်လွန်လာခဲ့၏။ ထို့ကြောင့် အားလုံးပြန်ကြရန် အသီးသီးနှုတ်ဆက်လိုက်ကြသည်။

နေပြည်တော်လုံခြုံရေးတပ်ဖွဲ့မှ ရဲမက်သုံးယောက်တို့က ရှောင်လုံအား တလေးတစား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ထွက်ခွာသွားကြ၏။

ရှောင်လုံတို့ လေးယောက်ကလည်း ပြန်လည်နှုတ်ဆက်ပြီး သူဌေးကြီးကျင်းထောင်တို့ကိုပါ တစ်ဆက်တည်းနှုတ်ဆက်၍ အထူးဧည့်ဂေဟာမှ မင်းသားလေးပေါင်းဖီး၏ စံအိမ်တော်ကြီးသို့ ပြန်လာခဲ့ကြသည်။

❖ ❖ ❖

အထူး ဧည့်ခန်းဆောင်ထဲတွင် သူဌေးကြီးကျင်းထောင်နှင့် ဆိုင်အုပ်ချုပ်သူ အဘိုးကြီးဟော့လန်တို့ နှစ်ယောက်ထဲသာ ကျန်ရှိနေခဲ့သည်။

အဘိုးကြီးဟော့လန်က ...

"သူဌေးမင်း ဒီရှောင်လုံဆိုတဲ့ လူစွမ်းကောင်းသိုင်းသမားဟာ လွယ်လွယ်နဲ့ စည်းရုံးလို့ရမယ့်သူ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရှောင်လုံက အပျော်အပါး၊ လောင်းကစားနဲ့ မိန်းမကိစ္စမှာ အထူးပဲ ကင်းရှင်းသူတစ်ယောက်ဖြစ်လို့ သူ့ကိုသိမ်းသွင်းဖို့ အတော်ခက်မယ်ထင်တယ်"

သူဌေးကြီးကျင်းထောင်က မဲ့ပြုံး ပြုံးလိုက်ကာ ...

"ငါ ... သိပါတယ်၊ ဒီလိုလူမျိုးကို ဘယ်လိုသိမ်းသွင်းရမလဲ ဆိုတာ ငါ့မှာ နည်းလမ်းတွေရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး ... ဒီရှောင်လုံဆိုတဲ့လူငယ်ဟာ အရက်တွေ တစ်ခွက်ပြီးတစ်ခွက်သောက်တာ မူးလဲမမူးပါလား"

"တစ်ခုတော့ရှိတယ်၊ ဟို ... နေပြည်တော်လုံခြုံရေးတပ်ဖွဲ့က ရဲမက်သုံးယောက်ကို တို့ ဂိုဏ်းချုပ်ကြီးက စည်းရုံးသိမ်းသွင်းထားနိုင်ခဲ့တယ်၊ သူတို့သုံးယောက်ဟာ တို့ကျောင်းကွင်းထဲကို ဝင်မလာခဲ့ကြပေမယ့် တို့ရဲ့ လျှို့ဝှက်ကိစ္စတွေကို အပြင်မှာ ပေါက်ကြားအောင်တော့ မပြောရဲကြပါဘူး။

ခက်တာက ရှောင်လုံဆိုတဲ့ လူစွမ်းကောင်းလေးက မင်းသားလေးရဲ့ ကိုယ်ရံတော်တပ်မှူးဆိုတော့ တို့ကိစ္စတွေကို တနည်းနည်းနဲ့ သိသွားရင် အားလုံးဒုက္ခရောက်သွားနိုင်တယ်၊ နောက်တစ်ချက်ကလည်း တို့ ဂိုဏ်းချုပ်ကြီးကိုယ်တိုင်က နန်းတော်မှာရှိတဲ့ စတုတ္ထမင်းသားကိုလဲ အကျုပ်ကိုင်နိုင်တော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ... ရှောင်လုံကို အထူးဂရုပြု ကြည့်နေကြရမယ်"

သူဌေးကြီးကျင်းထောင်က စကားကိုဖြတ်ပြီး အနည်းငယ်စဉ်းစားလိုက်ပြီးမှ ဆက်ပြောပြန်သည်။

"ဒီလို လွယ်လွယ်ကူကူနဲ့ သိမ်းသွင်းလို့မရတဲ့လူမျိုးမှ ပိုပြီးအစွမ်းအစရှိတာ၊ တို့ကိစ္စမှာ သူဟာ ငါတို့ရဲ့ မိတ်ဆွေမဖြစ်နိုင်ရင် အလွန်ကြီးမားတဲ့ ရန်သူ ဖြစ်သွားနိုင်တယ်၊ တကယ်လို့ ရန်သူဖြစ်လာခဲ့ရင်တော့ တစ်ချိန် တို့ကျောင်းကွင်းထဲဝင်လာတဲ့အခါ ရှောင်လုံကို ငါတို့ အဆုံးစီရင်ရလိမ့်မယ်။

နောက်ပြီး ... ရှောင်လုံရဲ့အကြောင်းကိုလည်း အောက်ပြည်အောက်ရွာမှာရှိတဲ့ ငါ့တပည့် သိုင်းသမားတွေဆီကို စုံစမ်းဖို့ပါ လူလွှတ်အကြောင်းကြားထားတယ်၊ စုံစမ်းလို့ ရရခြင်း ငါ့ဆီကို လူလွှတ်အကြောင်းကြား သတင်းပို့လိမ့်မယ်"

သူဌေးကြီးကျင်းထောင်မှာ အလွန်ကြောက်မက်ဖွယ် ကောင်း



သော လူ့ ဘီလူးကြီးတစ်ဦးဖြစ်သည်။ မင်းသားခေါင်းဆောင်းထားကာ၊ ငွေကြေး အရှိန်အဝါနှင့် ဩဇာလွှမ်းမိုးနေပြီး ဒုစရိုက်လုပ်ငန်းများကို ကျူးလွန်နေသော ဒုစရိုက်ခေါင်းဆောင်တစ်ဦးပင် ဖြစ်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

ကိုယ်ရံတော်တပ်မှူး ရှောင်လုံ၊ ဒုတိယတပ်မှူး ဟိုင်ဟန်၊ တတိယတပ်မှူး ချန်တာနှင့် ကိုယ်ရံတော်တပ်သားရဲမက် လုံဝတ်တို့ လေးယောက် စံအိမ်တော်သို့ ပြန်လာခဲ့ကြ၏။

ရှောင်လုံမှအပ ကျန်လူသုံးယောက်မှာ သူတို့ သောက်စားပျော်ပါးခဲ့ကြသည့် ကိစ္စများကို ပြန်ပြောင်းစဉ်းစားရင်း ပီတိဖြစ်နေကြသည်။

ရှောင်လုံကမူ ညဉ့်နက်နေပြီဖြစ်၍ သတိဝီရိယထားကာ လျှောက်လှမ်းလျက်ရှိ၏။

ထိုအခိုက်တွင် သူတို့၏ညာဘက်နားလောက်ဆီမှ အင်္ကျီလေဟပ်သံလိုလို အသံတစ်သံကို ကြားနေရ၏။

ဤအသံကို ရှောင်လုံတစ်ယောက်မှလွဲ၍ သတိမထားမိ၊ ကြားလည်း မကြားကြချေ။

ရှောင်လုံမှာ သိုင်းလောက၏ အဓိပတိသိုင်းအကျော်အမော် တစ်ယောက်ဖြစ်သော လေပြင်းဓားသမား ထိလူဟုန်းဖြစ်နေသောကြောင့်သာ ဤအသံများကို ကြားနေရခြင်းပင်။

စံအိမ်တော်ထဲ ဝင်မိသည်နှင့် ရဲမက်တစ်ယောက်က ရှောင်လုံအား ဂါရဝပြု၍ သတင်းပို့လိုက်သည်။

"တပ်မှူးခင်ဗျား မင်းသားလေးက တပ်မှူးရောက်ရောက်ခြင်း လွှတ်လိုက်ဖို့ အမိန့်ရှိသွားပါတယ်"



ထို့ကြောင့် ... ရှောင်လုံမှာ အိပ်ဆောင်ထဲသို့ မဝင်နိုင်သေးဘဲ မင်းသားလေးပေါင်းဖိုးရှိရာ စာဖတ်ခန်းထဲသို့ ဆက်လက်သွားရောက်တွေ့ဆုံရပြန်သည်။

စာဖတ်ခန်းထဲသို့ ရှောင်လုံရောက်သွားသောအခါ မင်းသားလေးမှာ စာဖတ်ခန်းထဲတွင် လမ်းလျှောက်နေသည်ကို တွေ့ရ၏။

မင်းသားလေး၏ မျက်နှာမှာ အနည်းငယ်ပျက်နေသည်ကိုလည်း ရှောင်လုံ သတိထားမိ၏။

သို့သော် ... စိတ်ဆိုး၊ ဒေါသထွက်နေသည့် အမူအရာကိုတော့ မမြင်ရ။

မင်းသားလေးက

"ရှောင်လုံ ... မင်းပြန်လာပြီလား"

"ဟုတ်ကဲ့ ..."

"ရိုက်ပွဲက ပူပူနွေးနွေးပဲလား"

"မဆိုးပါဘူး၊ နေပြည်တော်လုံခြုံရေးတပ်ဖွဲ့က ရဲမက်သုံးယောက်အနက်က နှစ်ယောက်ကတော့ တော်တော်လေး ဒဏ်ရာအနာတရ ဖြစ်သွားကြပါတယ်"

မင်းသားလေး ပေါင်းဖိုးမှာ မျက်နှာပျက်သွားပြီး ...

"ရှောင်လုံ ... မင်းရောက်လာတာ သိပ်မကြာသေးဘူး၊ ဘာဖြစ်လို့ ကျုပ်ရဲ့စည်းကမ်းချက်တွေကို ချိုးဖောက်ရတာလဲ"

"မင်းသားလေးက ဘာကို ဆိုလိုပါသလဲ"

"ဩော် ... မင်းက ငါ့ရှေ့မှာလာပြီး အကြောင်းကြောင်းလုပ်နေတာလား၊ သူတို့ကို အဲဒီလိုနေရာမျိုး မသွားရဘူးလို့ ငါ ... စည်းကမ်းထုတ်ထားတယ်၊ ဒါကို မင်းက သက်သက်မဲ့ ..."

"ဒီလိုရှိပါတယ် မင်းသားလေး၊ လူတွေဟာ အဆင့်အတန်း ... ဝါသနာဆိုတာ မတူညီကြပါဘူး၊ သူတို့မှာလဲ သွေးနဲ့သားနဲ့ ...ယ်ဖြစ်ပါတယ်၊ ကျောက်တုံး ကျောက်ဆစ်တွေ မဟုတ်ကြပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြောတာမှန်ပါတယ်၊ ငါ ... သူတို့ကို မသွားဖို့တားရတာက အဲဒီနေရာတွေဟာ လူမျိုးစုံ ဝင်ထွက်သွားလာနေကြတော့ ပြဿနာရှုပ်ထွေး ကုန်မှာစိုးလို့ပါ။

ထားပါတော့၊ အခု မင်းတို့က ဟိုနေပြည်တော်လုံခြုံရေး ရဲမက်တွေကို သွားပြီးရိုက်နှက်တဲ့အတွက် ငါ့မှာ ပြဿနာတက်လာနိုင်တယ်"

"ဒါကတော့ ကျွန်တော်ဟာ မင်းသားလေးရဲ့ကိုယ်ရံတော်တပ်မှူးဆိုတော့ ကျွန်တော့်ရဲ့ ရဲမက်တွေဖြစ်ပေါ်လာတဲ့ ပြဿနာကို ကျွန်တော်ပဲ လိုက်ဖြေရှင်းပေးရမှာမဟုတ်လား၊ ဒီအတွက် ကျွန်တော့်မှာတာဝန်ရှိပါတယ်၊ မင်းသားလေး ဘာမှ မဖြစ်နိုင်ပါဘူး၊ နောက်ပြီးကိစ္စအားလုံး ကျေအေးသွားခဲ့ပါပြီ"

ထို့နောက် ရှောင်လုံက အမှတ်ရှစ်လမ်းမကြီးထဲရှိ ယီစန်းဟွာဂေဟာမှ အဖြစ်အပျက်များအားလုံးကို တစ်လုံးမကျန် ပြန်ပြောပြလိုက်လေသည်။

မင်းသားလေးမှာ ရှောင်လုံပြောသမျှများကို မျက်လုံးပြူးမျက်ဆံပြူး နားထောင်နေရာမှ အားကျသလို ဖြစ်လာခဲ့ရ၏။

နေပြည်တော်လုံခြုံရေးတပ်ဖွဲ့မှ ရဲမက်များသည် ဆောင့်ကြွားကြွား မိုက်ကန်းကန်းဖြစ်ကြသည်။

ထိုလူများကို ရှောင်လုံကရိုက်နှက်ဆုံးမခဲ့သည့်အပြင် ထိုအရိုက်ခံရသူများကပင် ပြန်လည်တောင်းပန်ကြရသည်။

ဤတစ်ချက်တည်းနှင့်ပင် ရှောင်လုံ၏အရည်အချင်းမည်မျှကြီးမားကြောင်း သိလိုက်ရတော့သည်။

"အင်း ... မင်းလို လူမျိုးကတော့ ရှားပါတယ်၊ တကယ့်ကိုချီးကျူးစရာကောင်းပါတယ်"

ဆက်လက်၍ အတန်ငယ်ပြောဆို ဆွေးနွေးကြပြီး ရှောင်လုံစာဖတ်ခန်းထဲမှ ပြန်ထွက်လာခဲ့၏။



မင်းသားလေးမှာလည်း ရှောင်လုံလိုလူမျိုးအား မိတ်ဆွေဖွဲ့ထားမိသည့်အတွက် အလွန်ကျေနပ်အားရမိနေသည်။

နောက်တစ်နေ့နံနက်တွင် မင်းသားလေးထံမှ အမိန့်စာချွန်လွှာရောက်ရှိလာခဲ့သည်။

ကိုယ်ရံတော်တပ်ဖွဲ့အားလုံး လစာငွေများကို တိုးမြှင့်ပေးလိုက်သည့် အမိန့်စာချွန်လွှာပင် ဖြစ်သည်။

ထိုကိစ္စတွင် တပ်မှူးရှောင်လုံ၏ စွမ်းဆောင်ချက်ဖြစ်ကြောင်း ကိုယ်ရံတော်တပ်ဖွဲ့မှ ရဲမက်များအသီးသီး သိကြသည်။

ရှောင်လုံအပေါ်တွင်လည်း တစ်နေ့တခြား ရဲမက်များက လေးစားယုံကြည်မှုများ တိုးပွားလာခဲ့၏။

ရဲမက်များရှိနေရာသို့ ရုတ်တရက် မင်းသားလေးပေါင်းဖီးရောက်ရှိလာကာ ရှောင်လုံအား အရေးတကြီး ပြောလိုက်သည်။

"ရှောင်လုံ မင်းငါနဲ့ ခုချက်ချင်းလိုက်ခဲ့ပါ၊ ညက မင်းသားကြီးဆူရဲ့ အိမ်တော်ထဲကို သူခိုးဝင်မွှေသွားလို့ တို့ သတင်းသွားမေးကြရအောင်"

တခဏချင်းပင် ရဲမက်များအဆောင်အတွင်းမှ မင်းသားလေးပေါင်းဖီးနှင့် တပ်မှူးရှောင်လုံတို့နှစ်ယောက် မြင်းစီးကာ ထွက်လာခဲ့ကြသည်။

မကြာမီ မင်းသားကြီးဆူ၏ စံအိမ်တော်ကြီးသို့ ရောက်လာခဲ့ကြသည်။ သူတို့နှစ်ယောက်အား မင်းသားကြီးဆူ၏ စံအိမ်တော်မှ အမှုထမ်းများက ပျာပျာသလဲ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

နှစ်ယောက်သား စံအိမ်တော်ကြီးအတွင်းသို့ ဝင်ရောက်သွားကြရာ စံအိမ်တော်ကြီး၏ အုပ်ချုပ်ရေးမှူးဆိုသူနှင့် တွေ့ရ၏။

ထိုစံအိမ်တော်အုပ်ချုပ်ရေးမှူးဆိုသူနှင့် ရှောင်လုံအား မင်းသားလေးက မိတ်ဆက်ပေးသည်။

"ရှောင်လုံ သူက မင်းသားကြီးစံအိမ်တော်ရဲ့ အုပ်ချုပ်ရေးမှူး

www.burmeseclassic.com

www.burmeseclassic.com



ကုံးဟိုလို့ခေါ်တယ်၊ တစ်ချိန်က သူလဲသိုင်းလောကမှာ ထင်ပေါ်ကျော်ကြားခဲ့တဲ့ သိုင်းအကျော်အမော်တစ်ယောက်ပဲ"

ရှောင်လုံက မင်းသားလေးပေါင်းဖီး ပြောပြနေသည်များကို စိတ်ဝင်စားစွာ နားထောင်နေ၏။

"မင်းသားလေး သူက ဘယ်သူလဲ"

"ဩော် … သူက ကျုပ်ရဲ့ ကိုယ်ရံတော်တပ်မှူး ရှောင်လုံပါပဲ၊ နေပြည်တော်ကိုရောက်တာ သိပ်မကြာသေးပါဘူး"

ကုံးဟိုက ပြုံးချိုစွာဖြင့် …

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်"

ရှောင်လုံကလည်း အားရဝမ်းသာစွာပင် ပြန်လည်နှုတ်ဆက်လိုက်သည်။

"ဩော် … လွန်ခဲ့တဲ့ဆယ်နှစ်လောက်က သိုင်းလောကမှာ ထင်ပေါ်ကျော်ကြားခဲ့တဲ့ တိမ်ပျံကုံးဟိုဆိုတာ မသိသူ မရှိသလောက်ပါပဲ၊ ခုလို ဆရာကြီးကုံးဟိုနဲ့ တွေ့ဆုံပြီးသိရတာ ကျွန်တော်ဂုဏ်ယူပါတယ်"

ကုံးဟိုက ဦးညွှတ်ဂါရဝပြု၍ မင်းသားလေးအား ပြောလိုက်လေသည်။

"မင်းသားလေး … စံအိမ်တော်ကြီးထဲမှာ သခင်ကြီးရှိနေပါတယ်ခင်ဗျာ"

မင်းသားလေးနှင့် ရှောင်လုံတို့ မင်းသားကြီးဆီ ရှိနေသည့် ဧည့်ခန်းဆောင်သို့ ဝင်ရောက်သွားကြသည်။

ဧည့်ခန်းဆောင်ထဲတွင် မင်းသားကြီးက ရှောင်လုံအား မိမိ၏ စံအိမ်တော်ကြီးအတွင်းသို့ ဝင်ရောက်ခိုးသွားသော သူခိုးအား စုံစမ်းပေးရန် အကူအညီတောင်းလိုက်သည်။

ရှောင်လုံကလည်း မိမိအတတ်နိုင်ဆုံး စုံစမ်းဖော်ထုတ်ပေးမည်ဖြစ်ကြောင်း ပြန်ပြောလိုက်၏။



ထို့နောက် စကားအနည်းငယ် ပြောဆိုကြကာ ပေါင်းဖီးမင်းသားလေးနှင့် ရှောင်လုံတို့နှစ်ယောက်သည် စံအိမ်တော်သို့ ပြန်လာခဲ့ကြသည်။

မင်းသားကြီးစံအိမ်တော်ရှိ အမျိုးသမီးတစ်ချို့မှာ မထင်မှတ်ဘဲ ရှောင်လုံနှင့် သိနေသူများရှိနေကြသဖြင့် ရှောင်လုံမှာ မည်ကဲ့သို့ပင် လျှို့ဝှက်စွာနေစေကာမူ အပေါင်းအသင်းများက နေရာတကာတွင် ရှိနေကြ၏။

ထို့ကြောင့် အနည်းငယ်တော့ စိတ်ပျက်မိလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

ညအမှောင် စိုးမိုးလျက် ရှိနေသည့်ကာလ။

ပီကင်းမြို့ ဆင်ခြေဖုံးတွင်ရှိသော တပ်စိန်ရေလှောင်ကန်ကြီး တစ်နေရာ။

မြို့ဆင်ခြေဖုံးလည်းဖြစ်၊ ညအမှောင်လည်းဖြစ်သဖြင့် ထို တပ်စိန်ရေလှောင်ကန်ကြီး၏ အနီးတစ်ဝိုက်တွင် အမှောင်နှင့်မည်း မည်း ရှိနေသည်။

တပ်စိန်ရေလှောင်ကန်ကြီး၏ အနောက်ဘက်ခပ်လှမ်းလှမ်း တွင် ကျိန်းယဲ့ ဘုရားကျောင်းတစ်ကျောင်း ရှိသည်။

ထိုအချိန်တွင် ရေလှောင်ကန်နှင့် ဘုရားကျောင်းအကြားရှိ သစ်တောလေးထဲမှ အနက်ရောင်ဝတ်စုံဝတ်လူနှစ်ဦးသည် တိတ် တဆိတ် လှုပ်ရှားနေကြသည်။

မှောင်မည်းတိတ်ဆိတ်နေချိန် သစ်တောလေးထဲ၌ အမည်းရိပ် နှစ်ခု လှုပ်ရှားနေပုံများမှာ သရဲ တစ္ဆေများ သွားလာလှုပ်ရှားနေ သည့်နှယ် ချောက်ချားဖွယ် ကောင်းလှသည်။

အမည်းရိပ် နှစ်ခုမှာ သိုင်းဝတ်စုံဝတ်ထားကြသော အမျိုးသမီး နှစ်ဦးဖြစ်သည်။

တစ်ဦးမှာ အနည်းငယ်အရပ်ပိုရှည်သည်။ ထူးခြားနေသည်မှာ ထိုအမျိုးသမီးနှစ်ဦး၏ မျက်နှာတွင် ဇာပါးတစ်ခုဖြင့် ဖုံးအုပ်ထား ကြခြင်းပင်။



အနည်းငယ်အရပ်ရှည်သော အမျိုးသမီးက ပတ်ဝန်းကျင်ကို သေချာစွာ အကဲခတ်ကြည့်ပြီး ...

"ဒီနေရာဆိုတာ သေချာတယ်နော်"

အရပ်ပုသောအမျိုးသမီးက ...

"သေချာပါတယ် မမ"

"ကဲ ... ဆက်ပြောစမ်းပါဦး"

"မနေ့ညက ဆုမင်းသား ကိုယ်တော်ကြီးရဲ့စံအိမ်တော်ကနေ ခပ်လှမ်းလှမ်းကို မြင်လိုက်ရတာ ဒီနေရာပါပဲ၊ အဲဒီ ပြေးလာတဲ့ လူရဲ့ ကိုယ်ဖော့ပညာက သိပ်ကောင်းနေတယ်၊ ခြေသံကိုမကြား ရဘူး၊ လူရိပ်ကိုသာ တွေ့လိုက်ရတာ၊ ကျွန်မလဲ ထူးဆန်းနေတာနဲ့ အသာလေး နောက်ယောင်ခံလိုက်လာခဲ့တယ်၊ အဲ ... ဒီနေရာလဲ ရောက်ရော ဟိုလူကြီးက မျက်နှာဖုံးစွပ်ထားတဲ့ လူကြီးတစ်ယောက်နဲ့ စကားရပ်ပြောနေတာ တွေ့ရတယ်"

"စကားရပ်ပြောနေတဲ့ လူကြီးက သူဌေးကြီးကျင်းထောင်ရဲ့ အိမ်ထဲ ဝင်သွားတာ အမှန်ပဲလား"

"ကျွန်မသူ့ရဲ့နောက်ကို တိတ်တဆိတ် နောက်ယောင်ခံပြီး ကြည့်တော့ ကျင်းထောင်အဘိုးကြီးရဲ့ ဝင်းခြံရှေ့ကို ရောက်ခဲ့တယ်၊ ဒီတော့ မှားနိုင်စရာမရှိပါဘူး"

"အဲဒီလူကို နောက်တစ်ခါမြင်ရင် နင် ... မှတ်မိနိုင်ပါ့မလား"

"ဟုတ်ကဲ့ ... မှတ်မိပါတယ်၊ သူ့ရဲ့ ညာဘက်ပါးပေါ်မှာ အမာရွတ်တစ်ခုရှိတော့ ပိုပြီး မှတ်မိနိုင်တာပေါ့"

"ဟုတ်ပြီ၊ နင် ... မျက်နှာဖုံးစွပ်ထားတဲ့ လူကိုတော့ သိမှာ မဟုတ်ဘူး၊ ဒါနဲ့ နင် ... ကျင်းထောင်အိမ်အထိ လိုက်သွားပြီး ဒီနေရာကို ပြန်လာတော့ မျက်နှာဖုံးစွပ်နဲ့လူကို မတွေ့ရတော့ဘူး မဟုတ်လား"

"ဟုတ်တယ်၊ မတွေ့ရတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းထောင်အိမ်ကလူကြီးနဲ့ မျက်နှာဖုံးစွပ်လူကြီးတို့ ပြောနေတဲ့ စကားတွေကို နင် ... ကြားရသလား"

"ကျွန်မက အနားသိပ်မကပ်ဝံ့တော့ မကြားလိုက်ရပါဘူး၊ ဒါပေမယ့် မျက်နှာဖုံးစွပ်ထားတဲ့လူကြီးကို ဆရာကြီးလို့ ခေါ်သံတော့ ကြားရပါတယ်"

"ဒီလိုဆိုတော့ နင် ... ဟိုလူကြီးရဲ့ပါးမှာ အမာရွတ်ရှိတယ်ဆိုတာ ဘယ်လိုလုပ်မြင်ရတာလဲ"

"ဟုတ်ပါတယ် အဲဒီလူကြီးက ကျွန်မပုန်းနေတဲ့ နေရာနားက ဖြတ်ပြန်သွားလို့ သူ့ရဲ့ညာဘက်ပါးက အမာရွတ်ကို လှမ်းမြင်လိုက်ရတာပါ"

အရပ်ရှည်သောအမျိုးသမီးက စဉ်စားသောအမူအရာဖြင့် ...

"အင်း ... ဒါဆို ဒီတောထဲမှာ ထူးခြားတဲ့အကြောင်း တစ်ခုတော့ ရှိရမယ်"

"ကျွန်မလည်း ဒီလိုထင်တာပဲ၊ ဒါကြောင့် ကျွန်မ အမြန်ဆုံးပြန်လာပြီး ဟို ... မျက်နှာဖုံးစွပ်နဲ့လူကို ပြန်လာရှာတော့ အရိပ်အရောင်တောင် မတွေ့ရတော့ဘူး"

"ကောင်းပြီ ဒီလိုဆို နင် ... ငါ့နောက်လိုက်ခဲ့၊ တို့ သေသေချာချာ ရှာဖွေစစ်ဆေးကြည့်ရအောင်"

ဝတ်စုံနက်ဝတ် အမျိုးသမီးနှစ်ဦးသည် သစ်တောလေးထဲတွင် တစ်စုံတစ်ခုကို ရှာဖွေနေသည့်အလား တစ်လှမ်းချင်း လျှောက်ကာ အသေအချာ ရှာဖွေရှူးစမ်းလျက် ရှိနေသည်။

ဤသို့ မှောင်မည်းနေသော ညဉ့်အချိန်တွင် လူသူကင်းမဲ့လျက်ရှိနေသည့် သစ်တောလေးသို့ သာမန်လူများမှာ ဤအချိန်တွင် လာဝံ့ကြမည်မဟုတ်။

ထိုဝတ်စုံနက်ဝတ် အမျိုးသမီးနှစ်ယောက်မှာမူ သာမန်လူများထက် ထူးခြားသော သတ္တိခဲမလေးနှစ်ယောက်ပင်။



ထမင်းအိုးတစ်လုံးချက်ခန့် အချိန်လောက်တွင် အရပ်ရှည်ရှည် အမျိုးသမီးက သူ့အဖော်အား လေသံတိုးတိုးဖြင့် လှမ်းပြောလိုက်သည်။

"သတိထား၊ ငါ ... မီးတုတ်ကို မီးညှိလိုက်တော့မယ်"

ပြောပြောဆိုဆို မီးတုတ်ကို မီးညှိလိုက်ရာ မီးတုတ်အလင်းရောင်ကြောင့် ခပ်လှမ်းလှမ်းထိ ကောင်းစွာသဲသဲကွဲကွဲ မြင်ရသည်။

အရပ်ပုပု အမျိုးသမီးက ရုတ်တရက်ထိတ်လန့်တကြားဖြင့် သူတို့ရှေ့တည့်တည့် ဝါးတစ်ရိုက်ခန့်ဝေးသော နေရာသို့ လက်ညှိုးထိုးပြလိုက်ပြီး ...

"မမ ... ဟိုရှေ့မှာ ကြည့်စမ်း"

မှန်ပါသည်။

ရှေ့ဝါးတစ်ရိုက်အကွာလောက်တွင် အုဘ်ဂူတစ်ခုကို မီးတုတ်အလင်းရောင်ကြောင့် လှမ်းတွေ့လိုက်ရသည်။

အုတ်ဂူ၏ပတ်ပတ်လည်တွင် ချုံနွယ်များ မြက်ပင်ရိုင်းကြီးများ ပေါက်ရောက်လျက် ရှိနေ၏။

ထိုဂူရှိရာသို့ ရောက်သောအခါ ဂူရှေ့တွင်တွယ်ကပ်ပေါက်နေသော မြက်ခင်များကို တုတ်နှင့်ထိုးကော်လိုက်ပြီး အသေအချာကြည့်လိုက်ရာ ဂူတွင်စာတန်းထိုးထားသော ကျောက်မှတ်တိုင်ကြီးတစ်ခုကို တွေ့လိုက်ရ၏။

ကျောက်မှတ်တိုင်ကြီးမှာ စာတစ်ပိုင်းတစ်ဝက်သာစ ကျန်တော့၏၊ ရေးထားသောစာများမှာမူ ဖတ်မရတော့ပေ။

အရပ်ရှည်ရှည်အမျိုးသမီးက မီးတုတ်ကိုမြှောက်၍ ဘေးပတ်လည်သို့ လိုက်ကြည့်ရာ ဤဂူကြီးတစ်လုံးမှလွဲ၍ အခြားဘာမျှ မတွေ့ရပေ။

ထိုအခိုက် အရပ်ပုသော ဝတ်စုံနက်ဝတ်အမျိုးသမီးထံမှ အသံထွက်ပေါ်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မမ … ဒီမှာလာကြည့်စမ်း"

မီးတုတ်ကိုင်အမျိုးသမီးက လှမ်းခေါ်သံကြားရသောကြောင့် အမျိုးသမီးနားသို့ ရောက်သွားသည်။

"မမ … ဒီနားကို မီးတုတ်နဲ့ သေသေချာချာကြည့်စမ်းပါ"

မီးတုတ်ကိုင် ဝတ်စုံနက်ဝတ်အရပ်ရှည်ရှည်အမျိုးသမီးက အရပ်ပုပုအမျိုးသမီး ပြရာသို့ မီးတုတ်ကိုရှေ့နားသို့တိုးပြီး အသေအချာကြည့်လိုက်ရာ …

မြက်ခင်းပေါ်၌ မြက်ပင်များယိုင်လဲနေကာ လူတတ်နင်းထားသည့်နှယ် ခြေရာကြီးများ ထင်ကျန်နေသည်ကို အံ့သြစွာ တွေ့လိုက်ရ၏။

"မမ … ဒါ သားကောင်တွေရဲ့ ခြေရာလား၊ ဒါမှမဟုတ် လူခြေရာလား"

"တောကောင်တွေရဲ့ ခြေရာတော့ မဖြစ်နိုင်ဘူး၊ လူခြေရာပဲ ဖြစ်ရမယ်"

ပြောပြောဆိုဆို အနီးအနားတစ်ဝိုက်ကို မီးတုတ်ဖြင့် လှည့်ပတ်ကြည့်လိုက်ရာ တခြားခြေရာများကို လုံးဝမတွေ့ရပေ။

"ဟင် … တခြားနေရာတွေမှာလည်း ခြေရာမတွေ့ရပါလား၊ အတော် ထူးဆန်းတာပဲ၊ ခြေရာတွေက ဒီအုတ်ဂူအနီးမှာပဲ ပျောက်သွားပါလား"

ဂူကြီးအား မီးတုတ်နှင့်အသေအချာ လှည့်ပတ်စစ်ဆေးကြည့်လိုက်ရာ မည်သို့မျှ မထူးခြားချေ။

ဂူရှေ့မှ စာတမ်းထိုးထားသည့် ကျောက်မှတ်တိုင်ကြီးအား အရပ်ပုပု ဝတ်စုံနက်ဝတ် အမျိုးသမီးက ကိုင်လှုပ်ကြည့်သော်လည်း မည်သို့မျှ မထူးခြား။

"မမ … ကျွန်မတို့ ဂူနောက်ဘက်ကို သွားကြည့်ကြရအောင်"



နှစ်ယောက်သား ဂူနောက်ဘက်သို့သွားကာ သေချာစွာ ကြည့်ကြပြန်သည်။

မီးတုတ်ကိုင် အမျိုးသမီးက ဂူပေါ်ရှိ ကျောက်ပြားအား သူမ၏ ဓားဝှို့လေးဖြင့် ထိုကလော်ကြည့်လိုက်သည်။

ထိုအခိုက် မီးတုတ်ကိုင်အမျိုးသမီး၏ဓားတိုလေးနှင့် ထိုးကော်လိုက်သည့် ကျောက်ပြားသည် ရှေ့သို့ အနည်းငယ်ရွေ့သွားသည်ကို နှစ်ယောက်သား အံ့သြစွာ တွေ့ကြရသည်။

အရပ်ပုပု မိန်းမပျိုက ထိုရွေ့လျားသွားသော ကျောက်ပြားကို လက်ဖြင့် တွန်းလိုက်သည်တွင် လူတစ်ကိုယ်စာ ဝင်နိုင်လောက်သည့် အပေါက်ကြီးတစ်ပေါက် ပေါ်လာတော့၏။

ထို့ကြောင့် အရပ်ပုပုမိန်းမက အံ့သြသောအမူအရာဖြင့် …

"ဟင် … မမ ဒီနေရာမှာ ဂူပေါက်ဝရှိနေတယ်ဆိုတာ ဘယ်လိုလုပ် သိတာလဲ"

"သိတာပေါ့ ဒီမှာကြည့်ပါလား၊ ကျောက်ပြားပေါ်မှာ ပြောင်လက်နေတာ တွေ့တယ်မဟုတ်လား၊ အဲဒါ အရာဝတ္ထုတစ်ခုနဲ့ မကြာခဏပွတ်တိုက်မိတဲ့အတွက် ဒီကျောက်ပြားဟာ ပြောင်လက်နေတာပေါ့၊ ဒါကို ကြည့်ခြင်းအားဖြင့် ဒီကျောက်ပြားကို မကြာခဏဖွင့်ပိတ်ရမယ်ဆိုတာ ငါ ခန့်မှန်းမိလို့ပဲ"

ထို့နောက် ဂူပေါက်ပွင့်သွားသည်နှင့် အုတ်ဂူအောက်သို့ ဆင်းသည့်ကျောက်လှေကားတစ်ခုကို ထပ်မံတွေ့ရပြန်၏။

"အင်း … မမက သိပ်တော်တာပဲ၊ ဟို မျက်နှာဖုံးနှင့်လူကြီးက ဒီတောထဲရောက်ပြီး အစ ပျောက်သွားတာဟာ အုတ်ဂူ့ မြေအောက်ခန်းထဲ ဝင်သွားတာကိုး"

"အင်း … ကြည့်ရတာ ဒီဂူပေါက်ဟာ အောက်ကိုဆင်းတာပဲလား၊ ဒါမဟုတ် နောက်ထပ် တခြားဥမင်လှိုဏ်ခေါင်းတစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ လမ်းလားမသိဘူး၊ ငါတို့ ... ဆင်းကြည့်ကြရအောင် နှင်ကြောက်နေသလား"

"မမ တစ်ယောက်လုံးရှိနေမှတော့ ကျွန်မက ဘာကြောက်ရမှာလဲ"

"ဒါဆို ငါတို့ ဆင်းကြည့်ကြရအောင်၊ တကယ်လို့ မြေအောက်ခန်းမှာ ရတနာသေတ္တာလေး ဘာလေးရလဲ ငါတို့ ချမ်းသာသွားမှာပေါ့ကွာ၊ မရရင်လဲ တစ်ညအိပ်ရေးပျက်တာ အဖတ်တင်တာပဲပေါ့"

မီးတုတ်ကိုင်အရပ်ရှည်ရှည်အမျိုးသမီးက အရပ်ပုပု အမျိုးသမီးအား နောက်ပြောင်ပြောဆိုရင်း နှစ်ယောက်သား အုတ်ဂူပေါက်မှ အောက်ဘက် မြေအောက်ထဲသို့ ကျောက်လှေကားအတိုင်း ဆင်းသွားကြလေသည်။

အရပ်ပုပု အမျိုးသမီးက ပြုံးရယ်၍ ...

"ဟုတ်တာပေါ့ မမရယ်၊ အထဲမှာ တကယ်လို့ ရတနာသေတ္တာတွေ့မယ်ဆိုရင် ကျွန်မတို့ တစ်ညတာအိပ်ရေးပျက်တဲ့အတွက် တန်ပါတယ်"

"အေး ... သိပ်လဲအိပ်မက် မက်နေနဲ့ဦး၊ ဒီနေရာမျိုးဟာ ရတနာသေတ္တာတော့ ရှိမှာမဟုတ်ဘူး၊ လူဆိုး သူခိုးတွေ လာပုန်းအောင်းတတ်တဲ့နေရာမျိုးပဲ ဖြစ်တယ်၊ သိပ်လဲ စိတ်ကူးယဉ်မနေနဲ့၊ ငါ့နောက်က သတိဝီရိယထားပြီး လိုက်ခဲ့"

မီးတုတ်ကိုင် အရပ်ရှည်ရှည်နှင့်အမျိုးသမီးက ကျန်လက်တစ်ဘက်ကို သူမ၏ရင်ဝတွင်ဓားဖြင့် ကန့်လန့်ဖြတ် အသင့်ကာကွယ်ထားလိုက်၏။

ဤသို့ဖြင့် ဝတ်စုံနက်ဝတ် အမျိုးသမီးနှစ်ယောက်အုတ်ဂူ၏ လျှို့ဝှက်အပေါက်မှ ဆင်းသွားကြသောအခါ ပဌမလှေကားထစ်သို့



အရောက်တွင် အုတ်ဂူပေါ်မှာ တဝုန်း ... ဝုန်း ... အသံများကို ကြားလိုက်ရ၏။

တဝုန်း ... ဝုန်း ... မြည်သံကြီးနှင့်အတူ အုတ်ဂူပေါ်မှ ကျောက်ပြားကြီးသည် ဂူပေါက်ဝကို ပိတ်သွားကြောင်း တွေ့ရ၏။

ဝတ်စုံနက်ဝတ် အမျိုးသမီးနှစ်ယောက်မှာ ရုတ်တရက်လန့်သွားပြီး ပဌမလှေကားထစ်မှ စတုတ္ထလှေကားထစ်သို့ ပြန်တတ်လာခဲ့၏။

တဝုန်း ... ဝုန်း ... အသံမြည်၍ ဂူပေါက်ဝပြန်ပွင့်သွားကြောင်း တွေ့လိုက်၏သည်။

ထိုအခါမှ ဝတ်စုံနက်ဝတဲ အမျိုးသမီးနှစ်ယောက်မှာ သဘောပေါက်သွားလေသည်။

ပဌမလှေကားထစ်ကို နင်းလိုက်သောအခါ အုတ်ဂူ ကျောက်ပြားကြီးမှာ ပိတ်သွားပြီး၊ စတုတ္ထလှေကားထစ်ကို နင်းလိုက်သောအခါမှသာ အုတ်ဂူကျောက်ပြားကြီးမှာ တဝုန်းဝုန်း မြည်သံနှင့်အတူ ပိတ်နေရာမှ ပြန်ပွင့်သွားသည်။

မီးတုတ်ကိုင်မိန်းမပျိုက ...

"ဒီဂူပေါက်ရဲ့ လျှို့ဝှက် အဖွင့်အပိတ်လုပ်ထားတာ တော်တော်လေးကို ဆန်းဆန်းကြယ်ကြယ်နဲ့ လုပ်ထားပါလား၊ အထဲမှာဆိုရင် ဘယ်လောက်များတောင် အထူးအဆန်းတွေ့ဦးမလဲ မသိဘူး၊ ကဲ ... သတိဝီရိယသာထားပေတော့၊ နင့် ဆောင်ဓားကိုလဲ အသင့်ထုတ်ထားတော့"

ပြောပြောဆိုဆိုနှင့် နှစ်ယောက်သား အထူး သတိဝီရိယထားကာ၊ ကျောက်လှေကားအတိုင်း အောက်သို့ဆင်းလာကြရာ လှေကားထစ်နှစ်ဆယ်ကျော်မျှအထိ ဆင်းလာခဲ့ကြ၏။

လှေကားထစ် နှစ်ဆယ်ကျော်မျှအထိ ဆင်းလာခဲ့မိကြသော

www.burmeseclassic.com

www.burmeseclassic.com



အခါ လိုဏ်ခေါင်းကြမ်းပြင်သို့ ရောက်လာပြီး လှေကားထိပ်တွင် ကျောက်တံခါးကြီးတစ်ခုက ပိတ်လျက်သားရှိနေသည်ကို တွေ့ကြရပြန်သည်။

ကျောက်တံခါးကြီးကို တွန်းဖွင့်လိုက်ရာ တံခါးပွင့်သွားပြီး ကျောက်အခန်းတစ်ခန်းကို တွေ့မြင်ရပြန်သည်။

ကျောက်အခန်းမှာ လေးထောင့်သဏ္ဍာန် တည်ဆောက်ထား၏။ ကျောက်ခန်း၏အလယ်ဗဟိုလောက်တွင် ကျောက်ကုတင်တစ်လုံးကို ထိတ်လန့်ဖွယ်ရာ တွေ့လိုက်ရ၏။

ဝတ်စုံနက်ဝတ် အမျိုးသမီးနှစ်ယောက်မှာ သတ္တိကောင်းသူများ ဖြစ်ကြသည်။ သူတို့နှစ်ယောက်မှာ ရုတ်တရက်အံ့အားသင့်သွားရုံမှလွဲ၍ ကြောက်စိတ်မရှိကြ။

အရပ်ပုပု မိန်းမက ...

"မမ ... ဒီဂူသင်္ချိုင်းက ဘယ်သူ့ဂူသင်္ချိုင်းလဲ မသိဘူး"

"ဒါတွေနောက်မှ မေး၊ တို့အခုတခြားအခန်းတွေ ရှိလိုရှိငြား လိုက်ကြည့်ကြရအောင်"

နှစ်ယောက်သား လေးထောင့်ကျောက်ခန်းလေးအတွင်း တံခါးပေါက်ရှိမရှိ အသေအချာ လိုက်ကြည့်ပြန်သည်။

တစ်နေရာတွင် ကျောက်တံခါးတစ်ခုကို ထပ်မံ၍တွေ့ရှိရပြန်သည်။

နောက်ထပ်တွေ့ရသော ကျောက်တံခါးကို တွန်းဖွင့်လိုက်သောအခါ လေးထောင့်ကျောက်ခန်းမှ ရှေ့သို့ဆက်လက်သွားနိုင်သည့် လိုဏ်ခေါင်းလမ်းသဖွယ် ခြောက်ပေမျှကျယ်သော လမ်းကလေး ပေါ်လာသည်ကို တွေ့ရပြန်သည်။

ထိုလိုဏ်ခေါင်းလေးအတိုင်း နှစ်ယောက်သား ဆက်လက်လျှောက်လှမ်းသွားကြသည်။



လိုဏ်ခေါင်းလမ်းလေးမှာ တော်တော်ရှည်လျားသောလမ်းဖြစ်နေသည်။ လမ်း၏တစ်ဘက်တစ်ချက်စီတွင် ကျောက်တုံးကျောက်သားကြီးများဖြင့် အခိုင်အခန့်ဆောက်လုပ်ထားကြောင်းကို တွေ့ရ၏။

ထိုရှည်လျားလှသော လိုဏ်ခေါင်းလမ်းလေးအတိုင်း နာရီဝက်ခန့် လျှောက်လှမ်း၍ ဝင်ရောက်သွားသည့်တိုင်အောင် လမ်းကမဆုံးသေး။

နောက်ဆုံးတွင် မီးတုတ်ကိုင်အမျိုးသမီးက စိတ်မရှည်နိုင်တော့ဘဲ ...

"ကဲ ... တို့ဒီလိုလျှောက်သွားနေလို့ကတော့ တော်တော်နဲ့ လမ်းဆုံးရောက်မှာမဟုတ်ဘူး၊ တို့ နှစ်ယောက် သွေးပူလေ့ကျင့်ခန်းလေး လုပ်လိုက်ကြရအောင်"

ပြောပြောဆိုဆို ကိုယ်ဖော့ပညာသုံးကာ လျင်မြန်စွာ ပြေးလွှားသွားကြလေသည်။ ထိုသို့ ပြေးလွှားသွားနေရာမှ ရေနွေးအိုးတစ်လုံးဆူခန့် အချိန်ကြာလောက်တွင် လိုဏ်ခေါင်းလမ်းအဆုံးသို့ ရောက်သွားကြ၏။

မြေအောက်လိုဏ်ခေါင်းလမ်း အဆုံးသို့ ရောက်သွားကြသည်နှင့် ရှေ့တွင် အပေါ်သို့တက်သည့် ကျောက်လှေကားတစ်ခုကို ထပ်မံတွေ့လိုက်ရပြန်သည်။

ထိုအခါ မီးတုတ်ကိုင်အမျိုးသမီးက ရပ်တန့်လိုက်ပြီး တိုးတိုးလေသံဖြင့် အဖော်အမျိုးသမီးအား လှမ်းပြောလိုက်သည်။

"ငါတို့ မြေအောက်လမ်းရဲ့ ခရီးလမ်းအဆုံးကိုတော့ ရောက်နေပြီ၊ ဒီမီးတုတ်ကြီးကို ဆက်ထွန်းထားလို့ မဖြစ်တော့ဘူး၊ နောက်အပေါ်မှာ လူရှိ မရှိဆိုတာကိုလဲ မသိဘူး၊ ဒီတော့ မီးတုတ်ကို ဒီနေရာမှာဘဲ ထားခဲ့ပြီး၊ ငါ့မှာပါတဲ့ ညလင်း ကျောက်တုံးလေးရဲ့

www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်နဲ့ အပေါ်ဆက်တက်မယ်၊ အထူးသတိ ဝီရိယထားပါ၊ အပေါ်မှာ ရန်သူရှိချင် ရှိနေမယ်"

နှစ်ယောက်သား ညလင်းကျောက်တုံးလေး၏ အကူအညီဖြင့် အပေါ်သို့ ကျောက်လှေခါးထစ်အတိုင်း ဆက်၍တတ်လာခဲ့ကြပြန်လေသည်။

ကျောက်လှေကားထစ်ပေါင်း သုံးဆယ်ကျော်ခန့် တတ်မိသောအခါ အပေါ်တွင် ငါးပေခန့်ရှိ ကျောက်ပြားကြီးတစ်ခုက ဖုံးထားသည်ကို တွေ့ရပြန်သည်။

ညလင်းကျောက်တုံးကိုင်ထားသူ အမျိုးသမီးက ထိုကျောက်ပြားကို အတွင်းအားဖြင့် တွန်းဖွင့်ကြည့်လိုက်ရာ ကျောက်ပြားမှာ တစ်ပေခန့် ဘေးသို့ရွေ့လျားသွားခဲ့၏။

ကျောက်အဖုံးကြီး ရွေ့လျားသွားသော နေရာတစ်ပေခန့် အပေါက်ကလေးမှ အပေါ်သို့ အရပ်ရှည်ရှည်အမျိုးသမီးက ချောင်းကြည့်လိုက်သည်။

ချောင်းကြည့်နေသော အရပ်ရှည်ရှည်အမျိုးသမီးမှာ မြင်ကွင်းကြောင့် အတော်အံ့သြသွားသည်။

အရပ်ပုပု ဝတ်စုံနက်ဝတ်အမျိုးသမီးက ...

"မမ ... ဘာကိုမြင်လို့ အံ့သြနေတာလဲ"

"ဟို ... ဟို ... ရှောင်လုံဆိုတဲ့လူလေ၊ နင် ... လာကြည့်စမ်း"

အရပ်ပုပု အမျိုးသမီးက တစ်ပေမျှဟနေသော အပေါက်မှ အပေါ်မြင်ကွင်းကို ချောင်းကြည့်လိုက်ရာတွင် ...

အပြင်ဘက်မြင်ကွင်းမှာ မြက်ခင်းပြင်ကြီး ဖြစ်နေပြီး၊ ထိုမြက်ခင်းပြင်ကြီးတွင် သစ်ငုတ် သစ်တုံးကြီးများ စိုက်ထားသည်ကို ထူးဆန်းစွာ တွေ့လိုက်ရ၏။

အပြင်ဘက်မြင်ကွင်းမှာ တောစပ်ဖြစ်၍ အရှေ့ဘက် ခပ်လှမ်းလှမ်းတွင်မှ မင်းသားကြီးဆူ၏ စံအိမ်တော်ကြီးကို အံ့သြဖွယ်ရာ လှမ်းတွေ့လိုက်ရ၏။



"ဟင် ... ဒီဥမင်လိုဏ်ခေါင်းက ဆူမင်းသားကြီးရဲ့ စံအိမ်တော်နဲ့ ဆက်နေပါလား၊ ဟိုမှာလဲ ပေါင်းဖီးကိုယ်တော်လေးနဲ့ ကိုယ်ရံတော်တပ်မှူး ရှောင်လုံတို့က မိန်းမတစ်ယောက်နဲ့ စကားပြောနေတယ်"

အရပ်ရှည်ရှည်အမျိုးသမီးက ...

"အေး ... အဲဒါ ... ထူးဆန်းနေတယ်၊ ရှောင်လုံက ဘာဖြစ်လို့ ဆူမင်းသားကြီးရဲ့ စံအိမ်တော်ထဲကို ရောက်နေရသလဲ မသိဘူး"

"ဩော် ... မမကလည်း ဟိုတစ်နေ့က ဆူမင်းသားကြီးရဲ့ စံအိမ်တော်မှာ သူခိုးဝင်မွှေသွားတဲ့အတွက် ရှောင်လုံကို အကူအညီတောင်းထားတာလားမှ မသိတာ"

"အေး ... ဒါနဲ့ ညညီးဟိုတစ်နေ့ညက တွေ့ခဲ့ရတဲ့ မျက်နှာဖုံးစွပ်နဲ့လူဟာ ရှောင်လုံများ ဖြစ်နေမလား မဆိုနိုင်ဘူး"

"မဟုတ်နိုင်ဘူး မမ၊ ဟိုနေ့ညက ကျွန်မတွေ့ခဲ့ရတဲ့ မျက်နှာဖုံးစွပ်နဲ့လူဟာ အဲဒီ ရှောင်လုံထက် အရပ်နည်းနည်း ပိုနိမ့်တယ်"

"အင်း ... ဒါဆိုရင် အဲဒီ မျက်နှာဖုံးစွပ်နဲ့လူဟာ မင်းသားကြီးဆူရဲ့ စံအိမ်တော်ဝင်းအတွင်းမှာ ပုန်းအောင်းနေပြီး လျှို့ဝှက်ဂိုဏ်းအဖွဲ့ကို တိတ်တဆိတ် ညွှန်ကြားအမိန့်ပေးနေတာလား မသိဘူး၊ နောက်တစ်ချက်ကလည်း အဲဒီ မျက်နှာဖုံးစွပ်နဲ့လူဟာ မင်းမှုထမ်းမဟုတ်ဘဲ သိုင်းလောကထဲက ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ရမယ်၊ သူ့ရဲ့ လျှို့ဝှက်ချက်ကို ကျင်းထောင်တို့တောင် သိမှာမဟုတ်ဘူး၊ ဒါပေမယ့် မင်းက သူ့ရဲ့ လျှို့ဝှက်ချက်ကို မမျှော်လင့်ဘဲ သိလိုက်ရတာပဲ ဖြစ်ရမယ်"

"မမ ဆိုလိုတာက ဒီမျက်နှာဖုံးစွပ်နဲ့လူဟာ လျှို့ဝှက်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်လို့ ဆိုလိုတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် … သူ့ဧွးကြီး ကျင်းထောင်တောင် သူ့ရဲ့ လက်အောက်ငယ်သားတစ်ယောက် ဖြစ်နိုင်တယ်"

"ဒီလိုဆိုရင် ဒီလျှို့ဝှက်ဂိုဏ်းဟာ ကောင်းတဲ့ဂိုဏ်းတစ်ဂိုဏ်းတော့ မဟုတ်ဘူးနဲ့ တူတယ်"

"ဟုတ်တယ်၊ ကောင်းတဲ့ဂိုဏ်းတော့ မဟုတ်နိုင်ဘူး၊ သူ့ကိုယ်ကျိုးအတွက် ဆိုး၊ ခိုး၊ တိုက်ခိုက်သတ်ဖြတ်နေတဲ့ လူဆိုးဂိုဏ်းပဲ ဖြစ်ရမယ်။ ဒါကြောင့် … ငါကတော့ အဲဒီ လျှို့ဝှက်ဂိုဏ်းကို မရမက စုံစမ်းဖော်ထုတ်ရလိမ့်မယ်"

"ဒီလိုဆိုရင် လွယ်ပါတယ်၊ ကျွန်မတို့ ဒီမြေအောက်လမ်းက စောင့်နေရင် သူ့ကို မိနိုင်တာပေါ့၊ သူ ဒီအထဲကို မလာဘဲနေမှာ မဟုတ်ဘူး"

"သူ ဘယ်အချိန်မှာ မြေအောက်လမ်းထဲကို ပြန်လာမယ်ဆိုတာမှမသိတာ၊ နောက်တစ်ချက်ကလည်း ဒီမြေအောက်ဥမင်ကြီးကသူ နေလာခဲ့တာဆိုတော့ ငါတို့ ဘယ်နေရာမှာ ပုန်းနေနေ သူသိမှာသေချာတယ်၊ ဒီတော့ တို့အပြင်ကဘဲ သူ့အကြောင်းကို လှည့်ပတ်စုံစမ်းကြမယ်၊ ကဲ … တို့လဲ ပြန်ကြရအောင် ခြေရာလက်ရာမပျက်အပေါ်က ကျောက်ပြားကို ပြန်ပိတ်ထားလိုက်၊ တို့ မြေအောက်လမ်းအတိုင်းပဲ ပြန်ထွက်ကြမယ်"

ဒုတိယပိုင်းပြီး၏

ဘုန်းကြွယ်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

ကိုယ်ရံတော် တပ်မှူးလေး ရှောင်လုံ။

မင်းသားကြီးဆူ၏ သမီးဖြစ်သူ သခင်မလေး ယိလိန်နှင့် စကားပြောနေသည်မှာ ညဉ့်ဦးယံပင်ကျော်၍ မိုးပင်လင်းကာနီးခဲ့လေပြီ။

ယိလန်မှာ အပြောအဆိုလိမ္မာယဉ်ကျေးပြီး ဗဟုသုတများစွာ [illegible] လိမ္မာပါးနပ်သူတစ်ယောက် ဖြစ်သည်၊

ရှောင်လုံမှာ စကားဖြတ်မရ၍ စိတ်ညစ်လျက်ရှိနေသည်။

သခင်မလေး ယိလန်၏ အစ်မဝမ်းကွဲဖြစ်သူယိချူက အိပ်ချင်လာပြီး ထပြန်သွားသောကြောင့် သခင်မလေးယိလန်မှာလည်း ပြန်ချင် ပြန်ချင်နှင့် ရှောင်လုံကို နှုတ်ဆက်ကာ အိပ်ခန်းဆောင်သို့ ပြန်သွားရတော့သည်။

သခင်မလေးယိလန်က ထပြန်သွားရင်း ရှောင်လုံအား ပြော[illegible]အောင် ပြောသွားသေးတယ်။

"ရှောင်လုံ မနက်ဖြန်မနက်စောစော ကျွန်မနဲ့အတူ တောင်ပေါ် [illegible] အမဲပစ်ရအောင် လိုက်လာခဲ့ရမယ်နော် ..."

ရှောင်လုံမှာ မလွှဲမရှောင်သာသဖြင့် "ဟုတ်ကဲ့"ဟု ပြောကာ ခေါင်းညိတ်လိုက်ရသည်။

ရှောင်လုံမှာ တစ်ယောက်တည်းကျန်ရစ်ခဲ့သောအခါ ယိလန်

www.burmeseclassic.com

www.burmeseclassic.com



နှင့် မိမိမှာ ကျားကစားနေသကဲ့သို့ ဖြစ်နေသဖြင့် စိတ်ညစ်ညူးသွားမိသည်၊

အတန်ကြာသောအခါမှ ရှောင်လုံမှာ အိပ်ခန်းဆောင်သို့ ပြန်ရန် မတ်တတ်ရပ်လိုက်၏။

ထိုစဉ် အခန်းအပြင်ဘက်မှ ခြေသံကိုကြားလိုက်ရသောကြောင့် ယီလန်တို့များ ပြန်ရောက်လာသည်လားဟု ထင်မိကာ ထွေစိမ့်သွားသည်။

တစ်ခဏချင်းတွင်ပင် အခန်းအပြင်ဘက်မှ ခြေသံရှင်က လှမ်းပြောရင်း အခန်းထဲသို့ ဝင်လာသည်။

"တပ်မှူးလေးရှောင်လုံ သခင်မလေးတို့နဲ့ စကားပြောပြီးသွားပြီလား"

ဝင်လာသူမှာ မင်းသားကြီးဆွေ၏ စံအိပ်တော်မှ အုပ်ချုပ်ရေးမှူး ကုံးဟိုပင်ဖြစ်သည်။

"သြော် ... ဆရာကြီးကုံးဟိုပါလား၊ ဘာများ ကိစ္စရှိနေလို့ပါလဲ"

"ကိစ္စ ... ထွေထွေထူးထူး မရှိပါဘူး၊ ကျုပ် ... ကင်းတွေကို လိုက်စစ်ရင်း တပ်မှူးလေးကို မြင်တာနဲ့ ဝင်လာခဲ့တာပါ၊ ကျုပ်တို့ သခင်မလေးက အင်မတန်ဖော်ရွေတဲ့ မိန်းမချောလေး တစ်ယောက် ဖြစ်ပါတယ်"

"ဟုတ်ပါတယ်၊ ကျွန်တော့်အပေါ်မှာ တော်တော်လေးကို ဖော်ရွေပြီး လိုက်လိုက်လျောလျော ရှိပါတယ်"

"ကျုပ် ... အမှန်ပြောရရင် ဒီစံအိမ်တော်[illegible]းမှာ နှစ်ပေါင်းနှစ်ဆယ်နီးနီး အမှုထမ်းခဲ့တဲ့ကာလအတွင်းမှာ သခင်မလေးယီလန်ဟာ ခုလို သူစိမ်းတစ်ယောက်ကို ဖော်ဖော်ရွေရွေနဲ့ ဆက်ဆံတာ မတွေ့ဖူးသေးပါဘူး"



"ဒါကတော့ ကျွန်တော့်သခင်လေး ပေါင်းဇီးမင်းသားလေးရဲ့ အရှိန်အဟုန်ကြောင့် ဖြစ်ပါလိမ့်မယ်"

"ဒါနဲ့ ကျုပ်တောင် ဘပ်မှူးလေးဆီမှာ အကူအညီတစ်ခု တောင်းရဦးမယ်၊ တပ်မှူးလေးရဲ့ အတွင်းအားကျင့်စဉ် ကျုပ်ကို ဘာဆိတ်သွန်သင်ခဲ့ပါလား"

"ဟာ ... ဆရာကြီးကုံးဟိုက ကျွန်တော်ထက်စာရင် ပိုပြီးတော်မှာပါ၊ တစ်ချိန်က သိုင်းလောကမှာနာမည် ကျော်ကြားခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပါ၊ အကူအညီတောင်းရမှာက ကျွန်တော်ပါ"

"မဟုတ်ပါဘူး၊ ကျုပ်က တပ်မှူးလေးလို နည်းစနစ်မှန်ကန်တဲ့ သိုင်းပညာကျင့်စဉ်ကို မကျင့်ခဲ့ရပါဘူး။ ဒါကြောင့် ကျုပ်ရဲ့သိုင်းစွမ်းရည်ဟာ တိုးတက်မလာဘဲ တဖြည်းဖြည်းကျဆင်းလာခဲ့ရတာပေါ့။ ကျုပ်လဲငယ်ရွယ်စဉ်တုန်း အောက်ပြည်အောက်ရွာမှာ နေလာခဲ့ဖူးပါတယ်၊ ဒါနဲ့ တပ်မှူးလေးက မင်းသားလေးပေါင်းဇီးနဲ့ ဘယ်လို သိကျွမ်းခဲ့ပါသလဲ"

"သြော် ... ဒီလိုပါ၊ မင်းသားလေးတို့ လှေကြီးကို အောက်ပြည်အောက်ရွာက မြစ်တစ်ခုထဲမှာ ပင်လယ်ဓားပြတွေ တိုက်နေတာကို ကျွန်တော်က ကြုံကြိုက်လို့ဝင်ရောက်ကူညီခဲ့တာက စပြီး သိကျွမ်းခင်မင်လာခဲ့တာပါပဲ"

"ဟုတ်ပါတယ် တပ်မှူးလေးရဲ့သိုင်းပညာဟာ အတော့်ကို မြင့်မားပါတယ်၊ တပ်မှူးလေးရဲ့သွားလာလှုပ်ရှားဟန်တွေကို ကြည့်ခြင်းအားဖြင့် အကဲခတ်လို့ ရပါတယ်၊ ကျုပ်လဲ သိုင်းလောကသားတစ်ယောက်ပီပီ တပ်မှူးလေးကို မြင်မြင်ချင်း အကဲခတ်မိပါတယ်၊ ဘာကယ်လို့ တပ်မှူးလေး အောက်ပြည်အောက်ရွာကိုပြန်ရင် ကျုပ်တူတော်မောင်တစ်ယောက်နဲ့ မိတ်ဆက်ပေးရဦးမယ်"

"အရာကြီးရဲ့ တူတော်မောင်က ဘယ်သူပါလဲ"

www.burmeseclassic.com

www.burmeseclassic.com



"တပ်မှူးလေး ကြားဖူးမလားတော့မသိဘူး၊ သူ့နာမည်က လေးပြင်းဓားသမား ထိလူဟုန်းလို့ ခေါ်တယ်"

ရှောင်လုံမှာ မျက်လုံးပြူးဝိုင်းသွားပြီး ...

"ဩော် ... လေပြင်းဓားသမား ထိလူဟုန်းက ဆရာကြီးရဲ့ တူလား၊ သူ့ရဲ့နာမည်ကိုတော့ ကြားဖူးနေတာ ကြာပါပြီ၊ နောက် အဲဒီ ထိလူဟုန်းဆိုတဲ့ သိုင်းသမားကိုလည်း ကျွန်တော်က လေးစားခဲ့ပါတယ်၊ တကယ်လို့များ ခုနေမှာ နေပြည်တော်ကိုရောက်ခဲ့ရင် ကျွန်တော်နဲ့ မိတ်ဆက်ပေးဖို့ မမေ့ပါနဲ့နော်"

"စိတ်ချ ကျုပ်တူတော်မောင် ထိလူဟုန်းဟာ နှလုံးရည်ရော လက်ရုံးရည်ပါ ပြည့်စုံပါတယ်၊ ခု တပ်မှူးလေးကလဲ ကျုပ်တူတော်မောင်လိုပါပဲ၊ ဒါကြောင့် ... တပ်မှူးလေးနဲ့ ကျုပ် တူတော်မောင်တို့ အချင်းချင်း မိတ်ဆွေဖြစ်ခဲ့ကြရင် အတော့်ကို ခင်မင်ရင်းနှီးသွားကြမှာ မလွဲဘူး"

ဆက်လက်၍ ကုံးဟိုက ရှောင်လုံအား လေပြင်းဓားသမား ထိလူဟုန်း၏ ဘဝဇာတ်ကြောင်းကို အစမှ အဆုံးတိုင် ပြန်လည်ပြောပြလိုက်၏၊

"အဲဒါကြောင့် ကျုပ်ရဲ့တူတော်မောင် ထိလူဟုန်းက တရားခံ အစစ်ကိုရှာဖို့ သိုင်းလောကထဲကို ပြန်ဝင်သွားပါတယ်၊ တူတော်မောင်က ကျုပ်ရဲ့သွေးသောက်ညီအစ်ကိုတွေရဲ့ အကူအညီမယူဘဲ သူတစ်ယောက်တည်း တရားခံကို စုံစမ်းဖေါ်ထုတ်ဖို့ ကြိုးစားနေပါတယ်"

ရှောင်လုံက စိတ်ဝင်စားစွာဖြင့် မေးလိုက်သည်။

"ဒီလိုဆို ... ဟို ... ကျူးပိုက်ဂိုဏ်းချုပ်ဆိုတာ ဘယ်သူများ ဖြစ်နေမလဲ"

"ဒါကတော့ ကျုပ်လဲမသိဘူး၊ ဖြစ်နိုင်တာကတော့ ဒီကျူးပိုက်



ဂိုဏ်းချုပ်ဟာ သိုင်းလောကထဲက ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ဖို့များတာပဲ"

"အဲဒီ ကျူးပိုက်ဂိုဏ်းချုပ်နဲ့ ပတ်သက်တဲ့ သဲလွန်စ ဘာများတွေ့ရှိထားပါသလဲ"

"ဒီလူဟာ အင်မတန် သတိဝီရိယကြီးမားတဲ့ လူတစ်ယောက်ပဲ၊ သူ့ရဲ့ ခြေရာလက်ရာဆိုလို့ ဘာတစ်ခုမှ မကျန်ခဲ့ဘူး"

ရှောင်လုံက သက်ပြင်းတစ်ချက်ချကာ ...

"ဒါဆိုရင် ဆရာကြီးအလိုရှိတဲ့ ကျူးပိုက်ဂိုဏ်းချုပ်ကို ရှာဖွေဖို့ မလွယ်လှဘူး"

ကုံးဟိုနှင့် ရှောင်လုံတို့ နောက်ထပ်စကားအနည်းငယ် ထပ်ပြောကြပြီး အိပ်ခန်းရှိရာသို့ ပြန်လာကြသည်။

ရှောင်လုံက ကုံးဟိုအား အိပ်ခန်းအထိလိုက်ပို့ပြီးမှ သူ့အိပ်ခန်းရှိရာသို့ ပြန်လာခဲ့၏။

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

လှပသော မြင်းလှည်းလေးတစ်စီး။

ယီစန်းဟွာဂေဟာရှေ့သို့ ဆိုက်ရောက်လာသည်။

မြင်းလှည်းလေးပေါ်မှ ငယ်ရွယ်နုနယ်ပြီး ချောမောသော သူဌေးသားလေးတစ်ယောက် ဆင်းလာခဲ့၏။

သူဌေးသားလေး၏နောက်မှ လက်ပါးစေတစ်ယောက် ကပ်လျှက်ဆင်းလာကာ ဂေဟာထဲသို့ ဝင်လာကြသည်။

အချိန်မှာ မီးထွန်းချိန်ဖြစ်သဖြင့် ယီဝန်းဟွာဂေဟာထဲတွင် လူမျိုးစုံတို့ မြူးတူးပျော်ပါးလျက် ရှိနေကြ၏။

သူဌေးသားလူရွယ်လေးမှာ အသက်နှစ်ဆယ်ခန့်ရှိပြီး လက်ထဲတွင်လည်း ရွှေသားယပ်တောင်လေးကိုကိုင်ထားပြီး မြင်လိုက်ရသည်နှင့် ပိုက်ဆံကြွယ်ဝချမ်းသာသော သူဌေးသားလေးမှန်း သိသာလှသည်။

သူဌေးသားလေး ဂေဟာတွင်းသို့ဝင်လာသည်နှင့် ဂေဟာထဲမှ လူတစ်ယောက်က ပြေးထွက်လာကာ ဖော်ရွေပျူငှာစွာ ခရီးဦးကြိုဆို နှုတ်ဆက်လိုက်သည်။

"သူဌေးလေး ဘာများအလိုရှိပါသလဲ"

"ကျုပ် ... ဒီဂေဟာမှာ ပျော်ပါးဖို့လာခဲ့တာပဲ၊ ခင်ဗျားတို့ဆီမှာရှိတဲ့ ရုပ်အချောဆုံးနဲ့ အချိုးအဆစ်ပြေပြစ်တဲ့ မိန်းမချောလေးတစ်ယောက်လိုချင်တယ်"



"ဟာ ... ရပါတယ်၊ သူဌေးလေး၊ သူဌေးလေးစိတ်ကြိုက်ဖြစ်စေရမယ့် အမျိုးသမီးချောချောလှလှလေးတွေ ရှိပါတယ်"

ပြောပြောဆိုဆိုဖြင့် ဂေဟာအမှုထမ်းက သူဌေးလေးနှင့် လက်ပါးစေတို့နှစ်ယောက်အား အခန်းတစ်ခန်းထဲသို့ ခေါ်ဆောင်သွားလေသည်၊

"ကဲ ... သူဌေးလေး ဒီအခန်းက ခဏစောင့်နေပါ၊ ကျွန်တော် မကြာခင် သူဌေးလေးစိတ်ကြိုက်ဖြစ်စေမယ့် အမျိုးသမီးလေး နုနုငယ်ငယ်ကို ခေါ်လာခဲ့ပါမယ်၊ ဒါနဲ့ သူဌေးလေးရဲ့နာမည်က ဘယ်လို ခေါ်ပါသလဲ"

"ကျုပ်နာမည်မျိုးရိုးက မေမျိုးရိုးဖြစ်တယ်၊ ဒီတော့ ကျုပ်ကို မေသခင်လေးလို့ပဲ ခေါ်နိုင်ပါတယ်၊ သူကတော့ ကျုပ်ရဲ့ လက်ပါးစေ ချင်ဟာလို့ ခေါ်တယ်၊ ကျုပ်တို့ဟာ လက်ပော်ပြည်နယ်က လာခဲ့တာပဲ၊ ကဲ ... ချင်ဟာ သူ့ကို ဆုချလိုက်ပါ"

လက်ပါးစေချင်ဟာက ဧည့်ကြိုလူငယ်အား ငွေတုံးတစ်တုံး ပစ်ပေးလိုက်၏။

ဧည့်ကြိုလူငယ်မှာ ဝမ်းသာကျေးဇူးတင်စွာဖြင့် မေသခင်လေးအား ဦးညွှတ်ဂါရဝ ပြုလိုက်သည်။

"ကဲ ... ကျွန်တော် မေသခင်လေးအတွက် လူသွားခေါ်လိုက်ပါဦးမယ်"

ပြောပြောဆိုဆို ဧည့်ကြိုလူငယ်လေး ထွက်သွားသည်။ မကြာမီ လူငယ်လေးနှင့်အတူ ချောမေလှပသောပျိုမျစ်သော မိန်းမချောလေး တစ်ယောက် ပါလာသည်။

မေသခင်လေးမှာ ထိုမိန်းကလေးကို မြင်လိုက်ရသည်နှင့် စိတ်ကြိုက်တွေ့သွား၏။

ဧည့်ကြိုလူငယ်လေးက လက်ပါးစေ ချင်ဟာကိုပြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ဒီက မိတ်ဆွေကိုလည်း ရောက်တုန်းရောက်ခိုက် ကျုပ်က ပြုစုပါရစေ၊ ကျုပ်နဲ့လိုက်ခဲ့ပါ၊ မိတ်ဆွေအတွက် ကျုပ်စီစဉ်ခဲ့ပါပြီ"

မေသခင်လေးက သူ၏လက်ပါးစေ ဟာချင်အား လိုက်သွားရန်ခွင့်ပြုလိုက်သဖြင့် ဟာချင်မှာ ညှော်ကြိုလူငယ်လေးနှင့် လိုက်ပါသွားတော့သည်။

✳ ✳ ✳

လက်ပါးစေ ဟာချင်မှာ ညှော်ကြိုလူငယ်လေးနှင့် အခန်းတစ်ခန်းထဲသို့ လိုက်ပါသွားခဲ့သည်။ အခန်းထဲတွင် ပါးသိုင်းမွေးနှင့် လူကြမ်းကြီးသုံးယောက်တို့ ထိုင်လျက်ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

အခန်းထဲမှ လူကြီးသုံးယောက်ရှိသည့်အနက်မှ မျက်ခုံးထူထူနှင့်လူကြီးက ညှော်ကြိုလူငယ်လေးအား လှမ်းမေးလိုက်လေသည်။

"ကောင်လေး ဘယ်လိုလဲ"

"ရောက်နေပါပြီ၊ အခန်းအမှတ် တစ်ဆယ့်ခုနစ်မှာ ရှိနေပါတယ်"

"အေး … ကောင်းပြီ၊ ဒါဆို မင်းတို့နှစ်ယောက် ဒီမှာစကားပြောနေရစ်ခဲ့ကြ၊ တို့ အလုပ်သွားလုပ်ဦးမယ်"

ပြောပြောဆိုဆို လူကြမ်းကြီးသုံးယောက်က အပြင်သို့ ထွက်သွားကြလေသည်။

လက်ပါးစေချင်ဟာက ညှော်ကြိုလူငယ်ကိုကြည့်ကာ …

"ဒီလူသုံးယောက်ကြည့်ရတာ လူကောင်းတွေ မဟုတ်ဘူးနဲ့တူတယ်၊ ကြောက်စရာကောင်းတဲ့ လူတွေပဲ"

"ဟုတ်ပါတယ်၊ ဒီလူတွေက ကျုပ်တို့ဂေဟာကို အမြဲလာနေကျ ဖောက်သည်တွေပါ၊ ဒါကြောင့် … သူတို့ကို မေးထူးခေါ်ပြောသဘောမျိုးနဲ့ ဆက်ဆံနေရတာပါပဲ၊ မင်း … ဒီမှာ ခဏထိုင်နေဦး၊ ကျုပ် … အမျိုးသမီးတစ်ယောက်ကို သွားခေါ်လိုက်ဦးမယ်၊ တခြားလျှောက်သွားမနေနဲ့၊ ဒီမှာက လူပေါင်းစုံပြီး လူရှုပ်တွေသိပ်ပေါတယ်၊ အခန့်မသင့်ရင် ဓားဆွဲ တုတ်ဆွဲဖြစ်တတ်တယ်၊ အကောင်းဆုံးက သူတို့လို လူမျိုးတွေနဲ့ ကင်းကင်းရှင်းရှင်း နေနိုင်ရင် အကောင်းဆုံးပဲ"



ပြောပြောဆိုဆို ညှော်ကြိုလူငယ်လေးက တံခါးကို အပြင်မှ ပိတ်ထားခဲ့ပြီး အခန်းထဲမှ ထွက်သွားလေသည်။

✳ ✳ ✳

မေသခင်လေးမှာ ဤနေရာသို့ အပျော်သက်သက်လာခြင်းဖြစ်သည်။

လာရကျိုးနပ်သည်ဟု ဆိုရပေမည်။

ယခု သူ့ရင်ခွင်ထဲတွင် စိတ်ကြိုက်မိန်းမချောလေးတစ်ယောက် ရောက်နေပြီမဟုတ်ပါလား။

မိန်းမချောလေး ချိုယွင်က ရှက်စနိုးအမူအရာဖြင့် မေသခင်လေး၏ ရင်ခွင်ထဲတွင် ခေါင်းလေးငုံ့နေ၏။

ထိုအချိန်တွင် ပါးသိုင်းမွေးနှင့် လူကြမ်းကြီးသုံးယောက်သည် မေသခင်လေးတို့၏ အခန်းထဲသို့ ဖြန်းခနဲ ဝင်ရောက်လာခဲ့ကြလေသည်။

သူတို့သုံးယောက်၏ မျက်နှာများမှာ ကြောက်မက်ဖွယ်ရာကောင်းအောင် ဒေါသထွက်နေကြ၏။

မိန်းမပျိုလေးချိုယွင်မှာ ထို လူကြမ်းကြီးသုံးယောက်အား မြင်လိုက်ရသည်နှင့် ထိပ်လန့်သွားကာ မေသခင်လေး၏ရင်ခွင်တွင်း

www.burmeseclassic.com

www.burmeseclassic.com



မှထွက်၍ အခန်းထောင့်တစ်နေရာတွင် သွားရောက်ကာ ငြိမ်ကုပ်၍ ရပ်နေသည်။

မျက်ခုံးမွေးထူထူနှင့်လူကြီးက မိန်းမချောလေး ချိုယွင်အား ဒေါသထွက်နေသော မျက်နှာဖြင့်ကြည့်ကာ ...

"ချိုယွင် ... နင်က ဒီမှာ သိပ်ပျော်နေတယ်ပေါ့၊ ငါကတော့ လိုက်ရှာလိုက်ရတာ ခြေကိုတိုတော့မယ်၊ နင်က ဒီမှာ ဒီကောင်နဲ့ လာပျော်မြူးနေတာကိုး"

မျက်ခုံးထူထူနှင့် လူကြမ်းကြီးက စကားဖြတ်၍ မေသခင်လေး ဘက်လှည့်ကာ ကြိမ်းမောင်းနေပြန်သည်။

"ဟေ့ကောင် ... မင်းက ငါ့မယားကို ကြာခိုတာလား၊ မင်း ငါ့မယားကိုခိုးတဲ့အတွက် သက်ဆိုင်ရာရုံးတော်မှာ တရားစွဲဆိုရင် ကြီးလေးတဲ့အပြစ်ရှိတယ်ဆိုတာ မင်း ... မသိဘူးလား"

မေသခင်လေးမှာ ထိုလူ၏စကားကြောင့် မခံမရပ်နိုင်ဖြစ် သွားပြီး ...

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ကျုပ် ... ဒီဂေဟာကို သက်သက် ပျော်ပါးချင်လို့ လာခဲ့တာပဲ၊ ဒီ မိန်းကလေးကလဲ ဒီဂေဟာက မိန်းကလေးပဲ၊ ကျုပ် ... ပိုက်ဆံတတ်နိုင်လို့ တရားဝင်လာရောက် ပျော်ပါးတာ၊ ခင်ဗျားတို့ ဘာလာရှုပ်တာလဲ"

"ဟေ့ကောင် ... မင်း အခန်းထဲမှာရှိနေတဲ့ ကောင်မလေးက ငါ့ ... မိန်းမကွ၊ မင်း ... မယုံရင် သူ့ကို မေးကြည့်ပါလား"

မိန်းမချောလေး ချိုယွင်မှာ ကြောက်ရွံ့ထိတ်လန့်နေသည့် အမူ အရာဖြင့် ...

"ဟုတ်ပါတယ် မေသခင်လေးရယ်၊ အဲဒီလူဟာ ကျွန်မရဲ့ ယောကျ်ားပါ၊ ဒါပေမယ့် ကျွန်မ သူ့ကို မချစ်ပါဘူး၊ ကြောက်လို့ သာ ယူထားရတာပါ၊ မေသခင်လေး ကျွန်မကို ကယ်ပါဦး"



"ဘာ ... မင်း ... မင်း ... သူ့ရဲ့မိန်းမ ဟုတ်လား"

မျက်ခုံးထူထူလူကြီးက ခက်ထန်စွာဖြင့် ...

"ကဲ ... မင်း စကားကို ရှည်ရှည်ဝေးဝေး မေးမနေနဲ့တော့၊ မင်း အရှက်မကွဲချင်ဘူးဆိုရင် တို့နဲ့ အပေးအယူ လုပ်ကြမယ်"

"ဆိုစမ်းပါဦး၊ ခင်ဗျားတို့က ဘာလိုချင်လို့လဲ"

"ရှင်းရှင်းပဲပြောမယ်ကွာ ရွှေချိန်တစ်ပိဿာ လိုချင်တယ်၊ ဒါမှမဟုတ်ရင် မင်းကို တရားရုံးကို ပို့ရမယ်"

မေသခင်လေးမှာ ကျောင်းသားအရွယ်မို့ လူရှုပ်လူပွေများ၏ ဆင်ကွက်ထဲသို့ တိုးမိခဲ့ရသည်။

ထို့ကြောင့် မေသခင်လေးသည် ဘာမှ မတတ်နိုင်တော့ဘဲ လိုက်လျောခဲ့ရတော့သည်။

✳ ✳ ✳

ကိုယ်ရံတော်တပ်မှူးလေးမှာ နေရာပြောင်းအိပ်ရသည့်အတွက် ရတ်တရက်အိပ်မပျော်နိုင်ဘဲ တလူးလူး တလိမ့်လိမ့် ရှိနေသည်။

ထိုအခိုက် အိပ်ခန်းအပြင်ဘက်မှ မိမိနာမည်ကို 'အရေးတကြီး ခေါ်သံကြားလိုက်ရ၍ ရှောင်လုံ အိပ်ယာမှ ကပျာကယာ ထကာ တံခါးဖွင့်ပေးလိုက်ရ၏။

အခန်းအပြင်ဘက်တွင် ဆူမင်းသားကြီး၏ လက်ပါးစေ တစ် ယောက်ကို တွေ့လိုက်ရသည်။

လက်ပါးစေလေးက ...

"တပ်မှူးကို လူတစ်ယောက်က အရေးတကြီး စာပေးခိုင်း လိုက်လို့ပါ"

ပြောပြောဆိုဆို စာတစ်စောင်ကိုပေးပြီး လက်ပါးစေလေးက ထွက်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လုံသည် အိပ်ခန်းအတွင်းပြန်ဝင်လာပြီး မီးစာကိုမြင်ကာ စာကို အရေးတကြီးဖတ်လိုက်၏။

ရှောင်လုံစာဖတ်နေရင်း မျက်လုံးများပြူးထွက်လာကာ စိုးရိမ်မကောင်း ဖြစ်လာရသည်။ လက်ရေးမှာ မိန်းကလေးတစ်ယောက်၏ လက်ရေးနှင့် ခပ်ဆင်ဆင်တူနေသည်။

စာဆုံးသွားသောအခါ ရှောင်လုံမှာ အံ့သြတုန်လှုပ်သွားပြီး စာကိုပြန်ခေါက်၍ အိတ်ထဲသို့ ထည့်လိုက်၏။

ထို့နောက် ကပျာကယာ အိပ်ခန်းအပြင်ဘက်သို့ ထွက်သွားလေသည်။ ဆူမင်းသားကြီး၏ စံအိမ်တော်စောင့် ကင်းများအား မိမိ အပြင်ခဏ ထွက်သွားကြောင်းပြောကာ အမှတ်ရှစ်လမ်းမကြီးသို့ ခပ်သုတ်သုတ် လျှောက်လမ်းထွက်လာခဲ့၏။

တခဏကြာသောအခါ အမှတ်ရှစ်လမ်းမကြီးရှိ ယီစန်းဟွာဂေဟာသို့ ရှောင်လုံ ရောက်လာခဲ့သည်။

ဂေဟာမှလူများက ရှောင်လုံအား ရင်းနှီးသိကျွမ်းနေကြသဖြင့် ရှောင်လုံမှာ အဆင်ပြေသည်ဟု ဆိုရမည်။

ဂေဟာအုပ်ချုပ်ရေးမှူးဟောလန် ရောက်ရှိလာကာ ရှောင်လုံကို ဂါရဝပြု၍ ...

"ဆရာလေး ညဥ့်နက်သန်းခေါင်အချိန်ကြီး ရောက်လာတာ အရေးတကြီးကိစ္စများ ရှိနေလို့လား"

"ဟုတ်ကဲ့ ကျုပ် ... ခင်ဗျားတို့ဂေဟာပိုင်ရှင် သူဌေးကြီးကျင်းနဲ့ တွေ့ချင်ပါတယ်၊ ကျေးဇူးပြုပြီး ခေါ်ပေးပါ"

အဘိုးကြီးဟောလန်မှာ ရှောင်လုံ၏စကားကို မလွန်ဆန်နိုင်ဘဲ သူဌေးကြီးကျင်းထောင်ကို သွားရောက်ခေါ်ရတော့သည်။

သူဌေးကြီးကျင်းထောင်ကလည်း ရှောင်လုံ၏အရေးတကြီး ခေါ်ဆောင်မှုကြောင့် အိပ်ယာမှ လူးလဲထကာ လိုက်ပါလာခဲ့၏။



ရှောင်လုံမှာ ဂေဟာနောက်ဘက် အထူးဧည့်ခန်းဆောင်ထဲတွင် စောင့်နေသည်။

မကြာမီသူဌေးကြီးကျင်းထောင်နှင့် အဘိုးကြီးဟောလန်တို့ ရောက်ရှိလာကြသည်။

ရှောင်လုံက ဆီးကြို၍ ...

"သူဌေးကြီးကျင်းကို ခုလိုညဥ့်နက်သန်းခေါင်မှာ အနှောင့်အယှက်ပေးရတာ ခွင့်လွှတ်ပါ"

"ဟာ ... ဆရာလေး၊ ကိစ္စမရှိပါဘူး၊ ကျုပ်တို့ဟာ ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်နေကြပြီပဲ၊ တစ်ယောက်နဲ့တစ်ယောက် အကူအညီပေးရမှာပေါ့"

ရှောင်လုံက အချိန်ဆွဲမနေတော့ဘဲ သူလာရင်းကိစ္စကို တိုတိုနှင့်လိုရင်း ရှင်းလင်းပြောပြလိုက်သည်။

သူဌေးကြီးကျင်းထောင်မှာ အံ့သြတုန်လှုပ်ပြီး မယုံတစ်ဝက် ယုံတဝက်ဖြင့် ရှောင်လုံပြောပြနေသည်များကို နားထောင်နေ၏။

ပြီးမှ ရှောင်လုံထံမှစာကိုယူ၍ သူဌေးကြီးကျင်းထောင်က ဖတ်ကြည့်လိုက်ပြီး ...

"ကျုပ် ... ဒီဂေဟာကို ဖွင့်ထားပေမယ့် စာထဲမှာပါတဲ့ မတရားတဲ့ အလုပ်မျိုးကိုတော့ မလုပ်ပါဘူး၊ ဆရာလေးတဲ့ မိတ်ဆွေ မေသခင်လေးကို ကျုပ်ဂေဟာမှာ ဖမ်းထားတယ်ဆိုတာ ကျုပ် ... လုံးဝ မသိပါဘူး၊ ဒါပေမယ့် ဒီကိစ္စကို ကျုပ် ... စုံစမ်းဆောင်ရွက်ပေးပါ့မယ်၊ စာထဲမှာပါတဲ့အတိုင်းဆိုရင် ပါးသိုင်းမွေးနဲ့ လူသုံးယောက်က ဆရာလေးမိတ်ဆွေ မေသခင်လေးကို ပြန်ပေးဆွဲတဲ့သဘောမျိုး ဖြစ်နေပါတယ်"

"ဟုတ်ပါတယ်၊ ဒါကြောင့် ... သူဌေးကြီးကျင်းထောင်ကို အကူအညီတောင်းရခြင်း ဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးကျင်းထောင်က ဂေဟာအုပ်ချုပ်ရေးမှူး ဟော့လန်ကို အမိန့်ပေးလိုက်သည်။

"ဟော့လန် ... လောင်တဲ့တို့ကို သွားခေါ်စမ်း"

အဘိုးကြီးဟော့လန်က ဦးညွတ်၍ ဧည့်ခန်းအပြင်ဘက်သို့ ထွက်သွားသည်။

မကြာခင်မှာပင် လောင်တဲ့နှင့် ပါးသိုင်းမွေးလူကြီး နှစ်ယောက် ရောက်လာခဲ့ကြသည်။

လူကြမ်းကြီးသုံးယောက် ရောက်လာသောအခါ သူဌေးကြီး ကျင်းထောင်က ဒေါသ အလွန်ထွက်နေသော မျက်လုံးအစုံဖြင့်ကြည့် လိုက်ကာ ...

"လောင်တဲ့ ... ကျုပ်တို့ဂေဟာမှာ အရှုပ်အရှင်းတွေကို လက် မခံဘူး၊ အခု ... ဒီက တပ်မှူးရောင်လုံရဲ့မိတ်ဆွေ မေသခင်လေးကို မင်းတို့သုံးယောက် ဖမ်းထားပြီး ငွေညှစ်နေတယ်ဆိုတာ ဟုတ်လား မှန်မှန်ပြောစမ်း"

လောင်တဲ့နှင့် လူကြမ်းကြီးနှစ်ယောက်မှာ မျက်နှာတွင် သွေး မရှိတော့တဲ့ အသံတုန်ရင်စွာဖြင့် ...

"ကျွန်တော်တို့ တပ်မှူးလေးရောင်လုံရဲ့မိတ်ဆွေဖြစ်မှန်း မသိ လို့ပါ"

သူဌေးကြီးကျင်းထောင်က ...

"လောင်တဲ့ ... တပ်မှူးလေးရောင်လုံဟာ ငါနဲ့ အင်မတန် ရင်းနှီးတဲ့မိတ်ဆွေကွ၊ ဒီတော့ တပ်မှူးလေးရဲ့မိတ်ဆွေဟာလဲ ငါ့ရဲ့ မိတ်ဆွေလိုပဲ၊ ဒီတော့ မင်းတို့ဖမ်းထားတဲ့ မေသခင်လေးကို အခု ချက်ချင်း လွှတ်ပေးလိုက်ပါ"

အမှန်တွင် မေသခင်လေးဆိုသူအား ရောင်လုံက လုံးဝမသိ ပေ၊ ဘယ်တုန်းက မိတ်ဆွေဖြစ်ခဲ့မှန်းလည်း စဉ်းစားမရဖြစ်နေသည်။



သို့သော် ဒုက္ခရောက်နေသူက မိမိအား အကူအညီတောင်းလာ၍ ခပ်တည်တည်နှင့် လာခဲ့ရခြင်း ဖြစ်သည်။

သူဌေးကြီးကျင်းထောင်က ရောင်လုံဘက်လှည့်၍ တောင်း ပန်စကားဆိုလိုက်သည်။

"ဆရာလေးရောင်လုံ ဒီကိစ္စကို မပေါက်ကြားအောင် ဆရာ လေး ဖုံးဖိပေးထားပါ၊ နို့မဟုတ်ရင် ကျုပ်တို့ကို သက်ဆိုင်ရာက ဂေဟာပိတ်လိုက်ရင် ကျုပ်ရဲ့ စီးပွားရေးထိခိုက်သွားရလိမ့်မယ်"

ရောင်လုံက ပြောလိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်ရဲ့မိတ်ဆွေကို အခုချက်ချင်း လွှတ်ပေး လိုက်ပါ"

သူဌေးကြီးကျင်းထောင်က ...

"ဟော့လန် ... တပ်မှူးလေးရဲ့မိတ်ဆွေကို လွှတ်ပေးလိုက်ပါ၊ နောက်ပြီး လောင်တဲ့ တပ်မှူးလေးနဲ့ သူ့ရဲ့မိတ်ဆွေကို ကျေနပ်တဲ့ အထိ မင်းတို့တောင်းပန်လိုက်ကြပါ"

လောင်တဲ့နှင့် ပါးသိုင်းမွေးလူကြီးနှစ်ယောက်က ရောင်လုံအား တောင်းပန်လိုက်ကြသည်။

"တပ်မှူးလေး ... ကျွန်တော်တို့ကို ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန် တော်တို့ နောက်ကို ဒီလိုမဖြစ်စေရပါဘူး"

ရောင်လုံက ...

"ဒီတစ်ခါတော့ သူဌေးကြီးကျင်းရဲ့မျက်နှာနဲ့ မင်းတို့ကို ခွင့် လွှတ်လိုက်မယ်"

ထိုချိန်တွင် ဟော့လန်တစ်ယောက် ရေးကြီးသုတ်ပြာနှင့် ပြန် ရောက်လာကာ ...

"သခင်ကြီးနဲ့ တပ်မှူးလေးတို့ခင်ဗျာ၊ အခန်းထဲမှာ မေသခင် လေး မရှိတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးကျောင်းထောင်က ...

"ဘာ ... မေသခင်လေး မရှိတော့ဘူးဟုတ်လား၊ ဘယ်ထဲ ဖြစ်တာလဲ"

အဘိုးကြီးဟော့လန်က ...

"မေသခင်လေးဟာ အခန်းထဲက အစောင့်ကိုတိုက်ခိုက်ပြီး ထွက်သွားပါတယ်"

သေဌေးကြီးကျောင်းထောင်က ရှောင်လုံအား ပြောလိုက်သည်။

"ကဲ ... ဆရာလေးရဲ့မိတ်ဆွေလည်း မရှိတော့ဘူးဆိုတော့ ကျွန်တော် ဘာများဆက်လုပ်ပေးရပါဦးမလဲ"

"ကျွန်တော့ရဲ့မိတ်ဆွေလည်း သူ့ဘာသာထွက်သွားပြီဆိုတော့ ကိစ္စမရှိတော့ပါဘူး၊ အခုလိုလာပြီး အကူအညီတောင်းရတာ သူဌေး ကြီးကျောင်းကို အားလည်းနာပါတယ်၊ ကျေးဇူးလည်း အများကြီးတင်ပါ တယ်ခင်ဗျာ"

ရှောင်လုံသည် သူဌေးကြီးကျောင်းအား ကျေးဇူးတင်စကားပြော ဂေဟာမှ ထွက်ခွာသွားလေသည်။

ရှောင်လုံထွက်ခွာသွားတော့မှ သူဌေးကြီးကျောင်းထောင်က လောင်တုံအား ပြောလိုက်သည်။

"လောင်တုံ နောက်ဆိုင်ရင် အလုပ်ကို သေသေသပ်သပ်ဖြစ် အောင်လုပ်ပါ၊ ဒီလို ပေါ့ပေါ့ဆဆလုပ်ရင် တစ်နေ့ တို့တတွေ ဒုက္ခတွေ့နိုင်တယ်"

ပါးမြိုင်းမွေးနှင့် လူကြမ်းကြီးသုံးယောက်တို့က ပြိုင်တူခေါင်း ညိတ်လိုက်ကြ၏။

"ကဲ ... ဘာမှ စိတ်မပူကြနဲ့တော့ ငါ ... စုံစမ်းခိုင်းထားတဲ့ အောက်ပြည်အောက်ရွာက သတင်းပြန်လာပြီ၊ ခု ... ဒီမှာရောက်နေ တဲ့ တပ်မှူးလေးရှောင်လုံနဲ့ လေပြင်းခေါသမား ထိလူဟာန်းတို့ဟာ ဘာမှမပတ်သက်ဘူး၊ ထိလူဟာန်းဟာ ခု ... ဟိုနန်ပြည်နယ်မှာ ရောက် နေတယ်လို့ စာရတယ်၊ ဒါပေမယ့် ... ငါတို့ရဲ့အတွင်းရေးတွေဟာ အပြင်ကို ပေါက်ကြားနေပြီ၊ ဒီတော့ ... ကျူးပိုက်ဝိုဏ်းချုပ်ကြီးကို အကြောင်းကြား အမိန့်နာခံဖို့အရေးကြီးတယ်၊ ရှောင်လုံကိုတို့အဖွဲ့ ထဲရောက်အောင် စည်းရုံးယူမလား၊ ဒါမှမဟုတ် အပြတ်ရှင်းမလား ဆိုတာ ခု ... ချက်ချင်း အကြောင်းကြားရမယ်"



သူဌေးကြီး၏ လူယုံတော် ခေါ့နိုရှင်ဆိုသူက "ဟုတ်ကဲ့"ဟု ပြောဆိုကာ ညွှန်ခန်းအပြင်ဘက်သို့ အမြန်ဆုံးထွက်ခွာသွားလေ တော့သည်။

✱ ✱ ✱

ရှောင်လုံသည် ယီစန်းဟွာဂေဟာမှ ပြန်ထွက်လာကာ ဆူ င်းသားကြီး၏စံအိမ်တော်သို့ မပြန်သေးဘဲ ယီစန်းဟွာဂေဟာအနီး ရှိ ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်နေရင်း အိမ်တစ်အိမ်ရှေ့တွင် ရှိနေသည်။

အတန်ကြာလေ့လာအကဲခတ်ပြီးမှ အကြောင်းမထူးသဖြင့် တစ်နေရာသို့ လျှောက်လှမ်းထွက်လာခဲ့၏။

ထို့နောက် လမ်းတစ်လမ်းတဲသို့ ချိုးကွေ့ဝင်လိုက်ပြီး အိမ် တစ်အိမ်ရှေ့တွင်ရပ်ကာ တံခါးခေါက်လိုက်၏။

"ခေါက် ... ခေါက် ... ခေါက် ..."

အိမ်ထဲတွင်မီးမှောင်နေရာမှ ရုတ်တရက်မီးထွန်းလိုက်သဖြင့် မီးရောင်များ ပြူတင်းပေါက်မှန်မှတစ်ဆင့် အပြင်ဘက်သို့ ဖြာထွက် လာခဲ့သည်။

"ညဥ့်နက်သန်းခေါင် အပြင်ဘက်က ဘယ်သူတံခါးခေါက် တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ... ရှောင်လုံပါ"

"သြော် ... တပ်မှူးလေး ရှောင်လုံလား"

စကားဆုံးသည်နှင့် တံခါးပွင့်သွားကာ မိန်းမပျိုလေးတစ်ယောက် ထွက်လာသည်။

"ကဲ ... တပ်မှူးလေးရှောင်လုံ အိမ်ထဲဝင်ပါ၊ ဘယ်နှယ် ညဥ့်နက်သန်းခေါင် အချိန်မတော်ကြီးကျမှ ဘာစိတ်ကူးများရလို့ ဒီကို လာခဲ့တာလဲ"

"တစ်နေရာက ပြန်လာရင်း လမ်းကြုံနေတာနဲ့ ဝင်လာတာပါ၊ ဒါနဲ့ လောင်ဖန်ချူး မအိပ်သေးဘူး မဟုတ်လား"

"ဟာ ... တပ်မှူးလေးကလဲ ဒီအချိန်ကြီးကျမှ မမ အိပ်နေပြီပေါ့၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ တပ်မှူးလေးရှောင်လုံကိုတော့ မမလေးက အချိန်မရွေး တွေ့ချင်နေပါတယ်၊ ကျွန်မ သွားပြီးနှိုး ပေးပါ့မယ်၊ ဧည့်ခန်းမှာ ခဏထိုင်စောင့်နေပါ"

ထိုအချိန်တွင် အတွင်းခန်းတစ်ခန်းမှ ကြည်လင်သောအသံ တစ်သံထွက်ပေါ်လာသည်။

"ထန်ချွင်း ... အပြင်မှာ ဘယ်သူရောက်နေသလဲ"

"မင်းသားလေး ပေါင်းဖီးရဲ့ ကိုယ်ရံတော်တပ်မှူးလေး ရှောင်လုံပါ မမ"

"သြော် ... တပ်မှူးလေး ရှောင်လုံလား၊ ဧည့်ခန်းမှာ ခဏထိုင်ပါဦး၊ ခုပဲ ကျွန်မလာခဲ့ပါ့မယ်"

ခဏအကြာတွင် လောင်ဖန်ချူးသည် ဧည့်ခန်းအတွင်းသို့ ဝင်လာသည်။ လောင်ဖန်ချူးမှာ ညအိပ်အဝတ်အစားများနှင့် တင့်တယ် ကြည့်ကောင်းနေသည်။

"ခုလို လောင်ဖန်ချူးကို ညကြီးသန်းခေါင် လာပြီး နှောင့်ယှက်ရတာကို ခွင့်လွှတ်ပါခင်ဗျာ"



"ဒါထက် တပ်မှူးလေးက ဘာအကြောင်းထူးများရှိလို့ အချိန်မတော်ကြီးလာခဲ့ရတာလဲ"

"လောင်ဖန်ချူး သိလျက်သားနဲ့ တစ်ခြားစကားတွေကို ပြောမနေပါနဲ့၊ မေသခင်လေးက မင်းပဲ မဟုတ်လား၊ ကျုပ်ကို ယီစန်းဟွာ ဂေဟာဆီကိုလာဖို့ ဘာဖြစ်လို့ စာရေးခေါ်လိုက်ရတာလဲ၊ ပြီးတော့ ကျုပ်ရောက်လာတဲ့အခါ မင်းမရှိတော့ဘူး၊ အဲဒါ ... ဘာကြောင့်လဲ ဆိုတာ သိချင်လို့ပါ"

ထိုစကားကြောင့် လောင်ဖန်ချူးနှင့် ထန်ချွင်းတို့ မျက်လုံးအဝိုင်းသားနှင့် အံ့သြသွားကြကာ ...

"ဟင် ... ရှင် ... ဒီအကြောင်းတွေ ဘယ်လိုလုပ် သိတာလဲ"

"ဒါက ... လွယ်ပါတယ် ကျုပ် ... နေပြည်တော်ကို ရောက်တာမကြာသေးပါဘူး၊ နောက်တစ်ချက်က လက်ရေးဟာ ယောကျ်ားလေး တစ်ယောက်ရဲ့လက်ရေးမဟုတ်ဘူး၊ လောင်ဖန်ချူးဆိုတဲ့ မင်းရဲ့ လက်ရေးနဲ့တူ နေတာမို့ ကျုပ်ကို စာရေးပေးလိုက်တဲ့ မေသခင်လေး အဖြစ်အယောင်ဆောင်သူဟာ လောင်ဖန်ချူးဆိုတဲ့ မေသခင်မလေး ပဲပေါ့"

"အင်း ... ဒါကြောင့်လဲ တပ်မှူးလေးကို ပေါင်းဖီးကိုယ်တော် လေးက လက်သပ်မွေးထားတာကိုး၊ တပ်မှူးလေးကိုလဲ ကျွန်မတို့က အကဲခတ်မိပါတယ်၊ တပ်မှူးလေးဟာ သိုင်းပညာရော တွေးခေါ် မျှော်မြင်တဲ့ အပိုင်းမှာရော စံတားလောက်အောင် တော်လှပါပေတယ်၊ တပ်မှူးလေးကို ခုလို ... ဒုက္ခပေးရတာ တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး၊ လောင်ဖန်ချူး၊ ကျုပ်မလာသဲ မင်း ... ကိုယ့်အစွမ်းအစနဲ့ကိုယ် ပြန်ရောက်လာနိုင်တာပဲ"

"ဒါထက် ... တပ်မှူးလေးက နေပြည်တော်ကိုလာတာ ဘာ ရည်ရွယ်ချက်နဲ့ လာတာလဲဆိုတာ သိပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လုံက ထိတ်ခနဲ ဖြစ်သွားကာ ...

"အမှန်အတိုင်း ပြောရမယ်ဆိုရင် ယိစန်းဟွာပိုင်ရှင် သူဌေးကြီး ကျင်းထောင်ရဲ့ အကြောင်းကို လာစုံစမ်းတာပါ"

"တပ်မှူးလေး နေပြည်တော်ကိုလာတာ ဒီကိစ္စတစ်ခုတည်းနဲ့တော့ ဟုတ်မယ်မထင်ဘူး၊ အခြား အကြောင်းတွေရှိမှာ သေချာပါတယ်"

"မှန်ပါတယ်၊ ကျုပ် ... အခြားရည်ရွယ်ချက်တွေကိုတော့ ပြောမဖြစ်လို့ မပြောပါရစေနဲ့၊ ဒါပေမယ့် တစ်ခုတော့ရှိပါတယ်၊ ကျုပ်လာခဲ့တဲ့အတွက် တခြားလူကိုတော့ မထိခိုက်ပါဘူး၊ မင်းတို့ နှစ်ယောက် ဆုမင်းသားကြီးရဲ့ စံအိမ်တော်ကို ညကြီးရောက်လာတဲ့ ကိစ္စကိုလဲ ကျုပ် ရိပ်မိပါတယ်"

"ဒါကတော့ ကြုံကြိုက်မှုတစ်ခုပါပဲ၊ ဟိုတစ်နေ့ညက ကျုပ် မင်းတို့အိမ်ရှေ့က ဖြတ်သွားတဲ့အခါ ညအချိန်မတော် ဝတ်စုံနက်ဝတ် အမျိုးသမီးနှစ်ယောက်ကို ဒီအိမ်အထဲဝင်သွားတာ တွေ့လိုက်ရတဲ့အတွက် ဆက်စပ်ပြီးပြောနိုင်တာပါ၊ ဒါကြောင့် ... မင်းတို့ နှစ်ယောက်မင်းသားကြီးဆုရဲ့ စံအိမ်ကို ဝင်ရောက်ထောက်လှမ်းတယ်ဆိုတာ သိခဲ့ရတာပါပဲ"

"တပ်မှူးလေး၊ မင်းသားကြီးဆုရဲ့ အိမ်တော်ကို သွားနေတာ ကျွန်မတို့နှစ်ယောက်ကို ဖမ်းဆီးဖို့ မဟုတ်လား"

"ဒီလို စိတ်သဘောထားမျိုး ကျုပ်မှာ မရှိပါဘူး၊ မင်းတို့ နှစ်ယောက် မင်းသားကြီးဆုရဲ့ စံအိမ်တော်ကို သွားစုံစမ်းတာနဲ့ ကျုပ်နဲ့ ဘာမှ မပတ်သက်ပါဘူး၊ ဝင်စွက်ဖက်ဖို့လဲ လုံးဝစိတ်မကူးဘူးဆိုတာကို ယုံပါ"

"ကျွန်မ ယောက်ျားလေး ဟန်ဆောင်ပြီး ယိစန်းဟွာဂေဟာ



သွားရတဲ့အကြောင်းက ကျွန်မသိချင်တဲ့ အချက်အလက်ရှိလို့ သွားစုံစမ်းတာပါ"

ရှောင်လုံက သက်ပြင်းတစ်ချက်ချကာ ...

"လောင်ဖန်ချူး မင်းကို ကျုပ်တစ်ခုတော့ သတိပေးချင်တယ်၊ နောင်ကို မင်းသားကြီးဆုရဲ့ စံအိမ်တော်ကို မသွားပါနဲ့တော့၊ တကယ်လို့ မသွားမဖြစ်ခဲ့ရင် ကျုပ် မင်းသားလေး ပေါင်းဇီရဲ့စံအိမ်တော်ကို ပြန်သွားတဲ့အခါကျမှ သွားစေချင်ပါတယ်"

"ဘာလဲ ... ကျွန်မကြောင့် ရှင် ... ဒုက္ခရောက်မှာ စိုးလို့လား"

"မဟုတ်ပါဘူး၊ တကယ်လို့ ကျုပ်ရှိနေလျက်နဲ့ မင်းသားကြီးဆုရဲ့စံအိမ်တော်ကြီးမှာ ဒီကိစ္စမျိုး ဖြစ်ပေါ်လာခဲ့ရင် ကျုပ် ဘယ်ကောင်းတော့မှာလဲ၊ ကျုပ်ကလဲ လက်ပိုက်ကြည့်နေလို့ မရတော့ဘူး၊ တကယ်လို့ မင်းတို့ကို လွှတ်ပေးလိုက်ရင် ကျုပ်ဟာ မင်းသားလေးရဲ့ ကိုယ်ရံတော်တပ်မှူး ဆက်လုပ်လို့ ဘယ်ကောင်းတော့မှာလဲ၊ ဒါကြောင့် ခုလို မေတ္တာရပ်ခံရတာပါ"

လောင်ဖန်ချူးက ခေါင်းညိတ်လိုက်ကာ ...

"ကျွန်မ တစ်ခုတော့ ရှင့်ကို မေးချင်တယ်၊ မင်းသားကြီးဆုရဲ့ စံအိမ်တော်ကို ဘာဖြစ်လို့ မသွားစေချင်တာလဲ"

"မင်းတို့ မသိသေးတဲ့ အချက်တစ်ချက် ရှိနေလို့ပါ၊ မင်းသားကြီးဆုရဲ့ စံအိမ်တော်ကြီးမှာရှိတဲ့ အုပ်ချုပ်ရေးမှူးအရာရှိဟာ အခြားလူ မဟုတ်ပါဘူး၊ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်ကျော်လောက်က သိုင်း လောကမှာ နာမည်ကျော်ကြားခဲ့တဲ့ သိုင်းသမား ကိုးဖော်ထဲက တစ် ယောက်ဖြစ်တဲ့ တိမ်ပျံကုံးဟိုဆိုတာ သူပါပဲ၊ တကယ်လို့သာ သူနဲ့ မင်းတို့ သွားတွေ့ရင် ဒုက္ခရောက်သွားမှာစိုးလို့ စေတနာ သက်သက်နဲ့ သတိပေးတာပါ"

www.burmeseclassic.com

www.burmeseclassic.com



လောင်ဖန်ချူး မျက်နှာတစ်ချက်ပျက်သွားကာ...

"ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ အုပ်ချုပ်ရေး ကုံးဟို ရှိနေတာတော့ သိထားပါတယ်၊ ဒါပေမယ့် ဟိုတစ်နေ့ည ကျွန်မတို့သွားတော့ ဘာဖြစ်လို့ သူ့ကို မတွေ့ရတာလဲ"

"အဲဒီနေ့ညက တိမ်ပျံကုံးဟိုဟာ ကိစ္စတစ်ခုနဲ့ အပြင်ထွက် သွားလို့ပါ"

"ဟုတ်ကဲ့... တပ်မှူးလေးကို ကျေးဇူးတင်တဲ့အနေနဲ့ ကျွန် ယီစန်းဟွာဂေဟာကို ယောကျ်ားလေးလို ဟန်ဆောင်ပြီး သွား ဘာကြောင့်လဲဆိုတာကို ပြောပြပါမယ်၊ အဲဒီအကြောင်းကို ပြောရ ပထမ ဆူမင်းသားကြီး စံအိမ်တော်ကို သွားရတဲ့အကြောင်းက ပြောရလိမ့်မယ်"

လောင်ဖန်ချူးက စကားကို ခေတ္တနားပြီးမှ ဆက်ပြောလို ပြန်သည်။

"ဒီလိုပါ မင်းသားကြီးဆူရဲ့ စံအိမ်တော်ကြီးကို သွားရော စုံစမ်းပြီးပြန်အလာ လမ်းမှာ မသင်္ကာစရာကောင်းတဲ့ လူတစ်ယော ကို တွေ့လိုက်ရပါတယ်၊ အဲဒါနဲ့ အဲဒီလူနောက်ရဲ့ကို ကျွန်မ အသာနောက်ယောင်ခံပြီး လိုက်သွားခဲ့ပါတယ်၊ အဲဒီလူဟာ မြို့ မှာရှိနေတဲ့ တပ်စိန်ရေလှောင်ကန်အနီးက သစ်တောလေးထဲကိုလ ရောက်ရော တောစပ်တစ်နေရာမှာ မျက်နှာဖုံးစွပ်ထားတဲ့ ဝတ် နက်ဝတ်လူတစ်ယောက်နဲ့ ရပ်ပြီး စကားပြောနေတာကို တွေ့လို ကြရပါတယ်။

ကျွန်မတို့လည်း သူနဲ့မနီးမဝေးမှာ ချောင်းမြောင်းနားထော နေတာဆိုတော့ သူတို့ရဲ့စကားပြောဆိုနေသံကိုတော့ သဲသဲကွဲ မကြားရပါဘူး၊ ဒါပေမယ့် အဲဒီလူက မျက်နှာဖုံးစွပ်နဲ့ လူကြီး ဆရာကြီးလို့ ခေါ်လိုက်သံကိုတော့ကြားခဲ့ရပါတယ်၊ ဒါနဲ့ သူ



စကားအနည်းငယ် ထပ်ပြောကြပြီး မျက်နှာဖုံးစွပ်နဲ့ လူကြီးဟာ သစ်တောလေးထဲကို ဝင်သွားတယ်၊ ကျွန်မတို့က နောက်ယောင်ခံ လိုက်သွားပေမယ့် မျက်ခြေပြတ်သွားခဲ့တယ်။

ဒါနဲ့ ဟိုလူ့နောက်ကို တစ်ခါနောက်ယောင်ခံပြီး လိုက်သွား တော့ အဲဒီလူဟာ သူဌေးကြီးကျင်းထောင်ရဲ့ အိမ်ထဲကို ဝင်သွား တာ တွေ့လိုက်ရတယ်"

ထန်းချွင်းက ကြားဖြစ်၍...

"အဲဒီလူရဲ့ ညာဘက်ပါးပြင်ပေါ်မှာ ဓားခုတ်ရာကြီးလို အမာ ရွတ်ကြီးတစ်ခုကို ကျွန်မ သေသေချာချာ တွေ့လိုက်ရပါတယ်"

ရှောင်လုံက...

"ဒီအတွက် မင်းက ယောကျ်ားလေးလိုဝတ်ပြီး ယီစန်းဟွာ ဂေဟာကို သွားစုံစမ်းတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်မ ယီစန်းဟွာဂေဟာကို အရင်မသွားသေးပါဘူး၊ သစ်တောလေးထဲမှာ မသင်္ကာစရာတစ်ခု ရှိနေတာနဲ့ ကျွန်မတို့နှစ်ယောက် သစ်တောလေးထဲကို သွားရောက် စုံစမ်းခဲ့ကြပြန်တယ်။

အဲဒီ သစ်တောလေးထဲမှာ မမျှော်လင့်ဘဲ သချိုင်းဂူတစ်ခုကို တွေ့လိုက်ရတယ်"

စသည်ဖြင့် ဂူကြီးထဲဝင်ပြီး စုံစမ်းပုံ၊ ဂူတံခါးပေါက်ကို လျှို့ဝှက် တံခါးတပ်ဆင်ထားပုံ၊ ဂူထဲ၌ တွေ့ခဲ့ရသည်များကို တစ်လုံးမကျန် ပြန်ပြောပြလိုက်သည်။

ရှောင်လုံက ခေတ္တတွေးတောပြီး...

"ဒါဆို ဟိုတစ်နေ့က မျက်နှာဖုံးနဲ့လူကြီးက အဲဒီဂူထဲကို ဝင်သွားလို့ မျက်ခြည်ပြတ်သွားတာ ဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါလိမ့်မယ်၊ ဒါကြောင့် ကျွန်မတို့ ရှာတာမတွေ့တော့တာပေါ့"

လောင်ဖန်ချူးက ဆက်လက်ပြောပြန်သည်။

"ဒါတင် မဟုတ်သေးဘူး၊ ကျွန်မတို့နှစ်ယောက် ဝူသချိုင်းရဲ့ ဥမင်လမ်းလေးအတိုင်း ဆက်ပြီးလျှောက်သွားကြတော့ ဥမင်လမ်းအဆုံးဟာ ဆူမင်းသားကြီးရဲ့ စံအိမ်တော်အစပ်နားမှာ အဆုံးသတ်သွားပါတယ်"

ထိုစကားကြောင့် ရှောင်လုံအံ့အားသင့်သွားပြီး ...

"ဟင် ... ဆူမင်းသားကြီးရဲ့ စံအိမ်တော်နားမှာ မြေအောက်ဥမင်လမ်းဆုံးသွားတယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒီအချိန်မှာ တပ်မှူးလေးဟာ အမျိုးသမီးတစ်ယောက်နဲ့ မင်းသားကြီးစံအိမ်တော်ရဲ့ အနောက်ဘက်မှာ ရပ်ပြီးစကားပြောနေတာကို ကျွန်မတို့ တွေ့ခဲ့ရပါသေးတယ်"

ရှောင်လုံမှာ အံ့သြစွာဖြင့် တစ်ယောက်တည်း ရေရွတ်သလိုပြောလိုက်၏။

"အင်း ... ဆူမင်းသားကြီးရဲ့ စံအိမ်အနီးက ဥမင်လမ်းဟာ ဟိုသစ်တောလေးထဲက ဝူသချိုင်းဟောင်းကြီးနဲ့ ဆက်သွယ်ထားတယ်ဆိုတော့ မင်းက မင်းသားကြီးဆူရဲ့ စံအိမ်တော်အုပ်ချုပ်ရေးမှူးကုံးဟိုကို သံသယဝင်နေတယ်ထင်တယ်"

"ကျွန်မ ဒီလိုတော့ မထင်ဝံ့ပါဘူး၊ ဒါပေမယ့် ဟိုမျက်နှာဖုံးစွပ်နဲ့လူကြီးဟာ မင်းသားကြီးဆူရဲ့ စံအိမ်တော်ထဲကို ဝင်သွားတာတော့ သေချာပါတယ်၊ တပ်မှူးလေး စောစောကပြောတယ်လေ အဲဒီညက ကုံးဟို ကိစ္စတစ်ခုနဲ့ အပြင်ကိုထွက်သွားတယ်ဆိုတော့ မျက်နှာဖုံးစွပ်နဲ့လူဟာ သူများဖြစ်နေမလားလို့ ထင်ကြည့်တာပါ။ တပ်အပ်သေချာတော့ မစွပ်စွဲရဲပါဘူး၊ ထန်ချွင်းက တပ်မှူးလေးကို



တောင်ထင်နေတာ၊ နောက်မှ ကိုယ်လုံးကိုယ်ပေါက်နဲ့ အရပ်အမောင်းကွာခြားနေလို့ မျက်နှာဖုံးစွပ်နဲ့လူဟာ တပ်မှူးလေး မဟုတ်မှန်းသိခဲ့ရတယ်"

ရှောင်လုံက ...

"အင်းလေ ... ဒါလဲ ကြုံကြိုက်တိုက်ဆိုင်နေတော့ မင်းထင်တာ မဆိုးပါဘူး"

ထန်ချွင်းက ဆက်လက်ပြီး လောင်ဖန်ချူးအား မေးလိုက်ပြန်သည်။

"မမလေး ... ဒီကိစ္စကို ဘယ်လိုမြင်ပါသလဲ"

"အင်း ... ငါ့အထင်တော့ ခု လက်ရှိဘုရင်ကြီး အင်းကျိန်ခုန်နန်းတက်ခဲ့ပြီး သူ့ရဲ့ ညီအစ်ကိုတွေဟာ ဘုရင်ကြီးကို မကျေမနပ်ဖြစ်တဲ့အတွက် သိုင်းအကျော်အမော်တွေ စုဆောင်းပြီး ထီးနန်းလုဖို့များ ကြံရွယ်နေကြသလားမှ မသိတာ။

ဒါပေမယ့် ဒီကိစ္စကို မဖြစ်နိုင်ကြောင်း ငါ ... စဉ်းစားမိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘုရင်ကြီးအင်းကျိန်းခုန်းရဲ့ လျှို့ဝှက်ထောက်လှမ်းရေးရဲမက်တွေဟာ မင်းညီမင်းသားတွေရဲ့ စံအိမ်တော် အသီးသီးမှာ ရှိနေကြတယ်။

ဒါ့အပြင် ... မင်းညီမင်းသားတွေရဲ့ စံအိမ်တော်အတွင်းမှာလဲ ဘုရင်ကြီးရဲ့ လူယုံတော်တွေ ရှိမနေဘူးလို့ ပြောမရဘူး၊ ဒါကြောင့် ... မင်းညီမင်းသားတွေဟာ သူတို့ထင်သလိုလုပ်ဖို့ သိပ်မလွယ်ကြောင်းပြန်စဉ်းစားမိတာပေါ့"

ထန်ချွင်းမှာ လောင်ဖန်ချူး၏ ရှင်းလင်းပြောပြသည်များကို ငြိမ်သက်စွာ နားထောင်နေသည်။ ရှောင်လုံမှာ လောင်ဖန်ချူး၏ ဝေဖန်သုံးသပ်ချက်များသည် အလွန်သင့်မြတ် လျော်ကန်နေသဖြင့် စိတ်ထဲမှာကြိတ်၍ ချီးကျူးမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လောင်ဖန်ချူးက ဆက်လက်၍ ပြောပြန်သည်။

"နောက်ပြီး မျက်နှာဖုံးစွပ်နဲ့လူကြီးဟာ မြေအောက်လမ်းက သွားလာဝင်ထွက်နေတာကို ကြည့်ရခြင်းအားဖြင့် သူဌေးကြီး ကျင်းထောင်တို့လူစုဟာ မျက်နှာဖုံးစွပ်နဲ့လူကြီးကို မြင်ဖူးကြမယ် မဟုတ်ဘူး။

နောက်တစ်ချက်ကလည်း အဲဒီ မျက်နှာဖုံးစွပ်နဲ့လူဟာ ဆူမင်းသား ကြီးရဲ့ စံအိမ်တော်ထဲမှာ ရှိနေမှန်းလိုလဲ သူတို့ သိကြပုံ မပေါ်ဘူး၊ ကျွန်မ အမြင်ကတော့ ဒီလိုပဲ မြင်ပါတယ်၊ တပ်မှူးလေးရဲ့ အမြင်ကကော ဘယ်လိုများ ရှိပါသလဲ"

ရှောင်လုံက တကယ်ပင် လှိုက်လှိုက်လှဲလှဲ ချီးကျူးလိုက်မိသည်။

"မင်းရဲ့အမြင်က အခံတော်လေးကို သဘာဝကျပါတယ်၊ တခြား ဘာအကြောင်းများကော ဖြစ်နိုင်သေးတယ်ဆိုတာကို ထပ်ပြောကြည့်ပါဦး"

လောင်ဖန်ချူးက ...

"တခြားဘာအကြောင်းတွေ ရှိနေသေးလဲဆိုကို ကျွန်မအမြင် ပြောရရင်တော့ သူဌေးကြီးကျင်းထောင်တို့ လူစုဟာ လျှို့ဝှက်ဂိုဏ်း တစ်ဂိုဏ်းဖြစ်ပြီး အဲဒီလျှို့ဝှက်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဟာ ဆူမင်းသားကြီးရဲ့ စံအိမ်တော်ထဲက လူတစ်ယောက်ဖြစ်ရမယ်။

ဒါပေမယ့် သူဌေးကြီး ကျင်းထောင်တို့လူစုဟာ ဂိုဏ်းချုပ်ဟာ ဘယ်သူဆိုတာကို သေသေချာချာ သိပုံမပေါ်ဘူး၊ ဒါကြောင့် ... မျက်နှာဖုံးစွပ်နဲ့လူဟာ ဂိုဏ်းချုပ်ဖြစ်ပြီး ဆူမင်းသားကြီးရဲ့ အရှိန်အဝါကို အလွဲသုံးစားပြု ခြိမ်းခြောက်ပြီး အပြင်မှာ မကောင်းမှု ဒုစရိုက်တွေကိုလုပ်နေတာ ဖြစ်ရမယ်။



အရေးကြီးတဲ့အချက်ကတော့ အဲဒီ လျှို့ဝှက်ဂိုဏ်းကြီးကို နောင် တစ်ချိန်ချိန်မှာ သက်ဆိုင်ရာ အာဏာပိုင်တွေက စုံစမ်းသိရှိ သွားတဲ့အခါ ဂိုဏ်းသူ ဂိုဏ်းသားတွေကသာ အပြစ်ပေးခံရပြီး သူက တော့ ခေါင်းရှောင်နိုင်အောင် သေသေသပ်သပ် ပိပိရိရိနဲ့ စီစဉ်ထား တာဖြစ်မယ်"

ရှောင်လုံက ...

"လောင်ဖန်ချူးရဲ့ ထင်မြင်ယူဆချက်တွေဟာ သိပ်ကို မှန် ကန်ပါတယ်"

လောင်ဖန်ချူးက ဆက်လက်ပြောပြန်သည်။

"ကျွန်မ ... နောက်ထပ်ထင်မြင်ချက်တစ်ခုကို ပြောရမယ်ဆို ရင်တော့ တပ်မှူးလေးဟာ သိုင်းလောကတစ်ခွင်မှာ နံ့စပ်အောင် ဝင်ထွက်သွားလာခဲ့ပြီး နေပြည်တော်မှာ လျှို့ဝှက်ဂိုဏ်း ရှိတယ်ဆို တာကိုသိလို့ အဲဒီ ... လျှို့ဝှက်ဂိုဏ်းအကြောင်းကို စုံစမ်းဖို့ ရောက် လာခဲ့တာဖြစ်တယ် မဟုတ်လား"

ရှောင်လုံက ...

"မင်းရဲ့ ထင်မြင်ချက်ကို ထပ်ပြောပါဦး"

"ရှင် ... နေပြည်တော်ကို ရောက်လာကတည်းက ကျွန်မ ရှင့်ကိုမသက်ဘူး၊ ရှင်ဟာ အကြောင်းတစ်ခုခုကြောင့် လာခဲ့တယ် ဆိုတာကို ကျွန်မရိပ်မိပါတယ်၊ ဒါကြောင့် ... ကျွန်မက ယောကျ်ား လေးလိုဟန်ဆောင်ပြီး ယီစန်းဟွာဂေဟာကိုသွားပြီး မေသခင်လေး ဟန်ဆောင်ခဲ့တယ်၊ ရှင့်ကိုလဲ ကယ်တင်ဖို့ ထန်ချွင်းကို စာပေးခိုင်း လိုက်ပြီး ဟာမင်တကာ အကူအညီတောင်းခဲ့တာပါ။

ကျွန်မ ဘာဖြစ်လို့ အကူအညီတောင်းရသလဲဆိုတော့ ရှင်နဲ့ ကျင်းထောင်တို့လူစု ဘယ်လောက်ရင်းနှီးတယ်ဆိုတာ သိချင်လို့ပဲ၊ ကျွန်မထင်တဲ့အတိုင်း ရှင်ဟာ ကျင်းထောင်တို့လူစုနဲ့ အတော့်ကို

www.burmeseclassic.com

www.burmeseclassic.com



ရှင်းနှီးနေကြောင်းကို တွေ့ရတယ်၊ ကျင်းထောင်တို့လူစုဟာ သူတို့နဲ့ မရင်းနှီးတဲ့လူဆိုရင် လက်ခံစကားပြောဖို့နေနေသာသာ အစအနတောင် ရှာမရဖြစ်သွားမှာ သေချာတယ်။

ရှင်နဲ့ ကျင်းထောင်တို့ ရက်ပိုင်းအချိန်တိုတိုလေးအတွင်းမှာ ဒီလောက် ရင်းနှီးနေတယ်ဆိုတော့ ရှင့်ရဲ့ စုံစမ်းထောက်လှမ်းမှုနဲ့ ချဉ်းကပ်မှုဟာ ဘယ်လောက်ခရီးရောက်နေပြီဆိုတာကို ကျွန်မ ရိပ်စားမိပါတယ်"

"ဒီအကြောင်းနဲ့ ကျုပ် ... နေပြည်တော်ကို ဘာကြောင့် ရောက်လာတယ်ဆိုတဲ့အချက်ကို မင်းသိပြီးပြီပေါ့"

"ဟုတ်ပါတယ်၊ ရှင်ဟာ ကျင်းထောင်တို့လူစုနဲ့ ပတ်သက်ဆက်နွှယ်နေတယ်ဆိုတာ အကြောင်းရှိပါတယ်၊ တစ်နည်းအားဖြင့်တော့ သူတို့ရဲ့ ဂိုဏ်းဝင်တစ်ယောက်မှန်းလဲ ကျွန်မသိတယ်။

နောက်တစ်ချက်က သိုင်းလောကအတွင်း ထိတ်ထိတ်ကြတည်ကြည်မှန်ကန်တဲ့ ရှင့်လို သိုင်းသမားတစ်ယောက်ဟာ ကျင်းထောင်တို့လို ဒုစရိုက်လုပ်ငန်းတွေကို ကျူးလွန်နေတဲ့လူဆိုးတွေနဲ့ အကြောင်းမရှိဘဲ ဆက်နွှယ်ရင်းနှီးနိုင်ပါ့မလား၊ ဒါကြောင့် ... ရှင့်ရဲ့ ရည်မှန်းချက်ဟာ တစ်ဝက်လောက်နီးနီး အောင်မြင်နေပြီလို့ ကျွန်မ ထင်ပါတယ်"

ရှောင်လုံက လောင်ဖန်ချူး၏စကားကို ဆုံးအောင်နားထောင်ပြီး ခါးသီးစွာရယ်မော၍ တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

"ခုအတိုင်းဆိုရင်တော့ မင်းဟာ ကျုပ်ကိစ္စကို ဝင်စွက်ပြီး ကျုပ်အပေါ်ကို အနိုင်ရသွားပြီ၊ ကျုပ်ကို ... ထိခိုက်မှု ရှိလာတယ်"

လောင်ဖန်ချူးမှာ ရှောင်လုံ၏စကားကြောင့် အံ့အားသင့်သွားကာ ...



"ဟင် ... ကျွန်မက ရှင့်ကိစ္စကိုဝင်စွက်မိလို့ ရှင့်ကို ထိခိုက်တယ် ဟုတ်လား၊ ရှင့်စကားက ဘယ်လိုအဓိပ္ပာယ်လဲ"

ရှောင်လုံက တည်ကြည်လေးနက်သော အမူအရာဖြင့် ...

"မင်းက ကျုပ် နေပြည်တော်ကို ရောက်ရောက်ခြင်း ကျုပ်ကို နည်းအမျိုးမျိုးနဲ့ စုံစမ်းခဲ့တယ်၊ ဒီအပြုအမူဟာ မင်း ... ဝင်စွက်တာပဲ မဟုတ်လား၊ နောက်ပြီး ... မင်းပဲပြောခဲ့တယ်၊ ဆူမင်းသားရဲ့ စံအိမ်တော်ထဲက မျက်နှာဖုံးစွပ်နဲ့လူဟာ အလွန်လိမ္မာပါးနပ်တဲ့လူဆိုတော့ ယိစန်းဟွာဂေဟာထဲကို မင်းဝင်မွှေပြီး ကျုပ်ကို အကူအညီတောင်းတဲ့အတွက် ကျုပ်ကို အဲဒီမျက်နှာဖုံးစွပ်နဲ့လူက သင်္ကာမကင်းဖြစ်ပြီး ရန်မရှာဘူးလို့ ပြောနိုင်ပါ့မလား"

လောင်ဖန်ချူးက တစ်ချက်ငေးကြောင်သွားကာ ...

"အင်း ... ဒီအချက်ကို ကျွန်မ သတိမထားမိခဲ့ဘူး၊ ရှင် ... အခုပြောလိုက်မှပဲ စဉ်းစားမိတော့တယ်၊ ဒီတော့ ဘယ်လိုလုပ်ကြရင်ကောင်းမလဲ"

"ခု ... လောလောဆယ်တော့ ကျုပ် ဘယ်လိုလုပ်ရမယ်ဆိုတာ စဉ်းစားလို့ မရသေးဘူး"

"ကျွန်မ မှားသွားမိတဲ့အတွက် ရှင့်မှာ အတော့်ကို အန္တရာယ်ရှိလာနိုင်တယ်၊ ဒီတော့ ရှင် ... အကြံတစ်ခုခုရပြီး ကျွန်မရဲ့အကူအညီလိုမယ်ဆိုရင်တော့ အချိန်ရွေးပြောပါ၊ ကျွန်မ အသက်စွန့်ပြီး ကူညီပါ့မယ်"

ရှောင်လုံမှာ စိတ်မကောင်းဖြစ်သွားကာ ...

"ဟာ ... မင်း ... ဒီလောက်တောင် လိုက်လျောစရာ မလိုပါဘူး"

"ဘယ်ဟုတ်ပါ့မလဲ၊ ကျွန်မက ရှင့်ရဲ့ကိစ္စကို ဝင်စွက်မိတဲ့အတွက် ရှင့်ကို အနှောင့်အယှက်ပေးသလို ဖြစ်သွားလို့ဟာ စိတ်

www.burmeseclassic.com

www.burmeseclassic.com



မကောင်းပါဘူး၊ အမြန်ဆုံးနည်းလမ်းရှာပြီး ရှင့်ကို အကူအညီမပေးနိုင်ရင် ကျွန်မ တစ်သက်လုံး စိတ်ကောင်းတော့မှာ မဟုတ်ဘူး”

“လောင်ဖန်ချူး ... မင်း ဒီကိစ္စကို သိပ်အရေးတကြီးလို့ ယူဆနေပုံရတယ်၊ ကျုပ် ... သိရသလောက်ကတော့ ဒီလျှို့ဝှက်ဂိုဏ်းထဲမှာ သိုင်းလောကမှာရှိတဲ့ ဒုစရိုက်ဂိုဏ်းသားတွေ စုဝေးရောက်ရှိနေတယ်၊ ဒါကြောင့် ... သိုင်းလောကတွင်းမှာ လောလောဆယ် သူတို့ရဲ့အန္တရာယ် မရှိသေးပါဘူး၊ နောက်ပြီး သူတို့ဟာ သိုင်းလောကတွင်းမှာရှိတဲ့ သိုင်းသမားတစ်ယောက်ကို ရှောင်နေကြပါတယ်”

“ရှင်ဆိုလိုတာက သူတို့ဟာ ရှင့်ကို ရှောင်နေကြတယ်လို့ ဆိုလိုတာလား”

“ဟုတ်ပါတယ်၊ တစ်မျိုးလေး ရှောင်လုံကိုတော့ မဟုတ်ကြပါဘူး”

“ဟင် ... ရှင်စကားက တစ်မျိုးကြီးပဲ၊ ရှင့်ကိုလဲဆိုသေး နောက် ရှောင်လုံကို မဟုတ်ဘူးဆိုတော့ ...”

လောင်ဖန်ချူးက ခေတ္တစဉ်းစားလိုက်ပြီးမှ သဘောပေါက်သွားဟန်ဖြင့် ...

“ဪ ... သိပြီ ... သိပြီ၊ ရှောင်လုံဆိုတာ ရှင့်ရဲ့ ပြောင်းလဲထားတဲ့ နာမည်မဟုတ်လား”

ရှောင်လုံက ...

“ဒီလိုနာမည် တစ်ခုခုကိုမသုံးရင် ကျုပ် ... သူတို့နဲ့ ဘယ်နီးကပ်နိုင်မှာလဲ”

“မှန်ပါတယ်၊ ဒါပေမယ့် သိုင်းလောကသားတွေက ရှင့်ကို မြင်ဖူးကြလို့လား”

“လောင်ဖန်ချူး ... မင်းအခု ကျုပ်ကိုတွေ့တာ ကျုပ်ရဲ့ နဂိုမဟုတ်ပါဘူး”



လောင်ဖန်ချူးက အံ့အားသင့်သွားပြီး မျက်လုံးပြူးသွားကာ ...

“ဟာ ... တယ်တော်တဲ့ ရုပ်ဖျက်ပညာပါလား၊ ရှင်ကသာ ပြောမပြရင် ကျွန်မ ဘယ်နည်းနဲ့မှ မသိနိုင်ဘူး”

ထန်ချွင်းက ရှောင်လုံရှေ့တည့်တည့်သို့ ထလာပြီး အနီးကပ် သေချာစွာ ကြည့်လိုက်ကာ ...

“ဒါဖြင့် ရှင့်ရဲ့ နာမည်အမှန်က ဘယ်လို ...”

ရှောင်လုံက ကြားဖြတ်လိုက်ပြီး ...

“ကျုပ် ခုဆိုရင် မင်းတို့နှစ်ယောက်ကို ဖုံးကွယ်စရာ မလိုတော့ပါဘူး၊ ကျုပ်ရဲ့နာမည်အစစ်က လီရှောက်ကွမ်းလို့ ခေါ်ပါတယ်၊ ဒုတိယနာမည်ကတော့ လီထိကျင်းပါ၊ အဲ ... ခုစတုတ္ထနာမည်ကတော့ မင်းတို့သိတဲ့အတိုင်း ရှောင်လုံပါပဲ၊ တတိယနာမည်ကိုတော့ အချိန်မကျသေးလို့ မပြောသေးပါဘူး၊ နောက်တော့ မင်းတို့ သိလာမှာပါ”

လောင်ဖန်ချူးက ...

“ဟင် ... လီရှောက်ကွမ်း ဟုတ်လား၊ တစ်ခါမှ မကြားဘူးပါလား၊ ရှင်ဟာ တကယ့်အရေးကြီးတဲ့ နာမည်ကိုတော့ ဖွင့်မပြောဘဲ ကျွန်မတို့မသိတဲ့ ရှင့်ရဲ့တခြားနာမည်တွေကိုပြောပြလို့ ဘာထူးမှာလဲ”

“ကျုပ် ... ပြောခဲ့သလိုပါပဲ၊ အချိန်ရောက်လာတဲ့အခါကျရင်တော့ မင်းတို့နှစ်ယောက် ကျုပ်ရဲ့ တတိယနာမည်ကို သိရပါလိမ့်မယ်၊ ကဲ ... ကျုပ်လဲ ပြန်လိုက်ဦးမယ်၊ မိုးတောင်လင်းခါနီးနေပြီ၊ မနက်ကျရင် မင်းသားကြီးဆူရဲ့ သမီးတော်ယီလီနဲ့ တောင်ပေါ်ကို အပျော်လည်လိုက်သွားရဦးမယ်၊ ဒီည မင်းတို့ကို အနှောင့်အယှက်ပေးမိတာ ခွင့်လွှတ်ပါ”

www.burmeseclassic.com

www.burmeseclassic.com



လောင်ဖန်ချူးက ...

"ဟာ ... ဒီလိုမပြောပါနဲ့၊ ဒီည ရှင်လာမပြောရင် ကျွန်မ တို့ရဲ့ လုံခြုံရေးထိခိုက်မှာ သေချာပါတယ်၊ ကျွန်မတို့ကတော် ရှင့်ကို ကျေးဇူးတင်ရဦးမှာပါ"

"သြော် ... တစ်ခုတော့ ကျုပ်ပြောချင်ပါတယ်၊ ကျုပ် ... ပြည်တော်ကိုလာတဲ့ လျှို့ဝှက်ချက်ရယ်၊ ပြောခဲ့တဲ့ နာမည်သုံးမျိုး ကိုတော့ အထူး လျှို့ဝှက်ထားစေချင်ပါတယ်"

"ဟုတ်ကဲ့၊ ကျွန်မတို့ ရှင်စုံစမ်းတဲ့ကိစ္စဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိပါတယ်၊ ရှင် ... စိတ်ချနေပါ၊ ကျွန်မတို့ သိထားတာကတော့ ရှင်ဟာ ပေါင်းစီးမင်းသားလေးရဲ့ ကိုယ်ရံတော် တပ်မှူးရှောင်လုံဆိုတာကိုပဲ သတ်မှတ်ထားပါ့မယ်"

"နောက်တစ်ခုကတော့ မေသခင်လေးနဲ့ ကျုပ်ဟာ ရန်သူ သဘောထားပါ့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ မေသခင်လေးက ကျုပ် အကျုပ်ကိုင်ပြီး လာကယ်နိုင်းတဲ့သဘောမျိုး ဖန်တီးပြောဆိုရမှာ မေသခင်လေး ချက်ချင်းပေါ်လာပြီး ချက်ချင်းပျောက်သွားတယ်ဆိုတာ သဘာဝမကျဘူး၊ ဖြစ်နိုင်ရင် မေသခင်လေးနဲ့ ကျုပ် ဟန်ပြတိုက်ခိုက် တာကို အရေးပါအရာရောက်တဲ့ လူတစ်ယောက်ယောက်က မြင်သွား ရင် ပိုကောင်းပါတယ်"

"ရှင့်ရဲ့ အကြံကတော့ ကောင်းပါတယ်၊ ဒါပေမယ့် ယု ရှိရှိနဲ့ တိုက်ခိုက်နိုင်ဖို့လိုတယ်"

"အရေးကြီးတာက လူတွေစိတ်ဝင်စားအောင် ကျုပ်တို့ ဖန်တီး ယူရမှာပဲ"

ထိုအချိန်တွင် လောင်ဖန်ချူး၏မျက်နှာပေါ်တွင် အလွန် ခြားသော ပြောင်းလဲမှုမျိုး ပေါ်လာခဲ့သည်။



သို့သော် ... လောင်ဖန်ချူးက အချိန်မီ ဣန္ဒြေဆယ်လိုက် သောကြောင့် ထန်ချွင်းနှင့် ရှောင်လုံတို့က သတိမထားမိခဲ့ကြပေ။

ရှောင်လုံက နှုတ်ဆက်ကာ မင်းသားကြီးဆူ၏စံအိမ်တော်သို့ ပြန်သွားလေသည်။

* * *

မင်းသားကြီးဆူ၏စံအိမ်တော်သို့ ရှောင်လုံရောက်လာသော အခါ မိုးလင်းလုလုပင် ဖြစ်နေသည်။ ထို့ကြောင့် ... ရှောင်လုံမှာ အိပ်စက်ခြင်းမပြုတော့ဘဲ မျက်နှာ သစ်၊ ကိုယ်လက်ဆေးကြော နေစဉ် မင်းလုလင်လေးတစ်ဦး ရောက်လာကာ ...

"တပ်မှူးလေး ... ကျွန်တော်တို့ သခင်မလေးက တောလိုက် သွားဖို့ စောင့်နေပါတယ်"

"အေး ... ငါခုပဲ လာခဲ့မယ်"

ရှောင်လုံက ကိုယ်လက်သန့်စင်ခြင်းအမှုကို အမြန်ဆုံးပြီးဆုံး အောင်လုပ်ပြီး အပြင်သို့ထွက်လာခဲ့သည်။

စံအိမ်ကြီး၏အပြင်ဘက်တွင် မြင်းရထားတစ်စီးရပ်လျက်ရှိ ပြီး မြင်းရထားအောတွင် သခင်မလေးယိလန်နှင့် အစ်မဝမ်းကွဲ ကျွန်တို့နှစ်ယောက်က သိုင်းဝတ်စုံများဝတ်ကာ အသင့်စောင့်နေ သည်ကို တွေ့ရ၏။

ရှောင်လုံရောက်လာသည်နှင့် သခင်မလေး ယိလန်က မကျေ နပ်ဖြင့် ...

"တပ်မှူးလေး ရှောင်လုံ ညကတစ်ညလုံးဘယ်သွားနေတာလဲ၊ ... စောင့်ရတာ ဘယ်လောက်ကြာသွားပြီလဲ၊ ဒီအကြောင်းကို ... လာမှ ရှင်းရမယ်၊ ခု လောလောဆယ်တော့ အမြန်ဆုံး တောလိုက် သွားရအောင် ပြင်ပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ယိလိန်က တစ်ဆက်တည်း စံအိမ်တော်အုပ်ချုပ်ရေးမှူး ကုံးဟို အား လှည့်၍ အမိန့်ပေးလိုက်သည်။

"ကုံးဟို တို့သွားနှင့်မယ်၊ ရှင်တို့နှစ်ယောက် ကျွန်မတို့မြင်း လှည်းနောက်က အမြန်ဆုံး မြင်းစီးပြီး လိုက်ခဲ့ကြ"

ပြောပြောဆိုဆို ယိလိန်တို့မြင်းလှည်း မောင်းနှင်ထွက်ခွာသွား လေသည်။ နောက်မှ ကုံးဟိုနှင့် ရှောင်လုံတို့က မြင်းကိုယ်စီစီးကာ မြင်းလှည်းနောက်မှ လိုက်ပါသွားသည်။

နှစ်ယောက်သား မြင်းစီးလာကြရင်း ရှောင်လုံက ကုံးဟို လှမ်းပြောလိုက်သည်။

"ဆရာကြီးလည်း တောလိုက်တဲ့အဖွဲ့ထဲ ပါလာတာကိုး၊ ကောင်းတာပေါ့"

"အမှန်အတိုင်းပြောရရင် ဆရာလေးဟိုတစ်နေ့က ကျုပ် မြှောက်ပြောလိုက်လို့ သခင်မလေးယိလိန်က ကျုပ်ရဲ့ အစွမ်းအစ ကြည့်ချင်တယ်ဆိုပြီး ခေါ်လာခဲ့တာပါ၊ ကျုပ်က ... သိုင်းပညာတွေ အချိန်ကြာမြင့်စွာ ပစ်ထားခဲ့လေတော့ အလျင်ကနဲ့ ဘယ်တူ မှာလဲ၊ ဒါပေမဲ့ ဘယ်တတ်နိုင်တော့မှာလဲလေ ကြိုးစားပြီးတော့ ပြရတော့မှာပေါ့"

ကုံးဟိုပါလာသည့်အတွက် ရှောင်လုံက အကြံတစ်မျိုး ပြော လဲ့ရပေပြီ။

ကုံးဟိုက ရှောင်လုံအား ရုတ်တရက် မေးခွန်းထုတ်လို လေသည်။

"ညက ... တစ်ညလုံး ဆရာလေးရှောင်လုံ ယ်တွေကို သွ နေတာလဲ"

ရှောင်လုံ၏စိတ်ထဲတွင် တိမ်ပျံကုံးဟိုအား ကျူးပိုက်ဂိုဏ်း ဟု ထင်သဖြင့် စကားကို ဆင်ခြင်ပြောလိုက်သည်။



"ဘာမှ အရေးတကြီးကိစ္စမရှိပါဘူး၊ ကျွန်တော် အလည်လွန် သွားလို့ပါ"

ရှောင်လုံက စကားလမ်းကြောင်းပြောင်းစေရန် ကုံးဟိုအား စကားလှမ်းပြောလိုက်သည်။

"ဆရာကြီးကုံးဟို တောလိုက်သွားတာ အမဲလိုက်ခွေးတွေ လည်း ပါမလာဘူးလား"

ကုံးဟိုက ...

"လူတွေဒီလောက်များနေမှတော့ ခွေးတွေဘယ်လိုတော့မှာ လဲ၊ အမှန်ကတော့ အပျော်သဘောသက် အမဲလိုက်တဲ့ သဘောပါပဲ၊ ခါတိုင်းလဲ ဟိုပြေးဒီပြေးနဲ့ တစ်နေ့တာပြီးသွားတာပါပဲ၊ ဘာမှလဲ ဟုတ်ဟုတ်ဟဟ မရပါဘူး"

ဤသို့ဖြင့် မင်းညီမင်းသားများ တောလိုက်သည့် ယိချင် တောင်ခြေသို့ ရောက်လာခဲ့ကြသည်။

တောင်ခြေတွင် ရဲမက်သုံးဦးအား မြင်းရထားနှင့် မြင်းများကို ကြည့်ရှုစောင့်ရှောက်ရန် ထားခဲ့ပြီး ကျန်လူများက ယိချင်တောင် ပေါ်သို့ တက်လာခဲ့ကြသည်။

ယိချင်တောင်မှာ သစ်ပင်ကြီးများ ချုံနွယ်ကြီးများဖြင့် တစ် တောလုံးကို ဖုံးအုပ်နေကာ အမဲလိုက်ရန် အလွန်ကောင်းသော တော ကြီးဖြစ်သည်ကို တွေ့ရ၏။

တောင်ပေါ်သို့ ထမင်းအိုးတစ်လုံးချက်ခန့် တက်လာခဲ့ကြ သောအခါ ရုတ်တရက် တောကြီးတစ်နေရာမှ လေခွင်းသံမြည်ကာ အဖြူရောင် အရိပ်တန်းတစ်ခုသည် ယိလိန်ရှိရာသို့ တန်း၍ဝင်ရောက် လာခဲ့သည်။

ရှောင်လုံက လျှင်မြန်ဖျတ်လတ်စွာ မင်းသမီးလေး ယိလိန်၏ လက်ကိုဆွဲ၍ ဘေးသို့တိမ်းရှောင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒိုး ..."

"ဒုတ် ..."

ဓားမြှောင်လေးမှာ ယီလိန့်၏ ညာဘက်ပခုံးနားမှကပ်ကာ အနောက်ဘက်ရှိ သစ်ပင်ကြီးတစ်ပင်တွင် သွားရောက်စိုက်ဝင်နေလေသည်။ ဓားမြှောင်လေးနှင့်အတူ မရှေးမနှောင်းတွင် အဖြူရောင်ဝတ်စုံ ဝတ်ထားသော လူငယ်လေးတစ်ယောက်က ရှောင်လုံတို့ရှေ့သို့ ရုတ်တရက် ရောက်ရှိလာသည်။

ထိုအဖြူရောင် ဝတ်စုံနှင့်လူငယ်မှာ ရှောင်လုံအားမြင်သွားသောအခါ ရုတ်တရက် အံ့အားသင့်သွားဟန်ဖြင့် ...

"ဟင် ... ရှောင်လုံပါလား"

ထိုဝတ်စုံဖြူဝတ်လူငယ်မှာ တခြားလူမဟုတ် မေသခင်လေးပင် ဖြစ်သည်။

"ဩော် ... မေသခင်လေးပါလား"

"ဟုတ်တယ် ... ကျုပ်ပဲ၊ မင်းကိုမတွေ့တာရ နှစ်ပေါင်းအတော်တောင်ကြာသွားပြီ ခုတော့ ... လှလို့ဝလို့ပါလား၊ နောက်ပြီး လူကညာလေးတွေကလဲ ဝိုင်းလို့ပါလား၊ မင်း အတော်ကိုဖြိုးနေပြီနဲ့ တူတယ် ဟဲ ... ဟဲ ..."

ထိုအခါ ကုံးဟိုက ဝင်ရောက်၍ ...

"ဟေ့ ... သူငယ် မင်းတယ်ရမ်းကားပါလား၊ ဒါ မင်းညီမင်းသားတွေ တောကစားဖို့ သတ်မှတ်ထားတဲ့ တောကွ၊ ပြီးတော့ ဘုရင့်ဆွေတော် မျိုးတော်တွေကို ရန်ပြုတယ်ဆိုတော့ မင်းကို ဖမ်းရလိမ့်မယ်၊ ဟေ့ ... ရဲမက်တွေ ဒီအရိုင်းအစိုင်းကောင်ကို ဖမ်းလိုက်ကြစမ်း"

ရဲမက်များက ထိုမေသခင်လေးဆိုသော လုလင်အား ဝိုင်းဝန်းဖမ်းဆီးရန် ဆောင်ဓားများကို အသီးသီးထုတ်လိုက်ကြသည်။



ထိုအခါ ရှောင်လုံက အချိန်မီဟန့်တားလိုက်၏။

"စံအိမ်တော် အုပ်ချုပ်ရေးမှူးကြီးခင်ဗျား နေပါစေ၊ ကျွန်တော်သူနဲ့ စာရင်းရှင်းစရာလေးတွေရှိနေပါတယ်၊ သူ့ကို ကျွန်တော်ပဲ ဖြေရှင်းပါရစေ"

ပြောပြောဆိုဆို ရှောင်လုံက မေသခင်လေးဘက်လှည့်ပြီး ...

"မင်းက ကျုပ်နဲ့ ရန်ငြိုးရန်စရှိခဲ့ရင် ကျုပ်ကိုပဲ လုပ်ကြံဖို့ သင့်ပါတယ်၊ ခုတော့ ဘာမှမဆိုင်တဲ့ သခင်မလေးယီလိန်ကို ဘာလို့ ဓားမြှောင်နဲ့ လုပ်ကြံရတာလဲ၊ တကယ်လို့ သခင်မလေးကို ထိမှန်သွားခဲ့ရင် မင်းခေါင်းတစ်ခြား ကိုယ်တစ်ခြား ဖြစ်သွားမယ်ဆိုတာ မသိဘူးလား၊ နောက် ... မနေ့ညက မင်းကိစ္စအတွက် ငါ လာရသေးတယ် မဟုတ်လား"

ဝတ်စုံဖြူဝတ် မေသခင်လေးက ...

"ဒါကတော့ မင်း ... မလာလို့မှမရဘဲ၊ မင်းရဲ့အပြစ်တွေက ကျုပ်ရဲ့လက်ထဲမှာ ရှိနေတာပဲ၊ တကယ်လို့ မင်း ... ယိစန်းဟွာဂေဟာကိုလာပြီး ငါ့ကိုမကယ်ရင် မင်းရဲ့အပြစ်တွေကို ငါ ... ကြေ ငြာလိုက်ရုံပဲ ရှိတာပေါ့"

ဝတ်စုံဖြူဝတ်လုလင်၏ စကားများကြောင့် ကုံးဟိုက ရှောင်လုံအား လှမ်းကြည့်လိုက်သည်။ မေသခင်လေးက ရှောင်လုံအား စိုက်ကြည့်လိုက်ကာ စကား ဆက်ပြောပြန်သည်။

"မင်း ... ငါပြောတဲ့စကားကို နားထောင်ပါ၊ မင်း ဘယ်မှာပဲ ရှောင်ပုန်းနေနေ ငါ ... တွေ့အောင်ရှာနိုင်တယ်၊ ဒီတော့ မင်း နောက်သုံးရက်အတွင်း နေပြည်တော်ကနေ ထွက်သွားပါ၊ မင်းရဲ့ ပစ္စည်းတွေကိုလည်း ကျုပ်လက်ထဲအပ်ခဲ့ရမယ်၊ ငါပြောတာကို မလိုက်နာရင် မင်းရဲ့လျှို့ဝှက်ချက်တွေကို ပေါက်ကြားသွားအောင် ငါ ... ထုတ်ဖော်ပြောရလိမ့်မယ်၊ ကဲ ... ငါသွားတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို စက်ခုံဖြူဝတ်မေသခင်လေးဆိုသူက လှည့်ထွက်သွားမည်အပြုတွင် ရှောင်လုံက လှမ်းဟန့်တားလိုက်ပြီး ...

"နေပါဦး"

"ဘာလဲ ... မင်းက ကျုပ်ကိုဖမ်းမလို့လား၊ မင်း ... ဖမ်းဝံ့ရင် ဖမ်းနိုင်တယ်၊ ကျုပ်ရဲ့အစေအပါးဆီမှာ မင်းရဲ့လျှို့ဝှက်ချက်အပြစ်တွေကို စာနဲ့ရေးပြီး ပေးအပ်ထားခဲ့တယ်၊ ငါ ... ဒီနေ့ ပြန်ရောက်မလာဘူးဆိုရင် သူက မင်းအပြစ်တွေကို ထုတ်ဖော်ကြေငြာလိုက်မှာပဲ"

ရှောင်လုံမှာ ထိုစကားကြောင့် မျက်နှာကစ်ချက်ပျက် သွားကာ အံကိုတင်းတင်းကြိတ်လိုက်ပြီး ...

"မေယိချိန်း၊ မင်း ... တယ်ရက်စက်ပါလား၊ ကျုပ် ... လက်လျှော့ပါပြီ၊ မင်း သွားပေတော့၊ နောက် သုံးရက်ကြာရင် မြို့ပြင်မှာ ငါတို့ဆုံကြမယ်"

စကားဆုံးသည်နှင့် မေယိချိန်း(ခေါ်) မေသခင်လေးသည် တောထဲသို့ ပြေးလွှားဝင်ရောက် ပျောက်ကွယ်သွားလေသည်။

တိမ်ပျံကုံးဟိုက ကြိတ်မနိုင် ခံမရလေဟန်ဖြင့် ရှောင်လုံအား ကြည့်ကာ ...

"တပ်မှူးလေး ... မေယိချိန်းဆိုရလူဟာ ဘုရင့်ဆွေတော်မျိုးတော်တွေကို လုပ်ကြံခဲ့တဲ့ တရားခံတစ်ယောက်ပဲ၊ ဘာဖြစ်လို့ သူ့ကို လွှတ်ပေးလိုက်ရတာလဲ"

ရှောင်လုံမျက်နှာပျက်သွားကာ ...

"ကျွန်တော်သိပါတယ်၊ မလွှဲမရှောင်သာလို့ လွှတ်ပေးလိုက်ရတာပဲ၊ ဒီကိစ္စအတွက် ကျွန်တော်တာဝန်ယူပါတယ်"

မင်းသမီးလေး ယိလိန်က တိမ်ပျံကုံးဟိုအား မျက်နှာထားတည်တည်ဖြင့် စိုက်ကြည့်လိုက်ပြီး ကြိမ်းမောင်းလိုက်သည်။



"ကုံးဟို ... မေယိချိန်းဆိုတဲ့လူငယ်ဟာ ငါတို့ကို ဒဏ်ရာအနာတရဖြစ်အောင် မလုပ်သေးတဲ့အတွက် ငါ ... ကိုယ်တိုင် လွှတ်လိုက်တာကို သဘောတူတယ်၊ ဒီကိစ္စ အပြင်ကို မပေါက်ကြားအောင် နှုတ်လုံကြရမယ်၊ တကယ်လို့ သတင်းပေါက်ကြားမယ်ဆိုရင် ပေါက်ကြားတဲ့လူ ခေါင်းအဖြတ်ခံရမယ် ဒါပဲ"

စံအိမ်တော်အုပ်ချုပ်ရေးမှူး ကုံးဟိုမှာ မင်းသမီးလေး၏ ကြိမ်းမောင်းမှုကြောင့် ဘာစကားမျှ မပြောဝံ့တော့ချေ။

ရှောင်လုံက ဒေါသထွက်ခံပြင်းဟန်ဖြင့် သစ်ပင်တွင် နစ်မြုပ်စိုက်ဝင်နေသော ဓားမြှောင်လေးအား ဆွဲနှုတ်ယူလိုက်သည်။ ထို့နောက် ရှေ့တည့်တည့် မလှမ်းမကမ်းရှိ ကျောက်တုံးတစ်တုံးကို ဓားမြှောင်ဖြင့် တအားပစ်ပေါက်ထည့်လိုက်သည်။

ရှောင်လုံပစ်လိုက်သော ဓားမြှောင်မှာ ရှေ့တည့်တည့်ရှိကျောက်တုံးကြီးအား အရိုးထိနစ်မြုပ်ဝင်ရောက်သွားသည်အထိ စိုက်ဝင်သွားကြောင်း အားလုံးတွေ့လိုက်ရလေသည်။ ထို့ကြောင့် အားလုံးက ရှောင်လုံ၏အတွင်းအား နက်ရှိုင်းမှုကို အံ့သြသွားကြသည်။

ရှောင်လုံက စိတ်မကောင်းဟန်နှင့် တိမ်ပျံကုံးဟိုကို ကြည့်လိုက်ကာ ...

"ဆရာကြီးကုံးဟိုတို့ကို ကျွန်တော် သတိမထားလိုက်မိဘဲ အခုလို စိတ်လိုက်မာန်ပါ ပြုမူလိုက်မိတဲ့အတွက် တောင်းပန်ပါတယ်ခင်ဗျာ"

တိမ်ပျံကုံးဟိုက ...

"တပ်မှူးလေးရဲ့အတွင်းအား နက်ရှိုင်းပုံကို ကျွန်တော့်တစ်သက်မှာ တစ်ခါမှမတွေ့ဖူးသေးပါဘူး၊ ကျုပ်လဲ သိုင်းသမားတစ်ယောက်ပါပဲ၊ တပ်မှူးလေးရဲ့ သိုင်းပညာနဲ့ အတွင်းအားကို ကျုပ်ချီးကျူးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးလေးယီလိန်က ရှောင်လုံအားကြည့်ကာ ...

"ရှောင်လုံ ... စောစောကလူနဲ့ မင်း ... ဘယ်လိုများ ရန်ငြိုးရန်စတွေ ရှိခဲ့ဘူးလို့လဲ"

ရှောင်လုံက မျက်နှာငြိုးငယ်သောအသွင်ဖြင့် ...

"သခင်မလေးက မင်းဆွေမင်းမျိုးဖြစ်နေတော့ သိုင်းလောကကြီးထဲမှာ ဖြစ်ပျက်နေတဲ့အကြောင်းကိစ္စတွေကို သိနားလည်မှာမဟုတ်ပါဘူး၊ ကျွန်တော်ရဲ့ အဖြစ်အပျက်တွေကလဲ သိုင်းလောကနဲ့ ပတ်သက်နေလို့ မပြောပါရစေနဲ့၊ ဒီအတွက် ကျွန်တော့်ကို ခွင့်လွှတ်စေချင်ပါတယ်"

အစ်မဝမ်းကွဲတော်သူ ယီချွန်က ...

"ညီမတော် အချိန်မရှိတော့ဘူး၊ တောင်ပေါ်ကို တက်ပြီး အမဲလိုက်ဖို့ သွားကြစို့"

လူအားလုံးသည် စောစောက ဖြစ်ပျက်ခဲ့သည့် ကိစ္စကို ခေတ္တမေ့ထားလိုက်ကြပြီး တောင်ပေါ်သို့ အမဲလိုက်ရန် ဆက်လက်၍ တက်သွားကြသည်။

ညနေ နေဝင်ချိန်အထိ ရှောင်လုံတို့လူစု ယီချျင်တောင်ပေါ်တွင် အမဲလိုက်ကြသည်။

အပြန်လမ်းခရီးတွင် သားကောင်တော်တော်များများ ရလာခဲ့ကြသည်။ သို့သော် ရှောင်လုံမှာ မနက်ကဖြစ်ခဲ့သည့်ကိစ္စကြောင့် မျက်နှာမကောင်းဘဲ စိတ်ညစ်နေပုံရသည်။

မင်းသားကြီးဆူ၏ စံအိမ်တော်သို့ ရောက်ရောက်ခြင်း၊ အိပ်ခန်းဆောင်ရှိရာသို့ တန်းဝင်ကာ ခုတင်ပေါ်သို့ တက်လှဲနေလိုက်တော့၏။

ရှောင်လုံ ကုတင်ပေါ်သို့ တက်လှဲကာရှိသေးသည် အပြင်မှ ခြေသံကြား၍ ရှောင်လုံကို လှမ်းခေါ်လိုက်သည်။



"ဆရာကြီးကုံးဟို အထဲကိုဝင်လာခဲ့ပါ၊ တံခါးကို စေ့ရုံစေ့ထားတာပါ"

တိမ်ပျံကုံးဟိုက အခန်းထဲ ရောက်ရောက်ခြင်း ...

"ဆရာလေးရှောင်လုံက အကဲခတ် တယ်တော်ပါလား၊ ကျုပ် ဆရာလေး ပင်ပန်းနေသလားလို့ လာကြည့်တာပါ"

"ဟာ ... ဆရာကြီးကုံးဟို ပင်ပန်းတာတော့ မပြောပါနဲ့တော့ တိုက်ခိုက်ရတာထက်တောင် ပင်ပန်းပါသေးတယ်၊ ဒါကြောင့် ... ကျွန်တော် အိပ်တော့မလို့"

"ဆရာလေးရှောင်လုံရဲ့ သိုင်းပညာကို ကျုပ် ဒီကနေ့ မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရလို့ ဆရာလေးရဲ့သိုင်းပညာဟာ ထိပ်တန်းအဆင့်ရှိတယ်ဆိုတာ ကျုပ် သိခဲ့ရပါပြီ၊ ဒါနဲ့ မနက်ပိုင်းက တောင်ပေါ်မှာ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေကို ကျုပ်ကို မပြောပြနိုင်ဘူးလား"

"ဆရာကြီးကုံးဟို ... ဒါဟာ ကျွန်တော်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ"

"ဆရာလေးရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကြောင့် ကျုပ်က မေးတာပေါ့၊ တတ်နိုင်ရင် ကူညီချင်လို့ပါ"

"ဆရာကြီးကုံးဟိုရဲ့ စေတနာကို ကျွန်တော် ကျေးဇူးတင်ပါတယ်"

"ဆရာလေးရဲ့အပေါ်မှာ သူများရဲ့ အကျပ်ကိုင်ခံနေရတာကို ကျုပ် မခံနိုင်တဲ့အတွက် ကူညီပေးချင်လို့ မေးရတာပါ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်ရဲ့ လျှို့ဝှက်ချက် ပြစ်မှုတွေက သူများရဲ့လက်ထဲမှာ ရောက်နေတာဆိုတော့ ခက်တာပေါ့"

"ဆရာလေးလို သိုင်းအကျော်အမော်တစ်ယောက်ဟာ သူတစ်ပါးရဲ့ အကျပ်ကိုင်မှုကို ခံနေရတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

www.burmeseclassic.com



"ကျွန်တော့်ကို သိုင်းအကျော်အမော်တစ်ဦးလို့ မပြောပါနဲ့၊ ကျွန်တော် ရှက်လွန်းလို့ပါ၊ နောက်ပြီး ... သူများကို ကျွန်တော်ရဲ့ ပြစ်ချက်တွေကို နောက်ထပ်ဖွင့်ပြောလို့ ဖြစ်ပါ့မလား၊ တော်ကြာ ကျွန်တော့်ကို အကျပ်ကိုင်နေရင် မခက်ပါလား"

"ဆရာလေးက ကျုပ်ကို စိတ်မချလို့လား"

"ဒီလိုလဲ မဟုတ်ပါဘူး၊ ကျွန်တော် နောက်ထပ် ဖွင့်မပြောရဲ တော့လို့ပါ"

"ကောင်းပါပြီ၊ ကျုပ် ... မမေးတော့ပါဘူး၊ ဒါပေမယ့် ဆရာလေးပြောတဲ့အတိုင်း သုံးရက်အတွင်းမှာ နေပြည်တော်က တကယ် ထွက်ခွာသွားတော့မှာလား"

"အမှန်အတိုင်းပြောရရင် ကျွန်တော် နေပြည်တော် ကိုရောက် လာတာ သူ့ကို ရှောင်တိမ်းဖို့ပဲ ဖြစ်ပါတယ်၊ အခု ရှောင် လို့မရ တော့တဲ့ အတူတူတော့ သူ့စကားကိုပဲ နားထောင်ရတော့မှာပေါ့လေ"

"အင်း ... ကျုပ် ဆရာလေးအတွက် စိတ်မကောင်းပါဘူး၊ ကဲ ... ဆရာလေးလဲ စောစောလေး အနားယူပေတော့၊ ကျုပ်လဲ ပြန်အိပ်ပါတော့မယ်"

စံအိမ်တော်အုပ်ချုပ်ရေးမှူး တိမ်ပျံကုံးဟို ထွက်သွားပြီးနောက် မင်းသမီးလေးယိလိန်၏ အစ်မဝမ်းကွဲယိချွန်က ရှောင်လုံ၏ အိပ်ခန်း ရှိရာသို့ ရောက်လာသည်။

ရှောင်လုံနှင့် ယိချွန်တို့မှာ စကားအတော်ကြာကြာ ပြောကြ ပြီးနောက် ယိချွန် ပြန်ထွက်သွားသည်။

ယိချွန်မှာ ရှောင်လုံ နေပြည်တော်မှ ထွက်ခွာသွားမည်ကို လွန်စွာ စိတ်မကောင်းဖြစ်နေသည်။

ရှောင်လုံအပေါ်၌ ယိချွန်မှာ မည်ကဲ့သို့ စိတ်ထားမျိုးထား နေသည်ကိုတော့ မသိ၊ ယိချွန်၏စကားများက ကြင်နာမှုအရိပ်



အရောင်များ လွှမ်းနေသောကြောင့် ရှောင်လုံမှာ ရင်ခုန်ခဲ့ရသည် အထိ ဖြစ်ခဲ့ရ၏။

သို့သော် ရှောင်လုံသည် တစ်နေ့ ဤကဲ့သို့ ဖြစ်ရမည်ကို ကြိုတင်၍ သိထားသည့်အတွက် သူ့စိတ်ကိုသူ ဖြေသိမ့်နိုင်ခဲ့သည်။

ထိုညအဖို့ ရှောင်လုံမှာ နောက်ထပ်အနှောင့်အယှက် တစ်စုံ တစ်ရာကိုမျှ မတွေ့ရတော့ဘဲ နှစ်ခြိုက်စွာဖြင့် အိပ်ပျော်သွားလေ တော့သည်။

ထိုအခိုက်

ရှောင်လုံ၏ အိပ်ခန်းအပြင်ဘက်မှ တိတ်တဆိတ်ချဉ်းကပ် လာသော ခြေသံတစ်သံ ထွက်ပေါ်လာပြန်သည်။

သို့သော် ထိုခြေသံရှင်မှာ ရှောင်လုံနှစ်ခြိုက်စွာ အိပ်မောကျ နေသည့်အတွက် အခန်းအပြင်မှ အသာအယာပင် ပြန်လည်ထွက် ခွာသွားလေသည်။

ထိုခြေသံရှင်မှာ မည်သူမည်ဝါဖြစ်ကြောင်း မည်သူမျှ မသိ လိုက်ရပေ။

✳ ✳ ✳

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ညဥ့်နက်ချိန်။ ။

ကောင်းကင်တွင် လရောင်မရှိ ကြယ်ရောင်လေးများသာ ကျိုးတိုးကျဲတဲ ရှိနေသည်။

လရောင်မရှိသော ညဥ့်နက်ချိန်မို့ စည်ကားလှသော အမှတ်ရှစ်လမ်းမကြီးပင် တိတ်ဆိတ်ငြိမ်သက်လျှက်ရှိနေသည်။

အထူးသဖြင့် မြို့ပြင်မှ တပ်စိန်ရေလျောင်ကန်ကြီးအနီး သစ်တောလေးတပိုက်တွင် ပိုမိုတိတ်ဆိတ် ငြိမ်သက်နေသည်။

တိတ်ဆိတ်နေပြီး မှောင်မည်းလှ၍ ချောက်ချားဖွယ်ကောင်းလှသည့် မြို့ပြင်တစ်နေရာတွင် လူနှစ်ယောက်က စကားပြောနေကြသည်။

တောစပ်တွင် စကားပြောနေသူနှစ်ယောက်မှာ ဝတ်စုံနက်ဝတ်ထားသောကြောင့် ထိုလူနှစ်ယောက်မှာ လျှို့ဝှက်သော အကြံအစည်များ ရှိနေသည်မှာ မလွဲပေ။ တောစပ်ထဲမှလူက တောစပ်အပြင်ဘက်မှလူအား မေးလိုက်လေသည်။

"ဒီနေ့ည မင်း ... ဘာကြောင့် ရောက်လာရတာလဲ"

"ဆရာကြီးက ဂိုဏ်းချုပ်ကြီးမှာ အရေးကြီးတဲ့ ကိစ္စရှိတယ်ဆိုတဲ့အတွက် ကျွန်တော်ရောက်လာရခြင်း ဖြစ်ပါတယ်"

တောစပ်တွင်းမှ ဂိုဏ်းချုပ်ကြီးဆိုသူက သဘောကျစွာ ရယ်မောလိုက်ပြီးနောက် ...



"အေး ... ကောင်းတယ်၊ မင်းလာတာနဲ့ အတော်ပဲ၊ ငါ့မှာ အရေးတကြီး ကိစ္စတစ်ခုရှိနေတယ်၊ ငါ ... မင်းကို တစ်ခုမေးမယ်၊ မင်းတို့ရဲ့ ယီစန်းဟွာဂေဟာရဲ့ လျှို့ဝှက်ချက်တွေကို လူတစ်ယောက် သိသွားတဲ့အတွက် မင်း ... ဘယ်လိုလုပ်ဖို့စိတ်ကူးသလဲ"

"ကျွန်တော် မနေ့ညက လူလွှတ်ပြီး ဂိုဏ်းချုပ်ကြီးကို အစီရင်ခံခဲ့တဲ့အတိုင်း၊ သူ့ကို အမြန်ဆုံးစည်းရုံးပြီးတော့၊ ဂိုဏ်းထဲကို သွင်းပါ့မယ်၊ တကယ်လို့ သူက မဝင်ဘူးဆိုရင် သုတ်သင်ပစ်လိုက်ရုံပါပဲ"

"မှန်တယ်၊ ဒီလမ်းနှစ်လမ်းပဲ ရှိတယ်၊ သူ့ကို သုတ်သင်ပစ်ဖို့ မင်းမှာ ကျိန်းသေတဲ့နည်းလမ်း ရှိနေလို့လား"

"လွယ်ပါတယ်၊ လူအများနဲ့ ဝိုင်းတိုက်ကြရင် သူ့ကိုနိုင်ဖို့ သေချာပါတယ်"

"အေး ... မင်းပြောတဲ့ နည်းလမ်းက ယုတ်ညံ့တဲ့ နည်းလမ်းပဲ၊ နေပြည်တော်မှာ ကင်းသမားတွေက နေ့ညမပြတ် လှည့်နေကြတာ၊ ဒီကိစ္စကို လုပ်မယ်ဆိုရင် အောင်မြင်မှ ဖြစ်မယ်၊ နို့မဟုတ်ရင် နောက်ကြောင်းမအေးပဲ အကြီးအကျယ်ဒုက္ခဖြစ်သွားနိုင်တယ်၊ ငါတို့ နှစ်ပေါင်းများစွာ အပင်ပန်းခံပြီးတော့ လုပ်ဆောင်ခဲ့ရတဲ့ အကျိုးအမြတ်တွေ အကုန်လုံးဆုံးရှုံးကုန်မယ်ဆိုတာကို မင်း ... သတိကြပ်ကြပ်ထားပါ"

"ဟုတ်ကဲ့ ... ဂိုဏ်းချုပ်ကြီး၊ ဆက်အမိန့်ရှိပါ၊ ကျွန်တော် နာခံနေပါတယ်"

"သူ့ကို တို့ဂိုဏ်းထဲကိုဝင်ဖို့ မင်းတို့မှာ နည်းလမ်းရှိသလား"

"ကျွန်တော်တို့ အချိန်ယူပြီး စဉ်းစားမှဖြစ်မယ်"

"အချိန်ယူ စဉ်းစားစရာမလိုဘူး၊ ငါ ... ပြောပြမယ်၊ ရှောင်လုံဆိုတဲ့ တပ်မှူးဟာ သိုင်းပညာသာမန်အဆင့် မဟုတ်ဘူး သူသာ

www.burmeseclassic.com

www.burmeseclassic.com



တို့ဂိုဏ်းထဲကိုဝင်လာခဲ့ရင် တို့အတွက် အများကြီးအကူအညီ ရနိုင်တယ်၊ ငါသူ့ကို ဂိုဏ်းထဲသွင်းဖို့ ဆုံးဖြတ်လိုက်တယ်။

ငါ့ရဲ့ ညွှန်ကြားချက်တွေ ဟောဒီစာရွက်ထဲမှာ အကုန်ပါတယ်။ မင်း ... ပြန်သွားပြီး သေသေချာချာ ဖတ်ကြည့်ပါ၊ လုပ်ငန်းကို ချက်ချင်းစလုပ်ပါ၊ ရှိသမျှ လူအင်အားတွေကို အကုန်အသုံးချ၊ ငွေ ဘယ်လောက်တုန်ကုန် စွမ်းအားရှိသ၍ ဆောင်ရွက်ပေတော့၊ ရော့ ... အဲဒါ ငါ့ရဲ့လျှို့ဝှက် ညွှန်ကြားချက်ပဲ"

အဖြူရောင်စက္ကူတစ်ရွက်သည် တောစပ်မှလူရှိရာသို့ ပျံသန်းရောက်ရှိလာသည်။ ထိုလူက စာရွက်လိပ်ကို တရိုတသေ ဖမ်းယူလိုက်ပြီးနောက် သိမ်းဆည်းထားလိုက်ပြီး ရိုသေစွာဦးညွှတ် ဂါရဝပြုလိုက်ရင်း ...

"ကျွန်တော် ဂိုဏ်းချုပ်ကြီးရဲ့ တာဝန်ပေးချက်ကို အစွမ်းကုန်ဆောင်ရွက်ပါ့မယ်၊ နောက်ထပ် ဘာများ ညွှန်ကြားစရာများ ရှိပါသေးလဲ"

"မရှိဘူး"

"ဒါဆိုရင် ကျွန်တော် တစ်ခုအစီရင်ခံပါရစေ"

"ဘာများလဲ"

"ရွှမ်လုဆိုတဲ့လူက တာဝန်ကနေ ထွက်ပြေးတိမ်းရှောင် သွားပါတယ်"

ဂိုဏ်းချုပ်ဆိုသူက လေသံခက်ထန်စွာဖြင့် ...

"ဟေ ... ရွှမ်လု ဘယ်တုန်းက ထွက်ပြေးသွားတာလဲ"

"ကျွန်တော် အတိအကျတော့ မသိပါဘူး၊ ကြည့်ရတာ ရက်အတော်ကြာသွားပြီလို့ ယူဆပါတယ်"

"မင်းတို့ အလုပ်လုပ်တာ သိပ်ပေါ့တယ်၊ ဒီလောက် တင်းတင်းကျပ်ကျပ်ရှိတာဟောင် သူ ... ဘယ်လိုထွက်ပြေးသွားတာလဲ"



"အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ကျွန်တော့်အပြစ်မကင်းပါဘူး၊ ဒါပေမယ့် ရွှမ်လု နေပြည်တော်မှာ မရှိတာတော့ သေချာပါတယ်"

"ရွှမ်လု နေပြည်တော်မှာ မရှိတော့ဘူးဆိုတာ မင်း ဘယ်လိုသိတာလဲ"

"ရွှမ်လုအကြောင်းကို ကျွန်တော် အသိဆုံးပါ၊ ကျွန်တော် နေပြည်တော်မှာ ကောင်းစားနေတယ်ဆိုတာသိရင် ရွှမ်လု ဟိုဇာတ်ခွင်မှာ အလုပ်ကြမ်းလုပ်မှာ မဟုတ်ပါဘူး၊ ကျွန်တော့်ဆီကို လာမှာပါ"

"ရွှမ်လု မင်းတို့ဆီက သတင်းပေါက်ကြားသွားလို့ ရန်သူရဲ့ သတ်သင်ခြင်းကိုများ ခံရသလားမှ မသိတာ"

"ဒီလိုတော့ မဖြစ်နိုင်ပါဘူး၊ ကျွန်တော့် အသက်နဲ့ အာမခံပါတယ်"

ဂိုဏ်းချုပ်ဆိုသူက ခနဲ့ရယ် ရယ်လိုက်ပြီး တင်းမာခက်ထန်သော လေသံဖြင့် ...

"မင်းရဲ့အသက်တစ်ချောင်းဟာ တို့ဂိုဏ်းရဲ့ တန်ဖိုးလောက်ကြီးမားပါဘူး"

တောစပ်မှလူကြီးမှာ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

ထို့နောက် ဂိုဏ်းချုပ်ကြီးဆိုသူ၏ အသံ ထွက်ပေါ်လာပြန်သည်။

"ဒါနဲ့ နေစမ်းပါဦး၊ မင်း ... စုံစမ်းတဲ့ လေပြင်းဓားသမား ဦးလုဟုန်းဆိုတဲ့ သိုင်းသမားဟာ သိုင်းလောကထဲမှာ ရှိနေသေးတယ် ဆိုတာ သေချာရဲ့လား"

"သေချာပါတယ်၊ ကျွန်တော့်ရဲ့ စိတ်ချရတဲ့တပည့်သုံးယောက်ကို စေလွှတ်ပြီး အသေအချာ စုံစမ်းခိုင်းထားပါတယ်၊ ဒီကိစ္စလည်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အသက်ပေးပြီး အာမခံဝံ့ပါတယ်၊ ဂိုဏ်းချုပ်ကြီး စိတ်ချပါ၊ ရွှမ်လုလည်း တစ်ခုခုဖြစ်မသွားနိုင်ပါဘူး၊ လေပြင်းဓားသမား ထိလူဟုန်းလည်း နေပြည်တော်ကို ဒီလောက်မြန်မြန်ကြီး ရောက်လာနိုင်ပါဘူး"

ဂိုဏ်းချုပ်ကြီးဆိုသူက သဘောကျစွာ တဟားဟား ရယ်မော လိုက်ကာ . . .

"ထိလူဟုန်း . . . ထိလူဟုန်း . . . ငါ ရှောင်လုံဆိုတဲ့ တပ်မှူးလေးကို သိမ်းသွင်းနိုင်ခဲ့ရင် ထိလူဟုန်းရဲ့ရန်ကို မစိုးရိမ်တော့ပါဘူး ကောင်းပြီ၊ ငါ . . . ပေးလိုက်တဲ့ လျှို့ဝှက်တာဝန်ကို မင်း အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပါ၊ လူအင်အား၊ ငွေအင်အား မင်း . . . ကြိုက်သလောက် သုံးနိုင်တယ်၊ ကဲ . . . မင်း သွားနိုင်ပြီ"

တောစပ်မှလူကြီးက တောတွင်းမှ ဂိုဏ်းချုပ်ကြီးဆိုသူအား အလွန်ရိုသေစွာ ဦးညွှတ်ဂါရဝပြုလိုက်ပြီး နေရာမှ ထွက်ခွာသွားလေသည်။

တောတွင်းမှ ဂိုဏ်းချုပ်ကြီးဆိုသူလည်း တစ်ခဏချင်းမှာပင် အရိပ်အရောင်မျှ မတွေ့ရတော့ဘဲ ပျောက်ကွယ်သွားလေပြီ။

တောစပ်အနီးမှ ဝတ်စုံနက်ဝတ် လူနှစ်ယောက်ထွက်ခွာ သွားကြသောအခါ နောက်ထပ် ဝတ်စုံနက်ဝတ် လူတစ်ယောက် ထွက်လာကာ ပတ်ဝန်းကျင် အခြေအနေကို ခေတ္တအကဲခတ်ကြည့်ရှုပြီး နောက် တစ်နေရာသို့ ထွက်ခွာသွားလေသည်။

တောစပ်ကလေးမှာမူ တိတ်ဆိတ်မြဲ တိတ်ဆိတ်လျက်ပင်။

✱ ✱ ✱

# အခန်း(၄)

ခန်းညားလှပသော မြင်းလှည်းကြီးတစ်စီး။

ဆူမင်းသားကြီး၏ စံအိမ်တော်ရှေ့သို့ ဆိုက်ရောက်လာခဲ့လေသည်။

မြင်းလှည်းကြီးအတွင်းမှ မင်းသားလေး ပေါင်းဖီးက ဆင်းလာသည်။

မင်းသားလေးပေါင်းဖီးမှာ သူ၏ကိုယ်ရံတော်တပ်မှူးလေး ရှောင်လုံအား လာရောက်ခေါ်ခြင်းဖြစ်သည်။

ဆူမင်းသားကြီးစံအိမ်တော်မှ လူများမှာ အိပ်ယာမှပင် မနိုးကြသေးပေ။

စံအိမ်တော်ရှိ မင်းချင်းလုလင်များနှင့် အခြွေအရံများကသာ အလုပ်တာဝန်များကို ထမ်းဆောင်ကြရန်အတွက် ရှေးဦးစွာ အိပ်ရာမှထကြပြီး သက်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြလေသည်။

မင်းသားလေး ပေါင်းဖီးမှာ စိတ်ရင်းကောင်းသူဖြစ်သဖြင့် တခြားလူများအား ဒုက္ခမပေးတော့ဘဲ ရှောင်လုံ၏အိပ်ခန်းဆောင်ရှိရာသို့ တိုက်ရိုက်ဝင်ရောက်သွားလေသည်။

တံခါးခေါက်လိုက်သည်နှင့် အိပ်ခန်းတွင်းမှ ရှောင်လုံ၏အသံ မြန်းသံထွက်ပေါ်လာသောကြောင့် မင်းသားလေးပေါင်းဖီးမှာ အံ့တွေးသွားရ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လုံမှာ မင်းသားလေး၏ အသံကိုကြားလိုက်ရသဖြင့် အိပ်ရာမှ ထကာ အခန်းတံခါးကို ဖွင့်ပေးလိုက်၏။

"မင်းသားလေး ဘယ်နှယ့်ကြောင့် စောစောစီးစီး ဘာကိစ္စမျာ ရှိလို့လဲ"

မင်းသားလေးပေါင်းဇီးက ဝမ်းသာအားရစွာဖြင့် ...

"ရှောင်လုံ မင်း ဘာမှမဖြစ်ဘူးနော်၊ ယိလိန်နဲ့ ယိချွန်တို့ရေ ဘာမှ မဖြစ်ကြဘူး မဟုတ်လား"

မင်းသားလေး စကားကြောင့် ရှောင်လုံမှာ အံ့အားသင့်သွားပြီ

"ဟင် ... ဘာဖြစ်လို့လဲ မင်းသားလေး"

"မင်း ... ခုထိ ဟန်ဆောင်နေတုန်းပါပဲလား၊ ညသန်းခေါင် အချိန်မှာ နေပြည်တော်လုံခြုံရေးတပ်ဖွဲ့က ရဲမက်တွေ တစ်မြို့လုံ တရားခံတစ်ယောက်ကို လိုက်ရှာနေကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့ မနေ့က အမဲလိုက်သွားကြတဲ့ ယိချွင်တောင်ပေါ်မှာ လူရ ကားလေးတစ်ယောက် ဝင်ရောက်လာပြီး မင်းတို့ကို ချောင်းမြော လုပ်ကြတယ်ဆို"

ထိုစကားကြောင့် ရှောင်လုံမှာ ကြောင်အန်းအန်းဖြစ်သွားက

"ဟင် ... ဒီကိစ္စက ဘယ်လိုပေါက်ကြားသွားလို့ ရဲမက်တေ က တရားခံကို လိုက်ရှာနေတာလဲ"

"ဒီကိစ္စ ပေါက်ကြားဖို့လိုသေးလို့လား၊ ဒီလောက်ကြီးကျ တဲ့ကိစ္စကြီးကို ဘယ်လိုဖုံးကွယ်လို့ ရမှာလဲ"

"မဟုတ်ဘူး၊ သခင်မလေးယိလိန်က ဒီကိစ္စကို ပေါက်ကြာ ခဲ့ရင် ပေါက်ကြားတဲ့လူကို ခေါင်းဖြတ်ပစ်မယ်ပုံ့ အမိန့်ထုတ်ထာ ခဲ့လို့ပါ"

"ဟင် ... ဘာဖြစ်လို့လဲ၊ သူက နောက်ကို အပြင်မထွက်ရဲ နိုးလို့လား"



"မင်းသားလေး ... ကျွန်တော့် စကားကို အရင်နားထောင် ပါဦး၊ ကိစ္စက သိပ်အရေးကြီးတယ်"

ရှောင်လုံက မနေ့မနက်ပိုင်း ယိချွန်တောင်ပေါ်တွင် အမဲလိုက် ရာမှ ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို မင်းသားလေးပေါင်းဇီး အား လုံးစေ့ပတ်စေ့ ပြန်ပြောလိုက်သည်။

မင်းသားလေး ပေါင်းဇီးက ရှောင်လုံ၏စကားကို အသေအချာ နားထောင်ပြီးမှ ...

"ဪ ... ဒီကိစ္စက ဒီလိုလား၊ ဟိုလူငယ်လေးရဲ့ ပစ်မှတ်က မင်းအပေါ်ကို ဦးတည်နေတာပါ၊ ယိလိန်တို့ကို မဟုတ်ဘူးပေါ့၊ ရှောင်လုံ ဒီကိစ္စအတွက် မင်းကို ကျုပ် စိတ်မချဘူး၊ သိုင်းလောက ထဲကလူတွေဟာ ဘယ်နှယ့်ကြောင့် မင်းကို ဒုက္ခပေးရတာလဲ မသိဘူး၊ မင်း ... နေပြည်တော်က ထွက်ခွာသွားမယ်ဆိုတော့ ငါ မျက်နှာကို မထောက်တော့ဘူးလား"

ရှောင်လုံက စိတ်မကောင်းစွာဖြင့် ...

"သိုင်းလောကထဲက လူတွေရဲ့အကြောင်းကို မင်းသားလေး သိသေးပါဘူး၊ သူတို့က ဘာဘာညာညာ သိပ်ပြီး ဂရုစိုက်တာ မဟုတ်ဘူး"

"ကျုပ် ... မကျေနပ်တာက မင်းဟာ ငါရဲ့ ကိုယ်ရံတော် တပ်မှူးပဲ၊ တကယ်ဆိုရင် မင်းနဲ့ ပတ်သက်လာတဲ့ ကိစ္စဟာ ငါ့ကို အလျင်ဆုံးအကြောင်းကြားရမယ်၊ တကယ်လို့ ငါ့ကိုသာ လာပြီး အကြောင်းကြားခဲ့ရင် နေပြည်တော်လုံခြုံရေးရဲ့ အစောင့်ရဲမက်တွေ ကို ငါက လူများများလွှတ်ပြီး ဒီအတင်ရဲလုတဲ့ တရားခံကို ဖမ်းခိုင်း တယ်"

"ကျေးဇူးတင်ပါတယ်၊ ဒီကိစ္စက ကျွန်တော့်ရဲ့ ကိုယ်ရေး ကိုယ်တာဖြစ်တဲ့အတွက် ကျွန်တော် ကိုယ်တိုင်ပဲ ဖြေရှင်းပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခုချိန်မှာ မင်းဟာ သိုင်းသမားမဟုတ်တော့ဘူး၊ ငါရဲ့ ကိုယ်ရံတော် တပ်မှူးလေးဖြစ်နေပြီဆိုတာ သတိရစမ်းပါဦး"

ရှောင်လုံမှာ ရုတ်တရက်ဘာပြန်ပြောရမှန်း မသိဖြစ်နေသည့်အတွက် မင်းသားလေးကပင် ဆက်လက်ပြောပြန်သည်။

"ဘာပဲပြောပြော ခုကိစ္စကို မင်းကိုယ်စား ကျုပ် ... တာဝန်ယူမယ်၊ မင်းဘာမှ လုပ်စရာမလိုပါဘူး၊ ဟို ... မေယိချိန်းဆိုတဲ့ လူငယ်ဟာ ဘယ်လောက်အစွမ်းအစရှိမလဲဆိုတာကို ကြည့်ရသေးတာပေါ့"

ရှောင်လုံက ဘာမှ ပြန်မပြောဘဲ ငြိမ်နေလိုက်သည်။ မင်းသားလေး၏ စေတနာကို သူ ငြင်းဆန်၍ မကောင်းမှန်းသိရှိနားလည်လိုက်သည်။ ထို့အပြင် သတင်းပေါက်ကြားသည့် လူကိုလည်း သိနေ၏။ သတင်းပေါက်ကြားသည့်လူက လုံခြုံရေးတပ်ဖွဲ့မှ ရဲမက်များအား တရားခံကို လိုက်လံရှာဖွေ ဖမ်းဆီးနိုင်သည့် ရည်ရွယ်ချက်ကိုလည်း ရှောင်လုံ သိရှိနေပါသည်။

မင်းသားလေး ပေါင်းဖီးက ...

"ရှောင်လုံ မင်းရဲ့လျှို့ဝှက်တွေ သူများလက်ထဲဘယ်လိုရောက်သွားတာလဲ၊ ဒီလောက် စိုးရိမ်ပြီး ခေါင်းငုံ့နေစရာ မလိုပါဘူး မင်း ... ငါ့ကို ပြောပြပါလား"

"မင်းသားလေး နောက်ကျမှ ကျွန်တော်ပြောပါရစေ"

"အခု ဘာဖြစ်လို့ မပြောနိုင်တာလဲ၊ မင်းက ကျုပ်ကို မယုံလို့လား"

ထိုအခိုက် အပြင်မှ ခြေသံများကို ကြားရသဖြင့် ရှောင်လုံမှာ စိုးရိမ်တကြီးဖြင့် ...

"မင်းသားလေး အပြင်ဘက်က ခြေသံတွေကြားတယ်၊ ဒီအကြောင်းကို နောက်မှဆက်ပြောကြတာပေါ့"



တံခါးခေါက်သံနှင့်အတူ အခန်းအပြင်ဘက်မှ တိမ်ပျံကုံးဟို ဝင်ရောက်လာသည်။ တိမ်ပျံကုံးဟိုက မင်းသားလေးအား ဂါရဝပြုရင်း နှုတ်ဆက်လိုက်သည်။

"မင်းသားလေး ... ဘာကိစ္စများ အကြောင်းထူးရှိနေလို့ ဒီလောက်အစောကြီး လာရပါသလဲခင်ဗျာ"

မင်းသားလေးက တိမ်ပျံကုံးဟို၏အမေးကို အလိုက်သင့် ပြန်ဖြေလိုက်၏။

"ကျုပ် ... မင်းကိုတွေ့ချင်လို့ လာခဲ့တာပဲ၊ မနေ့က ယိချွင်တောင်ပေါ်ကို အမဲလိုက်သွားကြတုန်းက မင်းကော ပါသွားသေးသလား"

"ကျွန်တော်လဲ ပါသွားပါတယ်၊ ဘာများဖြစ်လို့ပါလဲ"

"မင်း ... သိပ်တော်တာပဲ၊ တောင်ပေါ်မှာ ချုံခိုပြီး လုပ်ကြံတဲ့လူတစ်ယောက်ရဲ့အကြောင်းကို ဘာဖြစ်လို့ ကျုပ်ကို လာမပြောတာလဲ"

ထိုစကားကြောင့် တိမ်ပျံကုံးဟိုက အံ့အားသင့်သွားကာ ...

"အို ... ဒီအကြောင်းတွေ မင်းသားလေးသိနေတယ် ဟုတ်လားဘာလဲ ဆရာလေးရှောင်လုံက ပြောပြလို့လား"

"သူ ... ပြောပြလို့ မဟုတ်ပါဘူး၊ ကျုပ် ... ဒီကနေ့မလာရင် မင်းရော ရှောင်လုံကပါ ဒီကိစ္စကို ပြောပြကြမှာ မဟုတ်ဘူး၊ မင်းတို့ သိဖို့ကောင်းတာက အဲဒီကိစ္စအတွက် မနေ့ညက တစ်မြို့လုံးမှာ လုံခြုံရေးတပ်ဖွဲ့က ရဲမက်တွေ နေရာအနှံ့အပြားမှာ တရားခံကို ရှာဖွေဖမ်းဆီးဖို့ ကြိုးစားခဲ့ကြတယ်ကွ"

တိမ်ပျံကုံးဟိုက မင်းသားလေး၏စကားကြောင့် မျက်လုံးပြူးသွားကာ ...

"ဟင် ... မနေ့ညက ညဉ့်နက်သန်းခေါင် ဘယ်သူကများ ..."

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကုံးဟို၊ မင်းတို့ သခင်မလေးယိလိန်ကို သွားအကြောင်းကြားပေးစမ်း၊ ဒီမှာ ငါရောက်နေတဲ့အကြောင်း မြန်မြန်လေးသွားပြောလိုက်ပါ"

"ဟုတ်ကဲ့ ... ကျွန်တော် ခုပဲသွားပြောပေးပါ့မယ်"

ပြောပြီသည်နှင့် တိမ်ပုံကုန်းဟို ထွက်သွားသည်။

မင်းသားလေးပေါင်းဇီးက ရှောင်လုံအားကြည့်ကာ ...

"ကဲ ... ရှောင်လုံ ခု ဒီမှာ ဘယ်သူမှမရှိတုန်း ပြောပြပါ။ မင်းရဲ့ လျှို့ဝှက်ချက်တွေ ဘာဖြစ်လို့ သူများလက်ထဲ ရောက်သွားရတာလဲ၊ ကျုပ်ကို မိတ်ဆွေတစ်ယောက်လို သဘောထားရင် ဖွင့်ပြောပြစေချင်တယ်"

"မင်းသားလေး ... မင်းသားလေးရဲ့ ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ အများကြီးရှိပါတယ်၊ ဒါပေမယ့် လူတိုင်းမှာ အနည်းနဲ့အများဆိုသလို လျှို့ဝှက်ချက်ရှိကြစမြဲပါ၊ ဒါကြောင့် ကျွန်တော်ရဲ့ ပြောပြလို့မကောင်းတဲ့ လျှို့ဝှက်တွေကို မပြောပါရစေနဲ့၊ တောင်းပန်ပါတယ်"

မင်းသားလေးပေါင်းဇီး၏ မျက်နှာတွင် စိတ်မကောင်းသည့် အမူအရာများ ပေါ်လာပြီး ...

"ရှောင်လုံ ... ကျုပ်က မင်းကို အတင်းပြောရမယ်လို့ မတိုက်တွန်းပါဘူး၊ ကျုပ် ... မင်းကို အတတ်နိုင်ဆုံး အကူအညီပေးချင်လို့ မေးနေတာ"

"မင်းသားလေးရဲ့ စေတနာကို ကျွန်တော်နားလည်ပါတယ်၊ ခုချိန်မှာတော့ ပြောလို့မဖြစ်သေးပါဘူး၊ ဒါပေမယ့် ကျွန်တော့်ပြစ်မှုရဲ့ လျှို့ဝှက်ချက်ဟာ သိပ်ကြီးမားတဲ့အမှုတော့လည်း မဟုတ်ပါဘူး၊ မင်းသားလေး ကျွန်တော့်ကို ယုံကြည်ပါ၊ ဒါကြောင့် ... ကျွန်တော် ဘယ်နည်းနဲ့ဖြစ်ဖြစ် နေပြည်တော်က ထွက်ခွာရပါလိမ့်မယ်"



မင်းသားလေးက ဘာမှမပြောဘဲ ရှောင်လုံကို စိုက်ကြည့်နေ၏။ ရှောင်လုံက ဆက်ပြောပြန်သည်။

"မင်းသားလေး ... ကျွန်တော့်ရဲ့ပြစ်မှုက အသေးအဖွဲပါ၊ ဒါပေမဲ့ ကျွန်တော့်ကြောင့် မင်းသားလေးရဲ့ ဂုဏ်သိက္ခာကို မထိခိုက်စေချင်ပါဘူး၊ ဒါကြောင့် မင်းသားလေး ကျွန်တော့်ရဲ့ လျှို့ဝှက်ချက်ကို မသိချင်ပါနဲ့တော့"

"ကောင်းပြီ၊ ကျုပ် မမေးတော့ပါဘူး၊ လူတွေဟာ အမှားလုံးဝမရှိတဲ့သူဆိုလို့ ရှိခဲလှပါတယ်၊ အနည်းနဲ့အများဆိုသလိုတော့ မှားတတ်ကြတာချည်းပါပဲ၊ မင်းကိုလဲ ကျုပ် အပြစ်မတင်တော့ပါဘူး"

ထိုအခိုက် ဆူမင်းသားကြီး၏သမီးတော် ယိလိန်က ရှောင်လုံ၏ အခန်းသို့ ရောက်ရှိလာကာ မင်းသားလေးပေါင်းဇီးနှင့် ရှောင်လုံ၏ကိစ္စအတွက် ဆွေးနွေးတိုင်ပင်နေကြ၏။

ရှောင်လုံက ...

"မင်းသားလေးနဲ့ သခင်မလေးတို့ကို ကျွန်တော် အကူအညီတစ်ခုတောင်းချင်ပါတယ်"

"အကူအညီတောင်းချင်တယ်ဆိုတဲ့ စကားတောင် ပြောစရာမလိုပါဘူး၊ တို့ဘက်က အတတ်နိုင်ဆုံးပေးဖို့ အဆင်သင့်ပါပဲ၊ ကဲ ... ဆိုစမ်းပါဦး ဘာများကူညီရမှာလဲ"

"တခြားတော့မဟုတ်ပါဘူး၊ ခု ... မေယိချိန်းကို နေပြည်တော်လုံခြုံရေးတပ်ဖွဲ့က တစ်မြို့လုံးကို ပိုက်စိတ်တိုက်ပြီးရှာဖွေနေတဲ့ကိစ္စဖြစ်ပါတယ်၊ သူ့ကို ဒီလိုလူသိရှင်ကြား မရှာဖွေဘဲ တိတ်တဆိတ်ရှာဖွေကြဖို့ ညွှန်ကြားပေးပါ၊ ထင်ထင်ပေါ်ပေါ်ကြီးနဲ့ သူ့ကိုရှာရင် မေယိချိန်းက ထွက်ပြေးသွားမှာ စိုးရပါတယ်၊ နောက်ပြီး သူ့ကို ကျွန်တော်ကိုယ်တိုင် နေပြည်တော်ထဲမှာ ရှာချင်ပါတယ်"

မင်းသားလေးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါက လွယ်ပါတယ်"

ပြောပြောဆိုဆို စားပွဲပေါ်ရှိ စာရေးစက္ကူနှင့် မင်တံကိုယူကာ စာသုံးလေးကြောင်း ရေးနေ၏။ ပြီးနောက် ... မင်းလုလင်တစ်ယောက်အား စံအိမ်တော်အုပ်ချုပ်ရေးမှူး ကုံးဟိုကို သွားရောက်ခေါ်ခိုင်းလိုက်သည်။ မကြာမီ ကုံးဟိုရောက်လာပြီး၊ မင်းသားလေးက ...

"ကုံးဟို ဒီစာကို နေပြည်တော် လုံခြုံရေးတပ်ဖွဲ့ကို သွားပေးလိုက်ပါ"

ကုံးဟိုက မင်းသားလေး၏လက်ထဲမှ စာရွက်ကို တရိုတသေ လှမ်းယူလိုက်ပြီး၊ အခန်းထဲမှ ထွက်ခွာသွားလေသည်။

ရှောင်လုံက မင်းသားလေးနှင့် ယိလိန်တို့အား ...

"ကျွန်တော့်ကို အပြင်ထွက်ဖို့ ခွင့် လေး ငါးရက်လောက် ပေးပါ"

"ဘာလဲ ... မင်းက ဟိုသူငယ်နဲ့ သွားတွေ့မလို့လား"

"ကျွန်တော့်မှာ ဒီနည်းပဲရှိပါတယ်၊ သူနဲ့ အပြတ်ရှင်းနိုင်မှ ဖြစ်မယ်"

မင်းသားလေးပေါင်းဇီးက တစ်ချက်စဉ်းစားလိုက်ပြီး ...

"ရပါတယ်၊ မင်းဘယ်တော့ ပြန်လာမှာလဲ"

"ကျွန်တော် အမြန်ဆုံးပြန်လာပါ့မယ်၊ အလွန်ဆုံး သုံးရက်လောက်ပါပဲ"

မင်းသားလေးက ရှောင်လုံ၏ဆန္ဒကို လိုက်လျောလိုက်သည်။

တပ်မှူးလေးရှောင်လုံက သူတို့နှစ်ယောက်ကို နှုတ်ဆက်ကာ အပြင်သို့ ထွက်ခွာသွားလေတော့သည်။

✱ ✱ ✱

## အခန်း(၅)

'တာ့လိ' စားသောက်ဆိုင်။

ပီကင်းမြို့၏ အရှေ့ဘက်မြို့စွန် တစ်နေရာတွင်ရှိသည်။

'တာ့လိ' စားသောက်ဆိုင်လေးမှာ ကြီးကျယ်ခန်းနားခြင်း မရှိပေ။

သို့သော် ထို 'တာ့လိ'စားသောက်ဆိုင်လေးတွင် စားသောက်ဖွယ်ရာမျိုးစုံနှင့် အကောင်းစားအရက်များ ရရှိနိုင်သောကြောင့် လူစည်ကားလှသော ဆိုင်လေးတစ်ဖြစ်သည်။

ထို 'တာ့လိ'စားသောက်ဆိုင်လေးမှာ နံနက်မှစ၍ ညမိုးချုပ်သည့်တိုင် စားသောက်သူများ အဆက်မပြတ် ရောက်ရှိလာကာ စားပွဲထိုးများနှင့် စားဖိုမှူးများမှာ ဧည့်သည်များအတွက် လက်မလည်အောင်ရှိနေသည်။

'တာ့လိ'စားသောက်ဆိုင်၏ ကောင်တာစားပွဲတွင် ငွေသိမ်းဆိုင်ရှင် လူဝကြီးတစ်ယောက် ထိုင်လျက်ရှိ၏။

ထိုဆိုင်ရှင်လူဝကြီးက ကောင်တာရှေ့မှ လူတစ်ယောက်နှင့် စကားပြောဆိုနေသည်။ ဆိုင်ထဲတွင် စားသောက်နေသူများ၏ စကားသံများကြောင့် ထိုလူနှစ်ယောက်၏စကားသံများကို သဲသဲကွဲကွဲ မကြားရပေ။

သို့သော် ဆိုင်ရှင်လူဝကြီးအား ပြောနေသူ၏စကားသံကိုတော့ အနည်းငယ် ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ လူက ပိန်ပိန် အသားကဖြူဖြူနဲ့ မိန်းမချော လေးတစ်ယောက်နဲ့တူတဲ့ လူငယ်လေးပါပဲ"

ဆိုင်ရှင်လူဝကြီးက ...

"မင်း ... စိတ်ချ ကျိန်းသေပါတယ်"

"ဒီနေ့လာမှာ သေချာရဲ့လား"

"သေချာပါတယ်၊ မနေ့ကတောင် ဝက်သားပေါင်းကြော် သုံးပိဿာ မှာသွားသေးတယ်၊ ငွေတောင် ကြိုတင်ရှင်းပေးသွားပြီးပြီ ဆိုတော့ မလာဘဲနေမှာမဟုတ်ဘူး"

ထိုလူက ထပ်မံမပြောတော့ဘဲ ဆိုင်နောက်ဘက်ခန်းသို့ လှည့်ဝင်သွားသည်။

မကြာမီပင် ဆိုင်ရှင်လူဝကြီး၏ မျက်လုံးအစုံပြူးကျယ်သွားသည်။

အကြောင်းမှာ သူ၏ဆိုင်ပေါက်ဝတွင် ခန္ဓာကိုယ် ပိန်ပိန် ပါးပါးနှင့် အသက်ဆယ့်ခြောက်နှစ်ကျော် အရွယ်မျှရှိသည့် အကျီ အစိမ်းဝတ် အသားဖြူဖြူနှင့် မိန်းမလိုလို၊ ယောကျ်ားလိုလို လူငယ် တစ်ယောက် ဝင်လာသည်ကို တွေ့လိုက်ရ၏။

ဆိုင်ရှင်လူဝကြီးက ဆိုင်ပေါက်ဝမှ လူငယ်လေးအား လှမ်း၍ နှုတ်ဆက်လိုက်သည်။

"ဟော ... သူငယ်လေး မင်းရောက်လာပြီလား၊ လာ ... ခဏ ထိုင်ပါဦး"

"ကျွန်တော်မှာထားတဲ့ အသားပေါင်းကျော် ရပြီလား"

"ရပါပြီ၊ မင်းက ကြိုတင် ပိုက်ဆံပေးခဲ့ပဲ့အတွက် အချိန်မီ ရအောင် လုပ်ပေးရမှာက ငါ့တာဝန်ပဲ မဟုတ်လား"

"ဒါဖြင့် ကျွန်တော်မှာထားတဲ့ အသားပေါင်းကို ကျကျနန ထုပ်ပေးလိုက်ပါ၊ ကျွန်တော် အိမ်ကိုအမြန်ဆုံးပြန်ရမယ်"



ဆိုင်ရှင်လူဝကြီးက စားပွဲထိုးအား ဝက်သားပေါင်းကြော်ကို အသေအချာ လုံခြုံစွာထုပ်ပေးလိုက်ရန် မှာကြားလိုက်၏။

မကြာမီ စားပွဲထိုးတစ်ဦးက ဝက်သားပေါင်းကြော်အထုပ်ကြီး တစ်ထုပ်ကို ယူလာပြီး လူငယ်လေးအား လှမ်းပေးလိုက်၏။

ထိုအချိန်တွင် လူငယ်လေး၏နောက်မှ လူကြီးတစ်ဦး ရုတ်တရက် ရောက်လာကာ စကားသံထွက်ပေါ်လာခဲ့၏။

"ဒီစားစရာတွေက ပူပူနွေးနွေးစားမှ ကောင်းတာကွ၊ အေးသွားရင် မကောင်းတော့ဘူး၊ အိမ်ကိုမြန်မြန်ရောက်အောင် ကျုပ် ဝိုင်းပြီး သယ်ပေးမယ်လေ"

လူငယ်လေးမှာ နောက်ဘက်မှ စကားသံကြောင့် တစ်ချက် ကြောင်အမ်းသွားပြီး နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

နောက်ဘက်တွင် အသက်သုံးဆယ်ကျော် လေးဆယ်နီးပါး ရှိသည့် လူကြီးတစ်ယောက်က သူ့အားစိုက်ကြည့်လျက် ရပ်နေသည် ကို တွေ့လိုက်ရသည်။ လူကြီး၏မျက်နှာမှာ ရှည်ရှည်သွယ်သွယ် မျက်နှာပေါက်မျိုး ရှိသည်။

လူငယ်လေးက ထိုလူကြီးအား ခပ်တည်တည် စိုက်ကြည့် လိုက်ပြီး ...

"ကျွန်တော်နဲ့ ခင်ဗျား သိကြတာမှ မဟုတ်တာ၊ ဘာဖြစ်လို့ ကျွန်တော့်အထုပ်ကို သယ်ခိုင်းရမှာလဲ"

လူငယ်လေးက ပြောပြောဆိုဆို ဝက်သားပေါင်းကြော်အထုပ် အားဆွဲ၍ ဆိုင်အပြင်သို့ လှည့်ထွက်သွားမည်အပြုတွင် ...

နောက်ဘက်မှ လူကြီးက မိမိ၏အထုပ်အား လှမ်းဆွဲထား လိုက်သဖြင့် ရှေ့သို့ ဆက်လက်သွားမရ ဖြစ်နေသည်။

"မင်းက ကျုပ်ကိုမသိပေမယ့် ကျုပ်က မင်းကို သိနေပါ တယ်၊ မေသခင်လေးရဲ့အဖော်ချင်ဟာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ချင်ဟာမှာ ကြောက်လန့်သွားကာ အထုပ်ကို လွှတ်ချလိုက်၍ ထွက်ပြေးသွားမည်ပြုလိုက်သည်။

သို့သော် မျက်နှာရှည်ရှည်နှင့်လူကြီးက ချင်ဟာ၏ ပခုံးတစ်ဘက်ကိုနောက်မှ ဖမ်းကိုင်လိုက်ပြီး ...

"ကျုပ်က စေတနာသန့်သန့်နဲ့ အကူအညီပေးမလို့၊ မင်းက ဘယ်ကို ထွက်ပြေးမလို့လဲ"

လူငယ်လေး၏မျက်နှာမှာ သွေးရောင်မရှိတော့ဘဲ ကြောက်လန့်စွာဖြင့် ...

"ဒါ ... ဘာလုပ်တာလဲ ကျုပ် ... အော်လိုက်ရမလား"

ထိုလူကြီးက ပမာမခန့်လေသံဖြင့် ...

"ဟိတ် ... ကောင်လေး၊ မင်းနားလည်ထားဖို့က ဒီနေရာ[illegible] သဘာစ်ဝိုက်ဟာ ငါတို့ရဲ့ ပိုင်နက်ဖြစ်တယ်ကွ၊ ဒီနေရာမှာ လူတစ်ယောက်ကို ဓားနဲ့ထိုးသတ်လိုက်ရင် ဘာမှမဖြစ်နိုင်ဘူး"

ထိုစကားကြောင့် လူငယ်လေးမှာ ဆိုင်ရှင်လူဝကြီးအားအား[illegible] တကြီး အကူအညီတောင်းသော မျက်လုံးအစုံနှင့် လှမ်းကြည့်လိုက်[illegible]

သို့သော် ဆိုင်ရှင်လူဝကြီးမှာလည်း ထိုလူကြီးအား ကြော[illegible] ရွံ့နေသည့်ဟန်ဖြင့် အသာငြိမ်ကုပ်နေသည်ကို တွေ့လိုက်ရ၏။

ချင်ဟာမှာ မျက်နှာရှည်ရှည်နှင့်လူကြီး၏စကား မှန်နေကြော[illegible] သိလိုက်ရသည်။

ထို့ကြောင့် လူကြီး၏ဖမ်းချုပ်ထားမှုကို မရုန်းကန်တော့ပဲ[illegible]

"ခင်ဗျား ဘာလုပ်တာလဲ၊ ခင်ဗျားဟာ လုံဆိုတဲ့ လူပဲလာ[illegible]

"လုံဆိုတဲ့လူကိုတော့ ကျုပ်မသိဘူး၊ ကျုပ်တို့က သခင်[illegible] ကျောင်းထောင်ရဲ့လူတွေပဲ၊ မင်းရဲ့ မေသခင်လေးကို ကျုပ်တို့ သူ[illegible] ကြီးကျောင်းထောင်က တွေ့ချင်နေတယ်၊ ကဲ ... မင်း ကျုပ်နော[illegible] အသာတကြည်လိုက်ခဲ့ပေတော့"



"ခင်ဗျားတို့ သူဌေးကြီးကျောင်းထောင်က ကျွန်တော်နဲ့ တွေ့ချင်တာမှ မဟုတ်ဘဲ၊ မေသခင်လေးကို တွေ့ချင်တာပဲ၊ ကျွန်တော်က ဘာကြောင့် လိုက်ရမှာလဲ"

"မေသခင်လေး ဘယ်မှာရှိတယ်ဆိုတာကို မင်းသိတယ် မဟုတ်လား"

"သူ ... ဘယ်မှာရှိနေတယ်ဆိုတာ ကျွန်တော်ပြောပြနိုင်ပါတယ်၊ ဒီလိုလုပ်ပါ၊ ကျွန်တော့်နောက်ကို ခင်ဗျားလိုက်ခဲ့၊ ကျွန်တော် မေသခင်လေးဆီကို ခေါ်သွားပေးပါ့မယ်"

မျက်နှာရှည်ရှည် လူကြီးက ...

"ငါ ... မင်းနောက်ကိုလိုက်ဖို့ မလိုပါဘူး၊ သူဘယ်မှာ ရှိနေတယ်ဆိုတာသာ ပြောပြပါ၊ ငါ ... တခြားတစ်ယောက်ကို လွှတ်ပြီး ခေါ်ခိုင်းလိုက်မယ်"

"ကျွန်တော့်သခင်လေးက ကျွန်တော့်ကိုစောင့်နေလို့ပြီ၊ သူလဲ ဘာလှုရှောပေါ့"

"မင်း ... စိတ်ချနေပါ၊ ငါတို့သူဌေးကြီးကျောင်းထောင်ဆီ ရောက်သွားရင် လိုချင်တဲ့စားသောက်ဖွယ်ရာတွေ အပြည့်အစုံရနိုင်ပါတယ်၊ မင်း ဘာမှ စိတ်ပူစရာမလိုဘူး"

"ဟာ ... ဒီလိုတော့ ဘယ်ဖြစ်မလဲ"

မျက်နှာရှည်ရှည်နှင့်လူကြီးက လူငယ်လေး၏ပခုံးအား ဖိနှိပ်လိုက်ရာ လူငယ်လေးမှာ နာကျင်စွာ တစ်ချက် 'အား' ကနဲ အော်လိုက်ပြီး မြေပြင်ပေါ်သို့ ဒူးထောက်လျက်သား ထိုင်ကျသွားတော့၏။

လူကြီးက ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးဖြင့် ...

"မင်း ... အပိုတွေပြောမနေနဲ့၊ မြန်မြန်ပြောပါ၊ ကြာရင် မင်းရဲ့အရိုးတွေ ကျိုးကြေကုန်လိမ့်မယ်၊ အသက်ငယ်ငယ်လေးနဲ့ မိန်းမ မရလိုက်ဘဲ ဖြစ်နေလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား … ကျွန်တော့်ကို အရင်လွှတ်ပါ၊ ကျွန်တော် ပြောပြပါမယ်"

"မရဘူး၊ မင်း … ပြောပြီးမှ ငါ … လွှတ်ပေးမယ်"

"မြို့အရှေ့ဘက် မြို့ရိုးအောက်တစ်နေရာမှာ ဝွမ်ဝမ်ဆိုတဲ့ ဘုရားကျောင်းပျက်လေးတစ်ခု ရှိတယ်"

မျက်နှာရှည်ရှည်နဲ့ လူကြီးက လူငယ်လေး၏ပခုံးကို လွှတ်လိုက်ပြီး ဆက်လက်ခေါ်ဆောင်သွားတော့သည်။

"ခင်ဗျား ဒါတော့ ဘယ်တရားမှာလဲ"

"မင်းကိုလွှတ်လိုက်ရင် မင်း သခင်လေးက တို့ခေါ်ရာကို ဘယ်လာတော့မှာလဲ၊ ကဲ … စကားရှည်မနေနဲ့ အေးအေးဆေးဆေးသာ လိုက်ခဲ့"

လူငယ်လေးမှာ လူကြီးခေါ်ဆောင်ရာသို့ မျက်နှာငိုမဲ့မဲ့ဖြင့် လိုက်ပါသွားခဲ့ရတော့သည်။

မျက်နှာရှည်ရှည်လူကြီးက သူ့ဘေးရှိ အဖော်ဖြစ်သူ အပြာရောင်အင်္ကျီဝတ်လူကြီးအား လှမ်းပြောလိုက်၏။

"မြို့အရှေ့ဘက် မြို့ရိုးအောက် တစ်နေရာမှာရှိတဲ့ ဝွမ်ဝမ် ဘုရားကျောင်း"

ပြောပြောဆိုဆို လူငယ်လေးအား လမ်းကြားတစ်ခုထဲသို့ ခေါ်ဆောင်သွားလေတော့သည်။

❋ ❋ ❋

အပြာရောင်ဝတ်လူကြီးက မြို့အရှေ့ဘက်သို့ လမ်းခွဲ၍ လျှောက်လှမ်းသွားနေ၏။

အတန်ကြာသောအခါ မြို့ရိုးတစ်နေရာရှိ 'ဝွမ်ဝမ်'ဘုရားကျောင်းပျက်လေးတစ်ခုကို တွေ့လိုက်ရသည်။



ဘုရားကျောင်းပျက်လေးမှာ သိပ်မကြီးလှ။

ကျောင်းမှာ ပျက်စီးနေပြီး တိတ်ဆိတ်လျက်ရှိနေ၏။

ဘုရားကျောင်းပျက်လေး၏ မနီးမဝေးတစ်နေရာတွင် အပြာရောင်အင်္ကျီဝတ်လူကြီး ရပ်လိုက်ပြီး၊ ကျောင်းပျက်ကလေးအား လှမ်း၍ အကဲခတ်ကြည့်ရှုလိုက်သည်။

ထို့နောက် ကျောင်းပျက်ကလေးထဲသို့ လှမ်း၍ အော်ပြောလိုက်သည်။

"ကျုပ်တို့ သူဌေးကြီးကျင်းထောင်က မေသခင်လေးကို တွေ့ချင်နေပါတယ်"

ဘုရားကျောင်းပျက်လေးထဲမှ ဘာသံမျှ ထွက်ပေါ်မလာ၊ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။

အပြာရောင်အင်္ကျီဝတ်လူကြီးက ဒုတိယအကြိမ် အော်ပြောလိုက်ပြန်သည်။ သို့သော် ကျောင်းပျက်လေးအတွင်းမှ ပြန်လည်ထူးသံကို မကြားရ။

အပြာရောင်အင်္ကျီဝတ်လူကြီးမှာ အနည်းငယ် သက်သာမကင်းဖြစ်လာကာ လူငယ်လေးချင်ဟာက လိမ်လည်ပြောလိုက်သည်ဟု အင်မှတ်ပြီး ဘုရားကျောင်းပျက်လေးအနီးသို့ ချဉ်းကပ်ကာလျှောက်လှမ်းလာခဲ့သည်။

အနီးသို့ရောက်သောအခါ အထဲသို့ ဝင်မည်အပြု …

အပြာရောင်အင်္ကျီဝတ်လူကြီး၏နောက်ဘက်မှ အေးစက်စက်အရာဝတ္ထုတစ်ခုက သူ၏ပခုံးပေါ်သို့ ဖိကပ်ထားခြင်း ခံလိုက်ရ၏။

တစ်ဆက်တည်း အေးစက်မာကျောသော အသံတစ်သံ ထွက်ပေါ်လာပြန်သည်။

"သူဌေးကြီးကျင်းထောင်က ကျုပ်ကို ဘာကိစ္စကြောင့် တွေ့ချင်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်ဝတ်လူကြီးမှာ မလှုပ်မယှက် ငြိမ်သက်စွာ ရပ်နေပြီး ကြောက်ရွံ့သောလေသံဖြင့် ပြန်ပြောလိုက်သည်။

"မေသခင်လေးရဲ့ ကိုယ်ဖော့ပညာက တယ်ထူးချွန်ထက်မြက်ပါလား၊ ကျုပ်တို့ရဲ့ သူဌေးကြီးကျင်းက သူနဲ့ လာတွေ့ဖို့ အမိန့်ရှိလိုက်ပါတယ်"

မေသခင်လေးက အပြာရောင်ဝတ်လူကြီး၏ နောက်ဘက်မှနေ၍ ဓားရှည်ဖြင့် အပြာလိုက်ပခုံးကြောကို ဖိကပ်ထားခြင်းဖြစ်သည်။

"ပြောစမ်း … သူဌေးကြီးကျင်းထောင်က ကျုပ်ကို ဘာကိစ္စတွေ့ချင်နေရတာလဲ"

"ကျုပ်က သူဌေးကြီးရဲ့ အစေအပါးဖြစ်တဲ့အတွက် ဘာကိစ္စဆိုတာကိုတော့ မသိရပါဘူး၊ အကောင်းဆုံးက မေသခင်လေး သူဌေးကြီးကျင်းဆီကို သွားတွေ့ရင်တော့ ဘာအကြောင်းဆိုတာကို သိရမှာပါ"

"ကျုပ် … ဒီမှာရှိတယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ် သိသလဲ"

"မေသခင်လေးကလဲ အထူးအဆန်းလုပ်ပြီး မေးနေတာကိုး ကျုပ်တို့သူဌေးကြီးကျင်းက ဒီမြို့ရဲ့ ဘယ်နေရာမှာပဲဖြစ်ဖြစ် အပ်ကျတာကအစ သူသိနေတာချည်းပဲ"

"ဒါဖြင့် … ကျုပ်ဆီကို ခင်ဗျားတို့သူဌေးက ဘာလို့ ကိုယ်တိုင်လာမတွေ့တာလဲ"

"သူက ကိုယ်တိုင်လာမလို့ပါပဲ၊ ဒါပေမယ့် မေသခင်လေးရဲ့အဖော်က ကျုပ်တို့သူဌေးကြီးဆီ ရောက်သွားလို့ ဖြစ်မှာပေါ့"

ထိုစကားကြောင့် မေသခင်လေးမှာ ထိတ်လန့်သွားကာ …

"အို … ချင်ဟာက မင်းတို့သူဌေးကြီးဆီ ရောက်သွားပြီ ဟုတ်လား"



"ဟုတ်ပါတယ်၊ မေသခင်လေးအတွက် ချင်ဟာက ဝက်သား ပေါင်းကြော် သွားဝယ်ပြီးပြန်အလာမှာ ဖမ်းခေါ်သွားတာပါပဲ"

မေသခင်လေးမှာ ဘာမှထပ်မမေးတော့ဘဲ ပခုံးပေါ်သို့ ဖိကပ်ထားသော ဓားရှည်ကို ဖယ်ပေးလိုက်၏။

✳ ✳ ✳

သူဌေးကြီးကျင်းထောင်၏ စံအိမ်တော်ကြီးမှာ ကြီးမားကျယ်ပြန့်လှ၏။

ကြီးမားကျယ်ပြန့်လှသည်နှင့်အမျှ ခန့်ညားထည်ဝါစွာ တည်ရှိနေသည်။

ခြံဝင်းကျယ်ကြီးထဲတွင် သစ်ပင်၊ ပန်းမာန်များနှင့် ပန်းဥယျာဉ်ကြီးတစ်ခုလည်း ရှိသည်။

ပန်းဥယျာဉ်ကြီးအောက်တွင် ရေကန်ကြီးတစ်ကန်ရှိနေ၍ သူဌေးကြီးကျင်းထောင်၏ စံအိမ်ကြီးမှာ နေပြည်တော်မှ မင်းညီမင်းသားများ၏ စံအိမ်တော်ကြီးနှယ် ခမ်းနားထည်ဝါလျက် ရှိနေသည်။

အိမ်ကြီးအတွင်းသို့ ရောက်သည်နှင့် သူဌေးကြီး၏လူယုံတော် ထိပ်မြေပြောင်ကြီး ခေါ်နီရှင်ဆိုသူက ထွက်လာပြီး မေသခင်လေးကို ကြိုဆိုဧည့်ခံလိုက်သည်။

ထို့နောက် အိမ်ကြီး၏အနောက်ဘက်ဆောင်သို့ ဦးဆောင်ခေါ်သွားကာ သီးသန့်ခန်းလေးတစ်ခန်း အတွင်းသို့ ဝင်ရောက်သွားသည်။

သီးသန့်ခန်းလေးအတွင်းတွင် သူဌေးကြီးကျင်းထောင်၊ သူ၏ကိုယ်ရံတော် သိုင်းသမားကြီးနှစ်ယောက်တို့က အသင့်စောင့်နေကြ၏။

သူဌေးကြီး၏ ကိုယ်ရံတော် သိုင်းသမားကြီး နှစ်ယောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



မြင်ရသည်နှင့် ထိတ်ထိတ်ကြဲ သိုင်းသမားကြီးများဖြစ်ကြောင်းကို မေသခင်လေးက ခန့်မှန်းလိုက်မိသည်။ လူယုံတော်ကြီးခေါ့နိရှင်က သူဌေးကြီးကျင်းအား သတင်းပို့လိုက်သည်။

"သူဌေးကြီးကျင်းခင်ဗျား၊ ကျွန်တော်နဲ့အတူ ပါလာတဲ့ လူငယ်လေးဟာ မေသခင်လေး မေယိချိန်းဖြစ်ပါတယ်"

သူဌေးကြီးကျင်းထောင်က အလွန်သဘောကျသော မျက်နှာကြီးဖြင့် ...

"မေသခင်လေးကို တွေ့မကြုံမိတဲ့အတွက် ကျုပ်ကို ခွင့်လွှတ်ပါ"

"ရပါတယ်၊ ကိစ္စမရှိပါဘူး၊ သူဌေးကြီးက ဘာကိစ္စ ကျုပ်ကို တွေ့ချင်ရပါသလဲ"

သူဌေးကြီးကျင်းထောင်က မေးခွန်းကို ပြန်မဖြေဘဲ၊ သူပြောလိုရာကိုသာ ဆက်ပြောလိုက်သည်။

"မေသခင်လေးကို အခုမှပဲ မြင်ဖူးတော့တယ်၊ ကျုပ်တို့ ယီစန်းဟွာဂေဟာကလူတွေ အသုံးမကျတဲ့အတွက် မေသခင်လေး ဇော်ကားသလို ဖြစ်သွားတာ ကျုပ် တောင်းပန်ပါရစေ"

မေသခင်လေးက ဘာမျှပြန်မပြောဘဲ သူဌေးကြီးကျင်းထောင်ကို အကဲခတ်သော မျက်လုံးအစုံဖြင့် ကြည့်နေသည်။

သူဌေးကြီးကျင်းထောင်က ဆက်လက်ပြောဆို တောင်းပန်နေပြန်သည်။

"ကျုပ်တို့ မေသခင်လေးအပေါ် တခြားမကောင်းတဲ့စိတ်ထားမျိုး မရှိပါဘူး၊ ရန်လိုတဲ့စိတ်လဲ မရှိရိုးအမှန်ပါ"

"ဒါဖြင့် ... ဘာကိစ္စရှိလို့ ကျုပ်ကို ဒီနေရာခေါ်ရတာလဲ"

"မေသခင်လေး ကျုပ်တို့ဟာ သိုင်းလောကသားတွေ ဖြစ်တဲ့အတွက် ဘာမဆို ပွင့်ပွင့်လင်းလင်းပဲ ဆက်ဆံပြောဆိုကြတာ ကောင်းပါတယ်၊ ဒါကြောင့် ... မေသခင်လေးကို အခုလို ဖိတ်ခေါ်လိုက်ရခြင်းဖြစ်ပါတယ်"



"ဒါဖြင့် ... သူဌေးကြီးကျင်းက ကျုပ်ကို မိတ်ဖွဲ့ချင်တယ် ဆိုပါတော့"

"ဟုတ်ပါတယ်၊ ကျုပ်ကို လူတစ်ယောက်က မေသခင်လေးနဲ့ စေ့စပ်ဖျန်ဖြေခိုင်းလို့ပါ"

မေသခင်လေးက သူဌေးကြီးကျင်းထောင်ကို စူးနိုက်ကြည့်လိုက်ပြီး ...

"သူဌေးကြီးပြောပုံအရဆိုရင် ကျုပ်ကို စေ့စပ်ဖြန်ဖြေ ခိုင်းသူက ရှောင်လုံဆိုတဲ့သူပဲ မဟုတ်လား"

ထိုစကားကို ကြားရသောအခါ သူဌေးကြီးကျင်းထောင်က ခေါင်းကိုခါယမ်းပြလိုက်ပြီး ...

"မေသခင်လေးပြောတာ လွဲမှားသွားပါပြီ၊ ကျုပ်နဲ့ ရှောင်လုံတို့ဟာ မိတ်ဆွေမဟုတ်ကြပါဘူး၊ ရှင်းရှင်းပြောရရင် ရန်သူအနေအထားမှာ ရှိနေကြပါတယ်"

မေသခင်လေးမှာ သူဌေးကြီးကျင်းထောင်၏စကားကြောင့် တစ်ချက် ကြောင်အန်းအန်း ဖြစ်သွားကာ ရင်ထဲ၌ယိတ်ကနဲ ဖြစ်သွားသည်။

"သူဌေးကြီးရဲ့စကားကိုကြားရတော့ ကျုပ် အတော်လေးကို အံ့သြမိပါတယ်၊ ဟိုတစ်နေ့ညက ကျုပ် ယီစန်းဟွာဂေဟာကို ရောက်နေချိန်မှာ ရှောင်လုံနဲ့ သူဌေးကြီးတို့ ရင်းရင်းနှီးနှီးပြောဆိုဆက်ဆံနေကြသေးတယ် မဟုတ်လား၊ အခု ဘာဖြစ်လို့ ရှောင်လုံနဲ့ သူဌေးကြီးတို့ ရန်သူလို ဖြစ်နေကြတာလဲ"

သူဌေးကြီးကျင်းထောင်က သဘောကျစွာ ရယ်မောလိုက်ပြီးနောက် ...

www.burmeseclassic.com

www.burmeseclassic.com



"ရှောင်လုံဟာ မင်းသားလေးပေါင်းဖီးရဲ့ အထူးအရေးပေးခြင်းကို ခံရတယ်၊ ဒါ့အပြင် မင်းသားလေးရဲ့ ကိုယ်ရံတော်တပ်မှူးဆိုတာ သိမှာပေါ့၊ ဒါကြောင့် မင်းသားလေးပေါင်းဖီးမှာရှိတဲ့ အရှိန်အဟုန်ကို သူ့ကို ဆက်ဆံပေါင်းသင်းနေရတာပါ"

"သူနဲ့ သူဌေးကြီးကျင်းတို့ကြားမှာ ဘာရန်ငြိုးရန်စများ ရှိခဲ့ပါသလဲ"

"မေသခင်လေး စဉ်းစားသာကြည့်ပါ၊ ကျုပ်ဟာ နေပြည်တော်မှာ သူဌေးကြီးကျင်းထောင်ဆိုပြီး လူတိုင်းမသိသူမရှိသလောက် ထင်ပေါ်ကျော်ကြားတယ်ဆိုတာ မေသခင်လေးသိပါတယ်၊ ရှောင်လုံဟာ မနေ့တစ်နေ့ကမှ နေပြည်တော်ကို ရောက်လာပြီး ကျုပ်ရဲ့ မလေးမစားနဲ့ ယီစန်းဟွာဂေဟာကိုလာပြီး ကျုပ်လူတွေကို စော်ကားသွားခဲ့တယ်။

အဲဒီအတွက် ကျုပ်ရဲ့မျက်နှာကို အိုးမည်းသုတ်တာနဲ့ အတူတူပါပဲ၊ ကျုပ်နေရာမှာ မေသခင်လေး ရှိနေမယ်ဆိုရင် ဒီလို စော်ကားမှုမျိုးကို သည်းခံနိုင်ပါ့မလား"

"ဟုတ်တာပေါ့၊ ရှောင်လုံဟာ သူဌေးကြီးပြောသလို ဂေဟာမှာလာပြီး စော်ကားသွားတယ်ဆိုရင် ရှောင်လုံဟာ သိပ်ကိုရိုင်းပျတဲ့ လူတစ်ယောက်ပဲ၊ သူဌေးကြီးကျင်းပြောတာ မှန်ပါတယ်"

မေသခင်လေးက သူဌေးကြီးကျင်းထောင်၏စကားကို အလိုက်သင့် ပြန်ပြောလိုက်သည်။ ထို့ကြောင့် သူဌေးကြီးကျင်းထောင်မှာ သဘောကျသွားပြီး စားပွဲကိုလက်ဖြင့် အားပါးတရ ပုတ်လိုက်ရင်း...

"မေသခင်လေး ပြောတာမှန်ပါတယ်၊ ကျုပ... စိတ်မကောင်းဖြစ်နေတာက ကျုပ်ကိုယ်စား ဝင်ရောက်ကူညီပေးမယ့်သူ မရှိတာ စိတ်မကောင်းဖြစ်ခဲ့ရတယ်"

မေသခင်လေးက သဘောကျစွာ ရယ်မောလိုက်သည်။



"ကျုပ်ကို မိတ်ဖွဲ့တာက သူဌေးကြီးမှာ ရည်ရွယ်ချက်တစ်ခုခုတော့ ရှိမယ်ထင်ပါတယ်"

"ဟုတ်ပါတယ်၊ မေသခင်လေးပြောတာ မှန်ပါတယ်၊ အမှန်ပြောရရင် မေသခင်လေးနဲ့ ကျုပ်လက်တွဲပြီး ရှောင်လုံဆိုတဲ့သိုင်းသမားကို နှိမ်နင်းချင်လို့ပါပဲ၊ မေသခင်လေးရဲ့ သဘောထား ဘယ်လိုရှိတယ်ဆိုတာ သိပါရစေ"

မေသခင်လေးက ဘာမျှပြန်မပြောဘဲ အတန်ကြာငြိမ်သက်၍ စဉ်းစားနေသည်။

ထို့ကြောင့် သူဌေးကြီးကျင်းထောင်ကပင် စကားဆက်ပြောလိုက်သည်။

"ဟို... တနေ့က ယီချွင်တောင်ပေါ်မှာ ဖြစ်ခဲ့သမျှအကြောင်းတွေကို ကျုပ် အကုန်သိပြီးပါပြီ"

မေသခင်လေးမှာ ကျင်းထောင်စကားကြောင့် များစွာအံ့အားသင့်သွားကာ...

"ဩော်... သူဌေးကြီးက ဒါကြောင့် ကျုပ်ကိုအပိုင်ပြောနေတာကိုး၊ သူဌေးကြီးရဲ့ အသိုက်အဝန်းက ဘယ်ဆိုးလို့လဲ၊ နေပြည်တော်မှာ ဖြစ်သမျှအကြောင်းတွေကို ကြိုတင်သိနေတဲ့အတွက် ချီးကျူးပါတယ်"

လူယုံတော်ကြီး ခေါ့နိရှင်က ကြားဖြတ်၍...

"မေသခင်လေး ကျုပ်တို့သူဌေးကြီး ပြောတဲ့စကားတွေကို လက်ခံမယ် မဟုတ်လား"

"ကျုပ်အနေနဲ့က သူဌေးကြီးတို့လို မဟုတ်ပါဘူး၊ သူ့ကိုပဲ ကြောက်စရာမလိုပါဘူး၊ သူ့ရဲ့ လျှို့ဝှက် ပြစ်ချက်တွေကိုအောင် ကျုပ်က ဆုပ်ကိုင်ထားနိုင်ပြီး သူ့ကို အကျုပ်ကိုင်နိုင်တဲ့အဆင့်မှာ ရှိနေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



“မေသခင်လေးကို ကျုပ် တစ်ခုပြောချင်ပါတယ်၊ မနေ့က ယိချင်တောင်ပေါ်မှာ ဖြစ်ခဲ့တဲ့ကိစ္စအတွက် မေသခင်လေးကို နေပြည်တော်လုံခြုံရေးတပ်ဖွဲ့က ရဲမက်တွေဟာ အလုံးအရင်းနဲ့ လိုက်ရှာနေပါတယ်”

“ဒီအကြောင်းတွေကို ကျုပ်လဲသိပါတယ်၊ ဒါဟာ ရှောင်လုံရဲ့ လက်ချက်တော့ ဟုတ်မယ်မထင်ဘူး၊ သူ ... ဒီလိုတော့စွန့်စားရဲမှာ မဟုတ်ဘူး၊ သူရဲ့သခင် မင်းသားလေး ပေါင်းဇီးရဲ့ လက်ချက်ဖြစ်ပါလိမ့်မယ်”

“ကျုပ်အထင်ပြောရရင်တော့ မေသခင်လေးဟာ ရှောင်လုံ အပေါ်မှာ အကျုပ်ကိုင်နိုင်တဲ့ လျှို့ဝှက်ချက်တွေရှိနေပေမယ့် သူ့ကို ချက်ချင်းတော့ အကျပ်ကိုင်လိုတဲ့ဆန္ဒ မေသခင်လေးမှာ လောလောဆယ်တော့ ရှိဟန်မတူသေးဘူး”

“ဒါကို သူဌေးကြီးက ဘယ်လိုလုပ် သိတာလဲ”

သူဌေးကြီးကျင်းထောင်က တဟားဟား ရယ်မောလိုက်ပြီးနောက် ဆက်လက်၍ ပြောလိုက်သည်။

“ရှင်းနေပါတယ်၊ မေသခင်လေးဟာ သူ့ကို တကယ်ပဲ အကျပ်ကိုင်ချင်တဲ့ ဆန္ဒရှိနေတယ်ဆိုရင် ခုဆိုရင် မေသခင်လေးကို ဖမ်းဆီးနိုင်ဖို့ နေပြည်တော်လုံခြုံရေးက ရဲမက်တွေက အင်တိုက်အားတိုက် လိုက်လံရှာဖွေနေတဲ့အချိန် ဖြစ်တယ်၊ အဲဒါကို မေသခင်လေးက ရှောင်လုံကို ဒုက္ခရောက်စေနိုင်တဲ့ လျှို့ဝှက်ချက်ပြစ်မှုတွေကို မဖော်ထုတ်သေးဘဲ လက်ပိုက်ကြည့်နေတာဟာ မေသခင်လေး လောလောဆယ်မှာ ရှောင်လုံကို အကျပ်မကိုင်ချင်သေးတဲ့ ဆန္ဒရှိနေလို့ပဲ မဟုတ်လား”

သူဌေးကြီးကျင်းထောင်၏ စကားများက မေသခင်လေး အတွက် အနာပေါ်တုတ်ကျသွားသလို ဖြစ်သွားသည်။



ထို့ကြောင့် မေသခင်လေးမျက်နှာ ကွက်ကနဲ ပျက်သွားကာ ချိုပြုံးပြုံးလိုက်ပြီး ...

“ဒါက သူဌေးကြီးကျုပ်အပေါ်သက်သက် အထင်လွဲနေတာ ဖြစ်ပါတယ်၊ ဒါပေမယ့် ကျုပ် ... သူဌေးကြီးနဲ့ လက်တွဲခဲ့ရင် ကျုပ် လိုချင်တဲ့ပစ္စည်းကို စိတ်ချလက်ချ ရနိုင်မရနိုင် ကျိန်းသေ မပြောနိုင်သေးဘူး”

“ကျိန်းသေရနိုင်ပါတယ်၊ မေသခင်လေးနေရာမှာ ကျုပ်သာ ဖြစ်ခဲ့ရင် သူ့ရဲ့လျှို့ဝှက်ချက်တွေကို လက်ဆုပ်လက်ကိုင်ရှိနေသရွေ့ သူ့ကို လုံးဝကြောက်စရာ မလိုပါဘူး၊ ခပ်ရှင်းရှင်း ပြောရရင်တော့ မေသခင်လေး အခုလို အေးစက်စက် လုပ်နေပုံနဲ့ဆိုရင်တော့ သူ့ဆီက မေသခင်လေး လိုချင်တဲ့ပစ္စည်းကို ဘယ်တော့မှ ရနိုင်တော့မှာ မဟုတ်ဘူး။

ဒါကြောင့် ... သူက မင်းသားလေးစံအိမ်တော်မှာ စိတ်ချလက်ချနေပြီး ကျုပ်နဲ့ မေသခင်လေးရဲ့ အပေါ်မှာတောင် ဗိုလ်ကျ အနိုင်ယူနေမှာ သေချာတယ်၊ ခုလို အခြေအနေပေးနေတုန်းမှာ ကျုပ်တို့နှစ်ယောက် ပေါင်းပြီး သူ့ကို ပြုတ်အောင်ဖြုတ်နိုင်ခဲ့ရင် ကောင်းလိမ့်မယ်လို့ ထင်ပါတယ်”

“သူဌေးကြီးရဲ့ အတွေးအခေါ်ဟာ ရှင့်ကျက် မှန်ကန်လှပါတယ်၊ ဒါပေမယ့် ကျုပ်ရဲ့ ရည်ရွယ်ချက်က သူ့ကို ပြုတ်အောင်ဖြုတ်ဖို့ မဟုတ်ပါဘူး၊ သူ့ဆီက ကျွန်တော်လိုချင်တဲ့ပစ္စည်းကို ရယူဖို့ပဲ ဖြစ်ပါတယ်”

“မေသခင်လေးရဲ့ သဘောဆန္ဒကို ကျုပ်သိပါတယ်၊ ကျုပ်တို့နှစ်ယောက် လိုလားချက်ချင်း ကွာဟနေပေမယ့် လိုအင်ဆန္ဒကတော့ တစ်ခုတည်းပဲ ဖြစ်ပါတယ်၊ ရှောင်လုံကို အနိုင်ကိုင်နိုင်ဖို့က မေသခင်လေးရဲ့ လက်ထဲမှာရှိနေတဲ့ သူ့ရဲ့လျှို့ဝှက်ချက်

www.burmeseclassic.com

www.burmeseclassic.com



ပြစ်မှု တွေကို လက်နက်အဖြစ် အသုံးပြုနိုင်ပါတယ်၊ သူ့ဆီက ပစ္စည်းရပြီး တာနဲ့ သူ့ကိုလဲ ဖြုတ်ချနိုင်တာပဲ၊ တကယ်လို့ ကျုပ်ဆီမှာသာ အဲဒီ လျှို့ဝှက်ချက်တွေ ရှိနေမယ်ဆိုရင် ရှောင်လွဲ့ကို ကျုပ် အနိုင် တိုက်နိုင်ပြီး မေသခင်လေး လိုချင်တဲ့ သူ့ဆီက ပစ္စည်းတွေလဲရ နိုင်ဖို့ ကျိန်းသေပါတယ်"

မေသခင်လေးက သူဌေးကြီးကျင်းထောင်အား စူးစူးစိုက်စိုက် ကြည့်လိုက်ပြီးနောက် ...

"ဒါက ကျုပ်လိုချင်တဲ့ပစ္စည်းတွေကိုရဖို့ အာမခံချက်ပေးတဲ့ သဘောပဲလား"

"ဆိုပါတော့"

မေသခင်လေးက သဘောကျသွားပြီး ...

"ဒါပေမယ့် သူဌေးကြီးကို ကျုပ် ... မယုံနိုင်ဘူး၊ အရေးကြီးတဲ့ကိစ္စမို့ အထူးဂရုစိုက်ရပါမယ်၊ ခုရှုပ်မှ နောင်ရှင်းဆိုသလို နောက်မှရှုပ်နေရင် မကောင်းပါဘူး၊ ကျုပ် နေရာအနှံ့ လိုက်ရှာခဲ့ရတဲ့ အဲဒီပစ္စည်းတွေဟာ ရှောင်လွဲ့ဆီမှာ ရောက်နေပါတယ်။

အဲဒီပစ္စည်းတွေရအောင် ဒီလျှို့ဝှက်ချက်တွေဟာ အစွမ်းထက်တဲ့ လက်နက်တစ်ခုပါပဲ၊ ဒီကနေ့ သူဌေးကြီးရဲ့ပါးစပ်က စကားတစ်ခွန်းတည်းနဲ့ ဒီလက်နက်ကို ပေးအပ်လိုက်ရမယ်ဆိုတော့ ကျုပ်လိုချင်တဲ့ပစ္စည်းတွေကို သူဌေးကြီးရဲ့လက်ထဲကို ဝကွက်ပြီး ပုံအပ်ပေးလိုက်ရတာနဲ့ အတူတူပါပဲ၊ နောင်အခါ သူဌေးကြီးက ပစ္စည်းတွေကို မပေးဘူးဆိုရင် ကျုပ်က ဘာတတ်နိုင်တော့မှာလဲ"

သူဌေးကြီးကျင်းထောင်မှာ မေသခင်လေး၏စကားကြောင့် မျက်နှာ ကွက်ကနဲ ပျက်သွားသည်။ ထို့နောက် ဂူခြေကိုပြန်ဆယ်လိုက်ကာ ...

"မေသခင်လေး ဘာလိုပြောလိုက်တာလဲ၊ အပေးအယူဆိုတာ



ရှိရပါတယ်၊ ပူးပေါင်း ဆောင်ရွက်ခြင်းဆိုတာလဲ မှန်ကန်တဲ့ စေတနာကို အရင်းခံရပါတယ်၊ တစ်ယောက်အပေါ် တစ်ယောက် ယုံကြည်စိတ်ချရမယ်၊ နောက် ... နေပြည်တော်မှာဆိုရင် ကျုပ်ဟာ ဂုဏ်သရေရှိ လူကြီး လူကောင်းတစ်ဦးပါ"

"မှန်ပါတယ်၊ သူဌေးကြီးဟာ နေပြည်တော် တဝှမ်းမှာ မသိသူမရှိလောက်အောင် ထင်ရှားကျော်ကြားသူ တစ်ဦးဖြစ်ပြီး၊ ဂုဏ်သရေရှိတဲ့ လူကြီးလူကောင်းတစ်ဦးဆိုတာလဲ မမှားပါဘူး၊ ဒါပေမယ့် သူဌေးကြီးနဲ့ ကျုပ်က ဒီကနေ့မှ သိခဲ့ရပြီး၊ ကျွန်တော်ရထားတဲ့ လျှို့ဝှက်ချက်တွေဟာလည်း သွေးနဲ့ ချွေးနဲ့ရင်းနှီးပြီး ရယူခဲ့ရတာ ဖြစ်ပါတယ်။

သူဌေးကြီးကတော့ လက်ချည်းသက်သက်ပဲ ဖြစ်ပါတယ်၊ အရှုံးမရှိနိုင်ပါဘူး၊ ကျုပ်အနေနဲ့ကတော့ ဂရုမစိုက်ဘဲနေလို့ မဖြစ်ပါဘူး၊ တကယ်လို့ ကျုပ်နေရာမှာ သူဌေးကြီးသာရှိနေမယ်ဆိုရင် ကျွန်တော့်လိုပဲ ဂရုစိုက်မှာ သေချာပါတယ်"

သူဌေးကြီးကျင်းထောင်၏ လူယုံတော်ကြီး ထိပ်ပြောင် ခေါင်နီရှင်က မေသခင်လေးအား မျက်စိစပါးမွေးစူးလာကာ ရုတ်တရက် ဝင်ပြောလိုက်သည်။

"မေသခင်လေး ... မေသခင်လေးရဲ့အဖော် ချင်ဟာက ကျုပ်တို့ လက်ထဲ ..."

မေသခင်လေးက သဘောကျစွာဖြင့် ကြားဖြတ်ကာ ရယ်မောလိုက်ပြီး အေးစက်စက်လေသံဖြင့် ...

"ခေါ် ဆရာကြီး၊ ကျုပ်ကို ချင်ဟာနဲ့ အကြောင်းပြပြီး အကျပ်မကိုင်ချင်စမ်းပါနဲ့၊ ခုကိစ္စဟာ စောစောက သူဌေးကြီးပြောင်းပြောသလို ပွင့်ပွင့်လင်းလင်းနဲ့ စေတနာသန့်သန့်ထားပြီး လုပ်ရမယ့် အလုပ်ဖြစ်တယ်၊ စည်းကမ်းတကျလဲ ရှိရမယ်၊ ယိစမ်းဟွာဂေဟာ

www.burmeseclassic.com

www.burmeseclassic.com



ဆီ ရှောင်လုံကို ခင်ဗျားတို့ရအောင်ဖိတ်ခေါ်ခဲ့သလို၊ ကျုပ်ကလဲ ရှောင်လုံကို ကျုပ် ကြိုက်တဲ့နေရာကိုရောက်လာအောင် ဖိတ်ခေါ် နိုင်ပါတယ်၊ ဒါကို ခေါ်ဆရာကြီး ယုံရဲ့လား"

လူယုံတော် ထိပ်ပြောကြီး ခေါ်နီရှင်အဘိုးကြီး ဘာမျှ ဆက် မပြောဝံ့တော့ပဲ စကားစ ပြတ်သွားခဲ့သည်။

သူဌေးကြီးကျင်းထောင်က ဒေါသထွက်လာကာ မျက်နှာ နီမြန်းလာပြီး ...

"ခေါ်နီရှင် ... မင်း ဘာလို့ တို့စကားပြောနေတာကို ဝင်ရှု ရတာလဲ၊ သွား ... မေသခင်လေးရဲ့အဖော် ချင်ဟာကို ခေါ်လာခဲ့ တို့အလုပ်မဖြစ်တော့လဲ၊ မိတ်ဆွေဟာ မိတ်ဆွေတွေပါပဲ"

ခေါ်နီရှင်သည် ကဗျာကယာ အခန်းအပြင်ဘက်သို့ ပြေးထွက် သွားသည်။ သူဌေးကြီးကျင်းထောင်က မေသခင်လေးအား ဂါရဝပြုပြီး တောင်းပန်စကား ပြောလိုက်သည်။

"ကျုပ်ရဲ့ လက်အောက်ငယ်သားဟာ စကားမပြောတတ်လို့ အတွက် ကျုပ် ... တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး၊ လက်အောက်ငယ်သားတွေ များလွန်းတဲ့ အတွက် သူတို့ထဲမှာလဲ နှောင့်ယှက်ဖျက်ဆီးမယ့် လူလဲရှိမျာင်း နေမှာပေါ့၊ လူများတော့ စကားများပြီး အမှားများတတ်တာယာ မဆန်းပါဘူး၊ ဒီအတွက် ကျုပ် ဘယ်လိုမှသဘော မထားပါဘူး"

မေသခင်လေးက သူဌေးကြီးကျင်းထောင်အား စကားတစ် လုံးနှစလုံးစ အကဲစမ်းသည့်အနေဖြင့် သူ့တပည့်များနှင့် ရန်တိုက် ပေးလိုက်ခြင်းပင်။

သူဌေးကြီးကျင်းထောင်၏မျက်နှာမှာ အနည်းငယ်မခံချင်စိတ် ဖြစ်မိသော်လည်း မျက်နှာတွင်မူ အပြုံးမပျက်ရှိစေရန် ဟန်ဆောင် ထားလိုက်ရ၏။



"အင်း ... မေသခင်လေးရဲ့ သဘောထားကြီးမှုအတွက် ကျုပ် ဝမ်းသာလှပါတယ်"

ထိုအခိုက် အခန်းအပြင်ဘက်မှ ခြေသံများထွက်ပေါ်လာပြီး ထိပ်ပြောင်ကြီး ခေါ်နီရှင်နှင့် ချင်ဟာတို့နှစ်ယောက် အခန်းထဲသို့ ဝင်လာကြသည်။ ချင်ဟာသည် အခန်းထဲသို့ ရောက်ရောက်ခြင်း မေသခင်လေးကို လှမ်းပြောလိုက်သည်။

"မေသခင်လေးစားချင်တဲ့ ဝက်သားပေါင်းကြော်တော့ ပါမလာ ဘူး၊ ကျွန်တော့်ကို သဌေးကြီးကျင်းထောင်ရဲ့ လူတွေက ဖမ်းဆီးခေါ် လာတဲ့အတွက် လမ်းမှာကျန်ရစ်ခဲ့ပြီ"

မေသခင်လေးက မျက်နှာခပ်တည်တည်ဖြင့် ...

"ချင်ဟာ ... တို့အခု သူများအိမ်မှာ ဧည့်သည်အဖြစ် ရောက် နေတယ်ဆိုတာ သတိထားစမ်းပါ"

ချင်ဟာ ဘာမျှမပြောဝံ့တော့ဘဲ စိတ်ထဲမှကျိတ်၍ သူဌေးကြီး ကျင်းထောင်နှင့် သူ့လူများအား ခံပြင်းဒေါသထွက်လျက် ရှိနေသည်။

ထိုအခိုက် မေသခင်လေးက မတ်တပ်ရပ်လိုက်ပြီး သူဌေးကြီး ကျင်းထောင်အား နှုတ်ဆက်စကားပြောလိုက်သည်။

"သူဌေးကြီးပြောတဲ့အတိုင်း အလုပ်ကိစ္စ မဖြစ်ပေမယ့် မိတ် တော့မပျက်ပါဘူး၊ ခုလို မိတ်ဆွေဖြစ်ရတဲ့အတွက် ဝမ်းမြောက်ဝမ်း ယူပါတယ်၊ နောင်အခါလဲ မိတ်ဆွေလို ဆက်ဆံကြတာပေါ့၊ ကဲ ... ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

မေသခင်လေးတို့နှစ်ယောက် အခန်းထဲမှအပြင်သို့ ထွက်သွား ချည်အပြု ...

"မေသခင်လေး ... ခဏနေပါဦး"

"သူဌေးကြီး ဘာများပြောစရာ ကျန်သေးလို့လဲ"

"မေသခင်လေး လိုချင်တဲ့တန်ဖိုးကိုသာ ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



မေသခင်လေး အံ့သြသင့်သွားပြီး ...

"သူဌေးကြီး ဘာဆိုလိုတာလဲ"

"သြော် ... မေသခင်လေးရထားတဲ့ ရောင်လုံရဲ့ လျှို့ဝှက်ချက်တွေဟာ သွေးနဲ့ချွေးနဲ့ရင်းပြီး ရထားတယ်ဆိုတာ ကျုပ် ... သိပါတယ်၊ ဒါကြောင့် မေသခင်လေး လိုချင်တဲ့ဈေးကိုသာပြောပါ အားမနာပါနဲ့"

မေသခင်လေးက မျက်မှောင်တစ်ချက်ကုပ်လိုက်ပြီး ...

"တန်ဖိုးက ပြောရခက်ပါတယ်၊ ကျွန်တော် ... လိုချင်တဲ့ပစ္စည်းက သူများလက်ထဲမှာ ရယ်စရာပစ္စည်းဖြစ်ကောင်းဖြစ်နေပါလိမ့်မယ်၊ တစ်ခုတော့ရှိတယ်၊ ကျွန်တော်အနေနဲ့ကတော့ အလွန်အရေးကြီးပါတယ်၊ ဘယ်လောက်ပဲပေးပေး ကျုပ်ရောင်းနိုင်မယ် မထင်ပါဘူး"

"မေသခင်လေး လိုချင်တဲ့ပစ္စည်းက ဘာများပါလဲ"

"ပြောလို့မဖြစ်ပါဘူး၊ ပြောလိုက်ရင် လိုချင်တဲ့သူတွေများလာပြီး ကျုပ်ကြားထဲက အချောင်လက်မှဲ့ ဖြစ်နေပါဦးမယ်"

"ကောင်းပါပြီ ဒီလိုဆို ကျုပ် ... မမေးတော့ပါဘူး၊ သတင်းပေါက်ကြားသွားလို့ မေသခင်လေး အချောင်ဒုက္ခရောက်နေပါဦးမယ်၊ ကျုပ် ... မေးမိတဲ့အတွက် စိတ်မရှိပါနဲ့နော်"

"သူဌေးကြီး ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော်သဘောထားသေးသိမ်လို့ မဟုတ်ပါဘူး၊ ကျွန်တော်လိုချင်တဲ့ပစ္စည်းက အင်မတန်အရေးကြီးတဲ့ ပစ္စည်းဖြစ်နေလို့ပါ"

"မေသခင်လေး နောက်ထပ် အားနာစရာတွေ ပြောမနေပါနဲ့တော့၊ ကျုပ် ... သိတတ်တဲ့ လူတစ်ယောက်ပါ၊ စေတနာသန့်သန့်နဲ့ မေသခင်လေးကို ကျုပ် ပူးပေါင်းဆောင်ရွက်ချင်လို့ပါ၊ မေသခင်လေးလက်ခံဖို့ ကျုပ် မျှော်လင့်နေပါသေးတယ်"



"ကျွန်တော် ... မရောင်းချင်လို့ မဟုတ်ပါဘူး၊ ပစ္စည်းက အလွန်အရေးကြီးလွန်းလို့ မရောင်းနိုင်တာပါ၊ ဒီပစ္စည်းဟာ သူများအတွက်တော့ တစ်ပြားတစ်ချပ်မှ တန်ချင်မှ တန်ပါလိမ့်မယ်"

"မေသခင်လေးရဲ့ သဘောထားကို ကျုပ် သိပါပြီ၊ အရေးမကြီးပါဘူး၊ ရောင်လုံကို ဖြုတ်ချနိုင်ရင် ပြီးတာပါပဲ၊ ကျုပ်အနေနဲ့ တန်ဖိုးကို နားလည်တဲ့လူဖြစ်လို့ မေသခင်လေး အားမနာပါနဲ့ ဈေးကို ကြိုက်ဈေးပြောနိုင်ပါတယ်"

မေသခင်လေးက ခေတ္တစဉ်းစားလိုက်ပြီး တဖန် မတ်တတ်ရပ်နေရာမှ ပြန်ထိုင်လိုက်သည်။

ထို့နောက် အားနာသောအသွင်ဖြင့် ...

"အင်း ... လေ သူဌေးကြီးကျင်းက ဒီလောက်စေတနာထားနေမှတော့ ကျုပ်လဲ မငြင်းသာတော့ပါဘူး၊ ဒီလိုလုပ် သူဌေးကြီးရဲ့ လက်ထဲမှာ အဖိုးတန်ပစ္စည်း ဘာတွေများ ရှိသလဲ"

သူဌေးကြီးကျင်းထောင်၏ မျက်နှာကြီးမှာ ရုတ်တရက်ဝင်းလက်တောက်ပသွားပြီး ...

"ကျုပ် ... လက်ထဲမှာ အဖိုးတန်ပစ္စည်း သုံးလေးမျိုးလောက်တော့ ရှိပါတယ်၊ မေသခင်လေး ကြိုက်မကြိုက်တော့ မသိဘူး"

"ကိစ္စမရှိဘူး၊ နှစ်မျိုးလောက်ပဲ ပြောပါ"

"ကျုပ်မှာ အိမ်ဂရုံနှစ်ခု ရှိပါတယ်"

"အဲဒီပစ္စည်းတွေက ကျုပ်အတွက် အသုံးမဝင်ပါဘူး"

"ဟုတ်ပါတယ်၊ သိုင်းသမားတွေအတွက်ကတော့ အသုံးမကျပါဘူး၊ ကျုပ်မှာ အဖိုးတန်တဲ့ ကျောက်မျက်ရတနာတွေလဲ ရှိပါသေးတယ်"

"အဲဒီပစ္စည်းတွေက သိပ်တန်ဖိုးကြီးပြီး မတော်တ[illegible]ပျောက်သွားရင် ကျုပ် ... ပြန်မလျော်နိုင်ပဲ ရှိနေပါဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် မေသခင်လေးလိုချင်တဲ့ပစ္စည်းက ဘာပစ္စည်းများ ပါလိမ့်"

မေသခင်လေးက သူဌေးကြီးစကားဆုံးသည်နှင့် အခန်းထဲသို့ မျက်လုံးဝေ့ကစားလိုက်ပြီး လှည့်ပတ်ကြည့်လိုက်သည်။ အခန်းတစ်နေရာတွင် ငါးမန်းသားရေ လက်ကိုင်ပါသော ဓားရှည်ကြီးတစ်လက်ကို နံရံတွင် ချိတ်ထားသည်ကို တွေ့လိုက်ရ၍ လက်ညှိုးထိုးကာ ...

"သူဌေးကြီး အဲဒီဓားကြီးနဲ့ ကျုပ်တို့ပစ္စည်းချင်း အလဲအလှယ် ပြုလုပ်ကြတာပေါ့"

ထိုစကားကြောင့် သူဌေးကြီးကျင်းထောင်က ကိုယ်နားကိုယ် မယုံနိုင်ဘဲ အံ့အားသင့်သွားပြီး ...

"ဟင် ... ဒီ ... ဓားကြီး ..."

"ဟုတ်ပါတယ်"

သူဌေးကျင်းထောင် နားကြားမလွဲမှန်း သိလိုက်ရ၍ ...

"မေသခင်လေး ... ဒီဓားကြီးက သာမန်ဓားတစ်လက် ဖြစ်ပါတယ်၊ ဘာမှ တန်ဖိုးမရှိပါဘူး"

"သူဌေးကြီးက တန်ဖိုးမရှိဘူးဆိုပေမယ့် ကျုပ် ကြိုက်နှစ်သက်ရင် ပြီးတာပါပဲ"

"မဟုတ်သေးဘူး၊ မေသခင်လေးအပေါ်မှာ ကျုပ်အသာစီး မယူချင်ပါဘူး"

"ကိစ္စမရှိပါဘူး၊ ကျုပ် ဒီဓားကြီးကိုပဲ သဘောကျပါတယ်"

သူဌေးကြီးကျင်းထောင်စိတ်မောသွားကာ စကားပင် မပြောနိုင်လောက်အောင် ဖြစ်သွားခဲ့ရ၏။

"သူဌေးကြီး ကတိစကားကို မဖျက်ဘူးဆိုရင် အဲဒီဓားကြီး ကျုပ်ကို ဘာမပေးနိုင်စရာရှိသလဲ"

လူယုံတော် ခေါ်နိရှင်က ...



"သူဌေးမင်း သူကြိုက်တဲ့ပစ္စည်းပဲ၊ သူ ပြောတာမှန်ပါတယ်၊ သူ ကျေနပ်လက်ခံလို့ ဒီဓားကြီးနဲ့ ပစ္စည်းချင်းကို ဖလှယ်ကြတာ ဟုတ်တယ်လား"

သူဌေးကြီးကျင်းထောင်က မယုံနိုင်စွာဖြင့် သက်မကြီးတစ်ချက်ကိုချလိုက်ပြီး ...

"မေသခင်လေး ကြိုက်တယ်ဆိုရင်လဲ ကျုပ် ဘာမှ မပြောလိုတော့ပါဘူး၊ ဒီဓားကြီးကို ယူသွားနိုင်ပါတယ်"

စကားဆုံးသည်နှင့် သူဌေးကြီးကျင်းထောင်က ခေါ်နိရှင်အား အခန်းနံရံရှိ ဓားရှည်ကြီးကို မျက်ရိပ်ပြလိုက်သည်။ ခေါ်နိရှင်က နံရံမှ ငါးမန်းသားရေစွပ် လက်ကိုင်ပါသော ဓားရှည်ကြီးကို ဖြုတ်ယူလိုက်ကာ မေသခင်လေးအား ရိုသေစွာကမ်း ပေးလိုက်သည်။

ပတ္တမြားမှန်လျှင် နွံမနစ်ဆိုသကဲ့သို့ မေသခင်လေး၏ လက်ထဲတွင်ရှိနေသော အများအမြင် သာမန်ဓားရှည်ကြီးဟု ထင်နေကြသော်လည်း မေသခင်လေးကမူ ထိုဓား၏ထက်မြက်ပြီး တန်ဖိုးရှိကြောင်းကို မြင်ရုံနှင့်သိလိုက်၏။

ရုတ်တရက် မေသခင်လေးက ဓားရှည်ကြီးကို ဆွဲထုတ်လိုက်သောကြောင့် သူဌေးကြီးကျင်းထောင်ပင် လန့်ဖျပ်သွားပြီး နောက်သို့ ဆုတ်သွားမိသည်။ ထို့နောက် ... မေသခင်လေးက သူ့အဖော် ချင်ဟာအား ကြည့်လိုက်ကာ ...

"ချင်ဟာ ငါ့ ဟို ... လျှို့ဝှက်စာရွက် ထုတ်ပေးလိုက်ပါ"

ချင်ဟာက သူ၏လျှို့ဝှက်စွာ ချုပ်ထားသော အိပ်ထောင်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ယူလိုက်၍ သူဌေးကြီးကျင်းထောင်အား ပေးလိုက်သည်။

သူဌေးကြီးကျင်းထောင်က စာရွက်ကလေးကို တုန်ရင်သော လက်အစုံဖြင့် ချင်ဟာလက်ထဲမှ လှမ်းယူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သူဌေးကြီးကျင်း အဲဒီစာရွက်ထဲမှာ ရှောင်လုံရဲ့ လျှို့ဝှက်အပြစ်တွေ အားလုံးပါပါတယ်"

သူဌေးကြီးကျင်းထောင်က အဖိုးအနဂ္ဃ ထိုက်တန်သော ပစ္စည်းတစ်ခုရရှိလိုက်သည့်အလား မေသခင်လေး၏အဖော် ချင်ဟာ၏လက်ထဲမှ ရရှိသော လျှို့ဝှက်စာရွက်လေးအား ချက်ချင်းဖြန့်ဖတ်လိုက်သည်။

စာဖတ်ပြီးသွားသောအခါ သူဌေးကြီးကျင်းထောင်၏ မျက်နှာကြီးသည် အရောင်အမျိုးမျိုး၊ ခံစားမှုအမျိုးမျိုး ပြောင်းလဲသွားကာနှုတ်မှ ရေရွတ်လိုက်မိ၏။

"သြော် ... ဒီလိုကိုး"

ထိုအခိုက် မေသခင်လေးက ပြုံးရယ်၍ နှုတ်ဆက်လိုက်၏။

"သူဌေးကြီးကျင်း ကျုပ်တို့ကို ပြန်ခွင့်ပြုပါဦး"

"ခဏနေပါဦး ..."

"တခြားတော့ မဟုတ်ပါဘူး၊ ကိစ္စ အောင်မြင်ပြီးတဲ့နောက် မေသခင်လေးကို ဘယ်မှာလာတွေ့ရမှာလဲ"

"သူဌေးကြီးစိတ်ချနေပါ၊ ကိစ္စအောင်မြင်ပြီးတဲ့အခါ ကျုပ်ကိုယ်တိုင် သူဌေးကြီးဆီကို လာတွေ့ပါ့မယ်"

မေသခင်လေးနှင့် ချင်ဟာတို့နှစ်ယောက် ဓားကြီးကို ယူဆောင်ကာ ထွက်သွားကြတော့သည်။

* * *

သူဌေးကြီးကျင်းထောင်အား လှူယုံတော်ကြီးခေါ့နီရှင်က အံ့ဩစွာ ကြည့်လိုက်ပြီး ...

"သူဌေးကြီး ဘာဖြစ်လို့ သူတို့နှစ်ယောက်ကို လွှတ်လိုက်ရတာလဲ"



"မင်း ... ဘာသိလို့လဲ၊ သူ့လက်ထဲကို ဓားရှည်ကြီးရောက်သွားတာ ကျားကို အတောင်တပ်ပေးလိုက်တာနဲ့ အတူတူပဲကွ၊ သူ့ရဲ့ ဓားကွက်ဘယ်နှစ်ကွက်ကို မင်းတို့ ခုခံနိုင်မှာလဲ၊ တော်ကြာပြဿနာ တွေတက်ပြီး ဓားလဲဆုံး၊ စာရွက်လဲဆုံး ဖြစ်သွားမှ အားလုံးဒုက္ခ ရောက်ကုန်လိမ့်မယ်၊ ဂိုဏ်းချုပ်ကြီး သိသွားခဲ့ရင်လဲ တို့တတွေသက်သာမယ်မဟုတ်ဘူး"

ကိုယ်ရံတော် သိုင်းသမားတစ်ယောက်က ...

"ဆရာကြီး သူ့ဆီပါသွားတဲ့ ဓားကြီးကို ဘယ်လိုပြန်ယူမလဲ"

"မင်းတို့ စိတ်ချနေ၊ ရှောင်လုံကို အကျပ်ကိုင်ပြီး တို့လက်ထဲရောက်လာတဲ့အခါ ဒီဓားကြီးကို ပြန်ရဖို့ လွယ်သွားပါပြီ"

အဘိုးကြီးထိပ်ပြောင် ခေါ့နီရှင်က သိလိုဇောဖြင့် မေးလိုက်ပြန်သည်။

"သူဌေးကြီး စာထဲမှာ ဘာတွေများရေးထားပါသလဲ"

ခေါ့နီရှင်အား သူဌေးကြီးကျင်းထောင်က စာရွက်လေးကို ကမ်းပေးလိုက်သည်။

ခေါ့နီရှင်က စာရွက်ကလေးကို တရိုတသေ လှမ်းယူပြီး ဖတ်ကြည့်ပြီးသောအခါ ဝမ်းသာအားရသော အမူအရာကြီးဖြင့် ...

"သြော် ... ဒါကြောင့်ကိုး၊ ဒါကြောင့် မေသခင်လေးကို ရှောင်လုံက ကြောက်ရတာဖြစ်မယ်၊ ရှောင်လုံရဲ့ပြုမှုချက်တွေက တယ်ကြမ်းတမ်းရက်စက်ပါလား"

စာရွက်ကလေးကို သူဌေးကြီးကျင်းထောင်ကို လှမ်းပေးလိုက်ရင်း ...

"သူဌေးကြီး ကျွန်တော်တို့ ဂိုဏ်းချုပ်ကြီးကို ဘယ်တော့အကြောင်းကြားရမလဲ"

"ခု သွားတွေ့လို့ မဖြစ်သေးဘူး၊ ရှောင်လုံကို အကျုပ်ကိုင်

www.burmeseclassic.com



ဖမ်းဆီးပြီးမှ သွားတွေ့ရမယ်၊ ကဲ ... ခု စာတစ်စောင်ရေးစမ်း ပြီးရင် လောက်တုံတို့လူစုက ဒီစာလေးကိုယူပြီး ရှောင်လုံဆီကို သွားပေး နိုင်းလိုက်၊ ညစာ ထမင်းစားဖို့ ဆက်ဆက်ကြွလာခဲ့ပါလို့လဲ ထည့် ရေးလိုက်"

ထိုအခိုက် မျက်နှာမှာ ဒဏ်ရာအမာရွတ်နှင့် အသက်သုံးဆယ်ကျော် လေးဆယ်ခန့်လောက်ရှိသော ဝတ်စုံနက်ဝတ် လူတစ်ယောက် ဝင်လာကာ သူဌေးကြီးကျင်းထောင်အား သတင်းပို့လိုက်လေသည်။

"ဆရာကြီး ယိစန်းဟွာဂေဟာမှာ လူတစ်ယောက် ရောက်နေပါတယ်၊ အရင်တစ်ခါ လာဘူးတဲ့ ရှောင်လုံဆိုတဲ့ လူပါပဲ၊ သူက အရေးတကြီးကိစ္စရှိလို့ ဆရာကြီးကို တွေ့ဖို့ စောင့်နေပါတယ်"

ထိုစကားကြောင့် သူဌေးကြီးကျင်းထောင်မှာ ထိတ်လန့် တုန်လှုပ်သွားပြီး အံ့အားသင့်သွားကာ ...

"ဟေ ... ဒီလောက် ကြုံကြိုက်နေတာ အံ့သြစရာပဲ၊ သူက ဘာကိစ္စ အရေးတကြီးရှိလို့ ငါ့ကိုတွေ့ချင်ရတာလဲ"

"ကျွန်တော့်ကို ဘာမှမပြောပါဘူး၊ ဆရာကြီးနဲ့ တွေ့ချင်တယ်လို့သာ ပြောပါတယ်"

"သူ ... ဘာလာလုပ်တယ်ဆိုတာ မင်း မရိပ်မိဘူးလား"

"မပြောတတ်ဘူး၊ သူ့ကို ကျွန်တော်တို့က ဘာကြောက်စရာ လိုသေးလို့လဲ၊ ကျွန်တော်တို့က သူ့ရဲ့လျှို့ဝှက်ပြစ်ချက်တွေကို ရထားပြီးပြီပဲ"

သူဌေးကြီးကျင်းထောင်က သဘောပေါက်သွားပြီး ...

"ကဲ ... ဖိတ်စာလည်း ရေးမနေနဲ့တော့ ညစာစားပွဲ တစ်ခုလဲ သက်သာသွားပြီပေါ့၊ တို့ သွားကြစို့"

✳ ✳ ✳

# အခန်း(၆)

နေ့လည်ခင်းအချိန်။

ယိစန်းဟွာဂေဟာတွင် လူအနည်းငယ် အလာကျဲနေသည်။

ထို့ကြောင့် စားပွဲထိုးကြီးများ အလုပ်ရှင်းနေကြ၏။

ယိစန်းဟွာဂေဟာအတွင်းသို့ သူဌေးကြီးကျင်းထောင်၊ လူယုံတော် ခေါ့နိရှင်၊ ကိုယ်ရံတော် သိုင်းသမားကြီးနှစ်ယောက်နှင့် ဝတ်စုံနက်ဝတ် မျက်နှာတွင် ဓားခုတ်ရာအမာရွတ်လူ တစ်သိုက်တို့ရောက်လာခဲ့ကြသည်။

သူတို့ လူတစ်စုဂေဟာ၏အနောက်ဘက် သီးသန့်ဧည့်ဂေဟာသို့ တန်းဝင်သွားကြသည်။

အထူးဧည့်ခန်းထဲတွင် ရှောင်လုံက အသင့်စောင့်နေကြောင်း တွေ့လိုက်ရ၍ ကျင်းထောင်က ဟန်ဆောင်ကာ ပြုံးရယ်ပြကာ နှုတ်ဆက်လိုက်သည်။

"ဆရာလေး ရှောင်လုံ၊ ကျုပ် နည်းနည်းနောက်ကျသွားတဲ့အတွက် အားနာစရာဖြစ်နေပြီ"

ရှောင်လုံက မတ်တပ်ရပ်ပြီး ဂါရဝပြုနှုတ်ဆက်လိုက်ကာ ပြန်ပြောလိုက်၏။

"တာ ... မဟုတ်တာ အားနာရမှာက ကျွန်တော်ပါ၊ သူဌေးကြီးကျင်းကို ကျွန်တော်ကသာ လာပြီး နှောင့်ယှက်သလို ဖြစ်နေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေကို ပြောနေစရာမလိုပါဘူး၊ တခြားလူတွေမှ မဟုတ်တာတာပဲ"

ညည့်ခန်းထဲတွင် လူအားလုံး နေရာတကျထိုင်မိကျသောအခါ သူဌေးကြီးကျင်းထောင်က ခပ်တည်တည်ဖြင့် ရှောင်လုံအား မေးလိုက်လေသည်။

"ဆရာလေး ခု အားလပ်နေပြီလား"

ရှောင်လုံက အံ့အားသင့်သွားပြီး ...

"သူဌေးကြီးကျင်း ဘာကိုဆိုလိုတာလဲ"

"ဩော် ... မင်းသားကြီးဆူရဲ့ သမီးတော် သခင်မလေးယိလိန်တို့နဲ့အတူ ယိချွင်တောင်ပေါ်ကို ဆရာလေး အမဲလိုက်သွားခဲ့တယ် မဟုတ်လား"

"အမဲလိုက်သွားတယ်ဆိုတာ အမှန်တော့ အပျင်းပြေ တောကစားထွက်တဲ့သဘောပါပဲ"

"ဟုတ်လား ... ဒါနဲ့ ဆရာလေးကို မေးရဦးမယ်၊ ဆရာလေးတို့ အမဲလိုက်သွားတဲ့ တောထဲမှာ လူရမ်းကားတစ်ယောက်က ဆရာလေးတို့ကို ချောင်းမြောင်းပြီး လုပ်ကြံတယ်လို့ သတင်းကြားရပါတယ်"

ရှောင်လုံက အံ့သြသည့်သွားဟန်ဖြင့် ...

"ဟင် ... သူဌေးကြီး ဒီအကြောင်းတွေကို ဘယ်လိုလုပ်ပြီး သိတာလဲ"

"သိပ်မဆန်းပါဘူး၊ ဒီမြို့ပေါ်မှာ ကျုပ်ရဲ့လူတွေက နေရာအနှံ့အပြားမှာ ရှိနေကြတယ်မဟုတ်လား၊ ဒါကြောင့် ဒီသတင်းကို ကြားရတာပေါ့"

ရှောင်လုံမှာ မလွဲရှောင်သာသဖြင့် ...

"အင်းလေ ... သူဌေးကြီးကျင်းထောင်နဲ့ ကျွန်တော်တို့ဟာ



ရင်းနှီးတဲ့လူတွေ ဖြစ်နေမှတော့ ကျွန်တော်ပြောပြပါ့မယ်၊ ကျွန်တော်တို့ကို ချောင်းမြောင်းပြီး လုပ်ကြံတဲ့သူက မေသခင်လေးပါပဲ"

သူဌေးကြီးကျင်းထောင်က အံ့သြသွားဟန်ဖြင့် ...

"ဟင် ... ဘယ်လိုလဲ ဟို ... မေသခင်လေးက ဆရာလေးရဲ့ မိတ်ဆွေ မဟုတ်ဘူးလား၊ သူက ဘာကြောင့် ဆရာလေးတို့ကို ချောင်းမြောင်းလုပ်ကြံရတာလဲ"

ရှောင်လုံက မချိပြုံးပြုံးလိုက်ပြီး ...

"သူဟာ ကျွန်တော့်ရဲ့မိတ်ဆွေအစစ်မှ မဟုတ်တာ၊ တကယ်လို့ မိတ်ဆွေအစစ်သာဆိုရင် သူတို့ ဟိုတစ်နေ့ညက ကျွန်တော်တို့ကို ဘယ်လုညှ်စားမလဲ၊ သူနဲ့ ကျွန်တော်က သိုင်းလောကမှာ ရန်ငြိုး ရှန်စရှိခဲ့ဘူးတယ်၊ နေပြည်တော်ကို လာရခြင်းအကြောင်းကလဲ ကျွန်တော်ကို မေသခင်လေးဆိုတဲ့သူက ဒုက္ခပေးဖို့ လာခဲ့တာဖြစ်မယ်"

"နေပါဦး ဆရာလေးက မေသခင်လေးနဲ့ မယှဉ်ပြိုင်နိုင်လို့လား"

"ကျွန်တော်က သူ့ကို မကြောက်ပါဘူး၊ ဒီအတွက် သူနဲ့ နှစ်ယောက်ချင်းတွေ့ပြီး ရင်ဆိုင်ဖြေရှင်းဖို့အတွက် ထွက်လာခဲ့တာပါပဲ၊ ဒီကို လာခဲ့ရခြင်းကလည်း သူဌေးကြီးကျင်းဆီမှာ အကူအညီတောင်းချင်လို့ပါ၊ သူဌေးကြီးကျင်းရဲ့ လူအား၊ ငွေအားကြီးမားတော့ သူ့ကို ဝိုင်းရှာပေးဖို့ လာရောက်အကူအညီတောင်းတာပါပဲ"

"ရပါတယ်၊ ဆရာလေးက ကျုပ်ရဲ့မိတ်ဆွေဖြစ်နေမှတော့ ဒီကိစ္စအတွက် ကျုပ် ... ကူညီရမှာပေါ့"

"ဟုတ်ကဲ့ ... အများကြီးကျေးဇူးတင်ပါတယ်"

"ဒါပေမယ့် ကျုပ် ဆရာလေးကို စကားအနည်းငယ် ပြောချင်ပါတယ်"

"ပြောနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ ဆရာလေးနဲ့ ကျုပ်တို့ဟာ ခင်မင်ရင်းနှီးကြတဲ့ မိတ်ဆွေတွေဖြစ်ပါတယ်၊ ဆရာလေး အကူအညီကိုလည်း ကျုပ် ပေးပါ့မယ်၊ ဒါပေမယ့် ဆရာလေးဆီက အကူအညီကိုလဲ ကျုပ် လိုချင်ပါတယ်"

"ရပါတယ်၊ ကျွန်တော်က ကျေးဇူးသိတတ်တဲ့ လူတစ်ယောက် ပါ၊ ကျွန်တော် တတ်နိုင်တဲ့ဘက်ကဆိုရင် ကူညီဖို့ အသင့်ပါပဲ"

သူဌေးကြီးကျင်းက စကားမပြောမီ လည်ချောင်းတစ်ချက် ရှင်းလိုက်သည်၊ ပြီးမှ ရှောင်လုံအား စိုက်ကြည့်ကာ ...

"ဒီလိုပါ၊ စောစောက ဆရာလေးပြောသလိုပါပဲ၊ ကျုပ်ဟာ နေပြည်တော်မှာ သူဌေးကြီးကျင်းထောင်ဆိုပြီး နာမည်ကျော်ကြား လူသိများခဲ့ပါတယ်၊ ငွေအား၊ လူအားလည်းရှိပါတယ်၊ ဒီယီစန်းဟွာ ဂေဟာကိုလဲ ကျုပ်ကိုယ်တိုင် ဖွင့်လှစ်ထားခဲ့တယ်"

သူဌေးကြီးကျင်းထောင်က စကားဖြတ်ကာ ရှောင်လုံအား တစ်ချက်အကဲခတ် ကြည့်လိုက်ပြန်သည်။ ပြီးမှ ဆက်ပြော၏။

"အမှန်တော့ ကျုပ်ဟာ ဂိုဏ်းတစ်ဂိုဏ်းရဲ့ တာဝန်ခံတစ် ယောက်ဆိုပါတော့၊ ယီစန်းဟွာဂေဟာကြီးကလဲ ဂိုဏ်းအတွက် သက် သက်ဟန်ပြ ဖွင့်ထားခဲ့တာပါ၊ ကျုပ်မှာ တခြားဂိုဏ်းတာဝန်တွေ အများအပြား ရှိခဲ့ပါတယ်"

"ခပ်ရှင်းရှင်း ပြောရမယ်ဆိုရင် ဆရာလေး ကျုပ်တို့ဂိုဏ်း ထဲကိုဝင်ပြီး ကျုပ်ကို အထောက်အကူပြုပေးဖို့ အကူအညီတောင်း ချင်ပါတယ်"

ရှောင်လုံက သူဌေးကြီးကျင်းထောင်အား အံ့သြစွာကြည့် လိုက်ပြီး ...

"သူဌေးကြီးရဲ့ ရာထူးအစစ်အမှန်နဲ့ လုပ်ငန်းတာဝန်တွေက ဘယ်လို ရှိပါသလဲ"



"ကျုပ် ... အမှန်အတိုင်းပြောရရင် ကျုပ်အခုလုပ်ကိုင်နေတဲ့ လုပ်ငန်းဟာ အရင်းအနှီးမပါတဲ့ လုပ်ငန်းဖြစ်ပါတယ်"

ရှောင်လုံက မျက်နှာကွက်ကနဲ ပျက်သွားပြီး ...

"သူဌေးကြီးကျင်းက ကျုပ်ကို နောက်ပြောင်နေတာ ထင် ပါတယ်"

"ဘာလဲ ဆရာလေးက ကျုပ်စကားကို မယုံဘူးလား"

"အင်း ... ဘယ်လိုပြောရမှန်းတောင် မသိပါဘူး"

"အေးလေ ... ဆရာလေးအနေနဲ့ ယုံချင်မှလဲယုံမယ်၊ အမှန် တော့ ကျုပ်အလျှင်တစ်ချိန်က ဂိုဏ်းရဲ့အဖွဲ့ဝင် ရိုးရိုးတစ်ယောက် ပါပဲ၊ ဒါပေမယ့် ကျုပ်ရဲ့ လုပ်ဆောင်ချက်တွေကြောင့် အဆင့်ဆင့် တိုးတက်လာခဲ့ပြီး အခုဆို ဂိုဏ်းရဲ့တာဝန်ခံတစ်ယောက်အထိ ဖြစ် လာခဲ့ရပါတယ်၊ ကျုပ်ရဲ့ အထက်မှာဆိုရင် ဂိုဏ်းချုပ်တစ်ယောက် ပဲ ရှိတော့တယ်။

ခုဆိုရင် ဂိုဏ်းရဲ့ကြီးလေးတဲ့တာဝန်တွေကို ထမ်းဆောင်ရ တော့မှာမို့ ကျုပ်မှာ လူတော်တွေလိုလာပြီ"

ရှောင်လုံက အံ့သြစွာဖြင့် နားစိုက်ထောင်နေသည်။ ဘာမှ မေးမြန်းခြင်းမရှိ။

ထို့ကြောင့် ... သူဌေးကြီးကျင်းထောင်က ဆက်လက်ပြော လိုက်ပြန်သည်။

"ကျုပ် ခုပြောတဲ့စကားတွေဟာ အားလုံး အမှန်တွေချည်း ပါပဲ"

ရှောင်လုံ မျက်နှာမကောင်းဖြစ်သွားသည်။

"သူဌေးကြီးကျင်း ပြောတဲ့စကားတွေဟာ အားလုံးအမှန် အတိုင်းဆိုရင်တော့ ဒီအကူအညီမျိုးကို ကျုပ် ပေးနိုင်မယ်မထင်ပါ ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က မင်းသားလေးရဲ့ ကိုယ်ရံတော်

www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးတစ်ယောက်ဖြစ်နေတယ်၊ ဒီအတွက် သူဌေးကြီးပြောတဲ့ လုပ်ငန်းတွေနဲ့ဆိုရင် ဆန့်ကျင်ဘက်ဖြစ်နေပါတယ်"

"ဒါက လွယ်ပါတယ်၊ မင်းသားလေးရဲ့ ကိုယ်ရံတော်တပ်မှူးကနေ ထွက်လိုက်ရင်ပြီးတာပဲ မဟုတ်လား"

"သူဌေးကြီးကျင်းပြောသလောက် မလွယ်လှပါဘူး၊ ကျုပ်က မင်းသားလေးရဲ့ ကိုယ်ရံတော်တပ်မှူးတင်မကဘူး၊ မင်းသားလေးနဲ့ကလည်း ရင်းနှီးခင်မင်နေတော့ ရုတ်တရက်ထွက်ဖို့ ဆိုတာကလဲ ခဲယဉ်းပါတယ်၊ ဒါကြောင့် သူဌေးကြီးတောင်းတဲ့ အကူအညီကို မပေးနိုင်တာ စိတ်မကောင်းပါဘူး"

"စောစောက ဆရာလေးပဲ အပေးအယူရှိရမယ်လို့ ပြောခဲ့တယ် မဟုတ်လား"

"ဒါလဲ ဟုတ်ပါတယ်၊ သူဌေးကြီးဆီက အကူအညီမတောင်းပဲ နေလိုက်ရင် ပြီးတာပဲမဟုတ်လား၊ ကျုပ်ကိစ္စကို ကျုပ်ပဲ ဆောင်ရွက်ပါတော့မယ်၊ ကျုပ်ကို ပြန်ခွင့်ပြုပါဦး"

ရှောင်လုံ၏စကားဆုံးသည်နှင့် သူဌေးကြီးကျင်းထောင်က သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ... ဆရာလေးကို ရိုးရိုးသားသား အကူအညီတောင်းဖို့ ကျုပ်ရဲ့အတွင်းရေး လျှို့ဝှက်ချက်တွေကို ဖွင့်ပြောပြီးမှ ဆရာလေးက ပြန်မယ်ဆိုတော့ ကျုပ် ဘယ်လို ဖြစ်သွားမယ်ဆိုတာ ဆရာလေး စဉ်းစားကြည့်စမ်းပါဦး"

ရှောင်လုံက မျက်နှာပိုမိုပျက်သွားကာ ...

"ဒီလိုဆိုတော့ သူဌေးကြီးကျင်းက ကျုပ်ကို ဖမ်းချုပ်ထားမလို့လား"

"ဒီလိုတော့ မလုပ်ဝံ့ပါဘူး၊ ဆရာလေးက မင်းသားလေးနဲ့ ရင်းနှီးတဲ့မိတ်ဆွေဆိုတော့ စိတ်မကူးဝံ့ပါဘူး၊ ဒါပေမယ့် ဆက်ပြော



မယ့်စကားကို နားထောင်ပြီးတဲ့အခါကျတော့ ဆရာလေးသဘောအတိုင်းပါပဲ"

ရှောင်လုံ တွေဝေသွားကာ ...

"ကောင်းပြီ ဆက်ပြောပါ၊ ကျုပ်နားထောင်နေပါတယ်"

✳ ✳ ✳

သူဌေးကြီးကျင်းထောင်က စကားကိုဆက်မပြောသေးပဲ ရှောင်လုံအား အကဲခတ်သလို ကြည့်နေပြန်သည်။

သူဌေးကြီးကျင်းထောင်၏မျက်နှာမှာ သားကောင်ကို အမိဖမ်းရန်အတွက် ချောင်းနေသော ကျားရဲတစ်ကောင်၏ အသွင်သဏ္ဍာန်မျိုး ပေါ်နေ၏။

ကောက်ကျစ်စဉ်းလဲသော အမူအရာ အကြံအစည်များက မျက်နှာပေါ်တွင် အထင်းသားပေါ်နေသည်။

ရှောင်လုံမှာ သူဌေးကြီးပြောနေသည့် စကားများကို နားထောင်ရန်အဆင်သင့် စောင့်စားနေသည်။

သို့သော် သူဌေးကြီး၏မျက်နှာအသွင်အပြင်မှာ အမျိုးမျိုးပြောင်းလဲနေသည်ကို ရှောင်လုံရင်ထိတ်နေသည်။

အတန်ကြာမှ သူဌေးကြီးက အပိုင်အနိုင် ကိုင်မည့်ဟန်ဖြင့် ရှောင်လုံအား ကြည့်ကာ ခနဲ့ပြုံးပြုံးလိုက်ပြီး ...

"ဆရာလေး ကျုပ် အခုပြောမဲ့စကားကို သေသေချာချာ နားထောင်ပါ၊ မြောက်ဘက်ပင်လယ်ကမ်းခြေထဲမှာ နာမည်မဲ့ ကျွန်းလေး တစ်ကျွန်းရှိတယ်၊ အဲဒီကျွန်းလေးပေါ်မှာတော့ မိသားစုတစ်စု ရှိတယ်"

ထိုစကားကြောင့် ရှောင်လုံ၏မျက်နှာ ပျက်နေရာမှ ညိုမည်းလာကာ ...

www.burmeseclassic.com

www.burmeseclassic.com



"သူဌေးကြီး ဒီအကြောင်းတွေကို ဘယ်လိုလုပ်ပြီး သိပါသလဲ"

သူဌေးကြီးကျင်းထောင်ကမူ ရှောင်လုံ၏အမေးစကားများကို လုံးဝ ဂရုမစိုက်ဘဲ ပြောလက်စ စကားကို ဆက်ပြောနေပြန်သည်။

"အဲဒီမိသားစုဟာ နာမည်မဲ့ကျွန်းပေါ်မှာ နေထိုင်လာခဲ့ကြပြီး အပြင်လောကနဲ့ အဆက်အသွယ်ဖြတ်ထားခဲ့ကြတယ်၊ သူတို့ဟာ ငါးဖမ်း၊ အမဲလိုက်၊ လယ်မြေတွေကို စိုက်ပျိုးလုပ်ကိုင်စားသောက်နေထိုင်ခဲ့ကြတယ်။

အဲဒီမိသားစုက နာမည်မဲ့ကျွန်းပေါ်မှာ မွေးဖွားလာခဲ့ကြတာတော့ မဟုတ်ပါဘူး၊ မန်ချူးစစ်တပ်က တရုတ်ပြည်ထဲဝင်လာချိန်မှာ ထွက်ပြေးလွတ်မြောက်သွားကြတဲ့ မိသားစုတွေ ဖြစ်ပါတယ်၊

လွန်ခဲ့တဲ့ သုံးနှစ်အချိန်က အဲဒီမိသားစုရဲ့ အကြီးအကဲ ဖခင်ကြီးက နာမည်မဲ့ကျွန်းအနီးမှာ ရေနစ်ပြီးမျောလာတဲ့ တရုတ်ပြည်ကြီးက သိုင်းသမားတစ်ယောက်ကို ကယ်တင်ပြီး ကျွန်းပေါ်မှာ ကျွေးမွေး စောင့်ရှောက်ထားခဲ့တယ်။

ဒါပေမယ့် အဲဒီသိုင်းသမားက စိတ်ထားယုတ်ညံ့သူ ဖြစ်တယ် ဒါကြောင့် ကျေးဇူးရှင်ကို ကျေးစွပ်ပြီး တစ်နေ့မှာ မိသားစုစားသောက်နေကြတဲ့ ထမင်းဟင်းထဲမှာ အဆိပ်ခတ်လိုက်တဲ့အတွက် မိသားစုတစ်စုလုံး သေဆုံးသွားခဲ့ရတယ်။

အဲဒီသေဆုံးသွားတဲ့ မိသားစုများရဲ့ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာပစ္စည်းတွေကို ခိုးယူပြီး သိုင်းသမားက ပြည်မဘက်ကို ထွက်ပြေး တိမ်းရှောင်လာခဲ့တယ်"

ရှောင်လုံမှာ ဒေါသတကြီးဖြစ်လာကာ မခံမရပ်နိုင်ဖြစ်သွားပြီး အော်ဟစ်ဟန့်တားလိုက်သည်။

"ခု ... ချက်ချင်း ပါးစပ်ပိတ်လိုက်ပါ၊ ဒီသတင်းကို ဘယ်က ကြားတာလဲ"



သူဌေးကြီးကျင်းထောင်က ဂရုမစိုက်ဘဲ ...

"မေသခင်လေးနဲ့ကျုပ် အပေးအယူလုပ်ထားတယ်၊ သူကမင်းကို အကျပ်ကိုင်ပြီး ကျုပ်က လူကိုယူမယ်၊ မေသခင်လေးကတော့ ပစ္စည်းယူမယ်ဆိုတဲ့ အပေးအယူရှိခဲ့ကြပါတယ်၊ ဒါကြောင့် ... ဆရာလေး ရှောင်လုံ ကျုပ်တို့ဂိုဏ်းထဲကို ဝင်ပါလို့ ပြောရတာပေါ့၊ အဲဒီအခါကျတော့ ကျုပ်တို့ဟာ ကိုယ့်ဂိုဏ်းသားချင်းတွေ ဖြစ်လာတဲ့အတွက် ဆရာလေးအပေါ်မှာ အစစ အရာရာ ကျုပ်က ကာကွယ်စောင့်ရှောက်ပေးနိုင်ပါလိမ့်မယ်"

ရှောင်လုံက အံ့ကိုတင်းတင်းကြိတ်ကာ ...

"ဒီ ... မေသခင်လေးဆိုတဲ့ ကောင်ဟာ အတော့်ကို စိတ်ထားယုတ်ညံ့ပြီး ဆိုးသွမ်းတဲ့လူပါလား၊ ခင်ဗျားလဲ သူ့လိုပဲ ကျုပ်အပေါ်မှာ အကောက်ကြံပြီး အကျပ်ကိုင်တာဟာ အလွန်ကို ယုတ်မာလှပါတယ်"

သူဌေးကြီးကျင်းထောင်က အရှက်မဲ့သောမျက်နှာကြီးဖြင့် ...

"တိုက်ခိုက်နေကြတဲ့ ရန်သူတွေဟာ တစ်ယောက်နဲ့ တစ်ယောက်ကို အသေအကြေ တိုက်ခိုက်ပြီး အနိုင်ရဖို့ ကြိုးစားကြမှာပဲ၊ ဘယ်တော့မှ ရန်သူကို ဦးစားပေးရိုး ရှိမှာမဟုတ်ဘူး"

ရှောင်လုံက ဒေါသအမျက်ချောင်းချောင်းထွက်သွားပြီး ...

"ဘာလဲ ... ခင်ဗျားကကော ကျုပ်ကို အကျပ်ကိုင်ချင်တဲ့သဘောလား"

ပြောပြောဆိုဆိုနှင့် ရှောင်လုံက သူဌေးကြီးကျင်းထောင်၏ရှေ့သို့လှမ်းတက်လာကာ တိုက်ခိုက်ရန် လက်အစုံကိုအပေါ်သို့မြှောက်လိုက်စဉ် သူဌေးကြီးကျင်းထောင်၏ ကိုယ်ရံတော် သိုင်းသမားကြီး နှစ်ယောက်က လျှပ်တစ်ပြက် အချိန်လေးအတွင်း သူဌေးကြီးကျင်း၏ ရှေ့သို့ ရောက်လာကာ ကာရံထားလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လုံ၏တိုက်ခိုက်လာမှုကို သူဌေးကြီးကျင်းထောင်က လုံးဝအရေးမစိုက် ဂရုမထားဘဲ အေးစက်စက်လေသံဖြင့် ရှောင်လုံကို ပြန်ပြောလိုက်သည်။

"ရှောင်လုံ ဒီအခန်းထဲမှာရှိနေတဲ့ လူအားလုံးကို မင်း သတ်နိုင်ပေမယ့် မေသခင်လေးက ကျုပ်ကိုပေးထားတဲ့ မင်းရဲ့ လျှို့ဝှက်ပြစ်ချက်တွေပါတဲ့ စာရွက်လေးကိုတော့ ကျုပ်လူတစ်ယောက်က တစ်ဆင့် တခြားလူတစ်ယောက်ဆီမှာ ထိန်းသိမ်းထားဖို့ ပေးထားလိုက်ပါပြီ"

ထိုစကားကြောင့် ရှောင်လုံ၏ မြှောက်ထားသော လက်အစုံမှာ အလိုလိုပြန်ကျလာခဲ့ရ၏။

ဆက်လက်ပြီး စိတ်ဓာတ်ကျသွားဟန် ဖြစ်သွားကာ...

"တော်ပြီ... တော်ပြီ... ကျုပ် အရင်တုန်းက မှားမိတဲ့ပြစ်မှုအတွက် ဒီကနေ့ နေရာအနှံ့အပြားမှာ ကျုပ်ကို အကျပ်ကိုင်ခံနေရပြီ ဒါဟာ ကျုပ်အနေနဲ့ ဝဋ်လည်ခဲ့တာပါပဲ၊ ကောင်းပြီလေ ကျုပ်မှာ အချက်နှစ်ချက်ရှိတယ်"

"ပြောပါ..."

"ပထမအချက်က ကျုပ် အမှုထမ်းဆက်လုပ်လို့ မဖြစ်တော့ဘူး၊ ဒုတိယအချက်ကတော့ မေသခင်လေးကို မတွေ့တွေ့အောင်ရှာပြီး သတ်ပစ်ရမယ်"

"ဆရာလေးပြောတဲ့ ဒုတိယအချက်ကိုတော့ ကျုပ်က လိုက်လျော ဆောင်ရွက်ပေးပါ့မယ်"

သူဌေးကြီးကျင်းထောင်က ကိုယ်ရံတော်သိုင်းသမားနှစ်ယောက်နှင့် လူယုံတော်ကြီး ခေါ့မိရှင်အား အခန်းအပြင်သို့ ထွက်သွားရန် အမိန့်ပေးလိုက်သည်။

ပြီးမှ ရှောင်လုံအား ရင်းနှီးသောလေသံဖြင့်...



"ရှောင်လုံ... တို့ အခုဆိုရင် ရင်းနှီးကြတဲ့သူတွေ ဖြစ်သွားပြီတော့ တို့ အေးအေးဆေးဆေး ဆွေးနွေးကြရအောင်"

ရှောင်လုံက ဒေါသမပြေသေးသော အမူအရာဖြင့်...

"ခု... မေသခင်လေးဆိုတဲ့ မေယိချိန်း ဘယ်မှာရှိနေသလဲ"

"ရှောင်လုံက ဘာဖြစ်လို့ ဒီလောက်အလောတကြီး ဖြစ်နေတာလဲ၊ မေယိချိန်းကို ရှင်းပစ်ဖို့ကို ကျုပ်တို့ အချိန်မနှောင်းသေးပါဘူး"

"ကျုပ်တော့ သူ့ကို အချိန်တစ်မိနစ်တောင် အရှင်းမထားချင်တော့ဘူး"

သူဌေးကြီးကျင်းထောင်က ခေါင်းခါယမ်းလိုက်ပြီး...

"ရှောင်လုံ... မေသခင်လေး ဘယ်မှာရှိနေတယ်ဆိုတာကို သိချင်ရင် မင်းမှာရှိတဲ့ သူလိုချင်နေတဲ့ ပစ္စည်းတွေကို ထုတ်ပေးလိုက်ရင် သူဘယ်မှာရှိနေတယ်ဆိုတာ အလိုလိုသိလာရလိမ့်မယ်"

ရှောင်လုံက နားရှုပ်သွားဟန်ဖြင့်...

"ခင်ဗျား ဆိုလိုတဲ့အဓိပ္ပါယ်ကို ကျုပ် နားမလည်ဘူး"

"သူက ကျုပ်ကို ပြောထားပြီးသားပဲ၊ မင်းဆီမှာ သူလိုချင်တဲ့ပစ္စည်းတွေရှိနေတယ်၊ တကယ်လို့ မင်းကို ကျုပ်တို့ကဖမ်းဆီးထားမိပြီဆိုရင် သူ့ကို သွားပြီးလိုက်ရှာနေစရာ မလိုတော့ဘူး၊ သူက ကျုပ်တို့ဆီကိုလာပြီး မင်းဆီက သူလိုချင်တဲ့ပစ္စည်းတွေကို ယူမယ်လို့ ပြောထားတယ်"

"ဒါနဲ့ သူဌေးကြီးဆီက မေသခင်လေးက ဘာ ပစ္စည်းများ ယူသွားသေးသလဲ"

"ကျုပ်ဆီက ဓါးရှည်ကြီးတစ်လက်ကို ယူသွားတယ်၊ကျုပ်ဒီ ဓားရှည်ကြီးကို အတော်အကုန်အကျခံပြီး ဝယ်ယူလာခဲ့ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



မားကြီးပဲ၊ အာရပ်နိုင်ငံက နန်းတွင်းဓားကောင်းတစ်လက်ဖြစ်တယ်၊ သူက ဘယ်လိုလုပ်ပြီး ဒီဓားရှည်ကြီးရဲ့ ထက်မြက်ပုံကို သိသွားသလဲ မသိဘူး"

"သူ ... ကျုပ်ဆီက လိုချင်တဲ့ပစ္စည်းတွေဆိုတာကတော့ ကျုပ် ဟို လူမဲ့ကျွန်းပေါ်က သယ်ဆောင်လာတဲ့ ပစ္စည်းတွေပဲ ဖြစ်ပါတယ်၊ အမှန်ပြောရရင်တော့ ဒီပစ္စည်းတွေဟာ ကျုပ်သုံးပစ်တာနဲ့ ကုန်သလောက်နီးနီး ဖြစ်နေပါပြီ။

ကျုပ် ... သူ့ကိုမကြောက်ပါဘူး၊ ဒါပေမယ့် ကြောက်စရာကောင်းတာတစ်ခုတော့ရှိတယ်၊ ဟို နာမည်မဲ့ကျွန်းပေါ်မှာ ကျုပ် ရက်စက်ခဲ့သမျှအကြောင်းအရာတွေကို သူ အပြင်ကို ပေါက်ကြားသွားအောင် လုပ်လုက်မှာကိုသာ ကျုပ် စိုးရိမ်မိပါတယ်"

"ကိစ္စမရှိပါဘူး၊ သူလာတဲ့အခါ မင်းကိုယ်စား ကျုပ်မှာရှိတဲ့ ရတနာပစ္စည်းတွေကို ပေးလိုက်ပါ့မယ်၊ မင်း ဒီအတွက်တော့ ဘာမှ စိတ်မညစ်ပါနဲ့"

ရှောင်လုံက သူဌေးကြီးကျင်းထောင်အား တည်ငြိမ်စွာ ကြည့်လိုက်ပြီး ...

"သူဌေးကြီး ... ကျုပ် မင်းသားလေးစံအိမ်တော်ကို ခဏပြန်လိုက်ဦးမယ်၊ ကျုပ် သူ့ဆီမှာ အလုပ်မလုပ်တော့တဲ့ အကြောင်းကို နှုတ်ထွက်စာတင်ပြီး ပြန်လာခဲ့ပါ့မယ်၊ တကယ်လို့ ကျုပ်မရောက်ခင် မေသခင်လေးရောက်လာခဲ့ရင် ခဏစောင့်ဆိုင်းထားပေးပါ၊ တစ်ခုတော့ သူဌေးကြီးကို တောင်းပန်ချင်ပါတယ်"

"ပြောပါ ..."

"ကျုပ် ... လူမဲ့ကျွန်းမှာ ရက်စက်ခဲ့တဲ့အကြောင်းတွေကို သူဌေးကြီး နှုတ်လုံဖို့ပါပဲ"



ပြောပြောဆိုဆိုနှင့် ရှောင်လုံသည် ဧည့်ခန်းထဲမှထွက်ခွာသွားလေသည်။

✳ ✳ ✳

သူဌေးကြီးကျင်းထောင်က ရှောင်လုံထွက်သွားသောအခါ ကိုယ်ရံတော်နှစ်ယောက်နှင့် လူယုံတော်ကြီး ခေါ်နိုရှင်တို့အား အခန်းထဲသို့လာရန် လှမ်းပြောလိုက်သည်။

ခေါ်နိုရှင်တို့သုံးယောက် အခန်းထဲသို့ ပြန်ရောက်လာသောအခါ သူဌေးကြီးကျင်းထောင်က ရှောင်လုံအား မိမိတို့အပိုင်ကိုင်ပြီဖြစ်ကြောင်းကို ဝမ်းသာအားရစွာ ပြန်ပြောလိုက်၏။

ခေါ်နိုရှင်က ...

"သူဌေးကြီး ... အခု ရှောင်လုံ ဘယ်ထွက်သွားတာလဲ၊ သူဌေးကြီး တာဝန်ပေးလိုက်တာလား"

"မဟုတ်ဘူး၊ သူ့သခင် မင်းသားလေးပေါင်းဖီးကို အလုပ်ထွက်ဖို့ နှုတ်ထွက်လွှာ သွားတင်တယ်၊ မကြာခင် ရှောင်လုံပြန်ရောက်လာလိမ့်မယ်"

ထိုစကားကြောင့် ခေါ်နိုရှင်က အံ့အားသင့်သွားကာ ...

"ဟင် ... သူဌေးကြီး ရှောင်လုံက ယုံကြည်စိတ်ချရရဲ့လား"

"ကိစ္စမရှိပါဘူး၊ သူ့ရဲ့ လျှို့ဝှက်ချက်တွေက ငါ့ရဲ့ လက်ထဲမှာ ရှိနေတာပဲ၊ ငါ့ကို သူ မတော်လှန်ရဲပါဘူး"

ဆက်လက်၍ ခေါ်နိုရှင်က ခပ်ရွံ့ရွံ့အမူအရာဖြင့် ပြောလိုက်ပြန်သည်။

"သူဌေးကြီး ... ကျွန်တော် မိကျောင်းမင်း ရေခင်းပြတာတော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ဂိုဏ်းချုပ်ကြီးရဲ့ မြော်မြင်မှုကိုလည်း စောဒကန်တာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော် တစ်ခုစိုးရိမ်

www.burmeseclassic.com

www.burmeseclassic.com



နေမိတာက ဒီ ရောင်လုံဆိုတဲ့ လူငယ်လေး ကျွန်တော်တို့ဂိုဏ်းထဲကို သိမ်းသွင်းမိတာ အန္တရာယ်ကြီးတစ်ခု ဖြစ်လာမှာကို ကျွန်တော်စိုးရိမ်မကင်း ဖြစ်မိပါတယ်"

သူဌေးကြီးကျင်းထောင်က ဘာမျှ ပြန်မပြောသော်လည်း မျက်နှာတွင် စိတ်ရှုပ်ထွေးသွားသော အမူအရာများ ပေါ်လွင်လာခဲ့သည်။

✱ ✱ ✱

# အခန်း(၇)

ဟိစန်းဟွာဂေဟာမှ ရောင်လုံ ပြန်ထွက်လာခဲ့သည်။

သူ၏ စိတ်ထဲတွင် ခံစားနေရသော တာဝန်ကြီးတစ်ခု လျော့သွားသကဲ့သို့ ပေါ့ပါးလန်းဆန်းနေသည်။

မည်သို့ပင်ဖြစ်စေ အခုအချိန်ထိ သူ၏ တွက်ဂဏန်းများက အနှောင့်အယှက်မရှိ ချောချောမောမော ရှိနေခဲ့သည်။

မိမိ၏မိတ်ဆွေ မိန်းမချောလေး လောင်ဖန်ချူးနှင့် ထန်ချွန်တို့နှစ်ယောက် ပူးပေါင်း၍ အကွက်ဆင်သော ထောင်ချောက်ထဲသို့ သူဌေးကြီးကျင်းထောင် ဝင်တိုးမိလေပြီ မဟုတ်ပါလား။

ရောင်လုံမှာ ယိစန်းဟွာဂေဟာမှ ထွက်လာပြီး ပေါ့ပါးစွာ လျှောက်လှမ်းနေသော်လည်း သူ့နောက်မှ နောက်ယောင်ခံလိုက်လာသူမရှိမရှိ ဂရုစိုက်ကြည့်ရှု အကဲခတ်လိုက်သည်။

အတန်ကြာ လျှောက်လှမ်းမိသောအခါ နောက်ယောင်ခံ လိုက်လာသူများ မရှိကြောင်း သေချာတော့မှ လမ်းကြားတစ်ခုထဲသို့ ချတ်တရက်ကွေ့ဝင်သွားခဲ့သည်။

မိန်းမချောလေး လောင်ဖန်ချူး၏အိမ်ထဲသို့ ရောင်လုံရောက်သွားသောအခါ သူမ ရရှိခဲ့သော အဖိုးတန်စားကြီးကို ကိုင်တွယ်ကြည့်ရှုနေချိန်နှင့် ကြုံကြိုက်နေ၏။

မိန်းမချောလေး လောင်ဖန်ချူးက ရောင်လုံအား ဝမ်းသာအားရနှုတ်ဆက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှောင်လုံ ... ကိစ္စတွေ အောင်မြင်ရဲ့ မဟုတ်လား"

"ဟုတ်တယ်၊ အဲဒီကိစ္စအတွက် မင်းတို့နှစ်ယောက်ကို ကျေး
ဇူးတင်စကား ပြောချင်လို့ ကျုပ် ရောက်လာခဲ့တာပဲ"

"ဟင် ... ရှင်က ကျွန်မတို့ကို သူဌေးကြီးကျင်းထောင်နဲ့
တွေ့တဲ့အကြောင်းကို သိလာပြီပေါ့"

"ဟုတ်တယ်၊ ကျုပ် ... စောစောကပဲ ဟိစန်းဟွာဂေဟာက
ရောက်လာခဲ့ပြီးပြီ"

ထို့နောက် သူဌေးကြီးကျင်းထောင်နှင့် တွေ့ဆုံဆွေးနွေး
သည့်အကြောင်းများကို မိန်းမချောလေး လောင်ဖန်ချူးတို့အား
ရှောင်လုံက အားပါးတရ ပြန်ပြောပြလိုက်သည်။

မိန်းမချောလေး လောင်ဖန်ချူးက အားရစွာ နားထောင်နေ
ပြီး ပြုံးရယ်ကာ ...

"ကျွန်မတို့ကို ကျေးဇူးတင်နေစရာ မလိုပါဘူး၊ ရှင့်ရဲ့ အောင်
မြင်မှုအတွက် ကျွန်မတို့က ဝမ်းသာလှပါပြီ၊ ကျွန်မကတော့ ရှင့်ရဲ့
အကြံအစည်တွေကို ပါဝင်ဖြည့်ဆည်းပေးတဲ့ သဘောပါပဲ၊ ကျွန်မ
ပြုမိခဲ့တဲ့ အမှားအတွက် ရှင့်ကို ကြွေးပြန်ဆပ်နေတယ်ဆိုလဲ မမှား
ပါဘူး၊ ကဲ ... ဒါတွေကို ထားလိုက်ပါတော့ ဒီမှာကြည့်စမ်းပါဦး
ကျွန်မရလာတဲ့ဓားကြီး အတော်တန်ဖိုးရှိတဲ့ ဓားကောင်းတစ်လက်
ပါပဲ"

မိန်းမချောလေး လောင်ဖန်ချူးက ဝမ်းသာအားရနှင့် ငါးမ
သားရေနှင့် ဓားအိမ်ကြီးထဲမှ ဓားရှည်ကို ရှောင်လုံထံသို့ ကမ်းပေး
လိုက်၏။ ရှောင်လုံက ဓားရှည်ကြီးကို ဆွဲယူလိုက်ကာ အသေအချာ
ကြည့်နေသည်။

"သူဌေးကြီးကျင်းထောင် ပြောတာကတော့ ဒီဓားကြီးဟာ
အာရုပ်နိုင်ငံရဲ့ နန်းတွင်း အဖိုးတန်ဓားကြီးလို့ ပြောတာပဲ"



မိန်းမချောလေး လောင်ဖန်ချူးက အံ့ဩသင့်သွားပြီး ...

"ဟုတ်လား ... အစတုန်းက ကျွန်မက ဒီဓားရှည်ကြီးကို
အဲဒီလောက် တန်ဖိုးရှိပြီး ရှားပါးတဲ့ ပစ္စည်းတစ်ခုဖြစ်မှန်း မသိခဲ့ဘူး၊
ဒါကြောင့် ... ရှင်နဲ့တောင် တန်မှတန်ပါ့မလားလို့ တွေးပြီးစိတ်ပူ
မိခဲ့သေးတယ်၊ ရှင့်အပြောနဲ့ဆိုရင် ဒီဓားကြီးဟာ ရှင်နဲ့ ထိုက်တန်
ပါတယ်"

ရှောင်လုံက မျက်လုံးပြူးသွားကာ ...

"ဟင် ... ဒီဓားကြီးကို မင်း ... ငါ့ကိုပေးမလို့လား"

"ဟုတ်တယ်၊ ကျွန်မ အမြန်ဟန်တဲ့ပစ္စည်းကို လိုက်ကြည့်တော့
ဒီထက်မြက်ပြီး တန်ဖိုးရှိတဲ့ ဓားရှည်ကြီးကိုပဲ မျက်စိကျခဲ့တယ်၊
လူစွမ်းကောင်းနဲ့ ဓားမြတ်ဟာ သိပ်ကို လိုက်ညီဘက်တဲ့ အရာပဲ
မဟုတ်လား"

ရှောင်လုံမှာ လောင်ဖန်ချူး၏စကားများအရ နွေးထွေးစွာ
ခံစားလိုက်ရပြီး ...

"မင်းရဲ့စေတနာကို ကျုပ် လေးစားပြီး ကျေးဇူးတင်ပါတယ်၊
ဒါပေမယ့် ဒီဓားရှည်ကြီးကို သူဌေးကြီးကျင်းထောင်ရဲ့လက်ထဲကို
ခဏပြန်အပ်ရဦးမယ်"

"ဟင် ... ဘာဖြစ်လို့လဲ"

"မေယိချိန်းဆိုတဲ့ မေသခင်လေးဟာ နောက်ထပ် ပေါ်လာ
စရာအကြောင်း မရှိတော့ပါဘူး၊ သူ့ကို သတ်လိုက်တဲ့အနေနဲ့ သူဌေး
ကြီးကျင်းထောင်ယုံအောင် သက်သေခံပစ္စည်းအဖြစ် ခေတ္တပြန်ပြ
သွားရမှာ ဖြစ်ပါတယ်"

"သြော် ... ကျွန်မ သဘောပေါက်ပါပြီ၊ ဒါပေမယ့် ရှင် ဒီဓား
ကြီးကို အသေအချာ ပြန်ယူနိုင်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



"ယူနိုင်ပါတယ်၊ မင်းပေးတဲ့ ဒီလက်ဆောင်စားကြီးကို ကျုပ် အမြဲပဲ ဆောင်ထားပါ့မယ်"

ပြောပြီးမှာ မိမိ၏စကားမှာ အနှောင့်အသွားမလွတ်မှန်း သိရှိ ကာ မိန်းမချောလေး လောင်ဖန်ချူးအား များစွာ အားနာသွားမိသည်။

ရှောင်လုံနည်းတူ လောင်ဖန်ချူး၏မျက်နှာတွင်လည်း ရှက် သွေးရောင် သမ်းသွားပြီးနောက် ...

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်၊ ရှင် ဒီဓားကြီးကို အမြဲ ဆောင်မထားလဲ ကိစ္စမရှိပါဘူး၊ ရှင့်ကိစ္စ အောင်မြင်ရင်ပဲ ကျွန်မ ဝမ်းသာလှပါပြီ"

မိန်းမချောလေး လောင်ဖန်ချူးက စကားလမ်းကြောင်း ပြောင်း ကာ ပြောလိုက်ပြန်သည်။

"ဒါနဲ့ ရှင် ... မင်းသားလေးပေါင်းဖီးရဲ့ စံအိမ်တော်ကြီးက တကယ်ပဲ ထွက်ခွာသွားတော့မှာလား"

"ဒါကတော့ ကျုပ်အနေနဲ့ အဆင်ပြေအောင် ကြည့်လုပ် သွားရမှာပါပဲ၊ ယုတ်ညံ့တဲ့ ဒုစရိုက်သမားတွေနဲ့ ရင်ဆိုင်ရမှာဆို တော့ ကျုပ်အနေနဲ့က အကွက်စေ့စေ့ လုပ်ထားနိုင်မှ တော်ရုံကျမယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ရှင့်ရဲ့လုပ်ဆောင်ချက်တွေအတွက် ကျွန်မ ချီးကျူးပါတယ်"

"မင်းက ကျုပ်ကို သိပ်မြှောက်နေပြန်ပြီ၊ ကျုပ် ဒီလောက်လဲ မတော်သေးပါဘူး"

"တစ်ခုတော့ရှိတယ်၊ တစ်ဘက်လူကလဲ ပေါ့သေးသေး မဟုတ်တော့ ရှင့်အနေနဲ့ ပေါ့ဆလို့မရဘူး၊ အထူးသတိဝီရိယထား ပြီး ဂရုစိုက်မှ ဖြစ်မယ်"



ရှောင်လုံက စကားပြန်မပြောသေးဘဲ တစ်စုံတစ်ခုကို စဉ်းစား နေသည့်ဟန်ဖြင့် တွေဝေနေသည်။

အတန်ကြာမှ ရှောင်လုံက တည်ကြည်လေးနက်သောဟန်ဖြင့် မိန်းမချောလေး လောင်ဖန်ချူးအား မေးလိုက်သည်။

"လောင်ဖန်ချူး မင်းကို ကျုပ် တစ်ခုမေးပါရစေ၊ မင်းအမှန် အတိုင်း ဖြေလိမ့်မယ်လို့ ကျုပ်မျှော်လင့်ပါတယ်"

ရှောင်လုံ၏စကားကြောင့် လောင်ဖန်ချူး၏မျက်နှာတွင် အံ့အားသင့်သွားသည့် အရိပ်အရောင်များ ပေါ်လာပြီး ...

"ရှင် ... ဘာမေးချင်လို့လဲ မေးနိုင်ပါတယ်၊ ကျွန်မသိတာဆို ရင် ဖြေဖို့အသင့်ပါပဲ"

"တခြားတော့ မဟုတ်ပါဘူး၊ မင်းဟာ နာမည်မရှိတဲ့ ကျွန်း ကြီးမှာ နေထိုင်ခဲ့တဲ့ မိသားစုကြီးထဲက တစ်ယောက်အပါအဝင် ဖြစ်ခဲ့တယ် မဟုတ်လား၊ အဲဒီအကြောင်းကို ကျုပ် နည်းနည်းလောက် သိပါရစေ"

လောင်ဖန်ချူးက မျက်နှာပျက်သွားကာ ...

"ရှင်က ဘယ်လိုကြောင့် ကျွန်မကို အဲဒီမိသားစုထဲကဆိုတာ ပြောနိုင်တာလဲ"

"မင်း ... သူဌေးကြီးကျင်းထောင်ကို ပြောခဲ့တဲ့ နာမည်မရှိတဲ့ ကျွန်းပေါ်က မိသားစုရဲ့ဓာတ်လမ်းဟာ အခြေအမြစ်မရှိတဲ့ လုပ်ကြံ ဓာတ်လမ်း မဟုတ်နိုင်ဘူး၊ ဒါကြောင့် မင်း အဲဒီမိသားစုနဲ့ တစ် နည်းနည်းတော့ ပတ်သက်နေရမယ်လို့ ကျုပ် သံသယဖြစ်မိတယ်၊ ဒါကြောင့် မေးရတာပါ"

မိန်းမချောလေး လောင်ဖန်ချူးမှာ ခါးသီးစွာရယ်မောလိုက် ပြီးနောက် ...

"ဟုတ်ပါတယ်၊ ဒီအကြောင်းတွေကို ရှင့်ကို ကျွန်မဖုံးမထား

www.burmeseclassic.com

www.burmeseclassic.com



ချင်တော့ပါဘူး၊ အဲဒီ လူမဲ့ကျွန်းပေါ်က မိသားစုရဲ့ ဖခင်ကြီးဟာ ကျွန်မရဲ့ ဖခင်ကြီးပါပဲ၊ လွန်ခဲ့တဲ့ သုံးနှစ်ကျော်ရဲ့ နေ့တစ်နေ့မှာ ကျွန်မ ဖခင်ကြီးရဲ့ စေခိုင်းချက်အရ ကိစ္စတစ်ခုကို ဆောင်ရွက် ကျွန်မနဲ့အတူ အဖော်မိန်းကလေး ထန်ချွင်းတို့ဟာ ပြည်မကို လာ ကြပါတယ်၊ အဲဒီအချိန်ကစပြီး ကျွန်မဟာ မိသားစုနဲ့ မျှော်လင့် သေခွဲကွဲခဲ့ရတာပါပဲ"

မိန်းမချောလေး လောင်ဖန်ချူးမှာ စကားကို ခေတ္တဖြတ် စိတ်မကောင်းသော ဟန်အမူအရာများ ပေါ်လာခဲ့၏။

နောက်မှ စိတ်ကို ပြန်လည်တည်ငြိမ်အောင် ထိန်းလိုက်ပြီး ဆက်ပြောလိုက်၏။

"ကျွန်မတို့နှစ်ယောက် ကျွန်းကိုပြန်ရောက်တဲ့အခါမှာ ကျွန်း ပေါ်မှာ ခြေရာလက်ရာတွေ ပျက်စီးနေပြီး မိသားစုရဲ့အလောင်း ကိုလဲ နေရာအနှံ့အပြားမှာ တွေ့ခဲ့ရတယ်။

ကျွန်မနဲ့ ထန်ချွင်းတို့နှစ်ယောက်တည်း ကျွန်မမိသားစုတွေရဲ့ အလောင်းတွေကို ရက်ပေါင်း တော်တော်ကြာတဲ့အထိ မြေမြှုပ် သင်္ဂြိုဟ်ခဲ့ပြီးမှ အဲဒီကျွန်းက ထွက်ခွာလာခဲ့ကြပါတယ်၊ အဲဒီနောက်ပိုင်း ကျွန်မရဲ့ မိသားစုကို သတ်ခဲ့တဲ့ တရားခံ နေရာအနှံ့ လိုက်လံ ရှာဖွေစုံစမ်းနေခဲ့ပါတယ်"

"ဒီလိုဆို မင်း ပြည်မကို ပြန်ရောက်တာ သုံးနှစ်ရှိပြီပေါ့"

"မှန်ပါတယ်၊ မနေ့တနေ့ကပဲ သုံးနှစ်တင်းတင်း ပြည့် ပါတယ်"

"ဒါနဲ့ လူသတ်တရားခံကို ရှာဖွေတွေ့ပြီလား"

"မတွေ့သေးပါဘူး၊ ဒါပေမယ့် သဲလွန်စကိုတော့ တွေ့ ပါပြီ"

"ဘယ်လိုမျိုးလဲ"



"ကျွန်မ မိသားစုကို အဆိပ်ခတ်သတ်ပြီး ရတနာပစ္စည်းတွေ ခိုးယူထွက်ပြေးသွားခဲ့တယ်၊ အဲဒီရတနာတွေထဲမှာ အဖိုးတန် ကျောက်ဖြူနဲ့လုပ်ထားတဲ့ နတ်လက်ဝါးလို့ခေါ်တဲ့ ရှေးဟောင်းပစ္စည်းတစ်ခုလဲ ပါသွားတယ်၊ အဲဒီပစ္စည်းဟာ နေပြည်တော်မှာ ရောက်နေတယ်ဆိုတဲ့အကြောင်း သတင်းရထားပါတယ်"

"အဲဒီ ပစ္စည်း ဘယ်မှာလဲ"

လောင်ဖန်ချူးက ခေါင်းခါယမ်းလိုက်ပြီး ...

"သတင်းသာ ကြားရတာပါ၊ ခုထက်ထိတော့ စုံစမ်းလို့ မရသေးပါဘူး"

"ဒီသတင်း ဘယ်က ကြားခဲ့တာလဲ"

"ရန်ကျူးမြို့ ခရီးသွားတစ်ယောက်ဆီက ကြားခဲ့ရတဲ့သတင်းပါ၊ သူပြောတာတော့ အဲဒီပစ္စည်းဟာ နေပြည်တော်မှာရှိတဲ့ ရှေးဟောင်းပစ္စည်း အရောင်းဆိုင်တစ်ဆိုင်မှာ ကျောက်ဖြူနတ်လက်ဝါး ရတနာပစ္စည်းကို ရှေးဟောင်းပစ္စည်းအဖြစ် တွေ့ခဲ့ရတယ်လို့ ပြောတာပဲ၊ ကျွန်မနေပြည်တော် ရောက်လာခဲ့တဲ့အချိန်မှာ အဲဒီ ရှေးဟောင်းပစ္စည်းရောင်းတဲ့ဆိုင်က ပိတ်သွားပြီ၊ ဆိုင်ရှင်ကိုလည်း စုံစမ်းလို့ မရတော့ဘူး၊ ဒါပေမယ့် ကျွန်မ အားမလျှော့သေးဘဲ နေပြည်တော်မှာနေထိုင်ရင်း ဆက်လက်စုံစမ်းနေတုန်းပါပဲ"

"ဒါနဲ့ သူ့နာမည်က ဘယ်လိုခေါ်လဲ"

"ကျင်ဟုန်းလို့ ပြောတာပဲ၊ ဒါလဲ သူ့ရဲ့နာမည်အစစ် ဟုတ်ချင်မှ ဟုတ်မယ်၊ နာမည်အစစ် ဖြစ်ချင်လည်း ဖြစ်မယ်၊ အမှန်တော့ မပြောနိုင်ဘူး"

"ဒီလိုဆိုရင် မင်းနာမည် လောင်ဖန်ချူးဆိုတာကကော နာမည်အမှန်ပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ကျွန်မနာမည်အစစ်က တုန်းချန်းယင်လို့ ခေါ်ပါတယ်"

"မင်းရဲ့ကိစ္စမှာ ကျုပ်ကူညီလို့ ဖြစ်မလား"

"ရှင့်မှာ အလုပ်တာဝန်တွေ များပြားနေလို့ ကျွန်မ အကူအညီ မတောင်းတော့ပါဘူး"

"ကိစ္စမရှိပါဘူး၊ ကျုပ်ကို ကူညီခဲ့တဲ့ မင်းရဲ့ကျေးဇူးတွေက အများကြီး ရှိနေပါတယ်၊ ဒီအတွက် ကျုပ် လက်ပိုက်ကြည့် မနေ နိုင်ဘူး၊ နောက်တစ်ချက်က မင်းလို အမျိုးသမီးတစ်ယောက်အနေနဲ့ နေရာအနှံ့ လိုက်စုံစမ်းလို့ မသင့်တော်ပါဘူး"

"ရှင် … ဒီလိုကူညီမယ်ဆိုရင်တော့ ကျွန်မ ကျေးဇူးတင်လို့ မဆုံးပါဘူး"

"ကဲ … ကျုပ် ပြန်တော့မယ်၊ အချိန်သိပ်မရှိဘူး"

"နေပါဦးလား၊ ကျွန်မတို့နဲ့ ထမင်းလေး ဘာလေးတစ်ဝိုင်း တည်းအတူတူစားပြီးမှ ပြန်ပါလား"

"မဖြစ်သေးဘူး၊ ခု … ကျုပ်က လွတ်လပ်တဲ့သူတစ်ယောက် မဟုတ်သေးဘူး၊ လုပ်ငန်းတာဝန်တွေက အင်မတန်များပြားနေသေး တယ်၊ လုပ်ငန်းတာဝန်တွေ အောင်မြင်ပြီးဆုံးသွားတဲ့ တစ်နေ့မှာတော့ ကျုပ် မင်းဆီမှာ ဘယ်လောက်ကြာကြာပဲဖြစ်ဖြစ် နေနိုင်ပါတယ်"

"ဒါဆိုရင် ရှင့်ရဲ့ ကိစ္စတွေ မြန်မြန်ပြီးဆုံးအောင်မြင်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်"

ရှောင်လုံက သူမပေးလိုက်သော ငါးမန်းသားရေ ဓားအိမ်နှင့် ဓားရှည်ကြီးကို နောက်ကျောတွင် လွယ်ကာ မိန်းမချောလေး လောဖန်ချူး၏အိမ်မှ ထွက်လာခဲ့သည်။

✳ ✳ ✳



ရှောင်လုံ ဓားကြီးကိုလွယ်ကာ မင်းသားလေး ပေါင်းဖီး၏ စံအိမ်တော်ကြီးရှိရာဘက်သို့ လျှောက်လှမ်းလာခဲ့သည်။

မကြာမီ မင်းသားလေးပေါင်းဖီး၏ စံအိမ်တော်ကြီးသို့ ရှောင် လုံရောက်ရှိလာကာ မင်းသားလေးပေါင်းဖီးနှင့်အတူ စာဖတ်ခန်းထဲ တွင် နှစ်ယောက်သား ရှေ့လုပ်ငန်းစဉ်အတွက် ပြောဆို ဆွေးနွေး တိုင်ပင်နေကြ၏။

"မင်းသားလေး ကျွန်တော် လူအင်အားအများကြီး မလိုချင် ပါဘူး၊ မင်းသားလေးရဲ့ လူအချို့ကိုပဲ အသုံးချချင်ပါတယ်၊ ဒါ လောက်ဆို လုံလောက်ပါပြီ"

"နေပါဦး၊ မင်း … သူတို့ဂိုဏ်းရဲ့ ဒုစရိုက်လုပ်ငန်းတွေကို သိနေလို့လား"

"ဟာ … ကျွန်တော်ကိုယ်တိုင် သူတို့ဂိုဏ်းထဲကို ဝင်ပြီးပြီ သူတို့ကိုယ်တိုင် ထုတ်ဖော်ပြောကြားတာပဲ"

"ဒါဆိုရင် ပြဿနာကရှင်းနေတာပဲ၊ မင်း ဘာကြောင့် သူတို့ ကို မဖမ်းသေးတာလဲ"

"ဖမ်းလို့မဖြစ်သေးဘူး၊ သူတို့အတွက် ခိုင်လုံအောင် သက်သေ ဖော်ထုတ်ရဦးမယ်"

"မင်းကိုယ်တိုင် သိနေမှတော့ ဘာသက်သေများ ရှာနေစရာ လိုသေးလဲ"

"လိုပါတယ်၊ သက်သေ အထောက်အထားမခိုင်လုံဘဲနဲ့ သူတို့ ကို ဖမ်းလို့မရပါဘူး၊ ဥပဒေ စည်းကမ်းနဲ့အညီ ဒုစရိုက်ဂိုဏ်းရဲ့ ကျူးလွန်ခဲ့တဲ့ အပြစ်တွေကို သက်သေခိုင်လုံအောင် စုံစမ်းဖော်ထုတ် ပြီးမှ သူတို့အားလုံးကို ဖမ်းဆီးရနိုင်မှာ ဖြစ်တယ်"

မင်းသားလေး ပေါင်းဖီးမှာ ရှောင်လုံ၏ တရားမျှတမှန်ကန်

www.burmeseclassic.com

www.burmeseclassic.com



သော စကားများကြောင့် ဘာစကားမျှ ပြန်မပြောတော့ဘဲ ငြိမ်သက်သွားသည်။

အတန်ကြာမှ မင်းသားလေးက ...

"အဲဒီဂိုဏ်းက ဘာဖြစ်မှုတွေ ကျူးလွန်နေကြတာလဲ"

"ဒုစရိုက်သမားတွေဖြစ်တဲ့ နောက်တော့ အများကောင်းကျိုးပြုတဲ့ လုပ်ငန်းတွေကို ဘယ်လုပ်တော့မှာလဲ၊ လူသတ်၊ ဓားပြတိုက် လုယက်တိုက်ခိုက်မှုတွေကိုပဲ လုပ်မှာပေါ့၊ ဒါတွေက သူတို့ဂိုဏ်းရဲ့ အသေးအဖွဲ့ပြစ်မှုတွေပါ။

ခု အဲဒီဂိုဏ်းဟာ ဒီထက်ကြီးကျယ်တဲ့ ဒုစရိုက်လုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ကြတော့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဂိုဏ်းထဲမှာ အစွမ်းထက်တဲ့ သိုင်းသမားတစ်ယောက်ကို ရထားတဲ့အတွက်ကြောင့် ဖြစ်တယ်"

မင်းသားလေးပေါင်းဖိုးမှာ ထိုစကားကြောင့် စိုးရိမ်ထိတ်လန့်သွားကာ ...

"ဟင် ... ဘယ်က အစွမ်းထက်တဲ့ သိုင်းသမားလဲ"

ရှောင်လုံက ပြုံးစေ့စေ့အမူအရာဖြင့် ...

"ကျွန်တော် ရှောင်လုံပဲ ဖြစ်ပါတယ်"

"မင်း ... တော်တော် တတ်နိုင်တဲ့လူပဲ၊ နေပြည်တော်ကို ရောက်တာ ရက်ပိုင်းလောက်ပဲ ရှိသေးတယ်၊ ထိတ်ထိတ်ကြဲဂိုဏ်း တစ်ဂိုဏ်းထဲကို ရောက်အောင် ထိုးဖောက်ဝင်ရောက်နိုင်တယ်ဆိုတော့ အတော့်ကို ချီးကျူးစရာပါပဲ"

"မင်းသားလေး ကျွန်တော့်ကို သိပ်ချီးကျူးမနေနဲ့ဦး၊ ကျွန်တော်ဒီလို အဆင့်ရောက်လာတာ ကျွန်တော့်ရဲ့မိတ်ဆွေ မိန်းကလေးနှစ်ယောက်ရဲ့ အကူအညီပေးမှုကြောင့်ပါ"

ထို့နောက် မင်းသားလေးအား မေသခင်လေးအယောင်ဆောင်



ပြီး ယိချွင်တောထဲတွင် မိမိတို့အား လုပ်ကြံရန် ဟန်ဆောင်၍ မိမိအား အကျပ်ကိုင်ခဲ့ပုံ။

ထို့နောက် မေသခင်လေးက သူဌေးကြီးကျင်းထောင်နှင့် သွားရောက်တွေ့ဆုံကာ မိမိလျှို့ဝှက်ပြစ်ချက်များကို အကြောင်းပြုပြီး အပေးအယူလုပ်ခဲ့ပုံများနှင့် နောက်ဆုံးသူဌေးကြီးကျင်းထောင်က သူတို့ဂိုဏ်းထဲသို့ မိမိအား အကျပ်ကိုင်ကာ စည်းရုံးသိမ်းသွင်းခဲ့ပုံများကို အစမှအဆုံး ပြန်ပြောပြလိုက်၏။

မင်းသားလေးက အလွန်စိတ်ဝင်စားစရာ ကောင်းသော ပုံပြင်တစ်ပုဒ်ကို နားထောင်နေရသည့်အလား စိတ်ဝင်တစားနားထောင်နေသည်။

ပြီးမှ ဝမ်းသာစွာဖြင့် ရှောင်လုံအား မေးလိုက်သည်။

"ဒါဖြင့် ... မင်းရဲ့လျှို့ဝှက်ပြစ်မှုတွေဆိုတာက တကယ်မဟုတ်ဘူးပေါ့၊ လုပ်ကြံဖန်တီးထားတဲ့ ဟန်ဆောင်ပြစ်မှုတွေပေါ့"

"ဟုတ်ပါတယ်၊ ဒါမှ ကျင်းထောင်တို့က ကျွန်တော့်ကို ယုံကြည်စိတ်ချပြီး သူတို့ဂိုဏ်းထဲကို သွင်းမှာပေါ့၊ နို့မဟုတ်ရင် ကျွန်တော်က တပ်မှူးလေးဆိုတော့ ဘယ် သူတို့ရဲ့ အတွင်းရေးတွေကို ထုတ်ဖော်ပြောပြီး စည်းရုံးရဲမှာ မဟုတ်ဘူး"

"အင်း ... တော်ပါပေတယ်၊ မင်းရဲ့နှလုံးရည်နဲ့ လက်ရုံးရည်ကတော့ အံ့မခန်းလောက်အောင် တော်ပါပေတယ်၊ ကျုပ် မင်းလိုလူစားမျိုးကို ရထားတဲ့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ကျောက်ကောင်းတစ်လုံး ရထားသလိုပါပဲ။

ကဲ ... ကောင်းပြီ၊ မင်းလုပ်စရာရှိတာတွေကိုသာ ဆက်လုပ်တော့ မင်း လိုအပ်တဲ့ အကူအညီမှန်သမျှကို ငါတာဝန်ယူထား"

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တစ်ခုတော့ တောင်းပန်ချင်ပါတယ်၊ တခြားတော့ ဟုတ်ပါဘူး၊ ဒီကနေ့ကျွန်တော်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုခဲ့သမျှ စကားတွေကို မင်းသားလေးမှတ်လုံလုံထားပြီး သတင်းမပေါက်ကြားအောင် ထိန်းသိမ်းပေးစေချင်ပါတယ်"

"ဟာ ... ရှောင်လုံ ဒီကိစ္စအတွက်တော့ မင်း စိတ်ချသာနေ၊ ငါ့ဘက်ကလုံအောင် စောင့်ထိန်းပါ့မယ်၊ မင်းလုပ်ဆောင်နေတဲ့ တာဝန်ဟာ တိုင်းပြည်ရဲ့ ရန်ဆူးရန်ငြောင့်တွေကို ရှင်းလင်းဖော်ထုတ်ပြီး ဥပဒေရဲ့ ဘက်တော်သားအဖြစ် လုပ်ကိုင်နေတာမို့၊ တစ်နည်းအားဖြင့် တိုင်းပြည်ကို အလုပ်အကျွေးပြုနေတာပါပဲ"

ရှောင်လုံက ငါးမန်းသားရေအိမ်နှင့် ဓားကြီးကို ကျောတွင်လွယ်သိုင်းပြီး ...

"ကဲ ... မင်းသားလေး ကျွန်တော် ပြန်သွားတော့မယ်၊ မပြီးဆုံးသေးတဲ့ တာဝန်နဲ့ ဝတ္တရားတွေကို ဆက်လက်ထမ်းဆောင်ဖို့ ခွင့်ပြုပါဦး"

ပြောပြောဆိုဆို ရှောင်လုံက မင်းသားလေးပေါင်းဇီး၏ စံအိမ်တော်ကြီးထဲမှ ဓားလွယ်ကာ လျှောက်လှမ်း၍ ထွက်ခွာသွားခဲ့တော့သည်။

မင်းသားလေး ပေါင်းဇီးက ရှောင်လုံ၏ကျောပြင်အား ကြည့်ကာ ကျေနပ်ပီတိဖြစ်စွာ ကျန်ရစ်ခဲ့၏။

✳ ✳ ✳

## အခန်း(၈)

ရှောင်လုံ နေပြည်တော်၏ ရှေးဟောင်းပစ္စည်းရောင်းသော ရပ်ကွက်ဆီသို့ ဦးတည်လျှောက်လှမ်းသွားနေသည်။

ထိုရပ်ကွက်မှာ အလွန်လူစည်ကားသောရပ်ကွက် ဖြစ်သည်။

ရပ်ကွက်ထဲတွင် သိုင်းပြပွဲ၊ ဇာဒင်ဟောသည့် ဆိုင်ခန်းများနှင့် ပစ္စည်းမျိုးစုံ ရောင်းဝယ်သော ဆိုင်ခန်းများဖြင့် စည်ကားသိုက်မြိုက်လျက် ရှိနေ၏။

ဆိုင်ခန်းများကြားတဲတွင် ရှေးဟောင်းပစ္စည်း အရောင်းဆိုင်များကလည်း အကြီးအငယ်အလိုက် ရှိနေကြ၏။

စည်ကားလှသော ရပ်ကွက်လေးထဲတွင် တစ်ခါတစ်ရံ ငွေကြေးအနည်းငယ်ဖြင့် အဖိုးတန်ပစ္စည်း ရရှိတတ်သည်။

အကြောင်းအမျိုးမျိုးကြောင့် ဤရပ်ကွက်လေးမှာလည်း လူစုံ ဝင်ထွက်သွားလာကာ ကုန်သည်ပွဲစားများ လူရှုပ်လူပွေများနှင့် ထမ်း အရာထမ်းများပါ ဝင်ထွက်သွားလာနေကြသဖြင့် စည်ကားသည်။

ရှောင်လုံက ရပ်ကွက်ထဲရှိ အကြီးဆုံး ရှေးဟောင်းပစ္စည်း ရောင်းဆိုင်ကြီးထဲသို့ တန်းဝင်လာခဲ့သည်။

ထိုဆိုင်ကြီးထဲတွင် ရှေးဟောင်းပစ္စည်းများစွာဖြင့် စုံလင်သည်။

ရှောင်လုံက ဆိုင်ထဲဝင်သွားသည်နှင့် ဆိုင်လုလင်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က ပျာပျာသလဲ ခရီးဦးကြိုဆိုကာ အလိုရှိသည့် ပစ္စည်းများ လွတ်လွတ်လပ်လပ် ကြည့်ရှုနိုင်ကြောင်း ပြောကြားလိုက်သည်။

ဆက်လက်၍ ရှောင်လုံ၏နောက်ကျောမှ ဓားရှည်ကြီး ကြည့်ကာ ...

"ဆရာလေး ... ဒီဓားကြီးက ရောင်းဖို့လား"

"ဒီဓားကြီးကို မင်းတို့ ဝယ်မလို့လား"

ဆိုင်လုလင်က ခေါင်းခါရမ်းလိုက်ပြီး ...

"ကြည့်ရတာ ဒီဓားကြီးက ဈေးကောင်းကောင်း ရနိုင်မ(?) မထင်ဘူး"

ရှောင်လုံက ခပ်အေးအေးပင် ပြောလိုက်သည်။

"မဝယ်လဲ ကိစ္စမရှိပါဘူး၊ ဒါနဲ့ မင်းတို့ဆိုင်ရှင် ဘယ်သူ ငါ့ကို ခဏခေါ်ပေးစမ်းပါ"

ဆိုင်လုလင်လေးက အနည်းငယ် ထိတ်လန့်သွားပြီး ...

"ဟုတ်ကဲ့ ... ခဏလေးထိုင်ပါ၊ ကျွန်တော် သွားခေါ် ပါ့မယ်"

မကြာမီ ဆိုင်လုလင်လေးနှင့်အတူ အသက် ငါးဆယ်ခန့် ဆိုင်ရှင်ဖြစ်ဟန်တူသူ လူဝကြီးတစ်ယောက် ရှောင်လုံရှိရာသို့ ရှိလာခဲ့ကြသည်။ ရှောင်လုံက လူဝကြီးကိုကြည့်ကာ ...

"ဒီရှေးဟောင်းပစ္စည်း ရောင်းတဲ့ဆိုင်ရှင်က ခင်ဗျားလား"

"ဟုတ်ပါတယ်"

"ကျွန်တော်က ရှောင်လုံလို့ ခေါ်ပါတယ်၊ နေပြည်တော် မင်းသားလေး ပေါင်းဖီးရဲ့ ကိုယ်ရံတော်တပ်မှူးပါပဲ"

ဆိုင်ရှင်လူကြီးမှာ ပျာပျာသလဲ ဖြစ်သွားသည်။

"သြော် ... မင်းသားလေးပေါင်းဖီးရဲ့ ကိုယ်ရံတော်တ ပါလား"



ပြောပြီးသည်နှင့် ဆိုင်လုလင်လေးအား လှမ်း၍ ပြောလိုက်လေသည်။

"ဟေ့ ... ကောင်လေး၊ ကိုယ်ရံတော်တပ်မှူးလေးအတွက် လက်ဖက်ရည်ကြမ်း ကောင်းကောင်းနဲ့ အမြီးကောင်းကောင်းကို အမြန်ဆုံးယူလာခဲ့စမ်း"

ဆိုင်လုလင်လေးအား လှမ်းမှာကြားလိုက်ပြီး ရှောင်လုံဘက်သို့လှည့်ကာ ...

"တပ်မှူးလေး ဒီကိုလာတာ ဘာကိစ္စများ ရှိပါသလဲ"

"တခြား ထွေထွေထူးထူး ကိစ္စတော့မရှိပါဘူး၊ ဆရာကြီးဆီမှာ ကျွန်တော်သိချင်တာလေး တစ်ခုရှိနေလို့ပါ"

"ဟုတ်ကဲ့ မေးနိုင်ပါတယ်၊ ကျွန်တော်သိသလောက် ပြောပြပါ့မယ်"

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော်သိချင်တာက အရင် ဒီရပ်ကွက်ထဲမှာ ရှေးဟောင်းပစ္စည်း အရောင်းအဝယ်လုပ်တဲ့ ဆိုင်တစ်ဆိုင် ပိတ်ခဲ့တယ်လို့ ကြားပါတယ်၊ အဲဒီ ပိတ်ပစ်လိုက်တဲ့ ဆိုင်ရှင် ဘယ်မှာနေသလဲဆိုတာ သိချင်လို့ပါ"

ဆိုင်ရှင်လူဝကြီးက မျက်မှောင်ကုပ် စဉ်းစားလိုက်ပြီးမှ ...

"များမကြာခင်ကပဲ ဒီရပ်ကွက်ထဲက ရှေးဟောင်းပစ္စည်း ရောင်းဆိုင်နှစ်ဆိုင် ပိတ်ခဲ့ပါတယ်၊ တပ်မှူးလေး သိချင်တဲ့ဆိုင်က ဘယ်ဆိုင်ပါလဲ"

"ဒါဆိုရင် ပိတ်ပစ်လိုက်တဲ့ ဆိုင်ရှင်နှစ်ယောက်စလုံးရဲ့ နာမည်တွေနဲ့ နေရပ်လိပ်စာကိုသာ ပြောပြပါ"

"ဟုတ်ကဲ့၊ ကျုပ်သိသလောက်တော့ တစ်ဆိုင်က တခြား မြို့ရွာကို ပြောင်းသွားတယ်လို့ သတင်းကြားရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဒီမြို့မှာရှိနေသေးတဲ့ ဆိုင်ရှင်ရဲ့ နာမည်နဲ့လိပ်စာက
ပြောပြပါ"

ဆိုင်ရှင် လူဝကြီးက ရုတ်တရက် အဖြေမပေးသေးဘဲ ရှောင်လ
အား ပြန်လည် မေးခွန်းထုတ်လိုက်ပြန်သည်။

"ဒါနဲ့ ဆရာလေး၊ စိတ်တော့ မရှိပါနဲ့၊ ဒီဆိုင်တွေအကြောင်း
ဘာဖြစ်လို့ သိချင်ရပါသလဲ"

"ဪ... တခြားအကြောင်းကြောင့် မဟုတ်ပါဘူး၊ ကျုပ်ထ
မင်းသားလေးက ရှေးဟောင်းပစ္စည်းတွေကို အလွန်စုံမက်တဲ့ မင်းသာ
လေးတစ်ပါး ဖြစ်ပါတယ်၊ အဲဒီ ပိတ်သွားတဲ့ ရှေးဟောင်း ရတနာ
ပစ္စည်းတစ်ခုဖြစ်တဲ့ ကျောက်ဖြူ နတ်လက်ဝါး ရတနာတစ်ခု ရှိတယ
လို့ သတင်းကြားတဲ့အတွက် လာရောက်စုံစမ်းတာပါပဲ"

ဆိုင်ရှင် လူဝကြီးက မျက်မှောင်ကုပ် စဉ်းစားလိုက်ပြ
ရုတ်တရက် တစ်စုံတစ်ခုကို သတိရသည့်အလား...

"ဪ... ဟိုကျောက်ဖြူနဲ့ ထုလုပ်ထားတဲ့ နတ်လက်ဝါး
ပြောတာထင်တယ်"

"ဟုတ်ပါတယ်"

ဆိုင်ရှင် လူဝကြီးက စိတ်မကောင်းဖြစ်သွားဟန်ဖြင့်...

"သူတို့အလွန်ပဲ စီးပွားရေးကျဆင်းနေပါတယ်၊ တစ်ေ
စားဖို့တောင် အနိုင်နိုင် လုပ်စားနေရတယ်၊ အမှန်တော့ ဒီအကြော
တွေကို မပြောချင်ပါဘူး၊ မင်းသားလေးက ကျောက်ဖြူ နတ်လက်
ကို လိုချင်တယ်ဆိုလို့ ပြောပြရတာပဲ၊ အဲဒီပစ္စည်း ခုနေ သူတို့ဆီ
ရှိတော့မှာလဲ မဟုတ်တော့ပါဘူး၊ ရှိရင်လဲ ဝယ်ဖို့စိတ်မကူးပါ
အဲဒီပစ္စည်းက အလွန်ထိခိုက်ပြီး အန္တရာယ်ရှိတဲ့ ပစ္စည်း ဖြစ်ပါတယ

ဒီကိစ္စကို ရပ်ကွက်တစ်ခုလုံးကလူတွေ အားလုံး သိကြ
တယ်။ ဒါပေမယ့် သူတို့ထက် ကျွန်တော်က ပိုပြီး အကွင်းကျ



သိထားပါတယ်၊ ခု ကျွန်တော် ရောင်းနေတဲ့ဆိုင်ကလဲ သူတို့ဆီက
ဝယ်ထားလိုက်တဲ့ဆိုင်ပဲ ဖြစ်ပါတယ်။

အဲဒီ ကျောက်ဖြူနတ်လက်ဝါးကို လူတစ်ယောက်က ယူလာ
ပြီး ဆိုင်မှာရောင်းဖို့ အပ်သွားတယ်၊ သုံးရက်လောက်အကြာမှာ
အဲဒီပစ္စည်းပျောက်ဆုံးသွားတယ်၊ ရောင်းဖို့အပ်ထားတဲ့လူက မကျေ
နပ်ဖြစ်တဲ့အတွက် သူ့ပစ္စည်းကို အတင်းပြန်လျော်ပေးဖို့ ခြိမ်းခြောက်
တောင်းဆိုတဲ့အတွက် ဆိုင်ရှင်ကလဲ ကြောက်လန့်ပြီး ဆိုင်ရောင်းပြီး
ငွေလျော်ပေးလိုက်ရတယ်၊ ဒါကိုကြည့်ခြင်းအားဖြင့် ဒီကျောက်ဖြူ
နတ်လက်ဝါးဆိုတဲ့ ရှေးဟောင်းပစ္စည်းဟာ နိမိတ်မကောင်းဘူးဆိုတာ
ထင်ရှားနေပါတယ်"

ရှောင်လုံက စိတ်မကောင်းဖြစ်သွားပြီး...

"ဪ... ဒီလိုလား၊ အဖိုးတန် ရှေးဟောင်းဖြစ်တဲ့ ကျောက်ဖြူ
နတ်လက်ဝါးက အန္တရာယ်ကို ဖိတ်ခေါ်တဲ့ပစ္စည်းဖြစ်ပြီး သူ့ခမျာ
ဒုက္ခရောက်သွားရတာကိုး"

"ဟုတ်ပါတယ်၊ အရင်က သူတို့ဟာ ငွေကြေးချမ်းသာ
ကြွယ်ဝတဲ့ လူတွေပါပဲ၊ ခုတော့ စားဝတ်နေရေး အတော်လေး
ကျပ်အခဲ ရှိနေရှာတယ်"

"ဆရာကြီး ဟိုကျောက်လက်ဝါးအပ်ပြီး ရောင်းခိုင်းတဲ့ လူကို
ရော သိပါသလား"

"ဒါတော့ မသိဘူး၊ ချင်ဆိုတဲ့ မိသားစုဆီမှာ သွားမေးရင်
တော့ သိနိုင်ပါလိမ့်မယ်"

"သူတို့မိသားစုက ဘယ်မှာနေပါသလဲ"

"ဪ... ကျွန်တော်ပြောဖို့ မေ့နေတယ်၊ ချင်မိသားစုနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာက နေပြည်တော်ရဲ့ တောင်ဘက် မြို့ရိုးနားမှာပါ၊ အဲဒီမှာ အိမ်ခပ်စုတ်စုတ် တန်းလျားရှည်ကြီးတစ်ခုရှိတယ်၊ ချင်မိသားစုဟာ အရှေ့ဘက် ဘတိယအခန်းမှာ နေကြပါတယ်"

ရှောင်လုံက ဆိုင်ရှင် လူဝကြီးအား ကျေးဇူးတင်စကား ပြောပြီး ဆိုင်ထဲမှ ထွက်လာခဲ့သည်။

✳ ✳ ✳

နေပြည်တော်၏ တောင်ဘက် မြို့ရိုးဆီသို့ ရှောင်လုံ ခပ်သွက်သွက် လျှောက်လှမ်းသွားနေသည်။

တောင်ဘက်မြို့ရိုးနားမှ ရပ်ကွက်ကလေးသည် ဆင်းရဲနွမ်းပါးသော ရပ်ကွက်လေးတစ်ခု ဖြစ်သည်။

ရှောင်လုံ ရောက်သွားသောအချိန်မှာ ညနေစာ စားသောက်ချိန်လောက်တွင် ဖြစ်သည်။

ဆင်းရဲသားအိမ်လေးများ၏ အိမ်ခေါင်မိုးများမှာ အသီးသီး မီးခိုးများ အူထွက်နေကြ၏။

မကြာမီ ချင်မိသားစုနေထိုင်သော အိမ်တန်းလျားရှည်ကြီးသို့ ရှောင်လုံ ရောက်လာကာ အရှေ့ဘက်မှ တတိယမြောက် အခန်းဘက်သို့ ဆက်လက်လျှောက်လှမ်းလာ၏။

ရှောင်လုံက အိမ်ခန်းရှေ့မှနေ၍ အသံပြုလိုက်သဖြင့် မိန်းမကြီး တစ်ယောက် ထွက်လာသည်ကို တွေ့ရ၏။

အမျိုးသမီးက ရှောင်လုံအား တအံ့တသြကြည့်ရင်း မေးလိုက်၏။

"ရှင် ဘယ်သူ့ကို တွေ့ချင်ပါသလဲ"

"ဩော်...တစ်ချိန်က ရှေးဟောင်းပစ္စည်းရောင်းတဲ့ ဆရာကြီး ချင်ကို တွေ့ချင်လို့ပါ"



"လာပါ၊ အိမ်ပေါ်တက်ထိုင်ပါဦး၊ ကျွန်မတို့က ဆင်းရဲတဲ့အတွက် ရှင့်ကို သပ်သပ်ရပ်ရပ် နေရာထိုင်ခင်း မပေးနိုင်တာ စိတ်မကောင်းပါဘူး"

ထိုအချိန် အခန်းထဲမှ ပိန်ပိန်ပါးပါး လူကြီးတစ်ယောက် ထွက်လာပြီး အမျိုးသမီးကြီးအား လှမ်းမေးလိုက်သည်။

"စုချိန်၊ ဘယ်က ဧည့်သည်လဲ"

"ဩော်...အရင်က ရှေးဟောင်းပစ္စည်းရောင်းတဲ့ ရှင့်ကို တွေ့ချင်လို့တဲ့"

ရှောင်လုံက စုတ်ချာလှသော အိမ်ခန်းလေး၏ အရှေ့ဘက်နေရာတွင် ဝင်ထိုင်လိုက်ပြီး...

"ကျုပ်က ရှောင်လုံလို့ ခေါ်ပါတယ်၊ ပေါင်းဇီးမင်းသားလေးရဲ့ ကိုယ်ရံတော်တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်နေသူပါ"

ပိန်ပိန်လူကြီးက...

"ဟုတ်ကဲ့၊ ဘာကိစ္စ ကျုပ်ကို တွေ့ချင်ရတာလဲ၊ ကျုပ်က ဆိုင်လဲပြုတ်သွားပါပြီ၊ ကျုပ်နာမည်က ချင်ကျိုးကန်းလို့ ခေါ်ပါတယ်"

"ကျုပ် လာရင်းကိစ္စကတော့ ကျုပ်ဟာ မင်းသားလေးရဲ့ ကိုယ်ရံတော်တပ်မှူးဆိုပေမယ့် တစ်ချိန်က သိုင်းလောကမှာ ကျင်လည်ခဲ့တဲ့သူပါပဲ၊ လွန်ခဲ့တဲ့နှစ်က ကျုပ်ရဲ့ အဖိုးတန် ကျောက်ဖြူ လက်ဝါး ရတနာပစ္စည်း ပျောက်ဆုံးခဲ့ပါတယ်"

ချင်ကျိုးကန်းမှာ မျက်နှာပျက်ခနဲပျက်သွားပြီး...

"ဆရာလေး... နောက်ထပ် ဒီကျောက်ဖြူနဲ့ လက်ဝါး အကြောင်းကို မပြောပါနဲ့တော့၊ ကျုပ် မကြားချင်တော့ပါဘူး"

"ကျုပ်စကားကို ဆုံးအောင် နားထောင်ကြည့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ခွင့်လွှတ်ပါ၊ အဲဒီပစ္စည်းက ကျုပ်တို့ မိသားစုတစ်ခုလုံး အတွက် ဒုက္ခရောက်အောင် ဆင်းရဲတွင်းထဲပို့ခဲ့တဲ့ ပစ္စည်းတွေ ဖြစ်နေလို့ နားမထောင်ပါရစေနဲ့"

ရှောင်လုံက ကရုဏာသက်စွာဖြင့်...

"တကယ်လို့ ခင်ဗျားတို့ဆုံးရှုံးသွားတဲ့ ငွေကြေး ဥစ္စာ ပစ္စည်းတွေ အစားပြန်ရမယ်ဆိုရင် ကျုပ်ပြောပြမယ့်စကားကို နားမထောင်နိုင်ဘူးလား"

ရှောင်လုံ၏ စကားကြောင့် ချင်ကျိုးကန်းမှာ ထိတ်ခနဲ ဖြစ်သွားကာ...

"ကျွန်တော်တို့ ဆုံးရှုံးသွားတဲ့ ပစ္စည်းဥစ္စာတွေကို ဆရာလေးက ပြန်ထူထောင်ပေးနိုင်မယ် မထင်ပါဘူး"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်နဲ့ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရင် ဖြစ်ပါတယ်"

"တော်ပါပြီ၊ ဆုံးရှုံးသွားတဲ့ ပစ္စည်းတွေကိုလဲ ပြန်မလိုချင်တော့ပါဘူး၊ ကျွန်တော်တို့ ကုသိုလ်ကံအတိုင်းပဲ ရှိပါစေတော့"

"မဟုတ်သေးဘူးလေ၊ ပျောက်ဆုံးသွားတဲ့ ကျောက်ဖြူနတ်လက်ဝါးကို ပြန်ရှာဖို့နည်းလမ်း ကျုပ်မှာ ရှိပါတယ်၊ နောင် ခင်ဗျားတို့ မိသားစုစီးပွား ပြန်ဖြစ်လာနိုင်စေတဲ့နည်းလမ်းအတွက် ခင်ဗျားလက်ခံစေချင်ပါတယ်"

ချင်ကျိုးကန်းမှာ စိတ်အနည်းငယ် ဝင်စားလာကာ...

"ဒါဖြင့် ဆရာလေးက ကျွန်တော်တို့ရဲ့ ဆုံးရှုံးသွားတဲ့ ပစ္စည်းတွေ အစား ပြန်ထူထောင်ပေးမယ့် သဘောနဲ့"

"ဒါကတော့ ကျုပ်တွက်ကိန်း မှန်မမှန်ဆိုတဲ့ အပေါ်မှာ မူတည်နေပါတယ်၊ ကျုပ်တွက်ဆချက်တွေသာ မှန်နေရင် ခင်ဗျားတို့ ဆုံးရှုံးသွားသမျှ ပစ္စည်းတွေအစား ကျုပ် ပြန်လည်ထူထောင်ပေးပါမယ်"



"ဒါဖြင့် ဆရာလေးရဲ့ တွက်ဆချက်တွေက ဘာတွေများပါလဲ"

"ကျုပ်တွက်ဆချက်က ခင်ဗျားတို့ ပျောက်ဆုံးသွားခဲ့တဲ့ ကျောက်ဖြူနတ်လက်ဝါးဆိုတဲ့ ရှေးဟောင်းရတနာပစ္စည်း အပ်သွားသူက ပြန်ပြီး ခိုးယူသွားရမယ်၊ နောက် ခင်ဗျားတို့ကို သက်သက်မဲ့ အနိုင်ကျင့်ပြီး လှော်ကြေးတောင်းတာပဲ ဖြစ်ရမယ်"

"ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့က သာမန်အရပ်သားတွေဆိုတော့ ဘာမှ မတတ်နိုင်ခဲ့ပါဘူး၊ သိလျက်သားနဲ့ ကြိတ်မှိတ်ခံခဲ့ရတာပါပဲ"

"ဒီလိုဆိုရင် ခင်ဗျားတို့ဆုံးရှုံးသွားတဲ့ ပစ္စည်းဥစ္စာတွေ တစ်ဝက်လောက် နီးနီး ပြန်ရရှိနေပါပြီ"

ချင်ကျိုးကန်းက သဘောကျသွားပြီး...

"ကျွန်တော့်မိသားစုအားလုံးဟာ ဒီကျောက်ဖြူနတ်လက်ဝါး ပစ္စည်းကြောင့် စီးပွားပျက်ပြီး အနေအစား ဆင်းရဲခဲ့ရပါတယ်၊ ဒီထက်ဆိုးရွားတဲ့ ကိစ္စက ဒီပစ္စည်းကြောင့် ကျွန်တော့်ဖခင်ကြီးလဲ သေဆုံးသွားခဲ့ရတယ်၊ အဲဒီကိစ္စကတော့ အတော့်ကို ခံပြင်းဖို့ကောင်းပါတယ်"

"ဒီကိစ္စတွေအတွက် ကျုပ်တာဝန်ယူပါတယ်"

ချင်ကျိုးကန်းက အံ့ဩသွားပြီး...

"ဆရာလေးနဲ့ ကျွန်တော်တို့ ဘာမှမသက်ဆိုင်ဘဲနဲ့ ခုမှ တွေ့ရတဲ့ အတွက် ဆရာလေးပြောတာတွေကို ကျုပ်ဘယ်လို စိတ်ချနိုင်မှာလဲ"

"ဒါကတော့ ကျုပ်မတတ်နိုင်ဘူး၊ ခင်ဗျားရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ မူတည်နေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ၊ ဆရာလေးက ဘယ်လို ပူးပေါင်းဆောင်ရွက်ချင်တာလဲ"

"လွယ်ပါတယ်၊ အဲဒီ ကျောက်ဖြူနတ်လက်ဝါး ရတနာပစ္စည်းအပ်သွားတဲ့သူ ဘယ်သူဖြစ်ကြောင်းနဲ့ သူ ဘယ်မှာရှိနေတယ်ဆိုတာ သိချင်တယ်"

"ဒါပဲလား"

"ဒါပါပဲ"

ချင်ကျိုးကန်းက သက်ပြင်းတစ်ချက်ချကာ...

"ဒါက ကျွန်တော်တို့ မိသားစုကြီးတစ်ခုလုံးရဲ့ စွန့်စားခြင်းတစ်ရပ်ပါပဲ၊ တကယ်လို့ ဆရာလေးက သူ့အပေါ် မပိုင်ဘဲ လွဲချော်သွားခဲ့ရင် ကျွန်တော်တို့မိသားစု လက်ရှိ အခြေအနေထက် ပိုမိုဆိုးရွားသွားမှာတော့ စိုးရိမ်ပါတယ်"

"ကိစ္စမရှိပါဘူး၊ သူ့ကိုသာ ကျုပ်တွေ့ရရင် ခင်ဗျားတို့ဆီ သူပြန်လာဖို့ အသက်ရှိတော့မှာ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျုပ် ခင်ဗျားဆီက ကတိတစ်ခုတော့ တောင်းချင်ပါတယ်"

"ဘာကတိများပါလဲ"

"အခြားမဟုတ်ပါဘူး၊ ခင်ဗျားတို့ဆုံးရှုံးသွားတဲ့ ပစ္စည်း ဥစ္စာတွေ ပြန်ရခဲ့ရင် ကျုပ်ကို ကျောက်ဖြူနတ်လက်ဝါး ရတနာပစ္စည်းကို ပေးရလိမ့်မယ်"

"အမယ်လေး၊ ဒီပစ္စည်းက ကျွန်တော်တို့မိသားစုကို ကောင်းကျိုးမပေးခဲ့ပါဘူး၊ ဒါကြောင့် ဆရာလေး မယူတာတောင် ကျွန်တော်တို့က ဒီပစ္စည်းကို အိမ်မှာထားမှာ မဟုတ်ဘူး၊ ရိုက်ချိုးပြီး လွှင့်ပစ်လိုက်မှာပါပဲ"

"ကောင်းပြီ၊ အဲဒီလူ ဘယ်သူလဲ၊ ဘယ်မှာရှိနေလဲ"

"ဒီလူက မာလို့ ခေါ်ပါတယ်၊ သူနေတာ မြို့အနောက်ဘက်



မှာ နေတယ်၊ နောက် သူဘယ်ကိုပြောင်းရွှေ့သွားတယ်ဆိုတာတော့ မသိပါဘူး၊ သူ့အကြောင်းကို သိချင်ရင်တော့ နေပြည်တော် လုံခြုံရေး တပ်ဖွဲ့က ရဲမက်တန်းဆိုတဲ့ လူကို သွားမေးရင် သိရပါလိမ့်မယ်၊ တန်းဆိုတဲ့ လူနဲ့ အဲဒီလူ အတော်ကို ရင်းနှီးကြပါတယ်၊ ကျွန်တော့်ဖခင်ကြီးထံမှာ အတင်းကြွေးလာတောင်းတဲ့နေမှာ အဲဒီ တန်းဆိုတဲ့လူလဲ ပါလာပါတယ်"

"ကောင်းပြီ၊ ကျုပ်သိပြီ၊ ခင်ဗျားတို့အိမ်မှာပဲနေပြီး အသင့်စောင့်ဆိုင်းနေပြီး သတင်း နားထောင်နေပါ၊ ကဲ...ကျုပ်သွားတော့မယ်"

ပြောပြောဆိုဆို ရှောင်လုံက ချင်ကျိုးကန်းတို့ မိသားစု လောလောဆယ် စားဝတ်နေရေး အဆင်ပြေစေရန် ရွှေတုံးလေးနှစ်တုံးကို ပေးခဲ့ပြီး ပြန်ထွက်လာခဲ့သည်။

ချင်ကျိုးကန်းမှာ ဝမ်းသာလွန်း၍ ဘာမှ ပြန်မပြောနိုင်ဘဲ ရှောင်လုံ၏ နောက်ကျောကိုသာ ငေးစိုက်ကြည့်နေရင်း ကျန်ရစ်ခဲ့ရှာသည်။

ဧည့်သည်ပြန်သွားသောအခါ အိမ်ရှင်အမျိုးသမီးကြီးက လက်ဖက်ရည်ကြမ်းအိုး ယူလာကာ အိမ်အပြင်ဘက်သို့ ထွက်လာခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

ယီစန်းဟွာဂေဟာ။

လူအများ ဝင်ထွက်သွားလာလျက် စည်ကားနေ၏။

အချိန်က ညဘက်မီးထွန်းချိန်။

ရောက်လာသမျှ ဧည့်သည်များအား ဧည့်ကြိုလေးများက မျက်နှာထား ချိုသာစွာဖြင့် ခရီးဦး ကြိုဆိုနေကြ၏။

ရှောင်လုံကမူ ဓားရှည်ကြီးကို နောက်ကျောတွင် လွယ်လျက် ခပ်တည်တည်ဖြင့် တစ်ယောက်တည်း ယီစန်းဟွာ ဂေဟာဘက်သို့ လျှောက်လှမ်းလာနေသည်။

မကြာမီ ယီစန်းဟွာ ဂေဟာရှေ့သို့ ရှောင်လုံ ရောက်လာခဲ့၏။

ဂေဟာမှ အမှုထမ်းများက ရှောင်လုံအား သိရှိ ရင်းနှီးနေကြကာ တလေးတစား ဆက်ဆံကြ၏။

ရှောင်လုံအတွက် ဂေဟာ၏အထူးဧည့်ခန်းမှာ တံခါးမရှိ ဓားမရှိ ဝင်ထွက်သွားခွင့်ရှိသည်။

ဂေဟာအမှုထမ်းများက ရှောင်လုံအား လုံးဝ တားဆီး မေးမြန်းခြင်းမရှိ။

ထို့ကြောင့် ရှောင်လုံမှာ ဂေဟာ၏ အနောက်၏အနောက်ဘက် အထူးဧည့်ခန်းဆောင်ရှိရာသို့ လျှောက်လှမ်းဝင်ရောက်သွားသည်။



ဂေဟာ၏ အတွင်းဘက်တစ်နေရာတွင် ထိပ်ပြောင်ကြီး ခေါ်နီရှင်အား တွေ့လိုက်ရ၍ ရှောင်လုံက ခပ်တည်တည်ဖြင့် နောက်ကျောမှ လွယ်ထားသော ဓားရှည်ကြီးကို ဖြုတ်၍ ပေးလိုက်သည်။

"သူဌေးကြီး ကျင်းထောင်ကို သွားပေးလိုက်ပါ၊ ကျုပ် ရောက်နေပြီ ဆိုတာလဲ ပြောခဲ့ပါ"

ခေါ်နီရှင်က ဓားကြီးကို လှမ်းယူလိုက်ပြီး ထိတ်လန့်တကြား ဖြစ်သွားကာ...

"ဟာ...ဆရာလေး၊ ဒီ...ဒီဓားကြီး ဘယ်ကရလာတာလဲ"

ရှောင်လုံက အေးစက်စက် လေသံဖြင့်...

"သူဌေးကြီး ကျင်းကိုသာ ပေးလိုက်ပါ၊ သူသိပါတယ်"

ခေါ်နီရှင်က ဆုတ်ဆိုင်းဆိုင်း ဖြစ်နေပြီး စကားထစ်ထစ် ငေါ့ငေါ့ဖြင့်...

"ဆ...ဆရာလေး ဟို...ဟို မေသခင်လေးကို သတ်...သတ် လိုက်ပြီလား"

ရှောင်လုံက ဘာမှ ပြန်မပြောတော့ဘဲ အနောက်ဘက် အထူးဧည့်ခန်းသို့ လျှောက်လှမ်းသွားလေသည်။

ထိပ်ပြောင်ကြီး ခေါ်နီရှင်မှာ ရုတ်တရက်မသွားသေးဘဲ ငါးမန်းသားရေအိမ် ဓားကြီးကို ကိုင်ကာ ရှောင်လုံ၏ နောက်ကျောပြင်အား မယုံကြည်နိုင်စွာ စိုက်ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

✳ ✳ ✳

အထူးဧည့်ခန်းထဲတွင် ရှောင်လုံ တစ်နေ့တာ ပင်ပန်းခဲ့သမျှ အနားယူအပန်းဖြေရင်း လက်ဖက်ရည်ကြမ်း အကောင်းစားကို မိမိခံသောက်နေ၏။ လက်ဖက်ရည်ကြမ်းသောက်ရင်း သူဌေးကြီး ကျင်းထောင်အား စောင့်လျက်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ထိပ်ပြောင်ကြီး ခေါနိရှင် ရောက်လာကာ ရှောင်လုံ အား ရိုသေစွာ ဂါရဝပြုရင်း…

"ဆရာလေး…သူဌေးကြီး ကျင်းဆောင် အပြင်ထွက်သွားပါ တယ်၊ မကြာခင် ပြန်ရောက်လာပါလိမ့်မယ်"

"ဟုတ်လား၊ ဒါဆို ကိစ္စမရှိဘူး၊ ကျုပ်တစ်ရက်နှစ်ရက်အတွင်း ဒီကို ပြောင်းလာခဲ့မယ်လို့သာ အကြောင်းကြားထားပေးပါ၊ ကျုပ် နေထိုင်ဖို့ အခန်းတစ်ခန်းလဲ လုပ်ထားပေးပါ"

"ကောင်းပါပြီ၊ ဆရာလေးအတွက် အကောင်းဆုံး အိပ်ခန်း တစ်ခန်း ပြင်ထားလိုက်ပါ့မယ်၊ ကဲ…ဆရာလေးလဲ ဆက်အပန်းဖြေ ပါဦး၊ ကျွန်တော် သွားပါဦးမယ်"

ခေါနိရှင်က ဧည့်ခန်းအပြင်ဘက်ထွက်သွားပြီး မကြာခင်မှာပင် ဧည့်ခန်းအပြင်မှ ခြေသံတစ်သံ ကြားလိုက်ရ၏။

ခြေသံရှင်အား ရှောင်လုံ ရိပ်သားမိလိုက်သည်။

အခန်းထဲသို့ လူမရောက်လာသေး။

အမွှေးရနံ့က ဦးစွာ တိုးဝင်လာခဲ့၏။

ရုတ်တရက် မိန်းမပျိုလေးတစ်ယောက်၏ အော်မေးလိုက်သံ အခန်းဝမှ ထွက်ပေါ်လာခဲ့သည်။

"အခန်းထဲက ဘယ်သူလဲ"

ရှောင်လုံက မည်သို့မျှ ပြန်မဖြေ။

မိန်းမပျိုလေးက အခန်းထဲရှိ သူ့အား သေချာစွာ ကြည့်လိုက် ပြီး ဝမ်းသာသွားသော လေသံမျိုးဖြင့်…

"ဩော်…လက်စသတ်တော့ ဆရာလေး ရှောင်လုံ ရောက်နေ တာကိုး၊ ဘယ့်နှယ် တစ်ယောက်တည်း ထိုင်ပြီး ဘယ်သူ့ကို စောင့် နေတာတုန်း"

ရှောင်လုံထံမှ စိုးရိမ်တကြီးလေသံဖြင့်…



"ဟော…ချီယွင် အပြင်ဘက်မှာ လူလာနေတယ်"

ထိုစကားကြောင်း ချီယွင်က ကမန်းကတန်း နေရာပြောင်း ရွှေ့ထိုင်လိုက်ပြီး ဧည့်ခန်းပေါက်ဝသို့ ခေါင်းလှည့်ကြည့်လိုက်ရာ…

မည်သည့်အရိပ်အရောင်မျှ မမြင်ရသော်လည်း ခြေသံတစ်သံ ကို ကြားလိုက်ရသည့်အတွက် ဒေါပွသွားကာ…

"အင်း… အရေးကောင်း ဒိန်းခေါင်းဖျက်ဆိုသလို အရေးထဲ ဘယ်သူများ လာနေပြန်လဲ မသိဘူး"

နှုတ်မှတီးတိုးရေရွတ် ပြောဆိုရင်း အခန်းအပြင်ဘက်သို့ အသာ ဏ္ဍေခြွေဆယ်ကာ လှမ်းကြည့်နေမိသည်။

တစ်ဏချင်းမှာပင် အပြင်ဘက်မှ ဝတ်စုံနက်ဝတ်လျက် ညာဘက်ပါးပြင်တွင် ဓားခုတ်ရာအမာရွတ်ကြီးနှင့် လူတစ်ယောက် အခန်းဝမှ ထွက်ပေါ်လာသည်။

ထိုဝတ်စုံနက်ဝတ်လူက ဧည့်ခန်းထဲသို့ ဝင်လျှင် ဝင်ချင်း ထိတ်လန့်တကြား ဖြစ်သွားကာ…

"အို…အားနာလိုက်တာ၊ ကျုပ် ခုပဲ ပြန်ထွက်သွားပါ့မယ်"

ချီယွင်က ဒေါသထွက်သောမျက်နှာကြီးဖြင့် ထိုဝတ်စုံနက် ဝတ် လူကြီးအားကြည့်ကာ…

"ကျွန်မက ဘယ်သူများလဲလို့၊ မျက်စိတစ်ဖက်လပ်ကြီး ဖြစ် နေတာကိုး"

ထိုလူကြီးက မျက်နှာပြောင်စပ်စပ်ဖြင့်…

"မင်းထင်တဲ့အတိုင်းပါပဲ၊ ကျုပ်အခု အဆဲခံနေရပြီ၊ ကျုပ်ပြန် ထွက်သွားပါ့မယ်၊ နို့မဟုတ်ရင် ကောင်းနေသေးတဲ့ မျက်စိတစ်ဖက်ပါ ကန်းသွားဦးမယ်"

ပြောပြောဆိုဆို ထိုလူပြန်ထွက်သွားသည်။

ချီယွင် ထိုဝတ်စုံနက်ဝတ် လူအား အမျိုးမျိုး ကျိန်ဆဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဖိမ်ပျက်တာပဲ၊ ဒီကနေ့ ဘယ်လိုများဖြစ်နေသလဲ မသိဘူး"

ရှောင်လုံက ပြုံးပြီး...

"ဒီလူက ဘယ်သူလဲ"

"ဘယ်သူဖြစ်ရမှာလဲ၊ နေပြည်တော် လုံခြုံရေးတပ်ဖွဲ့က မျက်စိတစ်ဖက်လပ် တန်းဆိုတဲ့လူပေါ့၊ အခု ဒီဂေဟာကို ပျော်ပါးရအောင် လာတာလေ"

ထိုစကားကြောင့် ရှောင်လုံ၏ မျက်လုံးများဝင်းလက်သွားပြီး...

"အင်း...ကြည့်ရတာ ဒီလူ ယီစန်းဟွာ ဂေဟာမှာ ညအိပ် လိမ့်မယ်ထင်တယ်"

"ဟုတ်တယ်၊ သူက ဘယ်သူ့ကိုမှ ရှောင်တာမဟုတ်ဘူး၊ မိုးစင်စင်လင်းမှ သူပြန်မှာ သေချာတယ်"

ချီယွင်း စကားကိုဖြတ်ကာ ရှောင်လုံအား တပ်မက်သော မျက်လုံးလုံးများဖြင့် စူးစူးစိုက်စိုက်ကြည့်ပြီး...

"ကဲ...အချစ်လေးရှောင်လုံ၊ ကျွန်မတို့ အိပ်ခန်းထဲ သွားကြရအောင်"

ရှောင်လုံက အလုပ်ကိစ္စ ရှိနေသေးဟန်ဖြင့်...

"မဖြစ်သေးဘူး၊ နောက်နေ့မှပဲ သွားကြရင်မကောင်းဘူးလား"

"ဟင်...နောက်တစ်နေ့မှ၊ ဘာဖြစ်လို့လဲ"

"ကျုပ် ဒီနေ့ ဥပုသ်စောင့်ထားလို့ပါ"

ချီယွင်က မျက်စောင်းလေးထိုးကာ...

"သွားစမ်းပါ၊ ရှင်တို့သိုင်းသမားတွေ ဥပုသ်စောင့်တယ်ဆိုတော့ ဟင်း...ဟင်း...တော်တော် ရယ်စရာကောင်းတာပဲ"

ပြောပြောဆိုဆို သူမ ထလာကာ ရှောင်လုံ၏ လက်မောင်း တစ်ဖက်ကို ဆွဲပြီး အပြင်သို့ အတင်း ခေါ်ထုတ်နေသည်။



ရှောင်လုံက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ကပျာကယာ ပြောလိုက်၏။

"ချီယွင် ကျုပ် တကယ်ပြောတာပါ၊ ကျုပ် ဥပုသ်စောင့်တာ တကယ်ပါ"

ချီယွင် အမှန်တကယ် အံ့သြသွားကာ...

"ဟင်...ရှင် တကယ်ပြောတာလား"

"ဟုတ်ပါတယ် ကျုပ်တကယ်ပြောတာပါ၊ မင်းကို ဘာဖြစ်လို့ ကျုပ်က လိမ်ရမှာလဲ၊ ပါးစပ်ထဲရောက်နေတဲ့ အသားတုံးကြီးကို ဘယ်သူက ထွေးထုတ်မှာလဲ"

ချီယွင်က ရှောင်လုံ၏စကားကြောင့် လေလျှော့သွားသော ဘောလုံးကြီးတစ်လုံးပမာ စိတ်ပျက်လက်ပျက် ဖြစ်သွားပြီး ရှောင်လုံ၏လက်ကို လွှတ်ချလိုက်ကာ...

"အင်း...ကျွန်မ ဒီနေ့ ဘယ်လိုကြောင့် ဖိမ်မရှိတဲ့လူတွေနဲ့ပဲ လာတွေ့နေရတာလဲ မသိဘူး"

"ချီယွင် စိတ်မပျက်ပါနဲ့၊ နောက်တစ်နေ့လဲ အတူတူပါပဲ၊ ကျုပ် ထွက်ပြေးသွားမှာမှ မဟုတ်တာ"

ချီယွင် လက်လျှော့သွားရလေပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

မှောင်ရီ မပျောက်တပျောက်။

နံနက် မိုးလင်းလုလုအချိန်ဖြစ်သည်။

လူရိပ်ခြည်းမည်းတစ်ခု လမ်းကြားတစ်နေရာ၌ လှုပ်ရှားသွားလာနေသည်။

ထိုလူ၏ [illegible]းစပ်မှသီချင်းတအေးအေးနှင့် ဒယီးဒယိုင် လျှောက်သွားနေ၏။

ရုတ်တရက် ဒယီးဒယိုင်နှင့် လျှောက်သွားနေသူအား နောက်မှ တစ်စုံတစ်ယောက်က ထိုလူ၏ ပခုံးပေါ်သို့ လက်တင်ပြီး ဆုပ်ကိုင်လိုက်သည်။

အရက်မူးနေသည့်သူမှာ ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွားကာ အော်ဟစ်မည်ကြံလိုက်စဉ် နောက်မှလူ၏ လက်ချောင်းများက ပခုံးကြောတစ်နေရာကို ခပ်ဆတ်ဆတ် ဖိနှိပ်ချလိုက်သည်။

အရက်မူးနေသည့်လူက အသံပင်မထွက်နိုင်တော့။

သူ့ပခုံးမှ လက်ချောင်းများက အရက်မူးသမားအား တခြား လမ်းကြားတစ်နေရာသို့ ဆွဲခေါ်သွားနေသည်။

ထိုလမ်းကြားမှာ ပို၍ မည်းမှောင်နေကာ ဘာမျှ မမြင်ရပေ။

ပခုံးကို ဖိနှိပ်ထားသော လက်ချောင်းရှင်၏အသံက နောက်ဘက်မှ

ပေါ်ထွက်လာ၏။



"တန်ချိန်း မလှုပ်နဲ့၊ မအော်နဲ့၊ အော်ရင် လှုပ်ရင် မင်းကျန်ရှိနေတဲ့ တစ်လုံးတည်းသော မျက်လုံးပါ ကန်းသွားလိမ့်မယ်"

တန်ချိန်းမှာ အလွန်ကြောက်လန့်သွားကာ...

"ခင်ဗျားက ဘာကိစ္စရှိလို့ ကျုပ်ကို အကျပ်ကိုင်နေရတာလဲ"

"အပိုတွေ ပြောမနေနဲ့၊ ငါ့မှာ နိုင်လုံတဲ့အချက်မရှိဘဲ မင်းဆီကို ဒုက္ခခံပြီး လာပါ့မလား"

"ခင်ဗျား ဘယ်သူလဲ"

"မနေ့ညက ယီစန်းဟွာ ဂေဟာရဲ့ အထူးဧည့်ခန်းမှာ တွေ့ခဲ့တဲ့ လူလေ၊ မင်းစဉ်းစားကြည့်စမ်း၊ ငါ့ကို မှတ်မိရဲ့လား"

အရက်မူးနေသူမှာ အံ့အားသင့်သွားပြီး...

"ဩော်...ရှီယွင်နဲ့အတူ ထိုင်နေတဲ့ မိတ်ဆွေလား၊ ကျုပ်မသိလို့ ဝင်လာခဲ့တာပါ၊ ခင်ဗျားတို့ကို သက်သက် အနှောင့်အယှက်ပေးတာ မဟုတ်ပါဘူး"

ရှောင်လုံက ခပ်အေးအေးပင် ပြောလိုက်သည်။

"မင်း အထင်မှားနေပြီ၊ အဲဒီကိစ္စကြောင့် မင်းဆီကို လာတာမဟုတ်ဘူး၊ တခြားကိစ္စတစ်ခုအတွက် မင်းဆီက အကူအညီတောင်းချင်လို့ပါ"

"ဘာကိစ္စလဲ ပြောပါ၊ ကျုပ်တတ်နိုင်သရွေ့ မိတ်ဆွေကို အကူအညီပေးပါ့မယ်"

အမှန်တွင်မူ တန်ချိန်းဆိုသူမှာ တော်ရုံတန်ရုံဖြင့် အညံ့ခံမည့်လူစားမျိုး မဟုတ်ပါ။

သို့သော် သူ၏ ပခုံးကြောကို ရှောင်လုံက ဆုပ်ကိုင်နှိပ်နယ်ထားသောကြောင့်သာ မလွဲမရှောင်သာ အညံ့ခံရခြင်းဖြစ်သည်။

ရှောင်လုံက အေးစက်စက်လေသံဖြင့်...

"ကျုပ် လူတစ်ယောက်ရဲ့ အကြောင်းကို သိချင်တယ်၊ ဒီလူက

www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းအရောင်းပစ္စည်းဆိုင် တစ်ဆိုင်မှာ ကျောက်ဖြူနတ်လက်ဝါး ရတနာပစ္စည်းတစ်ခုအပ်ပြီး ရောင်းခိုင်းတဲ့လူပဲ၊ သူ့နာမည်က မာလို့ ခေါ်တယ်၊ အဲဒီလူအကြောင်း ကျုပ်သိချင်တယ်"

တန်ချိန်းက ခပ်တည်တည်ဖြင့်...

"မိတ်ဆွေမေးတဲ့လူကို ကျုပ်မသိပါဘူး"

"မင်းက ကောင်ကောင်းမေးလို့ မဖြေချင်ဘဲ ဘူးခံချင်တာကို မင်းအသားမနာချင်ရင် ပြောစမ်း၊ နောက်ပြီး မင်းက လုံခြုံရေး တပ်ဖွဲ့က ရဲမက်တစ်ဦးဖြစ်တယ်ဆိုတာ ကျုပ်သိထားတယ်"

"လုံခြုံရေးတပ်ဖွဲ့ထဲက တန်ချိန်းဆိုတဲ့ ရဲမက်ဟာ ကျုပ်တစ်ဦး တည်းမှ မဟုတ်ပဲ"

"မင်း ကျုပ်ကို လှည့်စားဖို့ စိတ်မကူးနဲ့၊ မင်းအကြောင်းကို ချီယွင်ဆီက ကျုပ်အကုန် သိခဲ့ရပြီးပြီ၊ အပိုစကားတွေ ပြောမနေနဲ့ တော့၊ မာ ဆိုတဲ့လူ ခုဘယ်မှာ ရှိနေသလဲ"

"မိတ်ဆွေ၊ ကျုပ် ခင်ဗျားပြောတဲ့ မာဆိုတဲ့လူကို တကယ် မသိပါဘူး"

တန်ချိန်းပခုံးပေါ်မှ လက်ချောင်းများ ပိုမိုတင်းကျပ်လာပြီး အသက်ရှူကျပ်လာသလို ခံစားလိုက်ရ၏။

ထို့နောက် ရှောင်လုံက ခက်ထန်စွာ ပြောပြန်သည်။

"မင်းကြည့်ရတာ ကောင်းနေတဲ့ မျက်လုံးတစ်ဖက်ကို မလို လားတော့ဘူးနဲ့တူတယ်၊ ကောင်းပြီ၊ မင်းရဲ့ မျက်လုံးကောင်း တစ် ဖက်ကို ကျုပ်နှိုက်ထုတ်လိုက်တော့မယ်"

ပြောပြောဆိုဆို ရှောင်လုံ၏ ကျန်လက်တစ်ဖက်မှ လက် ချောင်းများက တန်ချိန်း၏ မျက်နှာပေါ်ရှိ မျက်လုံးကောင်းတစ်ဖက် ဆီသို့ ရွေးလျားထိကပ်ကာ မျက်ခွံကိုပင် ထိလာနေပြီ။

တန်ချိန်းမှာ တစ်ဖက်လူက မိမိအမှန်အတိုင်း ဖွင့်မပြောပါက



တကယ်ပင် မိမိ၏မျက်လုံးတစ်ဖက်ကို နှိုက်ထုတ်တော့မည်ဖြစ် ကြောင်း သိရှိသွားကာ အသံတုန်ယင်စွာဖြင့်...

"မိတ်ဆွေ...ကျုပ်...ကျုပ် ပြောပါတော့မယ်"

"မင်း တော်တော်မိုက်တဲ့ကောင်ပဲ၊ ဘာလို့ အသားအနာခံပြီးမှ ပြောရတာလဲ၊ ငါ့မှာ သိပ်အချိန်မရှိတော့ဘူး၊ မာဆိုတဲ့လူ ဘယ်မှာ ရှိနေတယ်ဆိုတာ အမြန်ဆုံးပြောပါ"

"မာဆိုတဲ့လူ ဘယ်မှာ ရှိတယ်ဆိုတာ ကျုပ်ပြောပြနိုင်ပါတယ်၊ ဒါပေမယ့် အဲဒီလူကို မိတ်ဆွေတွေ့ဖို့ မလွယ်ပါဘူး"

"ဒါကတော့ ကျုပ်ရဲ့အစွမ်းပေါ်မှာ မူတည်ပါတယ်၊ မင်းပူစရာ မလိုပါဘူး၊ သူရှိမယ့်နေရာကိုသာ ပြောပါ"

"မာဆိုတဲ့လူဟာ ရဲမက်တွေအုပ်ချုပ်တဲ့ လူတစ်ယောက်ဖြစ် တယ်၊ သူ့ကို မိတ်ဆွေ လွယ်လွယ်နဲ့ တွေ့ဖို့မဖြစ်နိုင်ဘူးနဲ့ တူတယ်"

"ရပါတယ်၊ ရဲမက်တွေကို အုပ်ချုပ်တဲ့လူမကလို့ ဘာကြီးပဲ ဖြစ်နေဖြစ်နေ ကျုပ် ပြောင်ပြောင်တင်းတင်း သွားရဲပါတယ်၊ နောက်ဆုံး တစ်ခုမေးချင်တယ်၊ ဟို ကျောက်ဖြူနတ်လက်ဝါးကို ပိုင်ရှင်လက် ပြန်အပ်လိုက်ပြီလား၊ မပေးရသေးဘူးဆိုရင် မာဆိုတဲ့လူရဲ့ လက်ထဲမှာ ရှိနေသေးလား"

"ဟို ကျောက်ဖြူနတ်လက်ဝါးပစ္စည်းက ပိုင်ရှင်ဆီ ပြန်ရောက် သွားပြီဆိုတာ မှန်ပါတယ်၊ ခု မာဆိုတဲ့လူဆီမှာ ရှိနေသေးလားတော့ မပြောတတ်ဘူး"

"မင်းစကားက ဘာအဓိပ္ပာယ်လဲ"

"မိတ်ဆွေ စဉ်းစားကြည့်လေ၊ အဲဒီကျောက်ဖြူနတ်လက်ဝါး ကို သူ့ကိုယ်ပေါ်မှာ ဘယ်ထားမှာလဲ၊ ဒါနဲ့ မိတ်ဆွေ ကို ချင် သားစုက လွှတ်လိုက်တာလား"

ဟုတ်တယ်၊ မင်းဘာလုပ်ချင်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မလုပ်ချင်ပါဘူး၊ နှစ်ပေါင်းများစွာကြာခဲ့ပြီ၊ ဒါတောင် ချင် မိသားစုက ခုထိ ဒီအမှုကို ကြိုးစားနေတုန်းပါပဲလား"

"မင်း ကိုယ်ချင်းစာကြည့်ပေါ့၊ နှစ်နာဆုံးရှုံးမှုခံရတဲ့ လူဟာ ဘယ်တော့မှ စိတ်ကျေနပ်မှာ မဟုတ်ဘူး၊ ဒီအမှုကို အမြဲဖော်ထုတ်ဖို့ ကြိုးစားနေမှာပေါ့၊ မင်းဟာလဲ ဟို မာဆိုတဲ့ လူယုတ်မာလိုပဲ ကောက် ကျစ်ယုတ်မာတဲ့ လူတစ်ယောက်ဖြစ်တယ်၊ ဒီတော့ မင်းကိုလဲ ပြန် ဒဏ်ခတ်ရမယ်"

လူယုတ်မာ တန်ချိန်းဆိုသူမှာ လမ်းကြားလေးထဲမှ သစ်တော လေးထဲသို့ သယ်ဆောင်သွားခြင်းခံရပြီး သစ်တောလေးထဲတွင် လူယုတ်မာ တန်ချိန်း ကျန်ရစ်ခဲ့လေသည်။

သူ၏ စကားပြောသော အကြောကွက်ကို ရှောင်လုံက နှိပ်ခဲ့၍ စကားများ ပီပီသသ မပြောနိုင်ဘဲ တစ်ဖက်သားကိုလည်း ရန်ပြုနိုင် သည့် အစွမ်းအစ မရှိတော့ပေ။

✳ ✳ ✳

ရှောင်လုံ ကိစ္စများ ပြီးစီးသည်နှင့် ဆူ မင်းသားကြီးစံအိမ် တော်သို့ ပြန်လာကာ အုပ်ချုပ်ရေးမှူး တိမ်ပျံကုံးဟိုနှင့် ဝင်တွေ့ သည်။

တိမ်ပျံကုံးဟိုက ဝမ်းသာစွာဖြင့် ပြောဆိုနှုတ်ဆက်၏။

"ဆရာလေး ရှောင်လုံ၊ လွန်ခဲ့တဲ့နှစ်ရက်က ဘယ်မှာ သွားနေ တာလဲ၊ ကျုပ် ဆရာလေးကို မတွေ့ရပါလား"

"ဪ... ကိုယ်ရေးကိုယ်တာ ကိစ္စလေး မမရှိနေလို့ သွား ရောက် ဆောင်ရွက်နေတာပါ၊ အုပ်ချုပ်ရေးမှူး ဆရာကြီး ကုံးဟ ကျုပ်ကို တွေ့ချင်တဲ့ကိစ္စများ ရှိနေလို့လား"

"ကိစ္စရှိလို့တော့ မဟုတ်ပါဘူး၊ မတွေ့တာနဲ့ မေးကြည့်တာပါ"



"ကျုပ် ကောင်းကောင်း အိပ်ရတာ နှစ်ရက်လောက် ရှိသွား ပြီ၊ ခဏလောက် သွားအိပ်လိုက်ဦးမယ်"

"ကောင်းပါပြီ သွားအိပ်ပါ၊ ဆရာလေး ဘာများ စားချင် သေးလဲ"

ရှောင်လုံ အိပ်ခန်းထဲရောက်သွားပြီး အိပ်မည်ကြံကာရှိသေး သည်။ ယီလန်နှင့် ယီချွန်တို့နှစ်ယောက် အိပ်ခန်းထဲ ဝင်လာကြသည်။

ထို့နောက် ရှောင်လုံအား မိန်းမချောလေးနှစ်ယောက်က ဟိုမေး သည်မေးနှင့် သူ့အား စိုးရိမ်စိတ်ရှိနေကြောင်း ထင်ရှားသည်။

မိန်းမချောလေးနှစ်ယောက် စိတ်ကျေနပ်မှုရှိစေရန် မေသခင် လေးကို အပြတ်ရှင်းလိုက်ပြီဖြစ်ကြောင်း၊ မိမိအတွက် ဘာမှ စိုးရိမ် စရာ မရှိတော့ကြောင်းများကို တိုတိုနှင့် ရှင်းလင်းပြောပြလိုက်သည်။

ထိုအခါမှ မိန်းမချောလေးနှစ်ယောက် စိတ်ချသွားကာ အခန်း အပြင်ဘက်သို့ ထွက်ခွာသွားကြသည်။

ရှောင်လုံမှာ ယခုမှပင် အနှောင့်အယှက်ကင်းကင်းနှင့် အိပ် ပျက်ခဲ့သည်များကို အတိုးချ၍ အိပ်စက်လိုက်၏။

✳ ✳ ✳

ရှောင်လုံ အိပ်ရာမှ နိုးလာသောအချိန်မှာ နေ့လယ်ခိုင်း ဖြစ် သည်။ အိပ်ရာမှထပြီး ရေမိုးချိုး ကိုယ်လက်သုတ်သင်၍ နံနက်စာ ထမင်းကို နေ့လယ်မှပင် စားလိုက်သည်။

ရှောင်လုံ ထမင်းစားပြီးချိန်တွင် မင်းသားလေး ပေါင်းစီး ရောက်လာကာ ရှောင်လုံအား ပြန်လည်ခေါ်ဆောင်ရန် ရောက်လာ ကြောင်း ဆူ မင်းသားကြီးသိရှိ၍...

"ညီတော်...မင်းရဲ့ တပ်မှူးလေး ရှောင်လုံကို ပြန်ခေါ်သွား မလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အစ်ကိုတော်၊ အစ်ကိုတော်တို့ စံအိမ်တော်ကြီးမှာ လဲ သူခိုး သူဝှက်ကိစ္စတွေ အေးငြိမ်းသွားပြီ မဟုတ်လား၊ ဒါကြောင့် ရှောင်လုံကို ပြန်ခေါ်သွားတော့မယ်"

ရှောင်လုံနှင့် မင်းသားလေးတို့ ဆူမင်းသားကြီး စံအိမ်တော်မှ ထွက်ခွာလာကြရာတွင် တိမ်ပျံကုံးဟိုလည်း လိုက်ပါပို့ဆောင်ခဲ့၏။

ရှောင်လုံနှင့် မင်းသားလေး ပေါင်းဇီးတို့ စံအိမ်တော်သို့ ပြန် ရောက်ကြသောအခါ ည မိုးချုပ်လေပြီ။

ရှောင်လုံက စံအိမ်တော်ကြီးသို့ ပြန်ရောက်လာသဖြင့် သူ၏ ရဲမက်များရှိရာ အဆောင်သို့ ထွက်လာခဲ့၏။

ရဲမက်များက တပ်မှူးလေး ရှောင်လုံ ပြန်ရောက်လာသည့် အတွက် အားလုံး ဝမ်းသာနေကြသည်။

တပ်မှူးလေးရှောင်လုံက ရဲမက်များနှင့်အတူ တစ်ဝိုင်းတည်း ဝင်ရောက်စားသောက်သည်။ စားသောက်ပြီးကြသောအခါ တပ်မှူး ရှောင်လုံက တပ်စုမှူး တစ်ယောက်ကို ပြောလိုက်သည်။

"ရဲမက်တွေအားလုံး ကျုပ်အရေးကြီးတဲ့စကား ပြောစရာရှိတဲ့ အတွက် ခုချက်ချင်း အဆောင်ထဲကို လာကြဖို့ သွားပြောလိုက်ပါ"

ခဏအကြာတွင် မင်းသားလေး၏ ကိုယ်ရံတော် တပ်စိတ် ငါးစိပ်လုံး ခန်းမကြီးထဲတွင် တန်းစီနေကြပြီးဖြစ်၏။

သူတို့အားလုံးမှာ သူတို့ယုံကြည်ထားပြီး ချစ်ကြောက်ရိုသေ ရသော တပ်မှူးလေးရှောင်လုံ နှုတ်မှ ထွက်ပေါ်လာမည့် စကားကိုသာ နားစိုက်ထောင်နေသည်။

ရှောင်လုံက သူ့ချစ်ခင်သော ရဲမက်များကို ကြည့်ကာ တည် ငြိမ်သော လေသံဖြင့် ပြောလိုက်၏။

"ကျုပ် စကားအနည်းငယ် ပြောချင်ပါတယ်၊ တခြားမဟုတ်ဘူး၊ မင်းတို့ ကျုပ်နဲ့ ပူးပေါင်းပြီး အကူအညီပေးပါ၊ စိတ်



ဝင်စားတဲ့လူကိုတော့ ကျုပ် အတင်းမတိုက်တွန်းပါဘူး၊ မင်းတို့ စိတ်ပါဝင်စားမှသာ လက်ခံနိုင်ပါတယ်"

တိုင်ဟန့်က ထရပ်ပြီး...

"တပ်မှူးလေးကိစ္စကိုသာ အရင်ပြောပါ၊ အသက်ပဲပေးရ ပေးရ၊ ကျွန်တော်ဆောင်ရွက်ပါ့မယ်"

ချန်တာ့ကလည်း မတ်တပ်ထရပ်လိုက်ပြီး...

"ကျွန်တော်လဲ တိုင်ဟန်ပြောသလိုပါပဲ တပ်မှူးလေးခင်ဗျား"

ရှောင်လုံက လက်ကာပြလိုက်ပြီး သူနှင့် မင်းသားလေးတို့ ပြောနေခဲ့ကြသည့် ဒုစရိုက်ဂိုဏ်းအကြောင်းကို အနည်းငယ် ရှင်းလင်း ပြောပြလိုက်သည်။

ဟိုင်ဟန်က...

"ကျွန်တော်တို့ နားလည်ပါပြီ၊ တပ်မှူးလေးဆိုလိုတာက ကျွန် တော်တို့ ဟိုလူဆိုးဂိုဏ်းကြီးကို ဝိုင်းဝန်းဖြိုဖျက်ပေးစေချင်တာ မဟုတ် လား"

ရှောင်လုံက...

"ဟုတ်တယ်၊ ဒီအကြောင်း မင်းသားလေးကို အစီရင်ခံပြီး ပြီ"

ရှောင်လုံ၏စကားဆုံးသည်နှင့် တပ်စိတ်မှူးများနှင့် ရဲမက်များ ၏ အသံများ ထွက်ပေါ်လာလေသည်။

"ကျွန်တော်တို့လိုက်မယ်"

"တပ်မှူးနဲ့ အသက်စွန့်ပြီး ဆောင်ရွက်ပါ့မယ်"

"သဘောတူတယ်"

"လူဆိုးဂိုဏ်းကို ဖြိုဖျက်ရာမှာ ကျွန်တော်လဲ ပါဝင်ပါ့မယ်"

တပ်မှူးနှင့် ရဲမက်များ၏ အသံများက ဆူညံစွာ ပေါ်ထွက် လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လုံက လက်ကာပြလိုက်ပြီး...

"မင်းတို့ သိပ်မလောကြနဲ့ဦး၊ အချိန်ရောက်ရင် ငါ မင်းတို့ကို အကြောင်းကြားမယ်၊ ဒီကနေ့ပြောတဲ့စကားတွေ အပြင်ကို မပေါက်ကြားရအောင် မင်းတို့အသက်နဲ့လဲပြီး ထိန်းသိမ်းရမယ်၊ ဒီကိစ္စဟာ အလွန်အရေးကြီးနေတဲ့ ကိစ္စဖြစ်နေတယ်၊ အပြင်ကို သတင်းပေါက်ကြားသွားရင် ကျုပ် တစ်ယောက်ရဲ့ ကိုယ်ကျိုး နည်းသွားတာ အကြောင်းမဟုတ်ဘူး၊ အများပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေ ပျက်စီးဆုံးရှုံးကုန်မယ်၊ ဒါကြောင့် သတင်းမပေါက်ကြားဖို့ အရေးကြီးတယ်"

ဟိုင်ဟန်က...

"တပ်မှူး ကျွန်တော်တို့ နားလည်ပါပြီ၊ ဒီကိစ္စကို ကျွန်တော် ကိုယ်တိုင် တာဝန်ခံပါ့မယ်"

ရှောင်လုံက...

"ကျုပ် **တစ်ခုသိချင်တာ** ရှိသေးတယ်၊ ဟို နေပြည်တော်က ရဲမက်တွေကို အုပ်**ချုပ်တဲ့သူ**တွေနဲ့ ရင်းနှီးတဲ့လူ ဘယ်သူရှိသလဲ"

ချန်တာ့က...

"ကျွန်တော် ရင်းနှီးပါတယ်"

ထို့နောက် ရှောင်လုံက ရဲမက်များကို တန်းဖြုတ်စေပြီး အနား ပေးလိုက်သည်။ တတိယတပ်စိတ်မှူး ချန်တာ့ကိုမူ ရှောင်လုံက ခေါ် ထားလိုက်သည်။

ရှောင်လုံနှင့် ချန်တာ့တို့နှစ်ယောက် စာဖတ်ခန်းထဲဝင်ပြီး ထိုင် မိကြသောအခါ ရှောင်လုံက...

"ချန်တာ့ နေပြည်တော် ရဲမက်တွေကိုအုပ်ချုပ်တဲ့ တပ်စိတ်မှူး မာဆိုတဲ့ လူနဲ့ မင်း တော်တော် ရင်းနှီးသလား"

"ရင်းနှီးပါတယ်"



"သူ့မှာ ထူးခြားတဲ့ အမူအရာတွေ ရှိသလား"

ချန်တာ့က ခေတ္တစဉ်းစားလိုက်ပြီး...

"အင်း... ထူးခြားချက်ကတော့ အဲဒီ မာကျိုးဆိုတဲ့ တပ်စိတ်မှူးဟာ အမြဲတမ်းလိုလို စိတ်ညစ်နေတဲ့ အသွင်အပြင်ရှိတယ်၊ နောက် လူအများနဲ့လဲ ရောရောနှောနှော နေလေ့မရှိဘူး၊ သူ့တာဝန်ကုန်ဆုံးသွားတဲ့အချိန်မှာ သူတစ်ယောက်တည်း နေလေ့ရှိတယ်"

"ကောင်းပြီ၊ မင်း သူနဲ့ စကားတွေဘာတွေ ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါ့လား"

"ပြောနိုင်ပါတယ် တပ်မှူး၊ ဘာဖြစ်လို့ ဒီမာကျိုးဆိုတဲ့ တပ်စိတ်မှူးကို စိတ်ဝင်စားနေရတာလဲ"

"ချန်တာ့ ကျုပ်မေးတာကို ဖြေပါဦး၊ ဒီသုံးလေးနှစ်အတွင်းမှာ မာကျိုး ခရီးဝေးဝေး သွားတာများ မင်းကြားမိသလား"

ချန်တာ့ လေးလေးနက်နက် စဉ်းစားနေသည်။ ပြီးမှ...

"အင်း...တစ်ခါတုန်းက မာကျိုး နေပြည်တော်က ဆယ်ရက် ဆယ့်ငါးရက်လောက် ပျောက်နေတာ သတိထားမိတယ်၊ သူတို့ တပ်မှူး ပြောသံကြားတာတော့ အဲဒီတုန်းက မာကျိုးဟာ ခွင့်တစ်လ ယူသွားတယ်လို့ ကြားခဲ့မိပါတယ်"

"ဟုတ်ပြီ၊ မာကျိုး ခွင့်ရက်ရှည်ယူပြီး ဘယ်ကိုသွားတာလဲ"

"ပြောသံကြားတာတော့ သူ့သား မင်္ဂလာဆောင်ကိစ္စအတွက် ခွင့်ယူတာလို့ကြားတယ်၊ နောက် သူပြန်လာတော့ ရဲမက်တွေကိုတောင် သူ့သားအတွက် မင်္ဂလာဆွမ်းကျွေးသေးတယ်၊ ဒါပေမယ့် ကျွန်တော် တစ်ခုသတိထားမိတာက မာကျိုးဟာ သားအတွက် မင်္ဂလာဆောင်ကိစ္စဆိုရင် ပျော်ပျော်ရွှင်ရွှင် ရှိနေရမယ်၊

ဒါပေမယ့် သူ့အမူအရာက ပျော်ပျော်ရွှင်ရွှင် မရှိဘဲ အေးအေး

www.burmeseclassic.com

www.burmeseclassic.com



စက်စက်ဖြစ်နေတာ တွေ့ရပါတယ်၊ သူ့ချွေးမကို မကျေမနပ် ဖြစ်နေလား မသိဘူး"

"အဲဒီကိစ္စ ဘယ်အချိန်လောက်ကလဲ"

"လွန်ခဲ့တဲ့ သုံးလလောက်ပဲ ရှိပါသေးတယ်"

ရှောင်လုံက မျက်မှောင်ကြုတ်၍ စဉ်းစားကာ...

"အေး...ဒီအရင် သုံးနှစ်လောက်တုန်းက သူ ခရီးထွက်ဖူးသေးလား"

"အဲဒီအချိန်က သူတပ်ထဲဝင်စပဲ ရှိသေးတယ်၊ သူ အလုပ်ဝင်ပြီးမှ ကျွန်တော်နဲ့ သိကျွမ်းရင်းနှီးခဲ့တာပါ"

"ဒါနဲ့ နေပါဦး၊ မာကျိုး ဝင်ဝင်ချင်း တပ်စိတ်မှူးရာထူးကို ရခဲ့တာလား"

"မဟုတ်ပါဘူး၊ သူဝင်ခါစက ရိုးရိုး ရဲမက်လေးဘဝနဲ့ ဝင်ခဲ့တာပါ"

"ဟင်...ဒါဖြင့် တိုတောင်းလှတဲ့ အချိန်လေးမှာ ဘယ့်နှယ်ကြောင့် တပ်စိတ်မှူးရာထူးရခဲ့တာလဲ၊ မြန်လှချည်လား"

"ဟုတ်တယ်၊ သူ့စိတ်ထားက ဆန်းပြားပေမယ့် သူ့ရဲ့ လုပ်ဆောင်ချက်တွေက အောင်မြင်မှုရရှိခဲ့လို့ နေမှာပေါ့၊ မာကျိုးဟာ ဘာလုပ်လုပ် ခေါင်းအေးအေးနဲ့ လုပ်တတ်တယ်၊ အလုပ်တာဝန်ထမ်းဆောင်တဲ့ အခါမှာလဲ ဖျတ်ဖျတ်လတ်လတ် ရှိတယ်"

"အင်းလေ...သုံးနှစ်ဆိုတဲ့ အချိန်လေးအတွင်းမှာ တပ်စိတ်မှူးရာထူးကိုရတာဟာ ချီးကျူးစရာပါပဲ၊ သူ့သိုင်းပညာအဆင့်ကလဲ သိပ်ညံ့မယ် မထင်ဘူး"

"ဒါပေမယ့် တပ်မှူးနဲ့ စာလိုက်ရင်တော့ သူ့သိုင်းပညာအဆင့်ဟာ ဆိနဲ့ရေလို ကွာခြားလှပါတယ်၊ ခု သူတပ်စိတ်မှူးဖြစ်လာတော့



အစကလို ရဲမက်တွေနဲ့ ရောနှောမနေတော့ဘဲ အိမ်တစ်လုံးမှာ နေရပါတယ်"

"မင်း သူ့အိမ်ကို သွားလည်ဖူးသလား"

"ဟုတ်ကဲ့၊ သွားလည်ဖူးပါတယ်"

"သူ့အိမ်မှာ ဘာပစ္စည်းတွေရှိသလဲ"

"သူက တပ်မှူးဆိုတော့ ပစ္စည်းအသင့်အတင့်တော့ ရှိပါတယ်"

"မင်း သူ့အိမ်ကိုသွားတဲ့အခါ အခြား အဖိုးတန် ပစ္စည်းတွေဘာတွေကော မတွေ့ခဲ့ဖူးလား"

"မတွေ့ခဲ့ပါဘူး၊ ဒါနဲ့ တပ်မှူးကို မာကျိုးက စိတ်ဝင်စားနေတယ်ဆိုတော့ ဟို လူဆိုးဂိုဏ်းကြီးနဲ့များ ပတ်သက်နေလို့လား"

"မပတ်သက်ပါဘူး၊ အခြားကိစ္စတစ်ခုပါ"

ထို့နောက် ရှောင်လုံက ချန်တာ့အား နာမည်မဲ့ကျွန်းပေါ်မှ အဖြစ်အပျက်များအကြောင်းကို အတိုချုံး၍ ပြောပြလိုက်သည်။

"အဲဒီမာကျိုးဟာ ငါနဲ့တော့ မပတ်သက်ပါဘူး၊ ငါ့မိတ်ဆွေ အမျိုးသမီးတစ်ယောက်နဲ့ ပတ်သက်နေတဲ့အတွက် ကူညီစုံစမ်းပေးတာပဲဖြစ်တယ်၊ အဲဒီ မာကျိုးဆိုတဲ့လူက ဟို ကျွန်းလေးက ထွက်ပြေးလာပြီး သူ့ လက်ထဲမှာ အဖိုးတန် ရှေးဟောင်းကျောက်ဖြူနတ်လက်ဝါး ဆိုတဲ့ ရတနာပစ္စည်းတစ်ခု ပါသွားတယ်လို့ သိရပါတယ်။

နောက်ပိုင်းမှာ အဲဒီ ကျောက်ဖြူနတ်လက်ဝါးဆိုတဲ့ ပစ္စည်းကို ရှေးဟောင်းပစ္စည်းအရောင်းဆိုင်တစ်ဆိုင်မှာ မာကျိုးက သွားရောက်အပ်နှံထားပြီး ရောင်းဖို့ ပေးခဲ့တယ်။

ဒါပေမယ့် မာကျိုးဟာ သူ့ပစ္စည်းသူပြန်ခိုးပြီး ဆိုင်ပိုင်ရှင်ကို ပစ္စည်းအတွက် အတင်းအလျော်တောင်းလို့ ဆိုင်ရှင်က ကြောက်ပြီး ဆိုင်ကိုရောင်းချ လျော်ပေးလိုက်ရတယ်၊ ဒါ့အပြင် ဆိုင်ရှင်ရဲ့ ... ပေလဲ သေသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမိသားစုဟာ အခုဆိုရင် ဆင်းရဲမွဲတေပြီး စားဝတ်နေရေး တောင် အတော်ခက်ခဲနေတယ်၊ ဒါကြောင့် ယုဇာမာရက်စက်လှတဲ့ မာကျိုးကို ဆုံးမ ပြစ်ဒဏ်ခတ်ချင်လို့ပါ"

ချန်တာ့မှာ စိတ်မထိန်းနိုင်ဘဲ ဒေါသထွက်လာပြီး...

"မာကျိုးက တရားခံအစစ်လား"

ရှောင်လုံက ခေါင်းခါယမ်းပြီး...

"လူတစ်ယောက်ကို ငါ လွယ်လွယ်နဲ့ မစွပ်စွဲခဲ့ဘူး၊ သူ့ကိုတော့ ငါကိုယ်တိုင်တွေ့ပြီးမှ မေးကြည့်ရမယ်"

"တပ်မှူး ဘယ်လိုလုပ်ချင်ပါသလဲ၊ ကျွန်တော်ရဲ့ အကူအညီ လိုရင် အချိန်မရွေးပြောပါ"

"လွယ်ပါတယ်၊ မင်းသူ့ကို ထမင်းဖိတ်ကျွေးပြီး ငါနဲ့ မိတ်ဖွဲ့ ပေးပါ၊ ထမင်းဖိတ်ကျွေးတဲ့အခါမှာ မင်းနဲ့သူက ဆိုင်တစ်ဆိုင်မှာ ချိန်းပြီး ထမင်းစားနေတဲ့အချိန် ငါက အမှုမဲ့ အမှတ်မဲ့ သဘောနဲ့ မင်းတို့နားကို ရောက်လာခဲ့မယ်၊ အဲဒီအခါ မင်းက ငါ့ကို သူနဲ့ မိတ်ဆက်ပေးရုံပဲ"

"ဟုတ်ပါတယ်၊ ဒီနည်းအကောင်းဆုံးပါပဲ၊ ဘယ်နေ့လောက် ဖြစ်စေချင်ပါသလဲ"

"အမြန်ဆုံးဖြစ်ရင် ပိုကောင်းတယ်၊ ဒီနေ့တော့ အချိန်မရှိဘူး နက်ဖြန်နေ့လယ်လောက်ဆိုရင် ကောင်းမယ်"

ချန်တာ့နှင့် တပ်မှူးလေး ရှောင်လုံတို့ ထမင်းတစ်လုံးချက်ခန့် ထပ်မံပြောဆို ဆွေးနွေးပြီးနောက် ချန်တာ့ စာဖတ်ခန်းထဲမှ ထွက် လာခဲ့သည်။

✳ ✳ ✳

# အခန်း(၁၁)

'တုံးလိုင်စွန်'

ပီကင်းမြို့၏ နာမည်ကျော်စားသောက်ဆိုင်ကြီးတစ်ဆိုင်ဖြစ်၏။

နေ့လယ်အချိန်လောက်တွင် ရှောင်လုံ ထိုစားသောက်ဆိုင်ကြီး အတွင်းသို့ ဝင်ရောက်လာခဲ့သည်။

ဆိုင်အပေါ်ထပ်တွင် ချန်တာ့နှင့် လူလေးငါးယောက်တို့ ထမင်း ဝိုင်းစားနေသည်ကို တွေ့ရ၏။

ရှောင်လုံမှာ ချန်တာ့တို့၏ ထမင်းဝိုင်းကို တစ်ချက် အကဲခတ် ကြည့်လိုက်ရာ...

ရှောင်လုံ အလွန် အံ့အားသင့်သွားရသည်။

လူရုပ်က သေဆုံးသွားသူ ခါးကုန်းကြီး ကုလားအုပ် မာဇေ့ နှင့် ချွတ်စွပ် တူနေသည်။

ထူးခြားချက်တစ်ခုမှာ ထိုလူကြီး၏ ကုန်းနေသော ခါးပေါ် တွင် ဖုမရှိဘဲ ရိုးရိုးခါးကုန်းနေခြင်းမလွဲ၍ ကုလားအုပ်မာဇေ့နှင့် မရပေ။

ခါးကုန်းကြီးမှာ မိမိတွေ့ချင်နေသော မာကျိုးဆိုသူပင် ဖြစ် ကြောင်း ရှောင်လုံ ရိပ်မိလိုက်၏။

သို့သော် ရှောင်လုံ စဉ်းစားရခက်နေသည်။

ကျောက်ကျားကျို ရွာကြီးမှ ခါးကုန်းကြီး ကုလားအုပ်မာဇေ့

www.burmeseclassic.com

www.burmeseclassic.com



ကို အဘယ့်ကြောင့် မိကျုံးလက်ဝါးချက်ဖြင့် ရိုက်နှက်သတ်ဖြတ် ခဲ့သည်ကို စဉ်းစားမရဖြစ်နေသည်။ ထိုမာကျီးဆိုသည့် ခါးကုန်းကြီးမှာ ကျူးပိုက် လှို့ဝှက် ဂိုဏ်း နှင့်လည်း ပတ်သက်ဆက်နွယ်နေကြောင်း ရှောင်လုံ ရိပ်စားမိလိုက်ပြန်သည်။

ယခုအခါ ကျောက်ကျားကျိုးရွာမှ ခါးကုန်းကြီး ကုလားအုပ် မာရေးနှင့် ခိုင်လော့ဟော၊ လိန်းလင်တို့အား သတ်ဖြတ်သွားသော တရားခံကို ဤနေရာတွင် မမျှော်လင့်ဘဲ တွေ့နေရသည်မို့ မိမိအပ် သေဆုံးသွားသူများအတွက် ရန်ကြွေးဆပ်ရန် အခွင့်အလမ်း ကြုံကြိုက် နေသည်။

ထို့ကြောင့် ရှောင်လုံ ဝမ်းသာသွားမိသည်။

ချန်တာ့တို့ရှိရာသို့ အမှုမဲ့ အမှတ်မဲ့ ဟန်ဖြင့် ရှောင်လုံ ခပ် တည်တည် လျှောက်လှမ်းဝင်ရောက်သွားသည်။

ချန်တာ့က ထမင်းစားနေရင်း သူ့အဖော်များနှင့် စကားပြော နေသည်နှင့် ကြုံကြိုက်နေသည်မို့ ရှောင်လုံးအား ရုတ်တရက် မြင် တွေ့လိုက်ရဟန်ဖြင့် ဝမ်းသာအားရ လှမ်းခေါ်လိုက်သည်။

"ဟင်…တပ်မှူးပါလား၊ အတော်ပဲ၊ ကျွန်တော့်မွေးနေ့ ကျင်းပတဲ့အတွက် တပ်မှူးကို ကျွန်တော် ထမင်းကျွေးပါရစေ ခင်ဗျာ ထမင်းစားရင်း မွေးနေ့အရက်လဲ သောက်ရင်းပေါ့"

ရှောင်လုံ ရုတ်တရက် အံ့အားသင့်သွားဟန်ဆောင်လိုက်ပြီး…

"ဟင်…တပ်စုမှူး ချန်တာ့ပါလား"

ထမင်းဝိုင်းမှ လူများက အားလုံး မတ်တပ်ထရပ်ကာ တပ်မှူး ရှောင်လုံအား ဝိုင်းဝန်း ခရီးဦးကြိုပြုကာ နှုတ်ဆက်လိုက်ကြ၏။

"ဟုတ်ကဲ့၊ အားလုံးကို ကျေးဇူးတင်ပါတယ်၊ ထိုင်ကြပါ"

ချန်တာ့က ရှောင်လုံအားကြည့်၍ သူ့လူများနှင့် မိတ်ဆက် ပေးလိုက်သည်။



"တပ်မှူး…သူတို့က ကျွန်တော်နဲ့ အင်မတန် ခင်မင်ရင်းနှီး ကြတဲ့ နေပြည်တော် လုံခြုံရေးတပ်ဖွဲ့က တပ်စိပ်မှူးတွေပါပဲ"

ခါးကုန်းကြီးကို ပထမဆုံး လက်ညှိုးညွှန်ပြပြီး…

"သူကတော့ တပ်စိပ်မှူး မာကျီးလို့ ခေါ်ပါတယ်၊ သူတို့က ပေါင်ရင်ထျန်း၊ တိမ်းထိုက်၊ ဝမ်ယုချိန်နဲ့ ကုဆုံလို့ ခေါ်ကြပါတယ်"

တစ်ဖန် ချန်တာ့က ရှောင်လုံကို လက်ညှိုးညွှန်ပြပြီး သူ့လူ များနှင့် မိတ်ဆက်ပေးပြန်သည်။

"ဒီက တပ်မှူးကတော့ ကျုပ်တို့ရဲ့ မင်းသားလေး ပေါင်းဖီးရဲ့ ကိုယ်ရံတော်တပ်မှူး ရှောင်လုံ ဖြစ်ပါတယ်"

ထို့နောက် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နှုတ်ဆက်လိုက် ကြသည်။

ချန်တာ့က စကားဖြတ်၍ ရှောင်လုံအား မေးလိုက်သည်။

"တပ်မှူး…ဒီကိုလာတာ မိတ်ဆွေများနဲ့ ချိန်းထားလို့လား"

"ကျုပ်က မင်းလောက် မိတ်ဆွေမပေါပါဘူး၊ ဘာရယ်ညာရယ် တော့ မဟုတ်ပါဘူး၊ တစ်ခါတစ်လေ အပြင်ထွက်ပြီး စားသောက် တာ ကောင်းမယ်ထင်လို့ ခုလိုရောက်လာခဲ့တာပဲ"

ချန်တာ့တို့ထမင်းဝိုင်းမှာ ရှောင်လုံတစ်ယောက်ပါ ဝင်ရောက် လာသောကြောင့် ပိုမိုစိုပြည်သွားကာ စကားတပြောပြောနှင့် ထမင်း ဆက်စားပြန်သည်။

ရှောင်လုံက ထမင်းစားရင်း သဘောကျစွာ ခေါင်းညိတ်၍…

"ကောင်းတယ်၊ ခုလို မိတ်သစ်ဆွေသစ်နဲ့ တပျော်တပါး စားသောက်ရတာ ကျုပ် ပိုပြီး ထမင်းစားလို့ ဝင်သလိုပါပဲ၊ ဒီကနေ့ ထမင်းစားပွဲရဲ့ ကုန်ကျစရိတ်ကို ကျုပ်ပဲ တာဝန်ယူပါရစေ"

ထိုစကားကြောင့် ချန်တာ့မှာ ပြုံးတုံ့ပျာတာ ဖြစ်သွားကာ…

"ဟာ…တပ်မှူး ဘယ်ဖြစ်မှာလဲ၊ ဒီကနေ့ ကျွေးမွေးတဲ့ ထမင်း

www.burmeseclassic.com

www.burmeseclassic.com



စိုင်းက ကျွန်တော့် မွေးနေ့အတွက် ရည်စူးပြီး ကျွေးတာဖြစ်
ကျွန်တော်ပဲ ပေးပါစေ တပ်မှူး"

ဆက်လက်ပြီး ထမင်းဝိုင်းမှ လူများအားလုံး အရက်ခွ
ကိုယ်စီ ကိုင်ကာ ဝမ်းသာပျော်ရွှင်ခြင်း အထိမ်းအမှတ်အဖြစ် ချန်
အသက်ရာကျော်ရှည်စေရန် ဆုမွန်ကောင်းများတောင်း၍ အ
ခွက်ကို မြှောက်ကိုင်ကာ သောက်လိုက်ကြ၏။

ချန်တာ့ပြောသလိုပင် ရှောင်လုံက မာကျီး၏မျက်နှာကို
မသာ အကဲခတ်ကြည့်နေသည်။

မာကျီးမှာ ချန်တာ့ပြောသည့်အတိုင်း မျက်နှာမှာ ဝမ်း
ပျော်ရွှင်ခြင်း အရိပ်အရောင် ခေတ္တခဏသာ ပေါ်လွင်ပြီး မကြာ
မာကျီး၏ မျက် သည် စိတ်ညစ်နေသည့်လူတစ်ယောက်အ
ညှိုးကျသွားလေသည်။

ကြည့်ရသည်မှာ မာကျီးသည် စိတ်မချမ်းသာစရာ ကိစ္စတ
နှင့် ရင်ဆိုင်နေရပုံ ပေါ်လွင်နေသည်။

တခြားလူများက ရှောင်လုံနှင့်အတူ စကားပြောလိုက်၊ ထ
စားလိုက်၊ အရက်သောက်ပြီး ပျော်ပျော်ရွှင်ရွှင် ရှိနေကြသည်။

တစ်နာရီမျှကြာသောအခါ ထမင်းဝိုင်းပြီးစီးသွားကာ မိတ်
များ ပြန်သွားကြ၏။

အားလုံးပြန်သွားကြသောအခါ ချန်တာ့က ရှောင်လုံကို
လိုက်သည်။

"တပ်မှူး...မာကျီးကို ဘယ်လိုမြင်ပါသလဲ"

"ဟိုကျွန်းပေါ်က လူသတ်မှုကြီးဟာ သူ ကျူးလွန်းလာသ
မသိဘူး၊ ဒါပေမယ့် သူဟာ ရက်စက်တဲ့ပြစ်မှုကြီးကို ကျူးလွ
ကြောင်းတော့ ထင်ရှားနေတယ်"

"ဘယ်လိုရက်စက်မှုများလဲ"



"အဲဒါတော့ အတတ်မပြောနိုင်ဘူး၊ သူနဲ့ငါ နှစ်ယောက်ချင်း
တွေ့ပြီးမှ သေသေချာချာ စုံစမ်းကြည့်ရမယ်"

ချန်တာ့မှ တစ်စုံတစ်ရာကို သတိရဟန်ဖြင့်...

"တပ်မှူး ဒီဆိုင်ကိုမရောက်ခင် မာကျီးအဖော်တွေကို ပြော
နေသံကြားရတယ်၊ သူ့မှာ ကိစ္စတစ်ခုရှိသေးလို့ သွားစရာရှိတယ်လို့
ပြောသံကြားတယ်"

ရှောင်လုံက မျက်မှောင်ကုတ်ကာ...

"သူတစ်ယောက်တည်း သွားမှာလား"

"ဟုတ်မယ်ထင်တယ်၊ 'ဟုကို့' ဘုရားကျောင်းကို သွားစရာ
ရှိတယ်လို့ ပြောတာပဲ"

"ကောင်းပြီ၊ ငါ အခုပဲ သူ့ဆီ လိုက်သွားမယ်"

ရှောင်လုံနှင့် ချန်တာ့တို့ စားသောက်ဆိုင်ကြီးမှ လမ်းခွဲခဲ့
ကြ၏။

✳ ✳ ✳

ရှောင်လုံက လမ်းမကြီးအတိုင်း လျှောက်သွားပြီး နောက်မှ
လမ်းကြိုလမ်းကြားများထဲသို့ ချိုးကွေ့ဝင်သွားလိုက်သည်။

မကြာမီ 'ဟုကို့' ဘုရားကျောင်းနားသို့ ရှောင်လုံ ရောက်လာ
ခဲ့သည်။

'ဟုကို့' ဘုရားကျောင်း ပတ်ဝန်းကျင်တွင် မာကျီး၏ အရိပ်
အရောင်မျှ မမြင်ရသေး။

ရှောင်လုံက ဘုရားကျောင်းနှင့် မနီးမဝေး တစ်နေရာမှ အသာ
စောင့်ဆိုင်းကြည့်ရှုနေသည်။

သို့သော် ခုချိန်ထိ မာကျီး၏ အရိပ်အရောင်ကို မမြင်ရပေ။

တအောင့်မျှ ကြာသောအခါ ရှောင်လုံ စောင့်ဆိုင်းနေသည့်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်လမ်းကြားတစ်ခုမှ လူတစ်ယောက် လျှောက်လှမ်းထွက်လာသည်။

ရှောင်လုံကလည်း စောင့်ဆိုင်းနေသော လမ်းထဲမှ မာကျိုးရှေ့သို့ လျှောက်လှမ်းထွက်ခဲ့ရာ မာကျိုးသည် ရှောင်လုံကို ရုတ်တရက် မြင်လိုက်ရ၍ အံ့အားသင့်သွားပြီး...

"အို...တပ်မှူးပါလား၊ ဘာကိစ္စကြောင့် ဒီနေရာရောက်လာတာလဲ"

"ဟုတ်ကဲ့...လမ်းလျှောက်ရင်း ရောက်လာတာပါ၊ ဒါနဲ့ ခင်ဗျားကရော ဒီကို ဘာလာလုပ်တာလဲ"

"ကျုပ် ဟုကို့ ဘုရားကျောင်းလေးက မိတ်ဆွေတစ်ယောက်နဲ့ သွားတွေ့မလို့ပါ"

"သြော်...ဟုကို့ဘုရားကျောင်းလေးထဲမှာ တိဗက်ပြည်က လားမား ဂိုဏ်းသားတွေသာ နေထိုင်တဲ့နေရာ ဖြစ်ပါတယ်၊ မိကျုံး လက်ဝါး လက်သိုင်းကွက်တွေကို အဒီ လားမားဂိုဏ်းသားတွေက သင်ပေးတဲ့နေရာလဲ ဖြစ်တယ်"

မာကျိုးက ရှောင်လုံ၏စကားကြောင့် မျက်နှာပျက်သွားကာ...

"သြော်...တပ်မှူးက ဒီဂိုဏ်းအကြောင်းတောင် သိနေပါလား လာပါ၊ ကျွန်တော်နဲ့ အဲဒီဘုရားကျောင်းလေးထဲကို လိုက်ခဲ့ပါလား"

မလိုက်တော့ပါဘူးဗျာ၊ မာကျိုး အချိန်ရမယ်ဆိုရင် ကျုပ်နဲ့ စကားတစ်ခွန်း နှစ်ခွန်းလောက် ပြောချင်ပါတယ်"

မာကျိုး၏မျက်နှာက ပြုံးနေရာမှ ခပ်တည်တည် ဖြစ်သွားကာ...

"ဒါဆိုရင် တပ်မှူးက ကျွန်တော့်ကို သက်သက် လာတွေ့တာ ထင်တယ်"

"ဟုတ်ပါတယ်"



"ဒါဆို ကျွန်တော်တို့ စကားအေးအေးဆေးဆေး ပြောကြရအောင် ဘုရားကျောင်းလေးရဲ့ နောက်ဘက်က လူခြေတိတ်ပြီး အနေအထိုင်အယှက်လဲ ကင်းတယ်၊ အဲဒီနေရာကို သွားကြရအောင်"

ပြောပြောဆိုဆို မာကျိုးက ရှေ့မှ လျှောက်သွားသည်။

မာကျိုးမှာ ဟုကို့ဘုရားကျောင်းရှေ့မှ ဖြတ်လျှောက်သွားသော်လည်း ဘုရားကျောင်းလေးထဲသို့ တစ်ချက်မျှ လှည့်မကြည့်။

ရှောင်လုံကို သူ့စိတ်ထဲတွင်ပင် ထားရှိပုံမပေါ်။

သို့နှင့် အလွန်တိတ်ဆိတ်သော ဘုရားကျောင်း၏ နောက်ဘက်သို့ ရောက်သွားကြ၏။

ထိုနေရာသည် သစ်ပင်ကြီးလေးငါးပင်သာရှိပြီး သစ်ပင်ကြီးများမှာလည်း အလွန်မြင့်မားသော သစ်ပင်ကြီးများ ဖြစ်သည်။

ဟုကို့ဘုရားကျောင်းဝင်းနှင့် ထိုနေရာမှာလည်း ဝါးတစ်ရိုက်မျှသာ ကွာဝေးသည်။

ရှောင်လုံက မာကျိုး၏ အပြုအမူများကို စဉ်းစားနေသည်။

မာကျိုးသည် မိမိအား မည်သို့သဘောထားသည်မသိ။ သို့သော် မိမိတို့ဘုရားကျောင်းရှေ့မှ ဖြတ်လျှောက်သွားစဉ် ဘုရားကျောင်းလေးထဲသို့ မာကျိုး လုံးဝ လှည့်မကြည့်။

သို့သော် မာကျိုးသည် တိတ်ဆိတ်ငြိမ်သက်လှသော သစ်ပင်ကြီးများဆီသို့ မိမိအားခေါ်လာသည်မှာ ရိုးသားမည်တော့မထင်။

မည်သို့ပင်ဖြစ်စေ ရှောင်လုံက ဖြစ်ပေါ်လာမည့် အရေးအခင်းများကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

ထိုအချိန် မာကျိုးထံမှ စကားသံထွက်ပေါ်လာခဲ့သည်။

"တပ်မှူးလေး၊ ဒီနေရာကြိုက်ရဲ့လား"

"ဟာ...သိပ်ကောင်းတဲ့ နေရာလေးပါပဲ"

"ကဲ...တပ်မှူး၊ ပြောစရာရှိတာ ပြောနိုင်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လုံက ရုတ်တရက် မျက်နှာကို တည်ကြည်လေးနက်စွာ ပြောင်းလိုက်ပြီး…

"တပ်စိပ်မှူး မာကျိုးဆီမှာ ကျုပ်လူတစ်ယောက်ရဲ့ အကြောင်း မေးချင်ပါတယ်"

"ဘယ်သူများလဲ"

"လုံခြုံရေးတပ်ဖွဲ့က ရဲမက်တန်ချိန်အကြောင်းပဲ ဖြစ်ပါတယ်"

မာကျိုးမှာ ထိတ်ခနဲဖြစ်သွားပြီး…

"ဒီလူကို ကျွန်တော်သိပါတယ်၊ အဲဒီ တန်ချိန်ဆိုတဲ့လူ ဒမနက်မှာပဲ ရုတ်တရက် သေဆုံးသွားတယ်လို့ သိရတယ်၊ သူ့ အကြောင်း ဘာသိချင်တာလဲ"

"သြော်…အဲဒီ တန်ချိန်ပြောပြချက်အရ ခင်ဗျားဆီမှာ ကျောက်ဖြူနတ်လက်ဝါး ရှေးဟောင်းရတနာပစ္စည်းတစ်ခု ရှိနေတယ်လို့ ပြောပါတယ်၊ နောက်ပြီး အဲဒီပစ္စည်းကိုလဲ ရှေးဟောင်းပစ္စည်း အရောင်းဆိုင်တစ်ဆိုင်မှာ အပ်ထားခဲ့တယ်လို့လဲ ပြောတယ်"

ထိုစကားကြောင့် မာကျိုး ရုတ်တရက် ရယ်မောလိုက်ပြီး…

"ဒီလိုဆိုရင် တန်ချိန်းဟာ အပျော်ကျူးပြီး သေတာတော့ မဖြစ်နိုင်ဘူး၊ တစ်ဦးတစ်ယောက်ရဲ့ လုပ်ကြံသတ်ဖြတ်ခြင်း ခံရတာပဲ ဖြစ်မယ်"

ရှောင်လုံကလည်း ခပ်တည်တည်ဖြင့်…

"ခင်ဗျား ဒီအချက်တွေကို နားလည်တယ်ဆိုရင် နောက်ဆက်တွဲ စကားတွေအတွက် ရှင်းရတာ ပိုလွယ်ပါလိမ့်မယ်၊ ကျုပ်သိချင်တာက အဲဒီကျောက်ဖြူနတ်လက်ဝါး ပစ္စည်းဟာ ဘယ်ကရခဲ့သလဲ ဆိုတာကိုပါပဲ"

မာကျိုး ရှောင်လုံစကားကို မကြားသလို လုပ်ကာ ရှောင်လုံအား ခပ်ပြုံးပြုံးပင် ကြည့်နေလိုက်သည်။



နောက်မှ ပြုံးနေသောမျက်နှာကို ပြန်တည်၍ အေးစက်စက် လသံဖြင့်…

"တပ်မှူးလေး၊ တန်ချိန်းဟာ လုပ်ကြံခံရကြောင်း သတင်းပေါက် ပါလာရင် ပြဿနာက အေးသွားမှာ မဟုတ်ပါဘူး"

ရှောင်လုံကလည်း ပြုံးရယ်ကာ…

"ခင်ဗျားကိုယ်တိုင်ကလဲ ဒီကိစ္စ သက်ဆိုင်ရာကို အသိပေးဖို့ သွားမယ် မဟုတ်ပါဘူး"

"တပ်မှူးလေး တော်ပါပေတယ်၊ ကျုပ်မှားသွားတယ်၊ ဟုတ်ကယ် … တပ်မှူးလေးကမပိုင်ရင် ဒီနေရာကို လာမှာ မဟုတ်ဘူး၊ နောက် …စ်ချက် ချန်တာ့ရဲ့ မွေးနေ့ကလဲ ဒီနေ့မဟုတ်ပါဘူး"

"ချန်တာ့ရဲ့ ပြောဆိုချက်အရတော့ ခင်ဗျားဟာ သီးသီးခြား …း နေလေ့ရှိတယ်လို့ ပြောပါတယ်၊ နောက်တစ်ချက်က ခင်ဗျားရဲ့ …ပ်ဆောင်ချက်တွေဟာ အောင်မြင်ပြီး ခေါင်းအေးအေးထားတတ်တဲ့ …ကျင့်ရှိတယ်ဆိုတာလဲ သိရပါတယ်၊ အထူးသဖြင့် ခင်ဗျားရဲ့ …င်းပညာ မသေးလှကြောင်းလဲ ကျုပ်သိထားတယ်"

မာကျိုးက ရှောင်လုံပြောသည်ကို ဂရုမစိုက်ဘဲ ရုတ်တရက် …သည့် မေးခွန်းတစ်ခုကို မေးလိုက်သည်။

"တပ်မှူးလေး၊ ကျုပ် ကျောက်ဖြူနတ်လက်ဝါးပစ္စည်း ဘယ်က …လာတယ် ထင်ပါသလဲ"

ရှောင်လုံကလည်း လုံးဝ မထင်သည့်ဟန်ဖြင့် သွယ်ဝိုက်မှု …င်းသော စကားများကို ဖြန်းစားကြီး ပြောချလိုက်၏။

"လွန်ခဲ့တဲ့ သုံးနှစ်ကျော်ကျော်လောက်တုန်းက ကျုပ် ပင်လယ် …မှာ ရှိတဲ့ နာမည်မဲ့ ကျွန်းတစ်ကျွန်းပေါ်ကို အဲဒီ ကျောက်ဖြူ …တ်လက်ဝါး ရှာဖွေဖို့ သွားခဲ့ပါတယ်၊ ဒါပေမယ့် ကျုပ်နောက်ကျ

www.burmeseclassic.com



သွားတယ်၊ နောက်ကျသွားလို့ ကျုပ်လက်ချည်းသက်သက် ပြန်သွားရလို့ အကြောင်းမဟုတ်ပါဘူး။

အဲဒီကျွန်းပေါ်က မိသားစု အသတ်ခံရတဲ့ကစ္စအတွက် ကျုပ်အပေါ် ပုံကျလာခဲ့တယ်၊ ကျုပ်လဲ အောင်သက်သက်နဲ့ ခံခဲ့ရတယ် ဒီလိုနဲ့ ကျုပ်ဟာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဟိုရှောင်ဒီရှောင် ရှောင်တိမ်းနေခဲ့ရတယ်၊ မအိပ်နိုင် မစားနိုင်နဲ့ ပူပင်သောက ရောက်ရတယ်ဆိုပါတော့။

ဒါကလဲ သူများရဲ့ပစ္စည်းကို မတရားလိုချင်တဲ့အတွက် ဖြစ်ပေါ်လာရတဲ့ ဝဋ်ကြွေးပါပဲ၊ ဒီလိုဘဝနဲ့ ကျုပ် နေရတာ ငြီးငွေ့လာတဲ့အတွက် နာမည်မဲ့ကျွန်းပေါ်က မိသားစုကို သတ်သွားပြီး ကျောက်ဖြူနတ်လက်ဝါး ယူသွားတဲ့ တရားခံအစစ်ကို ကျုပ် မရ ရအောင် ရှာဖွေဖမ်းဆီးဖို့ ဆုံးဖြတ်လိုက်တယ်။

သုံးနှစ်ကြာခဲ့တဲ့ နောက်ပိုင်း ခုမှ နေပြည်တော်ကြီးမှာ ခိုအောင်း နေတဲ့ တရားခံအစစ်ကို တွေ့ရပါပြီ၊ ကျုပ် ပြောတဲ့စကားအဓိပ္ပာယ် ခင်ဗျားနားလည်သဘောပေါက်လိမ့်မယ်လို့ ထင်ပါတယ်"

မာကျီး ခါးသီးစွာ ရယ်မောလိုက်ပြီး...

"ဩော်...တပ်မှူးလေးက ကျုပ်ကို ပစ္စည်းယူ လူသတ်တဲ့ တရားခံလို့ စွပ်စွဲပြောဆိုတာပဲ မဟုတ်လား"

"ဆိုလိုတာ မဟုတ်ပါဘူး၊ အတိအကျ ပြောနေတာပါ"

"ဟုတ်တယ်၊ ကျုပ်ပါပဲ"

မာကျီး ဤမျှလောက် လွယ်လင့်တကူ ဝန်ခံလိမ့်မည်ဟု ရှောင်လုံ မထင်ခဲ့။

ထို့ကြောင့် ရှောင်လုံ အလွန် အံ့အားသင့်ကာ...



"ခင်ဗျား ခုလို ဝန်ခံလိုက်တဲ့အတွက် ကျုပ် စိတ်အေးသွားရပါပြီ၊ သုံးနှစ်သုံးမိုး ခံစားခဲ့ရတဲ့ ဝဋ်ဒုက္ခတွေလဲ ခုမှရှင်းသွားရတော့တယ်၊ နောက်နောင်ဆိုရင် လူပုံအလယ်မှာ ကျုပ်ခေါင်းမော့လျှောက်နိုင်ပြီ"

မာကျီးက ခနဲ့တဲ့တဲ့ဖြင့်...

"ကျုပ် တပ်မှူးကို တောင်းပန်ပါတယ်၊ မမျှော်လင့်ဘဲ ကျုပ်ရဲ့ လုပ်ရပ်တွေကို အရှောင်ဝင်ခံလိုက်ရတဲ့ လူတစ်ယောက် ရှိနေတယ်ဆိုတာ ကျုပ်မသိခဲ့ရဘူး၊ ဘာပဲဖြစ်ဖြစ် ခု တပ်မှူးလေး ကျုပ်ကို နောက်ဆုံးရှာတွေ့ရပြီ မဟုတ်လား၊ ဒီတော့ ဘယ်လိုလုပ်ချင်တဲ့ဆန္ဒ ရှိပါသလဲ"

"ချင် မိသားစုဆီက မင်း ငွေ ဘယ်လောက်ရခဲ့သလဲ၊ ဒီငွေတွေ အကုန်ပြန်ပေးလိုက်ပါ"

"အို...တပ်မှူးလေးက တယ်တော်ပါလား၊ ဒီအထိတောင် သိနေမှကိုး၊ ဟား...ဟား..."

"သိုင်းလောကထဲမှာ ကျုပ်ခြေရာထပ်နေပါပြီ၊ ဘာပဲဖြစ်ဖြစ် ကျုပ်ရှာရင် တွေ့နိုင်သားပဲ"

"ချင်မိသားစုအတွက် အမှုလိုက်ပေးတဲ့ သဘောပေါ့"

ချင်မိသားစုနဲ့ ကျုပ် အလဲအလှယ်တစ်ခုရှိတယ်၊ ပစ္စည်းအပ်ပြီး ရောင်းနိုင်းတဲ့လူ ဖော်ထုတ်ပေးပြီးရင် သူတို့ရဲ့ ဆုံးရှုံးသွားရတဲ့ ငွေကြေးဥစ္စာကို ကျုပ်က ပြန်ပေးဖို့ ကတိရှိခဲ့တယ်"

"တပ်မှူးပြောတာ မှန်ပါတယ်၊ ချင်မိသားစုအခုလို အမှုပြင်လိုက်မယ်မှန်း အစကတည်းကသိရင် သူတို့မိသားစုကို သတ်မှာပါပဲ၊ သူတို့ဆီကရတဲ့ ငွေကြေးငွေဟာလဲ ကျုပ်သုံးစွဲပစ်လို့ ကုန်ပါပြီ၊ ဒီတော့ ဘယ်လိုလုပ်မလဲ"

"ကြွေးမဆပ်ချင်တဲ့လူတွေရဲ့ ပြောရိုးပြောစဉ် စကားတွေပါ၊

www.burmeseclassic.com



ခင်ဗျား ချင်မိသားစုရဲ့ကြွေးကို ပြန်မဆပ်နိုင်ရင် ခင်ဗျားရဲ့ အသက်တစ်ချောင်းကို ကြွေးအဖြစ် ပြန်ဆပ်လိုက်ရုံပဲ ရှိပါတယ်"

မာကျီးက ဂရုမစိုက်ဟန်ဖြင့် ခေါင်းခါယမ်းလိုက်သည်။

ရှောင်လုံက ဒေါသထွက်လာကာ...

"မာကျီး...မင်းဟာ အကြင်နာတရား ကိုယ်ချင်းစာတရား ဆိုတဲ့စိတ်တွေ လုံးဝခေါင်းပါးတဲ့ လူယုတ်မာတစ်ယောက် ဖြစ်တယ်"

"တပ်မှူးလေး၊ ကျုပ်တို့နှစ်ယောက်ဟာ သိုင်းလောကမှာ ခြေဆန့်တဲ့လူတွေ ဖြစ်တယ်၊ ဒါတွေဟာ မဆန်းပါဘူး"

"မာကျီး၊ ချင်မိသားစုဟာ သိုင်းသမားတွေ မဟုတ်ဘူး၊ နောက်နာမည်မဲ့ကျွန်းပေါ်က မင်းရဲ့ကျေးဇူးရှင် မိသားစုတွေကိုလဲ ရက်ရက်စက်စက် အဆိတ်ခတ်သတ်ခဲ့တယ်၊ သူတို့ဆီက နိုးယူခဲ့တဲ့ ပစ္စည်းနဲ့ နောက်မိသားစုတစ်စုကို ဆက်လက်ဒုက္ခပေးခဲ့ပြန်တယ်၊ လူတွေကို ဆက်ပြီးဒုက္ခပေးဖို့ မကောင်းတော့ဘူး"

မာကျီးက သဘောကျစွာ ရယ်မောလိုက်ပြီး...

"ကျုပ်ကအပြစ်တွေ စုံနေပါပြီ၊ အောက်ထပ် ပြစ်မှုတစ်ခု ထပ်တိုးလာတဲ့အတွက် ဘာထူးတော့မှာလဲ"

ရုတ်တရက် မာကျီးက စကားဖြတ်ကာ တည်ကြည်လေးနက်စွာဖြင့် ရှောင်လုံအား စိုက်ကြည့်လိုက်၏။

ထို့နောက် မေးခွန်းတစ်ခု ထုတ်လိုက်ပြန်သည်။

"ကျုပ် ကျေးဇူးရှင်မိသားစုကို သတ်ပစ်တာ တပ်မှူး ဘယ်လို လုပ် သိသလဲ"

"ဟို ကျွန်းပေါ်က မိသားစု ဦးစီးဖခင်ကြီး မသေဆုံးခင်က စာတစ်စောင်ရေးခဲ့တယ်၊ သူ့စာထဲမှာ ပင်လယ်ပြင်က ကယ်တင်ခဲ့တဲ့ ကျင်ဟုန်းဆိုတဲ့လူက အဆိပ်ခတ်သတ်ခဲ့ကြောင်း ရေးသားထားခဲ့တယ်"



မာကျီးမှာ မည်သို့မျှ ငြင်းမရအောင် အထောက်အထား သက်သေများ ခိုင်လုံနေသဖြင့် မလှုပ်သာ မယှက်သာ ဖြစ်ပြီး ရှေ့သို့ ငွတ်တိုးတော့မည့်ဟန်ဖြင့်...

"ကောင်းပြီ၊ တပ်မှူးနဲ့ကျုပ် ဒီနေရာမှာ အသက်လုပွဲလေး တစ်ခု လုပ်ကြတာပေါ့"

"ရပါတယ်၊ မင်းရဲ့အသက်ကို ကျုပ်က နုတ်သွားပြီး ဘယ်သူ့ ...က်ချက်လဲဆိုတာ မသိအောင် ကျုပ်လုပ်နိုင်ပါတယ်"

မာကျီးက ရှောင်လုံ၏စကားဆုံးသည်နှင့် လျှပ်တပြက်အတွင်းအလက်ဝါးချက်တစ်ချက် ပြင်းထန်စွာ ရိုက်ချလိုက်၏။

လက်ဝါးမှာ အလွန်နီးကပ်နေသဖြင့် လက်ဝါးနှင့် ရှောင်လုံအား အပိုင်အနိုင် တိုက်ခိုက်လိုက်ခြင်းပင်။

သို့သော် သူ့ထက်ပိုလျင်သော ရှောင်လုံက မာကျီး လက်ဝါးချက် ရိုက်ထုတ်လိုက်သည်နှင့် မာကျီး၏ ညာလက်လောက်ဝတ်ဆတ်ခနဲ ဖမ်းဆုတ်လိုက်သည်။

မာကျီးမှာ သံခွင်းတစ်ခုစွပ်မိသကဲ့သို့ မရုန်းသာ မကန်သာ ဖြစ်သွားရသည်။ ထို့ကြောင့် မာကျီး၏ မျက်နှာပေါ်တွင် သွေးပျက်မတတ် ဖြစ်သွားရပြီး...

"အင်း...ဒါကြောင့် ကျင်းထောင်က မင်းကို မရအရ သိမ်းသွင်းနေတာကိုး၊ တကယ်ရခဲ့တဲ့ သိုင်းသမားကောင်း တစ်ယောက် ပီသ ပါပေတယ်"

"မင်း ခု သိပြီ မဟုတ်လား၊ ကျုပ်အနေနဲ့ မပိုင်ရင် ဘယ် မင်းကို လာပြီး ရင်ဆိုင်ပါ့မလဲ"

မာကျီးက...

"တပ်မှူးလေး ကျင်းထောင်အကြောင်း ကျုပ် ပြောလိုက်တာ နားမလည်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် နားလည်တယ်၊ နားမလည်တာက မင်းပဲ၊ တော်ကြာ မင်းကို နားလည်အောင် ထပ်ပြောရဦးမယ်၊ ခုလောလောဆယ် ကျုပ် သိချင်တာက ကျောက်ဖြူနတ်လက်ဝါး ပစ္စည်း ဘယ်မှာ ရှိနေသလဲ"

မာကျိုးက ရယ်မောနေတုန်းပင်ဖြစ်သည်။

သို့သော် သူ့ရယ်ပုံက စောစောကလောက်အားမာန်မပါတော့။

"တပ်မှူးလေး၊ ငါတို့ဟာ ခုဆို မိသားစုတွေလို ဖြစ်နေပြီ မင်း ဘာဖြစ်လို့ ဒီကျောက်ဖြူနတ်လက်ဝါးအတွက်နဲ့...."

ရှောင်လုံ မာကျိုး၏ ညာလက်ကောင်ဝတ်ကို ဖိညှစ်ထားသော လက်ချောင်းများအား အနည်းငယ် အားစိုက်ညှစ်လိုက်၏။

"ဟို ကျောက်ဖြူနတ်လက်ဝါးပစ္စည်း ဘယ်မှာရှိနေသလဲ"

သူ၏ ညှစ်အားက တစ်ဖက်သား မခံမရပ်နိုင်အောင်ဖြစ်ပြီး မာကျိုးမှာ တအင်းအင်း တအားအား နှင့် ညည်းညူ ရေရွတ်နေရင်း နဖူးမှ ချွေးသီးချွေးပေါက်ကြီးများ ယိုစီးကျနေသည်။

နာကျင်မှုကို အံကြိတ်တင်းခံရင်းမှ...

"မင်း ဒီလိုနည်းနဲ့ ဂိုဏ်းသားအချင်းချင်းပေါ်မှာ လုပ်ရက်သလား၊ ကောင်းပြီ၊ ကျုပ်ပြောပြမယ်၊ အဲဒီပစ္စည်း အခြားလူ တစ်ယောက်ကို လက်ပြောင်းပေးလိုက်ပြီ"

"ဘယ်သူ့ကို ပေးလိုက်တာလဲ"

"လုံခြုံရေးတပ်ဖွဲ့က တပ်မှူး ချင်ယော့ကို ပေးလိုက်ပြီ"

ထိုအချိန်တွင် မာကျိုး၏ ခန္ဓာကိုယ်ကြီးမှာ တဆတ်ဆတ် တုန်ယင်နေပြီး မျက်နှာတွင် ချွေးဆုတ်ဖြူရော်စ ပြုလာခဲ့၏။

မာကျိုးက အံကြိတ်ကာ...

"ကျုပ်ပြောတဲ့ စကားတွေဟာ အမှန်အတိုင်းပါပဲ"

"သူ့ကို ဘယ်မှာတွေ့နိုင်မလဲ"

"သိပ်မလွယ်လှဘူး၊ သူက တစ်လတစ်ကြိမ်တောင် အပြင်



ထွက်ခဲ့တယ်၊ သူ ဘယ်အချိန် ထွက်လာမယ်ဆိုတာကိုလဲ အတိအကျ မသိပါဘူး၊ မင်းကိုယ်တိုင် သူ့ဆီသွားတွေ့နိုင်မှ ဖြစ်မယ်"

"ကိစ္စမရှိဘူး၊ သူ့ကို ဘယ်မှာရှာတွေ့ရမလဲ"

"ရိချ ပင်လယ်ကမ်းခြေမှာရှိတဲ့ ကျန်ရှဲ့ ဆိုတဲ့ ဂေဟာကြီး တစ်ခုပါပဲ"

"ယီစန်းဟွာ ဂေဟာလိုပဲလား"

"မဟုတ်ပါဘူး၊ လူနေအိမ်ခြေတစ်လုံးဖြစ်ပါတယ်၊ အဲဒီ နေအိမ်မှာ ချင်ယော့ဟာ တစ်လတစ်ကြိမ်နှစ်ကြိမ် လောက်တော့ သွားနေတတ်ပါတယ်"

"သူ့နေအိမ်လား"

"မဟုတ်ပါဘူး"

"မဟုတ်ရင် တစ်လတစ်ခါ ဘာသွားလုပ်တာလဲ"

"ဒါကိုတော့ သူနဲ့တွေ့ပြီးမှ ကိုယ်တိုင်ကိုယ်ကျ မေးကြည့်ပါ၊ ကျုပ်လဲ အတတ်မပြောနိုင်ဘူး"

"ကျုပ် နောက်ဆုံးတစ်ခု မေးချင်တာက ကျင်းထောင်တို့ လူစု ကျုပ်ကို ဘာကြောင့် ယုံကြည်စိတ်ချမှုရှိကြသလဲ"

"ကျွန်းကလေးပေါ်က ကိစ္စ သူတို့ လုံးဝမသိလို့ ဖြစ်ပါတယ်"

မာကျိုး၏ ခန္ဓာကိုယ်ကြီးမှာ တဖြည်းဖြည်း ပျော့ခွေကျလာပြီး မာကျိုးက ချွေးမြည့်နာကျည်းစွာဖြင့်...

"ရှောင်လုံ မင်းတယ်ရက်စက်ပါလား"

ရှောင်လုံ အေးစက်စက် ရယ်မောပြီး...

"ဟိုနာမည်မဲ့ကျွန်းပေါ်က မိသားစုတွေရဲ့ အသက်ရယ်၊ ချင် မိသားစု အဘိုးကြီးအသက်ရယ်၊ နောက်ပြီး ကျောက်ကျားကျို ရွာကြီး က ခါးကုန်းကြီးကုလားအုတ် မာဇေး၊ ခိုင်လော့ယော့နဲ့ လိန်လင် တို့ကို မင်းရက်စက်ခဲ့တယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မာကျီး၏ မျက်လုံးသည် ပြူးသည်ထက်ပြူးလာကာ မယုံကြည်နိုင်လောက်အောင်ပင် အံ့ဩနေပြီး တုန်လှုပ်ချောက်ချားသွားကာ...

"ဟင်...မင်း...မင်းက ဘယ်လိုလုပ်သိတာလဲ"

ရှောင်လုံက အေးဆေးတည်ငြိမ်စွာဖြင့်...

"စောစောက ပြောခဲ့တယ် မဟုတ်လား၊ မင်းရဲ့ အကြောင်းတွေ ပြောပြမယ်ဆိုတာ ဒါကြောင့် မင်းသိအောင် တစ်နည်းအားဖြင့်တော့ မင်းအသေဖြောင့်အောင် ကျုပ်ရှင်းပြနေတာပဲ"

"မင်းခိုင်လော့ယော့ကို သတ်တဲ့အချိန်က ကျုပ်ကိုယ်တိုင်တွေ့ခဲ့တယ်၊ မင်း ကျုပ် ဘယ်သူလဲဆိုတာ သိရဲ့လား"

မာကျီးက ကြောက်လန့်တကြားဖြင့်...

"မင်း...မင်း...ထိ...ထိလူဟုန်း၊ မဖြစ်နိုင်ဘူး၊ လေပြင်းဓားသမား ထိလူဟုန်းက ဟိုအောက်ပြည်မှာ ရှိနေတာပဲ"

ရှောင်လုံက သဘောကျစွာ ရယ်မောရင်း...

"ဟို အောက်ပြည်အောက်ရွာက လေပြင်းဓားသမား ထိလူဟုန်းဟာ တခြားလူ မဟုတ်ဘူး၊ မင်းမှတ်ထား၊ သိုင်းလောကမှာ နာမည်ကြီးကျော်ကြားနေတဲ့ မိန်းမလှစွမ်းကောင်းမယ် ဥပဒေရဲ့ ဘက်တော်သားဖြစ်တဲ့ မီးလျှံ လင်ချူချွန်း ဆိုတာပဲ။

ဒီလို ကျုပ်ကိုယ်စား အယောင်ဆောင်နိုင်တဲ့ လူတစ်ယောက် အောက်ပြည်အောက်ရွာမှာ ရှိနေမှ နေပြည်တော်ကို ကျုပ်လာနိုင်မှာ မဟုတ်လား၊ မင်းတို့လည်တယ်ဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်က မင်းတို့ထက် လည်တယ်ဆိုတာ ကိုယ်တွေ့ပဲ မဟုတ်လား"

မာကျီး၏ မျက်နှာမှာ သွေးပိုမိုဆုတ်လာပြီး အလွန်တုန်လှုပ်ချောက်ချားနေကာ ရုတ်တရက် ဘုရားကျောင်းလေးဘက်သို့ တက်ပြေးရန် ကြိုးစားလိုက်၏။



သို့သော် မာကျီးမှာ ရှောင်လုံးခေါ် လေပြင်းဓားသမား ထိလူဟုန်း၏ လက်တွင်မှ မည်သို့ထွက်ပြေး လွတ်မြောက်နိုင်ပါမည်နည်း။

ရှောင်လုံက တင်းမာခက်ထန်သော အမူအရာဖြင့်...

"သိပ်လောကြီးမနေနဲ့၊ ကျုပ်မင်းကို မေးစရာတွေ ရှိနေသေးတယ်၊ မင်းမိသားစုမျိုးရိုးနာမည်နဲ့ ခါးကုန်းကြီးကုလားအုတ် ဦးဦးမာဇေးတို့ရဲ့ မာ ဆိုတဲ့ နာမည်မျိုးရိုးက တူနေပြီး ရုပ်ချင်းကလဲ သိပ်တူနေတာ ဘာဖြစ်လို့လဲ"

"သူ...သူက ကျုပ်ရဲ့ အစ်ကိုကြီးဖြစ်ပါတယ်"

ရှောင်လုံ အလွန်အံ့ဩသွားကာ...

"ဟင်...ဘယ်လို မင်းတို့ ညီအစ်ကို အရင်းလား"

"ငါတို့က အမြွှာညီအစ်ကို အရင်းဖြစ်တယ်၊ ခြားနားချက်ကတော့ မာဇေးရဲ့ ကျောကုန်းမှာ ဖုတစ်ဖုရှိတယ်၊ ငါ့ကျောကုန်းမှာတော့ ဖုမရှိဘူး။

ငါတို့မိသားစုဟာ မာဇေးကို မချစ်ခင်ကြဘူး၊ ငါ့ကိုပဲ ချစ်ခင်ကြတယ်၊ မာဇေးက ကျုပ်ကို စိတ်နာနေတယ်၊ ကျုပ်ကြောင့် သူ့ကို မိသားစုက ချစ်ခင်မှုမရှိဘဲ ပစ်ပယ်ထားကြတယ်လို့ ယူဆထားတယ်။

ဒါနဲ့ တစ်နေ့မှာ ကျုပ်ကို မာဇေးက အိမ်နောက်ဖေးမှာရှိတဲ့ တောင်ကုန်းတစ်ခုကို ခေါ်ဆောင်သွားတယ်၊ တောင်ကုန်းထိပ်ရောက်တဲ့အခါ ကျုပ်ကို ရုတ်တရက် တောင်ကုန်းအောက် တွန်းချလိုက်ပါတယ်။

ဒါပေမယ့် ကျုပ်ဟာ သေကံမရောက်ခဲ့ဘဲ လေးငါးနှစ်လောက်တော့ ဒုက္ခရောက်ခဲ့တာပေါ့၊ အဲဒီအချိန်ကစပြီး ကျုပ် မာဇေးကို တစ်နေ့နေ့မှာ သတ်ပစ်ရမယ်လို့ စိတ်ပိုင်းဖြတ်ထားခဲ့တယ်"

ရှောင်လုံမှာ ခါးကုန်းကြီးမာဇေးမသေခင်က ပြောသွားသော စကားများကို ပြန်လည်ကြားယောင်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မာဒေးတွင် ပြောလို့မဖြစ်သည့် လျှို့ဝှက်ချက်တစ်ခုရှိကြောင်း မိမိတို့အား ပြောပြသွားခဲ့သည်။

ထိုအချက်ကြောင့် မာဒေးမှာ ညီဖြစ်သူ မာကျီး၏ အကျပ်ကိုင်ခြင်းကို ခံခဲ့ရကြောင်း ရှောင်လုံ သဘောပေါက်သွားခဲ့ရ၏။

ရှောင်လုံက...

"မင်းကို ကယ်တင်ခဲ့တဲ့လူက လျှို့ဝှက် ကျူးပိုက်ဂိုဏ်းချုပ် မဟုတ်လား"

"ဟုတ်... ဟုတ်ပါတယ်၊ မင်း ဒီအကြောင်းတွေ ဘယ်လိုသိတာလဲ"

"ဘယ်လိုလုပ် သိရမှာလဲ၊ ကျူးပိုက်ဂိုဏ်းချုပ်ဟာ မင်းကျသွားတဲ့ တောင်ကုန်းအောက်မှာ ရှိနေလို့ သိတာပေါ့"

ရှောင်လုံက စကားကို ခေတ္တဖြတ်ကာ မာကျီးအား တစ်ချက်စူးစိုက်ကြည့်ပြီးမှ ဆက်ပြောသည်။

"ကျူးပိုက်ဂိုဏ်းချုပ်က ဘယ်သူလဲ"

"ကျုပ် မသိဘူး"

"ဘာလဲ မင်းက အကြောပြတ်ခံပြီး တစိမ့်စိမ့်နဲ့ အရသာခံပြီး သေချင်လို့လား"

မာကျီးက ဖွတ်ပင် ငြင်းနေသည်။

"မင်း ကျုပ်ကို သတ်ပစ်လဲ ကျုပ်မပြောနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ် တကယ်မသိလို့ပါပဲ"

"ထားတော့၊ မင်းကို ကျူးပိုက်ဂိုဏ်းချုပ်က ကယ်တင်ပြီး သိုင်းပညာသင်ပေးခဲ့တယ် မဟုတ်လား၊ နောက် သူ့အတွက် အလုပ်လုပ်ခိုင်းခဲ့တယ်၊ ဒါတောင် သူ့ကို မသိဘူးဆိုတော့ ယုံနိုင်စရာ ဘယ်ရှိမှာလဲ"

"ကျုပ် တကယ်မသိပါဘူး၊ သူ ကျုပ်ကို ကယ်တင်ခဲ့တဲ့



အချိန်မှာ မျက်နှာဖုံးစွပ်ထားတယ်၊ သိုင်းပညာသင်ပေးတဲ့အချိန်တွေမှာလဲ ဒီအတိုင်းပါပဲ၊ သူ့မျက်နှာကို မမြင်ရပါဘူး။

ကျုပ်သိုင်းပညာ တတ်လာပြီးတဲ့နောက်တော့ သူဟာ ကျုပ်ကို အတွေ့မခံတော့ပါဘူး၊ ခိုင်းစရာရှိရင် လျှို့ဝှက်စာပေးပြီး ခိုင်းလေ့ရှိတယ်၊ သူ့ကိုကျုပ် အမှန်တကယ်မသိပါဘူး၊ တကယ်လို့ သိရင်လဲ မင်းကို ပြောမပြနိုင်ဘူး"

"မပြောနိုင်တာက မင်းအသက်ကို သူက ကယ်တင်ပေးလိုက်တဲ့အတွက် ကျေးဇူးထောက်ပြီး မပြောချင်တဲ့သဘောလား"

"သူဟာ ကျုပ်ကို သိုင်းပညာသင်ပေးရုံတင်မကဘူး၊ ကျုပ်ဒုက္ခတွေ့တိုင်း သူက အမြဲပဲ အကူအညီပေးခဲ့တဲ့အတွက် သူ့ ကျေးဇူးတွေ ကျုပ်အပေါ်မှာ ကြီးမားလှပါတယ်၊ ဒါပေမယ့် မင်းဟာ လူတော်တစ်ယောက်ဖြစ်တဲ့အတွက် မင်းအစွမ်းအစနဲ့မင်း သိအောင် လုပ်နိုင်မှာပါ"

ရှောင်လုံက မဲ့ပြုံးတစ်ချက်ပြုံးပြီး...

"ကျုပ်က ကျူးပိုက်ဂိုဏ်းချုပ် ဘယ်သူဆိုတာ သိနေပါတယ်၊ ကျုပ် ခုထိ ဘာမှ မလုပ်သေးတာကတော့ အချိန်မတိုင်သေးလို့ပဲ၊ အချိန်ရောက်လာတဲ့အခါ သူ ထွက်မပြေးနိုင်အောင် ကျုပ်မှာ နည်းလမ်းတွေရှိတယ်"

မာကျီးက မျက်လုံးမျက်ဆံပြူးသွားကာ...

"ဟင်...ကျူးပိုက်ဂိုဏ်းချုပ် ဘယ်သူလဲဆိုတာ မင်းသိနေတယ် ဟုတ်လား၊ သူ ဘယ်သူလဲ၊ ကျုပ်ကို ပြောပြပါလား၊ ကျုပ်လဲ သိချင်ပါတယ်"

"နေဦး ပြောပြမယ်၊ မင်းကို ကျောက်ကျားကျိုရွာ သွားခိုင်းတာ ကျူးပိုက်ဂိုဏ်းချုပ်ပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

www.burmeseclassic.com



"မင်းကို ဘာသွားလုပ်ခိုင်းတာလဲ"

"နိုင်လော့ဟောနဲ့ လီန်းလင်ကို သွားရောက်စောင့်ကြည့်ရတဲ့ အလုပ်ပါ၊ တကယ်လို့ အခွင့်သာရင် ပန့်စန့်ဖိန်စံအိမ်ကြီးကိုလဲ ဖျက်ဆီးဖို့ ညွှန်ကြားလိုက်ပါသေးတယ်"

"ကျူးပိုက်ဂိုဏ်းချုပ်ကြီး ကိုယ်တိုင် ကျောက်ကျားကျိုရွာကို ရောက်ခဲ့ဖူးသလား"

"မရောက်ခဲ့ပါဘူး၊ ဘာဖြစ်လို့လဲ"

"လီန်းလင်ကို အကျပ်ကိုင်ခဲ့တာလဲ မင်းပဲ မဟုတ်လား"

"ကျုပ် မဟုတ်ဘူး၊ ကျုပ်အစ်ကိုကြီး မာဇေ့ပါ၊ နိုင်လော့ဟော ကိုသတ်တာကတော့ ကျုပ်ကိုယ်တိုင်ပါပဲ၊ လီန်းလင်ကိုတော့ ကျုပ် အစ်ကိုကြီး မာဇေ့သတ်လိုက်တယ်၊ ဒါပေမယ့် လီန်းလင် မသေမှာ စိုးတာနဲ့ ကျုပ်ကိုယ်တိုင်ဝင်ပြီး လီန်းလင်ကို မိကျူး လက်ဝါးတစ်ချက် ရိုက်ထည့်လိုက်ပါသေးတယ်"

"လီန်းလင်သေဆုံးသွားတဲ့နောက် မာဇေ့ကို ကျုပ်ကိုယ်တိုင် မိကျူးလက်ဝါးချက်နဲ့ ရိုက်သတ်ပစ်လိုက်ပါတယ်၊ အဲဒီ အချိန်မှာ ကျုပ်က မျက်နှာဖုံးစွပ်နဲ့ဆိုတော့ မာဇေ့ ကျုပ်မှန်း မသိဘူး"

"ပန့်စန့်ပိန်စံအိမ်ကြီးကို ဖျက်ဆီးခိုင်းတဲ့အပြင် အဲဒီအိမ်ကြီး ထဲက လူတွေကိုကော သတ်ပစ်ခိုင်းသေးလား"

"ခိုင်းပါတယ်"

ရှောင်လုံက ခေတ္တစကားဖြတ်လိုက်ပြီးမှ ဆက်မေးလိုက်၏။

"တိမ်ပျံကုံးဟို ဆိုတဲ့ လူကိုကော သတ်ခိုင်းသေးလား"

ထိုစကားကြောင့် မာကျီး အံ့အားသင့်သွားပြီး

"တိမ်ပျံကုံးဟို ဟုတ်လား၊ ဘာသဘောလဲ"

"ကျုပ် သိနေတာကတော့ ကျူးပိုက်ဂိုဏ်းချုပ်ဟာ တိမ်ပျံ ကုံးဟိုပါပဲ"



မာကျီးက မယုံကြည်နိုင်လောက်အောင် ဖြစ်နေသည်။

"ကျုပ်ကတော့ တိမ်ပျံကုံးဟိုကို ကျူးပိုက်ဂိုဏ်းချုပ် ဖြစ်လိမ့် မယ်တော့ မထင်ဘူး၊ မင်းပြောသလို ကုံးဟိုဟာ ကျူးပိုက်ဂိုဏ်းချုပ် ဖြစ်နေရင် အင်မတန် တော်တဲ့လူပဲ ဖြစ်ရမယ်၊ ဒါနဲ့ မင်းသူ့ကို ကျူးပိုက်ဂိုဏ်းချုပ် ဖြစ်ကြောင်း ဘယ်လိုသိတာလဲ"

"ကျုပ်မှာ သေချာခိုင်လုံတဲ့ အကြောင်းတွေ ရှိနေတယ်၊ ကျုပ် လက်ထဲမှာလဲ သက်သေအခိုင်အလုံရှိနေတယ်၊ ကျုပ်မလုပ်သေး တာက အချိန်မရောက်သေးလို့ပဲ"

"ဘယ်လိုအချိန်ကျမှ အချိန်ရောက်တယ်လို့ ဆိုလိုပါသလဲ"

"ကျင်းထောင်ကို ကျုပ်ဖမ်းပြီးတဲ့အခါမှ အချိန်ရောက်တယ် လို့ ဆိုရမယ်"

မာကျီးက ပြုံးလိုက်ပြီး...

"ဒါလောက် လွယ်မယ်မထင်ဘူး"

ရုတ်တရက် မာကျီးက ရှောင်လုံ၏ ပေါင်ခွကြားသို့ ခြေဖြင့် သူ့အားဆောင့်ကန်ပစ်လိုက်၏။ ရှောင်လုံက လျှပ်တစ်ပြက်အတွင်း ဘေးသို့ ခုန်ရှောင်ပေးလိုက်ပြီး မိမိ၏ ပေါင်ခွကြားဆီသို့ တန်းဝင် လာသော မာကျီး၏ ခြေထောက်အား ညာဘက် လက်ဝါးစောင်းဖြင့် သူ့အားခုတ်ချလိုက်၏။

"ဒုတ် ..."

"အား ..."

မာကျီး၏ ခြေထောက်မှာ ရှောင်လုံ၏ လက်ဝါးခုတ်ချက် ကြောင့် သွင်သွင်ကျိုးသွားပြီး မာကျီး နာကျင်စွာ အော်ဟစ်မည် ပြုတွင် ရှောင်လုံက မာကျီး၏ လည်ပင်းအကြောတစ်နေရာသို့ လက်ညှိုးဖြင့် ထိုးထောက်လိုက်သည်။

ထို့ကြောင့် မာကျီးသည် အသံမထွက်နိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ လေသံတိုးတိုးလေးဖြင့်...

"မင်း...မင်း ကျုပ်ကို သတ်တော့မယ် ဟုတ်လား"

"မင်းမှာ အပြစ်တွေ တောင်လိုပုံနေတယ်၊ ခုထိ သေမျော်တယ် မထင်သေးဘူးလား"

မာကျိုး၏ ခန္ဓာကိုယ်ကြီးမှာ နာကျင်မှုကြောင့် တဆတ်ဆတ် တုန်ယင်နေ၏။ ရှောင်လုံက လည်ပင်းကြောကို အနည်းငယ် ထောက်ပိတ်ထားသည့်အတွက် လေသံတိုးတိုးလေးသာ ရှိတော့၏။

ထို့ကြောင့် ရှောင်လုံအား မာကျိုးက ခြိမ်းခြောက်လိုက်သည်။

"ကျုပ်သေသွားရင် သက်ဆိုင်ရာကလဲ စုံစမ်းမှာပဲ၊ ကျုပ်ကိုယ် ဂိုဏ်းချုပ်ကြီးကလဲ သိမှာ သေချာတယ်၊ အဲဒီအခါ မင်း လွတ်မြောက် နိုင်မှာ မဟုတ်ဘူး"

ရှောင်လုံက သဘောကျစွာဖြင့်

"မင်း ပျောက်ဆုံးသွားတာပဲ သိမယ်၊ သေသလား ရှင်သလားဆိုတာ ဘယ်သူမှ သိမှာ မဟုတ်ပါဘူး၊ မင်းမှာ အလောင်းပျောက် ဆေးမှုန့် အမြဲဆောင်ထားတယ် မဟုတ်လား"

မာကျိုး၏ မျက်နှာပိုမိုပျက်သွားကာ...

"အို...မင်း...မင်း..."

"မင်းရဲ့အလောင်းကို ပျောက်ဖျက်ပစ်လိုက်ရင် ဘယ်သူက သိတော့မှာလဲ"

မာကျိုးက စကား ထစ်ထစ်ငေါ့ငေါ့ဖြင့်...

"ကျုပ်...ကျုပ်မှာ အလောင်းပျောက်ဆေးမှုန့် မပါပါဘူး"

"ဒီဆေးမှုန့်မျိုးဟာ မင်းတို့လိုလူတွေရဲ့ ကိုယ်ပေါ်မှာ အမြဲ မပြတ် ထားတတ်တယ်ဆိုတာ ငါသိထားတယ်"

ပြောပြောဆိုဆို မာကျိုး၏ အင်္ကျီထဲသို့ ရှောင်လုံ လက်နှိုက် ရှာဖွေလိုက်၏။



မာကျိုးမှာ အတင်းရုန်းကန်နေသော်လည်း ရှောင်လုံ၏ လက်ထဲသို့ အဖြူရောင် ဆေးပုလင်းလေးတစ်လုံး ပါလာခဲ့၏။

မာကျိုး၏မျက်နှာပေါ်ဝယ် သွေးမရှိတော့သလို ဖြူရော်နေကာ အလွန်ကြောက်ရွံ့တုန်လှုပ်နေသည်။

မာကျိုး နောက်ဆုံး ကြိုးစားသည့်အနေဖြင့်...

"ရှောင်လုံ မင်းနဲ့ငါဟာ ဘာရန်ငြိုးရန်စမှ မရှိဘဲနဲ့"

"မင်းအပြစ် မင်းမသိသေးဘူးလား၊ လူပေါင်းများစွာကို သတ်လာခဲ့ပြီး ခု မင်းအလှည့်ရောက်တော့မှ သေရမှာကို ကြောက်နေရသေးလား"

မာကျိုးမှာ ရှောင်လုံ စကားပြောနေသည်ကို အခွင့်ကောင်းယူကာ ရှိသမျှ အတွင်းအားများကို ဖျစ်ညှစ်ထုတ်လိုက်သည်။

ထို့နောက် လားမားဂိုဏ်းမှ သင်ယူတတ်မြောက်လာခဲ့သော ကျိုးလက်ဝါးချက်ဖြင့် အတွင်းအားကုန်သုံးကာ ရှောင်လုံ၏ ရင်ဝသတွင်းသေကွက် နေရာသို့ ရိုက်ချလိုက်သည်။

ရှောင်လုံက လျှပ်စီးလက်သကဲ့သို့ လက်ဝါး ရိုက်ချက်ကို အသာလေး ရှောင်ပေးပြီး ဘယ်လက်ဖြင့် မာကျိုး၏ လက်ကောက်ဝတ်အား ဆွဲကိုင်ကာ ပစ်ပေါက်လိုက်သည်။

တစ်ဆက်တည်း ညာလက်ဖြင့် မာကျိုး၏ နောက်စေ့တည့်တည့်သို့ ထိုးထည့်လိုက်ပြန်သည်။

မာကျိုးမှာ မြေပေါ်သို့ မလှုပ်မယှက် လဲကျသွားလေသည်။

ထို့နောက် မာကျိုး၏ ကိုယ်ပေါ်သို့ ပုလင်းဖြူလေးထဲမှ ဆေးမှုန့်များ ဖြန့်ဖြူးပေးလိုက်တော့၏။

✳ ✳ ✳

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

ဆည်းဆာအချိန်။

နေဝင်ဆည်းဆာ ရောင်ခြည်များက လောကကြီးတစ်ခုလုံး အား ဖုံးလွှမ်းထားသည်။

ရှီချ ပင်လယ်၏ တောင်ဘက်ကမ်းခြေတစ်နေရာတွ ရှောင်လုံ ရောက်ရှိလာခဲ့သည်။

ထို့နောက် ပတ်ဝန်းကျင်တစ်ဝိုက်ကို လှည့်လည် အကဲခ ကြည့်ရှုလိုက်၏။

မာကျိုး ပြောလိုက်သည့်အတိုင်း ဆိုပါက ဤနေရာတွ 'ကျန်းရှဲ့' ဂေဟာ အမည်ရှိ အိမ်ကြီးတစ်လုံးရှိရမည်။

ကျန်းရှဲ့ဂေဟာမှာ မည်သည့်နေရာတွင် ရှိနေသည်ကို ရှောင် အတိအကျမသိ။

'ရှီချ'ပင်လယ်ကမ်းခြေမှာ လူစည်ကားလှသည်ဖြစ်ရာ ရ တစ်ဦး တစ်ယောက်အား 'ကျန်းရှဲ့'ဂေဟာ ဘယ်မှာရှိသည် မေးမြန်းစုံစမ်းပါက သက်ာမကင်းဖြစ်ပြီး သတင်းပေါက်ကြားသွ နိုင်သည်။

ထို့ကြောင့် ရှောင်လုံ မမေးဝံ့။

အကယ်၍ သူမေးလိုက်သူမှာ 'ကျန်းရှဲ့'ဂေဟာမှလူ ဖြစ် ပါက ရှောင်လုံ ဒုက္ခရောက်သွားနိုင်သည် မဟုတ်ပါလား။



ရှောင်လုံ တွေးတောလိုက်သည်။

"ချင်ဟော့ဟာ နေပြည်တော် လုံခြုံရေးတပ်ဖွဲ့က တပ်မှူး တစ်ယောက် ဆိုတော့ အရှိန်အဝါ မြင့်မားသူတစ်ယောက် ဖြစ်ရမယ်၊ ဒါကြောင့် နေရာတိုင်းမှာ သူ့လူတွေ ရှိချင်ရှိနေမယ်"

ရှောင်လုံ ဤသို့စဉ်းစားပြီး နေရာအနှံ့သို့ လှည့်ပတ်ကြည့်ရှု အကဲခတ်နေသည်။

နောက်ဆုံး ရှောင်လုံမှာ မတတ်သာသည့်အဆုံး ရေ့ဆက် လျှောက်လှမ်းကာ သူတွေ့ချင်သော 'ကျန်းရှဲ့' ဂေဟာအား လိုက်လ ရှာဖွေရပြန်သည်။

အတန်ကြာ လျှောက်လှမ်း ရှာဖွေသောအခါမှပင် 'ကျန်းရှဲ့' ဂေဟာဟု ရေထွင်းထားသည့် ဆိုင်းဘုတ်သေးသေးလေးကို ခြံကြီး တစ်ခြံ တံခါးဘေး၌ ချိတ်ဆွဲထားကြောင်း တွေ့လိုက်ရ၏။

ခြံကြီးထဲရှိ အုတ်ကြွပ်အိမ်ကြီး၏ ဝင်ပေါက်တံခါးမကြီးနှစ်ခု ကို ဆေးနီများသုတ်ထားပြီး တံခါးမကြီးအပြင်ဘက်တွင်မူ လူခေါ်ရန် အတွက် ကြေးကွင်းကြီးနှစ်ကွင်းကိုပါ တပ်ဆင်ထားကြောင်း တွေ့ ရ၏။

တံခါးကြီးပေါ်တွင် 'ကျန်းရှဲ့' ဂေဟာဟု ရွှေစာလုံးဖြင့် ရေးထိုး ထား၏။

မှောင်စပျိုးချိန် ဖြစ်နေသော်လည်း ရှောင်လုံ သေသေချာချာ တွေ့လိုက်ရသည်။ ရှောင်လုံမှာ 'ကျန်းရှဲ့' ဂေဟာ၏ ဝင်းခြံရှေ့၌ ရပ်ပြီး အိမ်ထဲသို့ အကဲခတ်ကြည့်နေသည်။

'ကျန်းရှဲ့' ဂေဟာ အဆောင်အဦးမှာ တစ်ခုမဟုတ်သော်လည်း လက်ရာပြောင်မြောက်စွာ ဆောက်လုပ်ထားခြင်းဖြစ်၍ နံ့သာထည်ဝါ လျက် ရှိနေ၏။

အိမ်ကြီး၏ အဆင်အပြင်မှာ သူဌေးသူကြွယ်များ အဆင့်ထက်

www.burmeseclassic.com

www.burmeseclassic.com



သာလွန်မြင့်မားစွာ ဆောက်လုပ်ထားသောကြောင့် မင်းညီ မင်းသားများ၏ စံအိမ်တော်ကြီးများလားဟုပင် ရောင်လုံထင်မှတ်နေမိသည်။

ထို့ကြောင့် စိတ်ထဲတွင် ခပ်ရွံ့ရွံ့ ဖြစ်နေမိ၏။

ဤအိမ်ကြီးနှင့် တပ်စိတ်မွှား ချင်းဟော့ မည်သို့ ပတ်သက်နေသည်ကိုလည်း စဉ်းစားမရ ဖြစ်နေသည်။

ချင်းဟောသည် ဤအိမ်ကြီးသို့ ဘာလာလုပ်သနည်း။

လျှို့ဝှက်သော အကြောင်းအချက်များ ဤအိမ်ကြီးတွင် ရှိနေမည်လား။

ရောင်လုံ အမျိုးမျိုး စဉ်းစားတွေးတောနေသည်။ အိမ်ကြီး၏ တံခါးကြီးနှစ်ချပ်မှာလည်း အလုံပိတ်ထားလျက်ရှိနေ၏။

အထဲတွင် ခြောက်ကပ်ကပ်ရှိနေပြီး ဘာသံမျှ မကြားရ။

လှုပ်ရှားမှုများမရှိဘဲ လုံးဝ တိတ်ဆိတ်နေ၏။

ထိုအခိုက် အိမ်ကြီး၏ အနောက်ဘက်မှ ဘီးလိမ့်လာသံသဲ့သဲ့ကို ကြားလိုက်ရ၏။ ဘီးလိမ့်လာသံကြောင့် အိမ်ကြီး၏ ညာဘက်ဆောင်သို့ လှျောက် လှမ်း သွားကြည့်ရာ...

အဝတ်ကြမ်းများဝတ်ဆင်ထားသည့် လူကြီးတစ်ယောက် လက်တွန်းလှည်းလေးတစ်ခု အပေါ်တွင် အဝတ်ထုပ်နှစ်ထုပ် တင်ပြီး အိမ်ရှေ့ဘက်သို့ တွန်းလာနေကြောင်း ရောင်လုံ တွေ့ရှိလိုက်ရ၏။

လက်တွန်းလှည်းပေါ်မှ အထုပ်နှစ်ထုပ်ထဲတွင် အဝတ်အစားများ ရှိနေသည်ဟု ထင်ရ၏။

လှည်းတွန်းလာသူ၏ နောက်ဘက်တွင်မူ အိမ်ဖော်မိန်းကလေးတစ်ယောက်လို ဝတ်ဆင်ထားသည့် အသက်ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်လောက်ရှိမည် ထင်ရသော မိန်းမပျိုလေး တစ်ယောက်ကို မြင်ရ၏။

မိန်းမပျိုလေးနှင့် လှည်းတွန်းလာသည့်လူကြီးမှာ ရောင်လုံကို



တွေ့လိုက်ရသဖြင့် ရုတ်တရက် ထိတ်လန့်သွားပြီး ရပ်တန့်လိုက်ကြကာ သူ့ကို စူးစူးစိုက်စိုက် ကြည့်နေကြသည်။

မိန်းမပျိုလေး၏ မျက်လုံးများမှာ သမင်ပျိုမျက်လုံးများကဲ့သို့ ရွှန်းလဲ့တောက်ပသော မျက်လုံးအစုံဖြင့် ရောင်လုံကိုကြည့်ကာ လှမ်းမေးလိုက်သည်။

"ရှင် ဘယ်သူလဲ"

ရောင်လုံကလည်း ပြန်မေးလိုက်၏။

"မင်းကော ဘယ်သူလဲ"

"ကျွန်မ ဒီကျွန်းရဲ့ ဂေဟာကပါ"

"ဒါဖြင့် မင်း ဒီအိမ်ကြီးရဲ့ အိမ်ရှင်လား"

"မဟုတ်ဘူး၊ အိမ်ဖော်တစ်ယောက်ပါ"

ရောင်လုံမှာ မိန်းမပျိုလေး၏စကားကြောင့် အနည်းငယ် အံ့ဩသွားကာ...

"အို...အိမ်ဖော်တောင် ဒီလောက် ချောမောလှပနေရင် အိမ်ရှင်ဆို ပြောစရာလိုမယ် မဟုတ်ဘူး၊ ဒါကြောင့် ကျုပ်ဦးလေးက ကျွန်းရဲ့ ဂေဟာ စံအိမ်ကြီးဟာ ရှိချ ပင်လယ်ကမ်းခြေတစ်ဝိုက်မှာ ပထမတန်း အိမ်ကြီးတစ်လုံးလို့ ပြောခဲ့တာကိုး။

ကျုပ်ကတော့ ရှိချပင်လယ်ကမ်းခြေတစ်နေရာမှာ နေပါတယ်၊ ကျုပ်ဦးလေးပြောသံ ကြားရတာနဲ့ ဒီဂေဟာကြီးကို လာကြည့်တာပါပဲ၊ ကျုပ်အနေနဲ့ မဖွယ်မရာ လုပ်မိ ပြောမိသလိုများ ဖြစ်နေရင် တောင်းပန်ပါတယ်"

တွန်းလှည်းလေးကို တွန်းလာသောလူကြီးမှာ တွန်းလှည်းလေးကို ဆက်လက်၍ တွန်းသွားသည်။

မိန်းမပျိုလေးကမူ နေရာတွင်ပင်ရပ်လျက်ရှိနေပြီး ရောင်လုံနှင့် စကားဆက်ပြောနေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုလေးက…

"ဒါနဲ့ ရှင့်နာမည် ဘယ်လိုခေါ်သလဲ"

"မျိုးရိုးနာမည် 'ကူ'လို့ခေါ်ပါတယ်၊ မင်းတို့သခင်က ဘယ်သူပါလဲ"

"သြော်…ကူတဲ့လား၊ ကျွန်မသခင်မက ချူးလို့ ခေါ်ပါတယ်၊ ဒါနဲ့ ရှင်က ဒီရှိချ ပင်လယ်ကမ်းခြေက မဟုတ်ဘူးနဲ့ တူပါတယ်"

"ဟုတ်ပါတယ်၊ ကျုပ်ကဒီကမ်းခြေတစ်နေရာမှာရှိတဲ့ ဆွေမျိုးအိမ် တစ်အိမ်မှာ ခေတ္တ တည်းခိုနေရင်း နေပြည်တော်ကို သွားမလို့ပါ"

"ဒါဆို ရှင်က နေပြည်တော်မှာနေတာ မဟုတ်ဘူးပေါ့၊ ရှင့်ရဲ့ စကားသံက…"

"ကျုပ်ငယ်စဉ်ကတော့ နေပြည်တော်မှာနေခဲ့ပါတယ်၊ ဆယ်နှစ် သားအရွယ်လောက်မှ အောက်ပြည်အောက်ရွာကို ပြောင်းရွှေ့သွားခဲ့တာပဲ"

"သြော်… ဒါကြောင့် ရှင့်စကားသံတွေက တစ်မျိုးဖြစ်နေတာကိုး၊ အိမ်ထဲဝင်ထိုင်ပါဦးလား"

ရှောင်လုံက ထိတ်ခနဲဖြစ်သွားဟန်ဖြင့်…

"မင်းတို့ သခင်မနဲ့ကျုပ်က သိကျွမ်းတာမှ မဟုတ်တာ၊ ဘယ် ကောင်းပါ့မလဲ၊ တော်ကြာ အနှောင့်အယှက်ပေးသလို ဖြစ်နေပါ့မယ်"

"အရေးမကြီးပါဘူး၊ အိမ်ရှင်ခင်မက သိပ်သဘောကောင်းပါတယ်၊ ဧည့်သည်တွေကို အထူး ခင်မင်တတ်သူတစ်ယောက်ပါ"

မိန်းမပျိုလေးမှာ မျက်လုံးအဝိုင်းသားနှင့် ရှောင်လုံ၏ အဖြေစကားကို စောင့်ဆိုင်းနေ၏။

ရှောင်လုံက အံ့အားသင့်ပြီး တွေးလိုက်သည်။



"အိမ်ဖော်မိန်းကလေးတစ်ယောက်က သူ့သခင်မအတွက် ဧည့်သည်ကို အတင်းမိတ်ဖွဲ့ပေးတာ ရှိနိုင်ပါ့မလား၊ သခင်မကကော မိတ်ဖွဲ့တာ ဝါသနာထုံသူပဲလား၊ ဒါမှ မဟုတ် ကြည့်ရတာ တစ်ခုခုတော့ ထူးခြားနေသလိုပဲ၊ ဘာပဲဖြစ်ဖြစ် ငါ့အဖို့ အလွန်ရခဲတဲ့ အခွင့်အရေး တစ်ခုပါပဲ"

ဤသို့ တွေးတောကာ မိန်းမပျိုလေး၏ ခေါ်ဆောင်ရာနောက်သို့ ရှောင်လုံ လိုက်ပါသွားခဲ့၏။

မိန်းမပျိုလေးမှာ အိမ်ရှေ့မှမသွားဘဲ နောက်ဖေးဘက်မှ လှည့်ခေါ်သွားသည်။

အိမ်နောက်ဘက်ခြံထဲတွင် အနားယူသည့် အဆောက်အဦးနှင့် ရေကန်တစ်ကန်အပြင် သစ်ပင်ပန်းမာလ်မျိုးစုံလှသော ပန်းဥယျာဉ် လေးတစ်ခုကိုပါ တွေ့လိုက်ရသည်။

အိမ်ကြီးသည် မိမိ၏သခင် မင်းသားလေးပေါင်းစီး၏ စံအိမ်တော်ကြီးထက် မညံ့ကြောင်း တွေ့လိုက်ရ၏။

မိန်းမပျိုလေးက ရှောင်လုံအား ရေကန်ဘေးရှိ အနားယူအပန်းဖြေသည့် အိမ်လေးရှိရာသို့ ခေါ်ဆောင်သွားသည်။

အိမ်လေးထဲတွင် အဖိုးတန် ပရိဘောဂများ ခင်းကျင်းထားလျက် နန်းတွင်းသုံး ဖန်မီးအိမ်တစ်လုံး အခန်းတစ်ဖက်တွင် ချိတ်ဆွဲထားသည်။ ထို့ပြင် အခန်းတစ်ခုလုံး မွှေးကြိုင်နေသည်။ မွှေးကြိုင်သော ရနံ့က အခန်းထောင့်ရှိ ကျောက်စိမ်းပန်းအိုးလေးထဲမှ နံ့သာဖြူအမွှေးတိုင်များဆီက ဖြစ်သည်။

အမွှေးနံ့များက ရှောင်လုံ၏စိတ်ကို လှုပ်ရှားစေခဲ့သည်။

အိမ်ဖော်မလေးက ရှောင်လုံအား အကောင်းစား လက်ဖက်ရည်ကြမ်းဖြင့် ဧည့်ခံထားပြီးနောက် သူ့သခင်မဖြစ်သူကို ခေါ်ဆောင်ရန် ဧည့်ခန်းထဲမှ ထွက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ခြေသံများကြားရကာ ညှော်ခန်းထဲသို့ အမျိုးသမီးနှစ်ယောက် ဝင်လာသည်ကို တွေ့လိုက်ရ၏။

ရှေ့ဆုံးမှ ဝင်လာသော အမျိုးသမီးမှာ အသက်သုံးဆယ်ကျော်ခန့်ရှိ ချောမောလှပသော အိမ်ရှင် မိန်းမချောဖြစ်၍ သူ့နောက်မှ အိမ်ဖော်အမျိုးသမီးလေးဖြစ်သည်။

အိမ်ရှင် သူဌေးမ၏ အသားအရေမှာ နုနည့်ပျော့ပျောင်းပြီး ဖြူဝင်းလျက်ရှိ၏။

အရပ်အနည်းငယ်ရှည်ပြီး ကိုယ်လုံးကိုယ်ပေါက် ကျစ် ပြေပြစ်သူလည်း ဖြစ်သည်။

ထူးခြားသည်မှာ ထိုမိန်းမ၏လက်ထဲတွင် အနာအစာ လုံးဝမရှိသော ကျောက်ဖြူနတ်လက်ဝါး ရတနာပစ္စည်းကို ကိုင်ထားခြင်းပင်။

ရှောင်လုံမှာ ထနန်မိမတတ် ဝမ်းသာသွားကာ စိတ်ထဲတွင် အလွန်တုန်လှုပ်သွားမိ၏။

ရှောင်လုံ ဝမ်းသာပြီး စိတ်လှုပ်ရှားသွားရသည်မှာ မိန်းမချော ကိုင်ဆောင်ထားသော ကျောက်ဖြူနတ်လက်ဝါးကြောင့် မဟုတ်ဘဲ အလွန်လှပ ပြေပြစ်နနယ်သည့် မိန်းမချောကို မြင်လိုက်ရသောကြောင့်ပင်။

မိန်းမချောသည် မည်သည့်နေရာတွင်ဖြစ်စေ သူမကို မြင်ရုံဖြင့် ရှောင်လုံ မှတ်မိသိရှိနေခြင်းကြောင့် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်...

သူမသည် ရှောင်လုံ၏ နဝမမြောက် ဒေါ်လေး ဟိုင်ထန်တိမ်ပျံကုံးဟိုတို့၏ ဇနီး ဖြစ်သောကြောင့်ပင်။

ရှောင်လုံမှာ သိုင်းသမားအထွတ်အထိပ် တစ်ယောက်ပီပီ အုံ့ဩစိတ်ကို မျိုသိပ်ထားနိုင်သည်။



ဟိုင်ထန်မှာ အသက်လေးဆယ်အတွင်းသို့ ရောက်နေသော်လည်း အရွယ်တင်လွန်းလှသဖြင့် အပေါ်ယံကြည့်မည်ဆိုလျှင် သုံးဆယ်ကျော်ရုံမျှသာ ရှိမည်ဟု ထင်မှတ်ရ၏။

သူမ၏ ရုပ်ရည်နှင့် ဝတ်စားဆင်ယင်မှုမှာ အလျှင်ကလိုပင် ဆွဲဆောင်မှုအပြည့် ရှိနေ၏။

ဟိုင်ထန်၏ မျက်လုံးအစုံက ရှောင်လုံအား စူးစိုက် အကဲခတ်ကြည့်လိုက်ပြီးနောက် နှုတ်ခမ်းလေးမပွင့်တစ်ပွင့်ပြုံးကာ...

"ဆရာလေး ကူ ဆိုတာလား"

ရှောင်လုံက ဦးညွှတ်ဂါရဝပြုလိုက်ပြီး...

"ကျွန်တော် ကူလူယီလို့ ခေါ်ပါတယ်"

"ဆရာလေးကူက တကယ်ချောမော ခံ့ညားလှပါတယ်၊ ကျွန်မနာမည်ကတော့ ချူးလို့ ခေါ်ပါတယ်"

ဟိုင်ထန်းက စကားဖြတ်ပြီး ရှောင်လုံအား မေးလိုက်သည်။

"ဆရာလေးကူက အောက်ပြည်မှာနေတယ်လို့ သိရပါတယ်"

"ဟုတ်ပါတယ်၊ ကျွန်တော် ခု ဒီကမ်းခြေက အိမ်တစ်အိမ်မှာ ခေတ္တတည်းခို နေထိုင်ပါတယ်"

"ဒါနဲ့ ဆရာလေးကူက နေပြည်တော်ကြီးမှာ ကြီးပြင်းလာပြီးမှ အောက်ပြည်ကို ပြောင်းသွားတယ်ဆို"

အိမ်ဖော်မလေးက မိမိအကြောင်းများကို ပြောပြထားပြီးဖြစ်သဖြင့် ရှောင်လုံက အလိုက်သင့်ပင် ပြန်ဖြေလိုက်၏။

"ဟုတ်ပါတယ်"

"ဆရာလေးကူကို ကြည့်ရတာ စာသင်သားတစ်ယောက်နဲ့ တူတယ်"

သူမ၏ အမြင်မှာ တစ်ဝက်လောက်မှားနေသည်။ သို့သော် ရှောင်လုံက ပြုံးရယ်လျက်...

www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ မနေတော့ပါဘူး"

စကားပြောရင်း ရှောင်လုံက သူ့ရှေ့ရှိ လက်ဖက်ရည်ကြမ်းပန်းကန်ကိုယူကာ ပါးစပ်တွင် တေ့လိုက်၏။

ထိုအချိန်၌ ရှောင်လုံ၏ မျက်လုံးအစုံသည် တောက်ပသွားပြီး လက်ဖက်ရည်ကြမ်းကို တစ်ငုံနှစ်ငုံလောက် သောက်လိုက်၏။

ရှောင်လုံ လက်ဖက်ရည်ကြမ်းပန်းကန်လေးကို ပြန်ချထားကာ မတ်တတ် ထရပ်လိုက်ပြီး နှုတ်ဆက်လိုက်၏။

"ကဲ...အချိန်လဲမရှိတော့ဘူး၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါ"

ဟိုင်ထန်က ထိုင်လျက်ပင်ရှိနေပြီး ပြုံးရုံသာပြုံးလိုက်၍ ဘာစကားမျှ မပြောဘဲ ရှောင်လုံအား စိုက်ကြည့်နေသည်။

ခဏကြာမှ ရွှန်းလဲ့တောက်ပသော မျက်လုံးရွဲကြီးဖြင့် ရှောင်လုံအား ကြည့်ကာ

"ဆရာလေးကလဲ...ရောက်တုန်းမှ ဘာကြာသေးလို့လဲ၊ ခဏထိုင်ပါဦး"

ရှောင်လုံမှာ ပြန်လည်ထိုင်လိုက်လေ၏။

"ကျွန်တော်က မင်းသားလေး ပေါင်းဇီးရဲ့ စံအိမ်တော်မှာ အမှုထမ်းနေတဲ့ ရှောင်လုံဆိုတာ ကျွန်တော်ပါပဲ၊ ဒါပေမယ့် ကျွန်တော် မင်းသားလေးဆီမှာ အလုပ်မလုပ်တော့ပါဘူး၊ ထွက်လာခဲ့ပါပြီ"

ထို့နောက် မာကျိုးက မိမိအား ပြောပြလိုက်သည့် စကားများကို ပြန်ပြောလိုက်၏။ သို့သော် ရှောင်လုံက သူ၏ ဘဝမှန်ကိုမူ ဖော်မပြဘဲ ဖုံးကွယ်ထားခဲ့၏။

အကယ်၍ ဖော်ပြလိုက်ပါက နာမမြောက် ဒေါ်လေး ဟိုင်ထန်မှာ အရှက်တကွဲ အကျိုးနည်းရပေတော့မည်။

ဟိုင်ထန်က ရှောင်လုံ ပြောပြချက်များကို နားထောင်ပြီးနောက် မျက်နှာတစ်ချက်ပျက်သွားကာ...



"ဒီလိုဆိုတော့ ဆရာလေးကူ လိုချင်တာ ဒီကျောက်ဖြူနတ်လက်ဝါးရတနာပစ္စည်းကိုပဲပေါ့"

"ဟုတ်ပါတယ်"

"ဒါက လွယ်ပါတယ်၊ ဒီကျောက်ဖြူ နတ်လက်ဝါးရတနာပစ္စည်းကို ဆရာလေး ယူသွားနိုင်ပါတယ်၊ ဒါပေမယ့် ဒီနေရာကို တစ်ခါမှ မရောက်ဖူးတဲ့အနေနဲ့ နေရမယ်၊ ခုကိစ္စကိုလဲ ဘယ်သူ့ကိုမှ ဖွင့်မပြောရဘူး၊ အဲဒီ ကတိကို ပေးနိုင်ပါ့မလား"

"ကျွန်တော် ပေးနိုင်ပါတယ်"

ထို့နောက် ဟိုင်ထန်၏မျက်နှာ ရုတ်တရက် ခက်ထန်လာ၏။

"ရှင်...မာကျိုးဆိုတဲ့လူကို တွေ့ပြီး ချင်းဟော့ဆိုတဲ့လူကို ဒီမှာ လာရှာတာ မဟုတ်လား၊ မာကျိုးဆီက သတင်းရပြီး မာကျိုးကိုလဲ ရှင် အဆုံးစီရင်လိုက်ပြီ မဟုတ်လား"

"အစ်မတော် ချူးက တော်ပါပေတယ်"

"တကယ်လို့ ရှင်ကသာ ဒီညဖြစ်ခဲ့တဲ့ကိစ္စအတွက် အပြင်ကို ပေါက်ကြားသွားမယ်ဆိုရင် ရှင့်ကို ကျွန်မ အသေသတ်ပစ်နိုင်အောင် ကျွန်မမှာ နည်းလမ်းတွေနဲ့ အင်အားရှိတယ်ဆိုတာ ရှင်ယုံပါ၊ ကဲ... ရှင်သွားနိုင်ပါပြီ"

ပြောပြောဆိုဆို စားပွဲပေါ်မှကျောက်ဖြူနတ်လက်ဝါးပစ္စည်းကို ယူ၍ ရှောင်လုံအား ကမ်းပေးလိုက်သည်။

ရှောင်လုံက ကျောက်ဖြူနတ်လက်ဝါးရုပ်တုကို လက်ကမ်းယူ၍...

"အစ်မတော်ကို ကျွန်တော် စကားတစ်ခွန်း မေးချင်ပါတယ်၊ ခွင့်ပြုမယ် မဟုတ်လား"

"ဘာမေးမလို့လဲ"

"အစ်မတော် ဘာဖြစ်လို့ ဒီလိုအလုပ်မျိုး လုပ်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟိုင်ထန်မှာ ရုတ်တရက် အခံရခက်ပြီး ခါးသီးစွာ ရယ်မောလိုက်၏။

"ဒါက ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စပါ၊ ရှင်နဲ့ မပတ်သက်ပါဘူး"

"အစ်မတော်က ကျွန်တော့်ကို ဒီကျောက်ဖြူနတ်လက်ဝါး ရတနာပစ္စည်း ပေးလိုက်တဲ့အတွက် ကျွန်တော့်ကို ကူညီသလို ဖြစ်နေပါတယ်၊ ဒီအတွက် ကျွန်တော် ဘယ်လိုကျေးဇူးပြန်ဆပ်စေချင်ပါသလဲ"

"ဒီကနေ့ဖြစ်ခဲ့တဲ့ကိစ္စတွေကို ရှင် မပေါက်ကြားဘူးဆိုရင် ကျွန်မကို ကျေးဇူးပြန်ဆပ်တာနဲ့ အတူတူပါပဲ"

"အစ်မတော် ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကို ပြန်ပြုပြင်ဖို့ အချိန်ရှိပါသေးတယ်"

ဟိုင်ထန်က မဲ့ပြုံးပြုံးလိုက်ပြီး...

"နောက်ကျသွားပါပြီ၊ တခြားကိစ္စတွေကို ပြန်ပြုပြင်နိုင်ပေမယ့် ကျွန်မရဲ့ ကိစ္စကတော့ ပြုပြင်လို့ မရတော့ပါဘူး"

ပြောပြောဆိုဆို ဟိုင်ထန်၏ မျက်နှာမှာ ညှိုးမှိုင်းသွားပြီး...

"ကဲ...နောက်ထပ် ဘာမှ မေးမနေပါနဲ့တော့ရှင်၊ ရှင်လဲသွားနိုင်ပါပြီ"

ရှောင်လုံက စိတ်မကောင်းစွာဖြင့်...

"အားနာပါတယ်၊ ကျွန်တော် နောက်ထပ်ပြောပါရစေ၊ ထပ်ပြီး မမှားဖို့ သတိပေးခဲ့ပါရစေ၊ ကျွန်တော်က အမှတ်ရှစ်လမ်းမှာရှိတဲ့ 'ရွှေနတ်ဂေဟာ'မှာ နေထိုင်ပါတယ်၊ ကျွန်တော့် အကူအညီ လိုချင်ရင် အစ်မတော် လူလွှတ်ပြီး အချိန်မရွေး ခေါ်ခိုင်းပါ၊ အတတ်နိုင်ဆုံး ကူညီပါ့မယ်"

ပြောပြီးသည်နှင့် ရှောင်လုံက ထွက်ခွာသွားမည်အပြုတွင်...



"ခဏနေဦး"

"ဘာများထပ်ပြောချင်သေးလို့လဲ"

ဟိုင်ထန်က အေးစက်စက်လေသံဖြင့်...

"ရှင့်ကို မေးစရာလေးတွေ ရှိနေသေးတယ်"

"မေးနိုင်ပါတယ်"

"ဟိုနာမည်မဲ့ ကျွန်းလေးပေါ်က လူတွေကို သတ်ပစ်တာ င် မဟုတ်လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ရှင့်ကို သူများ အကျပ်ကိုင်မှုကို ဘာလို့ ခံနေရတာလဲ၊ က် ဘာဖြစ်လို့ မင်းသားလေး ပေါင်းနီးရဲ့ အလုပ်က ထွက်လိုက်တာလဲ"

"ကျွန်တော် ကျွန်းပေါ်ရောက်သွားတဲ့အခါ တခြားလူ တစ်ယောက်က မြင်သွားလို့ ဖြစ်ပါတယ်"

"ဪ...ဒီလိုလား"

"ဟို...ကျွန်းပေါ်က လူတွေကို ရှင်သတ်တာမဟုတ်ဘဲ တခြား တစ်ယောက်ရဲ့ အကျပ်ကိုင်ခံရတယ်ဆိုတော့ ရှင် လုပ်ကြံပြော နဲ့ တူပါတယ်"

ရှောင်လုံက ထိုစကားကြောင့် ထိတ်ခနဲဖြစ်သွားပြီး...

"ဟင်...အစ်မတော် ဘာကိုဆိုလိုတာလဲ"

ဟိုင်ထန်က ခပ်တည်တည်နှင့်...

"တကယ်လို့ ကျွန်မက သူဌေးကြီး ကျင်းထောင်နဲ့ စ်မတော် သိတယ် ဟုတ်လား"

"သိတာပေါ့"

"ဒီလိုဆိုရင် ကျွန်တော် ဘာတွေ လုပ်နေတယ်ဆိုတာ အစ်မ တော် သိမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အားလုံးသိပါတယ်"

"ဒါဆို ကျောင်းထောင်နဲ့ အစ်မတော်ဟာ တစ်ဂိုဏ်းတည်းပေါ့"

"မမှားဘူး"

ရှောင်လုံက ဟိုင်ထန်သည် တိမ်ပျံကုံးဟို၏ အတိတ်နှင့်ပစ္စုပ္ပန်ကာလများမှ လှုပ်ရှားခဲ့သည့် လုပ်ငန်းများကို ဟိုင်ထန်မသိဟု ထင်ခဲ့သည်။

သို့သော ဟိုင်ထန်က အကုန်သိနေသည့်အပြင် ကျောင်းထောင်တို့ လူစုနှင့် ပတ်သက်နေသည့်လူ ဖြစ်နေကြောင်းများကိုပါ ရှောင်လုံ သိရ၍ အလွန်အံ့အားသင့်သွားရသည်။

ထို့ကြောင့် တိမ်ပျံကုံးဟိုနှင့် ကျောင်းထောင်တို့ လုပ်ကိုင်ခဲ့သည့် အပြစ်များကို ဟိုင်ထန် ကျိန်းသေသိရမည်ဟု ရှောင်လုံ ယူဆလိုက်၏။

"ရှင် ဒီလောက် အပင်ပန်းခံပြီး ဒုစရိုက်ဂိုဏ်းထဲဝင်လာခဲ့တာ ဘာရည်ရွယ်ချက်တွေ ရှိနေလို့လဲ"

"သိုင်းလောကမှာရှိနေတဲ့ အန္တရာယ်တွေနဲ့ ပြည်သူလူထုရဲ့ လုံခြုံရေးကို ကာကွယ်ဖို့ ကျွန်တော် သူတို့ကို ရှင်းလင်းသုတ်သင်ပစ်ဖို့ ဝင်ခဲ့တာပါပဲ"

"တကယ်ပဲလား"

"တကယ်ပါပဲ"

"ရှင့်မှာ ဘယ်လောက်သတ္တိရှိပြီး အစွမ်းအစ ရှိနေလို့လဲ"

"အစွမ်းအစတော့ သိပ်မရှိပါဘူး၊ ဒါပေမယ့် ပိုင်ကွက်တော့ ရှိပါတယ်၊ ဒါကြောင့် အစ်မတော် ကျွန်တော်နဲ့ ပူးပေါင်းဆောင်ရွက်စေချင်ပါတယ်"

"မဖြစ်ဘူး၊ ကျွန်မ ယုံကြည်တဲ့ လူတစ်ယောက်ပဲရှိတယ်၊ သူကလွဲရင် ကျွန်မ ဘယ်သူ့ကိုမှ မပနံဘူး၊ ကဲ ဒီလိုလုပ် နောက်



သုံးရက်ကြာရင် ရှင် ဒီကိုလာခဲ့ပါ၊ အဲဒီတော့မှ ထပ်ဆွေးနွေးကြသေးတာပေါ့၊ ရှင်လဲ ဒီမှာ အကြာကြီးနေလို့ မကောင်းဘူး၊ ပြန်ပေတော့"

"ကောင်းပါပြီ၊ နောက်သုံးရက်ကြာမှ ကျွန်တော် တစ်ခေါက်ထပ်လာပါဦးမယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ရှောင်လုံ အိမ်လေးထဲမှ ထွက်ခွာသွားလေသည်။

ဟိုင်ထန်က ရှောင်လုံ၏ နောက်ကျောပြင်အား ကြည့်ကာ တစ်ယောက်တည်း ရေရွတ်ကျန်ခဲ့လေသည်။

"အင်း... တယ်တော်တဲ့ လူငယ်ပါလား၊ ငါ့တူလေး လေပြင်းတားသမား ထိလူဟုန်းရဲ့ သိုင်းပညာနဲ့ မတိမ်းမယိမ်းလောက်ရှိမယ်၊ ဒီလူငယ် နှစ်ယောက်သာ ငါ့အနားမှာရှိနေရင် ငါ ဘယ်သူ့ကိုမှ ကြောက်စရာ မလိုတော့ဘူး"

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၃)

မိန်းမချောလေး လောင်ဖန်ချူး၏ နေအိမ်သို့ ရှောင်လုံ ရောက်လာခဲ့သည်။

ရှောင်လုံ လောင်ဖန်ချူး၏ အိမ်ထဲဝင်လိုက်သည်နှင့် အိမ်ထဲမှ စကားပြောသံများကို ကြားလိုက်ရသည်။ လောင်ဖန်ချူးနှင့် သူမ၏ အိမ်ဖော် ထန်ချွင်းတို့နှစ်ယောက် စကားပြောနေခြင်း ဖြစ်သည်။

လောင်ဖန်ချူးက မိမိအပေါ် သံယောဇဉ်တွယ်လျက်ရှိနေကြောင်းများကို ရှောင်လုံ ကြားလိုက်ရသဖြင့် အိမ်လေးထဲသို့ ရုတ်တရက် မဝင်သေးဘဲ အသာအယာ ပြန်ထွက်လာခဲ့သည်။

ထို့နောက် အပြင်ရောက်တော့မှ ရှောင်လုံက အိမ်လေးထဲသို့ အသံပြုလိုက်၏။

ရှောင်လုံ၏ အသံကြောင့် အိမ်ဖော်မလေး ထန်ချွင်း ထွက်လာကာ ရှောင်လုံအား ပြုံးကြည့်၍...

"ဟာ...အတော်ပဲ၊ ခုပဲ ဆရာလေး ရှောင်လုံအကြောင်း ကျွန်မ နဲ့ မမတို့ ပြောနေကြသေးတယ်"

ရှောင်လုံက ဘာမှ ပြန်မပြောဘဲ အိမ်လေးထဲသို့ ဝင်လာကာ ဧည့်ခန်းထဲဝင်၍ ထိုင်လိုက်သည်။

ဧည့်ခန်းထဲတွင် မိန်းမချောလေး လောင်ဖန်ချူးက ရှောင်လုံအား အပြုံးလေးဖြင့် ဆီးကြိုနေသည်။



လောင်ဖန်ချူးကို တွေ့ရသည်နှင့် ရှောင်လုံက သူ့အိတ်ထဲမှ ကျောက်ဖြူနတ်လက်ဝါး ရတနာပစ္စည်းလေးကို ထုတ်ယူ၍ လောင်ဖန်ချူးအား ကမ်းပေးလိုက်၏။

လောင်ဖန်ချူးမှာ မိမိ၏မိဘများလက်ထက်မှ အမြတ်တနိုးထားခဲ့သော ပျောက်ဆုံးသွားသည့် ကျောက်ဖြူနတ်လက်ဝါး ရတနာပစ္စည်းလေးအား တုန်ယင်သောလက်များဖြင့် လှမ်းယူလိုက်ရင်း...

"အို...ကျောက်ဖြူနတ်လက်ဝါး ရတနာပစ္စည်းလေး ပြန်ရပြီဟုတ်လား"

ဝမ်းသာလွန်း၍ အသံလေးများပင် တုန်ယင်လျက် ရှိနေသည်။ လောင်ဖန်ချူး၏ မျက်လုံးအိမ်မှာ မျက်ရည်များ ရစ်ဝဲလာခဲ့ရသည်အထိ ဖြစ်ခဲ့ရ၏။

"ဆရာလေး ရှောင်လုံ၊ ဒီပစ္စည်း ဘယ်က ပြန်ရလာတာလဲ၊ ဒါနဲ့ ဟိုလူကြီးကော..."

ရှောင်လုံက အဖြစ်အပျက်များကို ပြန်ပြောလိုက်ပြီး...

"ဟို...မာကျိုးဆိုတဲ့လူ မင်းလက်ထဲ မအပ်နိုင်တဲ့အတွက် ကျုပ်စိတ်မကောင်းပါဘူး၊ ဒါပေမယ့် မာကျိုးဟာ သူ့ရဲ့ မကောင်းကျိုးအတွက် သူ့အသက်ကို ပေးအပ်လိုက်ရပါပြီ၊ ခုလောက်ဆို ရာမမင်းဆီမှာ အစစ်ခံနေလောက်ပါပြီ"

လောင်ဖန်ချူးမှာ ဝမ်းသာလွန်း၍ ရှောင်လုံအား ကျေးဇူးတင်မဆုံးသော မျက်လုံးအစုံဖြင့် ကြည့်နေသည်။

"ဆရာလေး ရှောင်လုံရဲ့ကျေးဇူး ကျွန်မအပေါ်မှာ အလွန်ကြီးမားလှပါတယ်၊ ရှင့်ကျေးဇူးတွေ ကျွန်မ ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူး"

အိမ်ဖော်မလေး ထန်ချွင်းကလည်း သူ့မမလေး လောင်ဖန်ချူးနည်းတူ ရှောင်လုံအား ကျေးဇူးတင်မဆုံး ဖြစ်နေသည်

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရှောင်လုံ ကျောက်ဖြူနတ်လက်ဝါး ရရှိခဲ့သော ဟိုင်ထန် အကြောင်းများကိုပါ ပြောလိုက်ရာ လောင်ဖန်ချူးနှင့် ထန်ချွင်းတို့နှစ်ယောက် ဟိုင်ထန်အတွက် အလွန်စိတ်မကောင်း ဖြစ်သွားကြရ၏။

ရှောင်လုံက

"အဲဒီ ကျုပ်ရဲ့ နဝမမြောက် ဒေါ်လေး ဟိုင်ထန်ဟာ သူ့ကိုယ်သူ အဲဒီနည်းနဲ့ ညှဉ်းဆဲနေခဲ့တယ်"

လောင်ဖန်ချူးက

"အင်း...ရှင် ဘယ်သူဆိုတာကို သူ့ကို အသိမပေးလိုက်တာ တော်ပါသေးရဲ့၊ တကယ်လို့ ရှင်ဘယ်သူဘယ်ဝါဆိုတာ သိသွားခဲ့ရင် သူ့ကိုယ်သူတောင် သတ်သေမှာ စိုးရတယ်"

"ဒေါ်လေး ဟိုင်ထန်က ကျုပ်ကို စောင့်နေလိမ့်မယ်၊ ကျုပ်အထင်တော့ သူ့ယောက်ျား တိမ်ပျံကုံးဟိုရဲ့ အပြစ်တွေကို ဖော်ထုတ်ပြောမယ်လို့ ထင်တာပဲ"

"ရှင်သူ့ကို ကယ်တင်ဖို့ စိတ်ကူးသလား"

ရှောင်လုံက သက်မကြီးတစ်ချက်ချလိုက်ရင်း

"ဒေါ်လေး ဟိုင်ထန်ကို ကယ်တင်ဖို့ဆိုတာက သိပ် မလွယ်တော့ဘူး၊ သူက ပြစ်မှုတွေကို ကိုယ်တိုင်ကိုယ်ကျ ပါဝင် လုပ်ဆောင်ခဲ့တဲ့အတွက် မလွယ်တော့ဘူးထင်တယ်"

"ဒါနဲ့ ရှင်ကို နောက်သုံးရက်ကြာရင် ဘာလို့လာခိုင်းရတာလဲ"

"ဒါကတော့ ကျုပ်နားမလည်ဘူး"

"တစ်ခုတော့ရှိတယ်၊ ရှင် သူ့ဆီသွားတဲ့အခါ အထူးသတိဝီရိယထားပြီး သွားပါ"

"ဟုတ်ဟယ်၊ ကျုပ် သတိထားမှုဖြစ်မယ်"

"ကျွန်မရဲ့ အကူအညီကော လိုသေးသလား"



"မလိုတော့ပါဘူး၊ မင်းသားလေး ပေါင်းစီးရဲ့ ကိုယ်ရံတော်ရဲမက်တွေဆီက ကျုပ် အကူအညီတောင်းထားတယ်"

"ဒီလိုဆို ကျွန်မ ရှင့်အတွက် ဘာများ အကူအညီပေးနိုင်မလဲ"

ရှောင်လုံ ခေတ္တမျှစဉ်းစားလိုက်သည်။ ပြီးမှ မိန်းမချောလေး လောင်ဖန်ချူးအား စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး...

"တစ်ခုတော့ရှိတယ်၊ မင်း ကျုပ်ကို ကူညီနိုင်မလား မသိဘူး၊ ကျုပ်နေခဲ့တဲ့ ကျောက်ကျားကျီရွာကို သွားပြီး အဲဒီရွာက 'ဟုကျီ' တည်းခိုစားသောက်ဆိုင်ပိုင်ရှင် သံခေါင်းကြီးဟူစန်းကို သွားတွေ့ပေးပါ"

"ကျွန်မနဲ့ ရှင်ပြောတဲ့ သံခေါင်းကြီး ဟူစန်းတို့က မသိကြတော့..."

"ကိစ္စမရှိဘူး၊ မင်းကို ငါ စာတစ်စောင်ရေးပေးလိုက်မယ်၊ မင်း ဘာမှ ပြောစရာမလိုဘူး၊ သူ့ဒီစာကိုဖတ်ကြည့်ပြီး ဘာဆက်လုပ်ရမယ်ဆိုတာ သူသိပါလိမ့်မယ်"

ထို့နောက် ရှောင်လုံက စာရေးစက္ကူပေါ်တွင် ကလောင်တံဖြင့် စာတစ်စောင် ရေးလိုက်ပြီး လောင်ဖန်ချူးအား ပေးလိုက်သည်။

"ကျောက်ကျားကျီရွာမှာ ဟုကျီတည်းခိုစားသောက်ဆိုင်ဆိုရင် ဘယ်သူ့မေးမေး ရပါတယ်၊ အဲဒီဆိုင်ရှင်ရဲ့ နာမည်က သံခေါင်းကြီး ဟူစန်းဆိုတာ မင်း သေသေချာချာ မှတ်ထားပါ"

"ကောင်းပါပြီ၊ ကျွန်မ ဘယ်အချိန် ခရီးစထွက်ရင် ကောင်းမလဲ"

"အခု ကျုပ် ပြန်သွားပြီးတဲ့ အခါကျမှ ပစ္စည်းတွေသိမ်းပြီး မနက်ဖြန်မနက် မိုးလင်းတာနဲ့ သွားရင် ပိုကောင်းလိမ့်မယ်"

"ဟုဘ်ကဲ့၊ ဒါနဲ့ ရှင် ကျောက်ကျားကျီရွာကို ဘယ်နေ့လောက် ရောက်လာနိုင်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ရတာ နောက် သုံးလေးရက်လောက်ဆိုရင် ဟိုကိစ္စ တွေ ပြီးတော့မှာပါ၊ ကိစ္စပြီးပြီးချင်း ကျုပ်လိုက်ခဲ့ပါ့မယ်"

"သိပ်မကြာစေနဲ့နော်၊ ကျွန်မ ရှင့်ကို ဆက်ဆက် မျှော်နေ မယ် သိလား"

"စိတ်ချပါ၊ ကဲ... ကျုပ်သွားတော့မယ်၊ မင်းလဲ ပစ္စည်းတွေ သိမ်းပြီး စောစောအိပ်ပေတော့"

✱ ✱ ✱

နောက်တစ်နေ့နံနက်။

မိုးချုပ်ခါနီးအချိန်လောက်မှ ရှောင်လုံက ချင်ကျိုးကန်းတို့ မိသားစု နေထိုင်ရာသို့ သွားရောက်ခဲ့သည်။

ရှောင်လုံအား ချင်ကျိုးကန်းနှင့် မိသားစုက ဝမ်းသာအား ရ စွာ ကြိုဆိုနှုတ်ဆက်လိုက်ကြ၏။

"သြော်... ဆရာလေး ရှောင်လုံပါလား၊ မိုးတောင်ချုပ်နေပြီပဲ"

"ဟုတ်တယ်၊ ကျုပ် ဒီညမလာမဖြစ်လို့ လာခဲ့ရတာပဲ"

"ဒါနဲ့ ဆရာလေး အဆင်ပြေခဲ့ရဲ့လား၊ ဘာအကြောင်းများ ထူးသေးလဲ"

ထို့နောက် ရှောင်လုံက တန်ချိန်း၊ မာကျိုးနှင့် နောက်ဆုံး ကျောက်ဖြူနှုတ်လက်ဝါးရခဲ့သည်များကို အတိုချုံး၍ ချင်ကျိုးကန်း အား ပြောလိုက်သည်။

ပြီးနောက် ရှောင်လုံက အသင့်ပါလာသော ရွှေနှင့် ငွေများအ ပေးလိုက်ရင်း...

"ကဲ... ခင်ဗျားနဲ့ကျုပ် ကတိထားခဲ့တဲ့အတိုင်း ကျုပ် ခင်ဗျား တို့ရဲ့ ဆုံးရှုံးသွားတဲ့ ဥစ္စာပစ္စည်းတွေအစား ဒီငွေတွေနဲ့ ရွှေတွေ ယူထားလိုက်ပါ၊ ခင်ဗျားတို့ ကြိုက်သလို သုံးနိုင်တယ်၊ ကျုပ် ခင်ဗျားနဲ့ ပတ်သက်ပြီး ကျုပ်ရဲ့ ရန်ကြွေးတွေကို ဆပ်နိုင်ခဲ့ပြီမို့ ခင်ဗျားကို ကျေးဇူးတင်ပါတယ်၊ ကဲ... ကျုပ်သွားတော့မယ်၊ နောက်မှ အေးအေးဆေးဆေး တွေ့ကြသေးတာပေါ့"



ရှောင်လုံမှာ ပြောပြောဆိုဆို ချင်မိသားစုအား နှုတ်ဆက်၍ ပြန်သွားလေသည်။

ချင်ကျိုးကန်းတို့ မိသားစုမှာ ရှောင်လုံပေးခဲ့သော ငွေများနှင့် ရွှေများကို ကြည့်ကာ ဝမ်းသာမဆုံးဖြစ်ရင်း ကျန်ရစ်ခဲ့တော့၏။

✱ ✱ ✱

ရှောင်လုံ မင်းသားလေးပေါင်းဇီး စံအိမ်တော်ကြီးသို့ ညမှောင်မှ ရောက်လာခဲ့သည်။

ရှောင်လုံ ရောက်သွားသည်နှင့် ကိုယ်ရံတော်တပ်စိပ်မှ တပ်မှူး ငါးယောက်နှင့်အတူ သီးသန့်ခန်းလေးထဲတွင် တစ်နာရီကျော် ကျော် လျှို့ဝှက်စွာ ပြောဆိုဆွေးနွေးကြသည်။

ထို့နောက် ရှောင်လုံ ပြန်ထွက်သွားပြန်သည်။

ရှောင်လုံ ယီစန်းဟွာ ဂေဟာရှိရာသို့ လျှောက်လှမ်းသွားနေ သည်။ မကြာမီ ယီစန်းဟွာဂေဟာသို့ ရောက်လာခဲ့၏။

လူယုံတော်အဘိုးကြီး ခေါ်နီရှင်က ရှောင်လုံအား ကြိုဆိုကာ...

"ဆရာလေးရဲ့ အိပ်ခန်းဆောင်ကို ကျွန်တော် ပြင်ဆင်ထား ပြီးပါပြီ"

"ဘယ်နားမှာလဲ"

"သူဌေးကြီးကျင်းရဲ့ အိမ်ဂေဟာမှာပါ"

"မဆိုးပါဘူး၊ ဒီညတော့ ကျုပ်ဒီဂေဟာမှာပဲ အိပ်တော့မယ်၊ နောက်နေ့မှပဲ သူဌေးကြီး ကျင်းဂေဟာကို ပြောင်းလာခဲ့မယ်၊ ဒါနဲ့ ကျုပ်ဆီကို အမျိုးသမီး ချီယွင် ခေါ်လာပေးပါလား"

www.burmeseclassic.com

www.burmeseclassic.com



ခေါ်နီရှင်က မျက်လုံးများ ပြူးကျယ်သွားအောင် အံ့အားသင့်သွားပြီး…

"ဆရာလေးက ချီယွင်ကို အတော်စွဲလမ်းနေပြီနဲ့တူတယ်"

"ခေါ်နီရှင် ကျုပ်ပြောသလိုသာ လုပ်စမ်းပါ"

"တကယ်လို့ ချီယွင် အပြင်ထွက်သွားလို့ မတွေ့ခဲ့ရင် ဒီပြင်မိန်းမချောလေး တစ်ယောက်ယောက်ကို ခေါ်လာပေးရမလား"

ရှောင်လုံက ခေါင်းခါယမ်းလိုက်ပြီး…

"မလိုဘူး၊ ကျုပ်ချီယွင်ကို အကြွေးဆပ်စရာရှိနေတဲ့အတွက် သူ့ကိုပဲ ခေါ်လာခဲ့ပါ"

"ဩော်…ဒီလိုလား၊ ဆရာလေးက ဘယ်ဆိုးလို့လဲ၊ ကတိတည်သားပဲ၊ ကဲ…ကျွန်တော် ချီယွင်ကို တွေ့အောင်ရှာပြီး ခေါ်လာခဲ့ပါ့မယ်"

✱ ✱ ✱

# အခန်း(၁၄)

သုံးရက်မြောက်သော ညနေခင်း။

'ရှီချူ'ပင်လယ်ကမ်းခြေ၏ ညနေခင်းက အလွန်သာယာလျက်နေ၏။

ထိုအချိန် ရှောင်လုံမှာ 'ကျန်ရှဲ့'ဂေဟာသို့ ရောက်ရှိနေလေပြီ။

ရှောင်လုံ ကျန်ရှဲ့ဂေဟာ နောက်ဘက်ရှိ အပန်းဖြေ သီးသန့်အိမ်ကလေးထဲသို့ တန်းလာခဲ့သည်။

အိမ်လေးထဲသို့ ဝင်မည်အပြု အိမ်လေး၏တံခါးမှာ ရုတ်တရက် ပွင့်လာကာ ဝတ်စုံနက်ဝတ် လူသန်ကြီးနှစ်ယောက် ပြေးထွက်လာသည်ကို တွေ့လိုက်ရ၏။

ချင်းဟော့ အိမ်လေးထဲတွင်ရှိနေမည်ဖြစ်ကြောင်း ရှောင်လုံ တပ်အပ်သေချာ သိလိုက်၏။

သူ့ဆီပြေးဝင်လာသော ဝတ်စုံနက်ဝတ်သိုင်းသမား လူသန်ကြီးနှစ်ယောက်က ရှောင်လုံအား ဘေးတစ်ဘက်တစ်ချက်မှ ဝင်ရောက်ဖမ်းဆီးချုပ်ကိုင်လိုက်လေသည်။

ရှောင်လုံက အသာတကြည်ပင် အဖမ်းခံလိုက်၏။

ဝတ်စုံနက်ဝတ် လူသန်ကြီးတစ်ယောက်က …

"ကဲ …မင်း တို့နဲ့လိုက်ခဲ့၊ မင်းကို ဖမ်းခေါ်သွားရမယ်"

ပြောပြောဆိုဆို ရှောင်လုံအား ဝတ်စုံနက်ဝတ် လူကြီး နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်က ဘေးမှညှပ်၍ အိမ်လေးထဲသို့ ဖမ်းဆီးခေါ်ဆောင်သွားလေသည်။

ရှောင်လုံက ဘာမျှမပြောဘဲ သူတို့ခေါ်ဆောင်ရာသို့ အေးအေးသက်သာပင် လိုက်လာခဲ့သည်။

အိမ်လေးထဲသို့ရောက်သောအခါ ဧည့်ခန်းထဲတွင် လူ နှစ်ယောက် မျက်နှာချင်းဆိုင်ကာ အရက်သောက်နေကြသည်ကို တွေ့ရ၏။ တစ်ယောက်က အလှအပ ခြယ်သထားသော ဟိုင်ထန်ဖြစ်သည်။

ကျန်တစ်ယောက်က အသက်လေးဆယ်ကျော်အရွယ် ရှိမည်ထင်ရသော ပိန်ပိန်ရှည်ရှည် လူကြီးတစ်ယောက်ဖြစ်သည်။

ထိုလူကြီးမှာ ဝတ်စုံနက်ဝတ်သိုင်းသမား လူသန်ကြီး နှစ်ယောက်၏ ဆရာကြီး ချင်းဟော့ဆိုသူပင် ဖြစ်သည်။

ရှောင်လုံကို ဖမ်းဆီးခေါ်ဆောင်လာသည်ကို မြင်လိုက်ရသောအခါ ဟိုင်ထန်မှာ မျက်နှာပျက်သွားခဲ့၏။

ပိန်ပိန်ရှည်ရှည် လူကြီးက သူ့လူနှစ်ယောက်အား အေးစက်စက် မေးလိုက်သည်။

"ဟော့ ...သူဘယ်သူလဲ၊ ဘာလာလုပ်တာလဲ"

ဝတ်စုံနက်ဝတ်သိုင်းသမားကြီး တစ်ယောက်က သူတို့၏ဆရာကြီး ချင်းဟော့နားကပ်၍ တီးတိုးပြောလိုက်၏။

ချင်းဟော့၏ မျက်နှာမှာ ရုတ်တရက် လှောင်ပြုံးတစ်ချက်ပြုံးကာ ရှောင်လုံအား စိုက်ကြည့်လိုက်သည်။

"အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ လူချောလေးပါလား"

ရှောင်လုံအား ပြောလိုက်ပြီးနောက် အမျိုးသမီး ဟိုင်ထန်ဘက်သို့လှည့်၍...

"သူ့ဒီအိမ်ကို ဘယ်နှစ်ခေါက်လာဖူးလဲ"



မိန်းမချောကြီး ဟိုင်ထန်က မျက်လုံးပြူးသွားပြီး...

"ချင်းဟော့...ရှင် ဘာဆိုလိုတာလဲ"

အဘိုးကြီး ချင်းဟော့က အေးစက်စက်လေသံဖြင့်...

"ကျုပ် ပွင့်ပွင့်လင်းလင်း ပြောရရင် မင်းဟာ ကျုပ်အပြင်တခြားတစ်ယောက်ယောက် ရှိနေတယ်ဆိုတာ ကျုပ်သံသယဖြစ်နေတာ ကြာပြီ၊ ခု မင်းငြင်းချင်သေးလား"

ချင်းဟော့က ပြောပြောဆိုဆို ဟိုင်ထန်အား ရိုက်နက်ရန် လှမ်းဆွဲမည်အပြု...

ရှောင်လုံ လျှပ်ပြက်သည့်အလား ဟိုင်ထန်ဆီသို့ ရောက်လုလုဖြစ်နေသော အဘိုးကြီးချင်းဟော့၏ လက်ကောက်ဝတ်သွေးကြောကို ဖမ်းနှိပ်လိုက်သည်။

အဘိုးကြီး ချင်းဟော့မှာ ဟိုင်ထန်အား လှမ်းမဆွဲနိုင်တော့ဘဲ နေရာတွင် ခွေကျလုလု ဖြစ်သွားခဲ့၏။

ဝတ်စုံနက်ဝတ် သိုင်းသမားလူသန်ကြီးနှစ်ယောက်မှာ မျက်နှာပျက်သွားပြီး လက်နက်များ အသီးသီးဆွဲထုတ်လိုက်ကာ ရှောင်လုံအား ဝင်ရောက်တိုက်ခိုက်တော့သည်။

ဝတ်စုံနက်ဝတ် သိုင်းသမားတစ်ဦးက ငါးမန်းဓွယ်လက်နက်ကိုင်ဆောင်၍ ကျန်ဝတ်စုံနက် သိုင်းသမားတစ်ယောက်က ဓားရှည်ကို ဆွဲကိုင်ထားကြသည်။

ရှောင်လုံ၏ လျှပ်စီးလက်သကဲ့သို့ လျင်မြန်စွာနေရာရွှေ့ပြောင်းပေးမှုကြောင့် သိုင်းသမားကြီးနှစ်ဦးမှာ ရှောင်လုံအား ဒဏ်ရာ အနာတရ ဖြစ်အောင် မလုပ်နိုင်ခဲ့သည့်အပြင် ရှောင်လုံ၏ အရိပ်ကိုပင်လိုက်မမီနိုင်အောင် ဖြစ်နေသည်။

ရှောင်လုံက အနည်းငယ်ပညာပြပြီးမှ လေပြင်းဓားကွက်အားလက်ဝါးကွက်အဖြစ် ပြောင်းအသုံးပြုတိုက်ခိုက်ရာ သိုင်းကွက်နှစ်ကွက်

www.burmeseclassic.com



အတွင်းမှာ ဝတ်စုံနက်ဝတ် သိုင်းသမားနှစ်ယောက်တို့မှာ လက်နက်များ အသီးသီးလွတ်ကျ၍ ဒဏ်ရာပြင်းထန်စွာ ရသွားလေသည်။

အဘိုးကြီးချင်ဟောမှာ မျက်လုံးမျက်ဆန် အကြီးအကျယ် ပြူးကာ အနီးရှိ ကျောက်စားပွဲကြီးဖြင့် ရှောင်လုံအား ကိုင်ပေါက်မည် ပြုလိုက်သည်။

ရှောင်လုံက ကျောက်စားပွဲကြီးအား ညာလက်တစ်ဖက်နှင့် ဖိထားလိုက်၏။ ကျောက်စားပွဲကြီးမှာ နေရာမှပင် မကြွတော့။

ရှောင်လုံက အေးဆေးစွာပင် အဘိုးကြီးချင်းဟောအား မေးလိုက်၏။

"နေပါဦး၊ ခင်ဗျားက နေပြည်တော်တပ်မှူး ချင်းဟော မဟုတ်လား"

"ဟုတ်တယ်၊ မင်းသိနေသားနဲ့၊ နောက်ထပ် ခုခံချင်သေးလို့လား"

"ထားပါတော့၊ ခင်ဗျားကကော ကျုပ် ဘယ်သူဆိုတာ သိရဲ့လား"

"မင်းက ဘယ်သူမို့လဲ"

"ကျုပ်ကတော့ မင်းသားလေး ပေါင်းဖီးရဲ့ ကိုယ်ရံတော်တပ်မှူး ရှောင်လုံဆိုတာ ကျုပ်ပဲ"

အဘိုးကြီး ချင်းဟောမှာ ရှောင်လုံ၏စကားကြောင့် ရုတ်တရက် ကြောင်အန်းသွားပြီး...

"ဪ...မင်းက မင်းသားလေးပေါင်းဖီးရဲ့ ကိုယ်ရံတော်တပ်မှူး ရှောင်လုံဆိုတာကိုး၊ မင်းရဲ့ သိုင်းပညာကတော့ နေပြည်တော်တစ်ဝန်းမှာ အလွန်ပဲ ကျော်စောထင်ရှားနေပါလား"

ရှောင်လုံက ဘာမှ ပြန်မပြော၊ ပြုံးရုံသာ ပြုံးနေ၏။

ထို့ကြောင့် ချင်းဟောက ဆက်ပြောပြန်သည်။



"အေး...မင်းအကြောင်းတွေ ကြားကတည်းက ငါ မင်းနဲ့ မိတ်ဆက်ဖို့ကို ကြံနေတာကြာပြီ၊ ခုတော့ တို့ဟာ အချင်းချင်းတွေပဲ၊ ရင်းနှီးတဲ့ မိတ်ဆွေများလိုပဲ ဆက်ဆံကြတာပေါ့၊ တို့ တစ်ယောက်နဲ့ တစ်ယောက် အထင်မှားခဲ့ကြတာ ဇွဲမယူပါနဲ့ဟုတ်လား"

ရှောင်လုံကလည်း မျက်နှာကို အချိုသာဆုံး ပြောင်းလိုက်ပြီးနောက်...

"ဆရာကြီးချင်းရဲ့ စကားကြောင့် ကျုပ် တော်တော် အားနာသွားပါတယ်၊ ကျုပ်ခုလို ခြေလွန်လက်လွန် ပြုမိခဲ့တဲ့အတွက် ခွင့်လွှတ်ပါ"

မိန်းမချော ဟိုင်ထန် ခုမှပင် ကျေနပ်သွားတော့၏။

ရှောင်လုံကိုလည်း ပို၍ အထင်ကြီး လေးစားသွားမိသည်။

ဝတ်စုံနက်ဝတ် သိုင်းသမားလူသန်ကြီးနှစ်ယောက်မှာလည်း ရှောင်လုံအား တလေးတစားဖြင့် လာရောက် နှုတ်ဆက်တောင်းပန်ကြသည်။

ထို့နောက် ချင်ဟောနှင့် ရှောင်လုံတို့ အရက်များသောက်ကြကာ စကားပြောနေကြသည်မှာ အချိန်အတော်လေးကြာသွားခဲ့၏။

စကားပြောပြီးကြသောအခါ ချင်းဟောနှင့် သိုင်းသမား နှစ်ယောက်တို့မှာ ရှောင်လုံအား နှုတ်ဆက်၍ 'ကျန်ရှဲ'ဂေဟာမှ ပြန်လည်ထွက်ခွာသွားကြသည်။

ရှောင်လုံက ဟိုင်ထန်အားကြည့်ကာ...

"အစ်မတော် ကတိအတိုင်း ကျွန်တော် လာရောက်ခြင်း ဖြစ်ပါတယ်"

ဟိုင်ထန်က ခေတ္တတွေဝေ စဉ်းစားလိုက်ပြီးမှ...

"ငါ သုံးရက်သုံးညလုံးလုံး စဉ်းစားခဲ့ပြီးမှ စိတ်ပိုင်းဖြတ်လိုက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ အစ်မတော် အခုလို အမြင်မှန်ရတာ ကျွန်တော် အများကြီး ဝမ်းသာပါတယ်ခင်ဗျာ"

"တခြားတော့ မဟုတ်ပါဘူး၊ သိုင်းလောကတွင်းမှာရှိတဲ့ လူတစ်ယောက်ကိုပဲ ငါယုံကြည်တယ်၊ အဲဒီလူကို မင်းရအောင် ခေါ်ပေးနိုင်ရင်တော့ ငါအားလုံးကို ထုတ်ဖော်ပြောဆိုနိုင်ပါတယ်"

"အစ်မတော်က ဘယ်သူနဲ့များ တွေ့ချင်လို့ပါလဲ"

"မင်းတော့ သိမလား မဆိုနိုင်ဘူး၊ သိုင်းလောကမှာ ထင်ရှားကျော်ကြားနေတဲ့ လေပြင်းသိုင်းသမား ထီလူဟုန်း ဆိုတာပဲ၊ သူ့ကို မင်းရအောင် ရှာနိုင်ပါ့မလား"

ရှောင်လုံမှာ ထိုစကားကြောင့် ရင်ခုန်လာမိသည်။

မိမိရှာပေးရမည့်သူမှာ မိမိဖြစ်နေမှန်းသိ၍ **အစတော်လေး** ဦးနှောက်ခြောက်သွားရ၏။

ဟိုင်ထန်အား အမှန်အတိုင်းလည်း ထုတ်ဖော်မပြောဝံ့။

အမှန်အတိုင်းသာ ထုတ်ဖော်ပြောလိုက်ပါက ဒေါ်လေး ဟိုင်ထန်မှာ အရှက်ကြီးပြီး ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်မည် ကိုပင် စိုးရိမ်ရသည်။

ဟိုင်ထန်က ရှောင်လုံ တွေဝေနေသည်ကို ကြည့်ပြီး...

"ဘာလဲ၊ မင်းက အောက်ပြည် အောက်ရွာကို သွားဖို့ ခရီးဝေးတဲ့အတွက် စဉ်းစားနေတာလား"

"မဟုတ်ပါဘူး၊ ဒီလေပြင်းဓားသမား ထီလူဟုန်းဆိုတဲ့ လူစွမ်းကောင်း သိုင်းသမား ခု နေပြည်တော်မှာ ရောက်နေတယ်လို့ သတင်းကြားရလို့ပါ"

ဟိုင်ထန်မှာ ထိုစကားကြောင့် မယုံကြည်နိုင်ဖြစ်သွားကာ...

"အို...သူ ခု နေပြည်တော်ကို ရောက်နေတယ် ဟုတ်လား"

"ဟုတ်တယ်"



"မင်း လူမှားနေပြီနဲ့ တူတယ်၊ သေသေချာချာ ကြားခဲ့ရလို့လား"

"မမှားနိုင်ပါဘူး၊ သူ နေပြည်တော်ကို ရောက်နေတာ သေချာပါတယ်"

"ဟာ...မဖြစ်နိုင်ဘူး"

"ဖြစ်နိုင်ပါတယ်၊ ကျွန်တော်သူ့ကို ခေါ်ပေးနိုင်ပါတယ်"

"တကယ်လား"

"ဒီကိစ္စ လိမ်ပြောလို့ရတဲ့ကိစ္စမှ မဟုတ်တာပဲ"

"သူရောက်လာရင် ငါ့အနေနဲ့ သိရမှာပဲ"

"ဒါဆို ခုပဲ သွားခေါ်ပေးရမလား"

"နေဦး၊ မင်း သူ့ကို သိလို့လား"

"လူချင်းတော့ မသိပါဘူး၊ နာမည်ကိုတော့ ကြားဖူးနေတာကြာပါပြီ"

ဟိုင်ထန်၏ စိတ်များ လှုပ်ရှားလာပြီး...

"မင်းကို ငါတစ်ခု တောင်းပန်ပါရစေ"

"ပြောပါ ရပါတယ်"

"ထီလူဟုန်းနဲ့ ငါတို့ဟာ ပတ်သက်ရာ ပတ်သက်ကြောင်းတွေမို့ ငါတို့ရဲ့အကြောင်းတွေ သူ့ကို ပြောမပြလိုက်ပါနဲ့နော်"

"ကျွန်တော် နားလည်ပါတယ်၊ စိတ်ချပါ၊ သူ့ကို စာပဲ ပေးလိုက်ပါ့မယ်၊ တခြားဘာမှ မပြောပါဘူး"

ဟိုင်ထန်၏ မျက်လုံးအိမ်မှ ရုတ်တရက် မျက်ရည်များ စီးကျလာခဲ့သည်။

"မင်းကို ကျေးဇူးတင်မဆုံးပါဘူးကွယ်၊ လေပြင်းဓားသမား ထီလူဟုန်းသာ ရောက်လာခဲ့ရင် သူ့ကို ငါ အကုန်ထုတ်ဖော် ဝန်ခံပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ တခြား ဘာအကူအညီများ လိုပါသေးလဲ"

"မလိုတော့ပါဘူး၊ ကျေးဇူးတင်လှပါပြီ"

ထို့နောက် ရှောင်ပေ့ံ နှုတ်ဆက်ကာ 'ကျွန်ရှဲ'ဂေဟာမှ ထွက်လာခဲ့တော့သည်။

✳ ✳ ✳

နောက်တစ်နေ့နံနက် စောစောအချိန်။

'ကျွန်ရှဲ'ဂေဟာသို့ ဝတ်စုံဖြူဝတ် လူငယ်တစ်ယောက် ရောက်လာခဲ့၏။ လူငယ်မှာ ခံ့ညားချောမောသူ တစ်ယောက် ဖြစ်ပြီး ယောကျ်ား ပီသသော အသွင်အပြင်ရှိသူ ဖြစ်သည်။

မိန်းမချော ဟိုင်ထန်က ဧည့်ခန်းထဲသို့ဝင်လာသော ဝတ်စုံဖြူဝတ် လူငယ်အား ဆီးကြိုဖြက်ကာ ရှိက်ကြီးတငင် ငိုကြွေးလေတော့သည်။

"တူတော်မောင် ထိလှုပ်ဟန်း၊ မင်းခု နေပြည်တော်ရောက်နေတာ ဘယ်လောက်ကြာပြီလဲ၊ မင်း တော်တော် နေနိုင်ခဲ့တာပဲ"

ထိလှုပ်ဟန်းက နဝမမြောက် ဒေါ်လေးဖြစ်သူ ဟိုင်ထန်အား အသာအယာ လှချင်းခွဲခွာ၍ နှစ်သိမ့်စကားပြောလိုက်၏။

"ဟုတ်ပါတယ်ဒေါ်လေး၊ ကျွန်တော် နေပြည်တော်ကို ရောက်နေတာ ကြာပါပြီ၊ အမှန်အတိုင်း ပြောရရင် ဟိုအောက်ပြည် အောက်ရွာမှာ ခုနစ်ရက်လောက်နေပြီး ဟိုမှာ ကျွန်တော်ကိုယ်စား လင်ချူးချွန်းကို ဟန်ဆောင်ခိုင်းထားခဲ့တာပါ၊ ဒီလိုမှ မလုပ်ရင် ကျွန်တော့်ကို ကျူးပိုက်ဂိုဏ်းက အန္တရာယ်ပေးမှာ သေချာတယ်၊ ဒေါ်လေးကို ချက်ချင်းလာမတွေ့တာကလဲ အခြေအနေအရကြောင့်ပါ"

"ဒီလိုဆိုတော့ ကျူးပိုက်ဂိုဏ်းချုပ်ဟာ နေပြည်တော်မှာ ရှိနေတယ်ဆိုတာ မင်းသိနေတယ်ပေါ့"



"ဒေါ်လေး ဒီအကြောင်းတွေကို ကျွန်တော် ပန့်စန်ဖိန် အိမ်ကြီးမှာ ကတည်းက သိပြီးပါပြီ၊ ဒါပေမယ့် သက်သေအထောက်အထား မခိုင်လုံသေးတဲ့အတွက် ဘာမှ [illegible] ပတ်သက်တဲ့ လူအချို့ကိုလဲ ကျွန်တော်တွေ့ရှိထားပြီးပါပြီ [illegible] အစီအစဉ်တွေ လုပ်ရဦးမယ်၊ ဒါကြောင့် ဒေါ်လေး [illegible] တွေ ကျွန်တော့်ကို ပြောပြပါလား"

ဟိုင်ထန်၏ ထိလှုပ်ဟန်း၏ အမေးကို [illegible] သည်များကို ဆက်လက်မေးမြန်းနေသည်။

"တူတော်မောင် ဘယ်လိုသိတာလဲ"

လီထိကျင်း(ခေါ်) လေပြင်းဓားသမား ထိလှုပ်ဟန်းက [illegible] ကြီး ကုလားမာဒေ့၊ ခိုင်လော့ဟော့နှင့် လိန်းလင်တို့ကို သတ်ခဲ့သည့် မာကျိုးဆိုသူကို တွေ့ရပြီး မာကျိုးမှတစ်ဆင့် ကျူးပိုက်ဂိုဏ်းချုပ် အကြောင်း အသေးစိတ်ပြန်ပြောပြလိုက်၏။

ထိလှုပ်ဟန်းစကားကို ခေတ္တဖြတ်ကာ ဟိုင်ထန်အားကြည့်၍ ဆက်ပြောလိုက်သည်။

"ခါးကုန်း ကြီး ကုလားမာဒေ့ မသေခင်က ကျွန်တော့် ဖခင်ကြီး လုပ်ကြံခံရတဲ့ အကြောင်း အကုန်ပြောပြသွားခဲ့ပါတယ်၊ ဦးဦးမာဒေ့ ပြောခဲ့တဲ့ စကားအရတော့ ကျူးပိုက်ဂိုဏ်းချုပ်ကြီးက ကျွန်တော့်ဖခင်ကြီးကို လုပ်ကြံခဲ့တယ်လို့ ပြောခဲ့တာပါပဲ"

ထိလှုပ်ဟန်းက စကားဖြတ်ကာ ဟိုင်ထန်အား အကဲခတ်သလို တစ်ချက်ကြည့်လိုက်ပြန်သည်။ ပြီးမှ ဆက်ပြောသည်။

"ကျွန်တော် စုံစမ်းသိရသလောက်ဆိုရင် အဲဒီကျူးပိုက်ဂိုဏ်းချုပ်ကြီးက နေပြည်တော်မှာရှိတဲ့ သူမင်းသားကြီးစံအိမ်မှာ အမှုထမ်းနေပြီး သူမင်းသားကြီးရဲ့ အရှိန်အဟုန်တွေကို အလွဲသုံးစားပြုလုပ်နေတယ်လို့ သိခဲ့ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟိုင်ထန်က ကြားဝင်၍ စိတ်အားထက်သန်စွာ ဝင်ရောက်ပြောဆိုလိုက်ပြန်သည်။

"တူတော်မောင်၊ မင်းဘာမှ ပူမနေနဲ့တော့၊ ငါတစ်ယောက်လုံးရှိတယ်၊ ငါဖော်ပြလိုက်ရင် သူ ဘယ်လိုမှ ငြင်းမရတော့ပါဘူး"

"ဒေါ်လေးက သူ့ကို သိလို့လား"

"မသိဘဲ ငါဘယ်လိုပြောနိုင်မှာလဲ"

"ဒေါ်လေး ဘယ်အချိန်ကစပြီး သိခဲ့ရတာလဲ"

"သူကိုယ်တိုင် ပြောပြလို့ သိရတာပါ၊ နေပြည်တော်ကို ရောက်ပြီးမှ သူငါ့ကို ပြောပြခဲ့တယ်"

ဟိုင်ထန်က ထိလူ့ဟုန်း၏ မျက်နှာကို သေသေချာချာ စူးစိုက်ကြည့်လိုက်ပြီးမှ ပြောလက်စ စကားကို ဆက်ပြောလိုက်သည်။

"ငါ့မှာ သမီးတစ်ယောက်ရှိခဲ့တယ်၊ မွေးကင်းစအရွယ်ကတည်းက ငါနဲ့အတူ မနေခဲ့ရဘူး၊ ငါ သူနဲ့ အိမ်ထောင်ကျမှ သူ့မှာလဲ နောက်အိမ်ထောင်ရှိကြောင်း သိရတော့တယ်၊ ဒါနဲ့ ငါကလဲ ငါ့သမီးကို သူ့ဆီမှာသွားထားပြီး သတင်းစုံစမ်းခိုင်းခဲ့တယ်၊ သူကတော့ ငါ့သမီးမှန်း မသိဘူး၊ နောက်မှ သူ့အိမ်မှာနေတဲ့ မိန်းကလေးဟာ ငါ့သမီးမှန်း သိသွားတယ်၊ ငါ့ကို သူကသမီးနဲ့ ပတ်သက်ပြီး အကျပ်ကိုင်ခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့အပြစ်တွေ မပေါက်ကြားအောင် ငါ့သမီးလေးကိုသူ့အကျယ်ချုပ်သဘောနဲ့ သူ့အိမ်မှာ ချုပ်ထားခဲ့တယ်၊ ဒီတော့ ငါ့သမီးလေးကို အလျှင်ကယ်နိုင်မှ ဖြစ်မယ်"

"ဒေါ်လေး၊ စိတ်ချပါ၊ သူ့ရဲ့ဟိုအိမ်ထောင် ဘယ်မှာရှိတယ်ဆိုတာသာ ပြောပြပါ"

"ဆူမင်းသားစံအိမ်တော်ရဲ့ နောက်ဘက် လမ်းကြားလေးထဲမှာ ရှိတယ်၊ အိမ်ရှေ့မှာ အလွန်ကြီးမားတဲ့ သစ်ပင်ကြီးတစ်ပင်ရှိတယ်၊ လမ်းလေးထဲ ဝင်ဝင်ချင်း ထိပ်ဆုံးက အိမ်ပါပဲ"



"ဒေါ်လေး စိတ်ချနေပါ၊ ညီမလေးကို ကယ်ပြီးမှ လုပ်စရာရှိတာ ဆက်လုပ်ပါ့မယ်"

"တူတော်မောင်ကို ဘာစိတ်မချစရာရှိလဲ၊ မင်းဟာ ငါ့ရဲ့သားတစ်ယောက်လို ဖြစ်နေတာပဲ၊ မင်းဖခင်ကြီးကိုလဲ ငါ ခင်မင်ခဲ့ပါတယ်၊ ဒါပေမယ့် မင်းဖခင်ကြီးကို ငါ ရက်စက်မိသလို ဖြစ်ခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါကိုယ်တိုင် မင်းဖခင်ကြီးကို သေကြောင်းကြံသလို ဖြစ်နေလို့ပါပဲ"

ပြောရင်း ဟိုင်ထန်မှာ မျက်ရည်များစီးကျလာကာ ဝမ်းနည်းစွာ ငိုရှိုက်နေမိ၏။

ဟိုင်ထန်က မျက်ရည်များကြားမှ ဆက်ပြောပြန်သည်။

"မင်း ကျူးပိုက်ဂိုဏ်းချုပ်ကို သတ်တဲ့အခါ ငါ့ကိုလဲ တစ်ပါတည်း သတ်လိုက်ပါတော့၊ ရှေ့ ဒီစာထဲမှာ ငါ့ရဲ့ မိုက်ပြစ်တွေနဲ့ ကျူးပိုက်ဂိုဏ်းချုပ်ရဲ့ မိုက်ပြစ်တွေ အားလုံး ရေးသားထားတယ်"

လေပြင်းဓားသမား ထိလူ့ဟုန်း ...

"အို ...ဒေါ်လေးကလဲ၊ ဒီအကြောင်းတွေဟာ ကြာခဲ့ပါပြီ၊ နောက် ဒေါ်လေး စိတ်ဆန္ဒကြောင့် ပါဝင်ခဲ့ရတာမှ မဟုတ်တာ၊ ကဲ... ဒီအကြောင်းတွေ မေ့ပစ်လိုက်ပါတော့ ဒေါ်လေးရယ်"

ဟိုင်ထန်မှာ အနည်းငယ် စိတ်သက်ရာရသွားပြီး ...

"ကောင်းပြီ၊ ဟို ရှောင်လုံဆိုတဲ့သူငယ် ဘယ်မှာလဲ"

"ကျွန်တော့်ကို စာပေးခိုင်းတဲ့လူလား"

"သူ့မှာလဲ တခြားကိစ္စ ရှိသေးတယ်ဆိုပြီး ထွက်သွားတာပဲ"

"တူတော်မောင် ထိလူ့ဟုန်း၊ ရှောင်လုံရဲ့ သိုင်းပညာလဲ မဆိုးလှဘူး၊ မင်း သူ့ရဲ့ အကူအညီ အများကြီးရနိုင်တယ် သူ့ကို မိတ်ဆွေအဖြစ် မင်း ပေါင်းထားသင့်တယ်"

"ကျွန်တော်လဲ ရိပ်မိပါတယ်၊ ခုညတော့ အချိန်မရှိတော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မှပဲ ညီမလေးကို သွားကယ်တော့မယ်၊ ညီမလေးကို ကယ်ပြီးရင် ကျွန်တော် ကျူးပိုက်ဂိုဏ်းချုပ်ကို ဆက်လက်ဖမ်းဆီးပါ့မယ်"

"ကောင်းတယ်၊ မင်း သူ့ကို မိမိချင်း ငါ့ဆီခေါ်လာခဲ့ပါ၊ သူ့ရှေ့မှာ ငါတို့နှစ်ယောက်ရဲ့ အပြစ်တွေကို ဖွင့်ပြောပြမယ် ဟုတ်လား၊ ဒီလိုလုပ်တော့ ပိုကောင်းတာပေါ့၊ သူလူ ငြင်းကွယ်လို့ မရတော့ဘူး"

"ဒါဖြင့် ကျွန်တော် သွားတော့မယ်"

"ခဏနေဦး၊ နေပြည်တော်မှာ ကိစ္စပြီးသွားရင် ဘယ်ကိုသွားဖို့ စိတ်ကူးထားသလဲ"

"ကျွန်တော် ကျောက်ကျားကျိုရွာကိုသွားပြီး ဘဘဟူနဲ့ သွားတွေ့ရပါဦးမယ်"

"နောက် မင်းနဲ့သင်ချူချွန်းတို့ မင်္ဂလာကိစ္စ ဘယ်မှာလုပ်မလဲ"

"ခုထိ မဆုံးဖြတ်ရသေးပါဘူး၊ ပန့်စန်ဖိန်မှာပဲ လုပ်ဖို့ စိတ်ကူးထားပါတယ်"

"အေး...ကောင်းတယ်၊ ကဲ...မင်းသွားချင်လဲ သွားတော့၊ အထူးသတိဝီရိယထားပြီး သွားပါ"

"ဟုတ်ကဲ့ ဒေါ်လေး၊ သတင်းကောင်းနားထောင် နေရစ်ခဲ့ပေတော့၊ ကျွန်တော်သွားတော့မယ်"

လေပြင်းမားသမား ထိလူဟုန်း ထွက်ခွာသွားလေပြီ။

ဟိုင်ထန်မှာ လီထိကျင်း ထွက်ခွာသွားပြီးနောက် တစ်ယောက်တည်း တီးတိုးရေရွတ်လိုက်မိသည်။

"တူတော်မောင်ရယ်၊ မင်းနဲ့ မင်းဖခင်ကြီးအတွက် ငါအလွန်စိတ်မကောင်းပါဘူးကွယ်"

ဟိုင်ထန်၏ ရေရွတ်သံကိုတော့ ထိလုဟုန်း တစ်ယောက် မကြားနိုင်တော့။ အဝေးသို့ပင် ရောက်သွားခဲ့လေပြီ။

✳ ✳ ✳



# အခန်း(၁၅)

အလုံပိတ် မြင်းရထားကြီးသုံးစီး။

လူအပြည့်နှင့် လမ်းမကြီးပေါ်တွင် အားသွန်မောင်းနှ ်င် လာနေသည်။

ဝှိအလုံပိတ် မြင်းရထားကြီးသုံးစီး၏ ရှေ့အဝေး ဝေးဝေး တစ်နေရာတွင်တော့ သေသပ်လှပသော မြင်းလှည်းလေးတစ်စီး လျင်မြန်စွာ မောင်းနှင်သွားနေသည်။

မြင်းလှည်းလေးတွင်မူ

သီရှောက်ကွမ်း(ခေါ်)လီထိကျင်း(ခေါ်)ရှောင်လုံ(ခေါ်) လေပြင်းမားသမား ထိလူဟုန်း...

သူ၏ စိတ်ကြိုက်လက်ရွေးစင် တပည့် သုံးယောက်တို့ ပါရှိသည်။ နောက်ဖက် ခပ်လှမ်းလှမ်း အလုံပိတ် မြင်းလှည်းကြီးသုံးစီးပေါ်တွင် ရှောင်လုံ၏ ကိုယ်ရံတော် ရဲမက်များ အပြည့်ပါလာခဲ့၏။

အတန်ကြာသောအခါ ဆူမင်းသားကြီး၏ စံအိမ်တော် အနောက်ဘက်ရှိ လမ်းကြားလေးထဲသို့ ရှောင်လုံတို့အုပ်စု ရောက်လာခဲ့ကြ၏။

လရောင် အနည်းငယ်သာရှိနေသဖြင့် အလင်းရောင်မှာ တဝါးဝါးသာရှိသည်။

ရှောင်လုံက ရှေ့မှ ဦးဆောင်ကာ မြင်းလှည်းလေးပေါ်မှ ဆင်း

www.burmeseclassic.com

www.burmeseclassic.com



ကာ အမှောင်ရိပ်ထဲမှ အိမ်တစ်အိမ်အား သေချာစွာ စူးစိုက်အကဲခတ်ကြည့်နေကြသည်။

ချန်တာက...

"အထဲမှာ လူဘယ်လောက်ရှိမှန်းမသိဘူး"

ရှောင်လုံက

"လူဘယ်လောက်ရှိရှိ တွေ့သမျှလူတွေကို အကုန်ဖမ်းဆီးရမှာပဲ၊ အကောင်းဆုံးကတော့ လူတစ်ယောက်မှ မအော်နိုင်ဘဲ လက်ရ ဖမ်းဆီးနိုင်ရင် ပိုကောင်းမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းသားကြီးဆူရဲ့ စံအိမ်တော်နဲ့ နီးကပ်နေတော့ သိပ်ဆူဆူညံညံ ဖြစ်သွားရင် ပြဿနာတက်နေမှာ စိုးရတယ်"

ဘပ်ထက...

"မှန်ပါတယ်၊ ဆူညံမှုကို အတတ်နိုင်ဆုံးနည်းအောင် လုပ်မှဖြစ်မယ်"

ဟိုင်ထန်က...

"တပ်မှူး...ကျွန်တော်တို့ ဘယ်သူ့ကို ကယ်ရမှာလဲ"

သူတို့ကို ရှောင်လုံက ခုထိ ကယ်ရမည့်သူကို မပြောသေး၊ ထို့ကြောင့် ရှောင်လုံက တီးတိုးလေသံဖြင့် ပြောလိုက်၏။

"မင်းတို့ မိန်းကလေးတစ်ယောက်ကို အရင်ဆုံး ကယ်ရမယ်၊ ကဲ...ခုပဲ တို့ ခြံစည်းရိုးကို အရင်ကျော်ပြီး အထဲကို ဝင်ကြမယ်"

ရှောင်လုံက မှောင်မည်းနေသော အိမ်ကြီးဆီသို့ တစ်ချက်အကဲခတ်ကြည့်လိုက်ပြီးမှ ဆက်ပြောပြန်သည်။

"ကဲ...မင်းတို့ ငါ့နောက်က အသာ ခြေသံလုံလုံနဲ့ လိုက်လာခဲ့ကြ"

ပြောပြောဆိုဆို ရှောင်လုံ ဦးဆောင်ကာ အိမ်ကြီး၏ တံခါးပေါက်ဆီသို့ အသာချဉ်းကပ်သွားသည်။



မကြာမီ အိမ်ကြီးရှေ့သို့ ရောက်လာကာ ခပ်တည်တည်နှင့် တံခါးသုံးချက် ခေါက်လိုက်သည်။ တံခါးခေါက်သံကြောင့် ခဏအကြာတွင် အိမတံခါးမကြီး ပွင့်လာကာ မိန်းမကြီးတစ်ယောက် ထွက်လာခဲ့၏။

အိမ်ကြီးထဲတွင်မူ မီးပုံးနှစ်လုံးသာ ထွန်းထားသဖြင့် သိပ်အလင်းရောင်မရပေ။ သို့သော် အိမ်ကြီးအပေါ်ထပ်တွင် မီးများလင်းထိန်နေသည်ကို တွေ့လိုက်ရ၏။

အိမ်ကြီးမှာ ရုတ်တရက် ကြည့်ရခြင်းအားဖြင့် လူမရှိသကဲ့သို့ ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

ရှောင်လုံက တံခါးဖွင့်ပေးသော မိန်းမကြီးအား ရုတ်တရက် ဖမ်းချုပ်ပြီး အကြောပိတ်လိုက်၏။

ထို့နောက် သူ့လူများအား အချက်ပြခေါ်ကာ အိမ်ကြီး အပေါ်ထပ်သို့ တက်သွားကြလေသည်။

အပေါ်ထပ်သို့ရောက်သောအခါ ပထမဆုံးတွေ့လိုက်ရသူက မိန်းမပျိုလေးတစ်ယောက်ဖြစ်သည်။

ရှောင်လုံက ထိုမိန်းမပျိုလေးမအော်နိုင်စေရန် ဖမ်းချုပ်ရပြီး အကြောပိတ်လိုက်ပြီး သူ့လူများအား တီးတိုးအမိန့်ပေးလိုက်၏။

"ကဲ...အိမ်ပေါ် အိမ်အောက်ပါမကျန် လူရှိမရှိ သွားရှာကြ၊ တွေ့သမျှလူတွေကို အသံမထွက်စေဘဲ ဖမ်းဆီးခေါ်လာခဲ့ရမယ်"

ရဲမက်များ အသီးသီးတာဝန်ခွဲဝေကာ အိမ်ပေါ် အိမ်အောက်သို့ လူဖြန့်၍ ရန်သူအား ရှာဖွေကြသည်။

ရှောင်လုံ၏ လူများသည် နေရာအနှံ့ရှာသော်လည်း အိမ်ပေါ်နှင့် အိမ်အောက်တွင် လူတစ်ယောက်မှမတွေ့ဘဲ တံခါးဖွင့်ပေးသော အမျိုးသမီးကြီးနှင့် အိမ်ပေါ်ထပ်မှ မိန်းမပျိုလေးတို့ကိုသာ တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လုံက သူ့လူများအား လှမ်းပြောလိုက်၏။

"ကဲ...တို့အောက်ပြန်ဆင်းကြမယ်"

သူတို့အားလုံး အိမ်အောက်ထပ်သို့ ပြန်ဆင်းခဲ့ကြ၏။

"က...လုံဝတ်နဲ့ ရဲမက်ငါးဦး၊ ဒီအမျိုးသမီးနှစ်ယောက်ကို 'ရှီချူ'ပင်လယ်ကမ်းခြေမှာရှိတဲ့ 'ကျန်ရှဲ'ဂေဟာကို ခေါ်သွားကြ၊ ဟိုမှာ ဂေဟာပိုင်ရှင် ဟိုင်ထန်ဆိုတဲ့ အမျိုးသမီးကို တွေ့လိမ့်မယ်၊ ရှောင်လုံနဲ့ ထိလူဟုန်းတို့ မကြာခင်ရောက်လာမယ်လို့ ပြောလိုက်"

ရှောင်လုံက စကားဖြတ်လိုက်ပြီး ကျန်ရှိနေသည့် ရဲမက်များအား လှည့်အမိန့်ပေးလိုက်ပြန်သည်။

"ကဲ...ရဲမက်တို့၊ မြင်းလှည်းတွေပေါ်ပြန်တက်ကြ၊ တို့ ခု ဒုစရိုက်ခေါင်းဆောင် သူဌေးကြီးကျောင်းထောင်တို့ဆီကို အမြန်ဆုံး သွားကြမယ်"

ရှောင်လုံ၏စကားဆုံးသည်နှင့် အလုံပိတ် မြင်းလှည်းကြီး သုံးစီးမှာ သူဌေးကြီးကျောင်းထောင်ရှိရာ ယီစန်းဟွာဂေဟာသို့ လျင်မြန်စွာ မောင်းထွက်ခဲ့ကြ၏။

✱ ✱ ✱

ယီစန်းဟွာ ဂေဟာသို့ ရှောင်လုံတို့လူစု ရောက်လာခဲ့ကြသည်။

ဆက်လက်၍ ဂေဟာအနောက်ဘက် ကြီးမားသော ခြံဝင်း[illegible] ကြီး အတွင်းရှိ သူဌေးကြီးကျောင်းထောင်နေထိုင်သော အိမ်ကြီးဆီသို့ [illegible] တန်းသွားကာ ရဲမက်များက အိမ်ကြီးအား ဝိုင်းထားလိုက်ကြသည်။

ရှောင်လုံက သူ့လူများအား တိတ်တဆိတ် အမိန့်ပေးလို[illegible] သည်။

"ဟိုင်ထန်၊ ဟပ်ထ၊ ယိချင်နဲ့ ကျန်တဲ့ရဲမက်တွေ ဒုစရိ[illegible] ကောင်တွေအားလုံး မလွတ်စေနဲ့၊ လက်ရဖမ်းမိနိုင်အောင် ကြိုး[illegible]



ကြရမယ်၊ လူအဝင်အထွက်လဲ မရှိစေနဲ့၊ တာဝန်ကို ဂရုတစိုက် ထမ်းဆောင်ကြပါ"

ရှောင်လုံ အမိန့်ပေးပြီးနောက် မှောင်ရိပ်ခိုကာ သူဌေးကြီး ကျောင်းထောင်၏ နေအိမ်ကြီးဆီသို့ ချဉ်းကပ်သွားနေသည်။

အိမ်ကြီးသို့ရောက်သောအခါ ရှောင်လုံက အသံပြုလိုက်သည်။

ရှောင်လုံ အသံပြုလိုက်သောကြောင့် ပိတ်ထားသော အိမ်ကြီး၏ တံခါးနှစ်ချပ် ပွင့်သွားကာ သိုင်းဝတ်စုံဝတ်ထားသော လူတစ်ယောက် ပေါ်ထွက်လာခဲ့သည်။

တံခါးဖွင့်ပေးသူမှာ မျက်နှာတွင် ဓားဒဏ်ရာ အမာရွတ်နှင့် လူဖြစ်သည်။

ရှောင်လုံက အိမ်ကြီးထဲရောက်သည်နှင့် တံခါးကို ပြန်ပတ်လိုက်ပြီး...

"သူဌေးကြီးကျောင်း ရှိသလား"

မျက်နှာ အမာရွတ်နှင့်လူက...

"ရှိပါတယ်၊ သူဌေးကြီး လူယုံတော် ခေါ်နီရှင်နဲ့အတူ ရှိနေကြပါတယ်"

"ဪ...ဒါကြောင့် ယီစန်းဟွာ ဂေဟာမှာ ခေါ်နီရှင်ကို မတွေ့ရတာကိုး"

ထိုမျက်နှာ ဓားဒဏ်ရာနှင့်လူက သူဌေးကြီးကျောင်း ရှိနေသော အပေါ်ထပ်သို့ ရှောင်လုံအား ခေါ်ဆောင်သွား၏။

အိမ်ပေါ်သို့ရောက်သောအခါ သီးသန့်ခန်းတစ်ခန်းရှေ့ရှိ တံခါး တစ်ချပ်ကို ခေါက်လိုက်သည်။

"ဒေါက်...ဒေါက်...ဒေါက်..."

"ဘယ်သူလဲ"

အထဲမှ လူယုံတော်ကြီး ခေါ်နီရှင်၏အသံ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ရှောင်လုံပါ၊ သင်္ချေကြီးနဲ့ တွေ့ချင်လို့"

ရှောင်လုံ၏အသံ ကြားရသည်နှင့် ခေါ်နီရှင်က သီးသန့်အခန်းတံခါး ဖွင့်ပေးလိုက်သည်။

အခန်းထဲတွင် သင်္ချေကြီးကျင်းထောင်နှင့် ခေါ်နီရှင်၊ ကိုယ်ရံတော် သိုင်းသမားကြီးနှစ်ယောက်တို့ ရှိနေကြသည်။

သင်္ချေကြီးကျင်းထောင်က ပြုံးလျက် ...

"ဘယ်လိုလဲ၊ အခု ဒီအိမ်ကြီးကို ပြောင်းလာတာလား"

ရှောင်လုံ ဘာမျှမပြောဘဲ ရုတ်တရက် သင်္ချေကြီးကျင်းထောင်၏ ညာဘက်လက်ကောက်ဝတ်ကို ဆတ်ခနဲ ဖမ်းဆုတ်ကိုင်လိုက်သည်။

သင်္ချေကြီးကျင်းထောင်က အပြုံးမပျက်ဘဲ...

"ရှောင်လုံ ဘာလုပ်တာလဲ၊ မင်းဒီလို ကျီစားတာတော့ မကောင်းပါဘူးကွာ"

ရှောင်လုံက ခပ်တည်တည်နှင့်...

"အားနာပါတယ်၊ အခုကိစ္စက ဆရာကြီးကျင်းထောင်ကို လာဖမ်းတာပါ"

"ဆရာလေး ရှောင်လုံကလဲ နောက်စရာမရှိ ကြံဖန်နောက်နေတာကိုး၊ လာပါ အေးအေးဆေးဆေး စကားပြောကြရအောင်"

ရှောင်လုံက မျက်နှာထားခက်ထန်စွာနှင့်...

"ဆရာကြီးကျင်းထောင် ကျုပ်နောက်နေတာ မဟုတ်ဘူး၊ မယုံရင် ခင်ဗျားလူတွေလွှတ်ပြီး ကြည့်ခိုင်းလိုက်ပါ၊ ကျုပ်ရဲ့ ပါလာတဲ့ ရဲမက်တွေက ခင်ဗျားရဲ့ နေအိမ်ကြီးကို ဝိုင်းထားကြပြီ"

အခန်းထဲမှ ကျင်းထောင်၏ ကိုယ်ရံတော်သိုင်းသမား တစ်ယောက်က ပြတင်းပေါက်နား သွားကာ ခြံကြီးအတွင်းသို့ သေချာစွာ ကြည့်ရှုလိုက်၏။



မှန်ပါသည်။

အိမ်ကြီး၏ ခြံကြီးထဲတွင် ရဲမက်များက လက်နက်ကိုယ်စီ စွဲကိုင်ထားကာ ဝိုင်းထားကြသည်ကို တွေ့လိုက်ရသဖြင့် ကိုယ်ရံတော် သိုင်းသမား၏ မျက်နှာတွင် သွေးဆုတ်ဖြူရော်သွားသည်။

"ဆရာကြီး...ရှောင်လုံပြောတာ ဟုတ်တယ်၊ အိမ်ကြီးကို ရဲမက်တွေ ဝိုင်းထားကြပြီ"

ထိုအချိန်၌ မျက်နှာအမာရွတ်ကြီး လူထွားကြီးက သူ့နောက်ကျောတွင် လွယ်ထားသော ဓားရှည်ကြီးကို ဆွဲထုတ်ယူလိုက်ပြီး ရှောင်လုံ၏ နောက်ကျော တည့်တည့်သို့ အားကုန်ထိုးသွင်းလိုက်၏။

ရှောင်လုံ၏ နောက်စိတွင် မျက်စိပါသည့်အလား လေဟပ်သံ ကြားလိုက်ရသည်နှင့် ဘေးသို့ ခြေတစ်လှမ်း ဆုတ်ဖယ်ပေးလိုက်သည်။ တစ်ဆက်တည်း ဘယ်လက်ဝါးစောင်းဖြင့် မျက်နှာအမာရွတ်၏ ဓားကိုင်လက်ကောက်ဝတ်ကို ရိုက်ချိုးပစ်လိုက်သည်။

"အား..."

"ချွမ်း..."

မျက်နှာ အမာရွတ်နှင့်လူမှာ ဓားလက်လွတ်ကျသွားပြီး ဓားကိုင် ညာလက်မှာလည်း သွင်သွင်ကျိုးသွားကာ လူမှာလည်း ဒယီးဒယိုင် ဖြစ်သွား၏။

ရှောင်လုံက ပိုမိုစိတ်ချစေရန် ထိုလူ၏ နောက်စေ့တည့်တည့်သို့ ညာလက်ဝါးစောင်းဖြင့် တစ်ချက်ဆက်ခုတ်ထည့်လိုက်သည်။

မျက်နှာအမာရွတ်နှင့်လူမှာ အသံပင်မထွက်နိုင်တော့ဘဲ ကြမ်းပြင်ပေါ်သို့ 'ဝုန်း'ခနဲ နေအောင် လဲကျသွားလေသည်။

သင်္ချေကြီးကျင်းထောင်မှာ အလွန်တုန်လှုပ်ချောက်ချားသွားပြီး ရှောင်လုံအား မေးလိုက်၏။

"ရှောင်လုံ...မင်း...မင်း...ဘယ်လိုဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လုံက အေးစက်စက်လေသံဖြင့်...

"အားနာပါတယ်၊ ကျုပ် အသေအလဲ ကြိုးစားလာခဲ့ရတာ ခု ခင်ဗျား သဘောပေါက်ဖို့ကောင်းပြီ"

ထိုအချိန် ဘေး၌အသင့်ရှိနေသော ကိုယ်ရံတော် သိုင်းသမား နှစ်ယောက်အနက် တစ်ယောက်က ရှောင်လုံအား ဓားရှည်ဖြင့် အတင်းဝင်ရောက်ခုတ်ပိုင်းလိုက်သည်။

ရှောင်လုံမှာ သူဌေးကြီးကျင်းထောင်၏ လက်ကောက်ဝတ်ကို ဆောင့်ဆွဲလိုက်ရာ ကျင်းထောင်၏ ခန္ဓာကိုယ်ကြီးက အရှိန်ပြင်းစွာဖြင့် ဘေးနားတွင်ရှိနေသော လူယုံတော် ခေါ်နိုရှင်အား ဝင်တိုက်မိလေသည်။

ခေါ်နိုရှင်မှာ ပြင်းထန်စွာ ဝင်တိုက်မိသောအရှိန်အား မခံနိုင်ဘဲ နောက်သို့ယိမ်းယိုင်သွားချိန်တွင် ခေါ်နိုရှင်မှာ ခုတ်ပိုင်းချလာသော ကိုယ်ရံတော်သိုင်းသမား၏ ဓားရှည်အောက်သို့ ရောက်သွားကာ မိဓာတ်သိမ်းသွားလေတော့သည်။

ကျန်ရှိနေသော ကိုယ်ရံတော်သိုင်းသမားတစ်ယောက်က သူ၏ ချွန်ထက် ဝိုင်းစက်သော သံစောင်းပြားဖြင့် ရှောင်လုံ၏ ရင်ဝ တည့်တည့်သို့ အရှိန်ပြင်းစွာ ပစ်ပေါက်ထည့်လိုက်၏။

"ဝိုး..."

"ဗွီ..."

"အား..."

ချွန်ထက်၍ ဝိုင်းစက်လှသော သံစောင်းပြားမှာ ရှောင်လုံကို မထိဘဲ ရှောင်လုံရှေ့မှ သူဌေးကြီးကျင်းထောင်၏ ဘယ်ဘက်လက်မောင်းကိုထိကာ ပြတ်လုလု ဖြစ်သွား၏။ ကျင်းထောင်၏ ဘယ်ဘက်လက်မောင်းထဲသို့ သံစောင်းပြားက နက်ရှိုင်းစွာ စူးဝင်နေသည်။

ရှောင်လုံကလည်း လေပြင်းဓားသမား ထိလူဟုန်းပီပီ ကျင်း



ထောင် ဘယ်ဘက် လက်မောင်းတွင် စိုက်ဝင်နေသော ရန်သူ၏ သံစောင်းပြားကို ဆွဲနှုတ်ယူလိုက်၏။

ကိုယ်ရံတော်သိုင်းသမားမှာ အခြေအနေမဟန်ကြောင်း ရိပ်စား မိကာ ထွက်ပြေးမည်ပြုလိုက်သည်။ သို့သော် နောက်ကျသွားလေပြီ။

သူ၏ လက်နက်သံစောင်းပြားဝိုင်းက ထွက်ပြေးမည်ပြုသော ကိုယ်ရံတော်သိုင်းသမား၏ ညာဘက်ခြေထောက်ကို အရှိန်ပြင်းစွာ ထိမှန်ပြီး ညာဘက်ခြေထောက်ပြတ်ထွက်သွားကာ နေရာတွင် ခွေလဲ ကျသွားတော့၏။

တဒင်္ဂအချိန်လေးအတွင်းမှာပင် ရှောင်လုံခေါ် လေပြင်း ဓားသမား ထိလူဟုန်းက ရန်သူလေးယောက်ကို ချေမှုန်းလိုက်နိုင်သည်။

ရှောင်လုံ၏ သိုင်းပညာကို ကိုယ်တွေ့မြင်တွေ့လိုက်ရသည့် သူဌေးကြီးကျင်းထောင်၏ ဒုစရိုက်ဂိုဏ်းသားများမှာ ရှောင်လုံအား မယှဉ်ရဲကြတော့ဘဲ အိမ်အပြင်ဘက်သို့ အသီးသီး ပြေးထွက်ကာ ကိုယ်လွတ်ရုန်းသွားကြ၏။

ဒုစရိုက်သမားများပီပီ အရေးနိမ့်နေသည်ကိုသိရှိကြကာ သူဌေး ကြီး ကျင်းထောင်ကိုပင် လှည့်မကြည့်ကြတော့ပေ။

သို့သော် ကိုယ်လွတ်ရုန်းပြေးသွားကြသော ဒုစရိုက်ဂိုဏ်းသား များမှာလည်း အန္တရာယ်က ကင်းလွတ်မည်မဟုတ်။

မကြာမီ အိမ်ကြီးခြံဝင်းအတွင်းမှ အသင့်စောင့်နေကြသော ရဲမက်များနှင့်တိုးမိကာ တိုက်ခိုက်ကြရင်း ဒုစရိုက်ဂိုဏ်းသားများ သေသူသေ၊ ဒဏ်ရာရသူရနှင့် ကျန်ရှိသော ဒုစရိုက်ဂိုဏ်းသားများကို ရဲမက်များက လက်ရဖမ်းဆီးလိုက်ကြ၏။

ရှောင်လုံက သူဌေးကြီးကျင်းထောင်အား ပိတ်ထားသော အကြောကွက်ကို ဖွင့်ပေးလိုက်သည်။

သွေးကြောပွင့်သွားသည်နှင့် ကျန်ရှိနေသေးသော ညာလက်

www.burmeseclassic.com



တစ်ဖက်ဖြင့် သူဌေးကြီးကျင်ထောင်က အတွင်းအားကုန်စုကာ ရှောင်လုံအား အသေရိုက်ချလိုက်တော့၏။

"ကျင်ထောင်၊ ခင်ဗျားလိုပညာမျိုးနဲ့ ကျုပ်ကို လာစမ်းလို့ ရနိုင်ပါ့မလား"

ကျင်ထောင်မှာ ရှောင်လုံ ပြောလိုက်သည့်စကားသံကိုသာ ကြားလိုက်ရသည်။ ရှောင်လုံ၏ လှုပ်ရှားမှုကို မတွေ့မြင်လိုက်၏။

သို့သော် သူဒေါသတကြီး ခုတ်ချလိုက်သော တစ်ဖက်တည်းသာ ရှိသည့် ညာလက်ကြီးမှာ အပေါ်မှအောက်သို့ပင် ပြန်မချနိုင်တော့ဘဲ မြှောက်လျက်သားကြီးနှင့် ခန္ဓာကိုယ်မှာလည်း ကျောက်ရုပ်ကြီးပမာ မတ်မတ်ကြီးရှိနေသည်။ ကျင်ထောင်၏ တစ်ကိုယ်လုံး မည်သည့်အကြောမျှ လှုပ်ရှား၍ မရတော့။

ရှောင်လုံက လျှင်မြန်ဖျတ်လတ်လွန်းလှသော 'လျှပ်စီးအကြောထိုး' သိုင်းပညာဖြင့် ကျင်ထောင်၏ လှုပ်ရှားနိုင်ရသော ပင်မအကြောကွက်ကို ထိုးနှိပ်လိုက်သောကြောင့် ဖြစ်သည်။

ရှောင်လုံ၏ အကြောပိတ် လျှင်မြန်မှုမှာ ခံလိုက်ရသူ ကာယကံရှင် ကျင်ထောင်ပင် မတွေ့မမြင်လိုက်ရအောင် လျှင်မြန်သွက်လက်လွန်းလှ၏။

ကျင်ထောင်အား အဝေးမှကြည့်လျှင် မတ်တပ်ကြီးရပ်လျက် လက်တစ်ဖက်မိုးပေါ်ထောင်နေကာ စာခြောက်နေသော လယ်တောမှ စာခြောက်ရုပ်ကြီးနှင့်ပင် တူနေတော့၏။

သူဌေးကြီးကျင်ထောင်၏ မျက်နှာတွင် သွေးမရှိတော့အောင် ဖြူရော်နေပြီး အလွန်အမင်း ထိတ်လန့်နေကာ ရှောင်လုံ၏ သိုင်းပညာစွမ်းကို မယုံကြည်နိုင်အောင် အံ့ဩနေမိ၏။

ကျင်ထောင်က လှုပ်မလှုပ်နိုင်သော်လည်း ပါးစပ်ဖြင့် ရှောင်လုံကို ခြိမ်းခြောက်လိုက်သည်။



"ရှောင်လုံ ဒီလိုလုပ်လို့ မင်းကော လွတ်မယ်ထင်သလား"

"လွတ်တာမလွတ်တာကို ကျုပ်ဂရုစိုက်နေတာ မဟုတ်ဘူး၊ ကျုပ်သိချင်တာက ခင်ဗျားတို့ရဲ့ ကျူးပိုက်ဂိုဏ်းချုပ်ကြီး ဘယ်မှာရှိနေတယ်ဆိုတာကိုပဲ သိချင်တယ်၊ နို့မဟုတ်ရင်တော့ ခင်ဗျားအသက်ကို ချမ်းသာပေးမှာ မဟုတ်ဘူး"

ကျင်ထောင်မှာ ကျောချမ်းသွားပြီး ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

အတန်ကြာမှ ကျင်ထောင်က...

"ကျူးပိုက်ဂိုဏ်းချုပ် ဘယ်သူဆိုတာ ကျုပ်လဲ မသိပါဘူး၊ သူဘယ်မှာရှိနေတယ်ဆိုတာလဲ မသိပါဘူး"

ရှောင်လုံက စဉ်းစားပြီး ခေါင်းညိတ်လိုက်၏။

"ခင်ဗျားပြောတာ ကျုပ်ယုံပါတယ်၊ ဒီလိုလုပ်ပါ၊ ခင်ဗျားကိုယ်တိုင် တပ်စိန့်ရေကောင်ကန်အနီးက သစ်တောလေးထဲကို သွားပြီး ကျူးပိုက်ဂိုဏ်းချုပ်ကြီး ထွက်လာအောင် အယောင်ပြ ခေါ်ပေးရမယ်"

သူဌေးကြီးကျင်ထောင် ပိုမို မျက်လုံးပြူးလာကာ...

"ဒီနေရာတွေကအစ မင်းသိနေတယ်ဟုတ်လား"

"ခင်ဗျားတို့ကိစ္စတွေအားလုံး၊ နေရာတွေအားလုံး ကျုပ် မသိတာ မရှိပါဘူး၊ ခင်ဗျားတို့ရဲ့ ကျူးပိုက်ဂိုဏ်းချုပ်ကြီး အကြောင်းကိုလဲ ခင်ဗျားတို့ထက် ကျုပ်က ပိုသိတယ်၊ နောက်ဆုံး သူဘယ်မှာရှိနေတယ်ဆိုတာကအစ ကျုပ်သိနေတယ်၊ ကျုပ်လိုချင်တာက သူ့ကို သက်သေသက်ကန်နဲ့ အတူ လက်ပူးလက်ကြပ် ဖော်ထုတ်ဖမ်းဆီးချင်လို့ပဲ"

သူဌေးကြီးကျင်ထောင် တုန်လှုပ်သွားဟန်ဖြင့်...

"သူ...ဘယ်သူဆိုတာ ကျုပ်ကို ပြောပြစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဆွမင်းသားကြီး စံအိမ်တော်က အုပ်ချုပ်ရေးမှူး တိမ်ပျံကုံးဟို ဆိုတဲ့ လူပဲ"

"သူ ဟုတ်လို့လား၊ ဒီလိုဆိုရင် ဟိုလူကို သူပဲ သတ်တာ ဖြစ်မယ်"

"ဟိုလူဆိုတာ ဘယ်သူ့ကိုပြောတာလဲ"

"တိမ်ပျံကုံးဟိုမှန်း မင်းဘယ်လိုလုပ်သိတာလဲ"

"ခင်ဗျားမေးတာ ကျုပ်မဖြေနိုင်သေးဘူး၊ ကျုပ်မေးတာ ခင်ဗျား အရင်ဖြေပါ၊ ဟိုအသတ်ခံရတဲ့လူက ဘယ်သူလဲ"

"ဝမ်းနည်းပါတယ်၊ ကျုပ် မင်းကို ပြောမပြနိုင်ဘူး"

ရှောင်လုံက အေးစက်စက် ရယ်လိုက်ပြီး...

"ကောင်းပြီ၊ ကျုပ်ကပဲ ခင်ဗျားကိုယ်စား ပြောပြပါ့မယ်၊ ကုံးဟိုသတ်လိုက်တဲ့ သူဟာ တခြားလူမဟုတ်ဘူး၊ နတ်ဓားရှင် လီလိန်ဟုန်းဆိုတဲ့ လူကို မဟုတ်လား"

ရှောင်လုံ၏စကားကြောင့် သူဌေးကြီးကျင်ထောင်မှာ အလွန် အံ့အားသင့်သွားကာ ရှောင်လုံအား မယုံနိုင်အောင်ပင် ဖြစ်မိ၏။

"မင်း ဘယ်သူလဲ"

ရှောင်လုံ မဲ့ပြုံးတစ်ချက်ပြုံးပြီး...

"ခင်ဗျားသိချင်ရင် ရွှမ်လုကို မေးကြည့်နိုင်ပါတယ်"

"ရွှမ်လု ဟုတ်လား၊ မင်း...မင်း..."

"ကျင်းထောင်၊ ခင်ဗျား အပိုတွေ ပြောမနေနဲ့၊ ခင်ဗျားကို ကျုပ် တရားရုံးတစ်ခုခုကိုလဲ ပို့ပေးနိုင်တယ်၊ ဒါမှမဟုတ် အောက် ပြည် အောက်ရွာက လေပြင်းဓားသမား ထိလူဟုန်းဆီလဲ ပို့ပေးနိုင် တယ်၊ ခင်ဗျား ဘယ်ကိုသွားချင်သလဲ ပြောပါ"

သူဌေးကြီးကျင်းထောင်က ထိုစကားကြောင့် သွေးပျက်ခမန်း ဖြစ်သွားကား...



"အဲ...အဲဒီလိုတော့ မလုပ်ပါနဲ့၊ ကျုပ်ကို ချမ်းသာပေးပါ"

"ရပါတယ်၊ ခင်ဗျားရဲ့ အသက်ကိုတော့ ကျုပ် ချမ်းသာပေး နိုင်ပါတယ်၊ ဒါပေမယ့် ခင်ဗျား ကုံးဟိုကိုတော့ ရအောင် ကိုယ် ယောင်ပြ ခေါ်ထုတ်ပေးမယ်၊ ခေါ်ထုတ်ပေးမယ်ဆိုရင် ခုပဲ လိုနေ တယ်"

"ကျုပ်အသက်ကို ချမ်းသာပေးမှာလား"

"ပေးမယ်"

"ဘယ်လိုလုပ် အာမခံချက်ရှိသလဲ"

"ကျုပ်ကို ယုံကြည်ဖို့ လိုပါတယ်"

"ကောင်းပြီ၊ ကျုပ် မင်းကို ယုံကြည်တယ်၊ အိမ်အပေါ်ထပ်မှာ တပို့ခိုတွေရှိပါတယ်၊ သူတို့အထဲက တစ်ကောင်ကောင်ကို လွှတ် ပေးလိုက်ရင်ဖြစ်တယ်"

"ခိုလွှတ်ပြီး ဘာလုပ်ရမှာလဲ"

"ခိုကို လွှတ်ပြီး နာရီဝက်လောက် အကြာမှာ မင်းတပ်စိန် ရေလှောင်ကန်ဘေးက သစ်တောလေးကို သွားပါ၊ ဂိုဏ်းချုပ်ကို တွေ့ရပါလိမ့်မယ်"

"တကယ်လို့ ခင်ဗျား ခိုလွှတ်ပြီး နာရီဝက်ကြာလို့မှ တောစပ် ထဲက သူ့ကို မတွေ့ရင်တော့ ကျုပ်ခင်ဗျားကို လေပြင်းဓားသမား ထိလူဟုန်းဆီ ပို့ပေးရမယ်"

"ဒါကတော့ သူအပြင်ထွက်နေတာနဲ့ ကြုံကြိုက်နေရင် ကျုပ် ဘယ်တတ်နိုင်မှာလဲ"

"ကောင်းပြီလေ၊ ခင်ဗျား ခိုသာလွှတ်ပေးပါ၊ ဘယ်နည်းနဲ့ ဖြစ်ဖြစ် ကျုပ်သူ့ကို တွေ့ရရင် တော်ပြီ"

"မင်း စိတ်ချနေပါ၊ ခိုလွှတ်ပြီး သူ့ကို မတွေ့ခဲ့ဘူးဆိုတာတော့ မရှိသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဉာဏ်နီ ဉာဏ်နက်တွေတော့ သုံးမယ်မကြံနဲ့၊ ခင်ဗျားအသက်ကို တန်ဖိုးမထားရင် ကျုပ်ကို အပြစ်မဆိုနဲ့"

"ကျုပ်နားလည်ပါတယ်၊ ကျုပ်အသက်ကိုတော့ ကျုပ်လဲနှမြောတာပဲ"

"ဒီအချက်ကို ခင်ဗျားနားလည်ရင် ပြီးတာပဲ၊ ကဲ...ခု ခင်ဗျားရဲ့ ခိုကို လွှတ်လိုက်ပေတော့"

ပြောပြောဆိုဆို ရှောင်လုံက ကျင်းထောင်၏ ပိတ်ထားသော အကြောကွက်ကို ပြန်ဖြေပေးလိုက်၏။

ကျင်းထောင် အကြောပြန်ပွင့်သွားသည်နှင့် သီးသန့်ခန်းလေးထဲမှ ထွက်သွားကာ အခန်းတစ်ခန်းထဲသို့ ဝင်ရောက်သွားသည်။

ရှောင်လုံ သူ့နောက်မှ ထပ်ကြပ်မကွာ လိုက်ပါသွားခဲ့သည်။

သူဌေးကြီးကျင်ထောင်က ခိုများထားသော အခန်းတံခါးကို ဖွင့်၍ ဝင်လိုက်၏။ အခန်းလေးထဲတွင် ခိုများကို သံလှောင်အိမ်လေးများဖြင့် သန့်သန့်ရှင်းရှင်းထားကြောင်း တွေ့ရ၏။

သူဌေးကြီးကျင်ထောင်က သံလှောင်အိမ်လေးမှ တံခါးကို ဖွင့်ကာ ခိုတစ်ကောင်ကို ဖမ်းယူလိုက်သည်။ ထို့နောက် ချူအသေးစားလေးတစ်ခု ထုတ်ယူပြီး ခိုလေး၏ ခြေထောက်တွင် ချည်နှောင်ပေးလိုက်၏။

ရှောင်လုံက သူဌေးကြီးကျင်ထောင် ပြုလုပ်နေသည်များကို အစမှအဆုံးတိုင် ကြည့်နေရင်း မေးလိုက်သည်။

"ခင်ဗျား ဘာဖြစ်လို့ ဒီခိုရဲ့ခြေထောက်မှာ ချူလေးကို ချည်ပေးရတာလဲ"

"ခိုလွှတ်တိုင်း ဒီချူလေးကို ချည်ပေးရပါတယ်၊ ဒါက သူ့ရဲ့ ညွှန်ကြားချက်အတိုင်း လုပ်ရတာပါ၊ အဲဒီခိုလေးဟာ မင်းသားကြီးဆူရဲ့ စံအိမ်နားက ဖြတ်သန်းပျံသွားမယ်၊ အဲဒီအခါကျရင် ဂိုဏ်းချုပ်



ဟာ ခိုလေးရဲ့ ခြေထောက်က ချူသံကို သဲသဲကွဲကွဲ ကြားရပါလိမ့်မယ်"

ပြောပြောဆိုဆို သူဌေးကြီးကျင်ထောင်က ခိုလေးအားလွှတ်ရန် လက်ကိုမြှောက်လိုက်၏။

ထိုအခိုက် ရှောင်လုံက ကျင်းထောင်ကို လှမ်းဟန့်တားလိုက်၏။ တစ်ဆက်တည်းမှာပင် ခိုလေးကို လှမ်းဆွဲယူလိုက်သည်။

ပြီးသည်နှင့် အိမ်အောက်ထပ်မှ ချန်တာ့ကို လှမ်းခေါ်လိုက်သည်။

"ဟေ့...ချန်တာ့၊ မင်းနဲ့ ကျန်တဲ့ ရဲမက်တွေ အိမ်ပေါ်တက်ခဲ့ကြ"

ရှောင်လုံ၏ အမိန့်ကြောင့် ဒဏ်ရာရသူများနှင့် လက်ရဖမ်းဆီးရမိသူ ဒုစရိုက်ဂိုဏ်းသားများအား စောင့်နေသည့် ရဲမက်က လွဲ၍ ကျန်ရစ်သူ ရဲမက်များ အိမ်ပေါ်ထပ်သို့ တက်လာခဲ့ကြသည်။

ရှောင်လုံက...

"ယိချင်း...ဒဏ်ရာရသူတွေနဲ့ လက်ရ-ဖမ်းဆီးရမိထားသူတွေကို ခေါ်သွားကြ၊ ချန်တာ့ကတော့ ကျန်တဲ့ရဲမက်တွေနဲ့ ပြန်သွားပြီး မင်းသားလေးပေါင်းဖီးကို သတင်းလွှာပို့ပါ၊ ရော့ ...အဲဒီထဲမှာပါတဲ့ လူတွေကို ဖမ်းဆီးဖို့ မင်းသားလေးကို ပေးလိုက်၊ နောက် ဒီအိမ်ကြီးကို လာပြီး ချိတ်ပိတ်ခိုင်းလိုက်ပါ။

နောက်ဆုံး အရေးကြီးဆုံးက မင်းသားလေးကိုယ်တိုင် ဦးဆောင်ပြီး ဆူမင်းသားကြီး စံအိမ်တော် အုပ်ချုပ်ရေးမှူး တိမ်ပွကုံးဟိုကို ချက်ချင်း ဖမ်းဆီးခိုင်းပါ၊ သူက အခုက ကျူးပိုက်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးပဲ၊ အရေးကြီးတဲ့ ကိစ္စတစ်ခု ဆောင်ရွက်ဖို့ကျန်နေသေးတဲ့ အတွက် မင်းတို့နဲ့မလိုက်တော့ဘူး၊ အလုပ်လုပ်ပြီးချင်း မင်းသား လေးကို ငါလာတွေ့မယ်လို့ ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



ယိချင်နှင့် ရဲမက်များက ရှောင်လုံ၏ အမိန့်ပေးသံအဆုံး အားလုံး လျင်မြန်လတ်စွာ ဒဏ်ရာရသူများနှင့် လက်ရဖမ်းဆီးရမိထား သူ ဒုစရိုက်သမားများအား ဖမ်းဆီးခေါ်ဆောင် ထွက်သွားကြသည်။

ရှောင်လုံက ရဲမက်များ ထွက်ခွာသွားသည်နှင့် သူဌေးကြီးကျင်းထောင်၏ အကြောကွက်တစ်နေရာသို့ လက်ညှိုးဖြင့် ထိုးလိုက်သည်။ သူဌေးကြီးကျင်းထောင်မှာ နာကျင်စွာ တစ်ချက်အော်ပြီး ခန္ဓာကိုယ်တစ်ခုလုံး တုန်ယင်သွားလေသည်။

ထို့နောက် ရှောင်လုံက ကျင်းထောင်အား ကြင်နာစွာ တစ်ချက် စိုက်ကြည့်လိုက်ရင်း...

"ကျင်းထောင် ခင်ဗျားကို သက်ညှာတဲ့အနေနဲ့ ကျုပ် ခင်ဗျားရဲ့ အတွင်းအားတွေနဲ့ သိုင်းပညာတွေကို ဖျက်ဆီးပစ်လိုက်တယ်၊ ခင်ဗျား သွားလိုရာ သွားနိုင်ပြီ၊ ခင်ဗျားအသက်ကိုလဲ ချမ်းသာခွင့်ပေးလိုက်တယ်၊ ဒါပေမယ့် နောင်တစ်ချိန် ခင်ဗျား နတ်ဓားရှင် လီလိန်ဟုန်းရဲ့ သား၊ လီရှောက်ကွမ်းလို ခေါ်တဲ့ လေပြင်းဓားသမား ထိလူဟုန်းနဲ့ သွားတွေ့ရင်တော့ ခင်ဗျားထိုက်နဲ့ ခင်ဗျားကံပဲနော်"

သူဌေးကြီးကျင်းထောင်က ရှောင်လုံအား ရှုပ်ထွေးပွေလီသော စိတ်များဖြင့်ကြည့်ကာ ခေါင်းငုံ့ ထွက်သွားလေတော့သည်။

ထိုအခါမှ ရှောင်လုံက ချုပ်ဆွဲပေးထားသော ခိုလေးကို လွှတ်ပေးလိုက်၏။

ခိုလေးမှာ ရှောင်လုံ၏လက်မှ လွှတ်သွားသည်နှင့် ချုံအံလေးများ တချွင်ချွင်မြည်ကာ ကောင်းကင်သို့ ပျံတက်ပျောက်ကွယ်သွားတော့သည်။

✱ ✱ ✱

# အခန်း(၁၆)

တပ်စိန် ရေလှောင်ကန်ကြီး။

ရေလှောင်ကန်ကြီးဘေးရှိ သစ်တောလေးမှာ ဆိတ်ငြိမ်လျက်ရှိသည်။ ထိုသစ်တောလေးထဲအတွင်းရှိ သချိုင်းအုတ်ဂူကြီး၏ အပေါ်ဘက်မှ ကျောက်ပြားအဖုံးကြီး တကျွိကျွိအသံမြည်ကာ တဖြည်းဖြည်းရွေ့လျားပွင့်လာနေသည်။

ဂူကျောက်ပြားအဖုံးကြီး ရွေ့လျားပွင့်လာသည်နှင့် လူရိပ်တစ်ခုခုန်လွှားထွက်လာခဲ့သည်။

ခုန်လွှားထွက်လာသောသူမှာ တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံကို ဝတ်ထားပြီး မျက်နှာတွင်လည်း အနက်ရောင် ဖာပဝါမျက်နှာဖုံးစွပ်ထားသော လူတစ်ယောက်ဖြစ်သည်။

အနက်ရောင်ဝတ်စုံဝတ် မျက်နှာဖုံးနှင့်လူသည် ဂူအပြင်သို့ရောက်ရောက်ချင်း တစ်စုံတစ်ရာကို ကြည့်ရှုအကဲခတ်လိုက်၏။

သို့သော် ဝတ်စုံနက်ဝတ်လူသည် တစ်စုံတစ်ရာ ထူးခြားခြင်းမရှိကြောင်း ချက်ချင်းရိပ်မိ၍ သချိုင်းဂူပေါက်ကြီးထဲသို့ ခုန်လွှားဝင်ရောက်သွားရန် ဟန်ပြင်လိုက်သည်။

ထိုအချိန်မှာပင် သူနှင့်မလှမ်းမကမ်းမှ လူတစ်ယောက်၏ အရိပ်သဏ္ဍာန်တစ်ခုကို တွေ့လိုက်ရ၍ ဝတ်စုံနက်လူက အသံနက်ကြီးဖြင့် လှမ်းမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်...ဘယ်သူလဲ"

မလှမ်းမကမ်းမှ ဝတ်စုံဖြူဝတ် လူငယ်က အေးဆေး တည်ငြိမ်သော လေသံဖြင့် ပြန်ပြောလိုက်သည်။

"လိရှောက်ကွမ်း၊ လိထိကျင်း၊ ရှောင်လုံလို့ခေါ်တဲ့ ကျုပ် လေပြင်းစားသမား ထိလူဟုန်းပဲ"

ဝတ်စုံနက်ဝတ်လူကြီးမှာ ဝတ်စုံဖြူဝတ် နာမည်လေးမျိုးပိုင်ရှင် ထိလူဟုန်းအား အလွန်အံ့အားသင့်သွားပြီး ကြက်သေသေ ကြည့်နေရာမှ...

"ဟင်...ထိလူဟုန်း၊ မင်း အောက်ပြည်အောက်ရွာမှာ ရှိနေလျက်က ဘယ်လိုကြောင့် ဒီကို ရောက်လာတာပဲ"

နာမည်လေးမျိုးပိုင်ရှင် ထိလူဟုန်းက အေးစက်စက် ရယ်လိုက်ပြီး...

"ခင်ဗျားမှားနေပြီ၊ အောက်ရွာမှာ ရှိနေတာက ကျုပ် မဟုတ်ဘူးဗျ၊ မီးလျှံလင်ချူရွှန်းခေါ်တဲ့ သိုင်းသမား မိန်းမလူစွမ်းကောင်းမယ် တစ်ဦးပါ၊ ကျုပ်က သူ့ကို ကျုပ်နဲ့ ရုပ်ချင်းတူအောင် ဖျက်ခိုင်းပြီး လေပြင်းစားသမား ထိလူဟုန်းဘွဲ့ကို ခံထားတဲ့ ကျုပ်အယောင်ဆောင်နေသူပဲ။

ခင်ဗျားတို့ ဒုစရိုက်ဂိုဏ်းရဲ့ ညဏ်နီညဏ်နက်တွေကို ကျုပ် ကြိုတင်သိမြင်နေတဲ့အတွက် ခုလို လှည့်စားလိုက်တာပဲ"

ဝတ်စုံနက်က ထိလူဟုန်း၏စကားကို ဂရုမစိုက်ဘဲ မေးပြန်သည်။

"ကျင်းထောင်တို့လူစု ဘယ်မှာလဲ"

"ခုချိန်မှာ ကျင်းထောင်တို့အကြောင်း မေးနေလို့ ခင်ဗျားအတွက် ဘာအကျိုးထူးမှာလဲ"

ထိုအချိန်မှာ ဝတ်စုံနက်လူကြီးက သတိရကာ...



"အေး...ဟုတ်သားပဲ၊ မင်းက ကျုပ်ထက်လျင်နေတဲ့အတွက် သတင်းပို့ခိုလွှတ်ပြီး ဒီနေရာမှာ လာစောင့်နေတာကိုး"

ထိလူဟုန်း...

"ဟုတ်ပါတယ်၊ ကျုပ် ဆူမင်းသားကြီး စံအိမ်တော်ထဲကနေပြီး ခင်ဗျားနောက် လိုက်လာခဲ့တာပဲ"

"ဆူမင်းသားကြီးအကြောင်းပြောလို့ မင်းကို ကျုပ်သတိပေးရဦးမယ်၊ ကျုပ်ဟာ ဆူမင်းသားကြီးစံအိမ်တော်ရဲ့ အုပ်ချုပ်ရေးမှူး တစ်ယောက်ဆိုတာ မင်းသတိထားဖို့လိုတယ်"

ဝတ်စုံနက်ဝတ်လူက ထိလူဟုန်းအား ခြိမ်းခြောက်လိုက်၏။

ထိလူဟုန်းက အပြုံးမပျက်ဘဲ တည်ငြိမ်အေးဆေးစွာပင် ပြန်ပြောလိုက်၏။

"ဒီမှာ ခင်ဗျားသိထားဖို့က ခင်ဗျားကို လူတိုင်းက ရွံ့မုန်းကြောက်ပြီး ခင်ဗျားရဲ့ ဒုစရိုက်ပြစ်မှုတွေအတွက် ဘယ်သူမှ ခွင့်လွှတ်နိုင်ကြမှာ မဟုတ်ဘူး၊ နောက် ခင်ဗျားဟာ ကျူးပိုက်ဂိုဏ်းရဲ့ ဒုစရိုက်ဂိုဏ်းချုပ် လူယုတ်မာတစ်ယောက်ဆိုတာလဲ မင်းသားလေးပေါင်းဖီးနဲ့ ဘုရင်ကအစ သိနေကြပြီ"

ဝတ်စုံနက်ဝတ်လူကြီးမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ကျယ်လောင်အက်ကွဲသော အသံကြီးဖြင့် ရယ်လိုက်ကာ...

"မင်းရဲ့ အစီရင်ခံချက်တွေကြောင့် အာဏာပိုင်တွေက ကျုပ်ကို ဘယ်လိုအပြစ်ပေး အရေးယူလို့ရမှာလဲ၊ မင်းမှာ ခိုင်လုံတဲ့ သက်သေအထောက်အထား ပြည့်ပြည့်စုံစုံ ရှိနေလို့လား၊ ကျုပ်ကို ကျူးပိုက်ဂိုဏ်းချုပ်အဖြစ် ဘယ်သူက သိနိုင်မှာတဲ့လဲ၊ ဟား...ဟား...ဟား"

ထိလူဟုန်းက အေးဆေးစွာပင် ပြန်ပြောလိုက်သည်။

"ဒီမယ်၊ ကျူးပိုက်ဂိုဏ်းချုပ်ကြီး၊ ဒါတွေကို ကျုပ် အစကတည်းက ထည့်စဉ်းစားပြီးသားပါ၊ ကျုပ်မှာလဲ ခိုင်လုံတဲ့ သက်သေ

www.burmeseclassic.com

www.burmeseclassic.com



အထောက်အထားမရှိဘဲ ခင်ဗျားကို စွပ်စွဲပါမလား၊ အမှန်အတိုင်းပြောရရင် ကျုပ်မှာ အင်မတန် ချောမောလှပပြီး အထက်တန်းစားထဲက အမျိုးသမီးကြီးတစ်ယောက်ရဲ့ ထွက်ဆိုချက်တွေနဲ့ သူကိုယ်တိုင် သက်သေခံဖို့ အဆင်သင့်ရှိပြီးသားပါ"

"ဩော်...မင်းရဲ့ အမျိုးသမီးသက်သေက ဘယ်သူလဲကွ"

"ကျုပ် နဝမမြောက် ဒေါ်လေး ဟိုင်ထန်ကိုယ်တိုင် ဖြစ်တယ်"

ဝတ်စုံနက်ဝတ် လူကြီးမှာ တစ်ချက်ကြောင်အန်းသွားပြီး ထိတ်လန့်သွားဟန်ဖြင့်...

"အင်း...မင်းရဲ့အစွမ်းအစက မသေးလှပါလား၊ သူ့ဆီတောင် သွားတွေ့ပြီးပြီဆိုတော့ "ဟား...ဟား...ဟား"

ဝတ်စုံနက်က စကားဆုံးအောင်မပြောဘဲ ရယ်မောလိုက်ပြီးမှ ဆက်ပြောပြန်သည်။

"သူက သက်သေလိုက်မတဲ့လား၊ မင်းသူ့ကိုကော သေသေချာချာ မေးပြီးပြီလား၊ သူတကယ်ကော လိုက်ဝံ့ရဲ့လားကွ"

"ဒေါ်လေး ဟိုင်ထန်က သက်သေမလိုက်ရဲစရာ ဘာလိုသေးလဲ၊ သူကိုယ်တိုင် သဘောမတူဘဲ ကျုပ်ခင်ဗျားနဲ့ လာတွေ့ပါ့မလား၊ ခင်ဗျားမသိသေးတဲ့ သတင်းတစ်ခု ကျုပ်ပြောလိုက်မယ်၊ သူ့သမီးလေး ခု သူ့ဆီ ချောချောမောမောနဲ့ ဘေးအန္တရာယ်ကင်းရှင်းစွာ ပြန်ရောက်နေပြီဆိုတာပဲ"

ဝတ်စုံနက် မျက်နှာဖုံးစွပ်လူမှာ ရုတ်တရက် နားကြားလွဲသွားဟန်ဖြင့်...

"ဟေ...သူ့သမီး ဟုတ်လား၊ သူ့မှာ ဘယ်တုန်းက သမီးရှိလို့လဲ၊ သူနဲ့ကျုပ်နဲ့လဲ ကလေးမရခဲ့ပါလား"

"ဆူမင်းသားကြီးစံအိမ်တော်ရဲ့ နောက်ဘက် လမ်းထဲက အိမ်ကြီးမှာနေတဲ့ မိန်းမပျိုလေးလေ"



ဝတ်စုံနက်ဝတ်လူကြီးမှာ သဘောကျစွာ တဟားဟား ရယ်မောပြီး...

"ဩော်...ဟိုကလေးမလေးလား၊ ထိုလူဟုန်း မင်းအလှည့်စားခံလိုက်ရပြီ၊ အဲဒီကလေးမလေးက ကျုပ်ရဲ့ နောက်အိမ်ထောင်နဲ့ ရတဲ့ သမီးလေးပဲ၊ ဟိုင်ထန်က ကလိန်ဉာဏ်သုံးပြီး မင်းကို လှည့်စားလိုက်တာပဲ၊ ဟိုင်ထန်က ဒီလိုဉာဏ်နီဉာဏ်နက်တွေ ဘယ်တုန်းက ရထားတာလဲ မသိဘူး"

"ခင်ဗျားစကားတွေကို ကျုပ် လုံးဝ အယုံအကြည်မရှိဘူး"

"မင်းအတွက် သက်သေမခံဝံ့ဘူးလို့ ငါပြောရတဲ့ အကြောင်းကတော့ မင်းဖခင်ကြီးကို သတ်ခိုင်းလိုက်တဲ့လူဟာ သူကိုယ်တိုင်ပဲ ဖြစ်တယ်၊ မင်းဖခင်ကြီးရဲ့ စိတ်ထဲမှာ မင်းရဲ့ မိခင်ကြီးပဲရှိတယ်၊ ဟိုင်ထန်အပေါ် မင်းရဲ့ ဖခင်ကြီးက အေးစက်စက်နေထိုင်လာခဲ့တယ်။

ဒါကြောင့် ဟိုင်ထန်က မင်းဖခင်ကြီးကို အချစ်ကြီးရာက အမျက်ကြီးပြီး သူလုပ်ချင်ရာကို ဖွတ်လုပ်လိုက်တာပဲ၊ ဒါကြောင့် မင်းဖခင်ကြီးကို ဟိုင်ထန်က အဆိပ်ကျွေးသတ်ဖို့ ကျုပ်ကို ခိုင်းခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဖခင်ကြီးသေမှ ငါ့ကို သူက ယူမယ်လို့ ပြောခဲ့လို့ပဲ။

မင်းဖခင်ကြီး သေဆုံးသွားတဲ့နောက်ပိုင်း ဟိုင်ထန်ဟာ ကျုပ်ကို ယူခဲ့တာတော့ မှန်ပါတယ်၊ ဒါပေမယ့် သူဟာ နေပြည်တော်မှာ သီးခြား သူ့ဘာသာသူ တစ်ယောက်တည်း သီးသီးသန့်သန့် နေခဲ့တယ်၊ ကျုပ်ကိုလဲ လက်ဖြားနဲ့တောင် အထိမခံဘူး၊ သူကြိုက်တဲ့ လူတွေနဲ့သာ ပျော်ပါးခဲ့တာပဲ။

ကျုပ်ကလဲ ဘာအကြောင်းလဲ၊ သူ့ထက်သာတဲ့ ကြင်ယာတော် တစ်ယောက်ကို ယူလိုက်ရုံပဲရှိတာပေါ့၊ အကြောင်းကတော့ ဒါပါပဲ၊ ဒီတော့ မင်းကျုပ်ကို ဘာတတ်နိုင်တော့မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိလူဟုန်းမှာ ဝတ်စုံနက်ဝတ်လူကြီး၏ ရှည်လျားလှသော ရှင်းလင်းပြောပြချက်များကြောင့် ရုတ်တရက် တွေဝေသွားပြီး စိတ်ထဲတွင် သံသယများ ဖြစ်ပေါ်နေသည်။

ဝတ်စုံနက် မျက်နှာဖုံးစွပ်လူကြီး၏ စကားများကို မယုံချင်သော်လည်း ဟိုင်ထန်၏ အကျင့်ဇာဂနှင့် သူမ၏ အမူအရာများကို ပြန်လည်စဉ်းစားလိုက်သောအခါ မျက်နှာဖုံးစွပ်လူကြီးပြောသည့် စကားများမှာ မှန်သယောင်ယောင် ရှိနေသည်။

ထို့ကြောင့် ထိလူဟုန်း တွေဝေနေစဉ် မျက်နှာဖုံးစွပ်လူကြီးမှာ လျင်မြန်သော အဟုန်ဖြင့် ထိုနေရာမှ ပြေးလွှားထွက်ခွာသွားတော့သည်။

မျက်နှာဖုံးစွပ်လူကြီး၏ ကိုယ်ဖော့ပညာမှာ အစွမ်းထက်လှပြီးလေ၏ လျင်မြန်ခြင်းမျိုးလောက်ပင် မြန်ဆန်လှ၏။

သို့သော် လေးပြင်းခါးသမား ထိလူဟုန်း လက်ချက်ကလည်း သူ့ထက်လျင်မြန်လှသည်။

ရှောင်လုံက လက်ထဲတွင် လက်နက်မရှိသောကြောင့် အနီးရှိ သစ်ပင်တစ်ပင်မှ သစ်ကိုင်းတစ်ကိုင်းကို ဆွဲချိုးယူကာ ပြေးထွက်သွားသော ဝတ်စုံနက်၏ ခြေထောက်ကို အတွင်းအားသုံး၍ ပစ်ထည့်လိုက်သည်။

ဝတ်စုံနက်ဝတ်လူကြီးမှာ ထိလူဟုန်း၏ လေပြင်းလက်ချက် သစ်ကိုင်းပစ်ချက်အား မရှောင်နိုင်တော့ဘဲ သစ်ကိုင်းထိမှန်ကာ နေရာတွင် ပုံလျက်သား လဲကျသွားတော့သည်။

ထိလူဟုန်းက ဝတ်စုံနက်ဝတ်လူကြီးအား ပွေ့ချီ၍ သစ်တောလေးအတွင်းမှ ထွက်ခွာသွားခဲ့သည်။

✳ ✳ ✳

# အခန်း(၁၇)

'ကျန်ရှဲ့'ဂေဟာ။

'ကျန်ရှဲ့'ဂေဟာထဲသို့ ထိလူဟုန်း တိမ်ပျံကုံးဟိုအား ဆွဲ.ခေါ်ကာ ခေါ်လာခဲ့၏။

'ကျန်ရှဲ့'ဂေဟာထဲတွင် ဟိုင်ထန်နှင့် အဆင်အသင့်တွေ့ရသည်။ ထိလူဟုန်းဝင်လာသည်ကို ဟိုင်ထန် တွေ့မြင်လိုက်ရ၍ မျက်နှာတွင် ပြုံးပျော်သွားကာ လှမ်းပြောလိုက်သည်။

"လီရှောက်ကွမ်း၊ မင်းရဲ့ အနှစ် နှစ်ဆယ်ကျော်တင်ရှိနေတဲ့ အကြွေးကို မင်းကိုယ်တိုင်ပဲ နောက်ဆုံးဆပ်နိုင်ခဲ့ပါပြီ၊ ဒီအတွက် ဒေါ်လေး ဝမ်းသာလို့မဆုံးပါဘူး"

ထိလူဟုန်းက သံသယစိတ်များကြောင့် ရင်ထဲတွင် ရှုပ်ထွေးနေကာ ဟိုင်ထန်အား မေးချင်သည့်စိတ်များ ချုပ်တည်းမရနိုင်တော့ပဲ...

"ဒေါ်လေးဟိုင်..."

ဟိုင်ထန်က ထိလူဟုန်း၏ စကားမဆုံးမီ ကြားဖြတ်၍...

"တူတော်မောင် ထိလူဟုန်း၊ တချို့စကားတွေ သူ မင်းကို ပြောခဲ့ပြီးပြီနဲ့တူတယ်၊ သူပြောတဲ့စကားတွေဟာ အမှန်တွေပါ၊ မင်းဖခင်ကြီးကိုသတ်တာ ငါပါပဲ၊ ဒီကိစ္စမှာ သူ့ကိုလဲ ငါ အကူအညီ တောင်းခဲ့တယ်၊ ငါ့မှာ သမီးတစ်ယောက် ရှိတယ်လို့ မင်းကိုလိမ်ပြော လိုက်တဲ့အတွက် ငါ့တူကို ဒေါ်လေး တောင်းပန်ပါတယ်၊ လွန်ခဲ့တဲ့

www.burmeseclassic.com



ကျူးပိုက်ဂိုဏ်းချုပ်ကြီး တိမ်ပျံကုံးဟိုနှင့် အမျိုးသမီး ဟိုင်ထန်တို့နှစ်ယောက်အား သက်ဆိုင်ရာ တရားရုံးတွင် အပြစ်ပေးနိုင်ရန် အမှုများ စစ်ဆေးနေ၏။ ရှောင်လုံမှာ မင်းသားလေး ပေါင်းဇီးနှင့် ကိုယ်ရံတော် ရဲမက်များကို နှုတ်ဆက်၍ ကျောက်ကျားကျိုရွာကြီးသို့ တစ်ယောက်တည်း ခရီးထွက်ခဲ့သည်။

ကျောက်ကျားကျိုရွာကြီးတွင် မိမိ၏ချစ်သူ မီးလျှံ လင်ချူးချွန်းက မိမိအား စောင့်မျှော်နေမည်ဖြစ်ကြောင်း ထိလူဟုန်း တွေးမိကာ ချစ်သူနှင့် လက်ထပ်မင်္ဂလာပွဲ အမြန်ဆုံးပြုလုပ်နိုင်ရန် စိတ်လောကြီးနေသည်။ ထို့ပြင် မိမိ၏ ကျေးဇူးရှင်ဖြစ်သော ပန့်စန်ဖိန်အိမ်ကြီးမှ ဘဘ ကျောက်နှင့် အားငယ်နေမည်ဖြစ်သော ညီမလေး ရှောင်ယွင်တို့ကို ထိလူဟုန်း အားပေးနှစ်သိမ့်ရဦးမည်ဖြစ်သည်။

အထူးသဖြင့် ဟူကျိတည်းခို စားသောက်ဆိုင်ပိုင်ရှင် သံခေါင်းကြီး ဟူစန်းသည် မိမိအား ငယ်စဉ်ကလေးဘဝကပင်စ၍ ကြင်နာမြတ်နိုးယုယစွာ ပြုစုစောင့်ရှောက်ခဲ့သည့်အတွက် မိမိ၏ဖခင်နှင့်မခြား သံယောဇဉ်တွယ်တာခဲ့၏။

ထို့ကြောင့် သံခေါင်းကြီးဟူစန်းကိုလည်း အလွန် တွေ့ချင်နေသည်။

ထိလူဟုန်းသည် မိမိ အနှစ်နှစ် အလလ ကြိုးစားလာခဲ့ရသော ဖခင်ကြီးနှင့် မိမိအားလုပ်ကြံခဲ့သော တရားခံနှစ်ယောက်ကို ဖမ်းဆီးဖော်ထုတ်နိုင်ကာ တရားဥပဒေ၏လက်တွင်းသို့ ပေးအပ်နိုင်ခဲ့သည့်အတွက် ငွေနှစ်စွာ ဝမ်းသာပီတိဖြစ်နေမိတော့သည်။

ပြီးပါပြီ

ဘုန်းကြွယ်